# မစိုးရိမ်စာသင်သား(၁)

(မစိုးရိမ်စာသင်သားပြုစုထားသောစာပေများ)

## (က)  အစမ္ပဝါဒရေးရာစာပေများ

# အဓမ္မဝါဒစောဒနာလွှာတို့နှင့်စပ်ဆိုင်သောသာသနာရေးသတင်းလွှာ

(သက်ဆိုင်ရာများသိရှိတော်မူနိုင်ကြရန်တင်ပြသည့်ကန့်သတ်စာလွှာ)

၁၃၇၁-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄-ရက်၊ တနင်္လာနေ့ (၂၀. ၇. ၂၀၀၉) နံနက် ၈း ၁၀- မိနစ်ခန့်တွင် ဒါယကာကြီး(၂)ဦး ရောက်ရှိလာသည်။ သူတို့က"ရှင်ဉာဏကပေးခိုင်းသောစာ၊ စာအုပ်ကြီးတစ်အုပ်၊ လစဉ် ထုတ်သတင်းလွှာတစ်စောင်"တို့ကို ပေးအပ်ကြသည်။

"၎င်းစာအုပ်ပါအကြောင်းအရာများနှင့် ၎င်းစာပါအကြောင်းအရာများသည် (၈. ၆. ၂၀၀၉)နေ့စွဲပါစောဒနာလွှာတို့နှင့်စပ်ဆိုင်သူများလည်း သိသင့်သည့်အချက်အလက်များ ဖြစ်ကြသည်"ဟု နှလုံးသွင်းမိသောကြောင့်လည်းကောင်း၊ မေးခွန်းစကားစုများပါရှိနေခြင်းကြောင့်လည်းကောင်း ကောက်နုတ်ချက်အကျဉ်းတို့ကို ပြုစုလျက် ပြန်ကြားလိုက်ပါသည်။

## ဓမ္မဝိဟာရီနိဒါန်းအမည်ရှိသောစာအုပ်အကြောင်း

စာအုပ်ကြီးထဲတွင်-

၁။ ရှင်ဉာဏ ရှင်ဂုဏတို့၏ သာသနာရေးလျှောက်ထားတောင်းဆိုလွှာ (စာ-၁၇ မှ ၉၈ အထိ) ပါရှိသည်။ ၎င်းစာလွှာကို နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌဆရာတော်ကြီးထံသို့ ဆက်ကပ်ကြောင်းနှင့် နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းများ၊ ပြည်ပသာသနာ့အဖွဲ့အစည်းများ၊ သက်ဆိုင်ရာမြို့နယ်သံဃနာယကအဖွဲ့အစည်းများသို့လည်း ပေးပို့ကြောင်း ဖေါ်ပြထားသည်။ ၁၃၄၃-ခု၊ တံခူးလပြည့်ကျော်(၃)ရက်၊ ၂၂. ၄. ၈၁။

၂။ ၎င်းတို့(၂)ပါးကို စတုတ္ထပါရာဇိကအာပတ်သင့်-မသင့်ဆုံးဖြတ်ပေးရန်တင်သွင်းသောစောဒနာလွှာ (စာ-၁၀၉ မှ ၁၁၃ အထိ) ပါရှိသည်။ စစ်ကိုင်းတိုင်း သာသနာရေးမှူးဦးစိုးမြင့်က မြို့နယ်သံဃနာယကသို့တင်သည်။

၃။ စောဒနာလွှာအတွက် သောနေလွှာ (စာ- ၁၁၄ မှ ၁၂၆ အထိ) ပါရှိသည်။
(စာ- ၁၂၇-စသည်တို့တွင် စစ်ဆေးချက်များမှတ်တမ်းစာတို့ကိုလည်း ထည့်သွင်းထားသည်။)

၄။ မြို့နယ်ဝိနည်းဓိုရ်ဆရာတော်များ၏ ဝိနိစ္ဆယစာလွှာ (စာ-၁၄၁ မှ ၃၁၁ အထိ) ပါရှိသည်။
အမှုအခင်းဖြစ်ပွါးပုံအခြေခံမှစ၍ နှစ်ဖက်အဆိုများ အပြည့်အစုံ ပါရှိသည်။

၅။ စစ်ကိုင်းတိုင်းသို့ တင်သွင်းသောအယူခံစောဒနာလွှာ (စာ-၃၀၆ မှ ၃၆၆ အထိ) ပါရှိသည်။ ၎င်းနောက်တွင် မြို့နယ်ဝိနည်းဓိုရ်များ၏ ဝိနိစ္ဆယအပေါ် စုဒိတကရှင်ဉာဏ ရှင်ဂုဏတို့၏ သုံးသပ်ချက်များလည်း ပါရှိသည်။

၆။ ရှင်ဉာဏတို့က နိုင်ငံတော်သံဃမဟာနာယကထံတော်သို့ သူတို့ဝါဒက ထေရဝါဒတရားနှင့် ဆန့်ကျင်မှုရှိမရှိ ဆုံးဖြတ်ပေးရန် တောင်းခံလွှာ (စာ- ၄၂၇ မှ ၄၄၂ အထိ) ပါရှိသည်။ ၎င်းစာကို နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ၊ ပါတီသုတေသနဌာန၊ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးတို့ထံ ပေးပို့ကြောင်းလည်း ပါရှိသည်။

၇။ **မြို့နယ်ကဆုံးဖြတ်ထားသည့် စတုတ္ထပါရာဇိကအာပတ်သင့်ကြောင်းဝိနိစ္ဆယ**ကို ပယ်ဖျက်ပေးရန် တိုင်းသို့ တင်သွင်းသောစာလွှာ (စာ- ၄၄၃ မှ ၅၀၈ အထိ) ပါရှိသည်။

၈။ အထက်ပါကိစ္စအတွက် တိုင်းသံဃနာယကနှင့် တိုင်းဝိနည်းဓိုရ်များ၏ အဆုံးအဖြတ်စာလွှာ (စာ- ၅၀၆ မှ ၅၀၉ အထိ) ပါရှိသည်။

**(စတုတ္ထပါရာဇိကသင့်ကြောင်းကိုသာလျှင် အတည်ပြုတော်မူကြသည်။)**

၉။ သာသနာရေးလျှောက်ထားတောင်းဆိုလွှာအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က စောဒနာတင်စေမှုများကို ပြန်လည်တိုက်ခိုက်ထားသည့်စာလွှာ (စာ- ၅၁၃ မှ ၅၇၈ အထိ) ပါရှိသည်။ တိုင်းဝိနည်းဓိုရ်များ တစ်ပါးစီထံပေးစာလည်း နောက်ဆက်ပါရှိသည်။

၁၀။ ဝန်းသိုဆရာတော်ကြီး၏ သစ္စာအလင်းပြကျမ်းကို စောဒနာထားသောစာလွှာ

(စာ- ၅၈၁ မှ ၅၈၂ အထိ)

တိပိဋကဆရာတော်ကြီး၏ မဟာဗုဒ္ဓဝင်ကျမ်းကြီးကို စောဒနာထားသောစာလွှာ

(စာ-၅၈၃ မှ ၅၈၄ အထိ)

တည်တောဆရာတော်ကြီး၏ ဘဝချမ်းသာရေးနှင့်မဂ်ဟူသည်ကို စောဒနာထားသောစာလွှာ

(၅၈၅-၅၈၆)

ဝက်လက်မစိုးရိမ်ဦးတိဿ၏ ဒုက္ခတရားခံကျမ်းကို စောဒနာထားသောစောဒနာလွှာ

(၅၈၇-၅၈၈)

ဓမ္မာစရိယဦးငွေးလှိုင်၏ ရတနာသုံးပါးကျေးဇူးစာအုပ်ကို စောဒနာထားသောစောဒနာလွှာ

(၅၈၈-၅၈၉)

ဦးသောင်းလွင်၏ မိရိုးဖလာလွန်ဗုဒ္ဓဘာသာကို စောဒနာထားသောစောဒနာလွှာ

(၅၈၉-၅၉၀)

ဦးကျော်လွင် (နှစ်ဖက်လှ)၏ တက္ကသိုလ်တရားများကို စောဒနာထားသောစောဒနာလွှာ

(၅၉၁-၅၉၂)

ဦးအုံ့မောင်၏ ဗုဒ္ဓ၏လူမှုရေးလမ်းညွှန်ချက်များကို စောဒနာထားသောစောဒနာလွှာ

(၅၉၃-၆၈၅)

**ပုထုဇဉ်ရဟန်းရှင်လူများက တရားဟောခြင်းစသည်တို့ကို ပိတ်ပင်ပေးရန်စောဒနာလွှာ**

(၆၈၆-၆၉၆)

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁)ကို အဓမ္မဝါဒီများအဖြစ် တင်သွင်းသောစောဒနာလွှာ

(၆၉၇-၇၀၇)

ကြောင်းပန်းဝါဒစောဒကများကို အဓမ္မဝါဒီများအဖြစ် တင်သွင်းသောစောဒနာလွှာ

(၇၀၈-၇၁၀)

ဝါဒါနုဝါဒဝိနိစ္ဆယစာအုပ်ပါ အချက်အလက်များကို အဓမ္မဝါဒအဖြစ် တင်သွင်းသောစောဒနာ

(၇၁၁-၇၂၈)

တို့လည်း အသီးသီး ပါရှိသည်။

၎င်းတို့နောက်တွင် အာဏာပိုင်အစိုးရဌာနများသို့ မိတ္တူများပို့ကြောင်းလည်း ပါရှိသည်။ ၎င်းစာဒနလွှာတို့ကို ရှင်ဉာဏနှင့်ရှင်ဂုဏတို့က ပြုလုပ်ပြီး သံဃမဟာနာယကသို့ တင်သည်။

၁၁။ **ဦးစိုးမြင့်ကို စုဒိတကဖြစ်အောင်ပြု၍ တင်သွင်းသောစာဒနာလွှာ (အနုဝါဒါဓိကရုဏ်းမှုခင်း) နှင့် အမှတ်(၉)ဝိနည်းဓိုရ်အဖွဲ့၏ဝိနိစ္ဆယစာလွှာ (၇၂၉ မှ ၈၉၇ အထိ) ပါရှိသည်။**

၁၂။ <u>**ထေရဝါဒကို စွန့်လွှတ်ပြီး ပစ္စုပ္ပန်ကမ္မဝါဒီဓမ္မဝိဟာရီအဖြစ် ရပ်တည်နေကြောင်း ကြေညာချက်**</u> စာလွှာ (၈၉၇ မှ ၈၉၈ အထိ) ပါရှိသည်။

၎င်းစာကို-

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊

နိုင်ငံတော်ပါတီဥက္ကဋ္ဌကြီး၊

နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ၊

သာသနာရေးဝန်ကြီးဌာန၊

စစ်ကိုင်းမြို့နယ်ပါတီဥက္ကဋ္ဌ၊

စစ်ကိုင်းတိုင်းဒေသပါတီ ကော်မတီဥက္ကဋ္ဌ၊

စစ်ကိုင်းတိုင်းကောင်စီဥက္ကဋ္ဌ-စသည်တို့ထံ မိတ္တူပေးပို့ကြောင်း ဖော်ပြထားသည်။

**အထက်ပါစာအုပ်ထဲတွင် နိဒါန်းပိုင်းစာစုနှင့် နိဂုံးပိုင်းစာစုလည်း ပါရှိသည်။**

**မာတိကာနှင့်တကွ စာမျက်နှာပေါင်း (၉၁၂)မျက်နှာ ရှိသည်။**

## အထက်ပါတို့အတွက်ပြန်ကြားချက်များ

လိုရင်းအချုပ်မှာ စတုတ္ထပါရာဇိကအာပတ်ဖြင့် ဆုံးဖြတ်ခံကြရသည်။

ထို့ကြောင့် ၎င်းတို့ကို လူချွတ်စေကြသည်။ ထို့ပြင် သူတို့၏အယူအတိုင်း ဆက်လက်အားထုတ်နေမှု ပေါ်ပေါက်သောကြောင့် အဓမ္မဝါဒဆိုင်ရာ ဥပဒေပုဒ်မတို့ဖြင့် တရားစွဲဆိုကာ အရေးယူခဲ့ကြသည်။ ၎င်းတို့ကတင်သွင်းသော <u>အထက်ပါအမှတ်စဉ်(၁၀)အရ</u> စာဒနာလွှာများကို သက်ဆိုင်ရာတို့က ပယ်ချခဲ့ကြသည်။

ဤကိစ္စမျိုး အလားတူတစ်ခု ဖြစ်ပေါ်ခဲ့သည်။ (၁၄. ၇. ၂၀၀၉)နေ့တွင် မိုးညှင်းမြို့၌ ၂၀၀၉-ခုနှစ် ဇွန်လထုတ် ဓမ္မရတနာမဂ္ဂဇင်းပါ ဝင်းမာခင်၏ ဆောင်းပါးကို တရားစွဲဆိုခြင်းဖြစ်၍ မြို့နယ်တရားရုံးက စစ်ဆေးခဲ့ကြသည်။ သို့သော်လည်း (၂၄. ၇. ၂၀၀၉)နေ့တွင် ထပ်မံစစ်ဆေးမည့် ရုံးချိန်းသို့ပင် မရောက်တော့ဘဲ ခရိုင်နှင့် ပြည်နယ်တို့က ယင်းအမှုကို ဆက်၍စစ်လျှင် မြို့နယ်ရုံးနှင့် တရားသူကြီး၊ ရှေ့နေတို့အပေါ် တာဝန်ရှိကြောင်းဖြင့် ပယ်ချစေခဲ့ကြောင်း သိရပါသည်။ **၎င်းကိစ္စကိုလည်း အသေးစိတ်သိအောင် ဆက်လက်လေ့လာရန် လိုအပ်ပါသည်။**

ထို့အတူပင် ရှင်ဉာဏတို့၏ စာဒနာလွှာတင်မှုတို့ကို အရေးမယူဘဲ ပ-လပ်ထားလျက် ရှင်ဉာဏတို့၏ အဓမ္မဝါဒဆက်လက်အားထုတ်နေမှုတို့ကိုလည်း သက်ဆိုင်ရာတို့က ဥပဒေဖြင့် ထိထိရောက်ရောက် ဆောင်ရွက်မှုမပြုဘဲ လျစ်လျူရှုခဲ့ကြသည်။

<u>ထို့ကြောင့် ဂိုဏ်းသစ် တည်ထောင်မှုကို ခွင့်ပြု ပေးလိုက်သကဲ့သို့ ဖြစ်ပေါ်ကာ ဂိုဏ်းသစ်ထောင်ခွင့် ရရှိသွားကြသည်။</u> **မြန်မာနိုင်ငံတော်တွင် ဂိုဏ်းသစ်ထောင်ခွင့်ကို ဥပဒေဖြင့် တားမြစ်ထားပါသည်။**

၁၃၄၁-ခုနှစ်၊ တပို့တွဲလပြည်ကျော်(၁)ရက် ၁၉၈၀-ပြည့်နှစ် ဖေဖော်ဝါရီလ(၁)ရက်နေ့တွင်-

"ယင်းနေ့ မတိုင်မီ တည်ရှိခဲ့သောဂိုဏ်းကြီး ၉ ဂိုဏ်းကို ပြည်ထဲရေးနှင့်သာသနာရေး ဝန်ကြီးဌာနက တည်ရှိခွင့်ပြုခဲ့သည်။ နောက် ထပ်မံ၍ ဂိုဏ်းသစ်တည်ထောင်မှုကို ပိတ်ပင်တားမြစ်ခဲ့သည်"။

(အကျယ်ကို ဂိုဏ်းကြီး ၉ ဂိုဏ်း-စာအုပ်နှင့် သက်ဆိုင်ရာသာသနာရေးစာအုပ်များတွင် လေ့လာကြပါ။)

သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၊ အခန်း(၂) အပိုဒ်(၄)တွင်-

"ပြည်ထောင်စုမြန်မာနိုင်ငံတော် အတွင်း၌ ဤစည်းမျဉ်းအရ သတ်မှတ်ထားသည့် ဂိုဏ်းပေါင်းစုံပါဝင်သော သံဃာ့အဖွဲ့အစည်း တစ်ခုတည်းသာ ရှိရမည်"ဟူ၍ အတည်ပြုထားပါသည်။

(အကျယ်ကို ၂၃. ၁၁. ၂၀၀၈ ရက်စွဲပါ သတင်းစာများတွင် လေ့လာကြပါကုန်။)

## လစဉ်ထုတ်သတင်းလွှာပေးစာအမှတ်(၇/၂၀၀၉)အကြောင်း

စာမျက်နှာ-၂ တွင်

"ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာကို ဖော်ထုတ်ဖယ်ရှားဖွဲ့ပြီး တရားစွဲမှာလို့လဲ သိနေကြတော့ နဲနဲနဲ့ များများဆိုသလို တုန်လှုပ်တာတော့ ဖြစ်ကြတာပေါ့။ ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာဟာ ထေရဝါဒဗုဒ္ဓဘာသာမှ မဟုတ်တာပဲ။

ဘာသာဝါဒတစ်ခုက ဘာသာဝါဒတစ်ခုကို တရားစွဲလို့ရစတမ်း မရှိကြောင်းပေ့ါ။ မဟာယာနဗုဒ္ဓဘာသာရဲ့အယူအဆကို ထေရဝါဒဗုဒ္ဓဘာသာက မကြိုက်ပေမယ့် တရားစွဲလို့ မရသလိုပါပဲ။

ထေရဝါဒဗုဒ္ဓဘာသာဟာ ပရမတ်ကိုသစ္စာခံတဲ့ ဗုဒ္ဓဘာသာ ဖြစ်တယ်။ ပစ္စုပ္ပန်ကမ္ဘဝါဒ ဗုဒ္ဓဘာသာဟာ ကံကို သစ္စာခံတဲ့ဗုဒ္ဓဘာသာ ဖြစ်တယ်။

ဒီ ဗုဒ္ဓဘာသာ(၂)ရပ်ဟာ မိုးနဲ့မြေပမာ အလွန်ဝေးကွာတဲ့ ဘာသာနှစ်ရပ် ဖြစ်တာ သိကြရမှာပေ့ါ" ဟူ၍ ရေးသားထားသည်။

စာမျက်နှာ- ၁၁ တွင်

"ပရမတ် သစ္စာခံမှုနှင့် အရိယ သစ္စာခံမှုတို့ဟာ အထက်နဲ့အောက် တောင်နဲ့ မြောက်လို အခြားကြီးခြားပါတယ်။ အဲဒီလိုခြားတာဟာ ဗုဒ္ဓဘာသာတစ်ခုတည်းအတွင်းမှာဖြစ်ပေမယ့် ဖြစ်ပွါးချက်ရလာဒ်ကတော့ ပြောခဲ့ပြီးအတိုင်း ဖြစ်ပါတယ်။

**. . . ဒီတော့ ထေရဝါဒဗုဒ္ဓဘာသာကနေ ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာကို ဗုဒ္ဓ ဘာသာချင်း အတူဖြစ်လို့ တူရမယ်ဆိုပြီး ဝိနိစ္ဆယတင်တာတွေ တရားစွဲတာတွေ လုပ်ကြဦးမယ်ဆိုရင် ဓမ္မဝိဟာရီတို့ကလည်း ကိုယ်ကိုးကွယ်ဆည်းကပ်တဲ့ဘာသာကို နှောက်ယှက်သူများအဖြစ် ပြန်လည်တရားစွဲဖြေရှင်းတာကို မလွဲမသွေ လုပ်ကြရမှာပါ။**

တိုင်းပြည်တစ်ပြည်ရဲ့ အခြေခံဥပဒေထဲမှာ လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ကို အတိအလင်းပေးထားတာပဲ။ ၁၉၇၄-ခုနှစ် အခြေခံဥပဒေတည်ဆဲကာလဖြစ်တဲ့ ၁၉၈၃-ခုနှစ် ဖေဖော်ဝါရီလ ၁၀-ရက်နေ့မှာ ထေရဝါဒနှင့်ထေရဝါဒရဟန်းသမဏအဖြစ်ကို စွန့်လွှတ်ပြီး ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာနဲ့ ဓမ္မဝိဟာရီအဖြစ် ကြေညာရပ်တည်ခဲ့သူ ဖြစ်ပါတယ်။

အခြေခံဥပဒေခွင့်ပြုချက်အရ ရပ်တည်ခဲ့တာဖြစ်လို့ တရားဝင်ပဲရပ်တည်ခဲ့တာ ဖြစ်ပါတယ်" ဟူ၍ ရေးသားထားသည်။

စာမျက်နှာ- ၁၂ တွင်

"ဒါကြောင့် ဓမ္မဝိဟာရီတို့ကို ထေရဝါဒက တစ်စုံတရာလုပ်လာရင် ဓမ္မဝိဟာရီတို့ကလည်း ငုံ့ခံနေမှာ မဟုတ်တာကို ဒကာဒကာမတို့ကို အသိပေးရမှာပါပဲ။ ဒကာဒကာမတို့အနေနဲ့လဲ ဘာမှ တွန့်ဆုတ်ရွံ့ကြောက်မဖြစ်ကြဖို့ ဒီရေးခဲ့တဲ့စာအရ အသိပေးတာပါပဲ"

ဟူ၍ ရေးသားထားသည်။

## အထက်ပါတို့အတွက်ပြန်ကြားချက်များ

အထက်ပါကိစ္စအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ယခုအချိန်တိုင်အောင် ထေရဝါဒနိုင်ငံတော်အဖြစ် ကမ္ဘာတစ်လွှား ထင်ရှားလျက် ရှိပါသည်။ ထေရဝါဒဗုဒ္ဓဘာသာသည် နိုင်ငံတော်ဘာသာဖြစ်ပါသည်။

**<u>"အခြားဘာသာများကို လွတ်လပ်စွာ ယုံကြည်ခွင့် ရှိသည်"</u>**ဟုဆိုရာတွင် အခြားသော ဗုဒ္ဓဘာသာဂိုဏ်းကွဲများကို ဆိုလိုသည် မဟုတ်ပေ။ နတ်ကိုးကွယ်သောဘာသာ၊ ခရစ်ယာန်ဘာသာ-စသည်များကိုသာ ဆိုလိုသည်။ မှန်၏။ အထက်တွင် ဗုဒ္ဓဘာသာဂိုဏ်းကွဲနှင့် ဂိုဏ်းသစ်များ နောက်ထပ်တည်ထောင် ခွင့်မရှိ။ ဤကိစ္စတွင် ဥပဒေပုဒ်မ၏အဓိပ္ပါယ်ကို တိကျပြတ်သားအောင် ဖွင့်ဆို၍ ပြဋ္ဌာန်းထားရန် လိုအပ်နေပါသည်။

ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ညွှန်ကြားလွှာများကျမ်းစာအုပ် စာမျက်နှာ(၄၁)တွင် -

"ယွန်းဂိုဏ်းတို့ ဇောတိဂိုဏ်းတို့ဆိုတဲ့ဘုန်းကြီးတွေကို သက်ဆိုင်ရာ ဗဟိုသံဃာ့ဝန်ဆောင်များက စည်းရုံးပြီးတော့ သာသနာ့ထဲသွင်းဖို့ လျှောက်ထားရမယ်။ သာသနာထဲဝင်လျှင်တော့ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ပဍ္ဍင်းခံရမယ်။ ဉတ်ကမ္မဝါဖြင့် ပဍ္ဍင်းမခံယင်တော့ သံဃာထဲထည့်လို့ မဖြစ်ဘူး။

အဲဒီယွန်းဂိုဏ်း ဘုန်းကြီး၊ ဇောတိဂိုဏ်းဘုန်းကြီးတွေကို သွားပြောကြ။ ဒီလိုအလွတ်နေလို့ မရတဲ့အကြောင်း"ဟူ၍ ဖော်ပြထားပါသည်။

ထို့ပြင် ၎င်းစာအုပ် စာမျက်နှာ(၄၃)တွင်လည်း -

"ဝိနိစ္ဆယဥပဒေကို လွှတ်တော်က အတည်ပြုပေးလိုက်တဲ့နောက်မှာ ဝိနိစ္ဆယလုပ်ထုံးလုပ်နည်းရော၊ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် သူ့ရဲ့လုပ်ထုံး လုပ်နည်းတွေပါ ဆက်သွယ်ပြီး အကျိုးသက်ရောက်သွားတယ်။ အားလုံး ဥပဒေထဲ အကျုံးဝင်သွားတယ်။

ဒါ့ကြောင့် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းကို သာမန်အများစု ဆုံးဖြတ်ချက်လောက် မယူဆရဘူး။ အားလုံး ဥပဒေ အကျိုးသက်ရောက်သွားတယ်"ဟူ၍ အတည်ပြုထားပါသည်။

ဤကိစ္စတို့ကို သီးသန့်ကွဲပြား နေအောင် သက်ဆိုင်ရာဥပဒေပညာရှင်တို့နှင့် သက်ဆိုင်ရာသာသနာရေးဌာနတို့က တရားတော်အရ ဥပဒေဘောင်ဝင် ဖြစ်သင့်သည့်အတိုင်း ဆောင်ရွက်သင့်ကြသည်။ အကယ်၍ မဆောင်ရွက်နိုင်ကြလျှင် နောက်ပိုင်းမှာ သည့်ထက်ပို၍ ရှုပ်ထွေးသောဘာသာရေးပြဿနာများ

ဖြစ်ပေါ်လာကာ ပြည်ထောင်စုမြန်မာနိုင်ငံသည်လည်း ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံအဖြစ်ကနေ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုးရီယားနိုင်ငံစသည်တို့ကဲ့သို့ပင် မဟာယာနဗုဒ္ဓဘာသာနိုင်ငံ ဖြစ်သွားဖွယ်ရာရှိလာပေမည်။

**စီရင်ထုံး**

**မြန်မာနိုင်ငံတော်တွင် ဗုဒ္ဓဘာသာဂိုဏ်းသစ်ကို တည်ထောင်လျှင် တရားစွဲနိုင်ကြောင်း၊ တရားစွဲခံရသူများမှာ အပြစ်ရှိကြောင်းတို့ကို (၁၉၉၁)ခုနှစ်က စစ်ခုံရုံးတွင် စစ်ဆေးခဲ့သော ဓမ္မဝိဟာရီအား ထောင်ဒဏ်(၁၀)နှစ် အပြစ်ပေးသည့်မှုခင်းဖြင့် ထင်ရှားပြီး ဖြစ်ပါသည်။**

**မေတ္တာတံခွန်အသင်းပြုစုသူ"လက်ယာ"သို့ပေးစာအကြောင်း**
**(အရှင်က္ကန္ဒာစရိယာဘိဝံသသို့(မိတ္တူ)ပေးစာအကြောင်း)**

အထက်ပါစာထဲတွင်-

"ပြည့်ပြည့်စုံစုံအစီရင်ခံနိုင်ရန် ဓမ္မဝိဟာရီနိဒါန်းစာအုပ် ပေးလိုက်ပါတယ်။ ဒီစာအုပ်ပါ အကြောင်းအရာတွေက သံဃမဟာနာယကနဲ့ ဗဟိုဝန်ဆောင်ချုပ် ထေရဝါဒသာသနာရဲ့ တုန်လှုပ်နေတာ အဓိပ္ပါယ်မရှိတာကို တွေ့ရမှာပါ။

ကမ္ဘာပေါ်မှာ ဗုဒ္ဓဘာသာဟာ ထေရဝါဒဗုဒ္ဓဘာသာချည်း မဟုတ်တာလောက်တော့ သိပေးကြရမှာပါ။ ဘုရားဟောထားတဲ့စာမှန်သမျှကိုလည်း ထေရဝါဒဗုဒ္ဓဘာသာက ပိုင်တယ်ထင်တာ ဘယ်တရားခွင်မှာ ဘယ်သက်သေနဲ့ တင်မှာလဲ။

ထေရဝါဒဗုဒ္ဓဘာသာကို ထေရဝါဒဗုဒ္ဓဘာသာမဟုတ်သူက ဘယ်လိုပျက်အောင် ဖျက်မှာလဲ။

ထေရဝါဒမဟုတ်တဲ့ဗုဒ္ဓဘာသာကို ထေရဝါဒဗုဒ္ဓဘာသာက အရေးယူနိုင်လို့လား။

**မြန်မာနိုင်ငံအုပ်ချုပ်တဲ့အစိုးရက ထေရဝါဒဗုဒ္ဓဘာသာနဲ့ အုပ်ချုပ်တဲ့အစိုးရလား။**

"ဓမ္မဝိဟာရီကို ဝိနည်းဓမ္မကံ ၉ နဲ့ ထောင် ၃ နှစ် ချတာကို မှားယွင်းမှုဖြစ်လို့ ဗဟိုက အနိုင်ပေးခံရတာ သိသလား။

၁၉၉၁ ခုနှစ်က သာသနာရေးဌာနက ခြောက်တွန်းလို့ မှားယွင်းပြီး ထောင် ၁၀ နှစ် ကျအောင် စစ်ခုံးရုံး အဆုံးအဖြတ်ပေးခံရတာဟာ တကယ်တရားဝင်တယ် ထင်သလား။

ဘယ်သူက ဓမ္မဝိဟာရီတို့ကို အဓမ္မဆုံးဖြတ်တာ ခံရဖူးသလဲ"
ဟူ၍ ရေးသားထားသည်။

ပူးတွဲစာအနေဖြင့်-

"မန္တလေးတိုင်း(ဗဟို)တရားရုံးက ဦးဉာဏနှင့်ဦးဂုဏဝန္တတို့အပေါ် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေ ၉ အရ ပြစ်မှုထင်ရှားစီရင်သည့် အမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုခဲ့သော တိုင်းတရားရုံး၏အမိန့်တို့ကို ပယ်ဖျက်"
ဟူ၍လည်း ပါရှိသည်။

## အထူးမှာထားချက်

ရှင်ဉာဏတို့ထောင်ဒဏ်(၃)နှစ်ကျခံရခြင်းသည် လွှတ်တော်ဥပဒေအမှတ် ၉။ ဥပဒေပုဒ်မ ၅/၇- အရ ရဟန်းယောင်ဆောင်မှုကို ကျူးလွန်သည်ဖြစ်၍ ဥပဒေပုဒ်မ ၉/၁၁-ဖြင့် ပြစ်ဒဏ် စီရင်ထားခြင်းသာ ဖြစ်နေသည်။

ထို့ကြောင့် ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေအမှတ် ၉။ **ဥပဒေပုဒ်မ ၆-အရကို ကျူးလွန်သည်ဖြစ်၍ ပြစ်မှုထင်ရှားသဖြင့် ဥပဒေပုဒ်မ ၁၀-ဖြင့် ပြစ်မှုထင်ရှားစီရင်သည့် အမိန့်ကို မပယ်ဖျက်နိုင်။**

၎င်းဝိနည်း ဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေအမှတ် ၉-တွင် ဥပဒေပုဒ်မပေါင်း (၁၃)ချက် ပါရှိသည်။ မည်သည့်ပြစ်မှုဖြစ်သည်၊ မည်သည့်ပြစ်ဒဏ် ဖြစ်သည်-ကို သေချာစစ်ကြည့်ပြီးမှသာ အမှားလား အမှန်လား-ကို ဆုံးဖြတ်ကြရမည်။

လေ့လာလိုလျှင် ၂၀၀၈-ခုနှစ်ထုတ် ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာလုပ်ထုံးလုပ်နည်းများပြင်ဆင်ဖြည့်စွက်ချက် စာအုပ်တွင် လေ့လာနိုင်ကြပါသည်။ သာသနာရေး ဦးစီးဌာနပုံနှိပ်တိုက်တွင် အလွယ်တကူ ဝယ်ယူနိုင်ပါသည်။

### အထက်ပါတို့အတွက်ပြန်ကြားချက်များ

(၁)

အထက်ပါစာထဲတွင်-

"ဗဟိုဝန်ဆောင်ချုပ်ဆရာတော်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တို့၏ တုန်လှုပ်နေပုံများနှင့် အဓိပ္ပါယ်မရှိပုံများကို ဓမ္မဝိဟာရီနိဒါန်းစာအုပ်က ဖော်ပြလျက်ရှိပါကြောင်း" ပါရှိနေသည်။

ယင်းအဆိုသည် ရှင်ဉာဏတို့၏အဆိုသာလျှင် ဖြစ်သည်။ ထေရဝါဒသာသနာတော်သည် မြန်မာနိုင်ငံတော်တွင် မတုန်မလှုပ်ဘဲ တည်မြဲလျက်သာ ရှိနေခြင်းကြောင့် အဓမ္မဝါဒီတို့ကို တရားဥပဒေတို့ဖြင့် အရေးယူကာ အဓမ္မဝါဒတွေကိုပင် ဆက်လက်အားထုတ်သူများအား ထောင်ဒဏ်(၃)နှစ် အပြစ်ပေးခဲ့ကြောင်း ထင်ရှားပါသည်။

(၂)

ထို့ပြင် "ကမ္ဘာပေါ်တွင် ထေရဝါဒဗုဒ္ဓဘာသာချည်းမဟုတ်ကြောင်း" ပါရှိနေသည်။

ယင်းအဆိုသည် ကမ္ဘာပေါ်တွင်သာ အမှန်အကန် ဖြစ်သည်။ မြန်မာနိုင်ငံတော်တွင်မူ ထေရဝါဒဗုဒ္ဓဘာသာချည်းသာ ရှိပါ သည်။ မှန်၏။ မြန်မာနိုင်ငံတော်သည် ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ သီရိလင်္ကာနိုင်ငံတို့ကဲ့သို့ ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံတော်သာလျှင် ဖြစ်သည်။

ထို့ကြောင့် ထေရဝါဒပိဋကတ်မူအတိုင်းသာ လက်ခံကျင့်သုံးသည်ဖြစ်၍ ထင်ရာမြင်ရာတွေကို ဘုရားဟောလုပ်နေသည့် အယူဝါဒများကို လက်ခံခြင်း လုံးဝမရှိပေ။

(၃)

ထို့ပြင် "ဘုရားဟောစာမှန်သမျှကို ထေရဝါဒဗုဒ္ဓဘာသာက ပိုင်ကြောင်းထင်မြင်မှုကို ဘယ်လို နည်းဖြင့် တင်ပြနိုင်မည်မဟုတ်ကြောင်း" ပါရှိနေသည်။

ထိုအဆိုသည်လည်း ရှင်ဉာဏတို့၏အဆိုသက်သက်သာလျှင် ဖြစ်သည်။ အမှန်ကတော့ မူရင်းအတိုင်းအတည်ပြု၍ လက်ခံထားခြင်းအရ သင်္ဂါယနာခြောက်ကြိမ်တင်ထားကြသည့်အတွက် ယင်းသင်္ဂါယနာမူအတိုင်း လက်ခံကျင့်သုံးသူတို့ကသာလျှင် ဘုရားဟောတရားတို့ကို ပိုင်ဆိုင်ကြောင်း

ထင်ရှားနေပြီးသားပင် ဖြစ်ပါသည်။
ယနေ့ခေတ်တွင် ဂျပန်နိုင်ငံစသည်တို့မှာ မူရင်းလုံးဝ မရှိခြင်းကြောင့် ဘုရားဟောစာအစစ်တို့ကို မည်သို့မျှ သင်ယူနိုင်ခွင့်၊ လေ့ကျင့်နိုင်ခွင့် မရှိကြဘဲ လွဲနေကြကြောင်းလည်း ထင်ရှားနေပြီးသားပင် ဖြစ်ပါသည်။
ဆိုလိုသည်မှာ-
ဘုရားဟောမူရင်းအတိုင်းလက်ခံကျင့်သုံးသူဖြစ်လျှင် မည်သူမဆို ဘုရားဟောစာပေတို့ကို ပိုင်ဆိုင်သူချည်းပင် ဖြစ်ပါသည်။

## (၄)

ထို့ပြင် "ထေရဝါဒဗုဒ္ဓဘာသာကို ထေရဝါဒဗုဒ္ဓဘာသာမဟုတ်သူက မဖျက်နိုင်ကြောင်း"ပါရှိနေသည်။
အမှန်မှာ ထေရဝါဒပိဋကတ်မူရင်း ပါဠိတော်များနှင့် ဆန့်ကျင်ဘက်ရေးသားချက်များနှင့် ဆန့်ကျင်ဘက် ဟောပြောချက်များက ထေရဝါဒဗုဒ္ဓဘာသာကို ပျက်စီးအောင် ဖျက်ဆီးနေမှုများသာ ဖြစ်သောကြောင့် ထေရဝါဒဗုဒ္ဓဘာသာမဟုတ်သူက ထေရဝါဒဗုဒ္ဓဘာသာကို ဖျက်ဆီးနိုင်ကြောင်း ထင်ရှားနေပါသည်။
ယခုလည်း အဖျက်ဆီးခံနေရမှုများ ထင်ရှားရှိနေကြပါသည်။ ထို့ကြောင့် သက်ဆိုင်ရာဝိနိစ္ဆယဌာနသို့ စောဒနာလွှာအမှုတွဲလည်း တင်ပြထားပြီး ဖြစ်ပါသည်။
ဤသို့ဖျက်ဆီးနေမှုများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့ကို ရန်မူနေခြင်းများပင် ဖြစ်နေသောကြောင့် ပဋိပက္ခအုံကြွမှုကြီးများကိုပါ ဆက်လက်ဖြစ်ပေါ်လာစေနိုင်ကြပါလိမ့်မည်။ လွတ်လပ်စွာကိုးကွယ်ခွင့်ရှိသော်တောင်မှပင် မိမိတို့ကိုးကွယ်ရာဘာသာတရားကို နှောက်ယှက်လာလျှင် မည်သူတို့ကမှ လက်ခံနိုင်ကြမည် မဟုတ်ပေ။
ယခု မိမိတို့က စောဒကအနေဖြင့် စာတင်ထားမှုကို ပြုခြင်းသည် မိမိတို့ကိုးကွယ်ရာပိဋကတ်တို့ကို ဖျက်ဆီးနေသော အရေးအသားများကြောင့်သာ ဖြစ်ပါသည်။ ရန်စသူတို့သည် မည်သူတို့ ဖြစ်နေကြသနည်း။ စသူတို့ကစထားခြင်းကြောင့် ဆက်လုပ်စရာရှိသမျှတို့ကို နိုင်ငံတော်အစိုးရအတည်ပြုပြဋ္ဌာန်းထားသည့် ဥပဒေပုဒ်မတို့အရ ဆက်လက်လုပ်ကြရမည်သာ ဖြစ်ပါသည်။

## (၅)

ထို့ပြင် "ထေရဝါဒမဟုတ်တဲ့ဗုဒ္ဓဘာသာကို ထေရဝါဒဗုဒ္ဓဘာသာက အရေးမယူနိုင်ကြောင်း"ပါရှိနေသည်။
ယင်းအဆိုနှင့်ပတ်သက်၍ ရှေ့ပိုင်း(ပေးစာအမှတ်(၇/၂၀၀၉)ပြန်ကြားချက်များ)တွင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်၏ တရားဥပဒေ မူဝါဒအရဆိုလျှင် ဗုဒ္ဓဘာသာဂိုဏ်းသစ်တည်ထောင်ခွင့်ကို ဥပဒေဖြင့် ပယ်ထားလျက် ရှိပါသည်။
အခြေခံစည်းမျဉ်းစာအုပ် အခန်း(၂) အပိုဒ်(၁၂) ပိုဒ်ခွဲ(ဂ)၌-
"ပရိယတ္တိသာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွါးစေရန်နှင့် ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန် ဖြစ်သည်"ဟု ပြဋ္ဌာန်းထားသည်။
ဤကိစ္စကိုလည်း သက်ဆိုင်ရာအစိုးရဌာနတို့က ဥပဒေကြောင်းအရ အတိအကျ ကိုင်တွယ်ကြရန် လိုအပ်ပါသည်။ သက်ဆိုင်ရာသာသနာရေးဌာနတို့ကို သိသာတော်မူကြစေရန် ဆက်လက်တင်ပြရမည့်ကိစ္စ

ဖြစ်သည်။

(၆)

ထို့ပြင် "မြန်မာနိုင်ငံအုပ်ချုပ်တဲ့အစိုးရက ထေရဝါဒဗုဒ္ဓဘာသာနဲ့ အုပ်ချုပ်တဲ့အစိုးရမဟုတ်ကြောင်း" ပါရှိသေးသည်။

အမှန်မှာ ထေရဝါဒဗုဒ္ဓဘာသာဖြင့်အုပ်ချုပ်သောအစိုးရမဟုတ်သော်လည်း တရားဥပဒေဖြင့် အုပ်ချုပ်သောအစိုးရဖြစ်၍ ယင်းတရားဥပဒေတို့တွင် ထေရဝါဒဗုဒ္ဓဘာသာမဟုတ်သော ဗုဒ္ဓဘာသာ ဂိုဏ်းသစ်တို့ကို တည်ထောင်ခွင့်မပြုသောအစိုးရ ဖြစ်ပါသည်။

ဤမူဝါဒအရ ဥပဒေထဲတွင်-

"သက်န်းဝတ်သံဃာတို့က ဗုဒ္ဓဘာသာဂိုဏ်းသစ်ထောင်ခြင်းကိုသာ တားမြစ်ပိတ်ပင်ခွင့် ရှိသည်။ လူပုဂ္ဂိုလ်နှင့် အဝတ်အဆင် ကွဲပြားသူတို့က ဗုဒ္ဓဘာသာဂိုဏ်းသစ်ထောင်လျှင် တားမြစ်ပိတ်ပင်ခွင့် မရှိ"ဟူ၍ သီးသန့် ခွဲခြားချက် မရှိပေ။ ကန့်သတ်ချက် မရှိပေ။

<u>**နိုင်ငံတော်ဥပဒေသည် နိုင်ငံအတွင်း မှီတင်းနေထိုင်သူတိုင်း လိုက်နာရမည့် တရားလမ်းစဉ်ကြီးသာ ဖြစ်သည်။**</u>

(၇)

ထို့ပြင် "ဓမ္မဝိဟာရီကို ဝိနည်းဓမ္မကံ ၉ နဲ့ ထောင် ၃ နှစ် ချခြင်းသည် မှားယွင်းမှုသာဖြစ်ကြောင်း၊ ထို့ကြောင့်ပင် ဗဟိုတရားရုံးက ဓမ္မဝိဟာရီကို အနိုင်ပေးခဲ့ကြောင်း"ပါရှိနေသေးသည်။

ယင်းကိစ္စအတွက် ဗဟိုတရားရုံးက ဆုံးဖြတ်စာလွှာမိတ္တူတို့ကိုလည်း ပူးတွဲဖြန့်ချိလျက် ပါရှိနေသည်ကိုလည်း တွေ့ရပါသည်။

**အကျဉ်းချုပ်မှာ**

(၁) <u>မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က ဦးဉာဏတို့သည် ထေရဝါဒဗုဒ္ဓဘာသာ ရဟန်းဘဝမှ လူထွက်ခဲ့သော်လည်း ထေရဝါဒဗုဒ္ဓဘာသာရဟန်းတော်များသဖွယ် ပြုမူပြောဆိုနေထိုင်ကျင့်ကြံသည့်အတွက် ရဟန်းယောင်ဆောင်ရာရောက်သည်ဟု သုံးသပ်၍ အပြစ်ပေးခဲ့သည်။</u>

(ဥပဒေပုဒ်မ ၅-ဖြင့် စီရင်ထားသည်ကို သေချာလေ့လာကြည့်ပါကုန်။)

(၂) <u>လူဝတ်လဲသည့်နေ့မှစ၍ ဦးဉာဏနှင့်ဦးဂုဏဝန္တတို့သည် ပုခုံးတင်အပြာစတစ်စ၊ အပြာအင်္ကျီဝတ်စုံ၊ အပြာဘောင်းဘီတို့ကို ဝတ်ဆင်ပြီး ဓမ္မဝိဟာရီအမည်ခံကာ ထေရဝါဒဗုဒ္ဓဘာသာနှင့် ဆန့်ကျင်သောတရားများ ဟောပြောအသံသွင်းဖြန့်ချိကြောင်း ပေါ်ပေါက်သည်ဟူ၍</u> ပါရှိသည်။

(ဥပဒေပုဒ်မ ၆-ဖြင့် စီရင်ပေးပါရန် အမှုဖွင့်တိုင်ချက်ကို မမေ့သင့်ကြပေ။)

အထက်ပါတို့တွင်-

(က) ထောင်(၃)နှစ်ကျခံရမှုသည် အမှတ်(၁)အရ ဖြစ်ပါသည်။ အမှတ်(၂)ကြောင့် လုံးဝမဟုတ်ပါ။

(ခ) ဗဟိုတရားရုံးက ဦးဉာဏတို့ကို အနိုင်ပေးသည့် ဆုံးဖြတ်စာလွှာတွင် အမှတ်(၁)ကြောင့် ထောင်(၃)နှစ် ချမှတ်သည်ဖြစ်၍ ဦးဉာဏတို့သည် ရဟန်းယောင်ဆောင်သူများ မဟုတ်ခြင်းကြောင့် ၎င်းအတွက် အပြစ်မရောက်ကြောင်း စစ်ဆေးချက်အရ အနိုင်ပေးထားခြင်းသာ ဖြစ်ပါသည်။

(ဂ) အမှန်အတိုင်း အမှတ်(၂)အတွက်ကြောင့် ထောင်(၅)နှစ် ကျရကြောင်းဆိုလျှင်မူ မည်သို့မျှ အနိုင်ပေးနိုင်ဖွယ်ရာ မရှိချေ။

အမှတ်(၂)ကြောင့်ဆိုလျှင် ထောင်ဒဏ်(၅)နှစ်အထိ ကျခံရမည်ဖြစ်ကြောင်း ဥပဒေက ပြဆိုလျက်ရှိပါသည်။

ဤနေရာတွင် ၎င်းဗဟိုရုံးဆုံးဖြတ်စာ၌ -

"ထေရဝါဒဗုဒ္ဓဘာသာကို ပုတ်ခတ်ပြောဆိုကြေညာခြင်းများ ပြုလုပ်ကြသည့်အတွက် - သူတို့အပေါ် ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေအမှတ် ၉။ ဥပဒေပုဒ်မ ၉ နှင့် ၁၁ တို့အရ အရေးယူပေးရန် မန္တလေးတိုင်း သာသနာရေးမှူး ဦးစောထွန်းက တိုင်ချက်ဖွင့်သည်ကို တိုင်းတရားရုံးတရားသူကြီးတို့က ဥပဒေပုဒ်မ ၅-၇-အရ ရဟန်းယောင်ဆောင်ရာရောက်မှုဖြင့် အဘယ့်ကြောင့် ဆုံးဖြတ်ထားကြောင်း ရှင်းလင်းမှုများ လိုအပ်နေပါသည်။

အမှန်မှာ ဥပဒေပုဒ်မ ၆-အရ အမှုဖြင့်သာလျှင် တိုင်ချက်ဖွင့်ဆုံးဖြတ်၍ ဥပဒေပုဒ်မ ၁၀-ဖြင့် အပြစ်ရှိကြောင်းတို့ကို တိုင်းတရားသူကြီးတို့က ဆုံးဖြတ်ရမည်။

တိုင်ချက်ဖွင့်သူနှင့် တိုင်းတရားသူကြီးတို့၏ ချွတ်ယွင်းမှုကြောင့် နောက်ကိစ္စများ ရှုပ်ထွေးလာခြင်းဖြစ်သည်။

ဤကိစ္စတွင် တိုင်ချက်ဖွင့်သူနှင့် တိုင်းတရားသူကြီးတို့က-

ဥပဒေပုဒ်မ(၅/၇)တို့ဖြင့် အမှုဖွင့်ပြီး (၉/၁၁)အရဖြင့် ပြစ်ဒဏ်မစီရင်ဘဲ ---

ဥပဒေပုဒ်မ၆-အရဖြင့် တိုင်ချက်အမှုဖွင့်ပြီး ဥပဒေပုဒ်မ ၁၀-အရဖြင့် ပြစ်ဒဏ်စီရင်သင့်ကြောင်းတို့ကို ထိုစဉ်ကမြို့နယ် ဝိနိစ္ဆယအဖွဲ့တွင်ပါဝင်ခဲ့၍ ယခုမဟာနာယကအဖွဲ့ဝင် ဖြစ်တော်မူသော ဇေယျသိန်ဆရာတော်ဘဒ္ဒန္တပညာသိရီထေရ်ထံမှာ လျှောက်ထားမေးမြန်းစုံစမ်းကြည့်လျှင် သိနိုင်ပါလိမ့်မည်။

**ဥပဒေပုဒ်မ ၆-အမှုသည် ၎င်းတို့က နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ကြီး၏ ဝိနိစ္ဆယကို တော်လှန်မှု ဖြစ်သည်။ ၎င်းအမှုကို လွန်ကျူးသူဖြစ်လျှင် ဥပဒေပုဒ်မ ၁၀-အရ ထောင်ဒဏ် ၅-နှစ် ကျခံရမည်။**

ထို့ကြောင့် ပူးတွဲဖေါ်ပြပါ ဗဟိုတရားရုံးက ဆုံးဖြတ်စာလွှာသည် သက်ဆိုင်ရာသာသနာရေးဌာနကွျမ်းကျင်သူတို့ကို အသိမပေးဘဲ မတိုင်ပင်ဘဲ အပြစ်မမြောက်သောစွဲချက်ဖြင့် စွဲဆိုချက်ပြင်ဆင်ထားပြီး ထိုစွဲဆိုချက်အရ အပြစ်မရှိကြောင်းဆုံးဖြတ်ချက်မျှသာ ဖြစ်နေသည်ကို တွေ့ရပါသည်။

<u>အကယ်၍ အမှတ်(၂)အရ ဘာသာတရားစော်ကားပုတ်ခတ်မှု "ဥပဒေပုဒ်မ ၆-အရ အဓမ္မဝါဒများကို မစွန့်လွှတ်သေးဘဲ ဆက်လက် ဖြန့်ချိမှုဖြင့်သာလျှင် စွဲဆိုချက်တင်သွင်းထားသည့်အတိုင်း ဥပဒေပုဒ်မ (၁၀)အရ ဆုံးဖြတ်ချက်ချမှတ်ထားလျှင်မူ" ဗဟိုတရားရုံးက ဘယ်နည်းဖြင့်သော်မှ အနိုင်ပေးနိုင်လိမ့်မည် မဟုတ်ပေ။</u>

သို့ဖြစ်၍ ပူးတွဲပါဗဟိုတရားရုံးက အနိုင်ပေးကြောင်း ဆုံးဖြတ်စာလွှာသည် တရားရင်ဆိုင်ရမည့်အမှုကတခြား၊ ပြန်လည်စစ်ဆေးထားသည့်အမှုကတခြား - ခြားနားနေသည့် ဆုံးဖြတ်စာလွှာသာလျှင်ဖြစ် ကြောင်း သိမြင်ရပါသည်။

တခြားစီဖြစ်နေသည့်အတွက် ဦးဉာဏတို့ကို ဗဟိုတရားရုံးက အနိုင်ပေးသည်ဆိုသော်လည်း **အဓမ္မမဟုတ်ဟု ဆုံးဖြတ်၍ အနိုင်ပေးထားချက် မဟုတ်**ကြောင်း ထင်ရှားနေပါသည်။

၁။ မူလစွဲဆိုခံရမှုနှင့်ရှုံးမှုသည် (၁၉၈၃)ခုနှစ်တွင် ဖြစ်ခဲ့သည်။ စတုတ္ထပါရာဇိကအာပတ်သင့်မှုအရ အဓမ္မဝါဒ၊ အဝိနယဝါဒဖြစ်၍ ရှုံးသည်။

မန္တလေးတိုင်းတရားရုံး၏ ထောင်ဒဏ်အမိန့်ကို (၁၉၈၅)ခုနှစ်တွင် ခံယူကြရသည်။

၎င်းအမိန့်ကို မကျေနပ်၍ပြင်ဆင်မှုသည် (၁၉၈၆)ခုနှစ်တွင် ဖြစ်ခဲ့သည်။ ဗဟိုသို့ ရောက်လာခဲ့သည်။

ဗဟိုတရားရုံး(မန္တလေးရုံးထိုင်)၏ ဆုံးဖြတ်စာလွှာ ထုတ်ပေးလျက် အနိုင်ပေးမှုသည် (၁၉၉၉) ခုနှစ်တွင် ဖြစ်ခဲ့သည်။ ဖေါ်ပြပါခုနှစ်အစဉ်ကိုကြည့်လျှင် ဆုံးဖြတ်စာလွှာနှင့် ၎င်း၏နောက်ခံဖြစ်စဉ်များ အတွင်းမှာ ကွက်ကျော်ဖြစ်စဉ်များပါရှိနေကြောင်း (မဖြောင့်မှန်မှုများပါရှိနေကြောင်း) ထင်ရှားနေပါသည်။

၂။ ၎င်းဆုံးဖြတ်စာလွှာအောက်တွင် တရားသူကြီး(၃)ဦးအဖွဲ့ကို ဖေါ်ပြထားလေရာတွင် ၎င်းတို့၏ ကိုယ်ပိုင်လက်မှတ်များကို မတွေ့မြင်ကြရပေ။ အမှုသွားအကြောင်းအရာ ရှေ့နောက်မတည့်သည့်အပြင် တရားသူကြီးတို့၏ လက်မှတ်လည်း မပါခြင်းကြောင့် ရုံးစာရေးစသူများနှင့် ပူးပေါင်း၍ နိုင်ကွက်ဆင်ထားသည့် ဆုံးဖြတ်စာဟုဆိုလျှင် ဆိုနိုင်စရာအကြောင်း ရှိနေပါသည်။

၃။ ထို့ပြင် သက်ဆိုင်ရာသာသနာရေးဌာန၊ သက်ဆိုင်ရာသာသနာရေးဦးစီးတို့၏ အသိအမှတ်ပြုချက်နှင့် မျက်မှောက်ပါဝင်ကြောင်း (ဝါ)၎င်းတို့ကို အသိပေးမှုရှိကြောင်း မထင်ရှားပေ။

ဗဟိုတရားရုံးက တရားလိုတစ်ဖက်တည်းကိုသာကြည့်၍ တရားခံတစ်ဖက်ကို လုံးဝ မျက်ကွယ်ပြုထားကြောင်း ထင်ရှားနေသည်။

၄။ ထို့ပြင် အရေးအကြီးဆုံးကိစ္စမှာ အကယ်၍ မြို့နယ်နှင့်တိုင်းတို့က မှားယွင်းခဲ့သော် အဘယ့်ကြောင့် မူလစွဲဆိုသူများနှင့် တရားဆုံးဖြတ်သူများကို နစ်နာမှုအတွက် ပြန်လည်၍ တရားစွဲဆိုခြင်း မပြုကြသနည်း ဟူသောအချက်ပင် ဖြစ်သည်။

ဦးဉာဏတို့သည် ဓမ္မဝိဟာရီနိဒါန်းစာအုပ်နောက်ပိုင်းတွင် စောဒနာလွှာ ပေါင်းများစွာဖြင့် သူတစ်ပါးတို့ကို တရားစွဲဆိုရန် စောဒနာတင်နေသူများ(ဝါ) တရားစွဲဆိုရန်ဝါသနာအားကြီးနေသူများဖြစ်ကြောင်း အလွန်ပင် ထင်ရှားပါသည်။

သို့ပါလျက် နစ်နာမှုအတွက် ပြန်လည်၍ တရားမစွဲခဲ့ခြင်း သည် ဆုံးဖြတ်စာလွှာ၏ အနေအထားကို ယုံမှားဖွယ်ဖြစ်စေလျက် ရှိနေပါသည်။

၅။ မည်သို့ပင်ဖြစ်စေကာမူ ဗဟိုတရားရုံးက ဆုံးဖြတ်စာလွှာကြောင့် မူလဖြစ်သော စတုတ္ထပါရာဇိကအာပတ် သင့်ရောက်မှုဝိနိစ္ဆယသည်ကား မှားယွင်းသောဆုံးဖြတ်ချက် လုံးဝ မဟုတ်ချေ။

အဓမ္မဝါဒ၊ အဝိနယဝါဒကို အဓမ္မဝါဒ၊ အဝိနယဝါဒဟူ၍ ဆုံးဖြတ်ချက်များသာဖြစ်၍ အစစ်အမှန်ဖြစ်နေပါသည်။

ထို့ကြောင့် ဓမ္မဝိဟာရီတို့ကို ဓမ္မဝိဟာရီအမည်သစ်မခံယူမီကာလက ရှင်ဉာဏဘဝတွင် နိုင်ငံတော်သီးခြား ဝိနည်းခိုရ် အဖွဲ့အမှတ်(၉)က အဓမ္မဝါဒဖြစ်ကြောင်း ဆုံးဖြတ်ခံရဖူးပြီဟု မှတ်ယူကြရမည်။

**(၈)**

ထို့ပြင် "၁၉၉၁-ခုနှစ်က သာသနာရေးဌာနက ခြောက်တွန်းလို့ မှားယွင်းပြီး ထောင်ဒဏ်(၁၀)နှစ်

ကျအောင် စစ်ခုံရုံးက အဆုံးအဖြတ်ပေးကြောင်း၊ ယင်းအဆုံးအဖြတ်သည် မှားယွင်းသည်ဖြစ်၍ တရားမဝင်ကြောင်း” ပါရှိသေးသည်။

၎င်းကိစ္စမှာ ဗုဒ္ဓဘာသာဂိုဏ်းသစ်ထောင်မှုဖြင့် ထောင်ချခံရကြောင်းတို့ကို ဓမ္မဝိဟာရီငွေရတုပူဇော စာအုပ်တွင် တင်ပြထားသည်ဖြစ်၍ ပြစ်မှုတို့ကိုပါ ထင်ရှားစွာ သိရပါသည်။

ထို့ကြောင့်-

၎င်းထောင်ဒဏ် (၁၀)နှစ်ကျခံရခြင်းသည် မှားယွင်းမှုမဟုတ်ကြောင်း၊

မြန်မာနိုင်ငံတော်ဥပဒေအရ ပြစ်မှုထင်ရှား၍ ထောင်ကျခြင်းသာဖြစ်ကြောင်း တိကျစွာ သိရပါသည်။

အကယ်၍ မှားယွင်းပြီးထောင်ကျခြင်းဖြစ်လျှင် ရှင်ဉာဏတို့အနေဖြင့် ခြောက်တွန်းသူ သာသနာရေး ဦးစီးဌာနကိုပင် ပြန်လည်၍ တရားစွဲဆိုမည်ဖြစ်ကြောင်းကို ယုံကြည်ရပါသည်။

သို့သော် သာသနာရေးဦးစီးဌာနကို အဘယ့်ကြောင့် တရားမစွဲဘဲ ထားလေသနည်း။

## ပြန်ကြားချက်များ၏နိဂုံးစကား

အထက်ပါပြန်ကြားချက်များကို မိမိတို့အနေဖြင့် ရေးသားတင်ပြလိုခြင်း အလျဉ်းမရှိကြ ပါသော်လည်း မေတ္တာတံခွန်အသင်းသို့ပေးစာထဲတွင် -

**(လဲ)မေးခွန်း(၃)ပုဒ်၊**

**(လား)မေးခွန်း(၄)ပုဒ်**တို့ဖြင့် ပြန်ကြားပေးရန် မေးထားခြင်းကြောင့် အမေးရှိ၍ အဖြေရှိ လိုက်ရခြင်းသာဖြစ်ကြောင်း၊ ၎င်းအဖြေလွှာတို့ကို မေတ္တာတံခွန်အသင်းနှင့် အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးရန် စောဒနာလွှာ ပြုလုပ်တင်သွင်းကြသော စောဒကဆရာတော်(၆)ပါးတို့အားသာလျှင် မိတ္တူပေးပို့မည် ဖြစ်ကြောင်းတို့ကို သိစေအပ်ပါသည်။

အကယ်၍ စာပေးသူတို့အနေဖြင့် စိတ်ဆင်းရဲစရာကြုံရလျှင် ပြန်ကြားသူတို့၏ နှောက်ယှက်မှု ကြောင့် မဟုတ်ကြောင်း၊ စာပေးသူကိုယ်တိုင်က မေးခွန်းများဖြင့် စာပေးထားသည့်အတွက် ဖြေကြားချက် များအနေဖြင့် ပြန်ကြားရခြင်းသာဖြစ်ကြောင်း သတိရှိကြကုန်ရာသတည်း။

ဤအဖြေတို့ကို ရေးသားနေချိန်အထိ မေတ္တာတံခွန်အသင်းက ပြုစုသူလက်ယာ၏ အစီရင်ခံစာ တို့ကို မျက်မြင်အားဖြင့် ဖတ်ရှုရခြင်း မရှိသေးပါ။ ထို့ကြောင့် ထိုအစီရင်ခံစာနှင့်မိမိ၏ ဆက်စပ်မှုမှာ အတိုင်းအတာ မည်မျှလောက်အထိ ရှိ-မရှိဆိုတာကိုလည်း အတိအကျ မသိရသေးပါ။

ဆက်စပ်မှုရှိနေခြင်း ကြောင့် မိမိအား မိတ္တူပေးစာ လာရောက်ပို့သည်ဟုသာ မှတ်ယူလိုက်ရသည် ဖြစ်၍ ပြန်ကြားလိုက်ပါသတည်း။

## အထူးမှာထားချက်

ရှင်ဉာဏဦးဆောင်သော ပစ္စုပ္ပန်ကမ္မဝါဒီတို့က ၎င်းတို့၏အမည်သစ် အဝတ်သစ်တို့ဖြင့် နေထိုင် ကြောင်း အသိပေးစာများကို သက်ဆိုင်ရာအစိုးရဌာနများသို့ ပေးပို့သည်ဟုဆိုကာ မှတ်တမ်းများ ပြုလုပ်၍ ဖြန့်ချိနေကြောင်းတို့ကို ဓမ္မဝိဟာရီနိဒါန်းစာအုပ်တွင် တွေ့ကြရပါသော်လည်း ၎င်းတို့၏ပေးပို့စာ များအတွက် နိုင်ငံတော်အစိုးရက ခွင့်ပြုကြောင်းစာနှင့် ပြန်ကြားချက်တို့ကိုမူ တစ်ခုသော်မျှ မတင်ပြနိုင် ကြပေ။

<u>သူတို့တင်ပြသည့်အတိုင်း နိုင်ငံတော်က ခွင့်ပြုခြင်းလုံးဝမရှိကြောင်း အစွဲအမြဲ မှတ်ယူထားကြရမည်။</u>

# သင်္ဂါယနာအစ-မြတ်ဗုဒ္ဓ

**ဘုန်းတော်ကြီးမား၊ ဘုရားမြတ်စွာ။**
**သာသနာကြီး၊ အံ့ချီးလောက်စွာ**
**သဗ္ဗညုဉာဏ်ဖြင့်၊ ဟောဖွင့်ကြေညာ။**
**လောကတွင်း၊ အလင်းဒေသနာ။**

**ထိုသို့ပြန့်ပွါး၊ တရားရတနာ။**
**စောင့်ရှောက်သူများ၊ ထင်ရှားသူငါ**
**စော်ကားနှောက်ယှက်၊ အဖျက်ကြုံလာ။**
**ပေါင်းစုရှင်း၊ အောင်ခြင်းမင်္ဂလာ။**

**သာသနာ့ဘုန်း၊ မိုးလုံးပြန့်ကာ။**
**ကမ္ဘာမြေကြော၊ ပြန့်ပြောကျယ်စွာ**
**ဗြဟ္မာနတ်များ၊ လူသားသတ္တဝါ။**
**ကောင်းမှုပျိုး၊ ကောင်းကျိုးဝေဝေဖြာ။**

**သင်္ဂါယနာတင်နည်း၊ ဟောပြီးမိန့်မှာ။**
**ညီညွတ်ပေါင်းစု၊ တည်ပြုသေချာ**
**အတ္ထ သဒ္ဒ၊ နှစ်ဝညီညာ။**
**မြတ်ဗုဒ္ဓ၊ နည်းပြပါဠိမှာ။**

**ဗုဒ္ဓနည်းပြ၊ နည်းရထင်စွာ။**
**သာရိပုတ္တ၊ တင်ပြနမူနာ**
**သင်္ဂီတိသုတ်၊ ဖွင့်ထုတ်သေချာ။**
**နောက်ထေရ်များ၊ တင်ပြားသင်္ဂါယနာ။**

**(ပါထိကဝဂ္ဂပါဠိတော်၊ စာ-၁၀၅။ သင်္ဂီတိသုတ်ပါဠိတော်။)**

## "ဗုဒ္ဓသာသနာ"

"ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင်သာလျှင် နည်းပေးညွှန်ပြတော်မူခဲ့သည်ဖြစ်၍ အရှင်သာရိပုတ္တာထေရ် ကိုယ်တော်တိုင် လက်တွေ့တင်ပြတော်မူသော သင်္ဂါယနာတင်နည်းအတိုင်း (၆)ကြိမ်တိုင်တိုင် သင်္ဂါယနာ တင်အပ်ကုန်သော ပိဋကတ်သုံးပုံလာ ဒေသနာတော်တို့ကိုသာလျှင် "ဗုဒ္ဓသာသနာ"ဟူ၍ လက်ခံလျက် ယုံကြည်ဆည်းကပ်ကြရမည် ဖြစ်သည်"။

**ပေးစာပါမေးခွန်းတို့ကိုပြန်ကြားဖြေဆိုသူ----အရှင်ဣန္ဒာစရိယာဘိဝံသ**
**(၂၁. ၇. ၂၀၀၉)**

# မြန်မာနိုင်ငံနှင့်ဗုဒ္ဓသာသနာတော်ဆိုင်ရာဥပဒေများအကြောင်း

ပြည်သူ့လွှတ်တော်အမတ်ဟောင်းဖြစ်သူ၊ ဆင္ဃသင်္ဂါယနာ သဗ္ဗဘာရာဝဟဖြစ်သူ ဦးသိန်းမောင်နှင့် ဒေါ်ယဉ်မေတို့၏သမီး တရားရုံးချုပ်ရှေ့နေ ခင်မေသိန်း(ပျော်ဘွယ်)၏ ဓမ္မဗိမာန်စာမူဆု ပထမဆုရ-

**"မြန်မာ နိုင်ငံနှင့်ဗုဒ္ဓသာသနာတော်"**

စာအုပ်ကို ပြန်၍ ဖတ်ရှုသုံးသပ်ကြည့်မိသည်။ ပြုစုသူဆရာမကြီးသည် ဆင္ဃသင်္ဂါယနာဝန်ဆောင်ပုဂ္ဂိုလ်၏ သမီးလည်းဖြစ်၍ ဥပဒေပညာရှင်လည်း ဖြစ်နေသောကြောင့် ဥပဒေရေးရာများလည်း ပါရှိနေပါသည်။ ၎င်းစာအုပ်မှ ကောက်နုတ်ချက်များကို စိတ်ဝင်စားသူများ အလွယ်တကူ လေ့လာနိုင်ရန် ကောက်နုတ် ပြလိုက်ပါသည်။

### မြန်မာနိုင်ငံသို့သွားပါ

"ယနေ့မျက်မှောက်ကမ္ဘာပေါ်၌ သာသနာတော်နှင့်ပတ်သက်သော ဆိုရိုးစကားတစ်ခု ရှိပါသည်။

'စစ်မှန်သောထေရဝါဒဗုဒ္ဓသာသနာတော်ကို သင် အမှန်တကယ် စိတ်ပါမြတ်နိုး၍ လက်တွေ့ကျကျ လေ့လာ ကျင့်ကြံ သင်ယူလိုပါလျှင် မြန်မာနိုင်ငံသို့ သွားပါ'ဟု ညွှန်းဆိုလေ့ရှိသည်။

(စာ- ၂၉၃။)

"မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားသောနိုင်ငံ ဖြစ်ရုံမျှသာမက တိကျမှန်ကန် သန့်စင်သော ထေရဝါဒဗုဒ္ဓသာသနာတော် တည်ရှိရာနိုင်ငံဟု အသိအမှတ်ပြုထားခြင်းခံရသောနိုင်ငံ ဖြစ်ပါသည်။ မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့လူနေမှုဘဝသည် ထေရဝါဒဗုဒ္ဓသာသနာတော်တွင် အခြေခံ၍ ပေါ်ထွန်းလာခြင်းဖြစ်ရာ ဆက်လက်တည်တံ့ရှင်သန်ရေးသည် သာသနာထွန်းကားပြန့်ပွါးမှုအပေါ်တွင် လုံးဝ တည်နေပါသည်။

(စာ- ၂၇၃။)

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများတွင် ဗဟိုချက်မဖြစ်ပြီး ရှေ့တန်းမှ မားမားမတ်မတ် ရပ်တည်နိုင်သောနိုင်ငံ ဖြစ်သည်။

ဤကဲ့သို့ရပ်တည်နိုင်ခြင်းမှာ ပရိယတ် ပဋိပတ်အရာတွင် ထိပ်တန်းသို့ရောက်ရှိနေခဲ့သောကြောင့် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရက အမျိုးဘာသာသာသနာအတွက် ဘက်စုံဆောင်ရွက်လျက်ရှိရာတွင် သာသနာတော်တစ်ခေတ်ဆန်းချိန်ဟု ဆိုရလောက်အောင် ထွန်းတောက်စည်ပင်ရေးကို အထူးအလေးထား ပါရမီဖြည့်ဆည်းလျက် ရှိပါသည်။

(စာ- ၂၈၃။)

### မြန်မာ့သမိုင်းထဲကပွဲကျောင်းဂိုဏ်းကိုနှိမ်နင်းအရေးယူပုံအကျဉ်း

"ဤသို့ဖြင့် သက္ကရာဇ် ၇၀၄-ခုနှစ်တွင် ၅-စီးရှင်ကျော်စွာ မင်းအဖြစ်သို့ ရောက်ရှိလာသည်။ ၅-စီးရှင်၏လက်ထက်တွင် ပွဲကျောင်းဂါမဝါသီဂိုဏ်းနှင့်အတူ ပုဂံလက်ကျန်အရည်ကြီးရှင်ယောင်များ ရှိနေသလို သံဃာအစစ်အမှန်များလည်း များပြား၍ အဆိုးအကောင်း ထပ်တူထပ်မျှ ရှိလေ၏။

ပြည့်ရှင်ဘုရင် ၅-စီးရှင်ကျော်စွာ ရှေ့တော်သို့ပင် ရဟန်းအတုအယောင်တစ်ပါး ဆွမ်းခံကြွလာသည် အထိ ရဲတင်းသောအဖြစ် အပျက်တစ်ခု ရှိခဲ့သည်။ ဤသို့သောသာသနာ့အန္တရာယ်များ ရောနှောနေပြီး ဝိနည်းတော်၏အပရောက်နေသည့် အလဇ္ဇီအတုအယောင်များ တဖြည်းဖြည်းလွှမ်းမိုးထား၏။

ပွဲကျောင်းဟူသောစကားတွင် ပွဲဆိုသည်ကား လူအများစုရုံးရာဌာနဟု ဆိုလိုသည်။ ကျောင်းဟူသည်ကား အတတ်ပညာသင်ကြားရာဌာနဟု အဓိပ္ပါယ်ရသည်။

တစ်နည်းအားဖြင့် တရားအားထုတ်ရာဌာန သူတော်သူမြတ်တို့ ကိန်းဝပ်ရာဌာနကိုလည်း ကျောင်းဟု ခေါ်သည်။ သို့ဖြစ်ရာ ပွဲကျောင်းဟူသည် လူအများစုရုံး၍ အတတ်ပညာသင်ကြားရာဌာနဟု ဆိုလိုသည်။

မြန်မာသက္ကရာဇ် ၁၁၇၄-ခု (အေဒီ ၁၈၀၂)တွင်တစ်ကြိမ်၊ မြန်မာသက္ကရာဇ် ၁၂၁၇-ခု (အေဒီ ၁၈၅၅)တွင် တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် ပွဲကျောင်းဂိုဏ်းများကို နှိမ်နင်းအရေးယူသည်အထိ မြန်မာ့သမိုင်းတွင် ဖြစ်ပေါ်ခဲ့၏။ ပွဲကျောင်းဂိုဏ်းခင်ကြီးများသည် ဗေဒင်မန္တန်အတတ်၊ ဆေးဝါး၊ အင်္ဂရတ်၊ ဓားခုတ်၊ လှံထိုး၊ သိုင်း၊ နပမ်း၊ လက်ဝှေ့၊ ဆင်စီး၊ မြင်းစီးအတတ်များကို တတ်ကျွမ်း၏။ လူအများနှင့် ရောနှောဆက်ဆံနေထိုင်၏။ ထိုခေတ်ခင်ကြီးများသည် ရဟန်းမဟုတ်သောလူဘဝကို ရောက်ကြကုန်၏။

ဝိနည်းသိက္ခာပုဒ်များကို ထိန်းသိမ်းခြင်း မရှိကြဘဲ အသက်(၆၉)နှစ်ရှိ အောင်စည်းခုံသံဃရာဇာရဟန်းကြီးသည် လက်ဝှေ့သတ်ကောင်းလှသဖြင့် တိုင်းတစ်ပါးလူမျိုးခြားနှင့်ထိုးသတ်ရာ အောင်နိုင်သဖြင့် ဘုရင်မင်းခေါင်ကိုယ်တိုင်ကပင် ဆုလာဘ်ပေးခဲ့၏။

ရဟန်းများကျင့်ဝတ်ပျက်ယွင်းနေသော်လည်း ဘုရင်နှင့်ပြည်သူပြည်သားများက လျစ်လျူရှုထားကြလေ၏။ သာသနာတော်နှင့်ပတ်သက်၍ ရဟန်းရှင်လူများ ပျက်စီးလျက်ရှိချေ၏။

(စာ- ၁၂၅-၁၂၆။)

## လွတ်လပ်ရေးရပြီးခေတ်သာသနာရေးဆိုင်ရာကိစ္စများအရေးယူဆောင်ရွက်ချက်

"ရှေးမြန်မာမင်းများလက်ထက်မှသည် နယ်ချဲ့အင်္ဂလိပ်ခေတ်သို့တိုင်အောင် နှစ်ပေါင်းများစွာအတွင်း သာသနာရေးနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသောအဓိကရုဏ်းကိစ္စများကို ဂိုဏ်းထောက်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်၊ သုဓမ္မာဆရာတော်၊ သာသနာပိုင်များ စသည်တို့ဖြင့် ယထာဘူတ ကျနမှန်ကန်မှုရှိစေရန် စီစဉ်ဆောင်ရွက် ခဲ့ကြသည်။

လွတ်လပ်ရေးရပြီးစမြန်မာနိုင်ငံ၌ကား ရှေးသာသနာပြုမင်းတို့ထုံးကို နည်းနာယူကာ သာသနာတော်ဝယ် ပေါ်ပေါက်လာသော အဓိကရုဏ်းမှုများ အဆုံးအဖြတ်ပေး ငြိမ်းအေးစေရန် ဂိုဏ်းပေါင်းစုံဆရာတော် သံဃာတော်များ၏ အဆုံးအမဩဝါဒကိုခံယူကာ-

ထိုဆရာတော်များ၏ဩဝါဒအတိုင်း-

၁၃၁၁-ခု၊ ဝိနိစ္ဆယဌာနအက်ဥပဒေ (၁၉၄၉-ခု၊ အက်ဥပဒေအမှတ် ၆၅)နှင့်

၁၃၁၃-ခု၊ ဃာယီဝိနိစ္ဆယဌာနအက်ဥပဒေ (၁၉၅၁-ခု၊ အက်ဥပဒေအမှတ် ၄၆)ကို ပြဋ္ဌာန်းခဲ့သည်။

ထိုအက်ဥပဒေအရ နိုင်ငံတော်အတွင်း မြို့၊ ရွာ၊ ခရိုင် အသီးသီးတို့၌-

"လဇ္ဇီပေသလ သိက္ခာကာမ ပရိယတ္တိ ဝိသာရဒ ဝိနယဓရ"ဖြစ်သော ဆရာတော်တို့ကို ဩဝါဒါစရိယ ဆရာတော်များအဖြစ်လည်းကောင်း၊ ဝိနည်းဓိုရ်ဆရာတော်များအဖြစ်လည်းကောင်း ရွေးချယ်တင်မြှောက်ပြီးလျှင် ဘာသာရေးနှင့်သက်ဆိုင်သည့် ဓလေ့ထုံးတမ်း၊ အသုံးအနှုန်း၊ အဆောက်အအုံ၊ တရားဥပဒေ အစရှိသည်တို့နှင့် ပတ်သက်၍ အမှုအခင်းဖြစ်ပွါးလာလျှင် ဝိနည်းတော်အတိုင်း ဆုံးဖြတ်ကြရသည်။

တစ်နည်းဆိုရသော် ယင်းဝိနည်းတော်များသည်ပင်လျှင် ရှင်တော်ဗုဒ္ဓ၏ သာသနာရေးဆိုင်ရာ

ရဟန်းသံဃာတော်ဆိုင်ရာ "တရားဥပဒေ"အဖြစ် မှတ်ယူနိုင်သည့်အပြင် ယနေ့ထက်တိုင် သာသနာရေးမှုခင်းများ ဝိနည်းဒေသနာတော်ဘောင်းအတွင်းမှ စီရင်ဆုံးဖြတ်လျက် ရှိနေပါသည်။

(စာ- ၁၇၉-၁၈၀။)

**"လွတ်လပ်ရေးရပြီးခေတ်ဝယ် သာသနာရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၌-**

(၁) ၁၃၁၁-ခု၊ ဝိနိစ္ဆယဌာနအက်ဥပဒေ။

(၂) ၁၃၁၃-ခု၊ ယာယီဝိနိစ္ဆယဌာနအက်ဥပဒေ။

(၃) ၁၃၁၆-ခု၊ ဝိနိစ္ဆယဌာန(ပြင်ဆင်ချက်)အက်ဥပဒေ ဟူ၍ ဥပဒေသုံးခု ပြဋ္ဌာန်းဆောင်ရွက်လာခဲ့သည်။

(၁) ၁၃၁၃-ခု၊ ဝိနိစ္ဆယဌာနအက်ဥပဒေကို ၁၉၄၉-ခု၊ အက်ဥပဒေအမှတ်(၆၅)အဖြစ် ပြဋ္ဌာန်းခဲ့သည်။

ရန်ကုန်မြို့၌ ၁၉၅၀-ပြည့်နှစ်၊ မေလ(၂၉)ရက်နေ့တွင်လည်းကောင်း၊ မန္တလေးမြို့၌ ၁၉၅၀-ပြည့်နှစ်၊ ဇွန်လ(၁၀)ရက်နေ့တွင်လည်းကောင်း အာဏာတည်သည်။

**မြန်မာနိုင်ငံပြန်တမ်း ၁၉၅၀-ပြည့်နှစ်၊ အပိုင်း(၁) စာမျက်နှာ ၃၄၆-နှင့် ၃၈၃-တွင် ပါရှိဖော်ပြထားသည်။**

ပုဒ်မအားဖြင့် ပုဒ်မ ၁-မှ ပုဒ်မ ၃၃-အထိ ပါဝင်သည်။ အဆိုပါ ဥပဒေ၏ ရည်ရွယ်ချက်ကို နိဒါန်းတွင် ဖော်ပြထားသည်မှာ-

"ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဖြစ်ပွါးသော ဝိနည်းဓမ္မကံအဓိကရုဏ်းမှုများကို ကြားနာစစ်ဆေး၍ ဝိနည်းတော်နှင့်အညီ စီရင်ဆုံးဖြတ်ခြင်းအလို့ငှါ ဝိနိစ္ဆယဌာနများ တည်ထောင်အပ်သည် ဖြစ်သောကြောင့် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်"

ဟု အစချီဖော်ပြထားသည်။

ယင်းအက်ဥပဒေပုဒ်မ(၄)၌

"ပြည်ထောင်စုမြန်မာနိုင်ငံ၏ နေရာအနှံ့အပြားတွင် မြို့နယ်၊ ခရိုင်အလိုက် ဝိနိစ္ဆယဌာနများ တည်ထောင်ပြုလုပ်ခြင်းအပြင် နိုင်ငံတော်ဝိနိစ္ဆယဌာနကိုလည်း ဖွဲ့စည်းတည်ထောင်စေပြီး-

**ယင်းဌာနစီရင်ခွင့်အာဏာနယ်နိမိတ်ကို မြန်မာနိုင်ငံတစ်ဝန်းလုံး သက်ရောက်သတ်မှတ်စေသည်**။

အခါအားလျော်စွာ လိုအပ်သည်ဟုထင်မြင်သည့်အရပ်ဒေသများတွင် နိုင်ငံတော်ဝိနိစ္ဆယဌာနခွဲများ တည်ထောင်ထားရှိနိုင်သည်။

မြို့နယ်၊ ခရိုင်၊ နိုင်ငံတော် ဝိနိစ္ဆယဌာနအလိုက် အဆင့်ဆင့် အာဏာတည်စေရမည် ဖြစ်သည်။

(စာ- ၂၀၃-၂၀၄။)

"ဤအက်ဥပဒေအရ ကြားနာစစ်ဆေး၍ စီရင်ဆုံးဖြတ်ရမည့် ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများနှင့် ပတ်သက်၍ ပုဒ်မ ၁၅-တွင် တွေ့နိုင်သည်။

အဓိကရုဏ်းမှုဆိုသည်မှာ ဝိဝါဒါဓိကရုဏ်းမှု စသည်အားဖြင့် (၄)မှု ကွဲပြား၍ ဝိဝါဒါဓိကရုဏ်းမှုသည် တရားဟုတ်၏ဟုငြင်းခုံခြင်း စသည်အားဖြင့်(၁၈)မှု ရှိသည်။

အနုဝါဒါဓိကရုဏ်းမှုသည် သီလဝိပတ္တိမှု၊ အာစာရဝိပတ္တိမှု၊ ဒိဋ္ဌိဝိပတ္တိမှု၊ အာဇီဝဝိပတ္တိမှုဟု(၄)မှု

ရှိသည်။

(ပါရာဇိက၊ သံဃာဒိသိသ် သိက္ခာပုဒ်တို့ကို လွန်ကျူးလျှင် သီလဝိပတ္တိ။

ကျန်သိက္ခာပုဒ်တို့ကို လွန်ကျူးလျှင် အာစာရဝိပတ္တိ။

မိစ္ဆာဒိဋ္ဌိ၊ အန္တဂ္ဂါဟိကဟုဆိုအပ်သော အယူကိုယူလျှင် ဒိဋ္ဌိဝိပတ္တိ။

အသက်မွေးမှုအကြောင်းပြု၍ ပညတ်သည့်သိက္ခာ(၆)ပုဒ်တို့ကို လွန်ကျူးလျှင် အာဇီဝဝိပတ္တိ။)

အာပတ္တာဓိကရုဏ်းမှုသည် အာပတ် (၇)ပုံကို ဆိုသည်ဖြစ်၍ အာပတ်အားဖြင့်(၇)မှု ရှိသည်။

ကိစ္စာဓိကရုဏ်းသည် အပလောကနကံစသည်အားဖြင့် (၄)မှု ရှိသည်။

(စာ- ၂၀၅-၂၁၀။)

"ဝိနည်းဓမ္မကံအဓိကရုဏ်းဟူသောစကားအတွဲအဖက်တွင် ဓမ္မကံဆိုသည်မှာ မျက်မှောက်၌ ပြုလုပ်ခြင်း၊ ဝန်ခံ၍ပြုလုပ်ခြင်း၊ တရားသဖြင့်ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့်ပြုလုပ်ခြင်းတို့နှင့် ပြည့်စုံသောကံ၊ ကောင်းစွာ ပြေငြိမ်းသောကံကို ဆိုလိုသည်။

ယင်းတို့နှင့်ဆန့်ကျင်သောကံတို့ကိုမူ အဓမ္မကံဟု ခေါ်ဝေါ်သည်။မြို့နယ် ဝိနိစ္ဆယဌာန၏ အဆုံးအဖြတ်ကို ဆိုင်ရာဝိနိစ္ဆယဌာနတွင် စောဒနာ(အယူခံ)ဝင်ခွင့်ရှိပြီး ယင်းမှဆုံးဖြတ်ချက်ကို နိုင်ငံတော်ဝိနိစ္ဆယဌာနတွင် နောက်ဆုံးအပြီးသတ်စောဒနာဝင်ခွင့် ရှိပေသည်။ (ဥပဒေပုဒ်မ၊ ၁၈/၁၉။)

**<u>နိုင်ငံတော်ဝိနိစ္ဆယဌာန၏ဆုံးဖြတ်ချက်သည် အပြီးသတ်အတည် ဖြစ်လေသည်။</u>**

သို့ရာတွင် နိုင်ငံတော်ဝိနိစ္ဆယ ဌာနနှင့် ခုံအဖွဲ့၏အဆုံးအဖြတ်သည် တရားဥပဒေနှင့် သိသိသာသာ ဆန့်ကျင်နေပါက မကျေနပ်သူသည် နိုင်ငံတော်တရားလွှတ်တော်ချုပ်(တရားရုံး)သို့ လျှောက်ထားခွင့်ရလေသည်။

(သံဃ)ဝိနိစ္ဆယဌာနက ချမှတ်သည့်စီရင်ချက် သို့မဟုတ် အမိန့်တစ်စုံတစ်ရာကို စီရင်ချက်အတိုင်း သို့မဟုတ် အမိန့်အတိုင်း လိုက်နာဆောင်ရွက်ရန် အကူအညီပေးရုံမှတပါး အခြားနည်းအားဖြင့် ဝင်ရောက်စွက်ဖက်ရန် မည်သည့်လူ့တရားရုံးတွင်မှ အခွင့်အာဏာ မရှိချေ။ (ဥပဒေပုဒ်မ- ၂၂ -(၂)

တစ်ဖန် (သံဃ)ဝိနိစ္ဆယဌာန၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို တရားရုံးက မလိုက်နာပါက သက်ဆိုင်ရာနယ်ပိုင်တရားမ,တရားသူကြီးရုံး၌ ဇာရီမှု ဖွင့်ရမည်။

(သံဃ)ဝိနိစ္ဆယဌာန၏အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ထိုတရားရုံးမှ ချမှတ်သည့်ဒီကရီဖြစ်သကဲ့သို့ ထိုရုံးမှရှိမြဲအခွင့်အာဏာများနှင့်အညီ အာဏာစက်ဖြင့် ကူညီလုပ်ပေးရမည်။ (ဥပဒေပုဒ်မ- ၂၄၊ ၃၂၊ ၃၃။)

တစ်ဖန် **အမှုစွဲဆိုခြင်းကိုတားမြစ်ပိတ်ပင်ခြင်းကို ပုဒ်မ ၃၀-တွင် တွေ့ရသည်။**

"ကာလစည်းသတ် အက်ဥပဒေအရ ကာလအပိုင်းအခြားကုန်လွန်သည့်အကြောင်းကြောင့်ဖြစ်စေ၊ မှတ်ပုံတင်အက်ဥပဒေပြဋ္ဌာန်းချက်အရဖြစ်စေ တရားရုံး၌စွဲဆိုခြင်းမပြုနိုင်သည့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုများကို (သံဃ)ဝိနိစ္ဆယဌာနတွင် စွဲဆိုခွင့်မရှိချေ"

ဟု ပြဋ္ဌာန်းခဲ့သည်။

(စာ- ၂၁၀-၂၁၁။)

(၂) ယာယီဝိနိစ္ဆယဌာနအက်ဥပဒေသည် ၁၉၅၁-ခုနှစ်၊ အက်ဥပဒေအမှတ်(၄၆) ဖြစ်သည်။ နိုင်ငံတော်သမ္မတ၏ အမိန့်ကြော်ငြာစာအရ မြောင်းမြနှင့်ဝါးခယ်မတို့တွင် ၁၉၅၂-ခုနှစ်၊ ဖေဖော်ဝါရီ (၁)ရက်နေ့၌ စတင်အာဏာတည်သည်။

မြန်မာနိုင်ငံပြန်တမ်း ၁၉၅၂-ခု၊ အပိုင်း ၁၊ အပိုဒ်စာမျက်နှာ ၁၁၄/၁၂၅-တွင် ဖေါ်ပြပါရှိသည်။

ပုဒ်မအားဖြင့် ပုဒ်မ ၁-မှ ပုဒ်မ ၁၁-အထိ ပြဋ္ဌာန်းထားသည်။

**ဤဥပဒေတွင် အဓိကထူးခြား ချက်သည် ပုဒ်မ(၃) ဖြစ်သည်။**

နိုင်ငံတော်သမ္မတက ၁၃၁၁-ခု၊ ဝိနိစ္ဆယဥပဒေပုဒ်မ ၁(၃ဃ)အရ ပြဋ္ဌာန်းချက်များ အာဏာတည်ရန် အမိန့်ကြော်ငြာစာထုတ်ပြန်သည့်အခါ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြထားသည့် အရပ်ဒေသများ၌ သီးခြားဖေါ်ပြထားသည့်နေ့ရက်တွင် အဆိုပါအမိန့်ကြော်ငြာစာဖြင့် ဤအက်ဥပဒေကို ရုပ်သိမ်းသည်ဟု မှတ်ရမည်။ (ပုဒ်မ- ၃)

"သို့ရာတွင် မပြီးပြတ်သေးသော ဝိနည်းဓမ္မကံအဓိကရုဏ်းမှုများကို ဤအက်ဥပဒေအရ နောက်ဆုံးပြီးပြတ်သည့်တိုင်အောင် ဆက်လက်စစ်ဆေးရမည်"ဟု ဖေါ်ပြထားသည်။

(စာ- ၂၁၂-၂၁၃။)

(၃) ၁၃၁၆-ခု၊ ဝိနိစ္ဆယဌာန(ပြင်ဆင်ချက်)အက်ဥပဒေကို ၁၉၅၅-ခု၊ အက်ဥပဒေအမှတ်(၂၈)အဖြစ် ပြဋ္ဌာန်းခဲ့သည်။ ၁၃၁၁-ခု ဝိနိစ္ဆယဌာနကို ပြင်ဆင်ဖြည့်စွက်ရန်အလို့ငှါ ပြဋ္ဌာန်းခြင်း ဖြစ်သည်။ ပုဒ်မပေါင်း (၄၇)ခု ပါဝင်သည်။ . . . ။

ဝိနည်းဓမ္မကံအဓိကရုဏ်းမှုတစ်ခုခုနှင့်ပတ်သက်၍ ဝိနိစ္ဆယဌာန၏ အဆုံးအဖြတ်ကို မခံယူလိုလျှင် နှစ်ဦးသဘောတူညီချက်ဖြင့် ဝိနိစ္ဆယခုံသို့ လွှဲအပ်နိုင်ပေသည်။ အကယ်၍စောဒကနှင့်စုဒိတကတို့ အချင်းချင်းသဘောမတူလျှင် နယ်ပိုင်တရားမရုံး၌ တရားစွဲဆိုခွင့် ရှိပေသည်။ (ဥပဒေပုဒ်မ- ၃၅-၃၆။ ). . . ။ ဝိနိစ္ဆယခုံ၏စီရင်ဆုံးဖြတ်ချက်သည် အမှုသည်များအပေါ်တွင်လည်းကောင်း၊ အမှုသည်များမှ အကျိုးဆက်ခံသူများအပေါ်တွင်လည်းကောင်း အဆုံးသတ်အတည် ဖြစ်ပေသည်။

ထိုဆုံးဖြတ်ချက်ကို မည်သည့်ဝိနိစ္ဆယဌာန သို့မဟုတ် တရားရုံးတွင်မှ မခိုင်လုံဟု ငြင်းဆိုပိုင်ခွင့် မရှိပေ။ ဝိနိစ္ဆယခုံသို့လွှဲအပ်သည့် အဓိကရုဏ်းမှုများကို မည်သည့်ဝိနိစ္ဆယဌာနမျှ စစ်ဆေးပိုင်ခွင့်မရှိချေ။ . . . ။

(စာ- ၂၁၄-၂၁၆။)

## ၁၆၅၁-ခု၊
## မောင်ဗနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာရဟန်းပျိုအဖွဲ့ချုပ်တို့ ဖြစ်ပွါးခဲ့သောအမှု

"မုံရွာမြို့နေ သကဒါဂါမ် မောင်ဗသည် ဗုဒ္ဓဘာသာဝင်လူအပေါင်းတို့၏စိတ်၌ ဗုဒ္ဓဘာသာတော်ကြီးကို တွေးတောယုံမှားဖွယ်ဖြစ်စေရုံမျှမက သာသနာတော်ကိုထိပါးပုတ်ခတ်သော စကားဝါကျ အသုံးအနှုန်းများ များစွာထည့်သွင်း၍ စာအုပ်တစ်အုပ် ရေးသားထားသည်။

ယင်းစာအုပ်အတွက် ဦးဗောဓာလင်္ကာရ၊ ဦးပဏ္ဍိစ္စ၊ ဦးဝိလာသဂ္ဂ အမျှူးပြုသော မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုအဖွဲ့ချုပ်(မန္တလေး)က မကျေနပ်၍ အဓိကရုဏ်းမှု ဖြစ်ပွါးခဲ့ရာ မြို့နယ်ဝိနိစ္ဆယဌာနရုံး၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ မောင်ဗက နိုင်ငံတော်ဝိနိစ္ဆယဌာနသို့ စောဒနာဝင်ခဲ့လေသည်။

ထိုအခါ ညောင်းရမ်းဆရာတော်အမျှူးပြုသော နိုင်ငံတော်ဝိနိစ္ဆယဌာန(မန္တလေး)က အချက်(၈)ချက်ဖြင့် သုံးသပ်၍ ဆုံးဖြတ်ခဲ့သည်။ . . . ။

မောင်ဗရေးသားသော စာအုပ်စာတမ်းများသည် ဗုဒ္ဓဘာသာဝင်လူအပေါင်းတို့၏စိတ်၌ ဗုဒ္ဓသာသနာတော်ကြီးကိုပင် သို့လောသို့လော တွေးတောယုံမှားဖွယ် ဖြစ်စေရုံမျှမက သာသနာတော်ကို ထိပါးပုတ်ခတ်သော စကားဝါကျအသုံးအနှုန်းများ များစွာထည့်သွင်း ရေးသားထားသည်ကို တွေ့မြင်ရသဖြင့် မောင်ဗ၏စာအုပ်ပေါင်း(၈၀၀၀) နိုင်ငံအတွင်း ပျံ့နှံ့ပါက ဗုဒ္ဓသာသနာတော်ကို ကြည်ညိုလေးစား

ကြသော တိုင်းသူပြည်သားတို့၏စိတ်ကို ထိခိုက်စေပြီး ဆူပူမှုအဓိကရုဏ်းမှုကြီးဖြစ်မည်ကို စိုးရိမ်သည့်အားလျော်စွာ ယင်းမှုခင်းကိစ္စသည် အုပ်ချုပ်သည့်အစိုးရနှင့်သာ သက်ဆိုင်သည်ဟု ယူဆ၍ လွှဲပြောင်းပေးအပ်စေသည့်အမိန့်ကို ချမှတ်ခဲ့သည်။

(ဋင်းကို အမှုတွဲအမှတ်စဉ်(ခ-၂)။ နိုင်ငံတော် ဝိနိစ္ဆယဌာနစီရင်ထုံးများ(၁၉၅၁-၁၉၅၅)။ (၁၂. ၆။ ၅၁။)မှာ လေ့လာနိုင်ပါသည်။)

(စာ- ၂၁၇-၂၁၈။)

## ၁၉၆၂-ခု၊ တော်လှန်ရေးကောင်စီအစိုးရလက်ထက်သာသနာရေးဆောင်ရွက်ချက်များ

“၁၉၆၅-ခု၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ်(၁)ကို ထုတ်ပြန်ခဲ့သည်။ ၁၃၁၁-ခုနှစ် ဝိနိစ္ဆယဌာန အက်ဥပဒေနှင့် ၁၃၁၆-ခုနှစ် ဝိနိစ္ဆယဌာန(ပြင်ဆင်ချက်)အက်ဥပဒေတို့ကို ဖေါ်ပြပါတော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁/၆၅-ဖြင့် ရုပ်သိမ်းခြင်း ဖြစ်သည်။

## မှတ်ချက်

၁၃၁၁-ခုနှစ် ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံ အက်ဥပဒေကို ရုပ်သိမ်းလိုက်သော်လည်း မပြီးမပြတ်ဖြစ်နေသည့် အမှုများကိုလည်းကောင်း၊ နောင်သာသနာအတွင်း ဖြစ်ပေါ်လာမည့်အမှုများအတွက်လည်းကောင်း မျှမျှတတ မှန်မှန်ကန်ကန် ဖြစ်စေရန် အစီအစဉ်သစ်များ ပြုလုပ်ပေးမည် ဖြစ်ပါသည်။

အစီအစဉ်သစ်များပြုလုပ်ရာ၌ တစ်နိုင်ငံလုံး၏အကျိုးကိုရှေးရှု၍ ရဟန်းသံဃာများ၏ အကြံပေးချက်များကို ထည့်သွင်းစဉ်းစားပြီးလျှင် ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

ယင်း(၁၉၆၅)နောက်ပိုင်းတွင် သာသနာရေးသာသနာမှုများကို သက်ဆိုင်ရာအရပ်ဖက်ပြဋ္ဌာန်းဥပဒေများအတိုင်း လွှတရားရုံးများတွင် စစ်ဆေးလာသည်မှာ ၁၉၇၉-ခုနှစ်တိုင်အောင် ဖြစ်သည်။

အချို့အချို့သော သာသနာရေးဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာဆရာတော်သံဃာတော်များအချင်းချင်းညှိနှိုင်း၍ ပြေငြိမ်းစေလေသည်။

(စာ- ၂၂၁-၂၂၂။)

## ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်ဆောင်ရွက်ချက်များ

“ဥပဒေအမှတ်(၁/၆၅)ဖြင့် ဥပဒေတို့ကိုရုပ်သိမ်းပြီးနောက်

ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများကို ဌာနဆိုင်ရာညွှန်ကြားချက်များဖြင့် ဆောင်ရွက်ပေးရင်း-

၁။ . . .

၂။ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများကို ဝိနည်းဒေသနာတော်နှင့်အညီ ပြေငြိမ်းပြီးပြတ်အောင် ဆောင်ရွက်ရေး

၃။ . . . ရေးတို့အတွက် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စိမ့်သောငှါ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကျင်းပပြီး တညီတညွတ်တည်းအဆုံးအဖြတ်ပြု၍ ဓမ္မစက်ဖြင့် ပြဋ္ဌာန်းပေးတော်မူပါရန် မြန်မာနိုင်ငံရှိ ဆရာတော်သံဃာတော်တို့အား နိုင်ငံတော်အစိုးရက လျှောက်ထားခဲ့ပါသည်။

၁၉၆၅-ခု မတ်လ (၁၇)ရက် နေ့မှ မတ်လ (၁၉)ရက်နေ့အထိ သုံးရက်တိုင်တိုင် မှော်ဘီမြို့ **<u>စိုက်ပျိုးရေးဥယျာဉ်</u>**၌ ဂိုဏ်းပေါင်းစုံသံဃာ့အစည်း အဝေးပွဲကြီးကို ကျင်းပခဲ့သည်။ ထိုအစည်းအဝေးပွဲကြီးက ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ သံဃာ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခဲ့သည်။

ထိုမူကြမ်းတွင် -

(၁) . . .

(၂) ဝိနိစ္ဆယ

(၃) . . . တို့ ပါဝင်ခဲ့သည်။

သို့ရာတွင် အခြေခံဥပဒေမူကြမ်းကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆရာတော်သံဃာ တော်များအားလုံးတို့က တညီတညွတ်တည်း အဆုံးအဖြတ်ပြုကာ ဓမ္မစက်ဖြင့် ပြဋ္ဌာန်းပေးနိုင်ခြင်းမရှိခဲ့ပါ။

သာသနာတော်နှင့်စပ်ဆိုင်သည့်ကိစ္စများကို သာသနာ့ဝန်ထမ်းရဟန်းသံဃာတော်များက တညီတညွတ်တည်း အဆုံးအဖြတ်ပြု၍ ဓမ္မစက်ဖြင့် ပြဋ္ဌာန်းပေးနိုင်မှသာ နိုင်ငံတော်က လိုအပ်သလို အာဏာစက်ဖြင့် ကူညီဆောင် ရွက်နိုင်မည်ဖြစ်သောကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံရဟန်းသံဃာတော်များအားလုံးပါဝင်သည့် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အချိန်အခါနှင့် အခြေအနေကို စောင့်ဆိုင်းနေစဉ်ကာလအတွင်း ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများနှင့်စပ်လျဉ်း၍ ပြေငြိမ်းမှုရရှိစေရန် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနသည် ၁၉၇၅-ခုနှစ်၊ ဧပြီလ(၂၈)ရက်နေ့မှစ၍ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့များသို့ နည်းလမ်း(၄)သွယ်ကို ယာယီအစီအစဉ်အနေဖြင့် ချမှတ်ပေးပို့ခဲ့သည်။

## အဆိုပါနည်းလမ်း(၄)သွယ်သည်ကား-

၁။ တရားလိုတရားပြိုင်အချင်းချင်းညှိနှိုင်းခြင်း

၂။ . . .

၃။ . . .

၄။ တရားလိုနှင့် တရားပြိုင်တို့က ခုံသမာဓိသဘောတင်မြှောက်သည့် ပုဂ္ဂိုလ်တစ်ဦးစီ စုစုပေါင်း ၎င်းနှစ်ဦးအပြင် နှစ်ဖက်သဘောတူသော တတိယပုဂ္ဂိုလ်တစ်ဦး စုစုပေါင်း သုံးဦးဖြင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

“၁၉၇၉-ခုနှစ်၊ ဩဂုတ်လ (၄)ရက်နေ့တွင် ကျင်းပသော နိုင်ငံတော်ကောင်စီအစည်းအဝေးတွင် **နိုင်ငံတော်ကောင်စီဥက္ကဋ္ဌကြီးဦးနေဝင်း**က သံဃာအချင်းချင်း အငြင်းပွါးမှုများ ဖြန်ဖြေဆုံးဖြတ်ရန်အတွက် ခုံရုံးများဖွဲ့စည်းပေးသင့်ကြောင်းနှင့်ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးလမ်းညွှန်ခဲ့ရာမှ ကောက်နှုတ်၍ အချက်(၂)ချက်ကို ဝန်ကြီးအဖွဲ့သို့ ပေးပို့ခဲ့သည်။ . . .။

## အဆိုပါကောက်နှုတ်ချက်(၂)ချက်သည်ကား -

၁။ . . .

၂။ သံဃာအချင်းချင်း အငြင်းပွါးမှုများကို ဖြန်ဖြေဆုံးဖြတ်ရန်အတွက် သံဃာတော်များက ရွေးချယ်တင်မြှောက် သော သံဃာများပါဝင်သည့်အဖွဲ့ ဖွဲ့စည်းပြီး ဖြန်ဖြေဆုံးဖြတ်ရေးတို့ ဖြစ်သည်။

ထိုအချက်(၂)ချက်ကို အကောင်အထည်ဖော်ပေးရန် ဝန်ကြီးအဖွဲ့က ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနအား တာဝန်ပေးခဲ့သဖြင့် စီမံချက်များကို ရေးဆွဲချမှတ်၍ ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ခဲ့သည်။

၁၉၇၉-ခုနှစ်၊ ဩဂုတ်လအတွင်းတွင် မူလရည်ရွယ်ရင်းရှိသည့်အတိုင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံရဟန်းသံဃာတော်များအားလုံး ပါဝင်သည့် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေတွင် မဖြစ်မနေကျင်းပရန် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနက ကြိုးပမ်းခဲ့သည်။

ထိုသို့ကြိုးပမ်းရာတွင် ရှေးဦးစွာ ဝန်ကြီးအဖွဲ့သို့-

"သုဓမ္မာ၊ ရွှေကျင်၊ ဒွါရစသည့် သံဃာ့ဂိုဏ်းကြီး များကို စနစ်ကျနသော သံဃာ့အဖွဲ့အစည်းကြီးများ အဖြစ် ဖွဲ့စည်းနိုင်ရေးအတွက် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက တာဝန်ယူလျှောက်ထား ဆောင်ရွက်ခြင်းကို သဘောတူ မတူ" တင်ပြခဲ့လေသည်။

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွါးရေးနှင့်စပ်လျဉ်း၍ ဆရာတော်သံဃာတော်တို့အား ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနက တာဝန်ယူလျှောက်ထားဆောင်ရွက်ခြင်းကို သဘောတူညီပါရန် ဝန်ကြီးအဖွဲ့သို့ တင်ပြနေစဉ်ကာလအတွင်း သာသနာရေးဦးစီးဌာနကလည်း လိုအပ်သော ပြင်ဆင်ချက်များကို ပြုလုပ်ခဲ့သည်။

ထိုကဲ့သို့ပြင်ဆင်ချက်များပြုလုပ်ရာတွင် ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သော လုပ်ငန်းဆောင်ရွက်ရေးကော်မတီကို ဖွဲ့စည်းပြီး-

## <u>ထိုကော်မတီ၏လက်အောက်၌-</u>

၁။ . . .

၂။ စီမံချက်များရေးဆွဲရေးအဖွဲ့ငယ်

၃။. . .

၄။ လျှောက်ထားချက်များရေးသားပြုစုရေးအဖွဲ့ငယ်တို့ကို ၁၉၇၉-ခုနှစ်၊ စက်တင်ဘာလ(၂၂)ရက်နေ့တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်။

ထိုအဖွဲ့ငယ်(၄)ဖွဲ့အနက် စီမံချက်ရေးဆွဲရေးအဖွဲ့ငယ်က မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံရဟန်းသံဃာတော်များ၏စာရင်းကို တိကျနိုင်သမျှတိကျအောင် အချိန်မီကောက်ယူရရှိနိုင်ရန် ပြည်နယ်နှင့်တိုင်းများရှိ သာသနာရေးမှူးရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်။

ကောက်ယူရရှိသော စာရင်းများအရ သံဃာ့ဂိုဏ်းပေါင်း(၉)ဂိုဏ်း၊ ကျောင်းပေါင်း(၄၃၆၇၇)ကျောင်း၊ ရှင်သာမဏေမပါ ရဟန်းသံဃာတော်ပေါင်း(၁၀၉၀၃၂)ပါးတို့ ဖြစ်ပါသည်။

**ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနက တာဝန်ယူလျှောက်ထားဆောင်ရွက်ခြင်းကို ဝန်ကြီးအဖွဲ့က သဘောတူ မတူတင်ပြ၍ အဆင့်ဆင့်ဆောင်ရွက်ပြီးသည့်နောက်တွင် သဘောတူခွင့်ပြုချက် ရရှိခဲ့ပေသည်။**

၁၉၇၉-ခုနှစ်၊ နိုင်ဝင်ဘာလ(၁၄)ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဝန်ကြီးအဖွဲ့၏ အစည်းအဝေးအမှတ်စဉ်(၂/၆၆)ဖြင့် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနက တင်ပြသည့်အတိုင်း ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကို ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပရေးကိစ္စနှင့်စပ်လျဉ်း၍ တင်ပြချက်များအားလုံးကို သဘောတူ ခွင့်ပြုခဲ့ပါသည်။

(၁၅. ၁၂. ၇၉)နေ့တွင် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်စိန်လွင်က ရန်ကုန်မြို့၊ သာသနာရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းအတွင်းရှိ သုဓမ္မာဂိုဏ်းဝင် ဆရာ

တော်ကြီးများအား ပင့်ဖိတ်၍ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး ထမြောက်အောင်မြင်နိုင်ရေး အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် ရှေးဦးစွာ ဝန်ဆောင်သံဃာ့အဖွဲ့ကို အဖွဲ့ဝင်(၆၆)ပါးဖြင့် ဖွဲ့စည်းပေးပါရန် လျှောက်ထားခဲ့သည်။

ပြည်နယ်နှင့်တိုင်း အသီးသီးရှိ ရဟန်းသံဃာအရေအတွက်အရ အခြေခံဒေသများ အလိုက် သုဓမ္မာဂိုဏ်းမှ(၅၈)ပါး၊ ရွှေကျင်ဂိုဏ်းမှ(၅)ပါး၊ မူလဒွါရဂိုဏ်းမှ(၁)ပါး၊ မဟာဒွါရဂိုဏ်းမှ(၂)ပါးတို့ကို ခွဲခြားသတ်မှတ်ရွေးချယ်စေပါရန် ဆောင်ရွက်ခဲ့သည်။ . . . ။

ဤနည်းအားဖြင့် ဓမ္မဝိနယနှင့်အညီ သံဃာ့ဝန်ဆောင်ဆရာတော်(၆၆)ပါးအား ရွေးချယ် တင်မြှောက်၍ပဏာမအစည်းအဝေးများ ပြုလုပ်ခဲ့ပါသည်။

"ထို့နောက်တွင်ကား သာသနာနှစ် ၂၅၂၄-ခု၊ ကောဇာသက္ကရာဇ် ၁၃၄၂-ခု၊ နယုန်လဆန်း(၁၁)ရက် နေ့မှ (၁၄)ရက်နေ့အထိ (၂၄. ၅. ၈၀ မှ ၂၇. ၅. ၈၀-အထိ)ရန်ကုန်မြို့တော် ကမ္ဘာအေးကုန်းမြေ မဟာ ပါသာဏလိုဏ်ဂူတော်ကြီးတွင် ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပေသည်။

ထိုဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကို ရည်ရွယ်ချက်(၄)ရပ်ဖြင့် ကျင်းပခဲ့ခြင်း ဖြစ်သည်။

## ၎င်းရည်ရွယ်ချက်များမှာ-

၁။ . . .

၂။ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများဖြေရှင်းဆုံးဖြတ်နိုင်ရေးအတွက် နည်းလမ်းများသတ်မှတ်ရန်

၃။ . . .

၄။ . . . တို့ ဖြစ်သည်။ ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးတွင် သံဃသမ္မုတိရပေါင်း (၁၂၁၈)ပါးတို့က အတည်ပြုချက်သုံးရပ်၊ ရွေးချယ်တင်မြှောက်ခြင်းလေးရပ်၊ ဆုံးဖြတ်ချက်လေးရပ်၊ မှတ်တမ်း တင်ခြင်းသုံးရပ်တို့ကို တညီတညွတ်တည်း စည်းဝေးဆုံးဖြတ်ခဲ့ကြပေသည်။

## ယင်းတို့အနက် အတည်ပြုခြင်း သုံးရပ်တွင်-

၁။ အတည်ပြုချက်အမှတ်(၁/၈၀)ဖြင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သံဃာ့ အဖွဲ့အစည်း အခြေခံစည်းမျဉ်း(မူကြမ်း)ကို အတည်ပြုခြင်း၊

၂။ အတည်ပြုချက်အမှတ်(၂/၈၀)ဖြင့် ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများ(မူကြမ်း)ကို အတည်ပြုခြင်း၊

၃။ အတည်ပြုချက်အမှတ်(၃/၈၀)ဖြင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သံဃာတော် များ၏ သာသနာ့ဝင်မှတ်တမ်းကို အတည်ပြုခြင်းတို့ ဖြစ်ကြသည်။

## ပြည်သူ့လွှတ်တော် ဥပဒေအမှတ်(၃)

"သံဃာတော်များက ဓမ္မစက်ဖြင့် ဆောင်ရွက်ခဲ့ကြရာ နိုင်ငံတော်အစိုးရကလည်း အာဏာစက်ဖြင့် ဆောင်ရွက်သည့်အနေဖြင့် ၁၃၄၂-ခုနှစ်၊ ပထမဝါဆိုလဆန်း(၁၄)ရက် (၂၆. ၆. ၈၀)နေ့တွင် ကျင်းပသော

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမအထူးအစည်းအဝေးမှ-
၁။ ၁၉၈ဝ-ပြည့်နှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ်(၃) ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေ၊
၂။၁၉၈၃-ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၉) ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေများကို ပြဋ္ဌာန်းခဲ့သည်။

(၎င်းတို့ကို ယခုတိုင် ကျင့်သုံးနေဆဲပါ။)

(စာ- ၂၃၄-၂၄၃။)

## ၁၉၈ဝ-ပြည့်နှစ်၊ ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေ

"ဤဥပဒေတွင် အခန်း(၅)ခန်း ပါဝင်၍ ပုဒ်မအားဖြင့် (၁၃)ခု ပါရှိသည်။ . . . ။ ထိုအခါ(၁၉၈ဝ)မှစ၍ သံဃာ့ကိစ္စဆိုင်ရာဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများကို ၁၉၈ဝ-ပြည့်နှစ်၊ ဝိနည်းဓမ္မကံဥပဒေ၊ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်လာပေသည်။

(စာ- ၂၄၄။)

"၁၉၈ဝ-ပြည့်နှစ်၊ ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေပုဒ်မ ၁၂-တွင် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများကို မည်သည့်တရားရုံးတွင်မျှ တရားမကြောင်းစွဲဆိုခွင့် မရှိစေရဟု ထည့်သွင်းပြဋ္ဌာန်းခြင်းသည် ဤဥပဒေ၏ အဓိကအကျဆုံးအချက်ပင် ဖြစ်သည်။

ပုဒ်မ ၃-တွင် ဝိနည်းဓမ္မကံအဓိကရဏ်း မူလမှုခင်းကိုဖြစ်စေ၊ အယူခံစောဒနာမှုခင်းကိုဖြစ်စေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းထားသည့် သံဃဝိနိစ္ဆယအဖွဲ့များနှင့် သီးခြားဝိနည်းဓိုရ်အဖွဲ့များကသာ ဝိနည်းတရားတော်နှင့်အညီ ဆုံးဖြတ်စစ်ဆေးရမည်ဟု ပြဋ္ဌာန်းပါရှိလေသည်။

(စာ-၂၄၅-၂၄၆။)

## ပထမအကြိမ်(၅)နှစ်တာကာလ

"သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများ အခန်း(၁၅) အပိုဒ်(၁၂၁)အရ သာသနာနှစ် ၂၅၂၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ်၊ နယုန်လ၊ ခရစ်နှစ် ၁၉၈ဝ-ပြည့်နှစ် မေလမှစ၍

သာသနာနှစ် ၂၅၂၉-ခု၊ ကောဇာသက္ကရာဇ် ၁၃၄၇-ခု၊ ခရဇ်နှစ် ၁၉၈၅-ခု၊ မေလအထိ ပထမအကြိမ် (၅)နှစ်တာကာလအတွင်း-

၁၉၈ဝ-ပြည့်နှစ်၊ ဝိနည်းဓမ္မကံဥပဒေအခန်း(၂)၊ ပုဒ်မ-၃၊ လုပ်ထုံးလုပ်နည်းများအပိုဒ်(၅၇)အရ ဖွဲ့စည်း၍ ဝိနည်းတရားတော်နှင့်အညီ စစ်ဆေးဆုံးဖြတ်ပေးခဲ့သည်မှာ-

၁။ ကျောက်သဘော်ဝါဒ
၂။ လူသေလူဖြစ်ဝါဒ
၃။ ကြောင်ပန်းတောရဝါဒ
၄။ ကျောက်ပုံတောရဝါဒ
၅။ ရှင်မာလာဝါဒ(ရေတာရှည်)ဝါဒ

၆။ ဓမ္မနီတိဝါဒ
၇။ မိုးညို(မြောက်ဥက္ကလာပ)ဝါဒတို့ ဖြစ်ကြသည်။

--- ၁၉၈၁-ခုနှစ်၊ အောက်တိုဘာလ(၁၇)ရက်နေ့တွင် ညဏစာဂီဝါဒကို အဓမ္မဝါဒအဖြစ် အတည်ပြုခဲ့သည်။

---၁၉၈၂-ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက်နေ့တွင် ဆူးလေဦးမြင့်သိန်းဝါဒကို အဓမ္မဝါဒအဖြစ် အတည်ပြုခဲ့သည်။

---၁၉၈၃-ခုနှစ်၊ မတ်လ(၂၄)ရက်နေ့တွင် ဦးမြတ်သိန်းထွန်းဝါဒကို အဓမ္မဝါဒအဖြစ် အတည်ပြုခဲ့သည်။

၈။ မြောင်မြို့နယ် ကျောင်းဖြူရွာ ထွန်းတုံလက်ကျန်ဦးထင်ဝါဒကို အဓမ္မဝါဒဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

**မင်းကွန်းရွှေမြင်တင်တောင်နေရှင်ညဏနှင့် ရှင်ဂုဏတို့၏ သာသနာရေးလျှောက်ထားတောင်းဆိုလွှာကို အကြောင်းပြု၍ ဈာန်အဘိညာဉ်ရရဟန္တာဟုဝန်ခံမှုကြေညာမှုနှင့် သောတာပန်ဟုဝန်ခံမှုကြေညာမှုတို့ကို ၁၃၄၄-ခု၊ ပြာသိုလ်လ ၊ ( )ရက် ၁၉၈၃-ခု၊ လ ( )ရက်နေ့တွင် အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ခဲ့သည်။ (နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့အမှတ်(၉)ဆရာတော်များက ဆုံးဖြတ်။)**

၉/၁၀။ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၀)ဖြင့် ဆုံးဖြတ်ခဲ့သော ဝိနိစ္ဆယမှာ သိမ်သမုတ်မှုဆိုင်ရာဝိနိစ္ဆယနှစ်ခုတို့ပင် ဖြစ်ကြပါသည်။

## ဒုတိယအကြိမ်(၅)နှစ်တာကာလ

တစ်ဖန် ၁၉၈၅-ခု၊ မေလမှစ၍ ၁၉၉၀-ပြည့်နှစ်၊ မတ်လအထိ ဒုတိယအကြိမ် (၅)နှစ်တာကာလအတွင်းမှာလည်း ဝိနိစ္ဆယများကို ဆောင်ရွက်ပေးတော်မူခဲ့ကြောင်း သိရပါသည်။ (၂၅၂၉-၂၅၃၃)

## တတိယအကြိမ် (၅)နှစ်တာကာလ

တစ်ဖန် သာသနာနှစ် ၂၅၃၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁-ရက်၊ ခရစ်နှစ် ၁၉၉၀-ပြည့်နှစ် မတ်လ ၁၁-ရက်မှစ၍ သာသနာနှစ် ၂၅၃၈-ခု၊ ကောဇာသက္ကရာဇ် ၁၃၅၆-ခု၊ ခရဇ်နှစ် ၁၉၉၅-ခု၊ မတ်လအထိ တတိယအကြိမ် (၅)နှစ်တာကာလအတွင်း-မှာလည်း ဝိနိစ္ဆယတို့ကို ဆောင်ရွက်တော်မူခဲ့ကြောင်း သိရပါသည်။

## စတုတ္ထအကြိမ်(၅)နှစ်တာကာလ

တစ်ဖန် သာသနာနှစ် ၂၅၃၉-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၆-ခုနှစ်၊ ခရစ်နှစ် ၁၉၉၅-နှစ်မတ်လမှစ၍ သာသနာနှစ်၂၅၄၃-ခု၊ ကောဇာသက္ကရာဇ် ၁၃၆၀-ခု၊ ခရဇ်နှစ်၂၀၀၀-ခု၊ မတ်လအထိ စတုတ္ထအကြိမ် (၅)နှစ် တာကာလအတွင်း-
၁၁။ ၁၉၉၈-ခု၊ မတ်လ (၁၉)ရက်နေ့တွင် စန်းကလေးဝါဒကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပေးတော်မူခဲ့သည်။
ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေပုဒ်မ (၁၃)အရလည်းကောင်း၊
၁၉၆၁-ခုနှစ်၊ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေပုဒ်မ (၆)အရလည်းကောင်း၊

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၁၈၈)အရလည်းကောင်း၊ တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့် (၁၃/၁၄) တို့အရလည်းကောင်း စန်းကလေးဝါဒကို ဟောပြောခြင်း၊ သင်ကြားပို့ချခြင်း၊ စာအုပ်အဖြစ်ရိုက်နှိပ်ဖြန့်ချိခြင်း၊ ကူးယူ ဖြန့်ချိခြင်းနှင့် အသံဖမ်းတိက်ခွေများဖြင့်အသံသွင်းဖြန့်ချိခြင်းတို့ကို ပိတ်ပင်ခဲ့သည်။

## ပဉ္စမအကြိမ်(၅)နှစ်တာကာလ

တစ်ဖန် သာသနာနှစ် ၂၅၄၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၀-ခုနှစ်၊ ခရစ်နှစ် ၂၀၀၀-နှစ် မတ်လမှစ၍ သာသနာနှစ်၂၅၄၇-ခု၊ ကောဇာသက္ကရာဇ် ၁၃၆၅-ခု၊ ခရဇ်နှစ်၂၀၀၅-ခု၊ မတ်လအထိ ပဉ္စမ အကြိမ်(၅)နှစ် တာကာလအတွင်းမှာလည်း ဝိနိစ္ဆယများကို ဆောင်ရွက်တော်မူခဲ့သည်။

## ဆဋ္ဌအကြိမ်(၅)နှစ်တာကာလ

တစ်ဖန် သာသနာနှစ် ၂၅၄၇-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅-ခုနှစ်၊ ခရစ်နှစ် ၂၀၀၅-နှစ် မတ်လမှစ၍ သာသနာနှစ်၂၅၅၂-ခု၊ ကောဇာသက္ကရာဇ် ၁၃၇၀-ခု၊ ခရဇ်နှစ်၂၀၁၀-ခု၊ မတ်လအထိ ဆဋ္ဌအကြိမ် (၅)နှစ် တာကာလအတွင်း-

၁၂။ မိုးကုတ်ဝိနိစ္ဆယကို ဆုံးဖြတ်တော်မူသည်။ (၂၀၀၅၊ မေလတွင် ပုံနှိပ်စာအုပ်ထုတ်ဝေသည်။)

၁၃။ ဘိက္ခုနီဘာဝါဘာဝဝိနိစ္ဆယကို ဆုံးဖြတ်တော်မူသည်။ (၂၀၀၄-တွင် ပုံနှိပ်စာအုပ်ထုတ်ဝေသည်။)

၁၄။ ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း(၁၀)ရက်စခန်းအထူးသင်တန်းကျမ်းပါအချက်(၂)ချက်တို့ကို ဝိနိစ္ဆယချတော်မူ သည်။ (လက်နှိပ်စက်မူသာရှိသည်။)

**၁၅။ ဦးခေမိန္ဒ(မိုးညှင်းမြို့သတိပဋ္ဌာန်ရိပ်သာဆရာတော်)နှင့် ဦးဝိစိတ္တသာရာဘိဝံသ(မြစ်ကြီးနားမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းဆရာတော်)တို့၏ဝါဒကို အဓမ္မဝါဒဟု ဝိနိစ္ဆယ ချမှတ် တော်မူသည်။ (၂၀၀၆။)**

**၁၆။ ဦးဝိစိတ္တသာရာဘိဝံသ၏(မိုးပြာဝါဒနှင့်နွယ်သော)ဝါဒကို အဓမ္မဝါဒဟု ဝိနိစ္ဆယ ချမှတ် တော်မူသည်။**

၁၇။ ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာအမည်ခံမိုးပြာဂိုဏ်းဝါဒများကို ဆောင်ရွက်ရန် အမှုတွဲများ ဆိုက်ရောက်နေ။

## ၁၉၈၃-ခုနှစ်၊
## ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေ

“ဤဥပဒေတွင် အခန်း(၄)ခန်းပါရှိပြီး ပုဒ်မ(၁၃)ခုဖြင့် ပြဋ္ဌာန်းထားသည်။ . . .။ ပုဒ်မ ၆-၌ သီးခြားဝိနည်းဓိုရ်အဖွဲ့၏ ဝိနိစ္ဆယဆုံးဖြတ်ချက်ပါ အဓမ္မဝါဒမပြန့်ပွါးစေရန် သာသနာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်တစ်ရပ်ရပ်ကို မည်သူမျှ ဖေါက်ဖျက်ကျူးလွန်ခြင်းမပြုရဟု ပါရှိသည်။

## ထေရဝါဒမူ(၃)ချက်ကိုပြဋ္ဌာန်းအတည်ပြုခြင်း

“၁၃၁၀-ခုနှစ် ပတ်ဝန်းကျင်မှစ၍ ထင်ပေါ်လာသော ကျောက်သဘော်ဝါဒသည် မြန်မာနိုင်ငံအတွင်း ဘာသာရေးပဋိပက္ခများကို ဖြစ်ပေါ်စေခဲ့သည်။ ထိုသို့ဖြစ်ပေါ်စေခဲ့သော်လည်း ဝိနည်းပိဋကမူနှင့် ထေရဝါဒမူ သုံးချက်အရ ဗုဒ္ဓဘာသာဝင်အားလုံးတို့က ကျေနပ်လက်ခံနိုင်လောက်အောင် မှန်မှန်ကန်ကန်နှင့် စနစ်တကျ ဖြေရှင်းဆုံးဖြတ်၍ ပြေငြိမ်းသွားသည့်အဆင့်သို့ မရောက်နိုင်ဘဲ ရှိခဲ့ပါသည်။

ပြေငြိမ်းသည့်အဆင့်သို့ မရောက်နိုင်ခြင်းမှာလည်း ဝိနည်းပိဋကမူနှင့် ထေရဝါဒမူသုံးချက်တို့အရ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက အတည်ပြုပြဋ္ဌာန်းထားသည့် အခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်းများနှင့် ဥပဒေတို့မပေါ်ပေါက်သေးသဖြင့် ယင်းတို့၏အကူအညီအထောက်အပံ့ကို မရနိုင်သောကြောင့်သာ ဖြစ်သည်။

“ထေရဝါဒမူသုံးချက်ဆိုသည်မှာ ပထမသင်္ဂါယနာတင်ပွဲကြီး၌ အရှင်မဟာကဿပဦးဆောင်သော ရဟန္တာမထေရ်မြတ်ကြီးများသည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွါးရေးအတွက် လိုက်နာကျင့်သုံးရန် တညီတညွတ်တည်း ချမှတ်ခဲ့သော ပညတ်တော်များ ဖြစ်သည်။

## ၎င်းတို့သည်ကား-

၁။ အပ္ပညတ္တံ န ပညပေတိ။

ဘုရားရှင်ပညတ်တော်မမူအပ်သောသိက္ခာပုဒ်ကို မပညတ်ရ။

၂။ ပညတ္တံ န သမုစ္ဆိန္ဒတိ။

ဘုရားရှင်ပညတ်တော်မူအပ်ပြီးသောသိက္ခာပုဒ်ကို မပယ်ဖျက်ရ။

၃။ ယထာပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တတိ။

ရှိပြီးသားပညတ်တော်သိက္ခာပုဒ်အတိုင်း လိုက်နာကျင့်သုံးရမည်။

ယခုအခါ ဝိနည်းပိဋကမူနှင့် ထေရဝါဒမူသုံးချက်တို့သည် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးက အတည်ပြုပြဋ္ဌာန်းထားသည့် အခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်းများဖြစ်သည့် ဓမ္မစက်များနှင့် နိုင်ငံတော်အစိုးရ၏ ဥပဒေအာဏာစက်များဖြင့် အားကြီးသောအထောက်အပံ့ကို ဖြစ်ပေါ်ရရှိလာစေသည်။

သို့ဖြစ်၍ ကျောက်သဘော်ဝါဒနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော ဓမ္မ အဓမ္မ အငြင်းပွါးမှုသည် နှစ်ပေါင်းသုံးဆယ်ကျော် မပြေငြိမ်းနိုင်ဘဲ ရှိနေခဲ့ရာမှ ၁၃၄၂-ခုနှစ် တပို့တွဲလပြည့်ကျော်(၄)ရက် (၁၃. ၂. ၈၁)နေ့တွင် အပြီးတိုင်ပြေငြိမ်း၍ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတို့၏ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းအေးမြသွားခဲ့ချေပြီ။

(စာ- ၂၄၉-၂၅၀။)

## ၁၉၈၈-ခု၊ စက်တင်ဘာ(၁၈)ရက်
## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအစိုးရလက်ထက်မှသည်
## ယနေ့မျက်မှောက်ကာလအထိ သာသနာရေးဆိုင်ရာဆောင်ရွက်ချက်များ

“၁၉၉၀-ပြည့်နှစ်၊ အောက်တိုဘာလ(၂၀)ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အမိန့်အမှတ်(၆/၉၀)ကို ထုတ်ပြန်ကြေညာခဲ့သည်။

ပထမအကြိမ်ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေး ပွဲကြီးမှ တရားဝင်အတည်ပြုထားသော သံဃာ့ဂိုဏ်းကြီး(၉)ဂိုဏ်းနှင့် အခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်းနှင့်အညီ ဖွဲ့စည်းထားသော

သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်မှ အပဖြစ်သောသံဃသမဂ္ဂီအဖွဲ့၊ ရဟန်းပျိုအဖွဲ့၊ ကျောင်းထိုင်ဆရာတော်များ၊ သံဃသာမဂ္ဂအဖွဲ့ အစရှိသည့် သံဃာ့အဖွဲ့အစည်းအမျိုးမျိုးကို တရားမဝင် ဖွဲ့စည်းလျက် လှုပ်ရှားနေချိန် ဖြစ်သည်။ ထိုအဖွဲ့များ၏လှုပ်ရှားမှုများသည် သာသနာတော်သုံးရပ် တည်တံ့ ပြန့်ပွါးရေးကို မဆောင်ရွက်ရုံမျှမက သာသနာတော်နှင့် မအပ်စပ်သော နိုင်ငံရေးကိစ္စရပ်များကို ဆောင်ရွက် နေကြသဖြင့် အထက်ပါဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ်(၆/၉၀)ကို ထုတ်ပြန်၍ ဖျက်သိမ်းခဲ့သည်။

၁၉၉၀-ပြည့်နှစ်၊ အောက်တိုဘာလ(၂၁)ရက်တွင် အမိန့်အမှတ်(၇/၉၀)ကို ထပ်မံထုတ်ပြန်သည်။ အမိန့်အမှတ်(၆/၉၀)အရ ဖျက်သိမ်းထားသောတရားမဝင် သံဃာ့အဖွဲ့များတွင် ပါဝင်လှုပ်ရှားနေသည့် သမ္မုတိသံဃာအမည်ခံပုဂ္ဂိုလ်များ. . . . ကို လျှင်မြန်စာဖေါ်ထုတ်၍ ထိရောက်မြန်ဆန်စွာ အရေးယူရန် စစ်တိုင်းမှူးများအား မာရှယ်လောအာဏာ အပ်နှင်းလိုက်သည်။

ဤအမိန့်အား ဥပဒေကဲ့သို့ အာဏာတည်စေရမည် ဟု နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်က ထုတ်ပြန်ကြေညာခဲ့သည်။

(စာ-၂၅၈-၂၅၉။)

## ၁၉၉၀-ပြည့်နှစ် သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေ

၃၁. ၁၀. ၉၀-နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၂၀/၉၀) ဖြင့် သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ဤဥပဒေတွင် အခန်း(၅)ခန်း ပါဝင်သည်။ . . . ။

ပုဒ်မ ၈-တွင်-

"အခြေခံစည်းမျဉ်းအရ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးမှ အတည်ပြုထားသော ဂိုဏ်းကြီး ၉-ဂိုဏ်းမှအပ ဂိုဏ်းသစ်များ ခွဲခြားတည်ထောင်ခြင်း မပြုရ"

ဟု ပါရှိသည်။

ပုဒ်မ ၉-တွင်-

"သက်ဆိုင်ရာသံဃနာယကအဖွဲ့တစ်ခုခု၏ ကြီးကြပ်မှုအောက်၌တည်ရှိသော သံဃာ့ အဖွဲ့အစည်းများမှအပ ကြီးကြပ်မှုကိုမခံယူသော သံဃာ့အဖွဲ့အစည်းကို ဖွဲ့စည်းခြင်း မပြုရ"

ဟု တားမြစ်ထားချက် ပါရှိသည်။

ပုဒ်မ ၁၀-၌-

**"မည်သူမဆို သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ပြိုကွဲပျက်စီးစေရန် စည်းရုံးခြင်း၊ လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း၊ ရေးသားဖြန့်ချိခြင်း မပြုရ"**

ဟု တားမြစ်ထားသည်။

(စာ-၂၅၈-၂၆၀။)

## မူလပြဋ္ဌာန်းဥပဒေများ

"ဝိနိစ္ဆယရေးရာများနှင့်ပတ်သက်၍ ဥပဒေများ၊ သံဃာ့အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများမှာမူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်တွင် မူလပြဋ္ဌာန်းထားသည့်အတိုင်း ဆက်လက်တည်မြဲစေလျက် ကျင့်သုံးခဲ့သည်။ (စာ-၂၆၁။)

## သာသနာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံနှင့်ဗုဒ္ဓသာသနာတော်စာအုပ် (စာ-၂၆၆)တွင် သာသနာဝန်ကြီးဌာနအကြောင်းကို-

| | |
|---|---|
| ၁။ ပညာရေးနှင့် သာသနာရေးဝန်ကြီးဌာန | (၁. ၂. ၅၀) |
| ၂။ ပြန်ကြားရေးနှင့် သာသနာရေးဝန်ကြီးဌာန | (၁. ၇. ၅၀) |
| ၃။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန | (၈. ၁၀. ၅၀) |
| ၄။ အမျိုးသားစီမံကိန်းနှင့် သာသနာရေးဝန်ကြီးဌာန | (၁၇. ၃. ၅၂) |
| ၅။ လူမှုဝန်ထမ်းနှင့် သာသနာရေးဝန်ကြီးဌာန | (၁၆. ၉. ၅၆) |
| ၆။ သာသနာရေးဝန်ကြီးဌာန | (၅. ၃. ၆၂) |
| ၇။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန | (၁၅. ၃. ၇၂) |
| ၈။ သာသနာရေးဝန်ကြီးဌာန | (၂၀. ၃. ၉၂) |

ဟူ၍ တွေ့မြင်ရပါသည်။

"ယခုတာဝန်ထမ်းဆောင်လျက်တည်ရှိဆဲ သာသနာရေးဝန်ကြီးဌာနကို ၁၉၉၂-ခုနှစ်၊ မတ်လ(၂၀) ရက် နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအစိုးရလက်ထက်တွင် သီးခြားဝန်ကြီးဌာနအဖြစ် ဖွဲ့စည်းပေးခဲ့သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကြေညာချက်အမှတ် (၁/၉၇)ဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဖွဲ့စည်းခြင်း၊ ကြေညာချက်အမှတ် (၂/၉၇)ဖြင့် အစိုးရအဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ကြေညာချက်အမှတ် (၃/၉၇)ဖြင့် အကြံပေး အဖွဲ့ဖွဲ့ခြင်းများကို ဆောင်ရွက်ခဲ့သည်။

**"မူလ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်တွင် ချမှတ်ခဲ့သော ဥပဒေများ၊ အမိန့်များ၊ လုပ်ထုံးလုပ်နည်းများ အခြေခံစည်းမျဉ်းများ စသည်တို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ဆက်လက် လက်ခံကျင့်သုံးလျက်ရှိသည်**။ (စာ- ၂၆၆-၂၆၇။)

## ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကျင်းပရန် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးက လျှောက်ထားခြင်း

"ဗုဒ္ဓမြတ်စွာ၏ ပထမဗောဓိခေါ်သော အစဦးနှစ်(၂၀)အတွင်း၌ ဝိနည်းသိက္ခာပုဒ်များ ပညတ်မှု မရှိသေးဘဲ နောက်ပိုင်းကာလ လူ့အလွှာစုံ သာသနာတော်အတွင်းသို့ သံဃာအဖြစ် ဝင်ရောက်လာရာမှ ဝိနည်း သိက္ခာပုဒ်များကို အကြောင်းအားလျော်စွာ ပညတ်တော်မူခဲ့ပေသည်။

ထိုမှစ၍ ခေတ်အဆက်ဆက်တွင် ပေါ်လာသောအဓိကရဏ်းမှုခင်းများကို ဝိနည်းတော်ကို အခြေခံ၍ ဆုံးဖြတ်လာသည်မှာ ယနေ့မျက်မှောက်ခေတ်တိုင် ဖြစ်ပေသည်။

"ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကျင်းပနိုင်ရန်အတွက် ၁၈. ၁၂. ၇၉-နေ့တွင် စစ်ကိုင်းမြို့၌ ထိုစဉ်က ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ်စိန်လွင်က (အထက်မြန်မာနိုင်ငံ) သုဓမ္မာဂိုဏ်းဆရာတော်များအား ပင့်ဖိတ်လျှောက်ထားခဲ့လေသည်။

ဝန်ကြီး၏လျှောက်ထားချက်များအပေါ် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ မင်းကွန်းဓမ္မနာဒတိုက် ဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသက ဩဝါဒသမ္မောဒနီယကထာကို ချီးမြှင့်တော်

မူခဲ့လေသည်။

သမ္မောဒနီယကထာချီးမြှင့်တော်မူရာ၌ ရှေးပညာရှိကြီးများအနေဖြင့် သာသနာတော်၏ ခေါက်ရှာငှက်ပျံသကဲ့သို့ နိမ့်တုံမြင့်တုံ ရှိတတ်ကြောင်း အမှတ်အသားထားမိပုံတို့ကို ထည့်သွင်းမိန့်ကြားတော်မူပါသည်။

"ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် သာသနာတော်ကို သိသိသာသာ ထင်ထင်ရှားရှား ချီးမြှောက် ဖို့ လုပ်ငန်းစ-လာတာကို မြင်ရတဲ့အချိန်ကစပြီး သာသနာ့ခေါက်ရှာငှက်ဟာ အမြင့်သို့ ပျံတက်တော့မယ်လို့ ဒီလိုပဲ မြင်နေပါတယ်။ မြင်နေတဲ့အတိုင်း တစ်ဆင့်တစ်ဆင့် တက်နေပါတယ်။ ခေါက်ရှာငှက် အမြင့်ပျံလာတာကို မြင်နေရတဲ့အဆင့် တွေ့နေရလို့ ဝမ်းမြောက်ဖွယ် ဖြစ်ပါတယ်"

ဟု မိန့်ကြားသွားခဲ့ပါသည်။

မင်းကွန်းဆရာတော်ကြီးသည် သာသနာတော်၏ အနာဂတ်ကာလကို မြင်တတ်လွန်းလှစွာဖြင့် မိန့်ကြားသွားသည့်အတိုင်း သာသနာ့ခေါက်ရှာငှက်သည် မြင့်သည်ထက်မြင့်စွာ ပျံသန်းနေသည်မှာ ယနေ့မျက်မှောက်ကာလတွင် အထင်အရှား ဖြစ်ပါပေသည်။

(စာ- ၂၈၉-၂၉၀။)

ပြည်သူ့လွှတ်တော်အမတ်ဟောင်းဖြစ်သူ၊ ဆဋ္ဌသင်္ဂါယနာ သဗ္ဗဘာရာဝဟဖြစ်သူ ဦးသိန်းမောင်နှင့် ဒေါ်ယဉ်မေတို့၏သမီး တရားရုံးချုပ်ရှေ့နေ ခင်မေသိန်း(ပျော်ဘွယ်)၏ ဓမ္မဗိမာန်စာမူဆု ပထမဆုရ-

## "မြန်မာနိုင်ငံနှင့်ဗုဒ္ဓသာသနာတော်"

စာအုပ်ကို ပြုစုသူဆရာမကြီးသည် ဆဋ္ဌသင်္ဂါယနာဝန်ဆောင်ပုဂ္ဂိုလ်၏ သမီးလည်း ဖြစ်၍ ဥပဒေပညာရှင်လည်း ဖြစ်နေသောကြောင့် ယင်းကျမ်းစာထဲတွင် ဥပဒေရေးရာများလည်း ပါရှိနေသည်။

ယင်းစာအုပ်မှ ကောက်နုတ်ချက်များကို စိတ်ဝင်စားသူများ အလွယ်တကူ လေ့လာနိုင်ရန် ကောက်နုတ်ပြလိုက်ပါသည်။

သာသနာတော်ဆိုင်ရာ ဥပဒေများအတိုင်း အားလုံးဝိုင်းဝန်း ပါဝင်ကြလျက် ထိရောက်စွာ ဆောင်ရွက်နိုင်ကြပါမူ မင်းကွန်းဆရာတော်ကြီး၏ ဩဝါဒတော်အတိုင်း အမှန်ပင်လျှင် အမြင့်သို့ပျံလျက် တက်ရောက်နိုင်မည်ဖြစ်ကြောင်း ယုံကြည်ကြရန် ရှိပါသည်။

ရှေ့ဆောင်များကလည်း တိုက်တွန်းသူမရှိ၍ တိုက်တွန်းသူအနေဖြင့် ဆောင်ရွက်ထိုက်ကုန်သော အများသံဃာများနှင့် သက်ဆိုင်ရာလူပုဂ္ဂိုလ်များကလည်း-

"ဒါ ငါ့ကိစ္စ မဟုတ်ပါဘူး၊ သူတစ်ပါးတွေ တာဝန်ရှိသူတွေ ရှိနေတာပဲ၊ သူတို့လုပ်ရမဲ့ ကိစ္စပဲ"

စသည်ဖြင့် ကိုယ်လွတ်ရှောင်နေကြလျှင်မူကား အမြင့်သို့ပျံတက်လာနိုင်မည်ကို ယုံကြည်နိုင်ရန် ခက်ခဲနေပါလိမ့်မည်။

သာသနာတော်ကိုစော်ကားဖျက်ဆီးလာသည့် အန္တရာယ်ကောင်များ ထင်ရှားရှိနေကြသည်ကို သတိပြုကြပါ။

**တင်ပြသူ**

**အရှင်ကုဏ္ဍလာစရိယာဘိဝံသ**

**(၂၇. ၇. ၂၀၀၉)**

# ခမ္ဘ - အခမ္ဘ

# အငြင်းပွားမှုခင်းအမှတ်(၁၅)၏နောက်ဆက်တွဲပြဿနာများ

(ပြုစုသူ)

အခမ္ဘဝါဒဖော်ထုတ်တားဆီးဖယ်ရှားရေးအကျိုးဆောင်အဖွဲ့ဝင်

# နိဒါန်းနှင့်မာတိကာ

**(က)** ဤကဲ့သို့သောအမှုအခင်းမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ရလျှင် မည်သို့မည်ပုံဆောင်ရွက်နိုင်မှသာ သင့်တော်မည်ဟု ဆောင်ရွက်ရမည့်နည်းစနစ်များကို သတိထားမိကြစေရန် ဤစာတမ်းကို သုတေသနမှတ်စုအနေအားဖြင့် ပြုစုလိုက်ပါသည်။ ဤစာတမ်းကိုပြုစုရာတွင် စာရေးသူ့ထံ ရောက်ရှိနေကြသည့် စာရွက်စာတမ်းများအရသာလျှင် ပြုစုရပါသည်။

**(ခ)** စာရေးသူမဖတ်လိုက်ရသည့် စာရွက်စာတမ်းများ အများအပြား ကျန်ရှိနေခြင်းကြောင့် အစမှအဆုံးထိ ပြည့်စုံသောဖြစ်စဉ်များနှင့် သင့်လျော်သောမှတ်စု ဟုတ်ချင်မှဟုတ်ပါလိမ့်မည်။ ဖြစ်စဉ်များအရ ဖြည့်စွက်ပေးရန် ကျန်ရှိနေသည့် အချက်အလက်များကို ထပ်မံရရှိလာလျှင် ပြည့်စုံအောင် ထပ်မံ၍ ဖြည့်စွက်ရပါလိမ့်ဦးမည်။

**(ဂ)** ဤမှတ်စုကိုပြုစုမိရာတွင် အဓိကတွန်းအားတစ်ခုမှာ-

ဤမှတ်စုအပိုင်း(ငါး)၌ ဖော်ပြထားသည့်အတိုင်း ၂၉-၃-၂၀၁၀ နေ့က မြို့နယ်တရားရုံးမှာ ပြီးပြတ်ခဲ့ပြီးသောအမှု (၂၉၅-က)အတွက် မြို့နယ်တရားသူကြီး၏ စီရင်ချက်နှင့်အမိန့်တို့ကို တရားလိုဘက် သက်သေတို့က မကျေနပ်ခြင်းကြောင့် အထက်မြန်မာနိုင်ငံ ဗဟိုတရားရုံး(မန္တလေး)သို့ဝင်၍ အမှုဖွင့်ထားပြီဖြစ်ကြောင်း သတင်းကောင်းကို ၁၃၇၂-ခုနှစ်၊ နယုန်လဆုတ်(၁၂)ရက် (၈-၆-၂၀၁၀)အင်္ဂါနေ့မှာ ကြားသိလိုက်ရခြင်းပင် ဖြစ်ပါသည်။ ဤသတင်း၏တွန်းအားကြောင့် ရရှိထားသော စာရွက်စာတမ်းများကို အလျင်အမြန်ဖတ်ရှု၍ ဤမှတ်စုကို အလျင်အမြန် ပြုစုလိုက်ပါသည်။

**(ဃ)** အပိုင်း(တစ်) = မိုးညှင်းမြို့ဦးခေမိန္ဒ(အမှတ်(၁၅)မှုခင်းစုဒိတကအဓမ္မဝါဒီ)အပေါ် စွဲချက်တင်သင့်မတင်သင့်ကိစ္စ

အပိုင်း(နှစ်) = မိုးညှင်းမြို့စာရေးဆရာမဝင်းမာခင့်အပေါ် စွဲချက်တင်သင့်မတင်သင့်ကိစ္စ

အပိုင်း(သုံး) = မိုးညှင်းမြို့ပစ်စာဖြန့်သူများကို ဖော်ထုတ်၍ အရေးယူသင့်မယူသင့်ကိစ္စ

အပိုင်း(လေး) = မိုးညှင်းမြို့အဓမ္မဝါဒီများအား တရားစခန်းဖွင့်ခွင့် ပေးသင့်မပေးသင့်ကိစ္စ

အပိုင်း(ငါး) = မိုးညှင်းမြို့မြို့နယ်တရားသူကြီး၏စီရင်ချက်နှင့်အမိန့်

# မိုးညှင်းမြို့အရှေ့ရိပ်သာခေမိန္ဒဝါဒဝိနိစ္ဆယ(၁၅)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က
ရွေးချယ်ဖွဲ့စည်းပေးအပ်သော
**နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၅/၂၀၀၆)၏**
**ဆုံးဖြတ်ချက်**
(လုပ်ထုံးလုပ်နည်းများအပိုဒ်(၄၂-ဂ၊ ၄၃))

၁၃၆၈-ခုနှစ်၊ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းအမှတ်
(သီးခြား-၁၅/၂၀၀၆)

စောဒက ဦးမဏ္ဍလာစာရ၊ ဦးနာရဒတို့နှင့် စုဒိတကဦးခေမိန္ဒ နှင့် မြစ်ကြီးနားမြို့ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ (ငါးဘွဲ့ရ ဓမ္မာစရိယ)ဖြစ်ပွားသော ဓမ္မ-အဓမ္မ အဓိကရုဏ်းမှုခင်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ရွေးချယ်ဖွဲ့စည်းပေးအပ်သည့် နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၅/၂၀၀၆)က ကိုယ်တိုင်လက်မှတ်ရေးထိုး၍ ဝိနည်း တရားတော်နှင့်အညီ ဆုံးဖြတ်ချက် ချမှတ်လိုက်သည်။

**<u>ဆုံးဖြတ်ချက်</u>**

၁။ မိုးညှင်းမြို့ မဟာသတိပဋ္ဌာန် ရိပ်သာဆရာတော် ဦးခေမိန္ဒနှင့် မြစ်ကြီးနားမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်း ကျောင်းအုပ်ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ (ငါးဘွဲ့ရ ဓမ္မာစရိယ)တို့၏ ဟောပြောရေးသားချက်များနှင့် ပတ်သက်၍ စောဒကဆရာတော်များ တင်ပြသောအချက် (၄၃)ချက်သည် ထေရဝါဒပိဋကတ်တော် လာပါဠိ, အဋ္ဌကထာ, ဋီကာတို့နှင့် ညီညွတ်မှုမရှိသောကြောင့် အဓမ္မဝါဒသာ ဖြစ်သည်။

၂။ ၎င်းအဓမ္မဝါဒ (၄၃)ချက်ကို ဟောပြော ပြသလက်ခံလိုက်နာကျင့်သုံးသော ပုဂ္ဂိုလ်အားလုံးတို့သည် အဓမ္မဝါဒီများသာ ဖြစ်ကြသည်။

၃။ သက်သေခံအဖြစ် တင်ပြထားသော စာအုပ်စာတမ်းများ၊ ဗွီဒီယို တိပ်ခွေများ၊ ကက်ဆက်တိတ်ခွေများနှင့် အလားတူရိုက်နှိပ်ထားသော စာစောင်စသည်များသည် အဓမ္မဝတ္ထုပစ္စည်းများသာ ဖြစ်ကြသည်ဟု တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

**နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၅)**
**ဝိနည်းဓိုရ်ဆရာတော်များ**

| **စဉ်** | **ဘွဲ့တော်နှင့် ကျောင်းတိုက်** | **လက်မှတ်** |
|---|---|---|
| ၁။ | ဘဒ္ဒန္တကုမာရာဘိဝံသ (သဘာပတိ)<br>(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မာစရိယ၊ သိရောမဏိ ဝဋံ့သကာ)<br>ဗန်းမော်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။ | |
| ၂။ | ဘဒ္ဒန္တစန္ဒိမာ (အဖွဲ့ဝင်)<br>(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သ စ အ ဓမ္မာစရိယ)<br>မင်းကျောင်းပထမပြန်စာသင်တိုက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်း။ | |

၃။ ဘဒ္ဒန္တနန္ဒမာလာ (အဖွဲ့ဝင်)
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဒီဃနိကာယကောဝိဒ၊ ဓမ္မာစရိယ)
ရတနာအုဋ္ဌကျောင်းပရိယတ္တိစာသင်တိုက်၊ တဂေါင်းဘုရားလမ်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း။

ရက်စွဲ။ ။၁၃၆၈-ခုနှစ်၊ သီတင်းကျွတ်လဆုတ်(၁၀)ရက်
၂၀၀၆-ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်။

**စောဒကများ**

**၁။ ဦးမဏ္ဍလာစာရ**
**ရတနာမာရ်အောင်ကျောင်း၊ ဟိုပင်မြို့။**
**၂။ ဦးနာရဒ**
**ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဟိုပင်မြို့။**

**စုဒိတကများ**

**၁။ ဦးခေမိန္ဒ**
**မဟာသတိပဋ္ဌာန်အရှေ့ရိပ်သာ၊ မိုးညှင်းမြို့။**
**၂။ ဦးဝိစိတ္တသာရာဘိဝံသ**
**ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊**
**မြစ်ကြီးနားမြို့။**

(မိုးညှင်းမြို့ခေမိန္ဒဝါဒဝိနိစ္ဆယကျမ်း၊ စာမျက်နှာ(၁-၈၂)၌ ရှုပါ။)

# အပိုင်း(တစ်)

## (မိုးညှင်းမြို့ဦးခေမိန္ဒ(အမှတ်(၁၅)မှုခင်းစုဒိတကအဓမ္မဝါဒီ)အပေါ်စွဲချက်တင်သင့်မတင်သင့်ကိစ္စ)

၁။ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၅)ဆရာတော်ကြီးများက-

၁၃၆၈-ခုနှစ်၊ သီတင်းကျွတ်လဆုတ်(၁၀)ရက်၊ ၂၀၀၆-ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင်-

၁။ မိုးညှင်းမြို့ မဟာသတိပဋ္ဌာန်ရိပ်သာဆရာတော် ဦးခေမိန္ဒနှင့် မြစ်ကြီးနားမြို့ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ (ငါးဘွဲ့ရ ဓမ္မာစရိယ)တို့၏ ဟောပြောရေးသားချက်များနှင့် ပတ်သက်၍ စောဒကဆရာတော်များ တင်ပြသောအချက် (၄၃)ချက် ထေရဝါဒပိဋကတ်တော်လာပါဠိ, အဋ္ဌကထာ, ဋီကာတို့နှင့် ညီညွတ်မှုမရှိသောကြောင့် အဓမ္မဝါဒသာ ဖြစ်သည်။

၂။ ၎င်းအဓမ္မဝါဒ (၄၃)ချက်ကို ဟောပြော ပြသလက်ခံလိုက်နာကျင့်သုံးသော ပုဂ္ဂိုလ်အားလုံးတို့သည် အဓမ္မဝါဒီများသာ ဖြစ်ကြသည်။

၃။ သက်သေခံအဖြစ် တင်ပြထားသော စာအုပ်စာတမ်းများ၊ ဗွီဒီယို တိပ်ခွေများ၊ ကက်ဆက်တိတ်ခွေများနှင့် အလား တူရိုက်နှိပ်ထား သော စာစောင်စသည်များသည် အဓမ္မဝတ္ထုပစ္စည်းများသာ ဖြစ်ကြသည်ဟု တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

(၎င်းဝိနိစ္ဆယကျမ်းစာ၊ လက်နှိပ်စက်မူ-၌ ရှုပါ။)

၂။ ကချင်ပြည်နယ် မိုးညှင်းမြို့ မဟာသတိပဋ္ဌာန်အရှေ့ရိပ်သာဆရာတော်ဦးခေမိန္ဒကိုယ်တိုင်က- နိုင်ငံတော်သံဃ မဟာနာယကဆရာတော်ကြီးများရှေ့တော်မှောက်တွင်- အဓမ္မဝါဒကိုစွန့်လွှတ်၍ အဓမ္မဝတ္ထုများကိုသိမ်းဆည်းဖျက်ဆီး ပြီးလျှင် တပည့်ဖြစ်သူ ရဟန်းများ ရှင်များနှင့် လူများကိုလည်း အဓမ္မဝါဒကိုစွန့်လွှတ်စေလျက် အဓမ္မဝတ္ထုတို့ကိုဖျက်ဆီး စေမည်ဖြစ်ပါကြောင်း၊ နောက်နောင်တွင် အဓမ္မဝါဒများကို ဟောပြောခြင်း၊ ရေးသားခြင်း၊ ဖြန့်ဝေခြင်း လုံးဝ မပြုလုပ်

ပါကြောင်း ပဋိညာဉ်ဝန်ခံကတိပြု လက်မှတ်ရေးထိုးပါသည်။

(၎င်းဝိနိစ္ဆယကျမ်း၊ လက်နှိပ်စက်မူ-၌ ရှုပါ။)

၃။ သို့ရာတွင် ဖေါ်ပြပါဦးခေမိန္ဒသည် အဓမ္မဝါဒစွန့်လွှတ်ခဲ့ပြီးနောက်ပိုင်းတွင်- "မှတ်တမ်းမတင် စာမဝင်သော သောခနာဖြေရှင်းလွှာများ"အမည်ရှိစာအုပ်ကို ထုတ်ဝေဖြန့်ချိခဲ့ကြောင်း၊ (၎င်းစာအုပ်တွင် တောင်ငူမြို့ စည်ပင်ဂိုဏ်းအုပ် စာသင်တိုက် အရှင်ဉာဏိန္ဒာလင်္ကာရ၏ ချီးကျူးခန်းအဖွင့်စာ(မူရင်းလက်ရေးအတိုင်း)ကိုပါ ထည့်သွင်းထားကြောင်း၊ ၎င်းတောင်ငူကိုယ်တော်မှာ မိုးပြာဂိုဏ်းတွင် သက်နီးဝတ်အကြီးဆုံးခေါင်းဆောင်ဖြစ်ကြောင်း၊) ထို့ပြင် ၁၃၆၉-ခုနှစ်၊ ဝါခေါင်လဆုတ်(၅/၆)ရက်နေ့ ဟောတရားခွေများ၊ ၁၃၇၀-ခုနှစ်၊ တော်သလင်းလဆုတ်(၅)ရက်နေ့ ဟောတရားခွေများ၊ အခြားအခြားအသစ်ဟောတရားခွေများအတွင်း၌လည်း နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၅) ဆရာတော်ကြီးများက အဓမ္မဝါဒဟု ဆုံးဖြတ်ထားပြီးသော (၄၃)ချက်တို့ကိုပင် ပြန်လည်၍ ဆက်လက်ဟောပြောနေကြောင်း ထင်ရှားလာပါသည်။

(အဓမ္မဝါဒ ၄၃-ချက် စိစစ်ချက်-စာတမ်း၌ ရှုပါ။)

၄။ ဖေါ်ပြပါဦးခေမိန္ဒသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ထံသို့ ၁၆-၉-၂၀၀၇ နေ့စွဲပါစာဖြင့် (၄၃)ချက်မှ တစ်ပါးသောတရားများကို ဟောခွင့်ရှိ-မရှိ ပြန်ကြားပေးပါရန် စာတင်၍ လျှောက်ထားတောင်းဆိုခဲ့ကြောင်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ၁၇-၉-၂၀၀၇ နေ့စွဲပါစာဖြင့် အကြောင်းပြန်ထားချက်အရ သိရပါသည်။

အကြောင်းပြန်စာထဲတွင် -

(က) အဓမ္မဝါဒဆုံးဖြတ်ထားပြီးသော (၄၃)ချက်မှတစ်ပါး ထေရဝါဒပိဋကတ်တော်နှင့် မဆန့်ကျင်သောတရားတော်များကို ဟောခွင့်ရှိသည်။

(ခ) ထေရဝါဒပိဋကတ်တော်နှင့် ဆန့်ကျင်သောတရားကိုဟောပါက **ဥပဒေအရ အရေးယူခံရမည်**ဟု မှတ်ချက်ပြုထားပါသဖြင့် မှတ်ချက်နှင့်အညီ ဆောင်ရွက်ပါရန် အကြောင်းကြားလျှောက်ထားပါသည်ဘုရားဟု ပါရှိသည်။

ဖေါ်ပြပါ ၁၇-၉-၂၀၀၇ နေ့စွဲပါစာအရ (၄၃)ချက်အတွင်းဝင်တရားများကို ဟောနေခြင်းကြောင့်လည်းကောင်း၊ ထေရဝါဒပိဋကတ်တော်နှင့် ဆန့်ကျင်သောတရားကို ဟောနေခြင်းကြောင့်လည်းကောင်း ဟောပြောသူဦးခေမိန္ဒသည် ဥပဒေအရ အရေးယူခြင်းခံရမည့်ပုဂ္ဂိုလ်ဖြစ်နေကြောင်း ပေါ်လွင်လာပါသည်။

(အဓမ္မဝါဒ ၄၃-ချက် စိစစ်ချက်-စာတမ်း၌ ရှုပါ။)

၅။ ထို့ကြောင့် အမှတ်(၁၅)အငြင်းပွါးမှုခင်း စောဒကဆရာတော်များက အဓမ္မဝါဒ(၄၃)ချက် စိစစ်ချက်စာတမ်းကို သက်သေခံတရားခွေများ၊ 'မှတ်တမ်းမတင်စာမဝင်သောသောခနာဖြေရှင်းလွှာများ'အမည်ရှိစာအုပ်နှင့်အတူတကွ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ထံတော်သို့ တင်ပြ၍ လျှောက်ထားခဲ့ကြပါသည်။

(အဓမ္မဝါဒ ၄၃-ချက် စိစစ်ချက် စာတမ်း-၌ ရှုပါ။)

၆။ ဖေါ်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်က-

"ဦးခေမိန္ဒသည် အဓမ္မဝါဒဟောင်းများကို ဆက်လက်ထုတ်ဝေဖြန့်ဖြူးလျက် ရှိပါသည်"ဟု လျှောက်ထားတင်ပြခဲ့ပါသည်။

(၂၀၀၉-ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်စွဲပါစာ-၌ ရှုပါ။)

၇။ တစ်ဖန်မိုးညှင်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဦးပညောဘာသက-

"ဦးခေမိန္ဒသည် အဓမ္မဝါဒဟု ဆုံးဖြတ်ချက်ချခံရပြီးနောက်ပိုင်း၌လည်း တရားစခန်းဖွင့်လှစ်ကာ အဓမ္မဝါဒဟောင်းတရားများကို ပြန်လည်ဟောပြောလျက် ရှိပါသည်'ဟု လျှောက်တင်ခဲ့ပါသည်။

(၂၀၀၉-ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်စွဲပါစာ-၌ ရှုပါ။)

၈။ အထက်တွင် တင်ပြအုပ်သော ဖြစ်စဉ်အမှတ် (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇)အရ မိုးညှင်းမြို့နယ် မဟာသတိပဋ္ဌာန် ရိပ်သာဆရာတော် ဦးခေမိန္ဒနှင့် ၎င်း၏တပည့် ရဟန်းများ ရှင်များနှင့် ဂေါပကအဖွဲ့များအပေါ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် သာသနာရေးဝန်ကြီးဌာန (ပြည်ထဲရေးဝန်ကြီးဌာန)တို့က ဓမ္မဝိနယနှင့်ညီညွတ်သော ဓမ္မစက်၊ ပြည်သူ့လွှတ်တော်ပြဌာန်းချက် တည်ဆဲဥပဒေနှင့်ညီညွတ်သော အာဏာစက်တို့ဖြင့် အချိန်မီ ဆောင်ရွက်ပေးကြလိမ့်မည်ဟု မျှော်လင့်၍ မျှော်လင့်၍ စောင့်မျှော်နေလျက်ရှိကြပါသည်။

*<u>ယခုအချိန်(၂၀၁၀-ခုနှစ်၊ ဇွန်လ(၁၀)ရက်နေ့)အထိ ဖော်ပြပါဦးခေမိန္ဒနှင့် တပည့်ဖြစ်သူ ရဟန်းများ ရှင်များနှင့် ဂေါပကအဖွဲ့များအပေါ် အပြစ်တင်၍ စွဲချက်တင်၍ စစ်ဆေးခြင်းမရှိသေးကြောင်း သိရပါသည်။ အကြောင်းတစ်ခုခုကြောင့် အချိန်မနှောင်းသင့်ပါဘဲ အချိန်နှောင်းလျက်ရှိနေသေးကြောင်း သိရပါသည်။</u>*

# အပိုင်း(နှစ်)

## (မိုးညှင်းမြို့စာရေးဆရာမဝင်းမာခင့်အပေါ်စွဲချက်တင်သင့်မတင်သင့်ကိစ္စ)

၉။ မိုးညှင်းမြို့သူ မဝင်းမာသည် ဘာသာရေးနှင့်ပတ်သက်၍ ဓမ္မအဓမ္မအငြင်းပွါးမှုခင်းဆုံးဖြတ်ချက်များကို ဖတ်ရှုရပြီး ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွါး သန့်ရှင်းစေလိုသော ရည်ရွယ်ချက်ဖြင့် ဆောင်းပါးများ ရေးသားပါသည်။ ကလောင်အမည်မှာ "ဝင်းမာခင်" ဖြစ်ပါသည်။

(၃-၃-၂၀၁၀ နေ့စွဲပါ ဒေါ်ဝင်းမာ၏ အစစ်ခံ-ထွက်ချက်မှတ်တမ်းစာ-၌ ရှုပါ။)

၁၀။ ဖော်ပြပါမဝင်းမာ ရေးသားခဲ့သည့် ဆောင်းပါးများတွင် "ပေါ်မလာမျှော်ပါရအမော"အမည်ရှိ ဆောင်းပါးတစ်ပုဒ်ပါရှိခဲ့သည်။

၎င်းဆောင်းပါးတွင်-

"အဲ သတိပဋ္ဌာန်ရိပ်သာကတော့ ဝိနိစ္ဆယနဲ့ တရားများပါတယ်လို့ လူသားလိုပြောရရင် အမှုဖြစ်ပြီး အပိတ်ခံထားရတယ်လို့ သိလား။ (ရန်ကုန်က ဆရာတော်တစ်ပါးနှင့် တောင်ငူဆရာတော် ကြွလာပြီး တရားစခန်းကို ပြန်ဖွင့်ပေးသွားပြီလေ။)

ပစ္စုပ္ပန်ကမ္မဝါဒီကိုလက်ခံတဲ့ တောင်ငူဆရာတော်နဲ့ သတိပဋ္ဌာန်ဆရာတော်တို့ရဲ့ သဘောက သိပ်ပြီး ကွာခြားမှု မရှိဘူး။ *<u>နိုင်ငံတော်သံဃမဟာနာယကဖြစ်တဲ့ ဆရာတော်တစ်ပါးက သတိပဋ္ဌာန်ရိပ်သာဆရာတော်ကို "မိစ္ဆာဒိဋ္ဌိ"တဲ့။</u>*

(ဟင် မင်း မင်းမို့ ပြောရဲတယ်။ ဘုန်းကြီးကို မိစ္ဆာဒိဋ္ဌိလို့။ ပြန်ပြောစမ်းပါအုံး။ မိစ္ဆာဒိဋ္ဌိလို့ ပြောရဲလား။)

"ပြော ရဲ တယ်"ဟု သေသေချာချာ ပြောလိုက်ပါသည်"စသည်ဖြင့် ဖော်ပြထားပါသည်။ (အပိုင်း(၃)အတွက် အခြေတည်စာပိုဒ် ပါရှိသည်)

(၂၀၀၉-ခုနှစ်၊ ဇွန်လထုတ် ဓမ္မရတနာဓမ္မမဂ္ဂဇင်း၊ စာမျက်နှာ- ၅၃ မှ ၅၇ ထိ ၌ ရှုပါ။)

၁၁။ ဖော်ပြပါဆောင်းပါးကို မဂ္ဂဇင်းအယ်ဒီတာ ဆရာကြီးဦးလေးမြိုင်က ရွေးချယ်၍ ထည့်သွင်းဖော်ပြခဲ့ပါသည်။

၁၂။ မဂ္ဂဇင်းပါဆောင်းပါးကို အကြောင်းပြု၍ မဟာသတိပဋ္ဌာန်အရှေ့ရိပ်သာအဖွဲ့ဝင်များက ၁၅-၆-၂၀၀၉ နေ့တွင် အစည်းအဝေးပြုလုပ်ကြောင်း သိရပါသည်။ ယင်းအစည်းအဝေးဆုံးဖြတ်ချက်အရ ဆရာကြီးဦးလေးမြိုင့်ထံသို့ ၁၈-၆-၂၀၀၉ နေ့စွဲပါပေးစာဖြင့် "၂၀၀၉-ခုနှစ်၊ ဇွန်လထုတ် ဓမ္မရတနာမဂ္ဂဇင်းပါ ဆောင်းပါးရှင်အပေါ် တရားစွဲဆိုရန် ဆုံးဖြတ်ကြကြောင်း အသိပေးကြပါသည်။ ၎င်းစာထဲတွင်- (၁။----၂။----၃။---၄။---၅။---၆။---)ဟူ၍ အကြောင်းအရ (၆)စု ဖော်ပြထားကြပါသည်။ ၎င်းစာရေးသူ ဦးကြီးမောင်နှင့်ဂေါပကအဖွဲ့ဝင်များက- 'မဂ္ဂဇင်းပါပေါ်မလာမျှော်ပါရအမော ဆောင်းပါးသည် မိုးညှင်းမြို့ မဟာသတိပဋ္ဌာန်အရှေ့ရိပ်သာဆရာတော်ဦးခေမိန္ဒ(အမှတ်မှုခင်းအရ အဓမ္မဝါဒီ)ကို စွပ်စွဲ၍ ရေးသည်'ဟု မှတ်ယူလိုက်ကြဟန်တူပါသည်။ သူတို့ဆရာတော်ကို သူတို့ကပင် မိစ္ဆာဒိဋ္ဌိဟု မှတ်ယူလိုက်သည့်သဘောသို့

ရောက်ရှိသွားပါသည်။

(၂၀၀၉-ခုနှစ်၊ ဇွန်လ ၁၈ ရက် နေ့စွဲပါစာ၌ ရှုပါ။)

၁၃။ တစ်ဖန်၂၀၀၉-ခုနှစ်၊ ဇွန်လ ၂၈ ရက်တွင်လည်း ထပ်မံ၍ တတိယအကြိမ် အစည်းအဝေးပြုလုပ်ကြပြန်ပါသည်။ အစည်းအဝေးမှတ်တမ်းလွှာတွင် (၃/၀၉)ဟု ပါရှိနေသည်။ တက်ရောက်သူများ။ -------------။ (၉)ဦး လက်မှတ်ထိုးကြသည်။ ဆွေးနွေးချက်။-------------။ ဆုံးဖြတ်ချက်။-----------။ မှတ်တမ်းတင်သူ။--------။စန်းအောင်(လက်မှတ်တို့)ဟု ဖော်ပြထားပါသည်။

(၂၀၀၉-ခုနှစ်၊ ဇွန်လ ၂၈ ရက် အစည်းအဝေးမှတ်တမ်းလွှာ (လက်ရေးမူ)၌ ရှုပါ။)

၁၄။ ၁၈-၆-၂၀၀၉ အစည်းအဝေးပြီးနောက် ဆောင်းပါးရှင်အပေါ် အရေးယူခြင်းနှင့်စပ်လျဉ်း၍ မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို ညွှန်ပြပေးရန် လမ်းညွှန်ချက်တောင်းခံလွှာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ထံ ဦးကြီးမောင်နှင့် ဂေါပကအဖွဲ့တို့က စာပို့ကြောင်း သိရပါသည်။ (၎င်းစာကို မဖတ်ရသဖြင့် မည်သို့ရေးထားကြောင်း မသိရပါ။)

၁၅။ ယင်းသို့လမ်းညွှန်ချက်တောင်းခံပါသော်လည်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဤသို့ဆောင်ရွက်ရမည်ဟုလည်း လမ်းညွှန်ချက်မပေးဘဲ နေတော်မူကြပါသည်။ သီးခြားဝိနည်းခိုရ်အဖွဲ့၏ ဝိနိစ္ဆယဖြစ်သော အဓမ္မဝါဒနှင့်စပ်နေသည်ဖြစ်၍ ဝိနိစ္ဆယရေးရာ အခြေခံမူလေးချက်အရလည်းကောင်း၊ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေအရလည်းကောင်း ထိုသို့တရားစွဲခွင့်မရှိဟုလည်း ဟန့်တားချက်မပေးဘဲ နေတော်မူကြပါသည်။

(စီရင်ချက်ပုံစံ အမိန့်-၌ ရှုပါ။)

၁၆။ "မိုးညှင်းမြို့နယ်တရားရုံးတော်၌

၂၀၀၉ ခုနှစ် ပြစ်မှုဆိုင်ရာအမှုကြီး အမှတ်(၂၀၈/၀၉)

| | | |
|---|---|---|
| ဦးကြီးမောင် ကျောင်းဆရာ(ငြိမ်း) | နှင့် | ၁။ မဝင်းမာ |
| မိုးညှင်းမြို့ | | မိုးညှင်းမြို့ |
| | | ၂။ ဦးလေးမြိုင် |
| | | ရန်ကုန်မြို့ |
| <u>တရားလို</u> | | <u>တရားခံ</u> |

**ဘာသာရေးစိတ်ကို နားကျည်းစေရန် မသမာသောအကြံဖြင့် လူအများကိုးကွယ်ဆည်းကပ်သော သံဃာတော်တို့နှင့် ဘာသာသာသနာရေးယုံကြည်မှုကို စော်ကားသည့်အတွက် အရေးယူပေးပါရန် တိုင်လျှောက်ခြင်း**

------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

ဆောင်းပါးရှင်နှင့် အယ်ဒီတာတို့အား ဥပဒေအရ အရေးယူပေးပါရန် တိုင်လျှောက်အပ်ပါသည်။

ကျောင်းအကျိုးဆောင်အဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ

ဦးကြီးမောင်

ဥက္ကဋ္ဌ

အကျိုးဆောင်အဖွဲ့

မဟာသတိပဋ္ဌာန်ရိပ်သာ

ရက်စွဲ။ ။၈-၇-၂၀၀၉

<u>ပူးတွဲတင်သွင်းသောစာရွက်စာတမ်းများ</u>

၁။

---

၅။------------------------------------"။

(အပြည့်အစုံကို ၎င်းတိုင်စာ(၂)ရွက် (၂)မျက်နှာ၌ ရှုပါ။)

၁၇။ အထက်တွင် တင်ပြအပ်သော ဖြစ်စဉ်အမှတ် (၉။ ၁၀။ ၁၁။ ၁၂။ ၁၃။ ၁၄။ ၁၅။ ၁၆)အရ "ပေါ်မလာမျှော်ပါရ အမော" ဆောင်းပါးရှင်မဝင်းမာသည် မိုးညှင်းမြို့နယ်တရားရုံး၌ တရားစွဲခံရသူ တရားခံဖြစ်ရပါသည်။ မဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြသူ အယ်ဒီတာဆရာကြီးဦးလေးမြိုင်သည် မိုးညှင်းမြို့နယ်တရားရုံး၌ တရားစွဲခံရသူ တရားခံဖြစ်ရပါသည်။ ထို့ကြောင့် တရားခံတို့ထံ "စွပ်စွဲခံရသူသို့ချအပ်ရန်သမ္မာန်စာ"ကို မိုးညှင်းမြို့နယ်တရားရုံးက ၁၀-၇-၂၀၀၉ နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ၎င်းသမ္မာန်စာတွင်- "၂၃-၇-၂၀၀၉ နေ့တွင် စွဲချက်ရှိသည်ကို ထုချေရှင်းလင်းရန် တရားသူကြီးရှေ့သို့ လာရောက်ရမည်"ဟု ပါရှိသည်။

(မိုးညှင်းမြို့နယ်တရားရုံးက ၁၀-၇-၂၀၀၉ နေ့တွင် ထုတ်ပြန်သည့်သမ္မာန်စာ၌ ရှုပါ။)

၁၈။ စွပ်စွဲခံရသူမဝင်းမာက-

-၂၃-၇-၂၀၀၉ နေ့တွင် ပထမအကြိမ် အာမခံလျှောက်လွှာ တင်သွင်းကြောင်း

-၂၄-၈-၂၀၀၉ နေ့တွင် ဒုတိယအကြိမ် အာမခံလျှောက်လွှာ တင်သွင်းကြောင်း

-၂၄-၉-၂၀၀၉ နေ့တွင် တတိယအကြိမ် အာမခံလျှောက်လွှာ တင်သွင်းကြောင်း

- ၈-၁၀-၂၀၀၉ နေ့တွင် စတုတ္ထအကြိမ် အာမခံလျှောက်လွှာ တင်သွင်းကြောင်း

- ၉-၁၁-၂၀၀၉ နေ့တွင် ပဥ္စမအကြိမ် အာမခံလျှောက်လွှာ တင်သွင်းကြောင်း

- ၉-၁၂-၂၀၀၉ နေ့တွင် ဆဋ္ဌအကြိမ် အာမခံလျှောက်လွှာ တင်သွင်းကြောင်း

-၂၃-၁၂-၂၀၀၉ နေ့တွင် သတ္တမအကြိမ် အာမခံလျှောက်လွှာ တင်သွင်းကြောင်း

- ၃၀-၁၂-၂၀၀၉ နေ့တွင် အဋ္ဌမအကြိမ် အာမခံလျှောက်လွှာ တင်သွင်းကြောင်း

- ၁-၁-၂၀၁၀ နေ့တွင် နဝမအကြိမ် အာမခံလျှောက်လွှာ တင်သွင်းကြောင်း မှတ်တမ်းအရ တွေ့ရပါသည်။

- ၁၄-၁-၂၀၁၀ (ရုံးချိန်းအရ အာမခံလျှောက်လွှာတင် ကုန်ကျငွေများ မှတ်တမ်းကိုလည်း တွေ့ရသည်။)

၁၉။ ၂၃-၈-၂၀၀၉ ပထမအကြိမ်(ရုံးချိန်း)တွင် တရားလိုဦးကြီးမောင်က ဆောင်းပါးရှင်နှင့်အယ်ဒီတာတို့အပေါ် အရေးယူပေးပါရန် မြို့နယ်တရားရုံး၌ ဦးတိုက်လျှောက်ထားထွက်ဆိုပါသည်။

(စီရင်ချက်ပုံစံ - အမိန့်၌ ရှုပါ။)

၂၀။ ၉-၁၂-၂၀၀၉ ဆဋ္ဌအကြိမ်(ရုံးချိန်း)တွင် တရားလိုဦးကြီးမောင်က အယ်ဒီတာဦးလေးမြိုင့်အပေါ် စွဲဆိုချက်ကို ရုပ်သိမ်းပေးရန် လျှောက်ထားသည်။ ထို့ကြောင့် ပြည်သူ့တရားသူကြီးများအဖွဲ့၏ ညွှန်ကြားချက်(၁၁)အရ ရုပ်သိမ်းခွင့်ပြုသည်။

(စီရင်ချက်ပုံစံ - အမိန့်၌ ရှုပါ။)

သို့ဖြစ်ပါ၍ အယ်ဒီတာဦးလေးမြိုင်သည် အမှုမှ (စွဲဆိုချက်မတင်မီ) လွတ်ခဲ့ပါသည်။ မဝင်းမာသည် သူမအပေါ် စွဲဆိုချက်တင်ရန် တရားခံအဖြစ်ဖြင့် ကျန်ရှိနေဆဲပင် ဖြစ်ပါသည်။

၂၁။ "သက်သေထွက်ချက် မိုးညှင်းမြို့နယ်တရားရုံး

၂၀၀၉ ခုနှစ် ပြစ်မှုကြီး မှုအမှတ် ၂၀၈

၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်

ဖေါ်ပြပါရက်စွဲတွင်- (လိုပြ-၁) ဦးကြီးမောင်ကို စစ်ဆေးသည်။ ထွက်ဆိုချက်မှာ (၅)ရွက်၊ (၉)မျက်နှာ ရှိသည်။

- (လိုပြ-၂) ဦးတင်အေးကို စစ်ဆေးသည်။ ထွက်ဆိုချက်မှာ (၂)ရွက်၊ (၃)မျက်နှာ ရှိသည်။

- (လိုပြ-၃) ဦးခင်မောင်ကို စစ်ဆေးသည်။ ထွက်ဆိုချက်မှာ (၂)ရွက်၊ (၃)မျက်နှာ ရှိသည်။

"သက်သေထွက်ချက် မိုးညှင်းမြို့နယ်တရားရုံး

၂၀၀၉ ခုနှစ် ပြစ်မှုကြီး မှုအမှတ် ၂၀၈

၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ ရက်

ဖေါ်ပြပါရက်စွဲတွင်- (လိုပြ-၄) ဦးခင်မောင်ရွှေကို စစ်ဆေးသည်။ ထွက်ဆိုချက်မှာ (၄)ရွက်၊ (၈)မျက်နှာ ရှိသည်။

"သက်သေထွက်ချက် မိုးညှင်းမြို့နယ်တရားရုံး

၂၀၀၉ ခုနှစ် ပြစ်မှုကြီး မှုအမှတ် ၂၀၈

၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁၄ ရက်

ဖေါ်ပြပါရက်စွဲတွင်- (လိုပြ-၅) ဦးအေးနိုင်ကို စစ်ဆေးသည်။ ထွက်ဆိုချက်မှာ (၃)ရွက်၊ (၅)မျက်နှာ ရှိသည်။

- (လိုပြ-၆) ဦးမျိုးအောင်ကို စစ်ဆေးသည်။ ထွက်ဆိုချက်မှာ (၃)ရွက်၊ (၆)မျက်နှာ ရှိသည်။

၂၂။ ၁၇-၂-၂၀၁၀ နေ့တွင် တရားခံမဝင်းမာ၏ အကျိုးဆောင်က မဝင်းမာ့အပေါ် စွဲချက်မတင်မီ လွတ်ပေးပါရန် လျှောက်လဲ တင်ပြပါသည်။

၎င်းလျှောက်လဲချက်ထဲတွင်-

"မိုးညှင်းမြို့နယ်တရားရုံးတော်

၂၀၀၉ ခုနှစ် ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၂၀၈

| | | |
|---|---|---|
| ဦးကြီးမောင် ကျောင်းဆရာ(ငြိမ်း) | နှင့် | ၁။ မဝင်းမာပါ(၂) |
| မိုးညှင်းမြို့ | | မိုးညှင်းမြို့ |
| <u>တရားလို</u> | | <u>တရားခံများ</u> |

<u>ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၅- က အရ စွဲဆိုမှု</u>

<u>တရားခံအကျိုးဆောင်မှ တင်သွင်းသော လျှောက်လဲချက်-</u>

အထက်ပါအမှုမှ တရားခံ၏ရှေ့နေက

အောက်ပါအတိုင်း လျှောက်လဲတင်ပြအပ်ပါသည်။

အမှုဖြစ်စဉ်အကျဉ်းချုပ်

-----------------------------------------------------------------------------------------------

-----------------------------------------------------------------------------------------------

သက်သေများထွက်ဆိုချက်အပေါ် သုံးသပ်တင်ပြချက်

-----------------------------------------------------------------------------------------------

-----------------------------------------------------------------------------------------------

အမှုတွဲပေါ် ပေါက်ချက်အပေါ် သုံးသပ်တင်ပြချက်

အထက်ဖော်ပြပါတရားလိုနှင့် တရားလိုသက်သေများ၏ ထွက်ချက်အရ တရားခံမဝင်းမာ(ခ)ဝင်းမာခင်သည် "ပေါ်မလာမျှော်ပါရအမေ"ဆောင်းပါးအား ဗုဒ္ဓဘာသာဝင်လူအများဆည်းကပ်ကိုးကွယ်နေကြသော သံဃာတော်များ၊ မဟာသတိပဋ္ဌာန်ရိပ်သာ(အရှေ့ရိပ်သာ)နှင့် ဘာသာရေးသာသနာရေးယုံကြည်မှုတို့ကို စော်ကားပြီး သံဃာအချင်းချင်း ဗုဒ္ဓဘာသာဝင်အချင်းချင်း ညီညွတ်နေကြသည်ကို သူ့ကျောင်းကိုယ့်ကျောင်း သူ့ဘုန်းကြီးကိုယ့်ဘုန်းကြီးဟု ပြောဆိုသွေးခွဲ ပဋိပက္ခဖြစ်အောင်သွေးထိုးလှုံ့ဆော် ရေးသားခဲ့ခြင်းမရှိသည်ကို တွေ့ရပါသည်။

သို့ဖြစ်ပါ၍ တရားခံမဝင်းမာအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၃ (၁) (၂)အရ စွဲချက်မတင်မီလွှတ်ပေးပါရန် လျှောက်လဲတင်ပြအပ်ပါသည်။

နေ့စွဲ။ ၁၇-၂-၂၀၁၀ 　　　　　　　　　　　　　　　　　　　　လက်မှတ်

၁၇-၂-၂၀၁၀

ဦးခင်မောင်ဝင်း"

ဟူ၍ ဖော်ပြထားပါသည်။

## အပိုင်း(သုံး)

### (မိုးညှင်းမြို့ပစ်စာရေးသူများကိုဖော်ထုတ်၍အရေးယူသင့်မယူသင့်ကိစ္စ)

၂၃။ 　မိုးညှင်းမြို့တွင် ၂၀၀၉ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့မှ စတင်၍ မဟုတ်မမှန်ရေးသားချက်များနှင့်ပြည့်နေသော ပစ်စာများ ပြန့်နှံ့လာကြပါသည်။

၎င်းပစ်စာထဲတွင်-

"ဆက်ကပ်ပါရန်

ဥက္ကဋ္ဌဆရာတော်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

မဟာနာယကကျောင်းဆောင်တော်ကြီး

ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့

ရက်စွဲ။ ၂၀၀၉ ခုနှစ် ဩဂုတ်လ(၁၁)ရက်

အကြောင်းအရာ။ ကချင်ပြည်နယ် မိုးညှင်းမြို့နေ မဝင်းမာခင်ဆိုသူ အမျိုးသမီးတစ်ဦးနှင့် ကာမစပ်ယှက်မှုပြုခဲ့သော ဇေယျသုခဝါဆိုကျောင်း ဆရာတော်ဦးစန္ဒိမာ(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်)အား တာဝန်မှရပ်စဲအရေးယူပေးပါရန်နှင့် သင်္ကန်းချွတ်လူဝတ်လဲ အရေးယူပေးပါရန် တိုင်ကြားခြင်း။

၁။ ---------------------------------------------------------------------------------------------------------------------------------ကြောင်း မိုးညှင်းမြို့နယ်တစ်ခွင် ဟိုးလေးတစ်ကျော် ထင်ပေါ်ကျော်ကြားလျက် ရှိပါသည်။

၂။ --------------------------------------------------စာထားကျေးရွာကျောင်းထိုင်ဘုန်းကြီး၊ --------------ဦးကြွက်၏သမီးမြမြ၊---------ကိုယ်ဝန်ရ----------ဦးစန္ဒိမာက ဖျက်ချခိုင်း၊--------------မြို့နယ်သာသနာရေးမှူးဦးထွန်းစိန်၊----------ဦးစန္ဒိမာအပေါ် ပထမပါရာဇိကနှင့် တတိယပါရာဇိက အာပတ်သင့်နေကြောင်း စွဲချက်တင်၊----------ထို့ပြင် "ပြစ်မှုဆိုင်ရာဥပဒေအရ တရားစွဲဆိုခြင်းခံနေရသော တရားခံမဝင်းမာခင် အမှုမှလွတ်မြောက်ရေးအတွက် ဝါဆိုဆရာတော်ကိုယ်တိုင် ငွေကြေးအကုန်အကျခံကာ လိုက်ပေးနေကြောင်း တစ်မြို့လုံးက သိရှိကြပါသည်။

၃။ -----------------------------------------------နိုင်ငံရေးဆိုင်ရာပြစ်မှုများ လွန်ကျူးထားကြောင်းစွပ်စွဲထား။)

၄။ သို့ဖြစ်ပါ၍------------------------------------------နိုင်ငံတော်သံဃမဟာနာယကရာထူးမှ အလျင်အမြန် ဖယ်ရှားပေးပါရန်နှင့် သင်္ကန်းချွတ်လူဝတ်လဲ အရေးယူပေပါရန် တိုင်ကြားအပ်ပါသည်ဘုရား။

တိုင်ကြားသူ

မိုးညှင်းမြို့သူ/သားများ

ဖြန့်ဝေခြင်း-

-(၁)-----------------------------------------------

-(၁၀)-----------------------------------------------"ဟူ၍ ရေးသားဖေါ်ပြထားကြပါသည်။

အမေး။ ။ဖေါ်ပြပါပစ်စာကို မည်သူတွေက ရေးသားစီစဉ်၍ မည်သူတွေက ဖြန့်ဝေနေကြသနည်း။

အဖြေ။ ။ဤအမေးကိုအဖြေရှာလျှင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဦးပညောဘာသက-

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ထံ ဆက်ကပ်ရန် လျှောက်ထားစာထဲတွင်- "မိုးညှင်းမြို့မဟာသတိပဋ္ဌာန်အရှေ့ရိပ်သာဆရာတော်ဦးခေမိန္ဒ အဓမ္မဝါဒဟု ဆုံးဖြတ်ခံရပြီးနောက်ပိုင်းတွင် မဟာသတိပဋ္ဌာန်အကျိုးဆောင်အဖွဲ့မှလည်း တရားစခန်းကို ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် စည်းရုံးနေချိန်-

-မိုးညှင်းမြို့ဇေယျသုခဝါဆိုကျောင်းဆရာတော်ဦးစန္ဒိမာ(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်)အား မဟာသတိပဋ္ဌာန်ရိပ်သာအကျိုးဆောင်အဖွဲ့ဝင်ဖြစ်သူ ဦးခင်မောင်ရွှေဦးဆောင်ပြီး ပြည်နယ်သာသနာရေးဌာနသို့ တိုင်ကြားစာပို့ခြင်း၊

-စာရေးဆရာမ(ဝင်းမာခင်)အား ဓမ္မရတနာမဂ္ဂဇင်းတွင် ဆောင်းပါးရေးခြင်းနှင့်ပတ်သက်၍ ယခုရိပ်သာအကျိုးဆောင်အဖွဲ့က တရားစွဲဆိုထားခြင်း၊

-၎င်းနောက် ဇေယျသုခဝါဆိုကျောင်းဆရာတော်ကိုပင် စာရေးဆရာမ(မဝင်းမာခင်)နှင့်စွပ်စွဲပြီး (ပစ်စာအဖြစ်) ဖြန့်ဝေခြင်း" စသည်ဖြင့် ထည့်သွင်းဖေါ်ပြ၍ လျှောက်တင်ထားပါသည်။

(၂၀၀၉ ခုနှစ် အောက်တိုဘာလ(၃၀)ရက် နေ့စွဲပါ လျှောက်ထားစာ-၃ ရှုပါ။)

ဖေါ်ပြပါပစ်စာနှင့်စပ်လျဉ်း၍ မြို့နယ်ငြိမ်ဝပ်ပိပြားရေးနှင့် အေးချမ်းသာယာရေးတို့ကို ပျက်ပြားစေရန် ရည်ရွယ်၍ ပြည်သူအများကို ထိခိုက်စေခြင်းကြောင့် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းက စုံစမ်းဖေါ်ထုတ်၍ သက်ဆိုင်ရာတည်ဆဲ

ဥပဒေအရ အပြစ်ပေးအရေးယူရမည့်ကိစ္စတစ်ရပ် ဖြစ်ပါသည်။ သို့သော်လည်း-

ဖေါ်ပြပါပစ်စာနှင့်စပ်လျဉ်း၍ အရေးယူမှု စသည်များကို ပြုလုပ်နိုင်ရန် ကာယကံရှင်ဦးစန္ဒိမာကလည်းကောင်း၊ မဟာနာယကအဖွဲ့ကလည်းကောင်း၊ မြို့နယ်သံဃနာယကအဖွဲ့ကလည်းကောင်း၊ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းကလည်းကောင်း ဆောင်ရွက်ခြင်းမရှိသေးကြောင်း သိရပါသည်။

ဤသို့ဆောင်ရွက်သင့်သည်တို့ကို အချိန်မီ ဆောင်ရွက်မှုမပြုနိုင်လိုက်ခြင်းကြောင့် ပစ်စာဖြန့်ဝေသူတို့ဘက်က-အတင့်ရဲလာပြီးလျှင် ဒုတိယအကြိမ်မြောက် ထပ်မံ၍ပင် မဟုတ်မမှန်ရေးသားချက်များနှင့်ပြည့်နေသော ပစ်စာများ ပြန့်နှံ့လာအောင် ကြိုးစားအားထုတ်ခွင့် ရရှိသွားကြပါသည်။

၂၄။ ၂၀၀၉ ခုနှစ် စက်တင်ဘာလ(၃၀)ရက်မှစ၍ ဒုတိယအကြိမ်ပစ်စာများ ပြန့်နှံ့လာကြပြန်ပါသည်။ ၎င်းပစ်စာများသည်လည်း ပထမအကြိမ်ပစ်စာများအတိုင်းပင် ဖြစ်ပါသည်။ တိုင်ကြားသူ တစ်ခုမျှသာ ထူးပါသည်။ ပထမအကြိမ်စာ၌ တိုင်ကြားသူမှာ "မိုးညှင်းမြို့သူ/သားများ"ဟုဖြစ်၍ ဒုတိယအကြိမ်စာ၌ တိုင်ကြားသူမှာ "ဦးဇယန္တ(ကျောင်းထိုင်) အရှေ့ကျောင်းပရိယတ္တိစာသင်တိုက်"ဟူ၍ ဖြစ်လာပါသည်။

(၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ(၂၄) ရက်စွဲပါစာ(၅)စောင် = ဦးဇယန္တ၏ချေပလွှာ၊ အရှေ့ကျောင်းပရိယတ္တိစာသင်တိုက်ဂေါပက၏ချေပလွှာ၊ ရပ်ကွက်ကောင်စီဥက္ကဋ္ဌ၏ထောက်ခံလွှာ၊ ရပ်ကွက်နေလူထု၏ထောက်ခံချက် လက်မှတ်ထိုးစာလွှာ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်၏ မြို့ပေါ်၌ဝိဝါဒါဓိကရုဏ်းမှုဖြစ်ပွါးနေခြင်းအကြောင်း လျှောက်ထားလွှာ အသီးသီး၌ အကျယ်ရှုပါ။)

၂၅။(က) ဖေါ်ပြပါပစ်စာ(၂)မျိုးတို့တွင် ဒုတိယအကြိမ်ပစ်စာ၌ တိုင်ကြားသူ ဦးဇယန္တဟု လက်မှတ်တုထိုးလိုက်ခြင်းကြောင့် ပို၍ရှုပ်ထွေးလာပါသည်။ ဖေါ်ပြပါလက်မှတ်တုကိစ္စနှင့်စပ်လျဉ်း၍ ဦးဇယန္တက-

"၎င်းဝါဆိုဆရာတော်ဘဒ္ဒန္တစန္ဒိမာ(အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်)အား အပုပ်ချတိုင်ကြားသူသည် တပည့်တော်ဇယန္တ လုံးဝမဟုတ်ပါကြောင်း ပြန်လည်ချေပလွှာ တင်သွင်းလျှောက်ထားအပ်ပါသည်ဘုရား"ဟု ရေးသားရှင်းလင်း တင်ပြထားပါသည်။ ၎င်းရှင်းလင်းချက်ကို ၂၄-၁၁-၂၀၀၉ ရက်စွဲဖြင့် ရေးသား၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ထံ ဆက်ကပ်ခဲ့ကြောင်း သိရပါသည်။

၂၅။(ခ) ၎င်းရက်စွဲ(၂၄-၁၁-၂၀၀၉)မှာပင် အရှေ့ကျောင်းပရိယတ္တိစာသင်တိုက်ဂေါပကအဖွဲ့ကလည်း-

"ဆရာတော်ဘဒ္ဒန္တစန္ဒိမာ(အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်)အား အပုပ်ချတိုင်ကြားသူသည် ရှေ့ကျောင်းပရိယတ္တိစာသင်တိုက်ဆရာတော်ဇယန္တ လုံးဝမဟုတ်ပါကြောင်း ဂေါပကအဖွဲ့အနေဖြင့် လက်မှတ်ရေးထိုး တင်ပြလျှောက်ထားအပ်ပါသည်ဘုရား"ဟုရေးသား၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ထံ ဆက်ကပ်ခဲ့ကြောင်း သိရပါသည်။

၂၅။(ဂ) ၎င်းရက်စွဲ(၂၄-၁၁-၂၀၀၉)မှာပင် ကချင်ပြည်နယ် မိုးညှင်းမြို့ အရှေ့စုရပ် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်စိုးကလည်း-

"အရှေ့ကျောင်းပရိယတ္တိစာသင်တိုက်ဆရာတော်ဦးဇယန္တသည် ဆရာတော်ဘဒ္ဒန္တစန္ဒိမာ(အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်)အား အပုပ်ချတိုင်ကြားသည့် အကြောင်းအရာမှာ လုံးဝမမှန်ကန်ပါကြောင်း ထောက်ခံအပ်ပါသည်"ဟုရေးသား၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်မှစ၍ တပ်ဆွယ်မျူး၊ မြန်မာနိုင်ငံရဲလတင်းတပ်ဖွဲ့၊ မိုးညှင်းမြို့-အထိ (၁၇)ဌာနရှိ အကြီးအကဲ ဥက္ကဋ္ဌ အသီးသီးထံ ဖြန့်ဝေခဲ့ကြောင်း သိရပါသည်။ တစ်ဖန် ထောက်ခံသူ ဦးရေ(၃၀)တို့၏ အမည်၊ မှတ်ပုံတင်နံပါတ်၊ တာဝန်၊ နေရပ်၊ လက်မှတ် ပါဝင်သည့် စာရွက်ကိုလည်း ပူးတွဲဖြန့်ဝေထားကြောင်း သိရပါသည်။

၂၅။(ဃ) ၎င်းရက်စွဲ(၂၄-၁၁-၂၀၀၉)မှာပင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကလည်း- အကြောင်းအရာကို "မဟာသတိပဋ္ဌာန်ရိပ်သာဦးခေမိန္ဒ အဝမ္မဝါဒ ဆုံးဖြတ်ခံရပြီးနောက် အကျိုးဆောင်ဒါယကာများ လှုပ်ရှားမှုကြောင့်

မြို့ပေါ်၌ ဝိဝါဒါဓိရုဏ်းမှု ဖြစ်ပွါးနေခြင်း”ဟု ဖော်ပြထားပြီးလျှင် ဆက်လက်၍-

“နိုင်သီးခြား(၁၅/၂၀၀၆)က အဓမ္မဝါဒဟု ဆုံးဖြတ်ခံရပြီးနောက်ပိုင်း ဦးခေမိန္ဒ၏နောက်လိုက်အကျိုးတော်ဆောင်အဖွဲ့များသည် -----တောရွာများမှ ဒါယကာဒါယိကာမများကို စည်းရုံးပြီး တရားပွဲကျင်းပခဲ့ကြပါသည်။ ဦးခေမိန္ဒဟောကြားထားသောတရားများမှာ မူလဟောထားသောတရားများသာ(အဓမ္မဝါဒများသာ) ဖြစ်ကြပါသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ ဗွီဒီယိုခွေနှင့် ကက်စက်ခွေများ ပေးပို့ထားပြီး ဖြစ်ပါသည်”ဟု ဖော်ပြလျှောက်တင်ထားကြောင်း သိရပါသည်။ တစ်ဖန်ဆက်လက်၍လည်း-

“မြို့ပေါ်ဝိဝါဒမှုဖြစ်ပွါးရှုပ်ထွေးလာခြင်း”ဟု ခေါင်းစီးငယ်တင်လျက် “မဟာသတိပဋ္ဌာန်ရိပ်သာဆရာတော်၏ အကျိုးဆောင်အဖွဲ့များသည် စာရေးဆရာမဝင်းမာခင်အား ဦးခေမိန္ဒ၏ခွင့်ပြုချက်ဖြင့် တရားစွဲခြင်း၊ ၎င်းနောက် ဝါဆိုဆရာတော်ဦးစန္ဒိမာ(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်)အား ပြည်နယ်သာသနာရေးဌာနသို့ တိုင်ကြားခြင်း၊ ပစ်စာများပစ်ခြင်း၊ မြို့ပေါ်တွင် များစွာသောကိစ္စများဖြင့် ဝါဒဖြန့်စည်းရုံးနေခြင်းတို့ကို ပြုလုပ်နေကြပါသည်ဘုရား။ ယခုတစ်ဖန် အရှေ့ကျောင်းပရိယတ္တိစာသင်တိုက် ဦးဇယန္တနာမည်ကို အလွဲသုံးစားပြုပြီး တိုင်ကြားစာအဖြစ် ပြောင်းလွဲဖြန့်ဝေကြပါသည်ဘုရား။ ယခုစာထဲပါသော အကြောင်းအရာများသည် မူလပစ်စာနှင့် အားလုံးတူညီပါသည်ဘုရား”ဟုလည်း ဖော်ပြထားပါသည်။

၂၆။ အထက်တွင် တင်ပြအပ်သော ဖြစ်စဉ်အမှတ် (၂၃။ ၂၄။ ၂၅။(က၊ ခ၊ ဂ၊ ဃ)အရ တိုင်ကြားသူနေရာတွင် ဖော်ပြခံရသော မိုးညှင်းမြို့သူ/မြို့သားများအရ မည်သူမည်ဝါဟု တိတိကျကျ မသိရသေးလျှင် မြို့နယ်အုပ်ချုပ်ရေးတာဝန်အရ အစိုးရအဖွဲ့အစည်းများမှာ တာဝန်ရှိပါသည်။ မှန်၏။ ဤဝေါဟာရအတွင်းမှာ ကာယကံရှင်တို့ကို မဖော်ပြလျှင် အစိုးရအဖွဲ့အစည်း၏ အုပ်ချုပ်မှုအောက်မှာ နေထိုင်သူများဖြစ်သည့်အလျောက် အစိုးရအဖွဲ့အစည်းအပေါ်မှာ တာဝန်ရှိနေကြောင်း သိရပါသည်။

တစ်ဖန် တိုင်ကြားစွပ်စွဲခံရသူကာယကံရှင် ဦးစန္ဒိမာ၊ စာထားရွာဘုန်းကြီး၊ မဝင်းမာတို့မှာလည်း တာဝန်ရှိကြပါသည်။

တစ်ဖန်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှာလည်း မိမိတို့၏အဖွဲ့ဝင် ဂုဏ်သရေရှိ ဆရာတော်တစ်ပါးပါးကို ဤသို့စွပ်စွဲလာပါက ဤသို့ပင် နှုတ်ဆိတ်၍ နေလေ့ရှိကြပါသည်ဟု ဖွင်ဟပေးထားလိုက်လျှင် နောက်နောင်အခါများမှာလည်း အလားတူပြဿနာများ ပေါ်ပေါက်လာကြလိမ့်မည်ဖြစ်ကြောင်း တွက်ဆမြော်မြင်၍ ဆောင်ရွက်ရမည့်တာဝန်များ ထင်ရှားရှိပါသည်။

ဤသို့တာဝန်ရှိသူများထဲက တစ်ဦးတစ်ယောက်ကပင် တာဝန်ရှိသည့်အတိုင်း ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ပါက -

-ပစ်စာဖြန့်ဝေသူများကိုလည်း တွေ့အောင်ရှာနိုင်ကြမည်။

-ပစ်စာပစ်မှုကိုအကြောင်းပြု၍ တည်ဆဲဥပဒေအရ စွဲချက်တင်မှု အရေးယူမှုတို့ကိုလည်း ဆောင်ရွက်နိုင်ကြမည်။

-စစ်ဆေးချက်များအရ အပြစ်ရှိကြောင်းထင်ရှားပေါ်ပေါက်လာပါက အပြစ်အလျောက် ပြစ်ဒဏ်စီရင်ချက်အမိန့်ချမှတ်နိုင်ကြမည်။ အကယ်၍ ပြစ်ဒဏ်ချမှတ်ဖွယ်မရှိကြောင်း ပေါ်ပေါက်လာခဲ့ပါမူကား နောက်နောင်အခါ ဤကဲ့သို့ အပြုအမူမျိုး မပေါ်ပေါက်အောင် သတိပေးထား တားမြစ်နိုင်ကြမည်။ သို့သော်---------။

အမေး။ ။ပစ်စာပစ်သူများကိုပင် တွေ့အောင်မရှာနိုင်ကြပေ။ အဘယ့်ကြောင့်ပါနည်း။

အဖြေ။ ။------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------

တိုင်ကြားသူနေရာတွင် ဖော်ပြခံရသော ဦးဇယန္တ(ကျောင်းထိုင်)အရ ကာယကံရှင်ဦးဇယန္တ၊ ၎င်းကျောင်း၏ဂေါပကအဖွဲ့၊ ၎င်း၏ရပ်ကွက်ဥက္ကဋ္ဌ၊ ရပ်ကွက်သူရပ်ကွက်သားများ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌတို့က ချေပလွှာ၊ ထောက်ခံချက် စသည်များကို အသီးသီးပေးပို့ကြ၍ စာပစ်သူများကိုဖော်ထုတ်နိုင်အောင် ဆောင်ရွက်ခဲ့ကြပါသည်။ သို့သော်-

အမေး။ ။ပစ်စာဖြန့်ဝေသူများကို ဖော်ထုတ်နိုင်အောင် မြို့နယ်တရားရုံး စသည်တို့နှင့် ရဲစခန်းစသည်တို့မှာ တိုင်ကြား၍ အမှုဖွင့်၍ ဆောင်ရွက်မှုမျိုး မဟုတ်ခြင်းကြောင့် ပစ်စာဖြန့်သူများကိုပင် မဖော်နိုင်ကြပေ။ အဘယ့်ကြောင့်ပါနည်း

အဖြေ။ ။------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

၂၇။(က) အကယ်၍ ဤကိစ္စများက ဤအတိုင်းအတာထက် ပို၍ပို၍ ဖြစ်ပွါးလာကြလျှင် ကြီးမားသောဝိဝါဒါ မိကရုဏ်းကြီးအဖြစ်သို့ ရောက်ရှိသွားနိုင်ပါသည်။

၂၇။(ခ) ဤအတိုင်းအတာမျှသာ ဖြစ်နေပါလျက်ကပင် အပိုင်း(တစ်)အရ ဦးခေမိန္ဒအပေါ် တရားစွဲဆိုသင့်သည့်အတိုင်း တရားစွဲဆိုမှုမပြုနိုင်သေးခြင်းကြောင့် - အပိုင်း(နှစ်)အရ မဝင်းမာအပေါ် တရားစွဲဆိုမှု ပေါ်ပေါက်လာကာ ပြဿနာများ ရှုပ်ထွေးလျက် အချိန်လည်းကုန် ငွေလည်းကုန် လူလည်းပန်း ဖြစ်ကြရပါသည်။ တစ်ပြိုင်နက်ပင်လျှင် - အပိုင်း(သုံး)အရ ဦးစန္ဒိမာ(အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်)၊ စာထားရွာဘုန်းကြီး၊ ဦးဇယန္တ-တို့နှင့် မဝင်းမာတို့ အပေါ် အပုပ်ချမှု စာပစ်မှု ပေါ်ပေါက်လာကာ ပြဿနာများ ရှုပ်ထွေးလျက် သက်ဆိုင်ရာရုံးဝန်ထမ်းများပါ အလုပ်ရှုပ်နေကြရပြန်ပါသည်။

၂၇။(ဂ) သို့ရာတွင် အကယ်၍ အပိုင်း(တစ်)အရ ဦးခေမိန္ဒအပေါ် တရားစွဲဆိုသင့်သည့်အတိုင်း တရားစွဲဆိုမှု ပြုနိုင်ဖို့ရန်- “ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းဖြေရှင်းဆုံးဖြတ်ချက်များကာကွယ်စောင့်ရှောက်သည့်ဥပဒေ ဥပဒေပုဒ်မ-၁၂ အရ (ပြစ်မှုပုဒ်မ ၆/၇-ကို လွန်ကျူးမှုပြုနေသည်ဖြစ်၍ ပြစ်ဒဏ်ပုဒ်မ ၁၀/၁၁-အကျုံးဝင်)) သာသနာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပါမူကား ဦးခေမိန္ဒအပေါ်၌သာ မကသေးဘဲ ဦးခေမိန္ဒ၏အရှေ့ရိပ်သာဂေါပကအဖွဲ့(နာမည်ပေါ်ပြီးသားများ) အပေါ်၌ပါ တရားစွဲဆိုမှုပြုနိုင်ဖို့ရန်လည်း-ထင်ထင်ရှားရှား မှတ်တမ်းဝင်လျက် ရှိနေကြကြောင်း သိရပါသည်။

# အပိုင်း(လေး)

## (မိုးညှင်းမြို့အဓမ္မဝါဒီများအားတရားစခန်းဖွင့်ခွင့်ပေးသင့်မပေးသင့်ကိစ္စ)

၂၈။ အထက်တွင် တင်ပြအပ်သော အပိုင်း(တစ်) အပိုင်း(နှစ်) အပိုင်း(သုံး) အသီးသီးအတွင်းမှာ-

(က)ဖြစ်သင့်သည့်အတိုင်း ဖြစ်ခဲ့ကြသည့် အခြေအနေများ

(ခ)ဖြစ်သင့်သည့်အတိုင်း မဖြစ်ခဲ့ကြသည့် အခြေအနေများ

(ဂ)မဖြစ်သင့်သည့်အတိုင်း ဖြစ်ခဲ့ကြသည့် အခြေအနေများ

(ဃ)မဖြစ်သင့်သည့်အတိုင်း မဖြစ်ခဲ့ကြသည့် အခြေအနေများဟူ၍ ပါဝင်နေကြပါသည်။

ဖော်ပြပါ(က)(ခ)(ဂ)(ဃ)အမှတ်ပြ ပမာဏတို့ကို အမိအရ မြင်ကြသိကြ ဆင်ခြင်ကြရန် အခြေခံအဖြေမှန်တို့ကို (လိုပြ) သက်သေ(၆)ဦးတို့၏ အစစ်ခံ-ထွက်ဆိုချက်များမှ ကူးယူ၍ ဖော်ပြလိုက်ပါဦးမည်။

၂၉။ (လိုပြ-၁) သက်သေဦးကြီးမောင်၏ ထွက်ဆိုချက်မှာ-

-ကျွန်တော်သည် မိုးညှင်းမြို့ မဟာသတိပဋ္ဌာန်အရှေ့ရိပ်သာကျောင်းတွင် အကျိုးတော်အဖွဲ့ဥက္ကဋ္ဌအဖြစ် (၂၈-၁၀-၂၀၀၈)နေ့မှစတင် တာဝန်ထမ်းဆောင်သည်။

-ဆောင်းပါးပါအချက်အလက်နှင့်ပတ်သက်၍ အစည်းအဝေးပြုလုပ်သည့်မှတ်တမ်းအား ၁၅-၆-၂၀၀၉ နေ့တွင် **ဆရာတော်(ဦးခေမိန္ဒ)ကိုယ်တိုင်ဦးစီးကာ အစည်းအဝေးပြုလုပ်**၍ ယင်းအစည်းအဝေးဆုံးဖြတ်ချက်အရ ဆောင်းပါးရှင်အား အရင်စုံစမ်းပါသည်။

-မြို့နယ်သံဃနာယကအဖွဲ့အနေဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ တရားစွဲဆိုခွင့်ပြုမပြု အကြောင်းပြန်ကြားလာခြင်းတော့ မရှိပါ။

**-အချင်းဖြစ်ကိစ္စနှင့်ပတ်သက်၍ ၈-၇-၂၀၀၉ နေ့တွင် မိုးညှင်းမြို့နယ်တရားရုံးတော်သို့ ဦးတိုက်လျှောက်ထားခြင်း ဖြစ်သည်။**

-၂၀-၇-၂၀၀၉ နေ့စွဲဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌထံသို့ အချင်းဖြစ်ကိစ္စနှင့်ပတ်သက်၍ စွပ်စွဲခံရသူနှစ်ဦးကို သံဃာ့တရားရုံးတွင် စွဲဆိုရမည် သို့မဟုတ် သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုရမည်ကို လမ်းညွှန်ပြန်ကြားပေးတော်မူပါရန်ကိစ္စ ပေးပို့သည်။

-ယင်းကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် အကြောင်းပြန်ကြားလာခြင်း မရှိပါ။

-ယင်းအမှုအားတရားစွဲဆိုပြီးနောက်ပိုင်းတွင်လည်း-

**၁၀-၈-၂၀၀၉ နေ့မှ ၁၇-၈-၂၀၀၉ နေ့ထိ တစ်ကြိမ်**

**၂၄-၈-၂၀၀၉ နေ့မှ ၃၁-၈-၂၀၀၉ နေ့ထိ ဒုတိယအကြိမ်**

**၈-၉-၂၀၀၉ နေ့မှ ၁၅-၉-၂၀၀၉ နေ့ထိ တတိယအကြိမ်**

**ဝါတွင်းကာလများတွင်လည်း တရားစခန်းများ ဖွင့်လှစ်ခဲ့ပါသည်။**

-၅-၈-၂၀၀၉ ရက်စွဲဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ ထေရဝါဒပိဋကတ်တော်နှင့်ညီညွတ်သော တရားများကို ဟောကြားပြသခွင့် ပြုတော်မူပါရန် တင်ပြလျှောက်ထားသည်။

**-ဆရာတော်(ဦးခေမိန္ဒ)နှင့်ကျောင်းအား စော်ကားသဖြင့် တရားစွဲဆိုရခြင်း ဖြစ်သည်။**

-ဆရာတော်သည် ၁၃၃၁-ခုနှစ်မှစ၍ ယင်းအရှေ့ရိပ်သာကျောင်းတွင် စတင်ကျောင်းထိုင်နေကြောင်း သိရသည်။ မည်သည့်ခုနှစ်တွင် ရဟန်းစတင်ဝတ်သည်ကို မသိပါ။

**-<u>၁၃၅၁-ခုနှစ်မှ ယနေ့အချိန်ထိ တရားစခန်းများ ဖွင့်လှစ်ခြင်း ဖြစ်သည်။</u> တစ်နှစ်=လေးကြိမ် တရားစခန်းများ ဖွင့်လှစ်ဟောကြားခြင်း ဖြစ်သည်။**

မေး။ ၆-၉-၂၀၀၇ ရက်စွဲဖြင့် ဆရာတော်ဦးခေမိန္ဒနှင့် အကျိုးဆောင်အဖွဲ့က ထေရဝါဒပိဋကတ်တော်များနှင့်ညီညွတ်သော တရားတော်များဟောကြားခွင့်ပြုရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်ပြခဲ့သည်မှာ မှန်သလား။

ဖြေ။ ကျွန်တော်ဥက္ကဋ္ဌမလုပ်သေးသဖြင့် မသိရပါ။

မေး။ ဆရာတော်ဦးခေမိန္ဒနှင့် မဟာသတိပဋ္ဌာန်အရှေ့ရိပ်သာအကျိုးဆောင်အဖွဲ့၏ တင်ပြချက်များအပေါ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က "ဥက္ကဋ္ဌ ပြည်နယ်သံဃနာယကအဖွဲ့"သို့ ၂၀-၈-၂၀၀၉ ရက်စွဲဖြင့် စာအမှတ် ၇၀၀/၅၉၇/စာမေးပွဲ/မဟန-၂၀၀၉ ဖြင့် ညွှန်ကြားခဲ့သည်ကို သိသလား။

ဖြေ။ မသိပါ။

(အပြည့်အစုံကို တရားလိုသက်သေအမှတ် ၁ ၏ ထွက်ချက်-၃ ၌ ရှုပါ။)

**<u>တရားလိုသက်သေအမှတ် ၁ ၏ ကိုယ်ရေးရာဇဝင်အကျဉ်း</u>**

အမည် = ဦးကြီးမောင် အသက် = ၅၉/၂၀၀၉ အမျိုးသားမှတ်ပုံတင်အမှတ် = ၁/မညန(နိုင်) ၁၂၃၁၂၈

လူမျိုး = ဗမာ ကိုးကွယ်သည့်ဘာသာ = ဗုဒ္ဓ နေရပ် = ၁၄၅/အောင်သပြေ(၁) မိုးညှင်းမြို့။

၃၀။ (လိုပြ ၂) သက်သေဦးတင်အေး၏ ထွက်ဆိုချက်မှာ-

-ကျွန်တော်သည် မဟာသတိပဋ္ဌာန်ရိပ်သာတွင် အတွင်းရေးမှူးတာဝန် ထမ်းဆောင်ရပါသည်။

-တရားစခန်းဖွင့်ရာတွင် အခက်အခဲ မရှိပါ။

မေး။ မြို့နယ်သံဃနာယကအဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက တရားစခန်းအား မဖွင့်ရန် ပိတ်ပင်သည့်စာ ရှိသလား။

ဖြေ။ ၁၃၇၀-ပြည့်နှစ် တပေါင်းလအတွင်းမှာ တစ်ကြိမ် ပိတ်ပင်ခံခဲ့ရပါသည်။ ယင်းစာ ကျွန်တော့်ထံတွင် ပါမလာပါ။ အချင်းဖြစ်ကိစ္စအား ဒေါ်ဝင်းမာကို တရားစွဲဆိုခဲ့ခြင်းမှာ ဦးကြီးမောင်၏ သဘောဆန္ဒအရ မဟုတ်ဘဲ ကျွန်တော်တို့၏ အကျိုးဆောင်အဖွဲ့၏အစည်းအဝေး ဆုံးဖြတ်ချက်အရ ဖြစ်သည်။ အစည်းအဝေးတွင် အကျိုးဆောင်အဖွဲ့(၉)ယောက် တက်ရောက်၍ ဆုံးဖြတ်ချက်တွင် လက်မှတ်ရေးထိုးကြပါသည်။

မေး။ အကျိုးဆောင်အဖွဲ့အား မည်သည့်နေရက်တွင် စတင်ဖွဲ့စည်းခဲ့သနည်း။

ဖြေ။ ၂၀၀၂-ခုနှစ်အတွင်း ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။

မေး။ အဖွဲ့ဝင်(၉)ဦး၏ အမည်စာရင်းအား မြို့နယ်သာသနာရေးဦးစီးဌာနနှင့် မြို့နယ်သံဃနာယကအဖွဲ့သို့ တင်ပြခဲ့ခြင်း ရှိပါသလား။

ဖြေ။ တင်ပြထားပါသည်။ (၁၂)ယောက် ဖြစ်ပါသည်။

မေး။ ယင်းသက်သေခံ(ဂ)တွင် (၁၂)ယောက်လုံး လက်မှတ်မထိုးဘူး(လား)။

ဖြေ။ ခရီးလွန်နေကြ၍ ဖြစ်ပါသည်။

(အပြည့်အစုံကို တရားလိုသက်သေအမှတ် ၂ ၏ ထွက်ချက်-၅ ရှုပါ။)

**<u>တရားလိုသက်သေအမှတ် ၂ ၏ ကိုယ်ရေးရာဇဝင်အကျဉ်း</u>**

အမည် = ဦးတင်အေး အသက် = ၆၀/၂၀၀၉ အမျိုးသားမှတ်ပုံတင်အမှတ် = ၁/မညန(နိုင်) ဝ၆၇၉၁၂

လူမျိုး = ဗမာ ကိုးကွယ်သည့်ဘာသာ = ဗုဒ္ဓ နေရပ် = ၁၂၀/အောင်သပြေ(၁)ရပ်ကွက် မိုးညှင်းမြို့။

၃၁။ (လိုပြ ၃) သက်သေဦးခင်မောင်၏ ထွက်ဆိုချက်မှာ-

-ကျွန်တော်သည် မဟာသတိပဋ္ဌာန်ရိပ်သာအကျိုးဆောင်အဖွဲ့တွင် အဖွဲ့ဝင်တစ်ဦး (တွဲဖက်အတွင်းရေးမှူး) ဖြစ်ပါသည်။

-ယင်းဆောင်းပါးရှင်နှင့် အေးချမ်းစွာ ညှိနှိုင်းဖြေရှင်းကြရန် ဦးလေးမြိုင်က ဖုန်းနှင့် ပြောသည်။

မေး။ အစည်းအဝေးအား ဆရာတော်(ဦးခေမိန္ဒ)၏ရှေ့မှောက်တွင် ပြုလုပ်ခဲ့ခြင်း မဟုတ်(ဘူးလား)။

ဖြေ။ ဆရာတော်(ဦးခေမိန္ဒ)၏ရှေ့မှောက်တွင် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

မေး။ တွဲဖက်အတွင်းရေးမှူးအဖြစ် မည်သည့်နေ့မှ စတင်ထမ်းဆောင်ခဲ့တာလဲ။

ဖြေ။ ၂၀၀၂-ခုနှစ်အတွင်း ဝါတွင်းကာလမှ စတင်ထမ်းဆောင်ခဲ့ခြင်း ဖြစ်သည်။

(အပြည့်အစုံကို တရားလိုသက်သေအမှတ် ၃ ၏ ထွက်ချက်-၅ ရှုပါ။)

**<u>တရားလိုသက်သေအမှတ် ၃ ၏ ကိုယ်ရေးရာဇဝင်အကျဉ်း</u>**

အမည် = ဦးခင်မောင် အသက် = ၆၅/၂၀၀၉ အမျိုးသားမှတ်ပုံတင်အမှတ် = ၁/မညန(နိုင်) ၀၅၀၈၃၃

လူမျိုး = ဗမာ ကိုးကွယ်သည့်ဘာသာ = ဗုဒ္ဓ နေရပ် = အောင်သပြေ(၁)ရပ်ကွက် မိုးညှင်းမြို့။

၃၂။ (လိုပြ ၄) သက်သေဦးခင်မောင်ရွှေ၏ ထွက်ဆိုချက်မှာ-

-ကျွန်တော်သည် မဟာသတိပဋ္ဌာန်ရိပ်သာတွင် အကျိုးတော်ဆောင် (အဖွဲ့ဝင်) ဖြစ်ပါသည်။

-ဆရာတော်၏ ကမ္မဋ္ဌာန်းရိပ်သာတွင် တစ်နှစ်လေးကြိမ် ကမ္မဋ္ဌာန်းတရားစခန်း ဖွင့်လှစ်ပြသသည်။

-ဆရာတော်(ဦးခေမိန္ဒ)၏ ဟောကြားသောတရားများနှင့်ပတ်သက်၍ ဖြေရှင်းခဲ့ရခြင်း မရှိပါ။

-၂၀၀၆-ခုနှစ်လောက်တွင် ဆရာတော်(ဦးခေမိန္ဒ)၏တရား မှားသည်ထင်၍ ဆရာတော်ကို နိုင်ငံတော် ဗဟိုသံဃနာယကအဖွဲ့(ရန်ကုန်)သို့ သွားရောက်စစ်ဆေးခံရဖူးပါသည်။

-ထိုသို့စွပ်စွဲခံရသည်မှာ ဆရာတော်နှစ်ပါးကို တစ်ကျောင်းစီမှတ်၍ ၎င်းနှစ်ပါးကို စွပ်စွဲချက်မှာ (၄၃)ချက်ဖြစ်ပြီး ဦးခေမိန္ဒနှင့် သက်ဆိုင်သည်မှာ (၃၄)ချက် ဖြစ်သည်။

**-ဆရာတော်သည် ယင်း(၃၄)ချက်နှင့်ပတ်သက်၍ "<u>မဟောပြောပါဘူး</u>"ဟု "<u>အေးသွားအောင်</u>" လက်မှတ်ထိုးပေးခြင်းဖြစ်ကြောင်း သိရသည်။**

-ဦးကြီးမောင်၏တင်ပြချက်အပေါ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် ၂၁-၉-၂၀၀၉ နေ့တွင် ပြန်ကြားခြင်း ဖြစ်ပါသည်။ ထိုနောက်ပိုင်းတွင်လည်း အထစ်အငေါ့မရှိ ဖွင့်လှစ်ခဲ့ရပါသည်။ တရားစခန်းများ ဖွင့်လှစ်ရာတွင် အနှောက်အယှက် မရှိပါ။ သက်ဆိုင်ရာမှလည်း လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများအနေဖြင့်လည်း စောင့်ရှောက်ပေးရခြင်း မရှိပါ။

-ဦးလေးမြိုင်သည် အချင်းဖြစ်ဆောင်းပါးနှင့်ပတ်သက်၍ ချေပသည့်စာရေးနိုင်ကြောင်း ပြောကြားသည်။

-မြို့နယ်သံဃနာယကအဖွဲ့အနေဖြင့် အချင်းဖြစ်ကိစ္စအပေါ် ကျွန်တော်တို့ကို ခေါ်ယူခြင်း ဩဝါဒပေးခြင်း တစ်စုံတစ်ရာ မပြုလုပ်ခဲ့ပါ။

-၂၀၀၇-ခုနှစ်တွင် တရားစခန်းဖွင့်ပြီးနောက်(၅)ရက်မှာ သံဃအရေးအခင်းဖြစ်သောကြောင့် ဂယက်မရိုက်ရန် မြို့နယ်မယကဥက္ကဋ္ဌနှင့် သာသနာရေးမှူးတို့က ညှိနှိုင်းသဖြင့် ယင်းတရားစခန်းအား ခေတ္တရပ်နားရခြင်း ဖြစ်သည်။ ဆရာတော်၏အပြစ်ကြောင့် မဟုတ်ပါ။ ယင်းတစ်ကြိမ်ရပ်နားပြီးနောက်ပိုင်းများတွင် တရားစခန်း ရပ်နားခြင်း မရှိပါ။

မေး။ ရိပ်သာအကျိုးဆောင်အဖွဲ့အနေဖြင့် ၂၀၁၀-ခုနှစ်အတွင်း တရားစခန်းဖွင့်လှစ်ရန် စီစဉ်ထားခြင်း ရှိသလား။

ဖြေ။ သူ့အချိန်ကျလျှင် သူဖွင့်မည် ဖြစ်ပါသည်။

(အပြည့်အစုံကို တရားလိုသက်သေအမှတ် ၄ ၏ ထွက်ချက်-ဌ ရှုပါ။)

**<u>တရားလိုသက်သေအမှတ် ၄ ၏ ကိုယ်ရေးရာဇဝင်အကျဉ်း</u>**

အမည် = ဦးခင်မောင်ရွှေ အသက် = ၆၂/၂၀၀၉ အမျိုးသားမှတ်ပုံတင်အမှတ် = ၁/မညန(နိုင်) ၀၆၆၂၉၅

လူမျိုး = ဗမာ ကိုးကွယ်သည့်ဘာသာ = ဗုဒ္ဓ နေရပ် = အမှတ် ၁၀၀/နတ်ကြီးကုန်းရပ်ကွက် မိုးညှင်းမြို့။

၃၃။ (လိုပြ ၅) သက်သေဦးအေးနိုင်၏ ထွက်ဆိုချက်မှာ-

-ကျွန်တော်သည် မဟာသတိပဋ္ဌာန်ရိပ်သာတွင် ဆေးဝါးဒါန ပြုပေးပါသည်။ အဖွဲ့ဝင်တစ်ဦး ဖြစ်ပါသည်။

-တရားစခန်းများပြီးမြောက်အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပါသည်။ အေးအေးဆေးဆေးပြီးမြောက်ပါသဖြင့် လုံခြုံရေး မချမှတ်ရပါ။

-တရားစခန်းတွင် ယောဂီ(၁၀၀)ကျော်မှ (၄၀၀)အထိ ရှိပါသည်။

-ဦးမျိုးအောင်ကလည်း အရေးယူ၍ရကြောင်း ပြောပြသည်။ဓ

-ဓမ္မရတနာမဂ္ဂဇင်းသို့ ဖုန်းသတင်းဖြင့် စာရေးကြောင်း ဆက်သွယ်အကြောင်းကြားခဲ့သည်။

-ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည့်အကြောင်းပါရှိပြီး ခဃက၊ မယကနှင့် မြို့နယ်သံဃနာယက (ဥက္ကဋ္ဌ)ထံလည်း စာများပေးပို့ခဲ့ပါသည်။

-နောက်တစ်ကြိမ် ဥပဒေအရတရားစွဲဆိုပြီးကြောင်းလည်း ခဃက၊ မယကနှင့် မြို့နယ်သံဃနာယကအဖွဲ့သို့ အကြောင်းကြားခဲ့ပါသည်။

-အားလုံး အဖွဲ့၏ဆုံးဖြတ်ချက်နှင့် တိုင်ကြားခြင်း ဖြစ်သည်။ ဦးကြီးမောင် တစ်ဦးတည်းသဘောအရ မဟုတ်ပါ။

မေး။ ဦးအေးနိုင်အနေဖြင့် ရိပ်သာအကျိုးဆောင်အဖွဲ့ဝင်အဖြစ် မည်သည့်နေ့ရက်တွင် စတင် တာဝန်ထမ်းဆောင်သလဲ။

ဖြေ။ ၂၀၀၄-၂၀၀၅ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်ခြင်း ဖြစ်သည်။

(အပြည့်အစုံကို တရားလိုသက်သေအမှတ် ၅ ၏ ထွက်ချက်-ဦ ရှုပါ။)

**<u>တရားလိုသက်သေအမှတ် ၅ ၏ ကိုယ်ရေးရာဇဝင်အကျဉ်း</u>**

| | | |
|---|---|---|
| အမည် = ဦးအေးနိုင် | အသက် = ၅၉/၂၀၀၉ | အမျိုးသားမှတ်ပုံတင်အမှတ် = ၁/မညန(နိုင်) ၀၀၆၃၉၄ |
| လူမျိုး = ဗမာ | ကိုးကွယ်သည့်ဘာသာ = ဗုဒ္ဓ | နေရပ် = အမှတ် ၂၄၄/အုတ်ကျင်းရပ် မိုးညှင်းမြို့။ |

၃၄။ (လိုပြ ၆) သက်သေမျိုးအောင် (စာရေးဆရာ မိုးအောင် ကချင်မြေ)၏ ထွက်ဆိုချက်မှာ-

-ကျွန်တော်သည် မိုးညှင်းမြို့နယ် စာပေနှင့်စာနယ်ဇင်း ဥက္ကဋ္ဌဖြစ်ပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ညီလာခံကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရသည်။ မြို့နယ်ဥက္ကဋ္ဌတာဝန်အား အခြားသူတစ်ဦးအား (၄)နှစ်ပြည့်သဖြင့် လွှဲပြောင်းပေးလိုက်ရပါသည်။

-ဦးလေးမြိုင်နှင့်ဆောင်းပါးရှင်တို့ ဆက်သွယ်ပြီး ဘုန်းကြီးကိုတွေ့ဆုံပေးပါက အဆင်ပြေမည်ဖြစ်ကြောင်း ပြောပါသည်။

-ဂေါပကအဖွဲ့အနေဖြင့်လည်း **“ဘုန်းကြီးပြီးရင် ပြီးတာပါပဲ”**ဟု ပြောသည်။

မေး။ ဝင်းမာခင်ဆောင်းပါးပါရှိသည့် ဓမ္မရတနာမဂ္ဂဇင်းအား စာပေစိစစ်ရေးဌာနမှခွင့်ပြုပြီး ထုတ်ဝေသည် (မဟုတ်လော)

ဖြေ။ ကျွန်တော့်စာအုပ်တိုက်၊ ကျွန်တော်ထုတ်ဝေသည့်မဂ္ဂဇင်း မဟုတ်သဖြင့် အဖြေမပေးနိုင်ပါ။

(အပြည့်အစုံကို တရားလိုသက်သေအမှတ် ၆ ၏ ထွက်ချက်-ဦ ရှုပါ။)

**<u>တရားလိုသက်သေအမှတ် ၆ ၏ ကိုယ်ရေးရာဇဝင်အကျဉ်း</u>**

အမည် = ဦးမျိုးအောင် အသက် = ၆၆/၂၀၀၉ အမျိုးသားမှတ်ပုံတင်အမှတ် = EN ၀၀၁၈၂၈

လူမျိုး = ဗမာ ကိုးကွယ်သည့်ဘာသာ = ဗုဒ္ဓ နေရပ် = အောင်သပြေရပ်ကွက် မိုးညှင်းမြို့။

ဖော်ပြပါထွက်ချက်တို့ကို သုံးသပ်ကြည့်လိုက်လျှင် အပိုင်း(တစ်) အပိုင်း(နှစ်) အပိုင်း(သုံး) အသီးသီးအတွင်းမှာ- (က)ဖြစ်သင့်သည့်အတိုင်း ဖြစ်ခဲ့ကြသည့် အနေအထားများက ဤမျှလောက်အထိ ပါရှိကြကုန်၏။

(ခ)ဖြစ်သင့်သည့်အတိုင်း မဖြစ်ခဲ့ကြသည့် အနေအထားများက ထိုမျှလောက်အထိ ပါရှိကြကုန်၏။

(ဂ)မဖြစ်သင့်သည့်အတိုင်း ဖြစ်ခဲ့ကြသည့် အနေအထားများက ဤမျှလောက်အထိ ပါရှိကြကုန်၏။

(ဃ)မဖြစ်သင့်သည့်အတိုင်း မဖြစ်ခဲ့ကြသည့် အနေအထားများက ထိုမျှလောက်အထိ ပါရှိကြကုန်၏ဟူ၍ ထင်ထင်ရှားရှား သိမြင်ကြရမည်သာ ဖြစ်ပါသည်။

၃၅။ ဤနေရာတွင် တရားခံအကျိုးဆောင်၏လျှောက်လဲချက်နှင့် တရားခံ(၁)မဝင်းမာ၏ (၃-၃-၂၀၁၀ နေ့စွဲပါ)ထွက်ဆိုချက်တို့ကို ဆက်လက်၍တင်ပြရန် လိုအပ်လိမ့်မည်ဟု ထင်မြင်ဖွယ်ရာရှိပါသည်။ သို့ရာတွင် ဖော်ပြပါအကျဉ်းချုပ်မျှလောက်ဖြင့်ပင် လုံလောက်နိုင်ခြင်းကြောင့်-

“ကျွန်မသည် မိုးဒါးစုရပ်ကွက်တွင် နေထိုင်ပါသည်။ **<u>စက်ချုပ်ပြီးစျေးရောင်းပါသည်။</u>** ထေရဝါဒဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ပြီး ဘာသာရေးဆောင်းပါးများ ရေးပါသည်-----”ဟူ၍ ဖော်ပြလိုက်ပါသည်။

(အပြည့်အစုံကို တရားခံသက်သေအမှတ် ၁ ၏ ၃-၃-၂၀၁၀ နေ့စွဲပါထွက်ဆိုချက်-၌ ရှုပါ။)

**<u>တရားခံသက်သေအမှတ် ၁ ၏ ကိုယ်ရေးရာဇဝင်အကျဉ်း</u>**

အမည် = မဝင်းမာ အသက် = ၅၀/၂၀၀၉ အမျိုးသားမှတ်ပုံတင်အမှတ် = ---------

လူမျိုး = ဗမာ ကိုးကွယ်သည့်ဘာသာ = ဗုဒ္ဓ နေရပ် = မိုးဒါးစုရပ်ကွက် မိုးညှင်းမြို့။

# အပိုင်း(ငါး)

## (မိုးညှင်းမြို့မြို့နယ်တရားသူကြီး၏စီရင်ချက်အမိန့်)

၃၆။ စီရင်ချက်ပုံစံ

မိုးညှင်းမြို့နယ်တရားသူကြီးရုံးတော်

၂၀၁၀ ခုနှစ်၊ မတ်လ ၂၉ ရက်

၂၀၀၉ ခုနှစ်၊ ပြစ်မှုကြီးမှုအမှတ် ၂၀၈

ဦးကြီးမောင် နှင့် ၁။ ဒေါ်ဝင်းမာ

၂။ ဦးလေးမြိုင်

<u>တရားလို</u> <u>တရားခံ</u>

တရားလိုအတွက်-------------------တရားရုံးချုပ်ရှေ့နေဦးမြင့်အေး

တရားခံအတွက်---------------------အထက်တန်းရှေ့နေဦးခင်မောင်ဝင်း

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၅-က အရ စွဲဆိုမှု

**စီရင်ချက်**

မိုးညှင်းမြို့------------------------------------------------------------------------------------------
------------------------------------------------------------------------------------------------------------
------------------------------------------------------------------------------------------------------------

ထို့ကြောင့် နှစ်ဖက်ရှေ့နေများ၏ အပြီးသတ်ရေးသားလျှောက်လဲချက်များနှင့် အထက်ဖော်ပြပါအချက်အလက်များအရ ယင်းဆောင်းပါးမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၅-က အင်္ဂါရပ်များတွင် ဖော်ပြပါရှိသည့်အချက်များအရ တမင်မသမာသောအကြံဖြင့် ဘာသာရေးစိတ်ကို နာကျည်းစေရန် ရေးသားခဲ့ခြင်း ဖြစ်သည်ကို ပေါ်ပေါက်ကြောင်း သုံးသပ်၍ မရပေ။

ဒေါ်ဝင်းမာ(ခ)ဝင်းမာခင်(ခံပြ ၁)သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၅-က အရ ပြစ်မှုကျူးလွန်ကြောင်း မပေါ်ပေါက်သဖြင့် အောက်ပါအမိန့်တစ်ရပ် ချမှတ်သည်-

**အမိန့်**

မိုးညှင်းမြို့ မိုးဒါးစုရပ်ကွက် အမှတ်(၂၈)နေ (အဘ) ဦးအုန်းကျော်၏သမီး ဒေါ်ဝင်းမာ(ခ)ဝင်းမာခင်သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၅-က အရ ပြစ်မှုကျူးလွန်ကြောင်း မပေါ်ပေါက်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ၂၅၈(၁)အရ အမှုမှ အပြီးပြတ် လွှတ်သည်။

အမှုမှန်ဟု သတ်မှတ်သည်။

ရွှေမောင်

မြို့နယ်တရားသူကြီး (အထူးအာဏာ)

မိုးညှင်းမြို့။

**နိဂုံး**

၃၇။ ဤမှတ်စုအပိုင်း(ငါး)၌ ဖော်ပြထားသည့်အတိုင်း ၂၉-၃-၂၀၁၀ နေ့က မြို့နယ်တရားရုံးမှာ ပြီးပြတ်ခဲ့ပြီးသောအမှု(၂၉၅-က)အတွက် မြို့နယ်တရားသူကြီး၏ စီရင်ချက်နှင့်အမိန့်တို့ကို တရားလိုဘက် သက်သေတို့က မကျေနပ်ခြင်းကြောင့် အထက်မြန်မာနိုင်ငံ ဗဟိုတရားရုံး(မန္တလေး)သို့ဝင်၍ အမှုဖွင့်ထားပြီဖြစ်ကြောင်း သတင်းကောင်းကို ၁၃၇၂-ခုနှစ်၊ နယုန်လဆုတ်(၁၂)ရက် (၈-၆-၂၀၁၀)အင်္ဂါနေ့မှာ ကြားသိလိုက်ရခြင်းကြောင့် ရရှိထားသော စာရွက်စာတမ်းများကို အလျင်အမြန် ဖတ်ရှု၍ ဤမှတ်စုကို အလျင်အမြန် ပြုစုလိုက်ပါသည်။ "တရားလိုဘက် သက်သေတို့က မကျေနပ်"ဟုဆိုရာတွင် မည်သည့်အချက်ကို မကျေနပ်သနည်းဟု ဆင်ခြင်အပ်ပါသည်။ ဤသို့ဆင်ခြင်ကြည့်ရာတွင် မူလအဆုံးအဖြတ်၌ ဆုံးဖြတ်ချက်တစ်ချက်တည်းကိုသာလျှင် **"ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၅-က အရ ပြစ်မှုကျူးလွန်ကြောင်း မပေါ်ပေါက်"**ဟူ၍ တိတိကျကျ ဆုံးဖြတ်ထားကြောင်း တွေ့ရပါသည်။ ဤအဆုံးအဖြတ်ကို မကျေနပ်ခြင်းကြောင့် အထက်မြန်မာနိုင်ငံဗဟိုတရားရုံး(မန္တလေး)သို့ဝင်၍ အမှုဖွင့်ထားကြသည်ဟု နားလည်အပ်ပါသည်။ **"မသမာသောအကြံဆိုးဖြင့် နာကျည်းစိတ်ဖြစ်အောင် တမင်ရေးသားထားသည်"**ဟု ယူဆထားကြပုံ ရှိပါသည်။ ဤအယူအဆအတိုင်း သေချာစစ်ဆေးကြည့်လျှင် **"မသမာသောအကြံဆိုးဖြင့် နာကျည်းစိတ်ဖြစ်အောင် တမင်ပြုလုပ်နေသူသည် မည်သူမည်ဝါ ဖြစ်သနည်း"**ဟု မေးစရာရှိလာပါသည်။

# <u>အလျင်အမြန်လိုအပ်ချက်များ</u>

၃၈။ ဖော်ပြပါအချက်ကြီး(၄)ချက်တို့သည် အလျင်အမြန် လိုအပ်နေကြသည့် လိုအပ်ချက်ကြီးများ ဖြစ်တော်မူကြပါသည်-

၁။ မြစ်ကြီးနားဝိစိတ္တသာရဝိနိစ္ဆယအတွက် ၁၆-၃-၂၀၁၀ နေ့တွင်-

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**

**သာသနာရေးဝန်ကြီးဌာန**

**ဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာ**

-------------------------------------------------------------------------------------------------------------

--------ထုတ်ပြန်သကဲ့သို့ မိုးညှင်းမြို့ခေမိန္ဒဝါဒဝိနိစ္ဆယအတွက် အမိန့်ကြော်ငြာထုတ်ပြန်ရန် အလျင်အမြန် လိုအပ်နေပါသည်။

၂။ ရှေးရှေးအဓမ္မဝါဒဝိနိစ္ဆယအသီးသီးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးက ညွှန်ကြားလွှာထုတ်ပြန်သကဲ့သို့ မိုးညှင်းမြို့ခေမိန္ဒဝါဒဝိနိစ္ဆယအတွက် ညွှန်ကြားလွှာထုတ်ပြန်ရန် အလျင်အမြန် လိုအပ်နေပါသည်။

၃။ ရှေးရှေးအဓမ္မဝါဒဝိနိစ္ဆယအသီးသီးအတွက် သာသနာရေးဝန်ကြီးဌာနပုံနှိပ်တိုက်က ဝိနိစ္ဆယစာအုပ်ပုံနှိပ်မှု ထုတ်ဝေဖြန့်ချိသကဲ့သို့ မိုးညှင်းမြို့ခေမိန္ဒဝါဒဝိနိစ္ဆယအတွက် ဝိနိစ္ဆယစာအုပ်ထုတ်ဝေဖြန့်ချိပေးရန် အလျင်အမြန် လိုအပ်နေပါသည်။

၄။ ဤမှတ်စုအပိုင်း(၁)တွင် တင်ပြအပ်သောကိစ္စနှင့် အပိုင်း(၃)တွင် တင်ပြအပ်သောကိစ္စများကို အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးနိုင်အောင် ဝိုင်းဝန်းအားထုတ်ကြပြီးလျှင် တရားစွဲဆိုရန် အခြေခံအချက်အလက်များနှင့် ပြည့်စုံပါက သက်ဆိုင်ရာတရားခံဖြစ်ထိုက်သူများအပေါ် တရားစွဲဆို၍ အပြစ်ထင်ရှားလျှင် ထင်ရှားသည့်အတိုင်း ပြစ်ဒဏ်စီရင်ချက်ချမှတ်ပေးရန် အလျင်အမြန် လိုအပ်နေပါသည်။

ဤမှတ်စုကို ၁၀-၆-၂၀၁၀ နေ့ ၁၁း ၁၅ နာရီတွင် စတင်အားထုတ်သည်။

၁၁-၆-၂၀၁၀ ညနေ ၆း ၅ နာရီတွင် မူကြမ်းအပြီးသတ်သည်။

၁၂-၆-၂၀၁၀ ည ၁၁း ၃၄ နာရီတွင် ကွန်ပျူတာစာစီမှုချော ပြီးမြောက်အောင်မြင်သည်။

**"ကုသိုလ်အမျှ ယူလိုက**

**သာဓု သာဓု ခေါ်ဆိုကြ"**

(ပြုစုသူ)

အဓမ္မဝါဒဖော်ထုတ်တားဆီးဖယ်ရှားရေးအကျိုးဆောင်အဖွဲ့၀၈

# တည်းဖြတ်သူ၏စာညွှန်း

**မစိုးရိမ်စာသင်သား**

**အမေး။**။"စိတ်ဝင်စားစရာ အလွန်ကောင်းသည့် ရှင်းလင်းချက်များကို အနည်းငယ်မျှ ညွှန်ပြပေးပါ။

## (၁) သံဃာတော်တို့ရဲ့ကျေးဇူးဂုဏ်

**အဖြေ။**။"ဝမ်းသာပါတယ် ဒကာကြီး၊ ဦးဇင်းကို ကျေးဇူးတင်တာလဲ တင်တာပေါ့။ ဒါပေမဲ့ ဒကာကြီးတို့ အဓိကကျေးဇူးတင်ရမှာက ဦးဇင်းမဟုတ်ဘူး။ ထေရဝါဒသာသနာတော်ကြီးကို မတိမ်းမစောင်းရအောင် အစဉ်တစိုက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြတဲ့ သံဃာတော်များကို ကျေးဇူးတင်ရမှာပါ။ ဦးဇင်းက သံဃာတော်အရှင်သူမြတ်တို့ရဲ့ ဉာဏ်ရိပ်ကို မှီခိုပြီးမှ တစ်ဆင့်ပြန်ပြောတဲ့ပုဂ္ဂိုလ်ပဲ ဖြစ်ပါတယ်။ အရိုးပေါ်အရွက်မဖုံးစေနဲ့-ဆိုတဲ့ဆိုရိုးစကားအတိုင်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့ သံဃာတော်တို့ရဲ့ ကျေးဇူးဂုဏ်ကို ဘယ်အခါမှ ချန်မထားပါနဲ့။ မေ့မထားပါနဲ့။ ငွေပို့တဲ့အဖေကို ကျေးဇူးမတင်ဘဲ ငွေလာပေးသွားတဲ့ စာတိုက်ဝန်ထမ်းကို ကျေးဇူးတင်သလို ဖြစ်နေလိမ့်မယ်။

(အနတ္တစကားဝိုင်း၊ စာမျက်နှာ- ၂၄၆။)

## (၂) ဒေသနာနဲ့ဆန့်ကျင်တဲ့အယူအဆ၊ သူ့ရဲ့ကိုယ်ပိုင်အယူအဆ

"တရားနာရင်း တရားထူးရကြတဲ့ ပုဂ္ဂိုလ်တွေဟာ နောက်ခံပါရမီအားကောင်းခဲ့ပြီး ထိထိရောက်ရောက်အားထုတ်ခဲ့ဖူးတဲ့ အထုံပါလာသူတွေလဲ ဖြစ်မယ်။ ပြီးတော့ စရိုက်ဝါသနာတွေလဲ ကွဲပြားကြလိမ့်မယ်။ ဒါ့ကြောင့် ဝိပဿနာယာနိကနည်းတစ်မျိုးတည်းနဲ့ လူသိန်းချီပြီး တစ်ပြိုင်တည်းလောက် တရားထူးရကြတယ်ဆိုတာ ဒေသနာနဲ့ ဆန့်ကျင်တဲ့ အယူအဆပဲ။ သူ့ရဲ့ကိုယ်ပိုင်အယူအဆပဲ-လို့ ခန့်မှန်းမိပါတယ်ဘုရား"။

(အနတ္တစကားဝိုင်း၊ စာမျက်နှာ- ၉၇။)

## (၃) ဉာဏ်ပညာဟာမြင်တတ်တဲ့တရားမျိုးမဟုတ်-ဆိုတဲ့အယူအဆ

"ဉာဏ်ပညာဟာ မြင်တတ်တဲ့တရားမျိုး မဟုတ်ဘူး။ ထိုးထွင်းသိတတ်တဲ့တရားမျိုးဖြစ်ပြီး မြင်တတ်တဲ့သဘောမရှိဘူး။ မြင်တတ်တာဟာ စက္ခုဝိညာဏ်စိတ် ဖြစ်တယ်-လို့ ဆိုပါတယ်ဘုရား။ အဲဒီစကားအတိုင်းဆိုရင် သဗ္ဗညုတဉာဏ်တော်မြတ်ကြီးဟာ သိရုံသာသိတတ်ပြီး မြင်နိုင်စွမ်းမရှိတဲ့ဉာဏ်ပါလို့ ဆိုရာရောက်နေပါတယ်ဘုရား။ တစ်ခြားပုဂ္ဂိုလ်တွေအနေနဲ့ ဉာဏ်စွမ်းအားနဲကြလို့ မမြင်နိုင်တာကိုတော့ တပည့်တော်သဘောပေါက်ပါတယ်ဘုရား။ အဲဒီလိုဉာဏ်အား အထက်အနိမ့်ကို ခွဲခြားဝေဖန်ပြီး ပြောတာမဟုတ်ဘဲ ဉာဏ်ပညာဆိုတာ မြင်တတ်တဲ့တရားမျိုး မဟုတ်ဘူးလို့ သိမ်းကျုံးပြောဆိုတဲ့အတွက် သဗ္ဗညုတဉာဏ်ကိုပါ သိမ်းသွင်းပြောဆိုရာရောက်နေပါတယ်ဘုရား။ ဒါ့ကြောင့် ဉာဏ်ဟာ သိရုံသာသိတတ်ပြီး မြင်နိုင်စွမ်းမရှိဘူးဆိုတာ ဟုတ်ပါသလားဘုရား။

(အနတ္တစကားဝိုင်း၊ စာမျက်နှာ- ၁၀၃။)

## (၄) ဝိပဿနာအလုပ်မဟုတ်သေးဘူး

"ဝင်လေ အနိစ္စ၊ ထွက်လေ အနိစ္စ. . . စသည်ဖြင့် လုပ်နေတာဟာ ကုသိုလ်ဖြစ်လုပ်နေတာလား။ ဝိပဿနာ အားထုတ်နေတာလား။ ကိုယ့်ဉာဏ်နဲ့ကိုယ် ဆုံးဖြတ်ကြပါ။ ကုသိုလ်ဖြစ်အောင် လုပ်နေတာပါဆိုရင် လုပ်ပါ။ လုပ်သင့်ပါတယ်။ ဝိပဿနာအလုပ် မဟုတ်ဘူးဆိုတာကိုတော့ ရှင်းရှင်းလင်းလင်း သိထားသင့်တယ်။ ဒါမှ ဝိပဿနာလုပ်ဖို့ လိုနေသေးတယ်ဆိုတာသိပြီး လုပ်ဖြစ်ပါလိမ့်မယ်။

(အနတ္တစကားဝိုင်း၊ စာမျက်နှာ- ၂၉၁။)

## (၅) ခဏိကသမာဓိဆိုတာစိတ်ဖြစ်တိုင်းအလိုလိုပါနေတဲ့ဧကဂ္ဂတာစေတသိက်ဆိုတဲ့အယူအဆ

"ခဏိကသမာဓိဆိုတာ စိတ်ဖြစ်တိုင်း အလိုလိုပါနေတဲ့ ဧကဂ္ဂတာစေတသိက်ကို ခေါ်တယ်လို့ ဆိုပါတယ်ဘုရား။ ပြီးတော့ အဲဒီစိတ်ဖြစ်တိုင်းပါနေတဲ့ ဧကဂ္ဂတာခေါ်တဲ့ ခဏိကသမာဓိနဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရဖို့ လုံလောက်နေတယ်လို့လဲ ဆိုပါတယ်ဘုရား။

"ဩော် ဩော် အတော်ထူးဆန်းပါလား ဒကာကြီး။ ဦးဇင်းတော့ တစ်ခါမှ မကြားဖူးသေးဘူး။ စိတ်ဝင်စားစရာပဲ။ ပြောပါအုံး ဒကာကြီး။

"အဲဒီ ခဏိကသမာဓိဆိုတာ စိတ်ဖြစ်ရင် သူဖြစ်တယ်။ စိတ်ပျက်တာနဲ့ သူလဲပျက်တယ်။ ဘာစိတ်ဖြစ်ဖြစ် လိုက်ဖြစ်နေတဲ့ စေတသိက် ခုနှစ်မျိုးထဲက တစ်မျိုးလို့ ဆိုပါတယ်ဘုရား။ အဲဒီစာကို ဖတ်လိုက်ရတော့ တပည့်တော် စိတ်ထဲမှာ ဘဝင်မကျ ဖြစ်သွားပါတယ်ဘုရား။

(အနတ္တစကားဝိုင်း၊ စာမျက်နှာ- ၈၆။)

## (၆) ဒိဋ္ဌိကိုကွက်ပြီးပယ်တဲ့နည်းစံနစ်မျိုး ထေရဝါဒမှာမရှိပါဘူး

"တချို့က ဒိဋ္ဌိကို အရင်ပယ်။ နောက်မှ တဏှာကို ပယ်-ဆိုပြီး ကိုယ်မကြိုက်တာကို ရွေးပယ်လို့ ရသလိုလို ပြောတတ်ကြတယ်။ အမှန်က ဒိဋ္ဌိကိုဖြစ်စေတဲ့ အဝိဇ္ဇာ တဏှာ အစရှိတဲ့ အကြောင်းတွေကို ထိုက်သင့်သမျှ ပယ်လိုက်တဲ့အတွက် နောက်ထပ်ဒိဋ္ဌိမဖြစ်တော့တာပါ။ ဒိဋ္ဌိဖြစ်စေတဲ့အကြောင်းကို မပယ်ဘဲ ဒိဋ္ဌိကိုကွက်ပြီး ပယ်တဲ့နည်းစံနစ်မျိုး ထေရဝါဒမှာ မရှိပါဘူး။

(အနတ္တစကားဝိုင်း၊ စာမျက်နှာ- ၁၉၃။)

## (၇) ဘယ်အယူဝါဒတွေနဲ့တွေ့တွေ့မှန်ကန်အောင်ဆုံးဖြတ်နိုင်ဖို့သာအဓိက

"ပြီးတော့ ပစ္စုပ္ပန်ကမ္မဝါဒဆိုပြီး ဗုဒ္ဓဝါဒကို ထိုးနှက်ဖျက်ဆီးနေတဲ့ အယူဝါဒတွေလဲ ပေါ်ပေါက်နေပါတယ်။ တစ်ချိန်မှာတော့ ဒါတွေဟာ ဝိနိစ္ဆယခုံရုံးမှာ နိဂုံးချုပ်ကြမှာပါ။ သူတို့ နိဂုံးချုပ်တာ-မချုပ်တာ ထားပေါ့လေ. . .။ ဒီဝါဒတွေ နိဂုံးချုပ်လဲ နောက် ဘယ်လိုဝါဒ အသစ်အဆန်းတွေ ပေါ်လာအုံးမလဲဆိုတာ မသိနိုင်ဘူး။ ဒီတော့ ဦးဇင်းတို့ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ ယခုပဲဖြစ်ဖြစ် နောင်ပဲဖြစ်ဖြစ် ဘယ်အယူဝါဒတွေနဲ့တွေ့တွေ့ မှန်ကန်အောင် ဆုံးဖြတ်နိုင်ဖို့သာ အဓိကပဲ။ အဲဒီလိုဆုံးဖြတ်နိုင်ဖို့ဆိုရင် ယောဂီတို့အတွက် "စံ"တစ်ခုရှိမှ ဖြစ်မယ်။ အဲဒီ"စံ"ဟာ အနတ္တသဘောတရားပဲလို့ ပြောချင်ပါတယ်။

(အနတ္တစကားဝိုင်း၊ စာမျက်နှာ- ၁၇၆။)

## (၈) ဒီဘဝကလူကမသေသေးဘဲလူဝင်စားဖြစ်လာတယ်ဆိုတဲ့စကား

"ဥပမာဆိုပါတော့. . ထန်းလျက်ခဲတစ်လုံးကို မြေဆွေးတွေနဲ့အုံပြီး ရေလောင်းပေးရင် အပင်ပေါက်ပါ့မလား ဒကာကြီး. . .။

"မပေါက်နိုင်ပါဘူးဘုရား။ ထန်လျက်ခဲဟာ အပင်ပေါက်နိုင်တဲ့မျိုး မဟုတ်လို့ပါဘုရား။

"ဒါပေါ့ ဒကာကြီးရဲ့။ အကြောင်းမှမမှန်ဘဲ ဆိုင်ရာအကြောင်းမှမရှိဘဲ အကျိုးဖြစ်တယ်လို့ပြောရင် အရူးစကားပဲ ဖြစ်မှာပေါ့။ ပစ္စုပ္ပန်ကမ္မဝါဒသမားတွေက ဒီအတိုင်း ပြောနေကြတယ်။ လက်ရှိလူက မသေသေးဘူး။ သူ့ရဲ့လူဝင်စားက မွေးဖွါးလာတယ်လို့ ဆိုပါတယ်။ ကဲ ဒကာကြီး ဘယ်လိုသုံးသပ်မလဲ။

"စိတ္တနိယာမကို နားမလည်ဘူးနဲ့ တူပါတယ်ဘုရား။ ရှေ့အကြောင်းစိတ် မချုပ်သေးဘဲ နောက်အကျိုးစိတ် ဖြစ်တယ်လို့ ပြောနေကြတာဟာ မှားတာပေါ့ဘုရား။ ဘဝတစ်ခုရဲ့ စုတိစိတ်ချုပ်ပြီးမှ ဘဝသစ်ရဲ့ ပဋိသန္ဓေစိတ်ဟာ အကျိုးတရားအဖြစ်နဲ့ တစ်ဆက်တစ်စပ်တည်း အကြားအလပ်မရှိ ဖြစ်ပါတယ်ဘုရား။ ဒါကြောင့် ဒီဘဝကလူက မသေသေးဘဲ လူဝင်စားပဋိသန္ဓေဖြစ်လာတယ်ဆိုတဲ့စကားဟာ ထန်းလျက်ခဲကို ရေလောင်းပေးရင် ထန်းပင်ပေါက်

တယ်လို့ ပြောတဲ့စကားမျိုးလို အရူးစကားမျိုးသာ ဖြစ်ပါတယ်။

(အနတ္တစကားဝိုင်း၊ စာမျက်နှာ- ၁၇၇။)

## (၉) နိဗ္ဗာန်ဟာအနတ္တဖြစ်လို့အနှစ်သာရမရှိတဲ့တရားပဲဆိုတဲ့စကား

"နိဗ္ဗာန်ဟာ အနတ္တဖြစ်လို့ အနှစ်သာရမရှိတဲ့တရားပဲ။ ဗုဒ္ဓဝါဒဟာလဲ အနှစ်သာရမရှိတဲ့အရာကို မြော်မှန်း ရှာဖွေနေသလိုဖြစ်နေပါတယ်ဆိုတဲ့စကားကို ဒကာကြီး ဘယ်လိုမြင်ပါသလဲ။

"အမှားကြီးမှားတဲ့စကားသာ ဖြစ်ပါတယ်ဘုရား။ တိတ္ထိတို့ရဲ့ အတ္တသာရမျိုး မရှိလို့ အနတ္တလို့ဆိုရတာ ဖြစ်ပြီး နိဗ္ဗာန်မှာ စစ်မှန်တဲ့အနှစ်သာရတွေ ပြည့်စုံနေတာကို မသိလို့ ပြောဆိုတဲ့စကားသာ ဖြစ်ပါတယ်ဘုရား။ ပြီးတော့ အနတ္တဝါဒဟာ လူ့ရဲ့စွမ်းရည်သတ္တိကို အသိအမှတ်မပြုတဲ့ဝါဒ၊ လူရဲ့တန်ဖိုးကိုပစ်ပယ်တဲ့ဝါဒ၊ လူသားကို အနှစ်သာရမရှိတဲ့အဖြစ်ရောက်အောင် နှိမ့်ချပစ်တဲ့ဝါဒလို့ အမျိုးမျိုးစွပ်စွဲဝေဖန်နေကြတာဟာလဲ မှားယွင်းတဲ့စွပ်စွဲ

မှုတွေဆိုတာ ရှင်းလင်းသွားပါပြီဘုရား။

(အနတ္တစကားဝိုင်း၊ စာမျက်နှာ- ၂၄၃။)

## (၁၀) နိဗ္ဗာန်မှာဘုရားရှိတယ်ဆိုတဲ့စကား

"ရတနာမြတ်သုံးပါးကို အနတ္တတရားထဲ ထည့်သွင်းမယူဘူးလို့ ဆိုခဲ့ရင် အတ္တတရားအဖြစ် ယူဆလို့လား လို့ တပည့်တော်ကို မေးလာနိုင်ပါတယ်ဘုရား။ တပည့်တော်က အတ္တတရားလို့ မယူဆပါဘူးလို့ ဖြေမယ်ဆိုရင်လဲ အတ္တလဲမဟုတ်၊ အနတ္တလဲမဟုတ်တဲ့ သီးခြားတရားမျိုး ရှိပါသေးသလားလို့ ထပ်မေးလာနိုင်ပြီး ဗုဒ္ဓဝါဒအနတ္တကို တပည့်တော်ရဲ့ အယူအဆကြောင့် မခိုင်မာတဲ့အယူဝါဒအဖြစ် မှတ်ယူသွားကြပါလိမ့်မယ်ဘုရား။

"မှန်ပါတယ် ဒကာကြီး။ ဒီမေးခွန်းတွေကို ရှောင်လို့မရဘူး။ ဒ့ါအပြင် ဒီအယူအဆကို အခြေခံပြီး နိဗ္ဗာန်မှာ ဘုရားရှိတယ်။ ရဟန္တာ အရိယာ သံဃာတော်များလဲ ရှိတယ်။ ဖြစ်ခြင်းပျက်ခြင်းမရှိတဲ့ ရုပ်ထူးနာမ်ထူးတွေလဲ ရှိတယ်ဆိုတဲ့ သဿတဒိဋ္ဌိနဲ့မကင်းတဲ့ အယူအဆတွေ ဖြစ်ပေါ်စေနိုင်တဲ့အထိ အကျိုးသက်ရောက်သွားနိုင်ပါတယ်။ ဒကာကြီးပြောသလို ဓမ္မသဘာဝဖြစ်တဲ့ အနတ္တကို ကိုယ့်သဘောနဲ့ကိုယ် ပြောင်းလဲပြုပြင်လို့လဲမရ၊ အတိုးအလျော့ လုပ်လို့လဲ မရနိုင်ပါဘူး။ ခုလို ဒကာကြီးဆွေးနွေးနိုင်တာကို တွေ့ရတော့ ဒကာကြီးကို ဦးဇင်း စိတ်ချသွားပါပြီ။ နိုင်ငံခြားသားမိတ်ဆွေတွေက ဘယ်လိုပဲချောင်ပိတ်မေးခွန်းတွေနဲ့မေးမေး ဒကာကြီးအနေနဲ့ ခိုင်ခိုင်မာမာ ရပ်တည် ဖြေရှင်းနိုင်မယ်လို့ ဦးဇင်း ယုံကြည်ပါတယ်။

(အနတ္တစကားဝိုင်း၊ စာမျက်နှာ- ၃၁၇။)

## (၁၁) ဒီအယူအဆဟာဘယ်ကမြစ်ဖျားခံသလဲ (နိုင်ငံခြားသားတွေဆီကမြစ်ဖျားခံသလား။)

"ရူပက္ခန္ဓာဟုဆိုလျှင် ရုပ်(၁၁)မျိုးကို ပေါင်းထားခြင်းဟု သိပါ။ ဝေဒနာက္ခန္ဓာဟုဆိုလျှင်လည်း ဝေဒနာ(၁၁) မျိုးကို ပေါင်းထားခြင်းဟု သိပါ။ (ပ)

"ဒီအယူအဆဟာ ဘယ်ကမြစ်ဖျားခံလာသလဲဆိုရင် လူသေလူဖြစ်ဝါဒက မြစ်ဖျားခံလာတာပါ။ နိုင်ငံတော် သီးခြားဝိနည်းမှုခင်းမိုရ်အဖွဲ့ အမှတ်(၂)က ဝိနည်းမိုရ်ဆရာတော်ကြီးများရဲ့ သုံးသပ်ချက်ကို ဒကာကြီးတို့ ဖတ်ကြည့်ချင်ရင်တော့ လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယကျမ်း စာမျက်နှာ (၆၂၄)မှာ ဖတ်ကြည့်ပါ။ ခန္ဓာဖွဲ့နည်းလဲ ပါပါတယ်။

(အနတ္တစကားဝိုင်း၊ စာမျက်နှာ- ၂၆၉-၂၇၂။)

## (၁၂) အနတ္တတရားကိုနားလည်သွားပြီ

"သဗ္ဗေ ဓမ္မာ,ထဲမှာ တစ်ချို့က နိဗ္ဗာန်ပါတယ်။ တစ်ချို့က နိဗ္ဗာန်မပါဘူးလို့ အယူအဆ ကွဲပြားနေတာတွေ ရှိပါတယ်ဘုရား။ ဘယ်အယူအဆက မှန်ပါသလဲဘုရား။

"ဝိပဿနာလုပ်ငန်းအတွက် ရည်ညွှန်းတဲ့အခါမှာတော့ လောကီရုပ်နာမ်နှစ်ပါးကိုပဲ ယူရပါတယ်။ ခန္ဓာအနေနဲ့ပြောရင် ဥပါဒါနက္ခန္ဓာငါးပါးကိုပဲ ယူရပါတယ်။ နိဗ္ဗာန် ပညတ်နဲ့ လောကုတ္တရာစိတ် စေတသိက်တွေက ဝိပဿနာရဲ့အာရုံ မဟုတ်ကြတဲ့အတွက် အဲဒီ "နိဗ္ဗာန် ပညတ်နဲ့ လောကုတ္တရာစိတ် စေတသိက်တွေ"ကို သင္ခေဓမ္မာထဲ ထည့်မယူရပါဘူး။

"အနတ္တအတွက် ရည်ညွှန်းပြောဆိုတဲ့အခါမှာတော့ ရှိသမျှတရားအားလုံး အကုန်ယူရပါတယ်။ တကယ်လို့ သင္ခေဓမ္မာ အနတ္တာလို့ မဟောဘဲ သဗ္ဗေသင်္ခါရာ အနတ္တာလို့ ဟောမယ်ဆိုပါစို့. . . အဓိပ္ပါယ်က ဘယ်လိုဖြစ်သွား မလဲ ဒကာကြီး။ (ပ)

"တကယ်တော့ အနတ္တသဘောတရားဟာ လောကီ လောကုတ္တရာ တရားအားလုံးနဲ့ အကျုံးဝင်ပါတယ်။ သက်ဆိုင်ပါတယ်။ အနတ္တသဘောနဲ့လွတ်ကင်းတဲ့နေရာရယ်လို့ ဘယ်နေရာမှ မရှိပါဘူး။ (၃၁)ဘုံလုံး၊ ရှိရှိသမျှ အရာအားလုံး တစ်လောကလုံး အနတ္တသာ ဖြစ်ပါတယ်။

(အနတ္တစကားဝိုင်း၊ စာမျက်နှာ- ၃၅-၃၆။)

**မှတ်ချက်။** ။"ဖော်ပြပါကောက်နုတ်ချက် အနည်းငယ်မျှကို ဖတ်ခွင့်ရလိုက်သူတိုင်းပင် ဤစာအုပ်၏ အတိမ်အနက်၊ ဤစာအုပ်၏အလျားအနံ၊ ဤစာအုပ်၏အတိုင်းအတာစသည်တို့ကို ခန့်မှန်းနိုင်ကြပါလိမ့်မည်။ ဤစာအုပ်တစ်အုပ်လုံးကို အပြည့်အစုံ ဖတ်ခွင့်ရလိုက်ပါမူကား စာဖတ်သူ၏အသိဉာဏ်များကို ပို၍ပို၍ နက်ရှိုင်းရာဆီသို့ ပို၍ပို၍ ဝေးကွာရာဆီသို့ ပို၍ပို၍ ချမ်းသာရာဆီသို့ ဤစာအုပ်က သယ်ဆောင်ပို့၍ ဆိုက်ရောက်စေပါလိမ့်မည်။

"အဘယ့်ကြောင့်ဆိုသော် ဤစာအုပ်စာမျက်နှာ (၃၀၃-၃၀၆)တို့၌-

"ဒီနေရာမှာ တစ်ချို့ပြောတတ်တာ ရှိတယ်။ ဘုရားရှင်ပွင့်ထွန်းလာတာဟာ အနတ္တသဘောကို ညွှန်ပြဖို့ အတွက် ဖြစ်တယ်လို့ ဆိုပါတယ်။

"မဟုတ်ပါဘူး။ ဒါက အနတ္တကို အမွှမ်းတင်ချင်လို့ မှန်တာထက် ပိုပြောတာပါ။

"အမှန်က ဘုရားရှင်ပွင့်ထွန်းလာတာဟာ အနတ္တထက် တန်ဖိုးကြီးမားတဲ့ သစ္စာလေးပါးကို ညွှန်ပြဖို့ ဖြစ်ပါတယ်။ အနတ္တကိုသိတဲ့ဉာဏ်က လောကီဉာဏ်။ သစ္စာလေးပါးကို သိတဲ့ဉာဏ်က လောကုတ္တရာဉာဏ်။ အများကြီးကွာပါတယ်။ သစ္စာလေးပါးကို ထိုးထွင်းသိဖို့ဆိုတာ အနတ္တသဘော တစ်ခုတည်းသိရုံနဲ့ မလုံလောက်ပါဘူး။ (ပ)

"ဒီတော့ အတိုချုပ်ပြီးပြောရင် ဘုရားရှင်ပွင့်ထွန်းလာခြင်းဟာ သစ္စာလေးပါးကိုသိပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရေးအတွက် ဖြစ်ပါတယ်"ဟူ၍ ရှင်းပြထားပါသည်။

ဆိုလိုရင်းမှာ-

"ဤစာအုပ်က သစ္စာလေးပါးကိုသိပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးအထိ ဗုဒ္ဓဘာသာဝင်တို့၏ အနက်ရှိုင်းဆုံးပန်းတိုင်ဆီသို့ အဝေးကွာဆုံးပန်းတိုင်ဆီသို့ အမြင့်မြတ်ဆုံးချမ်းသာဆီသို့ ပို့ရောက်စေပါလိမ့်မည်။ **ပွင့်ထွန်းလာတော်မူသည့် မြတ်စွာဘုရား၏ တရားတော်များကို သူ့ပမာဏနှင့်သူ အံဝင်ခွင်ကျ ရှင်းပြထားခြင်း**ကြောင့် ဤစာအုပ်မှာ အစလည်းကောင်း၍ အနှောင်းလည်းသေချာလှပေသည်။ ဗုဒ္ဓဘာသာဝင် လူငယ်လူကြီး အသီးသီးတို့အတွက် အလေးနက်ဆုံးစာအုပ်လည်း ဖြစ်ပါသည်။ အလွယ်ကူဆုံးစာအုပ်လည်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ **"ဗုဒ္ဓဘာသာဝင်တို့အတွက် အပွင့်လင်းဆုံးစာအုပ်တစ်အုပ်အဖြစ် အမြဲတမ်း တည်တံ့နေမည့်စာအုပ်"**ဟုပင် ဆိုလိုက်ချင်ပါဘိတော့သည်

**မစိုးရိမ်စာသင်သား (ခ) အရှင်ဣန္ဒာစရိယာဘိဝံသ**
**သာသနပါရဂူစာသင်တိုက်၊ ရန်ကုန်မြို့။ (၂၃. ၂. ၂၀၁၀။)**

# ထေရဝါဒအနှစ်သာရကိုစိစစ်ကြည့်ခြင်း

(၁)

စာအုပ်နောက်ကျောဖုံးတွင်-

" ထေရဝါဒဆိုသည်မှာ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ နုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်းတို့မှ အစဉ်ထာဝရ လွတ်မြောက်နေတဲ့ ဘာသာတရား ဖြစ်တယ်"ဟူ၍ ဖော်ပြပါရှိသည့် စာအုပ်ငယ်ကလေးတစ်အုပ် စာရေးသူထံ ရောက်ရှိလာသည်။

စာမျက်နှာ(၁)တွင်-

"သရဏဂုံသုံးစုံ၊ သိက္ခာသုံးရပ်၊ သာသနာသုံးဖြာ၊ ပိဋကတ်သုံးပုံ၊ ပုညကြိယဝတ္ထုသုံးခု၊ လက္ခဏာရေးသုံးပါး၊ ရသသုံးထွေ"ဟု ဖော်ပြထားပြီးလျှင် စာမျက်နှာ(၂)တွင် "ဒါက ၂၁-ရာစုကို ရည်ရွယ်ပြီး နောက်ဆုံးရှာဖွေတွေ့ရှိချက် အနှစ်သာရ (၂၁)ပါးပါ"ဟု ပါရှိသည်။

စာမျက်နှာ(၁၁၅)တွင်-

" ပထမအနှစ်သာရသည် သရဏဂုံသုံးပါး၊ ဒုတိယအနှစ်သာရသည် သိက္ခာသုံးရပ်၊ တတိယအနှစ်သာရသည် သာသနာ သုံးရပ်၊ စတုတ္ထအနှစ်သာရသည် ပိဋကတ်သုံးပုံ၊ ပဉ္စမအနှစ်သာရသည် သစ္စာလေးပါး၊ ဆဋ္ဌမအနှစ်သာရသည် အနတ္တ၊ ဝိဘဇ္ဇ"ဟု ပါရှိသည်။

## စိစစ်ပြချက်

အထက်ပါတို့ကိုကြည့်လျှင် ပြင်ဆင်ပြောင်းလဲမှုများစွာတို့ကို ပြုလုပ်ထားကြောင်း ထင်ရှားလှ သည်။ (၂၁)ရာစုကို ရည်ရွယ်၍ အနှစ်သာရ(၂၁)ပါးဟုလုပ်လျှင် (၂၀၀၉)ခုနှစ်ကို ရည်ရွယ်၍ အနှစ်သာရ(၂၀၀၉)ပါးလည်း ဖြစ်လာနိုင်စရာ ရှိနေပေသည်။

စာမျက်နှာ(၁)တွင် ပဉ္စမအနှစ်သာရအရမှာ ပုညကြိယဝတ္ထုသုံးခုဟု ပါရှိ၏။

စာမျက်နှာ(၁၁၅)တွင် ပဉ္စမအနှစ်သာရအရမှာ သစ္စာလေးပါးဟု ဆိုလေ၏။

စာမျက်နှာ(၁)တွင် ဆဋ္ဌမအနှစ်သာရ အရမှာ လက္ခဏာရေးသုံးပါးဟု ပါရှိ၏။

စာမျက်နှာ(၁၁၅)တွင် ဆဋ္ဌမအနှစ်သာရအရမှာ အနတ္တ၊ ဝိဘဇ္ဇဟု ဆိုလေ၏။

စာမျက်နှာ(၁)တွင် အနှစ်သာရပေါင်း(၂၁)ပါးဟု ဆိုလေ၏။

စာမျက်နှာ(၁၁၅)တွင် အနှစ်သာရပေါင်း(၁၇/၁၈)ပါးဟု ဆိုလေ၏။

ဤသည်တို့ကိုကြည့်လျှင် ပြင်ဆင်ဖြုတ်နုတ် ပြုလုပ်ထားပုံများ ထင်ရှားလှလေသတည်း။
ထို့ကြောင့် နောက် ကျောဖုံးပါစာကြောင်းသည် အသံကောင်းဟစ်ထားခြင်းသာ ဖြစ်သည်ဟု မှတ်ယူထိုက်ပါပေသတည်း။

(၂)

စာမျက်နှာ(၃)တွင်-

"အဲဒီမှာ အလွယ်ကူဆုံးမှတ်ရမှာက ငါးပါးသီလနှင့်ပြည့်စုံရင် အဲဒီပုဂ္ဂိုလ်ဟာ ဘယ်လိုအမျိုးအစား ဘယ်လိုလူသားပဲဖြစ်ဖြစ် လူတစ်ခြမ်းဖြစ်နေပါပြီ။ လူတစ်ဝက်ပေါ့။

သရဏဂုံပါ တည်တယ်ဆိုရင်တော့ လူဖြစ်ပါပြီ။ လူအပြည့်လူ လို့ ပြောတာပါ"ဟု ပါရှိသည်။

## စိစစ်ပြချက်

ဤဟောပြောချက်သည် မဟာယာနဝါဒ၊ ဟိန္ဒူဝါဒ စသည်တို့မှာတော့ မှန်ကောင်းမှန်ပေလိမ့်မည်။ ဗုဒ္ဓဝါဒ(=ထေရဝါဒ)မှာတော့ တစ်စက်ကလေးမျှတောင် မမှန်သောစကားရပ် ဖြစ်၏။

အကျယ်သိလိုလျှင် ဝိနည်းမဟာဝဂ္ဂပါဠိတော်၊ အဋ္ဌကထာများထဲက ရှင်ပြုပုံခွင့်ပြုခန်း၊ သီလက္ခန်ပါဠိတော်၊ အဋ္ဌကထာထဲက ကူဋဒန္တသုတ်အဖွင့်၊ ဥပရိပဏ္ဏာသပါဠိတော်၊ အဋ္ဌကထာထဲက ဒက္ခိဏာဝိဘင်္ဂသုတ်အဖွင့်၊

သဋ္ဌာယတနဝဂ္ဂသံယုတ်ပါဠိ တော်၊ အဋ္ဌကထာထဲက သရဏာနိသုတ်နှစ်သုတ်အဖွင့်၊ ခုဒ္ဒကပါဌအဋ္ဌကထာထဲက သရဏတ္တယအဖွင့်စသည် တို့မှာ ကြည့်ရှုနိုင်ပါသည်။

ဗုဒ္ဓဝါဒ(=ထေရဝါဒ)တွင် သရဏဂုံတည်ပြီးသူကသာလျှင် ငါးပါးသီလပြည့်စုံသူ ဖြစ်လာကာ တိုးတက်လာရသည်။ ငါးပါးသီလပြည့်စုံပြီးသူကမှ သရဏဂုံတည်လာသူဟု လုံးဝမရှိချေ။

ဇင်းစာအုပ် ပေါက်စနကလေး၏ စာမျက်နှာ(၁၀၂)တွင်-

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ လို့ ရွတ်ဆိုရုံမျှနှင့် ဗုဒ္ဓဘာသာဝင် ဖြစ်စေလို့ ပညတ်ခဲ့ပါတယ်။ ဒါကိုထောက်လို့ သရဏဂုံသုံးပါးဟာ ပထမဆုံးအနှစ်သာရပဲ ဖြစ်ပါတယ်"ဟု ပါရှိသည်။

စာမျက်နှာ(၉၈)တွင်-

"ရဟန်းသံဃာတွေ ဓမ္မခရီးကြွပြီး ဟောပြောစည်းရုံးလို့ သာသနာ့ဘောင်ကို နေရာအသီးသီးကလူတွေ ဝင်ရောက်လာရင် ဘယ်လိုစည်းကမ်း၊ ဘယ်လိုပုံသဏ္ဌာန်နဲ့ ဝင်ခွင့် ပြုမလဲ။ သရဏဂုံးသုံးပါးနဲ့ ခွင့်ပြုခဲ့တယ်။ ဒါ့ကြောင့် သရဏဂုံသုံးပါးဟာ ထေရဝါဒရဲ့အသက်။ သာသနာပြုခြင်းရဲ့ အစ"ဟု ပါရှိသည်။

ဤစကားနှစ်ရပ်သည် မှန်သောစကား ဖြစ်ပါ၏။

ထို့ကြောင့် ဖေါ်ပြပါစာမျက်နှာ(၃)က-

"အဲဒီမှာ အလွယ်ကူဆုံးမှတ်ရမှာက ငါးပါးသီလနှင့်ပြည့်စုံရင် အဲဒီပုဂ္ဂိုလ်ဟာ ဘယ်လို အမျိုးအစား ဘယ်လို လူသားပဲဖြစ်ဖြစ် လူတစ်ခြမ်းဖြစ်နေပါပြီ။ လူတစ်ဝက်ပေ့ါ။

သရဏဂုံပါ တည်တယ်ဆိုရင်တော့ လူဖြစ်ပါပြီ။ လူအပြည့်လူလို့ ပြောတာပါ"ဟူသောစကားကို အမှားဟုသာ တိတိကျကျ မှတ်ယူလိုက်ပါလေ။ တကယ့်အမှား။

## (၃)

စာမျက်နှာ(၅)တွင်-

"ဘုရားသည် ခြသေ့်ကဲ့သို့ အကြောင်းတရားများကိုသာ ကျင့်သုံးတယ်။ အကျိုးတရား ကို မကျင့်"ဟု ပါရှိသည်။

## စိစစ်ပြချက်

ဤစကားသည် ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကို အခြေခံပြု၍ဆိုသောစကား ဖြစ်နိုင်ပါသော်လည်း အပြည့်အဝမှန်သောစကား မဟုတ်ပေ။ မူလဖြစ်သော ပဋိသမ္ဘိဒါမဂ်၌မူ အရှင်သာရိပုတြာမထေရ်မြတ်က သစ္စာလေးပါး တို့ကဲ့သို့ အကြောင်းအကျိုး တွဲဖက်၍ ဟောပြထားတော်မူပါသည်။

ဒုက္ခသစ္စာအကျိုးကို ကြောက်လန့်သည်ဖြစ်၍ သမုဒယသစ္စာအကြောင်းကို ပယ်သတ်ပစ်သည်။ နိရောဓသစ္စာအကျိုးကို ရရှိလိုသည်ဖြစ်၍ မဂ္ဂသစ္စာအကြောင်းကို ဖြစ်ပွါးလာစေသည်ဟူသကဲ့သို့ အကျိုးကိုသိမြင်ခြင်းနှင့်စပ်လျက် ဟောပြထားခြင်း ဖြစ်သည်။

ဇင်းစာအုပ်ကလေးကတော့ အကျိုးတရားကို လုံးဝပယ်ချထားသကဲ့သို့ ယူဆထားသည်။ ဇင်းစာအုပ်ကလေးအတိုင်းသာ အမှန်ဖြစ်လျှင် သစ္စာလေးပါးတို့ထဲက အကျိုးသစ္စာနှစ်ပါး၊ ပဋ္ဌာန်းပါဠိတော်ထဲက အကျိုးပစ္စယုပ္ပန်ပြတရားများ စသည်တို့ကို လုံးဝပယ်ချလိုက်ရမည်ကဲ့သို့ ရှိပေတော့မည်။

အမှန်မှာ ဗုဒ္ဓဝါဒ(=ထေရဝါဒ)တွင် အလိုရှိအပ်သောအကျိုးကို သိမြင်၍ ယင်းအကျိုးကို ဖြစ်ပေါ် လာစေနိုင်သော အကြောင်းတရားကို ဖြစ်ပွါးလာစေရမည်။

အလိုမရှိအပ်သောအကျိုးကို သိမြင်၍ ယင်းအကျိုးကို ဖြစ်ပေါ်လာစေနိုင်သော အကြောင်းတရားကို ပယ်ဖျက်ပစ်ရမည်ဟု မှတ်ယူကျင့်သုံးနေမှသာလျှင် အမှန်ဖြစ်ပါသည်။

စာမျက်နှာ(၆)တွင်-

“ဝိဘဇ္ဇဝါဒေါ ဘာဝါ၊ န သောဘာဂဝါ ဇွေ့ ဇေကံသဝါဒေါ။ (အံ၊ ၄၊ ၄၁၀)”ဟူ၍ ပါရှိ၏။

ယင်းစကားရပ်တွင် ဘာဝါဟူသောစကားလုံးသည် မှားနေပေသည်။ သတ်ပုံမှား ဖြစ်သည်။

## (၄)

“ စာမျက်နှာ(၆-၇)တွင်-

“အဘိုးအဘွားမိဘဆရာသမားတို့က အစဉ်အလာရိုးရာအတိုင်း လက်ခံလာတာမို့ ငါတို့သည် ဘာမှ စောဒကမတက်ဘဲ လက်ခံရမယ်ဆိုရင် ဒါဟာ မြတ်ဗုဒ္ဓရဲ့ ဒေသနာတော်ရဲ့ လွဲချော်သွားပါပြီ။

မြတ်ဗုဒ္ဓရဲ့ကာလာမသုတ်တော်မှာ-

ကလေးဘဝကစပြီး ကြားနာမှတ်သားရလို့လည်း မှန်တယ်လို့မယူနဲ့။

မိဘဘိုးဘွား လက်ထက်ကစပြီး နာယူမှတ်သားခဲ့ရလို့လည်း မှန်တယ်လို့ မယူနဲ့။

မိမိတို့ကိုင်စွဲထားတဲ့ကျမ်းစာနဲ့ ညီလို့လည်း အမှန်ကိုမမှတ်နဲ့။

ငါ့ဆရာ၊ ငါ့ရဟန်းမို့ သူပြောတာ အမှန်ချည်းပဲ မထင်နဲ့-စသဖြင့် မြတ်စွာဘုရားက ဟောကြားခဲ့တယ်မဟုတ်လား။

(ပ) ဒါ့ကြောင့် ဘယ်ဟာအမှား ဘယ်ဟာအမှန်ဆိုတာ ကိုယ်ကိုယ်တိုင်သိအောင် ကြိုးစားအားထုတ်ပြီးမှ ယုံကြည်လက်ခံသင့်တယ်လို့ မိမိဆင်ခြင်တုံတရားက တမြည့်မြည့်လက်ခံသိမှတ်လာမှ အမှန်လို့ ယူကြပါ။

ကိုယ်ကိုယ်တိုင်သိအောင် အားထုတ်ပါလို့ ပြောချင်တာပါ။

နောက်တိုးတွေ၊ မဟာယာန စိမ့်ဝင်လာမှုတွေ အများအပြား ရှိပါတယ်။ ဒါကို သိအောင် အားထုတ်ကြပါ”ဟု ပါရှိသည်။

## စိစစ်ပြချက်

ဖေါ်ပြပါကာလာမသုတ်တော်မှာ ပါရှိသည့် ပိဋက=ကျမ်းစာဆိုသည်မှာ နိဂဏ္ဌနာဋပုတ္တ စသူတို့၏ သိဒ္ဓန္တ ပါဝစနကျမ်းစသည်တို့ကို ဆိုလိုသည်။ သဗ္ဗညုတာဉာဏ်ဖြင့် မြတ်စွာဘုရားအစစ်က ဟောပြအပ် သောပိဋကကျမ်းတို့ကို မဆိုလိုပါ။ ပိဋကကျမ်းတို့သည် အမှားမရှိသည့်ကျမ်းများသာဖြစ်၍ ယုံထိုက်သည့် ကျမ်းများသာ ဖြစ်ကြသည်။

မှန်၏။ ၎င်းသုတ်တော်ဖြစ်ပေါ်လာခြင်းသည် မြတ်စွာဘုရားက ကာလာမရွာသို့ ရောက်တော်မူခြင်း ကြောင့် ဖြစ်ပေါ်လာသည်။ ထိုသုတ်မဖြစ်ပေါ်မီတွင် ကာလာမရွာသားတို့ထံ ရောက်ရှိနေသည့် ပိဋက= ကျမ်းစာတို့မှာ မြတ်စွာဘုရား၏ ဓမ္မဝိနယတို့ မဟုတ်ကြသေးကုန်။ ဓမ္မဝိနယတို့ကို ပိဋကတ်ဟု ခေါ်ဆိုခြင်းသည် ပထမ သင်္ဂါယနာတင်ချိန်မှ စတင်၍ ခေါ်ဆိုခြင်းသာ ဖြစ်သည်။

ယခုသင်္ဂါယနာခြောက်တန်တင် ပိဋကတ် တော်ထဲမှာ နောက်တိုးများပါရှိနေသည် မဟာယာနစိမ့်ဝင် မှုများပါရှိနေသည်ဟုဆိုထားလေရာတွင် ဘယ်ဟာသည် နောက်တိုး၊ ဘယ်ဟာသည် မဟာယာနဟူ၍ ပါဠိတော် အကိုးအကားများဖြင့် ရှင်းပြပေးရန် တာဝန်ရှိပါသည်။

ဤသို့ရှင်းမပြနိုင်ပါဘဲနှင့် ထိုသို့ပြောဟောနေခြင်းမျိုးကား အဓမ္မဝါဒဟောင်းကို အသက်ဝင်စေခြင်းသာ ဖြစ်သည်ဟု နားလည်သူတို့က ရဲရဲဝံ့ဝံ့ သုံးသပ်သိမြင်ကြကာ အဓမ္မဝါဒအဖြစ် ဖေါ်ထုတ်တင်ပြသွားကြတော့မည် ဖြစ်သည်။

## (၅)

စာမျက်နှာ(၁၃)တွင် -

“ထေရဝါဒဗုဒ္ဓဘာသာ သန့်ရှင်းစင်ကြယ်စေချင်လွန်းလို့ ကိုယ့်တစ်နိုင် တရားအလှူ လုပ်နေတာ။ ဟုတ်ပြီနော်”ဟု ပါရှိသည်။

## စိစစ်ပြချက်

ဤစကားရပ်တွင် တရားအလျှုလုပ်နေတာလား။ မတရားတွေကို ဖြန့်ဖြူးနေတာလားဟု မေးစရာရှိသည်။ စာရေးသူလေ့လာမိသမျှအရဆိုရလျှင် ၎င်းစာအုပ်ပြောပြောသူ ဓမ္မကထိက၏ ဟောပြောချက်များတွင်

-ဝိပဿနာအကြောင်း

-သစ္စာလေးပါးအကြောင်း

-လက္ခဏာသုံးပါးအကြောင်း

-နိဗ္ဗာန်အကြောင်း

-မဂ္ဂင်အကြောင်း စသည်များမှာ အမှားများချည်းသာ ဖြစ်ပါသည်။ သေချာလေ့လာလိုလျှင် ဤဆောင်းပါးပါ မဂ္ဂဇင်းမှတစ်ဆင့် စာရေးသူထံမှ အကူအညီ တောင်းခံနိုင်ပါသည်။ စာရေးသူ၏ လေ့လာတွေ့ရှိထားချက်များကို မိတ္တူကူး၍ ပို့ရောက်စေပြီး အဖြေမှန်ရရှိလောက်အောင်အထိ အကူအညီ ပေးလိုပါသည်။ စေတနာသက်သက်ဖြင့် ကူညီမှာပါ။

စာမျက်နှာ(၃၁)တွင်-

"အဲဒီ ဒီဃနိကာယ်ရဲ့ အစအဆုံးသုတ်ဟာ ဗြဟ္မာ့စာရသုတ္တာန် ဖြစ်ပါတယ်"ဟူ၍ ပါရှိသည်။ ၎င်းတွင် သတ်ပုံမှား(၃)ချက် ပါရှိသည်။ သတ်ပုံမှားလျှင် စာမှားပင် ဖြစ်တော့သည်။ ပရိယတ်အမှား ဖြစ်တော့သည်။

တရားတော်၌ လေးစားတတ်သူတို့က သတ်ပုံမှားခြင်း မရှိရလေအောင် ဂရုပြုတော်မူကြပါသည်။ မှန်၏။ ဘုရားဟောပြထားသည့် တရားစာတစ်လုံးတစ်လုံးသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းလောက် တန်ဖိုးကြီးသည်သာ မဟုတ်ပါလော။

ထို့ကြောင့်ပင် ဒွါရဆရာတော်ဘုရားကြီးက ရွှေကျင်ဆရာတော်ဘုရားကြီးအား-

"ရွှေကျင် ဆရာတော် ဘုရားသခင်က လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတွေ ဖြည့်ကျင့်တော်မူပြီးမှ ဟောပြတော်မူနိုင်တဲ့ က္ကတိတစ်လုံးကို မရွတ်ဖတ်ဘဲ ချန်ထားခဲ့ပြီး မပျောက်ကွယ်ပါစေနှင့်"ဟူ၍ သတိပေးတော်မူဖူးပါပြီ။

(၆)

စာမျက်နှာ(၄၈)တွင်-

"ဆဋ္ဌသင်္ဂါယနာကို သေလက္ခရကျောက်စာလို့ ခေါ်နိုင်ပါတယ်။ ပုံနှိပ်အက္ခရာတွေနဲ့ မှတ်တမ်းတင်ထားတာ ဖြစ်ပါတယ်"ဟု ပါရှိသည်။

## စိစစ်ပြချက်

၎င်းစကားရပ်တွင် သေလက္ခရပုဒ်၌ သေလ=ကျောက်၊ အက္ခရ=စာ၊ ထို့နှစ်ခုပေါင်းလျှင် သေလက္ခရ=ကျောက်စာဟူ၍ အဓိပ္ပါယ်ရှိသည်။ ပဉ္စမသင်္ဂါယနာသည်သာလျှင် သေလက္ခရ ဖြစ်သည်။

ဆဋ္ဌသင်္ဂါယနာသည် သေလက္ခရ မဟုတ်ပါ။ ဤသို့လျှင် "လူတွေက သိကြတာမှ မဟုတ်ဘဲ"ဟု သဘောထားကြီးကြီးထားကာ ဟောချင်ရာရာတို့ကို ဟောချင်သလို ဟောနေမှုမျိုးကို ရည်ရွယ်ပြီး

စာမျက်နှာ(၅၀)တွင်-

"အလျှုဒါနအသီးသီးတို့ အနက် တရားအလျှုသည် အမြတ်ဆုံးဖြစ်၏။ ဒါပဲ။ အဖြေက ရှင်းပြီနော်"ဟု ဆိုထားပေသေးသည်။ ရှင်းပါပြီဗျာ။

**"တရားအလျှုသည် အမြတ်ဆုံး ဖြစ်ပါ၏။ မတရားအလျှု = မတရားတွေဖြန့်ဝေမှု= တရားမဟုတ်တာ တွေကိုဖြန့်ဝေမှုသည်ကား အယုတ်ဆုံး ဖြစ်ပါပေ၏"**ဟူ၍ နားလည်နေကြပြီ ဖြစ်ပါသတည်း။

တစ်ဖန် စာမျက်နှာ(၅၃)တွင်-

"သံဃာ့ဒါနဆွမ်းဆိုတာမှာ ရှေ့ကစကားလုံးသည် အပေးခံရတဲ့ပုဂ္ဂိုလ်ကို ရည်ညွှန်းတာဖြစ်ခြင်းကြောင့်

အောက်ကမြစ်ထည့်ဖို့ လိုလိမ့်မယ်နော်”ဟု ဆိုထား၏။

ထိုစကားတွင် သံဃာ့ဒါနဟု ဆိုလိုသည်ဟူသတတ်။ သံဃ=သံဃာတော်၏။ ဒါန=ဆွမ်းအလှူပစ္စည်းဟုလည်း lတွေ myတွေဖြင့် ရှင်းပြထားသေးသည်။ ဤရှင်းချက်အတိုင်းဆိုလျှင် သံဃာတော်တွေက ဆွမ်းလောင်းအသင်းလူတွေအား သူတို့ပိုင်ဆိုင်သည့် ဆွမ်းပစ္စည်းတွေကို ပေးဝေလှူဒါန်းကြရမည့်ကိန်းပင် ဖြစ်နေပါသည်။

အမှန်မှာ သံဃ= သံဃာတော်အား။ ဒါန= လောင်းလှူဆက်ကပ်အပ်သောဆွမ်းပစ္စည်း (သို့မဟုတ်) သံဃ= သံဃာတော်တို့၏အကျိုးငှါ။ ဒါန= စီရင်ထားအပ်သောဆွမ်းပစ္စည်းဟူသာ အဓိပ္ပါယ်ရှိရမည် ဖြစ်ပါသည်။

ယင်းအဓိပ္ပါယ်အတွက် သံဃာ့ဟု အောက်မြစ်ရှိစရာ လုံးဝမလိုပါ။ အောက်မြစ်ထည့်လျှင် လုံးဝ မှားပါသည်။ ထို့ပြင် ဤသံဃဒါနပုဒ်သည် ပါဠိပဒနှစ်ပုဒ်တွဲထားခြင်းသာဖြစ်၍ ပါဠိဘာသာမှာ အောက်မြစ်အသုံး လုံးဝမရှိခြင်းကြောင့်လည်း သံဃာ့ဒါနဟုရေးလျှင် မှားပါသည်။

ပါဠိပဒနှစ်ပုဒ်တွဲမဟုတ်ဘဲ နောက်ပုဒ်က ပါဠိပျက်ပုဒ်၊ နောက်ပုဒ်က မြန်မာပုဒ်ဖြစ်လျှင်သာ အဓိပ္ပယ်မှန်ရရှိမည့်ဝေါဟာရဆိုလျှင်မူ သံဃာ့ပစ္စည်း (နောက်ပုဒ်ကပါဠိပျက်ပုဒ်)နှင့် သံဃာ့ကျင့်ဝတ် (နောက်ပုဒ်ကမြန်မာ)ဟူ၍ ရေးထုံးရှိပါသည်။

သံဃပစ္စည်းဟုရေးလျှင် မှားသည်။ သံဃကျင့်ဝတ်ဟုရေးလျှင် မှားသည်။ သံဃဘောင်ဟုရေးလျှင် မှားသည်။ ယင်းဝေါဟာရတို့မှာ အောက်မြစ်ပါမှ မှန်သည်။

သံဃဒါနပုဒ်ကား ပါဠိပဒနှစ်ပုဒ်တွဲဖြစ်၍ အောက်မြစ်ထည့်မှု လုံးဝမပြုအပ်သည့်ပုဒ် ဖြစ်သည်။ သာသနာ့သိက္ခာဟု မရေးရ။ ရေးလျှင်မှားသည်။ သာသနသိက္ခာဟုသာ ရေးရသည်။

## (၇)

စာမျက်နှာ(၆၄)တွင်-

“အဲဒါတွေဟာ ထေရဝါဒထဲကို ပြာဟ္မဏဝါဒတွေ မသိမသာ သွတ်သွင်းလိုက်တာပါ။ အဲဒီလိုနဲ့ တဖြည်းဖြည်းစိမ့်ဝင်လာတာပါ။ တရားဟောတဲ့ပုဂ္ဂိုလ်တွေ၊ စာရေးတဲ့ပုဂ္ဂိုလ်တွေဟာ မြင်နိုင်ဖို့လိုတယ်။

အဋ္ဌကထာမှာတော့ ပါတာပဲ။ ဋီကာထဲတော့ ပါတာပဲ။ ဒါပေမယ့် အဲဒီအဋ္ဌကထာ၊ ဋီကာတွေဟာ ဘယ်ခေတ်ကတည်းက ရေးတာလဲ။ ဘယ်သူတွေရေးတာလဲ။ အဲသလိုပြောလို့ရှိရင် အချို့သောဆရာတော်ကြီးများက ကြိုက်နှစ်သက်ကြမယ် မဟုတ်ဘူး။ (ပ)

ထိုထို(အဋ္ဌကထာ)ဋီကာတွေထဲမှာ ရေးတဲ့အခါမှာ တစ်ခါတစ်ရံကျတော့လည်း ခုနပြောသလိုပါပဲ။ ကျမ်းပြုသူရဲ့ မဟာယာနအပေါ် တိမ်းညွှတ်မှုတွေ၊ ထေရဝါဒရဲ့လမ်းစဉ်ကလွဲချော်မှုတွေ အနည်းနဲ့အများရှိနိုင်တာပါပဲ”ဟု ပါရှိသည်။

## စိစစ်ပြချက်

ဤစကားစုသည် သူကရမဒ္ဒဝပုဒ်နှင့် ပတ်သက်ရာမှ ဆက်လာသည့်စကား ဖြစ်သည်။ မြတ်စွာဘုရားက ပါသာဒိကသုတ်၊ သင်္ဂီတိသုတ်တို့မှာ အခြားအနက်အဓိပ္ပါယ်နှင့်အတူတကွ ဤအနက်အဓိပ္ပါယ်ကို၊ အခြားသဒ္ဒါပုဒ်ဗျည်းနှင့်အတူတကွ ဤသဒ္ဒါပုဒ်ဗျည်းကို ညှိနှိုင်းယူရမည်။ သင့်ရာကို ညီညွတ်သူတို့က ယူရမည်။ မငြင်းခုံရဟု မိန့်တော်မူထားပါသည်။

အဋ္ဌကထာ၊ ဋီကာတွေကို ပုတ်ခတ်လိုလျှင် မည်သည့်ပါဠိတော်အရ မည်သည့်အဓိပ္ပါယ်၊ မည်သည့်သဒ္ဒါပုဒ်ဗျည်းနှင့် မညီခြင်းကြောင့် မှားသည်ဟုသာ ပုတ်ခတ်ရမည် ဖြစ်၏။ ဘယ်ခေတ်က ရေးရေး၊ ဘယ်သူရေးရေး အဋ္ဌကထာ၊ ဋီကာ ပြုစုသည့် ဆရာတော်ကြီးများသည် ပါဠိတော်အရပ်ရပ်တို့ကို မြော်မြင်တော်မူကြသည်သာဖြစ်၍ ပါဠိတော်အရပ်ရပ်တို့နှင့် ညီညွတ်အောင် ရေးသားစီရင်ကြသည်ချည်းသာ ဖြစ်ကြသည်။

ပါဠိတော်အရပ်ရပ်တို့နှင့် မညီညွတ်သော အဋ္ဌကထာ၊ ဋီကာကျမ်းစာများ ရှိခဲ့ကြမည်ဖြစ်သော်လည်း

ယင်းအဋ္ဌကထာ၊ ယင်းဋီကာတို့ကို သင်္ဂါယနာတင် အရှင်မြတ်ကြီးတို့က အဋ္ဌကထာအဖြစ်၊ ဋီကာအဖြစ် အသိအမှတ် မပြုခဲ့ခြင်းကြောင့် ကွယ်ပျောက်ခဲ့ကြပြီး ဖြစ်သည်။

ယခုရှိနေကြကုန်သော အဋ္ဌကထာကျမ်းများ၊ ဋီကာ ကျမ်းများသည် သင်္ဂါယနာတင် အရှင်မြတ်ကြီးတို့က ပါဠိတော်အရပ်ရပ်တို့နှင့် ညီညွတ်သည့်အတွက် နှစ်သက်လက်ခံတော်မူအပ်ကုန်သော အဋ္ဌကထာများ၊ ဋီကာများချည်း ဖြစ်ကြပါသည်။

ထို့ကြောင့် ဖေါ်ပြပါပါသာဒိကသုတ်၊ သင်္ဂီတိသုတ်တို့အရ အခြားအနက်အဓိပ္ပါယ်နှင့်အတူတကွ ဤအနက်အဓိပ္ပါယ်ကို၊ အခြားသဒ္ဒါပုဒ်ဗျည်းနှင့် အတူတကွ ဤသဒ္ဒါပုဒ်ဗျည်းကို ညှိနှိုင်းယူရန် ဝေဖန်ပြသပေးမှုမျိုး မဟုတ်ပါဘဲ အခြေအမြစ်မရှိသောပုတ်ခတ်မှုများဖြင့် အဋ္ဌကထာ၊ ဋီကာတို့ကို ပုတ်ခတ်လျှင် အချို့သော ဆရာတော်ကြီးများကသာ မနှစ်သက်မည်မဟုတ်ပေ။ ပိဋကပညာရှင် သူတော်စင်ဆရာတော်ကြီးတိုင်းကပင် မနှစ်သက်ကြောင်း သတိရှိစေလိုပါသတည်း။

ထို့ပြင်လည်း မဟာယာနအပေါ် တိမ်းညွတ်မှုတွေ၊ ထေရဝါဒရဲ့လမ်းစဉ်ကလွဲချော်မှုတွေဟုဆိုရာမှာလည်း မည့်သည့်အချက် မည်သည့်အချက်တို့က မည်သည့်ပါဠိတော်နှင့် မညီညွတ်ပါ။ အခြားသော မည်သည့်အနက်အဓိပ္ပါယ်နှင့် အခြားသော မည်သည့်သဒ္ဒါပုဒ်ဗျည်းနှင့် မညီညွတ်ပါဟူ၍ အပြည့်အစုံ အလုံအလောက် ထောက်ပြနိုင်လျှင် ထုတ်ပြနိုင်လျှင် ပညာရှင်တို့၏ စကားအရာမှာ ပါဝင်နိုင်၏။

ဘယ်ပါဠိတော်ကိုမျှ မကိုးကားဘဲ ဘယ်အနက် ဘယ်သဒ္ဒါနှင့်မျှ အမှန်ကျအောင် နှိုင်းယှဉ်ရှင်းလင်း မပြနိုင်ဘဲ-

"အဲဒါတွေဟာ ထေရဝါဒထဲ ပြာဟ္မဏဝါဒတွေ စိမ့်ဝင်လာတာပါ။ အဋ္ဌကထာထဲမှာပါပေမယ့် မမှန်ပါဘူး။ ဋီကာထဲမှာပါပေမယ့် မမှန်ပါဘူး"ဟူ၍

အသားလွတ်ဆိုလာလျှင်မူ ပညာရှိတို့၏ စကားအရာတွင် မပါဝင်နိုင်ပေ။

## (၈)

စာမျက်နှာ(၇၁)တွင်

"အဲဒါ သံသရာပဲ။ အဲဒီလိုပြောတော့ တစ်ကမ္ဘာလုံးက ကြိုက်ကြတယ်။ မြန်မာတို့ရဲ့ မူလအစစ်ဖြစ်တဲ့ ထေရဝါဒအစစ်သည် အဝိဇ္ဇာ၊ တဏှာကို အဲသလို ဟောတယ်။ ကမ္ဘာက ဘာလဲလို့လဲ ပြောတယ်။ မင်းတို့ ထေရဝါဒရဲ့အမြင်က ဘာလဲ။ မင်းတို့ ထေရဝါဒက တစ်ခုကျန်တယ် တဲ့။ ဘာမှရှင်းလို့ မရတော့ဘူး။ သံသရာစက်ဝန်းထဲမှာ ဒေါသမရှိဘူး။ ဒေါသထွက်လို့ သံသရာမလည်ဘူးကွလို့ မနည်းရှင်းရတယ်"ဟု ပါရှိသည်။

## စိစစ်ပြချက်

သံသရာအယူအဆကို မဟာယာနတို့၏ သံသရာဟု သတ်မှတ်၍ ရှင်းမပြတော့ပါ။ သို့သော် ထေရဝါဒ အမြင်တွင် ဒေါသတစ်ခုကျန်သည်။ ထိုဒေါသကျန်နေခြင်းသည် ဒေါသကြောင့် သံသရာမလည် သည့်အတွက်ကြောင့် ဖြစ်သည်ဟူသောအချက်တို့ကိုမူ ရှင်းလင်းတင်ပြရမည်သာတည်း။

ဒေါသပဲဖြစ်ဖြစ်၊ အခြားအကုသိုလ်ပဲဖြစ်ဖြစ် ဖြစ်တိုင်းဖြစ်တိုင်းမှာ အကုသိုလ်စေတနာ ပါရှိကြသည် သာတည်း။ ယင်းစေတနာတို့က ထာမဂတဖြစ်၍ အားရှိနေလျှင် ကံမြောက်ကြသည်သာ ဖြစ်ကြသည်။

ကံမြောက်လျှင် သေခါနီးတွင် ဥပဋ္ဌာနသမင်္ဂီ တာဖြစ်လာကြမည်သာ ဖြစ်ကြသည်။ ထိုသို့ဖြစ်လာကြလျှင် ဒေါသ၊ ဒေါသနှင့်ယှဉ်သောစေတနာတို့ကြောင့် အပါယ်လေးပါး သွားကြရမည်သာ ဖြစ်ကြသည်။ ထို့ကြောင့် ဒေါသကြောင့် သံသရာလည်သည်ဟုယူမှသာလျှင် မှန်ပါသည်။

"ဒေါသထွက်လို့ သံသရာမလည်ဘူးကွ"ဟူသောရှင်းချက်သည် အမှားသက်သက်ကြီးသာ ဖြစ်လေ၏။

ဟေတုပစ္စယောပုဒ်တွင် လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်၊ အလောဘဟိတ်၊ အဒေါသဟိတ်၊

အမောဟဟိတ်တို့ကို ဟောပြတော်မူလျက် ပဋ္ဌိစ္စသမုပ္ပါဒ်၌ အဘယ့်ကြောင့် အဝိဇ္ဇာ(မောဟဟိတ်)နှင့် တဏှာ(လောဘဟိတ်) တို့ကိုသာ ဟောပြသနည်းဟုမေးလျှင် ဒေါသသည် လောဘ၏အကျိုးတရားအရတွင် ပါဝင်သည်။ လောဘကို ဟောပြလျှင် ဒေါသကိုပါ ဟောပြတော်မူရာရောက်သည်။

ပဋ္ဌာန်းတွင်ကား တရားကိုယ်သရုပ်ကို အကုန်ထုတ် တော်မူသည်။ ထို့ကြောင့် ဒေါသအပါအဝင် ဟိတ်ခြောက်ပါးတို့ကို ဟောတော်မူသည်ဟု ပဋ္ဌာန်းအဋ္ဌကထာတွင် ရှင်းပြထားပါသည်။

ပဋ္ဌာန်းအဋ္ဌကထာကို မထောက်ထားဘဲ ထင်မိထင်ရာ ဟောထားသည်တို့ကို အမှားတွေဟု မှတ်ယူကြရမည် ဖြစ်ပါသတည်း။

ထို့ပြင် စာမျက်နှာ(၇၅)တွင်-

"အဝိဇ္ဇာ၊ တဏှာနဲ့ ရှိနေတဲ့ ထေရဝါဒရဲ့ ဒွေးမူလကို ဒေါသမိတ်ကပ်တွေ ထပ်ဖြည့်တာ။ နိုး ထေရဝါဒပဲ။ သွားပဲ"ဟု ပါရှိသည်။

ဤဟောပြောချက်သည် အထက်ပါအတိုင်း ပဋ္ဌာန်းပါဠိတော် ဟေတုပစ္စယောအဖွင့်များအားလုံးကို ပယ်ချထားခြင်းသာ ဖြစ်သည်။ ထို့ကြောင့် ၎င်းစာမျက်နှာတွင်-

"ဒါကြောင့်မို့ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြောင်းလဲခြင်း၊ နှုတ်ပယ်ခြင်း မရှိတဲ့သဘောတရားကို သေသေချာချာ နားလည်အောင် ကြိုးစားပါ"ဟုဆိုထားခြင်းသည် အသံကောင်းဟစ်ခြင်းသာ ဖြစ်ပါသည်။

## (၉)

စာမျက်နှာ(၈၅)တွင်-

"စာတွေ့မဟုတ်ဘူး။ လက်တွေ့။ သင်တယ်ဆိုတာ ပိဋကတ်သုံးရပ်နဲ့မညီရင် မှားချင်တိုင်း မှားတော့မပေါ့။ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာနဲ့မညီရင် ပိဋကတ်ထဲမှာ မပါရင် အဲဒါမှားတယ်။ ဘုန်းကြီးပြောတယ်။ စာတွေ့မဟုတ်။ ငါတွေ့ဆို မှားတယ်ဗျာ။ ထေရဝါဒဖြစ်တဲ့ ဒီနိုင်ငံမှာ ထေရဝါဒနှင့်ပတ်သက်ပြီး ပြောတာဆိုတာ ရေးသားတာတွေ မှားချင်တိုင်း မှားနေကြတာပဲ"ဟု ပါရှိသည်။

## စိစစ်ပြချက်

အထက်ပါစာစုတွင် ငါတွေ့တွေမှားနေတတ်ကြောင်းစကားသည် မှန်သောစကား ဖြစ်သည်။ပိဋကသုံးပုံနှင့် မညီသမျှတို့သည် အမှားများချည်း ဖြစ်သည်ဟူသောစကားသည်လည်း မှန်သောစကား ဖြစ်သည်။

သို့ရာတွင် မြန်မာနိုင်ငံရှိ ပြောဆိုခြင်း၊ ရေးသားခြင်းများကို အမှားတွေဟုဆိုခြင်းသည်ကား အရမ်းဆိုခြင်းသာဖြစ်၍ မှားသောစကားသာလျှင် ဖြစ်သည်။ မည်သူ့ရေးသားချက်များ၊ မည်သူ့ပြောဆိုချက်များက မှားနေကြသည်ဟု အကြောင်းအကျိုး အခိုင်အလုံဖြင့်သာလျှင် ရှင်းပြရမည့်ကိစ္စ ဖြစ်သည်ကို မမှားသူတွေရော မှားသူတွေပါ အုတ်အရောရော ကျောက်အရောရော လုပ်လိုက်ခြင်းသည် မှန်သူတို့ကို စော်ကားခြင်းသာလျှင် ဖြစ်ပေတော့သည်။

## (၁၀)

စာမျက်နှာ(၁၀၂)တွင်-

"အဲဒီလိုမှမဟုတ်ဘဲ လူဖြစ်ရဲ့လား။ ကြွေးမြီကင်းရဲ့လား။ မိန်းမကခွင့်ပြုရဲ့လား။ မေးနေမှတော့ ထွက်ပြေးတော့မှာပေါ့။ ဟာကွာ။ ဘုန်းကြီးလေးတစ်ခါဝတ်ဖို့အရေး မေးမြန်းစုံစမ်းနေတာ မပြီး တော့ဘူးဆိုပြီး ပြေးတော့မှာပေါ့။

ဒါ့ကြောင့် သာသနာအစကာလမှာ သရဏဂုံသုံးပါး ရွတ်ဆိုရုံမျှဖြင့် ရှင်ဖြစ်စေ ရဟန်းဖြစ်စေလို့ ပညတ်ခဲ့ခြင်း ဖြစ်ပါတယ်"ဟု ပါရှိသည်။

## စိစစ်ပြချက်

အထက်ပါစကားရပ်တို့သည် အမှားများချည်း ဖြစ်ကြသည်။ အကြောင်းဝတ္ထုမပေါ်သေးခြင်းကြောင့် လူဖြစ်ရဲ့လား စသည်များကို မေးမြန်းစစ်ဆေးခြင်း ဖြစ်ပေါ်လာကြသည်။ သာသနာအစပိုင်းကာလတွင် အကြောင်းဝတ္ထုမရှိသေးခြင်းကြောင့် မည်သူကိုမဆို စစ်ဆေးခြင်းမရှိသေးဘဲ လက်ခံခြင်းသာ ဖြစ်သည်။ နီးစပ်ရာ ဆရာတော်များကို မေးလျှောက်ကြည့်ရှုဖြင့်ပင် ထင်ရှားသိသာကြမည်ဖြစ်သောကြောင့် အကျယ်ရှင်းမပြတော့ပါ။

ထို့ပြင် သာသနာအစပိုင်းကာလမှာ ဝင်ရောက်လာသူအများစု(အားလုံးနီးပါး)တို့သည်ကား ပုဂ္ဂိုလ်ထူးများ ချည်း ဖြစ်ကြပါသည်။ ဘုရားလောင်းဖြစ်ခဲ့စဉ်က မိတ်ဟောင်းများ၊ ပါရမီဖြည့်ဖက်များ ဖြစ်ကြပါသည်။ ဤသဘောကိုလည်း သတိပြုသင့်ပါသေးသည်။

## (၁၁)

စာမျက်နှာ(၁၀၅)တွင်

"သီလနဲ့ကာမဂုဏ်ယှဉ်ရင် ကာမဂုဏ်ကိုစွန့်မလား။ သီလစွန့်မလား။ သီလကို စွန့်ပါမည်ဘုရား။ မလုပ်နဲ့ နော်။ အဲသလိုဖြစ်တာနဲ့ သရဏဂုံပျက်ပြီ။ (ပ) တဏှာနဲ့ပတ်သက်ရင် ဈာန်ရသူတို့ပင်လျှင် ဈာန်လျော တတ်ပါတယ်။ ဈာန်သမာပတ်ရနေတဲ့ ပုဂ္ဂိုလ်သည်ပင်လျှင် တစ်ချက်ကလေး အာရုံညွတ်လိုက်တာ နဲ့ မြေပေါ်ကို ဘုန်းခနဲ ပြုတ်ကျတော့တာပဲ"ဟု ပါရှိသည်။

## စိစစ်ပြချက်

သီလပျက်လျှင် သရဏဂုံပါပျက်သည်ဟူသောအဆိုသည် မည်သည့်ပါဠိအဋ္ဌကထာမှာမှ မရှိပေ။ ပုထုဇဉ်တို့၏ သရဏဂုံသည် ပျက်တတ်သောအကြောင်းများ ရှိသည်မှန်သော်လည်း သီလပျက်ခြင်းသည် အဆိုပါသရဏဂုံပျက်ကြောင်းတို့တွင် မပါဝင်ပေ။

(လေ့လာလိုလျှင် မင်းကွန်းမဟာဗုဒ္ဓဝင် စတုတ္ထတွဲ၊ ပဉ္စမတွဲ တို့မှာ လေ့လာကြည့်ကြပါလေ။)

ထို့ပြင် ဈာန်လျောသူသည် ဘုန်းခနဲ ပြုတ်ကျသည်ဟူသောစကားသည်လည်း အမှားကြီးသာ ဖြစ်သည်။ ဈာန်လျောသူသည် ကောင်းကင်ပြင်မှ ဝါဂွမ်းဆိုင်၏ ကျလာခြင်းကဲ့သို့ အသာအယာ ကျလာခြင်းသာ ဖြစ်သည်။ မုဒုလက္ခဏဇာတ်စသည်တို့မှာ လေ့လာကြည့်ကြပါလေ။ ဟရိတစရသေ့ကြီး ဘုန်းခနဲ ကျ-မကျဆိုတာကို တွေ့သိနားလည်ကြရပါလိမ့်မည်။

## (၁၂)

စာမျက်နှာ(၁၁၂)တွင်-

"ခံစားတာမှန်ရင် ဝေဒနာပဲ။ ကောင်းတာခံစားတာပဲဖြစ်ဖြစ်၊ ဆိုးတာခံစားတာပဲ ဖြစ်ဖြစ် ဝေဒနာပဲ။ မလိုဒေါသ၊ လိုလောဘလို့ ဆိုကြတာ ဒါပဲ။ ဘောလုံးပွဲ လာတယ်။ တက်တက်ကြွကြွ ရွှင်ရွှင်လန်းလန်းနဲ့ ကြည့်ကြတယ်။ အားပေးကြတယ်။ ရော်နယ်ဒင်ဟို ဂိုးသွင်းခါနီး မီးကပျက်သွားတယ်။ ထဆဲလိုက်ကြတာ သောင်းသောင်းညံသွားတာပေါ့။ ဒုက္ခသစ္စာ . . . ဒုက္ခသစ္စာ. . . ။

ဘောလုံးပွဲလာလို့ ကြည့်နေတာ။ ကျေနပ်နေတာ။ သမုဒယသစ္စာ။ မီးပျက်တာနဲ့ချက်ချင်း ဒုက္ခသစ္စာ ဖြစ်သွားတော့တယ်"ဟု ပါရှိသည်။

## စိစစ်ပြချက်

အထက်ပါတို့တွင် ဝေဒနာကို လောဘ၊ ဝေဒနာကို ဒေါသဟုဆိုခြင်းသည် မှားသောအဆို ဖြစ်ပါသည်။

ဝေဒနာသည် ဝေဒနာသာလျှင် ဖြစ်သည်။ လောဘသည် လောဘသာလျှင် ဖြစ်သည်။ ဒေါသသည် ဒေါသသာလျှင် ဖြစ်သည်။ အဘိဓမ္မာကျမ်းများကို သင်ယူကြရန် တိုက်တွန်းလိုပေသေးသည်။

ထို့ပြင် မီးပျက်တာကို ဒုက္ခသစ္စာဟုဆိုခြင်းနှင့် ဘောလုံးပွဲကြည့်၍ ကျေနပ်နေရတာကို သမုဒယသစ္စာဟု ဆိုခြင်းတို့သည် မည်သည့်ပါဠိတော် မည်သည့်အဋ္ဌကထာမှာမှ မရှိသောစကားဖြစ်၍ အမှားကြီးသာ ဖြစ်ပေသတည်း။

ဤသစ္စာနှစ်ပါး ရှင်းပြချက်သည် ဓမ္မစက္ကပဝတ္တနသုတ်မှစ၍ ပိဋကသုံးပုံအကုန်လုံးကို ပယ်ဖျက်ထားသည့်စကားကြီးသာ ဖြစ်ပါသည်။ ပယ်ဖျက်ပုံမှာ အဆိုပါဓမ္မစက္ကပဝတ္တနသုတ်စသည်တို့တွင် ပရမတ်တရား ခန္ဓာငါးပါးတို့သည် ဒုက္ခသစ္စာ မည်ကုန်၏။ ထိုဒုက္ခသစ္စာကို ဖြစ်ပေါ်လာစေတတ်သော တဏှာလောဘသည် သမုဒယသစ္စာမည်၏ဟု ဟောပြထားတော်မူသည်။

မီးပျက်တာကိုသိသူနှင့် ထိုမီးပျက်တာကိုသိ၍ မီးလာနေစဉ် ကျေနပ်နေတာကို ပယ်သတ်နိုင်လျှင် သစ္စာနှစ်ပါးကိုသိနေသူ (အရိယာပုဂ္ဂိုလ်) ဖြစ်သည်ဟု ဆိုလိုရာရောက်နေပါသည်။

## (၁၃)

## အကျဉ်းချုပ်

စာအုပ်နောက်ကျောဖုံးတွင်-

“ ထေရဝါဒဆိုသည်မှာ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ နုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်းတို့မှ အစဉ်ထာဝရ လွတ်မြောက်နေတဲ့ ဘာသာတရား ဖြစ်တယ်”ဟူ၍ ဖော်ပြပါရှိသည့် စာအုပ်ငယ်ကလေး တစ်အုပ်ဖြစ်သော်ငြားလည်း ဖော်ပြခဲ့သည့်အတိုင်း -

အမှတ်(၁)တွင် ပိဋကသုံးပုံလာတရားတို့ကို အမျိုးမျိုး ဆွဲစပ်ပြင်ထားကြောင်း တွေ့ရသည်။

အမှတ်(၂)တွင် ပိဋကသုံးပုံမှာ နောက်တိုးတွေ၊ မဟာယာနစိမ့်ဝင်မှုတွေ ပါရှိနေကြသဖြင့် ပယ်နုတ်စရာ ရှိနေကြသည်ဟု ဟောထားကြောင်း တွေ့ရသည်။

အမှတ်(၃)တွင် ပိဋကသုံးပုံတရားတို့ကို မျက်ကွယ်ပြုပြီး ဟိန္ဒူဝါဒ၊ မဟာယာနဝါဒတို့ကို အရေးတကြီး လုပ်ပြထားကြောင်း (ဝါ)ပိဋကသုံးပုံထဲသို့ ဖြည့်စွက်ဖွယ်အသစ်များကို ဖြည့်စွက်ထားကြောင်း တွေ့ရသည်။

အမှတ်(၅)တွင် မပြည့်စုံသောအဓိပ္ပါယ်တို့ဖြင့် ပိဋကသုံးပုံတို့မှ ပြည့်စုံသောအဓိပ္ပါယ်တို့ကို နုတ်ပယ်ထားကြောင်း တွေ့ရသည်။

အမှတ်(၆)တွင် ပိဋကသုံးပုံနှင့်မလျော်သည့် ဝေါဟာရအဖွင့်တို့ကို အသစ်ပြင်ဆင်ကာ အမှားမှား အယွင်းယွင်းဖြစ်အောင် လုပ်ပြထားကြောင်း တွေ့ရသည်။

အမှတ်(၇)တွင် အဋ္ဌကထာ၊ ဋီကာတို့ကို အကြောင်းမလုံလောက်ဘဲ အကြောက်မရှိသူ၊ အရှက်မရှိသူတို့၏ အမူအရာစစ်စစ်ဖြင့် ပုတ်ခတ်ပယ်ချထားကြောင်း၊ ယင်းသို့အဋ္ဌကထာ၊ ဋီကာတို့ကို ပယ်လိုက်လျှင် မူရင်းပါဠိတော်များကိုပါ ပယ်ချရာရောက်ကြောင်းတို့ကို တွေ့ရသည်။

အမှတ်(၈)တွင် ဒေါသကိုပါ ဟောပြထားသည့် ပဋ္ဌာန်းပါဠိတော်များကို ပယ်နုတ်ထားကြောင်း တွေ့ရသည်။

အမှတ်(၁၀-၁၁)တို့တွင် ဟုတ်မှန်သော အကြောင်းဝတ္ထုကို ဖုံးကွယ်ထားပြီး မဟုတ်မမှန်သော အကြောင်းတို့ကို ဖြည့်စွက်ထားကြောင်း တွေ့ရသည်။

အမှတ်(၁၂)တွင် သစ္စာအတုနှစ်ပါးတို့ကို ပြင်ဆင်ဖြည့်စွက်ထားကြောင်း တွေ့ရသည်။

သို့ဖြစ်ပါ၍ စာအုပ်နောက်ကျောဖုံးတွင်-

" ထေရဝါဒဆိုသည်မှာ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ နုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်းတို့မှ အစဉ်ထာဝရ လွတ်မြောက်နေတဲ့ ဘာသာတရား ဖြစ်တယ်"ဟူ၍ ဖေါ်ပြပါရှိသည့် စာအုပ်ငယ်ကလေးသည် အသံကောင်း ဟစ်ထားသည့် စာအုပ်ကလေးမျှသာ ဖြစ်ပါသည်။

ယင်းစာအုပ်ကလေးက ထေရဝါဒပိဋကအားလုံးကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ နုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်းတို့ဖြင့် အမြီးဖြတ်၊ ခေါင်းတပ် လုပ်ထားသည်ဟုသာ နားလည်ကြရမည် ဖြစ်ပါသည်။

၎င်းစာအုပ်ကလေးနောက်ပိုင်းတွင် ထေရဝါဒနေပြည်တော်၊ ပြဿနာများဖြင့် ပြားနေသောကမ္ဘာ၊ ဖေါ်မဲ့ ဟသ်ာ၊ ဗုဒ္ဓ၏ငြိမ်းချမ်းရေးလမ်းစဉ်-စာအုပ်(၄)အုပ်တို့ကို ဆက်လက်ထုတ်ဝေမည်ဖြစ်ကြောင်း ကြေညာထားပါသည်။

နိုင်ငံတော်စာစစ်ရုံးက တရားဝင်ခွင့်ပြုမှတ် ထုတ်မပေးသေးသည့် စာအုပ်များကို ကြေညာခွင့်မရှိကြောင်း သတိပြုမိဖို့ အရေးကြီးပါသည်။

စာအုပ်ထုတ်ဝေဖြန့်ချိမည်ဟုကြေညာလိုလျှင် စိစစ်ရေးရုံးက ခွင့်ပြုမှတ်နှင့် ပူးတွဲ၍သာလျှင် ကြေညာခွင့်ရှိပါသည်။

အကယ်၍ ကြေညာထားသည့်စာအုပ်များ ဆက်လက်ထွက်ပေါ်လာသောအခါ ယခုစာအုပ်မှာကဲ့သို့ အမှားတွေ ပါရှိလျှင်လည်း ဓမ္မဥပဒေ ပြန့်ပွါးရေးအတွက် သတင်းမှန်ထုတ်ပြန်ပေးနိုင်အောင် ဆက်လက်စိစစ်၍ ဗုဒ္ဓဘာသာဝင် အပေါင်းတို့အား အသိပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးလျက် အစီရင်ခံလိုက်ပါသတည်း။

**"လက်ရှိပိဋကသုံးပုံတို့ကို အမှားတွေ"ဟု သိမြင်မှတ်ယူထားသူက ထေရဝါဒမူဖြင့် "ပြင်ဆင်ခြင်း၊ ပြောင်းလဲ ခြင်း၊ နုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်းတို့မှ အစဉ်ထာဝရ လွတ်မြောက်နေတဲ့ ဘာသာတရား ဖြစ်တယ်"ဟု ပြောဆိုနေမှုများကို သတိထားကြရန် သတိပေးလိုပါသတည်း။**

စာကြွင်း။ ။ ရှေ့အဖုံးပေါ်တွင် "ထေရဝါဒအနှစ်သာရ "ဟု ပုံနှိပ်ဖေါ်ပြထားသည့် စာအုပ်ငယ်ကလေး တစ်အုပ်ပါတရားငါးပုဒ်တို့ကို ရည်ညွှန်းပါသည်။

၎င်းစာအုပ်ကလေးသည် တရားငါးပုဒ်တို့ကို ပေါင်းစုပုံနှိပ်ထားသော်လည်း သီချင်းစာအုပ်ကလေးဆိုက်ဖြင့် စာမျက်နှာပေါင်း (၁၂၆)မျက်နှာမျှသာ ပါရှိသည်။

**အရှင်ကုန္ဒာစရိယာဘိဝံသ**

## ပရိယတ္တိဒေသနာတော်ထဲကဘုရားဖြစ်ခန်း

### ဓမ္မကထိက၏မူရင်းခွေပါဟောပြောချက်များ

"အဲဒါတွေကိုထောက်၍-

(၁) ပဋိစ္စသမုပ္ပါဒ်ဖြင့် ဘုရားဖြစ်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်။

(၂) သတိပဋ္ဌာန်လေးပါးဖြင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ၊ ဘုရားဖြစ်။

(၃) ဥပါဒါနက္ခန္ဓာငါးပါးကို ဖြစ်ပျက်ရှုပြီး ဘုရားဖြစ်။

အခု-ပဋိစ္စသမုပ္ပါဒ်၊ သတိပဋ္ဌာန်၊ ဥပါဒါနက္ခန် (၃)ခုကို ညှိနှိုင်းဟောကြားမည့် ဓမ္မကထာ ဖြစ်လေသောကြောင့် အခု တတိယနည်းဖြစ်တဲ့ ထေရဝါဒဒေသနာသမ္ပဒါနည်းက ဥပါဒါနက္ခန္ဓာငါးပါးကို ဖောင်းပေးပြီး ကိုင်ပါတယ်။

"ပဋိစ္စသမုပ္ပါဒ်ကိုသိပြီး ဘုရားဖြစ်တော်မူခဲ့တယ်။

"မဟာသတိပဋ္ဌာန်လေးပါး တစ်ပါးပါးကို အားထုတ်၍ ဘုရားဖြစ်တော်မူခဲ့တယ်။

အကုန်လုံးဟာ ပါဠိတော် အဋ္ဌကထာ ဋီကာတွေမှာ ရှိပြီးသားတွေပါပဲ။ ခုဒ္ဒကနိကာယ်၊ ဗုဒ္ဓဝင်အဋ္ဌကထာ။ သံယုတ္တနိကာယ်၊ နိဒါနဝဂ္ဂသံယုတ္တအဋ္ဌကထာ။ ဒီဃနိကာယ်၊ သတိပဋ္ဌာန်သုတ် အဋ္ဌကထာ။ မဟာဝဂ္ဂ ပါဠိတော်၊ ဗြဟ္မသုတ်။ ဒီလို ဒီဃနိကာယ်၊ သံယုတ္တနိကာယ်၊ ခုဒ္ဒကနိကာယ် အကုန်လုံး ညှိနှိုင်းပြီး ဟောကြားခဲ့ပါပြီ။ အခု ဒီဃနိကာယ်၊ မဟာပဒါနသုတ်မှာ (ပ) ဝိပဿီမြတ်စွာဘုရားသည် ဥပါဒါနက္ခန္ဓာငါးပါးတို့အပေါ်မှာ ဖြစ်ပျက်ရှုပြီး နေထိုင်တော်မူတယ်။

(ဣတိ ရူပံ၊ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော၊ ဒါကတော့ ရူပုပါဒါနက္ခန္ဓာပဲ။ ဣတိ ဝေဒနာ၊ ဣတိ ဝေဒနာယ သမုဒယော၊ ဣတိ ဝေဒနာယ အတ္ထင်္ဂမော။ ဒါက ဝေဒနုပါဒါနက္ခန္ဓာပဲ။ ဒါက ဝေဒနုပါဒါနက္ခန္ဓာရဲ့အကြောင်း၊ ဒါက ဝေဒနုပါဒါနက္ခန္ဓာရဲ့ ချုပ်မှုသဘော။ ရုပ်ရယ်၊ ရူပုပါဒါနက္ခန္ဓာရယ်၊ ရူပုပါဒါနက္ခန္ဓာရဲ့အကြောင်းရယ်။ ရူပုပါဒါနက္ခန္ဓာ ဖြစ်လာတယ်။ ရူပုပါဒါနက္ခန္ဓာ ပျက်သွားတာရယ်။ အဲဒီလို ရှိပါတယ်။

ခန္ဓာငါးပါး သုံးချက်စီဆိုတော့ ဆယ့်ငါးပါး။ ဆယ့်ငါးခု။ လွယ်လွယ်ပါ။ သိပ်မများပါဘူး (ပ) ဥပါဒါနက္ခန္ဓာ-၅-ပါးမှာ စွဲလမ်းစရာရုပ်ကလေး ပေါ်လာတယ်။ ပေါ်မှန်းသိလိုက်။ သူဘာကြောင့် ပေါ်သလဲ- အကြောင်းကလေးကို သိလိုက်။ သူ ချုပ်ငြိမ်းသွားတာကို သိလိုက်။ သုံးခုကိုသိရင် သုံးငါးလီ ဆယ့်ငါး။ အဲဒီ ဆယ့်ငါးလောက်ပဲ သိလိုက်။ အများကြီး မသိနဲ့အုံး။

ဤသည်တို့ကား **ဓမ္မကထိက၏မူရင်းခွေပါဟောပြောချက်များ ဖြစ်ပါသည်။**

(မြတ်စွာဘုရားရှင်သိအပ်သောတရား။ ဗွီစီဒီခွေ။)

## စိစစ်ချက်

အထက်ပါခွေကို ပြုစုထားသည့်စာမူမှာ စာမျက်နှာ(၁၉)ပါရှိရာ စာမျက်နှာ (၁၂)မှာ အထက်ပါ စာစု ပါရှိကြပါသည်။ ယင်းတရားခွေပါစာတို့ကို ဝေဖန်ပြပေးပါရန် စာရေးသူထံလာပို့ပြီး အကူအညီ တောင်းသူက တောင်းလာပါသည်။ အစမှနေအဆုံးထိအောင် ဖတ်ကြည့်ပါသည်။ ဟုတ်မှန်သော တရားသားက နည်းနည်းကလေးမျှသာပါရှိပြီး မဆိုင်တာတွေက များစွာပါရှိကြောင်း တွေ့ရပါသည်။ **ဥပမာအားဖြင့် မဆိုင်တာတွေကို ထုတ်ဆောင်ပြရလျှင် အောက်ပါဟောပြောချက်များပင်တည်း။**

### ဓမ္မကထိက၏ မူရင်းခွေပါဟောပြောချက်များ

(က) "စာသင်မခက်– စာတတ်ခက်။ စာတတ်မခက်– စာကြည့်ခက်။ စာကြည့်မခက်– စာညှိခက်ဆိုတာ ဒါ ပြောတာ။ ကျမ်းကို ညှိပြီး စာသင်တာပဲ။ သင်တိုင်းမတတ်ဘူး။ တတ်တော့တတ်တာပဲ။ တတ်တိုင်း မကြည့်တတ်ဘူး။ ကြည့်တော့ကြည့်တယ်။ ဒါပေမယ့် တစ်ကျမ်းတည်း ပြောရုံပဲ နားလည်တယ်။ ကျမ်းမညှိ တတ်ဘူး။

ဘုန်းကြီးတို့က ကျမ်းကိုးကျမ်းကားနဲ့ ပညာရှင်များ ဆရာတော်သံဃာတော်များ လေ့လာနိုင်အောင်၊ သုတေသနပြုချင်တဲ့ စာရေးဆရာတွေ ဓမ္မကထိကတွေ။ ဒီလို အရှင်ဘုရားတွေအတွက် ရည်ရွယ်ပြီး လွယ်လွယ် ကူကူရှာနိုင်ရအောင် ဓမ္မစေတီတို့က ကျမ်းကိုးကျမ်းကားကလေးနဲ့ ပြောတာပါ။ လူသားများ အတွက် အဲဒီကျမ်းကိုးကျမ်းကားတွေက မလိုအပ်ပါဘူး။

(ငှင်းစာမျက်နှာ– ၃။)

(ခ) "အချို့ပါဠိတွေတော့ ဘုန်းကြီးတို့က စာမျက်နှာ တိတိကျကျ အလွတ်ပြောနိုင်ပါတယ်။ တချို့ကို ကြည့်ပြီးမှ ပြောနိုင်ပါတယ်။ အကုန်လုံးလဲ အလွတ်မရပါဘူး။ ဝန်ခံပါတယ်။ ဒီလောက်စာမျက်နှာများတဲ့ ဟာတွေကို အရင်တုန်းကတော့ အကုန်နီးနီး ခေါင်းထဲမှာ ထည့်ထားတယ်။

အခုတော့ အကုန်မထည့်နိုင် ပါဘူး။ ထည့်စရာတွေလဲ မလိုတော့ဘူး။ ခေတ်မီပစ္စည်းတွေ ပေါ်လာတာဖြစ်ခြင်းကြောင့် ပါဠိအဋ္ဌကထာဋီကာ တော်တော်များများကို ခပ်စောစောက အာဂုံဆောင်ခဲ့ ပါတယ်။ အဲသလို အာဂုံဆောင်ရမယ့်ခေတ် မဟုတ်တော့ပါဘူး။ ဦးနှောက်ထဲမှာရှိတဲ့ မန်မိုရီချပ်ကလေးတွေ လေးကုန်မှာ စိုးလို့။ အရင်တုန်းခေတ်တွေကတော့ ဘုန်းကြီးတို့က ဒီပါဠိတွေရပြီးသားပါ။ (ပ)

သို့သော် တိတိကျကျကလေးဖြစ်ချင်လို့ ကျမ်းဂန်ကိုကြည့်ပြီးတော့ (ကွန်ပျူ တာနဲ့)ပြောပါတယ်။ အခြားသူ ရှာချင်တဲ့ပုဂ္ဂိုလ်အတွက် စာမျက်နှာညွှန်းလိုက်ရင် မှားသွားမှာ စိုးလို့။

(ငှင်းစာမျက်နှာ –၄။)

(ဂ) "ဗုဒ္ဓရဲ့ ဗုဒ္ဓဝင်တွေ၊ ဗုဒ္ဓရဲ့ဇာတ်လမ်းတွေ၊ ဗုဒ္ဓဟောတဲ့ ဒေသနာတော်တွေကို – ဒီကနေ့ နားထောင် ကောင်းရုံ စာရေးသားလို့။ ဒါက စီးပွားရေး။ ဘာသာရေးအနေနဲ့ တရားဟောမယ်။ ကျောင်းဆောက်မယ်။

နာမည်ကြီးရုံနဲ့တော့ အဲလိုလုပ်ရင်တော့ အဓိပ္ပါယ်မရှိဘူး။ (ပ)

"ဆွမ်းသင်္ကန်းကျောင်းဆေးတွေဟာ ပစ္စည်းတွေဟာ တရားဟောလာရင် ပိုပြီးတော့ ဝင်ငွေကောင်းတယ်။ ပိုပြီးတော့ အခြေအနေကောင်းတယ်"ဆိုတဲ့ စိတ်ဓာတ်နဲ့ ဟောရင်တော့ဖြင့် ဒီတရားတွေဟာ ဘာအဓိပ္ပါယ်မှ မရှိပါဘူး။ ဒီစာပေတွေကို ရေးရင် ဘာအဓိပ္ပါယ်မှ မရှိပါဘူး။ ဘုန်းကြီးတို့လဲ ကိုယ်တိုင်ဖတ်ဖူးတယ်။

"ခင်ဗျား– ကဗျာမရေးတော့ဘူးလားဆိုတော့ လွယ်လွယ်ကူကူ ပိုက်ဆံရတဲ့ ဘာသာရေးဆောင်းပါးဆရာပဲ လုပ်တော့မယ်"လို့ ရေးထားပါတယ်။ အော် – မကောင်းလိုက်တာ။ ကဗျာတစ်ပုဒ်မှားသွားတာ ဘာမှ မဖြစ်ဘူး။ (ပ)

ဒါပေမယ့် **ဘာသာရေးစာပေကြီး တစ်ခုလုံးမှားသွားရင်တော့ဖြင့် နိဗ္ဗာန်နဲ့ လွဲသွားပြီ– အပါယ်အထိ ကျသွားနိုင်ပါတယ်။** ဒါကြောင့်မို့ လို့ ဘာသာရေးစာက မလွယ်ပါဘူး။ အခုကြည့်ပါ။

(၄င်း စာမျက်နှာ ၉–၁၀။)

(ဃ) "နိကာယ်ငါးရပ် ညှိခြင်းကိစ္စ ပြီးပါပြီ။ ဒါ့ကြောင့်မို့–

ဒသနသမ္ဗဒါနည်းပဲပြောပြော။

ပဋိစ္စသမုပ္ပါဒ်ကို သိ၍ ဘုရားဖြစ်တယ်ပဲဆိုဆို။

သတိပဋ္ဌာန်လေးပါးကို သိပြီးဘုရားဖြစ်တယ်ပဲပြောပြော။

ဥပါဒါနက္ခန္ဓာ ၅–ပါးကိုမြင်ပြီး ဘုရားဖြစ်တယ်ပဲပြောပြော။ အကုန်လုံးအတူတူ။ (ပ)

သန္ဓေတောထွက် ဓမ္မစက် လမြတ်လဝါဆိုလို့ ဆိုသောကြောင့် သန္ဓေယူသောလ၊ တောထွက်သောလ၊ ဓမ္မစေတီဆရာတော်ကတော့ နိုင်ငံခြားကို သွားတဲ့လ။ လန်ဒန်၊ သြစတြေးလျ၊ ယူအက်စ်အေတို့ကို ဝါတွင်းသွားပါတယ်။ ဒါ့ကြောင့် ဓမ္မစေတီအနေ နဲ့ပြောရင်နိုင်ငံခြားသို့ ထွက်ခွာသောလ– အမှတ်တရ။

ဤ(က/ခ/ဂ/ဃ)တို့သည်ကား **ဓမ္မကထိက၏မူရင်းခွေပါဟောပြောချက်များ ဖြစ်ပါသည်။**

(၄င်းစာမျက်နှာ – ၁၉။)

## စိစစ်ချက်

အထက်ပါ(က)(ခ)(ဂ)(ဃ)တို့ကိုကြည့်လျှင် တရားမဟုတ်ကုန်သော ဝေဖန်ရေးများနှင့် ကြွားဝါချက်များ၊ အထင်ကြီးအောင်လုပ်ယူထားချက်များဖြစ်နေကြကြောင်း ထင်ရှားလှပါသည်။

## ဘုရားဖြစ်ပုံ

(၁) "အထ မဟာပုရိသောပိ တံ သမာရံ မာရဗလံ (ပ) ဝိဒ္ဓံသေတွာ (ပ) ပစ္ဆိုမသမယေ သဗ္ဗဗုဒ္ဓါနံ အာစိဏ္ဏေ <u>ပစ္စယာကာရေ ဉာဏံ ဩတာရေတွာ</u> <u>အာနာပါန စတုတ္ထဈာနံ နိဗ္ဗတ္တေတွာ</u> တမေဝ ပါဒကံ ကတွာ ဝိပဿနံ ဝဍ္ဎေတွာ မဂ္ဂပဋိပါဋိယာ အဓိဂတေန စတုတ္ထမဂ္ဂေန သဗ္ဗကိလေသေ ခေပေတွာ

သဗ္ဗဗုဒ္ဓဂုဏေ ပဋိဝိဇ္ဈိတွာ သဗ္ဗဗုဒ္ဓါစိဏ္ဏံ – 'အနေကဇာတိသံသာရံ (ပ) ခယမဇ္ဈဂါ'တိ ဥဒါနံ ဥဒါနေသိ။

(ဗုဒ္ဓဝံ၊ ဋ္ဌ၊ ၃၄၀။)

(၂) "သဗ္ဗဗောဓိသတ္တာ ဟိ *အာနာပါနစတုတ္ထဇ္ဈာနတော* ဝုဋ္ဌာယ <u>ပစ္စယာကာရေ ဉာဏံ ဩတာရေတွာ</u> တံ အနုလောမပဋိလောမံ သမ္မသိတွာ ဗုဒ္ဓါ ဟောန္တီတိ ပဋိပါဋိယာ သတ္တသုတ္တေသု ဗုဒ္ဓဝိပဿနာနာမ ကထိတာ။

(နိဒါနဝဂ္ဂသံယုတ္တ၊ ဋ္ဌ၊ ၂၁။)

## ထပ်မံစိစစ်ချက်

အထက်ဖော်ပြပါ အဋ္ဌကထာတို့ကို ထောက်၍

(၁) ပဋိစ္စသမုပ္ပါဒ်ဖြင့် ဘုရားဖြစ်ဟူ၍ ဓမ္မစေတီက ဟောပါသည်။ ယင်းဟောချက်သည် မှန်ပါသလော သို့မဟုတ် မှားပါသလောဆိုတာကို သိမြင်နိုင်ရန် အထက်ဖော်ပြပါ အဋ္ဌကထာကို အစဉ်အတိုင်း မြန်မာ ပြန်ပြပါ့မည်။

(၁) ထိုသို့ မာရ်နတ်လည်းပြိုကျ ၊ မာရ်နတ်ပရိတ်သတ်တို့လည်း ပြန့်ကျဲသွားရာအခါ၌ ဘုရားလောင်း သည်လည်း မာရ်နတ်နှင့် မာရ်နတ်ပရိသတ်တို့ကို ကိုယ်တော်၏ (ခန္တီ၊ မေတ္တာ၊ ဝီရိယ၊ ပညာ–အစရှိကုန် သော) ပါရမီတို့၏အာနုဘော်ဖြင့် ဖျက်ဆီးပြီး၍–

ပထမယာမ်၌ ပုဗ္ဗေနိဝါသကို အစဉ်အောက်မေ့တော်မူပြီး –

မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုကိုသုတ်သင်ပြီး –

မိုးသောက်ယံ(အရုဏ်ဦး)၌ "ဘုရားရှင်မှန်သမျှတို့၏ လေ့ကျက်အပ်ရာဖြစ်သော ပစ္စယာကာရ =ပဋိစ္စ သမုပ္ပါဒ်၌ ဉာဏ်ကိုသက်ဝင်စေပြီး– "အာနာပါန စတုတ္ထဈာန်ကို ဖြစ်စေပြီး– ထိုအာနာပါနစတုတ္ထဈာန်ကိုပင် အခြေခံထား၍ ဝိပဿနာကို တိုးပွားစေပြီး မဂ်အစဉ်ဖြင့် ရအပ်သောအရဟတ္တမဂ်ဖြင့် ကိလေသာ အားလုံးကို ကုန်စေပြီးလျှင်– ဘုရားရှင်မှန်သမျှတို့၏ ဂုဏ်တော်တို့ကို ထိုးထွင်းသိမြင်ပြီး၍ ဘုရားရှင်မှန်သမျှ တို့၏ အလေ့အကျင့်ဖြစ်သော 'အနေကဇာတိ'ဥဒါန်းတော်ကို ကျူးရင့်ခဲ့ပေပြီ။

(၂) 'ချဲ့ဦးအံ့။ ဗောဓိပလ္လင်တော်၌ ထိုင်နေတော်မူကြကုန်သော ဘုရားလောင်းမှန်သမျှတို့အား တစ်ပါးသော သာမဏက (သို့) ဗြာဟ္မဏက (သို့) ဒေဝက (သို့) မာရက (သို့) ဗြဟ္မာက–

"အတိတ်ကာလက ဘုရားလောင်း တွေဟာ ပစ္စယာကာရ= ပဋိစ္စသမုပ္ပါဒ်ကို သုံးသပ်ပြီးလျှင် ဘုရားဖြစ်ခဲ့ကြတာပဲ"ဟူ၍ မဟောနိုင်ပါသော်လည်း ကမ္ဘာဦးကာလ မိုးရွာချခဲ့ရာ ယင်းရေ၏ စီးရာလမ်း အတိုင်းပင် နောက်နောက်မိုးရေ ရွာချသမျှ စီးတတ်သကဲ့သို့ ထို့အတူ အတိတ်ကာလက ဖြစ်တော်မူကြ သည့် ထိုထိုဘုရားတို့ ကြွသွားအပ်သောလမ်းစဉ်(ပစ္စယာကာရ) ဖြင့်သာလျှင် နောက်နောက်ဘုရားတို့

ကြွတော်မူကြသည်။

မှန်လှ၏။ ဘုရားလောင်းမှန်သမျှတို့သည်–

"အာနာပါန စတုတ္ထဈာန်မှ ထတော်မူပြီး–

"ပစ္စယာကာရ= ပဋိစ္စသမုပ္ပါဒ်၌ ဉာဏ်ကိုသက်ဝင်စေပြီး– ထိုပစ္စယာကာရ= ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံ သုံးသပ်တော်မူပြီး– ဘုရား ဖြစ်ကြသည်။ ဤသို့လျှင် ဘုရားခုနစ်ဆူတို့၏ (၇) သုတ်တို့၌ ဗုဒ္ဓဝိပဿနာ မည်သည်ကို အစဉ်အားဖြင့် ဟောအပ်၏"။

အထက်ပါဘာသာပြန်များမှာ အပိုထည့်ထားသည့် မဟုတ်မမှန်စကားလုံး တစ်လုံးမျှ မပါကုန်။ လိုနေအောင် ချန်ထားသည့် စကားလုံးလည်း တစ်လုံးမျှ မပါကုန်။

ထို့ကြောင့် လိုသလိုချဲ့ကား၍ မလိုသလို ရောမွှေထားခြင်း လုံးဝမရှိသော **"မူရင်းအစစ်ဘုရားဖြစ်ပုံ"**ဟူ၍ ရဲရဲရင့်ရင့် မှတ်ယူနိုင်ပါကြောင်း တာဝန်ယူ၍ ကတိပြုပါသည်။

## ဘုရားဖြစ်ပုံအစီအစဉ်(၅)ချက်

**(၁) ပဋိစ္စသမုပ္ပါဒ်၌ ဉာဏ်သက်ဝင်စေခြင်း၊**

**(၂) အာနာပါန စတုတ္ထဈာန်ကို ဖြစ်စေခြင်း။**

**(၃) ဝိပဿနာကို တိုးပွားစေခြင်း။**

**(၄) အရဟတ္တမဂ်ဖြင့် ကိလေသာအားလုံးကုန်စေခြင်း။**

**(၅) ပထမအရဟတ္တဖိုလ်ခဏ၌ သဗ္ဗညုတာဉာဏ်ကို ရရှိတော်မူခြင်း။**

**ထို(မဂ်–ဖိုလ်)ခဏအတွင်းမှာပင် "ဘုရား" ဖြစ်သည်။**

## တစ်နည်းမှာ

(၁) အာနာပါနစတုတ္ထဈာန်ကို ဖြစ်စေခြင်း၊ ပြီး၍ ထိုဈာန်မှ ထတော်မူခြင်း။

(၂) ပစ္စယာကာရ(ပဋိစ္စသမုပ္ပါဒ်)၌ ဉာဏ်သက်ဝင်စေခြင်း။

(၃) ဝိပဿနာကို တိုးပွားစေခြင်း။ (သမ္မသိတွာ–ဖြင့် ဝိပဿနာကို ဆိုသည်)။

(၄) (၅) နှစ်ချက် တိုက်ရိုက်မပါသော်လည်း အတူတူသာတည်း။

ဤသည်တို့ကို ထောက်၍ (၁)'ပဋိစ္စသမုပ္ပါဒ်ဖြင့် ဘုရားဖြစ်"ဟူသော ဟောပြောချက်ကို အပြည့်အစုံ မှန်သော အမှန်ဟူ၍ လုံးဝမမှတ်ထိုက်ပေ။

**အာနာပါနစတုတ္ထဈာန်နှင့်သတိပဋ္ဌာန်–မပါသော ပဋိစ္စသမုပ္ပါဒ်သက်သက်ဖြင့် ဘုရားဖြစ်သည်ဟူ၍ မရှိ။**

**(၁) ပဋိစ္စသမုပ္ပါဒ်ဖြင့် ဘုရားဖြစ်ဟူသည့်အချက်ကို စိစစ်ပြအပ်ပြီး ဖြစ်ပါသည်။**

## ဓမ္မကထိက၏ မူရင်းဒေသနာပါ ဟောပြောချက်များ

(၁) "အနေကဇာတိသံသာရံ (ပ) ခယမဇ္ဈဂါ။ (ပ) ဟောဒီ ပဋ္ဌက္ခန္ဓာ၊ ဥပါဒါနက္ခန္ဓာတွေကို ကြိမ်ဖန်များစွာဆောက်တဲ့ တဏှာယောက်ျား လက်သမားကိုမတွေ့လို့ ဇောခိပင်နဲ့ရွှေပလ္လင်ကို မရမချင်း၊ အဒီရွှေပလ္လင်ပေါ်ထိုင်ပြီး ဥပါဒါနက္ခန္ဓာဆိုတဲ့ အကြောင်းတရားတွေကို မမြင်မချင်း၊ ဒုက္ခတွေ ထပ်ကာ ထပ်ကာ ဖြစ်ခဲ့ပါတယ်။ (ပ) ဒါဖြင့်ရင် ဒီဂါထာကြီး ရွတ်နိုင်ရအောင် ဘယ်တရားကို သိသလဲ။

ဤသည်ကား **ဓမ္မကထိက၏ မူရင်းဒေသနာပါ ဟောပြောချက်များ ဖြစ်ပါသည်။**

(၄င်းစာ၊ နှာ၊ ၁။)

## စိစစ်ချက်

အထက်ပါတို့တွင် ဥပါဒါနက္ခန္ဓာဆိုတဲ့ အကြောင်းတရားတွေဟူ၍ ပါရှိရာ"အကြောင်း တရားတွေကို ဥပါဒါနက္ခန္ဓာဟု ဆို၏"ဟူ၍ အဓိပ္ပါယ်ထွက်ပါသည်။ ဤဥဒါန်းဂါထာအရာတွင် 'ဥပါဒါန က္ခန္ဓာတို့သည် တဏှာတရားကြောင့် ဖြစ်လာကြသည်။ ထို့ကြောင့် ဥပါဒါနက္ခန္ဓာတို့သည် အကျိုးတရား စစ်စစ်ကြီးသာဖြစ်ကြောင်း ထင်းလှပါသည်။ အကြောင်းတရားတွေကို ဥပါဒါနက္ခန္ဓာဟု မဆိုရ။ ဆိုလျှင် မှားပါသည်။

## ဓမ္မကထိက၏ မူရင်းဒေသနာပါ ဟောပြောချက်များ

(၂) "ဒီမှာကျမ်းညှိဖို့ လိုလာပါပြီ။ ဤဗုဒ္ဓဝင်အဋ္ဌကထာ၌ အာနာပါန စတုတ္ထဈာန်ကို နိဗ္ဗတ္တေတွာ= ဖြစ်စေ၍-လို့။ ဒီလို ရှိပါတယ်။

နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာမှာတော့ အာနာပါန စတုတ္ထဈာန်မှ ဝုဋ္ဌာယ= ထ၍ -လို့ ။ အဲဒီလို ရှိပါတယ်။ ပါဠိနှစ်ရပ် ဖြစ်သွားပြီ။

<u>ဗုဒ္ဓဝင်အဋ္ဌကထာက အာနာပါန စတုတ္ထဈာန်ကို ဖြစ်စေပြီး (ပ) ပစ္စယာကာရပဋိစ္စသမုပ္ပါဒ်လို့ ဆိုပါတယ်။</u> (ပ) အဲဒီဈာန်ကို အခြေခံထား၍ ပစ္စယာကာရလို့ခေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်နဲ့ ပဋိစ္စသမုပ္ပန္န (ကြောင်းကျိုးနှစ်ဖြာ)ဝိပဿနာကို ပွားစေပြီး၍ (ပ)

နိဒါနသံ- ဋ္ဌကတော့ အာနာပါနစတုတ္ထဈာန်ကထပြီးတော့မှ ပဋိစ္စသမုပ္ပါဒ်ကို သုံးသပ်ပြီးတော့မှ ဘုရားဖြစ်တယ်လို့ ဆိုပါတယ်။

ဤသည်ကား **ဓမ္မကထိက၏ မူရင်းဒေသနာပါ ဟောပြောချက်များ ဖြစ်ပါသည်။**

(၄င်းစာ၊ နှာ - ၂၊ ၃၊ ၄၊၅။)

## စိစစ်ချက်

အထက်ပါတို့တွင် ဖြစ်စေ၍နှင့် ထ၍ ကို အထူးပြု၍ ဟောပြထားပါသည်။ ဖြစ်စေ-ဖြင့် ဈာန်ကို

ဝင်စားမှု ပြနေသည်ဟု ဆိုလိုပါသည်။ ထ–ဖြင့် ဈာန်ဝင်စားမှုကို ဆက်မပြတော့ဘဲ ရပ်နား ထားလိုက်သည်ဟု ဆိုလိုပါသည်။ မထူးပါ။ မထူးကြောင်းမှာ ဈာန်ဝင်စားမှုကို စတင်ပြလုပ်ထားလျှင် ရပ်နားမှုကို ပြရဦးမည်သာတည်း။

ထို့ပြင် – ဗုဒ္ဓဝင်၌–၌–

(၁) ပစ္စယာကာရ (၂) အာနာပါနဟုရှိ၍

သံယုတ်၌–၌–

(၁) အာနာပါန (၂) ပစ္စယာကာရဟုရှိသည်နှင့် စပ်၍လည်း

"ဗုဒ္ဓဝင်အဋ္ဌကထာက အာနာပါနစတုတ္ထဈာန်ကို ဖြစ်စေပြီး (ပ) ပစ္စယာကာရပဋိစ္စသမုပ္ပါဒ်လို့ ဆိုပါတယ်"ဟူ၍ ရောယှက် ရှုပ်ထွေးလျက် ရှိပါသည်။

ကျမ်းစာကို သေချာမသိမြင်ဘဲ မရှိဘဲ စာမျက်နှာကို ကြည့်လှန်ပြီး ဟောပြောရသဖြင့် ဗျာများနေခြင်းကြောင့် ရှင်းလေမှားလေး ဖြစ်ရဟန်တူပါသည်။

ဗုဒ္ဓဝင်အဋ္ဌကထာက အာနာပါန စတုတ္ထဈာန်ကို ဖြစ်စေပြီးမှ ပစ္စယာကာရကို ပြဆိုသည် မဟုတ်သောကြောင့် ကူးယူဖော်ပြပါ–

'ဗုဒ္ဓဝင်အဋ္ဌကထာက အာနာပါနစတုတ္ထဈာန်ကို ဖြစ်စေပြီး (ပ) ပစ္စယာကာရပဋိစ္စသမုပ္ပါဒ်လို့ ဆိုပါတယ်"ဟောပြောချက်သည် လုံးဝမှား၏။

ရှေ့ပိုင်းတွင် 'ပစ္စယာကာရေ ဉာဏံ ဩတာရေတွာ အာနာပါနစတုတ္ထဇ္ဈာနံ နိဗ္ဗတ္တေတွာ' ဟူ၍ ဗုဒ္ဓဝင်မူရင်းကို ဖော်ပြခဲ့ပါပြီ။ တိုက်ဆိုင်–စိစစ် ကြည့်ပါ။

တစ်ဖန် "ဝိပဿနံ=ပစ္စယာကာရလို့ခေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်နဲ့ ပဋိစ္စသမုပ္ပန္နကြောင်းကျိုးနှစ်ဖြာ ဝိပဿနာကို"ဟုဆိုရာမှာလည်း အလွန်မှပင် မှားလွန်းလှပါသည်။

မှန်၏။ ပဋိစ္စသမုပ္ပါဒ်သည် အကြောင်းတရားဖြစ်သော်လည်း ဝိပဿနာ မဟုတ်ပါ။ အကြောင်းမှာ ပဋိစ္စသမုပ္ပါဒ်= အကြောင်းတရားကိုသိသောဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ်မျှသာ ရှိပါသေးသည်။

ပဋိစ္စသမုပ္ပန္နသည် အကျိုးတရားဖြစ်သော်လည်း ဝိပဿနာ မဟုတ်ပါ။ မှန်လှ၏။ ပဋိစ္စသမုပ္ပန္န= အကျိုးတရားကိုသိသောဉာဏ်သည် နာမရူပ–ပရိစ္ဆေဒဉာဏ်မျှသာ ရှိပါသေးသည်။

**ဝိပဿနာဉာဏ်ဆိုသည်မှာ** အကျိုးတရားတို့ကို သိမြင်ပြီး၍ ထိုအကျိုးတရားတို့၏ လက္ခဏာသုံးပါး၊ အကြောင်းတရားတို့ကို သိမြင်ပြီး၍ ထိုအကြောင်းတရားတို့၏ လက္ခဏာသုံးပါးတို့ကို ထိုးထွင်း၍ သိမြင်သောဉာဏ် ဖြစ်ပါသည်။

ဝိပဿနာဉာဏ်တို့ကို ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဟုဆိုရာတွင်–

"လက္ခဏာသုံးပါးကို သိခြင်းကြောင့် ဉာဏ မည်၏။ လက္ခဏာသုံးပါးတို့ကို မြင်ခြင်းကြောင့် ဒဿန မည်၏"ဆိုတာကို ပထမလတ်တန်းဝင် စာသင်သားကလေးများကပင် သိနိုင်ကြပါသည်။

တစ်ဖန်တုံလည်း ... ပစ္စယာကာရလို့ခေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်ဟူ၍ ဟောထားရာ–

"ပဋိစ္စသမုပ္ပါဒ်ကို ပစ္စယာကာရဟု ခေါ်သည်"ဟူ၍ အဓိပ္ပါယ်ထွက်ပါသည်။ ယင်းအဓိပ္ပါယ်အရ ဖြစ်သော **ပဋိစ္စသမုပ္ပါဒ်အရမှာ** အကြောင်းတရားတွေကိုလည်း မယူရ။ အကြောင်းတရားတို့သည် ပစ္စယ(=အကျိုးတရားဖြစ်လာအောင် ကျေးဇူးပြုတတ်သောတရား)တို့သာ ဖြစ်ကြသည်။

အကြောင်းတရားတို့သည် (ပစ္စယ+အာကာရတို့တွင်) အာကာရ= ကျေးဇူးပြုပုံအခြင်းအရာများ မဟုတ်ကြပေ။

**ပဋိစ္စသမုပ္ပါဒ်အရမှာ** အကျိုးတရားတွေကိုလည်း မယူရ။ အကျိုးတရားတို့သည် ပစ္စယုပ္ပန္န= ပဋိစ္စသမုပ္ပန္န(=အကြောင်းတရားကြောင့် ဖြစ်လာကြသောတရား)တို့သာ ဖြစ်ကြသည်။

**ပစ္စယာကာရ**ဆိုသည်မှာ **ပစ္စယ**=ကျေးဇူးပြုတတ်ကုန်သော အကြောင်းတရားတို့၏ (အကျိုးတရားတွေ ဖြစ်ပေါ်လာအောင်) **အာကာရ**=ကျေးဇူးပြုပုံအခြင်းအရာ အကြောင်းနှင့်အကျိုးဆက်စပ်မှု ရှိနေပုံအခြင်းအရာတို့သာ ဖြစ်ကြပါသည်။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်ဆိုသည်မှာ အခြင်းအရာတို့သာတည်း။

သို့ဖြစ်၍ ပစ္စယာကာရ=ပဋိစ္စသမုပ္ပါဒ်နှင့်ဝိပဿနာ အတူတူ မဟုတ်ကြောင်း(ဝါ) ဝိပဿနံ= ပဋိစ္စသမုပ္ပါဒ်နဲ့ ပဋိစ္စသမုပ္ပန္န ကြောင်းကျိုးနှစ်ဖြာကို – ဟူ၍အနက်မြန်မာ မပြန်ရကြောင်းကို ဗုဒ္ဓဝင်အဋ္ဌကထာက "ပစ္စယာကာရေ ဉာဏံ ဩတာရေတွာ (ပ) ဝိပဿနံ ဝဍ္ဍေတွာ"ဟူ၍ ခွဲခြားပြသထားပြီး ရှိနေပါသည်။

ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့က မျက်လှည့်ဆရာကိုပင် ယုံတတ်ကြလေတော့ အထင်ကြီးအောင် 'လုပ်ယူ'တတ်သူများ၊ ယုံလောက်အောင် လုပ်ယူတတ်သူများကို ယုံမိ၍ မှားကြရှာပါပေသည်။

**အထင်ကြီးအောင် ယုံလောက်အောင် လုပ်ထားပုံများစွာတို့ထဲက ထုတ်ပြရလျှင် အောက်ပါတို့ပင် ဖြစ်ပါသည်။**

### ဓမ္မကထိက၏ မူရင်းနွေပါဟောပြောချက်များ

(၃) "တစ်ခါက ပြောဖူးပါတယ်။ ပထမလတ်တန်းမှာ ဉာဏ်သုံးပါးကို ယာမ်သုံးပါးနဲ့ ယှဉ်ခဲ့ပါဆိုတာ။ ဆရာတော်တို့ မဖြေနိုင်တာပါ။ သီချင်းကလေး တစ်ပုဒ်က ပုဗ္ဗေနိဝါသခေါ် ဉာဏ်တော်တစ်ပါးကိုလ ညဥ့်ဦးယာမ် ချိန်ခါ ... အဲဒီသီချင်းနဲ့ ပထမလတ်တန်းမှာ အမှတ်ပြည့် ရခဲ့ပါတယ်။

ဤသည်ကား **ဓမ္မကထိက၏ မူရင်းနွေပါဟောပြောချက်များ ဖြစ်ပါသည်။**

(ဌင်းစာ ။ နှာ –၂။)

## စိစစ်ချက်

ဤစကားရပ်တွင် ပထမလတ်တန်းမှာ အမှတ်ပြည့်ရရှိလျှင် တစ်ပြည်လုံး ပထမလတ်တန်း ပထမဂုဏ်ထူးဖြင့် အောင်မြင်သူ ဖြစ်ရပါလိမ့်မည်။ ဉာဏ်တော်သုံးနှင့် ယာမ်သုံးမေးခွန်းတစ်ပုဒ်မျှမှာ အမှတ်ပြည့်ရရှိလျှင် ကျန်နှစ်ပုဒ်သုံးပုဒ်ရမှတ်နှင့်ပေါင်း၍ ရိုးရိုးအောင်မှတ်မျှသာ ရနိုင်ပါသည်။

ဤကဲ့သို့သော စကားရပ်များကို ကြားနာရသောအခါတွင် ဝေဖန်တတ်ဖို့ လိုပါသည်။ ခွဲခြား၍

ပိုင်းဖြတ်တတ်ဖို့ လိုပါသည်။ အသိမှန် အမြင်မှန် ဖြစ်စေဖို့ လိုအပ်လှပါသည်။

သို့မဟုတ်လျှင် ရောထွေးလျက် အထင်ကြီးမိပြီး မကြည်ညို ထိုက်သောအရာ၌ ကြည်ညိုမိသော "ပညာပေတုံး သဒ္ဓါငုံး လုံးဝအမြီးမထွက်" ဖြစ်တတ်ပါသည်။

ရှေ့ပိုင်းတွင်လည်း ဤကဲ့သို့သောစကားများကို–

(က) (ခ) (ဂ) (ဃ)တို့ဖြင့် အမှတ်ပြု၍ ကောက်နုတ်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

**ပိဋကတ်သုံးပုံ အာဂုံဆောင်ထားကြသည့် ဆရာတော်များကိုပင် ဦးနှောက် ဖြုန်းတီးနေသူများဟု ပျက်ရယ်ပြုချက်များ ပါရှိကြသည်။**

၎င်း(က) (ခ) (ဂ) (ဃ)တို့ကို အထက်ပါ ဝေဖန်နည်းဖြင့် ပြန်၍ ဝေဖန်ကြည့်ရန် ပြန်၍ ဖတ်ရှုပါကုန်။

**ဓမ္မကထိက၏ မူရင်းခွေပါ ဟောပြောချက်များ**

(၄) "ပဋိစ္စသမုပ္ပါဒ်ကို သိ၍ ဘုရားဖြစ်တာကို ထောက်ရင် အာနာပါနစတုတ္ထဈာန်က ရှေ့က ရှိသင့်ပါတယ်။ ဗုဒ္ဓဝင်အဋ္ဌကထာမှာတော့ နောက်က ရှိနေပါတယ်။

ဒါပေသိ ဆဋ္ဌသင်္ဂါယနာတင်ခဲ့တဲ့ ပါဠိစာပေတွေ ဖြစ်ခြင်းကြောင့် ဆရာတော်ဘုရားကြီးတွေ– သင်္ဂါယနာတင်ထေရ်ရှင်အပေါင်းတွေကို ရိုသေလေးစားသောအားဖြင့် ဘယ်ပါဠိက ဘယ်လို ရှိသင့်တယ်လို့ ဆုံးဖြတ်ခြင်း မပြုလုပ်ခဲ့ပါဘူး။ ကျွန်ုပ်အရွယ် ကလေးနဲ့ မဆုံးဖြတ်ပါဘူး။ သို့သော် (ပ) ပညာရှိတို့ထံမှာ အဆုံးအဖြတ် ယူတော်မူကြပါကုန်။

ဤသည်ကား **ဓမ္မကထိက၏ မူရင်းခွေပါ ဟောပြောချက်များ ဖြစ်ပါသည်။**

(၎င်းစာ၊ နှာ – ၅။)

## စိစစ်ချက်

အထက်ပါတို့တွင် စိစစ်ဖွယ်မှာ အာနာပါနစတုတ္ထဈာန်သည် "သမထဘာဝနာ= အပ္ပနာတရား ဖြစ်သည်။ ၎င်းက ဝိပဿနာ၏အခြေခံ (ဝိပဿနာပါဒက) ဖြစ်နိုင်ပါသည်။

"ပစ္စယာကာရ=ပဋိစ္စသမုပ္ပါဒ်သည် ပစ္စယပရိဂ္ဂဟဉာဏ်= ပရိယတ္တိသုတ ဖြစ်သည်။ ၎င်းကလည်း ဝိပဿနာ၏ ရှေ့ဦးတရား (ဝိပဿနာပုဗ္ဗက) ဖြစ်ပါသည်။

ဘုရားလောင်းလျာ သယမ္ဘူတာ ဝိပဿနာရှင်တို့မှာမူ စိန္တာမယဟုသာ သုံးရသည်။ (ပရိယတ္တိသုတဟု မသုံးရ)။ ဝိပဿနာပါဒက=အခြေခံနှင့် ဝိပဿနာပုဗ္ဗက= ရှေ့ဦး တရားတို့သည် သူ့ပမာဏနှင့်သူ မပါလျှင်မပြီး အရေးကြီးကြသည်သာ ဖြစ်ပါသော်လည်း–

"ပစ္စယာကာရ= ပဋိစ္စသမုပ္ပါဒ်၌ ဉာဏ်သက်ဝင်စေပြီးမှ အာနာပါနစတုတ္ထဈာန်ကို ဖြစ်စေလျှင်လည်း ရသည်။

"အာနာပါနစတုတ္ထဈာန်ကို ဖြစ်စေပြီးမှ ပစ္စယာကာရ= ပဋိစ္စသမုပ္ပါဒ်၌ ဉာဏ်သက်ဝင်စေလျှင်လည်း

ရသည်။

**"ဆယ်အုပ်ရှိရာ၊ ပြဋ္ဌာန်းစာကို၊**

**စာဖြေချိန်မှ၊ အရှေးကာလတွင်**

**စိတ်ဝင်စားရာ၊ ကျက်မှတ်ပါ၊**

**ဘယ်ဟာ ရှေ့ကျက် ဟူ၍ မဆိုသာ။**

**ဘယ်ဟာ နောက်ကျက် ဟူ၍ မဆိုသာ။**

**"စာဖြေရက်စွဲ၊ ရောက်လာဆဲတွင်၊**

**ခုပင်ဖြေရန်၊ ဘာသာမှန်၊ ကျက်ရန်တွင်တွင်သာ။**

**ထိုနည်း မြော်မြင်၊ 'အာ–ပ' တွင်လည်း၊**

**အာလျှင် ရှေ့က၊ ပ–နောက်က–ဟု**

**မုချမလို၊ ဝိပဿ်ကြို၊ လိုကွက် မရှိ ပြည့်ဖို့သာ။**

**"ဗုဒ္ဓဝိပဿ်၊ တွင်တွင်ခတ်လျက်**

**သုံးရပ်လက္ခဏာ၊ ရှုမြင်ပါမှ**

**လေးဖြာမဂ်ဆိုက်၊ ဖိုလ်ဝင်လှိုက်၊ ဖြစ်ထိုက် သဗ္ဗညုတာ။**

**"ပဋိစ္စသမုပ္ပါဒ်၊ သိမြင်လတ်၍**

**ဉာဏ်မြတ်ဉာဏ်စစ်၊ ဘုရားဖြစ်ဟု**

**စိစစ်ဖော်ပြ၊ အဓမ္မ၊ မှတ်ကြ 'မှား'ဟု သာ။**

**အာနာပါန၊ သိမြင်ရ၍**

**ဉာဏထွန်းသစ်၊ ဘုရားဖြစ်ဟု**

**စိစစ်ဖေါ်ပြ၊ အဓမ္မ၊ မှတ်ကြ "မှား"ဟု သာ။**

**နှစ်ပါးစုံပင်၊ သိဖို့ပင်၊ ကြိုတင်အားထုတ်ရာ။**

## မှာထားချက်

အထက်ပါ အာနာပါနစတုတ္ထဈာန်နှင့် ပစ္စယာကာရ နှစ်ပါးတို့တွင် အဘယ်တရားက ရှေ့မှာရှိသင့်ကြောင်း၊ အဘယ်တရားက နောက်မှာရှိသင့်ကြောင်းတို့နှင့် စပ်လျဉ်း၍ ဟောပြောသူက

"ပညာရှိတို့ထံမှာ အဆုံးအဖြတ် ယူတော်မူကြပါကုန်"ဟူ၍ ဆိုထားပါသည်။

ဤဝေဖန်စာရေးသူသည် ပညာရှိ မဟုတ်ပါကြောင်း၊ " ဆိုရေးရှိက ဆိုအပ်စွ"ဟူသည်နှင့်အညီ ရှင်းလင်းတင်ပြခြင်းသာဖြစ်ပါကြောင်း ဝန်ခံပါသည်။ ဤဆောင်းပါးနှင့် ပတ်သက်၍ ကာယကံရှင်နှင့် ကာယကံရှင်၏တရားအတိုင်း ယုံကြည်သူတို့က တရားနည်းလမ်းအလျောက် ပြန်လည်ရှင်းလင်း၍ အကျယ်တဝင့် ဆွေးနွေးကြပါရန် ပန်ကြားလိုက်ပါသည်။

ဝေဖန်ရေးစာပေ၏ သဘောတရားမှာ "ဝေဖန်ခံရသည့်ဘက်က လှည့်ကြည့်လာအောင် ရေးတတ်ရခြင်း"ဟူ၍ ပါရှိသည့်အတွက် ကာယကံရှင်ကသော်လည်းကောင်း စာဖတ်ပရိသတ်တို့ကသော်လည်းကောင်း ဂရုစိုက်မိ- လှည့်ကြည့်စရာဖြစ်လောက်အောင် ရေးသားတင်ပြပါသည်။

ပရိယတ္တိပညာရှင်များအနေဖြင့် မှန်သည်-မှန်းသည်တို့ကို ခွဲခြားမှတ်ယူတော်မူနိုင်ကြစေရန်နှင့် သာသနာနှောင်ရေးအတွက် သတိရှိနိုင်ကြပါစေရန် ရည်သန်ရိုးရင်း နှလုံးသွင်းဖြင့် ရေးသားတင်ပြပါသည်။

## ပရိယတ္တိဒေသနာတော်ထဲကဘုရားဖြစ်ခန်း(အဆက်)

### ဓမ္မကထိက၏မူရင်းခွေပါဟောပြောချက်များ

(၁)"အခု ဘုန်းကြီးတို့ ပဋိစ္စသမုပ္ပါဒ်ကို ပြောပြီးပြီ။ ဘုရားရှင်တိုင်း ဘုရားရှင်တိုင်းသည် သတိပဋ္ဌာန် လေးပါးဖြင့်သာ ဩဃလေးဖြာ သံသရာကြီးမှ ကူးတော်မူခဲ့ကြပါတယ်။ စာတစ်ကြောင်းတည်းပြောရင် သတိပဋ္ဌာန် လေးပါးကိုသိ၍ ဘုရား ဖြစ်တော်မူသည်။

(မဟာဝဂ္ဂပါဠိ၊ သတိပဋ္ဌာန်သံယုတ်၊ ဗြဟ္မသုတ္တန်။ စာပိုဒ်အမှတ် -၁၄၄။)

ဤသည်ကား **ဓမ္မကထိက၏မူရင်းခွေပါဟောပြောချက်များ ဖြစ်ပါသည်။**

### စိစစ်ချက်

အထက်ပါဟောပြောချက်သည် မြတ်စွာဘုရားသိအပ်သောတရားခွေပါ စာမူ၏ စာမျက်နှာ(၈)မှာ ရှိပါသည်။ ကျမ်းညွှန်းလည်း ပါရှိသည်။ အထက်ပါဟောပြောချက်ထဲက 'သတိပဋ္ဌာန် လေးပါးကို သိ၍ ဘုရားဖြစ်'ဟူသော ဟောပြောချက်မှန်- မမှန်ဆိုတာကို သိမြင်နိုင်ရန် ရည်ညွှန်းကိုးကား ဂါထာကို မြန်မာပြန်၍ ပြပါမည်။

"အပါယ်ဇာတိ၊ လူ့ဇာတိ၊ နတ်ဇာတိ၊ ဗြဟ္မာဇာတိ၊ ဇာတိအားလုံးတို့၏ ကုန်ခန်းပြီးရာလည်းဖြစ်၍ ထိုဇာတိအားလုံးတို့၏ အဆုံးသတ်ရာလည်းဖြစ်သော နိဗ္ဗာန်ကို မြင်တော်မူတတ်သော၊ (၃၁)ဘုံသား ဇာတိရှိသူ သတ္တဝါများအပေါ်၌ အကျိုးစီးပွားလိုလားခြင်းသဘောရှိသော ကရုဏာအစဉ်ဖြင့် အဖန်ဖန် သနားတော်မူတတ်သော မြတ်စွာဘုရားသည် ဧကာယနဟုဆိုအပ်သော တစ်ခုတည်းသောလမ်းစဉ်

(နိဗ္ဗာန်ရောက်ကြောင်း)ဖြစ်၍ဖြစ်သော ပုဗ္ဗဘာဂသတိပဋ္ဌာနမဂ်ကို အပြားအားဖြင့် အသေးစိတ် သိတော်မူ၏။

အတိတ်ကာလတုန်းက ပွင့်တော်မူကြသည့် ဘုရားရှင်တို့သည်လည်း ဩဃလေးသွယ် သံသရာနယ် ရေပြင်ကျယ်ကို ထိုပုဗ္ဗဘာဂသတိပဋ္ဌာနမဂ်ဖြင့် ကူးတော်မူခဲ့ကြပြီ။

အနာဂတ်ကာလမှာ ပွင့်တော်မူကြမည့် ဘုရားရှင်တို့သည်လည်း ဩဃလေးသွယ်သံသရာနယ် ရေပြင်ကျယ်ကို ထိုပုဗ္ဗဘာဂသတိပဋ္ဌာနမဂ်ဖြင့် ကူးတော်မူကြလိမ့်မည်။

ပစ္စုပ္ပန်ကာလ၌ ပွင့်တော်မူဆဲ မြတ်စွာဘုရားတို့သည်လည်း ဩဃလေးသွယ် သံသရာနယ် ရေပြင်ကျယ်ကို ထိုပုဗ္ဗဘာဂသတိပဋ္ဌာနမဂ်ဖြင့် ကူးတော်မူကြသည်။"

ဤဘာသာပြန်သည် သံယုတ်အဋ္ဌကထာ၊ တတိယအုပ် စာမျက်နှာ(၂၅၈) စာပိုဒ်အမှတ်(၃၄၈) အတိုင်း အတိအကျ ပြန်ဆိုချက် ဖြစ်ပါသည်။

ဤပြန်ဆိုချက်ကို သေချာဖတ်ရှုသုံးသပ်လျှင် သတိပဋ္ဌာန်ဖြင့် ဘုရားဖြစ်ဟူ၍ ဆိုနိုင်မည်ဖြစ်ပါသော် လည်း သတိပဋ္ဌာနဘာဝနာသည် အာရုံကို အမိအရယူတတ်သော သတိသာလျှင်ဖြစ်၍ ယင်းသတိကို ဆိုလျှင် ယင်းသတိနှင့်ယှဉ်နေသည့် (အာရုံ၏လက္ခဏာတို့ကို ထိုးထွင်း၍ သိမြင်တတ်သော) ဝိပဿနာပညာကိုလည်း ယူရ၏ဟူသည်နှင့်အညီ သတိတရားစဉ်က ယူအပ်သောအာရုံ၊ ပညာတရား စဉ်က ထိုးထွင်း၍သိအပ်သောလက္ခဏာသုံးပါးတို့ကိုလည်း ယူရမည်သာ ဖြစ်ပါသည်။

သတိတရားစဉ်ဖြင့် ယူအပ်သောအာရုံ-ဆိုသည်မှာ ကာယ(ရုပ်တရား)၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ (နာမ်တရား)တို့သာ ဖြစ်ကြသည်။ အဆိုပါ "ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ (ရုပ်တရား၊ နာမ်တရား)တို့ကို သိမြင်လျှင် နာမရူပ-ပရိစ္ဆေဒဉာဏ် ဖြစ်ပါသည်။

ယင်းတို့တွင် အကျိုးဖြစ်ကုန်သော တရားများ၊ အကြောင်းဖြစ်ကုန်သော တရားများဟူ၍ ရှိနေလေရာ"အကြောင်းဖြစ်ကုန်သော ရုပ်တရားနာမ်တရားတို့ကို သိမြင်လျှင် ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပါသည်။

ယင်းတို့တွင် "ဤအကြောင်းကြောင့်သာလျှင် ဤအကျိုးသည် ဖြစ်၏။ ဤအကျိုးသည်သာလျှင် ဤအကြောင်းကြောင့် ဖြစ်၏ဟူ၍ သူ့အကြောင်းနှင့်သူ့အကျိုး၊ သူ့အကျိုးနှင့်သူ့အကြောင်းတို့၏ ဆက်စပ်ပုံအခြင်းအရာ၊ အကြောင်းတရားတို့၏ (အကျိုးတရားဖြစ်လာအောင်) ကျေးဇူးပြုပုံ အခြင်းအရာတို့ကို သိမြင်လျှင် ပဋိစ္စသမုပ္ပါဒ်ဉာဏ် ဖြစ်ပါသည်။

(ဤဉာဏ်ကို ပစ္စယာကာရဉာဏ်ဟု ခေါ်သည်။

ဤဉာဏ်သည် အကြောင်းတရားသက်သက်ကိုသိသောဉာဏ် မဟုတ်။ အကျိုးတရားသက်သက်ကို သိသောဉာဏ် မဟုတ်။ အကြောင်းအကျိုးတို့၏ ဆက်စပ်နေပုံ ကျေးဇူးပြုပုံတို့ကို သိမြင်သောဉာဏ် ဖြစ်၏။)

ထို့ကြောင့်–

**အာနာပါနစတုတ္ထဈာန်နှင့်ပဋိစ္စသမုပ္ပါဒ်–မပါသော သတိပဋ္ဌာန်သက်သက်ဖြင့် ဘုရား ဖြစ်သည် ဟူ၍ မရှိ။**

ဘုရားဖြစ်ပုံ အပြည့်အစုံမှာ ရှေ့ဆောင်းပါး၏အဆုံး၌ တင်ပြခဲ့သည့်အတိုင်းပင်။ (၅)ချက်တည်း။

သို့ဖြစ်၍ သတိပဋ္ဌာန်လေးပါးဖြင့် ဘုရားဖြစ်ဟူသော ဟောပြချက်သည် ကျမ်းမညိုတတ်သူ၏ အမှားကြီးသာ ဖြစ်ပါသည်။ (ဝါ)ကျမ်းကိုးများစွာတို့ကို လူတို့က အထင်ကြီးစေရုံလောက်သာ အသုံးပြုတတ်သူ၏ သက်သေခံကြီးသာ ဖြစ်ပါသည်။

**ဓမ္မကထိက၏မူရင်းဒွေပါဟောပြောချက်များ**

(၃)"ဥပါဒါနက္ခန္ဓာ–၅ ပါးကို ဖြစ်ပျက်ရှုပြီးဘုရားဖြစ်။ ....(ပ)ဥပါဒါနက္ခန္ဓာ ၅–ပါးတို့အပေါ်မှာ ဖြစ်ပျက်မြင်၍ ဘုရားဖြစ်တယ်။ (ဒီဃနိကာယ်။)

အခုဆိုရင် ဒီဃနိကာယ်၊ ခုဒ္ဒကနိကာယ်၊ သံယုတ္တနိကာယ်လို့ နိကာယ်သုံးခု ညှိပြီးပါပြီ။ အခု မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော် မဟာဟတ္ထိပဒေါပမသုတ်မှာ ဒီလိုလာပါတယ်။

ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ၊ သော ဓမ္မံ ပဿတိ။

ယော ဓမ္မံ ပဿတိ၊ သော ပဋိစ္စသမုပ္ပါဒံ ပဿတိ– လို့ လာပါတယ်။

ပဋိစ္စသမုပ္ပါဒ်ကို မြင်တယ်ဆိုတာ အကြောင်းတရားဖြစ်တဲ့ အဝိဇ္ဇာတဏှာကိုမြင်တယ် လို့ ဆိုတယ်။ အကြောင်းတရားကို ရွေးရှုတာပေါ့။

"ဒီနေရာမှာ <u>(အကြောင်းတရားကိုရွေးရှုနေတာ၊ အဝိဇ္ဇာတဏှာပေါ်တာ ကလေးကိုပဲ ကြည့်နေတာ ဖြစ်ခြင်းကြောင့်)</u> သင်္ခါရကိုင်တာတွေ၊ ဆွမ်းအုပ်ကိုင်တာတွေ၊ လှမ်းတာတွေ၊ ကွေတာတွေကို ခဏ ထားလိုက်။

ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ–ဆိုတာကို ယော ပစ္စယေ ပဿတိ–လို့ အဋ္ဌကထာဖွင့်တယ်။ ဒီလိုဆိုရင် အကြောင်းတရားဆိုတာ အဝိဇ္ဇာတဏှာဖြစ်ခြင်းကြောင့် အဝိဇ္ဇာကိုသိအောင်ရှုတဲ့နည်း၊ တဏှာကို သိအောင်ရှုတဲ့နည်းတွေကို ပြောနေပါတယ်။ (မဟာဟတ္ထိပဒေါပမသုတ်။)

ဒီလိုဆိုတော့ အဝိဇ္ဇာတဏှာဖြစ်ပေါ်လာတာကို ကြည့်တာဖြစ်ခြင်းကြောင့် ဒီနည်းမှာတော့ သင်္ခါရကိုင်တာတွေ၊ ထမင်းစားတာတွေ၊ လှမ်းတာတွေ၊ ကွေတာတွေ၊ ယူတာတွေကို အဝိဇ္ဇာတဏှာ တွေ နည်းသွားအောင်၊ အဝိဇ္ဇာတဏှာတွေမဖြစ်ရအောင် စိတ်ကလေးတည်ငြိမ်ရအောင် ရေထဲက ငါးကို ကုန်းပေါ်ပစ်တင်လိုက်တဲ့အခါမှာ တဖျတ်ဖျတ်လူးသလို သမာဓိမရအောင် ဖြစ်နေတဲ့ (အညံ့စား)ပုဂ္ဂိုလ်တွေအတွက်"။

ဤသည်တို့ကား **ဓမ္မကထိက၏မူရင်းဒွေပါဟောပြောချက်များ ဖြစ်ပါသည်။**

(ဌင်းစာမျက်နှာ၊ ၁၃–၁၄။)

## စိစစ်ချက်

အထက်ပါဟောပြောချက်များတွင် စိစစ်ဖွယ်ရာ များလှပါသည်။ "နိကာယ်သုံးခု ညှိပြီးပါကြောင်း၊ အခု မရှိမနိကာယ်"ဆိုသည့် ဟောပြောချက်တို့သည် ယုံလောက်အောင်ကြွားလုံးများသာ ဖြစ်ပါသည်။

အကြောင်းမှာ–ရှေ့ဆောင်းပါးတွင် တင်ပြခဲ့သည့်အတိုင်း–

**မူလစာကိုယ်ရှိ အဓိပ္ပါယ်များက ပြည့်စုံပြီးသား ရှင်နေပြီးသား** ဖြစ်ကြပါသည်။ ဟောပြောသူက မမှန်သော ကောက်ချက်များကို ထုတ်ဖော်ကြေညာလျက် ဟောပြောမှုများသာ ဖြစ်ကြပါသည်။ ထို့ကြောင့်ပေတည်း။

"ထို့ပြင် မဟာဟတ္ထိပဒေါပမသုတ်အရ သက်န်းကိုင်တာတွေကို သတိပညာထားရှိလျှင် ဝိပဿနာ မဟုတ်.... စသည်စသည်တို့ကိုလည်း ဟောပြောထားပါသည်။ ခက်ခဲရာ နက်နဲရာတို့၌ ဘယ်လို ရှိလိမ့်မည်ဟု မသိရသေးသော်လည်း ပါဠိတော်တိုက်ရိုက်ထင်းထင်းကြီးတွေ့၌ပင်လျှင် ကျမ်းမညှိ တတ်၍ တလွဲကြီးတွေ ထွက်လာရဲကြသည်။

ညီညွတ်အောင် ကျမ်းညှိတတ်ပါက ထိုသို့သော ဟောပြောချက်တို့ ထွက်လာကြမည် မဟုတ်ပေ။ ထို့ပြင် ထပ်၍ဆိုလိုက်သည်မှာ နာစရာပင် ကောင်းလှပါသည်။ သက်န်း ကိုင်တာ... စသည်တို့မှာ သတိ+ပညာထား၍ အားထုတ်သူများသည် သမာဓိမရအောင် ညံ့နေသူများ ဖြစ်ကြသည်– တဲ့။

**ပြောခွင့်ရှိသူတို့မှာ ပြောခွင့်ရှိကြပါသည်။**

**(စာရေးသူတို့မှာလည်း ပြောခွင့်ရှိသည်–ရေးခွင့်ရှိသည်ဟူ၍ မှတ်ယူပါသည်။)**

တစ်ဖန် 'ဓမ္မစေတီဟောပြောသည့် ဒဿနသမ္ပဒါနည်းသည် ဒိဋ္ဌိသတ်နည်း ဖြစ်သည်= တဏှာသတ် နည်း မဟုတ်ပါ'ဟူ၍ နားမဆန့်လောက်အောင်ဟောပြောနေသူက ဤတရားထဲမှာတော့ အဝိဇ္ဇာတွေ တဏှာတွေကို သတ်ရန် ရှုရန် ဟောပြောထားလေရာ ဤတရားနာယူကြရသူများအတွက် မျက်စိလည်ကြရပေမည်။ နားရွက်လည်း လည်ကြရပေမည်။

**ဆက်လက်၍ အထူးစိစစ်ချက်ကို ဖော်ပြပါဦးမည်။**

## ဓမ္မကထိက၏ မူရင်းခွေပါဟောပြောချက်များ

"ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ–ဆိုတာကို **ယော ပစ္စယေ ပဿတိ**လို့ အဋ္ဌကထာဖွင့်တယ်။ ဒီလိုဆိုရင် အကြောင်းတရားဆိုတာ အဝိဇ္ဇာတဏှာ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာကိုသိအောင်ရှု၊ တဏှာကို သိအောင် ရှု'ဟူ၍ ဟောပြောထားရာ ယင်းဟောပြောချက်သည် ဤသုတ်အရာ၌ သွက်သွက်ခါအောင် မှားလှသည့် **အမှားကြီးသာ** ဖြစ်ပါသည်။

ယင်းအမှားကြီး၏ အမှားဖြစ်နေပုံကလေးကို သိသာထင်ရှားအောင် ရှင်းပြပါဦးမည်။ ရှုကြပါကုန်။

အဋ္ဌကထာစာမျက်နှာ(၁၃၃)တွင် "ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ–တိ ယော ပစ္စယေ ပဿတိ။ သော ဓမ္မံ ပဿတီ–တိ သော ပဋိစ္စသမုပ္ပန္နဓမ္မေ ပဿတိ"ဟူ၍ ရှိပါသည်။

**ပဋိစ္စသမုပ္ပါဒံပုဒ်အရ** ပစ္စယ= ကျေးဇူးပြုတတ်ကုန်သော အကြောင်းတရားတို့ကို ယူပါ။
**ဓမ္မံပုဒ်အရ** ပဋိစ္စသမုပ္ပန္နဓမ္မ= အကြောင်းတရားတို့ကို စွဲမှီ၍ဖြစ်လာကုန်သော (အကြောင်းတရားတို့က ကျေးဇူးပြုလိုက်သောကြောင့် ဖြစ်လာကုန်သော)အကျိုးတရားတို့ကို ယူပါဟု ဆိုလိုပါသည်။
ဤ ဆိုလိုချက်သည် တစ်ပုဒ်ချင်းအတွက်မျှသာ ဖြစ်သည်။

"အကြင်သူသည် ပဋိစ္စသမုပ္ပါဒ်ကို ရှု၏။ ထိုသို့ ပဋိစ္စသမုပ္ပါဒ်ကို ရှုနေသူသည် ပဋိစ္စသမုပ္ပန္နဓမ္မတို့ကို မြင်၏" ဟူသော ကြိယာပါရှိသည့် ဝါကျတစ်ခုလုံးအတွက် လုံးဝမဟုတ်ပေ။

ထိုသို့သော အဋ္ဌကထာဖွင့်သည် တစ်ပုဒ်ချင်းအတွက်သာဖြစ်၍ ဝါကျတစ်ခုလုံးအတွက် မဟုတ်သေးဟုဆိုလျှင် ဝါကျတစ်ခုလုံးအတွက် ဆိုလိုချက်က ဘာလဲဟူ၍ မေးစရာရှိပါသည်။ ဖြေစရာလည်း ရှိပါသည်။

## အဖြေမြင်–အတင်သိ

အဖြေမှာ–

"ပစ္စယဓမ္မေ ပဿန္တောပိ ပစ္စယုပ္ပန္နဓမ္မေ ပဿတိ။ တေ ပဿန္တောပိ ပစ္စယဓမ္မေ ပဿတီတိ ဝုတ္တံ 'ယော ပဋိစ္စသမုပ္ပါဒ'န္တိ အာဒိ"။ (ဋင်းဋီကာ၊ နှာ၊ ၁၇၅။)

မြန်မာပြန်သက်သက်မှာ–

'ပစ္စယ= အကြောင်းတရားတို့ကို ရှုတတ်သူသည်လည်း (ပစ္စယ=အကြောင်းတရားတို့ကို မြင်ရုံမျှမကသေးဘဲ) ပစ္စယုပ္ပန္န=အကျိုးတရားတို့ကို မြင်တတ်၏။ ပစ္စယုပ္ပန္န=အကျိုးတရားတို့ကို ရှုတတ်သူသည်လည်း(ပစ္စယုပ္ပန္န=အကျိုးတရားတို့ကိုမြင်ရုံမျှမကသေးဘဲ) ပစ္စယ=အကြောင်းတရားတို့ကို မြင်တတ်၏။

ဤအဓိပ္ပါယ်ကို ပြခြင်းငှာ အဋ္ဌကထာက 'ယော ပဋိစ္စသမုပ္ပါဒံ (ပ) ပဿတိ' ဟူ၍ ဖွင့်ပြအပ်၏'။

## ဆိုလိုချက်မှာ

(၁) အကြောင်းတရားတို့ကိုလည်း ရှုပါ။

(၂) အကျိုးတရားတို့ကို လည်းရှုပါ။

(၃) အကြောင်းတရားတို့၏(အကျိုးတရားဖြစ်လာအောင်) ကျေးဇူးပြုတတ်ပုံ အခြားအရာတို့ကိုလည်း ရှုပါ။

ယင်း(၃)ချက်တို့တွင် အမှတ်(၃)သည်သာလျှင် လိုရင်းတည်း။ မှန်လှပါ၏။ (၃)အမှတ်ပြအတိုင်း အကြောင်းတရားတို့၏(အကျိုးတရားဖြစ်လာအောင်)ကျေးဇူးပြုတတ်ပုံ အခြင်းအရာ (ဝါ)အကျိုးတရားတို့၏ အကြောင်းတရားတို့နှင့် ဆက်သွယ်စပ်ယှက်နေပုံအခြင်းအရာတို့ကို ရှုနေတတ်သူသည်သာလျှင်

'ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ= အကြင်သူသည် အကြောင်းတရားကို ရှုတတ်၏။
သော ဓမ္မံ ပဿတိ= ထိုသို့အကြောင်းတရားကို ရှုတတ်သူသည်(အကြောင်းတရားကို မြင်ရုံမျှ မကသေးဘဲ) အကျိုးတရားကိုလည်း မြင်တတ်၏။

'ယော ဓမ္မံ ပဿတိ= အကြင်သူသည် အကျိုးတရားကို ရှုတတ်၏။
သော ပဋိစ္စသမုပ္ပါဒံ ပဿတိ= ထိုသို့အကျိုးကို ရှုတတ်သူသည် (အကျိုးတရားကို မြင်ရုံမျှမကသေးဘဲ) အကြောင်းတရားကိုလည်း မြင်တတ်၏'ဟူသော ပါဠိတော်၏ ဝါကျတ္ထ=အပေါင်းအဓိပ္ပါယ်တို့ကို အမှန်အတိုင်း သိရမည် ဖြစ်ပါသည်။

**အကြောင်းတရားကို ရှုတတ်သူက အကြောင်းတရားကိုသာ မြင်လျှင် ပဋိစ္စသမုပ္ပါဒ်ဉာဏ် မဟုတ်သေးပါ။**
**အကျိုးတရားကို ရှုတတ်သူက အကျိုးတရားကိုသာ မြင်လျှင် ပဋိစ္စသမုပ္ပါဒ်ဉာဏ် မဟုတ်သေးပါ။**

ယင်းတို့၏ ဆက်စပ်ပုံကို မြင်မှသာလျှင် ပဋိစ္စသမုပ္ပါဒ်ဉာဏ် ဖြစ်ပါသည်။

ထို့ကြောင့်ပင် အဆိုပါဋီကာ၌–

'ပစ္စယုပ္ပန္နဓမ္မော ပဋိစ္စ သမုပ္ပဇ္ဇတိ ဧတသ္မာတိ ပဋိစ္စသမုပ္ပါဒေါ၊ ပစ္စယာ ကာရော'ဟူ၍ ဖွင့်ပြကာ ပဋိစ္စသမုပ္ပါဒအရ ပစ္စယာကာရ=ကျေးဇူးပြုပုံ ဆက်စပ်နေပုံ အခြင်းအရာကို ရ၏ဟူ၍ ကောက်ပြထားပါသည်။

## ဓမ္မကထိက၏ မူရင်းဒေ့ပါ ဟောပြောချက်များ

(၁)"န ဟိ ခဏိကသမာဓိံ ဝိနာ ဝိပဿနာ သမ္ဘဝတိ။ (ဓမ္မဒါယာဒသုတ်ဋီကာ၊ ဝိသုဒ္ဓိမဂ်မဟာဋီကာ) တို့ကို ကြည့်လိုက်ရင် ခဏိကသမာဓိတောင် မရနိုင်တဲ့ ဝိပဿနာနဲ့ စိတ်နဲ့မကပ်တဲ့–ပုဂ္ဂိုလ်တွေအတွက် အဲဒီလို ယူတာ လှမ်းတာ ကြွတာ လှုပ်ရှားမှုတိုင်းကို မှတ်ခိုင်းရပါတယ်။ သမာဓိအာရုံတွေ တည်ကြည်သွားပြီဆိုရင်တော့–

<u>ပဋိစ္စသမုပ္ပါဒ် အကြောင်းတရားဖြစ်တဲ့ အဝိဇ္ဇာ၊ တဏှာ၊ တစ်နည်းအားဖြင့် ဥပါဒါနက္ခန္ဓာရဲ့ တရားခံကို တန်းရှုရင်လဲ ကိစ္စပြီးပါတယ်။</u>

ဒါကြောင့် အဲသလိုနည်းတွေရှိတဲ့အထဲက တရားကို မထိုင်ရဘူးလို့ ဓမ္မစေတီ မဟောပါ။

မေတ္တာသုတ်ကို တို့ဆရာသမားက ရပ်နေစဉ် သွားနေစဉ်၊ ထိုင်နေစဉ် လျောင်းနေစဉ် မေတ္တာပို့လို့ ရတာပဲလို့ဆိုတော့ ဝိပဿနာရှုလို့ရတာဖြစ်ခြင်းကြောင့် တရားထိုင်တာကို တစ်ခါမှ အပြစ် မပြောခဲ့ပါဘူး။ ထိုင်ရုံသာလျှင် တရားမဟုတ်ဘူးလို့ပြောတာ။ လေးပါဣရိယာ ဟောထားပါတယ်။

အခုနည်း ပဋိစ္စသမုပ္ပါဒ်ရှုတဲ့နေရာမှာတော့ ထိုင်ချင်လဲထိုင်။ ထချင်လဲထ။ ပါဠိတော်က ရှိတဲ့အရာကို အဋ္ဌကထာက ဒီလို ဖွင့်ပြပါတယ်။ (ပ) ရှင်းရှင်းပြောရင်–

ပဋိစ္စသမုပ္ပါဒ–က အကြောင်း တရား။

ဓမ္မ–က အကျိုးတရား။ ဒီလို ခွဲရတယ်။

ယော၊ အကြင်ပဋိစ္စသမုပ္ပါဒ်=အကြောင်းကို နားလည်လိုသော ပုဂ္ဂိုလ်သည်။ ဥပါဒါနက္ခန္ဓာတွေရှုတဲ့ ဒဿနသမ္ပဒါနည်းကို သိလိုသောပုဂ္ဂိုလ်သည်။ အကြောင်း တရားဖြစ်သော အဝိဇ္ဇာ **<u>တဏှာတို့ကို ကြည့်ပါ။ မြင်ပါ။ မြင်အောင်လုပ်ပါ။ သိအောင်လုပ်ပါ။</u>**

အဲလိုမြင်အောင်လုပ်ရင် ပဋိစ္စသမုပ္ပန္နဆိုတဲ့ ဥပါဒါနက္ခန္ဓာတွေကို မြင်လာရမယ်။ အကြောင်းမြင်ရင် အကျိုးမြင်တာပဲ။

ဤသည်တို့ကား **ဓမ္မကထိက၏မူရင်းစွေပါဟောပြောချက်များ ဖြစ်ပါသည်။**

(၄င်း၊ စာမျက်နှာ၊ ၁၄–၁၅)

## စိစစ်ချက်

ဋီကာကြီးနှစ်စောင်ကို ကျမ်းကိုးအဖြစ် ထုတ်ပြထားပါသည်။ သို့သော် လှမ်းတာ ကြွတာ စသည်တို့၌ သတိ+ပညာ ဘာဝနာဖြင့် ရဟန္တာဖြစ်ဖူးကြပါပြီ။ ထို့ကြောင့် လှမ်းတာ ကြွတာ စသည်တို့၌ သတိ+ပညာ ဘာဝနာတို့သည် ခဏိကသမာဓိ မရရှိသူများအတွက်သာ အကျိုးရှိစေသည် မဟုတ်ပါ။

ခဏိကသမာဓိ ရရှိသူများအတွက်လည်း အကျိုးပြုကြသည်။

အထက်ပါထဲတွင်–

"အဝိဇ္ဇာ တဏှာသည် ဥပါဒါနက္ခန္ဓ၏တရားခံ ဖြစ်သည်။ (ဝါ)အကြောင်းတရား ဖြစ်သည်။ (ဝါ) ပဋိစ္စသမုပ္ပါဒ် ဖြစ်သည်"ဟုပါရှိရာ ဥပါဒါနက္ခန္ဓာသည် အဝိဇ္ဇာတဏှာ၏ အကျိုးတရား ဖြစ်သည်ဟူ၍ အဓိပ္ပါယ် ထွက်ပါသည်။

ဤအဓိပ္ပါယ်သည် ဤပဋိစ္စသမုပ္ပါဒ်အရာတွင် အလွန်မှန်သောအဓိပ္ပါယ် ဖြစ်၏။ မှန်သော အဓိပ္ပါယ်ကို သေချာမှတ်ထားပါ။

တစ်ဖန်–

"ပဋိစ္စသမုပ္ပါဒ–က အကြောင်းတရား။ ဓမ္မ–က အကျိုးတရား"ဟုဆိုရာတွင် လုံးကောက် အဓိပ္ပါယ်သာ မှန်၍ ဝါကျတ္ထ=အပေါင်းအဓိပ္ပါယ်များနေပုံတို့ကို တင်ပြခဲ့ပြီး ဖြစ်ပါသည်။

တစ်ဖန်–"အကြောင်းမြင်ရင် အကျိုးမြင်တာပဲ"ဟုဆိုရာတွင် အကြောင်းကို မြင်ရုံမျှသည် အကြောင်း

ကိုသာ မြင်ကြောင်း၊ အကြောင်းတရားနှင့် အကျိုးတရားတို့ အချင်းချင်း ဆက်စပ်နေပုံ အခြင်းအရာတို့ကို မြင်မှသာလျှင် အကြောင်းကို မြင်သည်နှင့် တစ်ဆက်တည်းပင် အကျိုးကိုပါ မြင်နိုင်ကြောင်းတို့ကိုလည်း တင်ပြခဲ့ပြီး ဖြစ်ပါသည်။

တစ်ဖန် – "ဥပါဒါနက္ခန္ဓာတွေကိုရှုတဲ့ ဒဿနသမ္ပဒါနည်းကို သိလိုသောပုဂ္ဂိုလ်သည်"ဟုဆိုရာတွင် 'ဒဿနသမ္ပဒါနည်းကို သိလိုသူသည် ဥပါဒါနက္ခန္ဓာတွေကို ရှုရသည်' ဟူ၍ အဓိပ္ပါယ်ထွက်ပါသည်။ သို့သော် '**အဝိဇ္ဇာတဏှာတို့ကို ကြည့်ပါ။ မြင်အောင်လုပ်ပါ**'ဟု ဆက်ဆိုလာသဖြင့် အရှုခံတရားမှာ နှစ်မျိုးကွဲလာကြောင်း တွေ့ကြရပါသည်။

၁။ ဥပါဒါနက္ခန္ဓာတွေကို ရှုရမှာလား (သို့မဟုတ်)
၂။ အဝိဇ္ဇာတဏှာတွေကို ရှုရမှာလား (သို့မဟုတ်)
၃။ ဥပါဒါနက္ခန္ဓာဆိုတာ အဝိဇ္ဇာတဏှာတွေပါပဲ။ အဝိဇ္ဇာတဏှာဆိုတာ ဥပါဒါနက္ခန္ဓာတွေပါပဲ–ဟူ၍ ဆိုလိုပါသလား။

(အမှတ်(၁)တွင် ဥပါဒါနက္ခန္ဓာအစစ်သည် အကျိုးတရားပါ။
အမှတ်(၂)တွင် အဝိဇ္ဇာ၊ တဏှာတို့သည်ကား အကြောင်းတရားပါ။)

ဤသုံးချက်တို့တွင် တတိယအချက်တိုင်းယူလျှင် 'အကြောင်းတရားဖြစ်တဲ့ အဝိဇ္ဇာ တဏှာ တနည်းအားဖြင့် ဥပါဒါနက္ခန္ဓာရဲ့တရားခံ'ဟူသောစကားနှင့် ဆန့်ကျင်နေပါသည်။
ထို့ပြင် အကြောင်းတရားဖြစ်သော အဝိဇ္ဇာတဏှာတို့ကို မြင်အောင်လုပ်လျှင် (အကျိုးတရားဖြစ်သော) ပဋိစ္စသမုပ္ပန္န= ဥပါဒါနက္ခန္ဓာတွေကို မြင်လာရမယ်–ဟုဆိုရာတွင် မေးခွန်းနှစ်ခု ရှိပါသည်။

ဤမေးခွန်းတို့ကို ဖြေနိုင်မှသာလျှင် ပဋိစ္စသမုပ္ပါဒ်ဖြစ်ပုံ (ဝါ)ပစ္စယာကာရဖြစ်ပုံကို နားလည်နိုင်မည်ဖြစ်သောကြောင့် မေးပြပါဦးမည်။

**အမေး**။ ။ အကြောင်းတရားဖြစ်သော အဝိဇ္ဇာတဏှာတို့ကိုမြင်လျှင် အကျိုးတရားဖြစ်သော ပဋိစ္စသမုပ္ပန္နတို့ကို အဘယ့်ကြောင့် မြင်လာရပါသနည်း။

(အဖြေမှာ လွယ်ပါပြီ။ ဆက်စပ်နေလို့ပါ။)

**အမေး**။ ။ အကျိုးတရားဖြစ်သော ပဋိစ္စသမုပ္ပန္နတို့ကိုမြင်လျှင် အကြောင်းတရားဖြစ်သော အဝိဇ္ဇာ တဏှာ တို့ကို အဘယ့်ကြောင့် မြင်လာရပါသနည်း။

(အဖြေမှာ လွယ်ပါပြီ။ ဆက်စပ်နေလို့ပါ။)

တစ်ဖန်

"ပဋိစ္စသမုပ္ပန္နဆိုတဲ့ ဥပါဒါနက္ခန္ဓာတွေ"ဟုဆိုရာတွင် ယင်းစကားကို ဖြောင့်လိုက်လျှင် 'ဥပါဒါနက္ခန္ဓာတွေကို ပဋိစ္စသမုပ္ပန္နဟု ခေါ်ဆိုသည်။ (ဝါ) ယင်းနှစ်ခုတို့သည် အရတူများတည်း'ဟူ၍ ဖြစ်လာ

ပါသည်။ အရတူဟုတ်ပုံ–မဟုတ်ပုံတို့ကို စစ်ပြပါ့မည်။

## ပဋိစ္စသမုပ္ပန္နဟုခေါ်ဆိုအပ်သောဥပါဒါနက္ခန္ဓာအစစ်

ဥပါဒါနက္ခန္ဓာအစစ်ကို ဓမ္မစကြာစသည်တို့မှာ ဟောပြထားပါသည်။

"ဇာတိပိ ဒုက္ခာ။ ဇရာပိ ဒုက္ခာ။ ဗျာဓိပိ ဒုက္ခော။ မရဏမ္ပိ ဒုက္ခံ။ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော။ ယံမ္ပိစ္ဆံ န လဘတိ–တမ္ပိ ဒုက္ခံ။ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" စသည်တို့ပင်တည်း။

အကျယ်အားဖြင့်မူ ဇာတိ= အဖန်ဖန်ပဋိသန္ဓေနေရခြင်းသဘော၊ အဖန်ဖန်မွေးရခြင်းသဘောသည် လည်း ဒုက္ခမည်၏။ (ပ) အကျဉ်းအားဖြင့်မူ ဥပါဒါန်တို့၏ အာရုံဖြစ်ကုန်သော ခန္ဓာငါးပါးတို့သည် ဒုက္ခ မည်၏ဟု မြန်မာပြန်ရပါသည်။

ယင်းပါဠိတော်မြန်မာပြန်တို့တွင် အကျယ်=အကျဉ်းဟူ၍ ပါရှိသည်။ ကြပ်ပေါင်ကွင်း(သားရေပင်)ကို လက်အားဖြင့် ဆွဲဆန့်ထားလျှင် ကျယ်လည်းကျယ်၍ ရှည်လည်းရှည်ပါသည်။ လက်ဆွဲအားမှ ပြန်၍ လွှတ်ထားလျှင် နဂိုအတိုင်းသာရှိ၍ ကျဉ်းလည်းကျဉ်းကာ တိုလည်းတိုပါသည်။

ဆိုလိုသည်မှာ အကျယ်အရနှင့် အကျဉ်းအရသည် မူလကိုယ်ထည်အားဖြင့် တစ်ခုတည်းသာ ဖြစ်၏ (ဝါ)အတူတူသာ ဖြစ်၏ဟု ဆိုလိုပါသည်။ ထို့ကြောင့် အကျယ်ပြဖြစ်သော ဇာတိ၊ ဇရာ စသည်တို့၏ အရတရားနှင့် အကျဉ်းပြဖြစ်သော ပဉ္စုပါဒါနက္ခန္ဓာ အရတရားတို့သည် အတူတူသာ ဖြစ်ကြပါသည်။

သို့ရာတွင် ဇာတိဇရာ စသည်တို့သည် ဝေါဟာရအားဖြင့် သုတ္တန်နည်း ဖြစ်ပါသည်။ ခန္ဓာတို့သည် ပရမတ်အားဖြင့် အဘိဓမ္မာနည်း ဖြစ်ပါသည်။

ထို့ပြင် ဇာတိပုဒ်ဖြင့် အဖန်ဖန်ပဋိသန္ဓေ နေရခြင်းသဘော၊ အဖန်ဖန်မွေးရခြင်းသဘော (အာကာရ ပညတ်)ကို မုချအားဖြင့် ပြသည်။ **ယင်းအာကာရပညတ်သည် ပရမတ်တရားတို့၏ အရိပ်မျှသာ ဖြစ်ခြင်းကြောင့် မူလကိုယ်ထည် ပရမတ်ကို ရောက်အောင် လိုက်၍ ယူလျှင်**–

ဇာတိပုဒ်ဖြင့် ဇာတိအခြင်းအရာအားဖြင့်ဖြစ်သော၊ အာကာရဝန္တဖြစ်သော၊ အဖန်ဖန် ပဋိသန္ဓေနေရခြင်း သဘော–ပါရှိသော ဥပါဒ်ဋ္ဌီဘင်ရှိ–ခဏတ္တယဝန္တဖြစ်သော ပဋိသန္ဓေခန္ဓာငါးပါးကို ပြသည်။ 'ဖြစ်တည်ပျက်' သုံးပါးရှိ ခန္ဓာတရားစု ဖြစ်ပါသည်။ ဇရာစသည့်ပုဒ်တို့မှာ နည်းတူပင်တည်း။

ယင်းခန္ဓာတို့သည် ပဋိစ္စသမုပ္ပါဒ်အရာတွင် သမုဒယသစ္စာ၊ သမုဒယသာမည၊ ဥပါဒါန်တို့ကြောင့် ဖြစ်လာကြသော အကျိုးတရားများ ဖြစ်ကြကုန်၏။ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဒူရ၊ အာ သန္န၊ ဟီန၊ ပဏီတ၊ သုခုမ၊ ဩဠာရိက–အခြင်းအရာ (၁၁)ပါးတို့ဖြင့် ကွဲပြားခြင်းသဘောရှိကြကုန်၏။ ယင်းအခြင်းအရာတို့ကို စုပေါင်းထားခြင်းကြောင့် ခန္ဓ=ရာသိ(အစုအပုံ)ဟု ခေါ်ဆိုရခြင်းပင် ဖြစ်ပါသည်။

ခန္ဓ=ရာသိ ဖြစ်လာသော ပရမတ်တရားတို့ကြောင့် အသွင်အပြင် အစဉ်အတန်း အစရှိသော

ပုံစံများ၊ အရိပ်များ ထွက်ပေါ်လာကြသည်။ ယင်းပုံတို့သည် လုသည်ဟူ၍ နတ်ဟူ၍ သိစေတတ်သော ကြောင့် ယင်းပုံတို့ကို ပညတ်ဟု ခေါ်သည်။ ယင်းပုံ(ပညတ်)တို့ကို အာရုံပြု၍ ဥပါဒါန်(တဏှာ၊ဒိဋ္ဌိ)တို့သည် ဖြစ်လာကြကုန်၏။ ထို့ကြောင့် ယင်းပုံ(ပညတ်)တို့ကို သုတ္တန်နည်းအားဖြင့် ဥပါဒါနက္ခန္ဓာ(အတု)ဟု ခေါ်နိုင်သည်။

**ပုံ(ပညတ်)တို့၏ မူလကိုယ်ထည်ဖြစ်သော စုပေါင်းမိနေကြသော ရုပ်နာမ်တရားစုတို့သည် အဆိုပါ ဥပါဒါန်တို့၏အာရုံ ဖြစ်နိုင်သောကြောင့်** ယင်းရုပ်နာမ်တရားစု(ပရမတ်)တို့ကို အဘိဓမ္မာနည်း မှချနည်းအားဖြင့် ဥပါဒါနက္ခန္ဓာ(အစစ်)ဟု ခေါ်ပါသည်။

ဤဥပါဒါနက္ခန္ဓအစစ်တို့သည်ကား ဥပါဒါန်တို့ကို ဖြစ်စေတတ်ကုန်သော အာရမ္မဏပစ္စယအမည်ရှိ =အကြောင်းတရားများ ဖြစ်ကြပါသည်။ ဝိပဿနာအရှုခံ ဖြစ်သော ဥပါဒါနက္ခန္ဓာအရမှာ ပုံရိပ်ထွက်ရာ မူလကိုယ်ထည်ဖြစ်ကုန်သော အစစ်ခန္ဓာ(ရုပ်နာမ်တရားစု)တို့သာ ဖြစ်သည်။

## <u>ပဋိစ္စသမုပ္ပန္နဟုမဆိုထိုက်သောဥပါဒါနက္ခန္ဓာအတု</u>

ဥပါဒါနက္ခန္ဓာအတုကို မဖော်ပြမီ ကြိုတင်သိထားရမည်တို့ကို ဖော်ပြရလျှင် – ပိဋကတ်သုံးပုံတို့တွင် ဥပါဒါနက္ခန္ဓအစစ်ဟူ၍ ရှိသည်။ ဥပါဒါနက္ခန္ဓာအတုဟူ၍ လုံးဝမရှိပါ။ သို့ဖြစ်လျှင် အဘယ်မှာရှိ၍ တင်ပြ မည်နည်းဟု မေးလျှင် ဓမ္မစေတီ၏ပောတရားခွေများနှင့် သူ၏ ဆရာများဖြစ်ကြသော–

ဦးညွန့်၊

ဦးမြင့်သိန်း၊

ဦးကြိုင်၊

ဦးဥက္ကံသဗုဒ္ဓိ၊

ဦးတေဇနိယ၊

ဦးနာရဒ၊

ဦးသောဘဏ၊

ဦးစန္ဒောဘာသ၊

ဦးစန္ဒာဝရ(ဖိုးရှမ်း) စသူတို့၏ စာအုပ်များအတွင်းမှာ ရှိကြပါသည်။ ထို့ကြောင့် ဓမ္မစေတီခွေတို့မှ ထုတ်ပြရလျှင်–(ဥပါဒါနက္ခန္ဓအတုတို့ကိုသာလျှင် ဂရုပြုလျက် ကြည့်ရှုသုံးသပ်ကြပါကုန်။ ပြပါမည်။)

### ဓမ္မကထိက၏မူရင်းခွေပါဟောပြောချက်များ

| <u>ခန္ဓာ (အကျိုးခန္ဓာ)</u> | <u>ဥပါဒါနက္ခန္ဓာ (အကြောင်းခန္ဓာ)</u> |
|---|---|
| ဖြစ်တည်ပျက် = ခဏတ္တယရှိ။ | ဖြစ်ပျက် = ဥပ္ပါဒဝယရှိ။ |

| | |
|---|---|
| ဓါတ်ကြီးလေးပါးကိုမှီသည်။ | ဥပါဒါန်လေးပါကိုမှီသည်။ |
| ကျား/မ ရှိ။ (ပြယုဂ်မှာ) | ကျား/မ–မရှိ။ (ပြယုဂ်မှာ–) |
| ရှာထဲကစာပါ။ အစစ်ခန္ဓာ၊ သခ်ံတတရား။ | ဥပကစိတ်ထဲကစာပါကလေး။ |
| ဝိပဿနာမရှုရတဲ့ခန္ဓာ။ | အတုခန္ဓာ။ တကယ်မရှိဘူး။ |
| မုဆိုးသမီးအစစ်ကိုမြင်သိနေရင် | ဥပါဒါန်ဆွဲအားကြောင့် ပါလာတဲ့ခန္ဓာ။ |
| သံဝေဂရရုံပဲ ရှိတယ်။ | ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်က |
| ဓမ္မတာအနိစ္စ ရှိ။ ဓမ္မတာဒုက္ခ ရှိ။ | ဒီ ဥပါဒါနက္ခန္ဓာကိုသာ မြင်သိမှ တရားရတယ်။ |
| ဓမ္မတာအနတ္တ ရှိ။ | အနိစ္စ=နဂိုကမရှိဘူး။ အခုမှ |
| | ဥပါဒါန်ဆွဲအားကြောင့်ရှိလာတာ။ |
| | အမြဲမရှိတဲ့အနိစ္စ။ |
| | ဒုက္ခ= ဥပါဒါန်ကနှိပ်စက်နေလို့ |
| | ညှင်းဆဲနေတဲ့ဒုက္ခ။ |
| | အနတ္တ = အနှစ်အသားမရှိဘူး။ |
| | ကိုင်လို့မရဘူး။ ဆိတ်သုန်းနေတဲ့ အနတ္တ။ |

ဤသည်တို့ကား **ဓမ္မကထိက၏မူရင်းခွေပါဟောပြောချက်များ ဖြစ်ပါသည်။** ဤခွဲခြားချက်တို့သည် ဩစတြေးလျားနိုင်ငံတွင် ဓမ္မစေတီဟောပြောသည့် ဒဿန သမ္မဒါတရား(စ)ချပ်တွဲ (ဒု၊တ၊စ)တို့မှ နုတ်ပြု၍ ကူးယူတင်ပြချက်များ ဖြစ်ပါသည်။

## စိစစ်ချက်

ဒဿနသမ္မဒါတရား(ဒု)ခွေထဲတွင်–

"အကျိုးခန္ဓာ၊ အကြောင်းခန္ဓာလို့ နှစ်မျိုး ရှိပါတယ်။ ဒီကနေ့ တရားလုပ်တဲ့ သူတွေက အကျိုးခန္ဓာလို့ ခေါ်သော ပဥ္စက္ခန္ဓာ ပယ်ဖို့အားထုတ်နေရင် အဲဒီအကျိုးခန္ဓာကို သတ်လို့သေရင် အဲဒါဟာ ဥစ္ဆေဒဒိဋ္ဌိပဲ။ **ဒါက ကံခန္ဓာပဲ။ ဝိပဿနာရှုရမယ့်ခန္ဓာ မဟုတ်ဘူး။**

အဲဒါကြီး (အကျိုးခန္ဓာကြီး)ကိုပဲ ဒီကနေ့ မြန်မာတစ်ပြည်လုံး ပယ်ဖို့ အားထုတ်နေကြတယ်။ အကြောင်းခန္ဓာလို့ခေါ်သော ဥပါဒါနက္ခန္ဓာကို မပယ်ဘဲ လက်ခံထားရင် သဿတဒိဋ္ဌိပဲ။ သွားပြီ"ဟူ၍ ဟောပြထားပါသည်။

ထေရဝါဒအထူးတရားပွဲကြီးခွေထဲတွင်–

"ကောင်မလေးရဲ့ ရေချိုးတဲ့ခန္ဓာ၊ သနပ်ခါးလိမ်း တဲ့ခန္ဓာ၊ ထမင်းစားတဲ့ခန္ဓာ၊ ဂျုံးဂျုံးပေါက်တဲ့ခန္ဓာ၊ **အဲဒါတွေဟာ အပိုခန္ဓာ မဟုတ်ပါဘူး။ နဂိုခန္ဓာပါ။**

ကိုယ်တော်ကလေးရဲ့သန္တာန်မှာ ကောင်မကလေးကို ဥပါဒါန်နဲ့ပုံဖွဲ့လိုက်တဲ့အခါ အပိုခန္ဓာ ပေါ်လာပါတယ်။ အဲဒါ သေပြီးသားခန္ဓာ။ **တကယ်မရှိတော့တဲ့ခန္ဓာ။ အပိုခန္ဓာပါ။ အဲဒီခန္ဓာကိုသာ ဝိပဿနာ ရှုရပါတယ်။**

သည်လိုခန္ဓာနှစ်မျိုးကွဲအောင်လုပ်ပါ။ ခန္ဓာနှစ်မျိုးမကွဲလို့ရှိရင် ဒိဋ္ဌိမပြုတ်ပါဘူး။

ဒါကြောင့်မို့ –

––သောတာပန်ဖြစ်ချင်ရင် ဥပါဒါနက္ခန္ဓာငါးပါးကို ရှုပါ။

––ရဟန္တာဖြစ်ချင်ရင်လဲ ဒါပါပဲ။

––ဘုရားဖြစ်ချင်ရင်လဲ ဒါပါပဲ"ဟူ၍ ဟောပြထားပါသည်။

"အဲဒီခန္ဓာသည် ဥပါဒါနက္ခန္ဓာပါ။ ဖြစ်ပျက်ခန္ဓာလို့ ဆိုသည်။ ဖြစ်ပျက်ဆုံးရင် နိဗ္ဗာန်ဆိုတာ အဲဒီဥပါဒါနက္ခန္ဓာကို ဆိုတာ။ ပဥ္စက္ခန္ဓာဆုံးရင်တော့ သုသာန်ပါပဲ" ဟုလည်း ဆိုထားပါသည်။

## ဓမ္မကထိက၏ မူရင်းဒေ့ပါဟောပြောချက်များ

"အကျိုးမြင်ရင် အကြောင်းမြင်တယ်။ ယောဂီတို့ ထမင်းချက်တယ်လို့ပဲ ပြောပါတယ်။ အဲဒါ ဆန်ချက်တာပါ။ ထမင်းက အကျိုးတရားကြီး၊ ထမင်းချက်ရင် ပြော့ပြဲသွားမှာပေါ့။ (ပ) ထမင်းမချက်ပါဘူး။ ဆန်က အကြောင်းတရား။ ဒါပေမယ့် ထမင်းချက်လို့ ပြောလိုက်တာနဲ့ အကြောင်းတရားဖြစ်တဲ့ဆန်ကို သိပြီးသား။ ဒါ ဖလူပစာနည်းတွေ။ (ပ)

အကျိုးတရားဖြစ်သော ပဋိစ္စသမုပ္ပန္နကို ရှုပါလို့ ပြောလိုက်တာက အဒီအကျိုးတရား=ပဋိစ္စသမုပ္ပန္နက ပဋိစ္စသမုပ္ပါဒ်=အဝိဇ္ဇာတဏှာကြောင့် ဖြစ်တယ်။ **အဝိဇ္ဇာတဏှာကို ရှုပါလို့ ပြောရာ ရောက်ပြီးသား ဖြစ်တယ်**။ ဒါကြောင့် အကြောင်းမြင်ရင် အကျိုးမြင်တယ်။ အကျိုးမြင်ရင် အကြောင်းမြင်တယ်။ ဒီလိုသွားတယ်။

ဤသည်ကား **ဓမ္မကထိက၏ မူရင်းဒေ့ပါဟောပြောချက်များ** ဖြစ်ပါသည်။

(ငှင်း၊ စာမျက်နှာ၊ ၁၆။)

## စိစစ်ချက်

အထက်ပါဟောပြောချက်များသည်–

ယော ပဋိစ္စသုမုပ္ပါဒံ ပဿတိ၊ သော ဓမ္မံ ပဿတိ။

ယော ဓမ္မံ ပဿတိ၊ သော ပဋိစ္စသမုပ္ပါဒံ ပဿတိ– အကျယ်ရှင်းလင်းချက်များ ဖြစ်ကြသည်။

ပဋိစ္စသမုပ္ပါဒ်အရမှာ အကြောင်းတရား=အဝိဇ္ဇာတဏှာ ရ၏။

ဓမ္မံအရမှာ အကျိုးတရား(ပဋိစ္စသမုပ္ပန္န)ရ၏ဟု ဆိုပြီး၍

အကျိုးတရားကိုရှုလျှင် အကျိုးတရားကို မြင်ပုံကို ရှင်းပြထားပါသည်။

ယင်းအလိုအရမှာ–

(က) ထမင်းချက်ပါ–၌ ထမင်းပုဒ်အရမှာ ဆန်ရ၏။ (ထမင်းကို လုံးဝ မယူရ။) ထိုနည်းအတူပင်ယူ၍

(ခ) ဓမ္မံ ပဿတိ–၌ ဓမ္မအရမှာ အကြောင်းတရား=အဝိဇ္ဇာတဏှာကို ယူရမည်။

ဤဓမ္မံပုဒ်သည် ဖလူပစာသဒ္ဒါ ဖြစ်သည်–မှန်ပါမူ ဓမ္မံပုဒ်အရမှာ အကျိုးတရား=ပဋိစ္စသမုပ္ပန္နကို လုံးဝ မယူရ။ အကျိုးကိုဆို၍ အကြောင်းကိုယူရမှသာ ဖလူပစာကိုး။

## ဤသို့ဓမ္မံပုဒ်ကိုဖလူပစာသဒ္ဒာဟုယူလျှင်

(**တစ်**) ပဋိစ္စသမုပ္ပါဒ်နှင့် ဓမ္မံ အရတူသာ ဖြစ်ရသည်။

(**နှစ်**) အကျိုးတရား(ပဋိစ္စသမုပ္ပန္န)ကို ပြနိုင်သော ဓမ္မံပုဒ်ဟူ၍ မရှိခြင်းကြောင့် အကျိုးတရား (ပဋိစ္စသမုပ္ပန္န)ကို ပယ်ရာရောက်သည်။

(**သုံး**) အနက်တူဖြစ်၍ တစ်လုံးတည်း ဟောပြလျှင် ပြီးပါလျက်–

"ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ၊ သော ဓမ္မံ ပဿတိ။

ယော ဓမ္မံ ပဿတိ၊ သော ပဋိစ္စသမုပ္ပါဒံ ပဿတိ"ဟူ၍ နှစ်လုံးစလုံးကို ဘာကြောင့် ဟောသနည်းဟု မေးဖွယ်ရှိသည်။

(**လေး**) ဓမ္မံပုဒ်သည် ဖလူပစာဖြစ်လျှင် အဋ္ဌကထာက ဓမ္မံအရမှာ ပဋိစ္စသမုပ္ပန္နဓမ္မ=အကျိုး တရားရ၏ဟု ဘာကြောင့် ဖွင့်ပြပါသနည်း။ (ဝါ)ဓမ္မံအရမှာ ပဋိစ္စသမုပ္ပါဒ်=အကြောင်းတရားပင် ရ၏ဟု ဘာကြောင့် မဖွင့်ပါသနည်းဟု မေးဖွယ်ရှိသည်။

အမှန်မှာ–

ဤပါဠိတော်၌ ဓမ္မံပုဒ်သည် ဖလူပစာသဒ္ဒါ လုံးဝမဟုတ်ပါ။ မုချသဒ္ဒါသာ ဖြစ်ပါသည်။ ထို့ကြောင့် **ဓမ္မံပုဒ်အရမှာ အဋ္ဌကထာ ဖွင့်သည့်အတိုင်း အကျိုးတရားကို ယူရမည်**။ (ဝါ)အကြောင်းတရားကို လုံးဝ မယူနိုင်။

ဓမ္မစေတီဟောပြောသည့်အတိုင်း ဓမ္မံပုဒ်ကို ဖလူပစာသဒ္ဒါဟုယူ၍ ဓမ္မံပုဒ်အရ အကြောင်း တရား(အဝိဇ္ဇာတဏှာ)ကိုယူလျှင် ပါဠိတော်လည်း ပျက်၏။ အဋ္ဌကထာလည်း ပျက်၏။ အဘယ်သို့ ပျက်သနည်းဟု ဆိုချေသော်–

(၁) ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ= အကြောင်းတရားကို ရှုပါ။ မြင်ပါ။

(အဝိဇ္ဇာတဏှာကို ရှုပါပေ့။)

(၂) သော ဓမ္မံ ပဿတိ = အကြောင်းတရားကို ရှု၏။ မြင်၏။

(အဝိဇ္ဇာတဏှာကို မြင်ပါပေ့။)

**(ဤသည်ကား ဖလူပစာဟု ယူနိုက်အတွက်တည်း။ ဘာအဓိပ္ပါယ်ရှိပါသနည်း။)**

(၃) ယော ဓမ္မံ ပဿတိ = အကြောင်းတရားကိုရှုပါ။ မြင်ပါ။

(အဝိဇ္ဇာတဏှာကို ရှုပါပေါ့။)

(၄) သော ပဋိစ္စသမုပ္ပါဒံ ပဿတိ= အကြောင်းတရားကိုမြင်၏။

(အဝိဇ္ဇာတဏှာကို မြင်ပါပေါ့။)

**(ဤသည်ကား ဖလူပစာဟု ယူနိုက်အတွက်တည်း။ ဘာအဓိပ္ပါယ်ရှိပါသနည်း။)**
ဟူ၍ ဖြစ်သဖြင့် အကျိုးတရားကိုပြဆိုနိုင်သည့်ပုဒ် လုံးဝမရှိတော့ပြီဖြစ်သောကြောင့် ပါဠိတော်ကြီး ပျက်စီးရပါသည်။

**ဓမ္မံပုဒ်ကို မုချသဒ္ဒါဟုယူလျှင်**

**ပါဠိတော်လည်း မပျက်ပါ။ အဋ္ဌကထာလည်း မပျက်ပါ။**

မပျက်ပုံမှာ -

(၁) ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ = အကြောင်းတရားကို ရှုပါ။ မြင်ပါ။

(အဝိဇ္ဇာတဏှာကို ရှုပါပေါ့။)

(၂) သော ဓမ္မံ ပဿတိ = အကျိုးတရားကို မြင်ပါ၏။

(ဉပါဒါနက္ခန္ဓာအစစ်ကို မြင်၏ပေါ့။)

(၃) နှစ်ဝါကျပေါင်းပိဏ္ဍတ္ထ = အကြောင်းတရား၏ အကျိုးတရား ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပုံအခြင်းအရာ(**အဆက်အစပ်**)ကို ရှုပါ။ မြင်ပါ။

(၄) ယော ဓမ္မံ ပဿတိ = အကျိုးတရားကို ရှုပါ။ မြင်ပါ။

(ဉပါဒါနက္ခန္ဓာအစစ်ကို ရှုပါ။)

(၅) သော ပဋိစ္စသမုပ္ပါဒံ ပဿတိ = အကြောင်းတရားကို မြင်ပါ၏။

(အဝိဇ္ဇာတဏှာကို မြင်ပေါ့။)

(၆) နှစ်ဝါကျပေါင်းပိဏ္ဍတ္ထ= အကျိုးတရား၏ အကြောင်းတရားနှင့် ဆက်စပ်နေပုံ အခြင်းအရာ(**အဆက်အစပ်**)ကို ရှုပါ။ မြင်ပါ။

ဤပါဠိတော်(၄)ခု ဝါကျ(၂)စုံတို့ဖြင့်

အနက်အဓိပ္ပါယ် (၆)မျိုးတို့ကို မြတ်စွာဘုရား ပြတော်မူရာတွင်-

**အမှတ်(၃)နှင့်အမှတ်(၆)တို့သည်သာလျှင်**

**ပဋိစ္စသမုပ္ပါဒ်အစစ်  (ဝင့်လည်ခြင်းအစစ်)  ဖြစ်ပါသည်။**

**ပစ္စယာကာရအစစ်  ဖြစ်ပါသည်။**

**ဤ(၃)နှင့်(၆)ကို  ပြလိုသောကြောင့်သာလျှင်  ယော=အနိယမ(အကြင်သူ)နှင့်  သော=နိယမ (ထိုသူ)တို့ကို  ချိပ်ဆက်တွယ်ကပ်လျက်–**

**"ယော  ပဋိစ္စသမုပ္ပါဒံ  ပဿတိ၊  သော  ဓမ္မံ  ပဿတိ၊**

**ယော  ဓမ္မံ  ပဿတိ၊  သော  ပဋိစ္စသမုပ္ပါဒံ  ပဿတိ"ဟူ၍  ပါဠိတော်(၄)ခုတို့ကို  ထုတ်ဖော်၍ ဟောပြရခြင်းသာတည်း။**

အကြောင်းတရားတစ်ခုတည်းကိုရှုဟုသာ ဟောလိုပါမူ "ပဿ အာဝုသော ပဋိစ္စသမုပ္ပါဒံ"ဟူ၍ ဟောပြလိမ့်မည် ဖြစ်ပါသည်။ (ဘုရားရှင်က အချိုးနှိုး အမောမခံပါ။)

ထို့ကြောင့် ဤစိစစ်ချက်အရ စိစစ်ပြခြင်းခံရသော ဓမ္မစေတီ၏ ဖလူပစာသဒ္ဒါယူပုံဆိုင်ရာ ဟောပြောချက်များထက်ပို၍ ဘုရားနှင့်သာသနာတော်ကို စော်ကားသောဟောပြောချက်မျိုး ဘယ်မှာမှ ရှိနိုင်တော့မည် မထင်မိတော့ပါ။

## ဓမ္မကထိက၏မူရင်းခွေပါဟောပြောချက်များ

"ကောင်းပြီ။ ပဋိစ္စသမုပ္ပန္နဆိုတာ ဘာလဲ။ ပဋိစ္စသမုပ္ပန္နံ ခေါ်ပန ယဒိဒံ ပဉ္စုပါဒါနက္ခန္ဓာ။ ကျမ်းညှိပါပြီ။ ယဒိဒံ–ပဉ္စုပါဒါနက္ခန္ဓာ၊ ဉပါဒါနက္ခန္ဓာငါးပါးတွေဟာ။ ပဋိစ္စသမုပ္ပန္နံ၊ ပဋိစ္စသမုပ္ပန္န(အကျိုးတရား)မျိုးတွေ ပါပဲ။ ပြီးပါပြီဗျာ။

(ပဋိစ္စသမုပ္ပန္န=ဉပါဒါနက္ခန္ဓာငါးပါး။ ။ ဉပါဒါနက္ခန္ဓာငါးပါး= ပဋိစ္စသမုပ္ပန္န။) ပြီးသွားပါပြီ။ (ပ) ဒီလိုဆိုရင် စာတစ်ကြောင်းရေးမယ်။

"ဉပါဒါနက္ခန္ဓာငါးပါးဟုဆိုအပ်သော ပဋိစ္စသမုပ္ပန္နရဲ့ အပေါ်မှာ အဝိဇ္ဇာတဏှာဟုဆိုအပ်သော ပဋိစ္စသမုပ္ပါဒ်တို့ မဖြစ်အောင် ကျင့်သုံးခြင်းကို တရားလုပ်တယ်လို့ ခေါ်သည်။ ဒါဟာ တရား အားထုတ်တာ။ ထိုင်ချင်ထိုင်။ ထချင်ထ။ သွားချင်သွား။ ပြေးချင်ပြေးကြပေတော့။ အရေးကြီးတာ ပဋိစ္စသမုပ္ပန္န မဆက်ပေးဖို့ လိုတယ်။ ဆက်ပေးရင် သံသရာလည်မယ်။

"မဆက်ပေးလို့ ပြတ်သွားရင် 'ဒုက္ခနိရောဓောနိဗ္ဗာနံ'လို့ ဆိုသည်။ ပဋိစ္စသမုပ္ပါဒ်စက်ဝန်းထဲမှာ ဒုက္ခတွေ ရှိသည်။ အဲဒီစက်ဝန်းကို ဆန္ဒရာဂနဲ့ မငြိလို့ရှိရင် စက်ဝန်းကလွတ်သွားတော့ ဒုက္ခနိရောဓ ရှိသည်။

ဒီလိုဆိုရင် ဉပါဒါနက္ခန္ဓာငါးပါးလို့ဆိုတဲ့ ပဋိစ္စသမုပ္ပန္နနားမှာပဲ ဒုက္ခနိရောဓလို့ဆိုတဲ့ နိရောဓသစ္စာ (နိဗ္ဗာန်)ရှိတယ်။

"လှမ်းနေတဲ့ခန္ဓာ၊ ကြွနေတဲ့ခန္ဓာ၊ ထမင်းစားနေတဲ့ခန္ဓာ။ ခွေးဟောင်တဲ့ခန္ဓာ၊ ထမီဝတ်ထားတဲ့ခန္ဓာ။

ပုဆိုးဝတ်ထားတဲ့ခန္ဓာ၊ သင်္ကန်းဝတ်ထားတဲ့ခန္ဓာ၊ ရုပ်ရှင်ကြည့်တဲ့ခန္ဓာ၊ **အဲဒီပဥ္စက္ခန္ဓာ၊ အကျိုးခန္ဓာ၊ နဂိုခန္ဓာ၊ တကယ်ရှိခန္ဓာတွေထဲမှာ နိရောဓသစ္စာ မရှိရေးချမရှိပါ။ ရှိလား။** (မရှိဘူး။)
ဒါကို သိဖို့လိုတယ်။

ဤသည်ကား **ဓမ္မကထိက၏မူရင်းခွေပါဟောပြောချက်များ** ဖြစ်ပါသည်။

(ငှင်းစာ၊ နှာ၊၁၇။)

## စိစစ်ချက်

အထက်ပါစိစစ်ချက်အတိုင်းပင် ဓမ္မံကို ဖလူပစာဟု ယူထားသူအတွက် ပါဠိတော်လာ–
"ယော ဓမ္မံ ပဿတိ၊ သော ပဋိစ္စသမုပ္ပါဒံ ပဿတီ"တိ၏နောက်မှာ
"ပဋိစ္စသမုပ္ပန္နာ ခေါပနိမေ ယဒိဒံ ပဉ္စုပါဒါနက္ခန္ဓာ"ဟူ၍ လာစရာပင် လုံးဝ မရှိပါ။
သို့သော် ဓမ္မံပုဒ်မှာ မုချသဒ္ဒါဖြစ်၍ အကျိုးတရားကို ယူရသောကြောင့် ဓမ္မံပုဒ်၏သရုပ်ကို ပြရန် ကျန်နေသေးခြင်းကြောင့် "ပဋိစ္စသမုပ္ပန္နာခေါ" အစရှိသော ဒေသနာကို ဆက်ဟောထားပါသည်။

ဤဒေသနာဖြင့် ဓမ္မံအရ–မုချအားဖြင့် **ပဋိစ္စသမုပ္ပန္နဓမ္မ**ကို ယူပါ။

(ဓမ္မံအရ ဖလူပစာအားဖြင့် **ပဋိစ္စသမုပ္ပါဒ**ခေါ်သော အကြောင်းတရား (ဝါ)အဝိဇ္ဇာ တဏှာတို့ကို လုံးဝမယူရ။)

**ပဋိစ္စသမုပ္ပန္န**ဆိုသည်မှာ ဥပါဒါနက္ခန္ဓာအစစ်ဖြစ်၍ ဓမ္မံအရ–ဥပါဒါနက္ခန္ဓာအစစ်ကိုယူပါ–ဟူ၍ ဆိုလိုပါသည်။

## အထူးမှာထားချက်

ဤဆောင်းပါးအစမှာ ဖော်ပြခဲ့သည့်အတိုင်း ဓမ္မစေတီ၏တရားတို့မှာ သုံးနှုန်းလေ့ရှိသော 'ဥပါဒါနက္ခန္ဓာ'သည် မြတ်စွာဘုရားဟော ဒေသနာတို့မှာပါသည့် ဥပါဒါနက္ခန္ဓာ မဟုတ်ပါ။ နာမည်တူသာ ဖြစ်သည်။ တရားကိုယ်သရုပ်ချင်းလုံးဝမတူပါ။

### ဓမ္မကထိက၏မူရင်းခွေပါဟောပြောချက်များ

"အဝိဇ္ဇာတဏှာ မရှိတော့ဘူးဆိုရင် ရူပုပါဒါနက္ခန္ဓာ၊ ဝေဒနုပါဒါနက္ခန္ဓာ၊ ဒါတွေလဲ ဖြစ်စရာ မလိုတော့ ဘူး။

ဒါကြောင့် ဘုန်းကြီးတို့သူငယ်ချင်းက–
"ဗိုကော–ဗိုကောတို့ ဆရာတွေရဲ့တရားနည်းက မှားနေတာပဲ။ ဥပါဒါနက္ခန္ဓာကို အကြောင်းဖွဲ့ပြီးတော့ အဲဒီဥပါဒါနက္ခန္ဓာကို ပယ်ရမယ်လို့ ဘုရားဘယ်မှာ ဟောသလဲ။ တပည့်တော်တို့ ဓမ္မစကြာမှာ

သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။ ပရိညာတဗ္ဗံ မေ ဘိက္ခဝေ ... ပရိညာတဗ္ဗန္တိ မေ ဘိက္ခဝေလို့ ဟောထားတာ ဖြစ်ခြင်းကြောင့် ဒုက္ခသစ္စာဆိုတာ ပရိညာတဗ္ဗတရားပဲ။ ဒုက္ခသစ္စာဖြစ်တဲ့ ဥပါဒါန က္ခန္ဓာကို ဘယ်လိုကြောင့် ပယ်ရမှာလဲ။ ပယ်ရမယ်လို့ဆိုတော့ မှားတာပေါ့"လို့

ဒီလိုလာပြီး ပြောပါတယ်။

အင်္ဂုတ္တရနိကာယ်မှာ–

"ကမေသံ ခေါ ဘိက္ခဝေ ပဉ္စန္နံ ဥပါဒါနက္ခန္ဓာနံ ပဟာနာယ ကမေ စတ္တာရော သတိပဋ္ဌာနာ ဘာဝေတဗ္ဗာ"လို့ ရှိတယ်။

ဒီလိုဆိုရင် သတိပဋ္ဌာန်လေးပါး ပွားတာဟာ ဥပါဒါနက္ခန္ဓာငါးပါးကိုပယ်ဘို့... (ပ)...။ ဒီလို ညွှန်ပြလိုက်ရတယ်။ မငြင်းကြပါနဲ့တော့။ ကျမ်းညိုတတ်ရင်...။

ဤသည်တို့ကား **ဓမ္မကထိက၏မူရင်းခွေပါဟောပြောချက်များ** ဖြစ်ပါသည်။

(ငင်းစာ–၁၈–၁၉။)

## စိစစ်ချက်

အထက်ပါတို့တွင် ဓမ္မစေတီက "အင်္ဂုတ္တိုရ်ရှိပါဠိတော်အရ ဥပါဒါနက္ခန္ဓာတို့ကိုပယ်သည်"ဟု ဆိုပါသည်။ ယင်းအဆိုသည် ဖော်ပြပါဓမ္မစကြာနှင့် ဆန့်ကျင်သောကြောင့် မှားပါသည်။

ဓမ္မစကြာတွင် (၁) ဒုက္ခသစ္စာ(ဥပါဒါနက္ခန္ဓာအစစ်)တို့သည် သိရမည့်တရား

(၂)သမုဒယသစ္စာ(ဆန္ဒရာဂ)တို့သည် ပယ်သတ်ရမည့်တရား"ဟု ရှိသည်။

**ဓမ္မစကြာသည် မုချဒေသနာနည်း ဖြစ်ပါသည်။**

အင်္ဂုတ္တိုရ်မှာ ဥပါဒါနက္ခန္ဓာငါးပါးတို့သည် ပယ်ရမည့်တရားဟုရှိရာတွင်

**ငင်းဒေသနာသည် နေယျတ္ထဒေသနာဖြစ်ပါသည်**။

ထို့ကြောင့် –

'ဥပါဒါနက္ခန္ဓာငါးပါးတို့၌ (စွဲမှီတွယ်ကပ်၍) ဖြစ်ပွားတတ်ကုန်သော ဆန္ဒရာဂ(သမုဒယသစ္စာ)တို့ကို ပယ်ရမည်'ဟု ယူရပါသည်။

ဤသို့ယူမှသာလျှင် ဒေသနာနှစ်ရပ် ညီညွတ်ပါသည်။ (ဝါ) ကျမ်းညို တတ်သည် မည်ပါသတည်း။ အကယ်၍ အင်္ဂုတ္တိုရ်လာအတိုင်း "ဥပါဒါနက္ခန္ဓာ(ဒုက္ခသစ္စာ)တို့ကို ပယ်ရသည်"ဟုယူလျှင် ဓမ္မစကြာသုတ်လာ (ဒုက္ခသစ္စာ=ဥပါဒါနက္ခန္ဓာတို့ကို–သိ။ သမုဒယသစ္စာ=ဆန္ဒရာဂတို့ကို ပယ်) ဆိုသော ဒေသနာတော်ကို မီးရှို့ပြာချ ဖျက်ပစ်ရပေတော့မည်။ မည်သို့မှ ကျမ်းညို၍ မရနိုင်ပြီ မဟုတ်ပါလော။

## အထူးမှာထားချက်

ဤတရားခွေထဲတွင် ဓမ္မစေတီက –

'အဝိဇ္ဇာတဏှာ'အကြောင်းတရားတို့ကို ပယ်မှ ဘုရားဖြစ်–ဟူ၍ (သော၊ သ၊ န၊ အ–ဖြစ် ဟူ၍) ဟောပြောထားကြောင်း တွေ့ကြရပါသည်။

**လိုရင်းမှာ 'တဏှာကိုပယ်သတ်ပါ'ဟူသတည်း။**

သို့သော်–ဒဿနသမ္ပဒါမိတ်ဆက်ခွေထဲတွင်မူ–

'မြန်မာနိုင်ငံမှာ ဟောနေကြတဲ့ တရားများစွာကတော့ ဒိဋ္ဌိနဲ့တဏှာမှာ တဏှာသတ်တဲ့လမ်းစဉ် များပါတယ်။

**တို့က ဒိဋ္ဌိသတ်လမ်းစဉ်ကို ဒဿနသမ္ပဒါလို့ ဆိုမယ်။**

**ဒိဋ္ဌိသတ်လမ်းစဉ်မှာ မိန်းမကိုလဲ ယူပါ တယ်။ စီးပွားရေးတွေကိုလဲ လုပ်ပါတယ်။ လှလဲလှချင်ပါတယ်။**

**ဓမ္မစေတီဆရာတော်က လှလှပပလေးနဲ့ နိဗ္ဗာန်ဝင်မှာ။ ချောချောလှလှ မွှေးမွှေးကြိုင်ကြိုင်လေးနဲ့ နိဗ္ဗာန်သွားမှာ။ ဒိဋ္ဌိသတ်ပြီး သွားမှာ။**

**ငါတို့က ဒိဋ္ဌိသတ်လမ်းစဉ်နဲ့ သွားမှာဖြစ်ခြင်းကြောင့် ပျော်ပျော်ပါးပါး မော်တော်ကားလေးနဲ့ သွားမယ်**"ဟူ၍ ဟောထားပါသည်။

ကျမ်းညိုတတ်သော ဓမ္မစေတီသည် ဤတရားခွေ(၂)မျိုးထဲတွင် တရားချင်းညီအောင် အဘယ့်ကြောင့်များ မညှိနိုင်ဘဲ ရှိနေပါသနည်း။ အဖြေရှာကြပါ သာသနာပြု သူတော်ကောင်းတို့။

# မစိုးရိမ်စာသင်သား

# သာသနာပြုလုပ်ငန်းတွေကို
# အားမပေးသူတဲ့လားကွယ်

**မစိုးရိမ်စာသင်သား**

## (၁)

၁၃၇၁-ခုနှစ်၊ သီတင်းကျွတ်လဆန်း(၅)ရက်၊ (၂၃. ၉. ၂၀၀၉)နေ့ နံနက်ပိုင်းတွင် နှလုံးလှစာပေတိုက်မှ ဖုန်းဆက်အကြောင်းကြားပြီး စာမူတောင်းခံလွှာနှင့် ဂုဏပုဗ္ဗာအထိမ်းအမှတ် စာအုပ်ငယ်တို့ကို လာရောက်ဆက်ကပ်ကြသည်။ စာမူပို့ပေးရန် နောက်ဆုံးသတ်မှတ် ရက်စွဲမှာ (၃. ၁၀. ၂၀၀၉)ဟု ဆိုထားသဖြင့် အလျင်အမြန်လာရောက်ပို့ပေးခြင်းဖြစ်ကြောင်း၊ စာမူရေးသားပြီးလျှင် သူတို့လာယူပြီး အဝေးပြေးကားဖြင့် တင်ပို့ပေးမည်ဖြစ်ကြောင်းတို့ကိုလည်း လျှောက်ထားကြသည်။

စာရေးသူက အမြန်ချောပို့ဖြင့် ပို့ပေးလိုက်မည်ဖြစ်ကြောင်း၊ လာယူရခြင်းကြောင့် ဒုက္ခတွေများနေမည်ဖြစ်ကြောင်း၊ မနက်ဖြန်လောက်မှာ ပြီးအောင်ရေးပြီး အမြန်ချောပို့ဖြင့်ပို့လျှင် အချိန်မီကြောင်း ရှင်းပြပေးလိုက်သည်။

စာမူတောင်းခံလွှာထဲတွင် နှစ်(၅၀)ရွှေရတုဘဝခရီး လျှောက်လှမ်းလာခဲ့သော ဆရာတော်၏ စာသင်သားဘဝက ပရိယတ္တိပိုင်းတို့ကို တွေ့ရ၏။

စာမေးပွဲအမျိုးမျိုးတို့ကို စိတ်ဝင်တစားဖြင့် ဖြေဆို၍ အောင်မြင်ထား ကြောင်းတို့ကိုလည်း သိရ၏။ စာချဆရာဘဝက ပရိယတ္တိပိုင်းတို့ကိုလည်း တွေ့ရ၏။ ကျောင်းတိုက်တွင်းစာဝါများနှင့် သင်တန်းကျောင်းဘာသာရပ်ပို့ချပေးမှုတို့ကိုလည်း သိရ၏။

တစ်ဖန် တရားစခန်းလုပ်ငန်းတို့ကို လယ်တီဆရာတော် ဘုရားကြီး၏နည်းဖြင့် ဆောင်ရွက်နေသည့် ပဋိပတ္တိလုပ်ငန်းပိုင်းတို့ကိုလည်း တွေ့ရ၏။ ယောဂီပေါင်း(၃၆၀၀)ခန့်ပင် တရားအလုပ် အားထုတ်ဖူးကြပြီဖြစ်ကြောင်းတို့ကိုလည်း သိရ၏။

ထို့ပြင် သာသနာတော်ဆိုင်ရာ သံဃာ့အဖွဲ့အစည်း ဝင် ကိစ္စရပ်များနှင့် ပထမပြန်စာမေးပွဲ၊ ယဉ်ကျေးမှုစာမေးပွဲ၊ နိကာယ်စာမေးပွဲကိစ္စတို့ကို ဆောင်ရွက်နေကြောင်းလည်း တွေ့ရ၏။

ထို့ပြင် ဘုရားစေတီပြုပြင်ခြင်း၊ ကျောင်းတိုက်ပြည့်စုံရေးအားထုတ်ခြင်း၊ သာသနာပြုပညာရှင်များဖြစ်ထွန်းလာအောင်အားထုတ်ခြင်း၊ အလှူဒါနပြုလုပ်ခြင်း စသည်တို့ကိုလည်း တွေ့ရ၏။

အထူးသဖြင့် သာသနလောကအတွင်းမှာ ဝင်ရှုပ်နေကြသည့် သက်န်းဝတ်များနှင့် လူဝတ်ကြောင်ဂိုဏ်းများ၏ ဓမ္မဝိနယတို့နှင့် ဆန့်ကျင်ဘက်လုပ်ရပ် အမှုအခင်းကိစ္စများကို ဓမ္မဝိနယတို့နှင့်အညီ ဆုံးဖြတ်ကြေညာအတည်ပြုထုတ်ပြန်ပေးရသည့် ဝိနည်းဓိုရ်တာဝန်တို့ကိုလည်း ဆောင်ရွက်တော်မူကြောင်း သိရ၏။

ဤသို့ပရိယတ္တိပိုင်းအရ ပြည့်စုံအောင်သင်ယူထားပြီး ပဋိပတ္တိပိုင်းအရ သာသနာပြုလုပ်ငန်းတို့ကို ဓမ္မဝိနယဟုဆိုအပ်သော ပိဋကဒေသနာတော်တို့နှင့်အညီ ဆောင်ရွက်နေသူဖြစ်လျှင် မည်သူမည်ဝါ မည်သည့်နေရာ မည်သည့်အခါမှာဖြစ်ဖြစ် ပုဂ္ဂိုလ်မရွေး နေရာမရွေး အခါမရွေးပါဘဲ စာရေးသူဘက်က ကူညီရမည့်ကိစ္စရှိလာလျှင် ကူညီလေ့ရှိပါသည်။ အားပေးပါသည်။ စာရေးသူမတတ်နိုင်သည့်ကိစ္စတို့ကိုမူ စာရေးသူ မတတ်နိုင်ပါ။

ဤစကားကိုပြောင်းပြန်ပြန်ချလိုက်လျှင်-

ပရိယတ္တိပိုင်းအရ ပြည့်စုံအောင်သင်ယူမထားသူများ၏ ဓမ္မဝိနယတို့နှင့်မညီညွတ်သော သာသနာပြု ုပ်ငန်းအမည်ခံများကိုလည်းကောင်း

ပရိယတ္တိသင်ယူထားသူများ၏ ဓမ္မ ဝိနယတို့နှင့် မညီညွတ်သော သာသနာပြုလုပ်ငန်းအမည်ခံများကိုလည်းကောင်း

အားပေးခြင်းလုံးဝမရှိရုံမျှ မကသေးဘဲ အဓမ္မဝါဒဖြစ်နေပုံစသည်များ ပေါ်လွင်ထင်ရှားအောင် ရှင်းလင်းရေးသားပြပြီးလျှင် တားဆီးဖယ်ရှားနိုင်ရေးတို့ကိုပါ တတ်စွမ်းနိုင်သမျှအထိ ကြိုးပမ်းလေ့ရှိပါသည်။

နှလုံးလှစာပေတိုက်က လစဉ်ထုတ်ဝေသည့် ဓမ္မရံသီဓမ္မမဂ္ဂဇင်းများ၊ ဓမ္မရတနာဓမ္မမဂ္ဂဇင်းများနှင့်

သိက္ခာကာရ စာစဉ်အဖြစ်ဖြင့် ထုတ်ဝေသည့် ဆောင်းပါးပေါင်းချုပ်စာအုပ်များ၊

အခြားမြတ်ပန်းရဂုံစာစောင်များ၊ အနန္တဂုဏ်ရည်ဘာသာရေးမဂ္ဂဇင်းများနှင့်

ထုတ်ဝေရာဌာန မဖော်ပြနိုင်သောစာအုပ်များမှာပါ လွဲမှားနေကြသော သာသနာပြုလုပ်ငန်းအမည်ခံများ၏ အမှားလုပ်ရပ်များလုပ်ကိုင်နေကြပုံတို့ကို အမြောက်အမြား ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါသည်။

ရံခါရံခါ အဓမ္မဝါဒစောဒနာလွှာတို့ကိုပါ ရေးသားတင်သွင်းခဲ့ရဖူးပြီးလည်း ဖြစ်ပါသည်။

ထို့ကြောင့် စာရေးသူ၏ စာပေများကို ဖတ်ရှုလေ့ရှိသူ ဒါယိကာမကလေးတစ်ဦးက စာရေးသူ့အပေါ်မှာ အမြင်မကြည်နိုင်သည့်အတွက် ဤသို့လျှောက်ထားလာဖူးပါသည်။ သူမက ကမ္မဋ္ဌာနာစရိယဆရာတော်များကိုသာ သံဃာဟု ထင်မှတ်တတ်သူ ဖြစ်သည်။

**ဒါယိကာမကလေး။ ။** ဦးဇင်းက သာသနာ့ဘောင်မှာ သက်န်းဝတ်နဲ့ နေနေပြီးတော့ သာသနာပြုလုပ်ငန်းတွေကို အားမပေးဘူး။ ကမ္မဋ္ဌာနာစရိယဆရာတော်တွေနဲ့ တရားပြဆရာတွေကိုလဲ အကောင်းမပြောဘူး။

**စာရေးသူ။ ။** ဟာ . . ငါက ဘာတွေလုပ်နေလို့များ နင်က ဒီစကားတွေ လာပြောနေရတာတုန်း။

**ဒါယိကာမကလေး။ ။** ဘာတွေလုပ်နေလို့တုန်း ဟုတ်လားဘုရား။ ဦးဇင်းလုပ်ထားတာတွေက အများကြီး ဆိုတော့ ဘယ်ကနေစပြီး လျှောက်ရမှန်းတောင် မသိတော့ဘူး။ ဓမ္မံသရဏံဂစ္ဆာမိဆောင်းပါးထဲမှာ ကမ္မဋ္ဌာန်းရိပ်သာတွေက တရားပြဆရာတော်တွေ မကောင်းကြောင်း ရေးထားတယ်။

အလှူပြိုင်ပွဲဆောင်းပါးထဲမှာ ဓမ္မကထိကဆရာတော်တွေ မကောင်းကြောင်း ရေးထားတယ်။

အကြားအမြင်နှင့်ယတြာစာအုပ်ထဲမှာဆိုရင် ဂိုဏ်းဆရာတွေနဲ့ ဗေဒင်ဆရာတွေ မကောင်းကြောင်း ရေးထားတယ်။

မြတ်ပန်းရဂုံစာစောင်အင်တာဗျူးထဲမှာလဲ ပရိယတ္တိပညာရှင်တွေက စာတွေရေးပြီး စာစောင်တွေဖြန့်ဝေတာတွေ မလုပ်ကြလို့မို့ ဗုဒ္ဓဘာသာဝင်လူတွေက ဘာသာတရားအကြောင်း မသိကြဘူးဆိုတာမျိုးတွေ ပြောထားတယ်။ အဲဒီစကားတွေက ပရိယတ္တိ ပဋိပတ္တိ သာသနာပြု ဆရာတော်တွေကိုလဲ ထိခိုက်စေတယ်။ ဗုဒ္ဓ ဘာသာဝင်တွေကိုလဲ ထိခိုက်စေတဲ့ စကားပဲ။

နောက်ပြီးတော့ ရှိသေးတယ်။

**<u>အခုလောလောဆယ်မှာ ဝေငှဖြန့်ချိထားတဲ့ စာအုပ်။ အဲဒီစာအုပ်ကလဲ ဓမ္မကထိကတွေ၊ ကမ္မဋ္ဌာနာစရိယတွေရဲ့ မကောင်းကြောင်းတွေကိုပဲ ရေးထားတယ် မဟုတ် လား။ အဲဒါတွေ . .။</u>**

**စာရေးသူ။ ။** တော်ပါတော့ဟာ။ အဲဒါတွေကို ငါရေးခဲ့တာနဲ့ပဲ ငါက သာသနာပြုလုပ်ငန်းတွေကို အားမပေးသူ ဖြစ်ကရောလား။ ကမ္မဋ္ဌာနာစရိယဆရာတော်တွေနဲ့ တရားပြဆရာတွေကို မကောင်းပြောသူ ဖြစ်ကရောလား။ ဓမ္မကထိကတွေကို အကောင်းမပြောသူ ဖြစ်ကရောလား။

**ဒါယိကာမကလေး။ ။** တင်ပါဘုရား။ ဦးဇင်းလောက် သူတစ်ပါးအကြောင်း မကောင်းပြောနိုင်သူကတော့ ရှားတယ်။

**စာရေးသူ။ ။**ဟုတ်လား။ ဒါဆိုရင် နင်သေချာမှတ်သွား။ ငါရေးခဲ့တာတွေ၊ ငါပြောခဲ့တာတွေက ဆောင်းပါး ပုဒ်ရေနဲ့တွက်ကြည့်ရင် သုံးရာကျော်လောက် ရှိပြီ။

အဲဒီအထဲမှာ သူတို့သူတို့တွေ လုပ်ထားကြတဲ့ဟာတွေက ဓမ္မဝိနယနဲ့ မညီတာတွေမို့လို့၊ မမှန်မကန်တွေမို့လို့ ငါကရှင်းပြပေးတာတွေပဲ ပါတယ်။

သူတို့သူတို့တွေကို မုန်းလို့ရေးထားတာတွေ မပါဘူး။ သူတို့တွေက သူတို့လုပ်ထားတာတွေဟာ ဓမ္မဝိနယနဲ့ ညီတယ် မှန်တယ်ဆိုရင် ငါရေးထားတာတွေကို ကျမ်းကိုးကျမ်းထောက်တွေနဲ့ ပြန်ပြီးတော့ ရှင်းပြပြီးတော့ ဆက်လုပ်ကြပါလိမ့်မယ်။

ငါ့ကိုလဲ ဝိုင်းပြီးတော့ တွယ်ကြပါလိမ့်မယ်။ ဒါက ပုထုဇဉ်တွေရဲ့သဘောပါပဲ။

သူတို့က မှန်နေလို့ကတော့ ခံနေမှာ မဟုတ်ဘူးဆိုတာ သိပ်သေချာပါတယ်။ သူတို့က မမှန်တာတွေနဲ့တောင်မှ ငါ့ဆီလာပြီး ရန်လုပ်တာတွေက ရှိသေးတယ်။ အဲဒီလိုသဘောထားကြီးကြတဲ့ ပုထုဇဉ်လောကမှာ ငါရေးထားတာတွေကို ဘယ်အဖွဲ့အစည်း၊ ဘယ်ကမ္မဋ္ဌာနာစရိယ၊ ဘယ်ဓမ္မကထိကကမှ ပြန်ပြီးတော့ ရှင်းလင်းတင်ပြနိုင်တာ မရှိပါဘူး။

သူတို့က ငါ့ကိုပြန်တွယ်ကြလို့ ငါ့ဘက်ကနေ ငါမှားသွားကြောင်း ဝန်ခံလိုက်ရတာရယ်လို့ မရှိပါဘူး။

ဘာလို့လဲဆိုတော့ ငါက-

မှန်တဲ့သာသနာပြုလုပ်ငန်းတွေ
မှန်တဲ့ကမ္မဋ္ဌာနာစရိယတွေ
မှန်တဲ့ဓမ္မကထိကတွေ
မှန်တဲ့ပရိယတ္တိပညာရှင်တွေ
မှန်တဲ့ပဋိပတ္တိအဖွဲ့အစည်းတွေ
မှန်တဲ့သာသနာပြုအကျိုးဆောင်အဖွဲ့တွေ

အဲသလိုဓမ္မဝိနယအရ မှန်တဲ့ဟာတွေကို အပုပ်ချပေးပြီး အသရေပျက်အောင်ဆိုပြီး ဘယ်တော့မှ မရေးပါဘူး။ တကယ်မပုပ်သူတွေမှာ အပုပ်မရှိတဲ့အတွက် ငါက အပုပ်ချပေးနေစရာ မလိုပါဘူး။

အစကတည်းက အသရေမရှိတဲ့အတွက် ငါက အသရေ ဖျက်ပေးနေစရာလဲ မလိုပါဘူး။ အစကတည်းက ပုပ်နေသူတွေကို ငါကရေးတော့လဲ သူတို့တွေကို ငါက အပုပ်ချရေးတာ မဟုတ်ပါဘူး။ အဖြစ်မှန်ကို အဖြစ်မှန်အတိုင်း ရေးတာပါ။

ငါကရေးလိုက်လို့ သူတို့ရဲ့အသရေတွေ ပျက်သွားတာလဲ မဟုတ်ပါဘူး။ သူတို့လုပ်ရပ်အတိုင်း အမှားတွေကို လုပ်နေတာဖြစ်လို့ အစကတည်းက အသရေပျက်နေတာတွေပါပဲ။

အခု ငါပြောပြနေတာတွေကို နင့်နားက သေချာကြားရဲ့လား။ နင့်အသိစိတ်ကရော ကွဲကွဲပြားပြား သိရဲ့လား။

**ဒါယိကာမကလေး။ ။** ဓမ္မဝိနယနဲ့ သေချစစ်ကြည့်လိုက်ရင်-

မမှန်တဲ့သာသနာပြုလုပ်ငန်းတွေလို့
မမှန်တဲ့ကမ္မဋ္ဌာနာစရိယတွေလို့
မမှန်တဲ့ဓမ္မကထိကတွေလို့
မမှန်တဲ့ပရိယတ္တိပညာရှင်တွေလို့
မမှန်တဲ့ပဋိပတ္တိအဖွဲ့အစည်းတွေလို့
အဲသလိုမျိုးတွေလဲ ရှိနေကြတယ်လို့ ပြောချင်တာလားဘုရား။

**စာရေးသူ။ ။** အေး။ အဲဒါပဲ။

"နင်တို့တတွေ အမှားတွေနဲ့ပဲ တစ်သက်တာတန်ဖိုးတွေ အကုန်လုံး ဆုံးရှုံးကုန်မှာ စိုးလို့ ရေးနေတာလို့ မှတ်။ ပြီးတော့ မြတ်စွာဘုရားရဲ့ သာသနာတော်မြတ်ကြီးကိုလဲ ငါတတ်နိုင်သမျှ အစွမ်းကုန်အထိ စောင့်ရှောက်ပြီး ပြန့်နှံ့စေချင်လို့ ရေးနေတာလို့ မှတ်"။

**ဒါယိကာမကလေး။ ။** တင်ပါဘုရား။ ဟုတ်တော့ဟုတ်သလိုပဲနော်။

အဲဒီပညာရှင်တွေ၊ သာသနာပြုအဖွဲ့အစည်းတွေ

ဓမ္မကထိကတွေ၊ ကမ္မဋ္ဌာနာစရိယတွေက ဦးဇင်းကို ပြန်လည်ချေပတာတွေကို မတွေ့ရဘူး။ သူတို့တွေက သည်းခံနိုင်လို့လို့၊ သူတော်ကောင်းတရားတွေရှိနေကြလို့လို့ တပည့်တော်မက ထင်ထားတာပဲ။

အခု ဦးဇင်းပြောပြတော့မှ ပေါ်လာတယ်။ သူတို့တွေက ဦးဇင်းကို ပြန်ပြီးမချေပချင်လို့ မဟုတ်လောက်ဘူး။ သူတို့ရဲ့တပည့်တွေရှေ့မှာ၊ သူတို့ အဖွဲ့အစည်းတွေထဲမှာဆိုရင် ဦးဇင်းကို ဝိုင်းစုပြီးတော့ကို ကဲ့ရဲ့စကားတွေနဲ့ မကျေမနပ် ပြောကြဆိုကြတာတွေကို တပည့်တော်မကိုယ်တိုင်တောင် မြင်ဖူးတယ်ဘုရား။

သူတို့တွေက သူတို့အယူဝါဒနဲ့ သူတို့အတွက်ပဲ မှန်နေကြတာပေါ့။ ဓမ္မဝိနယနဲ့ ကြည့်လိုက်လို့မှ တကယ်ကို မှန်နေတယ်ဆိုရင် သူတို့တွေကလဲ ဦးဇင်းလိုပဲ ပြန်ရေးပြီးတော့ ရှင်းလင်းကြမှာပဲနော်။

အခုမှ တပည့်တော် သဘောပေါက်သွားပါတယ်ဘုရား။

**စာရေးသူ။ ။** <u>အဲဒါဆိုရင် ရော့ ဒီစာရွက်တွေထဲက မင်နီလိုင်းတားထားတွေကိုပဲ ဖတ်ကြည့်။ အဲဒါတွေကို ဖတ်ပြီးသွားရင် သာသနာတော်အရာမှာ ဝင်ရှုပ်နေကြတဲ့ မမှန်တာတွေက ဘယ်လောက်များနေကြသလဲဆိုတာကို နင်ခန့်မှန်းမိသွားလိမ့်မယ်။</u>

ခု ဖတ်ဖို့ အချိန်မရရင် ယူသွား။ နောက်ကြုံတော့မှ ပြန်လာပို့လှည့်။ ပျောက်တော့ မပျောက်စေနဲ့နော်။ ခု ငါ မအားသေးလို့။ အားတဲ့အခါကျလို့ရှိရင် အဲဒါတွေထဲက မမှန်တာတွေကို မမှန်တဲ့အကြောင်း ရှင်းလင်းတင်ပြတဲ့ ဆောင်းပါးတွေ ရေးရအုံးမယ်။

နင်တို့တတွေ အမှားတွေနဲ့ပဲ တစ်သက်တာတန်ဖိုးတွေ အကုန်လုံး ဆုံးရှုံးကုန်မှာ စိုးလို့ပေါ့။ နင်တို့ကမှ တော်သေးတယ်။ ပင်စင်စားအဖိုးကြီးတွေ ပင်စင်စားအဖွားကြီးတွေဆိုရင် သူတို့မှာက အချိန်က မရှိတော့ဘူး။

**<u>သာသနာတော်နဲ့ သူတို့ဘဝ တွေ့ခွင့်ရတဲ့ အခွင့်ကောင်းတွေကို အမှားတွေနဲ့ပဲ ကုန်ဆုံးသွားကြရတော့မယ်။</u>** အချိန်တွေကလဲ ကုန်သွားရော။ လူ့ဘဝကနေလဲ သေသွားရော။ ဆက်စဉ်းစားကြည့်တော့ဟာ။

## (၂)
## တိုက်တွန်းနှိုးဆော်လွှာ(၁)ထဲကဆွယ်တရားများ

"စာရေးသူ အသက်(၃၅)နှစ်ခန့်ကတည်းက ရိပ်သာတစ်ခုမှာ (၃)ကြိမ်တရားပတ် ဝင်ခဲ့၏။ ဆန္ဒဘယ်လောက်ပဲ ပြင်းပြနေပေမယ့် မရခဲ့ပါ။ ဘာ့ကြောင့်မရသည်ကို မပြောလိုတော့ပါ။ ဆက်လက်၍ စွဲမြဲစွာ အားထုတ်၏။ မရ။

အကျော်ကြားဆုံးနည်းများကို ဂယနဂဏ လေ့လာ၏။ သွား၊ လာ၊ ရပ်၊ ထိုင် အလုပ်လုပ်ရင်းပဲ ဇွဲဝီရိယသန်သန်ဖြင့် အားထုတ်သည် မရ။ ချုပ်သွားတယ်။ ကုန်သွားတယ်။ မရှိဖြစ်သွားတယ်ဆိုတာ မရှိခဲ့ပါ။ ဝါသနာပါရုံပဲ အကျိုးများခဲ့၏။ အလုပ်မမည်ခဲ့ပါချေတကား။

ထွက်ပေါက်မတွေ့ အပါယ်လွတ်အောင်အဆင့်ကလေးမျှ မရလေ - ပိုကြောက်လေ အားထုတ်လေ မရလေ ဖြစ်နေ၏။ မိတ်ဆွေတစ်ဦးနှင့် သိကျွမ်းခဲ့ရ၏။ သူကလည်း ဝိပဿနာ အားထုတ်ခဲ့သည်မှာ နှစ်(၂၀)ကျော် ကြာခဲ့၏။ ဒါပေမယ့် မရခဲ့။

ယခုတော့ ရိပ်သာတစ်ခုမှ အားထုတ်ပုံအားထုတ်နည်းအတိုင်း အားထုတ် လိုက်ရာ (၂၄)ရက်ခန့်နှင့်ပင် ရခဲ့ကြောင်း၊ တစ်အိမ်လုံးလည်း သူ့အဆင့်နှင့်သူ ရကြ၍ **<u>အရိယာစံအိမ်ကြီးဖြစ်ကြောင်း</u>** သိလာရ၏။ ရိပ်သာပေါင်းစုံ ဝင်ခဲ့ဖူးသော အမျိုးသမီးကို အရင်လွှတ်၏။ ရခဲ့၏။ သမီးကိုလွှတ်၏။ ရခဲ့၏။ တူမတွေ လွှတ်၏။ ရခဲ့၏။ ယုံရမလိုဖြစ်နေ၏။

တီဗွီမှလာသော တရုတ်ကားဇာတ်လမ်းတွဲများ အပြတ်တမ်းကြည့်နေကြသော သူများက ရလာကြ၏။ မိမိက မရသေး။ မှားတာတော့ မှားနေပြီဆိုတာ သိလိုက်ပြီ။ ရိပ်သာတရားပတ် (၁၅)ရက်စခန်း လူ(၅၀)ခန့်ဝင်လျှင် (၃၅)ယောက်(၄၀)ခန့်က အလုပ်မည်ခဲ့သည်(အရိယာတရားရခဲ့သည်)ကို သိလာရ၏။ ဘွင်းဘွင်း ပြောရလျှင် ပထမအဆင့်ပြီးကြ၏။ သောတာပန်တည်ကြကုန်၏။

အိမ်ကလူရမှ နည်းနည်းယုံစပြုလာ၏။ မာန်မာနကို ချပါသည်။ ညသွားနေ့ပြန်သဘောနှင့် ဆရာတော့်ထံ ခွင့်ပန်ပြီး အားထုတ်ခဲ့ရ၏။ (၇)ရက်နှင့် ရခဲ့ပါ၏။ ဘာ့ကြောင့် အမြန်ရသလဲ ဆန်းစစ်၏။ ပြသောဆရာက အရိယာဖြစ်၏။ အထက်က အငြိမ်းစားအရာရှိကြီးက ပြောခဲ့သလို သူ အနှစ်(၂၀)ကျော်(၃၀)အားထုတ်၍ မရခဲ့သည်မှာ ပြသောဆရာတွေထဲမှာ အရိယာမဟုတ်သေးသူများလည်း ပါသည်။ နှစ်သာကြာသွားသည်။ မရ။

ဆရာတော်က ဘာတွေ့သလဲ မေးသည်။ ကိုယ်တွေ့တဲ့အချက်အပေါ် မှားနေသေးလျှင် တည့်မတ်ပေး၏။ ဒါ့ကြောင့် ရ၏။ ဒီရိပ်သာက တိကျခိုင်မာတဲ့ ရှုပုံစနစ်ဖြင့် ပြ၏။ ဒါပြီးလျှင် ဒါရှုဆိုသောမူ ရှိ၏။ ယခုခေတ်ပုဂ္ဂိုလ်များကလည်း ဉာဏ်နည်း၏။ ဒါမှ ရသည်။ နှစ်တွေချီ၍ မရခဲ့သောတရားသည် (၇)ရက်နှင့်ပင် ရခဲ့၏။

အားလုံးအတွက် လမ်းညွှန်ပါသည်။ ယင်းရိပ်သာကား **<u>သန်လျင်မြို့ ဘုရားကုန်းမြို့ကွက်သစ် အမှတ်(၄) ရပ်ကွက်အတွင်းရှိ အောင်သုခမ္မရိပ်သာ</u>**ပင် ဖြစ်၏။ လှည်းကူးမှာလည်း ရှိ၏။ တရားနည်းလမ်းပိုင်ရှင် မူလဆရာတော်ကြီးက ပဲခူးမြို့ ဟသ်ာကုန်းဘုရားအနီး ဗိုလ်ကုန်း(၁၈)ရပ်ကွက်အတွင်းရှိ အောင်သုခမ္မရိပ်သာမှာ ရှိသည်။

စာရေးသူ၏ အပြင်းပြဆုံးဆန္ဒမှာ သည်နည်းအလျင်အမြန် ပြန့်ပွါးဖို့ပဲ ဖြစ်၏။ သည်နည်းဖြင့် အရိယာအဖြစ် ရစေပြီးမှ နိုင်ငံခြားသားများကို ပြသစေလို၏။ ချုပ်သွား၊ ကုန်သွား၊ မရှိဖြစ်သွားသည်အထိ သိမြင်စေရမည်။ စာရေးသူ တာဝန်ခံပါသည်။ မယုံလျှင် စမ်းပြီးဝင်ကြည့်ကြပါ။ ရဲရဲဝံ့ဝံ့ ဖိတ်ခေါ်ပါသည်။

တရားပတ်(၁)ပတ် (၁၅-ရက်စခန်းတစ်ပတ်)လျှင် ယောဂီ (၈၀)ရာခိုင်နှုန်းခန့် အလုပ်မည်ခဲ့ကြ၏။ (သောတာပန်အရိယာဖြစ်ခဲ့ကြ၏။) အချို့တရားပတ်ဆိုလျှင် ရာနှုန်းပြည့် ရကြ၏။ တရားသဘောကား လက်ဝါးပေါ်ပတ္တမြားတင်ကြည့်သလို အထင်အရှားကြီးပါ။ အားလုံးအားလုံးအချိန်တိုအတွင်း ကျွတ်လွတ်ကြဖို့သာ လိုရင်းပါ။ သည်အတွက် သည်ဆောင်းပါးကို ရေးသားပါသည်။

ရှုရင်းနဲ့ ချုပ်သွားတယ်။ မရှိဖြစ်သွားတယ်ကို မျက်မှောက်ပြုနိုင်ကြပါစေ။ ဆရာ့စကားကိုနားထောင်၍ ဆရာခိုင်းသည့်အတိုင်း ရှုမှတ်ခြင်း၊ တရားချိန်တိုင်း(၁)နာရီ မပျက်မကွက် တရားအားထုတ်ခြင်း၊ အားထုတ်ပြီးတိုင်း တွေ့ရှိမှုကို မချွန်းမချန် လျှောက်ထားခြင်းစသောအချက်များနှင့် ပြည့်စုံသူတိုင်း (၁၅)ရက်မြောက်နေ့တွင် အဓိဋ္ဌာန် အောင်ကြပါသည်။

## ဝေဖန်ချက်အကျဉ်း

အထက်ပါစာတို့သည် ဒေါက်တာဦးမော်(အောင်သုခဆေးခန်း) ဖုန်း ၀၉-၅၁-၃၈၀၆၇ ဆိုသူ၏ "ချုပ်ချင်၊ ကုန်ချင်၊ မရှိဖြစ်သွားချင်လား"အမည်ရှိ လက်ကမ်းဆွယ်စာမှ မင်နီလိုင်းဖြင့် ကောက်နုတ်ချက်များ ဖြစ်ကြပါသည်။

၎င်းစာက ရည်ညွှန်းထားသည့်ဆရာမှာ ဦးမျိုးလွင် ဖုန်း ၀၁ ၅၃၄၄၁။ ၉-၅၀-၁၈၃၉၄-ဆိုသူ ဖြစ်သည်။ အဓိကအမှားကြီးများမှာ အရိယမဟုတ်သူက တရားပြလျှင် အရိယာမဖြစ်နိုင်ဟူသောအချက် ဖြစ်၏။ ဤအချက်သည် စတုတ္ထပါရာဇိကအဖွင့် ဝိနည်းအဋ္ဌကထာ၊ ကမ္မဋ္ဌာန်သင်ပြပေးနိုင်သည့်ဆရာများအကြောင်းဖွင့်ပြထားသည့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာများနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်သည်။

လူတိုင်းတရားရသည်။ လူတိုင်းသောတာပန်ဖြစ်သည်ဟူသောအချက်သည်လည်း အဓိကအမှားကြီးပင် ဖြစ်သည်။ ပါရမီဖြည့်ကျင့်စရာမလိုကြောင်း အဓိပ္ပါယ်ထွက်နေသည်။ ဘုရားရှင်ကိုယ်တိုင်က ဟောသည်တိုင်အောင် တရားမရသူများ ရှိခဲ့ကြပါသည်။ အမ္ဗဋ္ဌလုလင်၊ သောဏဒဏ္ဍ၊ ပသေနဒီ ကောသလမင်း စသူများပင် ဖြစ်ကြပါသည်။

ပဲခူးမြို့ကဆရာတော်ကြီးကို မူလတရားပိုင်ရှင်ဟုဆိုသောအချက်သည်လည်း အဓိကအမှားကြီးပင် ဖြစ်သည်။ ဤသာသနာတော်တွင် သာသနာကိုတည်ထောင်ထားတော်မူသော မြတ်ဗုဒ္ဓတစ်ဆူတည်းသာ မူလတရားပိုင်ရှင် ဖြစ်သည်။ အမှန်မှာ အထက်ပါတရားရိပ်သာ၏နည်းလမ်းသည် သမထဘာဝနာနည်း ဖြစ်ပါလိမ့်မည်။ ဥဂ္ဂဟနိမိတ်အာရုံထင်ချိန်တွင် သမာဓိအားကြီးနေသည့် ပရိကမ္မဘာဝနာအဆင့်မှာ သမထဘာဝနာကံဟု ခေါ်ဆိုရသော အာရမ္မဏိကတရားအစဉ်က အဆိုပါအာရုံနှင့် ပူးတွဲရောနှောသွားခြင်းသဘောကိုပင် မရှိဖြစ်သွားခြင်း၊ ကုန်သွားခြင်း၊ ချုပ်သွားခြင်းဟုဆိုထားကြောင်း သိသာပါလိမ့်မည်။

၎င်းအဆင့်သည် ပဋိဘာဂနိမိတ်နှင့် ဥပစာရဘာဝနာအဆင့်သို့ပင် မရောက်သေးကြောင်းလည်း ထင်ရှားပါလိမ့်မည်။ ပဋိဘာဂနိမိတ်အောင်မြင်စွာ ထင်လာလျှင် ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ-စသည်တို့ကို ပယ်ခွါထားနိုင်ပြီ ဖြစ်၍ မကြာမီအတွင်းမှာပင် အပ္ပနာဘာဝနာအရ လောကီစျာန်တရား ဖြစ်ပေါ်လာမည်သာတည်း။ နောက်စာများကို ဆက်လက် ဖတ်ရှုကြည့်ကြပါစို့-။

## တိုက်တွန်းနှိုးဆော်လွှာ(၂)ထဲကဆွယ်တရားများ

"ဆရာက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး ဘုရားစင်မှာ ရှိခိုးခိုင်းပါတယ်။ မတ်တတ်ရပ်လျက် ဘုရားရှိခိုးနည်း၊ ထိုင်လျက်ဘုရားရှိခိုးနည်း၊ ခြေထောက်ထားနည်း၊ လက်ထားနည်း၊ ခန္ဓာကိုယ်ထားနည်း၊ အသက်ရှူနည်းနဲ့ တရားရှုမှတ်နည်းတွေကို သင်ပေးပါတယ်။

ကျမတရားစထိုင်တဲ့ ပထမနေ့ ဒုတိယအချိန်မှာပဲ အရောင်အလင်းတွေကို စမြင်ပါတယ်။ ဆရာက အရောင်တည်နေအောင်ကြည့်ခိုင်းပြီး အရောင်တည်ပြီ-အကြည့်ခံပြီဆိုတာနဲ့ ကြီးစေ-သေးစေ၊ နီးစေ-ဝေးစေ၊ လင်းစေ-တောက်စေ လုပ်ခိုင်းပါတယ်။ မျက်လုံးကြိမ်းလောက်အောင် လင်းပြီ-တောက်ပြီဆိုတော့ အရောင်အမျိုးမျိုးကို ပြောင်းခိုင်းပါတယ်။

နောက်တစ်ချိန်ထိုင်တော့ တင်ပါးရိုးကို ထုထောင်းလိမ်ချိုးနေသလိုလဲ ခံစားရ- ဗိုက်ကိုဒါးနဲ့ ထိုးသလိုလဲ ခံစားရနဲ့

လူကိုတွန့်လိမ်ကောက်ကွေးပြီး စူးတယ်-အောင့်တယ်-နာတယ်-ကျဉ်တယ်-စတဲ့ဝေဒနာတွေ လှည့်ပတ်မှတ်ရင်း အချိန်ကုန်ခဲ့ပြန်ပါတယ်။ ဆရာက အဲသလောက်ဝေဒနာတွေ ပြင်းစွာတက်တာဟာ ဝဋ်ကြွေးချေရ တာတဲ့။ ဒီလိုဖျာပေါ်မှာ ဝဋ်ကြွေးချေနိုင်တဲ့ အခွင့်အရေးဟာ ဉာဏ်စဉ်ထက်ဝက်ကျော်မှသာ ရနိုင်တာတဲ့။

ဒီဝေဒနာတွေကို ကျော်အောင် မှတ်နိုင်ပြီဆိုရင် ဝေဒနာတွေလဲပျောက်၊ ဝဋ်ကြွေးတွေလဲကြေ၊ ဉာဏ်စဉ်လဲ တက်ကရောတဲ့။ ဆရာ ပြောတဲ့ ဝေဒနာကျော်တယ်ဆိုတာ ဒီလိုပါလားဆိုတာကို လက်တွေ့ခံစားသိလိုက်ရတဲ့အခါ အင်မတန်ကောင်းမြတ်တဲ့ အရသာတစ်ခုကို ခံစားလိုက်ရတဲ့အတွက် ကျမမျက်နှာပြုံးယောင်သန်းသွားတာကို သိလိုက်ပါတယ်။

(၄၇)နာရီထိုင်ချိန် မှာတော့ လူကောင်ကြီးကြီးတစ်ယောက်က အပါယ်တံခါးကြီးကို ပိတ်လိုက်တာမြင်ရပြီး **ဂိမ်းဆိုတဲ့မည်သံကြီးနဲ့အတူ အပါယ်ကလွတ်ပြီ**ဆိုတဲ့ ရှေ့ပြေးနိမိတ်ဟာ ကျမအာရုံမှာ ဝင်လာခဲ့ပါတယ်။

(၄၉)ချိန်ကစပြီး ဒေါက်တာဦးမော်ရဲ့ ဆောင်းပါးထဲကအတိုင်း ချုပ်သွားတာ၊ ကုန်သွားတာ၊ မရှိဖြစ်သွား တာတွေဟာ ထပ်ခါထပ်ခါ ဖြစ်လာတော့တာပါပဲ။ (၅၄)ကြိမ်မြောက်တရားထိုင်ပြီးတော့ ဆရာက ဉာဏ်စဉ်(၁၂) ကနေ(၁၆)အထိ ဖွင့်ပြတဲ့အခါ ကျမဟာ ဉာဏ်စဉ်(၁၆)ပါးအကြောင်းနဲ့ မဂ်ဖိုလ်နိဗ္ဗာန်အကြောင်းကို ဂဃနဏ သိလိုက်ရ ပါတော့တယ်။

အများသူငါတွေလဲ ကျမလို တရားအရသာ ခံစားရလေအောင် ဆရာနဲ့အတူ သာသနာပြုတော့မယ်လို့လဲ သန္နိဋ္ဌာန်ချမိပါတယ်ရှင်။ ဆရာဦးမျိုးလွင်ရဲ့အိမ်မှာ တရားအားထုတ်ရတာဟာ ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံလှပါတယ်။ ကျမလို ကောင်းခြင်း(၅)ဖြာနဲ့ ပြည့်စုံချင်တယ်ဆိုရင် ကျမနဲ့ ဆက်သွယ်နိုင်ပါကြောင်းနဲ့ ဆရာနဲ့လဲ တိုက်ရိုက်ဆက်သွယ် နိုင်ပါကြောင်း သတင်းကောင်းပါးလိုရပါတယ်။

## ဝေဖန်ချက်အကျဉ်း

အထက်ပါတို့သည် ခင်ခင်ဝေ ဖုန်း ၅၁၀-၆၇၅-၀၆၆၉-ဆိုသူ၏ "အပါယ်တံခါးကြီး ပိတ်ပြီ ဂိမ်းကနဲမြည်" အမည်ရှိဆောင်းပါးထဲမှ မင်းနီလိုင်းအရ ဖေါ်ပြအပ်သော ကောက်နုတ်ချက်များ ဖြစ်သည်။

သမထဘာဝနာနည်းဖြစ်ကြောင်း ထင်ရှားပြီ ဖြစ်ပါသည်။ အပါယ်လွတ်ပြီဆိုစကားဖြင့် သောတာပန်အရိယာမ ကလေး ဖြစ်သွားပြီဟု ဝန်ခံထားခြင်းပင် ဖြစ်သည်။ <u>အရိယူပဝါဒန္တရာယ်ထိုက်နိုင်သည့် အဆုံးအဖြတ်မှားကြီး ဖြစ်သည်။</u>

### တိုက်တွန်းနှိုးဆော်လွှာ(၃)ထဲကဆွယ်တရားများ

"(၄၇)ရက်တရားထိုင်ခဲ့စဉ်က မဂ်ကျတယ်လို့ ထင်ခဲ့တာ(၁)ကြိမ်သာ ဖြစ်ခဲ့ဖူးပါတယ်။ နောက်ပိုင်း(၈၁)ရက် အဓိဋ္ဌာန်ဝင်တဲ့အခါ သင်္ခါရုပေက္ခာဉာဏ်အထိ ရောက်တယ်လို့ ကျွန်မ သတ်မှတ်ထားပါတယ်။ (၂၁)ကြိမ်မှာ ဆရာက သမထမှဝိပဿနာကို ပြောင်းပေးပါတယ်။

နာရီ(၃၀)မြောက်မှတ်တဲ့အခါ သင်္ခါရုပေက္ခာဉာဏ်ကို ရောက်အောင်မှတ်နိုင်တယ်လို့ ဆရာက မှတ်ချက်ပြု ပါတယ်။ လိုအပ်ချက်တွေကို ဆရာက မင်းနီနဲ့ မှတ်ချက်ရေးပေးတာရယ်၊ နှုတ်နဲ့ရှင်းလင်း ပြောပြတာတွေရယ်-စတဲ့စတဲ့ အကြောင်းတွေကြောင့် ကျွန်မရလိုက်တဲ့အကျိုးတရားကတော့ (၁၃)ရက်မြောက်နေ့၊ နာရီ (၆၀)ထိုင်တဲ့အခါ တစ်ကြိမ် တစ်ခါမျှ မဖြစ်ဖူးသေးတဲ့ တရားအတွေ့အကြုံထူးတစ်ခုပဲ ဖြစ်ပါတယ်။

ဆရာရဲ့မှတ်ချက်ကတော့ "အဲဒါ မဂ်ကျတာ. . တဲ့။ ဆရာပြောပြမှပဲ ကျွန်မလဲ အံ့သြဝမ်းသာရပါတယ်။ ဒေါက်တာဦးမော်ရေးတဲ့ "ချုပ်တယ် ဆိုတာလဲ မဂ်၊ ကုန်တယ်ဆိုတာလဲ မဂ်၊ မရှိဖြစ်သွားတယ်ဆိုတာလဲ မဂ်ပါပဲလား"လို့ မဂ်နဲ့ မဂ်ရဲ့ဂုဏ်အင်္ဂါတွေကို နားလည်သဘောပေါက်ပြီး ဝမ်းသာအားရဖြစ်မိပါတယ်။

ဆရာ့ရဲ့ထုံးစံက မဂ်တစ်ကြိမ်ကျပြီးရင် ဖိုလ်(၁၀)ကြိမ်ဝင်စားနိုင်သည်အထိ စောင့်ပါတယ်။ ကျွန်မက (၆၁)ကြိမ်ကနေ(၆၄)ကြိမ်အထိ (၄)ကြိမ်ထိုင်တဲ့အခါ ဖိုလ်ဝင်စားနိုင်တာ မတွေ့ရတော့ ဆရာက ယောဂီရဲ့စိတ် အထာ မကျသေးလို့ပါ။ ရချင်တယ်ဆိုတဲ့လောဘ၊ ရရမယ်ဆိုတဲ့မာန၊ မရလို့ ဘယ်ဖြစ်ပါ့မလဲဆိုတဲ့ဒေါသ၊ ဟုတ်မှဟုတ်ပါ့ မလားဆိုတဲ့သံသယတွေကို ဖယ်ထုတ်ပြီး တရားတော်အပေါ် ယုံယုံကြည်ကြည် လေးလေးစားစားနဲ့ ထက်ထက်မြက်မြက် သာ အားထုတ်ပါ။ မဂ်ရဲ့နောက်မှာ ဖိုလ်ဆိုတာက ကပ်ပါလာစမြဲပါပဲ. . လို့ အားပေးပါတယ်။

(၆၅)ကြိမ်မှာ ဖိုလ်တစ်ကြိမ် ဝင်စားနိုင်တာက ဆက်ထိုင်တဲ့အခါ ဖိုလ်မဝင်စားနိုင်ပြန်ပါဘူး။ (၈၅)ကြိမ်အထိ (၂၁)ကြိမ်ထိုင်ပါမှ ဖိုလ်(၉)ကြိမ်သာ ဝင်စားနိုင်တာပါ။ ဖိုလ်(၁)ကြိမ်ဝင်စားနိုင်ရင်တော်ပြီဆိုပြီး (၈၆)ကြိမ်မြောက်ထိုင်တဲ့

အခါ ဖိုလ်(၇)ကြိမ် ဝင်စားနိုင်ခဲ့ပါတယ်။ ဆရာက အညံ့စားသောတာပန်လို့ သတ်မှတ်ပေးပါတယ်။

အညံ့စားသောတာပန်အဆင့်ကနေ အလတ်စားသောတာပန်အဆင့်ကို ဖြတ်ကျော်ပြီး အမြတ်စားသောတာပန်အဆင့်ကို ရောက်နိုင်ရေးအတွက် ကျွန်မ စာမေးပွဲအစစ်ခံလျက် ရှိပါတယ်။ အကြိမ်(၈၀)ခန့် ဖိုလ်ဝင်စားနိုင်ပါမှ အမြတ်စားသောတာပန်ဖြစ်မှာပါ။

အခု အကြိမ်(၆၀)ထိုင်ပြီးပါပြီ။ အကြိမ်(၆၀)စလုံး ဖိုလ်ဝင်စားနိုင်ပါတယ်။ ဖိုလ်ဝင်စား လိုက်တာမှ (၁)နာရီမှာ အကြိမ်(၁၀၀)ကျော်အထိ ရှိခဲ့ပါတယ်။ ကျွန်မလိုထိုင်အားကောင်းတဲ့ ယောဂီအပေါင်းတို့ကိုလဲ မဂ်ဖိုလ်အကြောင်း သိလို-ရလို-ရောက်လိုပါရင် ဆရာ့ထံတွင် လေ့လာနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ပါရစေ ရှင်။

## ဝေဖန်ချက်အကျဉ်း

အထက်ပါတို့သည် ဒေါ်လှရီဆိုသူ၏ "နာရီကြာကြာတရားထိုင်နိုင်တာကို ဂုဏ်မဖော်လိုတော့ပါ" အမည်ရှိဆွယ်တရားစာထဲမှ မင်နီလိုင်းအရ ကောက်နုတ်ချက်များ ဖြစ်ကြသည်။

အရိယာဖြစ်ကြောင်း အော်ဟစ်ကြေညာနေရသူအရိယာများလည်း ရှိကြပေသေးသည်ကိုး။ အရိယာအစစ်ကြီးများအပေါ်တွင် စော်ကားမိနေသည့် အရိယူပဝါဒန္တရာယ် သင့်ရောက်နေကြောင်း သဘောမပေါက်ကြလေစွတကား။

ဤစာလွှာတွင် အဓိကအမှားကြီးမှာ မဂ်ရပြီးပါလျက် ဖိုလ်မရဟုဆိုထားသောအချက်ပင် ဖြစ်သည်။

ထို့ပြင် ဆရာဦးမျိုးလွင်က "အဲဒါ မဂ်"ဟု ပြောပြ ချက်သည်လည်း အမှားကြီးပင် ဖြစ်သည်။ ချုပ်တယ်-ကုန်တယ်-မရှိဖြစ်သွားတယ်ဆိုတာကို မဂ်ဟုဆိုထားခြင်းသည်လည်း အမှားကြီးပင် ဖြစ်သည်။

ထို့ပြင် အညံ့စားသောတာပန်စသည်များသည်လည်း အမှားကြီးများပင် ဖြစ်ကြပါသည်။ ၎င်းနည်းအတိုင်း သောတာပန်ဖြစ်ပုံ၊ သောတာပန်အဆင့်ခွဲပုံများမှာ ဘုရားမြတ်စွာ ကျန်ရစ်ခဲ့သည့်အရာများ ဖြစ်ဟန်တူပါသည်။ ပိဋကဒေသနာတို့တွင် ပါဝင်ခြင်းလုံးဝ မရှိကြချေ။

### တိုက်တွန်းနှိုးဆော်လွှာ(၄)ထဲကဆွယ်တရားများ

"ဘေးအခန်းက ဒေါ်ကြင်သန်း(၈၅)နှစ်က အန်တီ ကျမအိမ်ရှေ့အိမ်က ဆရာဦးမျိုးလွင်ရဲ့တိုက်ခန်းမှာ ဒီနေ့ကစပြီး တရားထိုင်နေပြီ။ ဆရာက ဘေးအခန်းက အစ်မကြီးကိုလဲ အကြောင်းကြားပေးပါအုံးဆိုလို့ လာပြောတာပါတဲ့။

အိမ်ရှေ့ကဆရာဦးမျိုးလွင်ဆိုပါမှ ကျမကို "ဖိုလ်ဝင်စားခြင်းမှတ်စု"ဆိုတဲ့ လက်ကမ်းစာစောင်ကလေးကို သတိရလိုက်မိပါတယ်။ နားလည်ချင်ရင် ကျွန်တော့ဆီမှာ လာပြီး တရားထိုင်ပါလို့ ဆရာကဖိတ်ထားတာကိုလဲ ဆက်တိုက်သတိရမိပြီး အားနာသလိုလို မျက်နှာပူသလိုလို ခံစားရပါတယ်။

ဒေါ်ကြင်သန်းက တစ်နေ့တစ်ခါ ဆရာက ခေါ်ခိုင်းလို့ လိုက်ခဲ့ပါ အန်တီရယ်လို့ ခေါ်တဲ့အခါ မအားသေးလို့ပါလို့ ဆင်ခြေပေးရှောင်နိုင်ခဲ့ပေမဲ့ ဒေါ်ကြင်သန်းက သူမသွားခင် အချိန်တိုင်း တစ်နေ့(၄)ကြိမ်လောက် လာလာခေါ်တဲ့အခါမှာတော့ ကျမမှာ မလွှဲသာ မရှောင်သာ မငြင်းသာ မနေသာတော့ဘဲ ဒေါ်ကြင်သန်းကိုရော ဆရာ့ကိုပါ ရှက်-အားနာစွာနဲ့ ဆရာ့အိမ်ကို ရောက်ခဲ့ရပါတယ်။

အဝတ်အစား ကန့်သတ် မထားတာကလဲ ကျမအတွက် ပေါ့ပါးလှပါတယ်။ ငါးပါးသီလပဲယူရလို့ ညစာစားရပါတယ်။ တီဗွီလဲကြည့်လို့ရပါတယ်။ ဆရာ့မှတ်ချက်ကတော့ တစ်နေ့ ပျမ်းမျှ(၃)ကြိမ်ခန့်သာထိုင်၍ (၁)လခန့်အကြာ အကြိမ်(၁၀၀)ခန့်မှာ တရားရတဲ့ စံပြယောဂီ-တဲ့။

အဓိဋ္ဌာန်အောင်ရင် ပြီးပြီပေါ့နော်-ဆရာလို့ ကျမကမေးတော့ ဆရာက အဓိဋ္ဌာန်အောင်ပြီးတဲ့ယောဂီဟာ သောတာပန်ဖြစ်တာတော့ မှန်ပါတယ်။ ဒါပေမဲ့ တရားဆက်အားမထုတ်ဘဲ တရားချထားရင် မေ့မေ့လျော့လျော့ နေရင် အညံ့စားသောတာပန်လို့ သတ်မှတ်ပါတယ်။ ⌊⌋

ကိုကြားကြိုကြား နားနားပြီး အားထုတ်လိုက်၊ အားမထုတ်ဘဲ နေလိုက်ဆိုရင်တော့ အလတ်စားသောတာပန်လို့ သတ်မှတ်ပါတယ်။ အဲဒီလိုယောဂီဟာ တရားထိုင်တိုင်း ဖိုလ်ဝင်စားနိုင်တဲ့အချိန် ကြဲကြဲလာတတ်ပါတယ်။ တစ်နေ့ကို(၃)ကြိမ်(၄)ကြိမ်ဆက်တိုက် တရားအားထုတ်မယ်ဆိုရင်တော့ အားထုတ်တဲ့ အချိန်တိုင်းလိုလို ဖိုလ်ဝင်စားလေ့ရှိပြီး အမြတ်စားသောတာပန်အဆင့်ကို ရောက်မှာပဲ ဖြစ်ပါတယ်။

အကြိမ်(၁၂၀)ထိုင် တော့ အကြိမ်(၈၀)ခန့် ဖိုလ်ဝင်စားရမှာပေ့ါ။ ဒီတော့မှ အမြတ်စားသောတာပန်ဖြစ်မှာပါ။ အမြတ်စားသောတာပန် ဖြစ်မှပဲ အပြုအမူ၊ အနေအထိုင်၊ အပြောအဆို၊ အသွားအလာကအစ ပြောင်းလဲသွားတာလို့ ဆရာက ရှင်းပြပါတယ်။

ကျမရယ်

ဒေါက်တာဦးမော်ရယ်

ဒေါ်ခင်ခင်ဝေရယ်

ဆရာရယ်-ရေးတဲ့လက်ကမ်းစာစောင်ကလေးတွေကို ဓမ္မဒါန ပြုပြီး ဓမ္မမိတ်ဆွေတွေကို ဖြန့်ဝေခဲ့ပါတယ်။

ကိုယ်တွေ့တရားနဲ့လဲ ဆွယ်တရားဟောခဲ့ပါတယ်။

## ဝေဖန်ချက်အကျဉ်း

အထက်ပါတို့သည် ဒေါ်ခင်မော်ဆွေ ဖုန်း ၁-၅၄၆၅၂၇။ ၀၁-၅၅၅၄၄၃-ဆိုသူ၏ "အားနာနာနဲ့တရားအားထုတ်လိုက်တာကျမတရားရပါပြီ"အမည်ရှိဆောင်းပါးထဲမှာ မင်နီလိုင်းအတိုင်း ကောက်နုတ်ချက်များ ဖြစ်ပါသည်။

ဤစာလွှာပါ သောတာပန်မျိုးကို မည်သည့်ပါဠိတော်၊ မည်သည့်အဋ္ဌကထာ၊ မည်သည့်ဋီကာတို့မှာ ပါရှိနေကြသည်ဟု မတွေ့ဖူးပေ။ အမှန်ကတော့ မြတ်စွာဘုရားဟောထားသည့် တရားတော်တို့မှာ မပါရှိကြကုန်။

### တိုက်တွန်းနှိုးဆော်လွှာ(၅)ထဲကဆွယ်တရားများ

"ကျွန်တော်(၁၃)ရက်မြောက်နေ့၊ (၃၁)ကြိမ်မြောက်တရားထိုင်တော့ သမထပိုင်း ပြီးသွားပါတယ်။ သမထစွမ်းရည်စမ်းသပ်တဲ့အခါ ဒေါက်တာဦးညွန့်မောင်လိုပဲ ဘုရားစေတီများရဲ့ စိန်ဖူးတော်တွေကိုလဲ ဖူးရပါတယ်။ နတ်ပြည်ကစူဠာမဏိစေတီကိုလဲ ဖူးရပါတယ်။ ကွယ်လွန်ပြီးတဲ့ ဇနီးသည်ကို အာရုံယူကြည့်လိုက်တော့ နတ်သမီးအဝတ်အစားနဲ့ တွေ့ရပါတယ်။

မနီမာက (၂၅. ၈. ၀၈)ရက်နေ့ အကြိမ်(၅၀)မှာ မဂ်ကျပြီး ဒေါက်တာဦးညွန့်မောင်က (၂၇. ၁၁. ၀၈)ရက်နေ့ (၇၃)ကြိမ်မှာ မဂ်ကျကြောင်း ဆရာက ကြေညာတော့ သူတို့ကို အားကျလိုက်တာ မပြောပါနဲ့တော့။

ဆရာက ကျွန်တော့မျက်နှာ ဝင်းဝင်းလာတယ်။ တရားရတော့မယ်လို့ ပြောတာနဲ့ မှန်ကြည့်လိုက်တဲ့အခါ ကြည်လင်ဝင်းပနေတဲ့ ကိုယ့်မျက်နှာကို ကိုယ်ပြန်မြင်ရတော့ စိတ်ကြည်ကြည်လင်လင် ချမ်းချမ်းသာသာနဲ့ ထက်ထက်မြက်မြက် အားထုတ်ဖြစ်ပါတယ်။

ကျွန်တော်အားကြိုးမာန်တက်နဲ့ ဝီရိယထက်ထက်မှတ်လိုက်တာ (၂၇)ရက်အကြာ အကြိမ်(၇၀)မှာ မဂ်ကျပါတယ်။ (၄)ရက်အကြာ (၁၆)နာရီထိုင်ပြီးမှ ဖိုလ်(၉၁၀)ကြိမ် ဝင်စားနိုင်ပါတယ်။ ကဲ ဆရာတို့ အညံ့စားသောတာပန်တော့ဖြစ်ပြီ။ ဘာဆက်လုပ်ကြမလဲလို့ ဆရာကမေးတော့ ရှေ့ကစီနီယာအစ်မကြီးများရဲ့ လမ်းစဉ် အတိုင်း စာမေးပွဲအစစ်ခံရင်း ဆက်လက်အားထုတ်ပါ့မယ်လို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

အကြိမ်(၁၂၀)မှာ ဖိုလ်ဝင်စားနိုင်တဲ့ အတွက် အမြတ်စားသောတာပန် ဖြစ်ပါပြီလို့ ဆရာက ကြေညာပါတယ်။ ကျွန်တော်တရားအားထုတ်ပြီးတိုင်း သားသမီးများနဲ့ မြေးတွေကို စစ်မှန်သောထေရဝါဒဗုဒ္ဓတရားကို ကျွန်တော့လိုပဲ ရကြပါစေ။

ကျွန်တော့လို မြေးထိန်းရတဲ့ ဖိုးဖိုး ဖွါးဖွါးများလဲ မြေးထိန်းမပျက် တရားဘက်ကို တွဲဖက်အားထုတ်နိုင်ကြပါစေလို့ ဆုတောင်းမိပါတယ်။

## ဝေဖန်ချက်အကျဉ်း

အထက်ပါတို့သည် ဒေါက်တာသိန်းစိုး ဖုန်း ၀၁-၅၄၆၉၄၂-ဆိုသူ၏ "မြေးထိန်းမပျက် တရားဆက်၍ ထိုင်တော့မည်"အမည်ရှိလက်ကမ်းဆောင်းပါးထဲမှ မင်နီလိုင်းအရ ကောက်နုတ်ချက်များ ဖြစ်ပါသည်။

သောတာပန်ကြေညာပွဲကြီးများအကြောင်း သိကောင်းစရာ အဖြာဖြာတို့ကို တင်ပြပေးရန် ကောက်နုတ်ထုတ်ဖော်ပြလိုက်ရခြင်းပင် ဖြစ်ပါသည်။ ဤတရားများသည် တရားအတုများသာ ဖြစ်ကြပါသည်။ ဥဂ္ဂဟနိမိတ်အဆင့်မျှကို

မဂ်ဟု လုပ်ထားခြင်းများသာ ဖြစ်ကြပါသည်။ ထို့ကြောင့် ဤတရားများသည် မည်သည့်ပါဠိတော်မှာ မြတ်စွာဘုရားက ဟောပြ ထားသနည်း-စသည်ဖြင့် မေးမြန်းလိုက်လျှင် ဖြေစရာရှိမည် မဟုတ်ပေ။

ဖုန်းနံပါတ်များကို ဆက်သွယ်၍ မေးမြန်းစုံစမ်းကြည့်ကြပါကုန်။ မည်သည့်ပါဠိတော်မှာ ဤသောတာပန်များ အကြောင်း ပါရှိသည်ဟုဖြေဆိုလျှင် အတိအကျ မှတ်ယူထားပြီး မဂ္ဂဇင်းတိုက်သို့ ပေးစာများပို့ပေးနိုင်ကြောင်း ဖိတ်ခေါ် လိုက်ပါသည်။

**<u>မြတ်စွာဘုရားဟောတရားတော်နှင့် တိုက်ရိုက်ညီလျှင် တရားမှန်ဟူ၍ ယူရပါသည်။</u>**
**<u>မဆန့်ကျင်ဘဲအလျော်အားဖြင့်ညီလျှင်လည်း တရားမှန်ဟူ၍ ယူရပါသည်။</u>**

ဖေါ်ပြပါဆရာဦးမျိုးလွင်၏ အရိယာဖြစ်ပုံတရားများသည် ဘယ်နည်းဖြင့်မှ မှန်နိုင်စရာမရှိပေ။

## (၃)

**ဒါယိကာမကလေး။ ။** ဒီတရားတွေက အမှားတွေပဲဆိုတာလောက်တော့ တပည့်တော်မတောင် သိပါတယ် ဦးဇင်း။ ဘာလို့လဲဆိုတော့ အဲဒီလောက်တရားရကုန်ရင် လူတွေတောင် ခုလောက်ရှိမှာ မဟုတ်တော့ဘူး။ ဘုရားရှင် တရားဟောတုန်းက အကုန်လုံး ကျွတ်လွတ်ကုန်မှာပေါ့။ ဒီလိုတရားမျိုးတွေကလဲ ရှိသေးတာပဲနော်။

**စာရေးသူ။ ။** နင်ကတော့ သိမှာပေါ့။ နင်က အဘိဓမ္မာသင်တန်းတွေတက်ပြီး သင်ထားတာကိုးဟ။ ကျန်တဲ့ လူတွေက နင်လိုသင်ထားသူ ဘယ်လောက်ရှိလို့လဲ။ ဩကာသတောင်မှမရတဲ့ ဗုဒ္ဓဘာသာဝင်တွေက တစ်နေ့တစ်ခြား များများလာနေတာကို မကြားရပေမယ့် မြင်နေရတာပဲ။

မကြားရတာက သူတို့က မရလို့ အသံထွက်မဆိုကြဘူးလေ။ အဲဒီလိုဗုဒ္ဓဘာသာဝင်တွေထဲမှာ ဒီလိုတရား မဟုတ်တဲ့တရားအမည်ခံတွေ ရှိနေတာက သိပ်တော့ မဆန်းပါဘူး။

**ဒါယိကာမကလေး။ ။** ဦးဇင်း မြတ်စွာဘုရားက လေးဌာနတို့မှာ အလွန်ရဲရင့်တော်မူတယ်ဆိုတာ ဘယ်ဌာနတွေ မှာလဲ။ တပည့်တော်ကို အကျဉ်းလောက်ကလေး ရှင်းပြပေးပါဘုရား။

**စာရေးသူ။ ။** ဝိနည်းသိက္ခာပုဒ်တော်တွေကို ပညတ်တော်မူတဲ့နေရာ
ဘုံအထူးကို ဟောပြတော်မူတဲ့နေရာ
ပဋိစ္စသမုပ္ပါဒ်ကို ဟောပြတော်မူတဲ့နေရာ
မိစ္ဆာဒိဋ္ဌိတွေကို ဟောပြတော်မူတဲ့နေရာ

ဒီနေရာလေးခုတို့မှာ မြတ်စွာဘုရားက အလွန်ရဲရင့်တော်မူတယ်လို့ အကျဉ်းချုပ်အနေနဲ့ မှတ်ထားပေါ့။ အကျယ်ကိုတော့ နောက်မှ စာနဲ့ ရေးပေးထားလိုက်မယ်။

## (၄)

"လေးပါးကုန်သော အရာဌာနတို့သို့ ရောက်ရှိတော်မူသည်ရှိသော် မြတ်စွာဘုရားတို့၏ ဒေသနာတော်တည်း ဟူသော ကြုံဝါးတော်မူခြင်းသည် ကြီးကျယ်လှပေ၏။ များပြားလှပေ၏။ အဘယ့်ကြောင့်ဆိုသော် ဤလေးပါးကုန်သော အကြောင်းအရာတို့နှင့်စပ်၍ ဟောပြတော်မူအပ်သော အနက်အဓိပ္ပါယ်က အလွန်များပြားနေခြင်းကြောင့်လည်းကောင်း၊ သိမြင်နိုင်ဖို့ရန် အလွန်ခဲရင်းနေခြင်းကြောင့်လည်းကောင်း အထူးထူးသောနည်းတို့ဖြင့် ဟောတော်မူခြင်းရသော အကြောင်းအရာများ ဖြစ်ကြကုန်၏။

ထို့ကြောင့် ကြုံဝါးတော်မူလျက် အားထုတ်တော်မူခြင်း ဖြစ်၏။ မြတ်စွာဘုရား၏ ဒေသနာဉာဏ်တော်သည် ဟောပြအပ်သောတရားတို့ကို အကျယ်ဝေဖန်ခြင်းအားဖြင့် သက်ဝင်၍ တည်နေသကဲ့သို့ ဖြစ်တော်မူ၏။ ထိုတရားတို့ကို ဟောပြတော်မူတတ်သော ဒေသနာဉာဏ်တော်နှင့် ထိုတရားတို့ကို ထိုးထွင်းသိမြင်တော်မူတတ်သော ပဋိဝေဓ ဉာဏ်တော်တို့၏ ကြီးကျယ်ခြင်းသည် အလွန်ပင်ထင်ရှားလှပေ၏။ ဟောပြအပ်သောဒေသနာသည် နက်နဲလှ သည်သာတည်း။ လက္ခဏာသုံးပါးသို့ ရှေးရှုဆောင်တတ်သည်သာတည်း။ သုညတမည်သော မဂ်ဖိုလ် နိဗ္ဗာန်တို့နှင့် ဆက်စပ်နေသည်သာတည်း။

လေးပါးကုန်သောအရာဌာနတို့ဟူသည် အဘယ်သည်တို့နည်းဟူမူကား
ဝိနယပညတ္တိဌာန

ဘူမန္တရဋ္ဌာန
ပစ္စယာကာရ
သမယန္တရ- ဤလေးပါးတို့တည်း။
ထိုတွင် ဝိနည်းသိက္ခာပုဒ်တော်တို့ကို ပညတ်တောမူခြင်းကို ဝိနယပညတ္တိဟု ခေါ်ဆို၏။
သတိအစရှိကုန်သော တရားတို့၏ သတိပဋ္ဌာန်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်အစရှိသောအထူးအပြားတို့နှင့် ကာမာဝစရတရား၊ ရူပါဝစရတရား၊ အရူပါဝစရတရား၊ လောကုတ္တရာတရား အစရှိသောအထူးအပြားတို့ကို ဘူမန္တရဟု ခေါ်ဆို၏။
ဟေတုအစရှိကုန်သော အကြောင်းတရားတို့၏ အကျိုးတရားတို့အား ကျေးဇူးပြုရာ၌ ဟေတုပစ္စည်းတရား ဖြစ်ခြင်း အစရှိသည်တို့ကို ပစ္စယာကာရဟု ခေါ်ဆို၏။
အထူးထူးသောအခြင်းအရာတို့ဖြင့် စီရင်အပ်ကုန်သော မိစ္ဆာဒိဋ္ဌိအယူမှားတို့ကို သမယန္တရဟု ခေါ်ဆို၏။
ဤလေးပါးကုန်သော အကြောင်းအရာတို့ကို ဟောပြတော်မူခြင်း၌ အခြားသူတို့အား ထာမဟုဆိုအပ်သော အားအစွမ်းသည်လည်း မရှိချေ။ ဗလဟုဆိုအပ်သောခွန်အားသည်လည်း မရှိချေ။
ဤလေးပါးတို့ကို ဟောပြတော်မူခြင်းသည် အခြားသူတို့၏ အရာဋ္ဌာန မဟုတ်ချေ။ မြတ်စွာဘုရား၏သာလျှင် အရာဋ္ဌာန ဖြစ်ပေ၏။
သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်၊ ပဋိသန္ဓေဖြစ်စဉ် တို့ကို ဝေဖန်ဟောပြတော်မူခြင်းသည် အခြားသူတို့နှင့် မဆက်ဆံသကဲ့သို့ သဗ္ဗညုတာဉာဏ်တော်၏သာလျှင် အရာဋ္ဌာန ဖြစ်သကဲ့သို့ မိစ္ဆာဒိဋ္ဌိအယူဝါဒတို့ကို အကြွင်းမရှိသောအားဖြင့် ဝေဖန်ဟောပြတော်မူခြင်းသည်လည်း အခြားသူတို့နှင့် မဆက်ဆံပေ။ သဗ္ဗညုတာဉာဏ်တော်၏သာလျှင် အရာဋ္ဌာန ဖြစ်လေ၏။

**အမေး။** ။ ဝိနည်းပညတ်သို့ ရောက်သည်ရှိသော် ဒေသနာတော်သည် အဘယ်သို့လျှင် လက္ခဏာသုံးပါးတို့ကို ဆောင်တော်မူသနည်း။ သုညတမည်သော မဂ်ဖိုလ်နိဗ္ဗာန်တို့နှင့် ဆက်စပ်သနည်း။

**အဖြေ။** ။ ဝိနည်းသိက္ခာပုဒ်တော်ပညတ်ရာ၌လည်း စုဝေးနေကြသောပရိသတ်၏ အလိုအားလျော်စွာ ခံယူချက် အားလျော်စွာ ဖြစ်သောကြောင့် ဒေသနာတော်သသည် သင်္ခါရတရားတို့၏ အနိစ္စတာ၊ ဒုက္ခတာ၊ အနတ္တတာတို့ကို ထင်ရှားအောင်ပြတော်မူတတ်၏။ အလုံးစုံသောတရားတို့၏ အတ္တမရှိခြင်းသဘော၊ အတ္တနိယမရှိခြင်းသဘောတို့ကိုလည်း ထင်ရှားအောင်ပြတော်မူတတ်၏။

(ဒီ၊ ဋ္ဌ၊ ၁၊ ၉၄။ ဒီ၊ ဋီ၊ ဟောင်း၊ ၁၃၇။)

**မစိုးရိမ်စာသင်သား**
**(၂၃. ၉. ၂၀၀၉-ည)**

# ပထမမြန်မာနိုင်ငံတော်ပုဂံခေတ်ကဘာသာရေးမြင်ကွင်း

**အရှင်ဣန္ဒာစရိယာဘိဝံသ**

## ၁။ အနော်ရထာမင်းကြီး၏ဘာသာရေးဆောင်ရွက်ချက်များ

"အနော်ရထာမင်း နန်းတက်စက ပုဂံပြည်တွင် ဘုရား၊ တရား၊ သံဃာသုံးပါးကိုလည်းကောင်း၊ လောကနာထကိုလည်းကောင်း၊ ဗြဟ္မာကိုလည်းကောင်း၊ ပရမေသွာတို့ကိုလည်းကောင်း၊ နတ်နဂါးနှင့် အရည်းကြီးတို့ကိုလည်းကောင်း၊ အားလုံးကို ရောနှောယောင်မှား၍လည်းကောင်း ကိုးကွယ်ယုံကြည်ခဲ့သည်။

အနော်ရထာမင်းသည် ထိုအယူဝါဒများကို မနှစ်သက်သဖြင့် မှန်သောတရားကိုသာ တောင့်တနေပါသည်။ ထိုအချိန်တွင် သုဝဏ္ဏဘုမ္မိ (သထုံ)မှ ဓမ္မဒဿီဘွဲ့ခံ ရဟန်းတော်ရှင်အရဟံသည် ပုဂံနေပြည်တော်သို့ ရောက်လာပြီး တရားဟောရာ မင်းနှင့်တကွ တစ်ပြည်လုံး ဗုဒ္ဓအယူဝါဒ၌ တည်ကြလေသည်။

ဗုဒ္ဓအယူဝါဒအစစ်အမှန်ကို ကိုးကွယ်ရရှိပြီးနောက် တိုးတက်ပြန့်ပွါးထွန်းကားရေးအတွက် အနော်ရထာမင်းကြီး ကြိုးပမ်းတော်မူပြန်သည်။ ထိုစဉ်က သထုံမွန်ဘုရင် မနုဟာ (မကုတ)၌ ပိဋကတ်တော်အစုံ (၃၀) ရှိသည်ဟုသိရသဖြင့် လက်ဆောင်များနှင့်တကွ လိမ္မာသောအမတ်တစ်ယောက်ကို သထုံပြည်သို့ လွှတ်၍ တောင်းခံစေသည်။

သထုံဘုရင်မနုဟာမင်းက မဆင်မခြင် မခြေမငံသောစကားဖြင့် တုံ့ပြန်လိုက်သောကြောင့် အနော်ရထာမင်းကြီးသည် စစ်သည်ဗိုလ်ပါ အလုံးအရင်းဖြင့် ချီတက်တိုက်ခိုက်၍ ပိဋကတ်တော်အစုံ(၃၀)ကို ပင့်ဆောင်ခဲ့လေသည်။

ထိုအခါမှစ၍ အနော်ရထာမင်းကြီးသည် ပုဂံပြည်ရှိရဟန်းများအား ဘုရားရှင်၏ပိဋကတ်တော် သင်ကြားနိုင်ရန် ပိဋကတ်တော်တို့ကို မွန်အက္ခရာမှ မြန်မာအက္ခရာသို့ ပြန်စေပြီးလျှင် သင်ကြားစေသည်။ ပုဂံမြို့တွင် ပိဋကတ်တော်တို့ကို အခက်အခဲများစွာဖြင့် ရယူခဲ့ပြီး ပုဂံပြည်၌ ပြန့်ပွါးအောင် အနော်ရထာမင်းကြီး ဆောင်ရွက်ခဲ့ပါသည်။

## ၂။ စောလူးမင်း၏ဆောင်ရွက်ချက်များ

"အနော်ရထာမင်းကြီးနတ်ရွာစံပြီးနောက် ပုဂံထီးနန်းကို ဆက်ခံသောစောလူးမင်းကား ခမည်းတော်ကဲ့သို့ အရည်အချင်းနှင့်ပြည့်စုံသူ မဟုတ်ချေ။ လုပ်ရည်ကြံရည်မရှိသည့်အပြင် အပျော်အပါးနှင့်သာ အချိန်ကုန်စေခဲ့သည်။ ပညာရှိတို့က လျှောက်တင်သောစကားကိုလည်း မယူ။ မျုးကြီး မတ်ရာတို့ကိုလည်း နှလုံးမကြည်အောင် ပြုလေ့ရှိ၏။

အနော်ရထာမင်းကြီး တည်ထောင်ခဲ့သော နိုင်ငံရေးနှင့် သာသနာရေးကို ဆက်လက်ဆောင်ရွက်ခြင်း မရှိချေ။ ထို့ကြောင့် စောလူးမင်းလက်ထက်၌ ဗုဒ္ဓသာသနာ အခြေအနေမှာ အနော်ရထာမင်းကြီးလက်ထက်ကကဲ့သို့ စည်ပင်ထွန်းကားမည် မဟုတ်ချေ။

သို့ဖြစ်ရာ စောလူးမင်းနောက် နန်းတက်သော ကျန်စစ်သားမင်းသည် ဗုဒ္ဓသာသနာကို စည်ပင်ထွန်းကားလာအောင် လုပ်ဆောင်ရမည် ဖြစ်သည်။ ထို့ကြောင့်လည်း မြကန်ကျောက်စာတွင် သာသနာရေးဆောင်ရွက်ချက်ကို အကျယ်တဝင့် ဖော်ပြထားခြင်းဖြစ်ဟန် တူပါသည်။

## ၃။ ကျန်စစ်သားမင်းကြီး၏ဘာသာရေးဆောင်ရွက်ချက်များ

"ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ပထမသင်္ဂါယနာ၊ ဒုတိယသင်္ဂါယနာ စသည်ဖြင့်

သင်္ဂါယနာတင်ကြခြင်းသည် ဘုရား၏တရားတော်ကို တစ်ညီတစ်ညွတ်တည်းဖြစ်အောင် သန့်ရှင်းစင်ကြယ်အောင် လုပ်ဆောင်ခြင်းပင် ဖြစ်သည်။

ရာဇဝင်တွင် မတွေ့ရသော "ကျန်စစ်သားမင်းကြီးက ပိဋကတ်တော်အားလုံးကို စင်ကြယ်မှန်ကန်အောင် ရေးသားလိမ့်မည်"ဟူသော ဖော်ပြချက်သည် သင်္ဂါယနာတင်သည့်သဘောဆောင်၍ သာသနာတော်သန့်ရှင်းစင်ကြယ်ရေး ဆောင်ရွက်ချက်ပင် ဖြစ်သည်။

ကျန်စစ်သားမင်းကြီး၏ ဉာဏ်အမြော်အမြင် ကြီးမားမှု၊ ထိရောက်သောသာသနာရေးဆောင်ရွက်မှု ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ကျန်စစ်သားမင်းကြီးသည် မုဒ္ဒါဘိသိက်ခံထားသောမင်းဖြစ်သည့်အားလျော်စွာ မင်းကျင့်တရားနှင့်အညီ နိုင်ငံတော်ကို အုပ်ချုပ်သည်။

"တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူသည် မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်လျှင် ရာသီဥတုမှန်ကန်၍ သီးနှံအောင်မြင် ဖြစ်ထွန်းပြီး အရသာချိုမြိန်သည့်နိုင်ငံတော် တိုးတက်စည်ပင်မည်"ဟု ကျမ်းဂန်များက ဆိုမိန့်လေသည်။ ကျန်စစ်သားမင်းသည် မင်းတို့ကျင့်ဆောင်အပ်သော တရားများနှင့်ပြည့်စုံသူ ဖြစ်ပါသည်။ မင်းတို့စောင့်ထိန်းအပ်သောတရား ဆယ်ပါးရှိပါသည်။

မြကန်မွန်ကျောက်စာတွင်-

ကျန်စစ်သားမင်းကြီးက နိုင်ငံတော်အေးချမ်းသာယာအောင် လက်တွေ့ ဆောင်ရွက်သွားသည်ကို-

"ဗုဒ္ဓဘုရားရှင်မှ ဗျာဒိတ်ရသော များစွာသော သတ္တဝါအလုံးစုံ၌ မေတ္တာ၊ ကရုဏာကြီးသော အကြင်ဓမ္မရာဇာမင်းမြတ်သည် များစွာသောသတ္တဝါအားလုံးကို ချမ်းသာအေးချမ်းမှု အကြီးအငယ်ရရန်အလို့ငှါ ရေမရှိသော၊ လယ်မြေမရှိသော၊ ကန်သင်းမရှိသောအရပ်တိုင်း၌ လယ်ယာမကင်းမဲ့စေရန်အလို့ငှါ ကန်ကိုရေကြည်ပေး၏။ ခိုင်မြဲပေး၏။ ကန်သင်းလယ်မြေပေး၏။ (ကျောက်စာမြန်မာပြန်။)ဟု ဖော်ပြထားပါသည်။

(မင်းခိုင်ဇော်ဦး၏ မြကန်မွန်ကျောက်စာလေ့လာချက်ကျမ်း၊ စာ- ၁၀၁-၁၀၄။)

မြကန်မွန်ကျောက်စာတွင်-

"ဘုရားရှင်၏ ရောင်ခြည်တော်သည် စွယ်သွားတော်မှတစ်ဆင့် ကွန့်မြူးဖြာထွက်လာပုံဖြင့် တန်ခိုးတော်ကို ဖော်ပြထားသည်။ ဤကဲ့သို့တန်ခိုးတော်သခင် အရှင်မြတ်စွာဘုရားကပင် ဗျာဒိတ်ပေးရသောမင်းအဖြစ်၊ ကျောက်စာ၏ရည်ရွယ်ချက်၊ ကျောက်စာရှင်၏စေတနာကို ဖော်ပြထားပါသည်။

ကျောက်စာရှင်ကျန်စစ်သားအား ပြည်သူအပေါင်းတို့ အားထားယုံကြည်လာအောင် အထောက်အကူပေးသည့် ဖော်ပြချက်ဟု ဆိုနိုင်ပါသည်။ ရောင်ခြည်တော်ကွန့်မြူးပုံအံ့ဖွယ်အဖြစ်ကို မြင်တော်မူသော အရှင်အာနန္ဒက ဘုရားရှင်အား ပြုံးတော်မူခြင်းအကြောင်းကို မေးသည်။

ဘုရားရှင်က ပြန်ဖြေရာတွင်-

"ငါနိဗ္ဗာန်စံအံ့သောနှစ်၌ ဗိဿနိုးရသေ့သည် ငါ့သားဂဝံပတိနှင့် သိကြားမင်းနှင့် ဝိသကြုံနတ်သားနှင့် ကတကမ္မနဂါးမင်းနှင့် သရေခေတ္တရာမည်သော ပြည်တစ်ပြည်ကို တည်အံ့"ဟူသော ဗျာဒိတ်စကားကို ဖော်ပြထားလေသည်။

ဗျာဒိတ်စကားအရ ကျန်စစ်သားမင်းသည် ဗိဿနိုးရသေ့ ဝင်စားမည့်သူ ဖြစ်သည်။ ထိုသို့ ကျန်စစ်သားမင်းသည် မိမိကိုယ်ကို ဗိဿနိုးရသေ့ ဖြစ်ခဲ့ဖူးသည်ဟု ဖော်ပြခြင်းသည် မိမိအား ပြည်သူအပေါင်းတို့အားထားယုံကြည်လက်ခံလာအောင် စည်းရုံးရေးအသွင်ဖြင့် ရေးထိုးခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## ပုဂံခေတ်ကမြန်မာတို့၏ဘာသာတရား

"ထိုအချိန်တွင် မြန်မာနိုင်ငံ၏ ကိုးကွယ်ယုံကြည်မှုသည် ဗုဒ္ဓဘာသာနှင့်အခြားကိုးကွယ်ယုံကြည်မှုတို့

ရောရောနှောနှော ရှိနေပေသည်။ မြန်မာများသည် ဗုဒ္ဓဘာသာမသက်ဝင်မီက ဟိန္ဒူအယဝါဒကို လက်ခံခဲ့၍ နတ်ကိုးကွယ်မှု ရှိလေသည်။ အနော်ရထာမင်းစော ဗုဒ္ဓဘာသာကို မကိုးကွယ်မီက မြန်မာနိုင်ငံ အနှံ့အပြား ဟိန္ဒူအယူဝါဒ ထွန်းကားခဲ့သည်ဟု သုတေသီတို့ အဆိုရှိခဲ့သည်။

"မြန်မာနိုင်ငံ မြေပြန့်ပိုင်းတွင် အစောဆုံးဖြစ်သည့် ဗိဿနိုးမြို့က ကိုးကွယ်မှုနှင့် ပတ်သက်၍ ဗိဿနိုးဟူသော အမည်ကပင် ထင်ရှားစေပြီး ဖြစ်သည်။ ဗိဿနိုးအမည်ရှိ ဟိန္ဒူနတ်ဘုရားကို ရည်ညွှန်းပူဇော် မှည့်ခေါ်ထားသောအမည်ဖြစ်ရာ ဟိန္ဒူသာသနာ စည်ပင်ခဲ့မည်မှာ သေချာလှသည်။ (စောလူ၏ ပုဂံခေတ် မြန်မာစာ၊ ပထမတွဲ။)ဟု ဖော်ပြခဲ့သည်။

ဗုဒ္ဓသာသနာတွင် မဟာယာနဗုဒ္ဓဘာသာနှင့် ဟိနယာနဗုဒ္ဓဘာသာဟူ၍ ဂိုဏ်းကြီးနှစ်ဂိုဏ်းရှိရာ မဟာယာနဂိုဏ်းတွင် ဟိန္ဒူအယူအဆအချို့သည်လည်းကောင်း၊ အယူသည်းမှုအချို့သည်လည်းကောင်း ဝင်လာသည်။ ရခိုင်ဝေသာလီတွင် ရှေးဦးထွန်းကားခဲ့သော ကိုးကွယ်ယုံကြည်မှုမှာ သီဝနတ်ကို ကိုးကွယ်သော ဟိန္ဒူဝါဒဖြစ်၍ နောက်ပိုင်းတွင်မှ ဗုဒ္ဓဘာသာ ဖြစ်လာသည်။

ဗုဒ္ဓဘာသာရောက်ရှိလာသောအခါတွင်လည်း မူလရှိပြီး ဟိန္ဒူဘာသာနှင့် ရောယှက်နေသည်ဟု မှတ်ချက်ချခဲ့ကြသည်။ သရေခေတ္တရာသည် အိန္ဒိယတောင်ပိုင်းနှင့် အဆက်အသွယ်ရှိရာ ရခိုင်ဝေသာလီနည်းတူ ဟိန္ဒူဘာသာနှင့် မကင်းခဲ့ပေ။

ဗုဒ္ဓဘာသာနှင့် ဗြာဟ္မဏဘာသာ ယှဉ်တွဲတည်နေကြောင်း အထောက်အထားအဖြစ် ဗိဿနိုးဝါဒ ဆိုင်ရာရုပ်တုများ တွေ့ရသည်။ အဘယ့်ကြောင့် ဆိုသော် သဲကျောက်ပြားတစ်ချပ်၌ ဝဲဘက်တွင် ဗိဿနိုးနတ်နှင့် ယာဘက်တွင် လက်ချမီးနတ်သမီးတို့ ယှဉ်လျက်ရပ်နေဟန်ကို တွေ့ရသည်ဟု သုတေသီတို့ အဆိုပြုခဲ့ကြသည်။

## ပုဂံခေတ်မတိုင်မီကဘာသာတရား

"မွန်တို့ဒေသသထုံမှာ ငါးရာစုတွင် ဟီနယာနဗုဒ္ဓဘာသာ အခိုင်အမာတည်နေပြီဖြစ်သော်လည်း ဗြာဟ္မဏဝါဒနှင့် မကင်းချေ။ ကိုးရာစုခန့်က သီဝရုပ်၊ ဗိဿနိုးရုပ်ပုံ များကို တွေ့ရသည်ဟု ဆိုပါသည်။

ထို့ကြောင့် ဗြဟ္မဏဝါဒ သက်ဝင်နေသူများမှာ ပျူတို့တွင်လည်း တွေ့ရှိရသည်။ မွန်တို့တွင်လည်း တွေ့ရှိရသည်။ ပျူများ၊ မွန်များနှင့် ရောနှောနေထိုင်ကြသည့် မြန်မာတို့တွင်လည်း ရှိသည်။

## ဗြာဟ္မဏဘာသာတရားနှင့်ဗိဿနိုး

"ဗိဿနိုးဟူသော အမည်နာမ၏အနက်ကို သက္ကတအဘိဓာန်တွင်-

"အားလုံးသောအစိတ်အပိုင်းကို ချင်းနင်းဖေါက်ထွန်း ဝင်ရောက်နိုင်သူ၊ အလုပ်သမား"ဟုလည်းကောင်း၊

ဝေါဟာရလီနတ္ထဒီပနီတွင်-

"အလုံးစုံကို နှံ့တတ်သသူ၊ အလုံးစုံသောသတ္တဝါတို့၌ ဝင်တတ်သူ"ဟုလည်းကောင်း၊

ဝေဒကျမ်းတွင်-

"နေဘုရားငယ်တစ်ဆူ"ဟု လည်းကောင်း ဖော်ပြကြ၏။

ဗြာဟ္မဏအယူဝါဒတွင်-

နတ်ဘုရားများစွာရှိသော်လည်း အဓိကအားဖြင့် သုံးပွင့်ဆိုင်နတ်ဘုရားတို့မှာ အရေးပါအရာရောက်ကြ၏။ ဗြဟ္မာကြီး(ဖန်ဆင်းရှင်)၊ ဗိဿနိုး(စောင့်ထိန်းရှင်)နှင့် သျှီဝ(အမျက်ရှင်)တို့ ဖြစ်ကြသည်။

ဗိဿနိုးသည် မူလက ဒုတိယနေရာကဖြစ်သော်လည်း နောက်ပိုင်းတွင် အထင် ရှားဆုံး၊ တန်ခိုးအထွားဆုံး ဖြစ်လာသည်။ ဗိဿနိုးကို လူသတ္တဝါတို့အား ဘေးဒုက္ခတို့မှ ကယ်တင်ရန်အလို့ငှါ အခါကာလအားလျော်စွာ ကိုယ်ပွါးဝင်သည်ဟု အယူရှိကြသည်။

ငါး၊ လိပ်၊ တောဝက်၊ လူ၊ ခြသေ့်၊ လူပု၊ ပရသျှူးရာမ၊ ဒသရထိရာမ၊ ဗလရာမ၊ ဗုဒ္ဓနှင့် ကာလ်ကိတို့ကို လူအများလက်ခံသောကိုယ်ပွါး(၁၀)မျိုးအဖြစ် လေ့လာတွေ့ရှိရသည်။

ပုဂံခေတ်ဦးတွင် ဗြာဟ္မဏဝါဒ အထူးလွှမ်းမိုးခဲ့ဟန်ရှိကြောင်းကို -

"ပုဂံခေတ်ဂူဘုရားများတွင် ဇာတ် ၅၅၀-နိပါတ်တော်များ၊ အခြားသောပိဋကတ်တော် ကောက်နုတ်ချက်များမှ ကောင်းနိုးရာရာတို့ကို သရုပ်ဖော်ရာတွင် မဟာယာနဝါဒီတို့၏ အငွေ့အသက်မကင်းသော ရုပ်ပုံပန်းချီများ၊ ဗြာဟ္မဏဝါဒီတို့၏ ကိုးကွယ်မှုဆိုင်ရာသဘော အယူအဆယုံကြည်ချက်များကို ပန်းချီဆေးရေးရုပ်များကြားညှပ်၍ ရေးဆွဲထည့်သွင်းထားသည်ကို လိုဏ်ဂူတိုင်းလောက်မှာပင် တွေ့မြင်ရသည်။ (ဦးကျော်ငြိမ်း၏ မြင်းကပါဂူပြောက်ကြီးဘုရား။ စာ၊ ၄၂-၄၃။)ဟု ဖော်ပြထားသည်ကို တွေ့ရသည်။

ကျန်စစ်သားမင်းတိုယ်တိုင်လည်း လက်ခံ ယုံကြည်ခဲ့ကြောင်း၊ မိမိ၏ အတ္ထုပ္ပတ္တိကို ဖော်ပြသော ကျောက်စာများက ထင်ရှားစေပါသည်။

ရွှေစည်းခုံကျောက်စာတွင် -

"မိမိပုဂံပြည်ရှင် ဖြစ်လာမည့် အကြောင်းကို ဘုရားရှင်ကိုယ်တိုင် ဗျာဒိတ် မြွက်ကြားခဲ့ဟန် ဖော်ပြထားသည်။ ထိုဗျာဒိတ်စကားတွင် တန်ခိုးကြီးသော၊ အာနုဘော်ကြီးသော၊ အဘိညာဏ်ငါးပါးရသော ဗိဿနိုးမည်သော ရသေ့တစ်ပါးသည် ငါ့သားဂဝံပတိ၊ သိကြားမင်း၊ ဝိသကြုံနတ်သား၊ ကတကမ္မအမှုလုပ် နဂါးမင်းတို့နှင့်တကွ သရေခေတ္တရာမည်သောမြို့ကို တည်ထောင်လတ္တံ့။ (ဦးချစ်သိန်း၏ မွန်ကျောက်စာပေါင်းချုပ် မြန်မာပြန်၊ စာ၊ ဂ။)ဟု ဖော်ပြထားသည်။

ထိုဖော်ပြချက်အရ ကျန်စစ်သားမင်းသည် ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားစဉ်အခါက ဗိဿနိုး ရသေ့ဖြစ်ခဲ့ကြောင်း သိရှိရသည်။

ထို့အတူ မြကန်မွန်ကျောက်စာတွင်လည်း -

"ငါတို့အရှင် သကျမုနိဘုရား ပွင့်ချိန်ကာလ၌ တန်ခိုးအာနုဘော်ကြီးသော အဘိညာဏ်ငါးပါးရသော ဗိဿနိုးရသေ့ဖြစ်၍ ကေလာသမည်သော ငွေတောင်ထွတ်၌ နေတော်မူ၏။ (ဦးချစ်သိန်း၏ မွန်ကျောက်စာပေါင်းချုပ်မြန်မာပြန်၊ စာ၊ ၄၁။)ဟူ၍ ဂေါတမဘုရား ပွင့်တော်မူသည့်အခါ ဗိဿနိုးရသေ့ဖြစ်ခဲ့ကြောင်း၊ ထိုရသေ့သည် တန်ခိုးအာနုဘော် အဘိညာဏ်ငါးပါးရသော ရသေ့ဖြစ်၍ ကေလာသမည်သောငွေတောင်ထွတ်တွင် နေတော်မူကြောင်း ဖော်ပြထားပါသည်။

ဗြာဟ္မဏဝါဒီတို့က ဘုရားကို ဗိဿနိုး၏ကိုယ်ပွါးတစ်ဆူအဖြစ် အထွတ်အမြတ် ထားကြသည်။ ကျန်စစ်သားက မိမိသည် ဗိဿနိုးဝင်စားသူဖြစ်ခဲ့သည်ဟု ဖော်ပြထားသည်။ ဤသို့ဖော်ပြခြင်းသည် ကိုးကွယ်ယုံကြည်မှုဖြင့် စည်းရုံးရေးစွမ်းဆောင်ချက်တစ်ရပ် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ပျူ၊ ရခိုင်၊ မွန်၊ မြန်မာ-လူမျိုးများ အားလုံးတို့၏ ယုံကြည်အားထားမှုကို ဖြစ်စေသည်ဟု ဆိုနိုင်ပါသည်။

"ထို့ပြင် သရေခေတ္တရာပြည်ကို တည်မည်ဖြစ်ကြောင်းကိုလည်း ဖော်ပြထားပါသည်။ ဤအချက်ကိုလည်း ပျူလူမျိုးတို့ကို စည်းရုံးသည့်သဘောတစ်ရပ်ဟု ဆိုနိုင်ပါသည်။ ပျူနှင့်မြန်မာတို့သည် ရှေးအခါကပင် အတူတကွ ရောနှောနေထိုင်ခဲ့ကြသည်။ သရေခေတ္တရာသည် ပျူလူမျိုးတို့၏ နေပြည်တော် ဖြစ်ခဲ့ပါသည်။

ဒွတ္တဘောင်မင်းမှစ၍ မင်းဆက် ၂၅-ဆက် အုပ်စိုးခဲ့သည်။ နန်ချောင်တရုတ်တို့၏ ဝင်ရောက်တိုက်ခိုက်မှုကြောင့် ပျူမြို့တော် ကွယ်ပျောက် ခဲ့ရကြောင်း လေ့လာသိရှိရပါသည်။ သရေခေတ္တရာအပျက်တွင် ပုဂံကို တည်ထောင်ခဲ့ပါသည်။

သရေခေတ္တရာနှင့်ပုဂံသည် ဝေးကွာလှသည် မဟုတ်ချေ။ သရေခေတ္တရာ စည်ပင်ထွန်းကားနေချိန်တွင်ပင် ပုဂံနှင့် ကူးလူးဆက်သွယ်မှု အနည်းအများ ရှိနိုင်သည်။

## ပုဂံစတည်ခြင်း

"သရေခေတ္တရာပျက်ချိန်တွင် ပျူများ ကစဥ့်ကလျား ဖြစ်ကြရသည်။ ထိုကစဥ့်ကလျားဖြစ်ကြသော ပျူများအနက် မင်းတုန်းတွင် ရောက်ရှိကြသည့်အစုက မင်းတုန်းပျက်အပြီး အရိမဒ္ဒနာကိုတည်လေဟန် ဆိုလိုရိပ်ရှိ၏။ (စောလူ၏ ပုဂံခေတ်မြန်မာစာ၊ ပထမတွဲ၊ စာ၊ ၃၂။)ဟူ၍ ဖော်ပြထားသည်မှာ အရိမဒ္ဒနပုဂံကို တည်ထောင်ခြင်းနှင့် ပျူလူမျိုးတို့ ရောက်ရှိနေထိုင်ခြင်းသည် ဆက်ဆပ်လျက်ရှိပုံကို ထင်ရှားစေပါသည်။ အရိမဒ္ဒနကိုတည်ထောင်သည့် သမုဒ္ဒရာဇ်မင်းသည် သရေခေတ္တရာနောက်ဆုံးမင်း သုပညာနဂရဆိန္န၏တူ တော်သည်ကိုလည်းကောင်း၊ အရိမဒ္ဒန၏တတိယမြောက်မင်း ဖြစ်သော ပျူစောထီးမင်းကို ပျူအိုလင်မယားတို့၏ မွေးစားသားဖြစ်သည်ဟုလည်းကောင်း သမိုင်းတွင် ဖော်ပြထားပေသည်။

"သထုံပြည်တွင် မွန်ဘုရင်သီဟသုဓမ္မရာဇာမင်းနှင့် ရှင်ဂဝံပတိ ဆက်စပ်ပြီး သာသနာအရောင် ထွန်းပြောင်ခဲ့ကြောင်းကို အခိုင်အမာ တွေ့ရပေသည်။ ထို့ကြောင့် မွန်လူမျိုးတို့အတွက် အလေးအမြတ်ထားသော ရှင်ဂဝံပတိထေရ်ကို ကျန်စစ်သားမင်းကြီးက ကျောက်စာရေးထိုးရာတွင် အလေးထားဖော်ပြခြင်းသည် မွန်လူမျိုး တို့အား လိမ္မာပါးနပ်စွာ စည်းရုံးလိုက်ခြင်းပင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

(မင်းခိုင်ဇော်ဦး၏ မြကန်မွန်ကျောက်စာ လေ့လာချက်ကျမ်း၊ စာ၊ ၇၆-၈၂။ ၈၆။)

## နဂါးကိုကိုးကွယ်ခြင်း

"ကျောက်စာတွင် ဗိဿနိုးရသေ့က သရေခေတ္တရာပြည်ကို တည်သောအခါက ကတကမ္မနဂါးမင်း ပါဝင် ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဤဖော်ပြချက်မှာ ရှေးကကိုးကွယ်ယုံကြည်မှုဓလေ့ထုံးစံတစ်ရပ် ကို ထောက်ပြလိုက်ခြင်းပင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ (ပ) ရှေးကနဂါးကို ကိုးကွယ်သည့်ဓလေ့ ရှိခဲ့ကြောင်းကို မြန်မာ့သမိုင်းပုံပြင်များတွင် တွေ့နိုင်သည်။ ရှေးဟောင်းမြန်မာရာဇဝင်ကျမ်းများတွင် တွေ့နိုင်သည်။

မောင်ပေါက် ကျိုင်းပုံပြင်သည် အတိတ်ခေတ်က ယုံကြည်မှုကို ဖော်ပြနေပါသည်။ ပုဂံတွင် သေည်လည် ကြောင်လက်ထက် နတ်ကိုးကွယ်မှုတစ်ရပ်ကို စိတ်ဝင်စားဖွယ် လေ့လာသိရှိရပါသည်။ ဧရာဝတီမြစ်ကမ်းတွင် တင်နေသောစကားပင်ကြီးကို အကြောင်းပြုလျက် ပုပ္ပါးတောင်တွင် မင်းမဟာဂီရိနတ်မောင်နှမအတွက် နတ်နန်း ဆောက်ခဲ့ရသည်။

တစ်ဖန် သုံးဆယ့်ရှစ်ဆက်မြောက်ပုဂံမင်း ညောင်ဦးစောရဟန်းခေါ် တောင်သူကြီးမင်းလက်ထက် တွင်လည်း ထူးထူးခြားခြား ကိုးကွယ်ခဲ့သေးသည်။ တောင်သူကြီးမင်းဖြစ်လျှင် မိမိသခွါးခင်းယာကွက်တွင် ဥယျာဉ်ကြီးသာယာ စွာပြုပြီးသော် နဂါးရုပ်ကြီးစွာပြုလုပ်၍ ထား၏။ ထိုသို့နဂါးရုပ်ထားခြင်းသည် နဂါးသည် လူတို့ထက် စွမ်းလေသည်။ တန်ခိုးကြီးလေသည်။ ကိုးကွယ်ရသော် အကျိုးရှိမည်ဟု မှတ်မှား၍ ထားလေသည်။ (စာ၊ ၈၈။)

## မုဒ္ဓါဘိသိက်ခံတော်မူသောကျန်စစ်သားမင်းကြီး

"ပုဂံခေတ်အနော်ရထာမင်းလက်ထက် ဘုရားသခင်၏ နဖူးသင်းကျစ်တော်ဓာတ်၊ စွယ်တော်ဓာတ်တို့ကို ဌာပနာ၍ ရွှေစည်းခုံဘုရားကိုတည်ရာ ပစ္စယာသုံးဆင့်သာ ပြီးသည်။ ကျန်စစ်သားမင်းလက်ထက် ဆက်လက် တည်တော်မူသည်။ တူရွင်းတောင်၌ရှိသော ကျောက်တို့ကို အလျားသုံးထွာ၊ အနံတစ်ထွာ ရွှေခြမ်းစေပြီးလျှင် နိုင်ငံတော်တစ်ဝှမ်းလုံး၌ရှိသော ရဲမက်ဗိုလ်ပါတို့ကို စုရုံးပြီး ရွှေစည်းခုံဘုရားမှသည် တူရွင်းတောင်တိုင်အောင် လက်ဆင့်ကမ်းစေသည်။ (ပ)

ကျန်စစ်သားမင်းကြီးသည် သာသနာနှစ် ၁၆၂၈-တွင် ပုဂံထီးနန်းကို ဆက်ခံစိုးစံတော်မူပြီး ၁၃၆၀- ခုနှစ်တွင် မုဒ္ဓါဘိသိက်ကို သွန်းလောင်းခံယူတော်မူသည်။

# မှာထားချက်

အထက်ပါစာများအားလုံးသည် မင်းခိုင်ဇော်ဦး၏ မဟာဝိဇ္ဇာဘွဲ့အတွက် တင်သွင်းသောကျမ်းစာ(လက်နှိပ်စက်မူ)မှ ကူးယူတင်ပြချက်များချည်း ဖြစ်ပါသည်။ ၎င်းကျမ်းစာလက်နှိပ်စက်မူသည် စာမူကောင်းတစ်မူ ဖြစ်ပါသည်။ သိစရာများ၊ မှတ်စရာများ၊ သတိထားစရာများ၊ အတုယူစရာများနှင့် ပြည့်စုံပါသည်။

အရှင်ကန္တာစရိယာဘိဝံသ

# ဓမ္မာနုလောမဉာဏ်နှင့်ဓမ္မပစ္စနီကဉာဏ်

မစိုးရိမ်စာသင်သား

"၉. ၁၁. ၂၀၀၉-ရက်စွဲဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးနှင့် အကျိုးတော်ဆောင် ဆရာတော်ကြီး နှစ်ပါးတို့၏ လက်မှတ်ပါ ညွှန်ကြားလွှာအမှတ်(၉၄)ကို ထုတ်ပြန်ထားကြောင်း သိရပါသည်။ အမှတ်(၉၄)တွင် စာပိုဒ်ခွဲ(၁။ ၂။ ၃။ ၄။)ဟူ၍ ပါရှိရာမှာ (၃။)အတွင်း၌-

**"...ထို့ပြင် ပထမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၅)ပါးစုံညီ အစည်းအဝေးက အဓမ္မဝါဒဟု ဆုံးဖြတ်ထားပြီးဖြစ်သော ဆူးလေဦးမြင့်သိန်းဝါဒနှင့် ရှင်ဉာဏဝါဒ(ဓမ္မဝိဟာရီမိုးပြာဂိုဏ်းဝါဒ) စသည်တို့ကိုလည်း ယခုအခါ အသွင်အမျိုးမျိုး ဖြင့် ပြန်လည်ထုတ်ဖော်လျက် ထေရဝါဒဗုဒ္ဓသာသနာတော် အတွင်း ဓမ္မအဓမ္မ ဝိဝါဒါဓိကရုဏ်းဖြစ်အောင် လှုံ့ဆော်ဖန်တီးလာကြပါသည်။ ထို့ပြင်..."**ဟူ၍ ပါရှိပါသည်။

**(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့။)**

"ဒီလို စုတိပြီး ပဋိသန္ဓေဖြစ်တာကို မသိမမြင်ကြတဲ့အတွက် "လူ့ဘဝရပြီးသွားလျှင် နောက်ဘဝဆိုတာ မရှိ တော့ဘူး။ ဒီဘဝနဲ့ပဲ ပြတ်စဲသွားပြီ"ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိဖြစ်နေရတာပါ။ "ပရမတ္ထတရားတွေဟာ ဥပါဒ် ဌီ ဘင်အားဖြင့် ထင်ရှားဖြစ်ပေါ်ပြီး အရှိအားဖြင့်လည်း ကျေးဇူးပြုပါတယ်"လို့ အတ္ထိပစ္စည်းကို နားလည်သွားလျှင် ဥစ္ဆေဒိဋ္ဌိရှိတဲ့သူတွေ ဟာ မှန်ကန်တဲ့အယူကို ပြောင်းသွားမှာ ဖြစ်ပါတယ်။

(အနန္တနယသမန္တပဋ္ဌာန်းတရားတော်၊ စာ၊ ၂၅၄။)

"အစွန်းနှစ်ဘက်ကိုရှောင်ပြီး မတင်းလွန်း-မလျော့လွန်းတဲ့ မဇ္ဈိမပဋိပဒါလမ်း (The Ritht way)ကို လျှောက်မှ သာ လမ်းမှန်ဖြစ်ပါတယ်။ မဇ္ဈိမပဋိပဒါဆိုတာ ခြံစည်းရိုးမှာ ခွထိုင်တာပဲ-လို့ အနောက်တိုင်းစာအုပ်တွေမှာ တွေ့ရပါ တယ်။ တကယ်တော့ မဇ္ဈိမပဋိပဒါဆိုတာ အစွန်းမရောက်ဘဲ မိမိဦးတည်ရာလမ်းမှန်ကို ယုံကြည်ချက်အပြည့်နဲ့ လျှောက် လှမ်းတဲ့ကျင့်စဉ်ပါ။ ဒီအတွက် (The Middle way)လို့ ဘာသာမပြန်တော့ဘဲ (The Ritht way)=လမ်းမှန်လို့ပဲ ပြန်လိုက် ပါတယ်။

(အနန္တနယသမန္တပဋ္ဌာန်းတရားတော်၊ စာ၊ ၂၃၄။)

"နောက်ဆုံးမှ ဖော်ပြရမယ့် အရေးပါတဲ့ နာမ်အစိုးရတစ်ခုက ပညာ (Wisdom) ဖြစ်ပါတယ်။ "ဘဝမှာ အရေးကြီးတာတွေ ဆောင်ရွက်တော့မယ်"ဆိုရင် ဝီရိယ၊ သတိ၊ သမာဓိတို့အပြင် အမှားနဲ့အမှန်ကို ဆုံးဖြတ်နိုင်တဲ့ ပညာရှိဖို့လဲ လိုအပ်ပါတယ်။ ဒီအတွက် ဂေါတမမြတ်စွာဘုရားက မိမိကိုယ်မိမိညှင်းဆဲတဲ့ အတ္တကိလမထာနုယောဂ ကျင့်စဉ်နဲ့ ကာမဂုဏ်အာရုံတွေခံစားရင်းကျင့်မှ တရားထူးရတယ်ဆိုတဲ့ ကာမသုခလ္လိကာနုယောဂကျင့်စဉ်တွေဟာ အမှားတွေပဲဆိုတာကို သိတဲ့ပညာ(သမ္မာဒိဋ္ဌိ)ရှိတဲ့အတွက်ကြောင့် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ရှိခဲ့တာ ဖြစ်ပါတယ်။ ပညာက အရေးကြီးလို့လဲ တရားဦးဓမ္မစကြာမှာ သမ္မာဒိဋ္ဌိကို မဂ္ဂင်ရှစ်ပါးမှာ အဦးဆုံးဟောထားတာ ဖြစ်ပါတယ်။

(အနန္တနယသမန္တပဋ္ဌာန်းတရားတော်၊ စာ၊ ၂၀၈-၂၀၉။)

## စာပိုဒ်အမှတ်(၁)

၂၀၀၅-ခုနှစ်က ဆရာဦးစိန်လင်း၏ "အနန္တနယသမန္တပဋ္ဌာန်းတရားတော်"အငယ်ကို ထုတ်ဝေရန်စီစဉ်သော အခါ တည်းဖြတ်ပေးမှုနှင့် အမှာစာရေးပေးမှုတို့ကို စာရေးသူက ဆောင်ရွက်ပေးခဲ့ဖူးပါသည်။ တစ်ဖန် ၂၀၀၆-ခုနှစ်တွင် နယသာဂရအမည်ရှိ ပဋ္ဌာန်းစာအုပ်ကြီးကို ထုတ်ဝေရန်စီစဉ်သောအခါမှာလည်း တည်းဖြတ်ပေးမှုနှင့် အမှာစာ ရေးပေးမှု တို့ကို စာရေးသူကပင် ဆောင်ရွက်ပေးခဲ့ဖူးပါသည်။

ယခုလည်း ဆရာဦးစိန်လင်း၏ "အနန္တနယသမန္တပဋ္ဌာန်းတရားတော်"အကြီးကို ထုတ်ဝေရန်စီစဉ်နေပြီဖြစ်၍ တည်းဖြတ်မှုနှင့် အမှာစာရေးမှုတို့အတွက် စာမူကြမ်း(Proof File)ကြီးက စာရေးသူ့ထံ ဆိုက်ရောက်လာပါသည်။ ဤစာမူကြမ်း(Proof File)ကြီးကို ဖတ်ရှုပြီး "အမှာစာရေးမည်"ဟု ဆင်ခြင်လိုက်သောအခါ အတိတ်ကာလက အာရုံများကို ခံစားမိလိုက်ပါသည်။

စာရေးသူ၏ စိတ်ထဲတွင် သတိ၏လက္ခဏာများနှင့် ပညာ၏လက္ခဏာများလည်း ထင်ရှားပေါ်လွင် လာကြပါ

သည်။ အာရမ္မဏိက တရားစုအနေဖြင့် ကုသိုလ်တွေဖြစ်ပေါ်နေ၍ "ကုသိုလ်ရရှိနေသည်"ဟုပင် မှတ်ယူမိပါသည်။

သို့သော်-- ဤသို့သော အတိတ်အာရုံများကို ခံစားနေရုံမျှဖြင့် အမှာစာရေးမှုကိစ္စက ပြီးသွားလိမ့်မည် မဟုတ်ပေ။ ပစ္စုပ္ပန်အာရုံတို့ကိုခံစားလျက် ဤအမှာစာရေးမှုတို့ကို ပြီးစီးအောင် ဆောင်ရွက်ရဦးမည်။ အတိတ်ကာလနှင့် အနာဂတ်ကာလတို့သည်ကား ရှိနေကြဦးမည်သာတည်း။ ထို့ကြောင့် အတိတ်အာရုံများနှင့် အနာဂတ်အာရုံများကိုလည်း ခံစားနေကြရဦးမည်သာတည်း။

ထို့အတူ အတိတ်ဘဝနှင့် အနာဂတ်ဘဝတို့သည်လည်း ရှိနေကြရဦးမည်ပင် ဖြစ်ကြပါသည်။ ယခုပစ္စုပ္ပန် ဘဝသည် ထင်ရှားရှိနေဘိသကဲ့သို့ ဖြစ်ပါသည်။

## စာပိုဒ်အမှတ်(၂)

စာအုပ်ဖြစ်အောင်စီစဉ်သူ၊ စာမူကြမ်း(Proof File)လာပို့သူ-ကိုစိုးသူရနှင့်လည်း အတွေ့အထိများ နည်းပါးလာသည့်အတွက်ကြောင့် ဆရာဦးစိန်လင်းအကြောင်းတို့ကို အနည်းငယ်မျှသာ စာရေးသူ ကြားသိခွင့်ရရှိပါသည်။ မိတ္ထီလာမှ နေပြည်တော်သို့ ရောက်ရှိနေကြောင်း၊ နေပြည်တော်တွင် တက္ကသိုလ်ကြီးတစ်ခု၌ အဆင့်မြင့်ပညာတွေဆည်းပူးနေကြောင်း၊ နေပြည်တော်ရှိ ရတနာစံပရိယတ္တိစာသင်တိုက်မှာ အများသုံးကုဋီခန်းလျှုဒါန်းထားကြောင်း စသည်များကိုသာ စာရေးသူ ကြားသိခွင့်ရရှိပါသည်။ စာရေးသူက မမေးမြန်းသည့်အတွက် ကြားရသမျှတို့ကို မှတ်မိနေခြင်းလောက်သာ ရှိပါသည်။

သို့သော်လည်း ၁၃၇၀-နှင့် ၁၃၇၁-သင်္ကြန်ပြီးစတွင်မှ နေပြည်တော်ကုဋင်သုံးရာ(သ-မ-က)အတွင်း၌ ကျင်းပပြုလုပ်သည့် ပဋ္ဌာန်းပူဇော်ပွဲသို့ စာရေးသူ ရောက်ရှိနေပြီး ဖွင့်ပွဲမှာရော အောင်ပွဲမှာပါ ပဋ္ဌာန်းအကြောင်း သိကောင်းစရာများနှင့် ပဋ္ဌာန်းပွဲဆိုင်ရာ ဝမ်းမြောက်ဖွယ်တရားတို့ကို ဟောပြောပေးဖြစ်ခဲ့ပါသည်။ ထိုပဋ္ဌာန်းပွဲအတွင်းမှာ ဒေါက်တာမိုးကျော်ထွန်း(သားဖွါးမီးယပ်အထူးကုဆရာဝန်ကြီး)အစရှိသူများ၊ ဗိုလ်ကြီးမျိုးဇော်သန်းအစရှိသူများနှင့် စကားစပ်၍ ဆရာဦးစိန်လင်းအကြောင်း မေးမြန်းကြည့်မိပါသည်။ အဆိုပါတက္ကသိုလ်ကြီးထဲမှာရှိနေကြောင်း၊ အလုပ်တွေ အလွန်များနေမည်ဖြစ်ကြောင်း၊ ကြီးမားသောတာဝန်များကိုထမ်းဆောင်နေရကြောင်း-စသည်ဖြင့် ကြားသိရပါသည်။

ထို့ကြောင့် ဆရာဦးစိန်လင်းထံ သွားရောက်ပြီး တွေ့ဆုံမှုပြုမနေတော့ဘဲ ပြန်လာဖြစ်ခဲ့ပါသည်။ (ဆိုင်ကယ်ဖြင့် ပို့ပေးမည်ဟု လျှောက်ထားသူက လျှောက်ထား၏။) ဤမျှလောက်အထိ တာဝန်ကြီးကြီးတွေဖြင့် အလုပ်ကြီးကြီးတွေ ဆောင်ရွက်နေရသူ ဆရာဦးစိန်လင်းက အခု အနန္တနယသမန္တပဋ္ဌာန်းတရားတော်(အကြီး)ကို ပြုစုပြီး ထုတ်ဝေပေးဦးမည်ဟု သိရသောအခါ-

"မပြီးဆုံးနိုင်သောအလုပ်များနှင့် မကုန်ဆုံးနိုင်သောဝတ္တရားများကို ပြီးစီးနိုင်သမျှအထိ ပြီးစီးအောင်၊ ကုန်ဆုံးနိုင်သမျှအထိကုန်ဆုံးအောင် ဝီရိယရှိရှိ-သတိရှိရှိဖြင့် စာရေးသူတို့လည်း အားထုတ်ကြရဦးမည်၊ ဆောင်ရွက်ကြရဦးမည်"ဟူ၍ပင် သဘောပေါက်လာမိပါတော့သည်။

အချိန်ရအောင်ယူတတ်သူအတွက်တော့ အလုပ်တွေက ဘယ်လောက်ပဲ များနေများနေ ရစရာအချိန် ရှိနေဦးမည်ဖြစ်ကြောင်းနှင့် ရရှိထားသည့် အချိန်တိုတို အပိုင်းအစကလေးများကို အလေအလွင့်မဖြစ်အောင် အသုံးပြုနေတတ်ရမည်ဖြစ်ကြောင်းတို့ကိုလည်း ဂရုပြုမိလာပါ တော့သည်။ ဆရာဦးစိန်လင်းမှာ ဤစာအုပ်ကြီးကိုပြုစုရန် အချိန်တိုတို အပိုင်းအစကလေးများကိုသာ ရရှိနိုင်ပါလိမ့်မည်။

## စာပိုဒ်အမှတ်(၃)

ဖော်ပြခဲ့သည့်အတိုင်း ရာထူးတွေ ဌာနတွေ တိုးတက်ပြောင်းလဲလာပြီးလျှင် အလုပ်တာဝန်တွေ ပိုမိုကြီးလေးလာကြောင်းတို့ကို (ကြားသိခွင့်ရရှိသမျှ) ဆင်ခြင်ကြည့်မိတော့ အဆိုပါကာလ(၂၀၀၅-မှ ၂၀၀၉-အတွင်း) စာရေးသူ၏ အကြောင်းများ သို့မဟုတ် "စာရေးသူနှင့်ပတ်သက်နေသော မျက်မှောက်ခေတ်သာသနာရေးကိစ္စများ"ကိုလည်း ဆင်ခြင်မိပြန်ပါသည်။

၂၀၀၅-၂၀၀၆-ကာလဆီကမူ စာရေးသူမှာ တာဝန်များများ မရှိပါ။ အလုပ်ကြီးကြီးလည်း မရှိပါ။ အလွန်မှပင် သက်သာစွာ နေရပါသည်။ ကျောင်းတိုက်ရှိစာသင်သားများအား တစ်နေ့လျှင်စာဝါနှစ်ချိန် ပို့ချပေးရသည်။ ဒုမဂ်လ၊

သုမင်္ဂလ ကိစ္စရှိသောအခါတွင် သီလပေး၊ တရားဟော၊ ရေစက်ချ၊ အမျှဝေ-ဆောင်ရွက်ပေးရသည်။ ဓမ္မရုံသီနှင့် ဓမ္မရတနာ-မဂ္ဂဇင်းနှစ်စောင်မှာ ထည့်သွင်းဖော်ပြနိုင်ရန် ဆောင်းပါးရေးရသည်။ ကလောင်အမည်သေးသေးကလေး နှစ်ခုမျှသာ ရှိသည်။ အခြေအနေအရ အင်္ဂလိပ်စာဘာသာရပ်ကို လေ့လာရသည်။ ဤမျှလောက်သာ အလုပ်ရှိခဲ့ပါသည်။

ယခုအခါမှာကျတော့ စာပေပို့ချပေးမှု၊ သီလပေးမှုနှင့် အမျှဝေပေးမှုတို့ကို ဆောင်ရွက်ဆဲ။ ထို့ပြင် ညတရားပွဲများကိုပါ လက်ခံဟောပြောမှု ပြုပေးနေရပါသည်။ (၁၃၇၁-ခု၊ တန်ဆောင်မုန်းလမှ ၁၃၇၂-ခုသို့ အကူးသင်္ကြန်ကာလအထိ ဤကာလအတွင်း-ပွင့်လင်းရာသီတစ်ခုမျှသာ ညတရားပွဲကြီးများကို လက်ခံဟောပြောပေးမည်ဟု ဆုံးဖြတ်ထားပါ၏)

မဂ္ဂဇင်းလေးစောင်တို့မှာ ထည့်သွင်းဖော်ပြနိုင်ရန် ဆောင်းပါးများများ ရေးရသည်။ ကလောင်အမည်ခြောက်ခုအထိ အသုံးပြုထားရသည်။ မဂ္ဂဇင်းသုံးစောင်မှာ တစ်လလျှင် ဆောင်းပါးနှစ်ပုဒ်စီ ဖော်ပြလျက်ရှိသည်။ အချိန်မရသည့်အတွက် အင်္ဂလိပ်စာဘာသာရပ် လေ့လာမှုတို့ကို ရပ်ဆိုင်းထားရသည်။

ထို့ပြင် သိက္ခာကာရစာစဉ်မှ-

(၁)အကြားအမြင်နှင့်ယတြာ

(၂)သာသနာစောင့်နတ်ကြီးနှင့် အိမ်ခြံမြေသန့်စင်နည်း

(၃)အိပ်မက်ထူးဆန်းစွမ်းမှုစွမ်း

(၄)အလှူပြိုင်ပွဲ

(၅)အမှားနှင့် အမှန်

(၆)လောကီယသရဏဂုံယူပုံလေးမျိုး

(၇) ဘာဝ-ဓမ္မ နှင့် နေယျ-ကိစ္စ

(၈) အမှားနှင့်အမှန်(၂)

တစ်ဖန် သံဝိဘာဂစာစဉ်မှ-

(၁)ပန်းပြတ်ခိုက်ကြုံမကြုံ

(၂)ကျေးဇူးရှိသူ နှင့် ကျေးဇူးကြီးသူ

(၃)ဆုတောင်းပြည့်ချင်သလား

(နှလုံးလှဓမ္မစာစဉ်မှ-တစ်ကမ္ဘာပတ်လုံးအသက်ရှည်နိုင်သူ)

(ကောင်းထွင်ရှုံစာပေမှ- ကမ္ဘာဦးအိမ်ထောင်ရေးသမိုင်း၊ ပစ္စုပ္ပန်ကမ္မဝါဒဘာလဲဘယ်လဲ)

စာအုပ်များကို ထုတ်ဝေနိုင်အောင်လည်း စီမံရသေးသည်။

အခုတစ်ပတ်အတွင်းမှာပင် သာသနာရေးဌာန ညွှန်ကြားရေးမှူး(ငြိမ်း) ဆရာကြီးဦးညွန့်မောင်၏ "နိဗ္ဗာန်ကိုရှုမြင်ချက်များ"စာအုပ်အတွက် တည်းဖြတ်မှုနှင့် အမှာစာရေးမှုတို့ကို ဆောင်ရွက်ပေးရသည်။

ဦးကောဝိဒ(မြိတ်)၏ အွန်လိုင်းပေါ်ကအမေးအဖြေများ(၂)စာအုပ်အတွက်လည်း တည်းဖြတ်မှုနှင့် အမှာစာရေးမှုတို့ကို ဆောင်ရွက်ရသည်။

အခု ဆရာဦးစိန်လင်း၏ "အနန္တနယသမန္တပဋ္ဌာန်းတရားတော်"အတွက်လည်း တည်းဖြတ်မှုနှင့် အမှာစာရေးမှုတို့ကို ဆောင်ရွက်ရသည်။ အခြားအခြား ဘာသာရေးပြဿနာများလည်း ရှိကြပါသေးသည်။ ၎င်းတို့အတွက်လည်း တတ်နိုင်သမျှ အဖြေဆောင်းပါးများ ရံခါရံခါ ရေးပေးရပါသေးသည်။

ထို့ပြင် အထူးပြု၍ ဆောင်ရွက်နေသည့် ကိစ္စကြီးများလည်း ရှိကြပါသေးသည်။ ၎င်းကိစ္စများမှာ ဤသို့တည်း-

## (၁) မိုးညှင်းမြို့ဦးခေမိန္ဒနှင့် မြစ်ကြီးနားမြို့ဦးဝိစိတ္တသာရာဘိဝံသတို့၏ ဟောပြောရေးသားချက်များကို အဓမ္မဝါဒဟု ဆုံးဖြတ်ခြင်း

(၁း က) ကချင်ပြည်နယ် ဟိုပင်မြို့ ဦးမင်္ဂလာစာရနှင့် ဦးနာရဒ နှစ်ပါးတို့က စောဒကပြု၍ တင်သွင်းမှုအရ ၁၃၆၈-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၁၀)ရက်၊ (၁၆. ၁၀. ၂၀၀၆)တနင်္လာနေ့တွင် ဆုံးဖြတ်ချက်ချမှတ်အပ်သော ဝိနည်း

ဓမ္မကံအဓိကရုဏ်းမှုခင်းအမှတ်(၁၅/၂၀၀၆)ဆုံးဖြတ်ချက်ကိစ္စ။

(၁း ခ) ၎င်းဆုံးဖြတ်ချက်နှင့်ဆက်နွယ်၍ ဖြစ်ပေါ်လာသော ၂၀၀၉-ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်-နေ့စွဲပါတိုင်ကြားစာကိစ္စ။

(၁း ဂ) မိုးညှင်းမြို့နယ် တရားရုံးတော်၌ ၂၀၀၉-ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်(၂၀၈/၀၉)အရ ဓမ္မရတနာမဂ္ဂဇင်းပါဆောင်းပါးရှင်ဝင်းမာခင်နှင့် အယ်ဒီတာဆရာကြီးဦးလေးမြိုင် နှစ်ဦးပူးတွဲ တရားစွဲဆိုခံရသောကိစ္စ။

(၎င်းကိစ္စမှာ "အခန်း ၁၅။ ဘာသာသာသနာဆိုင်ရာပြစ်မှုများ။ ၂၉၅-က"အရ အပြစ်ရှိမည်ဟု သတ်မှတ်စွဲဆိုထားသည်။)

(၁း ဃ) ဤကိစ္စနှင့်ဆက်စပ်နေသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ စာအမှတ် ၂၀၀/၁/(နိုင်-ဝိ) မဟန-၂၀၀၇-ရက်စွဲပါ စာထွက်သည့်ကိစ္စ။ ထိုစာနှင့်ပတ်သက်၍ ပြည်နယ်သံဃနာယကအဖွဲ့၏စာ။ မြို့နယ်သံဃနာယက အဖွဲ့၏စာ။ ၂၀၀၆-ခုနှစ်၊ အောက်တိုဘာလ(၁၆)နေ့က အဓမ္မဝါဒဟု ဆုံးဖြတ်ပြီးနောက်ပိုင်းတွင် ထပ်မံ၍ ဟောကြားထားသောအဓမ္မဝါဒအဟောင်းများ(စိစစ်ယှဉ်ပြချက်များ)ကိစ္စ။

(၁း င)ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်(၂၀၈/၀၉)အရ စွဲချက်ထဲတွင် မိုးညှင်းမြို့ မဟာသတိပဋ္ဌာန်အရှေ့ရိပ်သာသို့ ကြွရောက်၍ တရားဟောသော တောင်ငူမြို့ စည်ပင်ဂိုဏ်းအုပ်စာသင်တိုက် ဆရာတော်ဘဒ္ဒန္တဉာဏိန္ဒာလင်္ကာရဟု ပါရှိခြင်းကိစ္စ။

<u>(၎င်းသည် ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာအမည်ခံမိုးပြာဂိုဏ်း၏အကြီးအကဲတစ်ဦးဖြစ်သည်။)</u>

## (၂) မြစ်ကြီးနားမြို့ဦးဝိစိတ္တသာရာဘိဝံသ၏ ဟောပြောရေးသားချက်များကို အဓမ္မဝါဒဟု ဆုံးဖြတ်ခြင်း

(၂း က) ကချင်ပြည်နယ် ဟိုပင်မြို့ ဦးမဏ္ဍလာစာရ၊ ဦးနာရဒတို့နှင့် ရန်ကုန်တိုင်း ကမာရွတ်မြို့ ဦးကုန္ဒာစရိယာဘိဝံသ သုံးပါးတို့က စောဒကပြု၍ တင်သွင်းမှုအရ ၁၃၇၀-ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၈)ရက် (၁၇. ၂. ၂၀၀၈)အင်္ဂါနေ့တွင် ဆုံးဖြတ်ချက်ချမှတ်အပ်သော နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၆/၂၀၀၈)ဆုံးဖြတ်ချက်ကိစ္စ။

(၂း ခ) ၎င်းကိစ္စနှင့်ပတ်သက်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် သာသနာရေးဝန်ကြီးဌာနတို့က ထုတ်ပြန်သောစာကိစ္စနှင့် ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ဝရမ်းစာကိစ္စ။

(စုဒိတကဖြစ်သူ ဦးဝိစိတ္တသာရာဘိဝံသ သည် ဝရမ်းထုတ်ထားခြင်းခံနေဆဲ ဖြစ်ပါသည်။
၎င်းကို ၁၇-၃-၂၀၁၀ နေ့တွင် သက်ဆိုင်ရာက မန္တလေးမြို့တွင် ထိန်းသိမ်းထားလိုက်ကြောင်း သိရပါသည်။)

(၂း ဂ) ၎င်းစုဒိတကဖြစ်သူ ဦးဝိစိတ္တသာရာဘိဝံသ(မြစ်ကြီးနား)က ၂၀၀၉-ခုနှစ် ဇွန်လ(၂၀)ရက် နေ့စွဲဖြင့် ထေရဝါဒကို စွန့်လွှတ်ကြောင်း ထုတ်ပြန်သည့်စာကိစ္စ။

(၂း ဃ) ဝရမ်းထုတ်ထားခြင်းခံနေရသော်လည်း ဖမ်းမိခြင်းမရှိသေးမီအတွင်း ကျောက်ဆည်မြို့နယ်အတွင်းရှိရွာများ၌ မိုးပြာဝတ်ရုံဖြင့် စည်းရုံးရေးတရား ဟောပြောနေကြောင်း၊ ရေဦးလမ်းဆုံမှ ခရီးဆက်သွားရသည့် ချောင်းဆုံရွာ၌လည်း သင်္ကန်းဝတ်ရုံ(ကြက်ပေါင်ဖိနပ်)ဖြင့် စည်းရုံးရေးတရား ဟောပြောနေကြောင်း၊ မိုးကုတ်မြို့တွင်လည်းကောင်း မန္တလေး ရန်ကင်းတောင်ခြေတွင်လည်းကောင်း နေထိုင်လျက်ရှိကြောင်း သတင်းထွက်နေမှုများကိစ္စ။

(သတင်းမှား-သတင်းမှန်ဟု အတည်မပြုနိုင်သေးပါ။)

(၂၈င) ၎င်းစုဒိတကသည် သူနှင့်အမြဲတမ်း အဆက်အသွယ်ရှိသည်ဟု ယူဆရသော မိုးကောင်းမြို့ ကျွန်းတောရပ် ပစ္ဆိမာရုံကျောင်းတိုက် ဦးကေတုမာလာထံ ပေးစာကိစ္စ။

# (၃)ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာအမည်ခံမိုးပြာဂိုဏ်းဝင်တို့၏ ဟောပြောရေးသားချက်များကို တင်ပြထားခြင်း

(၃းက) ဖေါ်ပြပါဦးဉာနိန္ဒာလင်္ကာရ ဦးဝိစိတ္တသာရာဘိဝံသတို့က (ဒုတိယခေါင်းဆောင်၊ တတိယခေါင်းဆောင်)အနေဖြင့် နေရာရထားသော ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာအမည်ခံမိုးပြာဂိုဏ်းကို စောဒနာမှုပြုနိုင်ရန် နှိုးဆော်လွှာစီစဉ်ခြင်းကိစ္စ။

(၃းခ) ၎င်းဂိုဏ်းထုတ်စာအုပ်ပေါင်း(၆၀)ကျော်နှင့် ခွေများ၊ စာရွက်စာတမ်းများ၊ ပန်းဖလက်လစဉ်ထုတ်များကိုအစွဲ ပြု၍ စောဒကဆရာတော်(၆)ပါးကို့က (၁. ၁. ၂၀၀၉)နေ့တွင် တင်သွင်းအပ်သော သနိဒါနမဟာစောဒနာအမည်ရှိ စောဒနာလွှာအမှုတွဲကိစ္စ။

(နိဒါန်းစာအုပ်ကတစ်အုပ်။ စောဒနလွှာပထမတွဲတစ်အုပ်။ ဒုတိယတွဲတစ်အုပ်။ တတိယတွဲက တစ်အုပ် အားလုံး စောဒနာလွှာလေးအုပ်။ သက်သေခံစာအုပ်ပေါင်း(၃၇)အုပ် တင်ပြထား၏။)

(၃းဂ) ၎င်းတို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ထုတ်ပြန်သော ၂၀၀၉-ခုနှစ်၊ ဧပြီလ ၆-ရက် နေ့စွဲပါစာကိစ္စ။ ၂၀၀၉-ခုနှစ်၊ မေလ ၁၃-ရက် နေ့စွဲပါစာကိစ္စ။

**(၃းဃ) ၎င်းစာအရ (၁. ၆. ၂၀၀၉-မှ ၈. ၆. ၂၀၀၉-အထိ) ကမ္ဘာအေးဌာနသို့ စောဒကများ ကြွရောက်၍ ပြန်လည်ပြင်ဆင်တင်သွင်းအပ်သော စောဒနာလွှာစာမူကိစ္စ။ (ယခု ရုံးတွင် ဆောင်ရွက်ဆဲအမှုတွဲ။)**

(၃းင) ၎င်းမိုးပြာဂိုဏ်း၏ ၁၃၄၄(၁၉၈၃)ခုနှစ်က ပထမအကြိမ် ရှုံးနိမ့်ပြီး လူဝတ်လဲရသော ဝိနိစ္ဆယကိစ္စ။ ၎င်းနောက်ဆက်တွဲအနေဖြင့် ၁၉၈၅-ခုနှစ်တွင် ထောင်သုံးနှစ်ကျခံရသောအမှုတွဲအတွက် မန္တလေးရုံးထိုင် ဗဟိုတရားရုံး တရားသူကြီး၏ ပြင်ဆင်မှုရုံးအမှုတွဲကိစ္စ။

(၃းစ) ဓမ္မဝိဟာရီနိဒါန်းစာအုပ်နှင့် ဓမ္မဝိဟာရီအမည်ခံရှင်ဉာဏ၏ အသက်(၇၀)ပြည့်မွေးနေ့ အထိမ်းအမှတ်နှင့် ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာဂိုဏ်း၏ (၂၅)နှစ်ပြည့်ငွေရတု အထိမ်းအမှတ်အနေဖြင့် ထုတ်ဝေထားသောငွေရတုပူဇာစာအုပ်ကို (၂၀၀၇)ခုနှစ်တွင် ထုတ်ဝေသောကိစ္စ။

(၃းဆ) မေတ္တာတံခွန်အသင်းလက်ယာ၏ အစီရင်ခံစာကိစ္စ။ ထိုစာအတွက် မိုးပြာခေါင်းဆောင်ရှင်ဉာဏ(ဓမ္မဝိဟာရီ)၏ (၁၃. ၇. ၂၀၀၉)ရက်စွဲပါပြန်ကြားစာကိစ္စ။

(၃းဇ) နိုင်ငံတော်က အတည်ပြုထုတ်ပြန်အပ်ပြီးသော အဓမ္မဝါဒဝိနိစ္ဆယဆိုင်ရာတို့ကို စာနယ်ဇင်းတို့မှာ ထည့်သွင်းဖေါ်ပြနိုင်ရေးကိစ္စ။

(၃းဈ) လွတ်လပ်စွာကိုးကွယ်ခွင့်ရ-ဥပဒေနှင့် ဗုဒ္ဓဘာသာအမည်ပါ ဘာသာရေးဂိုဏ်းသစ် မတည်ထောင်ရ-ဥပဒေတို့ကို ပုဒ်မခွဲများဖြင့် စေ့စေ့စပ်စပ် ပြည့်ပြည့်စုံစုံ ဖေါ်ပြပြဋ္ဌာန်းထားနိုင်ရေးကိစ္စ။

(၃းည) နိုင်ငံတော်က အဓမ္မဝါဒဟု ဆုံးဖြတ်ထားပြီးသော ဘာသာရေးသမားများနှင့် ဘာသာရေးအဆောက်အဦးများအား ဘာသာရေးဆိုင်ရာ ဟောပြောဖြန့်ချိမှု လုံးဝခွင့်ပြုခြင်းမရှိဘဲ ပိတ်ပင်နိုင်ရေးကိစ္စ။

(၃း၄) အခြားအခြား အဓမ္မဝါဒဟောင်းများလည်း ပြန်လည်ခေါင်းထောင်လာခြင်းကို ဖေါ်ထုတ်တင်ပြနိုင်ရေးကိစ္စ။

(၃း၅) အဓမ္မဝါဒဂိုဏ်းသစ်များ ပေါ်ထွက်နေခြင်းတို့ကို ဖေါ်ထုတ်တင်ပြနိုင်ရေးကိစ္စ။

## (၄) ဆူးလေဦးမြင့်သိန်း၏အဓမ္မဝါဒဟောင်းကို ထေရဝါဒဒဿနသမ္ဘဒါနည်းအမည်သစ်ဖြင့် ပြန်လည်ဖေါ်ထုတ်ထားသည့် ဟောပြောရေးသားချက်များကို ရှင်းလင်းခြင်း

(၄းက) ထေရဝါဒဆိုင်းဘုတ်အောက်မှာ အမှားဝက်ပါ-စာအုပ် ထွက်ပေါ်လာခြင်းကိစ္စ။

(၄းခ) ဓမ္မစေတီဂိုဏ်းနှင့် ဂုဏ်းဂိုဏ်း၏နောက်ခံသမိုင်း-စာအုပ် ထွက်ပေါ်လာခြင်းကိစ္စ။

(၄းဂ) ထေရဝါဒအနှစ်သာရကိုစိစစ်ကြည့်ခြင်း-ဆောင်းပါးကိစ္စ။

(၄းဃ) ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ပြည်သူ့တရားသူကြီးအဖွဲ့ စာအမှတ် ၁၀၇/၂၉/ပတဖ (၈၆) ရက်စွဲ ၁၉၈၆-ခုနှစ်၊ ဇူလိုင်လ ၂၄-ရက် နေ့စွဲဖြင့် ထုတ်ပြန်ပြဌာန်းထားသော ညွှန်ကြားချက်ကိစ္စ။

(၄းင) ဆူးလေဦးမြင့်သိန်း၏ ၁၉၈၃-ခုနှစ်က အဓမ္မဝါဒကို လိမ်ညာ၍ ပြန်လည်ထုတ်ဖေါ်ဟောပြောပို့ချဖြန့်ချိနေသူအား တရားစွဲဆိုနိုင်ရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ထံ ဩဝါဒခံယူခွင့်ပြုပါရန် လျှောက်တင်စာကိစ္စ-စသည်များ ဖြစ်ကြပါသည်။

ထို့ပြင် ဓမ္မဝါဒ အဓမ္မဝါဒ အငြင်းပွါးမှုများနှင့် စပ်လျဉ်း၍ သိလိုသူများက တွေ့ဆုံ၍ ဖြစ်စေ၊ ပင့်ဖိတ်၍ဖြစ်စေ ဟောပြောပေးရန် တောင်းပန်သောအခါ ဟောပြောပေးရခြင်းကိစ္စတို့နှင့် ထိုထိုဟောပြောချက်များကို ဓမ္မဝါဒ လိုလားကြသူတို့က လက်ဆင့်ကမ်းဖြန့်ချိနေခြင်းကိစ္စတို့လည်း ရှိနေကြပါသေးသည်။

ဤကဲ့သို့သော မျက်မှောက်ခေတ်သာသနာရေး ကိစ္စများအကြောင်း ဆရာဦးစိန်လင်းလည်း ကြားသိကောင်းကြားသိနေပါလိမ့်မည်။ သို့သော် ထိုထိုကိစ္စများအတွက် ဆောင်ရွက်သူများတွင် စာရေးသူလည်း ပါဝင်နေကြောင်းနှင့် စာရေးသူလည်း အလွန်ပင် အလုပ်များနေကြောင်းတို့ကိုမူ သိခွင့်ရကောင်းမှ သိခွင့်ရပါလိမ့်မည်။

အဘယ့်ကြောင့်ဆိုသော် သာသနာရေးကိစ္စများကို ဆောင်ရွက်ရာတွင် သာသနာ့ဝင်မှတ်ပုံတွင် နံပါတ်ကို အသုံးပြုရသည့်ကိစ္စများ ပါရှိသည်ဖြစ်၍ အရှင်ကုဏ္ဍာစရိယာဘိဝံသအမည်ဖြင့်သာလျှင် ဆောင်ရွက်ရပါသည်။

(မစိုးရိမ်စာသင်သား-အမည်ဖြင့် ဆောင်ရွက်ချက် မရှိပါ။)

## စာပိုဒ်အမှတ်(၄)

အထက်ပါကိစ္စများကို ၂၀၀၆-ခုနှစ်မှ အစပြု၍ အဆင့်ဆင့်ဆောင်ရွက်လာကြရာတွင် မည်သည့်အဆင့်မှာ မဆို မည်သည့်ကိစ္စမှာမဆို သက်ဆိုင်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများထံ လျှောက်ထားပြီးမှသာ ဆောင်ရွက်ရပါသည်။

နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန ဦးစီးဌာန အကြီးအကဲများ အရာရှိများထံလည်း အကြောင်းကြားပြီးမှသာ ဆောင်ရွက်ရပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသို့မလျှောက်ထားဘဲဆောင်ရွက်လျှင်- ထိုသို့အကြောင်းမကြားဘဲဆောင်ရွက်လျှင်-

သတင်းမှားများဖြင့် ပြစ်မှုမြောက်အောင် ချောက်ချပေးပြီး နိုပ်ကွက်လိုသူများအတွက် အကွက်ဝင်သွားမည် လမ်းပေါက်ရသွားမည် ဖြစ်ပေသည်။

ဤသို့မဟာနာယကဆရာတော်ကြီးများ၊ သာသနာရေးဌာန အကြီးအကဲများထံ လျှောက်ထား-အကြောင်းကြား

ပြီးမှ ဆောင်ရွက်သည့်ပမာဏအဆင့်ဆင့်မှာပင် သတင်းမှားများဖြင့် ခြိမ်းခြောက်ခံရမှုများ၊ သတင်းမှားများပို့ပေး-ရောက်ရှိစေပြီး ထိုထိုသတင်းမှားများကို မဟာနာယကဆရာတော်ကြီးများနှင့် အကြီးအကဲများထံ တင်ပြလျှင် တင်ပြသူ (စောဒက)တို့အပေါ်မှာ မဟာနာယကဆရာတော် ကြီးများနှင့် အကြီးအကဲများက အယုံအကြည်ကင်းမဲ့သွားစေရန် တမင်စီမံ၍ ခြောက်ချပေးမှုများကိုပင် တွေ့ကြုံရဖူးပြီး ဖြစ်ပါသည်။

သို့ရာတွင် ဆရာတော်ကြီးများနှင့် အကြီးအကဲများကမူ အယုံအကြည်ကင်းမဲ့မှုဖြင့် လျစ်လျူမရှု ဥပေက္ခာ မပြုသည့်အပြင် ပို၍ပင် ချီးမြှောက်ထောက်ကူကြပါသေးသည်။

## (အကျယ်ချဲ့၍ရှင်းလင်းပြပါဦးအံ့ -)

၁။ ၂၃. ၁၁. ၂၀၀၈-နေ့စွဲထုတ် ကြေးမုံသတင်းစာ (မြန်မာ့အလင်းသတင်းစာ)တို့တွင် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး၏ “ထေရဝါဒဗုဒ္ဓသာသနာတော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို အရေးယူတားဆီးကာကွယ်ရန် ဆောင်ရွက်ခွင့်ရှိ”ဟူသောခေါင်းစဉ်ဖြင့် ချီးမြှင့်ထားအပ်သော သာရဏီယသြဝါဒကထာကို ကြေးမုံသတင်းစာ စာမျက်နှာ(၉)တွင် အပြည့်အစုံ ဖော်ပြထားပါသည်။ လေ့လာ ကြည့်ကြပါရန် တိုက်တွန်းအပ်ပါ၏။

၂။ ၂၃. ၁၁. ၂၀၀၈-နေ့စွဲထုတ် ကြေးမုံသတင်းစာ (မြန်မာ့အလင်းသတင်းစာ)တို့တွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၏ “သာသနာတော်မြတ်ကြီး အရှည်တည်တံ့ခိုင်မြဲအောင်၊ တိုးတက်ထွန်းကား ပြန့်ပွါးအောင် ထမ်းဆောင်ကြရာတွင် ရဟန်းသာမဏေသံဃာတော်များအားလုံး အချင်းချင်း ချစ်ခင်လေးစား တန်ဖိုးထားလျက် ညီညွတ်ပါမှ အောင်မြင်မည်”ဟူသောခေါင်းစဉ်ဖြင့် လျှောက်တင်အပ်သော သာသနာရေးဆိုင်ရာ လျှောက်ထားလွှာကို ကြေးမုံသတင်းစာ စာမျက်နှာ(၈)တွင် အပြည့်အစုံ ဖော်ပြထားပါသည်။ လေ့လာကြည့်ကြပါရန် တိုက်တွန်းအပ်ပါ၏။

၃။ ၂၆. ၂. ၂၀၀၉-နေ့စွဲထုတ် ကြေးမုံသတင်းစာ (မြန်မာ့အလင်းသတင်းစာ)တို့တွင် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး၏ “ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး၌ မည်သည့်အညစ်အကြေးများ၊ မည်သည့်ဘေးရန်များ၊ မည်သည့်အနှောက်အယှက်များ ဖြစ်ပေါ်နေသည်ဟု တိကျပြတ်သားစွာ သိမြင်အောင် ဆင်ခြင် ထောက်လှမ်း လေ့လာစုံစမ်းမှု ပြုနေကြဖို့လို”ဟူသောခေါင်းစဉ်ဖြင့် ချီးမြှင့်ထားအပ်သော သာရဏီယသြဝါဒကထာကို ကြေးမုံသတင်းစာ စာမျက်နှာ(၄)တွင် အပြည့်အစုံ ဖော်ပြထားပါသည်။ လေ့လာကြည့်ကြပါရန် တိုက်တွန်းအပ်ပါ၏။

၄။ ၂၆. ၂. ၂၀၀၉-နေ့စွဲထုတ် ကြေးမုံသတင်းစာ (မြန်မာ့အလင်းသတင်းစာ)တို့တွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၏ “ရဟန်းတော်များသည် အဖန်ဖန်အထပ်ထပ် စည်းဝေးတိုင်ပင် ညှိနှိုင်းကြပါလျှင် အချင်းချင်းယုံမှားသံသယကင်း၍ စိတ်တူကိုယ်မျှ ဆောင်ရွက်နိုင်ကြသဖြင့် သာသနာတော်မြတ်ကြီးသည် စည်ပင် တိုးတက်လာမည်မှာ အမှန်ပင်ဖြစ်”ဟူသောခေါင်းစဉ်ဖြင့် လျှောက်တင်အပ်သော သာသနာရေးဆိုင်ရာ လျှောက်ထား လွှာကို ကြေးမုံသတင်းစာ စာမျက်နှာ(၈)တွင် အပြည့်အစုံ ဖော်ပြထားပါသည်။ လေ့လာကြည့်ကြပါရန် တိုက်တွန်းအပ် ပါ၏။

၅။ ၁. ၃. ၂၀၀၉-နေ့စွဲထုတ် ကြေးမုံသတင်းစာ (မြန်မာ့အလင်းသတင်းစာ)တို့တွင် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး၏ “သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်း၍ ဓမ္မစက်၊ အာဏာစက် တွဲဖက်လျက် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွါးရေး ဆောင်ရွက်ခဲ့”ဟူသောခေါင်းစဉ်ဖြင့် ချီးမြှင့်ထားအပ်သော သာရဏီယ သြဝါဒကထာကို ကြေးမုံသတင်းစာ စာမျက်နှာ(၃)တွင် အပြည့်အစုံ ဖော်ပြထားပါသည်။ လေ့လာကြည့်ကြပါရန် တိုက်တွန်းအပ်ပါ၏။

၎င်းအစည်းအဝေးတွင် လျှောက်တင်အပ်သော သာသနာရေးဆိုင်ရာလျှောက်ထားလွှာကို သတင်းစာမှာ မတွေ့ရပါ။

၆။ ၈. ၁၁. ၂၀၀၉-နေ့စွဲထုတ် ကြေးမုံသတင်းစာ (မြန်မာ့အလင်းသတင်းစာ)တို့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး၏ "သာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွါးရေး သုံးရပ် အကောင်အထည်ပေါ်လာအောင် ဆရာတော်များ၊ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဥပါသကာ၊ ဥပါသိကာများ လက်တွဲညီညာဆောင်ရွက်"ဟူသောခေါင်းစဉ်ဖြင့် ချီးမြှင့်ထားအပ်သော သာရဏီယသြဝါဒကထာကို ကြေးမုံသတင်းစာ စာမျက်နှာ(၆)တွင် အပြည့်အစုံ ဖော်ပြထားပါသည်။ လေ့လာကြည့်ကြပါရန် တိုက်တွန်းအပ်ပါ၏။
၎င်းအစည်း အဝေးတွင် လျှောက်တင်အပ်သော သာသနာရေးဆိုင်ရာလျှောက်ထားလွှာကို သတင်းစာမှာ မတွေ့ရပါ။

၇။ ၉. ၁၁. ၂၀၀၉-ရက်စွဲဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးနှင့် အကျိုးတော်ဆောင်ဆရာတော်ကြီး နှစ်ပါးတို့၏ လက်မှတ်ပါ ညွှန်ကြားလွှာအမှတ်(၉၄)ကို ထုတ်ပြန်ထားကြောင်း သိရပါသည်။

အမှတ်(၉၄)တွင် စာပိုဒ်ခွဲ(၁။ ၂။ ၃။ ၄။)ဟူ၍ ပါရှိရာမှာ (၃။)အတွင်း၌

**". . . ထို့ပြင် ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၅)ပါးစုံညီ အစည်းအဝေးက အဓမ္မဝါဒဟု ဆုံးဖြတ်ထားပြီးဖြစ်သော ဆူးလေ ဦးမြင့်သိန်းဝါဒနှင့် ရှင်ဉာဏဝါဒ(ဓမ္မဝိဟာရီမိုးပြာဂိုဏ်းဝါဒ) စသည်တို့ကိုလည်း ယခုအခါ အသွင်အမျိုးမျိုး ဖြင့် ပြန်လည်ထုတ်ဖော်လျက် ထေရဝါဒဗုဒ္ဓသာသနာတော်အတွင်း ဓမ္မအဓမ္မ ဝိဝါဒါဓိကရုဏ်းဖြစ်အောင် လှုံ့ဆော်ဖန်တီးလာကြပါသည်။ ထို့ပြင်. . . "**

ဟူ၍ ပါရှိပါသည်။ လေ့လာကြည့်ကြပါရန် တိုက်တွန်းအပ်ပါ၏။

## စာပိုဒ်အမှတ်(၅)

စာပိုဒ်အမှတ် (၃။ ၄)တို့တွင် ဆရာဦးစိန်လင်း၏ ရာထူးတွေ ဌာနတွေ ပြောင်းလဲတိုးတက်လာပုံများ၊ အလုပ်တာဝန်တွေ ပိုမိုကြီးလေးလာပုံများကို အကြောင်းပြုမိပြီးတော့ စာရေးသူနှင့် ပတ်သက်နေသော မျက်မှောက်ခေတ်သာသနာရေးကိစ္စတို့ကိုလည်း ဆင်ခြင်မိပါကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာ ပွင့်တော်မူပြီးချိန်မှ နောက်ပိုင်း သာသနာ့သမိုင်းတစ်လျှောက်လုံးမှာ ဤကဲ့သို့ဓမ္မဝါဒီများနှင့် အဓမ္မဝါဒီများ မြင့်တစ်ချီနိမ့်တစ်လှည့် ကြုံတွေ့ရင်ဆိုင်ခဲ့ကြ ရပုံများနှင့် ငြင်းခုံမှုရှိခဲ့ကြပုံများကို အဆင့်မြင့် ဘာသာရေး စာပေ အလေ့အလာများပြား၍ နှံ့စပ်သူတိုင်း နားလည်နေကြ ပြီးဖြစ်ပါသည်။ မှန်လှပါပေ၏။

ဆရာဦးစိန်လင်း၏ ဤပဋ္ဌာန်းတရားတော်စာအုပ်အတွင်းမှာပင်-

"ဒီနေရာမှာ စိတ်ဝင်စားဖို့ကောင်းတာက မြတ်စွာဘုရားက ပဋ္ဌာန်းမှာ "ဟဒယဝတ္ထု" ဒါမှမဟုတ် "ဟဒယရုပ်" ဆိုပြီး ဟောခဲ့တာမဟုတ်ပါဘူး။ ယံရူပံ=အကြင်ရုပ်တစ်ခု(A certain material)ကို မနောဝိညာဏ်က လာရောက်မှီတွယ်တယ်ဆိုပြီး ဟောခဲ့တာပါ။ ဒါ့ကြောင့်မို့ အဘိဓမ္မာမှာ ဟဒယဝတ္ထုရုပ် ရှိတယ်-မရှိဘူးဆိုတာ တောတော်ပြဿနာ ဖြစ်ကြပါတယ်။

ရှေးဆရာတော်များကတော့-"လူတွေမှာရှိတဲ့ စိတ်(Mind)ရဲ့မှီတွယ်ရာဟာ နှလုံးအိမ်အတွင်းမှာရှိတဲ့ နှလုံးသွေး(Heart-base)ဖြစ်မယ်ဆိုပြီး ယူဆထားကြပါတယ်။ ဒီနှလုံးသွေးကတော့ ပဋိသန္ဓေမှာပါလာတဲ့ ကမ္မဇသွေး ဒါမှမဟုတ် ကမ္မဇရုပ်(Kamma-produced blood or matter)ပဲ ဖြစ်ပါတယ်။

အမရပူရမြို့ ကျမ်းပြုအကျော် မဟာဂန္ဓာရုံ ဆရာတော်အရှင်ဇနကာဘိဝံသကတော့-"စိတ်ရဲ့မှီတွယ်ရာ ဝတ္ထုရုပ်ဟာ နှလုံးအိမ်မှာသာ တည်ရှိတယ်ဆိုတာကို ဘာသာဋီကာကျမ်းမှာ အောက်ပါအတိုင်း ရှင်းပြထားပါတယ်။

"တစ်စုံတစ်ခုသော စိတ်မချမ်းမြေ့ဖွယ် ဖြစ်ရတဲ့ အခါတွေမှာ ပြင်းပြတဲ့အပူဓာတ်ဟာ ဦးနှောက်မှတစ်ဆင့် နှလုံးသွေးသို့ ရောက်သွားလို့ ရင်ထဲပူလာတာကိုလည်း ကောင်း၊ တစ်စုံတစ်ယောက်ဟာ ခြောက်လှန့်လို့ဖြစ်စေ၊ ပြင်းထန်တဲ့ပေါက်ကွဲသံ အမြောက်သံတို့ကို ကြားရလို့ဖြစ်စေ စိတ်တုန်လှုပ် ချောက်ချားတဲ့အခါ နှလုံးသွေးနဲ့ရင်တွေ ခုန်နေတာကိုလည်းကောင်း၊ အပြင်းအထန်ပူဆွေးသောက ဖြစ်ရတဲ့အခါ ရင်ထဲမှာ နှလုံးကြေကွဲသလို ခံစားရပြီး ပျော်ရွှင်ကြည်နူးတဲ့အခါ ရင်ထဲမှာ တစ်မျိုးတစ်ဖုံ ဖြစ်သွားပါ တယ်။

ဒီအကြောင်းများကြောင့် "စိတ်ရဲ့မှီရာဟာ နှလုံးအိမ်ဟဒယ အတွင်းမှာ ရှိတယ်ဆိုတာကို ယုံကြည်ထိုက်ပါတယ်" လို့ ရှင်းလင်းတင်ပြထားပါတယ်။ ဒါပေမဲ့ အနောက်တိုင်း သုတေသီများကတော့-"စိတ်ရဲ့မှီတွယ်ရာဟာ ဦးနှောက်(Brain)မှာပဲ ရှိတယ်လို့ ဆိုကြပါတယ်။ ဆေးပညာရှင်များကလည်း လက်တွေ့ခွဲစိတ် စမ်းသပ်လေ့လာချက်များအရ-"အာရုံ

ခံစားမှုတွေ၊ စိတ်တွေရဲ့ဗဟိုထိန်းချုပ်မှုစနစ်(Central Nervoussystem)နဲ့ အမြင့်ဆုံးကွပ်ကဲတဲ့နေရာ(Higher Neurological Centre)တွေဟာ ဦးနှောက်(Brain)မှာပဲ ရှိတယ်လို့ ဆိုကြပါတယ်- (စာ၊ ၁၁၈)"ဟူ၍ အငြင်းပွါးဖွယ်ရာ ရှိနေပုံများကို မှတ်တမ်းတင်၍ နှိုင်းယှဉ်ပြထားပါသည်။

## မှတ်ချက်

ဆေးပညာရှင်တို့၏အဆိုသည် အဘိဓမ္မာနှင့် ညီပါသည်။ ဦးနှောက်သည် စိတ်၏မှီရာရုပ်-မဟုတ်သော်လည်း အပြင်အာရုံများ၏ ထိခတ်မှုက စက္ခုပသာဒစသည်တို့သို့ ဆိုက်ရောက်ပြီးသောအခါ ဦးနှောက်သို့ ထိခိုက်လာ၏။ ထို့အတူ အတွင်းအာရုံများ(အတွေးများ)၏ ထိခတ်မှုက ဘဝင်စိတ်အစဉ်(မနောဒွါရ)သို့ ဆိုက်ရောက် ပြီးသောအခါ ဦးနှောက်သို့ ထိခိုက်လာ၏။ ထို့ကြောင့် ဦးနှောက်သည် အာရုံတို့၏ ထိခိုက်ရာဌာနဖြစ်၍ အာရုံတို့ကို တုံ့ပြန်ရာဌာနလည်း ဖြစ်သည်။

သို့ဖြစ်ပါ၍ မဟာဂန္ဓာရုံဆရာတော်ကြီး၏ ရှင်းလင်းချက်အတိုင်းသာ အမှန်ဟု မှတ်ယူသင့်ပါသည်။

ဦးနှောက်သည် အာရုံတို့ကို မနောဝိညာဏ်စိတ်က တုံ့ပြန်ရာခံစားရာတို့တွင် ကွပ်ကဲရာဌာန ထိန်းချုပ်ရာဌာန ဟုတ်ပါသည်။ ထို့ကြောင့် ဆေးပညာရှင်တို့၏ ရှင်းလင်းချက်များကိုလည်း အမှန်ဟုပင် မှတ်ယူသင့်ပါသည်။

(သို့သော် ဦးနှောက်သည် မနောဝိညာဏ်စိတ်တို့၏ မှီတွယ်ရာဌာန ဖြစ်တည်ရာဌာန မဟုတ်ပါ။)

ထို့ပြင် ဤအမှာစာအဖွင့်မှာ ကောက်နုတ်ဖော်ပြထားသည့်အတိုင်း ပရမတ္ထတရားတို့၌ နားလည်ခြင်းမရှိသူများ (ပစ္စုပ္ပန်ကမ္မဝါဒသမားများနှင့် သဏ္ဍာနပညတ်ကိုအာရုံပြု၍ ဝိပဿနာရှုရမည်ဟု ယူဆနေသော သမ္မာပထအကြောင်း သတ်သမားများ)၏ ဥစ္ဆေဒဒိဋ္ဌိရှိသူဖြစ်နေပုံများ၊ အဓမ္မဝါဒရှိသူဖြစ်နေပုံများကိုလည်း ဤစာအုပ်က မီးမောင်းထိုးပြထားပါသည်။

**"ဤစာအုပ်သည် မြန်မာစာဖတ်တတ်သူဖြစ်၍ ပဋ္ဌာန်းတရားလိုလားသူ မှန်သမျှတို့အား- ပဋ္ဌာန်းတရားတော်ဆိုင်ရာ ပရမတ္ထတရားသရုပ်များ၊ ဝေါဟာရအဓိပ္ပါယ်များ၊ အကြောင်းအကျိုးဆက်စပ်နေပုံများ၊ ကျေးဇူးပြုပုံများကို ခွဲခြားသိနိုင်စွမ်းရှိသော ဓမ္မာနုလောမဉာဏ်တို့ကိုလည်း ဖြစ်ပွါးကြွယ်ဝလာစေမည့် စာအုပ် ဖြစ်ပါသည်။ ဗုဒ္ဓသာသနာတော်၏ ဆန့်ကျင်ဘက် အတ္တဝါဒ၊ မိစ္ဆာဝါဒ၊ အဓမ္မဝါဒတို့ကို ခွဲခြားသိမြင်နိုင်စွမ်းရှိသော ဓမ္မပစ္စနီကဉာဏ်တို့ကိုလည်း ရှင်သန်ကြီးထွားလာစေမည့်စာအုပ် ဖြစ်ပါသည်။**

"ဤသာသနာတော်၌ ဓမ္မာနုလောမဉာဏ်ရှိနေဖို့ အလွန်လိုအပ်လှပါသည်။ ထို့ပြင် ဓမ္မပစ္စနီကဉာဏ်ရှိနေဖို့လည်း အလွန်လိုအပ်လှပါသည်။

"ဤဉာဏ်နှစ်မျိုးစလုံးကို "ဤအနန္တနယသမန္တပဋ္ဌာန်းစာအုပ်က ပေးအပ်လာတော့မည်"ဟုဆိုလျှင် စာဖတ်သူ- "တို့ကလည်း ခံယူနိုင်အောင် ခံယူရပေတော့မည်"ဟု နှလုံးသွင်းမိကြပါမူကား-

**"ရေးသူ ဖတ်သူ၊ အကျိုးတူ၊ ဖြူစင် ကုသိုလ်ပွါး။<br>ပါရမီပေါင်းစု၊ မြတ်ကောင်းမှု၊ ပြုစု ပြီးစေသား။<br>နိဗ္ဗာန်ရည်မှန်း၊ မဂ်ဖိုလ်လမ်း၊ ဉာဏ်စွမ်း ကြီးစေသား"။**

**မစိုးရိမ်စာသင်သား**<br>**(၁၄. ၁၂. ၂၀၀၉)**

# သဗ္ဗေ သတ္တာ ကမ္မဿကာ
# (ရှင်ဥပဂုတ်နောက်ဆက်တွဲပြဿနာ)

## (က)

"ခရစ်သက္ကရာဇ်-၂၀၀၇-ခုနှစ် ဖေဖော်ဝါရီလ အမှတ်စဉ် ၂၀၆ ဓမ္မရံသီဓမ္မမဂ္ဂဇင်းတွင် "အရှင်ကုန္တာစရိယာဘိဝံသ၏ "အသောကရာဇာ၏သာသနာပြုအောင်ပွဲ"ဆောင်းပါးကို ချေပသောဆောင်းပါး ဖြစ်သည်။ . . . . ။

"အထက်ပါဆောင်းပါးမှာ ၂-နှစ်ခန့်ရှိပြီဖြစ်သော်လည်း ချေပရေးသား၍ တည့်မတ်ပေးသည်ကို မတွေ့သေးချေ။ . . . . ။

"အရှင်ဥပဂုတ်ရဟန်း မရှိနိုင်ကြောင်း ရေးသားထားသော အထက်ပါဆောင်းပါးကို ဖတ်ရှုရသဖြင့် စိတ်မသက်မသာဖြစ်ရသည်။ ထို့ကြောင့် ဤချေပချက်ထက် ခိုင်လုံကောင်းမွန်ပြည့်စုံသော အဖြေမှန်စာပေများ ထွက်ပေါ်လာရန် ရည်စူး၍ စာရှုသူတစ်ဦးမှ မိမိဉာဏ်မီသမျှဖြင့် စုစည်းတင်ပြ ချေပလိုက်ပါသည်။. . . . "။

အထက်ပါအတိုင်း အစချီထားသော ဆောင်းပါးတစ်ဆောင်အကြောင်းကို ဓမ္မရသီဓမ္မမဂ္ဂဇင်းအယ်ဒီတာအဖွဲ့က လျှောက်ထားခြင်းကြောင့် ကြားသိခဲ့ရပြီးဖြစ်သော်လည်း ပြန်လည်ရှင်းလင်းလိုခြင်း အလျဉ်းမရှိသောကြောင့် မဖတ်လိုကြောင်းဖြင့် ပြန်လည်၍ ရှင်းပြထားခဲ့ပါသည်။

သို့သော်လည်း (၂၇. ၁၂. ၂၀၀၉)နေ့တွင် အယ်ဒီတာဆရာ ကိုယ်တိုင် စာရေးသူ့ထံ ဝင်ရောက်လာပြီးလျှင် ပေးစာကိုသော်လည်းကောင်း ရှင်းလင်းချက်ဆောင်းပါးကိုသော်လည်းကောင်း ရေးပေးစေလိုပါကြောင်းဖြင့် အထက်ပါအတိုင်း အစချီထားသောဆောင်းပါးလက်ရေးမူကို ဆက်ကပ်လာပါသည်။ ထို့ကြောင့် ဖတ်ကြည့်ဖြစ်ပါသည်။ သို့သော် အဖြေဆောင်းပါးလည်း ရေးသားပေးလိုစိတ် မဖြစ်ပေါ်ပါ။ ပေးစာလည်း ရေးပေးလိုစိတ် မဖြစ်မိပါ။

အဘယ့်ကြောင့်ဆိုသော် ထိုဆောင်းပါး၏အဆက်ဆောင်းပါးများကို (၁၃)ပုဒ်တိုင်တိုင် ဓမ္မရံသီ-ဓမ္မရတနာ မဂ္ဂဇင်းတို့တွင် ထည့်သွင်းဖော်ပြခဲ့ပြီး ဖြစ်သောကြောင့်လည်းကောင်း၊ ထို့ပြင်လည်း ၂၀၀၉-ခုနှစ်၊ ဇူလိုင်လတွင် ၎င်းဆောင်းပါးပေါင်းချုပ်ကို "တစ်ကမ္ဘာပတ်လုံးအသက်ရှည်နိုင်သူ"အမည်ဖြင့် စာအုပ်ဖြစ်အောင် ဆောင်ရွက်ထုတ်ဝေပေးထားခဲ့ပြီး ဖြစ်သောကြောင့်လည်းကောင်းတည်း။

ရှင်းပြပါဦးမည်-

**ဖော်ပြပါအတိုင်း အပြည့်အစုံ ဆောင်ရွက်ပေးထားသည်တို့ကို ကြည့်ရှုမိလျှင် အမှန်ကို သိလိုသူအတွက် အသိမှန်ကို ရရှိနိုင်လောက်ပြီ ဖြစ်ပါသည်။**

သူ၏စာတွင် ခရာဇ်သက္ကရာဇ်ဟု ရေးသားဖော်ပြထားသည်။ ခရာဇ်နှစ်ဟုသာ ရေးရမည်။ သက္ကရာဇ်ဝေါဟာရကို မည်သည့်အဓိပ္ပါယ်ဖြင့် ရေးသားသုံးစွဲရသည်ကိုပင် သိရှိဟန် မတူပေ။

ထို့ပြင်လည်း "ဓမ္မရံသီဓမ္မ မဂ္ဂဇင်းတွင်"အရှင်ကုန္တာစရိယာဘိဝံသ၏ "အသောကရာဇာ၏သာသနာပြုအောင်ပွဲ" ဆောင်းပါးကို ချေပသော ဆောင်းပါး ဖြစ်သည်"ဟု ရေးသားဖော်ပြထားသည်။ "ဓမ္မရံသီဓမ္မမဂ္ဂဇင်းပါ"ဟုသာ ရေးရမည်။ "တွင်"ဟု မရေးနိုင်ပေ။ "တွင်"သည်"ချေပသောဆောင်းပါး ဖြစ်သည်"မှာ စာစပ်ရမည့် ဌာနပြပုဒ် ဖြစ်ပါသည်။ သို့ဆိုလျှင် ထိုချေပဆောင်းပါးသည် ဓမ္မရံသီမဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြထားပြီးသောဆောင်းပါး"ဟု အဓိပ္ပါယ်ထွက်လာမည် ဖြစ်သည်။

ထို့ပြင်လည်း "ချေပရေးသား၍ တည့်မတ်ပေးသည်ကို မတွေ့ရသေး"ဟုလည်း ရေးသားဖော်ပြထားသည်။ အမှန်မှာ ချေပဖွယ်ရာ အဖြာဖြာတို့နှင့် ဆက်စပ်ရာရာတို့ကို အထက်တွင်ဖော်ပြပေးထားသည့်အတိုင်း ဆောင်းပါးပေါင်း (၁၃)ပုဒ်တိုင်အောင် ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါသည်။

သို့ပါ၍ "ခိုင်လုံကောင်းမွန်ပြည့်စုံသော အဖြေမှန်စာပေများ ထွက်ပေါ်လာခဲ့ပြီးပြီဖြစ်ပါ ကြောင်း အစီရင်ခံ၍ ပြန်လည်ညွှန်ပြလိုက်ပါသည်။

အထက်ပါတို့တွင် ". . . . "ပြထားရာတို့တွင် အရှင်ကန္တာစရိယာဘိ ဝံသ၊ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၊ ဇိနတ္ထပကာသနီကျမ်းတည်းဖြတ်သူများအကြောင်းကို ချီးမွမ်းခန်းဖွင့်ပြထားသည့်စာများ ပါရှိကြပါသည်။ အရေးမပါသည့် စာများဟု သဘောထားလိုက်ပါသည်။

(ခ)

**သူ၏အမေး။** ။"ရှင်ဥပဂုတ်ဆိုသည်မှာ မည်သည့်ကျောင်းနေ ရဟန်းပေနည်း။

**စာရေးသူ၏ရှင်းလင်းချက်။** ။ သူ၏အဖြေတွင် ဇိနတ္ထပကာသနီကျမ်းကို ကိုးကားပြလျက် ဖြေပြထားသည်။ စာရေးသူကမူ ထိုအဖြေကို အမှန်ဟု မသတ်မှတ်ပါ။ အခြားခိုင်မာသော အဋ္ဌကထာကျမ်း၊ ဋီကာကျမ်းများကို ကိုးကား၍ ဖြေပြထားပါမူကား လက်ခံသင့်လျှင် လက်ခံပါမည်။

**သူ၏အမေး။** ။"ရှင်ဥပဂုတ် ဘာ့ကြောင့် မာရ်နတ်ကို နိုင်သနည်း။

**စာရေးသူ၏ရှင်းလင်းချက်။** ။ အဖြေတွင် ပထမအနေဖြင့် အဿဂုတ္တထေရ်(=သကုလုဒါယီပရိဗိုဇ်မှ ဖြစ်လာသည့်ရဟန္တာ) အကြောင်းဖြင့် ရောနှောအောင်ပြုလုပ်လျက် ဖြေထားသည်။ ဒုတိယအနေဖြင့် ဇိနတ္ထပကာသနီလာ ဗျာဒိတ်စကားဖြင့် ဖြေထားသည်။ ပမာဏမြောက်သည့် ကျမ်းကိုးမပါသည့်အတွက် စာရေးသူအနေဖြင့် အဖြေမှန်ဟု သဘောမထားပါ။

(မိမိကြိုက်သည့်အတိုင်း ယူဆနိုင်ပါသည်။ မိမိကံအတိုင်း မိမိခံရမည်ကိုသာ သတိပြုကြရမည်။)

**သူ၏အမေး။** ။"အသောကမင်းကြီးကလည်း မြေပေါ်တစ်ယူဇနာ၊ မြေအောက်တစ်ယူဇနာ အာဏာရှိသောမင်းဖြစ်သည်။ အလှူအောင်ပွဲကျင်းပစဉ် စုဝေးသောသံဃာသည် ကုဋေ့ရှစ်ဆယ်ရှိပြီး ကျား/မ-အရိယာချည်း တစ်သိန်းရှိသည်။ ထို့ကြောင့် မာရ်နတ်ကို နှိမ်နင်းနိုင်မည် မဟုတ်လော။

**စာရေးသူ၏ရှင်းလင်းချက်။** ။ သူ၏အဖြေတွင် ဇိနတ္ထပကာသနီကျမ်းကို ကိုးကားပြလျက် နဂါးဂဠုန်ကိစ္စဖြင့် ပြထားသည်။ စာရေးသူကမူ ထိုအဖြေကို အမှန်ဟု မသတ်မှတ်ပါ။ အခြားခိုင်မာသော အဋ္ဌကထာကျမ်း၊ ဋီကာကျမ်းများကို ကိုးကား၍ ဖြေပြထားပါမူကား လက်ခံသင့်လျှင် လက်ခံမည် ဖြစ်ပါသည်။

**သူ၏အမေး။** ။"ဘိက္ခုနီမကလေးများအား ကာမဂုဏ်ခံစားရန် မာရ်နတ်က လာရောက်ပြောဆိုသောအခါ ဘိက္ခုနီမကလေးများက ငေါက်ထုတ်လိုက်သောအခါ မာရ်နတ်ပြန်သွားရသည်မှာ ကြောက်၍ မဟုတ်ပါလော။

**စာရေးသူ၏ရှင်းလင်းချက်။** ။ သူ၏အဖြေတွင် ကျမ်းကိုးမရှိသော အတ္တနောမတိများဖြင့်သာ ဖြေပြထားသည်။ ထို့ပြင် မာရ်နတ်၏အစွမ်းကို မာရတဇ္ဇနီယသုတ်ဖြင့် တင်ပြ၍လည်း ဖြေပြထားသည်။ မဟာပရိနိဗ္ဗာနသုတ်လာ ဣဒ္ဓိပါဒဘာဝနာစွမ်းဖြင့် တင်ပြ၍လည်း ဖြေပြထားသည်။ ၎င်းတို့နှင့်ပတ်သက်သည်တို့ကို "တစ်ကမ္ဘာပတ်လုံးအသက်ရှည်နိုင်သူ"စာအုပ်ထဲတွင် ရှင်းပြထားပြီး ဖြစ်ပါသည်။ ဤနေရာတွင် အကျယ်ရေးပြရန် အချိန်မရှိနိုင်တော့ပါ။

**သူ၏အမေး။** ။"ဈာန်သမာပတ်ဖြင့် နေ့ရက်များစွာ အစာမစားဘဲ ရှင်ဥပဂုတ် နေသည်(ဇိ-၇၆၂)ဟုဆိုသော စကားသည် ဖြစ်နိုင်ပါမည်လော။

**စာရေးသူ၏ရှင်းလင်းချက်။** ။ သူ၏အဖြေတွင် ဣဒ္ဓိပါဒဘာဝနာအစွမ်းဖြင့်ပင် ဖြေပြထားပါသည်။ အမှန်မဟုတ်ကြောင်းတို့ကို "တစ်ကမ္ဘာပတ်လုံးအသက်ရှည်နိုင်သူ"တွင် ရှင်းပြထားပြီးဖြစ်ပါသည်။

**သူ၏အမေး။** ။"သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ. . . . ။

**စာရေးသူ၏ရှင်းလင်းချက်။** ။ သူ၏အဖြေတွင် ရှင်ဥပဂုတ်နှင့် လုံးဝမဆိုင်သည်များဖြစ်၍ ဖြေရှင်းစရာမရှိ။

**သူ၏အမေး။** ။"ရဟန်းသည် လူဒကာဒကာမများအား တရားမဟောဘဲ နေ၍ ရပါသလော။ အပြစ်ရှိပါသလော။

**စာရေးသူ၏ရှင်းလင်းချက်။** ။ သူ၏အဖြေတွင် ဟောလိုက ဟောနိုင်သည်။ မဟောလိုက မဟောဘဲနေခဲ့ကြ

သည်-စသည်ဖြင့် ဖြေပြထားသည်။ မူလပဏ္ဏာသအဌကထာလာ ရထဝိနီတသုတ်အဖွင့်နှင့်မညီသောအဖြေဖြစ်၍ အမှန်ဟု မသတ်မှတ်ပါ။ (ကိုယ့်သဘောအားဖြင့် ကိုယ့်အဖြေကိုသာ အမှန်ဟု ယူလိုလျှင် ယူနိုင်ကြပါသည်။)

နောက်တွင်ဆက်လက်၍ "အဟောမတော်တစ်ခွန်း"အမည်ဖြင့် ရေးသားချက်များ ပါဝင်ကြပါသည်။ မူရင်းကိစ္စ အတွက် အရေးပါသည့်စာများ မဟုတ်ခြင်းကြောင့် ဖြေရှင်းနေဖွယ်မရှိ။

**သူ၏အမေး။** ။"ရဟန်းသည် ဂန္ထဓုရ ဝိပဿနာဓုရတို့ကို အားမထုတ်ဘဲ နေနိုင်ပါသလော။

**စာရေးသူ၏ရှင်းလင်းချက်။** ။ သူ၏အဖြေတွင် အဖြေရှေ့ပိုင်းအနေဖြင့် "ဘုရားလက်ထက်တော်က . . . . အလုပ်ကိုသင်ယူ၍ အလုပ်နှင့် သက်ဆိုင်သောပရိယတ်ကို ဆောင်ယူသွားခြင်း ဖြစ်သည်။ ပရိယတ်ကျမ်းဂန်ကိုသင်ယူပြီး တစ်ဖန်ပြန်ပို့ချဟောပြောသောအလုပ်ကို လုပ်ခြင်းမဟုတ်ပေ။

"မိမိသင်ယူတတ်မြောက်သော စာပေပရိယတ်ကိုပို့ချ၍ မြို့ကြီးများ၌ နာမည်ကြီးခြင်းများမှာ ဘုရားလက်ထက် တော်ကနှင့် ထို့နောက်ကာလများမှာ နည်းပါးခဲ့ကြသည်။

"ဘုရားလက်ထက်တော်အခါကမူ လိုအပ်သောပရိယတ်ကိုသာ အများအားဖြင့် သင်ကြားဆောင်ယူပြီး အရညဝါသီ တောရပ်သို့မှီကာ မရ်ပေါက်ဖိုလ်ဝင် တစ်ကိုယ်ကောင်း အားထုတ်သွားကြသည်"ဟု ဖြေပြထားပါသည်။

ယင်းအဖြေသည် ရထဝိနီတသုတ်ကို တိုက်ရိုက်တိုက်ခိုက်ထားသောအဖြေ ဖြစ်နေပါသည်။ အကျယ်သိလိုလျှင် မေးမြန်းစုံစမ်းကြည့်ကြပါလေ။

ထို့ပြင် မျဉ်းလိုင်းဆွဲပြထားသည့်စာကြောင်းကို သေချာဖတ်ကြည့်လျှင် အထက်စာကြောင်း(သို့) အောက်စာ ကြောင်းနှင့် မည်သို့ဆက်စပ်၍ မည်သည့်အဓိပ္ပါယ်ကို ပြဆိုလိုကြောင်း ဝေဝါးနေပါသည်။

အဖြေနောက်ပိုင်းအနေဖြင့်-

"အများအကျိုးဆောင်နေသော ရဟန်းသည် ကိုယ်ကျိုးမဂ်ဖိုလ်ကို မရဘဲ "သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ"ဟူသော မူလရည်မှန်းချက်နှင့် လွဲကြရသည်က များသည်။ ထို့ကြောင့် အရှင်ဥပဂုတ်သည် ဂန္ထဓုရ ဝိပဿနာဓုရ နှစ်ပါးကို မဆောင်ဟုပြောရန် မသင့်။ ဆောင်မည်သာတည်း။ ဂိဟိသံသဌ အလုပ်တို့ဖြင့် အချိန်မကုန်စေဘဲ အရညဝါသီ တောရပ်မှီ၍ မာရ်နတ်ကို နှိမ်နင်းနိုင်သော အဘိညာဉ်သမာပတ်နှင့် ပြည့်စုံတော်မူသော ဥပဂုတ်ထေရ်အား ကဲ့ရဲ့ခြင်းသည် မိမိကိုယ်ကို ချီးမြှောက်ခြင်းပရဝမ္ဘန၊ အတ္တုက္ကံသအမှုကို ပြုရာရောက်နိုင်သည်။

**အကယ်၍ ရန္တာဖြစ်ခဲ့လျှင် အရိယူပဝါဒကံကြီး သင့်နိုင်သည်**"ဟုလည်း ဖြေပြထားသည်။

"ဖေါ်ပြပါအဖြေတွင် မူလရည်မှန်းချက်နှင့် လွဲကြရသည်က များ-မများသည် စာရေးသူတို့၏ကိစ္စ မဟုတ်ပေ။ ယင်းအကြောင်းအကျယ်သိလိုလျှင်လည်း ရထဝိနီတသုတ်အဌကထာတွင် သေချာကြည့်ရှုအပ်ပါသည်။ ရဟန်းကောင်း တို့သည် မူလရည်ရွယ်ချက်နှင့် မလွဲကြကုန်။ သို့သော် မဂ်ဖိုလ်အကျိုးကို အပြည့်အဝ ရနိုင်မှသာ ရကြပါလိမ့်မည်။

"ဥပဂုတ်ထေရ်အား ကဲ့ရဲ့ခြင်းသည် မိမိကိုယ်ကို ချီးမြှောက်ခြင်းပရဝမ္ဘန၊ အတ္တုက္ကံသအမှုကို ပြုရာရောက် နိုင်သည်"ဟု ဖြေပြထားရာတွင် သူတစ်ပါးအားကဲ့ရဲ့ခြင်းဟူသောပရဝမ္ဘန၊ မိမိကိုယ်ကိုချီးမြှောက်ခြင်းဟူသော အတ္တုက္ကံသနဟု ခွဲခြား၍ ရေးသားဖေါ်ပြရမည်ကိုပင် ခွဲခြား၍ မသိသေးပါတကား။

"အကယ်၍ ရန္တာဖြစ်ခဲ့လျှင် အရိယူပဝါဒကံကြီး သင့်နိုင်သည်"ဟု ဖြေပြထားပါသေးသည်။ **ရန္တာဆိုသည်မှာ ဘာကိုဆိုလိုကြောင်း မထင်ရှားပေ။**

ရဟန္တာဟုပင် ဆိုလိုပါက- စာရေးမှု၊ စာဖတ်မှုတို့ကို ကြိုးစားလိုလျှင် သတ်ပုံကို ဂရုစိုက်သင့်ပါသည်။

(၁) ရဟန္တာဟုတ်မှန်သူကို ရဟန္တာမဟုတ်ဟုဆိုလျှင် အရိယူပဝါဒန္တရာယ်အရ ကံကြီးထိုက်ပါသည်။

(၂) ရဟန္တာမဟုတ်သူကို ရဟန္တာဟုဆိုလျှင် အရိယူပဝါဒန္တရာယ်အရ ကံကြီးထိုက်ပါသည်။

# လူမိုက်ကြီးနှစ်ဦး

**နှစ်ဦးသား-ဗာလတို့၊**
**မိုက်ကြသည့်-အနေ။**
**တစ်ဦးသား-ဗာလက၊**
**ရဟန္တာ-ဧကန္တကို**
**ဤသူလျှင်-ဒုဿီလဟု**
**မြွက်ဟ-တုံပေ။**

**တစ်ဦးမှာ-ဒုဿီလကို**
**ရဟန္တာ-ဧကန္တဟု**
**ခွန်းနှုတ်က-ဖွင့်ချေသည်**
**ဆိုပုံလေ-လွန်ရိုင်း။**

**နှစ်ပါးစုံ-ထိုက်ညစ်မှာ**
**အပြစ်ကယ်-အတူရှိတယ်**
**ဖြေ၏-မှန်တိုင်း။**

**သူ၏အမေး။** ။"ရဟန်းသည် ဥပုသ်ပဝါရဏာ မပြုဘဲ နေနိုင်ပါသလော။

**စာရေးသူ၏ရှင်းလင်းချက်။** ။ သူ၏အဖြေတွင် တစ်ပါးတည်းနေသူဖြစ်၍ မပြုဘဲနေနိုင်ကြောင်းဖြင့် ဖြေပြထားသည်။ ရှင်ဥပါလိမထေရ် တောရဆောက်တည်ပြီး ရာသက်ပန်သီတင်းသုံးတော့မည့်အကြောင်းဖြင့် ဘုရားမြတ်ထံ ခွင့်ပန်ပုံအကြောင်းကို ကြည်ညိုမိကြရန် တိုက်တွန်းလိုက်ပါသည်။ (ကြိုက်ရာနည်းကို လိုက်ပါကြကုန်ရာ၏။)

(ဂ)

အထက်ပါစာကို တိုတိုဖြင့်ပင် ရေးသားလိုက်ပါသည်။ သို့သော် ဤကဲ့သို့သော စာများနှင့်စပ်လျဉ်း၍ ပြန်ကြားချက်မျိုး ရေးသားရိုးမရှိပါ။ စာရှုသူများအနေဖြင့် မိမိတို့ကြိုက်သည့်အတိုင်းသာ ခံယူကြပါကုန်ဟု သဘောထားလိုက်ပါသည်။

အထူးသဖြင့် ကိုယ့်ကိုယ်ကို လူတတ်ကြီးထင်၍ တမင်ကတ်မေးတတ်သူများကို လုံးဝပင် ဖြေပြမှုမပြုဘဲ သူ့အလိုအတိုင်းသာ လက်ခံတတ်ပါသည်။ အကယ်၍ တစ်ဦးတစ်ယောက်က ငရဲဘုံမရှိကြောင်းဖြင့် လာရောက်၍ ထိပ်တိုက်ငြင်းခုံမည်ဖြစ်အံ့- "ဟုတ်ကဲ့၊ ဒကာကြီးပြောတဲ့အတိုင်းပဲ နေမှာပါ"ဟုသာ ဖြေဆိုမည်ဖြစ်ပေသည်။ ငရဲဘုံရှိကြောင်းကို သူ့ဘာသာသူ အချိန်တန်လျှင် သိသွားပေလိမ့်မည်ဟုလည်း သဘောထားလိုက်မည်ဖြစ်ပေသည်။

ထိုသူက ထိပ်တိုက်လာရောက်ငြင်းခုံမှုအတွက် စိတ်ဆင်းရဲလိမ့်မည်လည်း မဟုတ်ပေ။ စိတ်ချမ်းသာလိမ့်မည်လည်း မဟုတ်ပေ။ ထည့်တွက်လိမ့်မည်လည်း မဟုတ်ပေ။ "သဗ္ဗေ သတ္တာ ကမ္မဿကာ"။

အမျိုးမျိုးသောရေတို့သည် အမျိုးမျိုးသောရေလမ်းတို့ဖြင့် စီးမြောနေကြကုန်၏။ ရေပုပ်လမ်းဖြင့် စီးမြောကုန်သည်ရှိသော် ရေပုပ်များသာ ဖြစ်ကြကုန်ရာ၏။ ရေကောင်းလမ်းဖြင့် စီးမြောကုန်သည်ရှိသော် ရေကောင်းများသာ ဖြစ်ကြကုန်ရာ၏။

ရေပုပ်လမ်းတို့က ရေကောင်းတို့ စီးမြောလာကြမည်ကို ဆွဲဆောင်ဖြားယောင်းနေကြကုန်၏။ သို့သော် ရေကောင်းလမ်းတို့ကမူ ရေပုပ်တို့ စီးမြောလာကြမည်ကို ကြောက်ရွံ့ချောက်ချားနေကြကုန်၏။

***အရှင်ဣန္ဒာစရိယာဘိဝံသ***
***(၁၀. ၁၂. ၂၀၀၉)***

# အဓမ္မဝါဒ ဖော်ထုတ်ရေး နှိုးဆော်လွှာ

(၂၇. ၆. ၂၀၀၇)

## နိဒါန်း

၁၃၆၉ ခုနှစ်၊ နယုန်လပြည့်ကျော် (၄)ရက် (၃. ၆. ၂၀၀၇) တနင်္ဂနွေနေ့ ညနေပိုင်းတွင် စာရေးသူထံသို့ အရှင်နာရဒ (ဟိုပင်) ကြွရောက်လာပါသည်။ ဓမ္မ-အဓမ္မအကြောင်းများကို ဆွေးနွေးတင်ဖြစ်ကြပါသည်။ အရှင်နာရဒ ပြုစုထားသော အဓမ္မ ဖြစ်ကြောင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ အဖွဲ့ဝင်အဖြစ်ပါဝင်ရေး (ဆန္ဒပေး-ဆန္ဒယူ)အထိ ဆွေးနွေးဖြစ်ကြသည်။ အဖွဲ့ဝင်အဖြစ် ပါဝင်ရန် ဆန္ဒပေးလိုက်ပါသည်။

ထို့ကြောင့် နယုန်လပြည့်ကျော် (၇)ရက် (၆. ၆. ၂၀၀၇) ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင် အရှင်နာရဒ တည်းခိုနေသည့် ကျောင်းတိုက်သို့ စာရေးသူ သွားရောက်တွေ့ဆုံကာ တင်ပြချက်များကို ဖတ်ရှုပါသည်။ ယခုအခါတွင် ဗုဒ္ဓဘာသာကို အန္တရာယ်ပြုနေသည့် အမျိုးဖျက်၊ ဘာသာဖျက်၊ သာသနာဖျက်ဝါဒသစ်များ ဖြစ်ပွားလျက်ရှိကြောင်း တွေ့မြင်ရပါသည်။ ဖြစ်ပွားလာသည့် အဓမ္မဝါဒများ အကြီးအကျယ်အင်အားစုကြီး မဖြစ်မီ တားဆီးကန့်ကွက်နိုင်မှသာ အန္တရာယ်ကင်းနိုင်မည့် အချက်ကိုလည်း စဉ်းစားမိကြပါသည်။ ဤသို့ စဉ်းစားမိသောအခါ အရှင်နာရဒကဲ့သို့ "တစ်ပါးကောင်း တစ်ပါးလုပ်" အနေဖြင့် ဆောင်ရွက်၍ မရနိုင်လောက်သည့် အနေအထားများကိုပါ တွေ့မြင်လာပါသည်။

မှန်၏။ အဓမ္မဝါဒအဖွဲ့အစည်းများက အင်အားမသေးကြပေ။ ထို့ကြောင့် အဓမ္မဝါဒအဖွဲ့အစည်းများက အင်အားမသေးကြပေ။ ထို့ကြောင့် အဓမ္မဝါဒကို ဖော်ထုတ်နိုင်စွမ်းရှိသည့် ရဟန်းတော်များ (အချင်းချင်း ဆက်သွယ်ဆောင်ရွက်နိုင်ရေး၊ စုပေါင်းဆောင်ရွက်နိုင်ရေးအတွက်) အဖွဲ့ငယ်တစ်ခုအဖြစ် ဖွဲ့ထားနိုင်ရန် လိုအပ်နေကြောင်း သုံးသပ်မိကြပါသည်။ အဖွဲ့ဝင်ရရှိရေး၊ အဖွဲ့စည်းမျဉ်း၊ အဖွဲ့၏ဩဝါဒါစရိယ စသည်တို့ကိုပါ အကြမ်းဖြင်းအားဖြင့် "လျာထား"သုံးသပ်မိကြပါသည်။

× × ×

### အဓမ္မဝါဒများကို ဖော်ထုတ်သုတ်သင်ရေးအဖွဲ့

အထက်ပါအဖွဲ့သည် အဓမ္မဝါဒများကို ဖော်ထုတ်ခြင်း၊ သုတ်သင်ခြင်းအတွက်သာ ယာယီအားဖြင့် ဖွဲ့စည်းထား သည့် အဖွဲ့မျိုးဖြစ်သည်။ ထို့ကြောင့် အဓမ္မဝါဒဖော်ထုတ်ရေး သုတ်သင်ရေးကိစ္စတို့ကို ဆောင်ရွက်လိုသည့် ရဟန်းတော်များ၏ စုပေါင်းအားသာလျှင်ဖြစ်သည်။ ယခုအခါတွင် ဤကိစ္စမျိုးကို ဆောင်ရွက်နိုင်စွမ်းရှိသည့် ရဟန်းတော်များ (အမြားအပြား) ရှိကြပါ သည်။ သို့သော် အဆက်အသွယ်မရှိဘဲ ဖြစ်ကြရပါသည်။ အဆက်အသွယ်ရှိနေကြဖို့ လိုအပ်နေပါသည်။

(၁) ပါဠိတော်အဋ္ဌကထာ ဋီကာ စသည်တို့ကို ကြည့်ရှုမှတ်သားနိုင်စွမ်းရှိခြင်း။

(၂) ဝါဒါနုဝါဒဝိနိစ္ဆယကျမ်း (ထေရဝါဒစွယ်စုံကျမ်းကြီး)။ ကျောက်ပုံတောရဝိနိစ္ဆယကျမ်း၊ လယ်တီဆရာတော်ကြီး၏ သာသနဝိသောဓနီ (ပ၊ ဒု၊ တ)ကျမ်း စသည်တို့ကို ဖတ်မှတ်လေ့လာခြင်း။

(၃) အတိတ်ကာလအသီးသီးမှာ ပေါ်ပေါက်ခဲ့ဖူးသည့် အဓမ္မဝါဒရေးရာများနှင့် ယခုခေတ်များနှင့် ယခုခေတ်မှာ ပေါ်ပေါက်လာသည့် အဓမ္မဝါဒတို့၏ ကွင်းဆက်ရှိပုံ (အမည်ဟောင်း + အမည်သစ်ပြောင်းလာပုံ) စသည်တို့ကို နှိုင်းယှဉ်သုံးသပ်နိုင်ခြင်း။

(၄) နိုင်ငံတော်၏ တည်ဆဲဥပဒေတို့ကို နိုင်ငံရေးအပြုအမူဖြင့် ဆန့်ကျင်မှုမပြုခြင်း စသည်တို့နှင့် ပြည့်စုံလျှင်ပင် - အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နိုင် စွမ်းရှိနေပြီဖြစ်သည်။

ဖော်ပြပါ အင်္ဂါရပ်လေးချက်တို့တွင်-

(၁)အရာ၌-

ရှေးဦးစွာ ရှာရမည့်ကိစ္စမှာ ပါဠိအဋ္ဌကထာဋီကာ စာအုပ် များပင် ဖြစ်ပါသည်။ စာအုပ်ဖိုးကလည်း မသေးလှပေ။

ပိဋကတ်ပါဠိတော်တစ်စုံ- ကျပ်တစ်သိန်းကျော် (တဲ့)။

ပါဠိတော်မြန်မာပြန်တစ်စုံ-ကျပ်တစ်သိန်းကျော်(တဲ့)။

အဋ္ဌကထာပါဠိ+အဋ္ဌကထာနိဿယများအတွက်လည်း နှစ်သိန်းကျော်ဝန်းကျင် ကျပေမည်။

ဋီကာကျမ်းများနှင့် မှတ်တမ်းများအတွက်လည်း သိန်းချီကုန်ကျပေမည်။

တိပိဋကရေမဟာဗုဒ္ဓဝင်ကျမ်းမျိုး၊ သမန္တစက္ခုဒီပနီကျမ်းမျိုး၊ ပခုက္ကူသာသနဝင်ကျမ်းတွဲများ၊ မန္တလေးသာသနာဝင်ကျမ်းတွဲများလည်း ဖတ်ဖူးမှတ်ဖူးဖို့ လိုပါသည်။

အမှတ်(၄)အရာ၌ ဘာသာရေးနှင့် နိုင်ငံရေး မရောဖို့ပင် ဖြစ်ပါသည်။ အဖွဲ့သည် အဓမ္မဝါဒများကို ဖော်ထုတ်သုတ်သင်ရေးနှင့် ၎င်းအဓမ္မဝါဒဆောင်ရွက်သူတို့၏ လှုပ်ရှားမှုများ၊ အဓမ္မဖြစ်မှုများ၊ မူရင်းမူမှန်ဗုဒ္ဓဘာသာဝင်တို့နှင့် ဆက်ဆံမှုများ၊ အချို့နေရာ၌ ပဋိပက္ခဖြစ်မှုများ၊ ၎င်းတို့နှင့်ပတ်သက်ရာ သက်သေခံစာရွက်စာတမ်းများ၊ ၎င်းတို့၏ကျမ်းစာများ၊ ၎င်းတို့၏ ဟောပြောချက်အသံခွေများကို ရှာဖွေပြီး အဓမ္မဝါဒ ဖြစ်နေကြောင်း အခိုင်အမာရေးပြုရန်သာ ဖြစ်ပါသည်။

ရေးပြီးသောအခါ သာသနာ့ဥသျှောင် ဆရာတော်ကြီးများဖြစ်ကြသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ လျှောက်တင်ရန်သာဖြစ်ပါသည်။ အဆုံးအဖြတ်အခံယူရန်မျှသာဖြစ်ပါသည်။ ဤကိစ္စများကလည်း မလွယ်လှချေ။

တချို့အဓမ္မဝါဒအဖွဲ့များမှာဆိုလျှင် Black-Book အဖြစ်ထုတ်ဝေဖြန့်ချိပြီး စာအုပ်ရေ (၆၀)ထိ ရှိကြောင်း သိရပါသည်။ ၎င်းတို့ကို သက်သေခံအဖြစ်တင်ပြနိုင်ရန် ဝယ်ယူရမည်ဖြစ်၍ တစ်အုပ်(၅၀၀)မှ (၃၀၀၀)ကျော်အထိ ရှိနိုင်ပါသည်။ ဝတ္ထုငွေကြေးကုန်ကျမှုများကား မနည်းလှပေ။

ထို့ကြောင့် ဗုဒ္ဓဘာသာ (ဓမ္မ)တို့ကို လေးစားမြတ်နိုးသူ (ဒကာ+ဒကာမ)များ၏ ကူညီပံ့ပိုးမှုများလည်း လိုအပ်ပါသည်။ အဖွဲ့၏မူလလုပ်ငန်းစဉ်မှာ အဓမ္မဝါဒဆိုင်ရာ ဘာသာရေးမျှသာဖြစ်၍ နိုင်ငံရေးကိစ္စလုံးဝ

ကင်းရှင်းရမည်သာ ဖြစ်ပါသည်။ နိုင်ငံရေးကိစ္စ ကင်းရှင်းခြင်းကို အဓိကထား၍ ထည့်ပြောခြင်းမှာ နိုင်ငံတော်၏ တည်ဆဲဥပဒေသည် အလွန်အရေးကြီးပါသည်။ မည်သည့်နိုင်ငံသားမဆို လိုက်နာရမည့် စည်းမျဉ်းဖြစ်ပါသည်။

စာရေးသူတို့သည် နိုင်ငံရေးနှင့် စပ်၍ မည်သည့်အခါကမှ မည်သည့်ကိစ္စကိုမျှ မပြုခဲ့ဖူးသလို မည်သည့် အခါမှာမှ ပြုလိမ့်မည်လည်း မဟုတ်ကြပေ။ မည်သည့်ပုဂ္ဂိုလ် အကြီးအကဲဖြစ်ဖြစ် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုး ဖြစ်လျှင် ဗုဒ္ဓဘာသာဝင်ဒကာဖြစ်၍ နှစ်သက်လက်ခံကြမည်သာတည်း။ ပြဿနာမရှိပေ။

စာရေးသူတို့အဖွဲ့၏ လုပ်ဆောင်မှုများ ပေါ်ထွက်လာသောအခါ မကြိုက်သူများက နိုင်ငံရေးဆန့်ကျင်မှု တည်ဆဲဥပဒေ ချိုးဖောက်မှု လုံခြုံရေး ပျက်ပြယ်စေမှု စသည်များဖြင့် ရောမ္မကော တိုင်တန်းခြင်း ချောက်တွန်းခြင်း ခံရမည့်ဘေးကို ကြိုတင်ကာကွယ်ကြရမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံရေးကိစ္စ ကြီးငယ်မှာ ပါဝင်ခဲ့ဖူး ပတ်သက်ခဲ့ဖူးသည့် ရဟန်းတော်များ အနေဖြင့်မူ အဖွဲ့ဝင်အဖြစ် ပါဝင်မှုမပြုကြဘဲ သင့်လျော်ရာကသာ ပါဝင်၍ သိတင်းပေးခြင်း သက်သေခံရှာပေးခြင်း စသည်ဖြင့် ကူညီတော်မူကြပါရန် တလေးတစား လျှောက်ထားလိုပါသည်။

စာရေးသူတို့အဖွဲ့ကလည်း အဓမ္မဝါဒများကို ရေးပြုတင်ပြ-ဖော်ထုတ်မည်။ နိုင်ငံတော်သံဃာမဟာ နာယကဆရာတော်ကြီးများက ဆုံးဖြတ်ဆုံးမ-သုတ်သင်တော်မူကြပါလိမ့်မည်။ သို့ဖြစ်၍ စာရေးသူတို့အဖွဲ့သည် အဆိုပါ ဆရာတော်ကြီးများ၏ သာသနာရေး ဆောင်ရွက်ချက်များအတွက် " ထားရာနေ၊ စေရာသွား၊ ခိုင်ရာလုပ်" အနေဖြင့် ရပ်တည်ကြရမည်သာဖြစ်ပါသည်။

မှန်၏။ ဆရာတော်ကြီးများသည် အလုပ်များတော်မူခြင်း၊ အရပ်ထဲသို့ အသွားအလာနည်းတော်မူခြင်း၊ အပူဇော်ခံ အလေးစားခံ ဖြစ်တော်မူခြင်း စသည်တို့ကြောင့် အဓမ္မဝါဒဆိုင်ရာ အဖြစ်အပျက်များကို တင်ပြပေးသူ မရှိလျှင် သိတော်မူရန် မလွယ်လှပေ။

အဓမ္မဝါဒအဖွဲ့(အချို့)ကလည်း အရှောင်အတိမ်း အဖုံးအဖိ ကောင်းနေတတ်ပါသည်။

ဝိနိစ္ဆယဥပဒေတော်အရကလည်း စောဒကတို့က စောဒနာခြင်းမရှိလျှင် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ အပြစ် ပေးခြင်းတို့ကို ဆောင်ရွက်ခွင့်မရှိပေ။

ဤသို့လျှင် သာသနာ့ဥသျှောင် ဆရာတော်ကြီးများအနေဖြင့် ဝိနိစ္ဆယဥပဒေနှင့်အညီ အဓမ္မဝါဒ (သာသနာ့အန္တရာယ်)များကို သုတ်သင်နိုင်ရေး၊ ယခုရှိနေကြသော ဗုဒ္ဓဘာသာဝင် ဒကာ၊ ဒကာမများ နောင်မျိုးဆက်သစ် ဒကာ၊ ဒကာမများအနေဖြင့်လည်း အဓမ္မဝါဒ (လမ်းမှား)များမှ ကင်းလွတ်ခွင့်ရရှိရေး၊ ဗုဒ္ဓဝါဒအစစ်ဖြစ်သော ထေရဝါဒ ဓမ္မဝါဒ (လမ်းမှန်)များအတိုင်း လိုက်နာလျှောက်လှမ်းခွင့်ရရှိလျက် ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောကောင်းကျိုး တိုးပွားနိုင်ရေးတို့သည်သာလျှင် စာရေးသူတို့အဖွဲ့၏ ရှေးရှုရာ "ပန်းတိုင်ကြီးများ" ဖြစ်ကြပါသည်။

သို့ဖြစ်၍ စာရေးသူတို့အဖွဲ့၏ ဦးထိပ်ထားရာ အားကိုးရာမှာ နိုင်ငံတော်သံဃာမဟာနာယက ဆရာတော် ကြီးများ ဖြစ်တော်မူကြသည်နှင့်အညီ စာရေးသူတို့အဖွဲ့၏ ဩဝါဒါစရိယအဖြစ်ဖြင့် အဆိုပါဆရာတော်ကြီး များထဲက ကျောထောက်နောက်ခံအားကိုးခံ ဆရာတော်ကြီး (တစ်ချို့)ပါဝင်ရပ်တည်တော်မူမှသာ အလုပ်လုပ်ခွင့် ရရှိမည်ဖြစ်ကြောင်း ယုံမှားဖွယ်ရာမရှိပေ။

ဆရာတော်ကြီးများထံမှ အခွင့်မရလျှင်ကား အဖွဲ့အနေဖြင့် ရပ်တည်ခွင့်မျှပင် မရှိနိုင်ရာပေ။

အိန္ဒိယနိုင်ငံ ပညာသင်မြန်မာကျောင်းသားများ သာယာဖွံ့ဖြိုးရေးအဖွဲ့မှာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးတစ်ချို့ ဩဝါဒါစရိယအနေဖြင့် ရပ်တည်ပေးတော်မူကြသကဲ့သို့ စာရေးသူတို့အဖွဲ့မှာလည်း ဆရာတော်ကြီးတစ်ချို့ ဩဝါဒါစရိယအနေဖြင့် ရပ်တည်ပေးတော်မူကြလိမ့်မည်ဟု အလေးအနက် ယုံကြည်ရပါသည်။

မှန်၏။ အိန္ဒိယနိုင်ငံ ပညာသင်မြန်မာကျောင်းသားများ သာယာဖွံ့ဖြိုးရေးအဖွဲ့သည် သာသနာတော်ကြီး ပြန့်ပွားစည်ပင်ရေးအတွက် လုပ်ဆောင်နေသည့်အဖွဲ့ဖြစ်ပါသည်။ စာရေးသူတို့အဖွဲ့သည် သာသနာတော်ကြီး သန့်ရှင်းတည်တံ့ရေး ဆောင်ရွက်မည့်အဖွဲ့ဖြစ်ပါသည်။ မည်သည့်အရာ၌မဆို ရှေ့ဘက်နောက်ဘက်ဟု အစုံလိုက်ရှိရာ အိန္ဒိယနိုင်ငံ ပညာသင်မြန်မာကျောင်းသားများ သာယာဖွံ့ဖြိုးရေးအဖွဲ့သည် ရှေ့သို့ချီသော အရှေ့ဘက်ဖြစ်ပါသည်။ စာရေးသူတို့အဖွဲ့သည် နောက်တန်းမှ ကာကွယ်ထိန်းသိမ်းသည့်အဖွဲ့ဖြစ်ပါသည်။

ဒင်္ဂါးပြားတစ်ပါး၌ ခေါင်းပိုင်းပန်းပိုင်းပြည့်စုံရသကဲ့သို့လည်းကောင်း၊ ထောင်တန်တစ်ရွက်၌ ရှေ့မျက်နှာ နောက်မျက်နှာ ပြည့်စုံရသကဲ့သို့လည်းကောင်း နှစ်ဖက်ပြည့်စုံမှ အသုံးကျသကဲ့သို့ သာသနာတော်ကြီးမှာလည်း တိုးတက်ပြန့်ပွားရေးနှင့် သန့်ရှင်းတည်တံ့ရေး နှစ်ဘက်လုံးစုံမှ အမှန်တကယ် သာသနာပြုမှုကြီးဖြစ်ကြောင်း နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ သိရှိတော်မူကြပြီး ဖြစ်ပါလိမ့်မည်။ သဘောပေါက်တော်မူပြီး ဖြစ်ပါလိမ့်မည်။

အဖွဲ့အနေဖြင့် ရပ်တည်ခွင့်မရ၍ တစ်ပါးတည်းခေါင်းခံလျက် အဓမ္မဝါဒတစ်ခုခုကို တင်ပြပြီး အဆုံးအဖြတ် (အဆုံးအမ) ခံယူရာ၌ ဖြစ်စေ၊ အဖွဲ့အနေဖြင့် ရပ်တည်လျက် အဓမ္မဝါဒတစ်ခုခုကို တင်ပြပြီး အဆုံးအမ (အဆုံးအဖြတ်) ခံယူရာ၌ဖြစ်စေ၊ ဆုံးဖြတ်ချက် ချမှတ်ထားသည့်အတိုင်း ဆက်လည် တည်- မတည် ဆိုတာကိုလည်း ထည့်သွင်းသုံးသပ်ဖွယ်ရာရှိပါသေးသည်။

တစ်ချို့အရာတို့၌ အဓမ္မဝါဒပြုလုပ်သူများဘက်က မှားပါကြောင်း ဝန်ခံလက်မှတ်ထိုးကြပါသည်။ နောင်မလုပ်တော့ပါဘူးဟုလည်း အဆုံးအမခံယူကြပါသည်။ အဓမ္မဝါဒကို စွန့်လွှတ်ကြပါသည်။ သို့သော်လည်း ဆရာတော်ကြီးများ ရှေ့မှောက်မှာသာ ဝန်ခံစွန့်လွှတ်ပြီး ကိုယ့်နေရာ ကိုယ်ပြန်ရောက်တော့ အဓမ္မဝါဒကိစ္စများကို ပင် ပြုမြဲတိုင်း ပြုနေတတ်ကြပါသည်။

ဤကိစ္စများအတွက် သာသနာ့ဥပဒေ၊ လောကဥပဒေ နှစ်ရပ်စလုံး အကျုံးဝင်သည့်အထိ ဆောင်ရွက်နိုင်ဖို့ လည်း ကျန်ရှိပါသေးသည်။ အဓမ္မဝါဒတစ်ခုခုကို ထုတ်ဖော်တင်ပြရာမှာ အစအဆုံး သုံးစွဲရငွေ (၅၀၀၀၀၀/-) ကျော် ကုန်ကြရပြီး ငွေပန်းလူပန်း အချိန်ပန်း အလုပ်ပျက်ရကျိုး မနပ်ရုံမျှမက သာသနာတော်၏အကျိုး ဗုဒ္ဓဘာသာဝင် ဒကာ၊ ဒကာမတို့ ဓမ္မဝါဒ (လမ်းမှန်) လျှောက်လှမ်းခွင့်ရရေးအကျိုးများအတွက်လည်း မထိရောက်ဘဲ ရှိရတတ်ပါသည်။ ဆုံးရှုံးမှုများကိုသာ ရင်မှာပိုက်ထားရတတ်ပါသည်။

× × ×

## အဓမ္မဝါဒများကို ဖော်ထုတ်သုတ်သင်ရေးအဖွဲ့ ရှိသင့်-မရှိသင့်

ဤအဖွဲ့မျိုး ရှိသင့်-မရှိသင့်ဆိုသည့်အချက်နှင့် စပ်လျဉ်း၍ တင်ပြရလျှင် အဓမ္မဝါဒ ကောက်နှုတ်ချက်များကိုသာ ရှေးဦးစွာ တင်ပြလိုက်ချင်ပါသည်။

**၁။ ကျုပ်တို့က သူတို့ကို အဓိကဆိုဆုံးမတာမှာ . . . ဘယ်တရားမှ မရချင်နေ . . . ရချင်ရ . . . ရှေ့ဘဝ နောက်ဘဝ တော့ မတွေးရဘူးနော်လို့ ဆိုတာလောက်ကတော့ ကျုပ်တို့ကို ချဉ်းကပ်နေတဲ့ ချာတိတ်လေးတောင် သိတန်ရာတယ်လို့ ထင်တယ်။**

**အဲဒီတော့ သူဆိုတာက ကျုပ်တို့အနားမှာ အချဉ်းကပ်ရဆုံးသူလည်းဖြစ်တယ်။ ကျုပ်တို့ကို ငွေနဲ့ကြေးနဲ့ အများဆုံး အကုန်အကျ အခံရဆုံး ပြုစုတဲ့သူလည်းဖြစ်တယ်။ အဲဒါတောင်မှ ကျုပ်တို့ရဲ့ အစဆုံးဖြစ်တဲ့ (ရှေ့ဘဝ နောက်ဘဝမတွေးရဖူးလို့ဆိုတဲ့)ဟာကို (လာလျှောက်တယ်။)**

**ရှေ့ဘဝ နောက်ဘဝကို တကယ်မြတ်စွာဘုရားမဟောပါဘူး။ ကျုပ်တို့ကလဲပဲ ရှေ့ဘဝ နောက်ဘဝ ကိုတော့ဖြင့် လုံးဝမဟောကြားဘူး။ ရှေ့ဘဝ နောက်ဘဝကို ယူဆတဲ့သူ . . . ဆိုရင်ဖြင့် မိစ္ဆာဒိဋ္ဌိ ဆိုပြီးသကာလ . . . ကျုပ်တို့နဲ့ ပဋိပက္ခ အနေအထားမှာ ရှိတယ်။**

[ရှင်မိုးပြာ . . . ၏ ဘာသာတရားက ပေးသောဆုလာဘ် . . . (စာ-၂) ၁၉၉၆။]

**၂။ တို့ . . . နောက်ဘဝ သိသလား။ (မသိဘူး) အေး . . . ဒါ . . . မသိဘူးစာရင်းထဲ အသေကို ထည့်သွင်းရမယ်။ နည်းနည်းကလေးမှ ခေါင်းပြူမလာစေနဲ့။**

**မသိတာကို မသိတဲ့အတိုင်း မသိစာရင်းထဲ ထည့်မထားမိဘူးဆိုရင်ဖြစ်ဖြစ် သို့မဟုတ် မသိတာကို မသိစာရင်းထဲ ထည့်ပေမယ့် ခေါင်းထောင်လာပြီး လူရည်လည်လုပ်တာကို ခံရတယ်ဆိုရင်ဖြစ်ဖြစ်၊ ဘယ်လောက်ထိ ဘာသာတရားရဲ့ အမှုတော်တွေကို ထမ်းထမ်း၊ ဘယ်လောက်ထိ ဘာသာတရားတွေကို တစ်ခါတည်း ကျိုးကျိုးနွံနွံ ကိုင်းကိုင်းရှိုင်းရှိုင်းနဲ့ ဆည်းကပ် ဆည်းကပ်၊ ဘယ်တော့မှ အဲဒီဘာသာတရားရဲ့ အကျိုးကျေးဇူးကို မခံစားရဘူး။**

[ရှင်မိုးပြာ . . . ၏ ဘာသာတရားက ပေးသောဆုလာဘ် . . . စာမျက်နှာ ၁၁-၁၃။]

**၃။ ဗုဒ္ဓဘုရားရဲ့ တရားဟာ ကြုံဆချက်သက်သက်တွေ မပါတဲ့- (အတက္ကာဝစရ)တရားဓမ္မဖြစ်လို့ (အဲဒီဗုဒ္ဓတရားထဲမှာ) မမွေးမီနဲ့ သေပြီးတို့၊ အထက်ဘဝင်နဲ့ အောက်အဝီစိတို့ . . . မပါဘူး။**

[ဓမ္မဝိဟာရီ . . . ၏ ဗုဒ္ဓသာသနာနှင့် မြန်မာပြည် (စာ-၁၀) ၂၀၀၆]

**၄။ ထေရဝါဒက ဗုဒ္ဓဘုရားဟောပြောချက်တွေကို လူတွေအား ဟောပြောပေးတယ်။ မဟာယာနက ဗုဒ္ဓဘုရား ရည်ရွက်ချက်များပါတဲ့ လူ့လုပ်ငန်းတွေကို ညွှန်ပြပေးတယ်။**

**နှစ်ဦးလုံးရဲ့ လုပ်ရပ်ဟာ ကောင်းကြတာတွေချည်း ဖြစ်ပေမယ့် အရိယသစ္စာ (အသည်းနှလုံး) မရှိတော့တဲ့ သဘောတရားကို ဆောင်ရွက်ကြတာ . . . ဖြစ်လို့ နှစ်ဦးလုံးပဲ အကျိုးမများကြပါဘူး။**

(အလကားပဲ)

[ဓမ္မဝိဟာရီ . . . ၏ ဗုဒ္ဓသာသနာနှင့် မြန်မာပြည် စာမျက်နှာ-၃၇။]

၅။ နိုင်ငံခြားအသံလွှင့်ဌာနတစ်ခုက (နိဗ္ဗာန်ဟာ အနတ္တဆိုတဲ့ စကားကို) ပြောသွားတယ်။ ဒါနဲ့ သူတို့ဆီကိုလဲ စာတစ်စောင် ပြန်ရေးလိုက်ပါတယ်။

အခု ခင်ဗျားတို့က နိဗ္ဗာန်ကို အနတ္တလို့ လုပ်လိုက်တာကတော့ ဂုဏ်ပျက်စရာ ဖြစ်သွားပြီ။ တကယ်တော့ နိဗ္ဗာန်ကို အနတ္တလို့ မပြောထိုက်ဘူး။ အနတ္တရဲ့ အနက်က (အသာရက ဆိုတော့) အနှစ်သာရမရှိတာကို ပြောတာ။ နိဗ္ဗာန်ဟာ ဘာတုံး။ သာရလား၊ အသာရလား။

တကယ်တော့ နိဗ္ဗာန်ဟာ အနှစ်သာရရှိတယ်ဆိုတာ လူတိုင်းသိနေကြတာပဲ။ သည်တော့ အနတ္တဟာ နိဗ္ဗာန်ပဲလို့ ဆိုခဲ့လို့ရှိရင် နိဗ္ဗာန်ဆိုတာ အနှစ်သာရမရှိတာကြီးလို့ ပြောရာရောက်နေမှာပေါ့။

[ဓမ္မဝိဟာရီ . . . ၏ တဏှာရှင်းတမ်း . . . (စာ ၁၁-၁၂) ၁၉၉၆။]

၆။ အယောင်ဆောင်ငါကို အားမပေးတော့ဘူး မတည်ဆောက်တော့ဘူးဆိုရင် အနတ္တ မဖြစ်တော့ဘဲ အတ္တချည်း ကျန်ပါတယ်။ ငါချည်းကျန်ပါတယ်။ အဲဒါ နိရောဓ (နိဗ္ဗာန်) ဆိုက်တာပဲလို့ ပြောပြလိုက်ပါတယ်။

ငါအပေါ်မှာမီပြီး ငါလဲမဟုတ်ဘဲ ငါအယောင် ဆောင်ပြီး ငါလုပ်နေတဲ့အရာက အနတ္တ (ဖြစ်တယ်။) ဘုရားက "အနတ္တရှု အနတ္တ ရှု"ဆိုတာ သည်အနတ္တကိုပြောတာ။

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတွေ အစိုးမရတာတွေကို အနတ္တဆိုပြီး ရှုခိုင်းတာမဟုတ်ဘူး။

[ဓမ္မဝိဟာရီ . . . ၏ တဏှာရှင်းတမ်း . . . စာမျက်နှာ-၂၆။]

၇။ ဒီတော့ဘုရားဟာ လူနဲ့မတူတော့ဘူး။ ဘာနဲ့မှမတူတဲ့သူဖြစ်နေတယ်။ ဒီလိုဖြစ်တာကိုပဲ ဘုရားရဲ့ဂုဏ်လို့ ယူဆနေကြတယ်။ "အတုလ" ဂုဏ်ပေါ့။

တကယ်တော့ ဘာနဲ့မှမတူတာမကောင်းဘူး။ အထူးအားဖြင့် လူနဲ့မတူတာ မကောင်းဘူး။ ဒါကြောင့် ဒီဂုဏ်ဟာ ဂုဏ်မဟုတ်ဘူး။ အပြစ်-ဖြစ်တယ်။

[ဓမ္မဝိဟာရီ -ရှင်ဉာဏ . . . ၏ ဘုရား?. . . စာ (၉၀။) ပုံနှိပ်ခုနှစ်မပါ။]

၈။ နိုင်ငံပိုင်ပစ္စည်းခိုးတာဟာ ဂရုဓမ္မသီလ (မခိုးရသိက္ခာပုဒ်)မပျက်ဘူး။ မြို့ပိုင်၊ ရွာပိုင်၊ ဌာနဆိုင်ရာပိုင်၊ အဖွဲ့အစည်းပိုင်၊ သမဝါယမပိုင် ပစ္စည်းတွေကို ခိုးတာလည်း ဂရုဓမ္မသီလ (မခိုးရ သိက္ခာပုဒ်)အရ အခိုးမမြောက်ဘူး။ (ခိုးကောင်းတယ်ဟူလို။)

သေရည်သေရက် မူးယစ်စာကို မေ့လျော့တဲ့နေရာအထိ မူးယစ်ခြင်းမှ ရှောင်မယ်ဆိုတာမျိုး အဓိပ္ပါယ်ရှိတယ်။ ဒီတော့ ဒီသိက္ခာပုဒ်အဓိပ္ပါယ်ဟာ သေရည်သေရက် (မူးယစ်ဆေးဝါး) မသောက်သုံးရဘူးလို့ အဓိပ္ပါယ်မရဘူး။ မေ့လျော့တဲ့အထိ ဒါတွေကို မသောက်သုံးရဘူးလို့သာ အဓိပ္ပါယ်ရတယ်။

အတိုင်းအထွာရှိရှိ ယစ်မူး၊ သောက်သုံးရင် ပမာဒဋ္ဌာန မရောက်ဘူး။ သူတို့ဟာ ဘာမျှမမှားဘူး။ အပြောအဆိုလည်းမမှားဘူး။ အပြုအမူလည်းမမှားဘူး။ အနေအထိုင်လည်း မမှားဘူး။ နဂိုအတိုင်းပဲ။

[ဓမ္မဝိဟာရီ -ရှင်ဉာဏ . . . ၏ ဘုရား?. . . -စာမျက်နှာ-၁၅၁။ ၁၆၉-၁၇၀။]

၉။ လောကကြီးမှာ ဘာသာတရားတွေကတောင် အပိုဖြစ်နေတယ်။ ဘာသာတရားမဟုတ်တော့ဘဲ ပကတိမျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဆိုတဲ့အရာတွေနဲ့သာ နေထိုင်လိုက်မယ် ဆိုရင် ပြီးသွားမှာ။ မြတ်စွာဘုရားကဆိုရင် အဲဒီ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ကိုပဲ ပြောခဲ့တာပါ။ ဟိုလို လုပ် ဒီလို လုပ် ဆိုတာတွေကို တားမြစ်ခဲ့တာပါ။

[ဓမ္မဝိဟာရီ. . . ၏ နိဗ္ဗာန်ကိုသွား နောက်ဆုံးရထား- စာ (၃)၁၉၉၀။]

၁၀။ အဲဒီဆရာတော်ကြီးဆိုလို့ရှိရင် ငါမဟုတ်ဘူး။ သူမဟုတ်ဘူးဆိုတာကို လုံးဝလက်မခံဘူး။ ငါဟုတ်တယ်။ သူဟုတ်တယ်ဆိုတာပဲ လက်ခံတယ်။ အဲဒီလို လက်ခံပေမယ်လို့ ငါဟုတ်တယ်။ သူဟုတ်တယ်ဆိုတာ လက်ခံရုံနဲ့ တရားရပြီလား။ (မရသေးဘူးပေါ့)

ဒီဆရာတော်ကြီး ပြောခဲ့တာက ဗုဒ္ဓဝါဒလို့ဆိုတဲ့ တရားတွေ ပျောက်သွားတာသည်ပင်လျှင် တရားပဲလို့များတောင် ညွှန်းတယ်နော်။ တရားတွေ ပျောက်သွားတာသည်ပင် တရားပဲလို့ ဆိုတာပေါ့။

သူက အမေမွေးပေးတဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်။ အဲဒါ တွေဟာ အမှန်တွေပဲ လို့များတောင် ပြောတယ်။

ဆိုလိုတာကတော့ မျက်စိမြင်တာဟာ အမှန်ပဲ။ နားနဲ့ကြားတာဟာ အမှန်ပဲ။ မြင်ရ ကြားရတဲ့ဟာ မဟုတ်တာတွေကို ဘာသာရေးတွေက ညွှန်းနေတယ်ပေါ့။ အဲဒါတွေက အမှားတွေ။ အဲဒါတွေဟာ အညစ်အပတ်အဆိုးအယုတ်တွေပဲလို့ ဟောဒီလိုမျိုးတောင် ပြောသွားတယ်။

[ဓမ္မဝိဟာရီ. . . ၏ နိဗ္ဗာန်ကိုသွား နောက်ဆုံးရထား်- စာမျက်နှာ ၁၇-၁၈။]

၁၁။ အာသွက္ခယအဘိညာဉ်ဖြစ်ပုံကိုလည်း မိန့်ပါဦးဘုရား။ (ဤကားဒကာ။) မဟဂ္ဂုတအဖြစ်ကို သာယာတဲ့ ရူပတဏှာ၊ အရူပတဏှာ ဆိုတာတွေရှိတယ်။ ဒါတွေဟာ ဘဝါသဝ အဝိဇ္ဇာသဝတွေပဲ။

မဟဂ္ဂုတသတ္တဝါ-ဖြစ်တဲ့ နာနာဘာဝ၊ ဗြဟ္မာသတ္တဝါအဖြစ်အမျိုးမျိုးတွေ ပျက်စီးလို့-ဖြစ်တဲ့ ဝိနာဘာဝတွေကို စက္ခုဉာဏ်အလင်းပေါက်တော့ ဒါတွေ ဖြစ်ချင်အာသာလို့ဆိုတဲ့ ဘဝါသဝ အဝိဇ္ဇာသဝတွေ ယိုစီးလို့ မရတော့ဘဲ ကုန်ဆုံးတာရဲ့အမည်ဟာ အရဟတ္တမဂ်ရဲ့ အာသွက္ခယအဘိညာဉ်ပေါ့။

(ဤကားဆရာ့အဖြေ။)

၁၂။ သည်အဘိညာဉ်သုံးပါးက မဂ်တိုင်းပေါက်တာပဲ မဟုတ်ဘူးလားဘုရား။ မဂ်လေးပါးမှာ တစ်ပါးတိုင်း ပေါက်တာပေါ့။ မဂ်တစ်ခုတိုင်းက ပေါက်တဲ့အဘိညာဉ်သုံးပါးစီဟာ (မတူကြဘူး)တစ်မျိုးစီပဲ။ မဂ်တစ်ခုက သူပေါက်ရမယ့်အဘိညာဉ် အစုံပေါက်ပြီးတာဟာ ပြည့်စုံတဲ့ အမြင်အတွေး ဖြစ်တာပဲ။

ဒါတွေပေါက်လာပြီဆိုရင် အရဟတ္တမဂ် ဖြစ်တော့ပြီပေါ့။

[ဓမ္မဝိဟာရီ-ရှင်ဉာဏ. . . ၏ အရိယသစ္စကထာ (စာ-၂၅၉-၂၆၀)၂၀၀၅။]

၁၃။ ဒီကနေ့ ပဋိစ္စသမုပ္ပါဒ်နားလည်မှုက မြတ်စွာဘုရားရဲ့ ပဋိစ္စသမုပ္ပါဒ်ကွယ်တဲ့ အဆင့်ထိ ဖြစ်နေတယ်။ ကွယ်သွားအောင်နား လည်တော့ တကယ်လည်း မြတ်စွာဘုရားရဲ့ ပဋိစ္စသမုပ္ပါဒ် ကွယ်တော့တာပေါ့-လို့ ပြောရမှာပဲ။

[အရှင်ဉာဏ . . . ၏ စိတ်စိတ်ဖြာဖြာ ဉပါဒါနက္ခန္ဓာ (စာ-၁၈)ခုနှစ်မပါ။]

၁၄။ အဲဒီဆီရောက်အောင် နှင်ဖို့ရန်အတွက် ပထမဆုံးအနေနဲ့ သက္ကာယမိစ္ဆာဒိဋ္ဌိဖြုတ်ကြပါပေါ့။ ဟောဒီသက္ကာ ယမိစ္ဆာဒိဋ္ဌိက တို့ တစ်သာသနာလုံး မပြုတ်ဖူးဗျ။

လယ်တီဆရာတော်ကြီးတို့ဆိုရင် သက္ကာယမိစ္ဆာဒိဋ္ဌိကို တော်တော်ပြုတ်စေချင်တာဗျ။ သက္ကာယ မိစ္ဆာဒိဋ္ဌိကို ဖြုတ်ကောင်းခြင်းကြီးဖြုတ်ပြီဆိုတဲ့အခါကျတော့ သက္ကာယ သွားဖြုတ်တယ်။ သက္ကာယ မိစ္ဆာဒိဋ္ဌိပြုတ်တာ မဟုတ်ဘူး။ သက္ကာယပြုတ်တာ။ (ဒါကြောင့် သက္ကာယမိစ္ဆာဒိဋ္ဌိ-မပြုတ်ဘူးပေါ့။

[အရှင်ဉာဏ . . . ၏ စိတ်စိတ်ဖြာဖြာ ဉပါဒါနက္ခန္ဓာ စာမျက်နှာ ၂၅၃။၂၅၅။]

၁၅။ "တစ်ခုလောက် ထုတ်ပြပါဦး ဘုရား"၊

"နိဗ္ဗာန်ဟာ ကောင်းကင်မှာရှိတယ်ဆိုတာပေါ့"၊

"အဲဒါ ဘယ်သူပြောလို့လဲ ဘုရား"၊

"ပထမ ရွှေကျင်ဆရာတော်ကြီး ပြောခဲ့တာ"၊

"ကောင်းကင်လို့ ပြောခဲ့လို့လားဘုရား"၊

"နိဗ္ဗာန်ဘုံဟာ ကောင်းကင်မှာလို့ ပြောတော့ အတူ ပေါ့"၊

"ဟုတ်ပါပြီဘုရား"၊

"ကောင်းကင်ဟာ ဘုံရှိလို့ ရပ်ါမလား"၊ '

'ရလို့နေမှာပေါ့ ဘုရား"၊

"လုပ်ပြီ"၊

"ဘာဖြစ်လို့လဲ ဘုရား"၊

"ဘုံ ဆိုတာ မြေကြီးနဲ့စပ်တာရဲ့ နာမည်ပဲ"၊

"ဗြဟ္မာ့ဘုံဆိုတာ ဘယ်လိုလုပ်မလဲ ဘုရား"၊

"ဘာဖြစ်လို့လဲ"၊

"ကောင်းကင်မှာ မဟုတ်လို့ လားပေါ့ ဘုရား"၊

"ကောင်းကင်မှာလို့ ဘယ်သူပြောလို့လဲ"၊

"အားလုံးလိုလို ပြောနေကြတာပဲ ဘုရား"၊

"ပြဟ္မာ့ဘုံဆိုတာ ပြဟ္မာ့ဘုမိပဲ၊ ပြဟ္မာ့မြေလို့ အဓိပ္ပါယ်ရှိတဲ့စကားပဲ၊ မြေက တင်စားစကား ဆိုရင်တောင် ပြဟ္မာ့အလွှာလို့ပဲရမယ်"

"ဒါဆို ပြဟ္မာ့ဘုံဟာ ကောင်းကင်မှာ မဟုတ်ဘူးပေါ့ဘုရား"၊

"ကောင်းကင်ဆိုတာ ဘုံဆိုတဲ့ ဘူမိကို မဟုတ်တာဘဲ"

"ပြဟ္မာ့ဘုံ ကောင်းကင်မှာ ရှိကြောင်း ဘုရား ဟောဖူးသလား ဘုရား"၊

"ဘုရားက အဲဒါမျိုးဟောဖို့ ဝေးပါသေးရဲ့။"

[အရှင်ဉာဏ. . . ၏ ဓမ္မကထာ (စာ-၁၀၉-၁၁၀) ၂၀၀၅ ဩဂုတ်လထုတ်။]

၁၆။ "တပည့်တော်တို့ သိခဲ့ကြတာ မှားလှပါတယ်ဘုရား"၊

"ဘယ်လိုလဲ"၊

"ဖိုမကိစ္စဆိုရင် လွန်ကျူးတာမပြောနဲ့၊ စိတ်ကူးရင် တောင် ယုတ်မာတယ်ထင်တာဘုရား"၊

"ဒီကိစ္စဆောင်ရွက်ဖို့ဆိုရင် စိတ်လည်းကူးရမှာပေါ့"၊

"အဲဒီ စိတ်ကူးမျိုးဆိုရင် စိတ်ယုတ်တွေ ဖြစ်နေတာလို့ ပြောကြတာပဲဘုရား"၊

"မသိလို့ပြောကြတာပဲ"၊

"ဘာမသိတာလဲ ဘုရား"၊

"ဒီလို စိတ်ကူးမျိုး ဘုရားတောင် ကူးခဲ့လောက်တယ် ဆိုတာမျိုးကို မသိကြဘူး"၊

"ဟုတ်ပါ့မလားဘုရား"၊

"တွက်ကြည့်ရမှာပေါ့"၊

"ဘာတွက်မှာလည်းဘုရား"၊

"မာနတ်က မှိုင်နေလို့ သမီးသုံးယောက်ကမေးတော့ ဘုရားကို ရှုံးခဲ့လို့ ပြောတဲ့အခါ ဒါ သူတို့လုပ်ပေးမယ်ဆိုပြီး သမီးတွေက ဘုရားဆီ ချဉ်းကပ်တယ် ဆိုတာ ကြားဖူးမှာပဲ"၊

"ဒါ တစ်ကမ္ဘာလုံး အသိပဲဘုရား"၊

"မာနတ်ရော သမီးတွေပါ တကယ်နတ်သား နတ်သမီးတွေမဟုတ်ဘဲ ဘုရားစိတ်တော်ဖြစ်တွေ ဆိုတာ သိပြီးလောက်ပါပြီနော်"၊

"သိပြီးပါပြီဘုရား"၊

"အဲဒါပေါ့"၊

"ဘယ်လိုလဲဘုရား"၊

"မာနတ်ရဲ့ သမီးလတ် ဆိုသူ အပျိုရွရွဖားဖားနဲ့ ဖိုမဆက်ဆံမလားပေါ့ ဥတ္တရိမနုဿဓမ္မကို လူတွေဆီဖြန့်ဖို့က ပိုပြီးအရေးကြီးတယ်လို့ပဲ ဆုံးဖြတ်ချက်ချတယ်။

ဒီ့ထက်သာမယ့် ကိုယ်ဝန်ရှိစ မာနတ်သမီးကြီးနဲ့ ဖိုမဆက်ဆံမလားပေါ့၊ ဒါခံစားယစ်မူးပြီး ဥတ္တရိ မနုဿဓမ္မဖြန့်ဝေမှု အပျက်ခံလို့ ဘယ်ဖြစ်မလဲလို့ဖြစ်တယ်၊

**အပျိုဘော်ဝင်စ မာနတ်သမီးငယ် အပျိုပေါက်နဲ့ ဖိုမကိစ္စဆောင်ရွက်မလားပေါ့၊ ဒါတွေနဲ့ ဥတ္တရိမနုဿ ဓမ္မကို လူတွေမရတာ မဖြစ်ထိုက်ဘူးလို့ စိတ်တော်မှာ ဖြစ်ခဲ့တယ်"၊**

**"မာနတ်သမီးသုံးယောက်ကို ဘုရားအောင်နိုင်ခဲ့တယ် ဆိုတာလားဘုရား"၊**

**"ဟုတ်တယ်"၊**

**"ဟုတ်ပါ့မလားဘုရား"၊**

**"ဟုတ်တာပေါ့"၊**

**"ဒါတွေ ဘယ်လိုသိသလဲဘုရား"၊**

**"တရားအလျှောက်သိတဲ့ဉာဏ်နဲ့လျှောက်ပြီး သိတာပေါ့"၊**

**"ဘယ်လိုတရားအလျှောက်လဲ ဘုရား"၊ "ကာမရူပ၊ အရူပ ကံ ဝိပါက်တွေဟာ ဒုက္ခတရားတွေ မဟုတ်ဖူးလား"၊**

**"ဟုတ်တာပေါ့ဘုရား"၊ "ဒုက္ခဖြစ်တာတွေကိုပဲ မမက်ကြဘူးလား"၊ "မက်ကြပါတယ်ဘုရား"**

[အရှင်ဉာဏ. . . ၏ ဓမ္မကထာ (စာ-၂၂၇-၂၂၉) ၂၀၀၅ ဩဂုတ်လထုတ်။]

အထက်ပါတင်ပြချက်တို့မှာ နမူနာမျှသာ ဖြစ်ပါသည်။ ၎င်းပုဂ္ဂိုလ်၏ အဓမ္မဝါဒဖြန့်ကျမ်းစာပေါင်း (၄၀)ကျော်အထိ ရှိသည်ဟူ၏။ ၎င်း၏ အဖွဲ့ဝင်များရေးသားသည့် အဓမ္မစာများလည်း အုပ်(၂၀)ကျော် ရှိကြပါ သေးသည်။ ဤကဲ့သို့သော သာသနာဖျက်မည့် အဓမ္မဝါဒများကို ဖော်ထုတ်နိုင်ဖို့ အလွန်အရေးကြီးပါသည်။ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများထံ သိခွင့်ရအောင် တင်ပြပေးဖို့ အရေး တကြီးလိုအပ်နေပါပြီ။ သို့မှသာ ဆရာတော်ကြီးများက ဓမ္မ-အဓမ္မဆုံးဖြတ်နိုင်ကြမည်မဟုတ်ပါလော။

ထို့အပြင် ယခုအခါ အကြီးအကျယ်ဖြန့်ဝေလျက်ရှိသည့် တောင်တွင်းကြီး ရှင်ဥက္ကဋ္ဌဝါဒများလည်း ရှိပါသေးသည်။

ဆူးလေဓမ္မကထိကကြီး ဦးမြင့်သိန်း၏ အဓမ္မဝါဒများလည်း နာမည်သစ်ဖြင့် ခေတ်စားလာလျက် ရှိနေပါသည်။

အခြားအခြားသော အဓမ္မဝါဒဟောင်းများလည်း ခေါင်းပြူလာလျက် ရှိနေကြပါသည်။ တစ်ခေတ်တစ်ခါဆီက အဓမ္မဝါဒဖြစ်ကြောင်း နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက ဆုံးမပြီး ဝန်ခံပြီး ဖြစ်ပါလျက် ပြန်ပေါ်လာကြပါသေးသည်။

ထိုစဉ်က တာဝန်ထမ်းဆောင်တော်မူခဲ့ကြသည့် ဆရာတော်ကြီးများအတွက် ပင်ပန်းရကျိုး မထင်လေစွတကား။

စောဒနာလွှာ ပြုစုတင်ပြပေးခဲ့ကြသည့် သာသနာ့သားကောင်း စောဒကများအတွက်လည်း အကျိုးမဲ့လေစွတကား။

ဗုဒ္ဓဘာသာဝင် ဒကာ၊ ဒကာမများအတွက် အန္တရာယ်ကျရောက်မြဲ ကျရောက်နေလေစွတကား။

ဤကဲ့သို့ အဓမ္မဝါဒဟောင်းများ ပြန်ထလာလျှင်ဖြစ်စေ၊ အဓမ္မဝါဒသစ်များ ဖြစ်ပေါ်လာလျှင်ဖြစ်စေ

အချိန်မီဖော်ထုတ်နိုင်ဖို့ရန် အဓမ္မဝါဒဖော်ထုတ်သုတ်သင်ရေးအဖွဲ့တစ်ခုခု ရှိသင့်နေပါပြီ။

သို့ဖြစ်ပါ၍ သာသနာတော်၌ ကျရောက်လာမည့်ဘေးတို့ကို ကာကွယ်နိုင်ရန် (စာရေးသူတို့နှင့်တကွ)သာသနာ့ဝန်ထမ်း ရဟန်းတော်အများမှာ တာဝန်ကြီးတစ်ရပ်ပေါ်လာပြီဖြစ်ကြောင်း သတိပြုမိဖွယ်ရာရှိပါသည်။ ဤတာဝန်ကြီးကို စဉ်ဆက်မပြတ် ထမ်းဆောင်သွားနိုင်ရန် "တစ်ပါးကောင်း တစ်ပါးလုပ်"အနေဖြင့်မူ ဘယ်လိုမှပင် မဖြစ်နိုင်ကောင်းပါ။ ထို့ကြောင့် စွမ်းဆောင်နိုင်သူ ရဟန်းတော်များ၏ ပါဝင်မှု အဆက်အသွယ်ပြုမှုများကို မဖြစ်မနေ လိုအပ်လျက် ရှိနေပါသည်။

သာသနာတော်၌ ရှင်ဥက္ကဋ္ဌ၏ အဓမ္မဝါဒ ကျရောက်ခဲ့ဖူးပြီ။ အမြစ်ပြတ်အောင် သုတ်သင်ရန် ခက်ခဲလှသည်။ သာသနာတော်၌ ရှင်ဥပဂုတ္တပုဇော်ခြင်းဝါဒ ပြန့်ပွားခဲ့ဖူးပြီ။ အမှားကို အမှန်ပြင်ရန် ခက်ခဲလှသည်။ သာသနာတော်၌ သမ္ဗုဒ္ဓရာဇာဆိုသည့် ပုဂ္ဂိုလ်ကြောင့် သမ္ဗုဒ္ဓရာဇာအဓမ္မဝါဒ ပေါ်ထွန်းခဲ့ဖူးပြီ။ အမြစ်ပြတ်သွားခဲ့ပြီ။

ဤသို့လျှင် သက်တမ်းရှည် အဓမ္မဝါဒ၊ သက်တမ်းတို အဓမ္မဝါဒ ဟူ၍ နှစ်မျိုးရှိကြောင်း သိရပါသည်။ အကြောင်းမှာ ဖော်ထုတ်နိုင်မှုက မြန်လျှင် ဝါဒီဦးရေမများသေးခြင်းကြောင့် အားသေး၍ အမြစ်ပြတ်သွားပါသည်။ အချိန်ကြာမှသာ ဖော်ထုတ်သုတ်သင်နိုင်ပါက ဝါဒီဦးရေများပြီးဖြစ်၍ အားကြီးနေခြင်းကြောင့် နောင်တခေတ်ခေတ်မှာ ပြန်ဖြစ်လာတတ်ပါသည်။

မှန်၏။ ယခုအခါတွင် ရှင်ဥက္ကဋ္ဌဝါဒဖြန့် စာအုပ်များကို ပန်းဆိုးတန်း အရောင်းဆိုင်များမှာရော၊ မန္တလေးမြို့ ညစျေးတန်းနှင့် နာမည်ကြီး စာအုပ်ဟောင်း ရောင်းဝယ်ရေး ဆိုင်များမှာပါ ဝယ်ယူ၍ ရရှိခြင်းသည်ပင်လျှင် သက်သေဖြစ်ပါတော့သည်။

ဤသို့ ဖြန့်ဝေနေသည့် မြင်ကွင်းများကို ၁၃၄၃ (၁၉၈၁)ခုနှစ်က ရှင်ဥက္ကဋ္ဌဝါဒ အဓမ္မဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်တော်မူခဲ့ကြသည့် ဆရာတော်ကြီး

(ဘဒ္ဒန္တဃောသိတာဘိဝံသ၊

ဘဒ္ဒန္တဇဝနာဘိဝံသ၊

ဘဒ္ဒန္တ ဓမ္မာဘိဝရ၊

ဘဒ္ဒန္တကုမာရာဘိဝံသ၊

ဘဒ္ဒန္တဉာဏိက)တို့ မြင်တွေ့ကြလျှင် အဘယ်သို့ ရှိတော်မူကြမည်နည်း။

ထိုစဉ်က စောဒကအဖြစ် ဆောင်ရွက်တော်မူခဲ့ကြသော ဆရာတော်ကြီး

(ဦးစန္ဒိမာ၊

ဦးပညာသီဟ၊

ဦးဝိသုဒ္ဓ၊

ဦးပညာသာမိ)တို့ မြင်တွေ့ရလျှင် အဘယ်သို့လျှင် အကျိုးရှိကြောင်း ဝန်ခံနိုင်တော့အံ့နည်း။ အလကားနေ ပင်ပန်းခဲ့ရလေစွဟုဆိုကာ ယူကျုံးမရ ဖြစ်တော်မူကြရပေလိမ့်မည်။

ယခုအခါတွင်လည်း သက်တမ်းရှည် အဓမ္မဝါဒကြီးတစ်ခု (နောက်ထပ်ရှိသေး။) အားသန်နေကြောင်း

ဖော်ပြအပ်ပြီး ဖြစ်ပါသည်။

အထူးအားဖြင့် မဟာရန်ကုန်ထဲတွင် အကျုံးဝင်သည့် မြောက်ဥက္ကလာပမြို့ (ဌာနချုပ်)၊ မန္တလေးတိုင်း (ရန်ကင်းတောင်ဒေသ)၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ မိုးညှင်းမြို့၊ ပဲခူးတိုင်း တောင်ငူမြို့၊ ပဲခူးမြို့၊ ပြည်မြို့ စသည်တို့မှာ အများအပြားပျံ့နှံ့စွဲဝင်လျက် ရှိကြောင်းလည်း သိရပါသည်။

၎င်းအဓမ္မအဖွဲ့၏ လှုပ်ရှားပုံမှာ အလွန်ပါးနပ်ကြောင်း တွေ့ရပါသည်။ ဒကာ၊ ဒကာမတို့ကို တစ်ဦးချင်း တစ်စုချင်း အတွေ့ခံကာ ဟောပြောစည်းရုံး သိမ်းသွင်းခြင်းပင် ဖြစ်ပါသည်။ ထိုအဖွဲ့ထဲသို့ ရောက်ဖူးသူတချို့၏ ပြောပြချက်အရ တချို့က ကျမ်းစာအုပ် ငါးအုပ်ရှိကြောင်း၊ တချို့က ဆယ်အုပ်ရှိကြောင်း စသည်ဖြင့် ဆိုကြပါသည်။

လျှို့ဝှက်အား သိပ်သည်းလှ၍ အဖွဲ့ဝင်အနေဖြင့် ဆည်းကပ်ကိုးကွယ်နေကြသူများသည်ပင် ၎င်းတို့၏ အဓမ္မဝါဒတို့ကို အပြည့်အစုံ သိခွင့်မရဘဲ ရှိနေတတ်ကြပါသည်။

ထို့ကြောင့် အဘိဓမ္မာစာမေးပွဲ ဂုဏ်ထူးဆောင်ဆရာကြီးများ၊ ဓမ္မာစရိယဘွဲ့ကြီးရ ဆရားတော်များပင် အကောင်းတစ်ကွက်အတွက် သူ့ဘက်ပါ ဖြစ်နေကြရပါသည်။ လူကဲခတ်ပြီးမှ အကြိုက်တွေ့စေမည့် အချက်အလက်တို့ဖြင့် စည်းရုံးသိမ်းသွင်း ခြင်းပင်ဖြစ်ပါသည်။

ရောက်လာသူနှင့် ဆွေးနွေးဟောပြောပြီးမှ ဗုဒ္ဓဘာသာရေး နည်းနည်းနားလည်သူဖြစ်နေလျှင် ဗုဒ္ဓဘာသာနှင့် သိပ်ကြီးမဆန့်ကျင်သည့် စာအုပ်များ၊ တရားများကို ပေးဝေရောင်းချကြောင်း၊ ဗုဒ္ဓဘာသာအကြောင်း ဘာမျှမသိသူ ရောက်လာလျှင် ဗုဒ္ဓဝါဒတရားများ အမှားလုံးလုံးဖြစ်အောင် ဟောပြောပြီး စည်းရုံးလေ့ရှိကြောင်း သိရပါသည်။

× × ×

# နိဂုံး

နိဂုံးချုပ်အနေဖြင့် တင်ပြစရာရှိသည်မှာ အဓမ္မဝါဒ ဖော်ထုတ်ရေး သုတ်သင်ရေးအတွက် စွမ်းဆောင်နိုင်သည့် ရဟန်းတော် များ အနေဖြင့် စာရေးသူတို့ထံ ဆက်သွယ်ကြပါရန် မေတ္တာရပ်ခံလိုကြောင်းပင် ဖြစ်ပါသည်။ စာရေးသူတို့အဖွဲ့သည် တစ်နေရာတည်း နေ အမြဲတမ်းအုပ်စုဖွဲ့ အဖွဲ့မျိုး မဟုတ်ပါ။ ကိုယ့်ကျောင်းမှာ ကိုယ်နေပြီး အဓမ္မဝါဒပြဿနာရှိမှသာလျှင် စုပေါင်းတိုင်ပင်ညှိနှိုင်းပြီး ဆောင်ရွက်မည့်အဖွဲ့မျိုး ဖြစ်ပါသည်။

ဤသို့ ဆောင်ရွက်သောအခါ သတင်းထောက်လှမ်းရေး၊ သက်သေခံရှာဖွေရေး စသည်တို့အတွက် မဟာမိတ်များစွာ (ကိုရင်၊ ဦးဇင်းလေးများ)လည်း လိုအပ်ပါသည်။ သွားရေး လာရေးစသည်တို့အတွက် ဝတ္ထုငွေကြေးလည်း များစွာ လိုအပ်ပါသည်။ သက်ဆိုင်ရာ ဒကာ၊ ဒကာမတို့ထံ အသိပေး၍ လှူလိုက လှူနိုင်ရန်လည်း စီမံဖို့ လိုပါသည်။

ထို့ပြင် **အဓမ္မဝါဒဖြစ်ကြောင်း ဝန်ခံပြီးသောအခါ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ တံဆိပ်တော်ဖြင့် ခွင့်ပြုခံရသော သတင်းဆောင်းပါးများကို စာ နယ် ဇင်းတို့မှာ**

**ထည့်သွင်းဖော်ပြနိုင်သည် အထိလည်းကောင်း**

နောင်ကာလမှာ နာမည်ဟောင်း ဖြင့် ဖြစ်စေ

နာမည်သစ်ဖြင့်ဖြစ်စေ

ပြန်ထလာလျှင်လည်း အမှုဟောင်းအမှုသစ်တွဲလျှက် တင်ပြနိုင်သည်အထိလည်းကောင်း ဆောင်ရွက်ဖွယ်ရာရှိပါသည်။

စာရေးသူတို့ ရဟန်းတော် (ဘာသာရေးခေါင်းဆောင်)များသည် စင်စစ်အားဖြင့် သာသနာပြုဖို့ အတွက်သာ သာသနာဆိုင်ရာပညာတို့ကို သင်ယူခဲ့ခြင်းဖြစ်ပါသည်။

အမျိုးဘာသာ သာသနာအတွက် ကောင်းကျိုးပြုစေဖို့သာ မိဘဆရာသမားများကလည်း စောင့်ရှောက်ကျွေးမွေး ပညာသင်ပေးထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် အဖွဲ့အဖြစ်ဖြင့် ရပ်တည်ဆောင်ရွက်နိုင်ရန် ဆက်သွယ်ကြဖို့ရန် သာသနာ့သားကောင်း သာသနာ့အာဇာနည် ပညာရှင်ရဟန်းတော်တို့အား ပန်ကြားအပ်ပါသည်။

| | |
|---|---|
| လက်မှတ် | လက်မှတ် |
| . . . . | . . . . |
| (၁) အရှင်နာရဒ | (၂) အရှင်ဣန္ဒာစရိယာဘိဝံသ |
| (၄၂-နှစ်၊ ၂၂-ဝါ) | (၃၄-နှစ်၊ ၁၄-ဝါ) |
| မြို့ဦးကျောင်းတိုက်၊ | သာသနပါရဂူစာသင်တိုက် |
| ဟိုပင်မြို့၊ ကချင်ပြည်နယ်။ | အောင်ချမ်းသာ (၅)လမ်း၊ |
| | အမှတ်(၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ |

# ရဟန္တာမထေရ်မြတ်၏ တရားခွေ

**အရှင်ဣန္ဒာစရိယာဘိဝံသ**

**(က)**

၁၃၇၀–ခုနှစ် သီတင်းကျွတ်လပြည့်ကျော်(၁၀)ရက်နေ့တွင် စာရေးသူထံသို့ (C.D) ခွေတစ်စုံ ရောက်လာပါသည်။ ခွေအဖုံးအနေဖြင့် ထည့်သွင်းထားသည့် ရည်ညွှန်းစာရွက်ကလေးကို ဖတ်ရှုလိုက်စဉ် ထိတ်ထိတ်လန့်လန့် ဖြစ်ရပါသည်။ အညွှန်းစာရွက်ကလေးပေါ်မှာ ကွန်ပျူတာဖြင့် စာစီဖော်ပြထားပုံက–

"ရဟန္တာမထေရ်မြတ်၏ ဆုံးမဟောကြားသောတရား ဖြစ်ပါသည်။ ရိုသေစွာ နာကြားနိုင်ကြပါစေ။ **ဆက်သွယ်ရန်** ကရင်ပြည်နယ် ဘားအံမြို့နယ် အိန္ဒုစုံပြကျေးရွာ အင်လေးရပ်ကွက် ဦးကိုလု+ဒေါ်လုကြွယ် (ဖုန်း) ၀၉၈–၇၃၀၈၂၅"

ဟူ၍ပင်တည်း။

၎င်းခွေနှင့်အတူ ပါလာသည့်ပေးစာထဲတွင်–

"တပည့်တော် ရိုသေစွာ စာရေး–လျှောက်ထားအပ်ပါသည် အရှင်ဘုရား။ ရူးသွပ်သောပုဂ္ဂိုလ်များ– လောဘကြီး၍ အလိုဆိုးရှိသောပုဂ္ဂိုလ်များက ရဟန္တာလေသံကို ဖမ်းပြီး လာဘ်လာဘများကို လိုက်လံပြီး မျှားနေကြတာပါပဲ။ 'ရဟန္တာမထေရ်မြတ် ဟောကြားဆုံးမအပ်သောတရား' အမည်ရှိ(C.D) ခွေကိုသာ နာကြားကြည့်ပါတော့ဘုရား။ ဧကဝါစိကသရဏဂုံ ဒွေဝါစိက တေဝါစိက စုံလုပါတယ် ဘုရား။ အနိုကာဇာဖုံးမှာ ပါရှိတဲ့ ဒကာကြီးက သူကိုးကွယ်သောပုဂ္ဂိုလ်ကို "ရဟန္တာ"လို့ ကင်ပွန်းတပ်ပြီး ကြေညာလိုက်သောအခါ ဒေသတစ်ခုလုံး ဂယက်ထကုန်ပြီဘုရား။

စာတတ်အကျော်သံဃာတော်တွေက ရဟန္တာလို့ အမည်တပ်ခံရတဲ့ကိုယ်တော် ဘယ်မလဲ။ ဘာလဲ။ ဘယ်လိုလဲ။ ဖြေ–ဓမဲ ပြပါပေ့ါဘုရား။ သံဃာတချို့ ပွဲကြမ်းကြပါလေရော။ (၁၀.၁၀.၂၀၀၈)ရက်စွဲမှာ သက်ဆိုင်ရာ သံဃနာယကဆရာတော်တွေ အသီးသီး အရေးပေါ်စည်းဝေးပွဲ လျှို့ဝှက်ပြုလုပ်ကြရပါသတဲ့။ ကိုင်း– ကြည့်ပါတော့ဘုရား။

အယူမှားသူတွေက–အထင်မှားသူတွေက– ဆရာကိုးကွယ်မှားသူတွေက ပတ်ဝန်းကျင်ကို ဘယ်လောက်အထိ ပူလောင်စေသလဲဆိုရင်ဘုရား။ တရားခွေထဲမှာ "ဒုက္ခသစ္စာ၏ အရိုကို သိရင် ဧကဝါစိကသရဏဂုံ"တဲ့။ ဒါ့အပြင် သမုဒယ–မဂ္ဂ–နိရောဓ။ အဲသလို လေးပါးစလုံး သိရင် စတုတ္ထဝါစိကသရဏဂုံတည်သူလို့ ဆိုလေမလား။ ဟုတ်တော့မလိုလိုနဲ့ ဝေဝါးနေတာပါပဲ။

အရှင်ဘုရား နာကြားပြီးရင် စိစစ်ပေးပါဘုရား။ တပည့်တော်ရဲ့မိတ်ဆွေက ဒီထူးဆန်းခွေကိုမှ "ဖြန့်ချင်တယ်"ဆိုလို့ (၆)စုံ ကူးပြီး ပို့သင့်ပို့ထိုက်သူများထံ ပို့ပေးလိုက်တာပါ။ (ဖြန့်ဖို့–မဟုတ်။)

သာမန်နာကြားသူတွေက မှား/မှန်တို့ကို ခွဲခြားပြီး သိနိုင်စွမ်းရှိမည် မဟုတ်သောကြောင့် အရှင်ဘုရားထံ ထည့်၍ ပို့လိုက်ပါတယ်ဘုရား။ အမှား/အမှန် စသည် ရှင်းပြတော်မူပါဘုရား"

ဟူ၍လည်း ပါရှိသည်။

ဤပေးစာကလည်း စာရေးသူကို ထိတ်ထိတ်လန့်လန့် ဖြစ်စေပြန်ပါသည်။

"ဘယ်လိုပုဂ္ဂိုလ်တွေက ဘာတွေ လုပ်ကြပြန်ပြီလဲ။ ဘာတွေ ဖြစ်နေကြတာလဲ။ အင်း–မြတ်စွာဘုရားရဲ့ သာသနာတော်ကြီးမှာ အရိပ်နေနေ–အခက်ချိုးချိုး။ တစ်ပင်လုံး ပြာချမယ့်သူတွေ ပေါ်လိုက်ပါဘိ"

စသည်ဖြင့် တွေးတောမိကာ အမှန်တကယ်ပင် ထိတ်လန့်မိပါသည်။ တုန်လှုပ်မိပါသည်။ ဤကဲ့သို့သော အဓမ္မဝါဒီများ၏ အဓမ္မဝါဒများ နေရာအနှံ့ပင် သူ့ပမာဏနှင့်သူ ရှိတတ်ကြောင်း စာရေးသူ သိထားပါသည်။

သို့ရာတွင် အစုအဖွဲ့ပေါင်း များစွာရှိမည်ဟုတော့ မထင်မိပါ။ သို့သော်လည်း ယခုအခါမှာ များစွာ– အလွန်များစွာ ရှိနေကြကြောင်း သိလာရသဖြင့် မြတ်စွာဘုရား၏ အဆုံးအမ(တရားစစ်–တရားမှန်)များကို တကယ်လိုက်နာ လေ့ကျင့်လိုကြသူ ဗုဒ္ဓဘာသာဝင်များအတွက် အလွန်မှပင် ဝန်လေးမိပါသည်။

စိတ်ထဲတွင် မသက်မသာကြီး ခံစားရပါသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့အားလည်း

"ဗုဒ္ဓမြတ်စွာ၏တရားတော်များကို လိုက်နာလိုပါက ပါဠိတော်မူရင်းမြန်မာပြန်များကို များများဖတ်ကြပါ။ ကိုယ်တိုင်သိအောင် လေ့လာကြပါ။

စာပေပရိယတ် တတ်ကျွမ်းသည့် ရိုးရိုးနေရဟန်းများထံ ချဉ်းကပ်ပြီး မေးမြန်းနာယူကြပါ။

ရိုးရိုးနေရဟန်းများတွင်သာလျှင် ဘုရားဟောသည့် ဒေသနာအတိုင်း ပြန်လည်ပြောပြတတ်သူ များများ ရှိမည် ဖြစ်ပါသည်။

တစ်စုံတစ်ခု ပြုလုပ်နေကြသည့် ရဟန်းများကတော့ ကျောင်းဆောက်ရေး စသည်တို့ကို ရှေးရှုနေကြသဖြင့် ဘုရားဟောသည်တို့ထက် မိမိတို့၏ ကောင်းသတင်းတို့ကို မောင်းတင်းကာ ထုတ်ပြတတ်ကြသည်ဖြစ်၍ တရားတို့ထက် မတရားတို့ကိုသာလျှင် ရှေ့တန်းရောက်အောင် ထုတ်ပြနေကြတတ်ကြပါသည်"

ဟူ၍လည်း သတိပေးချင်စိတ်များ ဖြစ်ပွါးလာကြပါသည်။

တရားတစ်ပုဒ်ကို နာယူသောအခါ ဘုရားဟောတရားက ဘယ်ဟာတွေလဲ။ ဆရာတော် ပြောဟောသူ၏ ကိုယ်ရေးကိုယ်တာ ကြေညာချက်တွေက ဘယ်ဟာတွေလဲ ဆိုတာကို သေချာခွဲခြားပြီး စစ်ဆေးတတ်မှသာလျှင် ဝါဒရေးမှိုင်းတို့မှ လွတ်ခွင့်ရနိုင်ကြမည်ဖြစ်ကြောင်း အထူးသတိပေးချင်လာပါသည်။ ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓ၏ ဟောပြောချက် အဆုံးအမတို့ကို လိုက်နာကြရမည် မဟုတ်ပါလား။ ဗုဒ္ဓ၏ အဆုံးအမတို့ထက် အရေးကြီးဟန် လုပ်ထားသည့် ဆိုင်ရာဆိုင်ရာ ဝါဒဖြန့်ချိချက်တို့ကို လိုက်နာမိကြလျှင် ကိုယ်ကျိုးနဲကြရမည် မဟုတ်ပါလား။

ဤသို့ခွဲခြားနိုင်ရေးမှာ ပါဠိတော်မူရင်း မြန်မာပြန်ကျမ်းတို့ကို ကြိုးကြိုးစားစား မဖတ်သူများအတွက် ဘာပေတံဖြင့် ခွဲခြားနိုင်မည်နည်း။ ဤအခွင့်ကောင်းကို ရယူလျက် ဘာသာရေးဖြင့် လိမ်ညာနေသူများ အလွန်ပင် များပြားလာကြကြောင်းလည်း သတိပေးလိုပါသည်။

"မဟာသတိပဋ္ဌာနသုတ်တရားတော်"ဟု နာမည်တပ်ထားသည့် ဟောတရားထဲမှာပင် မဟာသတိပဋ္ဌာနသုတ်မှာ မပါသည့် ကိုယ်ရေးကိုယ်တာများချည်း ပြည့်နေတတ်ကြောင်း စဉ်းစားမိကြပါစေ"

ဟုလည်း ဆုတောင်းအပ်ပါသည်။ အလိမ်ခံသူများ နစ်နာကြရမည်သာတည်း။

## (ခ)

"ဓမ္မစကြာမှာ ဟောပုံဟောနည်းက–

"လောကမှာ အကျင့်တရားဆိုတာ ဟိနယာန–မဟာယာန–ဗြဟ္မဏယာန–သမဏယာန။

ဟိနယာနအကျင့်တရားကိုကျင့်တော့ ငါချမ်းသာဖို့ပဲ ကျင့်တယ်။ အဒီသူ–ခန္ဓာကြွေရင် အပါယ်ကျတာချည်းပဲ။

မဟာယာနအကျင့်တရားကိုကျင့်တော့ ကုသိုလ်–အကုသိုလ်တွေကို အကြောင်းခံတယ်။ ကုသိုလ်များရင်တော့ နတ်ပြည်တို့ ဘာတို့ ရောက်တယ်။ အကုသိုလ်များရင်တော့ သူတို့လဲ အပါယ်ပါပဲ။

ဗြဟ္မဏယာနအကျင့်တရားကိုကျင့်တော့ ဈာန်အနှစ်နဲ့ပဲ သွားတာ။ သေတော့ ဗြဟ္မာတွေ ဖြစ်ကြတယ်။ ဒီ အကျင့်တရားတွေက သံသရာမှ မလွတ်ဘူး။

သမဏယာနအကျင့်တရားကို ကျင့်နိုင်မှ သံသရာမှ လွတ်မယ်။ ဟိနယာန–မဟာယာန–ဗြဟ္မဏယာန အကျင့်တရားတွေကို လွန်ပြီးတော့ ကျင့်နိုင်မှ သမဏယာနအကျင့်တရားကို ကျင့်နိုင်တဲ့ပုဂ္ဂိုလ် ဖြစ်တယ်။ ပဉ္စဝဂ္ဂီတို့–––နင်တို့က အဲဒီအကျင့်တရားတွေထဲမှာ ဘယ်အကျင့်တရားကို ကျင့်ကြတာလဲ။ မြတ်စွာဘုရားက မေးတယ်။

အဲဒီမှာ မြတ်စွာဘုရားက ပထမဇကေဝါစိကအကျင့်ကို စသင်ပေးတာ။ ဒုက္ခဆိုတာ – ခပ်သိမ်းသော သတ္တဝါတွေ မဆင်းရဲကြဘူးလား။ (ဆင်းရဲကြပါတယ်။)

ဆင်းရဲတာကို မသိဘူးလား။ (သိပါတယ်။)

သိတော့ မကြောက်ဘူးလား။ (ကြောက်ပါတယ်။)

ကြောက်တော့ ကြောက်တဲ့စိတ်ကို မဆင်ခြင်ဘူးလား။ ဆင်ခြင်တာ သိလို့ပေါ့။ သိတာ–ဆင်းရဲ။ ရှိတာ–

ဆင်းရဲ။ တကယ်မသိလို့ ဆင်းရဲကြတာ။ တကယ်သိရင် မဆင်းရဲဘူး။ ဒါဟာ ပထမသရဏဂုံ။

ပထမသရဏဂုံမှာ တရားကို မမြင်ရင် တွယ်လို့ ငြိလို့ ဆင်းရဲတယ်။ တွယ်လို့ငြိလို့ ဆင်းရဲတာကို သိတယ်။ ဆင်းရဲတာ– တွယ်တာ– သိတာကို ဒွေဝါစိကသရဏဂုံလို့ ခေါ်တယ်။ သိလို့ တွယ်တယ်။ တကယ်သိရင် တွယ်မလား။ (မတွယ်ပါ။) တကယ်သိရင် မတွယ်ဘူး။ မသိရင် မရှိဘူး။ မရှိရင် မသိဘူး။

အသိချုပ်သွားရင် မတွယ်ဘူး။ ရှိတာကို သိလို့ ရှိရင်တော့ သံသရာလည်တယ်။ ရှိတယ်–သိတယ်–တွယ်တယ်။ ဒါ ဓမ္မစကြာပဲ။ သိမှုရဲ့ ချုပ်ကြောင်းကို မြင်မှ သံသရာမှ လွတ်တယ်။ (အသိ ချုပ်သွားရင် တေဝါစိက သရဏဂုံ။)

....တရားလိုချင်တဲ့စိတ်ဟာ လောဘစေတနာကို အခြေခံတယ်။ .... ဘုရားရှိခိုးတာနဲ့ နတ်ရှိခိုးတာ အတူတူပဲ။ ဘိုးတော်ကို ကိုးကွယ်တဲ့သူက ဘိုးတော်ကို ရှိခိုးတော့ ဘိုးတော်ဟာ ဘုရားပဲ။ ဗုဒ္ဓဆိုတာကတော့ အသိဉာဏ်ကို ပြောတာ။ ဘုရားစေတီရုပ်ပွါးဆင်းတုဆိုတာ ဘုရားတော့ ဟုတ်တယ်။ ဗုဒ္ဓ–မဟုတ်ဘူး။ နတ်ဆိုတာလဲ ဘုရားတော့ ဟုတ်တယ်။ ဗုဒ္ဓ–မဟုတ်ဘူး။ ဘိုးတော်လဲ ဘုရားပါပဲ။ ဗုဒ္ဓတော့ မဟုတ်ဘူး။ လောကမှာ ဘုရားတွေက များတယ်။ ဗုဒ္ဓကတော့ မများဘူး"
လို့ ဟောပြပါတယ်"။

## (ဂ)

"အထက်ပါ(ခ)အမှတ်ပြစကားများသည် ရဟန္တာမထေရ်မြတ်၏ဟောတရားခွေထဲမှ ကောက်နုတ်ချက်များ ဖြစ်ပါသည်။

မြတ်စွာဘုရား ဟောပြထားသည့် ဓမ္မစကြာပါဠိတော်မှာ အကျင့်တရား(ယာန)လေးမျိုးဟူ၍ လုံးဝ မပါရှိချေ။ ဝတ်ရွတ်စဉ်စာအုပ်များမှာ ပါရှိသည့် ဓမ္မစကြာပါဠိတော်ကို ဖတ်ကြည့်မိသူတိုင်း သိနိုင်ကြပါသည်။ ဆရာတော်ဦးဗုဒ်၏ ဓမ္မစကြာနိဿယစာအုပ်ကို ဖတ်ကြည့်မိသူတိုင်းလည်း သိနိုင်ကြပါသည်။ ထို့ကြောင့် ရဟန္တာအမည်ခံ၏ဟောတရားပါ ယာနလေးပါးတရားသည် အမှားကြီးသာတည်း။

ထိုတွင် ဟီနယာနဟူသော ဝေါဟာနသည်လည်းကောင်း၊ ယင်း၏အဓိပ္ပါယ်ရှင်းလင်းချက်သည်လည်းကောင်း အမှားများသာတည်း။ (ဟီနယာနဟူ၍ သုံးနှုံးမှ ဝေါဟာရမှန်ပါသည်။) ဟီနယာန–မဟာယာနဟူသော ဝေါဟာရတို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် နှစ်ပေါင်း(၁၀၀)ကြာသောအခါမှ စတင်၍ ပေါ်ပေါက်လာကြပါသည်။

မဟာယာန၏အဓိပ္ပါယ်ရှင်းလင်းချက်များသည်လည်း အမှားများသာတည်း။ ဓမ္မစကြာသုတ်ကို မြတ်စွာဘုရား ဟောပြစဉ်ကာလတွင် မဟာယာနဝေါဟာရ စသည်များကို မည်သူမျှပင် မကြားဖူးကြသေးချေ။ ထို့ကြောင့် ဓမ္မစကြာသုတ်ထဲမှာ ထိုဝေါဟာရများနှင့် ထိုအဓိပ္ပါယ်များ မပါရှိကြောင်း သေချာစွာ မှတ်ယူကြရမည် ဖြစ်ပါသည်။ အကျယ်သိလိုပါက သီလက္ခန်အဋ္ဌကထာနိဒါန်း စသည်တို့၌ ကြည့်ရှုနိုင်ကြပါသည်။

ပိဋကဒေသနာတို့တွင် သမဏဓမ္မဟူ၍ ပါရှိသော်လည်း သာမဏယာနဟူ၍ မရှိပါ။ ရဟန္တာမထေရ်မြတ် အမည်ခံသူက ထွင်ထားသည့်ဝေါဟာရအသစ်မျှသာ ဖြစ်ပါသည်။ ပထမဧကဝါစိကအကျင့်–ဟူ၍လည်း မရှိပါ။ ထို့ကြောင့် ထွင်လုံးဟူ၍သာ မှတ်ယူကြရမည် ဖြစ်ပါသည်။ ပထမ သရဏဂုံဟူသောအသုံးလည်း မရှိပါ။ ယင်းတို့သည်လည်း အမှားများပင် ဖြစ်ကြပါသည်။

သရဏဂုံသုံးပါးနှင့် သစ္စာလေးပါးတို့သည် အဓိပ္ပါယ်တူကိုဖေါ်ပြသည့် ဒေသနာဝေါဟာရများ မဟုတ်ကြပေ။ ဒွေဝါစိကသရဏဂုံဟု ဆိုရာမှာလည်း အဓိပ္ပါယ်များမှာ အမှားများသာတည်း။ "အသိချုပ်သွားရင်"ဟူသော ဝေါဟာရသည်လည်း အမှားသာတည်း။ အသိသဘောသည် အသက်ရှင်နေသမျှ ကာလပတ်လုံး မချုပ်ကောင်းချေ။

အသိ တစ်ခု ချုပ်ပြီးလျှင် အသိတစ်ခု ဖြစ်ပေါ်လာရသည်သာတည်း။ အသိစိတ်နှင့်အသိဉာဏ်တို့၏ (ပျက်+ဖြစ်)အစဉ်တို့သည် သေပြီး ချိန်မှသာလျှင် လုံးဝ ပြတ်သွားခြင်းဖြစ်၍ လုံးဝချုပ်သွားကြပါသည်။

ရဟန္တာမထေရ်မြတ်၏ တရားအရဆိုလျှင် သေသွားပြီးသူ(အလောင်းကောင်)တို့မှာ အသိချုပ်သွားပြီ

ဖြစ်သောကြောင့် နိရောဓသစ္စာ=နိဗ္ဗာန်ကို ရရှိသူများချည်း ဖြစ်ကြရပေတော့မည်။

မိမိကိုယ်ကို သေကြောင်းကြံနိုင်သူများသည် သိမ္မချုပ်ကြောင်းကို မြင်တတ်သူများဖြစ်၍ မဂ္ဂသစ္စာ=လောကုတ္တရာအရိယမဂ်ဉာဏ်ကို ရရှိသူများချည်း ဖြစ်ကြရပေတော့မည်။

ထို့ကြောင့် ရဟန္တာအမည်ခံ၏ ဟောတရားများသည် အလွန်ပင် မှားယွင်းသည့် တရားများပေတည်း။ "ဒါ ဓမ္မစကြာ"ဟုဆိုရာ၌လည်း ဓမ္မစကြာ၏ အဓိပ္ပါယ်နှင့် တစ်စက်ကလေးမျှ မတူသောကြောင့် အမှားကြီးသာတည်း။

ဘုရားနှင့်ဗုဒ္ဓတို့၏ အဓိပ္ပါယ်ရှင်းလင်းချက်များသည်လည်း အမှားများပင်တည်း။ အသိဉာဏ်တိုင်းကို ဗုဒ္ဓဟု မခေါ်နိုင်ပါ။ မှန်ကန်သောအသိဉာဏ်တိုင်းကိုလည်း ဗုဒ္ဓဟု မခေါ်နိုင်ပါ။ ဤသည်တို့ကား စာမူတစ်ပုဒ်စာအတွက်မျှလောက်သော အမှားများကိုသာ ကောက်နှုတ်ဖော်ပြလျက် ရှင်းလင်းပြခြင်းတို့သာ ဖြစ်ကြပါသည်။

အမှားများကမူ သူ့တရားထဲမှာ များစွာ-များစွာပင် ပါရှိကြပါသေးသည်။ ရဟန္တာအမည်ခံ ကိုယ်တော်ကြီးက ဤသို့သော-ထိုသို့သော အမှားကြီးများကို ဟောပြထားပြီးနောက်ပိုင်းတွင်-

"ဒီတရားတွေကို နားလည်မှု လွဲသွားရင် မဟာအဝိစိငရဲမှာ လက်မှတ်ထိုးပြီးသားပဲ"

ဟူ၍လည်း ခြိမ်းခြောက်ထားလိုက်ပါသေးသည်။

(မဟာအဝီစိငရဲဟုဆိုမှ စကားလုံး အမှန် ဖြစ်သည်။)

တစ်ဖန်-

"ဤဓမ္မစကြာသုတ်လာ ဤဟောတရားမျိုးကို ပိဋကတ်ကျမ်းဂန် မိုးပျံအောင် တတ်သူတွေလဲ မဖော်ထုတ်နိုင်ကြောင်း"

ဆိုထားပါသေးသည်။ (သူကသာ ရဟန္တာဖြစ်၍ ဖော်ထုတ်နိုင်သည်ဟု ဆိုလိုပါသည်။)

ထိုစကားတွင် ပိဋကတ်တတ်သူတို့က ထိုဟောတရားမျိုးကို ဓမ္မစကြာသုတ်ထဲမှ မဖော်ထုတ်နိုင်ကြောင်း စကားသည် အလွန်မှန်ကန်စွာ ဆိုထားသည့်စကားပင် ဖြစ်ပါသည်။ စာတတ်သူများက ဓမ္မစကြာသုတ်ထဲမှာ မပါသည်တို့ကို-

"ဤသည်တို့ကား ဓမ္မစကြာသုတ်ထဲကတည်း"

ဟူ၍ အဘယ်သို့လျှင် ထုတ်ဖော်နိုင်ကောင်းအံ့နည်း။ လူလိမ်တို့ကသာလျှင် ဘုရားမဟောသည်တို့ကို ထုတ်ဖော်ပြလျက်-

"ဤသည်တို့ကား ဘုရားဟောတို့တည်း"

ဟုဆိုကာ လိမ်နေကြသည် မဟုတ်ပါလား။ (ဝါ) ဖော်ထုတ်နိုင်ကြကုန်ရာသည် မဟုတ်ပါလား။

## (ဃ)

"ရဟန္တာမထေရ်မြတ်၏ ဆုံးမဟောကြားသော တရား"သည် (၂)နာရီကျော်ကြာအောင် ဟောထားသည့် တရား ဖြစ်ပါသည်။

ယင်းတရားခွေထဲမှာ ပါရှိသည့် အသုံးအနှုန်းတို့အရ ကျောင်းတိုက်ထဲမှာ တရားစခန်း ဖွင့်ထားပြီး နောက်စခန်းဝင်ယောဂီအနဲစုက အိမ်သို့ပင့်ပြီး တရားနာကြောင်း တရားဟောကြောင်း သိရပါသည်။ ထို့ကြောင့် "ဟောပြောသူသည် ရိုးရိုးဓမ္မကထိကမျှပင် မဟုတ်ချေ။ ကမ္မဋ္ဌာနာစရိယ+ဓမ္မကထိကတစ်ပါး ဖြစ်၏"ဟူ၍လည်း သိရပါသည်။

မှတ်တမ်းတင်ခွေထဲတွင် ရိက်ကူးစက်အဖြတ်အတောက်အရ တရားအပိုင်း(၅)ခု ပါဝင်ပါသည်။ ဟောပြောသူ(ရဟန္တာအမည်ခံ)ကြီးက-

"သူ့တရားကို နာယူသူများ- နားမလည်၍ ပစ်မှားကြလျှင် မဟာအဝိစိငရဲသို့ ရောက်ကုန်ကြမည်ကို သနားလေသောကြောင့် တရားခွေကို ဖြန့်ချီမှု-မပြုကြရန်"တားမြစ်ချက်များကိုလည်း ထည့်သွင်းကာ ဟောထားပါသည်။

ဟောပြောသူက ထိုသို့ထည့်သွင်း၍ ဟောထားပါလျက် ခွေအဖုံးရည်ညွှန်း စာရွက်ကလေးပေါ်မှာကျတော့

**"ဆက်သွယ်ရန်"**ဟူ၍ လိပ်စာအပြည့်အစုံပင် ပါရှိနေပြန်ပါသည်။ သူတို့ ကိုးကွယ်သည့် ရဟန္တာမထေရ်မြတ်၏ အဆုံးအမကို သူတို့ကိုယ်တိုင်ပင် မနာယူကြသော တပည့်မိုက်များ ဖြစ်ကြောင်း ပီပီသသကြီး ထင်ရှားနေပါသည်။

ထို့ကြောင့် ဟောသူကိုယ်တိုင်ကလည်း "သူ့တရားသည် အမှားတွေပဲ ဖြစ်သည်"ဟူ၍ သိနေလျက် ဟောထားမှုဖြစ်ကြောင်း ထင်ရှားပါသည်။ နာသူတို့က လည်း(ရှိသေစွာ မလိုက်နာသည်ကို ထောက်ဆ၍) "သူတို့ ဆရာသည် ရဟန္တာမဟုတ်သူ=လူလိမ်ပဲ ဖြစ်သည်"ဟူ၍ သိနေလျက် ဖြန့်ချိမှု-ဖြစ်ကြောင်း ထင်ရှားလှပါသည်။

သို့ဖြစ်ပါ၍ ပေးပို့သူ၏ ပေးစာမှာ ပါရှိသည့်အတိုင်းပင် "ရှုးသွပ်သော ပုဂ္ဂိုလ်များက-အလိုဆိုးရှိသော ပုဂ္ဂိုလ်များက လာဘ်လာဘများများကြီး ရရှိအောင် မှုားထားခြင်းသာ ဖြစ်ကြောင်း"အလွန်ပင် ထင်ရှားလှပါသည်။

**(င)**

ဆရာကိုးကွယ်မှားသူများသည် မိမိတို့ကိုယ်ကို ဖျက်ဆီးတတ်သူများလည်းဖြစ်၍ ပတ်ဝန်းကျင်ကို ဖျက်ဆီးတတ်သူများလည်း ဖြစ်ကြပါသည်။ ထိုသူများသည် ပတ်ဝန်းကျင်ကို ငရဲမီးထဲထည့်သွင်း၍ မီးရှို့လိုသူများ ဖြစ်ကြရုံမျှ မကသေးဘဲ မြတ်စွာဘုရား၏ သာသနာတော်ကြီး တစ်ခုလုံးကိုလည်း ငရဲမီးထဲသို့ ပစ်ထည့်လိုသူများပင် ဖြစ်ကြပါသည်။

ထိုသူတို့မွေးထားသည့် ငရဲမီးများက ထိုသူတို့ကို ရှေးဦးစွာ လောင်မြိုက်ပြီးနောက်တွင် ချက်ချင်း မငြိမ်းပါမူကား ပတ်ဝန်းကျင်ရှိ သတ္တဝါတို့ကိုလည်း လောင်မြိုက်လာကြဦးမည်သာတည်း။ အထူးသဖြင့် ဗုဒ္ဓဘာသာဝင်များအားလုံးကိုလည်း လောင်မြိုက်လာကြဦးမည်သာတည်း။ ထိုသို့လောင်မြိုက်နေစဉ်အတွင်းမှာပင် မြတ်ဗုဒ္ဓ၏ ပရိယတ္တိသာသနာ တော်ကြီးနှင့်ပဋိပတ္တိသာသနာတော်ကြီးတို့ကိုလည်း လောင်မြိုက်လာကြဦးမည်သာတည်း။

ထိုသာသနာတော်ကြီး နှစ်ရပ်တို့ကို လောင်မြိုက်လာကြသည်နှင့် တပြိုင်နက်ပင်လျှင် ပဋိဝေဓသာသနာတော်ကြီးကိုလည်း လောင်မြိုက်လာကြဦးမည်သာတည်း။ မှန်၏။ "ဓမ္မစကြာသုတ်ထဲမှာ မြတ်စွာဘုရားက ဟောပြမထားသည့်(ယာနလေးပါး)မတရားတို့ကို မြတ်စွာဘုရားက ဓမ္မစကြာသုတ်ထဲမှာ ဟောပြထားသည့် တရားများ ဖြစ်ကြသည်"ဟူ၍ လူအများတို့ နားလည်မှားသွားကြလျှင် ယင်းလူတို့ကိုလည်းကောင်း၊ ဓမ္မစကြာသုတ်ခေါ် ပရိယတ္တိသာသနာတော်ကိုလည်းကောင်း၊

ယင်းသုတ်မှာ မြတ်စွာဘုရားက ဟောပြထားသည့် ရှောင်ကြဉ်ရမည့် အစွန်းနှစ်ပါးကျင့်စဉ်များကို ရှောင်းကြဉ်သောအကျင့်များနှင့် ဖြစ်ပွါးစေရမည့် မဇ္ဈိမပဋိပဒါကျင့်စဉ်များကို လိုက်နာလေ့ကျင့်သောအကျင့်များဟု ဆိုအပ်သော ပဋိပတ္တိသာသနာတောက်ကိုလည်းကောင်း၊

ယင်းအသိမှန်တို့ နှင့် ယင်းအကျင့်မှန်တို့အရ ရရှိအပ်သော ပဋိဝေဓသာသနာတော်(မဂ်ဖိုလ်နိဗ္ဗာန်)တို့ကို လည်းကောင်း တပြိုင်နက်ပင်လျှင် လောင်မြိုက်စေမှုကြီးဖြစ်ကြောင်း အလွန်မှုပင် ထင်ရှားလှပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့အား-

"ဗုဒ္ဓမြတ်စွာ၏တရားတော်များကို လိုက်နာလိုပါက ပါဠိတော်မူရင်းမြန်မာပြန်များကို များများဖတ်ကြပါ။ ကိုယ်တိုင်သိအောင် လေ့လာကြပါ။ စာပေပရိယတ် တတ်ကျွမ်းသည့် ရိုးရိုးနေရဟန်းများထံ ချဉ်းကပ်ပြီး မေးမြန်းနာယူကြပါ။ ရိုးရိုးနေရဟန်းများတွင်သာလျှင် ဘုရားဟောသည့် ဒေသနာအတိုင်း ပြန်လည်ပြောပြတတ်သူ များများ ရှိမည် ဖြစ်သည်။

တစ်စုံတစ်ခု ပြုလုပ်နေကြသည့် ရဟန်းများကတော့ ကျောင်းဆောင်ရရေး စသည်တို့ကို ရှေးရှု နေကြသဖြင့် ဘုရားဟောသည်တို့ထက် မိမိတို့၏ ကောင်းသတင်းတို့ကို မောင်းတင်းကာ ထုတ်ပြတတ်ကြသည်ဖြစ်၍ တရားတို့ထက် မတရားတို့ကိုသာလျှင် ရှေ့တန်းရောက်အောင် ထုတ်ပြနေတတ်ကြပါသည်"ဟူ၍ ဒုတိယအကြိမ် သတိပေးချင်စိတ်များ ဖြစ်ပွါးလာကြပါသည်။

(ကိုယ်ကြိုက်ရာကို ကိုယ်လုပ်ကြပါလေ။ သို့သော်လည်း"မြတ်စွာဘုရား၏ တရားတို့ကို မြတ်စွာဘုရား၏ တရား မဟုတ်"ဟူ၍တော့ မလုပ်ကြပါနှင့်။

"မြတ်စွာဘုရား၏ တရားမဟုတ်သော (မိမိတို့ဟောချင်ရာရာ)မတရားတို့ကို မြတ်စွာဘုရား၏ တရား ဖြစ်၏"ဟူ၍တော့ မလုပ်ကြပါနှင့်။ ဗုဒ္ဓဘာသာဝင်အများတို့ နစ်နာကြရမည်ကို သနားကြပါကုန်။)

**အရှင်ဣန္ဒာစရိယာဘိဝံသ**

# ဓာတ်ကမ္မဋ္ဌာန်းနှင့်လက္ခဏာရေးသုံးတန်တင်ခြင်း

**အရှင်ဣန္ဒာစရိယာဘိဝံသ**

**(က)**

"ဓာတ်ကမ္မဋ္ဌာန်းကို အားထုတ်တော့မယ်ဆိုရင် ဓာတ်ကြီးလေးပါးဆိုတာ ဘယ်ဟာ,ဘယ်လိုဆိုတာကို ကိုယ့်ခန္ဓာကိုယ်မှာ ပိုင်းပိုင်းခြားခြားသိဖို့ ဓာတ်တို့ရဲ့သဘောလက္ခဏာတွေကို စတင် သိအောင်မြင်အောင် မိတ်ဆက် ပေးရတယ်။ ရိုင်းတဲ့ဆင်တစ်ကောင်ကို ဖမ်းတဲ့အခါမှာ ယဉ်တဲ့ဆင်နဲ့တွဲပြီး ဖမ်းရသလိုပဲ သိလွယ်တဲ့ ဓာတ်ရဲ့ လက္ခဏာက စတင်ပြီးမှ သိမ်မွေ့တဲ့ဓာတ်တို့ရဲ့လက္ခဏာတွေကိုပါ သိအောင်ရှုရတယ်။

ယောဂီအများစုဟာ ဝါယောဓာတ်ရဲ့တွန်းမှုသဘောက ထင်ထင်ရှားရှားသိနိုင်တာကြောင့် တွန်းတဲ့ သဘောကို ခန္ဓာကိုယ်မှာ ထင်ရှားတဲ့နေရာကစရှုပြီးနောက် တစ်ကိုယ်လုံးမှာ မြင်အောင် ရှုရတယ်။ တွန်းတဲ့ သဘောကို တစ်ကိုယ်လုံးမှာ ရှုတတ်ပြီဆိုရင် ခတဲ့သဘော၊ ကြမ်းတဲ့သဘော၊ လေးတဲ့သဘော၊ ပျော့တဲ့သဘော၊ ချောတဲ့သဘော၊ ပေါ့တဲ့သဘောများဖြစ်တဲ့ ပထဝီဓာတ်ရဲ့သဘောလက္ခဏာ(၆)ခု၊

ပူတဲ့သဘော၊ အေးတဲ့သဘောဖြစ်တဲ့ တေဇောဓာတ်ရဲ့သဘော(၂)ခု၊

ဝါယောဓာတ်ရဲ့ ထောက်ကန်သဘောလက္ခဏာနဲ့ အာပေါဓာတ်ရဲ့ယိုစီးမှုသဘော၊ ဖွဲ့စည်းမှုသဘောစတဲ့ ဓာတ်တစ်ခုစီရဲ့သဘောလက္ခဏာတွေကို စနစ်တကျ ပိုင်းပိုင်းခြားခြားသိအောင် တစ်ကိုယ်လုံးမှာ သိမ်းဆည်းရှုပွါးရ တယ်။

အဲဒီလိုသိသာထင်ရှားတဲ့ဓာတ်တွေရဲ့သဘောလက္ခဏာတွေမှ သိမ်မွေ့တဲ့ဓာတ်ရဲ့သဘောလက္ခဏာ တွေကို စနစ်တကျသိမြင်ပြီဆိုရင် ဘုရားဟောဒေသနာစဉ်အတိုင်း ဓာတ်တို့ရဲ့သဘောလက္ခဏာတွေနဲ့ နာမည် ဝေါဟာရကို ပူးတွဲပြီး မာ၊ ကြမ်း၊ လေး၊ ပေါ့၊ ချော၊ ပျော့သဘောတွေကို မြင်အောင်ကြည့်ပြီး"ပထဝီဓာတ်"။

ယိုစီးမှု၊ ဖွဲ့စည်းမှုသဘောတွေကို မြင်အောင် ကြည့်ပြီး"အာပေါဓာတ်"။

ပူသဘော၊ အေးသဘောတွေကို မြင်အောင်ကြည့်ပြီး "တေဇောဓာတ်"။

ထောက်ကန်သဘော၊ တွန်းသဘောတွေကို မြင်အောင်ကြည့်ပြီး "ဝါယောဓာတ်"လို့ ဆိုပြီး ဉာဏ်တည်း ဟူသောလက်ကိုသွင်းကာ ခန္ဓာကိုယ်အရိုးကြား၊ အသားကြား၊ အသွေးကြား-စသည်တို့မှာ ကြိမ်ဖန်များစွာ ထပ်ခါထပ်ခါ ရှုပွါးရပါတယ်။

အဲဒီလိုရှုပွါးပါများလို့ ခန္ဓာကိုယ် ခေါင်း၊ ကိုယ်၊ လက်၊ ခြေ-စတဲ့အမှတ်တွေ ပျောက်ပြီး ပရမတ်သဘော တရားများသက်သက်အဖြစ် ထင်လာတဲ့အခါ ရှေးရှေးသမာဓိဘာဝနာအရှိန်အဝါများရဲ့ အားပေးထောက်ပံ့မှု ကြောင့် ကိုယ့်ရဲ့ခန္ဓာကိုယ်မှာ"အဖြူပြ၊ အကြည်ပြ"စသည်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် တွေ့မြင်ရပြီးတဲ့နောက် ရုပ် ကလာပအမှုန်ကလေးတွေ တဖွါးဖွါး ဖြစ်ပျက်နေကြတာကို မြင်တွေ့လာပါလိမ့်မယ်။

အဒီလို ရုပ်ကလာပအမှုန်တွေကို တွေ့ပြီဆိုရင် ဒီရုပ်ကလာပအတွင်းမှာ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်တို့ကို တွေ့မြင်အောင် ဓာတ်ခွဲရပါတယ်။ ဒီလောက်သေးငယ်ပြီး လျင်လျင်မြန်မြန် ဖြစ်ပျက်နေတဲ့ ရုပ်ကလာပတွေကို ဓာတ်လေးပါး တွေ့မြင်အောင် ဘယ်လိုလုပ်-ခွဲခြမ်းစိတ်ဖြာ ရှုရမလဲ-ဆိုရင် ဒီရုပ်ကလာပတွေ ပေါ်လိုက်-ပျောက်လိုက်ကိုပဲ ဖြစ်ပျက်ရှုလို့ မရဘူးလား-ဆိုရင် ဒီလို ရုပ်ကလာပအမှုန် ကလေးတွေအတွင်းမှာ ပရမတ္ထသဘာဝတွေကို တွေ့မြင်နိုင်ဖို့ရာ သမာဓိရှိဖို့နဲ့ ရှုပုံနည်းစနစ်ကို တိကျစွာသိဖို့ လိုပြီး အဲဒါတွေရှိရင် ရှုနိုင်ပါတယ်။

**ရုပ်ကလာပအမှုန်တွေဟာ ပုံသဏ္ဌာန်ပညတ်နယ်ထဲမှာပဲ ရှိနေသေးတာကြောင့် ပညတ်တွေကို လက္ခဏာရေးသုံးတန်တင်ပြီး ဝိပဿနာမရှုရပါဘူး။**

ရုပ်ကလာပတွေအတွင်းမှာ ဓာတ်ကြီးလေးပါးကို ပိုင်းခြား သိမြင်အောင် ပြုနိုင်ပြီဆိုရင် ကျန်တဲ့အဆင်း၊ အသံ၊ အရသာ၊ ဩဇာ-အစရှိတဲ့ ဉပါဒါရုပ်တွေကိုလည်း ဆက်လက်သိမ်းဆည်းလို့ ရပါတယ်။

ရုပ်တရားတွေကို စနစ်တကျ ရှုပွါးသိမ်းဆည်းတဲ့ ရူပပရိဂ္ဂဟလုပ်ငန်း အောင်မြင်ပြီဆိုရင် နာမ်တရားတွေကို သိမ်းဆည်းခြင်းလုပ်ငန်းကို စတင်ပါ။ အဲသလို ရုပ်တွေ နာမ်တွေကို သိမ်းဆည်းပြီးတဲ့အခါ ရုပ်တရား နာမ်တရားဆိုပြီး ရုပ်နာမ်ခွဲရပါတယ်။ ရုပ်နာမ်ကို ပူးတွဲသိမ်းဆည်းရတယ်။

"သဘောသက်သက်မျှသော ရုပ်တရားအစုအပုံ၊ နာမ်တရားအစုအပုံပဲရှိတယ်"ဆိုတာကို ဉာဏ်နဲ့ မြင်အောင်ကြည့်ပြီး ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ–မရှိဘူး။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဇီဝ၊ အတ္တကောင်–မရှိဘူး။ ရုပ်နာမ်မျှသာ ရှိတယ်ဆိုပြီး ရုပ်နာမ်ကို ပိုင်းခြားမှတ်သားရပါတယ်။

ရုပ်နာမ်ဓမ္မသင်္ခါရတို့ကို ပရမတ္ထဓမ္မသဘာဝသဘောတရားမျှသာဖြစ်ပုံကို ကိုယ်ပိုင်ဉာဏ်ဖြင့် ထွင်းဖောက်သိမြင်သွားပြီဆိုရင်တော့ 'ဒီရုပ်တရား၊ နာမ်တရားတွေ–အကြောင်းတရား၊ အကျိုးတရားတွေကို မဖြစ်ခင်ကလည်း မရှိဘူး။ ဖြစ်ပြီးတော့လည်း မရှိမှုသဘော"ကို ဉာဏ်နဲ့ မြင်အောင်ကြည့်ပြီး"အနိစ္စ"ဟုလည်းကောင်း။"ဖြစ်ခြင်း ပျက်ခြင်းဒဏ်ချက်ကြောင့် အမြဲမပြတ် နှိပ်စက်ခံမှု သဘော"ကို ဉာဏ်နဲ့မြင်အောင်ကြည့်ပြီး"ဒုက္ခ"ဟုလည်းကောင်း။"မပျက်စီးဘဲ အကြိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေတဲ့ ခိုင်မာတဲ့ အနှစ်သာရ အတ္တမရှိမှုသဘော"ကို ဉာဏ်ဖြင့် မြင်အောင်ကြည့်ပြီး"အနတ္တ"ဟုလည်းကောင်း။

လက္ခဏာယာဉ်တင်ကာ ဝိပဿနာ ရှုပွါးသုံးသပ်ရပါတယ်"။

**(ခ)**

အထက်ပါစာတို့ကို အရှင်အဂ္ဂည(ဖားအောက်တောရ)၏"ဝီရိယတောင်ထိပ်ပေါ်ကသစ္စာရဲတိုက်ကြီး" အမည်ရှိစာအုပ် ဒုတိယအကြိမ်ရိုက် စာမျက်နှာ (၄၇–၅၃)တို့အတွင်းမှာ ဖတ်ရှုရပါသည်။

၎င်းစာတို့နှင့် ပတ်သက်၍ စာရေးသူ၏ စိတ်ဝင်စားမှုအလျောက် ဆင်ခြင်မိသမျှတို့ကို အနဲငယ်မျှ ဖော်ပြလိုက်ပါသည်။ အယူအဆပိုင်းအရ ကွဲလွဲချက်များကိုသာ ကွက်ကွက်ကလေးပြု၍ ဖော်ပြမည် ဖြစ်ပါသည်။ စာရှုသူတို့အနေဖြင့် မိမိတို့၏ ကိုယ်ပိုင်ဉာဏ်ကို အားကိုးပြုလျက် မှန်ရာတို့ကို မှတ်ယူနိုင်ကြမည် ဖြစ်ပါသည်။

(၁။)ဖော်ပြပါတို့တွင်–

"ဓာတ်ကမ္မဋ္ဌာန်းကို (ပ) ဝါယောဓာတ်တို့ကို တွေ့မြင်အောင် ဓာတ်ခွဲရပါတယ်"တိုင်အောင်ပါ စကားတို့တွင် တစ်စိတ်တစ်ပိုင်းလောက်ကိုတော့ သဘောကျပါသည်။

"ဓာတ်တို့၏မာခြင်း– အစရှိသော သဘောလက္ခဏာတို့ကို သိအောင် လုပ်ထားရမည်။ ဓာတ်တို့၏ အမည်တို့ကို သိအောင် လုပ်ထားရမည်"ဟူသော အပိုင်းတို့ကို သဘောကျပါသည်။ ယင်းတို့သည် နာမရူပ–ပရိစ္ဆေဒအရာပင် ဖြစ်ကြပါသည်။

(၂။)သို့သော်–

"မာခြင်းအစရှိသော သဘောလက္ခဏာတို့ကို ဝိပဿနာရှုရမည်"ဆိုသောစကားတို့ကို လုံးဝ သဘောမကျပါ။ ၎င်း(မာခြင်းသဘော–စသည်)တို့သည် အတ္တပညတ်များသာ ဖြစ်ကြပါသည်။ ၎င်းတို့ကို ရှုပွါးနေလျှင် ဝိပဿနာ မဖြစ်နိုင်ပေ။ ပရမတ်နှင့်ပညတ်တို့ကို မခွဲနိုင်သော ရောထွေးမှုသာ ဖြစ်ပါသည်။

မာခြင်းသဘောရှိနေသောတရားသည် ပရမတ် ဖြစ်၏။ ယင်းပရမတ်၌ ပါရှိနေသော မာခြင်းသဘောသည် ပညတ် ဖြစ်၏။

မာခြင်းသဘောပါရှိသော ပရမတ်(ပထဝီဓာတ်)၌ ဖြစ်ခြင်းသဘော၊ တည်ခြင်းသဘော၊ ပျက်ခြင်း သဘောတို့လည်း ပါရှိကြသည်။ ယင်းတို့ကိုသာ ဝိပဿနာရှုရမည် ဖြစ်ပါသည်။

ယင်းသို့ရှုမှသာလျှင် အနိစ္စလက္ခဏာ (မမြဲခြင်း သဘော–စသည်)တို့ကို သိမြင်လာမည် ဖြစ်ပါသည်။ မာခြင်းသဘောတို့ကို ရှုနေလျှင် ပထဝီဓာတ်ဟူ၍သာလျှင် သိမြင်လာမည် ဖြစ်ပါသည်။ ရုပ်နာမ်ကွဲခြင်းကိုသာ ဖြစ်စေနိုင်မည် ဖြစ်ပါသည်။

(၃။)"၎င်းတို့ကို ရှုပွါးပါများလျှင် ပရမတ္ထဖြစ်သော"ပထဝီဓာတ်"စသည်တို့ကို သိမြင်လာမည်" ဟူသောစကား ကိုကား သဘောကျပြန်ပါသည်။

သို့သော်လည်း–

"မာ၊ ကြမ်း၊ လေး၊ ပေါ့၊ ချော၊ ပျော့သဘောတွေကို မြင်အောင် ကြည့်ပြီး"ပထဝီဓာတ်"။

ယိုစီးမှု၊ ဖွဲ့စည်းမှုသဘောတွေကို မြင်အောင်ကြည့်ပြီး "အာပေါဓာတ်"။

ပူသဘော၊ အေးသဘောတွေကို မြင်အောင်ကြည့်ပြီး "တေဇောဓာတ်"။

ထောက်ကန်သဘော၊ တွန်းသဘောတွေကို မြင်အောင်ကြည့်ပြီး "ဝါယောဓာတ်"ဟု ဆိုရကြောင်း စကားရပ်တို့တွင် "မာသဘောသည် ပထဝီဓာတ် မည်၏"စသည်ဖြင့် အဓိပ္ပါယ်ထွက်နေသည်ကိုကား စာရေးသူ အနေဖြင့် သဘောမတူနိုင်ပါ။ မာသဘောသည် ပရမတ္ထတရား မဟုတ်သောကြောင့်ပင် ဖြစ်ပါသည်။

မာသဘော၏ပေါ်ထွက်လာရာဖြစ်သော မူလတရား တစ်ခုသည်သာလျှင် ပထဝီတော် ပရမတ်အစစ် ဖြစ်ပါသည်။

(၄။)"ခန္ဓာကိုယ်အရိုးကြား၊ အသားကြား၊ အသွေးကြား–စသည်တို့မှာ ကြိမ်ဖန်များစွာ ထပ်ခါထပ်ခါ ရှုပွါးပါများလို့ ခန္ဓာကိုယ် ခေါင်း၊ ကိုယ်၊ လက်၊ ခြေ–စတဲ့အမှတ်တွေ ပျောက်ပြီး ပရမတ်တရားများအဖြစ် ထင်လာတဲ့အခါ ရှေးရှေးသမာဓိဘာဝနာ အရှိန်အဝါများရဲ့ အားပေးထောက်ပံ့မှုကြောင့် ကိုယ့်ရဲ့ခန္ဓာကိုယ်မှာ "အဖြူပြ၊ အကြည်ပြ" စသည်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် တွေ့မြင်ရပြီးတဲ့နောက် ရုပ်ကလာပအမှုန်ကလေးတွေ တဖွါးဖွါး ဖြစ်ပျက်နေကြတာကို မြင်တွေ့လာပါလိမ့်မယ်" ဟူသောစကားရပ်တို့တွင် ပါဝင်သည့် တစ်ဖွါးဖွါး ဖြစ်ပျက် နေကြသည့် အခြင်းအရာဖြင့် တကယ်ပင်ဖြစ်ပျက်နေကြသည့်တရားများသည်သာ ပရမတ်အစစ် ဖြစ်ကြပါသည်။

(၅။)"ရှေးရှေးသမာဓိဘာဝနာအရှိန်အဝါများရဲ့ အားပေးထောက်ပံ့မှုကြောင့် ကိုယ့်ရဲ့ခန္ဓာကိုယ်မှာ"အဖြူပြ၊ အကြည်ပြ"စသည်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် တွေ့မြင်ရ ပြီးတဲ့နောက် ရုပ်ကလာပအမှုန်ကလေးတွေ"ကို အရှင် အဂ္ဂည–က "ပညတ်"ဟူ၍ ဆိုထားပါသည်။ ယင်းအဆိုကို စာရေးသူအနေဖြင့် သဘောမကျနိုင်ပါ။

စာရေးသူကတော့–

"ကိုယ့်ရဲ့ခန္ဓာကိုယ်မှာ အဖြူပြ၊ အကြည်ပြ–စသည်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် တွေ့မြင်ရပြီးတဲ့နောက် ရုပ်ကလာပ အမှုန်ကလေးတွေ"ကို ပရမတ်ဟူ၍သာ မှတ်ယူပါသည်။ အဘယ်ကြောင့်နည်းဟူမူ တကယ်ဖြစ်ပျက် အခြင်းအရာအားဖြင့် ရှိနေသောတရားများ ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။

ဤအရာတွင် ပေါ်ပြနေသည်ကို အကြောင်းပြု၍ အဖြူပြ–အကြည်ပြအခြင်းအရာတို့ကိုသာလျှင် သိမြင် နေသော်ကား ပညတ်သာ ဖြစ်ပါသည်။ပေါ်ပြနေသည်ကို အကြောင်းပြု၍ အဖြူပြ–အကြည်ပြ အခြင်းအရာ အားဖြင့် တကယ်ဖြစ်ရှိနေကြသောတရားများ ရှိကြပါသည်။ ယင်းသို့ တကယ်ဖြစ်ရှိနေကြသော တရားများ သည်ကား ပရမတ်တရားတို့သာ ဖြစ်ကြပါသည်။

(၆။)သို့ရာတွင် "အဖြူပေါ်ခြင်း(ဝါ)ပေါ်ပြနေသည့် အဖြူ၊ အကြည်ပေါ်ပြခြင်း(ဝါ)ပေါ်ပြနေသည့်အကြည်" ဆိုတာတို့ကိုကား ပညတ်ဟူ၍သာ မှတ်ယူပါသည်။ ၎င်းတို့သည် ပရမတ်တရားစစ်ဖြစ်နေလျှင် ပေါ်ထွက်လာသည့် အရိပ်များပင် ဖြစ်ကြပါသည်။ ထို့အတူ မာသဘောစသည်တို့သည်လည်း ပရမတ်တရားစစ်ဖြစ်နေလျှင် ပေါ်ထွက် လာသည့် အရိပ်များပင် ဖြစ်ကြပါသည်။ ပညတ်များသာတည်း။

(၇။)"ဒီလောက်သေးငယ်ပြီး လျှင်လျှင်မြန်မြန် ဖြစ်ပျက်နေတဲ့ ရုပ်ကလာပတွေကို ဓာတ်လေးပါး တွေ့မြင် အောင် ဘယ်လိုလုပ်–ခွဲခြမ်းစိတ်ဖြာ ရှုရမလဲ–ဆိုရင်, ဒီရုပ်ကလာပတွေ ပေါ်လိုက်–ပျောက်လိုက်ကိုပဲ ဖြစ်ပျက်ရှုလို့ မရဘူးလား–ဆိုရင် ဒီလို ရုပ်ကလာပအမှုန်ကလေးတွေအတွင်းမှာ ပရမတ္ထသဘာဝတွေကို တွေ့မြင်နိုင်ဖို့ရာ သမာဓိရှိဖို့နဲ့ ရှုပုံနည်းစနစ်ကို တိကျစွာသိဖို့ လိုပြီး အဲဒါတွေရှိရင် ရှုနိုင်ပါတယ်။

ရုပ်ကလာပအမှုန်တွေဟာ ပုံသဏ္ဍာန်ပညတ်နယ်ထဲမှာပဲ ရှိနေသေးတာကြောင့် ပညတ်တွေကို လက္ခဏာ ရေးသုံးတန်တင်ပြီး ဝိပဿနာ မရှုရပါဘူး"ဟူသောအဆိုတို့တွင်–

(၁) မာခြင်းသဘောစသည်တို့ကိုလည်း ဝိပဿနာမရှုကောင်းပေ။

(၂)ရုပ်ကလာပအမှုန်ကလေးတွေ ပေါ်လိုက်–ပျောက်လိုက်အခြင်းအရာကိုလည်း ဝိပဿနာ မရှုကောင်း

ပေ"ဟူ၍ ဆိုမိလာပါသည်။ထို့ကြောင့် အဘယ်တရားကို အဘယ်သို့ ရှုရပါမည်နည်း။ အဘယ်သို့ရှုပါမှ ဝိပဿနာဖြစ်ပါသနည်းဟူ၍ မေးဖွယ်ရာ ဖြစ်ပေါ်လာရပါသည်။ ဤအမေးသည် အတော်အရေးပါသည့်အမေး ဖြစ်ပါသည်။

(၈။)ပထဝီဓာတ်တစ်ခုဖြင့် နမူနာပြု၍ ရှင်းပြရလျှင်–

"ပထဝီဓာတ်–ပရမတ်အစစ်သည် ဖြစ်ပေါ်လာသည်"ဟုဆိုရာတွင် ပထဝီဓာတ်တရား၌ ဖြစ်ခြင်းသဘော၊ တည်ခြင်းသဘော၊ ပျက်ခြင်းသဘော သုံးခုတို့သည် ပါဝင်ကြကုန်၏။ ထို့ကြောင့် ဖြစ်ခြင်းသဘောတစ်ခုသည် ပထဝီဓာတ်–မဟုတ်။ တည်ခြင်းသဘောတစ်ခုသည် ပထဝီ ဓာတ်–မဟုတ်။ ပျက်ခြင်းသဘောတစ်ခုသည် ပထဝီ ဓာတ်–မဟုတ်။

အဟုတ်သော်ကား ယင်းသဘောသုံးခုတို့၏ အပြည့်အစုံပါဝင်လျက် စုပေါင်းမိရာ,တည်ရာဖြစ်သော တရားတစ်ခုသည်သာလျှင် ပထဝီဓာတ်–ပရမတ်အစစ် တရား(တစ်ခု) ဖြစ်ပါသည်။

**(ဤသဘောသုံးခုတစ်တွဲကို ပရမတ်၏သာမညလက္ခဏာ (ဝါ) ပရမတ်၏ သင်္ခတလက္ခဏာဟု ခေါ်ဆိုရပါသည်။)**

ယင်းပထဝီဓာတ်တရားအစစ်ဖြစ်ပေါ်လာခိုက်အတွင်း၌ မာခြင်းသဘောသည် ပေါ်ထွက်လာမြဲပင် ဖြစ်ပါသည်။ ယင်းသဘောပေါ်လာသည်ကို ထောက်ဆ၍ ပထဝီဓာတ် ဖြစ်ရှိနေကြောင်းကို သိမှတ်ရပါသည်။

ပထဝီဓာတ်မှန်လျှင် မာခြင်းသဘောမှ ဖေါက်ပြန်မှုသည်ဟူ၍ လုံးဝ မရှိကောင်းပေ။ သို့ဖြစ်၍ ပထဝီဓာတ် တရားကို ပရမတ်တရားဟု ခေါ်ဆိုရပါသည်။

**(မာခြင်းသဘောကို ပထဝီ ဓာတ်၏လက္ခဏာ(ဝါ)ပရမတ်၏သဘာဝလက္ခဏာဟု ခေါ်ဆို ရပါသည်။)**

(ကြွင်းသော ပရမတ်တရား အားလုံး၌ နည်းတူပင် သိကုန်ရာ၏။)

(က)ယင်းသို့ပေါ်ထွက်လာသည့် မာခြင်းသဘောဖြင့် မှတ်၍ ပထဝီဓာတ်ဟူသော ပရမတ်တရားကို သိမြင်အောင် ရှုမှတ်ကြရမည်။ **(ပရမတ်ကို သိပါ။)**

(ခ)ယင်းသို့ပထဝီဓာတ်ကို မြင်သိပြီးလျှင် ယင်းပထဝီဓာတ်၏ ဖြစ်ခြင်းသဘော၊ တည်ခြင်းသဘော၊ ပျက်ခြင်း သဘောတို့ကို သိမြင်အောင် ရှုမှတ်ကြရမည်။ **(ပရမတ်၏သာမညလက္ခဏာ (ဝါ)ပရမတ်၏သင်္ခတ လက္ခဏာကို သိပါ။)**

ဤနေရာတွင် ပထဝီဓာတ်၏ မာခြင်းသဘောလက္ခဏာသည်"ဤသည်ကား ပထဝီဓာတ် ဖြစ်သည်"ဟူ၍ (ဝါ) အာပေါဓာတ်–မဟုတ်ဟူ၍ သိမှတ်နိုင်ရန် သတ်မှတ်ပြသည့် အတ္ထပညတ်တစ်ခုသာ ဖြစ်သည်။ ယင်းကို ဝိပဿနာမရှုရ။

မာခြင်းသဘောဖြင့် ပထဝီဓာတ် စသည်တို့ကို ခွဲခြားသတ်မှတ်ရခြင်းကြောင့်ပင် နာမ်ရုပ်တရား အသီးသီး တို့ကို ခွဲခြား၍ သိနိုင်ခြင်းပင် ဖြစ်ပါသည်။ ယင်းတို့ကို ရှုမှတ်နေခြင်းကြောင့် အနိစ္စလက္ခဏာ/ဒုက္ခ လက္ခဏာ /အနတ္တလက္ခဏာတို့ကို သိမြင်လာမည်မဟုတ်ပေ။

ထို့ကြောင့် ဝိပဿနာနှင့် မဆိုင်ပါ။ ဝိပဿနာ၏ အခြေခံဖြစ်သော ရုပ်နာမ်ခွဲတတ်မှုအဆင့်နှင့်သာလျှင် ဆိုင်ပါသည်။

(၉။)"ဒီရုပ်တရား၊နာမ်တရားတွေ–အကြောင်းတရား၊အကျိုးတရားတွေကို မဖြစ်ခင်ကလည်း မရှိဘူး။ ဖြစ်ပြီးတော့လည်း မရှိမှုသဘော"ကို ဉာဏ်နဲ့ မြင်အောင်ကြည့်ပြီး"အနိစ္စ"ဟုလည်းကောင်း။

"ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ကြောင့် အမြဲမပြတ် နှိပ်စက်ခံမှုသဘော"ကို ဉာဏ်နဲ့မြင်အောင် ကြည့်ပြီး"ဒုက္ခ"ဟုလည်းကောင်း။

"မပျက်စီးဘဲ အကြိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေတဲ့ ခိုင်မာတဲ့ အနှစ်သာရ အတ္တမရှိမှု

သဘော”ကို ဉာဏ်ဖြင့် မြင်အောင်ကြည့်ပြီး “အနတ္တ”ဟုလည်းကောင်း။

လက္ခဏာယာဉ်တင်ကာ ဝိပဿနာ ရှုပွါးသုံးသပ်ရပါတယ်”ဟူသောစကားတို့တွင်–

(က)“ဒီရုပ်တရား၊နာမ်တရားတွေ–အကြောင်းတရား၊အကျိုးတရားတွေကို“အနိစ္စ”ဟုလည်းကောင်း။

ယင်းအနိစ္စတရား(ပရမတ်တရား၊ သင်္ခတတရား)တို့၏“မဖြစ်ခင်ကလည်း မရှိဘူး။ ဖြစ်ပြီးတော့လည်း မရှိမှု သဘော”ကို “အနိစ္စလက္ခဏာ”ဟုလည်းကောင်း။

(ခ)“ဒီရုပ်တရား၊နာမ်တရားတွေ–အကြောင်းတရား၊အကျိုးတရားတွေကို“ဒုက္ခ”ဟုလည်းကောင်း။

ယင်းဒုက္ခတရား(ပရမတ်တရား၊ သင်္ခတတရား)တို့၏“ဖြစ်ခြင်း ပျက်ခြင်းဒဏ်ချက်ကြောင့် အမြဲမပြတ် နှိပ်စက်ခံမှုသဘော”ကို“ဒုက္ခလက္ခဏာ”ဟုလည်းကောင်း။

(ဂ)“ဒီရုပ်တရား၊နာမ်တရားတွေ–အကြောင်းတရား၊အကျိုးတရားတွေကို“အနတ္တ”ဟုလည်းကောင်း။

ယင်းအနတ္တ တရား(ပရမတ်တရား၊ သင်္ခတတရား)တို့၏“မပျက်စီးဘဲ အကြိတ်အခဲ အခိုင်အမာ အနှစ်သာရ အားဖြင့် တည်နေတဲ့ ခိုင်မာတဲ့ အနှစ်သာရ အတ္တမရှိမှု သဘော”ကို “အနတ္တလက္ခဏာ”ဟုလည်းကောင်း။ လက္ခဏာ ယာဉ်တင်ကာ ဝိပဿနာ ရှုပွါးသုံးသပ်ရပါတယ်”ဟူ၍ တိတိကျကျ ပြတ်ပြတ်သားသား ရှိနေမှသာလျှင် အမှန်တရား ဖြစ်ပါသည်။

အရှင်အဂ္ဂည၏အဆိုတို့သည်ကား ရောထွေးနေလျက်သာ ရှိကြပါသည်။

ဆိုလိုသည်မှာ–

**(က)ပရမတ်တရားဟုလည်းကောင်း သင်္ခတတရားဟုလည်းကောင်းခေါ်ဆိုခဲ့သော အနိစ္စတရား /ဒုက္ခ တရား/အနတ္တတရားတို့ကို သိပါ။**

**(ဤအသိသည် ပရမတ်တရားစစ်ကိုသိသော အသိမှန်ပင်တည်း။)**

**(ခ)ယင်းတို့၏ အနိစ္စလက္ခဏာ/ဒုက္ခလက္ခဏာ/အနတ္တလက္ခဏာတို့ကို သိပါ။**

**(ဤအသိသည်ကား ယင်းတို့၏ပညတ်တို့ကိုသိသော ဝိပဿနာအသိမှန်ပင်တည်း။)**

ဤသို့လျှင် အနိစ္စတရားဖြစ်ခြင်းကိုလည်းကောင်း အနိစ္စလက္ခဏာပေါ်ခြင်း,ထင်ခြင်းကိုလည်းကောင်း သိမြင်နိုင်မှ သာလျှင် “လက္ခဏာယာဉ်တင်ကာ ဝိပဿနာ ရှုပွါးသုံးသပ်ရပါတယ်”ဟူ၍ ဆိုနိုင်မည် ဖြစ်ပါသည်။

အရှင်အဂ္ဂည–မိန့်ဆိုအပ်ကုန်သော**“ဒီရုပ်တရား၊ နာမ်တရားတွေ–အကြောင်းတရား၊ အကျိုးတရားတွေကို မဖြစ်ခင်ကလည်း မရှိဘူး။ ဖြစ်ပြီးတော့လည်း မရှိမှုသဘော”ကို ဉာဏ်နဲ့ မြင်အောင် ကြည့်ပြီး “အနိစ္စ” ဟုလည်းကောင်း။**

**“ဖြစ်ခြင်းပျက်ခြင်းဒဏ်ချက်ကြောင့် အမြဲမပြတ် နှိပ်စက်ခံမှုသဘော”ကို ဉာဏ်နဲ့ မြင်အောင် ကြည့်ပြီး “ဒုက္ခ”ဟုလည်းကောင်း။**

**“မပျက်စီးဘဲ အကြိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေတဲ့ ခိုင်မာတဲ့ အနှစ်သာရ အတ္တမရှိမှုသဘော”ကို ဉာဏ်ဖြင့် မြင်အောင် ကြည့်ပြီး“အနတ္တ” ဟုလည်းကောင်း။**

**လက္ခဏာယာဉ်တင်ကာ ဝိပဿနာ ရှုပွါးသုံးသပ်ရပါတယ်”**ဟူသောစကားတို့သည် ရောထွေးနေကြသော်လည်း–

“သဘောတို့ကို ဉာဏ်ဖြင့် မြင်အောင် ကြည့်ပြီး”ဟူ၍ ပါရှိနေသောကြောင့် အဆိုပါသဘော(ပညတ်)တို့ကို သိမြင်အောင် မြင်သိတတ်လျှင်“လက္ခဏာတင်သည်ပင်”မည်ပါသည်။

အဆိုပါ သဘော(ပညတ်)တို့၏ တည်ရှိရာဖြစ်သော အနိစ္စတရား(စသည်)တို့ကို သိမြင်တတ်လျှင် ပရမတ္ထ ထင်သည်သာ ဖြစ်ပါသည်။ မာခြင်းသဘောကို ရှုနေခြင်းသည် ပရမတ်တရားစစ်၏ ပညတ်အခြင်းအရာကိုသာ ရှုနေခြင်းဖြစ်၍ ပရမတ်တရားမှ ကင်းလွတ်နေသည့်အတွက် နာမရူပ–ပရိစ္ဆေဒဉာဏ် မပါခြင်းကြောင့် ဝိပဿနာဉာဏ် မဖြစ်နိုင်ပါ။

ထို့ကြောင့် လက္ခဏာသုံးတန်သို့လည်း ဝိပဿနာဉာဏ်ကို တက်အောင် တင်နိုင်မည် မဟုတ်တော့ပါ။

# ဆူးလေဦးမြင့်သိန်း၏အဓမ္မဝါဒများပြန်လည်ကြီးထွားလာပုံများ

ဓမ္မစေတီဦးကောသလ္လ ဟောကြားသော တရားခွေအနည်းငယ်ထဲမှ ဆူးလေဦးမြင့်သိန်း၏ အဓမ္မဝါဒဖြစ်ကြောင်း သိသာစေသော ပြောဟောချက်များကို ထုတ်ဖေါ်တင်ပြလိုက်ပါသည်။ ဦးကောသလ္လသည် ဆူးလေဦးမြင့်သိန်း၏ ဂိုဏ်းဆက်တစ်ဦးသာ ဖြစ်ပါသည်။

ထို့ကြောင့် ဦးကောသလ္လ၏ ဟောပြောချက်တရားများသည် အဓမ္မဝါဒများသာ ဖြစ်ပါသတည်း။

**တင်ပြချက်အမှတ်(၁)**

ဩစတြေးလျားနိုင်ငံတွင် ဟောပြသော ဒဿနသမ္ပဒါတရားတော်(၈)ချပ်တွဲတွင် ဒုတိယခွေအတွင်း၌-

“အကျိုးခန္ဓာ အကြောင်းခန္ဓာလို့ နှစ်မျိုးရှိပါတယ်။ ဒီကနေ့ တရားလုပ်တဲ့သူတွေက အကျိုးခန္ဓာလို့ ခေါ်ဆိုသော ပဉ္စက္ခန္ဓာကို ပယ်ဖို့အားထုတ်နေရင် အဲဒီအကျိုးခန္ဓာကို သတ်လို့သေရင် အဲဒါဟာ ဥစ္ဆေဒဒိဋ္ဌိပဲ။ဒါ ကံခန္ဓာပဲ။ ဝိပဿနာရှုရမယ့်ခန္ဓာ မဟုတ်ဘူး။ အဲဒါကြီး(အကျိုးခန္ဓာကြီး)ကိုပဲ ဒီကနေ့ မြန်မာတစ်ပြည်လုံး ပယ်ဖို့လုပ်ပြီး အားထုတ်နေကြတယ်။ (ဒါကြောင့် ဒီကနေ့ မြန်မာတစ်ပြည်လုံးရှိ တရားသမားတိုင်းပင် ဥစ္ဆေဒဒိဋ္ဌိသမားတွေပဲ ဖြစ်နေကြတယ်။)

**တင်ပြချက်အမှတ်(၂)**

အကြောင်းခန္ဓာလို့ ခေါ်သော ဥပါဒါနက္ခန္ဓာကို မပယ်ဘဲ လက်ခံထားရင် သဿတဒိဋ္ဌိပဲ။ သွားပြီ။ . . . ခန္ဓာ(၁၅)ပါး ဟောခဲ့မယ်။ ခန္ဓာရယ် ဥပါဒါနက္ခန္ဓာရယ် အနုပါဒါနက္ခန္ဓာရယ်။ ပေါင်းတော့ ငါးသုံးလီ (၁၅) ဖြစ်ပါတယ်။ အဲဒီထဲက ဥပါဒါနက္ခန္ဓာကို ပယ်မှသာလျှင် တရားရမှာ ဖြစ်ပါတယ်”။

**တင်ပြချက်အမှတ်(၃)**

“ထေရဝါဒနည်းစနစ်ကလေးကို ကျွန်ုပ် ရတယ်။ အဲဒါကို ဘယ်သူ့ကိုဟောရမလဲဆိုတဲ့အချိန်မှာ အရေး အခင်းက စဖြစ်လာတယ်။ (၁၉၉၀)ခုနှစ်မှာ စဖြစ်လာတော့ ကျောင်းသားတွေက ဒုတိယနှစ်သမားတွေ တတိယနှစ်သမားတွေ သူတို့က ဘယ်သွားရမှန်း မသိကြတော့ဘူး။ နိုင်ငံရေးသမားပေါက်စကလေးတွေပေါ့။ **သူတို့ကို လက်ခံပြီး ဝိုင်းဖွဲ့ပြီး ဓမ္မသင်တန်းတွေ ပေးခဲ့တာက စဟောဖြစ်တယ်**။

ဒီကျောင်းသားတွေအားလုံး ဦးကောသလ္လရဲ့ တပည့်တွေ ဖြစ်သွားကြတော့မှ တရားတွေကို ဟောဖို့ပွင့်သွားတယ်။ ကျေးဇူးရှိကြတယ်။ သူတို့က ထေရဝါဒသင်တန်းတွေကို တက်နေကြတယ်။ တောခိုစရာလဲ မလိုတော့ဘူး။ ဘယ်မှသွားစရာ မလိုတော့ဘူး။ သက်ဆိုင်ရာတွေက လာမေးကြတော့ ဒီမှာ ထေရဝါဒဝိပဿနာတရားသင်တန်း ပို့ချပေးနေတာလို့ပဲ ပြောပြပေး ရတယ်”ဟူ၍ ဟောကြားထားပါသည်။ (ဤစကားများအရ ဦးကောသလ္လ၏တရားများကို ဘယ်သူများက ဘယ်လိုဖြန့်ဝေကြောင်း သိရသည်။)

**တင်ပြချက်အမှတ်(၄)**

| “**ခန္ဓာ** | **ဥပါဒါနက္ခန္ဓာ** |
|---|---|
| ဖြစ် တည် ပျက် ။ ခဏတ္တယ ရှိ ။ | ဖြစ် ပျက် ။ ဥပ္ပါဒဝယ ။ |

ခတ်ကြီးလေးပါးကို မှီသည်။ ဥပါဒါန်လေးပါးကို မှီသည်။
ကျား မ ရှိ ။ ကျား မ မရှိ ”။

ဝတ္ထုဇာတ်လမ်းသက်သက်ကိုသာ ဟောတဲ့တရားကို အဘာဝသုတ္တန်လို့ ခေါ်တယ်။ သစ္စာမပါဘူး။ သစ္စာပါတဲ့သုတ္တန်ကိုကျတော့မှ သဘာဝသုတ္တန်လို့ ခေါ်တယ်။

မြန်မာပြည်မှာ အဘာဝသုတ္တန်တွေပဲ များပါတယ်။ နားထောင်လို့ ကောင်းပါတယ်။ ကြည့်လို့တော့ ကောင်းပါတယ်။ ဦးကောသလ္လကတော့ သစ္စာလေးပါးပါတဲ့ တရားကိုပဲ နားထောင်ချင်တယ်” ဟူ၍လည်း ဆက်လက်ဟောကြားထားပါသည်။

## တင်ပြချက်အမှတ်(၅)

<u>ဒဿနသမ္ပဒါတရားတော်(၈)ချပ်တွဲတွင်-</u>

စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ ဝေဒနာပစ္စယာ တဏှာ တဏှာပစ္စယာ ဥပါဒါန် . . . ( ဘာသာပြန်ပါရှိသည်။)

စိတ်ကူးနဲ့ပြန်ကူးလို့ရတာဟာ အာရုံခန္ဓာပါ။ အဲဒီခန္ဓာဟာ မရှိပါဘူး။ မရှိတာကြီးကို အရှိထင်ပြီး စွဲလမ်းတော့ ဥပါဒါနက္ခန္ဓာ ဖြစ်လာတယ်။

(ဥပကဇာတ်လမ်းထဲတွင်) ဥပကကြီးကို စာပါကလေးက ဆွမ်းလောင်းတော့ သူ့သပိတ်ထဲမှာ ကံမျက်စိနဲ့ မြင်ရတာက ဆွမ်းတွေပါပဲ။ ဒါ အားလုံးသိနိုင်တယ်။ ဒါကိုသိဖို့ ဘုရားပွင့်စရာ မလိုပါဘူး။ ဒဿနသမ္ပဒါမျက်ဝန်းနဲ့ကြည့်လိုက်တော့ စာပါကလေး ပါလာတယ်။ စာပါကလေးက သပိတ်ထဲမှာ ငုတ်တုတ်ကလေးထိုင်လို့၊ ဒါက အာရုံခန္ဓာပါ။ ဒီအာရုံခန္ဓာကို သတ်ရတယ်။ အဲဒီစာပါကို ဖြိုရတယ်။

ဟိုမှုဆိုးသမီး ကို သွားဖြိုရင်တော့ ၃၀၂-နဲ့ ထောင်ကျမယ်။ အဲဒီခန္ဓာအစစ်ကို မသတ်ရဘူး။ မြန်မာပြည်တရားသမားတွေက ဒီကောင်မကြောင့် ငါစွဲလမ်းရတာဆိုပြီး အဲဒီခန္ဓာကို သတ်နေကြတယ်။ အဲဒီခန္ဓာကို သတ်ရင် ဥစ္ဆေဒဒိဋ္ဌိပဲ။

(ဂုင်းခွေ တဆက်တည်းပင်။)

## တင်ပြချက်အမှတ်(၆)

<u>ဒဿနသမ္ပဒါတရားတော်(၈)ချပ်တွဲတွင်-</u>

ဦးကောသလ္လက ပိဋကတ်စာတွေကို မသင်ခင်မှာပဲ ဆရာတော်ကြီး(ဦးမြင့်သိန်း၏တပည့်ဖြစ်သူ ဦးဥက္ကံသဗုဒ္ဓိ)က ဒီထေရဝါဒတရား ဒီဝိပဿနာတရားတွေကို နှစ်-နှစ်လောက်အထိ သင်ပေးတာ။

ဒါ့ကြောင့် ဝိပဿနာတရားတည်သူဖြစ်နေတော့ (မန္တလေးသွားပြီး စသင်တာ ၃-လနဲ့ စာတတ်လာပါတယ်။ ပိဋကတ်တွေကို မမေ့တော့ဘူး။)

ဆရာတော်ကြီးရဲ့သင်တန်းမှာ ဘုန်းကြီးတွေ သီလရှင်တွေက ညညဆိုရင် ကလေးမွေးတယ်လို့ မိန့်တယ်။ အဲဒါကို မသိဘူး။ ငယ်ငယ်တုန်းကပေါ့။ အဲဒီဟာကို ဝိပဿနာသင်တန်းလာတက်ကြတဲ့ ဘုန်းကြီးတွေကို မေးရ တယ်။

နောက်တော့ ပိဋကတ်တွေကို သိလာတော့ ရာဂပုတ္တံ ဝိဇာယတိ = စက္ခုနဲ့ ရူပါရုံ ဆုံမိတော့ စွဲလမ်းပြီး ရာဂဆိုတဲ့သားကို မွေးတာပဲလို့ အဖြေရလာတယ်။ အဲဒီဥပကကြီးက ညအိပ်တော့ စာပါကလေးကို စွဲလမ်းတယ်။ တဏှာဖြစ်တယ်။ ဥပါဒါန်နဲ့ ကလေးတွေ မွေးတယ်။ စာပါကလေးမျက်နှာကို သပိတ်ဖွင့်လိုက်တော့ မြင်နေတာ။ ဆွမ်းကို မမြင်ဘူး။

ဒီတော့ စာပါ စာပါနဲ့ပဲ ခြောက်ရက်ကြာအောင် ဆွမ်းငတ်ကရော။ ဥပကရဟန်းကြီးက ညအိပ်တော့လဲ စာပါ စာပါနဲ့။ သားသမီးတွေ မွေးနေတာပဲ။ (၎င်းခွေတဆက်တည်းပင်။)

## တင်ပြချက်အမှတ်(၇)

ဒဿနသမ္ပဒါတရားတော်(၈)ချပ်တွဲတွင်-

| ရှာထဲကစာပါ | ဥပကကျောင်းထဲကစာပါ |
|---|---|
| အစစ် ။ သစ်တတရား ။ | အတု ။ တကယ်မရှိဘူး ။ |
| ကံ စိတ် ဥတု အာဟာရကြောင့် ဖြစ်တာ။ | ဥပါဒါန်ဆွဲအားအရကြောင့် ပါလာတဲ့ခန္ဓာ။ |
| ကျား မ ရှိ ။ ဝိပဿနာမရှုရတဲ့ခန္ဓာ။ | ကျား မ မရှိ ။ ဥပါဒါနက္ခန္ဓာကို မြင်နေတာ။ |

ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်က အဲဒီဥပါဒါနက္ခန္ဓာကိုသာ မြင်သိမှ တရားရတယ်။ ဟိုမှဆိုးသမီးကို မြင်သိနေရင် သံဝေဂရရုံပဲ ရှိတယ်။ တရားမရဘူး။ ဝိပဿနာနည်းနည်းကလေးပဲ ဖြစ်တယ်။ ပြောရုံဆိုရုံလောက်ပဲ ရတယ်။

ရှာထဲကစာပါကလေးအစစ်မှာ အနိစ္စရှိတယ်။ ဒုက္ခရှိတယ်။ အနတ္တရှိတယ်။ ဒါကတော့ ဓမ္မတာပဲ ဟာ။ ဒါကို သိဖို့ ဘုရားပွင့်စရာတောင် မလိုပါဘူး။

အိုင်(ကျွန်ုပ်)လဲ သိတယ်။ ယူ(သင်)တို့လဲ သိကြတယ်။ လူတိုင်း သိနိုင် တာပါ။

(၎င်းခွေ တဆက်တည်းပင်။)

## တင်ပြချက်အမှတ်(၈)

ဒဿနသမ္ပဒါတရားတော်(၈)ချပ်တွဲတွင်

ဖြစ်ပျက်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ။
အကြောင်းတရားကိုသာ ဉာဏ်မှာစွဲလို့ ဖြစ်ပျက်ပဲလို့ မှတ်လိုက်စမ်းပါ။
ခဏတ္တယဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ။
အကျိုးတရားကိုသာ ဉာဏ်မှာစွဲလို့ ခဏတ္တယဘဲလို့ မှတ်လိုက်စမ်းပါ။

(၎င်းခွေ တဆက်တည်းပင်။)

(ဤဆောင်ပုဒ်မျိုး(၄၆)ပုဒ်ရှိကြောင်း မိုးညှင်းမြို့တွင် ဗီနိုင်းစာများဖြင့် ကြော်ညာထားချက်အရ သိရပါသည်။ ၎င်းတို့ကို ဖြုတ်ချပေးခဲ့ရသည်။ လွှင့်ပစ်ခိုင်းခဲ့ရသည်။)

## တင်ပြချက်အမှတ်(၉)

ဒဿနသမ္ပဒါတရားတော်(၈)ချပ်တွဲတွင်-

ဒီနေ့ မြန်မာပြည်တရားလောကမှာ အဲဒီဓမ္မတာအနိစ္စကို လိုက်နေကြတယ်။ နိုး။ တရားမရဘူး။ အနိစ္စ= မမြဲဘူး။ ဒုက္ခ= ဆင်းရဲတယ်။ အနတ္တ=အစိုးမရဘူး။

မြန်မာနိုင်ငံကတော့ အနတ္တကို အသာမိကဋ္ဌေန=စိုးပိုင်းသူ မရှိဘူး။ အစိုးမရဘူး။ အဝသဝတ္တနဋ္ဌေန=အလိုသို့မလိုက်ဘူးလို့ နှစ်နက်လောက်ပဲ အဓိပ္ပါယ်ပြန်နိုင်ကြတယ်။

ဒါက မူလခန္ဓာမှာပါရှိတဲ့ အနိစ္စ ဒုက္ခ အနတ္တတွေကို အနက်ပြန်ကြတာပါ။ အနက်ပြန်တာတွေကလဲ မတူဘူး။ အဲဒီအနက်ပြန်လောက်ကိုသိလို့ကတော့ ဝိပဿနာတရား မဖြစ်ပါဘူး။ အကြောင်းခန္ဓာဖြစ်တဲ့ ဥပါဒါနက္ခန္ဓာကို မသိနိုင်ကြဘူး။

ဥပါဒါနက္ခန္ဓာမှာပါတဲ့ အနိစ္စ=နဂိုကမရှိသေးဘူး။ အခုမှ ဥပါဒါန်ဆွဲအားကြောင့် ဖြစ်လာတဲ့ဟာ။ အမြဲမရှိတဲ့ အနိစ္စလို့ ပြန်မှသာ အနိစ္စကို သိမြင်နိုင်မှာ။ ဒုက္ခ=ဥပါဒါန်က နှိပ်စက်နေလို့ ဆွမ်းကိုတောင် မမြင်နိုင်ဘဲ စာပါကလေးကိုပဲ မြင်နေတာမို့ ညှင်းဆဲနေတဲ့ ဒုက္ခ။ အနတ္တ=အနှစ်အသားမရှိဘူး။ ကိုင်လို့ မရဘူး။ ဆိတ်သုဉ်းနေတယ်။ ဘာမှမရှိတဲ့ဟာပါပဲ။ အာရုံခန္ဓာပါ။ ဒီဌာကြောင့် တဏှာဥပါဒါန်ကြောင့် ပုံပေါ်နေတာ။ အဲဒါမှ အနတ္တ။ အင်မေးဂျ်=စိတ်ကူးပုံရိပ်ပါ။

အတိတ်ကို ပြေးလို့ဆွဲယူထားတာ။ စွဲလမ်းနေတာ။ ပစ္စုပ္ပန်မှာ တကယ် မရှိဘူး။

အနာဂတ်ကိုပြေးလို့ ကလေးမွေးနေတာ။ အခုပစ္စုပ္ပန်မှာ တကယ်မရှိဘူး။

(ရှိတယ်ဆိုရင်လဲ စာပါကလေးက ရွာထဲမှာ သူ့အိမ်မှာပဲ သူရှိနေမှာပေါ့။ ဥပကကျောင်းမှာ ဥပက သပိတ်ထဲမှာ မရှိပါဘူး။ ဥပကကတော့ သပိတ်ထဲမှာ ကြည့်လဲ စာပါကလေးကိုပဲ မြင်နေတယ်။ အိပ်ရာထက်မှာလဲ စာပါကလေးကိုပဲ မြင်နေတယ်။)

အနတ္တရဲ့ အနက်အဓိပ္ပါယ်(မီးန်နင်း)တွေက ခုနှစ်နက်လောက်ရှိတယ်။ အဲဒါကို ဘယ်သူမှ မသိနိုင်ကြသေးဘူး။

(ဂုဏ်ခွေ တဆက်တည်းပင်။)

## တင်ပြချက်အမှတ်(၁၀)

<u>ဒဿနသမ္ပဒါတရားတော်(၈)ချပ်တွဲတွင်-</u>

အဲသလိုစွဲလမ်းနေလို့ ဥပကဒုက္ခရောက်နေတာဟာ စာပါကြောင့်လား (နိုး-)လုံးဝမဟုတ်ဘူးလို့ ဖြေ။ ဥပါဒါန်ကြောင့်လား (ယက်စ်-)သိပ်ဟုတ်တာပေါ့။ . . . . နောက်ဆုံးတော့ ဘုရားဆီရောက်တော့မှ အခု စာပါကလေးက မရှိဘူးဆိုတာကို သိရော။ အနိစ္စ=အမြဲမရှိဘူးဆိုတာကိုလဲ သိရော။ ဒုက္ခ-ညှင်းဆဲနေတာကိုလဲ သိရော။ အနတ္တ=အနှစ်အသားမရှိဘူးဆိုတာကိုလဲ သိရော။

(ရာမခရစ်ရှနာပုံပြင်ထဲက ဇာတ်တိုကလေးကို ဟောသည်။ အကျဉ်းမှာ ရဟန်းနှစ်ပါးက ရေကူးသူ အပျိုမကလေးကို ရေမကူးနိုင်သည့်အတွက် ပွေ့ချီပြီး တစ်ပါးက ကူးပေးလိုက်တယ်။ ကျောင်းပြန်ရောက်တော့ မပွေ့ရသူရဟန်းက ပွေ့သူကို စွပ်စွဲတယ်။ သူမပွေ့ရလို့။ အဲဒီတော့ ပွေ့ပေးခဲ့သူရဟန်းက ပြောတယ်။

အရှင်ဘုရား တပည့်တော်က ကျောင်းထိအောင် အဲဒါကို ယူမလာပါဘူး။ အရှင်ဘုရားက ဥပါဒါန်နဲ့ စွဲယူလာတာပဲ=တဲ့။ သည်ဇာတ်ထဲမှာ ဥပါဒါန်စွဲယူသူဟုစွပ်စွဲခံရသူရဟန်းကို အနိစ္စ ဒုက္ခ အနတ္တ မသိမြင်သူဟု ဆိုလိုပါသည်။

တစ်ဖန်- ဟိန္ဒူပုံကလေးတစ်ခုကိုလည်း ဟောသည်။ ငါးမြားသူနှစ်ဦးအနက် ဥပုသ်နေ့ မိုးကြီးရွာနေစဉ် တစ်ဦးက ဥပုသ်နေ့ဆိုတော့ ကုသိုလ်ကလေးရအောင် ဥပုသ်ကျောင်းသွားတယ်။ ငါ့သူငယ်ချင်းတော့ ငါးတွေအများကြီးရမှာပဲလို့ စိတ်ကူးနေတယ်။

တကယ်ငါးမြားနေသူကတော့ ငါ့သူငယ်ချင်းကတော့ ကုသိုလ်တွေအများကြီး ရနေမှာပဲလို့ စိတ်ကူးနေတယ်။ သူတို့သေတော့ ဥပုသ်စောင့်သူက ငရဲကျသွားတယ်။ ငါးတွေကိုတကယ်မြားနေသူ (ပါဏာတိပါတကံကြီးထိုက်နေသူ)ကတော့ နတ်ပြည်ကို ရောက်သွားတယ်။ သည်မှာလည်း ဥပုသ်စောင့်သူ ကိုအနိစ္စ ဒုက္ခ အနတ္တ မသိမြင်သူဟု ဆိုလိုပါသည်။

ထို့နောင်တွင် ဆက်လက်ဟောပြီး အဆုံးသတ်သွားပုံမှာ-

၁။ ငင်းမရှိခန္ဓာ(ဥပါဒါနက္ခန္ဓာ -အစွဲအာရုံ၊ အာရုံခန္ဓာ၊ အနိစ္စခန္ဓာ)ကို အရှိထင်၍ စွဲလမ်းတဲ့ တဏှာဥပါဒါန်သည် သမုဒယသစ္စာ။

၂။ ဖြစ်ပျက်ခန္ဓာ (ဥပါဒါနက္ခန္ဓာ -အစွဲအာရုံ၊ အာရုံခန္ဓာ၊ တကယ်မရှိတဲ့အနိစ္စခန္ဓာ)က ဒုက္ခသစ္စာ။

၃။ အဲဒီသစ္စာနှစ်ခု ချုပ်ငြိမ်းသွားတာက နိရောဓသစ္စာ။

၄။ သမုဒယသစ္စာ ဒုက္ခသစ္စာ (အကြောင်း အကျိုး)ကို သိတာဟာ ဝိပဿနာသမ္မာဒိဋ္ဌိ။ ပထမဒဿန သမ္ပဒါပဲ။ (မဂ္ဂသစ္စာ)။

ဒီလိုဆိုရင် စတုသစ္စသမ္မာဒိဋ္ဌိကိန်းသွားတော့ တရားသိသူ ဖြစ်သွားတာပါ။

မြတ်စွာဘုရားက လူ့ဘုံမှာ (၄၄)ဝါ ဆိုတော်မူတာပဲ။ လူတွေမသိနိုင်တဲ့တရားကို ဘယ်မှာ ဟောမှာလဲ။ လူတွေကို ချီးမြှောက်ဖို့ ဘုရားပွင့်တော်မူတာ။ ဆရာကောင်းမရှိတော့ မြတ်စွာဘုရားရဲ့ တရားတွေကို မသိမြင်နိုင်ကြလို့ တရားတွေက ခက်နေကြတာပဲ။

ဦးကောသလ္လတို့ကတော့ ဆရာတောင်းတွေ့ခဲ့ရတော့ ငယ်ငယ်ကတည်းက ချာတိတ်ကလေး ကတည်းက အမေ့ရင်ခွင်ထဲမှာ ဒီလိုစာပေတွေကို သိခဲ့တာ။ နောက်လဲ ဘာမှမခက်ခဲဘူး။ နားလည်ခဲ့တာပဲ။

ဩစတြေလျားကလူတွေ ကံကောင်းလို့ ဒီလိုတရားကို လွယ်ကူစွာနဲ့ သဘောပေါက်ခွင့် ရနိုင်ကြ တာပဲ။ ဒီလောက် သဘောပေါက်သွားရင် ဒါက ဒဿနသမ္ပဒါမျက်လုံးပဲ။ အခြေခံအဆင့် ပြီးသွားတာပဲ။

ဒီမှာမို့ တစ်ခါတည်း ဒီလောက်အထိ နားလည်အောင် ထိထိမိမိ ဟောပေးတာပါ။ တခြားနေရာမှာ ဆိုရင် နောက်နေ့အတွက် ထားပါသေးတယ်။ ဒီလောက်အထိ တစ်ခါတည်း မပေးသေးပါဘူး။

(ငင်းခွေ တဆက်တည်းပင်။ အဆုံးသတ်ပိုင်း။)

## တင်ပြချက်အမှတ်(၁၁)

<u>ဒဿနသမ္ပဒါတရားတော်(၈)ချပ်တွဲတွင်</u>

ငင်းခွေအမှတ်(၄)တွင် အရှင်မဟာကဿပရဟန္တာကြီးက သိကြားမင်းအား တောက်ခေါက်ကြောင်း ကိုလည်းကောင်း၊ ရဟန္တာတို့သည် စိတ်တိုတတ်ကြသည်ဟုလည်းကောင်း၊ မဟာပန်ရဟန္တာကြီးက စူဠပန်ကို နှင်ထုတ်ကြောင်းကိုလည်းကောင်း၊ ရဟန္တာဖြစ်ပါလျက် စူဠပန်တရားရမည်ကို မသိနိုင်ဟုလည်းကောင်း၊

အရှင်သာရိပုတ္တရာက မြောင်းခုန်ကြောင်းကိုလည်းကောင်း၊ ဝါသနာကို ရဟန္တာတို့ကတောင် မစွန့်နိုင်ဟုလည်းကောင်း၊ ဥရုဝေလကဿပညီနောင်တို့ကို မီးလုပ်ကျွေးသူများဖြစ်ကြသည့်အတွက် မီးတရားကို မြတ်စွာဘုရားဟောကြောင်းကိုလည်းကောင်း၊ ရှင်စူဠပန်ကို ပန်းတိမ်သည်ဖြစ်ဖူးသည့်အတွက် အတိတ်မေ့မှာရုံ = ဥပါဒါနက္ခန္ဓာကို ဖေါ်ပေးလိုက်တော့ ရှင်စူဠပန် ဖြစ်ပျက်တို ဖတ်ကနဲမြင်သွားပြီး ရဟန္တာ ဖြစ်သွားကြောင်းကိုလည်းကောင်း ဟောထားပြီးမှ--

၁။ အတိတ်မေ့မှာရုံ - ဥပါဒါနက္ခန္ဓာသည် ဒုက္ခသစ္စာ။ (တကယ်ဖြစ်တည်ပျက်တရားစစ် မဟုတ်သော တရား)

၂။ အဲဒါကိုဖြစ်စေတတ်တဲ့တဏှာသည် သမုဒယသစ္စာ။ (မရှိတာကို စိတ်ကူးထဲက-အစွဲဖြစ်နေသော တရား)

၃။ အဲဒီတရားနှစ်မျိုး ချုပ်ငြိမ်းသွားတာက နိရောဓသစ္စာ။

၄။ အတိတ်မေ့မှာရုံ - ဥပါဒါနက္ခန္ဓာ၏ ပြောင်းလဲသွားပုံကို ဖြစ်ပျက်မြင်လိုက်တော့ လေးမင်လေးဖိုလ် ကျပြီး ရှင်စူဠပန်သည် ရဟန္တာဖြစ်သွားသည်။

မဟာပန်ကို မခံချင်လို့ စူဋပန်က တန်ခိုးပြသည်ဟုလည်းကောင်း ဟောထားသည်။

ထေရဝါဒဓမ္မက ရှားပါတယ်။ သုတ္တန်တွေ ကမ္မဋ္ဌာန်းတရားတွေက လွယ်ပါတယ်။ ဟောတဲ့သူတွေ များပါတယ်။

(ဂုဏ်းဒဿနသမ္မဒါတရားခွေ အမှတ်(၄)တစ်ခွေလုံးအကျဉ်းချုပ်။)

## တင်ပြချက်အမှတ်(၁၂)

ဒဿနသမ္မဒါမိတ်ဆက်ခွေထဲတွင်-

ဒဿနသမ္မဒါတရားသည် ၂-မျိုး ၂-မျိုး သွားပါတယ်။ ဒွယသွားတယ်-လို့ ဆိုပါတယ်။ ခန္ဓလည်း နှစ်မျိုး (သာသဝခန္ဓာ၊ အနာသဝခန္ဓာ)လို့ ဆိုပါတယ်။

ဓမ္မစေတီက ကြွားတာ မဟုတ်ပါဘူး။ ငါသေသွားသည်ရှိသော် ဒီဒဿနသမ္မဒါနည်းကို ကမ္ဘာပေါ် ကနေ ပျောက်ကွယ်သွားမှာ စိုးလို့။ ငါ့ရဲ့တစ်ခုတည်းသောရည်ရွယ်ချက်က ဒါပဲ။ ဒီနေ့ အဲဒီရည်ရွယ်ချက် (ဒဿနသမ္မဒါနည်းမကွယ်ပျောက်ရေး)ကို လုပ်သွားတော့မယ်။

ဘုန်းကြီး (၂၀၀၉) လောက် ကျရင်တော့ တနင်္လာ အင်္ဂါ ဗုဒ္ဓဟူး သုံးရက်နဲ့ ကိုက်ညီတဲ့တရားပွဲ သွားပါမယ်။ စနေ တနင်္ဂနွေ ကျောင်းမှာ ယခုဒဿနသမ္မဒါနည်းကို သင်တန်းဖွင့်-သင်ပြနေမယ်။ နယ်ကလာတက်ရင် ထမင်းကျွေးထားပဲ့မယ်။ ဒါ ကြွားတာ မဟုတ်ပါဘူး။

ဒီ ဒဿနသမ္မဒါနည်းဆိုတဲ့အရာကို ရရှိသူတွေထဲမှာ ကျွန်ုပ်က နောက်ဆုံး ကျည်ဆံကလေးပါ။ တပည့်တွေထဲက နောက်ဆုံးပါ။ ကျွန်ုပ်သေပြီးသွားရင် ဒီကမ္ဘာလောကမှ ဒီတရားတွေ ပျောက်ကွယ်သွား ပါလိမ့်မယ်။

ကျန်တရားများကတော့ သူ့နည်းသူ့ဟန်နဲ့ ရှိကြပါလိမ့်မယ်။ ဒီဟာကလေးကို သမား စဉ်ဆက်. . ဒီပဲယင်းဆရာတော် . . အဲဒီဆရာတော်အစဉ်အဆက်ကနေ ဆက်လာလိုက်တာ ဆရာကြီး ဦးညွန့် . . . . . . . . အဲလိုဆရာစဉ်ဆက် သမားစဉ်ဆက် လာလိုက်တာ ကျွန်ုပ်သည် နောက်ဆုံးကျည်ဆံ ကလေးပါ။

ကျွန်ုပ်တို့ ဆရာသမားသည် အငယ်ဆုံးပုဂ္ဂိုလ်က (၇၃-၇၅) ဖြစ်ပါတယ်။ ကျွန်ုပ်သေပြီးရင် ဒီနိုင်ငံက ပျောက်ကွယ်သွားမှာစိုးသောကြောင့် ကျွန်ုပ်လုပ်ရပါတော့မယ်။

(ထေရဝါဒသမ္မဒါမိတ်ဆက် အမှတ်(၂)ခွေ။)

**မှာထားချက်။** ။ <u>အထက်တွင် . . . . . . များအရဆရာစဉ်များကို ကွယ်ဝှက်ထားပါသည်။ ယင်းတို့မှာ ဓမ္မစေတီဆရာတော်ကြီး၊ ဆူးလေဦးမြင့်သိန်း၊ ဆရာကြီးဦးကြိုင်၊ ပဋ္ဌာန်းဒေါ်ခင်မြင့်၊ မဟာယာနဆရာကြီးဖြစ်သော ဒီတီဆူဇူကီး၊ ဆိုဟာကူအိုဂါတာ၊ ခရစ်စမတ်ဟန်ဖရေး၊ အယ်လင်ဝတ်၊ ရောဘတ်လက်ဆင်၊ ခရစ်ရှုနာမူသီး စသည်များကို ဆိုလိုကြောင်း အရိယသစ္စာလမ်းစဉ် ဝိပဿနာတရား ပေါင်းချုပ်ကျမ်းကြီးအဖွင့်စာမျက်နှာအရ သိရပါသည်။</u>

<u>ဆူးလေဦးမြင့်သိန်းစသည်တို့ကို ထုတ်ပြောလိုက်လျှင် အဓမ္မဝါဒဟောင်းကြီး ထင်ရှားနေမည်သာ။</u>

## တင်ပြချက်အမှတ်(၁၃)

ဒဿနသမ္မဒါမိတ်ဆက်ခွေထဲတွင်-

ဒဿနသမ္မဒါနည်း၊ ဘာဝနာသမ္မဒါနည်း။ ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ၊ ဘာဝနာယ ပဟာတဗ္ဗာ

ဓမ္မာ။ ဒဿနသမ္ပဒါ = သောတာပတ္တိမဂ်နဲ့ပယ်ရမယ့်တရား၊ အထက်မဂ်နဲ့ပယ်ရမယ့်တရားလို့ ရှိတယ်။

မြန်မာနိုင်ငံမှာ ဟောနေကြတဲ့တရား များစွာက ဒိဋ္ဌိနဲ့တဏှာမှာ တဏှာသတ်တဲ့လမ်းစဉ် များတယ်။ တို့က ဒိဋ္ဌိသတ်လမ်းစဉ်ကို ဒဿနသမ္ပဒါလို့ ဆိုမယ်။ တဏှာသတ်လမ်းစဉ်ကို ဘာဝနာသမ္ပဒါလို့ ဆိုမယ်။

ဒိဋ္ဌိသတ်လမ်းစဉ်မှာ မိန်းမကိုလဲ ယူပါတယ်။ စီးပွါးရေးတွေကိုလဲ လုပ်ပါတယ်။ လှလဲလှချင်ပါတယ်။ "ရုပ်ရှင်သွားဖို့အလှပြင်- မှန်တင်ခုံနဲ့ကျွန်မ မျက်နှာချင်းဆိုင်"လုပ်တယ်။ လှချင်တယ်။

ဓမ္မစေတီဆရာတော်က လှလှပပလေးနဲ့ နိဗ္ဗာန်ဝင်မှာ။ ချောချောလှလှ မွှေးမွှေးကြိုင်ကြိုင်လေးနဲ့ နိဗ္ဗာန်သွားမှာ။ ဒိဋ္ဌိသတ်ပြီး သွားမှာ။ (တဏှာသတ်ပြီးသွားရင်တော့ အဲဒါတွေ မလိုဘူးနော်။ တဏှာသတ်လမ်းစဉ်ကတော့ အဲဒါတွေကို စွန့်ရမယ်။)

ငါတို့က ဒိဋ္ဌိသတ်လမ်းစဉ်နဲ့သွားမှာဖြစ်ခြင်းကြောင့် ပျော်ပျော်ပါးပါး မော်တော်ကားလေးနဲ့ သွားမယ်။ ကြိုက်ချင် ကြိုက်။ ကြိုက်လား။ မင်းတို့က ကြိုက်တာပေါ့။ ဓမ္မစေတီဦးကောသလ္လကျောင်းမှာ ရေးထားတယ်။

"မောရင်နားမယ်။ ညောင်းရင်ပြင်မယ်။ ဆာရင်စားမယ်"။ ဒီနည်းနဲ့ပဲ သွားမယ်။ ကြိုက်လား။ လာပြီး တရားအားထုတ်ရင် ဆာရင်စားမယ်။

ဒီတော့ ဒဿနသမ္ပဒါလမ်းစဉ် မှာ ဒိဋ္ဌိကိုအရင်ဖြုတ်ပါတယ်။ ကာယာနုပဿနာ ဝေဒနာနုပဿနာ စိတ္တာနုပဿနာ ဓမ္မာနုပဿနာတို့ထဲက ဓမ္မာနုပဿနာက ဒဿနသမ္ပဒါ ဖြစ်တယ်။ ကာယာနုပဿနာ ဝေဒနာနုပဿနာ စိတ္တာနုပဿနာတွေက ဘာဝနာသမ္ပဒါနော်။

ဓမ္မစေတီက ဓမ္မာနုပဿနာနဲ့ စသင်ပါတယ်။ အဲသလို ဓမ္မာနုပဿနာနဲ့ သွားပါတယ်။ ခန္ဓာလဲ ၂-မျိုးသွားပါတယ်။ ဝေဒနာလဲ ၂-မျိုးသွားပါတယ်။

(ဒဿနသမ္ပဒါမိတ်ဆက်ခွေအမှတ်(၂)မှ။)

## တင်ပြချက်အမှတ်(၁၄)

ဒဿနသမ္ပဒါမိတ်ဆက်ခွေထဲတွင်-

ကြည့်။ ပါထိကဝဂ္ဂပါဠိ သမ္ပသာဒနီယသုတ်မှာ တန်ခိုးပြာဋိဟာ ၂-မျိုး ရှိပါတယ်။

၁။ သာသဝါ သဉပဓိကာ အနရိယာ = အာသဝေါတရားရှိတဲ့ တန်ခိုးပြနည်း။ ဒီနည်းက ဘယ်လိုလဲဆိုတော့ အပြစ်နှင့်တကွဖြစ်သော မြတ်၏ဟုမဆိုသာသော အရိယာတို့မပြသောတန်ခိုး။ တစ်ကိုယ်တည်းကနေ ကိုယ်တွေအများကြီး ဖန်ဆင်းတာမျိုးပဲ။

၂။ အနာသဝါ အနုပဓိကာ အရိယာ = အာသဝေါတရားမရှိဘူး၊ မြတ်၏ဟုဆိုထိုက်တယ်။ အရိယာတို့ပြသောတန်ခိုး။

မြင့်မြတ်တယ်ဆိုတာက မှတ်မှတ်ရရပြောရရင် ဆရာတော်ဦးဥက္ကံသဗုဒ္ဓိ (သက်န်း ကျွန်း၊ ၅/ဂ-ရပ်ကွက်)မှာ စက်ဆုတ်ဖွယ်မုန့်ဟင်းခါးတွေကို စက်ဆုတ်ဖွယ်မဟုတ်ဟု အမှတ်ထားနိုင်တာ ဖန်ဆင်းနိုင်တာမျိုးကို ဆိုလိုပါတယ်။ ဒါမျိုးကို တန်ခိုးပြာဋိဟာ ပြတယ်လို့ ခေါ်ပါတယ်။ အရိယာတို့ပြတဲ့တန်ခိုးပါ။

ဒဿနသမ္ပဒါနည်းက ဒွယ-ဟောတယ်။ အနုပဒဝဂ် မဟာစတ္တာရီသကသုတ္တန်ကြီးကို ကိုရင်နဲ့တက်ခဲ့ရတယ်။ သမ္မာဒိဋ္ဌိ ၂-မျိုး ရှိတယ်။ ဒွယကထာ။ ဒါဆိုရင် မှတ်ထားဖို့က ဒဿနသမ္ပဒါနည်းရဲ့ သော့ချက်(ကီး)က အမြဲတမ်းပဲ ၂-မျိုး ၂-မျိုး သွားတယ်။

၁။ အာသဝေါတရားတို့၏အာရုံဖြစ်သော ကောင်းမှု၏အဖို့ဖြစ်သော ခန္ဓာဟူသောအကျိုးကို

ပေးတတ်သော သမ္မာဒိဋ္ဌိကတစ်မျိုး။ အဲဒါကို ကမ္မဿကတာသမ္မာဒိဋ္ဌိလို့ ပြောတာ။ ကံကို ကံနဲ့ ပေါင်းလိုက်ရင် သံသရာလည်တယ်။

၂။ အာသဝေါတရားတို့၏အာရုံမဟုတ်သော လောကုတ္တရ-ဖြစ်ပျက်လောက(ဥပါဒါနက္ခန္ဓာလောက)မှ လွန်မြောက်သော အရိယာမဂ်၏အစိတ်အပိုင်းဖြစ်သော သမ္မာဒိဋ္ဌိ။ ကံကို ဉာဏ်နဲ့ပေါင်းရင် လွတ်တယ်။ (ဒါနသီလ မပြုတတ်ရင် မေထုန်ပဲ ဖြစ်တယ်။) **<u>ဆရာ့ကျေးဇူးကို ဆပ်တာပါ။</u>**

ခန္ဓဝဂ္ဂသံယုတ်မှာ သာသဝခန္ဓာကို ဥပါဒါနက္ခန္ဓာလို့ ခေါ်သည်။ အနာသဝခန္ဓာကို ပဉ္စက္ခန္ဓာဟု ခေါ်သည်။

"ဝေဒနာကိုရင်မှာပိုက်ပါလို့ ဆိုတဲ့အတိုင်း ဝေဒနာတွေကို ပြန်တွေးလို့ပေါ်လာတာဆိုရင် ဥပါဒါနက္ခန္ဓာ ဖြစ်တယ်။ ပိုးကောင်ဝင်လို့ ကျတဲ့မျက်ရည်ဆိုရင် အနာသဝမျက်ရည် ဖြစ်တယ်။ ကိုယ့်လင်က သူများနောက်ပါသွားလို့ ပူဆွေးကျတဲ့မျက်ရည်ဆိုရင် သာသဝမျက်ရည် ဖြစ်တယ်။

ချစ်သမီး ပဋာစာရီ မင်းရဲ့ အင်းမှေ့ဂျ် - စိတ်ကူးထဲမှာ ရှိတဲ့ လင်သားတွေကို မြင်နေတာဟာ ဥပါဒါနက္ခန္ဓာ။ သေပြီးသားကြီးဖြစ်လို့ မရှိတာကြီးကို အရှိထင်နေတာဟာ ဥပါဒါနက္ခန္ဓာ။ အဲဒီမှာ ပဋာစာရီလဲ စိတ်ကူးထဲက လင်သားတွေရဲ့ဖြစ်ပျက်(ဖြစ်တည်ပျက်မဟုတ်)ကို မြင်တော့ တရားရသွားတာပဲ။

(မဇ္ဈိမပဏ္ဏာသအကြောင်းလည်း ပုံတူပင် ဟောထားသေးသည်။)

ဒီတော့ ပဋာစာရီကို ဟောတာလဲ ခန္ဓာနှစ်မျိုး။ ပဉ္စက္ခန္ဓာ ပဉ္စုပါဒါနက္ခန္ဓာ-လို့ နှစ်မျိုးပဲ ဖြစ်တယ်။ အဲဒီတော့ အစွဲအလမ်းဖြစ်ပြီးတော့ စွဲလမ်းတတ်ပါတယ်။ အဲသလိုစွဲလမ်းရင် ရူးတတ်ပါတယ်။

(အနိဿိတောစ ဝိဟရတိ နစကိဉ္စိလောကေ ဥပါဒိယတိ-မဟာသတိပဋ္ဌာနသုတ် ပါဠိတစ်ကြောင်းကို လောကပုဒ်အရ ဥပါဒါနက္ခန္ဓာ - စိတ်ကူးပုံရိပ်ဟု မြန်မာ ပြန်ပြီး အမှားတွေထည့်ဟောထားသေးသည်)

(ဒဿနသမ္ဗုဒ္ဓမိတ်ဆက်ခွေအမှတ်(၂)မှ။)

## တင်ပြချက်အမှတ်(၁၅)

ထေရဝါဒသမ္ဗုဒ္ဓမိတ်ဆက်ခွေထဲတွင်-

၁။ ခန္ဓာဘာရကို ဒုက္ခသစ္စာ။

၂။ ခန္ဓာဘာရကို ယူလာတဲ့တဏှာကို သမုဒယသစ္စာ။

၃။ ခန္ဓာဘာရကိုပစ်ချလိုက်တဲ့နေရာက နိရောဓသစ္စာ - နိဗ္ဗာန်။

၄။ ခန္ဓာဘာရကိုပစ်ချကြောင်းအကျင့်က မဂ္ဂသစ္စာ။

(ဒဿနသမ္ဗုဒ္ဓမိတ်ဆက်ခွေအမှတ်(၂)မှ။)

## တင်ပြချက်အမှတ်(၁၆)

ထေရဝါဒမှတ်စုခွေထဲတွင်-

သက္ကာယဆိုတာ ဓမ္မာရုံဥပါဒါနက္ခန္ဓာငါးပါးကို ခေါ်ကြောင်း၊ ၎င်းသည် အတိတ်ဓမ္မာရုံဥပါဒါနက္ခန္ဓာ အနာဂတ်ဓမ္မာရုံဥပါဒါနက္ခန္ဓာဟုနှစ်မျိုးရှိကြောင်း၊

အတိတ်ဓမ္မာရုံကို ကိုရဲအောင်နှင့်မိုးမိုးမြင့်အောင်တို့ ရုပ်ရှင်ကား ဇာတ်ကွက်ဖြင့်ရှင်းပြပြီး လိုရင်းမှာ- ကိုရဲအောင်၏စိတ်ကူးထဲတွင် အတိတ်ကလက်ထပ်ခါနီးတွင် လက်မထပ်ဖြစ်ခဲ့သောချစ်သူကို တွေးမြင်မိခြင်းသည် ဒိဋ္ဌိခေါ် ဥပါဒါန်ကြောင့် ပေါ်လာကြောင်း၊

၎င်းပေါ်လာခန္ဓာသည် တကယ် မရှိသောပုံရိပ်သာဖြစ်၍ဥပါဒါနက္ခန္ဓာဖြစ်ကြောင်း၊

မို့မို့မြင့်အောင်အစစ်ကိုယ်ထည်သည် ပဥ္စက္ခန္ဓာဖြစ်ကြောင်း ရှင်းလင်းပြထားသည်။

တစ်ဖန်-အနာဂတ်ဓမ္မာရုံအတွက်ရှင်းရာမှာကား ချိန်းဆိုထားတဲ့နောက်စနေသီချင်းဖြင့် ရှင်းလင်းထားသည်။ ဗိုလ်အောင်ဒင် မမြဝင်း ညွန့်ဝင်း ဇာတ်လမ်းဖြင့်လည်း ရှင်းပြထားသည်။ ရှေ့တွင်ပါနေကျ ဥပါဒါနက္ခန္ဓသည် ဒုက္ခသစ္စာမည်ကြောင်း စသည်ဖြင့် တရားသိမ်းသွားသည်။

(ထေရဝါဒမှတ်စု(၃)တရား ခွေအမှတ်(၂)

## တင်ပြချက်အမှတ်(၁၇)

ထေရဝါဒတရားဦးခွေအမှတ်(၁)ထဲတွင်

ယေ ဓမ္မာ ဟေတုပ္ပဘဝါ-ကို လွဲမှားစွာ အနက်ပြန်ဆိုထားပါသည်။ ယေဓမ္မာ - အကျိုးတရား တနည်း ဥပါဒါနက္ခန္ဓာတရားငါးပါး တနည်း ဒုက္ခသစ္စာတရား။

ဟေတုပ္ပဘဝါ - အကြောင်းတရား တနည်း ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ တနည်း သမုဒယသစ္စာ ဟူ၍ဆိုထားပါသည်။

ထို့ပြင် ၎င်းခွေအမှတ်(၂)ထဲတွင်မူ သမုဒယသစ္စာ ပရမတ္ထသစ္စာဟူ၍ သစ္စာ(၂)မျိုးကိုဟောပြီး ပရမတ္ထသစ္စာသည် (၁) သဘာဝပရမတ္ထသစ္စာ (၂) အရိယပရမတ္ထသစ္စာဟူ၍ (၂)မျိုးရှိကြောင်း ဟောထားပါသည်။

အခုဟောမှာက အရိယပရမတ္ထသစ္စာ ဖြစ်ကြောင်းကိုလည်း ဟောထားပါသည်။

ဗဟုပကာရတရားငါးပါးတို့တွင် သဒ္ဓါ၊ အပ္ပါဗာဓ၊ အသဌ၊ အာရဒ္ဓဝီရိယတို့ကို မှန်ကန်စွာ ဟောပြလျက် **ဥဒယတ္ထဂါမိနိယာ ပညာယ**ကိုကျတော့ ဥပါဒါနက္ခန္ဓာတို့၏ဖြစ်ချုပ်ကိုသိမြင်သော ပညာဟူ၍ မှားယွင်းစွာ ဟောထားပါသည်။

(ဤစကားတွင် သူတို့၏ အသုံးအတိုင်း ပုံရိပ်ကိုယူသော ဥပါဒါနက္ခန္ဓာဟု ယူရမည်။ မြတ်စွာဘုရားဟော ဥပါဒါနက္ခန္ဓာဟုဆိုလျှင် အမှန်ပင် ဖြစ်နေလေရာသည်။)

## တင်ပြချက်အမှတ်(၁၈)

အစဦးဆုံးထေရဝါဒတရားခွေအမှတ်(၁+၂)ထဲတွင်

ကျွန်ုပ်မိဘဆရာသမားတွေရဲ့ကောင်းမှုကြောင့်ပါ။ ကျွန်ုပ်က ဒီစတစ်ကလေး(ဦးနှောက်ကလေးကိုပြလိုရင်း) ဒစ်စ်ကလေး ကောင်းတယ်။ ဒီနေ့အထိ မိဘကပြောပြော ဆရာကပြောပြော အကုန်မှတ်မိသေးတယ်။ ကျွန်ုပ်ရဲ့ မဲန်မိုရီစတစ်ကလေးက အကောင်းအတိုင်း ရှိသေးတယ်။ ဘယ်နေ့ကျရင်တော့ ဒေါင်းသွားမလဲ မသိဘူး။ ဒါပေမယ့် ဘယ်လိုပဲ ဒေါင်း ဒေါင်း (၂)ချက် ကျန်ရင် တော်ပြီ။

**သမုဒယော နတ္ထိ -**

**နိရောဓော အတ္ထိ။** ဒီ(၂)ချက် ကျန်ရင် တော်ပြီ။

**မရှိ=ပညတ်၊ ရှိ-ပရမတ်၊ နှစ်ရပ်ဉာဏ်ဖြင့်ခွဲ။**

**နှစ်ရပ်ဉာဏ်မြင်၊ ဒိဋ္ဌိစင်၊ နိဗ္ဗာန်ဝင်မည်မလွဲ။**

ရှေ့နှစ်ကျရင် ကျောင်းလွှဲပေးထားမယ်။ ဆွမ်းစားကျောင်း၊ ဓမ္မာရုံ၊ သိမ်ကျောင်း၊ ရေတွင်းရေကန်၊ ရေစက်ငါးလုံး။ အကုန်လုံး လွှဲပေးထားမယ်။

(ခွေတစ် - မိနစ် ၂၀ -ခန့်။)

## တင်ပြချက်အမှတ်(၁၉)

အဦးဆုံးထေရဝါဒတရားခွေအမှတ်(၁+၂)ထဲတွင်-

အားလုံးသောတရားတို့၏အသက်သည်(ပဋ္ဌဝဂ္ဂီတို့တရားရတာသည်) ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံတံ နိရောဓဓမ္မံ။ ဒါပဲ။ မှတ်ထား။ အဲဒါ မှတ်ထား။

ယံ. . . မ္မံ = ဖြစ်ပေါ်လာသမျှ တရားမှန်သမျှတို့သည် ချုပ်ငြိမ်းခြင်းလျှင် နောက်ဆုံးရှိတယ်။ ဖြစ်ပြီးပျက်တယ်။ ဒီအတိုင်း မနေ။ ဖြစ်ပျက်ဓမ္မ သင်္ခါရတွေပါဘုရား။

ဦးကောသလ္လသေပြီဆိုရင် သမုဒယော နတ္ထိ ၊ နိရောဓော အတ္ထိ-ပါဘုရား။ ဒါပဲ။ အဲဒါက ကီးလေးပဲ။

အဲဒါကို မြင်၍ သောတာပန်လဲ ဖြစ်သည်။ သကဒါဂါမ်လဲ ဖြစ်သည်။ အနာဂါမ်လဲ ဖြစ်သည်။ အရဟန္တလဲ ဖြစ်သည်။ ဒါပဲ။ ၂-ကြောင်းကလေးပဲ။

ငါ့ဆရာက သမုဒယော နတ္ထိ၊ နိရောဓော အတ္ထိ=တဲ့။

ဘာတရားတွေကိုမှ မသိတော့လို့ အသိဉာဏ်တွေမဲ့သွားရင် ငါ့မှာ သမုဒယော နတ္ထိ၊ နိရောဓော အတ္ထိ။ နိဿိတံ စလိတံ၊ အနိဿိတံ အစလိတံ။ မှီနေသမျှကာလပတ်လုံး လှုပ်ပါ့မယ်။ မမှီဘဲ လွှတ်ချလိုက်တာ မမှီဘဲ ငြိမ်းရင် ငြိမ်းတာဟာ နိဗ္ဗာန်ပဲ။

(ဥဒါန်းပါဠိ၊ နိဗ္ဗာနပဋိသံယုတ္တကထာကိုညွှန်းသည်။)

သမုဒယဓမ္မ၊ နိရောဓဓမ္မ။ ဒီသာသနာမှာ ဒါပဲ ရှိတယ်။

ထေရဝါဒပိဋကတ်စာပေတွေကို အကျဉ်းချုပ်လိုက်ရင် (၂)ကြောင်းတည်းပဲ ရှိတာပေါ့။

. . ပါရမီရှိစေကာမူ ဆရာကောင်းထံမှ တရားကောင်းကို မနာရသည်ရှိသော် အကျိုးမပြီး အချီးနှီး သာတည်း။ တို့ဆရာက **ဆရာ မှားရင် တစ်သံသရာ၊ ဆရာကောင်းရင် ကွမ်းတစ်ယာညက်-** တဲ့။

## တင်ပြချက်အမှတ်(၂၀)

အဦးဆုံးထေရဝါဒတရားခွေအမှတ်(၁+၂)ထဲတွင်-

ယေဓမ္မာ ဟေတုပ္ပဘဝါ-အစရှိသောဂါထာကို အနက်ပေးပြထားရာ ယေဓမ္မာ အကြင်အကျိုး တရားတို့သည် တနည်း ယေဓမ္မာ အကြင်ဥပါဒါနက္ခန္ဓာငါးပါးတို့သည် တနည်း ယေဓမ္မာ ဒုက္ခသစ္စာတရား တို့သည် ဟေတုပ္ပဘဝါ အကြောင်းတရား တနည်း ဥပါဒါန်အကြောင်းတရား တနည်း သမုဒယသစ္စတို့ အမွန်အစရှိကုန်၏ စသည်တို့ဖြင့် ဆိုပြပြီး မင်းကွန်းဆရာတော်ကြီး၏ အနက်မြန်မာပြန်ဟုလည်း ကိုးကား ပြသွားပါသည်။

အနက်သုံးနည်းတို့တွင် အလယ်အနက်မှာ ဓမ္မစေတီဂိုဏ်း၏ အဓမ္မဝါဒ အနက်မျှသာဖြစ်သော ကြောင့် မင်းကွန်းဆရာတော်ကြီး၏အနက် မဖြစ်နိုင်ကြောင်း ထင်ရှားစေရမည်။

## တင်ပြချက်အမှတ်(၂၁)

ဝိပဿနာသုံးမျိုးတရားခွေတွင်-

၁။ ရူပါရုံအစရှိကုန်သော အာရုံ(၆)ပါးကြောင့် ဝေဒနာ(၆)မျိုးဖြစ်ပေါ်လာပုံများကို ဟောပြပြီးသော အခါတွင်

၂။ ဝိပဿနာမှာကျတော့ ဝေဒနာကအာရုံတရား အနုသယကအာရမ္မဏိကတရားများ။ (အနုသယ

တရားများက ဝေဒနာကို အာရုံပြုကြပုံကား-)

ပါဏာတိပါတစေတနာ=ဒေါသအနုသယကိလေသာကြောင့် ပါဏာတိပါတအမှု ဖြစ်ပေါ်လာသည်။ပါဏာတိပါတမှုကြောင့် ထောင်ကျသည်။ ငရဲကျသည်။

ဤတွင် ပါဏာတိပါတမှုသည် အကြောင်းတရားဖြစ်၍ အကျိုးတရားလည်း ဖြစ်သည်။ အဲဒီလို အကြောင်းအကျိုးဖြစ်တဲ့တရားကို ပစ္စယလို့ ဟောပါတယ်။ အဲဒီပစ္စယကို မသိကြလို့ ဒီနေ့ ဘယ်ဟာကို ဝိပဿနာလုပ်ရမလဲလို့ မသိကြတာ ဖြစ်ပါတယ်။

(ပစ္စယရဲ့ရှေ့မှာ မူလအကြောင်းတရားဆိုတာ ရှိတယ်။ အဲဒါကိုကျတော့ ဟေတုလို့ သုံးရတယ်။ အဲဒါကိုသာ ဝိပဿနာရှုရမယ်။)

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်ဆိုရင် အဲဒါကို နိယာမ ပဋိစ္စသမုပ္ပါဒ်လို့ ခေါ်ပါတယ်။ အဲဒါကို လာကိုင်မနေနဲ့။ အဲဒါ ဖြစ်နေတာပဲ။

တို့ကတော့ ကီးလေး(သော့ချက်ကလေး)ရှိထား တယ်။ရွှေကျင်သာသနာပိုင်က ပေးထားတယ်။

**ကြောင်းကျိုးမူလ။ နှစ်ဌာန။ ဒွယမူလီထုတ်။**
**မူလမူလီ။ နှစ်ပါးစီ။ ဉာဏ်မီခွဲသရုပ်။**

တရားခံဖြစ်သော ပဉ္စက္ခန္ဓာ=အကျိုးဝိပါက်ကြီးကိုပဲ ထောင်ချနေကြတာ။ ဦးကောသလ္လက ကိုဝင်းဇော်ကို သတ်မှုပါဏာတိပါတမှုအတွက် ဦးကောသလ္လမှာရှိနေသော ဒေါသကိလေသာ ဝဓက စေတနာကို မသိကြပါဘူး။ မဖမ်းနိုင်ကြပါဘူး။

ဒဿနသမ္မဒါနည်းက ဒေါသကိလေသာကို (ကိလေသာဝဋ်ကို) အလုပ်လုပ်ပါတယ်။ (ဖမ်းဆီး ပယ်သတ်ပါတယ်။)

ဒီတော့ တို့ဒဿနသမ္မဒါနည်းက အဲဒီဝေဒနာ(အကျိုးတရား)ကို နာတာကျင်တာကို မှတ်တာ မဟုတ်ပါဘူး။

(သာသနာပြင်ဆင်ရေးတရားတွေကို သီးသန့်ဟောရမယ်။ )

## တင်ပြချက်အမှတ်(၂၂)

ဝိပဿနာသုံးမျိုးတရားခွေတွင်-

၁။ သမထကို ရှေ့ထား၊ ဝိပဿနာကို ပွါး၊ ဒီလိုလုပ်ရင် မဂ်ကိုဖြစ်စေတယ်။ အနုသယတို့ကို ပယ်နိုင်တယ်။

၂။ ဝိပဿနာကို ရှေ့ထား၊ ဝိပဿနာကို ပွါး၊ ဒီလိုလုပ်ရင် မဂ်ကိုဖြစ်စေတယ်။ အနုသယတို့ကို ပယ်နိုင်တယ်။

၃။ သမထနှင့်ဝိပဿနာကို တွဲလျက်ပွါး၊ ဒီလိုလုပ်ရင် မဂ်ကိုဖြစ်စေတယ်။ အနုသယတို့ကို ပယ်နိုင်တယ်။

တို့ ဆရာတော်ကြီး ဦးဥက္ကံသဗုဒ္ဓိ ခဏခဏပြောတယ်။ ယုဂနဒ္ဓပဲကွာ။ (အစုံလိုက်ပဲ။)

ဈာန်အင်္ဂါ(သင်္ခါရ)တွေကို စွဲလမ်းရင် ဥပါဒါနက္ခန္ဓာ ဖြစ်တယ်။ စာတတ်တဲ့ပရိယတ္တိဂုဏ်ကို စွဲလမ်းရင် ဥပါဒါနက္ခန္ဓာ ဖြစ်တယ်။ တရားဟောကောင်းတာကို စွဲလမ်းရင်လဲ ဥပါဒါနက္ခန္ဓာ ဖြစ်တယ်။ ကျောင်းတွေ ကံတွေ ကားတွေ အများကြီးရထားလို့ စွဲလမ်းရင်လဲ ဥပါဒါနက္ခန္ဓာ ဖြစ်တယ်။ မဂ်လေးပါး၊

ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ ဖယ်ထားလိုက်ရင် ကျန်တာတွေ အကုန်လုံး ဉပါဒါနက္ခန္ဓာဆိုတာဖြစ်ခြင်းကြောင့် ဒီဒဿနသမ္မဒါနည်းက ဘယ်တရားနည်းနဲ့မှ မလွတ်ဘူး။

(ဒါနသီလလုပ်ရင် စိတ္တာလင်္ကာရာ စိတ္တပရိက္ခာရ - စိတ်ကိုတန်ဆာဆင်ရတယ်။ သမာဓိကို ဖြစ်စေနိုင်တဲ့ ဒါနသီလ ဖြစ်ဖို့ လိုတယ်။)

အာနာပါနလုပ်တာလောက်ကို တရားလုပ်တယ် ဘာလုပ်တယ်လို့ အကြီးအကျယ် လာလုပ်မနေနဲ့။ အဲဒါလောက်ကိုတော့ ဘုရားပွင့်-ပွင့်၊ မပွင့်-ပွင့် စတုတ္ထဈာန်သမာပတ် ရနိုင်တယ်။ အာနာပါန - ဝင်လေထွက်လေ ရှုရှိုက်ခြင်းသည် သာသနာပမှာလဲ ရှိသည်။ ဘုရားရှင်လက်ထက်မှာလဲ ရှိသည်။

ဘုရားရှင်သာသနာမရှိတော့လဲ ရှိအုံးမှာပဲ-ဟုတ်လား ကိုဝင်းဇော်။ အဲဒီဈာန်အင်္ဂါ(သင်္ခါရ) တွေအပေါ် လက္ခဏာမတင်တတ်ဘူး။ အဲဒီလိုဈာန်ရပြီးမှ ဝိပဿနာရှုရင် သမထပုဗ္ဗင်္ဂမဝိပဿနာ သုံးပါးထဲကအမှတ်(၁)လို့ ဆိုသည်။

## တင်ပြချက်အမှတ်(၂၃)

ဝိပဿနာသုံးမျိုးတရားခွေထဲတွင်-

(လူတွေက သတ္တာဝါသထဲမှာ နာနတ္တကာယ နာနတ္တသညီ ခန္ဓာကိုယ်လဲ မတူဘူး။ စိတ်ကလဲ မတူကြဘူး။)

**အခုဟောတဲ့ဒဿနသမ္မဒါနည်းက သမထကိုမဖြစ်စေဘဲ အာနာပါနကိုလဲမဖြစ်စေဘဲ လှမ်းတယ် ကြွတယ်စသည်တွေကိုလဲ မကြည့်ဘဲ ဉပါဒါနက္ခန္ဓာတို့ကို အနိစ္စာစသောအားဖြင့် ရှုတယ်။ ဒါကို ဝိပဿနာစစ်စစ်။ သုဒ္ဓဝိပဿနာလို့ ဆိုပါသည်။**

မြင်တာကြားတာတွေကို မြင်တယ်ကြားတယ်လို့ ဆရာတော်ဦးကောသလ္လ မှတ်ပါသလားဆိုရင် မမှတ်ဘူး။ မြင်တဲ့အပေါ်မှာ ငြိမ်းအောင် လုပ်နေတယ်။ ကြားရမှာလဲ ငြိမ်းအောင်နေပါ။ စားရမှာလဲ ငြိမ်းအောင် နေပါ။သွားရမှာလဲ ငြိမ်းအောင် နေပါ။

. . . တရားဟောတဲ့ခန္ဓာ အဝတ်ဝတ်တဲ့ခန္ဓာ ထမင်းစားတဲ့ခန္ဓာ အီအီးပန်းတဲ့ခန္ဓာ။ အဲဒါကို ပဥ္စက္ခန္ဓာလို့မှတ်။ မိတ်ဆွေခန္ဓာငါးပါး။ ယင်းခန္ဓာတို့ကို ဘယ-ဘေးခန္ဓာလို့ မယူရဘူး။ ပဥ္စက္ခန္ဓာကို မကြည့်ရဘူး။

ပဥ္စက္ခန္ဓာကို ဘေးလို့ကြည့်ရင် ဉစ္ဆေဒဒိဋ္ဌိ ဖြစ်တယ်။ ဉပါဒါနက္ခန္ဓာကို လက်ခံထားရင် သဿတဒိဋ္ဌိ ဖြစ်တယ်။

## တင်ပြချက်အမှတ်(၂၄)

ဝိပဿနာသုံးမျိုးတရားခွေထဲတွင်-

ဉပါဒါနေ ဘယံ ဒိသွာ ဇာတိမရဏသမ္ဘဝေ -

အနုပါဒါနေ ဝိမုစ္စန္တိ ဇာတိမရဏသင်္ခယေ။

ဇာတိမရဏသမ္ဘဝေ၊ မွေးသေဒုက္ခ(အကျိုး)ကို ဖြစ်စေတတ်ကုန်သော။ ဉပါဒါနေ၊ ဉပါဒါန်အကြောင်းလေးပါးတို့ကို ။ ဘယံ၊ ဘေးဟူ၍။ ဒိသွာ၊ မြင်သော်။ ဇာတိမရဏသင်္ခယေ၊ မွေးသေဒုက္ခတို့၏ကုန်ရာ ဖြစ်သော။ အနုပါဒါနေ၊ ဉပါဒါန်မရှိရာနိဗ္ဗာန်၌။ ဝိမုစ္စန္တိ၊ လွတ်မြောက်ကြကုန်၏။

ဂရုံ၊ လေးလံလှစွာသော။ ဘာရံ၊ ဉပါဒါနက္ခန္ဓာကြီးကို။ နိက္ခိပိတွာ၊ ပစ်ချပြီး၍။ အညံ၊ တစ်ပါးသော။ ဘာရံ၊ အခြားဝန်ထုပ်နှင့်တူသော ဉပါဒါနက္ခန္ဓာကြီးကို။ အနာဒိယိတွာ၊ မယူသည်ရှိသော်။ သမူလံ၊

အမြစ်အရင်းနှင့်တကွဖြစ်သော၊ တဏှာ၊ တဏှာကို။ ပယ်၍ ခန္ဓာချုပ်တယ်။ ပရိနိဗ္ဗာန်ပြုတော်မူတယ်။

ဘယ်မှာပြုသလဲဆိုတော့ ဒိဋ္ဌေဓမ္မေ - မျက်မှောက်ဘဝမှာလို့ ပါတယ်။ အဲဒါကို အဋ္ဌကထာက **ဒိဋ္ဌေ**တိ ပစ္စက္ခဘူတေ။ **ဓမ္မေ**တိ ဥပါဒါနက္ခန္ဓဓမ္မေ-လို့ ခွဲဖွင့်ပြထားတယ်။ အဲဒီဥပါဒါနက္ခန္ဓာတွေအပေါ်မှာ တဏှာနိဿိတပြုတ်သွားရင် ငြိမ်းသွားပါတယ်။ (သဋ္ဌ၊ သံယုတ်၊ ၄၊ ၂၀၈။ သက္ကသုတ်ကိုညွှန်း။)

ဒီခန္ဓာကြီးထဲမှာ တဏှာငြိမ်းသွားရင် နိဗ္ဗာန်ပေါ်ပါတယ်။ ဥပါဒါန်မရှိတော့ဘူး။

(ဒီလိုဖြစ်လို့ ဘဝအခြေအနေက ဘာမှ ပြောင်းသွားတာ မဟုတ်ပါဘူး။ သူတောင်းစား အရိယာ ဖြစ်တော့လဲ သူတောင်းစားဘဝပါပဲ။ ပြည့်တန်ဆာလဲ အရိယာဖြစ်တာပဲ။ သူလဲ ဒီအတိုင်းပဲ သူ့အလုပ်သူ ဆက်လုပ်နေတဲ့ဘဝနဲ့ပဲ။ ရှင်ဘုရင်တရားရရင်လဲ ရှင်ဘုရင်ပါပဲ။ စစ်တိုက်သေးတယ်။) တရားရတယ်ဆိုတာ ဒါပဲ။

သဘာဝသုတ္တန်၊ အဘာဝသုတ္တန် ၂-မျိုးအကြောင်းလည်း အနည်းငယ် ပြောသေးသည်။ ရှေ့တွင်လည်း ပါပြီးဖြစ်ပါသည်။

ထို့ပြင် ၁၃၂၅-ခုနှစ်ဝန်းကျင်ကတည်းက ဆူးလေ ဦးမြင့်သိန်းထံတွင် ဦးကောသလ္လ၏အဖေဖြစ်သူ ဦးသန်းမြင့်က တပည့်ခံကြောင်း သမိုင်းကွင်းဆက်များကိုလည်း ထည့်ဟောထားပါသည်။

ထို့ပြင် သိကြားမင်းက သူဇာတစ်ဖြစ်လဲ ဗျိုးမကလေးရှိရာသို့ လိုက်ပါညွှန်းကြားရာတွင် အစစ် ခန္ဓာက ဗျိုင်းမကလေး အတုခန္ဓာက အတိတ်ဥပါဒါနက္ခန္ဓာ - အတိတ်ဘဝကသုဇာလို့ စွဲလမ်းခြင်းတရား။ ၎င်းကို နားလည်သွားခြင်းကြောင့် ဦးသန်းမြင့်သည် သူ့ကိုယ်သူ သောတာပန်ဖြစ်ကြောင်း ဝန်ခံသည် ဟုလည်း ပါရှိသေးသည်။

အကြမ်းဖျင်းအားဖြင့်ဆိုလျှင် (၁၃၁၀)ကျော်ကျော်ကာလအတွင်း ဆူးလေဦးမြင့်သိန်း၏အဓမ္မ ဝါဒ များ ပြန့်ပွါးခဲ့ကြောင်း မှန်းဆ၍ ဆိုနိုင်ကြပေလိမ့်မည်။

## တင်ပြချက်အမှတ်(၂၅)

ထေရဝါဒသာသနာ့အားမာန်တရားခွေထဲတွင်-

ဘုန်းကြီးတို့ ပင်ပန်းမှန်း သိတယ်။ ရည်ရွယ်ချက်ကလေးတစ်ခုကြောင့် လုပ်နေတာ။ အဲဒီရည်ရွယ် က ဘာလဲဆိုတော့ ကိုယ့်ဆရာတွေ လုပ်ခဲ့တာပဲ။ ဆရာတော်ဦးတေဇနိယတို့ ဟောကြတာ။ ရန်ကုန်သစ်မှာ ဟောတာ။ မအောင်မြင်ကြဘူး။ ကိုယ့်ကျမှ အောင်မြင်လာတာ။

ငသိုင်းချောင်းတို့၊ ဟသ်ာတတို့ဆိုတာ တို့တရားနည်း လမ်းတွေ - ထေရဝါဒဒဿနသမ္ဗဒါနည်း ဆိုတာကို အမြစ်ကနေပျောက်သွားအောင် ချလိုက်တဲ့နေရာ။ ဟုတ်တယ် နော်။ ခု ဘယ်နှယ်နေတုန်း။ ဘယ်လောက်ထိလဲဆိုရင် ဓမ္မစေတီဦးကောသလ္လနဲ့ ဆယ်မိနစ်လောက်ပဲ အတူတူ ဆွမ်းစားရရင် သေပျော်ပါပြီ။ အမယ်လေး ဒီလောက်တောင် ဖြစ်လာတယ်။

အခုဒဿနသမ္ဗဒါနည်းဆိုတာကို နည်းနည်းကလေးပဲ။ မဟာစည်ရိပ်သာတွေထဲမှာ မိုးကုတ်ရိပ်သာ တွေထဲမှာကိုပဲ ဓမ္မစေတီဆရာတော်ရဲ့တရားတော်တွေကို နှစ်သက်ပါတယ်လို့။ ဒဿနသမ္ဗဒါနည်းကို အဲဒီနေရာတွေက တစ်ချိန်တစ်ခါတုန်းက အကြောင်းအမျိုးမျိုးကြောင့် ဒီနည်းကို လက်မခံခဲ့တဲ့နေရာတွေပဲ။

တို့ နောက် နှစ်ရက်သုံးရက်ဆိုရင် ဟသ်ာတကို သွားမယ်။ ဟသ်ာတတစ်မြို့နယ်လုံး အိမ်တိုင်းစေ့ ဦးကောသလ္လတိက်ခွေတွေ ရှိတယ်။ အဲလိုဆိုတော့ ဒီဒဿနသမ္ဗဒါနည်း ကလေးတွေကို ထည့်ပေးရတယ်။

အဲသလိုအားပေးကြ လက်ခံကြတာမို့ ရန်ကုန်တရားပွဲတွေကို သိပ်မပေးဘဲ နယ်သွားပါတယ်။

ပင်ပန်းပေမယ့်လို့ နယ်သွားရကျိုးနပ်ပါတယ်။

အဲသလိုတွေနဲ့ ထေရဝါဒလမ်းကြောင်းပေါ် မနည်းတင်ရတယ်။ အောင်တော့အောင်မြင်ပါတယ်။

## တင်ပြချက်အမှတ်(၂၆)

ထေရဝါဒသာသနာ့အားမာန်တရားခွေထဲတွင်-

တစ်ခါတစ်ရံကျတော့ အဋ္ဌကထာတွေက သဒ္ဓါတရားနဲ့ ဖွင့်လိုက်ကြတော့ တရားအနှစ်အသား တွေက လွတ်သွားပါတယ်။ ဗုဒ္ဓဝံသဋ္ဌကထာ၊ အပါဒါန်အဋ္ဌကထာ၊ ထေရထေရီအဋ္ဌကထာတွေမှာလဲ ချွတ်ယွင်းချက်တွေ ရှိနေကြပါတယ်။

အဲဒါတွေနဲ့ ပတ်သက်လို့ မြန်မာဘုန်းတော်ကြီးများအနေနဲ့ ငါ့ဆရာပြောရင်အမှန် ငါ့အဖေ ပြောရင်အမှန် ငါ့အမေပြောရင်အမှန်ဆိုတာမျိုးကို ဘိုးစဉ်ဘောင်ဆက် လက်ကိုင်ထားကြတယ်။ ကျွန်ုပ် ကတော့ အဲဒီစိတ်ဓာတ် မရှိပါဘူး။ ရိုးသားစွာပဲ။

အမေကပြောပြော၊ အဖေကပြောပြော၊ ဆရာကပြောပြော ကျွန်ုပ်က ကိုယ့်မိုင်း(=အသိစိတ်)နဲ့ ဆင်ခြင်ပါတယ်။

(စာပါလသုတ္တန်လာတရားအချက်အလက်တို့တွင် န ဝိယတ္တာ စသည်များကို ဆက်လက် ရှင်းလင်းပါတယ်။ ပြီးတော့ န သကံ အာစရိယံ ဥဂ္ဂဟေတွာ-ရောက်တော့ ဒါကို အကြိုက်ဆုံးပဲ။ ကိုယ့်ဆရာရဲ့အယူဝါဒကို သင်ယူရမယ်၊ ဖွင့်ပြရမယ်၊ ဝေဖန်ပြရမယ်၊ ဒါမှ သာသနာပြုဖြစ်လာမယ်။ ဒီပုဒ် သကံ အာစရိယံဆိုတာ တို့ဆရာမြတ်စွာဘုရား တို့ဆရာတော်ဟူ၍ နှစ်မျိုးပြန်သွားပါသည်။)

## တင်ပြချက်အမှတ်(၂၇)

ထေရဝါဒနှင့်ကျေးဇူးဆပ်ခြင်းတရားခွေထဲတွင်-

ဒါကို ဒဿနသမ္ဘဒါနည်း ခေါ်တယ် မောင်ဝဏ္ဏရဲ့။ ဒဿနသမ္ဘဒါနည်းကိုပိုင်လိုက်တဲ့အခါကျတော့ ပါဠိတော်တွေကို ကောင်းကောင်းအနက်ပေးတတ်တယ်။

အဋ္ဌကထာ၊ ဋီကာဖွင့်တာတွေထက်ကို ကျော်ပြီး အနက်ပေးတတ်တယ်။ လောကေ၊ ဥပါဒါနက္ခန္ဓာ ဟူသောလောက-စိတ်ကူးအတွေးပုံရိပ်၌ စသည်များဟူ၏။

(ပထမခွေ။)

ထေရဝါဒသာသနာတော်ကို အတွင်းကရော အပြင်ကပါ ထိုးနှက်ချက်တွေကို ရဲဝံ့စွာပြောရပါ လိမ့်မယ်။ ၂၀၀၈-ခုနှစ်ကုန် ထိအောင်တော့ ထေရဝါဒသာသနာသန့်ရှင်းရေးတွေကို ပြောရပါလိမ့်မယ်။

၂၀၀၉-ကျရင်တော့ မပြောတော့ပါဘူး။ . . . ပြီးပါပြီ။ တချို့ကပြောသေးတယ်။ စာစောင်ထဲမှာ ဓမ္မရံသီက ကိုယ့်ကို သမနေတာ။ ထေရဝါဒလို့ပြောနေပြီးတော့ ထေရဝါဒနဲ့မညီဘူးတို့ ဘာတို့ ပြောကြတယ်။

နကမ္ဘတိပဲ။ ဆောရီးပဲ။ ဒုန့်ခဲယား။ ဂရုမစိုက်ပါဘူး။ ဘာအရေးကြီးလဲ။ ထေရဝါဒနဲ့ဆန့်ကျင်တာ ဘယ်နေရာမှာလဲ ပြစမ်း။ တရားခွေကလေး တစ်ခွေ နှစ်ခွေ နာပြီးတော့ တောရေးတောင်ရေး ရေးနေတာ။

(ဒုတိယခွေ၊ မိနစ် ၃၂-၃၄။)

## တင်ပြချက်အမှတ်(၂၈)

ခန္ဓာရှင်းတမ်းတရားခွေ(၄)ခွေတွဲထဲတွင် ပထမခွေအတွင်း၌-

ထိုထိုနိကာယ်လာ ဝိပဿနာတရားများကို သိလိုသပ-ဆိုရင် အချိန်မရွေး ဝဲကမ်း=ကြိုဆိုမှု လုပ်ပါတယ်။ အဲဒီဝိပဿနာနည်းမြောက်မြားစွာကို ကျနပိုင်နိုင်စွာ ရှုမှတ်လေ့လာပြီးမှ ဤပလ္လင်ပေါ်သို့တက်၍ တရားဟောပါသည်။

(မိနစ်-၄၉။)

အဲဒီဝိပဿနာနည်းတွေကို သိနိုင်သမျှအတိုင်းအတာအထိတော့ ရှင်းပြနိုင်ပါတယ်။ မသိနိုင်လောက်တဲ့အတိုင်းအတာလဲ ရှိပါတယ်။ ယေဘုယျအားဖြင့်တော့ ပိဋကတ်တော်ထဲမှာရှိတဲ့ သုတ္တန်များစွာကို လေ့လာထားပါတယ်။

အကုန်လုံးကြီး-ဒီပိဋကတ်သုံးပုံလုံး ကျွမ်းကျင်တယ်လို့ မပြောလိုပါဘူး။ နေ့စဉ်ရက်ဆက် ကြည့်ပါတယ်။ တစ်နေ့မှ ဒီပိဋကတ်နိကာယ်များကို မကြည့်ဘဲ စားတဲ့အိပ်တဲ့ရက်လို့ မရှိခဲ့ပါဘူး။ နေ့စဉ်ရက်ဆက် ကြည့်ခဲ့တာဖြစ်ခြင်းကြောင့် စာပေရဲ့အသွားအလာသဘောတရားတွေကို နားလည်လာပါတယ်။

နေ့တိုင်းကြည့် နားလည်တာပဲ။ နှစ်ပေါင်း(၂၀)ကျော် ကြည့်လာတဲ့အခါကျတော့ နိကာယ်တွေရဲ့သဘော ပါဠိတော်တွေရဲ့သဘော သိလာတယ်။. . .

ရုပ်ဆိုတာ ဖေါက်ပြန်နေတဲ့သဘော။ ဝေဒနာဆိုတာ ခံစားနေတဲ့သဘော။ သညာဆိုတာ မှတ်သားနေတဲ့သဘော။ သင်္ခါရဆိုတာ ပြုပြင်နေတဲ့သဘော-စေ့ဆော်နေတဲ့သဘော။ ဝိညာဉ်ဆိုတာ သိပေးနေတဲ့သဘော။ အဲဒီသဘောတွေကို (ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်လို့ ဆိုလိုတယ်။)

## တင်ပြချက်အမှတ်(၂၉)

ခန္ဓာရှင်းတမ်းတရားခွေ(၄)ခွေတွဲထဲတွင် ဒုတိယခွေအတွင်း၌-

ဦးကောသလ္လနဲ့အိအိခိုင်(တရားပွဲအလှူရှင်အမ)တို့ အသက်(၂၀)တုန်းက ကားအမှုနဲ့ တရားဖြစ်ခဲ့တာ။ နောက်(၄၀)မှာ ပြန်တွေ့ကြတော့ ဦးကောသလ္လက အိအိခိုင်ကို မမှတ်မိဘူး။ ဒါပေမဲ့ ရထားပေါ်မှာ တွေ့ကြတော့ ဦးကောသလ္လက အိအိခိုင်ကို ရော့ မုန့်တွေ ကော်ဖီတွေကို ယူစားလို့ ပြောတယ်။ ကျွေးတယ်။

အိအိခိုင်ကကျတော့ မှတ်မိတယ်။ ဒီတော့ ဒီဘုန်းကြီးက ငါ့ကို အဆိပ်တွေ ထည့်တိုက်တာ နေမှာဆိုပြီး အကြံဖြစ်တယ်။ သူက ဟိုတုန်းက ကားမှုကို မှတ်မိတယ်လေ။ အဲဒါ သညုပါဒါနက္ခန္ဓာက ဒုက္ခပေးတာပဲ။

တစ်ခါ အဲလိုတွေ့တော့ အိအိခိုင်က ဟာ တရားဟောဘုန်းကြီးပဲ။ ကြည်ညိုစရာပဲ။ ချစ်စရာပဲလို့ ထင်မိတယ်။ ဒီတော့ မုန့်တွေ ဘာတွေ ကပ်တယ်။ ဦးကောသလ္လက မှတ်မိနေတယ်။ ဒါ အိအိခိုင်ပဲ။ ဟိုတုန်းက ငါနဲ့ ကားမှု ဖြစ်ခဲ့တဲ့မိန်းမ။ ဒီမိန်းမက ငါ့ကို စေတနာနဲ့ ကျွေးတာ မဟုတ်နိုင်ဘူး။ အဆိပ်တွေ နေမှာလို့ ထင်မိတယ်။ မစားဘူး။ အဲ. . အဒါ သညုပါဒါနက္ခန္ဓာက နှိပ်စက်တာပဲ။

(အဲဒီသညုပါဒါနက္ခန္ဓာကို သိလို့ခွါနိုင်ရင် ဒုက္ခမရောက် တော့ဘူး။ စားရတယ်။ အဆင်ပြေတယ်။ အဲဒါ တရားသိတာပဲ။ သောတာပန်ဖြစ်တာပဲလို့ ဆိုလိုတယ်။)

အရင်ဘဝတွေက ဆံပင်ညှပ်တာလုပ်ခဲ့ရင် အဲဒါကစွဲနေတော့ ဆံပင်ညှပ်သမား ဖြစ်လာရတယ်။ ဘုန်းကြီးကျောင်းက သိမ်ကို အိမ်ဖြူတော်ပုံဒီဇိုင်းနဲ့ တိုင်ကြီးနှစ်တိုင်ထုတ်ပြီး လုပ်ထားတယ်။ ဒါတောင် နိုင်ငံရေးနဲ့ ရှုတ်မှာစိုးလို့ လျှော့ထားရတာ။ လုပ်ချင်တာက အိမ်ဖြူတော်အတိုင်း ချလိုက်ချင်တာ။

(ဒါမှ နောက်ဘဝမှာ အိမ်ဖြူတော်မှာနေရတဲ့ အမေရိကန်သမတကြီး ဖြစ်ခွင့်ရမယ်လို့ ဥပါဒါန် အစွဲအလမ်းကို မွေးမြူဟန် ရှိပါပေတယ်။)

## တင်ပြချက်အမှတ်(၃၀)

ခန္ဓာရှင်းတမ်းတရားခွေ(၄)ခွေတွဲထဲတွင် တတိယခွေအတွင်း၌-

အဘိဓမ္မာသဘောအားဖြင့်အာရုံက (၆)မျိုး။ ဝိပဿနာရှုရင် အာရုံက (၂)မျိုး။ ပဍ္ဍတ္တိရုံနဲ့ဓမ္မာရုံပေါ့။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့တွေကို ပဍ္ဍတ္တိရုံလို့ ခေါ်တယ်။

အသိတွေ အတွေးတွေကို ဓမ္မာရုံလို့ ခေါ်တယ်။

ပရိသတ်ကြီး ရအောင်သင်မယ်ဟေ့။ ဘိတ်မြို့သူမြို့သားတွေ ဝိပဿနာအခြေခံရအောင် သင်မယ်။ ဓမ္မာရုံထဲမှာ ဝိပဿနာ ရှိသည်။

(၃၈-မိနစ်။)

ရုပ်ကိုစွဲလမ်းပါတယ်။ ဝေဒနာကိုစွဲလမ်းပါတယ်။ သညာကိုစွဲလမ်းပါတယ်။ သင်္ခါရကိုစွဲလမ်းပါတယ်။ ဝိညာဉ်ကိုစွဲလမ်းပါတယ်။

ရုပ်ကိုစွဲလမ်းရင် ရူပုပါဒါနက္ခန္ဓာ။ ဝေဒနာကိုစွဲလမ်းရင် ဝေဒနုပါဒါနက္ခန္ဓာ။ သညာကို စွဲလမ်းရင် သညုပါဒါနက္ခန္ဓာ။ သင်္ခါရကိုစွဲလမ်းရင် သင်္ခါရုပါဒါနက္ခန္ဓာ။ ဝိညာဉ်ကိုစွဲလမ်းရင် ဝိညာဏုပါဒါနက္ခန္ဓာ။ အဲဒါ(ဉပါဒါနက္ခန္ဓာငါးပါး)က နှိပ်စက်တာပဲ။ ကြည့်ထား။

ဝေဒနာရင်မှာပိုက်ပါလို့ အမိုက်မလေးရဲ့ ရှာပုံတော်ခရီး။ အဲဒီဝေဒနာကြီးကို ရင်မှာပိုက်ထားတော့ ပူတာပေါ့။ ဒ့်ကြောင့်မို့လို့ ရှိရှိသမျှ အနုပညာများသည် ဉပါဒါနက္ခန္ဓာငါးပါးထဲမှာပဲ ရှိသည်လို့ ရေးထားလိုက်။

ဟိုတုန်းက စိုးစိုးနဲ့အိအိခိုင်တို့ -- အခုတော့ စိုးစိုးက မရှိတော့ဘူး။ (သေပြီပေါ့။) ဟိုတုန်းကတော့ အတူသွား အတူလာ. . . အခုတော့ မောင်ဘယ်မလဲ. . . အဲဒါ (အိအိစိတ်ထဲမှာ မြင်ယောင်စွဲထင်နေတာ)ဟာ အတိတ်ဓမ္မာရုံဉပါဒါနက္ခန္ဓာပဲ။ **ဒါကတစ်ချက်။**

ချိန်းထားတဲ့နောက်စနေကျရင် နံ့သာရောင်ကလေးများ ဝတ်ဆင်လာလေမလား။ အဲဒါတွေက စိတ်ထဲမှာ ဖြစ်နေပေမယ့်လို့ တကယ်မရှိတော့ ပရိကပ္ပိတပညတ္တိဓမ္မာရုံဉပါဒါနက္ခန္ဓာလို့ ခေါ်ပါတယ်။ စိုးစိုးက အိအိခိုင်ကို ချိန်းထားတယ်။ ချိန်းဆိုထားတဲ့နောက်စနေနေ့ည။ အိအိခိုင်က အသားဖြူဖြူကလေး ဆိုတော့ နံ့သာရောင်ကလေး ဝတ်ဆင်လာမလား။ အဲဒါ အနာဂတ်သညုပါဒါနက္ခန္ဓာ။ **ဒါကတစ်ချက်။**

ကွက်တိပဲ။ ဟာ. . ကြည့်စမ်း။ ပါဠိတွေကို မင်းတို့ မရဘူး။ ဉပါဒါနသ ဂေါစရာ ခန္ဓာ ဉပါဒါနက္ခန္ဓာ။ ဒါ မင်းတို့ မရဘူး။ နားမလည်ဘူး။

တပ်မတော်ရေ အထိမ်းအမှတ်နေ့တွေဆိုရင် ရဲအောင် မိုဃ်းမြင့်အောင် ဇာတ်လမ်း။ (ရှည်သည်)

ဦးကောသလ္လရဲ့ချစ်သူဟောင်းကလဲ အိလေးပါတယ်။ စိုးစိုး(တရားအလှူရှင်အထီး)ရဲ့နေရာမှာ ငါ(ဦးကောသလ္လ)များ ဆိုပြီး စိတ်ကူးထဲမှာ စိုးစိုးကို ဖယ်လိုက်။ ငါလုပ်နေတာ ဘာလဲ။ ဉပါဒါနက္ခန္ဓာပဲ။

ဟာ. . . မဟုတ်သေးပါဘူး။သူများချစ်သူကြီးပဲဟာ။. . အဲဒီပြကွက်သည် ဉပါဒါနက္ခန္ဓာသရုပ်မှာ အလွန်ပီပြင်တယ်။ (လျို့ဝှက်သောနှင်းဇာတ်ကား ပြောသည်။ ရှည်သည်။)

စိုးစိုးအဖေက ဦးကောသလ္လကြောင့် သေရတာဆိုပြီး သူ့စိတ်ထဲမှာ စွဲလမ်းပြီး သိမ်းထားတယ်။ စတိုးလုပ်ထားတယ်။ ဉပ-ကပ်ပြီးတော့ အာဒါန-ယူထားတယ်။ ဉပ-ပြင်းပြင်းထန်ထန် အာဒါန-ယူထားတယ်။ ဒီလိုဆိုရင် အာရုံလေးထဲမှာ ကပ်ပြီးပြင်းပြင်းထန်ထန်ယူထားတယ်ဆိုတာ ဘာခေါ်လဲ ဉပါဒါန်လို့ ခေါ်တယ်။

## တင်ပြချက်အမှတ်(၃၁)

ခန္ဓာရှင်းတမ်းတရားခွေ(၄)ခွေတွဲထဲတွင် တတိယခွေအတွင်း၌-

ဟော့ကောင်စိုးစိုး။ မင်းတို့အိမ်ထောင်ကျတာ ဘယ်လောက်ကြာပြီလဲ။ အိမ်ထောင်မကျခင်တုန်းက ထမင်း စားရင် ဘယ်သူမျက်နှာကို မြင်နေသလဲ။ (မအိမျက်နှာကလေး။)

အံမယ်။ မအိမျက်နှာကလေး-တဲ့။ သွားလဲ ဒီစိတ် စားလဲဒီစိတ်ပဲ။ ခု အဲဒါတွေ(ဥပါဒါနက္ခန္ဓာတွေ) မရှိတော့ဘူး။(မင်းသောတာပန် ဖြစ်နေပြီလို့ ဆိုလိုသည်)

ဆရာတော်ဘုရား ဘာအတွက်ကြောင့် ဘုန်းကြီးဝတ်ရပါသလဲလို့ မေးကြတယ်။ သာသနာ တော်ကြီးကို ကြည်ညိုလို့ နိဗ္ဗာန်ရချင်လို့ မဟုတ်ပါဘူး။

အဲဒါလေးတွေကို ကြည့်လိုက်တဲ့အခါကျတော့ ဥပါဒါနက္ခန္ဓာကို အခြားတရားထဲမှာ မရှာနဲ့။ သီချင်းကလေးတွေထဲမှာ အနုပညာတွေထဲမှာ အဲဒီဥပါဒါနက္ခန္ဓာတွေ တစ်ပုံတစ်ခေါင်း ရှိတယ်။

(ဥပမာ)

ဝေဒနာရင်မှာပိုက်ပါလို့ - ဝေဒနုပါဒါနက္ခန္ဓာ။

ဟိုတုန်းက ကမ္ဘာလုံးပေါ်မှာ နှစ်ယောက်တည်း အတူသွားလို့ - အတိတ်မွှောရုံဥပါဒါနက္ခန္ဓာ။

မောင်ရေ မေ့ပြီလားလေ - အဲဒါ ဘာတုန်း ဆိုတော့ အကုန်လုံး ဥပါဒါနက္ခန္ဓာ။

အဲဒီသီချင်းတွေ ဇာတ်လမ်းတွေကို မင်းတို့သိလိုက်ရင် ဒါတွေက ဥပါဒါနက္ခန္ဓာတွေကို ဖေါ်ကြူးထားတာပဲ လို့ သိလိုက်။ ဟုတ်ပြီနော်။

(မိနစ်-၅၀။)

## တင်ပြချက်အမှတ်(၃၂)

ခန္ဓာရှင်းတမ်းတရားခွေ(၄)ခွေတွဲထဲတွင် တတိယခွေအတွင်း၌-

ဒါတွေကို ကူးပြီးတော့ ကြည့်လိုက်ရင် ပိုက်ဆံကလေးတစ်ဆယ်လောက်နဲ့ ဝိပဿနာနည်း ရနိုင်ပါတယ်။ ဝိပဿနာအခြေခံကလေးတွေပါ။ မနက်ဖြန်ကျရင် တစ်ရွက်ရေးပေးပါအုံးမယ်။ ဒီတော့ ရူပ၊ ရူပသမုဒယ၊ ရူပ နိရောဓ. . တွေကို သိတာပဲ။ . . . ဒါက ဒီသုတ္တန်မှာ။

အခြားသုတ္တန်မှာကျတော့ ရုပ်၏အကြောင်း = လေးပါး။ နာမ်၏အကြောင်း -လေးပါး။

. . ငါ တယ်လေ။ ငါ့သားရဲ့။ငါ့သားတွေ ငါနဲ့မှမတွေ့ရင် မင်းတို့ဒီဘဝမှာ တရားရစရာ မရှိတော့ဘူး။ **(ဆဲထားတာပါ။)**

သဘာဝကိုသိထားတဲ့စာဆိုရင် ဘယ်တော့မှ မမေ့တော့ဘူး။ မှတ်ထား။ ကျက်စရာ မလိုဘူး။ မေ့ရင် အဲဒါ မှားလို့။ ရူးမှပဲ မေ့တယ်။ သေမှပဲ မေ့တယ်။

ဒါဆိုရင် ရုပ်ကိုမသိတဲ့အဝိဇ္ဇာရှိရင် သံသရာလည်တယ်။ ရုပ်ကိုမက်တဲ့တဏှာရှိရင် သံသရာ လည်တယ်။ အကြောင်းကံတွေကိုလုပ်ရင် သံသရာလည်တယ်။ ရုပ်ကိုမသိတယ်လို့ ပြောရင် မှန်တယ်။ ဝေဒနာကိုမသိတယ်လို့ ပြောရင် မှန်တယ်။ သစ္စာကိုမသိတယ်လို့ ပြောရင် မှန်တယ်။

## တင်ပြချက်အမှတ်(၃၃)

ခန္ဓာရှင်းတမ်းတရားခွေ(၄)ခွေတွဲထဲတွင် စတုတ္ထခွေအတွင်း၌-

ရုပ်ကို ငြီးငွေ့ဖို့ရန် တပ်မက်မှုကင်းဖို့ရန် ချုပ်ငြိမ်းဖို့ရန် ကျင့်သုံးသူတို့သည် ဤသာသနာတော်၌ ထောက်တည်ရာကို ရကြကုန်၏။ ရုပ်ကိုငြီးငွေ့ခြင်းကြောင့် တပ်မက်မှုကင်းခြင်းကြောင့် ချုပ်ငြိမ်းခြင်းကြောင့်

ဥပါဒါန်အစွဲအလမ်း မရှိတော့ပါ။ ထိုသူတို့သည် ဥပါဒါန်အစွဲအလမ်းကင်းကုန်သည်ဖြစ်၍ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြရကုန်၏။ ဤသို့လွတ်မြောက်ခြင်းသည် ကောင်းစွာလွတ်မြောက်ခြင်း မည်၏။ ကောင်းစွာလွတ်မြောက်သွားသူတို့သည် ကောင်းစွာပြီးပြည့်သူများဖြစ်ကြကုန်၍ အာသဝေါတရား မရှိကြကုန်။

(ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တို့လည်း တူကြပြီ။

ရုပ်ဆိုသည်မှာ အမှီခံရုပ်ကြီးလေးပါး၊ အမှီရုပ်ကလေးများက နှစ်ဆယ့်လေးပါး။

ဝေဒနာဆိုသည်မှာ ခြောက်ပါး။

သညာဆိုသည်မှာ ခြောက်ပါး။

သင်္ခါရဆိုသည်မှာ ခြောက်ပါး။

ဝိညာဉ်ဆိုသည်မှာ ခြောက်ပါး။ ခန္ဓာငါးပါး ဟူ၏။ ၎င်းတို့နှင့်စပ်၍ ရုပ်ကိုသိပါ။ ရုပ်ဖြစ်ကြောင်းကိုသိပါ။ ရုပ်ချုပ်ကြောင်းကို သိပါ။ ရုပ်ချုပ်ရာကိုသိပါ။ ရုပ်၏သာယာဖွယ်ကိုသိပါ။ ရုပ်၏အပြစ်ကို သိပါ။ ရုပ်မှထွက်မြောက်ရာကိုသိပါ စသည်ဖြင့် ခုနှစ်ချက်စီ ဟောပြသည်။ ခန္ဓာ။ အာယတန။ ဓာတ်။ နည်းတူ ဟူ၏။

## အထူးမှာထားချက်

ရုပ်အရ ဥပါဒ်ဋ္ဌီဘင်ရှိ ပရမတ်ရုပ်အစစ်ကို မဆိုလိုပေ။

ဝေဒနာအရ ဥပါဒ်ဋ္ဌီဘင်ရှိ ပရမတ်ဝေဒနာအစစ်ကို မဆိုလိုပေ။

သညာအရ ဥပါဒ်ဋ္ဌီဘင်ရှိ ပရမတ်သညာအစစ်ကို မဆိုလိုပေ။

သင်္ခါရအရ ဥပါဒ်ဋ္ဌီဘင်ရှိ ပရမတ်သင်္ခါရကို မဆိုလိုပေ။

ဝိညာဉ်အရ ဥပါဒ်ဋ္ဌီဘင်ရှိ ပရမတ်ဝိညာဏ်ကို မဆိုလိုပေ။

၎င်းတို့အရာမှာ အင်းမေ့ဂျ် - စိတ်စွဲအတွေးရုပ်-ဥပါဒါနက္ခန္ဓာဓမ္မာရုံရုပ်၊

အင်းမေ့ဂျ် - စိတ်စွဲအတွေးဝေဒနာ - ဥပါဒါနက္ခန္ဓာဓမ္မာရုံဝေဒနာ၊

အင်းမေ့ဂျ် - စိတ်စွဲအတွေးသညာ - ဥပါဒါနက္ခန္ဓာဓမ္မာရုံသညာ၊

အင်းမေ့ဂျ် - စိတ်စွဲ အတွေးသင်္ခါရ - ဥပါဒါနက္ခန္ဓာဓမ္မာရုံသင်္ခါရ၊

အင်းမေ့ဂျ် - စိတ်စွဲအတွေးဝိညာဏ် - ဥပါဒါနက္ခန္ဓာဓမ္မာရုံ ဝိညာဏ်တို့ကို ဆိုလိုသည်။

၎င်းတို့သည် ကာလသုံးပါးရှိတရားများလည်း မဟုတ်ကြပေ။ အတိတ်ကာလက ရှိခဲ့သော်လည်း ယခုမရှိသော အတိတ်အတွေးပုံတရားများ၊ အနာဂတ်ကာလမှာ ဖြစ်လိမ့်မည်မှန်သော်လည်း ယခုတကယ် မရှိသော အနာဂတ်အတွေးပုံတရားများ ဖြစ်ကြသည်။

ပစ္စုပ္ပန်ကာလရှိခန္ဓာတရား (အာယတနတရား၊ ဓာတ်တရား) တို့ကို ဝိပဿနာမရှုကောင်းဟူ၍ ဆိုလိုရင်းပင် ဖြစ်ပါသည်။ ၎င်းတို့ကို ဝိပဿနာအရှုခံတရားများဟု ဆိုလိုသည်။

၎င်းအတွေးတရား (ရုပ် - ဝေ - သဉ် - သင် - ဝိ) တို့၌ ငြီးငွေ့ဖို့ရန် ၎င်းရုပ်(ဝေ သဉ် သင် ဝိ) တို့ကို သိပါ။ ဖြစ်ကြောင်းကိုသိပါ။ ချုပ်ရာကိုသိပါ။ ချုပ်ကြောင်းကိုသိပါ။ သာယာဖွယ်ကို သိပါ။ အပြစ်ကိုသိပါ။ ထွက်မြောက်ရာကိုသိပါဟူ၍ ဆိုလိုခြင်းပင် ဖြစ်ပါသည်။

ပါဠိတော်ကဆိုလိုသည်မှာ ဥပါဒ်ဋ္ဌီဘင်ရှိ ပရမတ်တရား(ရုပ်စသည်များ)သာ ဖြစ်ကြသဖြင့် ပါဠိတော်ကိုကိုးကား၍ လက်ဖ်တောပ်ခေါ် ကွန်ပျူတာဖြင့် သက်သေပြုလျက် ဟောသော်လည်း ပါဠိတော် မဟုတ်သော ထေရဝါဒအမည်ခံ အဓမ္မများသာဖြစ်ကြောင်း တင်ပြလိုက်ပါသည်။

## တင်ပြချက်အမှတ်(၃၄)

မဇ္ဈစေတီတရားတော်များထဲတွင် တရားအမှတ်စဉ်(၁၃-၂၄)ဟုပါရှိနေရာ အမှတ်(၁၃)အတွင်း၌-

ဒီလိုဆိုရင် မြန်မာနိုင်ငံမှာ ဒီကနေ့ ဟိုနေရာမှာ ရဟန္တာပေါ်တယ်-စသည်ဖြင့် မသွားဘူးလား။ အဲဒါကို နာနာသတ္တာရဉလ္လောကနဘေးလို့ ခေါ်တယ်။ ဆရာများတဲ့ဘေး။ အေး တို့ အဲဒီဘေး ကင်းတယ်ဗျ သိလား ကိုကြည်အောင်။

(၉-မိနစ်။)

ထေရဝါဒဒဿနသမ္ဘဒါပိုင်ရင် အကုန်လုံးရှင်းတယ်။ ဒဿနသမ္ဘဒါနည်းက နိဗ္ဗာန် ရောက်ကြောင်း တင် မကဘူး။ အကုန်လုံးရှင်းတယ်။ အဲဒါ သူတို့( မိုးကုတ်နည်းယောဂီများနှင့် မဟာစည်နည်း ယောဂီများ) မရှင်းကြဘူး။ တို့ ရှင်းတယ်။

(၁၂-မိနစ်။)

ဗုဒ္ဓဝေနေယျ = ဘုရားရှင်က တရားဟောမှ သိသူ။ ဘုရားထံက တရားနာရမှ တရားသိသူ။

သာဝကဝေနေယျ - သာဝကတွေထံမှ တရားနာရမှ တရားသိသူ။

ဘုန်းကြီးဦးကောသလ္လက ငယ်ငယ်ကတည်းက ဝိဘဇ္ဇဝါဒဆိုတော့ (အဖေ့ကို ပြောကြတယ်။) ဦးသန်းမြင့် မင့်သားကို သတိထား။ ကြီးလာရင် -- ဆိုလိုရင်းက ဒဿနသမ္ဘဒါနည်းသည် နေရာတကာမှာ အသုံးဝင်ပါသည်။

(၁၆-မိနစ်။)

နာနာသတ္တာရဉလ္လောကနဘေး ဘာ့ကြောင့် ဖြစ်သလဲဆိုရင် အဘိသင်္ခါရ(သုံးပါး)ကြောင့် ဖြစ်တယ်။ အဘိသင်္ခါရ ဘာ့ကြောင့် ဖြစ်သလဲ - တဏှာသုံးပါးကို နားမလည်လို့ ဖြစ်တယ်။ ဆရာများတော့ ခန္ဓာများတယ်။ ခန္ဓာများတော့ ဒုက္ခသစ္စာ များတယ်။

တို့များတော့ ပရိယတ္တိအနေနဲ့ ဆရာများခဲ့ပါတယ်။ ပဋိပတ္တိအနေနဲ့ကတော့ တို့ဆရာသမားကြီး တစ်ဆူဖြစ်သော အရှင်ဉက္ကံသဗုဒ္ဓိ တစ်ဆူတည်းသာ တစ်ပါးတည်းသာ ကိုးစွပြီးပါတယ်။

ဆရာတော်ဘုရားကြီး ဉက္ကံသဗုဒ္ဓိ - ဌာန်ကုန်အောင်ပေးတဲ့ဆရာ့ဆီကပဲ ယူပါတယ်။ . . ဆရာ တော်ဦးကောသလ္လက ကိုယ်သိကိုယ်တတ် မဟုတ်ပါဘူး။ ရှေးဟောင်းနည်းကို ပြန်ဖေါ်တာပါ။

သောတာပန်တို့သည် ကာမဂုဏ် စည်းစိမ်ဖြင့် မွေ့နေခဲ့ရင်တောင် ရှစ်ဘဝကို မယူဘဲ ပရိနိဗ္ဗာန် ပြုပါတယ်။ အဲဒါ ဘာ့ကြောင့်လဲ ဆိုတော့ သောတာပတ္တိမဂ်ဉာဏ်ဖြင့် အဘိသင်္ခါရဝိညာဉ်ကို အကြွင်းမဲ့ ပယ်ပြီးခြင်းကြောင့် ဖြစ်တယ်။ **(သန့်တည်ပွါးနည်းနဲ့ တူနေတယ်။)**

## တင်ပြချက်အမှတ်(၃၅)

မဇ္ဈစေတီတရားတော်များထဲတွင် တရားအမှတ်စဉ်(၁၃-၂၄)ဟုပါရှိနေရာ အမှတ်(၁၅)အတွင်း၌-

တိဟိတ်အကြောင်းလဲ ပါပါမယ်။ ဒီနေရာမှာ အများသဘောတိဟိတ်နဲ့ မဇ္ဈစေတီဆရာစဉ်ဆက် တို့ရဲ့ တိဟိတ်လို့ ယူပုံနှစ်မျိုးလဲ ပြောပါ့မယ်။

မြန်မာနိုင်ငံမှာ အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ကြီးများ အပါအဝင် တော်တော်များများ ဆရာ တော်ကြီးတွေဟာ တရားအားမထုတ်ကြပါဘူး။ အကြောင်းရင်းကတော့ အဲဒီဆရာတော်ကြီးတွေဟာ သူတို့ ကိုယ်ကို ဒွိဟိတ်လို့ပဲ ဆုံးဖြတ်ကြပါတယ်။ အဲလိုဆုံးဖြတ်ချက်ချသွားတဲ့ တကယ်ရာဇ ဂုရုဆရာတော်ကြီးတွေ အတွက် တော်တော်ဝမ်းနည်းစရာ ကောင်းတယ်။

ဘုန်းကြီးများ မန္တလေးမြို့မှာ အဘိဓမ္မာကျမ်းတွေကို သင်တဲ့အခါမှာ သကျသီဟ စေတီယင်ဂဏ

အစိုးရဓမ္မာစရိယ ရှိရှိသမျှ ဆရာတော်တော်များများကလဲ သူတို့ကိုယ် သူတို့တို့က ဒွိဟိတ် - ဒီဘဝတော့ တရားမရနိုင်ဘူးလို့ ဆုံးဖြတ်ချက်ချကြပါတယ်။

(၆-မိနစ်။)

အခုခေတ်လူတွေဟာ အရိုးတော့ဆက်ဖြစ်ခြင်းကြောင့် တရားမရနိုင်တဲ့ပုဂ္ဂိုလ်များလို့လဲ ဆရာတော်ကြီး တော်တော်များများက သူတို့ကိုယ်သူတို့ ဆုံးဖြတ်ချက်ချကြပါတယ်။ ဒါပေသိ - အဲသလို ဆုံးဖြတ်ချက်တွေနဲ့ ရှိနေတဲ့အချိန်မှာ ဘုန်းကြီးများရဲ့ဆရာတော်ကြီးက စကားတစ်ခွန်း ပြောလိုက်ပါတယ်။

ပဋိသန္ဓေတုန်းကတော့ ဒွိဟိတ်ဖြစ်ချင်ဖြစ်မယ်။ ဆရာကောင်းသမားကောင်းနဲ့တွေ့၍ တရားဘာဝနာလုပ်သောအခါ ပဝတ္တိမှာ တိဟိတ် ဖြစ်ခွင့်ရှိပါတယ်။ အလွန်ရှားပါးတဲ့ဆုံးဖြတ်ချက်ပဲ။ ဒီဆုံးဖြတ်ချက်က - ဒီနေ့ဝိပဿနာလောကကြီး တရားဓမ္မ လောကကြီးအတွက် (အရေးကြီးလှပါတယ်)

ဒီဆုံးဖြတ်ချက်သာမချခဲ့ရင် သူတို့လူထွက်ကြရတော့မှာ။ မိန်းမယူ ရတော့မှာ။ ပဋိသန္ဓေနေတုန်းက ဟိတ်နှစ်ပါး(အလောဘ၊ အဒေါသ)ရှိရင် ဒွိဟိတ်ပါ။ ပညာ အမောဟ သမ္မာဒိဋ္ဌိ ဆိုတဲ့တရား မရှိရင် မည်သည့်ပုဂ္ဂိုလ်မှာမှ ဝိပဿနာမကိန်းပါဘူး။

ခင်ဗျားတို့ လိုက်နိုင်တာ မလိုက်နိုင်တာတော့ မသိဘူး။ ဝိဘဇ္ဇဝါဒဝိပဿနာ ထေရဝါဒဒဿန သမ္ပဒါနည်း အဆင့်ကလေး နည်းနည်း တက်ကြည့်ရအောင်။

တို့ဆရာတော်ကတော့ ပဋိသန္ဓေတိဟိတ် ပဝတ္တိတိဟိတ်။ ဒါ ကီး။ အဲဒါ ပစ္ဆိမဘဝိကသားနဲ့ ဗုဒ္ဓလောင်းပါ။ မွေးတုန်းက ဒွိဟိတ်။ ပဝတ္တိမှာ တိဟိတ်။ အဲဒီဇာတ(မွေးရာပါ)တိဟိတ်ကို ကျုပ်တို့ မသိနိုင်ဘူး။ သိနိုင်သည့် တိဟိတ်ဆိုသည်မှာ ဝိဇ္ဇာဉာဏ်သမ္မာဒိဋ္ဌိကိန်းအောင် တရားအားထုတ်သော ပုဂ္ဂိုလ်များပါ။

သူတို့သည် ဝိဇ္ဇာဉာဏ်ရရင် စရဏက ဖြောင့်ပါတယ်။ ဘုန်းကြီးများရဲ့ဆရာတော်တွေက ပဝတ္တိတိဟိတ်ဖြစ်ရင် တရားရတယ်လို့ ယူဆကြတယ်။ ပစ္ဆိမဘဝိကသားဆိုတာ ဒီဘဝသောတာပန် မတည်ဘဲ မသေဘူး။တရားရကိုရတယ်။

(၁၇-မိနစ်။)

. . အဲဒီတော့ ပဝတ္တိတိဟိတ်ဖြစ်အောင် ကြိုးစားကြပါ။

(၃၅-မိနစ်။)

ပဝတ္တိတိဟိတ်ဖြစ်ပါက (ဒါ ဘုန်းကြီးများရဲ့ အာစရိယဝါဒလို့ ရေးထားလိုက်ပါ။) ပဋိသန္ဓေနေစဉ်က ဒွိဟိတ်ပုဂ္ဂိုလ်ပင် ဖြစ်သော်လဲ (ဒါ ဘုန်းကြီးများရဲ့အာစရိယဝါဒ) ပဝတ္တိအခါ၀ယ် တိဟိတ်ပုဂ္ဂိုလ် ဖြစ်နိုင်သည်။ တရားရနိုင်သည်။ စာပေတွေသိပ်တတ်သွားရင် ပိဋကတ်တွေ သိပ်တတ်သွားရင်လဲ သူတို့က တစ်မျိုးဖြစ်သွားနိုင်တယ်။

## တင်ပြချက်အမှတ်(၃၆)

ဓမ္မစေတီတရားတော်များထဲတွင် တရားအမှတ်စဉ်(၁၃-၂၄)ဟုပါရှိနေရာ အမှတ်(၁၇)အတွင်း၌-

ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းက ထေရဝါဒလမ်းကြောင်းပေါ်သို့ မျိုးစေ့ချစိုက်ပျိုးပေးခဲ့သော အဖေဦးသန်းမြင့် အမေဒေါ်တင်လှတို့ကို ပထမကျေးဇူးစကား ဆိုပါ၏။

ထိုထေရဝါဒမျိုးစေ့ကို ရေလောင်းပေါင်းသင်၍ ကြီးပွါးအောင် သန့်ရှင်းတဲ့အပင်ကလေးတစ်ပင် ဖြစ်အောင် ပြုစုပျိုးထောင်ပေးတဲ့ ဆရာတော်ဦးဥက္ကံသဗုဒ္ဓိကို ဒုတိယကျေးဇူးစကား ဆိုပါ၏။

ဤ"ထေရဝါဒဗုဒ္ဓသာသနာအရှေ့တောင်အာရှသို့ရောက်ရှိလာပုံ"ခေါင်းစီး ကို အတည်ပြုပေးသော

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကို တတိယကျေးဇူးစကား ဆိုပါ၏။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကို အားလုံးသောပုဂ္ဂိုလ်တွေက ပထမနေရာမှာ ထားကြတယ်။ ကိုယ်ကတော့ မရဘူး။ မထားဘူး။ ကိုယ်ကနဂိုကတည်းက ထေရဝါဒကို ကိုယ့်အမေအဖေ ပေးတာ။ ပြီးတော့မှ သူတို့-သံဃမဟာနာယကအဖွဲ့က ဟာ ဒီခေါင်းစဉ်သိပ်ကောင်းတာလို့ အသိအမှတ်ပြုပေးတာ။ ဘုန်းကြီးက တောင်းထားတာကို သူတို့က အသိအမှတ်ပြုတာဖြစ်ခြင်းကြောင့် သူတို့ကို တတိယနေရာသို့ ပို့လိုက်ပါတယ်။

သခ်တချုပ်ရင် အသခ်တပေါ်တယ်။ အသခ်တငုတ်ရင် သခ်တပေါ်တယ်လို့ ရွှေကျင်ဆရာတော်ကြီးက မိန့်ခဲ့တယ်။ တို့ဆရာကပေးတာကတော့ သမုဒယော နတ္ထိ နိရောဓော အတ္ထိ-လို့ ပေးတယ်။ သေခါနီးဆန့်ငင် ဆန့်ငင်ဖြစ်နေရောင် သမုဒယော နတ္ထိ နိရောဓော အတ္ထိ။ ဒါပဲ။

## တင်ပြချက်အမှတ်(၃၇)

ဓမ္မစေတီတရားတော်များထဲတွင် တရားအမှတ်စဉ်(၁၃-၂၄)ဟုပါရှိနေရာ အမှတ်(၂၂)အတွင်း၌-

ဘဝတဏှာနဲ့ရေစက်ချလျှင် သာဓုမခေါ်ပါ။ သဿတနဲ့ရေစက်ချလျှင် သာဓုမခေါ်ပါ။ ဥစ္ဆေဒနဲ့ရေစက်ချလျှင် သာဓုမခေါ်ပါ။

(ထိုခွေထဲတွင် မဏိသာရမဉ္ဇူသာဆရာတော်ကြီး၊ မင်းကွန်းတိပိဋကရေဆရာတော်ကြီးတို့၏ ဆုတောင်းများကိုလည်း ရွတ်ချ၍ ဝေဖန်ထားသည်။)

ဓမ္မစေတီစတင်ဟောကြားသည့်နေ့မှစ၍ ယနေ့တိုင်အောင် ဟောပြောခဲ့သမျှ ကြားနာခဲ့သမျှ တရားတော်များသည် စေတီပုထိုး (ဖြစ်ပါတယ်။) သတင်းစာတွေ မဂ္ဂဇင်းတွေထဲက စာတွေကို စေတီပုထိုးလို့ မဆိုလိုပါဘူး။ စာတစ်လုံးဘုရားတစ်ဆူဆိုတာ အဲဒီသဗ္ဗညုတာဉာဏ် မဟာကရုဏာဉာဏ်နဲ့ ထုံမွှမ်း၍ ဟောထားသော သီလသိက္ခာ သမာဓိသိက္ခာ ပညာသိက္ခာနဲ့ပြည့်လျှမ်းနေတဲ့ စာသားများကို စေတီထိုက်တယ်လို့ ဆိုလိုပါတယ်။

ဟောလိုက်တဲ့အထဲမှာ သီလသိက္ခာပြည့်ရမယ်။ သမာဓိသိက္ခာပြည့်ရမယ်။ ပညာသိက္ခာပြည့်ရမယ်။ သီလသိက္ခာသမာဓိသိက္ခာပညာသိက္ခာမပါဝင်သောစကားလုံးများသည် စာလုံးပေါင်းတစ်သန်းဖြစ်သော်လည်း ဘုရားတစ်ဆူမှ မကိန်းဘူး။

(၁၃-၃၃-မိနစ်အတွင်း။)

## တင်ပြချက်အမှတ်(၃၈)

ဓမ္မစေတီတရားတော်များထဲတွင် တရားအမှတ်စဉ်(၁၃-၂၄)ဟုပါရှိနေရာ အမှတ်(၂၃)အတွင်း၌-

ဦးကောသလ္လစကားလား ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်လာစကားလား။ ပိဋကတ်တော်လာတဲ့ အတိုင်း ဟောတာနော်။ ပြောင်းပြီးဟောတာ ပြင်ပြီးဟောတာ ဖြည့်စွက်ပြီးဟောတာ ဘာမှမရှိဘူး။

ညောင်းရမ်းဆရာတော်ကြီး မင်းကွန်းဆရာတော်ကြီး မဟာစည်ဆရာတော်ကြီး မစိုးရိမ်ဆရာတော်ကြီး။ ဒီဆရာတော်ဘုရားကြီးတွေ သံဂါယနာခြောက်ကြိမ်တင်ထားတဲ့အတိုင်း ပြောတာ။

ခွေးကိုခဲနဲ့ပစ်ရင် ခွေးက ခဲနောက်လိုက်တာ။ ခဲကအကျိုးတရား။ ပစ်တဲ့ဦးကောသလ္လက အကြောင်းတရား။ ဦးကောသလ္လရှိနေသမျှကာလပတ်လုံး ခဲတွေတစ်လုံးပြီးတစ်လုံး ထွက်လာမှာ။ ခြင်္သေ့က ပစ်လာတဲ့အရပ်ကို ကြည့်ပြီး ပစ်သူကို ခုန်အုပ်ပါတယ်။ ဒီလောက်ဆို သဘောပေါက်ပါ။

ဆက်မပြောတော့ဘူး။ ဆက်ပြောရင် ငြိကုန်မှာ။ ဥပါဒါနက္ခန္ဓာသည် အကြောင်းခန္ဓာ။

ပဥ္စက္ခန္ဓာသည် အကျိုးခန္ဓာ။

အာနာပါနနဲ့ဘုရားဖြစ်တာ မဟုတ်ပါဘူး။ ဒါတွေ ပြောလိုက်ရင် အကုန်ထိကုန်မှာစိုးလို့၊ ငြိကုန်မှာစိုးလို့။ မပြောတာ။ အဲဒါကို လာပြီးတော့ ဝင်လေထွက်လေဆိုပြီး လာလာလုပ်နေကြတယ်။ ဒေသနာထင်အလင်းရှိပါလျက်ကယ်နဲ့ ဇွတ်အတင်းငြင်းနေကြတယ်။

(၉-မိနစ်။)

ဝိပဿီမြတ်စွာဘုရားသည် ဉပါဒါနက္ခန္ဓာတို့၌ ဖြစ်ခြင်းပျက်ခြင်းကို ရှုပြီး အာသဝေါကင်းကွာ ဘုရားဖြစ်တယ်။ ဘုရားခုနစ်ဆူလုံး အတူတူပါပဲ။

ဦးကောသလ္လက သတိတော့ကောင်းတယ်နော်။ နှာခေါင်းကလေး ပွစိပွစိနဲ့ ဝင်လေထွက်လေတော့ မလုပ်ဘူး။ တော်တော်သနား စရာကောင်းတယ်။ ဘုရားရှင်တို့သည် အကြောင်းတရား၌သာ ပဋိစ္စသမုပ္ပါဒ်ကို ဟောကြကုန်၏။ တထာဂတာ ဟေတုမှိ ပဋိပဇ္ဇန္တိ န ဖလေ။ အကျိုးတရား၌ ပဋိစ္စသမုပ္ပါဒ်ကို မဟောကြပါ။ မကျင့်ကြပါ။

ဒီတော့ တို့က ဗုဒ္ဓရဲ့တပည့်ဆိုရင် ဘယ်မှာကျင့်မလဲ။ အကြောင်းတရားမှာ ကျင့်မယ်။ ဗုဒ္ဓတပည့် မဟုတ်ရင် အကျိုးတရားမှာ ကျင့်ပါတယ်။ ရှာရှာဖွေဖွေ မွှေမွှေနှောက်နှောက် ကြည့်နိုင်ရှုနိုင်ပါမှ (ဒီတရား မျိုးကို) တွေ့တာနော်။

ပယ်ရမည့်ပဟာတဗ္ဗခန္ဓာ။ သိရမည့်အပဟာတဗ္ဗခန္ဓာ။ ဤကားအကြောင်း။ ဤကားအကျိုး။ အကြောင်းခန္ဓာဆိုသည်မှာ ကိလေသာဉပါဒါန်အကုသိုလ်တွေနဲ့ တည်ဆောက်ထားတဲ့ခန္ဓာ။ မရှိတဲ့ခန္ဓာ။ ဉပါဒါန်နဲ့ယူထားတဲ့ခန္ဓာ။ အဲဒါကို ဉပါဒါနက္ခန္ဓာလို့ ခေါ်တယ်။ အဲဒီမှာပဲ ပဋိစ္စသမုပ္ပါဒ်ကို ကျင့်တယ်။ အကြောင်းခန္ဓာက တရားသိမှ သေတယ်။

လူကိုသွားပြီးမသတ်ရဘူး။ (အတိတ်ဉပါဒါန် အာရုံအပေါ်မှာ တဏှာ ဖြစ်ပုံ နမူနာတစ်ခု ပါရှိသည်) အကြောင်းခန္ဓာမှာ ငြိမ်းရင် မြင်ရာမှာလဲ ငြိမ်းသည်။ စားရာမှာလဲ ငြိမ်းသည်။ နေရာမှာလဲ ငြိမ်းသည်။

## တင်ပြချက်အမှတ်(၃၉)

ဓမ္မစေတီတရားတော်များထဲတွင် တရားအမှတ်စဉ်(၁၃-၂၄)ဟုပါရှိနေရာ အမှတ်(၂၄)အတွင်း၌-

ဦးဇင်း - ငယ်ကျိုးငယ်နာတွေကို နောက်ကြောင်းပြန်ရရင် မိစ္ဆာဓမ္မာရုံ ဖြစ်တတ်တယ်နော်-လို့ သူ့ဆရာ ဦးဉက္ကံသဗုဒ္ဓိကို သူ့ဆရာ(ဦးမြင့်သိန်း)က ဆုံးမတယ်။

(၁၀-မိနစ်။)

မဂ္ဂင်က(၂၄)မျိုး ရှိတယ်။ ဒုဂ္ဂတိကိုသွားစေတတ်တဲ့ မဂ္ဂင်ရှစ်ပါးကို မိစ္ဆာမဂ္ဂင်လို့ ခေါ်တယ်။

သုဂတိသို့ ရောက်စေတဲ့မဂ္ဂင်ရှစ်ပါးကိုတော့ ကံမဂ္ဂင်လို့ ခေါ်တယ်။

နိဗ္ဗာန်သို့ရောက်စေတတ်တဲ့ မဂ္ဂင်ရှစ်ပါးကိုကျတော့မှ သမ္မာမဂ္ဂင်လို့ ခေါ်တယ်။

## တင်ပြချက်အမှတ်(၄၀)

သံသယကင်းပျောက်နိဗ္ဗာန်ရောက်တရားခွေအတွင်း၌-

ပထမဆုံးဒိဋ္ဌိကိုဖြိုပါတယ်။ အဲဒီဒိဋ္ဌိကိုဖြိုတဲ့နည်းကို ဒဿနနယလို့ ဆိုပါတယ်။ တဏှာနဲ့မာနကို ဖြိုတဲ့နည်းကိုကျတော့ ဘာဝနာနယလို့ ဆိုပါတယ်။ ဘာဝနာနယော ပဟာတဗ္ဗတော - ဘာဝနာနည်း အားဖြင့် ပယ်အပ်တယ်။ ဒေသနာနည်းက နှစ်ခုပြပါတယ်။ တစ်ခုက ဒဿနနည်း တစ်ခုကတော့ ဘာဝနာနည်းဖြစ်ပါတယ်။

ဆိုတော့ - အဲဒီဒဿနနည်းထဲမှာ ဒိဋ္ဌိပါတယ်။ ဒိဋ္ဌိပြီးရင် တဏှာလာတယ်။ မာနလာပါတယ်။

သတိပဋ္ဌာန်မှာ ကာယော ဟိ အသုဘော ဝေဒနာ ဒုက္ခာ စိတ္တံ အနိစ္စံ ဓမ္မာ အနတ္တာ လို့ အဋ္ဌကထာက ဆိုပါတယ်။

ကာယာနုပဿနာသတိပဋ္ဌာန်ကြီးတစ်ခုလုံးမှာ အသုဘလက္ခဏာကို မြင်ပါ။ အသုဘမျက်လုံးကလေးနဲ့ ကာယအားလုံးကို ကြည့်လိုက်ရင် သုဘလို့ ထင်ထားတဲ့အထင်ကြီး ပျောက်ပါလိမ့်မယ်။ ပျောက်ရင် အနာဂါမ်အထိ တည်ပါလိမ့်မယ်။ မပျောက်ရင် မတည်ပါဘူး။

ဝေဒနာမှာ သုခသညာကို ပယ်နိုင်ရင် ရဟန္တာ ဖြစ်နိုင်ပါတယ်။

စိတ်မှာ နိစ္စသညာကို ပယ်ပါ။ အနိစ္စလို့တင်ပါ။

ဓမ္မမှာ အနတ္တလက္ခဏာ ရှိပါတယ်။ ဓမ္မသဘာဝမှာ အတ္တသတ္တိမရှိပါဘူး။ ဓမ္မကို အနတ္တလို့ ရှုပါ။

ကာယအပေါ်မှာ သုဘသညာနဲ့ မှီတတ်ပါသည်။

ဝေဒနာအပေါ်မှာ သုခသညာနဲ့ မှီတတ်ပါသည်။

စိတ္တအပေါ်မှာ နိစ္စသညာနဲ့ မှီတတ်ပါသည်။

ဓမ္မအပေါ်မှာ အတ္တ သညာနဲ့ မှီတတ်ပါသည်။

**ရှေ့သုံးပါးကို ဘာဝနာသမ္ပဒါလို့ ဆိုသည်။ ဓမ္မာနုပဿနာကို အနတ္တ = ဒဿနသမ္ပဒါ လို့ ဆိုသည်။**

ဒဿနသမ္ပဒါနည်းနဲ့ရှုရမှာက ဓမ္မာနုပဿနာ။ ဘာဝနာသမ္ပဒါနည်းနဲ့ရှုမှာက ကာယ စိတ္တ ဝေဒနာ။

ကာယာနုပဿနာ စိတ္တာနုပဿနာသည် အထက်မဂ်ရဲ့အရာ။ တဏှာရဲ့အရာ။

ဝေဒနာနုပဿနာသည် ရဟန္တာရဲ့အရာ။ တရားရိပ်သာထဲမှာ တရားမရှိပါ။ တရားခွေထဲမှာ တရားမရှိပါ။ **(ပခုက္ကူဆရာတော်ကြီးအမည်ခံ အနတ္တာနုပဿနာဝါဒနဲ့ တော်တော်တူပါတယ်။)**

လက်တလမ်းမှာ ဟောဒီခန္ဓာနားမှာ တရားရှိပါသည်။ ဒါကြောင့်မို့ နိဗ္ဗာနံ ခန္ဓပဋိပဒ္ဓမေဝ - တဲ့ ကိုဝင်းဇော်။ နိဗ္ဗာန်နဲ့ခန္ဓာနဲ့ စပ်နေတာတဲ့ ငါ့ညီရဲ့။ ဒီလိုဆိုရင် တရားစခန်းထဲမှာ နိဗ္ဗာန်မရှိဘူး။

သံသယပေါ်လာတယ်။ ဒေါသပေါ်လာတယ်။ အဲဒီသံသယကလေးကို သတိနဲ့စိုက်ကြည့်လိုက်တယ်။ သတိက အနတ္တဉာဏ်ကို အကူအညီခေါ်တယ်။ အဲဒါ ဒဿနသမ္ပဒါ။ ဝိပဿနသမ္မာဒိဋ္ဌိဖြစ်နေတာ။ အဲဒီသမ္မာဒိဋ္ဌိ သမ္မာသတိက မဂ္ဂသစ္စာထိုက်ပါတယ်။ အဲဒီသတိနဲ့ ဉာဏ်နဲ့ ခုနကမြင်လိုက်တဲ့ သံသယအပေါ်မှာ ကွာမသွားအောင် တည်ပေးတဲ့သမာဓိက သမ္မာသမာဓိမဂ္ဂင်ထိုက်တယ်။

ဒီလိုဆိုရင် မဂ္ဂင်သုံးခု ရသွားပြီ။ ပြောစရာမလိုတော့ဘူး။ အရေးကြီးဆုံး သမာဓိ သတိ ဉာဏ်တွေဖြစ်မှတော့ အဲဒီသံသယတွေ ပျောက်နိုင်ပါသည်။ သံသယပျောက် မှတော့ . . . ။

အဲဒီသံသယအပေါ်မှာ ဒိဋ္ဌိနဲ့မမှီဖို့ရာ အနတ္တဉာဏ်ဝင်လိုက်တာနဲ့ တပြိုင်နက် အတ္တသညာနဲ့ မမှီတော့ပါ။ အဲဒီတော့ သံသယကြီးကို ခိုင်မြဲတဲ့တရားလို့ မယူတော့ဘူး။ မယူရင် ကိစ္စပြီးတော့တာပေါ့။

သံသယဆိုတဲ့ ဓမ္မာရုံက ဒုက္ခသစ္စာ။ ဒါကတော့ တို့က ဒဿနသမ္ပဒါနည်းနဲ့ ထည့်လိုက်တာ။

## တင်ပြချက်အမှတ်(၄၁)

ထေရဝါဒဟူသည်တရားခွေတို့တွင် ပထမခွေအတွင်း၌-

သံဂါယနာခြောက်ကြိမ်တင်ထားတဲ့ထေရဝါဒပိဋကတ်အတိုင်းပဲ ကျွန်ုပ်ဟောပါတယ်။

အဲဒီထေရဝါဒလမ်းကြောင်းပေါ်မှာ ဘုန်းကြီးဖြတ်ရင် ဘုန်းကြီးကို တိုက်ရပါလိမ့်မယ်။

ရှင်ဘုရင်ဖြတ်ရင်လဲ ရှင်ဘုရင်ကို နင်းရပါ လိမ့်မယ်။
သီလရှင်ဖြတ်ရင်လဲ သီလရှင်ကို နင်းရပါလိမ့်မယ်။
လူဖြတ်ရင်လဲ လူကိုနင်းရပါလိမ့်မယ်။
အဲသလိုမျိုး ထေရဝါဒလမ်းကြောင်းပေါ်မှာ ရပ်တည်ပြီးတော့ ၁၉၉၂-ခုလောက်ကတည်းက စတင်ဟောခဲ့တာပါ။ ဒီနေ့အထိလဲ ဒီအတိုင်းပဲ ရပ်တည်ပါတယ်။ -
ရှင်ဉပဂုတ္တရှိတဲ့ကျောင်းက ဘုန်းကြီးကိုလှူရင် ဘာအကျိုးမှ မရှိဘူး။ အဲဒီဘုန်းကြီးတွေဟာ မရှိတဲ့ရှင်ဉပဂုတ်ကို အရှိလို့ထင်ပြီးတော့ ယူထားကြတဲ့ အဿာဒဒိဋ္ဌိရှိနေသူတွေပဲ ဖြစ်ကြတယ်။ -

ဒုတိယခွေအတွင်း၌-
အရဟံလို့ရှိတာကို ဟ-အကြီးကြီးထဲမှာ အ-ရယ် ရ-ရယ်ကိုရေးပြီး အရဟံလို့ လုပ်ကြတယ်။ အဲဒါဟာ နိုးထေရဝါဒပဲ။ (ထေရဝါဒလုံးဝမဟုတ်ဘူး)။
၁။ ဘုရားလောင်းတိုင်း ဘုရားလောင်းတိုင်း အာနာပါနစတုတ္ထဈာန်မှ ထတော်မူပြီး၍ ပဋိစ္စသမုပ္ပါဒ်ကို ဉာဏ်ဖြင့်သက်ဝင်ပြီး အနုလုံ ပဋိလုံ ဆင်ခြင်ပြီး၍ ဘုရားဖြစ်သည်။ **ဘုရားလောင်းတိုင်း ပဋိစ္စသမုပ္ပါဒ်ကို သိတော်မူပြီး ဘုရားဖြစ်သည်ဟု ဆိုလိုပါသည်။**
၂။ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးတော်မူပြီး ဘုရားဖြစ်သည်။
၃။ ဉပါဒါနက္ခန္ဓာငါးပါးတို့ကို သိတော်မူပြီး ဘုရားဖြစ်သည်။

အဲလိုကွဲနေပေမယ်လို့ သတိပဋ္ဌာန်လေးပါးဆိုတာမှာ ကာယော အသုဘော၊ ဝေဒနာ ဒုက္ခာ၊ စိတ္တံ အနိစ္စံ၊ ဓမ္မာ အနတ္တာ လို့ ဆိုပါတယ်။
ကာယကို အသုဘလို့ ရှုပြီး သုဘသညာဝိပလ္လာသကို ပယ်နိုင်ရမယ်။ ပယ်နိုင်ရင် အနာဂါမ် ဖြစ်ပါတယ်။
ဝေဒနာကို ဒုက္ခလို့ ရှုပြီး သုခသညာဝိပလ္လာသကို ပယ်နိုင်ရမယ်။ ပယ်နိုင်ရင် ရဟန္တာ ဖြစ်တယ်။
စိတ်ကို အနိစ္စလို့ ရှုပြီး နိစ္စသညာဝိပလ္လာသကို ပယ်နိုင်ရမယ်။ ပယ်နိုင်ရင် --။
ဓမ္မကို အနတ္တလို့ ရှုပြီး အတ္တသညာဝိပလ္လာသကို ပယ်နိုင်တယ်။ -
ဉပါဒါနက္ခန္ဓာငါးပါးသည် ဓမ္မာနုပဿနာ ဖြစ်တယ်။ ဒီလိုဆိုတော့ ဉပါဒါနက္ခန္ဓာငါးပါးကို ရှုမှတ်ပွါးများ ခိုင်းတာဟာ ဓမ္မစေတီတို့က ဓမ္မာနုပဿနာကို ရှုမှတ်ပွါးများခိုင်းတာပါ။
ကီသုဂေါတမသုတ်လာ ဒုတိယနည်းအရ ဉပါဒါနက္ခန္ဓာငါးပါးကို ဖြစ်ပျက်မြင်လို့ ရဟန္တာဖြစ်တယ်။ မဟာစည်ဆရာတော်ကြီးက ဤနည်းသည် အလုံးစုံ ပြည့်စုံ၏လို့ မှတ်ချက်ရေးတယ်။
စတုတ္ထနည်းမှာ ယံကိဉ္စိသမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မံ - ဖြစ်ပေါ်သမျှသည် ချုပ်ခြင်းမှာ နိဂုံးချုပ်ရတယ်။ ဤနည်းသည်လည်း အလုံးစုံ ပြည့်စုံ၏လို့ မှတ်ချက်ရေးထားပါတယ်။
ဒါ့ကြောင့်မို့ ဦးကောသလ္လက (၂) နည်းဟောပါတယ်။
---ဉပါဒါနက္ခန္ဓာကိုလဲ အကျယ်ဟောပါတယ်။
---သမုဒယ၊ သမုဒယဓမ္မ၊ သမုဒယသစ္စာ။ နိရောဓ၊ နိရောဓဓမ္မ၊ နိရောဓသစ္စာ။
ပဉ္စန္နံ ဉပါဒါနက္ခန္ဓာနံ - ဉပါဒါနက္ခန္ဓာတွေ ဘယ်အခါမှာ ဖြစ်သလဲ ဘယ်အခါမှာ ချုပ်သလဲ ဘယ်လိုပေါ်သလဲ ဆိုတာတွေကို ကျွန်ုပ်ဟောဖို့ ကျန်ခဲ့ပါတယ်။ အဲဒါတွေကို ဒုတိယအကြိမ်ပြန်တွေ့တဲ့အခါမှ ကျကျနန ဟောပါ့မယ်။

## တင်ပြချက်အမှတ်(၄၂)

ထေရဝါဒနှင့်မြန်မာပြည်တရားခွေတို့တွင် ပထမခွေအတွင်း၌-

(ရှင်ဥက္ကဋ္ဌကိုလည်း ချီးကျူးထားသည်။
ဝိဓူရသခင်ချစ်မောင်ကိုလည်း ချီးကျူးထားသည်။
အမေရိကန် စီးပွါးရေးအတွက် မြန်မာလူမျိုး အကြံပေးပညာရှင် ဦးလှမြင့်ကိုလည်း ချီးကျူး ထားသည်။
အိန္ဒိယနိုင်ငံသား ခရစ်ရှုနာမူသီး(မဟာယာနဂိုဏ်းဝင်ဆရာကြီး)ကိုလည်း ချီးကျူးထားသည်။
နာယူကြည့်ပါက သေချာသိကြရမည်။)

**တို့ ထေရဝါဒီတို့သည် အကြောင်းသတ်သောဝါဒ - အကြောင်းတရားကို ကိုင်ပါသည်။ အကျိုးတရားကို မကိုင်ပါဘူး။ ဘုရားရှင်တို့သည် ခြသေ့်နှင့် တူကြသည်။ အခြားသော တိတ္ထိယဆရာတို့သည် ခွေးနှင့် တူကြသည်။ ကျွန်ုပ်တို့ ထေရဝါဒီတို့သည် အကြောင်းတရားကို ရှာပါသည်။**

(နိုင်ငံခြားကို ဘုန်းကြီးကြွသွားတော့ သံအမတ်ကြီးကတော်က ကြိုဆိုပြီး ကျောင်းထဲအထိ သံအမတ်ကြီး ကားနဲ့ပို့တော့ ဘုန်းကြီးက ပေါ်ပြူလာ ဖြစ်သွားတာပေါ့။ ဒီဘုန်းကြီးက ရန်ကုန်မှာ ဗိုလ်ချုပ် တွေ ဝန်ကြီးတွေက ကိုးကွယ်တဲ့ဘုန်းကြီးပဲလို့လဲ ကြော်ကြားထားတယ်။ ဒီတော့ . . . ။

အရှည်တွင်သံသရာ အချည်ကတော့ တဏှာ အစချီစကားစဉ်ဖြင့်ပင် တရားခွေသိမ်းသွားသည်။)

## တင်ပြချက်အမှတ်(၄၃)

ထေရဝါဒပဟင်းလေးအိုးကြီးတရားခွေတို့တွင် ပထမခွေအတွင်း၌-

မြန်မာနိုင်ငံအခြေခံဥပဒေရေးဆွဲချက်ထဲတွင် "ဗုဒ္ဓဘာသာသည် လူအများစုကိုးကွယ်သောဘာသာ ဖြစ်၍ ဗုဒ္ဓဘာသာကို အဓိကဘာသာအဖြစ် အသိအမှတ်ပြုသည်။
အခြားသော ခရစ်ယာန်ဘာသာ အစ္စလာန်ဘာသာ ဟိန္ဒူဘာသာစသည်တို့နှင့် နတ်ကိုးကွယ်ခြင်း စသည် တို့ကိုလည်း ဘာသာတရားအဖြစ် အသိအမှတ်ပြုသည်"ဟု ပါရှိသည်။

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်က ထုတ်ဝေသောခွေထဲတွင် မြတ်စွာဘုရား ရေချိုးတော်မူသည်။ အရှင် မောဂ္ဂလာန် ဒိုက်ထိုးသည်။ အရှင်အာနန္ဒ . . ပျက်လုံးများ ပါဝင်နေကြသည်။

ကြွတယ်လှမ်းတယ်ချတယ် တစ်ခုတည်းနဲ့ တရားမဟုတ်ပါဘူး။ ဝိပဿနာတရားကြီးတွေ သတိ ပဋ္ဌာန်တရားကြီးတွေ အဘိဓမ္မာတရားကြီးတွေ ကောင်းပါတယ်။

ဒါပေသိ ကျွန်ုပ်တို့က အဲဒီအဆင့်မဟုတ်ဘဲ လှေခါးကလေးတွေကို အရင်ခင်းပါတယ်။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ - သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏။

ဦးကောသလ္လ ကျောင်းထဲက ကထိန်ပွဲမှာ ဖိနပ်အရံပေါင်း(၁၀၀)ကျော် ပျောက်ပါတယ်။ လာသေး တယ်။ အရှင်ဘုရား တဲ့။ တပည့်တော်တို့က ဝန်ထမ်းတွေဆိုတော့ အူမတောင့်မှ သီလစောင့်နိုင်ပါတယ်။ ကျန်တာတွေ မပြောတော့ပါဘူး။ ကိုယ့်ဘာသာ သိကြပေါ့။

ကျိုက်ထိုင်ဂေါပကတွေမှာ ခေါင်းမှာဘာကုသိုလ်မှ မရှိလို့ သူတို့ခေါင်းကို နင်းရပါတယ်။ ဒါပေမယ်လို့ ဗိုက်ထဲမှာတော့ ဘုရားပစ္စည်းတွေနဲ့ပြည့်နေတာမို့ သူတို့ဗိုက်ကိုတော့ မကျော်ရပါဘူး။ ဒီလိုတွေ ရှိတယ်ဗျာ။

လေယာဉ်စီးရင်း လေမရလို့ ယပ်ခတ်နေရတယ်။ မိုးတွေရွာချလာတော့ ယပ်တောင်ကို ခေါင်း ဆောင်း ရတယ်။ ဒီအစိုးရလက်ထက်ကျမှ လေယာဉ်တွေကလဲ မကောင်းတော့ဘူးလို့ ဒေါသမထွက်အောင် တရားမှတ်ရပါတယ်။

ဒုတိယခွေထဲတွင်ကား-

ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ တရားရမယ့်နည်းကို ရှာပါတယ်။ ရှာလို့လဲ တွေ့ပါပြီ။ အဲဒါကြောင့် ဘုန်းကြီးက ဒဿနသမ္ပဒါနည်းလို့ ခေါ်တာပါ။ အဲဒီထေရဝါဒဒဿနသမ္ပဒါကို ဒီမှာအခု မဟောဖြစ်သေးပါဘူး။ တစ်ချိန်မှာ ဟောဖြစ်ပါလိမ့်မယ်။

အဲဒီထေရဝါဒဒဿနသမ္ပဒါဆိုသည်မှာ ခုနကပြောသလို စားစားနေနေ သွားသွားလာလာနဲ့ တရားစခန်းကြီးထဲမှာ တစ်ဆယ့်ငါးရက် ရက်နှစ်ဆယ် မတတ်နိုင်တဲ့ပုဂ္ဂိုလ်များအတွက် နည်းစနစ်မရှိဘူးလား ဆိုရင် ရှိပါတယ်။

ပါဠိတော်တွေ အဋ္ဌကထာတွေ ဋီကာတွေကို ကြည့်ပြီး ရှာတဲ့အခါမှာ တွေ့ပါတယ်။ အဲဒီတွေ့တဲ့ အတိုင်းပဲ ကျွန်ုပ်တို့ ဖြေရှင်းပါတယ်။ ဦးစောအောင် အဲဒီနည်းကလေးကို မကြိုက်ဘူးလား။ အလျဉ်းသင့်လို့ နောင်နောင်များ နောက်ထပ်တရားပွဲများရှိခဲ့သော် ထေရဝါဒဒဿနသမ္ပဒါနည်းကို ကျွန်ုပ်တို့က ပေးရန် အဆင်သင့်ရှိပါပဲ။

ပါဠိတော်အဋ္ဌကထာဋီကာများကို ကြိမ်ဖန်များစွာ ရှာဖွေလိုက်တဲ့အခါမှာ အဲဒီနည်းကို တွေ့တယ်။ နည်းစနစ်ရှိပါတယ်။

သဟာဝဿဒဿနသမ္ပဒါယ

တယဿုဓမ္မာ ဇဟိတာ ဘဝန္တိ

သက္ကာယဒိဋ္ဌိဝိစိကိစ္ဆိတဉ္စ

သီလဗ္ဗတံဝါပိစ ယဒတ္ထိကိဉ္စိ

စတူဟာပါယေဟိစ ဝိပ္ပမုတ္တော။ ရတနသုတ်ကပါဠိပါ။

ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ

သီလဝါ ဒဿနေနသမ္ပန္နော

ကာမေသု ဝိနေယျ ဂေဓံ

နဟိဇာတုဂ္ဂဗ္ဘသေယျ ပုနရေတိ။ မေတ္တာသုတ် ဂါထာပါ။

အဲဒါကို မြစ်ဖျားခံပါတယ်။

သဟာဝဿဒဿနသမ္ပဒါယဆိုတဲ့အတိုင်းပဲ ဒဿနသမ္ပဒါ - အမြင်မှန်နှင့် ပြည့်စုံလိုက်သည်နှင့် တပြိုင်နက်ပဲ။ (သောတာပန်ဖြစ်သွားရတာပါပဲ။ တရားကျင့်နေစရာမလိုပါဘူးဟုဆိုလို။)

အဲဒါကို ဒဿနသမ္ပဒါနည်းဆိုပြီးတော့သွားပါတယ်။ ဒါတွေကလဲ ထေရဝါဒရဲ့အနှစ်သာရထဲမှာ ပါပါတယ်။

ဆရာတော်ဦးကောသလ္လက မာနကြီးတယ်။ ဒေါသကြီးတယ် စိတ်တိုတယ်ဆိုတာ ဟုတ်တယ်။ အဲဒီမာနတို့ ဒေါသတို့သည် ကိလေသာဖြစ်ခြင်းကြောင့် ပယ်ထိုက်ပါတယ်။ ဒါပေသိ အပါယ်မကျပါဘူး။ သံသရာမရှည်စေပါဘူး။ ဘဝတစ်ခုကို မဖြစ်စေပါဘူး။ ဒို့ကြောင့် ခဏထားပါသေးတယ်။ ဒိဋ္ဌိက အပါယ်ကျစေပါတယ်။ သံသရာ ရှည်စေပါတယ်။ ဘဝတစ်ခုကို ဖြစ်စေပါတယ်။ ဒို့ကြောင့်သူ့ကို စ-ပယ်ပါတယ်။

ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ - ဒဿနသမ္ပဒါနည်းနဲ့ပယ်အပ်တဲ့အရာသည် ဣဿာမစ္ဆရိယမျိုးတို့

ဒိဋ္ဌိဝိစိကိစ္ဆာမျိုးတို့ပဲ ဖြစ်ပါတယ်။

တဏှာတွေကို မပယ်ပါဘူး။ ဒေါသတွေ ကျန်ပါတယ်။ လှလှပပလေးနဲ့ ဈေးချိုထဲမှာ ဈေးရောင်းလိုက်ပါအုံး။ ရုပ်ရှင်သွားဖို့အတွက် မှန်တင်ခုံနဲ့ ကျမမျက်နှာချင်းဆိုင် လုပ်ပါအုံး။ ပြင်လိုက်ပါအုံး။ လှလှပပချောချောမွှေးမွှေးကလေး ဖြစ်ပြီးတော့ ဒိဋ္ဌိပြုတ်အောင်ကျင့်တဲ့လမ်းစဉ်က ဒဿနသမ္မဒါပါပဲ။

တဏှာတွေ မာနတွေ ပြုတ်အောင် ကျင့်တာက ဘာဝနာသမ္မဒါ။ မြန်မာပြည်က အဲဒီဒဿနသမ္မဒါကို ကျော်၍ကျင့်တဲ့ ဘာဝနာသမ္မဒါလမ်းစဉ်တွေ များပါတယ်။ တဏှာသတ်လမ်းစဉ်က များပါတယ်။

ကျွန်ုပ်တို့က ဒိဋ္ဌိသတ်ကို စဟောပါတယ်။ တဏှာနဲ့ဒေါသကို ဒီအတိုင်း ထားလိုက်ပါသေးတယ်။ အဲဒါကို ဒဿနသမ္မဒါနည်းလို့ ခေါ်ပါတယ်။ သူလဲ ထေရဝါဒအနှစ်သာရမှ ထွက်ခဲ့တာပါ။

## တင်ပြချက်အမှတ်(၄၄)

ထေရဝါဒအထူးတရားပွဲကြီးတရားခွေတို့တွင် ပထမခွေအတွင်း၌-

လူတွေသောင်းသိန်းချီနေတဲ့ ဒီပရိသတ်ကြီးရှေ့မှာရှိတဲ့ ဒီတရားပလ္လင်ပေါ်ကနေ မဟုတ်မတရားတွေကို ကျွန်ုပ် မဟောရဲပါ။ ဟိုမှာ သံဃာတော်အရှင်သူမြတ်တွေ ရှိကြတယ်။ ရဟန်းပညာရှိ လူပညာရှိတွေရှေ့မှာ ကျွန်ုပ်ဓမ္မစေတီရှင်ကောသလ္လသည် အကိုးအကားအခိုင်အမာ မရှိဘဲနဲ့ ဒါနအကြောင်း သီလအကြောင်း ဘာဝနာအကြောင်းစသည်အားဖြင့် တရားအကြောင်းတွေကို မဟောရဲပါဘူး။ ခိုင်ခိုင်မာမာရှိပါတယ်။ ကဲ ကောင်းပြီ။ ဒီနေ့ ဘာဝနာအကြောင်း ဟောကြရအောင်။

ချစ်သားသန္တတိရဲ့ ရှေးကမင်းပုံဖေါ်ခဲ့တဲ့ ဥပါဒါနက္ခန္ဓာမှာ ဒိဋ္ဌိတွေ တဏှာတွေကို ပယ်လိုက်ပါတော့။ အနာဂါတ်မှာ ပုံဖော်ထားတဲ့ ဥပါဒါနက္ခန္ဓာကို မတွေးနဲ့။ အနာဂါတ်ကိုလည်း မကြံနဲ့ အတိတ်ကိုလည်း မတွေးနဲ့ ပစ္စုပ္ပန်မှာလည်း ဒီကောင်မကလေးကို မစွဲလမ်းတော့ဘူး။

ပဉ္စုပါဒါနက္ခန္ဓာတို့၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တအားဖြင့် ရှုတာကို ဝိပဿနာဟု ခေါ်သည်။ ဥပါဒါနက္ခန္ဓာက အမြဲမရှိဘူး။ ငြင်းဆဲတယ်၊ အနှစ်အသားမရှိဘူး၊

မျက်စိနဲ့ မြင်တဲ့ခန္ဓာကို အမေမွေးတဲ့ခန္ဓာလို့ ခေါ်သည်။ မျက်စိနဲ့ မမြင်နိုင် ဒဿနသမ္မဒါအမြင်မှန်ရှိတဲ့သူမှ မြင်နိုင်တဲ့ခန္ဓာကို ဥပါဒါနက္ခန္ဓာလို့ ဆိုသည်။

အဲဒီကောင်မကလေးသေတာဟာ ဘယ်သူက သတ်လို့လဲဆိုရင် ဥပါဒါနက္ခန္ဓာက သတ်တာ။ ကိုယ်တော်ကလေးက လည်ပင်းကို လာမညှစ်ပါဘူး။ စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ . . . . ဥပါဒါန်ပြင်းပြင်းထန်ထန် ဖြစ်လာတယ်။ အဲဒီဥပါဒါန်ကြောင့် ဥပါဒါနက္ခန္ဓာက သတ်လို့ သေပါတယ်။

ဒိဋ္ဌိနဲ့ပုံဖော်နေပြီ ဥပါဒါန်နဲ့ ပုံဖော်နေပြီ အဝါရောင်ကိုယ်တော်ကလေးကို စွဲလမ်းခဲ့တာ ဖြစ်ခြင်းကြောင့် အဝါရောင်ဇာကလေးနဲ့ ချပေးပါအမေရယ်။ အဲ့ဒီကိုယ်တော်ကလေးသည် သီလလည်းရှိပါသည်။ ပိဋကတ်သုံးပုံလည်း တတ်ပါသည်။ သို့သော် ဥပါဒါနက္ခန္ဓာကို မသိခြင်းကြောင့် ဥပါဒါနက္ခန္ဓာက သတ်လို့ သေပါသည်။

၁။ ဥပါဒါနက္ခန္ဓာဖြစ်ပေါ်လာတာကို ဖြစ်ပေါ်လာတယ်လို့ သိပါ။

၂။ ဥပါဒါနက္ခန္ဓာပျက်သွားတာကို ပျက်သွားတယ်လို့သိပါ။ အဲလိုသိရင် ဒုက္ခသစ္စာကို သိတာပါ။

၃။ ဥပါဒါနက္ခန္ဓာ၌ သာယာရင် သာယာတယ်လို့သိပါ။ အဲလိုသိရင် သမုဒယသစ္စာကို သိတာပါ။

၄။ ဥပါဒါနက္ခန္ဓာရဲ့ အပြစ်ကို မြင်အောင်ရှုပါ။ အဲလိုမြင်ရင် မဂ္ဂသစ္စာကို သိတာပါ။

၅။ ဥပါဒါနက္ခန္ဓာရဲ့ လွတ်မြောက်ရာကိုသိပါ။ အဲလိုသိရင် နိရောဓသစ္စာကို သိတာပါ။

အဲဒါ ငါးခုသိတာကိုပဲ သောတာပန်လို့ ခေါ်ဆိုပါတယ်။ သစ္စာလေးပါးသိသူလို့ ခေါ်ဆိုပါတယ်။

ခန္ဓာညဏ်ရောက် ခန္ဓာညဏ်ရောက် လို့ဆိုတာမှာ ဘာခန္ဓာလဲဆိုရင် ဥပါဒါနက္ခန္ဓာပါ။ ဘာညဏ်လဲ ဆိုရင် အဲဒီဥပါဒါနက္ခန္ဓာကိုသိတဲ့ မဂ်ညဏ်ပါ။

သည်လိုဆိုတော့ ကိုယ်တော်ကလေးရဲ့ ပကတိခန္ဓာက ပဉ္စက္ခန္ဓာ။ ဖြစ် တည် ပျက် ခဏတ္တယ ရှိတယ်။ အဲ့ဒီကိုယ်တော်ကလေး ပြန်ကြွသွားတဲ့အခါမှာ ကောင်မလေးရဲ့သန္တာန် မှာ ကျန်ခဲ့တဲ့ခန္ဓာသည် ဖြစ် ပျက် ခန္ဓာ။

သည်နေ့ မြန်မာပြည်မှာ ဖြစ် တည် ပျက် နဲ့ ဖြစ် ပျက် မကွဲကြပါဘူး။ ခန္ဓာဆိုရင် ဒါကြီး (လူ့ကိုယ်ထည်)ကို ပုတ် ပုတ် ပြကြတယ်။ အဲဒါက နဂိုခန္ဓာပါ။

အဲဒီခန္ဓာကို ဝိပဿနာမရှုရဘူး။ အပိုခန္ဓာကိုသာ ဝိပဿနာရှုရတယ်။

ကောင်မကလေးရဲ့ ရေချိုးတဲ့ခန္ဓာ၊ သနပ်ခါးလိမ်းတဲ့ခန္ဓာ၊ ထမင်းစားတဲ့ခန္ဓာ၊ ရှူးရှူးပေါက်တဲ့ခန္ဓာ အဲဒါတွေဟာ အပိုခန္ဓာမဟုတ်ပါဘူး။ နဂိုခန္ဓာပါ။ ကိုယ်တော်ကလေးရဲ့သန္တာန်မှာ ကောင်မကလေးကို ဥပါဒါန်နဲ့ ပုံဖွဲ့လိုက်တဲ့အခါ အပိုခန္ဓာ ပေါ်လာပါတယ်။ အဲဒါသေပြီးသားခန္ဓာ တကယ်မရှိတော့တဲ့ခန္ဓာ အပိုခန္ဓာပါ။ အဲ့ဒီ ခန္ဓာကိုသာ ဝိပဿနာရှုရပါတယ်။

သည်လိုခန္ဓာနှစ်မျိုးကွဲအောင်လုပ်ပါ။ ခန္ဓာနှစ်မျိုးမကွဲလို့ရှိရင် ဒိဋ္ဌိမပြုတ်ပါဘူး။ မရှိပညတ်လို့ ဆိုရာမှာ ဥပါဒါနက္ခန္ဓာက ပညတ်ပါဘဲ (တကယ်မရှိတဲ့ခန္ဓာပါ) ရှိပရမတ်လို့ဆိုရာမှာ ရှိတဲ့ပဉ္စက္ခန္ဓာက ပရမတ်ပါ (အရှိခန္ဓာပါ။)

ဒါကြောင့်မို့ သောတာပန်ဖြစ်ချင်ရင် ဥပါဒါနက္ခန္ဓာငါးပါးကို ရှုပါ။ ရဟန္တာဖြစ်ချင်ရင်လဲ ဒါပါပဲ။ ဘုရားဖြစ်ချင်ရင်လည်း ဒါပါပဲ။ သည်နည်းလည်းက ဘယ်လိုမှ ပြောင်းသွားခြင်း မရှိပါဘူး။ သည်နည်း အတိုင်းပဲ သွားရပါတယ်။ အဲဒီငါးချက်ကိုသိရင် သောတာပန်ဖြစ်တာပဲ။

အဲ့ဒီ ဥပါဒါနက္ခန္ဓာသည် လက်နဲ့လည်း ထိလို့မရပါ။ ခေါ်လို့လည်းမကြားပါ။ မေးလို့လည်း မပြောပါ။ ခေါ်လည်းမထူးပါ။ ထမင်းလည်းမစားဘူး။ မြေနဲ့လည်း မထိပါဘူး။ ရေနဲ့လည်း မထိပါဘူး။ ပထဝီလည်း မရှိပါဘူး။ အာပေါလည်း မရှိပါ။ တေဇောလည်းမရှိပါ။ ဝါယောလည်း မရှိပါ။ ဆံပင်လည်းမရှိပါ။ နှုတ်ခမ်းနီလည်း မဆိုးတတ်ပါ။ အင်္ကျီအဝတ်အစားလည်း မပါပါ။ အဲဒီခန္ဓာကို ဥပါဒါနက္ခန္ဓာလို့ ခေါ်ပါသည်။ ဖြစ် ပျက် ခန္ဓာ လို့ဆိုသည်။

ဖြစ် ပျက်ဆုံးရင် နိဗ္ဗာန်ဆိုတာ အဲ့ဒီဥပါဒါနက္ခန္ဓာကို ဆိုတာ။

ပဉ္စက္ခန္ဓာဆုံးရင် သုဿာန်ပါဘဲ။

ဖြစ် တည် ပျက် (ပဉ္စက္ခန္ဓာ)က သုဿာန်မှာဆုံးတယ်။ ဖြစ် ပျက် (ဥပါဒါနက္ခန္ဓာ)က နိဗ္ဗာန်မှာ ဆုံးတယ်။ မှတ်ထား။

ဦးကောသလ္လပြန်ကြွသွားပြီးနောက် သုံးရက်မြောက်နေ့မှာ ဒီနေရာပြန်ရောက်လို့ မြင်ယောင်နေရင် အဲဒါကို ဥပါဒါနက္ခန္ဓာလို့ ဆိုသည်။ အဲဒီခန္ဓာက ဖြစ်ပြီးရင် ဖတ်ကနဲ ပျက်သွားပါတယ်။

အဲဒီဥပါဒါနက္ခန္ဓာသည် အနိစ္စ= အမြဲမရှိပါ။ မရှိခန္ဓာပါ။ အနိစ္စခန္ဓာပါ။ အဲဒီမရှိခန္ဓာကို အရှိထင်ရင် မိစ္ဆာဒိဋ္ဌိဝင်တယ်။ အဲဒီခန္ဓာက ဒုက္ခ= ညှင်းဆဲတယ်။ ဒုက္ခခန္ဓာပါ။ အဲဒီခန္ဓာက အနတ္တ=အနှစ်အသား မရှိပါဘူး။ အနတ္တခန္ဓာပါ။

ဥပါဒါနက္ခန္ဓာသည် ရန်သူခန္ဓာ။ ရန်သူခန္ဓာကို မိတ်ဆွေထင်ရင် သဿတဒိဋ္ဌိ။ ဒီခန္ဓာ(လူ့ကိုယ်ထည်)က မိတ်ဆွေခန္ဓာပါ။ မိတ်ဆွေခန္ဓာကို ရန်သူထင်ရင် ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ်။

အမေ ဒေါ်တင်လှက မွေးလိုက်တဲ့ သည်ခန္ဓာကြီးက အနိစ္စ=မမြဲပါဘူး။ ဒုက္ခ= ဆင်းရဲပါတယ်။ အနတ္တ= အစိုးမရပါဘူး။ အဲဒါကို လူတိုင်းသိနိုင်တယ်။ ကုလားလည်းသိတယ်။ တရုတ်လည်းသိတယ်။ သုဘရာဇာတွေက ပိုလို့တောင်သိတယ်။

အဲဒီခန္ဓာကြီးကို အဲသလို အနိစ္စ ဒုက္ခ အနတ္တသိလို့ တရားမရပါဘူး။ အဲဒါကိုသိဖို့ ဘုရားပွင့်စရာလည်း မလိုပါဘူး။

## တင်ပြချက်အမှတ်(၄၅)

လက္ခဏာကြီးသုံးပါးတရားခွေတို့တွင် ပထမခွေအတွင်း၌-

ပိဋကတ်သုံးပုံလှျှတယ်ဆိုရင် အကျိုးတရား၌သိသောဉာဏ်(အတ္ထပဋိသမ္ဘိဒါ) အကြောင်းတရား၌ သိသော ဉာဏ်(ဓမ္မပဋိသမ္ဘိဒါ)ကို ရတယ်။ အကျိုးတရားက အကြောင်းတရား၌ တည်တယ်။ အဲသလိုသိတဲ့ဉာဏ်ကို ဓမ္မဋ္ဌိတိဉာဏ် = သမ္မာဒဿနလို့ ဆိုပါတယ်။ ဒါက ဒဿနသမ္မဒါရဲ့ပထမပိုင်းပါ။

အဲဒီဒဿနသမ္မဒါပထမပိုင်းကို ရလိုက်ရင် အဲဒီဓမ္မဋ္ဌိတိဉာဏ်မှာ = တရားအပေါ်မှာ တည်သွားတဲ့ဉာဏ်။ အဲဒီဓမ္မဋ္ဌိတိဉာဏ်ကို ဝိနည်းပိဋကတ်က သီလ။ သီလအပေါ်မှာတည်လိုက်ရင် ရတယ်။ သုတ္တန်ပိဋကတ်က သမာဓိ။ သမာဓိအပေါ်မှာတည်လိုက်ရင် ရတယ်။ အဘိဓမ္မာပိဋကတ်က ပညာ။ ပညာအပေါ်မှာတည်လိုက်ရင် ရတယ်။ အဲဒါဆိုရင် ဒုတိယဘဝ အပါယ်မကျဘူး။ စူဠသောတာပန်ဖြစ်သွားနိုင်တယ်။

ကိုဝင်းဇော် ကြည့်စမ်း။ ခင်ဗျားတို့က အတိတ်လဲ ဘာမှ မသိဘူး။ အနာဂတ်လဲ ဘာမှ မသိဘူး။ ပစ္စုပ္ပန်လဲ ဘာမှ မသိဘူး။ ဘာကိုမသိတာလဲဆိုရင် ခန္ဓာကို မသိတာပါ။

ဒီတော့ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ပုရေစ၊ ရှေးကဖြစ်ခဲ့တဲ့ အတိတ်ခန္ဓာတွေမှာလဲ။ ကိဉ္စနံ၊ ကြောင့်ကျခြင်းမထားပါနဲ့။ ကြောင့်ကျတယ်ဆိုတာက လောဘနဲ့ကြောင့်ကျတယ်။ ဒိဋ္ဌိနဲ့ကြောင့်ကျတယ်။ ဒါပဲ။ ပစ္ဆာ၊ နောက်ကျ ဘာဖြစ်လာမယ်။ မြင့်မြတ်တဲ့ပုဂ္ဂိုလ်။ အာသဝေါကင်းတဲ့ပုဂ္ဂိုလ်ရဲ့ နေနည်းကသုံးနည်းပဲ ရှိတယ်။

ယဿ၊ အကြင်ဈေးသည်အား။ ပုရေစ၊ မနေ့ကရောင်း ကောင်းတဲ့ခန္ဓာမှာလည်းကောင်း။ ပစ္ဆာစ၊ မနက်ဖြန်မှာလဲ ဒီနေ့လိုများ ရောင်းကောင်းမလား။ မဇ္ဈေစ၊ ဒီနေ့မှာ မြတ်ပါ့မလား။ အဲဒါ ကြောင့်ကျနေတာ။ ကိဉ္စနလို့ ခေါ်တယ်။

အနာဒါနံ၊ ဥပါဒါန်နဲ့ ဘယ်ဟာကိုမှ မယူသည် ရှိသော်။ အဲဒီပုဂ္ဂိုလ်ကို လောကမှာ ချမ်းသာဆုံးရယ်လို့ ဘုရားရှင်ဆိုပါတယ်-တဲ့ဗျာ။ လူတစ်ယောက်မှာ သုံးခုပဲ ရှိတယ်။ ပါစ်အင်းမေ့ဂျ်။ ဖျူးချားအင်းမေ့ဂျ်။ အနာဂတ်မှာ ပုံဖေါ်ထားတာတွေ ဖြစ်မလာဘူး။ တစ်နေ့မှာ တစ်သောင်းရင်းထားတယ်။ တစ်ထောင်မြတ်တယ်။ နှစ်သောင်းရင်းထားရင် ဘယ်လောက်မြတ်မလဲ။ (နှစ်ထောင်ပါဘုရား။) အဲဒါ အနာဂတ်ကို အတ္တလုပ်လိုက်တာပဲ။ အဲသလိုမြတ်မှာ သေချာလို့လား။ မသေချာဘူးဗျ။ ရှုံးချင်လဲ ရှုံးသွားမှာပဲ။

အဲဒါကြောင့်မို့ ပစ္စုပ္ပန် အတိတ် အနာဂတ် ကာလသုံးပါးမှာ အတ္တနဲ့ မစွဲပါနဲ့။ အတ္တနဲ့မစွဲရင် ချမ်းချမ်းသာသာ နေရပါလိမ့်မယ်။

ယဿ၊ အကြင်သူအား။ ပုရေစ၊ အတိတ်ဖြစ်တဲ့ဥပါဒါနက္ခန္ဓာ ဓမ္မာရုံအပေါ်၌လည်းကောင်း။ ပစ္ဆာစ၊ အနာဂတ်ဓမ္မာရုံ၌လည်းကောင်း။ မဇ္ဈေစ၊ ပစ္စုပ္ပန်ဓမ္မာရုံ၌လည်းကောင်း။ ကိဉ္စနံ၊ ရာဂဒေါသ မောဟတရားတွေနဲ့ ကြောင့်ကျခြင်းမရှိသော်။

အနာဒနံ၊ အဲဒီကာလသုံးရပ် ခန္ဓာသုံးအင်မှာ အနိစ္စလို့ ရှုမယ် ဒုက္ခလို့ ရှုမယ် အနတ္တလို့ ရှုမယ်။

ဟော အနိစ္စလို့ရှုရင် အရိပ်နိမိတ်ပုံသဏ္ဍာန်ကလေးတွေအပေါ်မှာ လက္ခဏာထင်တယ်။ ဒုက္ခလို့ရှုရင် ကိလေသာအကြောင်းကြောင့်ဖြစ်လာတဲ့ပဝတ္တ = ဥပါဒိနက္ခန္ဓာ ငါးပါးအပေါ်မှာ လက္ခဏာထင်တယ်။ အနတ္တလို့ရှုရင် နိမိတ္တအပေါ်မှာရော ပဝတ္တအပေါ်မှာပါ။

(နိမိတ္တဆိုတာက ပုံသဏ္ဍာန်ကလေးပေါ်လာတာပါ။

ပဝတ္တဆိုတာက ခန္ဓာဖြစ်ပေါ်လာတာ။)

လက္ခဏာထင်တယ်။ အဲသလိုရှုရင် လွတ်မြောက်တော့ ချမ်းသာပါတယ်။ ဒါကို လက္ခဏာသုံးပါးလို့ ဆိုသည်။

## တင်ပြချက်အမှတ်(၄၆)

ပါသာဒိကသုတ်တရားခွေတို့တွင် ဒုတိယခွေအတွင်း၌-

နမော ဝိဘဇ္ဇဝါဒိနော မဟာကာရုဏိကဿ

အြမှာကံ၊ ထေရဝါဒဒဿနသမ္ပဒါနည်းအဖြာဖြာကို ဒေသနာအရပ်ရပ်မှာ ဖွေရှာကာ တင်ပြ ဟောကြားမည့်တပည့်တော်နှင့် ရိုသေစွာနာယူကြမည့် တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၏။ ဘုန်းကြီးများက ထေရဝါဒဒဿနသမ္ပဒါနည်းဆိုပြီး နည်းတစ်ခုနဲ့ ဟောပါတယ်။

ဒီကနေ့ မြန်မာတစ်ပြည်လုံးမှာ ဝိပဿနာလုပ်တဲ့ပုဂ္ဂိုလ်တွေဟာ များသောအားဖြင့် ဘာဝနာသမ္ပဒါ နည်းနဲ့လုပ်နေကြတော့ အကျိုးသတ်သမားတွေဖြစ်ပြီး ဥစ္ဆေဒဒိဋ္ဌိသမားတွေဖြစ်နေကြလို့ သေရင် အဝီစိ ရောက်ကြရမယ့်သူတွေချည်းပဲ။

ဘုန်းကြီးတို့က နည်းနည်းကလေးပေါ့။ အကုန်မဟောပါဘူး။ ကိုယ့်ဆရာသမားများက ပေးခဲ့ တဲ့. . .။

ဆရာတော် ဦးဥက္ကံသဗုဒ္ဓိ။ ဆရာတော်ဦးစန္ဒောဘာသတို့ရဲ့ဆရာပေါ့။ အဲဒီဆရာတော်က ပေးခဲ့တဲ့ အရိယသစ္စာနည်းရယ်
သတိပဋ္ဌာန်နည်းရယ်
ပဋိစ္စသမုပ္ပါဒ်နည်းရယ်
ပဋ္ဌိသမ္ဘိဒါနည်းရယ်
ပဋ္ဌာန်းနည်းရယ်လို့ နည်း(၅)နည်း ရှိပါတယ်။

ဒီတော့ ဒီကနေ့ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေကို ဘုန်းကြီးများက မေးကြည့်ပါတယ်။ လူတိုင်းကို မေးပါတယ်။ ဟေတုပစ္စယော -ပ- အဝိဂတပစ္စယော။ (၂၄)ပစ္စည်းထဲမှာ ယူတယ် လှမ်းတယ်လို့ ပါသလား။ (မပါဘူး။) မပါဘဲတရားရတယ်။

ဘုန်းကြီးတို့တရားဟောတာကို သတိပဋ္ဌာန်လဲ မပါဘူးလို့ ပြောကြတယ်။ ဘာလို့မပါရမှာလဲ။ ငါက သတိပဋ္ဌာန်လဲ ဟောတယ်။ ဓမ္မာနုပဿနာ= ဥပါဒိနက္ခန္ဓာကို ဟောတယ်။ ဓမ္မာနုပဿနာကို ဘယ်လို ရှုလဲဆိုရင် ပဥ္စသု ဥပါဒါနက္ခန္ဓေသု။ ဒါပဲ။ အခု အဲဒါတွေကို မပြောပါဘူး။

အရိယသစ္စာနည်းက ဓမ္မစကြာက လာတယ်။

သတိပဋ္ဌာန်နည်းက မဟာသတိပဋ္ဌာနသုတ်က လာတယ်။

ပဋိစ္စသမုပ္ပါဒ်နည်းက ပြောစရာမလိုပါဘူး။

ပဋ္ဌိသမ္ဘိဒါနည်းကိုကျတော့ ဗမာပြည်မှာ ဟောတဲ့ဘုန်းကြီးက ရှားပါတယ်။

ဖဿ၌သိသောဉာဏ်သည် အတ္ထပဋိ သမ္ဘိဒါမည်၏။ ဖဿ၏အကြောင်း၌သိသောဉာဏ်သည်

ဓမ္မပဋိသမ္ဘိဒါမည်၏။ အဲဒီအထဲမှာ ကေသာ=ဆံပင် ဆိုတာတွေလဲ မပါပါ။ ယူတာလှမ်းတာကြွတာတွေလဲ မပါပါ။

**ဘုန်းကြီးက (၂၀၀၅)မှစပြီးတော့ တရားဟောနည်းတစ်ခုကို ပြောင်းလိုက်ပါတယ်။ စီးတီး လိုက်ပဲ ဟောပါတယ်။ စူပါဟိုက်က ကိုဝင်းကို ပြောလိုက်လို့ တစ်ခါတည်းပဲ ပြောပါတယ်။ သုတ် တစ်သုတ်ကို တစ် နှစ် သုံး စသည်အားဖြင့် အပြီးဟောပါတယ်။**

ဘုန်းကြီးတို့ဆရာတော်ဖြစ်တဲ့ဦးစန္ဒောဘာသက တရားဟောနေတာ နှစ်(၂၀)ကျော် ရှိပါပြီ။ မှတ်တမ်းတင်ထားတာက မရှိဘူး။ ဒါကြောင့်မို့ ဦးစန္ဒောဟောသမျှတို့ကို မှတ်တမ်းတင်ဖို့ ပြောပြီး မှတ်တမ်း တင်ကြရပါတယ်။ ခုဆိုရင် ဦးစန္ဒောဟောထားတွေ တော်တော် မှတ်တမ်းရှိလာကြပါပြီ။

ဒီထေရဝါဒဒသနသမ္ဘိဒါနည်းနဲ့ ဟောထားတဲ့တရားခွေကို အပေါ်မှာထားပြီးတော့ အဂ္ဂမဟာ ပဏ္ဍိတဆရာတော်ကြီးက အောက်ကနေ ကျုံ့ကျုံ့ကလေးနဲ့ ထိုင်ပြီး နာယူတယ်။ အဘိဓဇဆရာတော် ကြီးတွေက နာယူကြတယ်။ အဲဒါ. . .။

ဦးကောသလ္လသည် စာတတ်ပါတယ်။ တရားဟောပါတယ်။ ဒါပေသိ- တဏှာကျော့ကွင်းမှလဲ မလွတ်သေးပါ။ မိစ္ဆာဒိဋ္ဌိကျော့ကွင်းမှလဲ မလွတ်သေးပါ။

ငါကစာတတ်တယ်။ အသက်(၄၀)နဲ့ ပိဋကတ်သုံးပုံ အာဂုံ ဆောင်နိုင်ခဲ့တယ်ဆိုတဲ့ မာနကျော့ကွင်း မှလဲ မလွတ်သေးပါ။ . .။

ခုချန်ထိတော့ ချောတိုင်ထိပ်မှာပဲ ရှိတယ်။ ချောတိုင်ပေါ်က လျှော့မကျသေးပါဘူး။

ဦးစန္ဒောဘာသက ဘုန်းကြီးတို့ဆရာပါ။ . .။ ဆရာတော်ဦးသောဘဏဆိုတာလဲ ဆရာသမား ပါပဲ။

မယံ၊ တပည့်တော်တို့သည် (ဝါ) ထေရဝါဒီတို့သည်။ တဏှာပါသေဟိ၊ လိုချင်တဲ့ တဏှာ ကျော့ကွင်းတို့မှလည်း။ ဝိမုစ္စန္တိ၊ လွတ်ကြပါကုန်၏။ (ငွေတစ်သိန်းကို လှူလို့တဲ့လေ။) ဒိဋ္ဌိပါသေဟိ၊ အယူမှားတဲ့ကျော့ကွင်းမှလည်း။ ဝိမုစ္စန္တိ၊ လွတ်ကြပါကုန်၏။ မာနပါသေဟိ၊ ငါတကားလို့ ထောင်လွှားတဲ့ မာနကျော့ကွင်းမှလည်း။ ဝိမုစ္စန္တိ၊ လွတ်ကြပါကုန်၏။ က္လေသာမစ္ဆရိယပါသေဟိ၊ ဝန်တိုခြင်း စဉ်းလဲခြင်း ကျော့ကွင်းတို့မှလည်း။ ဝိမုစ္စန္တိ၊ လွတ်ကြပါကုန်၏။

အဲဒီကျော့ကွင်းတွေထဲမှာ ရှိနေရင် နိုးထေရဝါဒပဲ။ (-ထေရဝါဒလုံးဝ မဟုတ်ဘူး။) ဦးကောသလ္လကို ကြည့်။ ဦးကောသလ္လက ကျော့ကွင်းတွေထဲမှာ မရှိဘူး။ လွတ်ကင်းနေတယ်။

ဆရာတော်ဦးကောသလ္လက မိုက်ချင်မိုက်မယ်။ ဆိုးချင်ဆိုးမယ်။ ခင်ဗျားတို့ကိုတော့ ဘယ်တော့မှ အပါယ်ရောက်ကြောင်းတရားတွေကို မဟောဘူး။

ဆရာကြီးဖြစ်သွားပြီဆိုတော့ ကျုပ်က ကိုဝင်းဇော်ကို“ကိုဝင်းဇော် ဓမ္မစေတီဆရာတော်ဦးကောသလ္လ ဟောပြနေတဲ့ထေရဝါဒတရားတွေက မှားနေတယ်ဗျာ”လို့ ကျုပ်ကိုယ်တိုင် ပြောရင်တောင်မှ ကိုဝင်းဇော်က မယုံတော့ဘူး။

သက်တော်က (၈၀) ဝါတော်က (၆၀) ဆရာတော်ကြီးက ရဟန်းသီလတွေကို ပြန်ဆင်ခြင်တယ်။ ရှင်ဘုရင်ရဲ့သဒ္ဓါတရားကို ထိမ်းထားဖို့အတွက်ပေ့ါ။ အဲဒီသီလတွေကလဲ ဓမ္မာရုံ ဖြစ်ကောင်းပါတယ်။

ဟို လွန်လေပြီးသော (၂၆)နှစ်လောက်က ရေမြုတ်တဲ့အထဲမှာ ထေရဝါဒတရားတွေကို ကျားကုတ် ကျားခဲ လုပ်ခဲ့တဲ့ဦးစန္ဒောဘာသကို ရှိခိုးပါတယ်။ ဦးစန္ဒောဘာသဆိုတာ အခုတော့

-----ရန်ကုန်တိုင်းဝန်ဆောင်ဆရာတော်။

----မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ။

-----ဓမ္မဗိမာန်ကျောင်းတိုက်ပဓာနနာယကဆရာတော်။

ဒကာဒကာမတွေနဲ့ တရားပွဲကြီးတွေဖြစ်အောင် ဆောင်ရွက်နိုင်တယ်။ မြောက်ဥက္ကလာမှာ ဘုန်းကြီးတယ်။ ဒီဂုဏ်တွေကို ရှိမခိုးပါဘူး။

ဦးကောသလ္လဆိုတာကလဲ ငမိုးရိပ်ချောင်းဘေး သဲတောထဲမှာ ဦးစန္ဒော်တို့ ဦးရှမ်းတို့ တရားသင်တန်းလာကြတဲ့ ဆရာတော်တွေရဲ့ ထွေးခံဆေးရင် ကြက်သွန်သင်ရင်း ထေရဝါဒကို ရခဲ့တဲ့ဘုန်းကြီးပါ။ ဒါ့ကြောင့် ဘဝင်မမြင့်ပါဘူး။

အခုဆိုရင် ဆရာတော်ဦးဣန္ဒောဘာသ မရှိတော့ဘူး။

ဆရာတော်ဦးဥက္ကံသဗုဒ္ဓိ မရှိတော့ဘူး။

ဆရာတော်ဦးဇသိက မရှိတော့ဘူး။ ဘုန်းကြီးတို့ အလှည့်ရောက်လာပြီ။ ဘုန်းကြီးဆိုလိုတဲ့သဘောကို ခင်ဗျားတို့ သဘောပေါက်ပါတယ်နော်။ ထေရဝါဒသာသနာတော်ကို ခက်ခက်ခဲခဲ တည်ထောင်ရပါတယ်။

ဆရာတော်ဦးနာရဒဆိုရင် ညစာခိုးစားတယ်။ ဘယ်ဒကာမနဲ့ တွဲသွားတယ်-တဲ့။ ဆရာကြီးဆီ တရားလိုက်တုန်းက။ အပြောခံလိုက်ရတာလေ။ အမ်မယ်လေး။ တို့လဲ အပြောခံရတာပဲ။ အဲသလိုမျိုး ခက်ခက်ခဲခဲ တည်ထောင်ခဲ့ရတဲ့ ထေရဝါဒသာသနာတော်ကြီး. . အခု ထိုက်သင့်သလောက်ပေါ့။ ပြန့်သင့်သလောက်လဲ ပြန့်ပါတယ်။ ပွါးသင့်သလောက်လဲ ပွါးပါတယ်။

ဦးကောသလ္လက ကိုယ့်ကိုယ်ကို သေနတ်နဲ့ ပစ်သတ်တယ်။ သေတာပဲ။ သတ်ရမယ့်ခန္ဓာက ဘာလဲဆိုရင် ဉပါဒါနက္ခန္ဓာပါ။ ဉပါဒါနက္ခန္ဓာကို မသတ်ဘဲ ဒီခန္ဓာကိုယ်ကြီးကို ဒိန်းကနဲ သေနတ်နဲ့ ချလိုက်တယ်။ ဆွဲကြိုးချသေတယ်။

မသတ်သင့်တဲ့ပဥ္စက္ခန္ဓာကြီးကို သွားသတ်နေတာပဲ။ သိသင့်တဲ့ခန္ဓာကို (မသိဘဲ)သွားသတ်တော့ ဉစ္ဆေဒဒိဋ္ဌိ ဖြစ်တယ်။ သေရင် ငရဲသွား။ အဝီစိပဲ။

ကိုယ့်ယောက်ျားက နောက်မိန်းမယူလို့ အင်လျားကန်ထဲသွား ခုန်ချတယ်။ မသတ်သင့်တဲ့ခန္ဓာကို သတ်တော့ ယောက်ျားလဲ ဆုံးသေးတယ်။ ကိုယ်လဲ သေလို့ ဉစ္ဆေဒဒိဋ္ဌိကြောင့် အဝီစိရောက်သေးတယ်။ အမှန်က သူယူသွားရင် ကိုယ်လဲ ထပ်ယူပေါ့။ ရှင်းရှင်းကလေးရယ်။

ဦးကောသလ္လ ဆိုရင် မသတ်ဘူး။ ဦးကောသလ္လရဲ့အမျိုးသမီးက အဲလိုယူရင် သူယူ ကိုယ်ယူပေါ့။ အဲဒါကြောင့်မို့ မပယ်သင့် မပယ်ထိုက်တဲ့ခန္ဓာကို ပယ်ရင်သတ်ရင် ဉစ္ဆေဒဒိဋ္ဌိ ဖြစ်တယ်။ ပယ်သင့်ပယ်ထိုက်တဲ့ခန္ဓာကို လက်ထဲမှာ သိမ်းထားရင် သဿတဒိဋ္ဌိ ဖြစ်တယ်။ ဟုတ်ပြီနော်။

## တင်ပြချက်အမှတ်(၄၇)

ထေရဝါဒ၏အနှစ်သာရတရားခွေတို့တွင် ပထမခွေအတွင်း၌-

ဒီနေ့ဓမ္မစေတီဦးကောသလ္လသည် ထေရဝါဒအကြောင်းအရာများကို ဟောနေတာဖြစ်ခြင်းကြောင့် တစ်ကမ္ဘာလုံးမှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ-လို့ မပါဘူး။ . . ကျွန်ုပ်တို့သည် အနာဂတ်လူငယ်များအပေါ်မှာ သံဃာတော်အရှင်မြတ်များအပေါ်မှာ သစ္စာမဖေါက်ပါဘူး။

သဒ္ဓါတရားဖြင့် ချဉ်းကပ်လာကြတဲ့ ဒကာ ဒကာများအပေါ်မှာ ကျွန်ုပ်သစ္စာမဖေါက်ပါဘူး။ ခင်များတို့ကို မြှောက်ပင့်ပြောသော အချက်အလက်များ တစ်ခုမှ မပါဘူး။

(ဒုတိယခွေ၊ ပထမဖိုင်တွင် ဘိုးဘိုးအောင်ကို ဝေဖန်ပြထားသည်။ အရေးမပါသည်ဖြစ်၍ ထား။)

ဒုတိယခွေ၊ ဒုတိယဖိုင်အတွင်း၌-

သဗ္ဗေ သင်္ခါရာ အနိစ္စာ . . .

သဗ္ဗေ သင်္ခါရာ ဒုက္ခာ. . .

သဗ္ဗေ သင်္ခါရာ အနတ္တာ

သဗ္ဗေ၊ အလုံးစုံကုန်သော ဓမ္မာရုံ အဘိသင်္ခါရတို့သည်။ အနိစ္စာ၊ မမြဲကုန်ပါဘုရား။ တစ်နည်း အမြဲမရှိကုန်ပါဘုရား။ ဒုက္ခာ၊ ဆင်းရပါကုန်၏။ တစ်နည်း ငြင်းဆဲပါကုန်၏။ အနတ္တာ၊ အစိုးမရကုန်ပါဘုရား။ တစ်နည်း သုဉ်းဆိတ်ကုန်၏။ အနှစ်အသား မရှိကုန်။

အဲသလို အနိစ္စ(၂)မျိုး ဒုက္ခ(၂)မျိုး အနတ္တ(၂)မျိုးကို သိမှ သစ္စာဝင်တယ်။

မမြဲတဲ့အနိစ္စက တစ်မျိုး။ ဒါက အနိစ္စဖြစ်ပေမယ့် သစ္စာမဖြစ်ဘူး။ အမြဲမရှိတဲ့အနိစ္စက တစ်မျိုး။ ဒါကမှ သစ္စာ ဖြစ်တယ်။

ဆင်းရဲတဲ့ဒုက္ခက တစ်မျိုး။ ဒါက ဒုက္ခဖြစ်ပေမယ့် သစ္စာမဖြစ်ဘူး။ ငြင်းဆဲတဲ့ဒုက္ခက တစ်မျိုး။ ဒါကမှ ဒုက္ခလဲဖြစ်ပြီးတော့ သစ္စာလဲ ဖြစ်တယ်။

မမြဲတဲ့အနတ္တက တစ်မျိုး။ ဒါက အနတ္တသာ ဖြစ်တယ်။ သစ္စာမဖြစ်ပါဘူး။ အနှစ်အသားမရှိတဲ့ အနတ္တက တစ်မျိုး။ ဒါကမှ သစ္စာလဲ ဖြစ်တယ်။

အဲသလို သစ္စာမဝင်တာက သုံးမျိုးရှိပြီး သစ္စာဝင်တာ သစ္စာထိုက်တာက သုံးမျိုး ခွဲခြားသိရမယ်။

သစ္စာထိုက်တဲ့ အနိစ္စ ဒုက္ခ အနတ္တကို သိမှသာလျှင် ဝိပဿနာ ဖြစ်တယ်။ ဝိပဿနာတွေ လုပ်တော့မယ်ဆိုရင် ဒါကို သိမှ ဖြစ်တယ်။

ဝေဒနာက ဒုက္ခထိုက်တယ်။ အဲဒီဝေဒနာကို တဏှာနဲ့ ဥပါဒါန်နဲ့ လာယှဉ်လိုက်မှ သစ္စာထိုက်ပါတယ်။အဲဒီတဏှာဥပါဒါန်နဲ့ ယှဉ်တဲ့အခါ အတိတ်အတွေးပုံရိပ် အနာဂတ်အတွေးပုံရိပ်များသာ အကြောင်းဝေဒနာဖြစ်လို့ ဝေဒနာရင်မှာပိုက်ပါလို့ဆိုတာ ဖြစ်လာတော့ ဒုက္ခဖြစ်တာ။

ဗုဒ္ဓဘာသာထေရဝါဒီတစ်ဦးသည် သဘာဝတရားတွေရဲ့အပေါ်မှာ အနတ္တမြင်အောင် (အတ္တကင်းအောင်) ကြည့်တတ်ရပါသည်။

## တင်ပြချက်အမှတ်(၄၈)

ဩစတြေးလျားနိုင်ငံဟောတရားခွေ(၈)တို့တွင် ပဌမခွေအတွင်း၌-

ကျွန်ုပ်က ဆရာညွန့်ရဲ့တပည့်ဖြစ်ခြင်းကြောင့် ကျွန်ုပ်က ဂိုအင်ဂါတို့ရဲ့ တတိယ (မာစတာ အော့ဖ်မာစတာ) အာစရိယပါစရိယပါ။ ဆရာ့-ဆရာရဲ့ဆရာပါ။

(ဂိုအင်ဂါရဲ့ဆရာက ဦးဘခင်။ ဦးဘခင်ရဲ့ဆရာက ဦးသက်။ ဦးသက်ရဲ့ဆရာက ဦးညွန့်။ ဦးညွန့် ကျွန်ုပ်ဆရာ။ ဦးသက်နှင့်ဦးကောသလ္လသည် အဆင့်တူဟု ဆိုလိုသည်။)

ဒါပေသိ ကံအကောင်း အကြောင်းမသင့်ခဲ့တော့. . . ။ ဗမာပြည်မှာ အဲသလိုမျိုးတွေ ရှိပါတယ်။

ကျွန်ုပ်ရဲ့ ပြောဆိုချက်ကြောင့် သုံးဦးတော့ နေရာရသွားပါတယ်။

(တစ်) မီးဒုတ်သခင်သိမ်းမောင်ကြီး။ သူက ဦးနေဝင်းကို "ငါတို့က လွတ်လပ်ရေးရအောင် လုပ်ပေးပြီးပြီ။ နိုင်ငံကောင်းအောင်လုပ်ဖို့က မင်းတာဝန်ပဲ"လို့ ပြောခဲ့တာ။ ပြီးတော့ မြန်မာပြည်မှာ ကျောင်းပေါင်း(၂၀၀) ကျော် ရောက်ခဲ့တာတောင် ငါ၀တ်ချဖို့ ဘုန်းကြီးကျောင်းမတွေ့ခဲ့ဘူးလို့ ပြောတယ်။ အဲဒါကို ကျုပ်က

ပြောပေးခဲ့လို့ သူ့သားခင်မောင်လတ်က အမျိုးသားစာပေဆု ရသွားပါတယ်။
ဒါကိုတော့ မင်းတို့ တည်းဖြတ်လိုက်ပေါ့။
(နှစ်) ဂီတလုင်မောင်ကိုကို။ သူက ပါမောက္ခနေရာရသွားတယ်။
(သုံး) ဆရာမကြီးဒေါ်သန်းဆွေ။ သူ အမျိုးသားစာပေဆု ရသွားပါတယ်။

ဓမ္မစေတီတရားက လွယ်လွယ်နဲ့ မဖြစ်ခဲ့ဘူး။ ကျွန်ုပ်က လွယ်လွယ်နဲ့ မပေးဘူး။ ပေါ်သွားမှာစိုးလို့။ မြန်မာပြည်မှာ တန်ဖိုးရှိတဲ့အရာတွေဟာ ဒီလိုပဲ ပျောက်ကွယ်တတ်ပါတယ်။ အခုဟောတော့မယ့်ဒဿန သမ္မဒါနည်းဟာလဲ ဒီလိုခက်ခက်ခဲခဲ ရှာရှာဖွေဖွေ ရှာရပါတယ်။

ရှာလိုက်တဲ့အခါမှာ အဲဒီဆရာကြီးဦးညွှန့်။ ဦးညွှန့်ရဲ့ တပည့်ကဆရာသက်ပါ။ ဦးငွေးလှိုင်က ဦးညွှန့် = ဖိုဝင်တောင်လူသူတော်ဆရာကြီး(ပုတီးဆရာကြီးမျှသာဖြစ်ခြင်းကြောင့်)လို့ ရေးလိုက်တဲ့အတွက်ကြောင့် တိုင်းပြည်ဒုက္ခရောက်သွားပါတယ်။ အဲသလိုနဲ့ ဆရာညွှန့် မြုပ်သွားတယ်။ ဖိုဝင်တောင်နားမှာ ဆရာကြီးဦးညွှန့်က လူဝတ်ကြောင်နဲ့ ဓာတ်တော်ကျခဲ့ပါတယ်။

ထမီပုဆိုးဝတ်၍ ဓါတ်တော် ကျနိုင်ပါတယ်ဆိုတာကို ဒီဆစ်ဒနီမြို့မှာ ဓမ္မစေတီဦးကောသလ္လ ဟောခဲ့ပါတယ်။ သာကေတမှာ ကျုပ်က တစ်ရက် ပုတီးပတ်ရေ(၂၀၀)ကျော်လောက် စိတ်ခဲ့ပါတယ်။ အဲဒီနည်းနဲ့ ဘိုးတော်သန်းလှဆိုတာ ဖိုဝင်တောင်မှာ ပုတီးစိတ် ပြီး အောင်မြင်ပါတယ်။ နဝတက သူ့ကို လက်ထဲထည့်သွားပါတယ်။

အဲဒီကနေ သူက ဆရာညွှန့်ရဲ့ ရုပ်တုတော်ကြီးကို ဘိုးတော်အောင်မင်းခေါင်အဖြစ် ပြောင်းထည့် လိုက်ပါတယ်။ ဆရာညွှန့် ပျောက်သွားပါတယ်။ ပြီးတော့မှ ဆရာညွှန့်ရဲ့ဓာတ်တော်စေတီကိုလဲ ဘိုးတော် သန်းလှနေလစေတီတော်လို့ဆိုပြီးတော့ ပြင်ထည့်လိုက်တယ်။ ဒါက ပထမတစ်ယောက်ရဲ့မှားယွင်းချက်ပါ။

ဒုတိယတစ်ယောက်။ မင်းသိခ် ရောက်လာပြီး အဲဒီမှာ အဓိဋ္ဌာန်ဝင်ပါတယ်။ အောင်မြင် သွားပြီးတော့ ဇကံသဗ္ဗာကရဏစေတီလို့ ထပ်လုပ်လိုက်ပါတယ်။ ဓာတ်တော်စေတီက တတိယနာမည် ရသွားပါတယ်။

အဲဒါတွေကို ဆရာတော်အား လျှောက်ထားခဲ့ပါတယ်။ အရှင်ဘုရား အဲဒီစေတီကို ဖျက်ပစ်လိုက်ပါ ဘုရား။ အရိယာသူတော်စင်ကြီးတစ်ပါး ပရိနိဗ္ဗာန်စံပြီးတော့ ဓာတ်တော်ကျတဲ့ ဒီလိုနေရာမှာ မဟာယာန တွေကနေ အပိုလုပ်တာတော့ ရင်နာစရာကောင်းတယ်လို့ ဘုန်းကြီးက ပြောခဲ့ပါတယ်။ ဖျက်တာမဖျက်တာ က အရှင်ဘုရားတို့ရဲ့ တာဝန်။ သမိုင်းအမှန်ကိုပြောတာက တပည့်တော်ရဲ့ တာဝန်။

ဒီလိုဆိုရင် အဲဒီဆရာကြီးဦးညွှန့် (ယခုအသက်-၉၉)က ဘုန်းကြီးကို တွေ့ချင်တယ်-တဲ့။ ပင့်ပါတယ်။ သူက မုံရွာမှာ နေတာ။ ကျွန်ုပ်က နောက်ဆုံး တပည့်ပါ။ ကောသလ္လက ဒီတရားတွေကို ဟောနေတယ် ဆိုတော့ ငါဟာ ဆရာကြီးဦးညွှန့်ရဲ့တပည့်ပါ။

လယ်တီ ဆရာတော်ဘုရားကတောင်မှ တစ်ခါတစ်ရံ ကိုညွှန့်ကလဲကွာလို့ဆိုပြီး သြချလောက် ပါတယ်။ ဦးညွှန့်ဟာ အဲသလောက်အထိ ဝိပဿနာထိပ်တန်း ရောက်ပါတယ်။ အခုရှိပါသေးတယ်။

ဘုန်းကြီး(ဦးကောသလ္လ)နဲ့ ၁၉၉၆-ခုနှစ်မှာတွေ့တော့ ဦးညွှန့်က (၉၇)နှစ်ပါ။ အဲဒီမုံရွာနယ် တစ်နယ်လုံးမှာ ဘုန်းကြီးကျောင်းလဲ မသွားဘဲ ဘုရားလဲ မသွားဘဲ ဆရာညွှန့်ဘက်လှည့်ပြီး ဒီနေ့ ဥပုသ် ဆောက်တည်ထားပါတယ်ဆိုရင် အဲဒီမုံရွာနယ်မှာ တစ်နယ်လုံး. . ။

**ကျွန်ုပ်ရဲ့ ဘယ်သူလဲဆိုတာ**
**ဒီလောက်ဆိုရင် သဘောပေါက်လောက်ပါပြီ။**

အဲဒီဆရာကြီးဦးညွန့်ရဲ့ ဝိပဿနာတွေပါ။ အဲဒီဆရာကြီးရဲ့နည်းစနစ်တွေပါ။ ကျမ်းအနေနဲ့ကတော့ **ပညာနေတ္တိဝိပဿနာကျမ်း**လို့ ဆိုပါတယ်။ အဲဒီကနေ ဒဿနသမ္ပဒါနည်း လာတာပါ။

ဦးဩဘာတို့ ဦးဖိုးရှမ်းတို့ ဦးစန္ဒိမာတို့ဆိုတဲ့ဆရာတွေဟာ ဘုန်းကြီး(ဦးကောသလ္လ)နဲ့ ပညာသင်ဘက်တွေပါ။ သူတို့က အခုအသက်(၇၅/၇၄)တွေ ဖြစ်နေပြီ။

၁၃၄၁-၁၃၄၅-မှာ ကျွန်ုပ် ဝိပဿနာလုပ်တဲ့အခါမှာ သူတို့က အနိမ့်ဆုံးဘုန်းကြီးက (၂၈)ဝါ (၅၈)နှစ်ပါ။ အခု ဦးစန္ဒိမာက (၆၉)။ ဒီဦးကောသလ္လက သူတို့(ဆရာတောင်းဆရာမြတ်တွေ)သင်ပြသမျှ အကုန်မှတ်မိတယ်။

အခုလဲ မြန်မာနိုင်ငံမှာ ဒီဒဿနသမ္ပဒါနည်းဆိုတာက ကျွန်ုပ်သည် နောက်ဆုံးကျည်ဆံပါ။ ကျွန်ုပ်သေပြီးရင် အဲဒီနည်းတွေက ပျောက်သွားမှာပါ။ ဘာလို့လဲဆိုတော့ ကျွန်ုပ်နဲ့အတူ ဝိပဿနာသင်တန်းတက်ခဲ့သော အနိမ့်ဆုံးဘုန်းကြီးက (၇၀)။ဖိုးရှမ်းဆိုရင် (၈၀)။

ကျွန်ုပ်မရှိပြီးရင် ဤဒဿနသမ္ပဒါနည်းသည် ဤမြန်မာပြည်မှ လွယ်လွယ်ကူကူပဲ ပျောက်ကွယ်သွားမယ်။ ဒါ့ကြောင့်မို့ ခင်များတို့ သေသေချာချာ နားထောင်ပါ။

ဝိပဿနာအားလုံး ကိုယ်ကြားဖူးထားတဲ့အရာအားလုံးကို အခု ခဏဖယ်ထားလိုက်ပါ။ အခု ဒဿနသမ္ပဒါနည်းကို ဟောပါ့မယ်။ ဒဿနသမ္ပဒါနည်းသည် တဏှာ မာန ဒိဋ္ဌိ ပပဉ္စတရားသုံးပါး။ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ အာသဝေါတရားလေးပါး။ အဲသလိုစကားလုံးကလေးတွေ ရှိပါတယ်။

အခုပပဉ္စတရားသုံးပါးကို ပြောကြည့်မယ်။ တဏှာ မာန ဒိဋ္ဌိ။ အဲဒါက ဘုရားရှင်ဟောတာက ဟောစဉ်သာ ဖြစ်ပါတယ်။ ကျင့်စဉ်မဟုတ်ပါဘူး။ သတိပဋ္ဌာန်လေးပါးရှိရာမှာ မြန်မာနိုင်ငံရှိ ရိပ်သာတွေသည် ကာယာနုပဿနာသတိပဋ္ဌာန်ကို စပြီးပြပါတယ်။ အဲဒါ ဟောစဉ်လား ကျင့်စဉ်လား မကွဲပါ။ မခွဲပါ။

ကာယာနုပဿနာဆိုတာ တတိယအဆင့်မို့ အနာဂါမ်ကျမှ လုပ်မယ်။ သတိပဋ္ဌာန်လေးပါးကို ကာယ ဝေဒနာ စိတ္တ ဓမ္မလို့ အစဉ်အတိုင်းပဲ သင်ပါတယ်။ နိုးနိုး-လုံး၀ မှားပါတယ်။

ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ။ အစဉ်အတိုင်းပဲ သင်ပါတယ်။ ကျွန်ုပ်ကတော့ ဒိဋ္ဌာသဝက ဖေါက်သင်ပါတယ်။ အဲဒီမှာတင် အများနဲ့ မတူတာ ဖြစ်လာပါတယ်။

အခုလဲ တဏှာ မာန ဒိဋ္ဌိ။ ဟောစဉ်ကတော့ ဟုတ်တယ်။ ကျင့်စဉ်ဆိုရင်တော့ ဒိဋ္ဌိကနေ စရပါလိမ့်မယ်။

ဘုန်းကြီး(ဦးကောသလ္လ)က ဝိပဿနနဲ့ ပတ်သက်လို့ တိတ်ခွေပေါင်း ထောင်ဂဏန်း နားထောင်ပြီးပါပြီ။ စာအုပ်ပေါင်း ရာကျော်ဖတ်ထားပြီး ပါပြီ။ ကျွန်ုပ်မဖတ်ဖူးသော ဝိပဿနာစာအုပ်ဆိုတာ ဗမာပြည်ရဲ့ ပြင်ဘက်မှာတောင် (မရှိဘူး။)

မြန်မာနိုင်ငံမှာရော ကမ္ဘာမှာရော တဏှာသတ်နည်းကိုပဲ အများဆုံးဟောပါတယ်။ ဒေသနာက္ကမ၊ ပဋိပတ္တိက္ကမ၊ ပဟာနက္ကမလို့ ခွဲပြီးသိရပါမယ်။

ဒဿနသမ္ပဒါနည်းက ရန်သူကိုရွေးပြီး ပစ်ပါတယ်။ ဒိဋ္ဌိကိုသတ်နိုင်အောင် ရွေးပြီးလုပ်သောနည်းကို ဒဿနသမ္ပဒါန်းလို့ ခေါ်၍ တဏှာမာနကိုသတ်တာက ဘာဝနာသမ္ပဒါနည်း ဖြစ်တယ်။

အဲဒီလို တဏှာကိုအရင်ဆုံးသတ်တဲ့နည်းက ကုသိုလ်ရလို့ ကောင်းတော့ကောင်းတယ်။ မမွန်ပါဘူး။ ဒဿနသမ္ပဒါနည်းရော ဘာဝနာသမ္ပဒါနည်းရော အကြောင်းခန္ဓာရော အကျိုးခန္ဓာရော မခွဲဘဲနဲ့ အားထုတ်ရင် ရတော့ရပါတယ်။

ဒါပေသိ မလိုလားအပ်တာတွေပါ သေပါတယ်။ ဗုံးကပ်ပြီးသတ်တာနဲ့ တူပါတယ်။ လက်ဖြောင့်

သမား(ဆနိုက်ပါ)နဲ့ ရွေးပြီး ပစ်သတ်တာဟာ ဒဿနသမ္ပဒါနည်းနဲ့ တူပါတယ်။ပေါ်သမျှကိလေသာ အကုန်လုံးကို မသတ်ရဘူး။

ဝင်လေထွက်လေလုပ်လိုက်၊ ယူတယ်လှမ်းတယ်လုပ်လိုက်၊ ငယ်ထိတ်မှတ်လိုက်-လုပ်တာတွေဟာ ဗုံးကပ်ပေးတာနဲ့ တူပါတယ်။ အကုန်လုံးသေရော။

ဦးကောသလ္လနည်းကတော့ ပျင်းပါတယ်။ လွယ်ပါတယ်။ ဗျိုင်းနည်းပါ။ စောင့်ဖမ်းတာပါ။ ကတွက်ပေါက်ကနေစောင့်ပြီးတော့ မြင် ကြား နံ စား ထိ သိ အာရုံ(၆)ပါးကို ဖမ်းတာပါ။

ရိုးရိုးသားသားလုပ်စားရင် သမ္မာအာဇီဝတော့ ဖြစ်တယ်။ နိဗ္ဗာန်မရဘူး။ ဒီလိုဆိုရင် နိဗ္ဗာန်ရတဲ့သမ္မာ အာဇီဝ၊ နိဗ္ဗာန်မရတဲ့သမ္မာအာဇီဝလို့ ရှိတယ်။

ဒုက္ခသစ္စာကို သိရမယ်။

သမုဒယသစ္စာကို ပယ်ရမယ်။

နိရောဓသစ္စာကို မျက်မှောက်ပြုရမယ်ဆိုတာကိုသိရင် သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်ပါတယ်။

အဲဒါတွေကို သတိရနေရင် သမ္မာသတိ။

အဲဒါတွေကိုသိဖို့ လယ်ထွန်နေရင် သမ္မာအာဇီဝ။ အဲဒီသမ္မာအာဇီဝက တရားရပါတယ်။ လောကုတ္တရာ မဂ္ဂင်မှ တရားရပါတယ်။ လောကီမဂ္ဂင်ဆိုရင် တရားမရဘူး။

အဲဒီကိစ္စသုံးခုကို မဂ်ကထိုးထွန်းသိလိုက်လို့ မဂ်ကို ဘာဝနာပဋိဝေဓလို့ ခေါ်ပါတယ်။

အခု ဒဿနသမ္ပဒါနည်းရဲ့ အခြေခံကလေးတွေကို ပြောပါတော့မယ်။ အင်္ဂုတ္တနိကာယ်။ ပဋိပဒါဝဂ်။ ယုဂနဒ္ဓသုတ်။ ဒါကိုပြောတာက ဓမ္မစေတီဦးကောသလ္လသည် သူသိသူတတ်သူနပ်တာတွေကို ဟောနေတာ မဟုတ်ဘူးလို့ သိစေဖို့ပါ။

ကျုပ်ဆရာတော်ကြီးဦးဥက္ကံသဗုဒ္ဓိ ပြောတာကတော့-

"ဘုန်းကြီးတွေကကွ သူများလှူတာတန်းတာတွေ စားပြီး သိပ်နှမြောတာပဲ။ သူခိုးက နွားကျားကြီးကို နှမြောတယ်ဆိုတာ အဲဒါပဲ"တဲ့။

သူများကိစ္စထဲ ဝင်မရှုတ်နဲ့။ သီလရှင်ကျေနပ်ရင် ဇရပ်ပဲကျိုးကျိုး ဗန်းပဲပျောက်ပျောက်. . တဲ့။ ဟော့ကောင် ကောသလ္လ တဲ့။ ဒီနေ့ ဝိပဿနာ လုပ်တယ်ဆိုတဲ့လူတွေက ခါးတောင်းကြိုက်တစ်လွဲ တင် တစ်လွဲ=တဲ့။

တတိယနည်းကတော့ ယုဂနဒ္ဓနည်း ဖြစ်တယ်။ အစုံနည်း တစ်ပြိုင်နက်နည်းပါပဲ။

(ဆဌခွေသည် ဖွင့်မရသောခွေဖြစ်နေ၍ မစိစစ်နိုင်ပါ။)

## တင်ပြချက်အမှတ်(၄၉)

ဩစတြေးလျားနိုင်ငံဟောတရားခွေ(၈)တို့တွင် သတ္တမခွေနှင့်အဌမခွေအတွင်း၌-

ထေရဝါဒဝိပဿနာဟူသည် ချဉ်းကပ်နည်းအသစ်တစ်ခု ဖြစ်ပါတယ်။ ထေရဝါဒဝိပဿနာ ဝေဖန်နည်းမှာ အစဉ်(၆)ခုပါရှိရာတွင်-

(၁)----------

(၂) နည်းလမ်းသုံးသွယ် = ပဋိစ္စသမုပ္ပါဒ်နည်း သတိပဋ္ဌာနနည်း ဥပါဒါနက္ခန္ဓာနည်း။

(၃)-----------

(၄)-----------

(၅)--------
(၆) ပန်းတိုင် - နိဗ္ဗာန်။ နိရောဓ။

ဒီကနေ့ ဗမာတစ်ပြည်လုံးမှာ ဝင်လေထွက်လေ ပိန်ပေဖေါင်းတွေကိုချည်းပဲ လုပ်နေကြတယ်။ ဝင်လေထွက်လေစသည်တွေမှာပဲ ဥပါဒါန်နဲ့ စွဲနေကြတယ်။ ဆိုတော့ ဒီဘက်ကမ်းကို လက်မလွှတ်နိုင်လို့ ဟိုဘက်ကို မရောက်ဘူး။ တရားမရကြပါဘူး။

“ကိုရင်ကလေးတွေကို ခုကတည်းက ဒဿနသမ္ပဒါနည်းတွေ သင်ပေးပါလား”လို့ ဦးသြဘာက ပြောတယ်။ သင်ပေးချင်ပါတယ်။ သူတို့က ရအောင်ယူနိုင်မယူနိုင်တော့ မသိပါဘူး။

ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ။

သော ဓမ္မံ ပဿတိ။ ပဋိစ္စသမုပ္ပါဒ်က အကြောင်း။ ဓမ္မက အကျိုး။

အကြောင်းကိုမြင်ရင် အကျိုးကို မြင်သည်။

မြန်မာနိုင်ငံ၌ ယနေ့တိုင်အောင် ပဋိသမ္ဘိဒါနည်းကို မည်သည့်တရားခွေမှ နားမထောင်ရဘူးပါဘူး။ မရှိပါဘူး။ အကြောင်းကိုသိရင် ဓမ္မပဋိသမ္ဘိဒါ။ အကျိုးကိုသိရင် အတ္ထပဋိသမ္ဘိဒါ။ အဲဒီပဋိသမ္ဘိဒါ နှစ်ချက်ကိုသိရင် တရားထိုင်စရာမလိုဘူး။ တစ်ခါတည်းပြောလိုက်တာ။ ပြီးပြီ။ (မဟာဟတ္ထိပဒေါပမကို ခြသေ့်ရဲ့ခြေရာနဲ့တူတဲ့သုတ်လို့ မြန်မာ ပြန်ယူသည်-တဲ့။

တရားထိုင်တာကို မှားတယ်လို့ မပြောပါဘူး။ ဒီနည်းကိုသိရင် တရားထိုင်စရာ မလိုဘူးလို့ပဲ ပြောပါတယ်။ ဒါပေသိ ဗမာပြည်မှာတော့ တရားထိုင်မှ ကြိုက်ပါတယ်။ ပဋိစ္စသမုပ္ပါဒနှင့် ပဋိစ္စသမုပ္ပန္နတို့ကို မကွဲကြဘူး။

ကျုပ် ဒီနိုင်ငံမှာမွေးရင် အမေရိကန်နိုင်ငံမှာမွေးရင် ကမ္ဘာကြီးကို လက်ဝါးနဲ့ အုပ်နိုင်တယ်။ မြန်မာပြည်မှာ မွေးလို့ပါ။ မြန်မာပြည်မှာ လွတ်လပ်သောအတွေး မရှိဘူး။ လွတ်လတ်သော ပြောဟောမှု မရှိဘူး။ ဒါကြောင့်မို့ပါ။

ကျွန်ုပ်တို့က ကိုယ်သိတာကို မတင်ပြရဘူး။ ပဋိစ္စသမုပ္ပါဒ်ကိုသိရင် ဥပါဒါနက္ခန္ဓာကိုသိသည်။ ပဋိစ္စသမုပ္ပါဒ်နဲ့ ဥပါဒါနက္ခန္ဓာဆိုတာ ဒီနှစ်ခု အတူတူပဲ။ ပဋိစ္စသမုပ္ပါဒ်သည် အကြောင်း။ ဥပါဒါနက္ခန္ဓာသည် အကျိုး။

အတ္ထ= အကျိုး = ပရိညာတဗ္ဗ = သိသာသိရမည့်တရား။ ပဋိစ္စသမုပ္ပါဒ= အကြောင်း = ပဟာတဗ္ဗ = ပယ်သတ်ရမည့်တရား။ အကျိုးလို့ခေါ်တဲ့ဥပါဒါနက္ခန္ဓာတွေကို သိအောင်လုပ်မယ်။ အဲဒီဥပါဒါနက္ခန္ဓာတွေအပေါ်မှာ ဖြစ်လာတဲ့အဝိဇ္ဇာ တဏှာတွေကို ပယ်နိုင်အောင်လုပ်မယ်။

ဥပါဒါနက္ခန္ဓာအပေါ်မှာဖြစ်လာတဲ့ ဆန္ဒကို တဏှာကို သမုဒယသစ္စာ ဖွဲ့ပါတယ်။ ဥပါဒါနက္ခန္ဓာကို ဒုက္ခသစ္စာ ဖွဲ့ပါသည်။

ပဋိစ္စသမုပ္ပါဒလို့ပဲပြောပြော ဥပါဒါနက္ခန္ဓာ လို့ပဲပြောပြော တစ်ခုတည်း ဖြစ်ပါတယ်။ သူ့ရဲ့ပန်းတိုင်က နိရောဓပေါ့။ ဥပါဒါနက္ခန္ဓာအပေါ်မှာ ဖြစ်ပေါ်လာတဲ့ ဆန္ဒရာဂကို ပယ်လိုက်ခြင်းသည် ဒုက္ခနိရောဓ သစ္စာပေတည်း။

ဘုရားရဲ့တရားက အကြွေးမထားဘူး။ လက်ငင်းရှင်းရတယ်။ ကျုပ်တို့က လက်ငင်းရှင်းပစ်တယ်။ လောဘ ဖြစ်လာရင် ဖြစ်လာခိုက်မှာပဲ လောဘကို ပယ်ပစ်လိုက်တာ။ ရှင်းပစ်တာပဲ။

(၇) ယံကိဉ္စိ-----ဓမ္မံ။ ဖြစ်ပေါ်လာသမျှတရားတိုင်းသည် ချုပ်ခြင်းအဆုံးရှိ၏။ အချိန်တွေ ပုဂ္ဂိုလ်တွေ နေရာတွေ အကြိမ်တွေ ရွေးလွန်းနေကြသည့်အတွက်ကြောင့် မြန်မာနိုင်ငံရှိ တရားသမားတွေဟာ

အလုပ်လုပ်နေကြသော်လည်း တရားမရကြပါဘူး။ အကျိုးမရကြပါဘူး။ လိုရင်းက နိရောဓပန်းတိုင် ရောက်ဖို့ပါ။

ဘောလုံးကစားမှုက ဘယ်လိုပဲ ကောင်းကောင်း။ ဂိုးဝင်မှု ဂိုးရမှုဖြင့်သာ အနိုင်အရှုံးကို ဆုံးဖြတ်ရတာပါ။ ကျွန်ုပ် ခဏခဏ ပြောပါတယ်။

## တင်ပြချက်အမှတ်(၅၀)

ထေရဝါဒနှင့်မန္တလေးနေပြည်တော်နိဒါန်းတရားခွေအတွင်း၌-

ဗုဒ္ဓကို ကိုးကွယ်တာဟာ အရ-ဟံ- ကိလေသာရန်သူတို့ကိုပယ်သတ်ပြီးတဲ့ဘုရားလို့ မှတ်ပြီး ကြည်ညိုဖို့သာ ဖြစ်တယ်။ အာဏာမြဲဖို့မဟုတ်ဘူး။ ရာထူးတိုးဖို့မဟုတ်ဘူး။ ပစ္စည်းဥစ္စာချမ်းသာဖို့မဟုတ်ဘူး။ ယတြာချေဖို့ မဟုတ်ဘူး။

အခုတော့ ဦးကောသလ္လ အသက်(၅၅)နှစ်ပြည့်။ ဘုရားမှာ(၅၅)ဆင့် လှူတယ်။ လုပ်ကရော။ ပေါက်ပန်းလေးဆယ်တွေ။ အဲဒီမှာကိုယ်လိုချင်တာတွေထည့်ပြီး မာန်ပြေဘုရား အောင်တော်မူဘုရား မဟာအံ့ထူး ကံသာဘုရား ဘာညာတွေလုပ်ကြတာ။ ဗုဒ္ဓဘာသာတွေရဲ့လုပ်ရပ်တွေက ကိုယ်ဖြစ်ချင်တာတွေကို ဘုရားရဲ့ခေါင်းပေါ်ပစ်ချနေကြတာ။ မိုက်ရိုင်းလှချည်လား ဗုဒ္ဓဘာသာတွေ။

ကျောင်းပြီးချင်လို့ ကျောင်းအတွက်ပုတီးစိတ်- လုပ်နေကြတယ်။ စာမေးပွဲအောင်ချင်လို့။ ဒီဘုရားကိုးကွယ်ရင် မီးမလောင်ဘူးဆိုပြီး ဘုရားကိုမီးသတ်သမားလုပ် ခိုင်းထားတယ်။ သွားရော။ ဒီဘုရားရုပ်ပွါးဆောင်ထားရင် ကြွေးတောင်းလို့ရတယ်။ ကြွေးတောင်းလို့ရတဲ့ဘုရား။ လုပ်ကြပုံတွေက။

ဓမ္မစေတီတရားပွဲမှာ လက်အုပ်ချီထားပြီး မှန်ပါဘုရားဆိုတာတွေကို ကျွန်ုပ်က လုံးဝမကြိုက်ပါဘူး။ စာအုပ်နဲ့ဘောလ်ပင်နဲ့ မှတ်ယူမှုသာ ကြိုက်ပါတယ်။ တင်ပါဘုရား မှန်ပါဘုရားနဲ့ လုပ်နေကြတဲ့ဟာတွေမှာ ဘာမှလဲ မသိကြဘူး။

မီးမလောင်အောင် ပရိတ်ရွတ်ကြတာ။ မီးထလောင်လို့ ထွက်ပြေးကြရတယ်။ သုပ္ပဗုဒ္ဓက ဂေါတမပြန်ကြွသွားပြီဆိုတော့ အေး ဂေါတမက ယောက္ခမကို ယောက္ခမှန်းတော့ သိသွားပြီ။ သူ လိမ္မာသွားပြီ-လို့ ပြောတယ်။ မြေမျိုမယ့်ကောင်က ဘုရားကို လိမ္မာသွားတယ်လို့ လုပ်နေတယ်။ ကြည့်။

တိုင်းပြည်က အဲသလို ဖြစ်နေတယ်။ ငပြုံးက ပြန်ပြီး ပြုပြနေတယ်။ အဲဒါ ရာဇတောဝါ စောရတောဝါလို့ ဘုရားကတော့ ဘုရားကတော့ မင်းကိုအကြီးရန်သူမို့ ရှေ့ဆုံးထားဟောတယ်။

အဲဒါကိုမင်းကိုကြောက်တဲ့ကောင်က မင်းကိုအလယ်ပို့လိုက်တော့မှ ရေ မီး မင်း ခိုးသူလို့ ရန်သူမျိုးငါးပါး ဖြစ်သွားတယ်။ တရားတဲ့မင်းတွေကပဲ တိုင်းပြည်ကို စောင့်လို့ရတယ်။ မတရားတဲ့မင်းက တိုင်းပြည်ကို စောင့်လို့မရဘူး။

ကျွန်ုပ်တို့က ဗုဒ္ဓဝင်ကို ကြည့်လိုက်ရင် အတုမရှိတဲ့ဂုဏ်တွေနဲ့ အပြစ်ကင်းပုံတွေ ပြည့်စုံပုံတွေကို တွေ့ရတယ်။ ရေးလိုက်ကြတာကတော့ ပြည့်စုံလို့ပါပဲ။ ဘုရားမှာ ဘာမှ ချွတ်ယွင်းချက်မရှိဘူးပေါ့။ ဗုဒ္ဓဟာ လေးနဲ့ခွင်းတာ ဆင်နဲ့နင်းတာ တောင်စောင်းကနေ ကျောက်မောင်းဆင်တာ မိန်းမနဲ့စွပ်စွဲတာတွေကို ကျတော့ မြှုပ်ထားကြတယ်။ အဲဒါတွေကို ဗုဒ္ဓခံခဲ့ရတယ်။

ဆိုတော့ ဗုဒ္ဓဟာအပြစ်ကင်းပေမယ့် အပြစ်တွေကို ခံခဲ့ရတာပါ။ ဒါကို ကျွန်ုပ်တို့က ဆွဲထုတ်ပြတာပါ။ ဗုဒ္ဓဟာ တကယ်ကိုပါဖက်ဖြစ်အောင် ပြည့်စုံသူ မဟုတ်ပါဘူး။

ကျုပ်က ဘုရားကို ပြစ်မှားတာ မဟုတ်ပါဘူး။ ဘုရားကိုကြည်ညိုပါတယ်။ သုနက္ခတ္တရဟန်းဟာ ဘုရားရဲ့ ပီအေပါပဲ။ သူက ကောရခတ္တိယကိုတွေ့တော့ အရှင်ဘုရား ဒီနေ့မှပဲ တပည့်တော် ဘုရားစစ်

ဘုရားမှန်ကို တွေ့ရတယ်။ ရှေ့ အရှင်ဘုရားရဲ့ သပိတ်သက်န်းတွေဆိုပြီး ပစ်ချသွားတယ်။ သုနက္ခတ္တက ဘုရားကို ဘုရားလို့တောင် မသတ်မှတ်ဘူး။

ခင်ဗျားတို့က ဘုန်းကြီးတွေပါးစပ်ထဲက ထွက်သမျှကို တရားတော်ကို ထင်ခဲ့ကြတယ်။ မပဋ္ဌာ ဇာတ်လမ်းမှာ သားသေလို့ သတည်းလုပ်လိုက်တာကို သာခုခေါ်ကြတယ်။ ဗိမ္ဗိသာရရဲ့ခြေဖဝါး ဓားနဲ့အခွဲခံရတာကိုလဲ သာခုခေါ်ကြတာပဲ။

မဟာစည်ဆရာတော်ဘုရားကြီးခန္ဓာဝန်ချသွားတော့ မဟာစည်ဆရာတော်ကြီးက ဝိပဿနာ တရားတွေကို လိမ်ညာဟောခဲ့တာပဲလို့ ရက်ကော့(မှတ်တမ်း)ထွက်မလာဘူး။ အဲဒါ ဘယ်လောက် ကောင်းသလဲ။ ဆိတ်ကွယ်ရာမှာ မကောင်းမှုမပြုခဲ့လို့ပါပဲ။ ညည်းတို့မိန်းမတွေဘက်ကနေ ငါကလိုက်ပြော ပေးနေတာ။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿဆိုတဲ့ ထေရဝါဒစာတစ်ကြောင်းတည်းနဲ့ တစ်နိုင်ငံလုံးကို ချမ်းသာအောင်လုပ်လို့ ရပါတယ်။ စိန်ခေါ်ရဲသလား။ ဦးကောသလ္လ ပြောရဲပါတယ်။

အရဟတော=ဆိတ် ကွယ်ရာမှာ မကောင်းမှုကို မလုပ်ရ။ ငါ့ဆီမှာ မတရားတဲ့ပစ္စည်းဆိုလို့ အပ်တစ်ချောင်းမှ မရှိဘူး။ အဲဒါကြောင့် ကျွန်ုပ်တို့ နိုင်ငံတော်ကြီးကို တည်ဆောက်တဲ့နေရာမှာ ==

(ဥင်းတရားထဲတွင် နမောတဿဆိုပြီး တစ်နာရီကျော်မှ သရဏဂုံနဲ့ ငါးပါးသီလ ဆိုကြပါသည်။)

# ဓမ္မစေတီဂိုဏ်း

**<u>အသိပေးချက်အမှတ်စဉ်(၁)</u>**

ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာအမည်ခံဘာသာရေးဂိုဏ်းကြီးသည်

"မြန်မာနိုင်ငံတော်တွင် ပေါ်ပေါက်ခဲ့သမျှကုန်သော အဓမ္မဝါဒအားလုံးတို့နှင့် တစ်စိတ်တစ်ပိုင်းအားဖြင့် အတူပြု-ယူထားသည်ဖြစ်၍ အဓမ္မဝါဒီအားလုံးကို ဆွဲစု-သိမ်းယူထားနိုင်ရာ မဟာအင်အားစုကြီး ဖြစ်သည်။

"ပညာရှင်အင်အား ဘာသာဝင်အင်အား ငွေကြေးအင်အား ပုံနှိပ်ထုတ်ဝေရေးဖြန့်ချိအင်အား အကြီးမားဆုံး အခိုင်မာဆုံး အဓမ္မဝါဒီဂိုဏ်းကြီးလည်း ဖြစ်သည်။

"သက်တမ်းအရှည်ကြာဆုံး အပြန့်နှံ့ဆုံးဖြစ်၍ အကျယ်ပြန့်ဆုံးအဓမ္မဝါဒီဂိုဏ်းကြီးလည်း ဖြစ်သည်"။ ထို့ကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာသာသနာတော်မြတ်ကြီးအား အတိုက်စားဆုံး အစော်ကားဆုံး အဖျက်ဆီးဆုံး အန္တရာယ်ကြီး ဖြစ်သည်။ ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာအမည်ခံ-သာသနပစ္စတ္ထိကဂိုဏ်းကြီး ပြန်လည်ကြီးထွားလာသလို အခြားဂိုဏ်းကြီးများလည်း မူလအသွင်ဖြင့်လည်းကောင်း အသွင်းပြောင်းလဲ၍သော်လည်းကောင်း ကြီးထွားလာနေကြပါသည် -

**(က)**

**တောင်တွင်းကြီးရှင်ဥက္ကဋ္ဌဦးဆောင်ခဲ့သည့်လူသေလူဖြစ်အဓမ္မဝါဒကြီးပြန်လည်ကြီးထွားနေပုံ**

**(ဃ)**

**ဆူးလေဦးမြင့်သိန်းဦးဆောင်ခဲ့သည့်ထေရဝါဒအမည်ခံအဓမ္မဝါဒကြီးပြန်လည်ကြီးထွားနေပုံ**

၎င်းဂိုဏ်းကြီး၏ပြန်လည်ကြီးထားလာပုံများကား ကြောက်ခမန်းလိလိပင် ဖြစ်နေကြပါသည်။ မိတ္တူများက တစ်မျိုးဖြစ်၍ အသွင်ပြောင်းထားသည်တို့ကလည်း တစ်မျိုးလုပ်ထားကြပါသည်။ နေပြည်တော်တွင် တောင်ပိုင်းရော မြောက်ပိုင်းပါ မိတ္တူဈေးကွက် ဖြန့်ကျက်ထားကြပါသည်။ ၂၀၀၇-ခုနှစ်တွင် နေပြည်တော်သို့ ရောက်ရှိခိုက် ကိုယ်တိုင်ကြုံတွေ့ခဲ့ရပါသည်။

**"အရိယသစ္စာလမ်းစဉ်ဝိပဿနာတရားမှတ်ချက်ပေါင်းချုပ်ကျမ်းကြီး** =၄၀၀ဝိ" မှစ၍ ၎င်းဂိုဏ်းထုတ် မိတ္တူစာအုပ်များကို ဝယ်လိုလျှင် စာရင်းပေးကြရကြောင်း လေ့လာသိရှိခဲ့ရပါသည်။ ဟောပြော စည်းရုံးသူများလည်း ရှိ၍ စာရင်းပေးရန် လွယ်ကူသောအဆက်အသွယ်ရှိကြောင်းလည်း သိခဲ့ရပါသည်။

၎င်းဂိုဏ်းဝင်ဖြစ်သူ အမရပူရမြို့ဆရာကြိုင်ရေးသည့်**"ဒွယနိဿိတပကာသနီကျမ်း"**တို့ကိုပင် မိတ္တူများ ရနိုင်ပါသည်။

"ထေရဝါဒ သမ္မာပထ ဝိဘဇ္ဇဝါဒီဖြစ်သော ရန်ကုန်မြို့ဆူးလေဓမ္မကထိက ဆရာကြီးဦးမြင့်သိန်း ဟောကြားတော်မူအပ်သော သမ္မာပထဝိဘဇ္ဇအကြောင်းသတ် **ထေရဝါဒတရားတော်များအမှတ်စဉ်(၁)နိဗ္ဗာန်နှင့်သံသရာ** စာအုပ်မျိုး၊ **အမှတ်စဉ်(၂)ဂဟကူပါဒါန်ဝါဒပဋိစ္စသမုပ္ပါဒ်သံသရာတရားတော်**စာအုပ်မျိုး၊

ရွှေလရောင်ဓမ္မာစရိယသင့်ဘဝဦးမြင့်သိန်းရေးသားသည့် **သောတာပန်အလင်းကျမ်း(ဒုတိယဆင့်) ပထမတွဲနှင့်ဒုတိယတွဲ**စာအုပ်မျိုးစသည်တို့ကိုလည်း မိတ္တူများရနိုင်ကြပါသည်။

၎င်းဂိုဏ်းကြီး၏ ဂိုဏ်းဦးစီးဆရာတော်တစ်ပါးဖြစ်သူ မန္တလေးမြို့ခင်မကန်တိုက် အနန္တဂုဏ်ရည် စည်သာကျောင်း ဦးနာရဒရေးသားသည့် **ထေရဝါဒဝိဘဇ္ဇဝါဒဝိပဿနာကျမ်းကြီး**ကို(၂၀၀၄)ခုနှစ်တွင် ထုတ်ဝေထားကြပါသည်။

ယင်းကျမ်း၏အမှားများကိုပြဆိုလျက် ဆောင်းပါးရှင်အရှင်ဣန္ဒာစရိယာဘိဝံသက ဆောင်းပါး(၁၆)ပုဒ်

တို့ကို ရေးသားတင်ပြခဲ့သော်လည်း အကြောင်းကြောင်းကြောင့် မည်သူကမျှ ဖော်ပြရန် မစီစဉ်နိုင်ကြပေ။ ယခု အခါတွင် ဓမ္မရံသီမဂ္ဂဇင်းအယ်ဒီတာအဖွဲ့မှ ဖော်ပြရန် စီစဉ်ထားပြီးဖြစ်ပါသည်။ ဖော်ပြအပ်ပြီးပါပြီ။

(၂၀၀၈)ခုနှစ်တွင် သက်န်းကျွန်းမှာနေသော ၎င်းဂိုဏ်းဝင်တစ်ပါးရေးသားသည့် **ဗျသနတရားငါးပါး** အမည်ရှိ စာအုပ်တစ်အုပ်ကိုလည်း ဂိုဏ်းဝင်အလှူရှင်များက အရက်ဆွမ်းလောင်းအသင်းနှင့်တွဲ၍ လောင်းလှူ ကြကြောင်းသိရ- ဖတ်ရပါသည်။

ဦးနာရဒနှင့်အတူ ဂိုဏ်းဦးဆောင်တပည့်ကြီးလေးပါးတို့ကို ဦးမြင့်သိန်းက သာသနာပြုရန် ချန်ထားခဲ့ ကြောင်း သိရပါသည်။ ထိုလေးပါးတို့တွင် ဓမ္မစေတီဆရာတော်ဦးကောသလ္လ၏ဆရာဖြစ်သူ ဦးဥက္ကံသဗုဒ္ဓိလည်း တစ်ပါးပင်ဖြစ်ကြောင်း သိရပါသည်။

၎င်းဆရာတော်က မွေးထုတ်လိုက်သူ ဦးကောသလ္လသည်လည်း ၎င်းဂိုဏ်းတရားတို့ကိုပင် ဟောပြောလျက် ရှိပါသည်။ တရားခွေပြန့်ပွါးစေရေးအတွက် လူများကို အဖွဲ့တွေဖွဲ့စေလျက် တရားစိတ်ဝင်စား၍ ချမ်းသာသူများကို စုံစမ်းချဉ်းကပ်ပြီး တရားခွေတွေပေး၍ နာယူစေပြီးမှ ကြည်ညိုစေပြီးမှ တရားခွေ တစ်စုံ=၄၀၀၀ဝိ/စသည်ဖြင့် အဓမ္မဝါဒ ပြန့်ပွါးရေးအတွက် သာသနာပြုကြောင်းလည်း သိရပါသည်။

စင်စစ်အားဖြင့် ဆူးလေဦးမြင့်သိန်းသည် အဓမ္မဝါဒဆုံးဖြတ်ခံရသူဖြစ်၍သာလျှင် ဦးမြင့်သိန်း၏ ထေရဝါဒ အမည်ခံအဓမ္မဝါဒဟူ၍မှတ်တမ်းတင်ရခြင်းသာ ဖြစ်ပါသည်။ အမှန်ကမူ ဂိုဏ်းဦးစီးခေါင်းဆောင်မှာ ဓမ္မစေတီ ဆရာတော်ကြီး(ဒီပဲယင်းကျောက်စာတိုင်ဆရာတော်ကြီး)ဟူ၍ ရှိပါသေးသည်။ သိလိုပါက“အရိယသစ္စာလမ်းစဉ် ဝိပဿနာမှတ်ချက်ပေါင်းချုပ်ကျမ်းကြီး၏ပန်ကြားလွှာ”တွင် လေ့လာကြည့်ကြပါကုန်။ ယင်းဆရာတော်ကြီးကို အကြောင်းပြု၍**“ဓမ္မစေတီဦးကောသလ္လ”**ဟုဘွဲ့ခံထားကြောင်းလည်း သိရှိရပါသည်။

၎င်းဂိုဏ်းကြီး၏မူလနာမည် အပြည့်အစုံမှာ“ထေရဝါဒ ဝိဘဇ္ဇဝါဒသမ္မပထအကြောင်းသတ် ဝိပဿနာ ဂိုဏ်း”ဟူ၍ဖြစ်ပါသည်။ ယင်းကိုပြုပြင်လျက် အသွင်သစ်ဖြင့် နာမည်တပ်သောအခါတွင်ကား **“ထေရဝါဒ ဒဿနသမ္မဒါနည်း = ဝိဘဇ္ဇဝါဒစတုသစ္စသမ္မာဒဿနနည်း”**ဟူ၍ ဖြစ်လာကြောင်းလည်း သိရပါသည်။

အဓမ္မဝါဒဖြစ်ကြောင်းကြေညာတားမြစ်ထားပြီးသည့် မိစ္ဆာဝါဒကြီးများတွင် ဆူးလေဦးမြင့်သိန်းဂိုဏ်းဆိုရာ အဓမ္မဝါဒသည် အမှတ်(၆)အဖြစ် ပါဝင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ညွှန်ကြားလွှာများ ညွှန်ကြားလွှာအမှတ် (၁) မှ (၉၃) ထိစာအုပ်ထဲတွင် ညွှန်ကြားလွှာအမှတ် (၅၀)အဖြစ် ပါဝင်ပါ သည်။ ၎င်းအဓမ္မဝါဒဂိုဏ်းကြီးနှင့်အဓမ္မဝါဒတရားများ မည်မျှလောက်အထိ ပြန်လည်ကြီးထွားလာကြောင်းမှာ အထူး တင်ပြဖွယ် မရှိပြီ။

အထက်ပါတို့တွင် ထေရဝါဒဗုဒ္ဓသာသနာတော်သန့်ရှင်းပြန့်ပွါးရေးကိုဦးထိပ်ထားလျက် ရေးသားခြင်း ဖြစ်ပါ၍ တိကျပြတ်သားထင်ရှားစိမ့်သောငှါ ကာယကံရှင်တို့၏အမည်များကိုပါ ထည့်သွင်းဖော်ပြလိုက်ရပါသည်။

သို့အတွက်--ကာယကံရှင်တို့မှာ **“မိမိတို့ဟောပြောရေးသားတရားအမည်ခံများ၏အဓမ္မဝါဒမဖြစ်ပုံ (ဝါ) ဓမ္မဝါဒဖြစ်ပုံ**တို့နှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းချက်များကို ထေရဝါဒဗုဒ္ဓဘာသာ သာသနာရေးဗဟိုဌာန (ကမ္ဘာအေး+နေပြည်တော်)တို့ထံ တရားဝင်တင်ပြခွင့် ရှိကြပါသည်။

အထက်ပါတို့တွင် အဓိကပြုလိုသည့် ရည်ညွှန်းချက်မှာ---------

<u>“ဖော်ပြရာပါအဓမ္မဝါဒီများ၏</u>
<u>ပစ္စုပ္ပန်ကမ္ဘဝါဒီဂိုဏ်းအတွင်း</u>
<u>ကျရောက်ပေါင်းစုသွားနိုင်စရာရှိပုံများသာ ဖြစ်ပါသည်”</u>။

## အသိပေးချက်အမှတ်စဉ်(၂)

အထက်ပါအသိပေးချက်အမှတ်စဉ်(၁)ကို ၂၀၀၉-ခုနှစ် ဇန်နဝါရီလ(၁)ရက်နေ့တွင် နိုင်ငံတော်သို့ တင်ပြထားသော ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာအမည်ခံတို့၏ဝါဒအပေါ်တွင် စောဒနာတင်ထားသည့် "သနိဒါနမဟာစောဒနာ" တို့အတွက် အကြောင်းခံဖြစ်သော"စောဒနာတို့၏နိဒါန်းကြီး"ထဲတွင် စာမျက်နှာ (၉၉)အတွင်း၌ ထည့်သွင်းဖော်ပြလျက် အသိပေးထားပြီး ဖြစ်ပါသည်။

ထိုအသိပေးချက်အပေါ်တွင် သက်ဆိုင်ရာအကြီးအကဲများက အလွန်အမင်းပင် စိတ်ဝင်တစားဖြစ်တော်မူကြပါသည်။ စောဒကဆရာတော်များဖြစ်ကြသည့် စာရေးသူတို့အား ထိုထိုပူးတွဲပါ အသိပေးချက်များနှင့် စပ်လျဉ်းသမျှတို့ကို အသေးစိတ်ဆောင်ရွက်ပေးကြရန် ညွှန်ကြားချက်များကိုလည်း ပေးလာကြပါသည်။

ထို့ကြောင့် တာဝန်ရှိလာသည့်အလျှောက် စာရေးသူတို့စောဒကများအနေဖြင့်လည်း ဆက်လက်၍ စုံစမ်းလေ့လာပြီး ဓမ္မစေတီဦးကောသလ္လဦးဆောင်နေသည့် အဓမ္မဝါဒဆိုင်ရာတို့ကို စောဒနာပြုပေးကြရန် ပထမဆုံးဦးစားပေးအနေဖြင့် စီစဉ်ကြရပါသည်။

ဆူးလေဦးမြင့်သိန်း၏အဓမ္မဝါဒများသည် (၁၃၁၅-၁၃၄၄)ခုနှစ်များတွင် အလွန်အမင်း ကြီးထွားလွှမ်းမိုးခဲ့မည်ဖြစ်ကြောင်း ဆင်ခြင်ကြည့်၍ တွေ့မြင်ကြရပါသည်။ အဘယ့်ကြောင့်နည်းဟူမူ ထိုဂိုဏ်းထုတ်စာအုပ်များတွင် ထိုနှစ်များအတွင်းက သက္ကရာစ်ခုနှစ်များ တွေ့မြင်ကြရသောကြောင့်ပင် ဖြစ်ပါသည်။

ဖော်ပြရာပါ (၁၃၄၄)ခုနှစ်တွင် ဟသ်ာတ ငသိုင်းချောင်းတို့က ဆရာတော်များက စောဒနာမှုကြောင့် နိုင်ငံတော်သံဃမဟာနာယကအထံတော်သို့ အမှုတွဲများ ရောက်ရှိခဲ့ပြီး အဓမ္မဝါဒဖြစ်၍ ဖျက်သိမ်းခြင်းခံကြရကြောင်းလည်း သိမြင်ကြရပါသည်။ သို့ရာတွင် ဂိုဏ်းခေါင်းဆောင်တို့က ဗဟိုဌာနချုပ်ကို ဖျက်သိမ်းပြီး အသီးသီးခွဲဝေကာ နေရာယူလျက် ဆက်လက်အားထုတ်ခဲ့ ကြောင်းတို့ကိုလည်း တွေ့မြင်ကြရပါသည်။ ယင်းသို့အားထုတ်နေခဲ့ကြောင့် ယခုအခါတွင် အကြီးအကျယ် စည်ကားတိုးတက်ကာ ပြန့်ပွါးလာခြင်းဖြစ်ကြောင်းတို့ကိုလည်း တွေ့မြင်ကြရပြီ ဖြစ်ပါသည်။

ယခုတစ်ဖန် ပြန်လည်၍ အထူးစည်းကားတိုးတက်လာခြင်းသည် (၁၉၉၀)ခုနှစ်မှ အကြီးအကျယ်စတင်လာကြောင်းတို့ကိုလည်း ဩစကြေးလျှား တရားခွေပါ အချက်အလက်များက သက်သေခံလျက် ရှိနေကြပါသည်။

"<u>ဒသာယနသမ္ဗဒါတရားတော်(၈)ချပ်တွဲတွင်-</u>

"ထေရဝါဒနည်းစနစ်ကလေးကို ကျွန်ုပ်ရတယ်။ အဲဒါကို ဘယ်သူ့ကိုဟောရမလဲဆိုတဲ့အချိန်မှာ အရေးအခင်းက စဖြစ်လာတယ်။

(၁၉၉၀)ခုနှစ်မှာ စဖြစ်လာတော့ ကျောင်းသားတွေက ဒုတိယနှစ်သမားတွေ တတိယနှစ်သမားတွေ။ သူတို့က ဘယ်သွားရမှန်း မသိကြတော့ဘူး။ နိုင်ငံရေးသမားပေါက်စကလေးတွေပေါ့။ သူတို့ကို လက်ခံပြီး ဝိုင်းဖွဲ့ပြီး ဓမ္မသင်တန်းတွေ ပေးခဲ့တာက စဟောဖြစ်တယ်။

ဒီကျောင်းသားတွေအားလုံး ဦးကောသလ္လရဲ့ တပည့်တွေ ဖြစ်သွားကြတော့မှ တရားတွေကို ဟောဖို့ပွင့်သွားတယ်။ ကျေးဇူးရှိကြတယ်။ သူတို့က ထေရဝါဒ သင်တန်းတွေကို တက်နေကြတယ်။ တောခိုစရာလဲ မလိုတော့ဘူး။ ဘယ်မှသွားစရာ မလိုတော့ဘူး။

သက်ဆိုင်ရာ တွေက လာမေးကြတော့ ဒီမှာ ထေရဝါဒဝိပဿနာတရားသင်တန်း ပို့ချပေးနေတာလို့ပဲ ပြောပြပေးရတယ်"

ဟူ၍ ဟောပြောထားချက်များ အထင်အရှား ရှိနေကြပါသည်။

အထက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍

၁။ ၁၃၄၄-ခုနှစ်က နိုင်ငံတော်သံဃမဟာနာယကညွှန်ကြားလွှာ (၅၀)တို့ကို ပြန်လည်၍ ဖော်ပြရန် လိုအပ်သည် ဟုလည်း ထင်မြင်မိကြပါသည်။ ထို့ကြောင့် ညွှန်ကြားလွှာများစာအုပ်အတွင်း စာမျက်နှာ(၁၉၆-၁၉၉)ပါ ညွှန်ကြားချက်များကို ပြန်လည်၍ အပြည့်အစုံ တင်ပြလျက် အသိပေးလိုပါသည်။

# ညွှန်ကြားလွှာအမှတ် (၅၀)

## ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒအမည်ခံ တရားဓမ္မများနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားခြင်း

**(၂၂၊ ၂၊ ၈၃) (၁၀၊ ၁၁၊ ၄၄)**

၁။ ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒအမည်ခံ တရားဓမ္မများသည် ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများ အခန်း(၇) အပိုဒ်(၅၇)အရ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များသာ ပါဝင်သော နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့ဖြင့် စိစစ်၍ ဆုံးဖြတ်ပေးသင့်သော တရားဓမ္မများ ဖြစ်ပါသည်။

သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် စုဒိတကများမရှိတော့၍ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ဖြင့် မစိစစ်တော့ဘဲ-

သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း အခန်း(၁၃) အပိုဒ်(၈၉)နှင့်

သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများ အခန်း(၁၆) အပိုဒ်(၁၃၁)၊ (ဆ) (ဈ) (ည) (ဋ)တို့အရ ဆူးလေဦးမြင့်သိန်း၏ထေရဝါဒအမည်ခံတရားဓမ္မများကို ပထမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၅)ပါးစုံညီ ဒသမအစည်းအဝေးက ဆွေးနွေးစိစစ်၍ အဓမ္မဝါဒ၊ အဝိနယဝါဒများအဖြစ် ဆုံးဖြတ်သတ်မှတ်ပြီး ယင်းအဓမ္မဝါဒများကို နိုင်ငံတစ်ဝန်းလုံး၌ တားမြစ်ပိတ်ပင်စေရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့များသို့ ညွှန်ကြားရန်နှင့် ထေရဝါဒဟူသောအမည်ကို ဖြုတ်ပယ်စေရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ မြို့နယ်သံဃနာယကအဖွဲ့များသည် မိမိတို့မြို့နယ်အတွင်း၌ ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒ အမည်ခံတရားဓမ္မများကို ဟောပြောခွင့်၊ ဖြန့်ချိခွင့် မပြုကြရန်နှင့် ထိုတရားဓမ္မများ၌ သက်ဝင်ယုံကြည်ကြသော ရဟန်း၊ သာမဏေများနှင့် လူပုဂ္ဂိုလ်များ ရှိပါက ထိုပုဂ္ဂိုလ်များကို မြို့နယ်သံဃနာယကအဖွဲ့တည်ရာဌာနသို့ ပင့်ဆောင် ခေါ်ယူ၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် ညွှန်ကြားလိုက်ပါသည်။ -----

(က) ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒအမည်ခံတရားဓမ္မတို့ကို အဓမ္မဝါဒ၊ အဝိနယဝါဒအဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၅-ပါးစုံညီ ဒသမအစည်းအဝေးက ဆုံးဖြတ်ထားသည့်အတိုင်း လိုက်နာ၍ ထိုဝါဒကို စွန့်လွှတ်ပါကြောင်း၊

(ခ) ယခုအချိန်မှစ၍ နောင်အနာဂတ်ကာလ၌လည်း ထိုအဓမ္မဝါဒ၊ အဝိနယဝါဒများကို ဟောပြောခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ တိတ်ခွေဖွင့်ခြင်း၊ သင်တန်းပေးခြင်း-စသည်တို့ကို မိမိတို့ ကိုယ်တိုင်လည်း ပြုလုပ်ကြမည် မဟုတ်သည့်အပြင် မိမိတို့နှင့်ပတ်သက်သူများကိုလည်း ပြုလုပ်စေကြမည် မဟုတ် ပါကြောင်း၊

(ဂ) ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒအမည်ခံ တရားဓမ္မဆိုင်ရာ စာအုပ်စာတမ်းများ၊ တိတ်ခွေများ၊

အထိမ်းအမှတ်များ-စသည်တို့ကို မိမိတို့ဆိုင်ရာ သံဃနာယကအဖွဲ့သို့ အပ်နှံမည်ဖြစ်ပါကြောင်း၊

(ဃ) ကျိုက္ကစံထေရဝါဒသာသနရက္ခိတသံဃာ့အဖွဲ့ချုပ်ဆိုင်းဘုတ်နှင့် ဆိုင်ရာအဖွဲ့ခွဲဆိုင်းဘုတ်များမှ ထေရဝါဒဟူသော ဝေါဟာရကို ဖြုတ်ပယ်မည်ဖြစ်ပါကြောင်း၊

(င) ထိုဝါဒနှင့်ပတ်သက်၍ ဖွဲ့စည်းခဲ့သော အသင်းအဖွဲ့များ ရှိပါက ထိုအသင်းအဖွဲ့များကို ဖျက်သိမ်းကြ မည်ဖြစ်ပါကြောင်း၊

**မှတ်ချက်**။ ။(၁) အထက်ပါအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း ဆိုင်ရာအဓမ္မဝါဒီ၊ အဝိနယဝါဒီပုဂ္ဂိုလ်များအား မြို့နယ်သံဃနာယကအဖွဲ့ရှေ့မှောက်၌ ကိုယ်တိုင် ပဋိညာဉ်ပြု လက်မှတ်ရေးထိုးစေရမည် ဖြစ်ပါသည်။
အကယ်၍ ထိုဝါဒ၌ သက်ဝင်ယုံကြည်သူအဖြစ် စာရွက်စာတမ်း သက်သေခံ အထောက်အထားမထင်ရှား၍-
"မိမိတို့သည် ထိုဝါဒ၌ သက်ဝင်ယုံကြည်သူများ မဟုတ် ကြပါ"
ဟု ငြင်းဆိုနေပါက ထိုဝါဒ၌ သက်ဝင်ယုံကြည်သူမဟုတ်ကြောင်း လက်မှတ် ရေးထိုးစေရမည် ဖြစ်ပါသည်။
သို့သော် မူလကပင် ဆူးလေဦးမြင့်သိန်းဝါဒ၌ သက်ဝင်ယုံကြည်သူအဖြစ် စာရွက်စာတမ်းသက်သေအထောက်အထားအရ ထင်ရှားပါလျက် လက်မှတ် ထိုးရမည်ကို ကြောက်၍ ယခုမှ ငြင်းဆိုသူများကိုမူ ဤညွှန်ကြားချက်အတိုင်း လက်မှတ်ထိုးစေရမည်သာ ဖြစ်ပါသည်။
(၂) ထိုသို့ဆောင်ရွက်ရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ နှင့် ညှိနှိုင်း၍ ဆောင်ရွက်ရန် ဖြစ်ပါသည်။

၃။ မိမိတို့မြို့နယ်အတွင်းတွင် ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒအမည်ခံ တရားဓမ္မများ၌ သက်ဝင် ယုံကြည်ကြသော ရဟန်းရှင်လူတို့ ရှိကြသဖြင့် ဤညွှန်ကြားလွှာအတိုင်း ဆောင်ရွက်ပြီးပါက ဆောင်ရွက်ပြီး ဖြစ်ကြောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထားပြီး မိမိတို့ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ မိတ္တူပေးပို့ရန် ထပ်မံညွှန်ကြားလိုက်ပါသည်။

ဘဒ္ဒန္တကုမာရ ဘဒ္ဒန္တတေဇောဘာသာဘိဝံသ
(အဘိဓဇမဟာရဋ္ဌဂုရု)
ဥက္ကဋ္ဌဆရာတော် တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

အထက်ပါညွှန်ကြားလွှာတို့တွင် အချုပ်ကိုကြည့်လျှင်
၁။ ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒအမည်ခံတရားဓမ္မများကို အဓမ္မဝါဒ၊ အဝိနယဝါဒများအဖြစ် ဆုံးဖြတ် -သတ်မှတ်ထားပြီး ဖြစ်သည်ဟု တွေ့မြင်ကြရပါသည်။
၂။ ယင်းအဓမ္မဝါဒ၊ အဝိနယဝါဒများကို နိုင်ငံတစ်ဝန်းလုံး၌ တားမြစ်ပိတ်ပင်ထားပြီး ဖြစ်သည်ဟု တွေ့မြင်ကြရ ပါသည်။

၃။ ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒအမည်ခံတရားဓမ္မများကို ဟောပြောခွင့်၊ ဖြန့်ချီခွင့်၊ မပြုကြရဟု တွေ့မြင်ကြရပါသည်။

၄။ ယင်းအဓမ္မဝါဒ၊ အဝိနယဝါဒများကို ဟောပြောခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ တိတ်ခွေဖွင့်ခြင်း၊ သင်တန်း ပေးခြင်း စသည်တို့ကို ကိုယ်တိုင်လည်း မပြုကြရ။ ပတ်သက်သူများကိုလည်း မပြုလုပ်စေရဟု တွေ့မြင်ကြရပါသည်။

၅။ ထိုဝါဒနှင့်ပတ်သက်သော အသင်းအဖွဲ့များကို ဖျက်သိမ်းကြရမည်ဟု တွေ့မြင်ကြရပါသည်။

၆။ အထက်ပါတို့ကို ဆောင်ရွက်ရာတွင် အခက်အခဲရှိနေပါက သက်ဆိုင်ရာ ကောင်စီနှင့် တိုင်ပင်၍ အရေးယူဆောင်ရွက်ကြရမည်ဟု တွေ့မြင်ကြရပါသည်။

ထိုစဉ်က ထိုသို့ပင် နိုင်ငံတစ်ဝန်းလုံးမှာ တားမြစ်ပိတ်ပင်ထားခြင်းကို ခံကြရပါသော်လည်း -

ဟောပြောခြင်း ရေးသားခြင်း ဆွေးနွေးခြင်း တိတ်ခွေဖွင့်ခြင်း သင်တန်းပေးခြင်း စသည်တို့ကို မပြုလုပ်ကြရပါသော်လည်း -

ထိုဝါဒနှင့် ပတ်သက်သော အသင်းအဖွဲ့များကို ဖျက်သိမ်းခဲ့ကြသဖြင့် ပျက်စီးခဲ့ကြရပါသော်လည်း - ထိုဝါဒနှင့်ပတ်သက်သော အသင်းအဖွဲ့များသည် အမှန်အားဖြင့် မပျက်ခဲ့ကြကြောင်းကိုလည်း သိမြင်ကြရပြီ ဖြစ်ပါသည်။ ထိုသို့ဟောပြောခြင်း စသည်များ ဆက်လက်ရှိနေခဲ့ကြကြောင်းကိုလည်း သိမြင်ကြရပြီ ဖြစ်ပါသည်။

နိုင်ငံတစ်ဝန်းလုံး၌ ပြန့်နှံ့နေရုံမျှမက အခြားနိုင်ငံများသို့ပင် ပြန့်နှံ့နေကြပြီဖြစ်၍ ကမ္ဘာသို့တိုင်အောင်ပင် ပြန့်နှံ့နေကြပြီဖြစ်ကြောင်းကိုလည်း သိမြင်ကြရပြီ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍

၁၃၄၄-ခုနှစ်က အဓမ္မဝါဒဖြစ်ကြောင်း ဆုံးဖြတ်ချက် ချမှတ်ထားပြီးသော ယခုအခါတွင် ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာအမည်ဖြင့် ပြန်လည်ထွန်းကား စော်ကားလျက်ရှိသော အဓမ္မဝါဒီဂိုဏ်းကြီးကို စောဒနာမှုပြုနိုင်ရန် နှိုးဆော်လွှာ ရေးသားစဉ်ကပင်--

"ဤကဲ့သို့သော သာသနာဖျက်မည့် အဓမ္မဝါဒများကို ဖေါ်ထုတ်နိုင်ဖို့ အလွန်အရေးကြီးပါသည်။ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများထံ သိခွင့်ရအောင် တင်ပြပေးဖို့ အရေးတကြီး လိုအပ်နေပါပြီ။ သို့မှသာ ဆရာတော်ကြီးများက ဓမ္မ/အဓမ္မ ဆုံးဖြတ်နိုင်ကြမည် မဟုတ်ပါလော။ ထို့ပြင် ယခုအခါ အကြီးအကျယ် ဖြန့်ဝေလျက်ရှိသည့် တောင်တွင်းကြီးရှင်ဥက္ကဋ္ဌဝါဒများလည်း ရှိပါသေးသည်။ ဆူးလေဓမ္မကထိကကြီးဦးမြင့်သိန်း၏ အဓမ္မဝါဒများလည်း နာမည်အသစ်ဖြင့် ခေတ်စားလာလျက် ရှိနေပါသည်။

အခြားအခြားသော အဓမ္မဝါဒဟောင်းများလည်း ခေါင်းပြူလာလျက် ရှိနေကြပါသည်။ တစ်ခေတ်တစ်ခါဆီက အဓမ္မဝါဒဖြစ်ကြောင်း နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများက ဆုံးမပြီး သူတို့ကိုယ်တိုင်က ဝန်ခံပြီး ဖြစ်ပါလျက် ပြန်ပေါ်လာကြပါသေးသည်။

ထိုစဉ်က တာဝန်ထမ်းဆောင်တော်မူခဲ့ကြသည့် ဆရာတော်ကြီးများအတွက် ပင်ပန်းရကျိုး မထင် လေစွတကား။ စောဒနာလွှာ ပြုစုတင်ပြပေးခဲ့ကြသည့် သာသနာ့သားကောင်း စောဒကများအတွက်လည်း အကျိုးမရှိဖြစ်ရလေစွတကား။ ဗုဒ္ဓဘာသာဝင် ဒကာဒကာမများအတွက် အန္တရာယ်ကျရောက်မြဲ ကျရောက်နေလေစွတကား။

"ဤကဲ့သို့ အဓမ္မ ဝါဒဟောင်းများ ပြန်ထလာလျှင်ဖြစ်စေ - အဓမ္မဝါဒအသစ်များ ဖြစ်ပေါ်လာလျှင်ဖြစ်စေ - အချိန်မီဖေါ်ထုတ်နိုင်ဖို့ အဓမ္မဝါဒဖေါ်ထုတ်တားဆီးဖယ်ရှားရေးအဖွဲ့တစ်ခုခု ရှိသင့်နေပါပြီ။

သို့ဖြစ်ပါ၍ သာသနာတော်၌ ကျရောက်လာမည့် ဘေးတို့ကို ကာကွယ်နိုင်ရန် (စာရေးသူတို့နှင့်တကွ) သာသနာ့ဝန်ထမ်း ရဟန်းတော်တို့မှာ တာဝန်ကြီးတစ်ရပ် ဖြစ်ပေါ်လာပြီဖြစ်ကြောင်း သတိပြုမိဖွယ်ရာ ရှိပါသည်။

ဤတာဝန်ကြီးကို စဉ်ဆက်မပြတ် ထမ်းဆောင်သွားနိုင်ရန် တစ်ပါးကောင်း - တစ်ပါးလုပ်-အနေဖြင့် မည်သူမျှ မဖြစ်နိုင်ကောင်းပါ။ ထို့ကြောင့် စွမ်းဆောင် နိုင်သူရဟန်းတော်များ၏ ပါဝင်မှု - အဆက်အသွယ်ပြုမှုများကို မဖြစ်မနေလိုအပ်လျက် ရှိနေပါသည်။

သာသနာတော်၌ ရှင်ဥက္ကဋ္ဌ၏ အဓမ္မဝါဒ ကျရောက်ခဲ့ဖူးပြီ။ အမြစ်ပြတ်အောင် သုတ်သင်ရန် ခက်ခဲလှသည်။ သာသနာတော်၌ ရှင်ဥပဂုတ္တပူဇော်ခြင်းဝါဒ ပြန့်ပွါးခဲ့ဖူးပြီ။ အမှားကိုအမှန်ပြင်ရန် ခက်ခဲလှသည်။ သာသနာတော်၌ သမ္ဗုဒ္ဓရာဇာဆိုသည့် ပုဂ္ဂိုလ်ကြောင့် သမ္ဗုဒ္ဓရာဇာအဓမ္မဝါဒ ပေါ်ထွန်းခဲ့ဖူးပြီ။ အမြစ်ပြတ်သွားခဲ့ပြီ။

ဤသို့လျှင် သက်တမ်းရှည်အဓမ္မဝါဒ၊ သက်တမ်းတိုအဓမ္မဝါဒဟူ၍ နှစ်မျိုးရှိကြောင်း သိရပါသည်။ အကြောင်းမှာ ဖေါ်ထုတ်နိုင်မှုသည်မြန်လျှင် ဝါဒီဦးရေ မများသေးခြင်းကြောင့် အားသေး၍ အမြစ်ပြတ်သွားပါသည်။ အချိန်ကြာမှသာ ဖေါ်ထုတ်နိုင်ပါက ဝါဒီဦးရေများပြီ ဖြစ်၍ အားကြီးနေခြင်းကြောင့် နောင်တစ်ခေတ်မှာ ပြန်ဖြစ်လာတတ်ပါသည်။ အားယူ၍ပြန်ထလာတတ်ပါသည်။

မှန်၏။ ယခုအခါတွင် ရှင်ဥက္ကဋ္ဌဝါဒဖြန့် စာအုပ်များကို ပန်းဆိုးတန်းအရောင်းဆိုင်များမှာရော မန္တလေးမြို့ ညဈေးတန်းနှင့်နာမည်ကြီးစာအုပ် ဟောင်း-အရောင်းဆိုင်များမှာပါ ဝယ်ယူ၍ ရရှိခြင်းသည်ပင် သက်သေဖြစ်ပါတော့သည်။

ဤဖြန့်ဝေနေသည့်မြင်ကွင်းများကို ၁၃၄၃(၁၉၈၁)ခုနှစ်က ရှင်ဥက္ကဋ္ဌဝါဒ အဓမ္မဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်တော်မူခဲ့ကြသည့် ဆရာတော်ကြီး(ဘဒ္ဒန္တဃောသိတာဘိဝံသ၊ ဘဒ္ဒန္တဇဝနာဘိဝံသ၊ ဘဒ္ဒန္တဓမ္မာဘိဝရ၊ ဘဒ္ဒန္တကုမာရာဘိဝံသ၊ ဘဒ္ဒန္တဉာဏိက)တို့ မြင်တွေ့ကြရလျှင် အဘယ်သို့ ရှိတော်မူကြမည်နည်း။ ထိုစဉ်က ဓောဒကအဖြစ် ဆောင်ရွက်တော်မူခဲ့ကြသော ဆရာတော်ကြီး (ဦးစန္ဒိမာ၊ ဦးပညာသီဟ၊ ဦးဝိသုဒ္ဓ၊ သီးပညာသာမိ)တို့ မြင်တွေ့ကြရလျှင် အဘယ်သို့လျှင် အကျိုးရှိကြောင်း ဝန်ခံနိုင်တော့အံ့နည်း။

. . . အဓမ္မဝါဒဖြစ်ကြောင်း ဝန်ခံပြီးသောအခါ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ တံဆိပ်တော်ဖြင့် ခွင့်ပြုခံရသော သတင်းဆောင်းပါးများကို စာနယ်ဇင်းတို့မှာ ထည့်သွင်းဖေါ်ပြနိုင်သည်အထိလည်းကောင်း၊ နောင်ကာလမှာ နာမည်ဟောင်းဖြင့်ဖြစ်စေ နာမည်သစ်ဖြင့်ဖြစ်စေ ပြန်ထလာလျှင်လည်း အမှုဟောင်းအမှုသစ်တွဲလျက် တင်ပြနိုင်သည်အထိလည်းကောင်း ဆောင်ရွက်ဖွယ်ရာ ရှိပါသည်”
ဟူ၍ ရေးသားတင်ပြခဲ့ကြပြီး ဖြစ်ပါသည်။

**<u>အသိပေးချက်အမှတ်စဉ်(၃)</u>**

အထက်ပါတင်ပြချက်တို့ကို ၁၃၆၉-ခုနှစ်၊ နယုန်လပြည့်ကျော်(၄)ရက် (၃. ၆. ၂၀၀၇) တနင်္ဂနွေနေ့မှစ၍ စီစဉ်ရေးသားပြီး မကြာမီအတွင်းမှာပင် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများနှင့် သက်ဆိုင်ရာသာသနာရေး အရာရှိများထံသို့ အသိပေးတင်ပြခဲ့ကြပြီး ဖြစ်ခြင်းကြောင့် မဟာနာယကဆရာတော်ကြီးများကလည်း အရေးတယူ ရှိတော်မူကြလျက် သက်ဆိုင်ရာအစိုးရအကြီးအကဲတို့ကလည်း ဂရုပြုခဲ့ကြပါသည်။

ထို့ကြောင့်ပင် ဥက္ကဋ္ဌဆရာတော်ကြီးက (၂)ကြိမ်တိုင်တိုင် ဩဝါဒပေးပြီး ချီးမြှင့်ခဲ့ပါသည်။ သာသနာရေးဝန်ကြီးကလည်း ဆရာတော်ကြီး၏ ဩဝါဒတော်အားလျှော်သော လျှောက်ထားချက်များဖြင့် ဖြစ်လာမည့်ကိစ္စတို့ကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးလိုကြောင်း လျှောက်ထားပြီး ဖြစ်ပါသည်။

ဆရာတော်ကြီး၏ ဒုတိယအကြိမ်ပေးအပ်ချီးမြှင့်ထားသည့် ဩဝါဒတော်များကို သတင်းစာမှ ကူးယူ၍ ဆက်လက် လျှောက်ထားတင်ပြလိုပါသေးသည်။

ဝန်ကြီး၏လျှောက်ထားချက်တို့ကိုလည်း အသိအမှတ်ပြုကာ မှတ်တမ်းတင်ထားလိုပါသေးသည်။

## ထေရဝါဒဗုဒ္ဓသာသနာတော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို အရေးယူ တားဆီးကာကွယ်ရန် ဆောင်ရွက်ခွင့်ရှိ

ရန်ကုန် နိုင်ဝင်ဘာ ၂၂

**ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သဘာပတိ၊ ဥက္ကဋ္ဌ၊ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်**

**ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ၏ သာရဏီယသြဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်။**

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဆဋ္ဌအစည်းအဝေးသို့ အားပေးချီးမြှောက် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား-

"ဆရာတော်အရှင်မြတ်တို့ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံတော်မူကြ၍ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွါးတိုးတက်အောင် ဆောင်ရွက်တော်မူနိုင်ကြပါစေ"ဟု အာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်စကား လျှောက်ထားပါသည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား မြတ်စွာဘုရားသည် -

ယေ တေ ဘိက္ခဝေ ဘိက္ခူ အဓမ္မံ ဓမ္မောတိ ဒီပေန္တိ၊

တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇနအဟိတာယ ပဋိပန္နာ ဗဟုဇနအသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ။

ဗဟုဥ္စ တေ ဘိက္ခဝေ ဘိက္ခူ အပုညံ ပသဝန္တိ။

တေ စိမံ သဒ္ဓမ္မံ အန္တရဓာပေန္တီ တိ။ ပ ။

ရဟန်းတို့ အကြင်ရဟန်းတို့သည် တရားစစ်တရားမှန်မဟုတ်သော အဓမ္မကို တရားစစ် တရားမှန် ဖြစ်သော ဓမ္မဟုလည်းကောင်း၊ တရားစစ်တရားမှန်ဖြစ်သော ဓမ္မကို တရားစစ်တရားမှန်မဟုတ်သော အဓမ္မဟု လည်းကောင်း၊

ဝိနည်းစစ်ဝိနည်းမှန်မဟုတ်သော အဝိနယကို ဝိနည်းစစ်ဝိနည်းမှန်ဖြစ်သော ဝိနယဟုလည်းကောင်း၊ ဝိနည်းစစ်ဝိနည်းမှန်ဖြစ်သော ဝိနယကို ဝိနည်းစစ်ဝိနည်းမှန်မဟုတ်သော အဝိနယဟုလည်းကောင်း၊

မြတ်စွာဘုရား မဟောအပ်မပြောအပ်သည်ကို မြတ်စွာဘုရား ဟောအပ်ပြောအပ်ဟုလည်းကောင်း၊ မြတ်စွာဘုရားဟောအပ်ပြောအပ်သည်ကို မြတ်စွာဘုရား မဟောအပ်မပြောအပ်ဟုလည်းကောင်း၊

မြတ်စွာဘုရား အလေ့အကျင့်မပြုအပ်သည်ကို မြတ်စွာဘုရား အလေ့အကျင့် ပြုအပ်၏ဟုလည်းကောင်း၊ မြတ်စွာဘုရား အလေ့အကျင့်ပြုအပ်သည်ကို မြတ်စွာဘုရား အလေ့အကျင့်မပြုအပ်ဟုလည်းကောင်း၊

မြတ်စွာဘုရား မပညတ်အပ်သည်ကို မြတ်စွာဘုရား ပညတ်အပ်၏ဟုလည်းကောင်း၊ မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ်ဟုလည်းကောင်း ပြုကြကုန်၏။

ရဟန်းတို့ ထိုရဟန်းတို့သည် လူအများစီးပွါးချမ်းသာမဲ့ခြင်း၊ အကျိုးမဲ့ခြင်း၊ နတ်လူတို့အစီးအပွါးမဲ့ခြင်း၊ ဆင်းရဲခြင်းငှါ ကျင့်သည် မည်ကုန်၏။

ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော အကုသိုလ်ကိုလည်း ဖြစ်ပွါးစေသည် မည်ကုန်၏။

ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း ကွယ်ပျောက်စေသည် မည်ကုန်၏ဟု ဟောတော်မူပါသည် ဘုရား။

ဆရာတော်အရှင်မြတ်ဘုရား ယခုသာသနာတော်နောက်ပိုင်း အချိန်အခါ၌ အဓမ္မကို ဓမ္မဟု ပြခြင်း စသည်ဖြင့် လူအများစီးပွါးချမ်းသာမဲ့ခြင်း၊ အကျိုးမဲ့ခြင်း၊ နတ်လူတို့အစီးအပွါးမဲ့ခြင်း၊ ဆင်းရဲခြင်းငှါ ကျင့်ကြကုန်သည်ဖြစ်၍

များစွာသောအကုသိုလ်ကို ဖြစ်ပွါးစေကြကာ

သာသနာတော်ကြီး ကွယ်ပျောက်အောင် ပြုလုပ်နေကြသည့် ရဟန်းသာမဏေများ ပေါ်ပေါက်နေကြ သည်ကို ကြားသိကြရပါသည်ဘုရား။

အချို့ရဟန်းများကလည်း ထေရဝါဒဗုဒ္ဓသာသနာတော် မှေးမှိန်ကွယ်ပျောက်၍ မဟာယာနသာသနာ

ဖြစ်ပေါ်အောင် လုပ်ဆောင်နေကြသည်ကိုလည်း ကြားသိနေရပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား ဆိုခဲ့ပြီးသော အဓမ္မကို ဓမ္မဟုပြခြင်း စသည်ဖြင့် နတ်လူအများ စီးပွါးချမ်းသာမဲ့အောင် ဆင်းရဲအောင် သာသနာတော်ကိုလည်းကွယ်ပျောက်အောင် ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားနေသည့် မြန်မာနိုင်ငံတော်၌ မဟာယာနသာသနာပေါ် ပေါက်လာအောင် ပြုလုပ်နေကြသော သာသနပစ္စတ္ထိက = သာသနာ့ရန်စွယ်ဖြစ်သော ရဟန်းသာမဏေများ အင်အားမကောင်းမီ ကြိုတင်၍ ကာကွယ်ကြရန် လိုအပ်နေပြီ ဖြစ်ကြောင်းကို လျှောက်ထားပါသည်ဘုရား။

ထို့ပြင် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များက အဓမ္မဟု ဆုံးဖြတ်ခဲ့သောဝါဒများကို ပြန်လည်ဟောပြောနေကြသည်ကိုလည်းကောင်း၊ အဓမ္မဝါဒဟု ဆုံးဖြတ်ပြီးသော စာအုပ်စာတမ်းများကို မိတ္တူကူး၍ ဖြန့်ချိနေကြသည်ကိုလည်းကောင်း ကြားသိတွေ့မြင်နေကြရပါသည်ဘုရား။

ထိုအဓမ္မဝါဒကို ပြန်လည်ဟောပြောနေမှု၊ အဓမ္မဝါဒစာအုပ်စာတမ်းများကို မိတ္တူကူး၍ဖြန့်ချိနေမှု စသည်တို့ကို သက်ဆိုင်ရာမှ စုံစမ်းစိစစ်၍ ဖေါ်ထုတ်အရေးယူသင့်ပြီဖြစ်ကြောင်းကိုလည်း လျှောက်ထားအပ်ပါသည်ဘုရား။

ယင်းသို့ တိတိကျကျ ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်မှုများကို မပြုလုပ်ဘဲ လျစ်လျူရှုနေပါက ယင်းအဓမ္မဝါဒများ ပြန်လည်ခေါင်းထောင်လာမည်ကိုလည်းကောင်း၊ နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်များ ဆုံးဖြတ်အပ်သော ဝိနိစ္ဆယများ အချီးအနှီးအလဟဿ ဖြစ်သွားမည်ကိုလည်းကောင်း စိုးရိမ်မိပါသည်ဘုရား။

ဤကိစ္စကို လေးလေးနက်နက် ဆင်ခြင်စဉ်းစား နှလုံးထားတော်မူကြပါဘုရား။

သံဃအဖွဲ့အစည်းအခြေခံစည်းမျဉ်း ပြင်ဆင်ဖြည့်စွက်ချက် စာမျက်နှာ(၂၀) အခန်း(၁) အပိုဒ်(၂) အပိုဒ်ခွဲ(က)၌ သာသနာဆိုသည်မှာ ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမတော်ကို ဆိုသည်ဟုလည်းကောင်း၊

အပိုဒ်ခွဲ(င)၌ ထေရဝါဒဆိုသည်မှာ ပဌမသင်္ဂါယနာမှ ဆဌသင်္ဂါယနာအထိ သင်္ဂါယနာခြောက်တန်တင်ထားသော ပါဠိတော် အဋ္ဌကထာ ဋီကာ အစရှိသော ပိဋကတ်ကို ဆိုသည်ဟုလည်းကောင်း၊

ယင်းအခြေခံစည်းမျဉ်း အခန်း(၂၀) အပိုဒ်(၁၂) အပိုဒ်ခွဲ(ဂ) ၌ ပရိယတ္တိသာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွါးစေရန်နှင့် ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြော ခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန် ဖြစ်သည်ဟုလည်းကောင်း၊

အပိုဒ်(၁၃)၌ သံဃအဖွဲ့အစည်း အဆင့်ဆင့်၏ ဆောင်ရွက်ချက်ကို ဖေါ်ပြပါ အခြေခံမူများ၊ ရည်ရွယ်ချက်များနှင့် ကိုက်ညီစေရန် ဆောင်ရွက်ခွင့် ရှိသည်ဟုလည်းကောင်း ပြဆိုထားပါသည်။

ဤပြဆိုချက်များကို ပေါင်းရုံးသုံးသပ်ပါက မြတ်စွာဘုရား၏အဆုံးအမသာသနာတော်ဖြစ်သော ပဌမသင်္ဂါယ နာမှ ဆဌသင်္ဂါယနာအထိ သင်္ဂါယနာခြောက်တန် တင်ထားသော ထေရဝါဒပါဠိတော် အဋ္ဌကထာ ဋီကာ အစရှိသော ပိဋကတ်တော်နှင့် မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို အရေးယူ တားဆီးကာကွယ် နိုင်သည်ဟု အဓိပ္ပါယ် ရရှိပါသည်ဘုရား။

သို့ဖြစ်၍ ထေရဝါဒဗုဒ္ဓသာသနာတော်နှင့် မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို အရေးယူ တားဆီးကာကွယ်ရန် ဆောင်ရွက်ခွင့်ရှိသည်ကို သိတော်မူကြစေရန် လျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၂) အပိုဒ်(၄)၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း၌ ဤစည်းမျဉ်းအရ သတ်မှတ်ထားသည့် ဂိုဏ်းပေါင်းစုံပါဝင်သော သံဃာ့အဖွဲ့အစည်း တစ်ခုတည်းသာ ရှိရမည်ဟုလည်းကောင်း၊

အပိုဒ်(၅)၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ ထေရဝါဒသံဃာ့ ဂိုဏ်းအသီးသီးမှ ရဟန်းသံဃာဟူသမျှသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သံဃာ့အဖွဲ့အစည်းအတွင်း၌ အလိုအလျောက် ပါဝင်ပြီးဖြစ်သည်

ဟုလည်းကောင်း ပြဋ္ဌာန်းထားပါလျက် ယခုအခါ အချို့ရဟန်းသာမဏေများသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ကြီးကြပ်အုပ်ချုပ်မှုကို မခံယူသည့် တရားမဝင်သော သံဃာ့အဖွဲ့အစည်းများ ဖွဲ့စည်းလျက် ဆောင်ရွက်နေကြပါ သည်ဘုရား။ ယင်းသို့ ဆောင်ရွက်နေကြခြင်းသည် အဆိုပါ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အပိုဒ်(၄) အပိုဒ်(၅)ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ကြသည့်အပြင်-

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှထုတ်ပြန်သော ညွှန်ကြားလွှာအမှတ်(၈၁)ကိုလည်း ဖေါက်ဖျက် ကျူးလွန်ရာ ရောက်ပါသည်။

ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ထုတ်ပြန်သော အမိန့်အမှတ်(၆/၉၀)နှင့် သံဃာ့အဖွဲ့ အစည်း ဆိုင်ရာဥပဒေ ဥပဒေအမှတ်(၂၀/၉၀)တို့ကိုလည်း ကျူးလွန်ရာရောက်ပါသည်ဘုရား။

သို့ဖြစ်ပါ၍ အဆိုပါစည်းမျဉ်းဥပဒေများကို ရဟန်းသာမဏေတိုင်း သိနေကြဖို့ အထူးလိုအပ်ပါသည်။

ထို့ကြောင့် ဤစည်းမျဉ်းဥပဒေများကို ရဟန်းသာမဏေများ သိနားလည်အောင် သံဃာ့အဖွဲ့အစည်းဝင် ဆရာတော်များ၊ ကျောင်းထိုင်-ကျောင်းပိုင်ဆရာတော်များ၊ ကျောင်းတိုက်ဆရာတော်များ၊ စာချဆရာတော်များက အခွင့်အခါသင့်တိုင်း ဟောပြောဆုံးမတော်မူကြရန် တပည့်တော်တို့ မဟာနာယကအဖွဲ့က ဆောင်ရွက်ပေးသင့် ပါသည် ဘုရား။

နိုင်ငံတော်သံဃနာယကဆရာတော်အရှင်မြတ်တို့ဘုရား - မြတ်စွာဘုရားသည် သုက္ကပက္ခ၌လည်း-

"ယေ တေ ဘိက္ခဝေ အဓမ္မံ အဓမ္မောတိ ဒီပေန္တိ၊

တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇနဟိတာယ ပဋိပန္နာ ဗဟုဇနသုခါယ ဗဟုနော ဇနဿ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။

ဗဟုဉ္စ တေ ဘိက္ခဝေ ဘိက္ခူ ပုညံ ပသဝန္တိ။

တေ စိမံ သဒ္ဓမ္မံ ဌပေန္တီ"တိ။ ပ ။

ရဟန်းတို့ အကြင်ရဟန်းတို့သည် တရားစစ်တရားမှန်မဟုတ်သော အဓမ္မကို တရားစစ် တရားမှန် မဟုတ်သော အဓမ္မဟုလည်းကောင်း၊ တရားစစ်တရားမှန်ဖြစ်သော ဓမ္မကို တရားစစ်တရားမှန်ဖြစ်သော ဓမ္မဟုလည်းကောင်း၊

ဝိနည်းစစ်ဝိနည်းမှန်မဟုတ်သော အဝိနယကို ဝိနည်းစစ်ဝိနည်းမှန်မဟုတ်သော အဝိနယ ဟုလည်း ကောင်း၊ ဝိနည်းစစ်ဝိနည်းမှန်ဖြစ်သော ဝိနယကို ဝိနည်းစစ်ဝိနည်းမှန်ဖြစ်သော ဝိနယဟုလည်းကောင်း၊

မြတ်စွာဘုရား မဟောအပ် မပြောအပ်သည်ကို မြတ်စွာဘုရား မဟောအပ်မပြောအပ်ဟုလည်းကောင်း၊ မြတ်စွာဘုရား ဟောအပ် ပြောအပ်သည်ကို မြတ်စွာဘုရား ဟောအပ်ပြောအပ်ဟုလည်းကောင်း၊

မြတ်စွာဘုရား အလေ့အကျင့် မပြုအပ်သည်ကို မြတ်စွာဘုရား အလေ့အကျင့် မပြုအပ်ဟုလည်းကောင်း၊ မြတ်စွာဘုရား အလေ့အကျင့် ပြုအပ်သည်ကို မြတ်စွာဘုရား အလေ့အကျင့် ပြုအပ်၏ဟုလည်းကောင်း၊

မြတ်စွာဘုရား မပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ်ဟုလည်းကောင်း၊ မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား ပညတ်အပ်၏ ဟုလည်းကောင်း ပြကြကုန်၏။

ရဟန်းတို့ ထိုရဟန်းတို့သည် လူအများစီးပွါးချမ်းသာဖြစ်ခြင်း၊ အကျိုးဖြစ်ခြင်းငှါ နတ်လူ တို့၏အစီးအပွါး ဖြစ်ခြင်း၊ ချမ်းသာခြင်းငှါ ကျင့်သည် မည်ကုန်၏။

ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော ကုသိုလ်တရားကိုလည်း ဖြစ်ပွါးစေသည် မည်ကုန်၏။

ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း တည်တံ့စေသည် မည် ကုန်၏ဟု ဟောတော်မူခဲ့ပါ သည်ဘုရား။

(အံ၊ ၁၊ ၁၉။)

သို့ဖြစ်ပါ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့်တကွ သံဃ့အဖွဲ့အစည်းအသီးသီး၌ပါဝင်သော

အရှင်မြတ် များသည်လည်းကောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၌မပါဝင်သော အရှင်မြတ်တို့သည်လည်း ကောင်း မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်သော ရဟန်းသာမဏေအားလုံးတို့သည် လူအများ၏ စီးပွါးချမ်းသာ ဖြစ်ခြင်း၊ အကျိုးဖြစ်ခြင်းငှါ နတ်လူတို့၏အစီးအပွါးဖြစ်ခြင်း၊ ချမ်းသာခြင်းငှါ ကျင့်သောပုဂ္ဂိုလ်၊ များစွာသော ကုသိုလ်တရားကိုလည်း ဖြစ်စေသောပုဂ္ဂိုလ်၊ ဤသာသနာတော်ကိုလည်း တည်တံ့စေသောပုဂ္ဂိုလ်များဖြစ်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြပါဟု တိုက်တွန်းလျက် ဘုရားတပည့်တော်၏ သာရဏီယဩဝါဒကထာကို နိဂုံးချုပ်ပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား။

(၂၃၊ ၁၁၊ ၀၈-ရက်စွဲထုတ် သတင်းစာ။)

# သာသနာတော်မြတ်ကြီး အရှည်တည်တံ့ခိုင်မြဲအောင်၊ တိုးတက်ထွန်းကား ပြန့်ပွါးအောင် ထမ်းဆောင်ကြရာတွင် ရဟန်းသာမဏေသံဃာတော်များအားလုံး အချင်းချင်းချစ်ခင်လေးစားတန်ဖိုးလျက် ညီညွတ်ပါမှ အောင်မြင်မည်။

ရန်ကုန် နိုဝင်ဘာ ၂၂

**ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆဋ္ဌအစည်းအဝေး၌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရမြင့်မောင်၏ သာသနာရေး ဆိုင်ရာ လျှောက်ထားလွှာ အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်။**

ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် - နိုင်ငံတော်သံဃမဟာနာယကဆရာတော် အရှင်သူမြတ်ကြီး များဘုရား-

ယနေ့ကျင်းပအပ်သော ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆဋ္ဌအစည်းအဝေးသို့ ဆရာတော်အရှင်မြတ်ကြီးများ စုံစုံညီညီ ကြွရောက်ချီးမြှောက်တော်မူကြသဖြင့် ဘုရားတပည့်တော်သည် ဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်ရပါသည်ဘုရား။ ဆရာတော်ကြီးများသည် သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွါးရေးကိုသာ တစိုက်မတ်မတ် အာရုံစိုက်တော်မူလျက် သက်တော်ရွယ်တော်အလျောက် ကျန်းမာရေးအနေ အထား ကိုယ်စိတ်ပင်ပန်း နွမ်းနယ်မှုများကို နောက်ထားလျက် ပေးအပ်ထားသော သာသနာ့တာဝန်များကို ထမ်းဆောင်ကြပြီး စုံညီစည်းဝေး ဆွေးနွေးနှီးနှော သဘောညီမျှ ဆုံးဖြတ်ချရေး အလေးဂရု အားပြုသန်စွာ ကြွရောက်လာကြသဖြင့် ဆရာတော်ကြီးများ၏ သာသနာတော်မြတ်ကြီးအပေါ် ထားရှိသော သဒ္ဓါအစ ဝီရိယ တစ်ဖြာ ပညာဉာဏ်ထ ဆန္ဒထူးမြတ် စိတ်ဓာတ်အားနှင့် သတိဆင်မှုတို့ကို ဖူးမြင်ကိုယ်တွေ့ စေ့စေ့သိရှိရပါသဖြင့် ကြည်ညိုသဒ္ဓါ မင်္ဂလာကုသိုလ်တရားများရရှိ၍ အတိုင်းမသိ စိတ်ကြည်နူးချမ်းမြေ့ရပါကြောင်း လျှောက်ထား အပ်ပါသည်ဘုရား။

၁၉၈၀-ပြည့်နှစ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီးနောက် သာသနာတော် မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွါးရေးအတွက် တာဝန်များ အသီးအသီး ထမ်းဆောင်တော်မူကြရာတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေရသည်ကို ဆရာတော်ကြီးများ အသိ ပင် ဖြစ်ပါသည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့သည် ဝိနိစ္ဆယရေးရာ သာသနာ့ရေးရာ ပညာရေးရာတို့ကို သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲကျမ်းများ၊ ညွှန်ကြားလွှာများ စသည်တို့နှင့် ညှိနှိုင်းဆုံးဖြတ်ကာ ဖြေရှင်းဆောင်ရွက်ကြရပါသည်ဘုရား။

ငါးသိန်းကျော်မျှသော သံဃာထုကြီးကိုလည်း ဘုရားဥပဒေ၊ နိုင်ငံတော်ဥပဒေ၊ အဖွဲ့အစည်းဥပဒေ၊ လူမှုဥပဒေစသည်များနှင့် အညီအညွတ်ဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်ပေးရပါသည်ဘုရား။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး သည် ဝိနိစ္ဆယရေးရာအပိုင်းတွင် တရားရေးမဏ္ဍိုင်ကြီးအဖြစ်၊ သာသနာရေးရာအပိုင်းတွင် သာသနာ့မဏ္ဍိုင်ကြီးအဖြစ်၊ ပညာရေးရာအပိုင်းတွင် ပရိယတ္တိမဏ္ဍိုင်ကြီးအဖြစ် မားမားမတ်မတ်ရပ်လျက် ဖြေရှင်းဆောင်ရွက်လျက် ရှိပါသည်ဘုရား။

ကြီးသောအမှုသေးငယ်အောင်၊ သေးငယ်သောအမှုပပျောက်အောင်၊ အကုသိုလ်တရားများ ယုတ်လျော့ပပျောက်ပြီး ကုသိုလ်တရားများ တိုးပွါးလာအောင်၊ အဂတိတရားများ ကင်းစင်စွာ ကြိုးစားဖြေရှင်းအောင်မြင်စေသဖြင့် ဘုရားတပည့်တော်တို့ သဒ္ဓါဆပွါး ကြည်ညိုလေးစားရပါသည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ကြီးသည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွါးရေးနှင့် သံဃာစည်းလုံးညီညွတ်ရေးတို့ကို ရှေးရှုလျက် သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့ကြသည့်နည်းတူ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း အခြေခံမူအရ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်သည်လည်း သာသနာရေးကိစ္စများကို ဆောင်ရွက်ရာ၌ ဓမ္မဝိနယကို အလေးဂရု ပြုခြင်းဖြင့် သံဃာကိုသာ အလေးဂရု ပြုရမည်၊ ပုဂ္ဂိုလ်ကို အလေးဂရု မပြုရဟူသော ပရိဝါပါဠိတော်နှင့်အညီ - စုပေါင်းဆောင်ရွက်ခြင်း၊ စုပေါင်းဦးဆောင် ခြင်း၊ စုပေါင်းဆုံးဖြတ်ခြင်း၊ အများ၏သဘောထားနှင့်ဆန္ဒကို အနည်း စုက လိုက်နာခြင်း၊ အနည်းစု၏သဘောထားနှင့် ဆန္ဒကို အများစုက လေးစားခြင်း စသည်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ဖြစ်ပါသည်ဘုရား။

ထိုနည်းအတူပင် နိုင်ငံတော်တစ်ဝန်းလုံးရှိ ထေရဝါဒသံဃာ့ဂိုဏ်း အသီးသီးမှ ရဟန်းသံဃာဟူသမျှသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းအတွင်း၌ အလိုအလျောက် ပါဝင်ပြီးဖြစ်သဖြင့် ရဟန်းသာမဏေတိုင်းသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ ကြီးကြပ်မှုတို ခံယူကြရမည် ဖြစ်ပါသည်ဘုရား။ သာသနာတော်မြတ် ကြီး အရှည်တည်တံ့ခိုင်မြဲအောင်၊ တိုးတက်ထွန်းကား ပြန့်ပွါးအောင် ထမ်းဆောင်ကြရာတွင်လည်း ရဟန်းသာမဏေ သံဃာတော်များ အားလုံးသည် အချင်းချင်း ချစ်ခင်လေးစားတန်ဖိုးထားလျက် စိတ်ခတ်ပြည့်စွာ ညီညွတ်ပါမှ လုပ်ငန်းရပ်များ အောင်မြင်နိုင်မည် ဖြစ်ပါသည်ဘုရား။

အင်္ဂုတ္တရနိကာယ် နိပ္ပိယသုတ်တွင်-ရဟန်းသံဃာအချင်းချင်း ချစ်ခင်အပ်၊ လေးစားအပ်၊ ချီးမွမ်းအပ်သူ ဖြစ်စေသော ကျင့်စဉ်တရားများကို ဗုဒ္ဓရှင်တော်မြတ် ဟောမိန့်ထားသည်ကို သိရှိရ ပါသည်ဘုရား -

ဤတရားများမှာ . .

အဓိကရဏ်းကို မပြုတတ်ခြင်း။

သိက္ခာသုံးပါးကိုလိုလားခြင်း။

လောဘအလို ရမ္မက်နည်းပါးခြင်း။

အမျက်မထွက်တတ်ခြင်း။

သူတစ်ပါးဂုဏ်ကိုမချေဖျက်တတ်ခြင်း။

မစဉ်းလဲမကောက်ကျစ်ခြင်း။

မိမိ၌မရှိသောဂုဏ်ကိုအရှိလုပ်ကာ လွဲမှားစွာမပြောဆိုတတ်ခြင်း။

မိမိအပြစ်ကိုဖုံးကွယ်လှည့်ပတ်လိုသည့်မာယာ မရှိခြင်း။

လောကုတ္တရာတရားတို့ကို ရှုမှတ်ဆင်ခြင်သိမြင်မှုရှိခြင်း။

ကမ္မဋ္ဌာန်းဖြင့်တရားတည်းကိန်းအောင်းခြင်း။

သီတင်းသုံး ဖော်တို့ကို အာမိသ၊ ဓမ္မ နှစ်ဌာနဖြင့် ချီးမြှောက်တတ်ခြင်း။

ဤသို့သဘောရှိသော ရဟန်းသာမဏေတို့ကို အချင်းချင်း သီတင်းသုံးဖော်တို့က အရိုအသေပေး အလေးဂရုပြုလျက် ဆက်ဆံကြပြီး သာသနာရေးကိစ္စများကို တိုင်ပင်ညှိနှိုင်း ဆောင်ရွက်သဖြင့် ချောချောမောမော အောင်မြင်စေနိုင်မည် ဖြစ်ပါသည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် တစ်ခုတည်းသော ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီး အတွင်းရှိ ရဟန်းသာမဏေများနှင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့အား ညီညွတ်စေရေး၊ နိပ္ပဋိယသုတ်တော်လာ ချစ်ခင်လေးစား ကျင့်စဉ်တရားများနှင့်အညီ - ရှိစေရေးတို့အတွက် ယခုထက်ပိုမို၍ လမ်းညွှန်ကြီးကြပ် ထိန်းမတ် ပေးတော်မူကြပါရန် ဘုရားတပည့်တော် ရိုသေလေးမြတ်စွာ တောင်းပန်လျှောက်ထားအပ်ပါသည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်ကြီးဘုရား -

ဆရာတော်အရှင်မြတ်ကြီးက ဦးဆောင်လျက် သာသနာရေးကိစ္စအဝဝကို အားသစ်စုပေါင်း ထပ်လောင်း ကြိုးပမ်း ထမ်းဆောင်ကြသကဲ့သို့ နိုင်ငံတော်အစိုးရ အမျိုးရှိသော ဒကာပြည်သူတို့ကလည်း ကိုယ်စိတ်နှစ်ပါး အားအစွမ်းထားလျက် သာသနာရေးလုပ်ငန်းများကို ဆရာ့နည်းကျ ဩဝါဒတော်များနှင့် ညှိနှိုင်းဖြေရှင်း ဆောင်ရွက် လျက် ရှိပါသည်ဘုရား။

နိုင်ငံတော်ကထုတ်ပြန်ကြေညာထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ အာဏာစက် အကူအညီ အထောက်အပံ့များကို တရားနှင့်လျော်စွာပေးလျက် ရှိပါသည် ဘုရား။

ထိုကဲ့သို့ သာသနာရေးလုပ်ငန်းများကို ဆရာဒကာ ညီညာလက်တွဲ အားခဲနိုင်းချင့် ကျွန်းနှင့်ကိုင်းမှီ ရှေ့သွားညီအောင် ရည်ရွယ်ပံ့ပိုး ကြိုးစားဆောင်ရွက်လျက် ရှိသည့်ပြင်၊ ဒကာ့တာဝန် ကြေပွန်ကြရ နုဂ္ဂဟနှစ်ဖြာ ဓမ္မာပစ္စယ ကုသိုလ် အဝဝကိုလည်း မဆုတ်မနစ် အားအသစ်သစ်ဖြင့် တိုးမြှင့်လှူဒါန်းလျက် ရှိပါသည်ဘုရား။

ပြည်သူအပေါင်း သူတော် ကောင်းတို့သည် သာသနာတော်မြတ်ကြီးအတွက် စေတနာသုံးတန် ပြဋ္ဌာန်းလျက် ဆပွါးထပ်ဆင့် ထောက်ပင့်ဝေဆာ ပူဇော်ကြမည်သာ ဖြစ်ပါကြောင်း လျှောက်ထားရင်း ဘုရားတပည့် တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါသည် နိုင်ငံတော်သံဃမဟာနာယကဆရာတော်အရှင်သူမြတ် တို့ဘုရား။

(သတင်းစဉ်)

## **အသိပေးချက်အမှတ်စဉ်(၄)**

အထက်ပါဩဝါဒတော်များနှင့် အထက်ပါလျှောက်ထားလွှာတို့သည် စာရေးသူတို့၏ အဓမ္မဝါဒဖော်ထုတ် တားဆီးဖယ်ရှားရေးနှိုးဆော်လွှာနှင့် နိုင်ငံတော်အတွင်း ဖြစ်ပေါ်ခဲ့ရသော ရဟန်းသံဃာအရေးတို့ကြောင့် ပေါ်ပေါက်လာကြသည့် ပြည်ပရောက် ရဟန်းများ၏ အဖွဲ့သစ်များ ဖွဲ့စည်းခြင်းဆိုင်ရာ ကြေညာချက်တို့ကို အစွဲပြုလျက် ဆုံးမအပ်သော အဆုံးအမများနှင့် ယင်းအဆုံးအမများအားလျော်သော လျှောက်ထားချက်များ ဖြစ်ကြပါသည်။

စာရေးသူတို့ လျှောက်ထားလွှာများသည် အဓိကအားဖြင့် ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာအမည်ခံ မိုးပြာဂိုဏ်း ကြီးကို ရည်ရွယ်ခဲ့ရင်းသာ ဖြစ်ပါသော်လည်း ၎င်းနှိုးဆော်လွှာထဲတွင် ရှင်ဥက္ကဋ္ဌဝါဒဆိုင်ရာများလည်း အကျုံးဝင် သွားကြပါသည်။ ထို့ပြင် ရှင်ဥက္ကဋ္ဌ ကိုပင် ဓမ္မစကြာဆရာတော်ကြီးဟု ခေါ်ဆို၍ ဂုဏ်ပြုဦးတင် အစဉ်အောက်မေ့ နေသည့် ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒအမည်ခံ အဓမ္မဝါဒဂိုဏ်းဟောင်းကြီးကို ပြန်လည်ဖော်ထုတ်နေမှုများနှင့် လည်း သက်ဆိုင်ကာ အကျုံးဝင်သွား ကြပါသည်။

"စောဒနာလွှာတို့ဖြစ်ပေါ်လာခြင်းအကြောင်းရင်းများ"အစပိုင်းတွင် တင်ပြခဲ့သည့်အတိုင်းပင် ဆူးလေ ဦးမြင့်သိန်း၏ ထေရဝါဒများသည် ယခုအခါတွင် နိုင်ငံတော်တစ်ဝန်းလုံး ပြန့်နှံ့လျက်ပင် ဖြစ်ပေါ်တိုးပွါး တန်ခိုးထွား လာကြပြီဖြစ်ကြောင်း သိမြင်ကြရပါသည်။

၁၃၄၄-ခုနှစ်က အဓမ္မဝါဒ၊ အဝိနယဝါဒဟူ၍ သတ်မှတ်ခံရသော ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒများသည် ၎င်းဆရာကြီး၏ တပည့်ကြီး(၄)ပါး (**ဦးဥက္ကံသဗုဒ္ဓိ၊ ဦးနာရဒ**) စသူတို့က ဆက်လက်သင်ပြနေကြသောကြောင့် ၁၃၆၁-ခုနှစ်ခန့်မှစတင်၍ ပြန်လည်ဖြစ်ပေါ်လာကြပါသည်။

ယင်းသို့ဖြစ်ပေါ် လာအောင် ပြုလုပ်သူတို့တွင် အဓိကခေါင်းဆောင်ပုဂ္ဂိုလ်မှာ ဓမ္မစေတီဦးကောသလ္လဖြစ်ပါသည်။

ဦးကောသလ္လသည် အဆိုပါ ၁၃၆၁-(၁၉၉၀)ခုနှစ်မှ စတင်၍ တစ်နိုင်လုံးပင် တရားပွဲများ ဖြစ်ပေါ်အောင်အားထုတ်ခဲ့သူ ဖြစ်ပါသည်။

၎င်းပုဂ္ဂိုလ်၏ ဟောတရားခွေများကို ကြည့်လျှင် ၎င်းအဓမ္မဝါဒများက မည်မျှလောက်အထိ ကျယ်ပြန့်သွားကြောင်းတို့ကို သေချာစွာ သိမြင်နိုင်ကြမည်သာ ဖြစ်ပါသည်။

ထို့ကြောင့် ဤစာအုပ်၏နောက်ဆုံးပိုင်းတွင် ၎င်းပုဂ္ဂိုလ်၏ တရားခွေးနာမည်များကို တရားအလှူတော်ပြုလုပ်နေရာဌာနတစ်ခုမှ အလွယ်တကူ ရရှိသလောက်မျှ တင်ပြပေးလိုက်ပါသည်။

ယခုဆက်လက်၍ တင်ပြပေးလိုသည်မှာ - ၎င်းပုဂ္ဂိုလ်၏ ဟောတရားခွေ စာစီမှတ်တမ်းတစ်ခုထဲက အမှားတွေအကြောင်းပင် ဖြစ်ပါသည်။

# ဝိဇ္ဇာမယဂမ္ဘီရနည်း
# မိစ္ဆာစက်ဖြတ်မန္တန်တော်ကြီး

**ဗုဒ္ဓရှင်မြတ်၊ ဟောထားအပ်သော**
**ပိဋကတ်ကျမ်းစာ၊ မညီရာတို့ကို**
**မျက်နှာထောက်ထား၊ မသနားနှင့်**

**စာအားငွေအား၊ ဖြန့်ဝေအားဖြင့်**
**တစ်ပါး-ဆယ်ယောက်၊ တစ်ယောက်-ဆယ်ပါး**
**ပြန့်ပွါးနှံ့စပ်၊ လူ့ရပ်မြေကုန်**
**ဝိုင်းအုံ ပ ထုတ်၊ ဖွဲ့ခတ်လုပ်၍**
**တောထုတ်ကြကုန်လော့**

# မဟာစေတီဂိုဏ်း၏နောက်ခံဖြစ်သောမဟာယာနဂိုဏ်းကြီး(၂)ဂိုဏ်းအကြောင်း

## (ဗုဒ္ဓဘာသာသုံးမျိုး)

### ၁။ ထေရဝါဒဗုဒ္ဓဘာသာ

မြတ်ဗုဒ္ဓ၏ပရိနိဗ္ဗာန်စံဝင်တော်မူရာဖြစ်သော မဟာသက္ကရာဇ်-၁၄၈-ခုနှစ်တွင် အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ အမှူးရှိကုန်သော မထေရ်မြတ်ကြီးတို့သည် ပထမသံဂါယနာကို တင်တော်မူကြသည်။

(ယင်းနှစ်ကိုပင် သာသနာတော်နှစ် အမှတ်(၁)ဟု သတ်မှတ်ပါသည်။)

ယင်းသံဂါယနာတင် မူသည် မြတ်ဗုဒ္ဓဟောပြထားချက်အတိုင်း အတည်ပြုထားရှိခြင်းပင် ဖြစ်သည်။ ထို့ကြောင့်**ထေရဝါဒသာသနာ**ဆိုသည်မှာ မြတ်ဗုဒ္ဓ၏မူရင်းအတိုင်း အတည်ပြုထားသည့် ဒေသနာစဉ်များနှင့် ကျင့်စဉ်များပင် ဖြစ်ပါသည်။ ထိုသံဂါယနာတင်မှုကိုအစွဲပြု၍ ထေရဝါဒသာသနာတော်ဟု တွင်လာခြင်းပင် ဖြစ်ပေသည်။

မဟာသက္ကရာဇ်-၁၄၈-ခုနှစ်ဆိုသည်မှာ ခရစ်နှစ်မပေါ်သေးမီ (၅၄၃)နှစ်ခန့် ရှေးကျသည့်ကာလပင် ဖြစ်ပါသည်။ အဆိုပါထေရဝါဒသာသနာတော်ကို ယခုခေတ်တွင် ထေရဝါဒ ဗုဒ္ဓဘာသာဟုခေါ်ဆိုနေကြောင်း သိရပါသည်။

ထေရဝါဒဗုဒ္ဓဘာသာကို-

၁။ မြန်မာ၊

၂။ ထိုင်း၊

၃။ သီရိလင်္ကာ၊

၄။ ကမ္ဘောဒီးယား၊

၅။ လော-နိုင်ငံတို့မှာ ကိုးကွယ်နေလျက် ရှိကြသည်။

ထေရဝါဒဗုဒ္ဓဘာသာဟူသည်မှာ မြတ်စွာဘုရား၏ တရားတော်ကို မြတ်စွာဘုရားဟောကြားတော်မူသည့်အတိုင်း **မပြုမပြင်၊ မဖြည့်မစွက်၊ မပယ်မနှုတ်ဘဲ** လိုက်နာကျင့်သုံးသည့် ဗုဒ္ဓဘာသာကို ခေါ်ဆိုခြင်းသာတည်း။

### ၂။ ဟီနယာနဗုဒ္ဓဘာသာ

ထေရဝါဒဗုဒ္ဓဘာသာကဲ့သို့ မူရင်းတရား အစစ်အမှန်တွေကိုလည်း အတိအကျ မလိုက်နာနိုင်-မဟာယာနတွေလောက်လည်း ပြုပြင်ဖြည့်စွက်ပယ်နှုတ်ဖို့ မလုပ်ချင်သော ဗုဒ္ဓဘာသာကို ဟီနယာနဗုဒ္ဓဘာသာဟု ခေါ်ဆိုသည်။

၎င်းတို့သည် အမှန်အားဖြင့် သာသနာနှစ်-၁၀၀-တွင် ပေါ်ပေါက်ခဲ့သည့် ဝဇ္ဇီပုတ္တကဂိုဏ်း (မဟာသံဃိကဂိုဏ်း)မှ ဆက်လက်ဖြစ်ပွါးလာသည့်ဂိုဏ်းပင် ဖြစ်သည်။ ဟီနယာနအမည်ခံသည့်ဂိုဏ်းတို့သည် ရှေးက အိန္ဒိယပြည် ဂန္ဓာရတိုင်း၊ ကသ္မီရတိုင်းအထိ အနောမြောက်ပိုင်းနှင့် မြောက်ပိုင်းတစ်လျှောက် ပြန့်ပွါးခဲ့ကြသည်။ သဗ္ဗတ္ထိဝါဒဂိုဏ်း သုတ္တန္တိကဂိုဏ်းစသည်ဖြင့် နာမည်တွင်ခဲ့ကြသေးသည်။

အခုအခါမှာတော့ ၎င်းဂိုဏ်းတို့သည် မဟာယာန ဗုဒ္ဓဘာသာဂိုဏ်းက မျိုထားခြင်းကို ခံလိုက်ကြရသည် ဖြစ်၍ မဟာယာနအတွင်းမှာ တိမ်မြုပ်ကြကုန်ပြီး ပျောက်ကွယ်သလောက် ဖြစ်သွားကြပါသည်။

ယင်းဂိုဏ်းတို့အား ဟီနယာန=နိမ့်ကျသည့်ယာဉ်ဟူ၍ နာမည်တပ်မှုကို မဟာယာနတို့က ပြုလုပ်ခဲ့သည်။ သာသနာတော်နှစ်(၁၀၀)တွင် စတင်ပေါ် ထွန်းခဲ့သည့်ဂိုဏ်းဟု ဆိုနိုင်ပါသည်။

## ၃။ မဟာယာနဗုဒ္ဓဘာသာ

မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း မဟုတ်ဘဲ ကာလ၊ ဒေသ၊ ပုဂ္ဂလ အစရှိသော အခြေအနေ အရပ်ရပ်တို့နှင့် ကိုက်ညီအောင် ဘုရားရှင်၏တရားတော်တို့ကိုပြုပြင်ပြီး သာဝကအဖြစ်၊ ပစ္စေကအဖြစ်ဖြင့် နိဗ္ဗာန်ကို မရနိုင်ဘဲ သမ္မာသမ္ဗုဒ္ဓအဖြစ်ဖြင့်သာ နိဗ္ဗာန်ကို ရနိုင်သည်ဟူ၍ ယူဆသည့် ဗုဒ္ဓဘာသာကို မဟာယာနဗုဒ္ဓ ဘာသာဟု ခေါ်ဆိုသည်။

ယခု -

တိဘက်၊ ဆိကင်၊ ဘူတန်၊ နီပေါ၊ မွန်ဂိုလီးယား၊ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ဗီယက်နမ် အစရှိသောနိုင်ငံ - တို့မှာ မဟာယာနဗုဒ္ဓဘာသာကို ကိုးကွယ်နေကြသည်။ ၎င်းမဟာယာနတို့က ဗုဒ္ဓယာန တစ်ခုတည်းကိုသာ လက်ခံသူများဖြစ်၍ ရှေးကရှိပြီးဖြစ်နေသော သဗ္ဗတ္ထိဝါဒဂိုဏ်း၊ သုတ္တန္တိကဂိုဏ်းအစရှိသော ဗုဒ္ဓဘာသာတို့ကို "သာဝကယာနနှင့် ပစ္စေကယာနနှစ်ခုတို့ကို လက်ခံထားခြင်းကြောင့် ဟီနယာန"ဟုနာမည်တွင်စေခြင်းပင် ဖြစ်ပေသည်။

မဟာယာန ဗုဒ္ဓဘာသာသည် သာသနာနှစ်-၆၀၀-ခန့်တွင် စတင်ပေါ်ပေါက်လာသည့်ဂိုဏ်း ဖြစ်သည်။ ထိုအချိန်တွင် အိန္ဒိယနယ်အတွင်း၌ ထေရဝါဒဗုဒ္ဓဘာသာဂိုဏ်းဝင်များ အနည်းအပါးမျှသာ ကျန်ရှိနေကြပါသည်။ ထေရဝါဒသာသနာတော် ကွယ်ပျောက်နေပြီဟုပင် ဆိုနိုင်သည်။

ဟီနယာနနှင့်မဟာယာနတို့က ထေရဝါဒဗုဒ္ဓဘာသာကို ပျက်စီးစေခဲ့ကြောင်း သိရပါသည်။

ယခုခေတ်တွင် အချို့သူတို့က ထေရဝါဒဗုဒ္ဓဘာသာကို ဟီနယာနဗုဒ္ဓဘာသာဟုပင် အထင်မှား နေကြသည်။ ဟီနယာန၊ မဟာယာန ကွဲပြားချိန်တွင် အိန္ဒိယအတွင်း၌ ထေရဝါဒဗုဒ္ဓဘာသာ ပျောက်ကွယ်နေရပြီဖြစ်၍ ၎င်းဝါဒကွဲမှုထဲတွင် ထေရဝါဒဗုဒ္ဓဘာသာမပါကြောင်း သိရှိရပါသည်။

ထိုအချိန်တွင် ထေရဝါဒဗုဒ္ဓဘာသာသည် သီဟိုဠ်ကျွန်းအတွင်း၌ ထွန်းလင်းပြန့်ပွါးနေကြောင်း တွေ့ရှိရမည်။

## ၁။ ထေရဝါဒဗုဒ္ဓဘာသာကျမ်းစာများ

ထေရဝါဒဗုဒ္ဓဘာသာတရားတော်များသည် မြတ်စွာဘုရားလက်ထက်တော်မှစပြီး ယနေ့တိုင်အောင် တည်ရှိပြီး အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ-အစရှိကုန်သော ရဟန္တာ အရှင် မြတ်ကြီးများမှ စပြီးတော့ မထေရ်မြတ်ကြီးအဆက်ဆက်တို့ သင်ယူပွါးများ ဆောင်ထားတော်မူခဲ့ကြ သည့် နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ ပါဠိတော်များပင် ဖြစ်ကြသည်။

မြတ်စွာဘုရားရှင်၏ မူရင်းအကျဆုံး အမှန်ကန်ဆုံး အသန့်စင်ဆုံး တရားတော်များတည်း။ ထို့ကြောင့် ထိုတရားတော်များအတိုင်း လိုက်နာကျင့်သုံးသူများကို မထေရ်မြတ်ကြီး အဆက်ဆက်တို့၏ဝါဒအတိုင်း လိုက်နာ ကျင့်သုံးသူများဖြစ်ခြင်းကြောင့် ထေရဝါဒဗုဒ္ဓဘာသာဝင်များဟု ခေါ်ဆိုကြသည်။

ထို့ပြင်-

"တတ္ထ တတ္ထ ဘဂဝတာ ပဝတ္တိတာ ပကိဏ္ဏကဒေသနာယေဝ ဟိ အဋ္ဌကထာ" (သာရတ္ထဒီပနီ၊ ၂၁။) ဟု ဆိုထားခြင်းကြောင့် ထိုထိုသိက္ခာပုဒ်ပညတ်ရာတွင် ပုဂ္ဂလဇ္ဈာသယအားလျော်စွာ တရားဟောရာဌာနတို့၌ မြတ်စွာဘုရား ဟောထားအပ်ကုန်သော ပကိဏ္ဏကဒေသနာတော်သည်သာလျှင် **အဋ္ဌကထာ**မည်၏။

ထိုပကိဏ္ဏက ဒေသနာတော်ကား-

"ဘဂဝါ ကိရ(ပ)ဓမ္မဒေသနံ ကရောတိ" (ပါရာဇိကကဏ္ဍဋ္ဌကထာ၊ ၁၈၈)၌ ဆိုထားသောစကားအရ ပထမပါရာဇိကသိက္ခာပုဒ်ကိုပညတ်တော်မူခါနီး၌ တဒနုစ္ဆဝိက၊ တဒနုလောမိက ဓမ္မဒေသနာဟောရာမှာပင် မြတ်စွာဘုရားသည် အဆင်းငါးမျိုးရှိသော ပန်းကုံးကိုပြုလုပ်သကဲ့သို့လည်းကောင်း၊ ရတနာပန်းဆိုင်းကို စီရင် သကဲ့သို့လည်းကောင်း ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို နှိပ်နင်းလိုစိတ် ရှိကုန်သော မစောင့်စည်းမှု၌ မွေ့လျော်ကုန်သော ရဟန်းတို့ကို"ဒုဿီလပုဂ္ဂိုလ်တို့သည် ငရဲစသည်၌ ဆင်းရဲသို့ ရောက်ကြရကုန်၏"ဟု တမလွန်၌

ဖြစ်သောဝင်္ခဘေးဖြင့် ခြိမ်းချောက်လျက် များစွာသောအပြစ်တို့ကို ပြတော်မူပြီးလျှင် သိက္ခာ သုံးပါးကို အလိုရှိကုန်သော စောင့်စည်းမှု၌ တည်ကုန်သော ရဟန်းတို့ကို“အချို့-အရဟတ္တဖိုလ်၌- အချို့-အနာဂါမိမဂ်ဖိုလ်၌- တည်စေလျက် ဥပနိဿယကင်းကုန်သော ရဟန်းတို့ကို အချို့-နတ်ပြည်လမ်းကြောင်း၌ တည်စေလျက်”

ဒီဃနိကာယ်အတိုင်းအရှည်ရှိသော ဒေသနာတော်ကိုလည်းကောင်း

မဇ္ဈိမနိကာယ်အတိုင်းအရှည်ရှိသော ဒေသနာတော်ကိုလည်းကောင်း ပြတော်မူသည်။

ဒီဃနိကာယ် မဇ္ဈိမနိကာယ် အတိုင်းအရှည်ရှိကုန်သော ဤဒေသနာစကားတော်များသည် ပကိဏ္ဏက ဒေသနာတော်များ ဖြစ်ကြသည်။ **ထိုပကိဏ္ဏကဒေသနာတော်များသည်ပင် အဋ္ဌကထာများ မည်သတည်း။**

ထိုအဋ္ဌကထာများကို သံဂါယနာသုံးတန် တင်တော်မူကြောင်းကို သီလက္ခန်အဋ္ဌကထာစသည်တို့၏ အစဦးပိုင်း၌ ပြဆိုထားပြီး ဖြစ်ကြသည်။

ထိုအဋ္ဌကထာများရှိနေလျက် အရှင်မဟာဗုဒ္ဓဃောသသည် အဘယ့်ကြောင့် နောက်ထပ်အဋ္ဌကထာ များကို ရေးသားရသနည်းဟုဆိုလျှင် ထိုအဋ္ဌကထာများကို သီဟိုဠ်ကျွန်းသို့ အရှင်မဟိန္ဒထေရ် ဆောင်ယူသွားပြီး သီဟိုဠ်ကျွန်းသူများအတွက် အက္ခရာတင်ရေးသားထားခဲ့သဖြင့် အခြားကျွန်းသားများ သင်ယူမှု မဖြစ်နိုင်ကြ၍ ထိုသီဟိုဠ်ဘာသာကိုပယ်ပြီး မာဂဓဘာသာဖြင့် ပြန်ဆိုလျက်လည်းကောင်း၊

ပါရာဇိကဏ် အဋ္ဌကထာ အစဦးပိုင်းဂါထာနှင့်အညီ အကျယ်ဖြစ်သော မူလအဋ္ဌကထာစကားများကို အကျဉ်းချုံးလျက်လည်းကောင်း၊

အားလုံးသောအဆုံးအဖြတ်တို့ကို မကြွင်းကျန်စေဘဲ ပြည့်စုံစေလျက်လည်းကောင်း၊

ဘုရားရှင် ဟောထားသောအစဉ်ကို မကျော်လွှားဘဲ အစဉ်လိုက်တည်စေလျက်လည်းကောင်း၊ အရှင် မဟာဗုဒ္ဓဃောသဆရာ ရေးသားခဲ့ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ လက်ရှိအဋ္ဌကထာများသည် အရှင်မဟာဗုဒ္ဓဃောသစသူတို့က ဘုရားရှင်၏ဒေသနာ ပါဠိတော်တို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ထင်သလို ဖွင့်ပြရေးသားထားသည့်ကျမ်းစာများ မဟုတ်ကြပေ။

မူရင်းအားဖြင့် မြတ်စွာဘုရား ဟောထားရင်း တရားများသာ ဖြစ်ကြပေသည်။ ၎င်းအဋ္ဌကထာများကို သာသနာတော်နှစ်(၉၃၇)ဝန်းကျင်တွင် ပြုစုရေးသားထားကြောင်း သိရပါသည်။ အခြားအဋ္ဌကထာများ၊ ဋီကာ များသည်လည်း ဤသဘောအတိုင်းပင် ဖြစ်ကြပါသည်။ ခေတ်ကာလ ကွာဟမှုများသာ ထူးခြားကြပါသည်။ မူအားဖြင့် ဘုရားဟောထားသည့်တရားရင်းများ အတိုင်းပင် တည်ကြပါသည်။

(မိုးပြာအမှုဟောင်း နိုင်ငံတော်ဝိနိစ္ဆယအမှတ်(၉)ဝိနိစ္ဆယ၊ ၃၉-၄၀။)

အဆိုပါ ပါဠိတော်များနှင့်အဋ္ဌကထာများကို သံဂါယနာ သုံးကြိမ်ဆက်တိုက် တင်တော်မူကြပြီး ဖြစ်ပါ သည်။ ယခုအခါမှဆိုလျှင် သံဂါယနာခြောက်ကြိမ်တိုင်တိုင်တင်ကြပြီး ဖြစ်ပါသည်။

## ၂။ ဟီနယာနဗုဒ္ဓဘာသာကျမ်းစာများ

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာနှစ်(၁၀၀)အရောက်တွင် ဝေသာလီပြည်သား ဝဇ္ဇီပုတ္တကရဟန်းများသည် ဘုရားရှင်၏ဝိနည်းပညတ်တော်ထဲက အချက်(၁၀)ချက်တို့ကို မိမိတို့လိုသလိုပြုပြင်၍ ကျင့်သုံးကြသည့်အတွက်ကြောင့် သံဃာစည်းဝေးပြီးတော့ ကမ္မဝါစာဖတ်ပြီး ၎င်းဝဇ္ဇီပုတ္တကရဟန်းများကို နှင်ထုတ် ကြပါသည်။

ထို့နောင် ဝေသာလီပြည်မှာပင် ရဟန္တာအရှင်မြတ်ကြီး(၇၀၀)တို့က ဒုတိယသံဂါယနာကို တင်ကြပါသည်။ နှင်ထုတ်ခံထားကြရသူ ဝဇ္ဇီပုတ္တကရဟန်းတို့ကလည်း ဝေသာလီပြည်မှထွက်ခွါသွားပြီးတော့ စိတ်တူ သဘော တူ သံဃာများနှင့် ဒကာဒကာမများကိုပါ စည်းရုံးသိမ်းသွင်းပြီး ကောသမ္ဗီပြည်မှာ သံဃာတစ်သောင်းတို့ဖြင့် ဒုတိယ သံဂါယနာ(စင်ပြိုင်)ကို ပြုလုပ်ကြသည်။

ၵင်းတို့က သူတို့၏သံဂါယနာကို မဟာသံဂီတိသံဂါယနာဟု သမုတ်ပြီး သူတို့၏ဂိုဏ်းသစ်ကိုလည်း မဟာသံဂီတိဂိုဏ်းဟု သမုတ်ကြပါသည်။ သံဃာများသည်ကိုအစွဲပြု၍ မဟာသံဃိကဂိုဏ်းဟုလည်း ခေါ်တွင်စေကြပါသည်။

ၵင်းဂိုဏ်းသည် မြတ်စွာဘုရား၏ မူရင်းတရားတော်များကို စတင်၍ ပြုပြင်သည့်ဂိုဏ်း ဖြစ်သည်။

ၵင်းဂိုဏ်းက-

"ဂေါတမမြတ်စွာဘုရားဟာ လူသားဘုရား မဟုတ်ဘူး။ နိဗ္ဗာန်ဘုံမှာ အမြဲတည်ရှိနေပြီး ရုပ်ခန္ဓာကိုယ်မရှိခြင်းကြောင့် လူသားတွေ မမြင်ရတဲ့ အနန္တတန်ခိုးရှင်ဘုရား ဖြစ်တယ်"

ဟူ၍ ယူဆကြသည်။

ထို့ပြင်-

"လူ့ပြည်မှာ တရားဟောနေတဲ့ဘုရားဟာ နိမ္မိတဘုရား-ကိုယ်ပွါးဘုရားသာ ဖြစ်တယ်"

ဟူ၍ ယူဆကြသည်။ ဤအချက်သည် မဟာယာနဗုဒ္ဓဘာသာဖြစ်ပေါ်လာခြင်း၏ မျိုးစေ့တစ်စေ့ပင်တည်း။

ထိုသို့ သံဂါယနာ(စင်ပြိုင်)တင်ချိန်မှစ၍ သံဃာတော်များအယူအဆအမျိုးမျိုးကွဲပြားပြီး ဂိုဏ်းကြီး(၁၈) ဂိုဏ်းအထိပင် ကွဲပြားခဲ့ကြပါသည်။ ထို့နောက်နှစ်ပေါင်း(၁၃၅)နှစ်အကြာတွင် သာသနာတော်နှစ်(၂၃၅) ရောက်တော့ ကွဲပြားနေသောဂိုဏ်းကြီးများကိုညီညွတ်စေဖို့နှင့် သာသနာတော်သန့်ရှင်းစင်ကြယ်စေဖို့ ရည်ရွယ်ချက်ထားလျက် သီရိဓမ္မာသောကမင်းကြီးက တတိယသံဂါယနာကို တင်တော်မူစေခဲ့သည်။

သို့သော်လည်း ဟီနယာနဂိုဏ်းဝင် သဗ္ဗတ္ထိဝါဒဂိုဏ်းသား သံဃာများက မညီညွတ်နိုင်ကြသည်ဖြစ်၍ ရာဇဂြိုဟ်အနီးရှိ နာလန္ဒာမြို့မှာ တတိယသံဂါယနာ (စင်ပြိုင်) တင်ကြပါသည်။

တတိယသံဂါယနာတင် အရှင်မောဂ္ဂလိပုတ္တတိဿထေရ်အစရှိသောသံဃာတော်များနှင့် သီရိဓမ္မာသောကမင်းကြီးတို့၏ကျေးဇူးကြောင့် ထေရဝါဒသာသနာတော်ကြီးက အိန္ဒိယတောင်ပိုင်း၊ သီဟိုဠ်ကျွန်း၊ မြန်မာပြည်၊ ယိုးဒယားပြည်-အစရှိသည့် တောင်းပိုင်းဒေသများမှာ ပြန့်နှံ့နေစဉ် သဗ္ဗတ္ထိဝါဒီဂိုဏ်း (ဟီနယာနသာသနာ)ကလည်း အိန္ဒိယမြောက်ပိုင်း၊ အနောက်မြောက်ပိုင်းမှာ ပြန့်နှံ့နေပါသည်။ ဂန္ဓာရတိုင်း၊ ကသ္မီရတိုင်းအထိတောင် ရောက်ရှိသည်။

ၵင်းဂိုဏ်း၏အခြေခံအယူဝါဒမှာ-

"သဗ္ဗံအတ္ထိ=အားလုံးဟာ အစစ်အမှန် အနေအားဖြင့် အမြဲတမ်း ရှိနေ ကြတယ်"

ဟူ၍ပင် ဖြစ်သည်။

သာသနာနှစ်(၆၅၀)ဝန်းကျင်တွင် သဗ္ဗတ္ထိဝါဒဂိုဏ်းကို ကြည်ညိုသော သကမင်းမျိုး ကနိဿကဘုရင်က ဝသုမိတြမထေရ်ကို ဥက္ကဋ္ဌ၊ အဿဃောသမထေရ်ကို ဥပဥက္ကဋ္ဌ-တင်မြှောက်ပြီး ဂန္ဓာရတိုင်း(ယခုအနောက် ပါကစ္စတန်) ဇလန္ဓရမြို့ ကုဝနကျောင်းမှာ သံဂါယနာ တင်ပြန်သည်။

ကသ္မီရတိုင်း(ယခု ကက်ရှ်မီး) ကုဏ္ဍလဝနကျောင်းမှာ တင်သည်ဟုလည်း ဆိုကြသည်။

ယင်းသံဂါယနာ၏ ထူးခြားချက်မှာ-

ကနိဿကဘုရင်က သံဃာတော်တွေကို ပိဋကတ်အဖွင့်ကျမ်းများကို သက္ကတဘာသာဖြင့် ရေးသားစေတော်မူခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ထိုသို့ရေးသားပြုစုထားသောကျမ်းများ ထွက်လာကြပြီး **ဝိဘာသာကျမ်းကြီးများ**ဟု ထင်ရှားကြပါသည်။

ထိုအခါက အိန္ဒိယတွင် အချို့က သီရိဓမ္မာသောကမင်းကြီး၏ တတိယသံဂါယနာကို ထောက်ခံကြ၍ အချို့ကမူ သဗ္ဗတ္ထဝါဒဂိုဏ်းကို ထောက်ခံကြလေသည်။ ဟီနယာနဗုဒ္ဓဘာသာဟု နာမည်တပ်ခံရမည့် သဗ္ဗတ္ထိဝါဒဂိုဏ်းသံဂါယနာတွင် ထင်ရှားကျော်ကြားသော အရှင်အဿဃောသမထေရ် ပါဝင်နေသောကြောင့် အဿဃောသမထေရ်သည် မဟာယာနဗုဒ္ဓဘာသာဂိုဏ်းဝင် ဟုတ်-မဟုတ်သည် ရှုတ်ထွေးလျက် ရှိနေကြရသည်။

## ၃။ မဟာယာနဗုဒ္ဓဘာသာကျမ်းစာများ

အထက်ပါအတိုင်း သံသယဖြစ်ဖွယ်များ ရှိနေကြသော်လည်း သာသနာနှစ်(၆)ရာစုနှစ်၊ ခရစ်နှစ်(၁)ရာစုနှစ်တွင် ပေါ်ထွန်းခဲ့သူ အဆိုပါအသဃေသမထေရ် ရေးသားပြုစုထားသည့် ဗုဒ္ဓစရိတကျမ်းမှာ"မဟာယာန" စကားလုံးကို ပထမဆုံး တွေ့ကြရမည်။ မဟာယာနဗုဒ္ဓဘာသာ၏ အစပျိုးစကားလုံးဟုလည်း ဆိုနိုင်ကြပေလိမ့်မည်။

မဟာယာနဗုဒ္ဓဘာသာကျမ်းပြုဆရာများမှာ ရှင်အသဃေသာ၊ ရှင်နာဂဇ္ဇုန၊ ရှင်အသင်္ဂ၊ ရှင်ဝသုဗန္ဓု-အစရှိကုန်သော ဘုန်းတော်ကြီးများ ဖြစ်ကြသည်။ ထိုဘုန်းတော်ကြီးများ ရေးသားထားသည့်ကျမ်းများသည် ပြင်ချင်သလိုပြင်ထားသည့် ကျမ်းစာများချည်း ဖြစ်ကြသည်။ ထို့ကြောင့် မဟာယာနကျမ်းစာများသည် ဘုရားဟောကျမ်းဂန်များ မဟုတ်ကြပေ။

သာသနာနှစ်(၆၀၀)တွင် ရှင်အသဃေသာ၊ သာသနာနှစ်(၇၀၀)တွင် ရှင်နာဂဇ္ဇုန၊ သာသနာနှစ်(၉၀၀)တွင် ရှင်အသင်္ဂနှင့် ရှင်ဝသုဗန္ဓုတို့ အသီးသီး ပေါ်ထွန်းခဲ့ကြောင်းတွေ့ရသည်။ မဟာယာနကျမ်းစာများသည် သာသနာနှစ်(၇၀၀)နောက်ပိုင်းရောက်မှ မြတ်စွာဘုရား၏တရားတော်တွေကို အနည်းငယ်မျှလောက်သာ မှီငြမ်းပြုလျက် မိမိတို့အယူဝါဒအတိုင်း ဖွင့်ဆိုဖော်ပြ ရေးသားထားကြသည့်စာများချည်း ဖြစ်ကြသည်။

**အထူးခြားဆုံးအယူဝါဒမှာ**-

ထေရဝါဒဗုဒ္ဓဘာသာတို့က-

(၁)ဘုရားဖြစ်ပြီးလည်း နိဗ္ဗာန်ဝင်စံနိုင်သည်။

(၂)ပစ္စေကဗုဒ္ဓါဖြစ်ပြီးလည်း နိဗ္ဗာန်ဝင်စံနိုင်ကြသည်။

(၃)တပည့်သာဝကရဟန္တာဖြစ်ပြီးလည်း နိဗ္ဗာန်ဝင်စံနိုင်ကြသည်။ ဤသို့ နိဗ္ဗာန်ဝင်စံနိုင်ပုံ သုံးနည်း ရှိသည်ဟူ၍ ယူကြသည်။ ထို့ကြောင့် မဟာယာနတို့က ထေရဝါဒတို့ကို သမ္မာသမ္ဗောဓိယာန၊ ပစ္စေကဗောဓိယာန၊ သာဝကဗောဓိယာနဟု သုံးနှုန်းကြသည်။

မဟာယာနဗုဒ္ဓဘာသာတို့ကမူ ဘုရားဖြစ်ပြီးမှသာလျှင် နိဗ္ဗာန်ဝင်စံနိုင်ကြမည်ဖြစ်သည်။ မဟာယာနတို့က သမ္မာသမ္ဗောဓိယာန တစ်ခုတည်းကိုသာလျှင် လက်ခံကြသည်။ (ပစ္စေကဗုဒ္ဓါအဖြစ်၊ တပည့်သာဝကရဟန္တာအဖြစ်ဖြင့် နိဗ္ဗာန်မဝင်စံနိုင်ဟူ၍ ယုံကြည်ကြသည်။)

ဤအချက်၌ မဟာယာနတို့၏အယူဝါဒကို အတိအကျပြောရလျှင် ဘုရားဖြစ်ပြီးမှ နိဗ္ဗာန်ဝင်သည်ဟု မပြောနိုင်ဘဲ နိဗ္ဗာန်ဝင်စံပြီးမှသာလျှင် ဘုရားဖြစ်သည်ဟူ၍သာ ပြောရမည်။

မဟာယာနဗုဒ္ဓဘာသာဝင်တွေက သူတို့က အမြတ်ဆုံးယာဉ်ဖြစ်သော သမ္မာသမ္ဗောဓိယာန တစ်ခုတည်းဖြင့်သာ နိဗ္ဗာန်ကို သွားနိုင်သည်ဟူ၍ ယုံကြည်ခြင်းကြောင့် သူတို့၏ဗုဒ္ဓဘာသာကို မဟာယာနဗုဒ္ဓဘာသာဟု သူတို့ဘာသာ နာမည်တပ်ကြသည်။

ထို့ပြင် သဗ္ဗတ္ထိဝါဒဂိုဏ်း၊ သုတ္တန္တိကဂိုဏ်းတို့ကို ဟီနယာနဟု သူတို့ကပင် နာမည်တပ်လိုက်ကြသည်။ ထိုနာမည်များ တွင်လာကြသောကြောင့် မဟာယာနစတင်ပေါ်ထွန်းလာချိန်တွင် မူလဝဇ္ဇီပုတ္တကနွယ်ဝင်တို့၏ မဟာသံဂီတိဂိုဏ်းခေါ် မဟာသံဃိကဂိုဏ်းသည် ဟီနယာနဂိုဏ်းအဖြစ်ဖြင့် ထင်ရှားလာရပေတော့သည်။ သို့သော် နောက်ပိုင်းတွင်မူ ၎င်းမဟာသံဃိကဂိုဏ်းကို မဟာယာနတို့က မျိုပစ်ပြီး ဖျောက်ပစ်လိုက်ကြပါသည်။

အနှစ်ချုပ်အားဖြင့်ဆိုရပါမူ မဟာယာနဗုဒ္ဓဘာသာကျမ်းများသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ်ပေါင်း(၁၀၀)အရောက်တွင် သက်ဆိုင်ရာဒေသ၊ သက်ဆိုင်ရာခေတ်ကာလ၊ သက်ဆိုင်ရာ ပုဂ္ဂလတို့နှင့် ကိုက်ညီအောင် လူ့အကြိုက်ဖြစ်အောင် လူကြိုက်များနေသည့်ခေတ်ပေါ်ဝါဒများနှင့် ကိုက်ညီအောင် အံဝင်ခွင်ကျဖြစ်လောက်အောင် မိမိတို့လိုသလို တစ်စချင်းတစ်စချင်း ပြုပြင်ပြောင်းလဲထားသည့်ကျမ်းစာများချည်းသာ

ဖြစ်ကြသည်။

မဟာယာနဗုဒ္ဓဘာသာခေါင်းဆောင်များသည် မိမိတို့တရားတွေကို မှန်ခြင်းမှားခြင်းအပေါ် အရေးမထားကြဘဲ လူကြိုက်များပြီး နောက်လိုက်ဘာသာဝင်များလျှင် ပြီးရောဟူ၍သာ အရေးထားကြသည်။ ထို့ကြောင့် ခေတ်ကာလအလိုက် လူကြိုက်များမည့် အယူအဆအမျိုးမျိုးတွေကို ဗုဒ္ဓတရားတော်တွေထဲသို့ သွတ်သွင်းပြီးတော့ အမျိုးမျိုး ပြုပြင်ပြောင်းလဲပစ်သူများ ဖြစ်ကြသည်။

သို့ဖြစ်၍ ရှေ့ပိုင်းမဟာယာနတရားများမှာ ဗုဒ္ဓ၏တရားတော်များကို မူရင်းအဓိပ္ပါယ်ဖြင့် အတော်အတန်တွေ့ကြရသော်လည်း နောက်ပိုင်းမဟာယာနတရားများမှာကျတော့ ဗုဒ္ဓ၏ မူရင်းတရားများထဲမှ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး၊ နိဗ္ဗာန်၊ အသင်္ခတ-အစရှိသော စကားလုံးများလောက်ကိုသာ တွေ့ကြရပါသည်။ **ထိုစကားလုံးများမှာလည်း အနက်အဓိပ္ပါယ်ကျတော့ မူရင်းတရားတော်များနှင့် တခြားစီပင် ဖြစ်နေကြပြန်သည်။**

အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း သာသနာနှစ်(၆၀၀)ခုနှစ်၊ ခရစ်နှစ်(၁)ရာစုနှစ်တွင် နေင်အခါမှာ မဟာယာနဗုဒ္ဓဘာသာဟူ၍ ထင်ရှားလာမည့် အယူအဆဝါဒအမျိုးမျိုးတွေကို တီထွင်ဟောပြောရေးသားဖြန့်ဝေခဲ့ကြသော်လည်း မိမိတို့၏အယူဝါဒအသီးသီးကို စုစုစည်းစည်းဖြစ်အောင် စည်းစည်းလုံးလုံးဖြစ်အောင် ဆောင်ရွက်နိုင်မှု မရှိကြသေးပေ။ သူကတစ်မျိုး ငါကတစ်မျိုး ငြင်းခုံနေကြရုံမျှသာ ရှိကြပါသေးသည်။ အများက လက်ခံနိုင်လောက်အောင် မလုပ်နိုင်ကြသေးပေ။

ထို့ကြောင့် သာသနာနှစ် (၁၀၀)မှသည် သာသနာနှစ်(၇၀၀)ခန့်အထိ ကာလတစ်လျှောက်ကို **မဟာယာနအကြိုခေတ်**ဟု သတ်မှတ်နိုင်ကြမည် ဖြစ်သည်။

လိုရင်းမှာ မဟာသံဃိကဂိုဏ်းမှ မဟာယာနဂိုဏ်းသို့ ချီတက်လာစဉ် သမိုင်းခေတ်ပင် ဖြစ်ပေသည်။

(**မှာထား-ဝန်ခံချက်။** ။ ဖေါ်ပြပါအချက်အလက်အားလုံးသည် ချမ်းမြေ့ဆရာတော်၏ "တက္ကသိုလ်ဓမ္မသဘင်" (စာ-၃၇၆-၃၈၄)တို့မှ ကူးယူတင်ပြချက်များသာ ဖြစ်ကြပါသည်။)

## (သာသနာနှစ်(၁၀၀)=မဟာသံဃိကဂိုဏ်းမှ သာသနာနှစ်(၇၀၀)=မဟာယာနဂိုဏ်းသို့)

### မဟာယာနပင်မ၏မျိုးစေ့

သာသနာနှစ်(၁၀၀)တွင် ပင်မဗုဒ္ဓဘာသာဂိုဏ်းကြီးထဲမှ ခွဲထွက်သွားကြသည့် မဟာသံဃိကဂိုဏ်းကြီးသည် မဟာယာနဗုဒ္ဓဘာသာဖြစ်ပေါ်လာအောင် မျိုးစေ့ချပေးသည့်ဂိုဏ်းကြီး ဖြစ်နေပေသည်။ ထို့ကြောင့် မဟာယာနဗုဒ္ဓဘာသာဂိုဏ်းသည် သာသနာနှစ်(၁၀၀)တွင် မျိုးစေ့ကျခဲ့ပြီး တဖြည်းဖြည်းချင်း အညှောက်ထွက် အပင်ပေါက် ကြီးထွားလာသည့်ဂိုဏ်းကြီးပင် ဖြစ်ပေသည်။

မဟာသံဃိကဂိုဏ်းသားတို့က-

"လူနတ်ဗြဟ္မာသတ္တဝါများအကြားမှာ သွားလာလှုပ်ရှားပြီး တရားဟောပြော၍ ဆုံးမချွေချွတ်တော်မူသည့် မြတ်စွာဘုရားသည် သွေးနှင့်သားနှင့် **လူသားစစ်စစ်ဘုရား**ဟူ၍ မယူဆကြဘဲ လောကထဲက လုံးဝလွတ်မြောက်သွားပြီး ရုပ်သဏ္ဍာန်တော် ဘာမျှမရှိသော အနန္တတန်ခိုးတော်ရှင်ဘုရားဟူ၍သာလျှင် ယူဆလျက် ကောင်းကင်ပြင် နိဗ္ဗာန်ဘုံနန်းမှာ အပြီးအပိုင် စံမြန်းနေတော်မူသည်ဟုသာ ယူဆကြသည်။

ဆိုလိုရင်းမှာ သာဝတ္ထိ၊ ရာဇဂြိုဟ်၊ ဝေသာလီ-အစရှိကုန်သော အရပ်ဒေသတွေမှာ သီတင်းသုံးပြီး သတ္တဝါတွေကို နည်းကောင်းညွှန်ပြ ဆိုဆုံးမတော်မူသွားသည့် ဂေါတမမြတ်စွာဘုရားသည် သဗ္ဗညုတရွှေဉာဏ်တော်ရှင် လူသားဘုရားအစစ် မဟုတ်ဟု ဆိုလိုပါသည်။

ကောင်းကင်ပြင်နိဗ္ဗာန်ဘုံနန်းမှာ ရှိနေသောအာဒိဗုဒ္ဓဘုရားက ဖန်ဆင်းပြီး လူ့ပြည်ကိုပို့ပေးလိုက်သော

နိမ္မိတကိုယ်ပွါးဘုရား(တမန်တော်)မျှသာ ဖြစ်သည်ဟု ဆိုလိုသည်။

ခရစ်ယာန်တို့၏ ထာဝရဘုရားနှင့် သားတော်ယေရှုခရစ်သဘောမျိုးပင် ဖြစ်နေသည်။ ဤအချက်သည် မဟာယာနတရားတွေ ပေါ်ထွန်းလာဖို့ မျိုးစေ့ဖြစ်သည်။ ဘုရားရှင်၏မူရင်းတရားတွေကို ဟိုဒေသ၊ ဒီဒေသတွေမှာ ရှိနေကြသူလူတို့၏ လူမှုရေးအယူအဆများ၊ ဘာသာရေးအယူအဆများနှင့် ရောထွေးယှက်တင် မသန့်စင်သည့် အခြေအနေသို့ ရောက်ရှိလာစေဖို့ မျိုးစေ့ဖြစ်သည်။

နောက်ဆုံးမှာတော့ ဗုဒ္ဓ၏တရားတော် အစစ်အမှန်တွေကို တဖြည်းဖြည်းချင်း ဝါးမျိုပြီး ရောက်တတ်ရာရာ တွေးခေါ်ယူဆချက်တွေကို ဗုဒ္ဓ၏တရားတော်ဟု နာမည်အတပ်ခံရသည်အထိ အခြေဆိုးအနေဆိုးသို့ ရောက်ရှိသွားအောင် ပြုလုပ်ပေးလိုက်သည့်မျိုးစေ့ပင် ဖြစ်သည်။

ဤကဲ့သို့သော မျိုးစေ့မှ ပင်စည်ဖြစ်ကာ အသစ်အသစ်ဖြစ်ပေါ်နေသည်ကိုပင် အမြဲရှင်သန်နေသည့် ဗုဒ္ဓဘာသာဖြစ်ကြောင်း မဟာယာနများက ဆိုကြပါသေးသည်။ ဗုဒ္ဓဘာသာဟုဆိုသော်လည်း ဗုဒ္ဓ၏တရား မဟုတ်ကုန်။ ဖော်ပြခဲ့သည့်အတိုင်းပင် မဟာသံဃိကဂိုဏ်းအလိုအားဖြင့် နိဗ္ဗာန်ဘုံမှာ ဘုရားတစ်ဆူ၊ လူပြည်မှာ နိမ္မာနဘုရားတစ်ဆူဟူ၍ တစ်ဆူတည်းသောမူလဘုရားကနေပြီး ဘုရားနှစ်ဆူ ဖြစ်ရပေသည်။

၎င်းတို့၏အယူဝါဒကို လိုက်၍ သာသနာတော်နှစ်(၉၀၀)တွင် ယောဂါစာရဂိုဏ်း ပေါ်ပေါက်လာကြောင်း သိရပါသည်။ ယောဂါစာရဂိုဏ်းကမူ ဘုရားတစ်ဆူတည်းကနေ ဘုရားသုံးဆူ လေးဆူအထိပင် တီထွင်လိုက်ပေသည်။ **၎င်းဂိုဏ်းကိုတီထွင်သူမှာ ရှင်အသင်္ဂမထေရ် ဖြစ်သည်။**

ဤနေရာတွင် မူလမဟာသံဃိကဂိုဏ်းကြီးမှာ ပေါက်ပွါးလာသည့်ဂိုဏ်းကြီး နှစ်ဂိုဏ်းအကြောင်းကို မျက်ခြေမပြတ်ဖို့ လိုပါသေးသည်။ သဗ္ဗတ္ထိဝါဒဂိုဏ်းနှင့် သုတ္တန္တိကဂိုဏ်းတို့ပင် ဖြစ်ကြသည်။

သဗ္ဗတ္ထိဝါဒဂိုဏ်း၏ အခြေခံအယူဝါဒမှာ-

"သဗ္ဗံအတ္ထိ=အားလုံးဟာ အစစ်အမှန် အနေအားဖြင့် အမြဲတမ်း ရှိနေ ကြတယ်"

ဟူ၍ပင် ဖြစ်သည်။

သုတ္တန္တိကဂိုဏ်း၏အခြေခံအယူဝါဒမှာ-

"သတ္တဝါ၏သန္တာန်မှာရှိနေသည့် သိမ်မွေ့သောဝိညာဉ်သည် မပျက်မစီးဘဲ တည်ရှိသည်ဖြစ်၍ တစ်ဘဝကနေ တစ်ဘဝသို့ ကူးပြောင်းနေသည်။ ရုပ်တရားတွေကတော့ အဆင့်ဆင့် စိတ်ဖြာခွဲခြမ်းကြည့်လိုက်လျှင် နောက်ဆုံးအဆင့်မှာ ဘာမျှမရှိခြင်းကိုသာ တွေ့ရသည့်အတွက်ကြောင့် သုညသာ ဖြစ်သည်။

ထို့ပြင် သတ္တဝါတိုင်းမှာ ဗုဒ္ဓသဘာဝ ရှိနေသည်"

ဟူ၍ပင် ဖြစ်သည်။ ဤသုတ္တန္တိကဂိုဏ်းကို သင်္ကန္တိကဂိုဏ်း ဟုလည်း ခေါ်ဆိုကြသေးသည်။

ဤဂိုဏ်းကြီးနှစ်ဂိုဏ်းသည် သာသနာနှစ်(၁၀၀)က ပေါ်ပေါက်ခဲ့သည့် မဟာသံဃိကဂိုဏ်းကြီးမှ ဆက်ပွါးဂိုဏ်းများဖြစ်ကြောင်း သိရပါသော်လည်း သီးခြားဂိုဏ်းခေါင်းဆောင်တို့ကိုမူ မသိရပေ။ ဤဂိုဏ်းနှစ်ဂိုဏ်းမှ ဆင့်ပွါးလာကြသည့် မဇ္ဈိမိကဂိုဏ်းနှင့် ယောဂါစာရဂိုဏ်းတို့မှာကား ဂိုဏ်းခေါင်းဆောင်များ သီးသန့် ထင်ရှားကြပါသည်။ **မဇ္ဈိမိကဂိုဏ်းကိုတည်ထောင်သူမှာ ရှင်နာဂဇ္ဇုနမထေရ် ဖြစ်ပါသည်။**

## သာသနာနှစ်(၇၀၀)ကမဇ္ဈိမိကဂိုဏ်း (နာဂဇ္ဇုန၏သုညဝါဒ)

အထက်ပါသုတ္တန္တိကဂိုဏ်း၏ သုညဝါဒကို အခြေခံ၍ မဇ္ဈိမိကဂိုဏ်းသားတို့သည်-

"လောကမှာ အရာရာတိုင်း အစစ်အမှန် ရှိသည်-မဟုတ်သည့်အတွက်ကြောင့် အားလုံးကို အပြန်ပြန် အလှန်လှန် အဖန်ဖန် ငြင်းပယ်ခြင်းအားဖြင့် နောက်ဆုံးမှာ အစစ်အမှန်ဟူ၍ ဘာမျှမရှိကြောင်း၊ သုညမျှသာ ရှိကြောင်း သဘောပေါက်အောင် ငြင်းပယ်မှုပြုရ မည်"

ဟူ၍ ယူကြသည်။

သို့သော်လည်း မဇ္ဈိမိကဂိုဏ်း၏ဘာမျှမရှိခြင်းသဘောတရားသည် ပန်းအိုး၏ အတွင်းဘက်မှာ

ဘာမျှမရှိခြင်းကဲ့သို့ဖြစ်၍ အခေါင်းရှိနေခြင်းကို လက်ခံပြီးလျှင် ၎င်းအခေါင်းရှိနေခြင်းသည်ပင် ပန်းအိုး၏ အနှစ်သာရ ဖြစ်သည်။ ၎င်းအခေါင်းအပေါက်ပါရှိနေခြင်းကြောင့်သာလျှင် ပန်းထိုး၍ ရသည်။ ပန်းအိုးအဖြစ် အသုံးဝင်သည်။ ပန်းအိုး၏အတွင်းဘက်မှာ ဘာမျှမရှိခြင်းသည် ပန်းအိုး၏အနှစ်သာရဖြစ်သကဲ့သို့ မဓျမိကဂိုဏ်း၏ ဘာမျှမရှိခြင်း သဘော(သုည)သည်လည်း အရာခပ်သိမ်း၏ အစစ်အမှန်တရားအနေဖြင့် မရှိခြင်းသဘောကို ပြသသည့် ပရမတ္ထသုည ဖြစ်သည်ဟုလည်း ရှင်းပြကြသည်။

**ဤမဓျမိကဂိုဏ်းသည် ခရစ်နှစ်(၂)ရာစု နှစ်မှာ စတင်ခဲ့ပြီး ဤဂိုဏ်းကိုပြုပြင်လျက် ယခုအခါတွင် အဖြည့်အစွက် အရှုတ်အထွေး များစွာဖြင့် မဟာယာနဂိုဏ်းဟူ၍ ထင်ရှားနေကြောင်း သိရပါသည်။ စင်စစ်မှာ မဟာယာနဗုဒ္ဓဘာသာဟူသည် မဓျမိကဂိုဏ်းဆက်ပင်တည်း။**

## သာသနာနှစ်(၉၀၀)ကယောဂါစာရဂိုဏ်း (အသင်္ဂ၏ဝိညာဏဝါဒ)

အထက်ပါမဟာသံဃိကဂိုဏ်း၏ ဘုရားနှစ်ဆူဝါဒကို အခြေခံ၍ ယောဂါစာရဂိုဏ်းသားတို့သည်-

"စိတ်ဝိညာဉ်သည်သာလျှင် အရှိတရား ဖြစ်သည်"

ဟူ၍ ယူဆကြသည့်အတွက်ကြောင့် ဝိညာဏဝါဒဂိုဏ်းဟုလည်း အမည်တွင်ပါသည်။

"ဝိညတ်ခေါ်ဆိုသည့် ကိုယ်နှုတ်အမူအရာကောင်းခြင်းရှိမှသာ တရားဖြစ်သည်"

ဟူ၍လည်း ယူဆကြသည့်အတွက်ကြောင့် ဝိညတ္တိမတ္တတာဂိုဏ်းဟုလည်း အမည်တွင်ပါသည်။ ခရစ်နှစ်အားဖြင့် (၄)ရာစုမှာ ပေါ်လာသည့်ဂိုဏ်း ဖြစ်သည်။

ယောဂါစာရဂိုဏ်းက တီထွင်ထားသည့် ဘုရားပွါးတို့မှာ-

(၁)ဓမ္မကာယဘုရား

(၂)သမ္ဘောဂကာယဘုရား

(၃)နိမ္မာနကာယဘုရားဟူ၍ သုံးပါးတို့တည်း။

ထိုတွင် မလှုပ်မရှားဘဲ မူလသဘာဝအတိုင်း တည်ငြိမ်နေလျက် သန့်ရှင်းသော အာလယဝိညာဏဓာတ်ကြီးသည် ဓမ္မကာယ မည်၏။ ဘုရားတစ်ဆူ။

၎င်းဓာတ်ကြီးသည် တထတာလည်း မည်၏။ အမြဲတမ်း သည်အတိုင်းပင် ရှိနေသည်ဟု ယူဆကြ၏။ ထို့ပြင် ဘူတတထတာ၊ တထာဂတဂဗ္ဘ၊ အာလယဝိညာဏ အစရှိသော စကားလုံးများဖြင့်လည်း ၎င်းကို ရည်ညွှန်းကြသည်။

သို့ဖြစ်၍ -

မဟာယာနဝါဒီတို့က-

"ဘုရားလောင်းများသည် သူ့သဘာဝအတိုင်း ရှိနေခြင်းဆိုသည့် ထိုတထတာ အာလယ ဝိညာဏဓာတ်ကြီးနှင့် တစ်သားတည်းဖြစ်သွားလျှင် ယင်းသဘောသည်ပင် နိဗ္ဗာန်စံသွားခြင်းဖြစ်၏"

ဟု ဆိုကြသည်။ သူတို့အလိုအားဖြင့် နိဗ္ဗာန်စံဝင်ပြီးမှသာလျှင် ဘုရားဖြစ်သည်ဟု အဓိပ္ပါယ်ယူရမည်ဖြစ်သည်။

ဤဓမ္မကာယဘုရားသည် တထတာနိဗ္ဗာန်ဘုံမှာ အမြဲတမ်း ရှိနေသည့်ဘုရား ဖြစ်သည်။ ရုပ်သဏ္ဍာန်တော်ဖြင့် ရှိနေသည် မဟုတ်ပေ။ အလှုပ်မရှား တည်ငြိမ်နေသည့် အာလယဝိညာဉ်တော်ဖြင့်သာ ရှိနေခြင်းဖြစ်ပါသည်။

တစ်ဖန်- စျာန်ချမ်းသာကို ခံစားနေတော်မူသည့် ဘုရားသည် သမ္ဘောဂကာယ မည်၏။ ဘုရားတစ်ဆူပင်။ သို့သော်လည်း သမ္ဘောဂကာယဘုရား၏ ခန္ဓာတော်သည် အလွန်သိမ်မွေ့လွန်းသောကြောင့် ၎င်း၏ခန္ဓာတော်ကို ဘုရားလောင်းတွေကတောင်မှ မမြင်နိုင်ဘူးဟုလည်း ယူဆကြသည်။

**တစ်ဖန်- ဓမ္မကာယဘုရားက ဖန်ဆင်းထားပြီး သတ္တဝါတို့ကို ကယ်တင်ဖို့ရန် လူ့ပြည်သို့ လွှတ်လိုက်သည့် ဘုရားသည် နိမ္မာနကာယ မည်၏။ ဘုရားတစ်ဆူပင်။**

ထို့ကြောင့် အခုရှိနေသည့် ဂေါတမမြတ်စွာဘုရားသည် တထတာနိဗ္ဗာန်မှာရှိနေသည့် အာဒိဗုဒ္ဓဟု ယူဆခံရသည့် အာလယဝိညာဏဓာတ်ဘုရားကြီးက ဖန်ဆင်းပြီး လူ့ပြည်သို့ လွှတ်လိုက်သူ နိမ္မာနကာယဘုရား ဖြစ်သည်ဟု ဆိုကြပါသည်။ လူသားစစ်စစ်ဘုရား မဟုတ်ပါ-ဟူ၏။

ဤအယူဝါဒများသည် ယခုအခါတွင် မဟာယာနဂိုဏ်းများ အတွင်းမှာ ပျံ့နှံ့နေလျက် ရှိကြပါသည်။ **မူလဖြစ်သော မဟာသံဃိကဂိုဏ်း၏ နိမ္မာနကာယအယူဝါဒမှ ဆက်ပွါးလာသည့် အယူဝါဒများသာ ဖြစ်ပါသည်။ ဤယောဂါစာရဂိုဏ်းသည် သာသနာနှစ်(၁၀၀၀) ခရစ်နှစ်(၅၀၀)အရောက်တွင် အကြီးအကျယ် ပြန့်ပွါးခဲ့ကြောင်း သိရပါသည်။**

## ဝိညတ္တိမတ္တတာသိဒ္ဓိကျမ်းမှ ကာယဘုရားနှစ်မျိုး

ၐင်းကျမ်းတွင် အထက်ပါ သမ္ဘောဂကာယဘုရားကိုပင်-

ပရသမ္ဘောဂကာယ၊

သသမ္ဘောဂကာယဟူ၍ နှစ်မျိုးထပ်ခွဲပြထားသည်။

ဘုရားလောင်းတွေက မြင်နိုင်ကောင်းသော ဈာန်ချမ်းသာခံစားနေသူဘုရားကို ပရသမ္ဘောဂကာယဟု ခေါ်ဆိုသည်။

စကြဝဠာဓာတ်အားလုံးမှာရှိနေကြသောဘုရားတွေကသာ မြင်ရ၍ ဘုရားလောင်းတွေကမူ မမြင်ရနိုင်သော ဈာန်ချမ်းသာခံစားနေသူဘုရားကိုမူ သသမ္ဘောဂကာယဟု ခေါ်ဆိုသည်။

ထို့ကြောင့် ဝိညတ္တိမတ္တတာသိဒ္ဓိကျမ်းအရဆိုလျှင်-

ဓမ္မကာယဘုရား၊

ပရသမ္ဘောဂကာယဘုရား၊

သသမ္ဘောဂကာယ ဘုရား၊

နိမ္မာနကာယဘုရားဟူ၍ ဘုရားလေးဆူအထိ ကွဲပြားလာကြောင်း တွေ့မြင်ကြရပါသည်။

**ထိုအချိန်(သာသနာနှစ်-၁၀၀၀၊ ခရစ်နှစ်-၅၀၀)တွင် ဗုဒ္ဓဘာသာအများစုက မဇ္ဈိမိကဂိုဏ်း၏သုညဝါဒကို တဖြည်းဖြည်း လက်ခံလာကြသကဲ့သို့ ယောဂါစာရဂိုဏ်း၏ အာလယဝိညာဏဓာတ်ကြီးကိုလည်း လူကြိုက်များလာ ကြပါသည်။ ၐင်းအယူဝါဒတို့သည် ရှေးကရှိနှင့်ပြီးသားဖြစ်ကြသော မဟာသံဃိက ဂိုဏ်းဆက်တို့၏ အယူဝါဒတွေကိုပင် ယုတ္တိဗေဒနည်းလမ်းကျအောင် ပြုပြင်ဖြည့်စွက်ပြီး တီထွင်ထားသည့် အယူဝါဒ ဟောင်းများပင် ဖြစ်ကြပါသည်။** ထို့ကြောင့် လူအများစုတို့က ထိုအယူဝါဒတို့ကို လက်ခံနိုင်ရန် လွယ်ကူနေကြသည်။

## တထတာနိဗ္ဗာန်ကြီးနှင့်အာလယဝိညာဏဓာတ်ကြီး

သည်အတိုင်းရှိနေသော သူ့သဘာဝအတိုင်းရှိနေသော တထတာဆိုသည့် မူလသဘာဝကြီးသည် သန့်စင်သောဝိညာဏဓာတ်ကြီးပင် ဖြစ်သည်။ ထူးခြားသောနာမ်ဓာတ်ကြီးတစ်မျိုးပင်တည်း။ သည်ဝိညာဏဓာတ်ကြီးသည် သူ့သဘာဝအတိုင်း အပြောင်းမလဲဘဲ အမြဲတမ်း တည်ရှိနေသော မူလသဘာဝဓာတ်ကြီးပင်တည်းဟု ဆိုလိုသည်။

လောကမှာ ဝိညာဏဓာတ်ကြီးသာလျှင် အရှိတရား - အမှန်တရား ဖြစ်သည်ဟု ယူဆကြသည်။ သည်ဝိညာဏဓာတ်ကြီးမှတစ်ပါး အခြားအရာများသည် ဝိညာဏဓာတ်ကြီး၏ ထင်ဟပ်ချက်များသာ ဖြစ်ကြသည်။ အစစ်အမှန်အားဖြင့် တကယ်ရှိသောတရားတွေ မဟုတ်ကုန်-ဟု ယူဆကြသည်။

ထို့ကြောင့် မူလသဘာဝဝိညာဏ ဓာတ်ကြီးကို တထတာ=ထိုအတိုင်းပင်ရှိနေသောသဘာဝ - သူ့သဘာဝ အတိုင်းရှိနေသောသဘာဝဟူ၍ မှတ်ယူကြသည်။ သည်ဟာကြီးကိုပင် ပရမတ္ထသစ္စာဟုလည်း ယူဆကြသည်။

**ဤသည်ကား မဟာယာနဗုဒ္ဓဘာသာတို့၏ နိဗ္ဗာန်တရားကြီးပင် ဖြစ်လာပေတော့သည်။** နောက်ပိုင်းတွင် အကျယ်တွေ့မြင်ကြရပါလိမ့်ဦးမည်။

**အထူးမှာထားချက်။** _။မဇ္ဈိမိကဂိုဏ်း၊ ယောဂါစာရဂိုဏ်း၊ ဤဂိုဏ်းကြီး(၂)ဂိုဏ်းသည်ပင် ယခုခေတ်ပေါ် ဓမ္မစေတီဂိုဏ်းကြီး၏ ပင်မနောက်ခံ ဖြစ်ကြပါသည်။_

## နိဗ္ဗာန်လမ်းမ,ပျောက်ကွယ်ကမူ

**ဗုဒ္ဓသာသနာ၊ ဤသုံးဖြာတွင်**
**ဒေသနာပိဋကတ်၊ အသက်ဓာတ်တည်း**
**အသက်ဓာတ်သာ၊ ပျက်ကြွေပါမူ**
**နှစ်ဖြာ ပတ် ဝေ၊ သေကြီးသေလိမ့်**
**ဒေသနာတော်နည်း၊ ဖျက်ဆီးစော်ကား**
**များပြားလူပေါင်း၊ ပျက်စေကြောင်းတို့ကို**
**စုပေါင်းလုပ်ကြ၊ အားထုတ်ကြသည့်**
**အဓမ္မဘေးရန်၊ ငြိမ်းအောင်ကြံမှ**
**သုံးတန်သာသနာ၊ တည်မြဲကာဖြင့်**
**ကျင့်ရာပဋိပတ်၊ အကျင့်ဓာတ်ကြောင့်**
**မြင့်မြတ်မဂ်ဖိုလ်၊ နိဗ္ဗာန်ကို၊ အလိုရှိသူ ရလိမ့်မည်**

### မူလဂိုဏ်းကြီးနှစ်ဂိုဏ်းနှင့်ဆင့်ပွါးဂိုဏ်းကြီးနှစ်ဂိုဏ်းအယူကွဲပုံများ

မူလဂိုဏ်းကြီးများဖြစ်ကြသော သဗ္ဗတ္ထိဝါဒဂိုဏ်းနှင့် သုတ္တန္တိကဂိုဏ်းတို့သည် သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်ဖြင့် သာလျှင် နိဗ္ဗာန်ဝင်စံနိုင်ကြောင်းကို လုံးဝလက်မခံကြပေ။ ပစ္စေကဗုဒ္ဓအဖြစ်၊ သာဝကရဟန္တာအဖြစ်ဖြင့်လည်း နိဗ္ဗာန်ဝင်စံနိုင်ကြောင်းတို့ကိုပါ လက်ခံကြပါသည်။ ထို့ကြောင့် ယာနသုံးပါးလုံးကို လက်ခံကြသည်ဟု မှတ်ယူကြရပါသည်။

ထို့ပြင် တထတာနိဗ္ဗာန်၊ အာလယဝိညာဏဓာတ်ဆိုတာတို့ကိုလည်း လုံးဝ လက်မခံကြပေ။

**ဆင့်ပွါးဖြစ်လာကြသော မဇ္ဈိမိကဂိုဏ်းနှင့် ယောဂါစာရဂိုဏ်းတို့ကမူ ဖေါ်ပြခဲ့သည့်အတိုင်းပင် သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်ဖြင့်သာလျှင် နိဗ္ဗာန်ဝင်စံနိုင်ကြောင်းကိုသာ လက်ခံကြပါသည်။ ပစ္စေကဗုဒ္ဓအဖြစ်၊ သာဝကရဟန္တာအဖြစ်ဖြင့်လည်း နိဗ္ဗာန်ဝင်စံနိုင်ကြောင်းတို့ကိုမူ လုံးဝလက်မခံကြပါ။**

ထို့ကြောင့် ယာနတစ်ပါးတည်းကိုသာ လက်ခံကြသည်ဟု မှတ်ယူကြရပါသည်။

ထို့ပြင် တထတာနိဗ္ဗာန်၊ အာလယဝိညာဏဓာတ်ဆိုတာတို့ကိုလည်း လုံးဝ လက်ခံရုံမျှမကသေးဘဲ ၎င်းတို့၏ အရေးအကြီးဆုံးတရားအဖြစ်ပင် ယူဆထားကြပါသည်။

ထိုသို့ဖြစ်နေကြရာ ဆင့်ပွါးဖြစ်လာကြသော အဆိုပါဂိုဏ်းကြီးတို့က-

"မူလဂိုဏ်းကြီးနှစ်ပါးတို့သည် အမြင့်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိယာနတစ်ခုတည်းကိုသာ လက်မခံဘဲ ကိုယ်ကျိုးသက်သက်ကိုသာကြည့်သည့် ပစ္စေကဗောဓိယာနနှင့် သာဝကဗောဓိယာနတို့ကိုပါ လက်ခံခြင်းကြောင့်လည်းကောင်း၊ သတ္တဝါတို့၏အကျိုးစီးပွါးကို ဆောင်ရွက်တော်မူကြသည့် ဘုရားလောင်းတို့၏အဆင့်ကို နှိမ့်ချထားခြင်းကြောင့်လည်းကောင်း ဟီနယာနဗုဒ္ဓဘာသာ = နိမ့်ကျသည့်ယာဉ်ကို လက်ခံယုံကြည်သော ဗုဒ္ဓဘာသာဟူ၍ ခေါ်ဆိုကြပြီး သူတို့ကိုကျတော့မှ ကြီးမြတ်သောသမ္မာသမ္ဗောဓိယာန တစ်ခုတည်းတိုသာ လက်ခံယုံကြည်သူများဖြစ်ခြင်းကြောင့် မဟာယာနဗုဒ္ဓဘာသာ = ကြီးမြတ်သောယာဉ်ကိုသာ လက်ခံယုံကြည်သော ဗုဒ္ဓဘာသာတွေဟူ၍လည်း ကြွားလုံးတိုက်လျက် နာမည်ခံလာကြပါသည်။

## ဟီနယာနဗုဒ္ဓဘာသာနှင့်မဟာယာနဗုဒ္ဓဘာသာ

ထိုအချိန်တွင် (သာသနာနှစ်-၁၀၀၀၊ ခရစ်နှစ်-၅၀၀-တွင်) ထေရဝါဒဗုဒ္ဓဘာသာသည် အိန္ဒိယပြည်တောင်ပိုင်း အစွန်အဖျားလောက်မှာသာ အနည်းအကျဉ်းမျှ ကျန်ရှိပါတော့သည်။ ထို့ကြောင့် ဟီနယာန၊ မဟာယာန အငြင်းပွါးကြလျက် ပြိုင်ဆိုင်ထိုးနှက်တိုက်ခိုက်ကြရာတွင် ထေရဝါဒဗုဒ္ဓဘာသာ မပါဝင်နိုင်ကြောင်း သိကြရပါသည်။

ထိုအချိန်မှ တဖြည်းဖြည်းခြင်းဖြင့် မူလဂိုဏ်းကြီးနှစ်ဂိုဏ်းတို့သည် ဆင့်ပွါးဂိုဏ်းများ၏ အဝါးအမျိုခံကြရပြီး မူလနာမည်များ ပျောက်ပျက်ကြကာ ဟီနယာနဗုဒ္ဓဘာသာဟု နာမည်တွင်လာကြရပါသည်။

နောက်တွင် မဟာယာနအမည်ခံသည့် ဂိုဏ်းတို့က ကြီးထွားလာကြသည့်အလျောက် မူလဂိုဏ်းကြီးများကတော့ လျော့ပါးသွားကြရပြီး နောက်ဆုံးတွင်တော့ ဟီနယာနအမည်ခံကြရသည့် မူလဂိုဏ်းကြီးနှစ်ဂိုဏ်းစလုံး မဟာယာနအမည်ရနေသည့် ဆင့်ပွါးဂိုဏ်းကြီး နှစ်ဂိုဏ်းအတွင်းသို့ အသီးသီး ပေါင်းစည်းပါဝင်သွားကြရရှာပါသည်။

ထို့ကြောင့်ပင် -

**မဟာယာနဖြစ်လာကြမည့် မဇ္ဈိမိကဂိုဏ်းနှင့် ယောဂါစာရဂိုဏ်းတို့သည်လည်း အားကြီးလာကြသည့်အလျောက် တုမျှသည့်ပမာဏတို့အရ မူလနာမည်များ တိမ်ကောလာကြပြီး မဟာယာနဟူသော နာမည်သစ်ကိုသာ အတည်ပြုလျက် အသုံးအစွဲပြုကြကာ မဟာယာနဗုဒ္ဓဘာသာဟူ၍ အကြီးအကျယ်ဖြစ်ထွန်းလာကြောင်း သိရပါသည်။**

ထိုသို့ကြီးထွားလာကြရာတွင် မူလအမည်အားဖြင့်-

၁။ မဇ္ဈိမိကဂိုဏ်းဟု အမည်ရသော မဟာယာနဂိုဏ်းသည် တရုတ်ပြည်သို့ ရောက်ရှိ-ပြန့်နှံ့ပြီး တီယင်တိုင်ဂိုဏ်းဟု နာမည်သစ်ဖြင့် ထင်ရှားလာပြန်ပါသည်။

၂။ ယောဂါစာရဂိုဏ်းဟုအမည်ရသော မဟာယာနဂိုဏ်းသည်ကား တရုတ်ပြည် ဂျပန်ပြည်တို့သို့ ရောက်ရှိ-ပြန့်နှံ့ပြီး တရုတ်ပြည်တွင် ရှေလွန်ဂိုဏ်းဟုလည်းကောင်း၊ ဂျပန်ပြည်တွင် ဟိုဆိုဂိုဏ်းဟုလည်းကောင်း နာမည်သစ်ဖြင့် ကျော်ကြားလာပါသည်။

အဆိုပါမဟာယာနဂိုဏ်းတို့သည် တရုတ်ပြည်၊ ဂျပန်ပြည်တိုတွင်မျှ မကသေးဘဲ တိဘက်၊ ဆိကင်၊ ဘူတန်၊ နီပေါ၊ မွန်ဂိုလီးယား၊ ကိုရီးယား အစရှိကုန်သော နိုင်ငံတို့တွင်လည်း ပြန့်နှံ့နေကြပြီ ဖြစ်ပါသည်။

## မဟာယာနဂိုဏ်းဟုတ်-မဟုတ်စစ်တမ်းပြ အမှတ်အသားအခြင်းအရာများ

မဟာယာနမှန်လျှင် သမ္မာသမ္ဗောဓိယာနတစ်ခုတည်းကိုသာ လက်ခံယုံကြည်ခြင်းသဘော ရှိကြသည်။

-ဗောဓိသတ္တ-ဘုရားလောင်းဝါဒကိုသာ ဦးစားပေးခြင်းသဘော ရှိကြသည်။

-မြူမှုန်တွေ၊ အမှိုက်သရိုက်တွေ၊ တိရစ္ဆာန်တွေမှ အစပြု၍ အရာရာတိုင်းမှာ ဗုဒ္ဓသဘာဝရှိ၏ဟု ယုံကြည်ခြင်းသဘော ရှိကြသည်။

-သန့်စင်သော ဝိညာဉ်တော်ဟုဆိုသည့် တထတာနိဗ္ဗာန်ကို ယုံကြည်ခြင်းသဘော ရှိကြသည်။

-အာလယဝိညာဉ်တော်နိဗ္ဗာန်ကို ယုံကြည်ခြင်းသဘော ရှိကြသည်။

-ဗုဒ္ဓဟူရာ၌ ကာယသုံးပါး၊ ကာယလေးပါးတို့ကို ယုံကြည်ခြင်းသဘော ရှိကြသည်။

-သတ္တဝါတို့၏ ကာယဝိညတ်၊ ဝစီဝိညတ်တို့ကိုသာ အဓိကထားခြင်းသဘော ရှိကြသည်။

-ပါရမီဖြည့်ခြင်းစသည်တို့ကို မယုံကြည်ခြင်းသဘော ရှိကြသည်။

-လျှပ်တစ်ပြက်အတွင်းမှာပင် အသိဉာဏ်လင်းလက်ပြီး တရားရနိုင်၏ဟု ယုံကြည်ခြင်းသဘော ရှိကြသည်။

-နိဗ္ဗာန်ဆိုသည်မှာ သူ့သဘာဝအတိုင်း အမြဲရှိနေသည့်စိတ်တစ်မျိုးဖြစ်၏ဟု ယုံကြည်ခြင်းသဘော ရှိကြသည်။

-ထိုနိဗ္ဗာန်တွင် ပွင့်တော်မူပြီးဘုရားကြီးများ သက်ရှိရှိနေကြလျက် ချမ်းသာကို ခံစားတော်မူကြ၏ဟု ယုံကြည်ခြင်းသဘော ရှိကြသည်။

ထို့ကြောင့် -

-နိဗ္ဗာန်သည်ပင် သဗ္ဗညုတာဉာဏ်တော်ကြီး ဖြစ်၏ဟု ယုံကြည်ခြင်းသဘော ရှိကြသည်။

-နိဗ္ဗာန်သည် အနောက်ဘက် ကောင်းကင်ပြင်မှာတည်ရှိသည်ဖြစ်၍ သစ်ပင်ပန်းမန်တွေ၊ ကျေးငှက် သာရကာတွေနှင့်ပြည့်စုံလျက် အလွန်သာယာ၏ ဟု ယုံကြည်ခြင်းသဘော ရှိကြသည်။

**-နိဗ္ဗာန်နှင့်သံသရာသည် အတူတူပင် ဖြစ်၏ဟု ယုံကြည်ခြင်းသဘော ရှိ**ကြသည်။

-ကိလေသာဖြစ်ခိုက် လှုပ်ရှားသောအာလယဝိညာဉ်၊ ကိလေသာငြိမ်းခိုက် မလှုပ်ရှားသောအာလယဝိညာဉ်ဟု သတ်မှတ်၍ ထိုသို့ငြိမ်သက်ခိုက်ဖြစ်နေလျှင် နိဗ္ဗာန်ရနေခြင်းပင် ဖြစ်၏ဟု ယုံကြည်ခြင်းသဘော ရှိကြသည်။

-လူတိုင်းအရာတိုင်းသည် ဘုရားလောင်းများချည်း ဖြစ်၏ဟု ယုံကြည်ကြသည်ဖြစ်၍ **ယခုဘဝအတွင်းမှာပင် လူတိုင်း အရာတိုင်း ဘုရားအဖြစ်ဖြင့် နိဗ္ဗာန်ရနိုင်၏ဟု ယုံကြည်ခြင်းသဘော ရှိ**ကြသည်။

-သို့မဟုတ် လူတိုင်းအရာတိုင်းသည်ပင် ကိလေသာငြိမ်ခိုက်ဖြစ်လျှင် ငြိမ်သက်-သန့်စင်သော အာလယဝိညာဉ်တော်ဖြင့် နိဗ္ဗာန်ကို ရရှိနေသူချည်းဖြစ်၍ ယင်းအတိုင်းတည်သူတိုင်း ဘုရားဖြစ်နေ၏ဟု ယုံကြည်ခြင်းသဘော ရှိကြသည်။

ဤသဘောခြင်းရာအားလုံးသည် ဗုဒ္ဓ၏မူရင်းတရားဒေသနာများတွင် မပါခြင်းကြောင့် ၎င်းသဘောတို့ကို ထေရဝါဒ ဗုဒ္ဓဘာသာတို့ကမူ လက်မခံနိုင်ကြပေ။ ထိုသဘောခြင်းရာတို့သည် ဟီနယာနကို ဝါးမျိုးထားသည့် မဟာယာနတို့၏ မူပိုင်သဘောများသာတည်း။

(**မှာထား-ဝန်ခံချက်။** ။ ဖော်ပြပါအချက်အလက်အားလုံးသည် ချမ်းမြေ့ဆရာတော်၏ “တက္ကသိုလ်ဓမ္မသဘင်” (စာ-၃၈၄-၃၉၇)တို့မှ ကူးယူတင်ပြချက်များသာ ဖြစ်ကြပါသည်။)

# သင်သေသွားသော်

သြော်. . .
လူ့ပြည်လောက လူ့လောကကား
အိုရ နာရ သေရဦးမည်
မှန်ပေသည်တည်း

သို့ပြီး တကား. . .
သင်သေသွားသော်
သင်ဖွါးသောမြေ သင်တို့မြေသည်
အခြေတိုးမြင့် ကျန်ကောင်းသင့်၏

သင်၏မျိုးသား စာစကားလည်း
ကြီးပွါးတက်မြင့် ကျန်ကောင်းသင့်၏

သင်ဦးချ၍. . .
အမျှဝေရာ စေတီသာလည်း
သစ္စာအရောင် ဉာဏ်တန်ဆောင်ဖြင့်
ပြောင်လျက် ဝင်းလျက် ကျန်စေသတည်း

**ဆရာကြီးဇော်ဂျီ**

## (သာသနာနှစ်(၁၀၀၀)မှမဟာယာနဂိုဏ်းဆက်များ)
## မဟာယာနနိဗ္ဗာန်

မဇ္ဈိမိကဂိုဏ်း၊ ယောဂါစာရဂိုဏ်းတို့၏ မဟာယာနနိဗ္ဗာန်သည် မူလဓာတ်ကြီးဖြစ်သော တထတာသဘာဝကြီးပင် ဖြစ်သည်။ တထတာဆိုတာ ရှေးတွင်ဖေါ်ပြခဲ့သည့်အတိုင်း အမြဲတမ်းထိုအတိုင်းရှိနေခြင်းသဘော၊ သူ့အတိုင်းရှိနေခြင်းသဘောကိုပင် ဆိုလိုပါသည်။ သူ့အတိုင်းရှိနေသည့်တထတာသည် သန့်စင်သောဝိညာဉ်တော်ကြီးဖြစ်သည်ဟုလည်း ဆိုကြသည်။

မဟာယာနဝါဒတွင် ဘုရားလောင်းတို့သည် သူတို့ကျင့်ရမည့် ဒသဘူမိခေါ် အကျင့်(၁၀)ခုတို့ကို ကျင့်ပြီး သွားလျှင် ထိုတထတာသဘာဝကြီးနှင့် တစ်သားတည်းဖြစ်သွားပြီး နိဗ္ဗာန်ကိုရရှိသွား ကြပါသည်။ ဤသို့နိဗ္ဗာန်ကို ရရှိပြီးမှသာလျှင် ဘုရားဖြစ်ကြရသည်။ ထိုတထတာနိဗ္ဗာန်တွင် ပွင့်တော်မူပြီး ဘုရားကြီးများက နိဗ္ဗာန်ချမ်းသာကို ခံစားနေလျက် ရှိကြသည်။

တရုတ်ပြည်၊ ဂျပန်ပြည်၊ ကိုရီးယားပြည်စသည်တို့တွင် ကိုးကွယ်နေကြသည့် မဟာယာနတို့၌ ဝေရောစန ဘုရား၊ ရတနာသမ္ဘဝဘုရားတွေကို တထတာဝိညာဏဓာတ်အနေဖြင့် ရှိနေကြသည်ဟု ယူဆကြပါသည်။ ထို့ကြောင့် တထတာသည် သန့်ရှင်းသော သဗ္ဗညုတာဉာဏ်တော်ကြီးပင် ဖြစ်သည်ဟုလည်း ယူဆကြပါသည်။ ၎င်းတထတာသည်ပင် ဗုဒ္ဓသဘာဝ ဖြစ်သည်ဟုလည်း ယူဆကြပါသည်။ ထိုဗုဒ္ဓသဘာဝကြီးသည်ပင် မဟာယာန နိဗ္ဗာန်မည်၏ဟု ဆိုလိုပါသည်။

တထတာသည် သန့်စင်သော အာလယဝိညာဏဓာတ်ကြီးဖြစ်သည်ဟုယူဆကြသည့်နှင့်အညီ အာလယဝိညာဉ်ဆိုသည်မှာလည်း ကုသိုလ်၊ အကုသိုလ် မျိုးစေ့တွေနှင့် ကောင်း မကောင်းတွေကို သိုမှီးထားရာဖြစ်သော

စိတ်တစ်မျိုးဖြစ်သည် - ဝိညာဉ်တစ်မျိုးဖြစ်သည်ဟုလည်း ယူဆကြပါသည်။ ထိုစိတ်တစ်မျိုးသည်ပင် မဟာယာန နိဗ္ဗာန် မည်၏ဟု ဆိုလိုပါသည်။

ဤအာလယဝိညာဉ်ထဲမှာ ဖြူစင်သောတရားများ၊ မည်းညစ်သောတရားများ အရောရောအထွေးထွေး သိုမှီးထားလျက် ရှိသည်ဟုလည်း ယူဆကြပါသည်။ ဤသို့နိဗ္ဗာန်မည်သောတရားထဲမှာ မည်းညစ်သောတရားများ နှင့် ဖြူစင်သောတရားများ အရောရောအထွေးထွေး ဖြစ်နေရခြင်းသည် အဝိဇ္ဇာကြောင့် ဖြစ်သည်ဟု ဆိုကြပါသည်။

ထို့ကြောင့် အကောင်းအဆိုး သဘာဝအမျိုးမျိုးတို့ကို သိုမှီးထားရာဖြစ်သော အာလယဝိညာဉ်ကြီး (နိဗ္ဗာန်ကြီး)ကပင် စက္ခုဝိညာဏ အစရှိကုန်သော ဝိညာဏဓာတ်ခုနစ်ပါးတို့ကိုလည်း ဖြစ်ပွါးစေပြီး လောကကြီးနှင့် သတ္တဝါတို့ကိုပါ ဖြစ်စေသည်ဟုလည်း ယူဆကြပါသည်။

ဆိုလိုရင်းမှာ အာလယဝိညာဉ်ကြီးကနေ လောကကြီး ဖြစ်ပေါ်လာသည်ဟူ ၍ ဖြစ်ပါသည်။ သို့ဖြစ်၍ လောကကြီးဆိုသည်မှာ မူလသဘာဝကြီးက လှုပ်ရှားထကြွလာသည့်သဘောပင်တည်း။

ယောဂဟုခေါ်ဆိုကြသည့် ကမ္မဋ္ဌာန်းတရားကြောင့် သည်အာလယဝိညာဉ်ကြီးအတွင်းမှာ ဖြူစင်သော တရားတွေ တဖြည်းဖြည်း အားကောင်းလာတော့ ဆိုးညစ်သောတရားတွေ တဖြည်းဖြည်း နည်းပါသွားရာကနေ **နောက်ဆုံးမှာ အဝိဇ္ဇာကို လုံဝပယ်သတ်နိုင်သည့်အတွက်ကြောင့် ညစ်မည်းကုန်သောတရားဆိုးတွေ ပပျောက်ကုန်ပြီး ဖြူစင်သောတရားတွေချည်းသာ ကျန်ရစ်နေကြသည့်အခါတွင် သည်အာလယဝိညာဉ်ကြီး သည်ပင် သန့်ရှင်းသောဝိညာဉ်ကြီး ဖြစ်သွားပြီး တထာတာအဖြစ် ရောက်ရှိသွားပါသည်။ နိဗ္ဗာနဓာတ်ကြီး အဖြစ် ဗုဒ္ဓသဘာဝကြီးအဖြစ် ရောက်သွား**ပါသည်။

အဆိုပါမဟာယာနတို့တွင် အချို့ကုန်သော မဟာယာနတို့က တထတာနှင့် အာလယဝိညာဉ် အတူပင်ဟု ယူကြသည်။ အချို့ကုန်သော မဟာယာနတို့ကမူ မတူဟု ယူကြသည်။ ထို့ပြင် အာလယဝိညာဉ်(နိဗ္ဗာန်)ကြီးမှာ ဖြစ်မှုသဘော ပျက်မှုသဘော ရှိသည်ဟု ယူသူများရှိ၍ ၎င်းဓာတ်ကြီးမှာ ဖြစ်မှုသဘော ပျက်မှုသဘော မရှိဘဲ အမြဲတမ်း တည်ရှိနေ၏ဟု ယူသူများလည်း ရှိကြသည်။

## ၁။ တရုတ်ပြည်ဖြစ် ဈင်းဂိုဏ်း (မဟာယာနဂိုဏ်းကွဲ)

သာသနာနှစ်(၁၁၀၀) - ခရစ်နှစ်(၆)ရာစုအစပိုင်းတွင် တရုတ်ပြည်မှာ မဇ္ဈိမိကဂိုဏ်း၏ သုညဝါဒနှင့် လောက်ဇူဆိုသူ တရုတ်ပညာရှင်ကြီး ဟောပြောသည့် တာအိုဝစ်ဇင် - တာအိုဝါဒတို့ကို ရောနှောပေါင်းစပ်ပြီး တည်ထောင်လာသည့် ဈင်းဂိုဏ်းကြီး စတင်ပေါ်ပေါက်လာသည်။ သုညဝါဒအကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် တာအိုဝါဒအကြောင်းကိုသာ ကောက်နှုတ်ဖော်ပြရလျှင် - မူလသဘာဝ ဘာမျှမရှိခြင်း၊ ရုတ်တရက် ဉာဏ်အလင်း ရခြင်း၊ ဘာကိုမျှမပြုလုပ်ခြင်း အစရှိသောသဘောတရားများပင် ဖြစ်ကြသည်။

ဈင်းဂိုဏ်းကိုစတင်တည်ထောင်သူမှာ အိန္ဒိယမှ တရုတ်ပြည်သို့ ခရစ်နှစ်(၅၂၀)လောက်မှာ ရောက်ရှိလာသူ အိန္ဒိယသား မဟာယာနဗုဒ္ဓဘာသာ ဘုန်းတော်ကြီး**အရှင်ဗောဓိဓမ္မ** ဖြစ်ပါသည်။

ဈင်းဂိုဏ်းသည် **တရုတ်ပြည်တွင်** ပေါ်ပေါက်သည့်ဂိုဏ်းဖြစ်၍ လူအများက မလေးစားဖွယ်ရာ ဖြစ်နေခြင်းကြောင့် ဈင်းသည် **ဗုဒ္ဓရှင်တော်မြတ်ဘုရား လက်ထက်တော်ကတည်းက ဗုဒ္ဓကိုယ်တော်တိုင် ကျင့်သုံးလာသည့် သဘောတရားဖြစ်ကြောင်း သမိုင်းပုံ**ကို ပြဆိုထားကြသည်။

ဈင်းဝါဒတွင် မြတ်စွာဘုရားက ရှင်မဟာကဿပအား ပန်းပွင့်ကလေးတစ်ပွင့်ကို ကိုင်ပြသည်မှ စတင်၍ အရှင်အာနန္ဒာ အစရှိသော မထေရ်များ၊ ဝသုဗန္ဓု၊ နာဂဇ္ဇုန အစရှိသော မဟာယာနဘုန်းကြီးများကိုပါ သမိုင်းဝင် ဖြစ်အောင် သွင်းပြထားကြသည်။

ဗုဒ္ဓရှင်တော်မြတ်မှစ၍ ဗောဓိဓမ္မတိုင်အောင် ဈင်းဆရာအစဉ်အဆက် (၂၈)ဦးတို့ကို သမိုင်းပုံလုပ်ကြံ၍ ပြဆိုထားကြသော်လည်း အိန္ဒိယတွင် ဈင်းတရားသဘောဆိုင်ရာများကို လုံးဝ မတွေ့ရခြင်းကြောင့် ဗောဓိဓမ္မ-မပေါ်မီကတည်းက ဈင်းဘာသာ ပေါ်ထွန်းလျက်ရှိကြောင်း၊ ဗုဒ္ဓလက်ထက်တော်ကတည်းက ဈင်းဘာသာ ရှိကြောင်းတို့ကို ပညာရှင်များက လက်မခံကြပေ။

ပထမစျင်းဆရာဗောဓိဓမ္မ၊
ဒုတိယ စျင်းဆရာဟွိကို၊
တတိယစျင်း ဆရာစင်ချန်၊
စတုတ္ထစျင်းဆရာ တာအိုရှင် စသည်ဖြင့် စျင်းဆရာစဉ်တို့ကို မှတ်တမ်းတင်ကြပါသည်။

## ၂။ တရုတ်ပြည်ဖြစ် သုခဝတီဂိုဏ်း (မဟာယာနဂိုဏ်းကွဲ)

သာသနာတော်နှစ်(၁၂၀၀) - ခရစ်နှစ်(၇)ရာစုတွင် တရုတ်ပြည်မှာ သုခဝတီဗျူဟာသုတ်ဟူသောကျမ်း တစ်စောင် ပေါ်ပေါက်လာခဲ့သည်။ ထိုကျမ်းကိုအမှီပြုပြီးတော့ သုခဝတီဗျူဟာဂိုဏ်းအမည်ဖြင့် မဟာယာနဂိုဏ်း သစ်တစ်ခု ဖြစ်ပေါ်လာခဲ့သည်။ သုခဝတီနိဗ္ဗာန်ဟုဆိုသည့် မဟာယာနနိဗ္ဗာန်တစ်မျိုး ပေါ်ပေါက်လာခဲ့ပါသည်။

အဆိုပါသုခဝတီနိဗ္ဗာန်ဆိုသည်မှာ အနောက်ဘက် ကောင်းကင်မှာ တည်ရှိပြီး သစ်ပင်ပန်းမန်တွေ၊ ကျေးငှက်သာရကာတွေ၊ တွန်ကျူးသံတွေနှင့် ပြည့်စုံသည့်အရာဖြစ်၍ ထိုသုခဝတီနိဗ္ဗာန်မှာ ဘာဒုက္ခမှမရှိဘဲ အမြဲတစေ ချမ်းသာသုခချည်းပဲ ခံစားနေကြရသည်။

ထိုသုခဝတီနိဗ္ဗာန်ကို အမိတာယုခေါ်အမိတာဘာဘုရားက အုပ်စိုးနေတော်မူသည်။ ထိုသုခဝတီ နိဗ္ဗာန်ကိုရောက်ရှိစေမည့်ကျင့်စဉ်မှာ သီးသန့်ကျင့်နေဖွယ်ရာမရှိဘဲ-

"နမော အမိတာ ဘာ ဗုဒ္ဓါယ = အမိတာဘာဘုရားကို ရှိခိုးပါ၏"

ဟူ၍ နေ့စဉ်ညတိုင်း အကြိမ်ပေါင်းများစွာ ယုံယုံကြည်ကြည် ရွတ်ဆိုနေရန်မျှသာ ဖြစ်သည်။

၎င်းဂိုဏ်းသည် တရုတ်ပြည်တွင် သုခဝတီဗျူဟာဂိုဏ်းဟုပင် နာမည်တွင်၍ **ဂျပန်ပြည်ရောက်တော့ ဂျိုဒိုဂိုဏ်း**အမည်ဖြင့် နာမည်တွင်ပါသည်။ နိဗ္ဗာန်ရောက်ရန်ကျင့်ပုံများကမူ အတူတူပင်တည်း။ ၎င်းဂျိုဒို ဂိုဏ်းကွဲများအနေဖြင့်-
ဂျိုဒိုရှင်ဂိုဏ်း၊
ဆူဇူနင်ဘုစုဂိုဏ်း၊
ဂျင်းဂိုဏ်းများလည်း ဖြစ်ပေါ်လာကြသည်။

၎င်းတို့သည်လည်း မူလအမည်အားဖြင့်ဆိုသော် သုခဝတီဗျူဟာဂိုဏ်း (ဝါ)အမိတာဘာဂိုဏ်းပင် ဖြစ်ကြ သည်။

## ၃။ တရုတ်ပြည်ဖြစ် စျင်းဂိုဏ်းသစ် လင်ချီဂိုဏ်း (မဟာယာနဂိုဏ်းကွဲ)

သာသနာနှစ်(၁၄၀၀) - ခရစ်နှစ်(၈၅၀)လောက်တွင် တရုတ်ပြည် စျင်းဆရာတော်ကြီးဟွမ်ပို၏ကျောင်း၌ စျင်းတရားသင်ယူရန် စျင်းရဟန်းငယ်လင်ချီ ရောက်ရှိလာသည်။ ဟွမ်ပိုက သုံးနှစ်ကျော်အခါတွင် တာယုထံ စေလွှတ်လိုက်သဖြင့် တာယုထံ ရောက်ရှိသွားပြန်သည်။ လင်ချီသည် အပြင်းအထန်အရိုက်ခံရပြီး ဆတောရီ - ဉာဏ်အလင်းကြီး ကို ရရှိသွားသည်။ ထို့ကြောင့် လင်ချီသည် ဟွမ်ပို၏ အရိုက်အရာကိုဆက်ခံသူ တပည့်ကြီး ဖြစ်လာသည်။

လင်ချီဆိုတာ အရပ်ဒေသ၏အမည်ဖြစ်၍ သူ၏အမည်ရင်းမှာ အိရွမ် ဖြစ်သည်။ သို့သော်လည်း သူ့ကို လင်ချီဟုသာ သိကြသည်။ လင်ချီ၏အရည်အချင်းပြည့်ဝမှုတို့ကြောင့် လင်ချီထံ တပည့်ခံသူများ အလွန်များပြား လာခြင်းကြောင့် လင်ချီဂိုဏ်းဟူ၍ ဖြစ်ထွန်းလာရခြင်းပင် ဖြစ်သည်။

ဤသို့လျှင် စျင်းဂိုဏ်းသည် တရုတ်ပြည်မှာ စတင်ပေါ်ထွန်းခဲ့သော်လည်း အခုအချိန်မှာတော့ တရုတ်ပြည် မှာ လုံးဝကွယ်ပျောက်သလောက် ဖြစ်သွားပြီး **ဂျပန်ပြည်နှင့် ကိုရီးယား**တို့မှာ စည်ပင်ပြန့်ပွါး ထွန်းကားနေ ကြောင်း သိရပါသည်။

## ၄။ တရုတ်နိုင်ငံဖြစ် ဈင်းဂိုဏ်းသစ် ဆိုတုန် (မဟာယာနဂိုဏ်းကွဲ)

သာသနာနှစ်(၁၄၀၀) - ခရစ်နှစ်(၉)ရာစုနှစ်တွင် တရုတ်ဘာသာဖြင့် ဆိုတုန်ဂိုဏ်းခေါ် ဈင်းဂိုဏ်းကို တရုတ်ပြည်တွင် တည်ထောင်ကြသည်။

တည်ထောင်သူနှစ်ပါးမှာ တုန်ရှန်တောင်ပေါ် ကျောင်းဘုန်းကြီးလျမ်ချိုင်းနှင့် ဆိုရှန်တောင်ပေါ် ကျောင်းဘုန်းကြီး ပင်ချီတို့ နှစ်ပါး ဖြစ်ကြသည်။ သူတို့ဆရာတပည့် တည်ထောင်သည့်ဂိုဏ်းသည် မထင်မရှားပင် ဖြစ်သည်။ မူလဖြစ်သော လင်ချီဂိုဏ်းခေါ် ရင်ဇိုင်းဂိုဏ်းနှင့် အယူအဆများ လုံးဝကွဲပြားသည်။

## ၁။ ကိုရီးယားနိုင်ငံဖြစ် ကျိုဂိုဏ်းဟောင်းနှင့်ဈင်းဂိုဏ်းသစ် (မဟာယာနဂိုဏ်းကွဲ)

သာသနာနှစ်(၁၂၀၀) - ခရစ်နှစ်(၆၃၀)တွင် ကိုရီးယားဘုန်းကြီးပုဏ္ဏက ကိုရီးယားမှာ ဈင်းဂိုဏ်းကို စတင်ခဲ့သော်လည်း ခရစ်နှစ်(၈၂၁)ရောက်ကာမှ ကြီးထွားလာကြောင်း သိရပါသည်။ ထိုနှစ်တွင် ကိုရီးယား ဘုန်းတော်ကြီး တိုအိက တရုတ်ပြည်မှပြန်လာပြီး ဈင်းဂိုဏ်းပြန့်ပွါးဖို့ မနေမနား ကြိုးစားခဲ့သောကြောင့်ပင် ဖြစ်ပါသည်။

သို့သော် တိုအိက **တရားကျမ်းဂန်တွေကို အလေးမထားဘဲ ဘာမှလုပ်ဖို့ မလိုဘူး၊ တစ်ချိန်ချိန်မှာ ရုတ်တရက် ဉာဏ်အလင်း ရလိမ့်မယ်ဟူသော ဈင်းသဘောတရားကိုသာ ဟောပြောခဲ့ပါသည်**။ ထို့ကြောင့် မူရင်းဖြစ်သော မဟာယာနဗုဒ္ဓဘာသာဝင်ကျိုတို့က လက်ခံရန် ခဲယဉ်းနေကြပြန်ပါသည်။

ထိုစဉ်က ကိုရီးယားများကိုးကွယ်နေသည့် မူလမဟာယာနကျိုဂိုဏ်းမှာ ဗုဒ္ဓတရားတော်တွေကို သင်ကြား ပို့ချခြင်း၊ သုတ်ဒေသနာတွေကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းအားဖြင့် ဗုဒ္ဓဘာသာလုပ်ငန်းတွေကို လုပ်နေကြသူများ ဖြစ်ကြသည်။ ထို့ကြောင့် တိုအိ-ဟောပြောသည့် ဈင်းဂိုဏ်းသည် ကျိုဂိုဏ်းနှင့် ထိပ်တိုက်တွေ့နေရသည်ဖြစ်၍ အစပိုင်းမှာ တော်တော်အတိုးရ ခက်ခဲနေသည်။ ကိုရီးယားတွင် အခုလည်း အဆိုပါနှစ်ဝါဒ အားပြိုင်နေလျက်ပင် ရှိကြပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် ကိုရီးယားဈင်းဂိုဏ်းမှာ တရုတ်ဘာသာဖြင့် လင်ချီဈင်း၊ ဂျပန်ဘာသာဖြင့် ရင်ဇိုင်းဈင်း အမည်ရသည့် ဈင်းဂိုဏ်းပင် ဖြစ်သည်။

၎င်းဈင်းဂိုဏ်းက မူလရှိပြီးသားဖြသော မဟာယာနကျိုဂိုဏ်းကို တိုက်ခိုက်ခဲ့ကြောင်း သိရသကဲ့သို့ အခြားသော မဟာယာနဂိုဏ်းကွဲများလည်း ကိုရီးယားမှာ ထွန်းကားနေကြောင်း သိရပါသည်။ ဥပမာအားဖြင့် ချိုဂဲအော်ဒါ ဂိုဏ်း စသည်များပင် ဖြစ်ကြပါသည်။ ထို့ပြင် ဂျပန်တွင်လည်း ဈင်းဂိုဏ်းများ ထွန်းကားကြပါသည်။

ဤနေရာတွင် ဂျပန်နှင့် ပတ်သက်နေသည့် ကိုရီးယားအကြောင်းမှာ ဘာသာရေးအရ စိတ်ဝင်စားစရာ ရှိနေကြပါသည်။

ကိုရီးယားသည် ၁၉၁၀-၁၉၄၅-ခုနှစ်တွင် ဂျပန်၏ကိုလိုနီနိုင်ငံ ဖြစ်ခဲ့ရသည်ဖြစ်၍ ဂျပန်အုပ်ချုပ်သည့် (၃၅)နှစ်အတွင်းမှာ နိုင်ငံရေး စီးပွါးရေး ယဉ်ကျေးမှု အားလုံး ဂျပန်တို့၏ လွှမ်းမိုးမှုကို ခံကြရသည်။ ဘာသာရေးမှာ လည်း ဂျပန်တို့၏ အိမ်ထောင်ပြုဂိုဏ်းတွေက ကိုရီးယားလိုက်လာကြသဖြင့် သူတို့၏ အရှိန်အဝါတွေက ကိုရီးယား ဘုန်းကြီးတွေအပေါ် လွှမ်းမိုးနိုင်ကြသဖြင့် ကိုရီးယားဘုန်းကြီးတွေလည်း အိမ်ထောင်ပြုဘုန်းကြီးတွေ ဖြစ်ကုန်ကြရ သည်။

၁၉၃၀-ခုနှစ်လောက်တွင် အိမ်ထောင်ပြုဂိုဏ်းများက အကြီးအကျယ် လွှမ်းမိုးနိုင်ကြသည်ဖြစ်၍ အိမ်ထောင်ပြုဘုန်းကြီးများချည်း ဖြစ်ကုန်ကြရသည်။ နောက်ပိုင်းတွင် လူတို့က အလှူပေးမှုများ နည်းပါးလာသည့် အတွက် လူနှင့်မခြား စီးပွါးရေးတွေလည်း လုပ်လာကြရပါသည်။

## (ဘုန်းကြီးတွေ စီးပွါးရေးလုပ်လာ ပြီဆိုလျှင် သာသနာပျက်တော့မည်။)

၁၉၄၅-ခုနှစ်တွင် ကိုရီးယားတို့သည် လွတ်လပ်ရေးကို ပြန်လည်ရရှိကြကာ အိမ်ထောင်မပြုသော ချိုဂဲ

အော်ဒါဂိုဏ်းက အပြင်းအထန် ကန့်ကွက်ကြပြီး အိမ်ထောင်ပြုဂိုဏ်းတွေကို ဖြိုချခဲ့ရာ ပဋိပက္ခများ မဆုံးနိုင်အောင် ဖြစ်ပွါးလာကြပါသည်။

၁၉၅၄-ခုနှစ်တွင် သမ္မတဆစ်ဂမန့်ရီးက ဝင်ရောက်-ဖျန်ဖြေပေးရသည်အထိ ကြီးကျယ်ကြရသည်။ အခုတော့ အိမ်ထောင်မပြုသည့် ချိုဂဲအော်ဒါဂိုဏ်းက လုံးဝအနိုင်ရသွားပြီ ဖြစ်ပါသည်။

၁။ သာသနာနှစ်(၉၀၀) - ခရစ်နှစ်(၃၇၂)တွင် တရုတ်ဘုန်းတော်ကြီးဆွန်ဒိုက တရုတ်ပြည်မြောက်ပိုင်းမှ ကိုရီးယားသို့ မဟာယာနဗုဒ္ဓဘာသာကို သယ်ဆောင်လာခြင်းကြောင့် ထိုနှစ်တွင် ကိုရီးယားသို့ မဟာယာန ဗုဒ္ဓဘာသာ စတင်ရောက်ရှိသည်။ ထိုဂိုဏ်းကို ကျိုဂိုဏ်းဟု ခေါ်ကြသည်။

မဟာယာနဗုဒ္ဓဘာသာမရောက်မီကမူ ကိုရီးယားတွင် ကွန်ဖြူးရှပ်ကိုးကွယ်သူများ၊ တာအိုကိုးကွယ်သူများနှင့် နတ်ကိုးကွယ်သူများသာ ရှိကြသည်။ ထိုအချိန်တွင် တရုတ်ပြည်၌ ဈင်းဂိုဏ်းက တော်တော်ကြီး ပြန့်ပွါး၍ အားကောင်းနေပြီ ဖြစ်သည်။

၂။ ဘုန်းတော်ကြီးတိုအိသည် တရုတ်ပြည်ရှိ လင်ချီဂိုဏ်းမှ ဆင်းသက်လာသူ ဖြစ်သည်။ သို့ရာတွင် ထိုစဉ်က တရုတ်ပြည်မှာ လင်ချီဂိုဏ်း ဆိုတိုဂိုဏ်းစသည်ဖြင့် ဂိုဏ်းနာမည်သစ်များ မထွန်းကားသေးပေ။ နောက်ထပ် နှစ်ပေါင်း(၇၀) လောက်ရှိမှာ ဂိုဏ်းအမည်များ ကွဲပြားစွာ ဖြစ်ပေါ်လာကြသည်။ မဟာယာနဗုဒ္ဓဘာသာ ရောက်ရှိလာခြင်းကြောင့် ခရစ်နှစ်(၆၆၈)တွင် ကိုရီးယားသုံးနိုင်ငံကွဲပြားနေမှုကို တစ်နိုင်ငံတည်းအဖြစ် ပေါင်းစည်းစေနိုင်ခဲ့ပါသည်။

ခရစ်နှစ်(၅၈၉)တွင် ဗုဒ္ဓဘာသာတရားတော်များကြောင့် မြောက်ပိုင်းဝေမင်းဆက်ဧကရာဇ်ဘုရင်ကြီးဝင်က တရုတ်ပြည်ကြီးတစ်ပြည်လုံးကို တစ်နိုင်ငံတည်းအဖြစ် ပေါင်းစည်းစေနိုင်သကဲ့သို့ပင် ဖြစ်ပေသည်။

## ၁။ ဂျပန်ပြည်ဖြစ် ဈင်းဂိုဏ်းသစ် လင်ချီဂိုဏ်း (မဟာယာနဂိုဏ်းကွဲ)

သာသနာနှစ်(၁၇၀၀) - ခရစ်နှစ်(၁၂)ရာစုတွင် ဂျပန်ဘုန်းကြီးအေးဆိုင်သည် တရုတ်ပြည်သို့ လာရောက်၍ ဈင်းတရားတို့ကို သင်ယူပြီး ဂျပန်ပြည်ပြန်ရောက်တော့ လင်ချီဂိုဏ်းဈင်းကျင့်စဉ်တွေကို ဟောပြောပြသခြင်းကြောင့် ဂျပန်ပြည်မှာလည်း လင်ချီဈင်းဂိုဏ်းဟူ၍ ဖြစ်ပေါ်လာပြန်ပါသည်။ ၎င်းကို ဂျပန်ဘာသာဖြင့် ရင်ဇိုင်းဂိုဏ်းဟုလည်း ခေါ်သည်။ **ရင်ဇိုင်းဂိုဏ်းသည်လည်း လင်ချီဂိုဏ်းနှင့်တူသည်ဖြစ်၍ နာနာရိုက်-ကျယ်ကျယ်အော်ပြီး အလင်းဉာဏ်**ရစေသည့်ဂိုဏ်းပင် ဖြစ်ပေသည်။

## ၂။ ဂျပန်ပြည်ဖြစ် နိချိရင်ဂိုဏ်း (မဟာယာနဂိုဏ်းကွဲ)

သာသနာနှစ်(၁၈၀၀) ခရစ်နှစ်(၁၃)ရာစုတွင် ဂျပန်ပြည်မှာ နိချိရင်ဂိုဏ်းဟူ၍ ပေါ်ပေါက်လာပြီး ထိုဂိုဏ်းက သဒ္ဓမ္မပုဏ္ဍရိကကျမ်းကို စီရင်၍ သဒ္ဓမ္မပုဏ္ဍရိကကျမ်းအမည်ကို အကြိမ်ကြိမ်ရွတ်ဆိုနေရုံမျှဖြင့်ပင် သကျမုနိဘုရား ဖြစ်နိုင်သည်ဟု ယူဆသည်။

သည်ဂိုဏ်းသည် အမိတာဘာဂိုဏ်းဝင်(သုခဝတီဂိုဏ်းဝင်)မဟုတ်ဘဲ အိန္ဒိယပြည်က ယောဂါစာရဂိုဏ်းပွါးတစ်ခု ဖြစ်ပါသည်။ ဂျပန်ပြည်ရှိ တင်ဒိုင်ဂိုဏ်းနှင့် ဆက်နွယ်ပါသည်။ သူတို့ကလည်း သဒ္ဓမ္မ ပုဏ္ဍရိကကျမ်းကို ရှိခိုးပါ၏ဟုပင် ရွတ်ဆိုကြရပါသည်။

## ၃။ ဂျပန်ပြည်ဖြစ် ဂျိုဒိုရှင်ဂိုဏ်း (မဟာယာနဂိုဏ်းကွဲ)

ဂျပန်ပြည်ရှိမဟာယာနဂိုဏ်းဝင်ဘုန်းကြီးများသည် သာသနာနှစ်(၁၈၀၀) - ခရစ်နှစ်(၁၃)ရာစုတွင် မှုးမျိုးမတ်မျိုးက ရဟန်းပြုလာသူ ရှင်ရန်ကစပြီး အိမ်ထောင်ပြုဂိုဏ်းသစ်ကို တည်ထောင်လိုက်ခြင်းကြောင့် အိမ်ထောင်ရှင် ဘုန်းကြီးများ ဖြစ်ပေါ်လာကြသည်။ အဆိုပါရှင်ရန်တည်ထောင်သည့်ဂိုဏ်းကို ဂျိုဒိုရှင်ဂိုဏ်းဟု ခေါ်ဆိုကြသည်။

၎င်းဂိုဏ်းသည် ပထမကမူ အမိတာဘာဘုရားကို ကိုးကွယ်သည့် ဂျိုဒိုဂိုဏ်းဝင်ပင် ဖြစ်သည်။

နောက်တော့ အခြားဂိုဏ်းများက ဘုန်းကြီးများကပါ တဖြည်းဖြည်း အိမ်ထောင်ပြုလာကြသည်ဖြစ်၍ အခုခေတ်ဂျပန်ပြည်တွင် မဟာယာနဘုန်းကြီးတိုင်းလိုလို အိမ်ထောင်ပြုသူများ ဖြစ်လာကြပါသည်။

ဂျပန်ကိုအတုလိုက်ပြီး မူလကိုရီးယား မှာလည်း အိမ်ထောင်ပြုဂိုဏ်းများ ဖြစ်ပေါ်လာကြပါသည်။

## ၄။ ဂျပန်ပြည်ဖြစ် ဆိုတုန်ဂိုဏ်း (မဟာယာနဂိုဏ်းကွဲ)

သာသနာနှစ်(၁၈၀၀) - ခရစ်နှစ်(၁၃)ရာစုအစပိုင်းတွင် ဂျပန်ဘုန်းကြီးဒိုဂျင်းက တရုတ်ပြည်တွင် ပညာသင်ကြားခဲ့ပြီး ဂျပန်ပြည်တွင် ဆိုတုန်စျင်းဂိုဏ်းကို တည်ထောင်ပြန်သည်။ ၎င်းဂိုဏ်းကို ဂျပန်ဘာသာဖြင့် ဆိုတိုဂိုဏ်းဟု ခေါ်ဆိုသည်။ သည်ဂိုဏ်းက မူလဖြစ်သော လင်ချီဂိုဏ်းခေါ်ရင်ဇိုင်းဂိုဏ်း၏ အယူအဆတို့ကို လုံးဝလက်မခံပေ။

လိုရင်းကတော့ တရားအားထုတ်မှ ဘုရားဖြစ်မည်။ အလိုအလျောက်ရုတ်တရက်ဉာဏ်အလင်း ပေါက်တာတွေနှင့် တရားထိုင်စရာမလိုကြောင်း၊ စိတ်ကိုသူ့အတိုင်းထားရမည်ဖြစ်ကြောင်း၊ ရိုက်တာနှက်တာတွေ အော်တာငေါက်တာတွေကြောင့် တရားရနိုင်ကြောင်း အစရှိကုန်သော ရင်ဇိုင်းအယူများ အားလုံးတို့ကို လုံးဝ တိုက်ခိုက်သည့်ဂိုဏ်း ဖြစ်သည်။

ဤဆိုတိုစျင်းဂိုဏ်းသည် အလွန်နာမည်ကြီးသော ဂိုဏ်းဖြစ်လာသော်လည်း လင်ချီခေါ်ရင်ဇိုင်းတွေကို အပြီးတိုင်အောင် မလွှမ်းမိုးနိုင်ပေ။ ထို့ကြောင့် နောက်ဆုံးပေါ်မဟာယာနအုပ်စုတွင် ပါဝင်ကြသည့်စျင်းဂိုဏ်းတို့သည် ဂျပန်ပြည်အတွင်းမှာ လင်ချီဂိုဏ်းခေါ်ရင်ဇိုင်းဂိုဏ်းနှင့် ဆိုတိုဂိုဏ်းဟူ၍ နှစ်ဂိုဏ်းစလုံး တွင်ကျယ်ကြပါသည်။

## ရင်ဇိုင်းစျင်းဂိုဏ်းနှင့်ဆိုတိုစျင်းဂိုဏ်းတို့၏အယူကွဲပုံများ

၁။ ရင်ဇိုင်းခေါ်လင်ချီဂိုဏ်း၏သဘောတို့မှာ-

ရုတ်တရက်အလိုအလျောက်ဉာဏ်အလင်းပေါက်သည်ဟု ယုံကြည်ခြင်း၊

စိတ်ကိုစိတ်အတိုင်းထားရမည်ဟု ယုံကြည်ခြင်း၊

တရားအားထုတ်ဖို့မလိုဟု ယုံကြည်ခြင်း၊

ရိုက်နှစ်ခြင်း အောငေါက်ခြင်းကိုအန်ပဟေဠိ၏အဖြေကိုရှာရခြင်းစသည်တို့ကို ယုံကြည်ခြင်းများပင် ဖြစ်ကြပါသည်။

၂။ ဆိုတိုဂိုဏ်း၏သဘောတို့မှာ-

အလိုအလျောက်ဉာဏ်အလင်းပေါက်သည်ကို မယုံကြည်ခြင်း၊

ဉာဏ်အဆင့် ဆင့်ဖြစ်ပေါ်လာပြီးမှ ဗုဒ္ဓဉာဏ်-ဗုဒ္ဓသဘာဝတို့ကို ရရှိမည်ဟု ယုံကြည်ခြင်း၊

ထိုသို့ရအောင် ကြိုးကြိုးစားစား တရားအားထုတ်ဖို့ လိုသည်ဟု ယုံကြည်ခြင်း၊

ရိုက်နှက်အော်ငေါက်ကိုအန်ဖြေတို့ဖြင့် ဉာဏ်အလင်းမရနိုင်ဟု ယုံကြည်ခြင်း၊

တရားစာပေလေ့လာဖို့ လိုသည်ဟု ယုံကြည်ခြင်း၊

ဘုရားဝတ်ပြုရခြင်း၊

စျင်းကျင့်စဉ်တရားတို့ကို နေ့စဉ်လူမှုဘဝနှင့်ညီစေခြင်းစသည်တို့ပင် ဖြစ်ကြပါသည်။

၃။ သာသနာနှစ်(၁၁၀၀) - ခရစ်နှစ်(၅၅၂)တွင် ကိုရီးယားမှတဆင့် ဂျပန်ပြည်သို့ မဟာယာနဗုဒ္ဓဘာသာ စတင်ရောက်ရှိပါသည်။ ထိုအချိန်တွင် ကိုရီးယားမှာ စျင်းဂိုဏ်း မရှိသေးပါ။

(**မှာထား-ဝန်ခံချက်။** ။ ဖော်ပြပါအချက်အလက်အားလုံးသည် ချမ်းမြေ့ဆရာတော်၏ “တက္ကသိုလ်ဓမ္မသဘင်” (စာ-၃၉၃-၄၃၉)တို့မှ ကူးယူတင်ပြချက်များသာ ဖြစ်ကြပါသည်။)

# (မဟာယာနဗုဒ္ဓဘာသာဘုရားလောင်းများနှင့်
# မဟာယာနခေါင်းဆောင်တို့၏အဆိုအမိန့်များ)

## နိဗ္ဗာန်=သံသရာ=သတ္တဝါ=လောက

တထတာဟုခေါ်ဆိုရသော ဝိညာဏဓာတ်ကြီးသည် တစ်လောကလုံးမှာ ပြန့်နှံ့နေသည်ဟုဆိုသဖြင့် လောကနှင့်တထတာ၊ သံသရာနှင့်တထတာတို့သည် နှစ်ခုမကွဲဘဲ တစ်ခုတည်းသောသဘာဝတရားသာ ဖြစ်သည်ဟု ဆိုလိုပါသည်။ သူ့အခြေအနေအခိုက်အတန့်သို့လိုက်ပြီး အခေါ်အဝေါ်ကွဲပြားခြင်းမျှသာ ဖြစ်သည်။

အာလယဝိညာဉ်ဆိုတာသည်လည်း တထတာပင် ဖြစ်သည်။ **အလယဝိညာဉ်တွင် ဆိုးသောတရားများ ရှိခိုက်ဆိုလျှင် ထိုအာလယဝိညာဉ်ကိုပင် သတ္တဝါဟုလည်းကောင်း၊ လောကဟုလည်းကောင်း ခေါ်ဆိုသည်။**

**ဆိုးသောတရားများ မရှိခိုက်ဖြစ်၍ စင်ကြယ်သောအခါမှာမူ ထိုအာလယဝိညာဉ်ကိုပင် ငြိမ်သက်နေသော တထတာဟု ခေါ်ဆိုရသည်။ တထတာသည်ပင် နိဗ္ဗာန်မည်ပေသတည်း။**

ပင်လယ်ရေပြင်သည် သူ့သဘာဝအတိုင်းဆိုလျှင် ငြိမ်နေပြီး လေတိုက်လျှင် လှိုင်းထလာသည်။ တထတာခေါ်သော အာလယဝိညာဉ်သည်လည်း သူ့သဘာဝအတိုင်းဆိုလျှင် သန့်ရှင်းစင်ကြယ်နေပြီး ငြိမ်နေတတ်သည်။

အဝိဇ္ဇာနှောက်ယှက်လိုက်လျှင်သာ သည်အာလယဝိညာဉ်အတွင်းမှာ ကောင်းမှု မကောင်းမှု မျိုးစေ့ကိလေသာတွေ ဖြစ်ပေါ်လာကြပြီး လှုပ်ရှားလာရာကနေ တစ်ခြားဝိညာဉ်(၇)ပါးတို့နှင့် **သံသရာသတ္တဝါ လောက**တို့ကိုပါ ဖြစ်ပေါ်လာစေတတ်ပါသည်။

လေငြိမ်သွားသောအခါတွင် ပင်လယ်ရေပြင်သည် ပြန်လည်၍ ငြိမ်သက်သွားသကဲ့သို့ ယောဂခေါ် ကမ္မဋ္ဌာန်းတွေကို အားထုတ်လိုက်လျှင် အာလယဝိညာဉ်ထဲက အညစ်အကြေးတွေ စင်ကြယ်သွားသောအခါ သည်အာလယဝိညာဉ်သည် ငြိမ်သက်သွားပြီး တထတာနိဗ္ဗာန်အဖြစ် ပြန်ရောက်သွားပါသည်။

လေကြောင့်လှိုင်းထနေသည့်ပင်လယ်ပြင်နှင့် ငြိမ်သက်နေသည့်ပင်လယ်ပြင် နှစ်ခုတို့သည် ရေပြင်အနေဖြင့် တစ်ခုတည်းဖြစ်နေသကဲ့သို့ပင် ငြိမ်သက်နေသောအာလယဝိညာဉ်နှင့် ကိလေသာကြောင့် လှုပ်ရှားနေသောအာလယဝိညာဉ် နှစ်ခုတို့သည် တစ်ခုတည်းပင် ဖြစ်သည်ဟူ၍ ရှင်းပြကြသည်။

ထိုတွင် ငြိမ်သက်နေသော အာလယဝိညာဉ်ကို နိဗ္ဗာန်ဟု ခေါ်ဆိုသည်။

လှုပ်ရှားနေသောအာလယဝိညာဉ်ကို သံသရာဟု ခေါ်ဆိုသည်။

ထို့ကြောင့် နိဗ္ဗာန်နှင့်သံသရာ နှစ်ခုတို့သည် နှစ်ခုမဟုတ်ဘဲ တစ်ခုတည်းသာ ဖြစ်သည်ဟူ၍ မဟာယာနတို့က ယူဆကြသည်။

ဤကဲ့သို့ **နိဗ္ဗာန်နှင့်သံသရာတို့ကို တစ်ထပ်တည်း - တစ်ခုတည်းဟူ၍ သိမြင်မှသာလျှင် မဟာယာနစစ်စစ် ဖြစ်သည်**ဟုပင် ဆိုကြပါသေးသည်။ သက်ရှိသက်မဲ့အားလုံးနှင့် ဗုဒ္ဓသဘာဝတို့သည် တထတာအဖြစ်ဖြင့် အတူတူပင်တည်းဟုလည်း ဆိုကြပါသေးသည်။

ထို့ကြောင့် မဟာယာနဗုဒ္ဓဘာသာအယူအဆ အရဆိုလျှင် သက်ရှိ သက်မဲ့အရာရာတိုင်းမှာ ဗုဒ္ဓသဘာဝ ရှိသည်ဟုချည်းသာ ဆိုရမည် ဖြစ်ပါသည်။

လူတိုင်းမှာ ဗုဒ္ဓသဘာဝ ရှိသည်။

လူကောင်းလူဆိုး သူခိုးဓားပြ ဂျပိုးခါးပိုက်နှိုက်ကစပြီး ဗုဒ္ဓသဘာဝ ရှိသူများချည်းသာ ဖြစ်ကြသည်။

အားလုံးဘုရားလောင်းတွေချည်းပင် ဖြစ်ကြသည်။

တစ်နေ့နေ့မှာတော့ သူတို့အားလုံး လှုပ်ရှားနေ သော တထတာဘဝကနေပြီး ငြိမ်သက်သွားသော တထတာအဖြစ်ရောက်ရှိပြီးတော့ ဘုရားဖြစ်ကြမည့်အရာများချည်း ဖြစ်ကြသည်။

လူကို ဒုက္ခပေးနေသော ရောဂါပိုးတွေ၊ ကပ်ပါးကောင်တွေ၊ ကမြင်းနီတွေ၊ ခြင်၊ ကြမ်းပိုး၊ ပုရွက်ဆိတ်ကအစ

ပြုပြီးတော့ တိရစ္ဆာန်တွေလည်း အားလုံး တထတာခေါ် ဗုဒ္ဓသဘာဝ ရှိသူများချည်း ဖြစ်ကြသည်။
သက်မဲ့တွေမှာလည်း ဖုန်မှုန့် ခဲ၊ သလဲ၊ သစ်သား၊ ပန်းပွင့်၊ အမှိုက်သရိုက်ကစပြီးတော့ အားလုံး တထတာတွေချည်း ဖြစ်၍ ဗုဒ္ဓသဘာဝ ရှိသည်ချည်းဖြစ်၍ ဘုရားလောင်းတွေချည်းပင် ဖြစ်ကြသည်။
ဘုရားဖြစ်မှာတွေချည်းပင်တည်း။

ဤကဲ့သို့သော သက်ရှိသက်မဲ့ဘုရားလောင်းတွေအားလုံး တထတာသဘာဝဓာတ်ကြီးအဖြစ်ဖြင့် ဘုရား ဖြစ် ကရမှာချည်းဖြစ်သောကြောင့် သည်ဟာတွေအားလုံးဘုရားဖြစ်နိုင်အောင် ကိုယ်ကျိုးစွန့်အနစ်နာခံပြီးတော့ သတ္တဝါတွေအကျိုးအတွက် ကြီးမားလှသောပင်ပန်းဆင်းရဲမှုဒဏ်တွေကို ကြံ့ကြံ့ခံပြီး ထိုထိုသက်ရှိသက်မဲ့တွေ အားလုံးကို နိဗ္ဗာန်မရောက်-ရောက်အောင် ငြိမ်သက်နေသောတထတာအဖြစ်သို့မရောက်-ရောက်အောင် ပို့ဆောင်ပေးနိုင်မည့် အာဇာနည်ပုဂ္ဂိုလ်တွေ လိုအပ်လာကြသည်။

လှုပ်ရှားနေသောတထတာတွေကို ပြန်ငြိမ်သွားအောင် လုပ်ပေးရမည့် အာဇာနည်တွေ ရှိနေကြမှသာလျှင် ထိုထိုသက်ရှိသက်မဲ့များအားလုံး နိဗ္ဗာန်သို့ ရောက်နိုင်ကြပေလိမ့်မည်။ လိုအပ်နေသည့် အာဇာနည်များအနက် အရင့်အမာများမှာ အဝလောကိတေသွာရ၊ မဉ္ဇုသီရိ အစရှိကုန်သော ဘုရားလောင်းများပင် ဖြစ်ကြပါသည်။

## (က) မဟာယာနဘုရားလောင်းကြီး

၁။ အဝလောကိတေသွာရဘုရားလောင်းသည် ဘုရားအဖြစ်ကိုယူနိုင်ပါလျက်ကယ်နှင့် မယူသေးဘဲ တစ်လောကလုံးကို နိဗ္ဗာန်ရောက်အောင် ပို့ဆောင်ပြီးမှပဲ သူကတော့ နိဗ္ဗာန်ကိုယူမည်ဟုပင် ဆိုပါသည်။ သည်နည်းဖြင့် ဘုရားလောင်းတွေက ဘုရားတွေထက် လောကအကျိုးကို သယ်ဆောင်နိုင်ကြသည်ဟူ၍ ယူဆကြသည့်အတွက် ကြောင့် ဘုရားတွေထက် ဘုရားလောင်းတွေကို ပိုပြီးတော့ အရေးထားကြသည်။ ပူဇော်ကြ-ကိုးကွယ်ကြသည်။

"နမ အဘယဒ္ဒဒ အဝလောကိတေသွာရယ ဗောဓိဆတ္တာယ မဟာဆတ္တာယ-
ဟူ၍ ဂါထာမန်းသလို အကြိမ်ကြိမ် ရွတ်ဆိုနေလျှင် **ကပ်ကြီးသုံးပါးကို ကျော်နင်းနိုင်သည်။ သဘော်ပျက်ဘေး၊ မီးဘေး၊ ရေဘေး၊ အကျင့်ပျက်ဘေး အစရှိသည့်ဘေးအားလုံး၊ ဒုက္ခအားလုံးတို့မှ ကင်းလွတ်နိုင်သည်**ဟုပင် ယူဆကြသည်။

အဝလောကိတေသွာရက ထိုဘေးကြီးတွေကိုကယ်တင်နိုင်သောသတ္တဝါအယောင်ဆောင်ပြီးတော့ ကယ်တင်ပေးသည်ဟုပင် ပြောဟောကြသည်။ အထက်ပါစကားစုကိုမြန်မာပြန်လျှင် ဘေးရန်ကင်းစေတတ်သော ကြီးမြတ်သောသတ္တဝါဖြစ်သော အဝလောကိတေသွာရဘုရားလောင်းအား ရှိခိုးပါ၏ဟူ၍ ဖြစ်သည်။

၎င်းပြင် အခြားဘုရားလောင်းများလည်း ရှိကြသေးသည်။
မဉ္ဇုသီရိဘုရားလောင်း၊
သမန္တဘဒြဘုရားလောင်း၊
အာကာသဂဗ္ဘဘုရားလောင်း၊
ကိတ္တိဂဗ္ဘဘုရား လောင်း၊
မေတ္တေယျဘုရားလောင်းစသည်များပင် ဖြစ်ကြသည်။

ဘုရားလောင်းအာဇာနည်တို့တွင် အဝလောကိတေသွာရသည် မဟာယာနဗုဒ္ဓဘာသာတို့အတွက် အထင် ရှားဆုံး အရေးအပါဆုံး ဖြစ်သည်။ ၎င်းဘုရားလောင်းသည် ထေရဝါဒဗုဒ္ဓဘာသာကျမ်းစာများထဲတွင် လုံးဝ မပါရှိပေ။ ထေရဝါဒတွင် နောင်ပွင့်တော်မူမည့် အရိမေတ္တေယျ ဘုရားလောင်းသာပါရှိ၍ ယခုအခါတွင် တုသိတာ နတ်ဘုံ၌ စံမြန်းလျက် ရှိပါသည်။

အဝလောကိတေသွာရသည် အရိမေတ္တေယျဘုရားမပွင့်မီအတွင်းမှာ သတ္တဝါတွေကို ဖြစ်နိုင်သမျှ တထတာနိဗ္ဗာန်သို့ ရောက်အောင် အဆင်းရဲ အပင်ပန်းခံကာ ပို့ဆောင်ပေးနေသည်ဟု ဆိုကြသည်။ ဘုရား တစ်ဆူနှင့်တစ်ဆူအကြား သည်တာဝန်ကြီးကို အားသွန်ကြိုးပမ်း ထမ်းဆောင်နေသည့် ဘုရားလောင်းကြီးဟု ယုံကြည်နေကြသည်။

ထို့ကြောင့် **အဝလောကိတေသွာရဘုရားလောင်းကို မဟာကရုဏာတော်၏အထိမ်းအမှတ်**ဟုပင် မှတ်ယူကြပါသည်။

ဖေါ်ပြထားသည့်အတိုင်း မဟာယာနများက ဘုရားလောင်းကိုသာ ဦးစားပေး၍ ကိုးကွယ်ကြသည့် အတွက်ကြောင့် **ပညာထက် ကရုဏာက ပို၍ အရေးကြီးသည်**ဟုလည်း ယူဆကြသည်။

ထို့ကြောင့် မဟာယာန ဗုဒ္ဓဘာသာကို ဗောဓိသတ္တယာနဂိုဏ်းဟုပင် သုံးနှုန်းကြပါသေးသည်။ အဝလောကိတေသွာရ၏ ပုံပန်းသဏ္ဌာန်ကို တစ်မျိုးတည်း အတိအကျ ပြောဆို၍ မရနိုင်ဘဲ ပုံသဏ္ဌာန်အမျိုးမျိုး၊ အသွင်အမျိုးမျိုး ယူပြီးတော့ သတ္တဝါတို့၏ အကျိုးတွေကို ဆောင်ရွက်သယ်ပိုးနေသူဖြစ်ကြောင်း၊ သူ၏ပုံသဏ္ဌာန်များမှာလည်း တစ်ရာကျော်အောင်ပင် များပြားကြောင်းတို့ကို ပြောဆိုကြပါသည်။

သည်ဘုရားလောင်းသည်-

အိန္ဒိယတွင် အမျိုးသားဘုရားလောင်းဖြစ်ခဲ့ပြီးတော့ -

ကိုရီးယား၊ ဂျပန်တို့တွင်မူ အမျိုးသမီးဘုရားလောင်း ဖြစ်လာသူပေတည်း။

သူ့ကို ကိုရီးယားမှာ ကွမ်နွန်ဟု ခေါ်ဆိုသည်။ ဂျပန်မှာ ကန်နွန်ဟု ခေါ်ဆိုသည်။

သူသည် တရုတ်ပြည်မှာကျတော့ အမျိုးသားအသွင်၊ အမျိုးသမီးအသွင် နှစ်မျိုးရှိသူ ဖြစ်လာသည်။ အမျိုးသားအသွင်ဖြင့်ရှိသော အဝလောကိတေသွာရကို ကွမ်ရှိုင်းယင်ဟု ခေါ်ဆိုရ၍ အမျိုးသမီးအသွင်ဖြင့်ရှိသော အဝလောကိတေသွာရကိုကျတော့ ကွမ်ယင်ဟု ခေါ်ဆိုရသည်။

ကွမ်းရှိုင်းယင်ကို အသိနည်းကြသော်လည်း ကွမ်ယင်ကိုမူ တရုတ်လူမျိုးတိုင်းက သိကြသည်။ သို့သော်လည်း ဘုရားလောင်းအနေဖြင့် သိကြသည်တော့ မဟုတ်ကြပေ။ ကွမ်ယင်နတ်သမီး၊ ကွမ်ယင်မယ်တော်ဟူ၍ သိကြသည်။ ဤကဲ့သို့ မဟာယာနဘုရားလောင်းတို့ကို နတ်တစ်ပါးအနေဖြင့် ကိုးကွယ်ကြသည်မှာလည်း အများအပြားပင် ရှိကြသည်။

ကိုရီးယားနှင့်ဂျပန်မှာ သူ့ပုံကို ထုလုပ်လျှင် မတ်ရပ်ပုံကို အများဆုံးထုလုပ်ကြပြီး ဘယ်ဘက်လက်မှာ ကြာပန်းကို ကိုင်ထားသည်။ ညာလက်မှာ အောက်သို့တန်းတန်းချလျက် လက်ဝါးကို ဖြန့်ထားသည်။ ဦးခေါင်းပေါ်က သရဖူထဲမှာတော့ အမိတာဘာဘုရား ဆင်းတုတော်ကလေးကို ထည့်ထားတတ်သည်။ ပါးလွှာသောပုဝါပါးကို ယဉ်ယဉ်ကလေး ချထားတတ်သည်။ ပုံတစ်ချို့မှာဆိုလျှင် ခေါင်းကစပြီး ခြေဖျားအထိ ပုဝါပါးခြုံထားသည့်ပုံမျိုး ဖြစ်တတ်သည်။

တိဘက်ရှိဘုရားလောင်း အဝလောကိတေသွာရ၏ ခေါင်းပေါ်မှာတော့ ဘုရားဆင်းတုတော်ကလေးတွေ များစွာ ပါရှိတတ်ကြသည်။ တရုတ်ဘုရားကျောင်းများတွင် တွေ့ရတတ်သည့် ဝဝဖိုင့်ဖိုင့် ဖြူဖြူဖွေးဖွေး ပြုံးပြုံးရွှင်ရွှင် ဘုရားရုပ်တုကြီးသည် ဘုရားမဟုတ်သေးဘဲ မိဘမဲ့ကလေးတွေကို ကယ်တင်နေသည့် အဝလောကိတေသွာရပုံ ဖြစ်သည်။ ကလေးတွေက သူ့အပေါ်သို့ ဝိုင်းပြီးတက်နေသည့်ပုံ ဖြစ်သည်။

မြန်မာပြည်ပုဂံခေတ်မှာလည်း စစ်မှန်သောထေရဝါဒသာသနာတော် မထွန်းကားသေးမီ အဝလောကိတေသွာရဘုရားလောင်းပုံတွေကို ထုလုပ်ကိုးကွယ်ခဲ့ကြောင်း သိရပါသည်။ ကြာပွင့်ပေါ်မှာ ညာခြေနင်းထားလျက် ထိုင်ထားရာ ကြာပွင့်ကြီးပေါ်မှာ ညာခြေထောက်ကို ခွေတင်ထားသည့်ပုံ ဖြစ်သည်။ ဘယ်လက်က ကြာပွင့်ကို ကိုင်ထား လျက်ဖြစ်စေ- မကိုင်ဘဲပွေ့ပိုက်ထားလျက်ဖြစ်စေ ရှိတတ်သည်။ ညာလက်ကတော့ လက်ဝါးဖြန့်လျက် ဘေးရန်ကင်းစေရန် ဆုပေးနေပုံမျိုး ရှိတတ်သည်။

သို့သော် သတ္တဝါအများအတွက် ကယ်တင်ရှင်ဟုယူဆခံရသည်ဖြစ်၍ ရံဖန်ရံခါမှာ လက်နှစ်ချောင်းမျှမကသေးဘဲ လက်တွေလေးချောင်း၊ ခြောက်ချောင်းရှစ်ချောင်းမှစ၍ လက်ချောင်းတစ်ထောင် အထိ ရှိတတ်ပါသည်။ အဝလောကိတေသွာရဘုရားလောင်းမှာ အသွင်အမျိုးမျိုးရှိသကဲ့သို့ နာမည်လည်း အမျိုးမျိုး ရှိတတ်သည်။

လောကနာထ၊

သီဟနာဒ၊

လောကေသရ စသည်ဖြင့်လည်း ခေါ်ဆိုကြသည်။

လောကနာထဆိုသည့်အမည်ကို **မြန်မာပြန်သူများက လောကနတ်**ဟု ပြန်ထားခဲ့ကြသည်။ ပုဂံခေတ်က ဘုရားလောင်းအဖြစ် ကိုးကွယ်ခဲ့ကြသည်။ ၎င်းအမည်သည် အဝလောကိတေသွာရ၏အမည်ပင် ဖြစ်သည်။ အခုခေတ်မှာတော့ လောကနတ်ရုတ်တုကို မြန်မာ့ယဉ်ကျေးမှုအနုပညာတစ်ခု အနေဖြင့်သာ ထားရှိကြတော့သည်။

၂။ မဥ္ဇုသီရိဘုရားလောင်းသည် ပညာ၏အထိမ်းအမှတ် ဖြစ်သည်။ သူ့ကို ပညာတော်ရှင်နတ်သမီးဟုလည်း ခေါ်ဆိုသုံးနှုန်းကြသည်။ ပုံထုလုပ်သောအခါတွင် နူးညံ့သိမ်မွေ့သည့်ပုံသဏ္ဍာန်ရှိ၍ ခြသေ့်ကို စီးထားလေ့ရှိသည်။ လက်တစ်ဖက်က အဝိဇ္ဇာကိုဖြတ်ဖို့ ဓားကိုလည်းကောင်း၊ အခြားလက်တစ်ဖက်က ကျမ်းစာအုပ်ကိုလည်းကောင်း ကိုင်ထားလေ့ရှိသည်။

မဥ္ဇုသီရိဘုရားလောင်းကို တိဘက်ဗုဒ္ဓဘာသာများက အများဆုံးကိုးကွယ်ကြသည်။

ဂျပန်ပြည်တွင်လည်း တင်ဒိုင်ဂိုဏ်း၊ ရှင်ဂွန်းဂိုဏ်း၊ ဈင်းဂိုဏ်းများက အလေးအမြတ်ထားလျက် ကိုးကွယ်ကြသည်။

ဈင်းဂိုဏ်း တရားခန်းမများတွင် မဥ္ဇုသီရိရုပ်တုကို တွေ့ရတတ်ပါသည်။

မြန်မာပြည်တွင် မဥ္ဇုသီရိကိုသိသူနည်းပါးသည်။ ၎င်းသည်လည်း ထေရဝါဒဒေသနာတို့တွင် လုံးဝမပါသည့် ဘုရားလောင်းပင် ဖြစ်ပေသည်။

၃။ အရိမေတ္တေယျဘုရားလောင်းသည် ထေရဝါဒဗုဒ္ဓဘာသာ၊ မဟာယာနဗုဒ္ဓဘာသာ နှစ်ခုစလုံးက လက်ခံထားသည့်ဘုရားလောင်း ဖြစ်သည်။

ထေရဝါဒတို့က အသိအမှတ်ပြုထားသည့် အရိမေတ္တေယျဘုရားလောင်းကို မဟာယာနကိုးကွယ်သည့် နိုင်ငံများမှာ သိသူနည်းကြသည်။ ကိုရီးယားမှာမူ အရိမေတ္တေယျဘုရားလောင်းကို အလေးအမြတ်ထားလျက် ကိုးကွယ်ကြပါသည်။ အရိမေတ္တေယျဘုရားလောင်းကို အမြတ်တနိုးကိုးကွယ်သည့် မဟာယာနနိုင်ငံမှာ ကိုရီးယား တစ်နိုင်ငံသာ ရှိသည်။

## (ခ) မဟာယာနခေါင်းဆောင်တို့၏အဆိုအမိန့်များ

၁။ အမြတ်ဆုံးယဉ်ဖြစ်တဲ့ သမ္မာသမ္ဗောဓိယာနတစ်ခုတည်းဖြင့်သာ နိဗ္ဗာန်သို့ သွားနိုင်တယ်။

၂။ ဂေါတမမြတ်စွာဘုရားဟာ လူသားဘုရား မဟုတ်ဘူး။

အနန္တတန်ခိုးရှင်ဘုရားကြီး၏ကိုယ်ပွါးဘုရားသာ ဖြစ်သည်။

နိမ္မာနဘုရား(တမန်တော်)သာ ဖြစ်တယ်။

(မဟာသံဃိကဂိုဏ်း)

၃။ အားလုံးဟာ အစစ်အမှန်အနေနဲ့ အမြဲရှိနေကြတယ်။

(သဗ္ဗတ္ထိဝါဒဂိုဏ်း)

၄။ သတ္တဝါတို့ရဲ့သန္တာန်မှာရှိတဲ့ သိမ်မွေ့တဲ့ဝိညာဉ်ဟာ မပျက်မစီးဘဲ တစ်ဘဝကနေ တစ်ဘဝသို့ ကူးပြောင်းတယ်။ ရုပ်တရားတွေကတော့ နောက်ဆုံးမှာ ဘာမျှမရှိတဲ့အတွက် သုညသာ ဖြစ်တယ်။

(သုတ္တန္တိကဂိုဏ်း)

၅။ လောကမှာ အရာရာတိုင်းဟာ အစစ်အမှန် ရှိတာမဟုတ်လို့ အားလုံးကို အပြန်ပြန်အလှန်လှန် အဖန်ဖန် ငြင်းပယ်ခြင်းအားဖြင့် နောက်ဆုံးမှာ အစစ်အမှန်ဆိုလို့ ဘာမျှမရှိပုံ-သုညသာဖြစ်ပုံကို သဘောပေါက်အောင် ငြင်းပယ်မှု ပြုရမယ်။

အဲဒီသုညဟာ အရာခပ်သိမ်းရဲ့အစစ်အမှန်တရားအနေနဲ့ မရှိခြင်းကိုပြတဲ့ ပရမတ္ထသုညသာ ဖြစ်တယ်။

(မဓျမိကဂိုဏ်း)

၆။ စိတ်ဝိညာဉ်သာလျှင် အရှိတရားဖြစ်တယ်။ မဟာယာနဘုရားလောင်းများဟာ သူ့သဘာဝအတိုင်းရှိနေခြင်းဆိုတဲ့ တထတာ-အာလယဝိညာဏဓာတ်ကြီးနဲ့ တစ်သားတည်းဖြစ်သွားရင် အဲဒါ နိဗ္ဗာန်ဝင်စံသွားတာပါပဲ။ ကာယအားဖြင့် ဘုရားသုံးဆူ လေးဆူ ရှိကြတယ်။

(ယောဂါစာရဂိုဏ်း)

၇။ သုခဝတီနိဗ္ဗာန်ကိုရောက်စေနိုင်တဲ့ အကျင့်ကတော့ အထူးအထွေ ကျင့်နေစရာ မလိုပါဘူး။
အမိတာဘာဘုရားရှိခိုးကို အကြိမ်ပေါင်းများစွာ နေ့စဉ်မှန်မှန် ရွတ်ဆိုနေဖို့ပဲ လိုပါတယ်။

(အမိတာဘာဂိုဏ်း)

၈။ အရာရာတိုင်းမှာ ဗုဒ္ဓသဘာဝ ရှိနေတယ်။ တထတာနိဗ္ဗာန်နှင့်သံသရာဟာ တစ်ခုတည်းပင် ဖြစ်တယ်။

၉။ အဝလောကိတေသွာရဘုရားရှိခိုးကို ရွတ်ဆိုနေရင် ကပ်ကြီးသုံးပါးကို ကျော်နင်းနိုင်တယ်။
ဘေးဒုက္ခမှန်သ မျှတွေကို ကျော်နိုင်တယ်။ အောင်နိုင်တယ်။ ရွတ်နေဖို့ပဲ လိုတယ်။

၁၀။ မူလသဘာဝအားဖြင့် ဘာမျှမရှိချေ။ ရုတ်တရက်ဉာဏ်အလင်းကိုရရှိမည်။ ဘာကိုမျှ ပြုလုပ်နေစရာမလို။

(ဈင်းဂိုဏ်း၏မှီရာဖြစ်သော တာအိုဝစ်ဇင်)

၁၁။ ပန်းပွင့်ကလေးကိုင်နေတာကို မြင်လို့ပြုံးလိုက်တာဟာ တရားရသွားတာပဲ ဖြစ်တယ်။

(ဈင်းဂိုဏ်း)

၁၂။ ဗုဒ္ဓသာသနာတော်ထွန်းကားရေးအတွက် ဆောင်ရွက်ခဲ့သူမှာ ဘာကုသိုလ်တွေကို ရရှိသနည်း။
ဘာကုသိုလ်မှ မရဘူး။
ဒါဆိုရင် မြင့်မြတ်တဲ့တရားတော်ရဲ့ ပထမဆုံးအခြေခံသဘောဟာ ဘာတုန်း။
ဘာမှ မရှိဘူး။ မြင့်မြတ်တယ်ဆိုတာလဲ မရှိဘူး။
ဒါဖြင့် အခု ဒီရှေ့မှာ ရပ်နေတာက ဘယ်သူလဲ။
မသိဘူး။

(ဈင်းဂိုဏ်းတည်ထောင်သူ ဗောဓိဓမ္မ)

၁၃။ ဟွိကို = ကျွန်ုပ် စိတ်မအေးချမ်းပါဘူး။ စိတ်အေးချမ်းအောင် လုပ်ပေးစေချင်ပါတယ်။
ဗောဓိဓမ္မ = ဒီလိုဆိုရင် သင့်စိတ်ကို ငါ့ဆီယူခဲ့။ စိတ်အေးချမ်းအောင် လုပ်ပေးမယ်။
ဟွိကို = ဒါပေမယ့် ကျွန်ုပ်စိတ်ကိုရှာတော့ စိတ်ကိုမတွေ့ပါဘူး
ဗောဓိဓမ္မ = တွေ့လား။ အဒီမှာ သင့်စိတ်ကိုအေးချမ်းအောင် ငါလုပ်ပေးလိုက်ပြီ။

၁၄။ မေးရင်းဖြေရင်းနဲ့ တပည့်ရဲ့ပင်ကိုယ်အသိကို နှိုးဆွပေးပြီး ရုတ်တရက်ဉာဏ်အလင်းကို ရစေတာဟာ ဈင်းရဲ့သဘောလက္ခဏာပဲ။ ဉာဏ်အလင်းကို ရစေဖို့ တုတ်နဲ့ရိုက်တာ အော်တာတွေလဲ ရှိသေးတယ်။

(ဈင်းဂိုဏ်း)

၁၅။ ဒီဖြစ်ရပ်မှာ ကြောင်ကို ဘာ့ကြောင့် မသတ်သင့်သလဲ-ဆိုတာဟာ ကိုအန်ပဲ။
ဝိုင်းကြည့်နေကြတဲ့ ဘုန်းကြီးတွေက ဘယ်သူမှ မဖြေနိုင်ဘူး။
ချိုချူရောက်လာလို့ မေးတော့ သူကဖြေတယ်။
သူ့အဖြေက ခြေထောက်မှစီးထားတဲ့ ဖိနပ်ကို ခေါင်းပေါ်တင်လိုက်တာပဲ။
အဓိပ္ပါယ်ကတော့ သတ်သင့်-မသတ်သင့်ဆိုတဲ့ ပြဿနာမရှိပါဘူး။
ပြဿနာမဟုတ်တာကို ပြဿနာလုပ်နေကြတာပဲ။
တစ်လောကလုံးမှာ ဘာမှ အမှန်တကယ်မရှိတဲ့သုညပဲလို့ ဆိုလိုဟုန်တူပါတယ်။

(ဈင်းဂိုဏ်း)

၁၆။ မေး = ဆရာခင်ဗျား လူများသေသွားတဲ့အခါကျတော့ ဝိညာဉ်က ဘယ်လိုများ ဖြစ်သွားပါသလဲ။
ဖြေ = ဒီမနက်လဲပဲ လေထန်ပြန်ပြီကွယ်။

၁၇။ အစစ်အမှန်အနေနဲ့ အတ္တလဲမရှိ။ ရုပ်လဲမရှိ။ နာမ်လဲမရှိ။ ဘာမှမရှိ။ အဲဒါကို သုညလို့ ဆိုလိုတယ်။
ဆတောရီ = ဉာဏ်အလင်းဆိုတာ အနုတ္တရသမ္မာသမ္ဗောဓိဉာဏ်ပါပဲ။

(ဈင်းဂိုဏ်း)။

ထေရဝါဒမဂ်ဉာဏ်နှင့်မတူပါ။

၁၈။ ဆရာကမေး = ခွေးမှာ ဗုဒ္ဓသဘာဝ ရှိသလား။

တပည့်ချိုချူဖြေ = ဝူ

အဓိပ္ပါယ်ကတော့ မရှိဘူးလို့ ဆိုလိုပါတယ်။ တရုတ်ဘာသာဖြင့် ဝူ - ဂျပန်ဘာသာဖြင့် မူ = မရှိခြင်း-သုညဟူ၏။

၁၉။ မေး = ဗုဒ္ဓဆိုတာ ဘာလဲ။

ဖြေ = ဂုံလျှော်သုံးပေါင်။

၂၀။ လူရဲ့ပင်ကိုယ်ပကတိစိတ်ဟာ ဗုဒ္ဓသဘာဝပဲ။ (ပကတိစိတ်ဟာ ဗုဒ္ဓပဲ။)

(လင်ချီဂိုဏ်း = ရင်ဇိုင်းဂိုဏ်း)

၂၁။ မေး = ဈင်းသဘာဝဟာ ဘာပါလဲ။

ဖြေ = မတွယ်တာနဲ့။ မရှာနဲ့။

မေး = စိတ်ကိုစင်ကြယ်အောင် ဘယ်လိုလုပ်ရမလဲ။

ဖြေ = စိတ်ကိုစင်ကြယ်အောင်လုပ်မယ့်အစား သူ့သဘာဝအတိုင်း လွှတ်ထားရမယ်။

ဗုဒ္ဓဘာသာမှာ ဝီရိယကို အသုံးချဖို့ နေရမရှိဘူး။

ရိုးရိုးနေနေကျအတိုင်း နေပါ။

ဘာမှထူးထူးခြားခြား မလုပ်နဲ့။

အပေ့ါသွား၊ အလေးသွား၊ အဝတ်ဝတ်၊ အစားစား၊ မောရင်နား၊ ဒါဟာ ဈင်းပဲ။

ဘုရားဖြစ်အောင် တရားရအောင် ဘာမှလုပ်ဖို့ မလိုဘူး။

လုပ်ရင်မရဘူး။

သဘာဝအတိုင်းနေသွားရင် တစ်နေ့နေ့မှာ အလိုလိုဉာဏ်အလင်းပေါက်ပြီး ရလာလိမ့်မယ်။

(ဈင်းဂိုဏ်း)

(အထက်ပါတို့သည် ချမ်းမြေ့ဆရာတော်၏“တတ္တသိုလ်ဓမ္မသဘင်”မှ ကောက်နုတ်ချက်များ ဖြစ်ကြသည်။

# ဗုဒ္ဓသာသနာရှိမှသာလျှင် သံသရာလွတ်လမ်း ရှိနိုင်သည်

♠♠♠

ဗုဒ္ဓဉာဏ်စွမ်း၊ ဖြန့်လွှမ်းကမ္ဘာ
ငါတို့ဘဝ၊ အရတော်စွာ
ဘဝဖြစ်လို့၊ "အနှစ်"ကို ရှာ
တွေ့ပြီလား၊ ဖြေကြားကြည့်စမ်းပါ။

လူဖြစ်ခိုက်၌၊ ရထိုက်သည့်မှာ
လူဖြစ်နတ်ဖြစ်၊ တစ်ဖြစ်ပြဟ္မာ
ဘဝသစ်သို့၊ အဖြစ်ဆက်ရာ
ကုသိုလ်ပွါး၊ တရား"အနှစ်"ပါ။

ဤသည့်အနှစ်၊ မစစ်သည်ကို
အပါယ်ပြန်ကျ၊ ခံရမည်ကို
ထို့ကြောင့်သာပ၊ ဗုဒ္ဓမိန့်ဆို
"အရဟတ်"၊ မြင့်မြတ်"အနှစ်"ဆို။

ယခုဘဝ၊ ပါယ်မှကင်းသလို
နောက်နောက်ဘဝ၊ ကင်းရထိုထို
ဝဋ်မလွတ်လို့၊ မကျွတ်သကို
ဘဝ ရ၊ ဒုက္ခဝန်ထုပ် ပို။

သုဂတိဒုက္ခ၊ ပယ်ချစွန့်တုံ
ဘဝဆက်ငြိမ်း၊ ဇာတ်သိမ်းဝဋ်ကုန်
ဘဝဖြစ်ကျိုး၊ နပ်ရိုးမည်ပုံ
ဂေါသိင်္ဂ၊ သုတ္တကြည့်ပါကုန်။

♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠♠

# သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွါးရေးဆိုင်ရာသြဝါဒကထာများ၏နိဂုံး

စာပိုဒ်အမှတ် (၁)

ဤ“သာရဏီယသြဝါဒကထာများနှင့် လျှောက်ထားလွှာများ”ကို ထုတ်ဝေလှူဒါန်းနိုင်ရန် (၁၂-၂-၂၀၁၀) ပြည်ထောင်စုနေ့ကတည်းက ညှိနှိုင်းခဲ့ကြပါသည်။ သတင်းစာများ စုစည်းခြင်း၊ ရက်စွဲအတိုင်း မာတိကာချမှတ်ခြင်းတို့ကို စတင်ဆောင်ရွက်ထားကာ (၁၆-၂-၂၀၁၀) မှ (၂၀-၂-၂၀၁၀)အထိ အစည်းအဝေးများအတွင်း မိန့်မြွက်တော်မူမည့် သြဝါဒကထာများကိုလည်း ပူးတွဲပူဇော်နိုင်ရန် စောင့်မျှော်နေခဲ့ပါသည်။

ထို့နောက် နိဒါန်းရေးပြီး ကွန်ပျူတာစာစီဌာနသို့ ပို့ခဲ့ပါသည်။ စာမူချောရရှိပြီးလျှင် စာမူချောစာအုပ်နှင့်တကွ တင်ပြ၍ စာအုပ်အဖြစ် ပူဇော်ခွင့်လှူဒါန်းခွင့်ပြုပါရန် ဆရာတော်ဘုရားကြီးထံ ခွင့်ပန်မည်ဟုလည်း ဆုံးဖြတ်ခဲ့ပါသည်။ အဓမ္မဝါဒ ဖော်ထုတ်တားဆီးဖယ်ရှားရေး ကိစ္စအတွက် စိတ်ဝင်စားရုံမျှမက အကူအညီတကယ်ပေးမည့် ပုဂ္ဂိုလ်များနှင့် တွေ့ဆုံရလျှင်လည်း သာရဏီယသြဝါဒကထာများနှင့် လျှောက်ထားလွှာများကို စာအုပ်ထုတ်ဝေမည်ဖြစ်ကြောင်း၊ စီစဉ်နေပြီဖြစ်ကြောင်း စသည်များ ပြောကြားခဲ့ပါသည်။

ဖော်ပြပါ (၁၂-၂-၂၀၁၀)နေ့မှာ အဓမ္မဝါဒီ ခေါင်းဆောင်ကြီးတစ်ဦးနှင့် ၎င်း၏ အပေါင်းအပါတို့ကို သက်ဆိုင်ရာက ထိန်းသိမ်းမှုပြုလိုက်သည့်နေ့ဖြစ်ကြောင်းကို နောက်ပိုင်းတွင် ကြားသိခွင့်ရခဲ့ပါသည်။

ဆရာတော်ကြီး ပျံလွန်တော်မူသည့်အထိ (၂၉-၃-၂၀၁၀)နေ့တိုင်အောင် စာမူချောက ထွက်ပေါ်မလာနိုင်ခဲ့ပေ။ ၎င်းစာမူချောသည် (၂၃-၅-၂၀၁၀)နေ့ရောက်မှ ပေါ်ထွက်လာနိုင်ပါတော့၏။ ထို့ကြောင့် ဆရာတော်ဘုရားကြီးထံ ခွင့်ပန်မှုမပြုလိုက်ရဘဲ ရှိနေပါကြောင်းဖော်ပြလျက် ဤနိဂုံးစကားဖြင့်ပင် ရိုသေလေးမြတ်စွာ ခွင့်ပန်လျှောက်ထားပန်ကြားအပ်ပါသတည်း။

စာပိုဒ်အမှတ် (၂)

ထေရဝါဒဗုဒ္ဓဘာသာ ခေါင်းဆောင်ပုဂ္ဂိုလ်များ၊ နောက်လိုက်ပုဂ္ဂိုလ်များ၊ အသက်သိက္ခာဂုဏ်ဝါရာထူး ကြီးသောပုဂ္ဂိုလ်များ၊ ငယ်သောပုဂ္ဂိုလ်များ၊ ရဟန်းပုဂ္ဂိုလ်များ၊ လူပုဂ္ဂိုလ်များ အားလုံးအတွက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဖြစ်တော်မူသော မကွေးဆရာတော်ဘုရားကြီး ပျံလွန်တော်မမူမီလပိုင်းကာလ သာသနာပြုကိစ္စရပ်များကို ဆက်လက်ဖော်ပြ၍ (၃၁-၃-၂၀၁၀)သတင်းစာပါ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်းကိုလည်း ဤစာအုပ်အတွင်း ထည့်သွင်းပူဇော်လိုက်ပါသည်။

စာပိုဒ်အမှတ် (၃)

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဖြစ်တော်မူသော မကွေးဆရာတော်ဘုရားကြီးသည် (၁၅-၂-၂၀၁၀၊ ၁၆-၂-၂၀၁၀)နေ့တို့တွင် (၂)ရက်ဆက်တိုက်ကျင်းပသည့် ဆဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေး၌ သဘာပတိအဖြစ်ဖြင့် ဆောင်ရွက်တော်မူကာ သာရဏီယသြဝါဒကထာကို “အစားထိုးရွေးချယ်၊ များစွာပါဝင်၊ တောင့်တင်းခိုင်မာ၊ ပံ့ပိုးကူညီ”ဟူသော အခန်းခွဲများဖြင့် သပ်သပ်ရပ်ရပ်စီမံ၍ ချီးမြှင့်တော်မူ၏။

(၁၈-၂-၂၀၁၀ မှ ၂၀-၂-၂၀၁၀)နေ့တို့တွင် (၃)ရက်ဆက်တိုက်ကျင်းပသည့် ဆဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး၌ သဘာပတိအဖြစ်ဖြင့် ဆောင်ရွက်တော်မူကာ သာရဏီယသြဝါဒကထာ (အဖွင့်)ကို “ရှင်းလင်းလျှောက်ထား၊ လမ်းညွှန်သြဝါဒပေး၊ အကြောင်းအရင်းထောက်ဆ၊ ဖွဲ့စည်းဆောင်ရွက်၊ အပိုဒ်(၈၆)၊ အပိုဒ်(၈၇)၊ အပိုဒ်(၈၈)”ဟူသော ခေါင်းစီးကွဲများဖြင့် ခွဲခြားသတ်မှတ်၍ ချီးမြှင့်တော်မူ၏။ ၎င်းအစည်းအဝေး နောက်ဆုံးနေ့၌ သဘာပတိအဖြစ်ဖြင့် ဆောင်ရွက်တော်မူကာ နိဂမနသြဝါဒကထာကို “ထိုသာသနာ့ဘေးရန်ကို အာဏာပိုင်ပုဂ္ဂိုလ်များနှင့် ရဟန်းရှင်လူပြည်သူအားလုံးတို့က လက်တွဲညီညီ ပိတ်ပင်ပယ်ရှား တားဆီးသွားမှသာ ယင်းဘေးရန်များ ပပျောက်၍ သာသနာတော် ထွန်းတောက်မည်”ဟူသော လမ်းညွှန်ချက်ဖြင့် အသက်ဝင်စေတော်မူပြီး ထိထိမိမိ ချီးမြှင့်တော်မူ၏။

“ဆရာတော်အရှင်မြတ်တို့ဘုရား- ဤသာသနာ့ဘေးရန်များကို တပည့်တော်တို့ ရဟန်းရှင်လူအားလုံးက ညီညီညွတ်ညွတ် ညှိနှိုင်းတိုင်ပင်ကာ နည်းလမ်းရှာ၍ တားမြစ်ပိတ်ပင် သုတ်သင်ရှင်းလင်းသင့်ပါကြောင်းကို လျှောက်ထား

လျက် တပည့်တော်၏ နိဂမနသြဝါဒကထာကို အဆုံးသတ်ပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား"။

စာပိုဒ်အမှတ် (၄)

ဖော်ပြပါ အစည်းအဝေးပွဲကြီးများကို သဘာပတိ၊ ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်တော်မူပြီး (၂/၃)ရက်လောက် အကြာတွင် ရန်ကုန်ပြည့်သူ့ဆေးရုံကြီး၊ နှလုံးကုသဆောင်သို့ ဆရာတော်ဘုရားကြီး ကြွရောက်လျက် ကုသခံယူနေတော်မူကြောင်း ကြားသိရပါသည်။ ထို့ကြောင့် ပဉ္စာသမဏဖြစ်သော အရှင်ကဥ္စနထံ ဖုန်းဆက်၍ မေးလျှောက်စုံစမ်းကြည့်ရာ-

"ဦးဇင်းရေ အစည်းအဝေးက ဆက်တိုက်ဖြစ်သွားတော့ အထိုင်ကြာပြီး ပင်ပန်းသွားတာလည်း ပါလောက်တယ်။ ဆရာဝန်ကြီးတွေကတော့ ချွေးထွက်များပြီး အဆုပ်အအေးပတ်နေတာလို့ ပြောတာပဲ။ မကြာခင်မှာ သက်သာသွားမှာပါ။ ဒကာမကြီး လာသေးတယ်။

ဦးဇင်းတို့ အဓမ္မဝါဒကိစ္စတွေနဲ့ပတ်သက်လို့ ဆရာတော်ကြီးက "ဘာတွေ ထူးသေးလဲ"လို့ မေးပါတယ်။ ဒကာမကြီးကလည်း သူကြားလာတာတွေထဲက သင့်တော်ရာတွေကို လျှောက်ထားပါတယ်။ ဦးဇင်းလဲ ကြွလာပါအုံး။ ဆရာတော်ကြီးက သက်တော်ကလဲ ကြီးပြီဆိုတော့ ဒီမှာပဲ အနားယူရင်းနဲ့ ဆက်နေရအုံးမယ်ထင်တယ်" စသည်များကို ကြားသိလိုက်ရပါသည်။ သို့သော် စာရေးသူ မသွားဖြစ်ပါ။

ဤသို့ဖြင့် "ဆရာတော်ဘုရားကြီး ကျန်းမာ တော်မူပါစေ"ဟူ၍သာ မေတ္တာဘာဝနာဖြစ်ပွားစေလျက် နေ့စဉ်ကိစ္စတို့ကိုလည်း ဆောင်ရွက်လျက် အလုပ်များနေရပါသည်။

တစ်နေ့မှာတော့ ဒကာမကြီးရောက်လာပြီး-

"ဆရာတော်ကြီးရဲ့ မျက်နှာတော်က ပင်ပန်းပုံပေါ်နေတယ်။ အဆုပ်အအေးပတ်တာလောက်တော့ မကဘူးနဲ့ တူပါတယ်ဘုရား။ ဆရာဝန်ကြီးတွေကတော့ သေသေချာချာ ဂရုစိုက်ကြပါတယ်။ ဝင်လိုက်ထွက်လိုက်နဲ့ လူတွေကလဲ များနေတော့ တပည့်တော်လဲ လျှောက်ချင်တာတွေ အကုန်မလျှောက်ပါဘူးဘုရား။ ဆရာတော်ကြီးရဲ့ ကျန်းမာရေးက အရေးကြီးပါတယ်ဘုရား။ ဦးဇင်းလဲ တစ်နေ့လောက်တော့ ဆရာတော်ကြီးဆီ ကြွပါအုံး"ဟု လျှောက်ထားကာ သတင်းပေးပါသည်။

ဤသို့ဖြင့် (၂၉-၃-၂၀၁၀)ရက်စွဲသို့ပင် ရောက်ရှိလာပါသည်။ ဆေးရုံကြီးပေါ်မှာ ဆရာတော်ကြီး အနားယူတော်မူရာရက်စွဲများက (၁)လကြီးများတောင် ကျော်လာနေပြီ။ ဆရာတော်ဘုရားကြီးသည် ကမ္ဘာအေးဝင်းအတွင်းရှိ ရွှေဟင်္သာကျောင်းဆောင်သို့လည်း ပြန်ကြွတော်မမူနိုင်သေး။ မကွေးမြို့ရှိ မဟာဝိသုတာရာမတိုက်သစ်သို့လည်း ပြန်ကြွတော်မမူနိုင်သေး။

စာပိုဒ်အမှတ် (၅)

(၂၉-၃-၂၀၁၀)နေ့ နံနက်(၅)နာရီခန့်တွင် နတ္တလင်းမြို့ဆီသို့ စာရေးသူ ခရီးထွက်ပါသည်။ တည်းခိုရာကျောင်းတိုက်သို့ (၁၁)နာရီလောက်မှာ ရောက်ရှိသည်။ မြို့အဝင်ကနေ စောင့်၍ ကြိုဆိုသူများလည်း ရှိနေကြသည်။ ညနေပိုင်းတွင် ခေမာသီဝံကျောင်းတိုက် သက်တော်(၉၃)နှစ်ရှိ ကျောင်းထိုင်ဆရာတော်ကြီးနှင့် သက်တော်(၈၀)ရှိ တိုက်အုပ်ဆရာတော်ကြီးတို့ထံ သွားရောက်၍ ရှိခိုးကန်တော့ပါသည်။

ကျောင်းထိုင်ဆရာတော်ကြီးက ကန်တော့မှုကို ခံယူတော်မူပြီးလျှင်-

"အရှင်ဘုရားက ဒီကနေ့ည တရားဟောမှာဆိုတော့ အခု တပည့်တော်ကို တရားဟောတော်မူပါအုံး"ဟု မိန့်တော်မူကာ ထိုင်ခုံပေါ်မှ ဆင်းတော်မူ၍ တရားနာယူတော်မူဟန် ပြင်တော်မူပါသည်။ စာရေးသူက (၃)ကြိမ်တိုင်တိုင် ငြင်းဆိုပါသည်။ ဆရာတော်ကြီးက တရားကို ဂါရဝပြုတော်မူ၏။ ပုဂ္ဂိုလ်ကို ဂါရဝပြုသည်မဟုတ်ဟု သေချာစွာသိပါသော်လည်း ဆရတော်ကြီး၏ ဂါရဝပြုနေပုံကို မျက်မြင်ထင်ရှားဖြင့် ဆရာတော်ကြီးရှေ့မှာ စာရေးသူ အနေခက်လှပါသည်။ သို့သော် ငြင်းမရသဖြင့် ဤသို့ ရွတ်ဆိုလိုက်ရပါသည်။

စာရေးသူ။ ။"ယေတေ ဘိက္ခဝေ ဘိက္ခူ
ဗဟုဇနအဟိတာယ ပဋိပန္နာ
ဗဟုဇနအသုခါယ
ဗဟုနောဇနဿ အနတ္ထာယ အဟိတာယ
ဒုက္ခာယ ဒေဝမနုဿာနံ။

ဗဟုဥ္စ တေ ဘိက္ခဝေ ဘိက္ခူ အပုညံ ပသဝန္တိ။
တေစိမံ သဒ္ဓမ္မံ အန္တရ ဓာပေန္တီတိ။
(ဂုင်းမြန်မာပြန် စကားပြေ)-
ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူပါပေသတည်း”။

ဆရာတော်ဘုရားကြီး။ ။သာဓု သာဓု သာဓု။

တစ်ဖန် ဆရာတော်ဘုရားကြီးကလည်း အမာတာပုတ္တိက ဘေးကြီးသုံးပါးကို ပါဠိမြန်မာ နှစ်ဘာသာအပြည့်အစုံ ဟောပြတော်မူကာ ဆက်လက်၍-

“တပည့်တော်တို့က အသက်ကြီးပြီ။ ဇရာဘေးကြီးက ရောက်လာနေပြီ။ ဟို ငယ်ငယ်တုန်းကတော့ ဆဋ္ဌသင်္ဂါယနာကိစ္စတွေမှာ ကမ္ဘာအေးသွားပြီး ဆောင်ရွက်ခဲ့ရပါတယ်။ ဆရတော်ကြီးတွေရဲ့ ခိုင်းစေသမျှပေါ့ စာအုပ်ယူပေးရတာ၊ စာမှတ်ပေးရတာ၊ ထွေးခံသိမ်းရတာ ဒီလိုမျိုးပါ။ တတ်နိုင်သမျှ လုပ်ခဲ့ပါတယ်။

အဓမ္မဝါဒကိစ္စတွေလဲ တားဆီးနိုင်အောင် ဆောင်ရွက်ခဲ့တာပေါ့။ ခုတော့ အဲလိုသာသနာပြုလုပ်ငန်းတွေကို မတတ်နိုင်တော့ပါဘူး။ အရှင်ဘုရားတို့ ကြိုးစားတော်မူကြပါ။ ယခု ကြားရသိရတာ အရှင်ဘုရားတို့ ဆောင်ရွက်နေတာတွေကို သာဓုခေါ်ပါတယ်” စသည်ဖြင့် ဩဝါဒကထာကိုပါ ချီးမြှင့်တော်မူပါသည်။

ထိုကျောင်းမှ ပြန်လာပြီးလျှင် ကန်ဦးကျောင်းသို့ဝင်ရောက်၍ နတ္တလင်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(အဖွဲ့ခွဲ-၃)၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်တို့ကိုလည်း ရှိခိုးကန်တော့ပါသည်။ ထိုကျောင်းမှပြန်လာပြီး တည်းခိုရာကျောင်းသို့ဝင်၍ သက်န်းပြင်ရုံပြီးလျှင် တရားပွဲကျင်းပရာ သကျမဟာမုနိစေတီတော်မြတ်ကြီး ရင်ပြင်တော်ဓမ္မာသနပလ္လင်ရှိရာသို့ ကြွရောက်၍ “ဓမ္မနဲ့ဝိနယ”တရားတော်ကို (၂)နာရီကျော်ကျော် ဟောကြားပါသည်။

စာပိုဒ်အမှတ် (၆)

(၂၉-၃-၂၀၁၀)ည (၈)နာရီကျော်တွင် နတ္တလင်းမြို့ တရားပွဲ၌ ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးများကို အကြိမ်ကြိမ် ချီးကျူးပူဇော်ပါသည်။ ဤသို့ တရားဟောနေစဉ်အတွင်း စာရေးသူ၏စိတ်ထဲမှာ ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိနေတော်မူဆဲဟုပင် သိမြင်နေပါသည်။

(အမှန်ကတော့ ဆရာတော်ဘုရားကြီးက ဂုင်းနေ့ နေ့လည်ပိုင်း (၁း၄၅)အချိန်မှာကတည်းက ပျံလွန်တော်မူခဲ့ပြီး ဖြစ်ပါသည်။)

နောက်နေ့ (၃၀-၃-၂၀၁၀) နံနက်(၈)နာရီတွင် နတ္တလင်းမှ ရန်ကုန်သို့ပြန်လာရာ နေ့လည်ပိုင်း (၁၂း၃၀)ခန့်တွင် စာရေးသူသီတင်းသုံးရာ စာသင်တိုက်သို့ ပြန်လည်ရောက်ရှိပါသည်။ နေပူနေ၍ ကျောင်းကြီးအောက်ထပ်မှာပင် နားနေရန် ရည်စူးလိုက်ပါသည်။

ထိုစဉ်မှာပင်-

“ဦးဇင်း မကွေးဆရာတော်ကြီး ပျံလွန်တော်မူတာ သိပြီးပြီလား”ဟု မေးလျှောက်ခံလိုက်ရပါသည်။

“မသိသေးဘူး။ သတင်းစာ ရှာပေးစမ်းပါ” ဟုဆိုကာ သံဃာစင်ဘက်သို့ ဆက်လျှောက်လာမိပါသည်။ သံဃာစင်ပေါ်တွင် လွယ်အိပ်ကလေးကို ပစ်ချပြီး အနားယူလိုက်ပါသည်။ မကြာခင်မှာ သတင်းစာလည်း ရောက်လာပါသည်။

“ဩော် ဆရာတော်ကြီး ပျံလွန်တော်မူသွားပြီ။ ဆရာတော်ကြီး ပျံလွန်တော်မူသွားပြီ”။

ဤသို့ ယောင်ယမ်းမြည်တမ်းမိပြီး “ဆရာတော်ကြီး ဈာပနမှာ ဘယ်လိုပူဇော်ရမလဲ”ဟု စဉ်းစား၍ အဖြေရှာ ကြည့်လိုက်ပါသည်။

အဓမ္မဝါဒ ဖော်ထုတ်တားဆီးဖယ်ရှားရေး တရားခွေများကို မြင်ယောင်မိပါသည်။ တစ်ဖန် စာမူခွင့်ပြုချက် ရရှိထားပြီးစ “ပစ္စုပ္ပန်ကမ္ဘဝါဒ ဘာလဲ ဘယ်လဲ”စာအုပ်ကိုလည်း မြင်ယောင်မိပါသည်။ တစ်ခါတည်းပင် ဆုံးဖြတ်ချက်ချမှတ်ပြီး ဦးကဥ္စနထံ ဖုန်းဆက်၍ လျှောက်ထားလိုက်ပါသည်။

“ဈာပနပူဇော်ပွဲ ကျင်းပမယ့်ရက် ပင့်သံဃာစာရင်း(ခန့်မှန်း)တို့ကို မေးလျှောက်ကာ အဲဒီအတွက် အဓမ္မဝါဒ ဖော်ထုတ်တားဆီးဖယ်ရှားရေး တရားခွေများနှင့် ပစ္စုပ္ပန်ကမ္ဘဝါဒ ဘာလဲ ဘယ်လဲစာအုပ်တို့ကို လှူဒါန်းလိုပါကြောင်း လှူဒါန်းခွင့်ပြုတော်မူပါရန် ဈာပနကျင်းပရေးကော်မတီများထံ ခွင့်ပန်ပါကြောင်း ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတို့ကို

ပူဇော်သည့်အနေနှင့်ရော သာသနာတော်တစ်ရပ်လုံးအတွက်ပါ အကျိုးသက်ရောက်နိုင်သည့် အလှူမျိုးဟု မှတ်ယူတော်မူကြပါရန် လျှောက်ထားပါကြောင်း”။

၁။ အဓမ္မဝါဒ ဖော်ထုတ်တားဆီးဖယ်ရှားရေး တရားခွေများ(MP3) - ၁၆၀၀
၂။ ပစ္စုပ္ပန်ကမ္မဝါဒ ဘာလဲ ဘယ်လဲ - ၁၅၀၀
၃။ ပလပ်စတစ်အိပ် - ၁၅၀၀
၄။ ကောင်းမှုရှင် စာရွက်ပိုင်း(ကဒ်)ကလေး - ၁၅၀၀

တို့ကို ကားဖြင့် ပို့ရောက်စေ၍ လှူဒါန်းပူဇော်ပါသည်။ ကောင်းမှုရှင် စာရွက်ပိုင်းကလေးပေါ်တွင် ဤသို့ ဖော်ပြလိုက်ပါသည်။

မကွေးမြို့ မဟာဝိသုတာရာမကျောင်းတိုက်
ဆရာတော်ဘုရားကြီး၏ အန္တိမစျာပနပူဇာ
(၁၂-၀၄-၂၀၁၀)

---------------------------------

အဓမ္မဝါဒ
ဖော်ထုတ်တားဆီးဖယ်ရှားရေးဆောင်ရွက်သူများ၏
ကောင်းမှု

နတ္တလင်းမြို့ တရားပွဲအတွင်းမှာ ချီးကျူးပူဇော်မှုများနှင့် စျာပနပွဲအတွက် လှူဒါန်းပူဇော်မှုများအားလုံးကို ဆရာတော်ဘုရားကြီး ဘဝသစ်ရှိသေးလျှင် သုဂတိဘဝသစ်ဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်နိုင်ပါစေသော်။

စာပိုဒ်အမှတ် (၇) ထေရုပ္ပတ္တိအကျဉ်း

**ဖွားတော်မူခြင်း**

ဆရတော်လောင်းလျာသည် မကွေးတိုင်း၊ မင်းဘူးခရိုင်၊ စကုမြို့နယ်၊ လေးအိမ်တန်းကျေးရွာ ခမည်းတော် ဦးထွန်းကြွယ်၊ မယ်တော် ဒေါ်ပိုးမျှင်တို့မှ ၁၂၈၄ ခုနှစ်၊ တန်ဆောင်းမုန်းလဆန်း (၄)ရက်၊ တနင်္လာနေ့ ညဥ့်(၈)နာရီ အချိန်တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၂၉၇ ခုနှစ်၊ တပို့တွဲလ၌ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ကျွန်းကလေးကျောင်း ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၄ ခုနှစ် နယုန်လပြည့်ကျော်(၆)ရက်၊ ဗုဒ္ဓဟူးနေ့ နံနက်(၈)နာရီ မိနစ်(၃၀)အချိန်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ စကုမြို့နယ်၊ ဆင်ခေါင်းရွာ ကြို့ယွန်းကျောင်းဆရာတော် အရှင်ရာဇိန္ဒမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မန်းချောင်းခေါ် နမ္မဒါမြစ် ဥဒကုက္ခေပသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် (၆)နှစ်သားအရွယ်တွင် ကလေးကျောင်းဆရာတော် ဦးဝေပုလ္လ၊ ဦးစန္ဒာဝရ၊ ဦးရေဝတ တို့ထံတွင် သူငယ်တို့၏ သင်ရိုးပညာရပ်များကို သင်ယူ၍ (၁၂)နှစ်သားအရွယ် ရှင်သာမဏေပြုပြီးနောက် ပုဒ်စစ်၊ သုတ်စစ်နှင့်တကွ ကစ္စည်းသဒ္ဒါကြီးကို (၃)ခေါက်သင်ယူခဲ့ပါသည်။

(၁၆)နှစ်သားအရွယ်တွင် ရေစကြိုမြို့၊ အောင်မြေ သာယာကျောင်းတိုက်သို့ ကြွရောက်၍ စာချဆရာတော် အရှင်သူရိယ၊ အရှင်အာစာရ၊ အရှင်သီလဝန္တတို့ထံ၌ သဒ္ဒါ၊ သင်္ဂဟ၊ ဋီကာကျော်၊ ရူပသိဒ္ဓိ၊ အဘိဓမ္မာညဝါ စသော ပိဋကတ်အခြေခံ ကျမ်းဂန်များကို သင်ကြားဆည်းပူးတော်မူခဲ့ပါသည်။

၁၃၁၀ ပြည့်နှစ် တပေါင်းလတွင် မကွေးမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် အရှင်နာရဒ၊ အရှင်ပဒုမာဘိဝံသ၊ အရှင်ဝါယမ၊ အရှင်ဝိသောဘဏတို့ထံ၌ နိကာယ်ငါးရပ်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့ကို သင်ကြားဆည်းပူး

တော်မူခဲ့ပါသည်။

၁၃၁၂ ခုနှစ်တွင် မန္တလေးမြို့ မစိုးရိမ်ဆရာတော် အရှင်သူရိယာဘိဝံသ၊ မဟာဝေယံဘုံသာတိုက် အရှင်ကလျာဏ၊ ဘုရားကြီးတိုက် အရှင်နာရဒ၊ အရှင်ဥက္ကံသတို့ထံ၌ အထက်တန်းပိဋကတ်ကျမ်းစာများကို သင်ကြား ဆည်းပူးတော်မူခဲ့၍ ၁၃၁၄ ခု နယုန်လတွင် ကျင်းပသော စာချတန်းစာမေးပွဲ၌ ကျမ်းကိုးကျမ်းစလုံးကို နှစ်ချင်းပေါက် အောင်မြင်တော်မူသောကြောင့် သာသနဓဇသိရီပဝရ ဓမ္မာစရိယ သိရောမဏိ ဘွဲ့တံဆိပ် ရရှိတော်မူခဲ့ပါသည်။

## စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၁၄ ခုနှစ်၊ နတ်တော်လ၌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော်ကြီးများက ဆရာတော်အား ဂဏဝါစက စာချအဖြစ် ချီးမြှောက်တော်မူကြ၍ စာသင်သား ရှင်ရဟန်းတို့အား ငယ် လတ် ကြီး ဓမ္မာစရိယတန်း စာဝါများနှင့် နိကာယ်ငါးရပ်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်များကို ပို့ချတော်မူခဲ့ပါသည်။

လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယ ထေရဝါဒစွယ်စုံကျမ်းကြီးကို ပြုစုရာ၌ အခန်းပေါင်းများစွာ ရေးသားတော်မူခဲ့ပါသည်။ ထို့ပြင် ဥပသကာဂုဏ် သိဝယ်စုံတရားတော်၊ ယမိုက်ညဝါချနည်းနိဿရည်း(ခေါ်) ယမကအလင်းပြကျမ်းတို့ကိုလည်း ရေးသားပြုစုခဲ့ပါသည်။

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာမဟာဓမ္မသဘင်၌ ပါဠိဝိသောဓက ဓမ္မသင်္ဂဏီပါဠိဘာဏက သင်္ဂီတိ ကာရက အဖြစ်လည်းကောင်း၊ မြသလွန်စေတီယဘဏ္ဍာဂါရိကအဖွဲ့၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ ပခုက္ကူ ဂဏဝါစက နိကာယကြီး၏ ဂဏအနုဝိနာယက၊ သမ္မုတိဂဏမဟာဝိနာယကအဖြစ်လည်းကောင်း၊ ပထမအကြိမ်မှစ၍ ဆဋ္ဌအကြိမ်အထိ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်နှင့် နိုင်ငံတော် သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင်၊ အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ပြီး -

၂၀၀၅ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ် သာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။

## ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်ပြီး လဇ္ဇီပေသလ သိက္ခာကာမ စသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်ဘုရားကြီးအား နိုင်ငံတော်အစိုးရက-

၁၃၅၈ ခုနှစ်၊ ၁၉၉၇ ခုနှစ်တွင် **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက** ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၁၃၅၉ ခုနှစ်၊ ၁၉၉၈ ခုနှစ်တွင် **အဘိဓဇမဟာရဋ္ဌဂုရု** ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့ပါသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါအရ ၁၃၇၁ ခုနှစ်၊ တန်ခူးလဆန်း(၁၅)ရက်၊ ၂၀၁၀ ခုနှစ်၊ မတ်လ(၂၉)ရက်၊ တနင်္လာနေ့ မွန်းလွဲ(၁း၄၅)မိနစ် အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို ၃၀-၃-၂၀၁၀ ရက်နေ့ နံနက်(၁၁း၅၀)အချိန်တွင် ရန်ကုန်မြို့မှ မကွေးမြို့သို့ အထူးလေယာဉ်ဖြင့် ပင့်ဆောင်၍ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ကျောင်းတိုက်၊ သိမ်တော်ကြီးအောက်ထပ်၌ အပူဇော်ခံထားရှိမည်ဖြစ်ပြီး ၁၁-၄-၂၀၁၀ ရက်နေ့တွင် စံကျောင်းချအခမ်းအနားနှင့် ၁၂-၄-၂၀၁၀ ရက်နေ့တွင် အန္တိမဈာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

မှတ်တမ်းပြုတင်ပြသူ<br>
အဓမ္မဝါဒဖော်ထုတ်တားဆီးဖယ်ရှားရေးအကျိုးဆောင်များ<br>
(ကိုယ်စား)<br>
အရှင်ကုန္ဒာစရိယာဘိဝံသ<br>
နယုန်လဆန်း(၁၄)ရက်၊ ၂၆-၅-၂၀၁၀။

ထေရဝါဒဗုဒ္ဓဘာသာနှင့်စင်ပြိုင်ဘာသာပြု၍
ထေရဝါဒဗုဒ္ဓဘာသာကိုဖြိုချဖျက်ဆီးနေသော

# ပစ္စုပ္ပန်ကမ္ဘာ့ဝါဒဗုဒ္ဓဘာသာ,အမည်ခံ

## အဓမ္မဝါဒီ-အဝိနယဝါဒီ-သာသနပစ္စတ္ထိကဝါဒီတို့၏
## အဓမ္မဝါဒ-အဝိနယဝါဒ-သာသနပစ္စတ္ထိကဝါဒတို့ကို

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးထံတော်သို့

သာသနတ္ထိကဝါဒ (သို့မဟုတ်) သာသနပစ္စတ္ထိကဝါဒ
တိကျထင်ရှား ပြတ်သားစိမ့်သောငှါ

စောဒနာမှု (၂၆၃)ခုတို့ဖြင့်
ပြုစုရှင်းလင်း တင်သွင်းအပ်သော

# သနိဒါနမဟာစောဒနာ

## “နိဒါန်းကြီးနှင့်တကွဖြစ်ကုန်သောစွဲဆိုချက်ကြီးများ”

(ဤစာပေများသည် ရုံးတင်စာများ ဖြစ်ကြပါသော်လည်း
၁-၆-၂၀၀၉ မှ ၈-၆-၂၀၀၉ ထိ ပြင်ဆင်ပေးအပ်ရာတွင်
သက်ဆိုင်ရာရုံးဝင်အဖြစ်မှ ပြန်လည်ထုတ်နုတ်ထားသည့်စာပေများ
ဖြစ်ကြပါသည်။ ထို့ကြောင့် ဖေါ်ပြလိုက်ခြင်း ဖြစ်ပါသည်။)

**သာသနာနှစ်-၂၅၅၂, ကောဇာနှစ်-၁၃၇၀, ခရာဇ်နှစ်-၂၀၀၈**

# စောဒနာတို့၏နိဒါန်းကြီး

မာတိကာ


၁။ ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာတို့၏သဘောထား(၁) ၄
၁။ စောဒကတို့၏ရှင်းချက်(၁) ၄
၂။ ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာတို့၏သဘောထား(၂) ၄
၂။ စောဒကတို့၏ရှင်းချက်(၂) ၄
၃။ ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာတို့၏သဘောထား(၃) ၅
၃။ စောဒကတို့၏ရှင်းချက်(၃) ၅
၄။ ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာတို့၏သဘောထား(၄) ၅
၄။ စောဒကတို့၏ရှင်းချက်(၄) ၆
၅။ ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာတို့၏သဘောထား(၅) ၆
၅။ စောဒကတို့၏ရှင်းချက်(၅) ၇
၆။ ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာတို့၏သဘောထား(၆) ၇
၆။ စောဒကတို့၏ရှင်းချက်(၆) ၇
၇။ ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာတို့၏သဘောထား(၇) ၈
၇။ စောဒကတို့၏ရှင်းချက်(၇) ၈
၈။ ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာတို့၏သဘောထား(၈) ၈
၈။ စောဒကတို့၏ရှင်းချက်(၈) ၉
၉။ **ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာတို့၏သဘောထား(၉)** **၉**
၉။ စောဒကတို့၏ရှင်းချက်(၉) ၉
၁၀။ ဘာသာခြားတို့၏သာသနာကိုဖျက်ဆီးမှုကြောင့်အပြစ်ရောက်ပုံများ ၉
(က) လီဟုန်ကြည်-အပြစ်ခံရပုံ ၉
(ခ) ဇောတိဂိုဏ်းသားတို့-အပြစ်ခံရပုံ ၁၀
(ဂ) ဝဇီရာယာနဂိုဏ်းသားအရည်းကြီးများ-နှိပ်ကွပ်ခံရပုံ ၁၁
(ဃ) ဝဇ္ဇီပုတ္တကရဟန်းများနှင့်မူလဝါဒယူထားသူတိတ္ထိယရဟန်းများ-အရေးယူခံရပုံ ၁၁
မဟာယာနဗုဒ္ဓဘာသာဂိုဏ်းကြီးစတင်ဖြစ်ပေါ်လာပုံ ၁၁
(င) မဟာယာနအန္ဒယ်ဝင်ပွဲကျောင်းဂိုဏ်းကြီး-အရေးယူခံရပုံ ၁၂
၁၁။ သုဓမ္မာမှဆုံးဖြတ်ချက်များ ၁၃
၁၂။ **မြန်မာနိုင်ငံအစိုးရပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၏ အတည်ပြုပြဋ္ဌာန်းချက် (က)(ခ)(ဂ)** **၁၃**
၁၃။ **သာရဏီယသြဝါဒကထာထဲမှကောက်နုတ်ချက်တစ်ချို့ကိုဖော်ပြရလျှင်** **၁၄**
၁၄။ **သာသနာရေးရာလျှောက်ထားလွှာထဲမှကောက်နုတ်ချက်တစ်ချို့ကိုဖော်ပြရလျှင်** **၁၅**
၁၅။ ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာတို့၏သဘောထား(၁၀) ၁၆
၁၅။ စောဒကတို့၏ရှင်းချက်(၁၀) ၁၆
၁၆။ ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာတို့၏သဘောထား(၁၁) ၁၆
၁၆။ စောဒကတို့၏ရှင်းချက်(၁၁) ၁၇
၁၇။ ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာတို့၏သဘောထား(၁၂) ၁၇

၁၇။ စောဒကတို့၏ရှင်းချက်(၁၂) ၁၇
၁၈။ စောဒနာတို့၏အစဦးဖြစ်စဉ်များ ၁၇
၁၉။ ဥပဒေပညာရှင်များကအကြံပေးကြသည်မှာ ၁၈
၂၀။ စောဒနာများရေးသားနေကြစဉ် ၁၉
၂၁။ စုဒိတကဖြစ်ထိုက်သူများ ၂၁
၂၂။ စောဒနာလွှာတတိယပိုင်းကိုရေးသားကြစဉ် ၂၂
၂၃။ စောဒနာလွှာများကိုတင်ပြရေးအစီအစဉ် ၂၄
၂၄။ ဘာသာရေးခေါင်းဆောင်သာသနာရေးခေါင်းဆောင်တို့၏အဓိကကျသည့်ဝတ္တရားများ ၂၅
၂၅။ အငိုက်မိလျှင်ခံရမည် ၂၆
၂၆။ စင်ပြိုင်သာသနာအမည်ခံတို့၏စစ်ဗျူဟာ (က)(ခ) ၂၆
၂၇။ စုဒိတကပုဂ္ဂိုလ်များ(၇၆)ဦး ၂၈
၂၈။ ပြစ်မှုရောက်နိုင်ပုံများ ၃၅
၉။ (က)ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာတို့၏လွန်ကျူးမှုများ နမူနာ(၈)ချက် ၃၆
၃၀။ (ခ)ပစ္စုပ္ပန်ကမ္မဝါဒသမားတို့ကထေရဝါဒဗုဒ္ဓဘာသာတို့အပေါ်၌
ထားရှိကြသောသဘောထားများနှင့်ပတ်သက်၍ ၅၀
၃၁။ စောဒနာဝင်စာအုပ်များနှင့်စောဒနာစာမူများ (၁း၁။ ၁း၁။ ၂း၁။ ၂း၂။ ၃း၁။ ၃း၂။) ၈၂
၃၂။ စီဒီခွေထဲမှစာအုပ်များနှင့်အင်တနက်ဆွေးနွေးချက်များ၊ အခြားစာအုပ်များ၊ ဟောတရားများ ၈၆
၃၃။ နိဒါန်းအတွင်းအရေးကြီးစာအုပ်များမှာ ၈၉
၃၄။ သတ်ပုံမှားနှင့်စာမှားများအတွက်ဝန်ခံချက် ၈၉
၃၅။ **ဝိနိစ္ဆယအကျိုးငှါစောဒနာလွှာများကိုအပ်နှင်းကြစဉ်** **၉၀**
၃၆။ ဖွတ်မှမိကျောင်းသို့(၂၅)နှစ်ဖြစ်စဉ် ၉၁
၃၇။ ဖွတ်မှမိကျောင်းသို့(၂၅)နှစ်ဖြစ်စဉ်(၂) ၉၆
၃၈။ ဆူးလေဦးမြင့်သိန်းဦးဆောင်ခဲ့သည့်
ထေရဝါဒအမည်ခံအဓမ္မဝါဒကြီးပြန်လည်ကြီးထွားနေပုံ ၉၉
၃၉။ ဦးကျော်ဟိန်း၏ဖြစ်လာတော့မည့်အဓမ္မဝါဒကြီးစတင်ကြီးထွားနေပုံ ၁၀၁
၄၀။ (၁၈)လအတွင်းအတွေ့အကြုံများနှင့်ရှင်းလင်းချက်များ ၁၀၅
၄၁။ စောဒနာ(၂၆၃)ခု အကျဉ်းချုပ်အညွှန်း ၁၀၇
၄၂။ အကြံပြုချက်အကျဉ်း ၁၀၈
၄၃။ **စုဒိတကပုဂ္ဂိုလ်များအဆက်(၄၃၁)ဦး** ၁၀၉
၄၄။ စောဒကဆရာတော်တို့၏သဘောတူလက်မှတ်နှင့်ကျောင်းတိုက်ဌာနများ ၁၃၁
၄၅။ ရေးသားပြုစုပြီးဖြစ်နေကြကုန်သောစောဒနာလွှာတို့ကိုဖွင့်လှစ်ကြစဉ်(ကဗျာ) ၁၃၂

## စောဒနာတင်သည့်ရက်စွဲ

**၁၃၇၀-ခုနှစ်၊ . . . . . လွှ . . ၊ . . . ရက်၊ . . . . . . နေ့။**

# စောဒနာတို့၏နိဒါန်းကြီး

ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာ သဘောတရားဆိုင်ရာ ကျမ်းစာတို့ထဲမှာ ပါရှိနေကြသည့် အမှားများကို ဖေါ်ထုတ်တင်ပြလျက် စောဒနာလွှာများကို ရေးသားကြမည် ဖြစ်ပါသောကြောင့် ရှေးဦးစွာ-
ယင်းဘာသာ၏အခြေခံသဘောတရားအချုပ်တို့ကိုလည်းကောင်း၊
အကြီးကျယ်ဆုံးဖြစ်သောအမှားတို့ကိုလည်းကောင်း၊
ထေရဝါဒဗုဒ္ဓဘာသာအပေါ်တွင် ယင်းဝါဒီတို့၏သဘောထားတို့ကိုလည်းကောင်း ဖေါ်ပြသင့်သည်-
ဟူ၍ ယူဆမိကြပါသည်။

ထို့ကြောင့် အဆိုပါ အကြောင်းအချက်များကို စောဒနာတို့၏နိဒါန်းကြီးအနေဖြင့် ကောက်နှုတ်တင်ပြအပ်ပါသည်။

## ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာတို့၏သဘောထား

၁။ ထေရဝါဒနဲ့မဟာယာနတို့သည် တစ်ဂိုဏ်းနဲ့တစ်ဂိုဏ်း ကွဲပြားကြသော်လည်း ထိုနှစ်ဂိုဏ်းသည် ရှေ့ဘဝ နောက်ဘဝခံယူမှု တူညီကြသည်။ ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာသည် ဤခံယူမှု၌ ဤဂိုဏ်းများနဲ့ မတူသောကြောင့် ဝိသေသဗုဒ္ဓဘာသာ ဖြစ်လေသည်။

**(မိုးပြာကျောင်းမှပေးစာများ-နှာ-၃၇၄။)**

## စောဒကတို့၏ရှင်းချက်

အထက်ပါအမှတ်(၁။)စာ၏ ဆိုလိုရင်းကား ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာများသည် ရှေ့ဘဝဟူ၍ ရှိခဲ့ဖူးပြီ ဖြစ်ကြောင်းကို လုံးဝလက်မခံသူများ ဖြစ်ကြသည်။ ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာများသည် နောက်ဘဝဟူ၍ ရှိလတ္တံ့ ဖြစ်ကြောင်းကိုလည်း လုံးဝလက်မခံသူများ ဖြစ်ကြသည်။ ထေရဝါဒီများနှင့် မဟာယာနဝါဒီများသည်ကား ရှေ့ဘဝ ဟူ၍ ရှိခဲ့ဖူးပြီဖြစ်ကြောင်းကို လုံးဝလက်ခံသူများ ဖြစ်ကြသည်။ နောက်ဘဝဟူ၍ရှိလတ္တံ့ဖြစ်ကြောင်းကိုလည်း လုံးဝလက်ခံသူများ ဖြစ်ကြသည်။

## ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာတို့၏သဘောထား

၂။ ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာသည် အားလုံးနှင့်မတူသော,ဗုဒ္ဓဘာသာမဟုတ်သူတို့နှင့်လည်းမတူသော နောက်ဆုံးပေါ်ဗုဒ္ဓဘာသာ ဖြစ်သည်။ ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာသည် မြန်မာ့ထေရဝါဒဗုဒ္ဓဘာသာအတွင်း၌ ဆယ့်ငါးနှစ်မျှ သန္ဓေတည်ခဲ့ပြီး **"၁၉၈၃-ခု၊ ၂-လ၊ ၁၀-ရက်၊ ည ၁၀-နာရီ"**ကမှ ထေရဝါဒဗုဒ္ဓဘာသာကို စွန့်ခွါပေါ်ပေါက်လာသောဘာသာ ဖြစ်သည်။ **ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာသည် မိမိစွန့်ခွါရာဖြစ်သော ထေရဝါဒဗုဒ္ဓဘာသာနှင့် ဓမ္မ+ဝိနယ နှစ်ပါးအနက်မှ ဓမ္မ၌သာ မတူ-ကွဲပြားခြားနားပြီး ဝိနယ၌ကား မတူ-ကွဲပြားခြားနားသည်ဟု ဆိုဖွယ်မရှိ။**

ဤသို့ဖြစ်သော်လည်း ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာများသည် "ဝိနည်းပညတ်ခွင့်အာဏာကို သံဃာအား ဘုရားအပ်နှံခဲ့သည်"ဟုခံယူမှု၌ ကွဲပြားမည် ဖြစ်သည်။ ပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓဘာသာများသည် အခြားဗုဒ္ဓဘာသာများနှင့် တရားဓမ္မအရာတို့၌ ဖြောင့်ဖြောင့်ဖီလာ-ဆန့်ကျင်ခြားနားကြသည်။

ခြားနားချက်၏မူလမှာ ဘုရားဟောအဗျာကထနတရားတို့၌ အလေးအနက်ထားမှု-မထားမှုများမျှ ဖြစ်လေသည်။ အဗျာကထနဓမ္မတို့၌ အလေးထားမှု-မထားမှုကို ပေါ်လွင်အောင်ပြရပါမည်။ ဤ၌ အဗျာကထန ဓမ္မဗုဒ္ဓဒေသနာဟူသည်မှာ ဘုရားမဟောသောတရားများကိုညွှန်ပြချက် ဖြစ်သည်။ **ဘုရားမဟော**ဟု ဘုရားက ညွှန်ပြခံရသော တရားတို့မှာ အရေအတွက်အားဖြင့် ဆယ်ပါး ရှိပါသည်။

**(မိုးပြာကျောင်းမှပေးစာများ-နှာ-၃၇၅-၃၇၆။)**

## စောဒကတို့၏ရှင်းချက်

အထက်ပါ အမှတ်(၂။)စာ၏ ဆိုလိုရင်းကား ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာများသည် ထေရဝါဒီများနှင့်လည်း မတူကြချေ။ မဟာယာနဝါဒီများနှင့်လည်း မတူကြချေ။ ခရစ်ယာန်ဘာသာဝင်များနှင့်လည်း မတူကြချေ။ အခြားသော ဘာသာဝင်များနှင့်လည်း မတူကြချေ။ **ထေရဝါဒီတို့နှင့် မတူဟုဆိုရာတွင် ဓမ္မမတူခြင်းမျှသာ ဖြစ်ကြသည်။ ဝိနယများကမူ တူကြသေးသည်**ဟု ဆိုထားကြသည်။

ထေရဝါဒီတို့က ဝိနည်းကို မြတ်ဗုဒ္ဓကသာလျှင် ပညတ်နိုင်သည်ဟု ယူကြသည်။ ပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓဘာသာများကမူ ဝိနည်းကို သံဃာတို့က ပညတ်နိုင်ကြသည်ဟု ယူကြသည်။

ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာများသည် အဗျာကထနတရားဆယ်ပါးတို့၌သာလျှင် အလေးထားကြသည်။ ထေရဝါဒီတို့သည်ကား ပိဋကသုံးပုံလုံးကို အလေးထားကြသည်။

ပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓဘာသာများသည် ဗုဒ္ဓမြတ်စွာက မဟောအပ်သော အရာကြီးဆယ်ခုတို့ကို လက်စွဲပြုလျက် ဗုဒ္ဓဘာသာအဖြစ် တည်ထောင်ထားသူများ ဖြစ်ကြသည်။ အံ့ဖွယ်ရှိကြပါပေစွ။

**မြတ်ဗုဒ္ဓက မဟောသည်တို့ကို ယူစွဲလျက် ဗုဒ္ဓဘာသာဟု ကြေညာဝံ့ကြပေသည်တကား**။ အမှန်မှာ မြတ်ဗုဒ္ဓက မဟောအပ်သောအရာတို့ဖြင့် မြတ်ဗုဒ္ဓ၏ဘာသာဟူ၍ မဖြစ်နိုင်ရာပေ။ ထို့ကြောင့် ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာများသည် မြတ်ဗုဒ္ဓ၏မူရင်းဖြစ်သောဘာသာတရားကြီးကို တိုက်ခိုက်ရန် ဖြိုဖျက်ရန် သေချာစီမံထားအပ်သောအယူရှိသူများသာလျှင် ဖြစ်ကြသည်။

ဤအမှတ်(၂။)ပါ စာအရဖြစ်သော ကြေညာချက် ခံယူချက်ဖြင့် -

"ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာများသည် သုတ္တန်ပိဋကတစ်ခုလုံးနှင့် အဘိဓမ္မာပိဋကတစ်ခုလုံးကို အဋ္ဌကထာဋီကာများပါ မကျန်အောင် ပယ်ကြလေသည်။ အဗျာကထနခေါ် ဆိုရသော တရားစုများ ပါရှိသည့် သုတ်ကလေးများသာ ကျန်ရှိကြပါတော့သည်"

ဟူသော အဓိပ္ပါယ်တို့ကို သိအောင်ဖေါ်ပြထားကြသည်။

ဝိနည်းပိဋကတစ်ခုလုံးကိုတော့ ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာများက လက်ခံထားကြသေးသည်-ဟု အဓိပ္ပါယ်ကျန် ပါရှိနေကြောင်း တွေ့ကြရမည် ဖြစ်သည်။ သို့သော်"ဝိနယကို သံဃာက ပညတ်နိုင်သည်"ဟူသော စကားအရဖြင့်ပင် ဝိနယပိဋကကိုလည်း လုံးဝလက်မခံသူများသာဖြစ်ကြောင်း ထင်ရှားလှပြီး ဖြစ်ကြပါသည်။

## ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာတို့၏သဘောထား

၃။ ဗုဒ္ဓဘာသာလောကမှာ တရားအားထုတ်ကြမည့်သူတွေနဲ့ တရားအားထုတ်ကြသူတွေရော အများအပြား ရှိနေကြတယ်။ ကိုယ်တိုင်ဝိနယကို အပြည့်ကျင့်နေသူတွေလည်း အများအပြားပဲ ရှိတယ်။ ပြီးတော့လည်း တရားအားထုတ်ပြီးကြပြီ-ဆိုသူတွေရော တရားပြရာစခန်းတွေရော အများအပြားပဲ ရှိနေတယ်။

သည်သာသနာမှာ ပရိယတ္တိစာသင်တိုက်ဆိုပြီး ဘုရားဟောထားခဲ့တာတွေနဲ့ အဋ္ဌကထာဋီကာ ဆိုတာတွေရော နားလည်နိုင်ဖို့ ဆိုပြီး သဒ္ဒါ-အလင်္ကာ-အစရှိတာတွေပါ သင်ကြားပေးနေသူနဲ့ သင်ကြားဆည်းပူးနေသူတွေလည်း အများအပြားပဲ ရှိနေတယ်။

သာသနာ့လုပ်ငန်းဆိုပြီး လုပ်နေကြတာပဲဘုရား။

အဲဒါတွေက သာသနာ့လုပ်ငန်း မဟုတ်လို့လား။

အင်း။ အဲဒါတွေဟာ သာသနာ့လုပ်ငန်း မဟုတ်ကြဘူး။

**(သဒ္ဓမ္မသုံးဖြာ၊ နှာ၊ ပထမတွဲ၊ ၃၆။)**

## စောဒကတို့၏ရှင်းချက်

အထက်ပါအမှတ်(၃။)ပါ စာစုဖြင့်-

ထေရဝါဒီတို့၏ ပရိယတ္တိ-ဆိုင်သမျှတို့ကိုလည်းကောင်း၊

ပဋိပတ္တိ -ဆိုင်သမျှတို့ကိုလည်းကောင်း လုံးဝပယ်ချချက်များဖြစ်ကြောင်း အထူးရှင်းပြနေဖွယ်ပင် မရှိပါပြီ။ အထူးမှာ ဝိနယ၌ သဘောထားမှု မကွဲပြားဟုဆိုခဲ့သောစကားနှင့် ပြန်စပ်ကြည့်ရန်ပင် ဖြစ်ပါသည်။ ပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓဘာသာတို့သည် ဝိနယကိုလည်း လုံးဝပင်လက်မခံသူများ ဖြစ်ကြသည်။

## ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာတို့၏သဘောထား

၄။ ဝိနည်းကျင့်ရတာဟာ ဘုန်းကြီးအဖြစ်က အလျှော့ခံ-မထိအောင်ဆိုတာ ထင်ရှားပါပြီ။ ဒါအတွက်ပဲ ဝိနည်းကို ကျင့်ရတာလားဘုရား။ ဒါကို သိရတော့ ဝိနည်းသီလရဲ့အခန်းကဏ္ဍက အကျယ်ကြီးအနက်ကြီး မဟုတ်ဘူးပဲဘုရား။

အေးပေ့ါ။ ဝိနည်းသီလဟာ ပရိယတ် ပဋိပတ် ပဋိဝေဓဆိုတဲ့ သာသနာသုံးရပ်နဲ့ မစပ်ဆိုင်ကြောင်း ပြောခဲ့တာပေ့ါ။

ဘယ်ဘုန်းကြီးက ဝိနည်းကို သိပ်လေးစားတာ။ ဘယ်ကျောင်းက ဘယ်ဂိုဏ်းက ဝိနည်းနဲ့အညီ နေတာဆိုတာမျိုး၊ ဝိနည်းသီလနဲ့ ကိုယ့်ကိုယ် ကိုယ့်ကျောင်း ကိုယ့်ဂိုဏ်း ဂုဏ်လုပ်တာပေ့ါ။

ဘုရားလက်ထက်က ဘုန်းကြီးတွေကို သည်လိုဝိနည်းနဲ့ ချီးမွမ်းခံရတဲ့ဘုန်းကြီး ထူးထူးခြားခြား ကြားဖူးလို့လား။

ဝိနည်းသင်တာဟာ ပရိယတ်သာသနာ မဟုတ်ဘူး။

ဝိနည်းကျင့်တာဟာ ပဋိပတ်သာသနာလည်း မဟုတ်ဘူး။

ဝိနည်းဆောင်တာဟာ ပဋိဝေဓသာသနာလည်း မဟုတ်ဘူးပေ့ါဘုရား။

စာသင်တိုက်တွေဖွင့်ပြီး စာပေတွေ သင်ကြားဆည်းပူးပို့ချနေကြတာဟာ ပရိယတ္တိသာသနာ့တာဝန်တွေ ဆောင်ရွက်နေတာ ဖြစ်ရဲ့လားဘုရား။

ဟင့်အင်းပဲ။ (အဲဒါတွေဟာ သာသနာ့တာဝန်တွေကို ထမ်းဆောင်နေတာ မဟုတ်ဘူး။) ဘာသာရေး ဘာသာရပ် သင်ကြားပို့ချဖို့အတွက် သည်လို-လိုတာ မဟုတ်ဘူး။

မလိုဘူးသာ-ဆိုတယ်ဘုရား။ ကမ္ဘာ့အစောဆုံးတက္ကသိုလ် စာရင်းဝင် နာလန္ဒာဆိုလျှင် ဘုန်းကြီးပေါင်း တစ်သောင်းကျော်လောက်အထိ စာသင်သား ရှိတယ်လို့ မှတ်ရဖူးပါတယ်ဘုရား။

ဟုတ်တယ်။ အိန္ဒိယရဲ့ ဗီဟာနယ်ထဲမှာလည်း ဘုန်းကြီးတစ်သောင်းလောက်နေကြတဲ့ ကျောင်းရာတွေ တွေ့ဆိုပဲဘုရား။

ကြားဖူးပါရဲ့။

တပည့်တော်တို့ မြန်မာပြည်မှာလည်း စာသင်သားတစ်ထောင်ကျော် နှစ်ထောင်နီးနီးရှိနေတဲ့ စာသင်တိုက်တွေ ရှိနေတာပဲဘုရား။ အဲသလိုဆီ အဦးမူနေတဲ့ စာသင်တိုက်ကလေးတွေကလည်း ဒုနဲ့ဒေးပါ။

ဘုန်းကြီးတွေမှာ အခုလို စာသင်တိုက်ကြီးတွေဖွင့်ပြီး ဘုရားဟောခဲ့သမျှနဲ့ ဘုရားဟောရဲ့ အနီးအပါး ကျရောက်တဲ့ ဓမ္မတွေကို စွမ်းနိုင်သလောက် သင်ကြားရတာကတော့ အလုပ်ဟုတ်မှာ မဟုတ်ဘူး။

**(သဒ္ဓမ္မသုံးဖြာ၊ ပထမတွဲ၊ နှာ၊ ၃၈ မှ ၇၃။)**

## စောဒကတို့၏ရှင်းချက်

အထက်ပါအမှတ်(၄။)ပါ စာများ၏ ဆိုလိုချက်ကား ရှင်းပြစရာပင် လိုမည်မထင်ပါ။ ထေရဝါဒ ဗုဒ္ဓဘာသာတို့၏ သာသနာရေးအားလုံးကို တစ်ခုမျှ ရဖွယ်ရာမရှိအောင် ပုတ်ချထားချက်များသာ ဖြစ်ကြသည်။

ထေရဝါဒီတို့၏ ဝိနည်းတရားဆိုင်ရာများနှင့် ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာများ၏ ဝိနည်းတရားဆိုင်ရာ

များသည် တစ်စက်ကမျှ တူညီ ကြသည် မဟုတ်။

## ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာတို့၏သဘောထား

၅။ ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာများသည် အခြားဗုဒ္ဓဘာသာများနှင့် အဗျာကထနဓမ္မများ၌ အလေးထားမှု-မထားမှုများ အခြားနားကြီး ခြားနားကြသည်။ ခြားနားချက်၏မူလသည် ဤမျှသာဖြစ်၍ များစွာပင် သေးငယ်လှသည်။ ဤမူလဖြင့် ဓမ္မကိုယ်ခန္ဓာများကို ဖြန့်ကျက်သောအခါ ဓမ္မက္ခန္ဓာများသည် ရှေးကနဲ့မတူ-တမူကွဲပြားသွားကြသည်။

ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာများသည်-

၁။ ဘုရားကို အဌင်္ဂကမဂ္ဂအရိယသစ္စာတရားကို ရှာဖွေဖေါ်ထုတ်နိုင်ခဲ့သူအဖြစ်သည်သာ အခြားသူများနဲ့ မတူ-ကွဲပြားထူးခြားသူအဖြစ် မြင်ကြသည်။ ဘုရားဖြစ်ရန် မမွေးမီကာလများစွာကစပြီးကျင့်ခဲ့ရသည် စသော ခံယူချက်များ မရှိကြ။

၂။ တရားကိုလည်း အဌင်္ဂကမဂ္ဂအရိယသစ္စာဓမ္မသည်သာလျှင် တရား ဖြစ်သည်။ **ကြွင်းသောအရာ အားလုံးပင် တရားမဟုတ်ကြ။ နိဗ္ဗာန်သည်ပင်တရားမဟုတ်**ဟု သိမြင်ကြသည်။ ပရိယတ်တရားဆိုသည်ကား တရားအကြောင်း သင်ကြားချက်မျှ ဖြစ်သည်ဟု သိကြသည်။

၃။ သံဃာကိုလည်း ဘုရား၏တရားကို ကောင်းစွာကျင့်ကြံကြသော တပည့်ရဟန်းများကိုသာ သံဃာဟု သိမြင်ကြသည်။ ဘုရား၏တပည့်ရဟန်းများနှင့် အဆက်မရှိသည် ဖြစ်စေ-ဘုရား၏အဌင်္ဂကမဂ္ဂတရားနှင့် မဆက်စပ်-မပတ်သက်သောတရားကို တရားလုပ်ပြီး အမြင်လွဲနေသည်ဖြစ်စေ ဤအချက်နှစ်ချက်မှ တစ်ချက်ချက် ချွတ်ယွင်းလျှင် သံဃာမဟုတ်ဟု သိမြင်ကြသည်။

**(မိုးပြာကျောင်းမှပေးစာများ၊ နှာ၊ ၃၇၉။)**

## စောဒကတို့၏ရှင်းချက်

အထက်ပါအမှတ်(၅။)ပါ စာများ၏ဆိုလိုချက်ကား ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာများသည် ဘုရားဟော-မဟုတ်သည်များကိုသာ အလေးထားကြသူများ ဖြစ်ကြသည်။ ဘုရားကိုလည်း အင်မတန်မှပင် နှိမ့်ချထားလျက်ရှိကြသည်။ သာမန်လူသားထက်"တရားဖေါ်ထုတ်နိုင်သူ"ဟူသော ဂုဏ်တစ်ခုမျှသာ သာလွန်သည်-ဟူသတတ်။ ဘုရားဟောတရားသည်လည်း ပိဋကတ်သုံးပုံဟု မရှိ။ အနည်းငယ်မျှသော အဗျာကထနတရားစုနှင့် မဂ္ဂင်တရားစုမျှသာ ရှိ၏-ဟူသတတ်။

ရှင်မိုးပြာ၏ နှစ်ပေါင်း(၂၅)နှစ် ရေးသားချက်များသည်ပင် စာအုပ်ကြီး-ငယ် (၄၀)ကျော် ရှိသည်ကို ထောက်၍

"မြတ်ဗုဒ္ဓ၏နှစ်ပေါင်း(၄၅)နှစ်တိုင်အောင် တစ်လျှောက်လုံး ဟောကြားချက်များသည် ဤမျှသာတည်း" ဟုဆိုခြင်းသည် အလွန်ပင် မသင့်လျှော်ချေ။ မြတ်ဗုဒ္ဓ၏ ဟောချက်များအားလုံးကို ပယ်ဖျက်ပစ်ရန် အားထုတ်ထားမှုများသာတည်း။ သံဃာကို သတ်မှတ်ရာတွင်လည်း ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာနှင့် ကိုက်ညီအောင် တမင်လုပ်ကြံထားကြသည်။

## ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာတို့၏သဘောထား

၆။ ကမ္မဝါဒသည် ပစ္စုပ္ပန်ကမ္မဝါဒနှင့်အတိတ်အနာဂတ်ပစ္စုပ္ပန်ကမ္မဝါဒဟူ၍ နှစ်မျိုးရှိသည်။ ပစ္စုပ္ပန်ကမ္မဝါဒသည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်က ဗုဒ္ဓအသျှင်မြတ် ဟောကြားခဲ့သောကမ္မဝါဒ ဖြစ်သည်။ အတိတ်အနာဂတ်ပစ္စုပ္ပန်ကမ္မဝါဒသည် ထိုခေတ်ကပင် နိဂဏ္ဌနာဋပုတ္တ ဟောခဲ့သော ကမ္မဝါဒ ဖြစ်သည်။ **ပစ္စုပ္ပန်ကမ္မဝါဒသည် ကံပြုသူနှင့်ပြုသောကံ၏အကျိုးကိုရရှိသူ အတူဖြစ်သည်။**

ကံပြုသူကတစ်ယောက်။ ကံ၏အကျိုးကိုရရှိသူကတစ်ယောက် မဟုတ်။ အတိတ်အနာဂတ်ပစ္စုပ္ပန်ကမ္မဝါဒသည် ကံပြုသူကတစ်ယောက်။ ကံ၏အကျိုးကိုရရှိသူကတစ်ယောက် ဖြစ်သည်။

ထို့ကြောင့် ပစ္စုပ္ပန်ကမ္မဝါဒ၌-

"လူအမျိုးမျိုး၏ အဖြစ်အမျိုးမျိုးများကို ဖန်တီးနေသူသည် ကံဖြစ်သည်"

ဟု ပြသည်။ လောက၌ လူအမျိုးမျိုး၌ အဖြစ်အမျိုးမျိုး ရှိသည်။ ပစ္စုပ္ပန်ကမ္မဝါဒ၌ လူအဆင့် အနိမ့်အမြင့် ဖြစ်နေခြင်းသည် သူကိုယ်တိုင် မွေးပြီးမှပြုလုပ်သော ကံကြောင့်သာ ဖြစ်သည်။

ရှေးအခါ ဖြစ်သော ထိုသူမမွေးမီကပြုခဲ့သော ကံကြောင့်မဟုတ်။ တန်ခိုးရှင်များက ဖန်ဆင်း၍လည်း မဟုတ်။ အကြောင်းမဲ့လည်း မဟုတ်ဟူ၍ ဖြစ်သည်။

**(မိုးပြာကျောင်းမှပေးစာများ၊ နှာ၊ ၃၈၅-၃၈၇။)**

## စောဒကတို့၏ရှင်းချက်

အထက်ပါအမှတ်(၆။)ပါ စာများ၏ ဆိုလိုချက်ကား အတိတ်အနာဂတ်ပစ္စုပ္ပန်ကမ္မဝါဒသည် မြတ်ဗုဒ္ဓ၏ ဝါဒမဟုတ်ဟူ၍ ဖြစ်သည်။ ထို့ကြောင့် ယခုထေရဝါဒီတို့သည် ဗုဒ္ဓဘာသာဝင်များ မဟုတ်ကြကုန်ဟု ဆိုရာ ရောက်သည်။

ယင်းစာတို့ဖြင့်-

ရှေးဘဝတို့က ပါရမီတို့ကိုပြဆိုသည့် မဟာဗုဒ္ဓဝင်ပါဠိတော် အဋ္ဌကထာများကိုလည်းကောင်း၊

ရှင်သာရိပုတ္တ စသည်တို့၏ ပါရမီတို့ကိုပြဆိုသည့် ထေရာပဒါနပါဠိတော် အဋ္ဌကထာများ၊ အင်္ဂုတ္တရ ပါဠိတော် အဋ္ဌကထာများ၊ ဓမ္မပဒပါဠိတော် အဋ္ဌကထာများကိုလည်းကောင်း၊

နောက်ဘဝအကြောင်း ပါရှိသည့် သုတ္တန်ပါဠိတော် အဋ္ဌကထာများကိုလည်းကောင်း၊

ရှေ့ဘဝအကြောင်း နောက်ဘဝအကြောင်း ပါရှိသည့် ဝိနယပါဠိတော် အဋ္ဌကထာများကိုလည်းကောင်း၊ အဘိဓမ္မပါဠိတော် အဋ္ဌကထာများကိုလည်းကောင်း ပယ်ချခြင်းပင် ဖြစ်ကြသည်။

အမှန်မှာ အတိတ်အနာဂတ်ပစ္စုပ္ပန်ကမ္မဝါဒသည်သာလျှင် မြတ်ဗုဒ္ဓ၏ ကမ္မဝါဒအစစ် ဖြစ်၍ ကံတို့၏ ကုန်ရာ-ကုန်ကြောင်းဖြစ်သော ကံများ(ဝိပဿနာကုသိုလ်များနှင့်အရိယမဂ်ကုသိုလ်များ)သည် သာလျှင် မြတ်ဗုဒ္ဓ၏ အဓိကဟောကြားချက်များ ဖြစ်ကြသည်။

ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် နိဗ္ဗာန်သည်ပင် တရားမဖြစ်ဟုဆိုလေသောကြောင့် ပြောစရာရှင်းစရာပင် မရှိကြ သူများ ဖြစ်ကြသည်။ သူတို့၏အရိယသစ္စာဟူသည်မှာလည်း နိရောဓသစ္စံ သစ္ဆိကရောန္တောဟူသည့်နှင့် ညီညွတ် ဖွယ်ရာဟူ၍ တစ်စက်ကမျှ မရှိသတည်း။

သို့ဖြစ်၍ သူတို့၏ အဋ္ဌင်္ဂကမဂ္ဂအရိယသစ္စာတရားဟူသည်မှာ မြတ်ဗုဒ္ဓဟောကြားသော မဂ္ဂအရိယ သစ္စာနှင့် လုံးဝပင်စပ်ဆိုင်ခြင်းမရှိဟူ၍သာ မှတ်ယူကြရမည် ဖြစ်သည်။

## ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာတို့၏သဘောထား

၇။ သံသရာအတွင်း၌ လူ-သတ္တဝါများ လည်ကြခြင်းမဟုတ်ဘဲ လူသူသတ္တဝါအတွင်း၌ သံသရာ လည်ခြင်း သာ အမှန်ဖြစ်သည်။ ဤဘဝသံသရာသည် မလွတ်လပ်သောကံ၏ ဖြစ်ပွါးလည်ပတ်ပုံများ ဖြစ်သည်။ လွတ်လပ် သောကံ၏ ဖြစ်ပွါးပုံသည် ဘဝလွတ်မြောက်မှု ဖြစ်သည်။ ဘဝလွတ်မြောက်မှုသည် ဘဝသံသရာ ပြတ်မှုပင် ဖြစ်သည်။

မှားယွင်းသော အသိစိတ်များကြောင့်ဖြစ်သောကံများ မဖြစ်ပွါးခြင်းသည် ဘဝလွတ်မြောက်ခြင်း ဖြစ် သည်။ မှားယွင်းသော အသိစိတ်များကြောင့် ဖြစ်သောကံသည် ဘဝ ဖြစ်သည်။ ထိုကံများမှ လွတ်မြောက်ခြင်းသည် ဘဝလွတ်မြောက်ခြင်း ဖြစ်သည်။

ထိုကံများ မဖြစ်ပွါးခြင်းသည် မှားယွင်းသော အသိစိတ်မရှိသောကြောင့် ဖြစ်သည်။ ဤသို့နှလုံးသွင်းနိုင်

သည်မှာလည်း အဖြစ်မှန်ကိုပြသသည့် ဟောပြောချက်ကို နာရသောကြောင့် ဖြစ်သည်။ ဤသို့ နာရသည်မှာလည်း ဟောပြောနိုင်သူကို ပေါင်းသင်းချဉ်းကပ်မိသောကြောင့် ဖြစ်သည်။ ဤသို့ ချဉ်းကပ်မိသည်မှာ ထိုသူတို့နှင့် ပေါင်းသင်းမိနိုင်လောက်သော အခြေခံ(**ပါရမီ**)အချက်များ ရှိသောကြောင့် ဖြစ်သည်။

ယင်းအခြေခံ အချက်များမှာ-

ပေးကမ်းမှု(ဒါန)

စောင့်ရှောက်မှု(သီလ)

အကြားအမြင်စသောအာရုံတို့၏ အရည်အချင်းတို့မှ လွတ်မြောက်အောင် တွေးတောမှု(နေက္ခမ္မ) အစရှိသည်တို့ပင် ဖြစ်သည်။ ဤအချက်များသည် အဖြစ်မှန်ကို ပြသ-ဟောပြောနိုင်သူနှင့် ပေါင်းမိရန် အကြောင်းများ ဖြစ်သည်။

ဘဝလွတ်မြောက်သောအခါ ဘယ်အရာမျှ-မဖြစ်သည်-မဟုတ်ဘဲ လွတ်လပ်သောကံများ ဖြစ်ကြသည်။ လွတ်လပ်သောကံများ ပြုဖွယ်ကုန်သောအခါ လွတ်လပ်သောကိုယ်စိတ်နှစ်ပါးတို့ ဖြစ်ပွါးကြသည်။ လွတ်လပ်သော ကိုယ်စိတ်နှစ်ပါးဟူသည်မှာ ကိုယ်စိတ်နှစ်ပါးတို့၌ အပ-ပယောဂ အမှီအစွဲခံရမှုမှ ကင်းငြိမ်းခြင်းသည် လွတ်လပ်မှု ဖြစ်သည်။

အာရုံခံအင်္ဂါများသို့ အာရုံများက ဝင်လာထိခိုက်၍ ဖြစ်ပွါးသော ခံစားမှုများ၌ အလျှော်အတိုင်း သိသော သူသည် အာရုံ၌ အာရုံပမာဏအတိုင်း သိသည်။ ထို့ကြောင့် အာရုံ၏ ပြုစားခြင်းမှ လွတ်သည်။ အာရုံကိုပင် အသုံးလိုအပ်သလောက် အသုံးချသည်။ ပြုလုပ်သင့်သောအရာမှန်သမျှကို ပြုလုပ်နိုင်သူ ဖြစ်သည်။ လူမှုရေး စီးပွါးရေး နိုင်ငံရေး အိမ်ထောင်ရေး အစစတို့၌ အလွဲအမှား မရှိအောင် ဆောင်နိုင်သော အရည်အချင်း ရှိသည်။ ကိုယ်စိတ်နှစ်ပါးတို့၏ လွတ်လပ်မှုသည် အမှားအယွင်းမရှိသော အသိစိတ်ကို အကြောင်းခံသည်။

**(မိုးပြာကျောင်းမှပေးစာများ၊ နှာ၊ ၄၁၂-၄၁၆။)**

## စောဒကတို့၏ရှင်းချက်

အထက်ပါအမှတ်(၇)ပါစာများ၏ ဆိုလိုရင်းကား ထေရဝါဒီတို့၏ ဝိမုတ္တိမည်သော မဂ်ဖိုလ်နိဗ္ဗာန်တို့ကို ပယ်ချထားခြင်းပင် ဖြစ်ကြသည်။

**(ဝိမုတ္တိ=ကိလေသဝဋ်ကမ္မဝဋ်ဝိပါကဝဋ် ရုပ်နာမ်ခန္ဓာ သံသရာဘဝတို့မှ အပြီးတိုင်လွတ်မြောက်ခြင်းသဘောရှိသော မဂ်ဖိုလ်နိဗ္ဗာန်တရား။)**

ထို့ပြင် ပါရမီတို့ကိုလည်း ဖယ်ချထားကြောင်း သိသာလှပြီး ဖြစ်ကြသည်။

ရှေးရှေးစကားစု (၁။၂။၃။၄။၅။၆။)တို့ဖြင့်-

ပရိယတ်အားလုံး ပဋိပတ်အားလုံးကို ပယ်ချလျက် ထေရဝါဒီတို့ကို တိုက်ခိုက်ထားကြောင်း ထင်ရှားလှပါသည်။

ဤအမှတ် (၇။)ပါ စကားစုတို့ဖြင့်-

ထေရဝါဒီတို့၏ အနှစ်အသားအစစ်ဖြစ်သော ပဋိဝေဓဟုခေါ်ဆိုရသည့် နိဗ္ဗာန်နှင့်မဂ်ဖိုလ်တို့ကို ဖယ်ထုတ်လွှင့်ပစ်လျက် ထေရဝါဒီတို့ကို တိုက်ခိုက်ထားကြောင်း ထင်ရှားလှပါသည်။

## ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာတို့၏သဘောထား

၈။ ပစ္စုပ္ပန်ကမ္မဝါဒ-အရိယသစ္စမ္မေတို့ဖြင့် ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာအမည်ရှိဂိုဏ်းသစ်ကို တည်ထောင်သူ ရှင်မိုးပြာအမည်ရှိသော ဆရာတော်သည်-

(၁) ဘဝအမြင်နှင့်လောကအမြင် စင်ကြယ်စေဖို့ အဗျာကထနသုတ်တော်များကို ကျယ်ကျယ်ပြန့်ပြန့် အနုစိပ် ဟောပြောခဲ့ပါသည်။

(၂) အမြင် အတွေး အပြော အပြု အနေ ကြိုးစား နိုးကြား စိတ်ထား-ရာမှာ မတရားရဲ့ဆန့်ကျင်ဘက်ဟာ

တရား ဖြစ်တယ်။ (သမ္မာဒိဋ္ဌိ စသည့်ရှစ်ချက်တို့ကို ဘာသာပြန်ထားခြင်းပင်-ဟူသတတ်။)

(၃) ရုပ်နာမ်ရှုပွါး၊ တရားကို ရှာ။ ရုပ်နာမ်-ဖြစ်ပျက်၊ မြင်လျက်သိနေမှာ။
　　ဘယ်လောက်ရှုမှတ်၊ ပရမတ်-သစ္စာ။ ပွါးသော်ငြား၊ တရား-မရပါ။

(၄) ကိုယ်နှုတ်စိတ်ထား၊ အမှားရှောင်ခွါ။ တရား-မတရား၊ ပြတ်သားသိကာ။
　　လူငြိမ်းအေးမှု၊ ရှေးရှု-လို့သာ။ မြတ်တရား၊ မမှား-ကျင့်ရမှာ။

(၅) လူကောင်း-လူဆိုး၊ နှစ်မျိုးရှိတာ၊ ကောင်းရေး-ဆိုးရေး၊ ကံရှေး-မပါ။
　　လူ့ကံကောင်းမှ၊ လူကောင်းဖြစ်မှာ။ လူ့ကံဆိုး၊ လူဆိုးဖြစ်မည်သာ-

စသည်ဖြင့်လည်း ရိုးသားဖြူစင် ယဉ်ကျေးမြင့်မြတ်စေသည့် တရားဓမ္မများကို မရပ်မနား ဟောကြားနေတော်မူခဲ့ပါသည်။

**(ဓမ္မဝိဟာရီငွေရတုပူဇာ၊ နှာ၊ ၂၀-၂၁။)**

### စောဒကတို့၏ရှင်းချက်

အထက်ပါ အမှတ်(၈)ပါ စာများ၏ ဆိုလိုရင်းကား စောဒနာများတွင် အထူးထင်ရှားလာကြမည် ဖြစ်သည်။

**(၁)ဖြင့်** မြတ်ဗုဒ္ဓက မဟောအပ်သောအရာများကို တရားဟု ယူလျက်ရှိကြောင်းကိုလည်းကောင်း၊

**(၂)ဖြင့်** မဂ္ဂင်ရှစ်ပါးကို ဘာသာပြန်ရာတွင် လိုသလို ပြန်ထားလျက်ရှိကြောင်းကိုလည်းကောင်း၊

**(၃)ဖြင့်** ရုပ်နာမ်ပရမတ်တို့၌ ဖြစ်-ပျက်ဟူ၍ လက္ခဏာတို့ကိုသိအောင် ရှုမှတ်နေခြင်းသည် တရားအလုပ်ကို လုပ်နေခြင်း မဟုတ်ကြောင်းကိုလည်းကောင်း၊

**(၄)ဖြင့်** မတရားတာများ၏ ဆန့်ကျင်ဘက်ကို တရားဟု ယူလျက်ရှိကြောင်းကိုလည်းကောင်း၊

**(၅)ဖြင့်** ရှေးကံဟူ၍ မရှိကြောင်းနှင့်ရှေးဘဝဟူ၍မရှိကြောင်းတို့ကိုလည်းကောင်း ပြသထားသည်။

## ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာတို့၏သဘောထား

၉။ ခုနှစ်မှာ-၁၉၉၁-ခုနှစ်။

နေရာမှာ-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၅)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

သတ်မှတ်သည့်ပြစ်မှုမှာ-ထေရဝါဒအတွင်းမှ ဂိုဏ်းသီးသန့်ထောင်မှုဟု ယူဆခံရပြီး ထောင်(၁၀)နှစ် အချခံရသည်။

**(ဓမ္မဝိဟာရီငွေရတုပူဇာ၊ နှာ၊ ၂၂။)**

### စောဒကတို့၏ရှင်းချက်

အထက်ပါအမှတ်(၉)ပါစာစုဖြင့်-

ထေရဝါဒသာသနာတော်ကို ပထမအကြိမ် ဖျက်ဆီးစော်ကားဖူးပြီ ဖြစ်ကြောင်း သိစေသောကြောင့် ယခုတစ်ဖန် စော်ကားချေဖျက်လာမှုသည် ဒုတိယအကြိမ်ဖြစ်ကြောင်းသိကြရမည် ဖြစ်သည်။

ဤကဲ့သို့အခြားဘာသာများ၏ သာသနာကို ဖျက်ဆီးမှုကြောင့် အပြစ်ခံရတတ်ပုံများမှာ ထင်ရှားလှပါသည်။ အဘယ့်ကြောင့်နည်းနည်းဟူမူကား အခြားဘာသာများ၏ သာသနာကို ဖျက်ဆီးမှုတို့သည် ပြစ်မှုဆိုင်ရာများ ဖြစ်ကြပါသည်။

## အခြားဘာသာများ၏သာသနာကိုဖျက်ဆီးမှုကြောင့်အပြစ်ရောက်ပုံများ

## (က)လီဟုန်ကြည်-အပြစ်ခံရပုံ

ဖာလုံကောင်းအမည်ရှိစာအုပ်ထဲတွင်-

"ဓမ္မစကြာလည်စေသော်-ကိုညွှန်ပြသူဟာ လီဟုန်ကြည်ဆိုတဲ့ အမျိုးသားတစ်ဦးဖြစ်တယ်။ သူဟာ အသက်(၅၀)ကျော်ဝန်းကျင်ရှိ တရုပ်အမျိုးသားပဲ။ သည် ညွှန်ပြချက်ဟာ တရုပ်ဓမ္မပရိသတ်ကို ညွှန်ပြတာတွေ ဖြစ်တယ်။ သူ့ကို ယုံကြည်သူပေါင်း ဆယ်ကုဋေလောက် ရှိတယ်လို့ ကြော်ကြားတယ်။ မြို့နယ်နဲ့ခရိုင်အဆင့်ရှိသူတွေတောင် ဆည်းပူးကြတယ်လို့ သိရတယ်။

. . . တရုပ်အစိုးရက တရားဝင်ဗုဒ္ဓဘာသာအဖြစ် အသိအမှတ်ပြု မခံရဘူး။

**. အခုတော့ တရားဝင်အသိအမှတ်ပြုဖို့ တောင်းဆိုသူတွေကို ဖမ်းဆီးနှိပ်စက်တယ်လို့သိရတယ်။ အဲဒါ တရုပ်အစိုးရ တရားသလား-မတရားဘူးလား။**

. . . သူ့ညွှန်ပြချက်ထဲမှာ ဗုဒ္ဓဘာသာတရားဓမ္မမှာ ရပ်တည်ညွှန်ပြနေတယ်ဆိုတဲ့ သဘောတွေလည်း အများအပြား တွေ့ရတယ်။ ပြီးတော့လည်း ဗုဒ္ဓဘာသာသမိုင်းဝင် အကြောင်းအရာတွေကို အခါအားလျော်စွာ ထုတ်ပြတာတွေလည်း ရှိတယ်။

. . . သည်တော့ သည် ညွှန်ပြချက်ဟာ ဗုဒ္ဓဘာသာဆိုင်ရာ ညွှန်ပြချက်ဖြစ်တယ်လို့ ပြောရတော့မှာပေါ့။

. . . လီဟုန်ကြည်ဟာ ဗုဒ္ဓဘာသာအတွင်းမှာ သက်ဆင်းပြီး ကြီးမြင့်လာသူ ဖြစ်ကောင်းဖြစ်ပါမယ်။ ဒါပေမယ့် ဗုဒ္ဓရဲ့အရိယသစ္စာကွယ်ရာမှာ ကြီးမြင့်လာသူပဲ ဖြစ်ပါမယ်။ . .

သည်လေ့လာချက်မှာ လေ့လာရခြင်းအကြောင်းအဖြစ်- လီဟုန်ကြည်ရဲ့ဓမ္မအဝန်းအဝိုင်းကို တရုပ်အစိုးရက တရားဝင် ရပ်တည်ခွင့် မပေးခြင်းဟာ တရား-မတရားသိဖို့ ဖြစ်ပါတယ်။

. . . ဒီအကြောင်းနှစ်မျိုးကြောင့် သည်လို ကိုယ့်ကို နောက်ယှက်လာမှာစိုးလို့ ခွင့်မပြုတာဆိုရင်တော့ တရုပ်အစိုးရဟာ ရှက်စရာဖြစ်မှာပဲလို့ နိဂုံးချုပ်မှတ်ချက်ချလိုက်ပါတယ်"

ဟူ၍ တွေ့ရပါသည်။

ထိုစာအုပ်ကိုရေးသားထုတ်ဝေသူမှာ ပစ္စုပ္ပန်ကမ္မဝါဒ ဂိုဏ်းကိုတည်ထောင်သူ အရှင်ဉာဏ(ဓမ္မဝိဟာရီ) ဖြစ်၍ မြန်မာပြည်နိုင်ငံတော်အစိုးရထံ ယင်းဂိုဏ်းကို တည်ထောင်ခွင့်တောင်းခံရာ-ကြေညာရာ နိုင်ငံတော်က ခွင့်ပြုမပေးခြင်းကြောင့် နိုင်ငံတော်အစိုးရသည်လည်း မတရားအစိုးရဖြစ်ကြောင်းနှင့် ရှက်စရာအလုပ်မျိုးကို မရှက်တတ်ဘဲ ကျူးလွန်နေသောအစိုးရဟူ၍ ပုတ်ခတ်ထိပါးလိုဟန်ရှိပါသည်။

၎င်းစာအုပ်ကို တစ်ပါတည်း ပူးတွဲလျက် တင်ပြအပ်ပါသည်။ စာရေးသူ တို့၏အထက်ပါကောက်ချက်ချပြမှု မှန်-မမှန်ကို သက်ဆိုင်ရာတို့က ဖတ်ရှုသုံးသပ်နိုင်ကြရန်ပင် ဖြစ်ပါသည်။

## (ခ)ဇောတိဂိုဏ်းသားတို့-အပြစ်ခံရပုံ

တစ်ဖန်-

'အလောင်းမင်းတရားကြီး၏ကုန်းဘောင်ရွှေပြည်'အမည်ရှိစာအုပ်ထဲတွင်လည်း-

"ကုန်းဘောင်ခေတ်တွင် ဗုဒ္ဓသာသနာရေးဆိုင်ရာ ထူးခြားသော အဖြစ်အပျက်အပြောင်းအလဲများ ရှိခဲ့သည်။

ယင်းတို့တွင်-

(၁) အတင်အရုံကွဲပြားမှုချုပ်ငြိမ်းခဲ့ခြင်း

(၂) သာသနာရေးပြုပြင်ပြောင်းလဲမှုများ ပေါ်ပေါက်လာခဲ့ခြင်းနှင့်

(၃) ဇောတိအယူဝါဒဂိုဏ်းပေါ်ထွန်းလာခဲ့ခြင်းတို့ ဖြစ်သည်။

. . . ဗဒုံမင်း၏ သာသနာရေး လက်လျှော့ခဲ့သည့် အမိန့်တော်ကြောင့် ရဟန်းတို့ ကျင့်လိုရာ

ကျင့်ဆောင်နိုင်ခွင့် ရရှိသွားကြသည်။

ရှေးပွဲကျောင်းရဟန်းတို့ကဲ့သို့ ဦးထုတ်ဆောင်း၊ သရပတ်ဆောင်း၊ ဒုကုဋ်တင်၊ ရင်ဘွဲ့စည်း၊ စည်တီး၊ မီးနှက်၊ ဆေးရေး၊ ကွင်းထိုး၊ မသာလိုက်၊ ဗေဒင်ဟော၊ လှေလှော်၊ လက်ပွေ့သတ်-မှစ၍ လုပ်လိုသမျှ လုပ်ကိုင်ခွင့် ပြုခဲ့သော်လည်း **ဇောတိအယူဂိုဏ်းကိုကား အပြင်းအထန် နှိမ်နင်းခဲ့ပါသည်။ ထိုဂိုဏ်းသည် မြေဒူးမင်းလက်ထက်မှ စတင်ပေါ်ပေါက် လာခဲ့ခြင်း ဖြစ်သည်။**

ထိုဂိုဏ်း၏အယူဝါဒမှာ-

(၁) စေတီ ပုထိုး ရုပ်တု မကိုးကွယ်

(၂) ရဟန်းသံဃာကို မဆည်းကပ်

(၃) **သေပြီးနောက် ဘဝတစ်ဖန် မရှိတော့**

ဟူ၍ ယုံကြည်ကြသည်။

**ဗဒုံမင်းသည် ထိုဇောတိဂိုဏ်းကို အပြီးတိုင် အပြင်းအထန် နှိမ်နင်းခဲ့ပါသည်။**

. . . မင်းတုန်းမင်းလက်ထက် ဘုရင့်သမားတော်ကြီးဖြစ်သည့် ဓာတ်ဆရာဦးပိုလည်း ထိုဂိုဏ်းဝင် ပုဂ္ဂိုလ်ဖြစ်ကြောင်း သိရသည်။ မင်းတုန်းမင်းသည် မှားကြောင်းဝန်မခံသော ယင်း၏သမားတော်ကြီးအား သေဒဏ်ပေးခဲ့ပါသည်”

ဟူ၍ တွေ့ရပါသည်။

## (ဂ)ဝဇီရာယာနဂိုဏ်းသားအရည်းကြီးများ-နှိပ်ကွပ်ခံရပုံ

တစ်ဖန်-

ဗုဒ္ဓဘာသာသံဃာ့ဂိုဏ်ကွဲများနှင့် ဂိုဏ်းကြီး ၉ ဂိုဏ်းအမည်ရှိစာအုပ်ထဲတွင်လည်း-

“အိန္ဒိယတွင် သီရိဓမ္မာသောကမင်း၊

သီဟိုဠ်တွင် ပရက္ကမဗာဟုမင်း၊

မြန်မာနိုင်ငံတွင် အနော်ရထာမင်း၊

ဓမ္မစေတီမင်း၊

မင်းတုန်းမင်းများသည် -

ထင်ရှားသောနိဂ္ဂဟသာသနာပြုနည်း(နှိပ်ကွပ်သင့်သည်တို့ကိုနှိပ်ကွက်၍ပြုနည်း)တို့ဖြင့် သာသနာသန့်ရှင်းရေး အတွက် ဆောင်ရွက်တော်မူခဲ့ကြသောမင်းကြီးများ ဖြစ်သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရလက်ထက်တွင်လည်း-

သာသနာသန့်ရှင်းရေးကို အလားတူပင် ဆောင်ရွက်ပေးခဲ့သည်။

အိန္ဒိယတွင် သီရိဓမ္မာသောကမင်းနောက်ပိုင်း၌ အဓမ္မဝါဒ အဝိနယဝါဒနှင့် အဓမ္မဝါဒီ အဝိနယဝါဒီများ အင်အားကောင်းပြီး လွှမ်းမိုးခဲ့သောကြောင့် ထေရဝါဒဗုဒ္ဓသာသနာနှင့် ထေရဝါဒသံဃာတော်များ စောစီးစွာ ကွယ်ပျောက်ခဲ့ရသည်။ သာသနာနှစ်(၆၀၀)အတွင်းမှာပင် ကွယ်သွားခဲ့ရသည်ဟု ဆိုလိုပါသည်။

(ယခင်က) မြန်မာနိုင်ငံတွင် အဓမ္မဝါဒ အဝိနယဝါဒနှင့် အဓမ္မဝါဒီ အဝိနယဝါဒီများ ဖြစ်ကြသော တန္တရ မန္တရအနွယ်ဝင် **ဝဇီရာယာနဂိုဏ်းသား အရည်ကြီးများ** ကြီးစိုးခဲ့ဖူးသည်။

သထုံမှကြွလာသော ရှင်အရဟံနှင့် အနော်ရထာမင်းတို့၏ကျေးဇူးကြောင့် အရည်းကြီးများ ပပျောက်ပြီး သထုံမှ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး တစ်နိုင်ငံလုံး တည်တံ့ပြန့်ပွါးခဲ့ရသည်။

. . အရည်းကြီးများကို အရေးယူ၍ နှိပ်ကွပ်ခဲ့ကြပါသည်။

### *(ဃ)ဝဠီပုတ္တကရဟန်းများနှင့်မူလဝါဒယူထားသူတိတ္ထိယရဟန်းများ-အရေးယူခံရပုံ*

ယင်းသာသနာနှစ်(၁၀၀)သို့ ရောက်သောအခါ ဝေသာလီပြည်သား ဝဇ္ဇီပုတ္တကရဟန်းများက **ထေရဝါဒ ပိဋကတ်တော်များကို ခေတ်နှင့်အညီ ပြင်ဆင်လာကြသည်။** သံဃာ့အဓိကရဏ်းလည်း ဖြစ်ပွါးလာကြသည်။ ထို့ကြောင့် **အရှင်မဟာယသဦးဆောင်သော ရဟန္တာမြတ်တို့က ဒုတိယသံဂါယနာကို တင်တော်မူကာ အရေးယူကြရပါသည်။** . .

ဤတတိယသံဂါယနာတင်ချိန်၌ သီရိဓမ္မာသောကမင်းကြီးက အတုအယောင် ရဟန်းများကို အကြမ်းဖျင်း စိစစ်၍ ဖယ်ထုတ်သည်။ ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်က ထေရဝါဒရဟန်းသံဃာတော်များ အတွင်းသို့ စိမ့်ဝင်နေကြပြီး ထေရဝါဒဗုဒ္ဓသာသနာကို ပူးသတ်နေကြသော အတုအယောင် ရဟန်းများကို အနုစိတ်စိစစ်ပြီး ဖယ်ထုတ်တော်မူခဲ့သည်။ **အရေးယူမှုတို့ကိုလည်း ပြုခဲ့ကြရသည်။**

### မဟာယာနဗုဒ္ဓဘာသာဂိုဏ်းကြီး-စတင်ဖြစ်ပေါ်လာပုံ

သာသနာတော်နှစ်(၇)ရာစုတွင် မဇ္ဈိမိကဂိုဏ်း ပေါ်ခဲ့သည်။ ဤဂိုဏ်း၏ဝါဒမှာ သုညဝါဒ ဖြစ်သည်။ သာသနာတော်နှစ်(၉၀၀)အကျော်တွင် ယောဂါဝစရဂိုဏ်း ပေါ်လာပြန်သည်။ ဝိညာဏဝါဒကို ယူသောဂိုဏ်း ဖြစ်သည်။ **ဘုရားလောင်းကျင့်စဉ်ကိုသာလက်ခံကြသော** မဇ္ဈိမိကဂိုဏ်းသားများနှင့် ယောဂါစာရဂိုဏ်းသား တစ်ချို့တို့သည် သူတို့၏အယူကို မဟာယာန(=မြင့်မြတ်သောကျင့်စဉ်)ဟု အမည်တပ်ကြသည်။

မဟာယာနဂိုဏ်း ထင်ရှားတည်ရှိခဲ့ပြီး နောက်ပိုင်းတွင် တန္တရ မန္တရ အယူအဆများက ထိုမဟာယာန ဂိုဏ်းအတွင်း ကြီးစိုးလာခဲ့သည်။ တန္တရ မန္တရဟူသည် အင်း အိုင် ခါးလှည့် လက်ဖွဲ့ ဗေဒင် မန္တရား ဂါထာ ဂန္ဓာရီ ဝိဇ္ဇာ အကျင့်များ အတတ်များပင် ဖြစ်သည်။

(၎င်းအကြောင်းအရာသမိုင်းကွင်းဆက်များကို ၂၀၀၈-ခုနှစ်၊ နိုဝင်ဘာလထုတ်၊ ဓမ္မရံသီဓမ္မမဂ္ဂဇင်းတွင် ဆောင်းပါးရှင် ဒါးစမ်းအရှင်ကောဏ္ဍည(ထူးကြီး)ကလည်း ပြန်လည်ဖော်ထုတ်တင်ပြထားပါသည်။)

နောက်ပိုင်းတွင် အိန္ဒိယတောင်ပိုင်းဘက်၌ မဟာယာန တန္တရ မန္တရ အနွယ်ဝင် ဝဇီရယာနဂိုဏ်းတစ်ဂိုဏ်း ပေါ်ခဲ့ပြန်သည်။ မြန်မာနိုင်ငံမှ အရည်ကြီးများသည် ယင်းဝဇီရယာနဂိုဏ်း အဆက်အနွယ်များပင် ဖြစ်သည်။

(အေဒီ-၁၃-ရာစုတွင် တူရကီမွတ်ဆလင်တပ်က အိန္ဒိယကို ဝင်ရောက်သိမ်းပိုက်သောအခါ မဟာယာန အနွယ်ဝင် ရဟန်းအများစု ခေါင်းဖြတ်အသတ်ခံရပြီး - အိန္ဒိယတွင် မဟာယာနသာသနာ ကွယ်ခဲ့ရတော့သည်)

သာသနာတော်နှစ်(၄၅၅)တွင် အဘယဂီရိဂိုဏ်းသံဃာတော်များသည် မဟာဝိဟာရဝါသီဂိုဏ်းသံဃာ တော်များကဲ့သို့ ထေရဝါဒပိဋကတ်တော်များကို သင်ကြားကြသည်မဟုတ်ဘဲ မဟာယာနရှေ့ပြေးဖြစ်သော ပြင်ဆင် ရေးသားထားသည့် ပိဋကတ်များကိုသာ သင်ကြားခဲ့ကြသည်။

သာသနာတော်နှစ် (၇၅၇-၈၁၀)တွင် ယင်းအဘယ ဂီရိဂိုဏ်းမှပင် သာဂလိယဂိုဏ်းတစ်ဂိုဏ်း ပေါ်လာပြန် သည်။ နောက်သာဂလိယဂိုဏ်းအမည်ပျောက်ပြီး ဇေတဝနဝါသီဂိုဏ်းအမည်ဖြင့် ထင်ရှားလာတော့သည်။

**မဟာဝိဟာရဝါသီဂိုဏ်း=ထေရဝါဒ၊**

**အဘယဂီရိဂိုဏ်း= မဟာယာန၊**

**ဇေတဝနဝါသီဂိုဏ်း=မဟာယာန**

ဟူ၍ သုံးဂိုဏ်းကွဲကြသည်။

နောင်တွင် သီဟိုဠ်၌ မဟာဝိဟာရဝါသီဂိုဏ်း တစ်ဂိုဏ်းတည်းသာ ကျန်ရှိခဲ့သည်။

## (င)မဟာယာနနွယ်ဝင်ပွဲကျောင်းဂိုဏ်းကြီး-အရေးယူခံရပုံ

အေဒီ(၁၁)ရာစုတွင် သထုံမှရှင်အရဟံသည် ပုဂံသို့ ကြွရောက်လာသည်ကြောင့် သရေခေတ္တရာခေတ်၊ ဗိဿနိုးခေတ်တို့မှစ၍ အနော်ရထာမင်းလက်ထက်တိုင်အောင် ထွန်းကားခဲ့သော အရည်ကြီးသာသနာ ကွယ်ပရသည်။

ပင်းယခေတ် ဥဇနာမင်းလက်ထက်တွင် စကား(၇)ကျောင်း ဖြစ်ပေါ်လာကြသည်။ ထိုအချိန်မှစ၍ ဂါမဝါသီ (ဗဟုစာရ)ဂိုဏ်းနှင့် အရညဝါသီ(ဧကောစာရ)ဂိုဏ်းဟူ၍ ကွဲပြားကြသည်။ ဂါမဝါသီများကို ပွဲကျောင်းဟုလည်း ခေါ်သည်။ ပွဲကျောင်းသို့ အရည်ကြီးအဆက်အနွယ်များ ဝင်ရောက်လာကြသဖြင့် ပွဲကျောင်းရဟန်းများမှာ အလဇ္ဇီ-ဒုဿီလများ ဖြစ်လာကြသည်။

ပွဲကျောင်းဂိုဏ်းသည် ညောင်ရမ်းခေတ်အထိ တိုးတက်စည်ပင်လာခဲ့သည်။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်တွင် ဖျက်သိမ်းခြင်းကို ခံရသည်။ တစ်ဖန် ထိုပွဲကျောင်းဂိုဏ်း ပြန်လည်စည်ကားစပြုချိန်မှာ မင်းတုန်းမင်းနန်းတက်ချိန် ဖြစ်သည်။ သက္ကရာဇ်(၁၂၁၇)တွင် မင်းတုန်းမင်းသည် ထိုပွဲကျောင်းဂိုဏ်းများကို လုံးဝဖျက်သိမ်းလိုက်သည်။ ထို့ကြောင့် အရည်းကြီးအနွယ်ဝင် ပွဲကျောင်းများ ပျောက်ကွယ်သွားခြင်း ဖြစ်သည်။

သို့သော် အနွယ်ဝင်များက အရည်းကြီးလုပ်ငန်းတို့ကို ဆက်လက် လုပ်ကိုင်နေခဲ့သည်ဖြစ်၍ တရားဝင်အားဖြင့် ပျောက်ကွယ်ခဲ့ရသော်လည်း အရပ်ထဲတွင် ပြန့်နှံ့လျက် ဆက်ရှိနေသည်သာ ဖြစ်ပါသည်။

သမိုင်းအထောက်အထားများနှင့် ထွက်ရပ်ပေါက်ဆိုသူများ၏ ဘဝဖြစ်စဉ်များက သက်သေခံလျက်ရှိသည်။

အရည်းကြီးများကို လွတ်လပ်ရေးတိုက်ပွဲကာလက တန်ခိုးရှင်များအဖြစ် ထင်မှတ်စေကာ ဝါဒဖြန့်ခဲ့ကြ၍ အရည်ကြီးဝါဒများ ပိုမိုအားကြီးလာကြပါသည်။ တစ်ဖန်ပြန်လည်၍ လွှမ်းမိုးလာကြပါသည်။

သို့ရာတွင် အရည်းကြီးတို့အစွမ်းကြောင့် လွတ်လပ်ရေးရရှိသည် မဟုတ်ပေ။ မှန်၏။ အရည်းကြီးတန်ခိုး ခါတ်လုံးတန်ခိုး ဂါထာတန်ခိုး ပျောက်စေကွယ်စေ အမျိုးမျိုးဖြင့် တိုက်ပွဲဝင်သူများ ကျရှုံးခဲ့ကြကြောင်း အလွန်ပင်ထင်ရှားပါသည်။

လူငယ်များလည်း စိတ်အားတက်ကြွစေကာမူ သေပွဲဝင်ကြရသည်မှာ သမိုင်းသက်သေ အထင်အရှားပင်ဖြစ်ပါသည်။ မျက်မှောက်ခေတ်တွင် အရည်းကြီးအဆက်အနွယ်ဝင် ဘိုးတော်စစ်ဆင်ရေးတစ်ရပ် ပြုလုပ်၍ နှိမ်နင်းခဲ့ဖူးပါသည်။ သို့သော် ပျောက်ကွယ်သွားခြင်း မရှိသေးပါ။ လူအချို့သည် ဂိုဏ်းအမည်အမျိုးမျိုးဖြင့် အရည်းကြီးဝါဒကျားသေကို အသက်သွင်းလျက်သာ ရှိနေကြပါသေးသည်။

အရည်းကြီးဝါဒဂိုဏ်းအသီးသီး၏ အထွတ်အမြတ်ထားကြသော ရှင်အဇ္ဇဂေါဏ ရှင်မထီး ဗားမဲ့ ဗားတမေ့ ငရနဲ ဆရာတော်ဆိုသူတို့သည်ထေရဝါဒအနွယ်ဝင်များ မဟုတ်ကြပေ။ အရည်းကြီး အဆက်အနွယ်များသာ ဖြစ်ကြပါသည်။

ယခုခေတ်တွင် ဂိုဏ်းဆရာများ ဗေဒင်ဆရာများ ဝိဇ္ဇာအမည်ခံ ဘိုးတော်များ ခါတ်လုံးထိုးသူများ တန်ခိုးရှင်ပုဂ္ဂိုလ်ထူးများဖြင့်တွင်ကျယ်နေကြသည်ဖြစ်၍ ဂန္ဓာရီထွက်ရပ်ပေါက်အဖြစ် နာမည်ကြီးနေကြပြန်ပါသည်။ ဂမ္ဘီရအတတ်ပညာအဖြစ်လည်း လူကြိုက်များနေကြပါသည်။

ထို့ကြောင့် ထိုသို့သော အကြောင်းအရာ ဦးစားပေးဖော်ပြကြသည့် လစဉ်ထုတ်မဂ္ဂဇင်းကြီးများမှာ ဈေးကွက်စီးပွါး ကြီးထွားနေကြပါသည်။ စင်စစ်အားဖြင့် အရည်ကြီးဝါဒသည် မဟာယာနဝါဒမှ ပြန့်ပွါးလာခြင်းသာ ဖြစ်ပါသည်။

၎င်းတို့ကိုလည်း သည်အတိုင်း ကြည့်နေ သင့်-မနေသင့် ဆင်ခြင်ကြရန် အချိန်ကျနေပြီဖြစ်ကြောင်း သတိပြုမိကြကုန်ရာသတည်း။

(၎င်းတို့အကြောင်းကိုလည်း ဒါးစမ်းအရှင်ကောဏ္ဍည(ထူးကြီး)က ဖော်ပြထားသည်။)

(စ) ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာဂိုဏ်းသစ်ကိုတည်ထောင်သော ရှင်ဉာဏသည်လည်း(၁၉၉၁-၁၉၉၈)တို့တွင် ထောင်ဒဏ်(၁၀)နှစ်တိုင်အောင် ကျခဲ့ရပြီးဖြစ်ကြောင်း သိရပါသည်။
သို့ပါလျက် ယခုတစ်ဖန် ကျူးလွန်လာသည့်အတွက်လည်း အပြစ်ခံမှုကို ရယူသူသာဖြစ်ရပေလိမ့်မည်။ ကိုယ်ယူသည်ကို ကိုယ်ရတတ်သည်မှာ ဓမ္မတာတည်း။

## သုဓမ္မာမှဆုံးဖြတ်ချက်များ

သာလွန်မင်းလက်ထက်(သက္ကရာဇ်-၉၉၇)မှစ၍ သာသနာရေးရာကိစ္စများကို ညှိနှိုင်းဆောင်ရွက်ရန် သတ်မှတ်ထားသောအဆောက်အအုံကို သုဓမ္မာဇရပ်ဟု အမည်တပ်ခဲ့ကြသည်။ သို့သော်လည်း မင်းတုန်းမင်းလက်ထက် မတိုင်မီအထိ သုဓမ္မာဂိုဏ်းဟု ခေါ်ဝေါ်သတ်မှတ်ခြင်း မရှိသေးပေ။

မင်းတုန်းမင်းလက်ထက်တွင်မူ သာသနာစိတ်ဓာတ် ထက်သန်ပြင်းပြသောမင်းဖြစ်သည့်အလျောက် သာသနာပိုင်နှင့်သာသနာပြု ဆရာတော်များကိုလည်း ဓမ္မစက်အတွက် အဆုံးအဖြတ်ပေးနိုင်ရန် တင်မြှောက်တော်မူခဲ့သည်။ ယင်းသာသနာပြု ဆရာတော် (၈)ပါးသည် ဥပုသ်နေ့တိုင်း သုဓမ္မာဇရပ်တွင် သာသနာရေးကိစ္စများကို ညှိနှိုင်းဆောင်ရွက်တော်မူကြသည်။

**မင်းတုန်းမင်းလက်ထက်တွင် သုဓမ္မာမှ ဆုံးဖြတ်ချက် များသည် အာဏာစက်ကို ထိရောက်စွာ ရရှိကြသဖြင့် ထက်မြက်လာကြသည်**။

မင်းတုန်းမင်းတရား၏ သာသနာတော်အတွက် ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟ နှစ်ရပ်ဖြင့် အကြီးအကျယ် ထောက်ပံ့လှူဒါန်းခြင်းများသည် ပဂ္ဂဟ=ချီးမြှောက်ထောက်ပင့်နည်းဖြင့် သာသနာပြုလုပ်ငန်းတို့ကို ဆောင်ရွက်တော်မူခြင်း ဖြစ်သည်။ ဤမျှမကသေး။

သာသနာတော်သန့်ရှင်းရေးအတွက် နိဂ္ဂဟ=နှိပ်ကွပ်နည်းဖြင့်လည်း သာသနာတော်ကို ပြုခဲ့ပြန်သည်။ ထိုရဟန်းယောင်များ(အဓမ္မဝါဒီများ)ကို သာသနာတော်သန့်ရှင်းရေးအတွက် သံဃာ့ဘောင်မှ နှင်ထုတ်နိုင်သူများမှာလည်း သံဃာတော်များသာ စွမ်းနိုင်ကြသည်။ သံဃာတော်များ၏ဓမ္မစက် အစွမ်းထက်ရန်မှာလည်း ထက်မြက်သောအာဏာစက် ပံ့ပိုးကူညီမှုရရှိရန် လိုအပ်နေပြန်ပါသည်။

သာသနာတော်အတွက် သဒ္ဓါထက်ပြီး အာဏာစက်ပြင်းသော သီရိဓမ္မာသောက၊ ပရက္ကမဗာဟု၊ အနော်ရထာ၊ ဓမ္မစေတီမင်းတို့ကဲ့သို့သော မင်းကောင်းများလက်ထက်တွင် ရဟန်းယောင်များ(အဓမ္မဝါဒီများ) ပပျောက်ခဲ့သောထုံး ရှိခဲ့သည်။

မင်းတုန်းမင်းကြီးကမူ ဒုဿီလရဟန်းများကို မကိုးကွယ်ရဟူ၍ပင် အမိန့်ထုတ်ခဲ့ဖူးသည်။ အဓမ္မဝါဒကို အစွဲအမြဲယူသူ ဓာတ်ဆရာဦးပိုလိုပုဂ္ဂိုလ်များကိုလည်း အပြင်းအထန် နှိပ်ကွပ်ဆုံးမခဲ့သည်။

ဤသို့အားဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ ရဟန်းသံဃာတော်များသည် သာသနာပိုင်နှင့်တကွ သုဓမ္မာဆရာတော်ကြီး(၈)ပါးတို့နှင့် သက်ဆိုင်ရာဂိုဏ်းအုပ်ဂိုဏ်းထောက်ဆရာတော်တို့၏ စီမံအုပ်ချုပ်မှုအောက်တွင် ထေရဝါဒဂိုဏ်းကြီး တစ်ခုတည်းအဖြစ်ဖြင့် စုပေါင်း၍ နေထိုင်ကြရသည်။

ဤသို့တစ်စုတစ်စည်းတည်း အသီးသီး နေထိုင်ရမှုကိုပင် ဂိုဏ်းဟုခေါ်ခြင်း ဖြစ်သည်။ သုဓမ္မာဆရာတော်တို့၏ စီရင်မှုက အမြင့်ဆုံးအဆင့် ဖြစ်သည်။

သုဓမ္မာဆရာတော်တို့၏ အဆုံးအဖြတ်ကို လွှတ်တော်ကအတည်ပြုပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးရသည်။ **ယခုအခါ နိုင်ငံတော်အဆင့်အဖွဲ့အစည်းတို့၏ဓမ္မစက်အဆုံးအဖြတ်ကို နိုင်ငံတော်က အာဏာစက်ဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ပေးရသကဲ့သို့ပင် ဖြစ်သည်**။

သာသနာပြု ဆရာတော်တို့၏ လုပ်ငန်းဆောင်တာများကို မဟာဒါန်ဝန် မဟာဒါန်စာရေးတို့က ဆောင်ရွက်ပေးရသည်။ **ယခုအခါတွင် သာသနာရေးဌာနများက သံဃာ့အဖွဲ့အစည်း ဆရာတော်များ၏ လုပ်ငန်းများကို ဆောင်ရွက်ပေးရသကဲ့သို့ပင် ဖြစ်သည်။**

## မြန်မာနိုင်ငံအစိုးရပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၏အတည်ပြုပြဋ္ဌာန်းချက်

(က)

နောက်ပိုင်းတွင် တော်လှန်ရေးကောင်စီအစိုးရလက်ထက် ၁၉၆၅-ခုနှစ်တွင် မှော်ဘီ၌ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ကျင်းပခဲ့ကြသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရလက်ထက် ၁၉၈ဝ-ခုနှစ်တွင် ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်တွင် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကို ကျင်းပခဲ့ကြသည်။

ယင်းသို့ဂိုဏ်းပေါင်းစုံအဖြစ် ကျင်းပနိုင်ရန် သံဃာ့ဂိုဏ်းများကို စိစစ်သောအခါတွင်-

**ပထမအကြိမ်ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီးက အတည်ပြုပြဋ္ဌာန်းထားခဲ့သော သံဃာ့ဂိုဏ်းကြီး(၉)ဂိုဏ်းတို့တည်ရှိခွင့်ကိုကိုလည်းကောင်း၊ အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့်လုပ်ထုံးလုပ်နည်းများကို လည်းကောင်း အတည်ပြုနိုင်ခဲ့ကြသည်။**

အစည်းအဝေးကြီး၏ အဓိကရည်သန်ချက်မှာ-

"မြန်မာနိုင်ငံ၌ သံဃာ့ကိစ္စများကို သံဃာတော်များက ဓမ္မစက်ဖြင့် ဆောင်ရွက်တော်မူကြရန်နှင့် လိုအပ်သောကိစ္စများတွင် နိုင်ငံတော်အစိုးရက အာဏာစက်ဖြင့် ပံ့ပိုး၍ အကောင်အထည်ဖေါ်ဆောင်ရွက်သွားရန်"

ဖြစ်သည်။

ယင်းအစည်းအဝေးကြီးကို ၁၃၄၁-ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၁)ရက်၊ ၁၉၈ဝ-ပြည့်နှစ်၊ ဖေဖေါ်ဝါရီလ (၁)ရက်နေ့တွင် စတင်ညှိနှိုင်းဆွေးနွေးကြရာ ယခင်ကတည်းကရှိခဲ့ပြီးသော သံဃာ့ဂိုဏ်းကြီး (၉)ဂိုဏ်းတည်ရှိမှုကို **မြန်မာနိုင်ငံအစိုးရပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနက ခွင့်ပြုခဲ့သည်။**

(ခ)

တစ်ဖန်-

၁၉၉ဝ-ပြည့်နှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်တွင် ဂိုဏ်းကြီး (၉)ဂိုဏ်းနှင့် သံဃာ့အဖွဲ့အစည်းများက ထပ်ဆင့်ဖွဲ့စည်းပေးထားသော သံဃာ့အဖွဲ့အစည်းများမှတစ်ပါး **ဂိုဏ်းသစ်တည်ထောင်ခြင်း၊**
**အဖွဲ့အစည်းသစ်ဖွဲ့စည်းခြင်းကို လုံးဝခွင့်မပြုကြောင်း သံဃာ့အဖွဲ့ အစည်းဆိုင်ရာဥပဒေ (၆/၉ဝ /၇/၉ဝ)တို့ဖြင့် တားမြစ်ထားသည်"**

ဟူ၍ တွေ့ရပါသည်။

(ဂ)

တစ်ဖန်-

၁၃၇ဝ-ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၁)ရက်၊တနင်္ဂနွေနေ့(၂၃. ၁၁. ၂ဝဝ၈)တွင် ထုတ်ဝေအပ်သော ကြေးမုံသတင်းစာ စာမျက်နှာ(၉)၌-

**"ထေရဝါဒဗုဒ္ဓသာသနာတော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို အရေးယူကာတားဆီးကာကွယ်ရန် ဆောင်ရွက်ခွင့်ရှိ"**

ဟူသောခေါင်းစီးကြီးဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီး၏ **အစည်းအဝေးအဖွင့် သာရဏီယသြဝါဒကထာ** အပြည့်အစုံတို့ကိုလည်း တွေ့ရပါသည်။

၎င်းသတင်းစာ စာမျက်နှာ(၈)တွင် သာသနာရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်၏ **သာသနာရေးဆိုင်ရာ လျှောက်ထားလွှာ** အပြည့်အစုံတို့ကိုလည်း တွေ့ရပါသည်။

## သာရဏီယသြဝါဒကထာထဲမှ ကောက်နှုတ်ချက်တစ်ချို့ကို ဖေါ်ပြရလျှင်

"ယင်းအခြေခံစည်းမျဉ်း အခန်း(၂)၊ အပိုဒ်(၁၂)၊ အပိုဒ်ခွဲ(ဂ)၌-

**'ပရိယတ္တိသာသနာတော်ကို တိုးတက် စည်ပင် ပြန့်ပွါးစေရန်နှင့် ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန် ဖြစ်သည်'**
ဟုလည်းကောင်း၊

အပိုဒ်(၁၃)၌-

**'သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ ဆောင်ရွက်ချက်ကို ဖေါ်ပြပါအခြေခံမူများ၊ ရည်ရွယ်ချက်များနှင့် ကိုက်ညီစေရန် ဆောင်ရွက်ခွင့် ရှိသည်'**
ဟုလည်းကောင်း ပြဆိုထားပါသည်။

ဤပြဆိုချက်များကို ပေါင်းရုံးသုံးသပ်ပါက-

**မြတ်စွာဘုရား၏အဆုံးအမသာသနာတော်ဖြစ်သော ပထမသင်္ဂါယနာမှ ဆဋ္ဌသင်္ဂါယနာအထိ သင်္ဂါယနာခြောက်တန်တင်ထားသော ထေရဝါဒပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာအစရှိသော ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို အရေးယူတားဆီးကာကွယ်နိုင်သည်**
ဟု အဓိပ္ပါယ်ရပါသည်ဘုရား။

သို့ဖြစ်၍ **ထေရဝါဒဗုဒ္ဓသာသနာတော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို အရေးယူတားဆီးကာကွယ်ရန် ဆောင်ရွက်ခွင့်ရှိသည်**ကို သိတော်မူကြစေရန် လျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား - သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း အခန်း(၂)၊ အပိုဒ်(၄)၌-

**'ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ ဤစည်းမျဉ်းအရ သတ်မှတ်ထားသည့် ဂိုဏ်းပေါင်းစုံပါဝင်သော သံဃာ့အဖွဲ့အစည်း တစ်ခုတည်းသာ ရှိရမည်'**
ဟုလည်းကောင်း၊

အပိုဒ်(၅)၌-

**'ပြည်ထောင်စု မြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ ထေရဝါဒသံဃာ့ဂိုဏ်းအသီးသီးမှ ရဟန်းသံဃာဟူသမျှသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သံဃာ့အဖွဲ့အစည်းအတွင်း၌ အလိုအလျောက်ပါဝင်ပြီး ဖြစ်သည်'**
ဟုလည်းကောင်း ပြဋ္ဌာန်းထားပါလျက် ယခုအခါ အချို့ရဟန်းသာမဏေများ သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ကြီးကြပ်အုပ်ချုပ်မှုကို မခံယူသည့် တရားမဝင်သော သံဃာ့အဖွဲ့အစည်းများ ဖွဲ့စည်းလျက် ဆောင်ရွက်နေကြပါသည် ဘုရား။

**ယင်းသို့ဆောင်ရွက်နေကြခြင်းသည် အဆိုပါသံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းအပိုဒ်(၄)၊ အပိုဒ်(၅)ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ကြသည့်အပြင်-**

**နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့မှ ထုတ်ပြန်သော ညွှန်ကြားလွှာအမှတ်(၈၁)ကိုလည်း ဖေါက်ဖျက်ကျူးလွန်ရာရောက်ပါသည်။ ထို့ပြင်**

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ထုတ်ပြန်သော အမိန့်အမှတ်(၆/၉၀)နှင့် သံဃာ့အဖွဲ့အစည်းဆိုင်ရာဥပဒေ ဥပဒေအမှတ်(၂၀/၉၀)တို့ကိုလည်း ကျူးလွန်ရာရောက်ပါသည်ဘုရား။**

သို့ဖြစ်ပါ၍ အဆိုပါစည်းမျဉ်းဥပဒေများကို ရဟန်းသာမဏေတိုင်း သိနေကြဖို့ အထူးလိုအပ်ပါသည်။ ထို့ကြောင့် ဤစည်းမျဉ်းဥပဒေများကို ရဟန်းသာမဏေများ သိနားလည်အောင် သံဃာ့အဖွဲ့အစည်းဝင် ဆရာတော်များ၊ ကျောင်းထိုင်၊ကျောင်းပိုင်ဆရာတော်များ၊ ကျောင်းတိုက်ဆရာတော်များ၊ စာချဆရာတော်များက အခါအခွင့်သင့်တိုင်း ဟောပြောဆုံးမတော်မူကြရန် တပည့်တော်တို့ မဟာနာယကအဖွဲ့က ဆောင်ရွက်ပေးသင့်ပါသည် ဘုရား'။

# သာသနာရေးရာ လျှောက်ထားလွှာထဲမှ ကောက်နှုတ်ချက်တစ်ချို့ကို ဖေါ်ပြရလျှင်

"နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ကြီးသည် တစ်ခုတည်းသော ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီး အတွင်းရှိ ရဟန်းသာမဏေများနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့အား ညီညွတ်စေရေး၊ နိပ္ပိယသုတ်တော်လာ ချစ်ခင် လေးစားကျင့်စဉ်တရားများနှင့်အညီရှိစေရေးတို့အတွက် ယခုထက်ပိုမို၍ လမ်းညွှန်ကြီးကြပ် ထိန်းမတ် ပေးတော်မူကြပါရန် ဘုရားတပည့်တော် ရိုသေလေးမြတ်စွာ တောင်းပန်လျှောက်ထားပါသည်ဘုရား။

နိုင်ငံတော်သံဃာ့မဟာနာယကဆရာတော်အရှင်မြတ်ကြီးများဘုရား - ဆရာတော်အရှင်မြတ်ကြီးများက ဦးဆောင်လျက် သာသနာရေးကိစ္စအဝဝကို အားသစ်စုပေါင်း ထပ်လောင်းကြိုးပမ်း ထမ်းဆောင်ကြသကဲ့သို့ နိုင်ငံတော်အစိုးရအမှုုရှိသော ဒကာပြည်သူတို့ကလည်း ကိုယ်စိတ်နှစ်ပါး အားအစွမ်းထားလျက် သာသနာရေး လုပ်ငန်းများကို ဆရာ့နည်းကျ ဩဝါဒတော်များနှင့် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်လျက်ရှိပါသည်ဘုရား။

**နိုင်ငံတော်က ထုတ်ပြန်ကြေညာထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အာဏာစက်အကူအညီ အထောက်အပံ့များကို တရားနှင့်လျော်စွာ ပေးလျက်ရှိပါသည်ဘုရား"**။

ထို့ကြောင့် ဤပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာဆိုသူတို့ကဲ့သို့ အခြားဘာသာများ၏ သာသနာကို ဖျက်ဆီး မှုကြောင့် အပြစ်ခံရတတ်ပုံများမှာ ထင်ရှားလှပါသည်။ မှန်၏။ အခြားဘာသာများ၏ သာသနာကိုဖျက်ဆီးမှု တို့သည် ပြစ်မှုဆိုင်ရာများသာ ဖြစ်ကြပါသည်။

## ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာတို့၏သဘောထား

၁၀။ မောင်စန်းမောင်တစ်ယောက်လည်း ဒီဘဝမှာ တစ်မဂ်တစ်ဖိုလ် ရချင်ဇောပြင်းပြင်းနဲ့ ဘုရားရဲ့ တရားတော်တွေကို ပီပီကြည်ကြည် ဖွင့်ပြနိုင်မယ်လို့ ယူဆရတဲ့ ဆရာကောင်းမှန်သမျှကို ချဉ်းကပ်ခဲ့ပါတယ်။ လယ်တီ၊ မိုးကုတ်၊ မဟာစည်၊ တောင်ပုလု၊ အနာဂါမ်ဆရာသက်ကြီး၊ ဦးဘခင်၊ ဦးဂိုအင်ဂါ၊ ချမ်းမြေ့၊ ဦးကြည်၊ ဖားအောက် . . . စုံနေတာပါပဲ။

လက်တွေ့ဝိပဿနာတွေချည်း အားထုတ်နေတော့ စာအခြေခံမရှိလို့ ဂယနဏ မသိနိုင်တာလို့ မြင်ပြီး အခြေခံအဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်တွေ-အပြင် ယမိုက်နဲ့ပဋ္ဌာန်း အထက်ကျမ်းတွေကိုပါ ဒေါက်တာ မင်းတင်မွန်၊ ဒေါ်ခင်လှတင်၊ ဆုထူးပန်ဆရာဟန်နဲ့ အဘိဓမ္မာပြန့်ပွါးရေးအသင်းမှ ဆရာကြီး ဆရာမကြီးများထံမှာ- အပြင် ဗန်းမော်ဆရာတော်ထံမှာတောင် ပဌာန်းကုသလတိက်-ဝေဒနာတိက်တွေကို နားလည်အောင် ချဉ်းကပ်ခဲ့- လိုက်ခဲ့ဖူးပါတယ်။

အဲဒီဆရာတွေနဲ့ ဓမ္မသာကစ္ဆာအလုပ် မခံနိုင်တော့တာဘဲ အဖတ် တင်ခဲ့ပါတယ်။ ဘုရားရဲ့စာတွေထဲမှာ နစ်နေကြပေမယ့် ဘုရားနဲ့တွေ့တဲ့သူကတော့ အရှားသားလား။

၂၀၀၃-ခု၊ ဒီဇင်ဘာလမှာ ဝိဘဇ္ဇဓမ္မသာကစ္ဆာအလုပ်ခံနိုင်တဲ့ ဆရာကြီးတစ်ဦးကို သင်တန်းတစ်ခုကနေ တွေ့ခဲ့ရပါတယ်။ (ပ)

အဲဒီတဒင်္ဂလောက်မှာပဲ မောင်စန်းမောင် စကျွံ ဥဒပါဒိ ဖြစ်သွားပါတယ်။ ဝိဇ္ဇာ ဥဒပါဒိလည်း ထင်ဟပ်သွား ပါတယ်။ ဉာဏံ ဥဒပါဒိလည်း လက်ကနဲ ဖြစ်သွားပြီး အာလောကော ဥဒပါဒိလည်း လင်းထိန်သွားပါတော့တယ်။ (ပ) ပြည်ပမှာကတည်းက ထေရဝါဒကို လေးနှစ်လောက် စာတွေ့လက်တွေ့လေ့လာခဲ့တယ်။

သူများပါးစပ်-လမ်းဆုံးလောက်နဲ့ ဟုတ်လှပြီ ထင်ပြီး ဗမာပြည်ပြန်ရောက်တော့ လက်တွေ့ကျင့်ဖို့ အဓိက လို့ အာမခံ-ပေးတဲ့ မိုးကုတ်တို့ စွန်းလွန်းတို့ မဟာစည်တို့ တော်ကူးတို့ထုံး နှလုံးမူပြီး **မော်ဘီချမ်းမြေ့ရိပ်သာခွဲ**ကို တန်းဝင်ခဲ့တယ်။

(၇)ရက်နဲ့ သောတာပန်ဖြစ်ဖို့ ဘုန်းကြီးဝတ်နဲ့ ကျင့်ခဲ့တယ်။ ခုနှစ်လေးလီသာ ကုန်သွားတယ်။ လူလည်း ပေါင်(၂၀)လျော့သွားတယ်။ မရဘူး။ သမာဓိအားနည်းလို့ မရတာဆိုပြီး **ဖားအောက်တောရ**ကို ခြေဆန့်ခဲ့တယ်။ (၄)လ ဆက်တိုက်။ သောတာပန်အနံ့တောင် မရခဲ့ဘူး။

**(ဓမ္မဝိဟာရီငွေရတုပူဇာ၊ နှာ၊ ၁၇၂-၁၇၄။)**

**စောဒကတို့၏ရှင်းချက်**

အထက်ပါအမှတ်(၁၀)ပါစာများ၏ ဆိုလိုရင်းကား ကြွားလုံးတိုက်ထားခြင်းသာ ဖြစ်ကြသည်။ မောင်စန်းမောင်သည် ထိုမျှလောက်အထိ ရိပ်သာမျိုးစုံသို့ သွားရောက်နိုင်မည် မဟုတ်ပေ။ ထိုမျှလောက်သော သင်တန်းပြဆရာ/ဆရမတို့ထံမှ သင်တန်းတက်ယူနိုင်မည် မဟုတ်ပေ။ ပဋ္ဌာန်းကုသလတိက် ဝေဒနာတိက်အထိ သင်ယူဖူးကြောင်းများမှာ ယုံနိုင်စရာ မရှိပါ။ ပါဠိတော်ကိုဖြစ်စေ သရုပ်ဆိုရိုးကိုဖြစ်စေ ဆိုခိုင်း၍ စစ်ကြည့်သင့်၏။

**ဗန်းမော်ဆရာတော်ကြီး၊**

**ဒေါက်တာမင်းတင်မွန်၊**

**ဒေါ်ခင်လှတင်၊**

**ဦးကိုအင်ဂါ၊**

**ချမ်းမြေ့၊**

**မိုးကုတ်၊**

**မဟာစည် အစရှိသည်တို့ဘက်မှ အသရေဖျက်မှုဖြင့် တရားစွဲဆိုနိုင်ကြပေလိမ့်မည်။**

စကျွံ ဥဒပါဒိ စသည်ဖြင့်ဆို၍ သောတာပန်ဖြစ်ကြောင်းတို့ကိုလည်း ကြွားလုံးထုတ်ပြထားသေးသည်။

ဤစာပါစကားရပ်များဖြင့် မောင်စန်းမောင်ခေါ် သူသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးတို့ကို အဆုံးစွန်သို့ ကျရောက်သွားအောင် ဖျက်ဆီးနေကြောင်း အလွန်ပင် ထင်ရှားသည်။

**ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာတို့၏သဘောထား**

၁၁။ ကျောင်းဆရာဘဝတွင် ကြောင်ပန်းသုံးစောင်တွဲ၊ ခြောက်ဆောင်တွဲနှင့် လယ်တီစာအုပ်များကို လေ့လာခဲ့ပါသည်။ ပဋိစ္စသမုပ္ပါဒ်လင်္ကာ(၁၃)ပုဒ်ကို အရကျက်ခဲ့ပါသည်။ သဲအင်းဂူနည်းဖြင့် တရားထိုင်ခဲ့ပါသည်။

၁၉၈၆-ခုနှစ်တွင် ပင်စင်ယူခဲ့ပါသည်။ ထိုအချိန်မှစ၍ မိုးကုတ်တရားစာအုပ်များကို လေ့လာပြီး ခုနှစ်ရက်စခန်း ငါးရက်စခန်းများတွင် တရားအားထုတ်ခဲ့ပါသည်။

အသက်(၇၃)နှစ်မှစ၍ ပစ္စုပ္ပန်ကမ္မဝါဒတရားခွေများကို နေ့စဉ် နာကြားခြင်း၊ ဩဋ္ဌာရိကသုခမ ဆရာကြီး ဦးအောင်သိန်း၊ ဆရာကြီးဦးထွန်းရှိန်တို့နှင့် မကြာမကြာ တရားဆွေးနွေးခြင်းတို့ကို ပြုခဲ့ပါသည်။ သို့သော် မိမိ၏တရားအခံဓာတ်ကို မစွန့်နိုင်သဖြင့် ထိုပုဂ္ဂိုလ်ကြီးများ၏ ဟောပြောမှုကို သဘောမပေါက်ခဲ့ပါ။ ထိုအချိန်တွင် ဆရာကြီးဦးအောင်သိန်းက တရားသဘောပေါက်ရန်ခဲယဉ်းကြောင်း အချက်လေးချက်ကို သင်ပြပါသည်။

**(ဓမ္မဝိဟာရီငွေရတုပူဇာ၊ နှာ၊ ၂၁၃။)**

**စောဒကတို့၏ရှင်းချက်**

ဤအဘိုးကြီးသည်လည်း မောင်စန်းမောင်နှင့် သဘောတူပင် ကြွားဝါတတ်သူ ဖြစ်သည်။ မသိတတ်သူလည်း ဖြစ်သည်။ **အဘိဓမ္မာနှင့်တကွသော ထေရဝါဒသာသနာတစ်ရပ်လုံး**ကို ရိုက်ချထားပေသည်။

**ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာတို့၏သဘောထား**

၁၂။ ဘုရားရဲ့စကားတော်တွေ အနက်ဖွင့်တဲ့ အဋ္ဌကထာတွေဟာ **ကံ**ကို အမှန်မကောက်နိုင်ဘူး။ **ဝိပါက်ကိလေသာ**တွေလည်း သည်လိုပဲ။ ဒါကြောင့် ဒါတွေ တစ်ခုကိုတစ်ခု ထောက်ပြီး **စက်**ဖြစ်ပြီး **သံသရာ**အဖြစ်ကို အရမကောက်နိုင်ဘူး။ သည်-မသိတော့ ထင်ရှားပေါ်လာတဲ့ **သတ္တဝါ**ကို မမြင်ဘူး။

သတ္တဝါတွေရဲ့**အနိစ္စ**-စတဲ့ လက္ခဏာတွေလည်း မထင်ဘူး။ ဒါကြောင့် **ဒုက္ခသစ္စာ**ကို ပိုင်းခြားသိတာ မဖြစ်ဘူး။ **သမုဒယ**လည်း မပယ်နိုင်ဘူး။ ဒါကြောင့် **သံသရာပြတ်ရာနိဗ္ဗာန်**လည်း မရောက်ဘူး။ ဒုက္ခသိဖို့ **မဂ္ဂင်**တွေလည်း မပွါးနိုင်ဘူး။ ဒါတွေကြောင့် ဘုရားဒဿနနဲ့ချွတ်ယွင်းချို့တဲ့နေတယ်။

သည်လို သဘာဝယုတ္တိအရ **ပဋိဝေဓ**နဲ့ ကွာဟနေတာ သိရပါတယ်ဘုရား။ သည်အဋ္ဌကထာတွေဟာ သူမှ **ပဋိဝေဓ**-မရဘဲ ပဋိဝေဓရဖို့ သင်ကြားချက်ဖြစ်တဲ့ **ပရိယတ္တိ**တွေကို အနက်ဖွင့်ပေးနေဖို့ တော်ပါ့မလား။

**ကိုယ်မသိဘဲ-ပြောတာဟာ ကြားရသူကို ချောက်တွန်းသလို ဖြစ်တာပေါ့ဘုရား။** အဲသည်လို အထိတော့ မပြောနဲ့တော့။ မဟုတ်လို့လား ဘုရား။ မဟုတ်လို့-မဟုတ်ပါဘူး။

**(သဒ္ဓမ္မသုံးဖြာ၊ ပထမတွဲ၊ နှာ၊ ၇၀။)**

**စောဒကတို့၏ရှင်းချက်**

အထက်ပါအမှတ်(၁၂)ပါစာများ၏ ဆိုလိုရင်းကား ထေရဝါဒီတို့၏-

**"ကံ ဝိပါက် ကိလေသာ စက် သံသရာ သတ္တဝါ**

**အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ**

**ဒုက္ခသစ္စာ သမုဒယသစ္စာ သံသရာပြတ်ရာနိဗ္ဗာန် မဂ္ဂင် ပဋိဝေဓ ပရိယတ္တိ"**

တို့၏ အဓိပ္ပါယ်မှန်တို့ကို ရှုတ်ချလိုစိတ်ရှိသူများ ဖြစ်ကြသည်နှင့်အညီ အဋ္ဌကထာများကိုလည်းစော်ကားပြီး အဋ္ဌကထာဆရာကိုလည်း ကိုယ်မသိဘဲ ပြောဟော ရေးသားနေသူ-ချောက်တွန်းသမားကြီးဟုဆိုကာ စွပ်စွဲထားကြသည်။

ယင်းစွပ်စွဲချက်ကြီးဖြင့်-

ထေရဝါဒီဖြစ်ကြသော မျက်မှောက်သံဃာထုကြီးတစ်ရပ်လုံးကိုလည်းကောင်း၊ မျက်မှောက်ဒါယကာ-ဒါယိကာမများအားလုံး(ဥပါသကာ- ဥပါသိကာများ)အားလုံးကိုလည်းကောင်း ပရိယတ္တိအမှားထဲမှာ ချောက်ကျနေကြသူများဟုလည်း စွပ်စွပ်စွဲစွဲ ပြုထားကြပေသည်။ ဤသည်တို့ကား ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာတို့က ထေရဝါဒဗုဒ္ဓဘာသာတို့အပေါ်၌ ထားရှိနေ ကြသော သဘောထားကြီးများပင် ဖြစ်ကြပါကြောင်း ဖေါ်ပြအပ်ပါသည်။

# စောဒနာတို့၏အစဦးဖြစ်စဉ်များ

အထက်ပါသဘောထားတို့ကို သေချာသိမြင်နေမှသာလျှင် သူတို့၏ဝါဒရေးရာများနှင့်ရေးသားချက်များ၊ ဟောပြောချက်များအပေါ် အဓိပ္ပါယ်အယူအဆမှန်များ ဖြစ်တည်နိုင်ကြမည် ဖြစ်ပါသည်။ ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ အကြီးမားဆုံးဖြစ်သော အမှားများကိုလည်း ခန့်မှန်းနိုင်ကြမည် ဖြစ်ပါသည်။ အမှားများကိုဖေါ်ထုတ်တင်ပြလျက် စောဒနာများရေးသားနိုင်ကြမည် ဖြစ်ပါသည်။ သို့သော်လည်း စင်စင်အားဖြင့် လွယ်ကူလှသောလုပ်ငန်းမျိုး မဟုတ်ပေ။

ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာဂိုဏ်းမှထုတ်ဝေထားသည့် စာများသည် စာရေးသူတို့ထံသို့ အမြင်အားဖြင့်လည်း တစ်ချို့၊ အကြားအားဖြင့်လည်း တစ်ချို့-ဆိုက်ရောက်လာကြသည်မှာ ကာလအားဖြင့် သုံးနှစ်ဝန်ကျင်ခန့် ရှိနေလောက်ပြီ ဖြစ်ပါသည်။ စာရေးသူတို့သည် ထေရဝါဒသာသနာတော်ကြီး၏အသရေတော်တို့ကို အိုးမဲသုတ် ခံနေကြရသကဲ့သို့ ဖြစ်နေကြသည်ကို တွေ့မြင်ကြားသိနေကြရပါသည်။ သို့သော်လည်း အခံခက်ပေမယ့် အခက်အတိုင်းပင် ခံနေကြရပါသည်။

ပြီးခဲ့သည့်နှစ် (၁၃၆၉-ခုနှစ်)နယုန်လတွင်မှ စောဒနာရေးဖြစ်ကြရန် နှိုးဆော်လွှာ စာတမ်းတစ်စောင်ကို ပထမဆုံး စတင်ရေးသားနိုင်ကြပါသည်။ စာအုပ်ငယ်ကလေးဖြစ်အောင် ပြုလုပ်ပြီး နိုင်ငံတော်သံဃာ့မဟာနာယကဆရာတော်ကြီးများနှင့် စာသင်တိုက်တစ်ချို့၊ သာသနာရေးဦးစီးဌာနအရာရှိတစ်ချို့၊ သာသနာတော် အ

တွက် အကျိုးပြုမည်ဖြစ်ကြသော ရဟန်းတော်တစ်ချို့ လူပုဂ္ဂိုလ်တစ်ချို့အထံ ဖြန့်ဝေပို့ဆောင်ပေးခဲ့ပါသည်။ မဟာနာယက ဆရာတော်ကြီးများထဲက-

ဘဒ္ဒန္တတိလောကာဘိဝံသ(အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် ဆရာတော်ကြီး)၊

ဘဒ္ဒန္တမာနိတသိရီဘိဝံသ(မန္တလေးမဟာဝိသုဒ္ဓါရုံတိုက်ဆရာတော်ကြီး)အစရှိသည့် ဆရာတော်ကြီးများထံမှ ဩဝါဒတော်များကိုလည်း နာယူခဲ့ပါသည်။

ဓမ္မဗိမာန်ဆရာတော်ဘဒ္ဒန္တသာသနဝရ၊

ဆရာကြီးဦးလေးမြိုင်၊ ဆရာကြီးဦးမြကြိုင်၊

ဥပဒေပညာရှင်တစ်ချို့အထံလည်း သွားရောက်ဆွေးနွေးကာ အကြံဉာဏ်များ ရယူခဲ့ရပါသည်။ အကူအညီများလည်း ရယူခဲ့ရပါသည်။

## ဥပဒေပညာရှင်များက အကြံပေးကြသည်မှာ

"မဟာနာယကဆရာတော်ကြီးများအထံတော် ခွင့်ပန်လျှောက်ထားပြီးတော့ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ထံတော်သို့ သာသနာရေးဌာနမှနေ ဒီအမှုတွဲကို တင်ဖြစ်တာနဲ့တပြိုင်နက် နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးအထံသို့ အမှုတွဲရောက်အောင် ပို့နိုင်ဖို့အတွက် မဟာနာယက ဆရာတော်ဘုရားကြီးများအဖွဲ့ကြီးရဲ့ တံဆိပ်နှိပ်ထားတဲ့ မေတ္တာရပ်ခံစာ - တိုက်တွန်းစာ တစ်ခုခုပါဖို့ လိုလိမ့်မယ်။

ပြီးတော့ နိုင်ငံတော်ဗဟိုတရားရုံးမှနေ နိုင်ငံတော်တရားသူကြီးချုပ်ထံ ပူးတွဲတင်ပို့ထားရန်လည်း လိုလိမ့်မယ်။ နိုင်ငံတော်အကြီးအကဲက အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စေပြီး ချက်ချင်းပင် အရေးယူဖို့ အမိန့်ချ ပေးလိုက်ရင် အလွန်ပဲ လွယ်ကူသွားပါလိမ့်မယ်။

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနတွေက ဦးဇင်းတို့နဲ့တွေ့ဆုံပြီး ဒီအမှုကြီးကို အမြန်ဆုံး-ဆုံးဖြတ်ချက် ချမှတ်နိုင်အောင် ကူညီနိုင်ကြပါလိမ့်မယ်။

ဦးဇင်းတို့ အမိန့်ရှိတဲ့အတိုင်းဆိုရင် ဒီဂိုဏ်းကြီးက အဓမ္မဝါဒတွေဖြစ်နေကြပေမယ့် ပရိသတ်အင်အားမသေးတော့ဘူးဆိုတော့ တပည့်တော်တို့ ထေရဝါဒဗုဒ္ဓဘာသာကြီးနဲ့ စင်ပြိုင်ဂိုဏ်းကြီးတစ်ခုလို ဖြစ်နေတာပဲ။ အဲဒါထက်ပိုပြီး အရေးကြီးတာက ပရိသတ်အင်အားကြီးလာရင် ငွေအင်အားလည်း ကြီးနေမှာပဲ။ ပညာတတ်လူရာဝင်တွေ၊ ဥစ္စာရှိလူရာဝင်တွေ၊ သာသနာရေးဌာနက အငြိမ်းစားပညာရှင်ကြီးတောင် ပါနေတယ်ဆိုတော့ တရားဥပဒေဆိုင်ရာ လူရာဝင်တွေ စသည်ဖြင့် ရင်ဆိုင်ရမယ့် အင်အားကြီးတွေလဲ ရှိနိုင်ပါသေးတယ်။ ဒါတွေကိုလဲ နဲနဲတော့ ထည့်စဉ်းစားထားဖို့ လိုပါလိမ့်မယ်။

ပြီးတော့ သူတို့ဂိုဏ်းရဲ့အဓိကကျတဲ့ ဖြန့်ကျက်ရာဌာနတွေကိုလဲ ဦးစားပေးလေ့လာထားဖို့ လိုပါလိမ့်မယ်။ ဦးဇင်းတို့ပြောပြတဲ့အတိုင်းဆိုရင် ကချင်ပြည်နယ်တို့ စစ်ကိုင်းတိုင်းတို့ ပဲခူးတိုင်းတို့ မကွေးတိုင်းတို့ မန္တလေးတိုင်းတို့တွေပေ့ါ။ အဲဒီမှာရှိနေကြတဲ့ သူတို့ရဲ့နေရာတွေကို စုံစမ်းပြီးတော့ အဲဒါတွေကို သက်ဆိုင်ရာပြည်နယ်တိုင်းသံဃနာယကအဖွဲ့များက သတိပြုမိနိုင်အောင် သက်ဆိုင်ရာပြည်နယ်တိုင်းအလိုက် သာသနာဆိုင်ရာအစိုးရဘက်အကြီးအကဲများက သတိပြုမိနိုင်အောင် နှိုးဆော်ထားနိုင်ဖို့လဲ လိုပါလိမ့်မယ်။

တပည့်တော်တို့ကတော့ ဥပဒေဆိုင်ရာ အပိုင်းအတွက် အတတ်နိုင်ဆုံး အစွမ်းကုန် ကြိုးစားပြီးတော့ ဦးဇင်းတို့ကို အကူအညီပေးသွားပါ့မယ်။ တပည့်တော်တို့ ဗုဒ္ဓဘာသာသာသနာတော်ကြီးအတွက် ကြုံတောင့်ကြုံခဲ ထမ်းရမယ့် တာဝန်ကြီးတစ်ခုကို ထမ်းဖြစ်အောင်ထမ်းမယ်လို့ သဘောထားပြီးသားပါ"

စသည်ဖြင့် လျှောက်ထားကြပါသည်။

အဆိုပါလျှောက်ထားချက်များ၊ အကြံပေးချက်များကို ဖော်ပြပါမဟာနာယကဆရာတော်ကြီးများထံ လျှောက်တင်သောအခါတွင် ဆရာတော်ကြီးများကလည်း သဘောတူလက်ခံတော်မူကြပါသည်။

**အထူးသဖြင့် နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးအထံ အမှုတွဲရောက်ရှိရေးနှင့် အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့ရန်အမိန့် ချမှတ်ပေးရေးတို့ကို လျှောက်တင်ကြပါသည်။**

စာရေးသူတို့သည် ဆရာတော်ကြီးများအထံသို့ ဆည်းကပ်ပြီး ဩဝါဒများကိုလည်း ခံယူကြကာ လျှောက်တင်လိုသည်များကိုလည်း လျှောက်တင်ကြပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာဂိုဏ်းကြီးမှာ လစဉ်ထုတ် စာစောင် များကိုလည်း လတိုင်း ထုတ်နိုင်ကြသည်။ ဖြန့်ချိနိုင်ကြသည်။

(၂၅)နှစ်အတွင်း ရေးသားထုတ်ဝေထားသည့် စာအုပ်ပေါင်းကလည်း (၆၀)ကျော်ရှိသည်။ သင်တန်းများလည်း ရှိကြသည်။ သင်တန်းပေးသည့် သင်တန်းသုံးစာအုပ်များနှင့် စီဒီခွေများလည်း ရှိနေကြသည်။

ဟောတရားခွေပေါင်းကလည်း များစွာရှိနေကြသည်။

ထိုထိုစာများ၊ စာအုပ်များ၊ ခွေများက အလွန်ပင် ပြန့်နှံ့နေကြပြီဖြစ်သောကြောင့် စောဒနာလွှာများကို ရေးသားပြုစုပြီးနောက် ဝိနိစ္ဆယကိစ္စတို့ ပြီးပြတ်သွားသောအခါတွင် သာသနာရေးဌာနမှလည်း စာအုပ်များထုတ်ဝေနိုင်ရန်၊

မိမိတို့ စာအုပ်များကို ထုတ်ဝေမှုပြုနိုင်ကြသည့်စာပုံနှိပ်တိုက်တို့မှလည်း မိမိတို့ထုတ်ဝေနိုင်သည့် ပမာဏအတိုင်း ထုတ်ဝေနိုင်ရန် လျှောက်တင်ကြပါသည်။

ဆရာတော်ကြီးများက သဘောတူတော်မူကြပါသည်။

**စာရေးသူတို့သည် စောဒနာလွှာတို့ကို စတင်ရေးသားကြတော့မည်ဆိုသောအခါတွင် မူရင်းက တိုင်ပင်ခဲ့အတိုင်း ရေးသားကြရန် ဆုံးဖြတ်ကြပါသည်။**

"တပည့်တော်တို့က စောဒနာတော့ ရေးပါပြီ။

တင်လိုက်ပါပြီ။

သက်ဆိုင်ရာကလဲ ဆုံးဖြတ်ချက် ချမှတ် ပေးလိုက်ပါပြီ။

ဆုံးမမှုတို့ကိုလဲ ပြုလိုက်ပါပြီ။

အဲ ဟိုဘက်ကလဲ ဝန်ခံသွားပါရဲ့။

ဒါပေမဲ့ နောက်ပိုင်းကျတော့ သူ့နေရာမှာ သူ့ဘာသာပဲ သူ့အယူတွေကို ဆက်လက်ဟောပြောရေးထုတ်နေရောဆိုရင် တပည့်တော်တို့ လုပ်ရတာအတွက် ဘာမှအကျိုးရှိမှာ မဟုတ်ပါဘူး။

အခုဆိုရင် **ရှင်ဥက္ကဋ္ဌရဲ့စာအုပ်တွေကို တောင်တွင်းကြီးက မိတ္တူပြုပြီး ထုတ်ဝေနေကြတယ်။ လိုသလောက် ရနိုင်တယ်။ လှည်းတန်းက စာပေလောကစာအုပ်ဆိုင်မှာ အဲဒီမိတ္တူ စာအုပ်တွေကို ပြောင်ပဲ တင်ရောင်းနေကြသေးတယ်။ ဖြန့်တဲ့သူတွေက ဖြန့်နေကြတယ်လေ။**

နောက်ပြီးတော့ တပည့်တော်တို့က စောဒနာလုပ်ပါရော။ သူတို့တွေက ရှုံးပါရော။ အဲဒါလဲ တပည့်တော်တို့လုပ်ထားတာက အချက်အလက် နဲနဲပဲဆိုရင် သူတို့တွေက-

"စောဒကတွေကကွာ ဟိုဟာကလေးလောက်ကိုပဲ သိပြီး တစ်ဖက်သတ် လုပ်သွားလို့ပါ။ ဒါတွေကတော့ အမှန်တွေပါပဲ"

စသည်ဖြင့်ဆိုကာ သူ့အယူဆိုင်ရာတွေကို ကြွားဝါနေတတ်ကြသေးတယ်။ အဲဒါမျိုးတွေ မဖြစ်ရအောင် အစိုးရဆိုင်ရာတွေကိုလဲ အကူအညီတောင်းဖို့ လိုပါလိမ့်မယ်။ ပြည့်ပြည့်စုံစုံ လုပ်ဖို့လဲ လိုပါသေးတယ်။ စောဒနာလွှာတွေကို များများရေးနိုင်မှပဲ အဆင်ပြေမယ်။ ထိရောက်မယ်။

တပည့်တော်တို့ကတော့ ပိုပင်ပန်းကြပါလိမ့်မယ်။ ဒါပေမဲ့ မလုပ်ရင် မလုပ်ဘဲ နေဖို့ပဲ။ လုပ်ရင်လဲ အပင်ပန်းခံပြီး အကျိုးရှိအောင် ထိရောက်အောင် လုပ်ရမှာပဲ။

တပည့်တော်တို့ အခုရရှိထားတဲ့ အဓမ္မဝါဒဆိုင်ရာ စာအုပ်တွေက စပြီးတော့ ရေးကြရတော့မှာပဲ" စသည်ဖြင့် တိုင်ပင်ခဲ့ကြပါသည်။ သဘောတူခဲ့ကြပါသည်။ ဤသို့သဘောတူ ထားကြပြီးနောက် ၁၃၆၉-ခုနှစ်၊ ဝါဆိုဦးကာလမှ စတင်ပြီး ရေးသားကြပါသည်။

## စောဒနာများရေးသားနေကြစဉ်

စောဒနာလွှာပထမပိုင်းကို စောဒကဆရာတော်တစ်ပါးက ရေးသားပါသည်။ ဓမ္မအဓမ္မအဖြစ်ကို ဦးစားပေး၍ ရေးသားထားပါသည်။ အဓမ္မဝါဒဖြစ်ကြောင်း ပေါ်လွင်စေမည် ထင်ရှားစေမည် ဖြစ်ပါသည်။ အကိုးအကားပြု သာဓက ပါဠိတော် အဋ္ဌကထာ ဋီကာများကို အပြည့်အစုံဖြစ်အောင် ကူးယူဖော်ပြလျက် သေချာစွာ ရေးသားထားပါသည်။

စောဒနာလွှာဒုတိယပိုင်းကို စောဒကဆရာတော်တစ်ပါးက ရေးသားပါသည်။ ဓမ္မ အဓမ္မအဖြစ်ကို အခြေခံထားလျက် ထေရဝါဒဗုဒ္ဓဘာသာကြီးကို မည်သို့မည်ပုံ ဖျက်ဆီးထားကြောင်းတို့ကို ဦးစားပေး၍ ရေးသားပါသည်။ ထိုသို့ရေးသားရာတွင် သူတို့ဘက်က စကားစုများ စာစုများက ဘာကိုဆိုလိုကြောင်းတို့ကိုပါ ဖော်ကောင်လုပ်၍ ထုတ်ပြရပါသည်။ ဝေါဟာရဆိုင်ရာရှင်းလင်းချက်၊ စကားစုတစ်ခုလုံး ဆိုင်ရာရှင်းလင်းချက်များကိုပါ အကျယ်ရေးသားပါသည်။

မိမိတို့၏ ထေရဝါဒရေးရာအနေဖြင့် သိသင့်သိထိုက်သော ဆိုင်ရာဆိုင်ရာ ဆိုလိုချက်တို့ကိုလည်း ပြည့်စုံအောင် ရေးသားပါသည်။ ထို့ကြောင့် လူအများနားလည်ရေးသို့(သို့မဟုတ်)သူတို့က ဘယ်လောက်အထိ မိမိတို့၏ ဘာသာသာသနာတော်ကြီးအပေါ် ထိပါးစော်ကားထားကြောင်း ပေါ်လွင်ထင်ရှားရေးသို့ ရှေးရှုထားရပါသည်။ ထို့ကြောင့် အကိုးအကားပြု သာဓကများ ထုတ်ဆောင်ရာအပိုင်းအတွက် အနဲငယ် မပြည့်မစုံများ ဖြစ်နိုင်ကောင်းပါသည်။ အဓိပ္ပါယ်အယူအဆပိုင်းအနေဖြင့် ခက်ခက်ခဲခဲများကိုပင် ပြည့်စုံအောင် ရေးသားပါသည်။

နောင်အခါတွင် စောဒနာလွှာများကိုချည်း စာအုပ်ထုတ်ဝေခွင့်ရရှိလျှင် စာအုပ်ကောင်းတစ်အုပ်ဖြစ်နေစေရန် ရှေးရှုထားချက်လည်း ပါဝင်ပါသည်။

စောဒနာလွှာတတိယပိုင်းတွင် စောဒကဆရာတော်သုံးပါးတို့က အပိုင်းအလျှောက် ရေးသားကြပါသည်။ ဤတတိယပိုင်းတွင်လည်း ဓမ္မအဓမ္မအဖြစ်ကို ဦးစားပေးမှုထက် မိမိတို့၏ ထေရဝါဒသာသနာဆိုင်ရာတို့ကို ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာသမားများက မည်မျှလောက်အထိ စော်ကားထားကြောင်း တိုက်ခိုက်ထားကြောင်းတို့ကိုသာ ပို၍ အဓိကထားလျက် ဦးစားပေးထားပါသည်။

ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ပျက်စီးစေရေး မှန်သမျှတို့အတွက်---

**ဘုရားရှိခိုးမှုပြုခြင်းမှ စ၍ အကြီးအကျယ်ပင် စေ့စေ့ပေါက်ပေါက် ဖျက်ဆီးထားပုံများကို သိမြင်ကြရမည်** ဖြစ်ပါသည်။

ထို့ပြင်-

အဆိုပါဂိုဏ်းကြီးက ရေးသားဖြန့်ဝေထားကြသည့် ထေရဝါဒဗုဒ္ဓဘာသာကြီးကို ပျက်စီးအောင် ဖျက်ဆီးကြရာတွင် အကာကြီး အဆီးကြီး ဖြစ်နေကြသောကြောင့် အကာအဆီးတို့ကို ခွါချဖြိုဖျက်သည့်အနေဖြင့် **နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး ပျက်စီးသွားရေးတို့ကိုလည်းကောင်း၊**

**ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်ဆည်းကပ်ကြသည့် နိုင်ငံတော်အစိုးရ အာဏာပိုင်အဖွဲ့ကြီး ပျက်စီးရေးတို့ကိုလည်းကောင်း သိမြင်ကြရမည်** ဖြစ်ပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာ အမည်ခံတို့သည် ထိုမျှလောက်အထိပင် ကျူးကျူးနင်းနင်း စော်ကားတတ်သူများဖြစ်ကြောင်း အလွန်ထင်ရှားကြပါသည်။

ဆိုလိုရင်းအချုပ်မှာ-

"စောဒနာလွှာပထမပိုင်းနှင့် စောဒနာလွှာဒုတိယပိုင်း(ရှိရှေ့ပိုင်း)တို့သည် ဘာသာရေး သာသနာရေး သန့်သန့်မျှသာ ဖြစ်ကြပါသည်။

စောဒနာလွှာဒုတိယပိုင်း(ရှိနောက်ပိုင်း)နှင့်စောဒနာလွှာ တတိယပိုင်းတို့သည် အစိုးရတရားရုံးဆိုင်ရာ လောကီရေးများပါ အကျုံးဝင်ပါသည်"။

ဤသို့ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖြစ်ကြသည်ကို သိရှိကြသော ဆရာတော်များထဲက အချို့ဆရာတော်ကြီးများက စောဒနာများများ မရေးကြဖို့ ဩဝါဒပေးတော်မူကြပါသည်။ စာရေးသူတို့ ပင်ပန်းကြမည်ကို

ငဲ့တော်မူကြဟန် ရှိပါသည်။ ထိုဆရာတော်ကြီးများ၏ ဩဝါဒတော်တို့ကိုလည်း လိုက်နာကြသည့်အနေဖြင့် နောက်ပိုင်းစောဒနာလွှာများမှာ အမှားဖြစ်ကြောင်း ထင်ရှားသိသာရုံလောက်မျှသာ စောဒနာထားကြပါသည်။

နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌဆရာတော်ကြီး အမှူးရှိကုန်သော ဆရာတော်တို့က ရွေးချယ်၍ ဝိနည်းမိုရ်တာဝန်ကြီးကို ထမ်းရွက်တော်မူခွင့်ရရှိကြသည့် ဝိနည်းမိုရ်ဆရာတော်ကြီးများအနေဖြင့် နောက်ပိုင်းပါ စောဒနာလွှာတို့အတွက် ဝိနိစ္ဆယချမှတ်မှုတို့ကို မပြုသော်လည်း ရှေ့ပိုင်းစောဒနာများအတွက် ဝိနိစ္ဆယမှုတို့ကို ပြုလျှင်ပင် လုံလောက်ပြီး-ပြည့်စုံပြီး ဖြစ်ပါလိမ့်မည်။

ထိုသို့ဆိုလျှင် အပိုတွေ ရေးတင်ရသလောဟုလည်း အပြစ်တင်စောတော်မမူဘဲ သည်းခံတော်မူကြပါရန် လျှောက်ထားပန်ကြားအပ်ပါသည်ဘုရား။ တပည့်တော်တို့က ရသမျှစာအုပ်တို့ကို ပိုဒ်စိတ်တိုက်၍ ဖတ်ရှုပြီး ဘာသာသာသနာအတွက် အရေးပါသည့်အချက်အလက်များ ဖြစ်ကြသည်(ဝါ) တပည့်တော်တို့၏ ထေရဝါဒ သာသနာတော်ကြီးကို ပျက်စီးသွားအောင် ဖျက်ဆီးထားမှုများ ဖြစ်ကြသည်ဟု ယူဆထိုက်သည်တို့ကိုသာ ရွေးထုတ်တင်ပြထားကြောင်း လျှောက်ထားအပ်ပါသည်။

သာသနာရေးအတွက်လည်း အကျိုးဝင်၍ လောကရေးဥပဒေအတွက်လည်း အကျိုးဝင်အောင် ရေးသားထားခြင်းပင် ဖြစ်ပါသည်။ ထိုသို့ အကျိုးဝင်အောင် ရေးသားထားကြပါသော်လည်း စာရေးသူစောဒကတို့က တရားစွဲဆိုမှုတို့ကို ပြုလုပ်ခြင်း မဟုတ်ကြပေ။

ပထမပိုင်း စောဒနာများနှင့် ဒုတိယပိုင်း(ရှိရှေ့ပိုင်း)စောဒနာတို့ကို ဝိနိစ္ဆယမှုပြုတော်မူကြရာတွင် ဘာသာရေး သာသနာရေးဆိုင်ရာ စောဒနာတင်အပ်ကုန်သော စောဒနာတို့အတွက် အထောက်အပံ့များလည်း ဖြစ်ကြပါစေ၊ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာတော်ကြီးကို ရိုသေလေးမြတ် ကျေးဇူးဆပ်လိုကြသော သက်ဆိုင်ရာဌာနများ၊ သက်ဆိုင်ရာပုဂ္ဂိုလ်များက လောကီရေးအားဖြင့် တရားစွဲဆိုမှုတို့ကို ပြုလုပ်လိုကြလျှင် သိသာထင်ရှားနေပြီးသားတွေလည်း ဖြစ်ကြပါစေဟူ၍ နှလုံးသွင်းထားလျက် ရေးသားထားပါသည်။

ထိုသို့စွဲဆိုလိုသူများပေါ်ပေါက်လာလျှင် စာရေးသူတို့-စောဒကများအနေဖြင့် ဝိနည်းသီလ=သိက္ခာပုဒ်တော်များအတွင်းမှာ ရပ်တည်လျက် ပါဝင်ဆောင်ရွက် သင့်သမျှတို့ကို ပါဝင်ကူညီနိုင်ကြမည်ဖြစ်ပါကြောင်း အသိပေးလိုပါသည်။

(လောကီရေးအားဖြင့် နိုင်ငံတော်တရားရုံးစသည်တို့ထံ တင်ပြလျက် တရားတဘောင် ပြုလိုသူ **တရားလိုဖြစ်လိုစိတ်ရှိသူများအနေဖြင့်မူ** ဤစောဒနာလွှာတို့တွင် စောဒနာလွှာတတိယပိုင်းကို ရှေးဦးစွာ ဖတ်ရှု သင့်ပါသည်။ ရှေ့ပိုင်းဖြစ်သည့် စောဒနာလွှာပထမပိုင်းနှင့်စောဒနာလွှာဒုတိယပိုင်းတို့ကို ရှေးဦးစွာ ဖတ်ရှုလျှင် အချိန်ကုန်ရသည့် ပမာဏတို့က များလွန်းလှပြီး နားစိမ်းနေသည်များကို ဖတ်ရှုနေရသဖြင့် မူရင်းဖြစ်ပေါ်ဆဲ သာသနာစိတ်ကလေးပင် ပြန်လည်ငုတ်ဝင်သွားမှာ စိုးရိမ်ရပေလိမ့်မည်။ပါဠိများ၍ နားမလည်မည်ကိုစိုးမိသည်။)

အထက်တွင် တင်ပြအပ်သည့်အတိုင်း စောဒနာများကို ရေးသားနေကြစဉ်အတွင်း အဆိုပါခုနှစ်-ဝါတွင်းကာလမှာ ပြဿနာကြီးတစ်ခု ဖြစ်ပေါ်လာသောကြောင့် စောဒနာရေးသားမှုများလည်း ယာယီအားဖြင့် ရပ်တံ့သွားကြရပါသည်။ စောဒနာရေးပြီးသားများတစ်စိတ်တစ်ပိုင်းတို့သာ ကွန်ပျူတာစာစီပြီးတစ်ချို့-လက်ရေးမူတစ်ချို့ ဖြစ်နေကြရပါသည်။ ထိုသို့ဖြစ်နေပြီးနောက် ယခုနှစ်-ဝါတွင်းကာလသို့ပင် ဆိုက်ရောက်လာပါသည်။

ဝါဆိုဦးကာလတွင်-

"ဒီဝါတွင်းမှာ စောဒနာတွေ အပြီးရေးမယ်"

ဟု အားခဲထားပါသော်လည်း နာဂစ်မုန်တိုင်းကြီး ဖြစ်ပေါ်လာသောကြောင့် အထမမြောက်နိုင်ဘဲ ရှိကြရပြန်ပါသည်။ ယခုနှစ်-သီတင်းကျွတ်ရောက်မှသာလျှင် တကယ်ရေးဖြစ်ကြပါသည်။ ကြားကာလတစ်လျှောက်တို့မှာလည်း ရရှိသမျှ စာအုပ်စာတမ်း စသည်တို့ကို ရှာဖွေလျက်သာ ရှိသောကြောင့် ယခုသီတင်းကျွတ်ကာလ စောဒနာလွှာများ ရေးသားဖြစ်ချိန်တွင် မိစ္ဆာဝါဒစာအုပ်ပေါင်း(၄၀)နီးပါးတို့ကို စုမိကြပါသည်။

၎င်းတို့ကို စောဒနာလွှာတို့နှင့်အတူ **သက်သေခံအဖြစ်**(စာရင်းပြုလျက်)ပူးတွဲတင်ပြထားပါသည်။

စင်စစ်အားဖြင့် စာအုပ်အမည် စာရင်း အနေဖြင့် ရရှိသည့်စာအုပ်နာမည်များကမူ(၆၀)ကျော်အထိပင် ရှိကြပါသည်။

## စုဒိတကဖြစ်ထိုက်သူများ

နောက်နားတွင်"စုဒိတကပုဂ္ဂိုလ်များ"အမည်ဖြင့် ဖော်ပြလတ္တံ့ဖြစ်ကုန်သော ပုဂ္ဂိုလ်များသည်-
ဓမ္မဝိဟာရီ ငွေရတုပူဇာစာအုပ်ကြီး၊
မိုးပြာကျောင်းမှပေးစာများ(၁)(မိုးပေါက်ကျချောင်)စာအုပ်ကြီးတို့နှင့်
သီတင်းသုံးဖော်ဖိတ်ခေါ်နိုင်ရန် ပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓဘာသာဝင်(ဓမ္မမိတ်ဆွေများ၏လိပ်စာ) စာအုပ်တို့အရ လည်းကောင်း၊
သက်ဆိုင်ရာစာအုပ်တို့အရလည်းကောင်း စုဒိတကအတွင်း ပါဝင်သင့်လောက်အောင်-ပါဝင်ထိုက် လောက်အောင် အရေးပါသူများ ဖြစ်သောကြောင့် စုဒိတကစာရင်းအတွင်း ထည့်သွင်းလျက် စောဒနာအပြု-ခံထိုက်သူများ-တာဝန်ရှိသူများ ဖြစ်ကြပါကြောင်း ဖော်ပြအပ်ပါသည်။

**အထူးဖော်ပြဖွယ်-ဝန်ခံဖွယ်ရှိသည်မှာ-**
ဓမ္မနာယကကြီးများနှင့်
ဗဟိုဂေါပကများ၊
မန္တလေးဂေါပကများ၊
ရန်ကုန်ဂေါပကများ၊
မေမြို့ဂေါပကများ၊
ဓမ္မဆရာများ၊
ဓမ္မစာစုဂေါပကများကို အတိအကျ ရေတွက်မှတ်သား-ပိုင်းခြား၍ မဖော်ပြနိုင်သည့်အချက်ပင် ဖြစ်ပါသည်။

ငွေရတုပူဇာစာအုပ်တွင် အုပ်စုလိုက်ဓာတ်ပုံများ ပါရှိကြသော်လည်း အပြည့်အစုံ မဟုတ်နိုင်ပေ။ ထို့ကြောင့် အဆိုပါသီတင်းသုံးဖော်ဖိတ်ခေါ်နိုင်ရန် ပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓဘာသာဝင်(ဓမ္မမိတ်ဆွေများ၏လိပ်စာ) စာအုပ်ကိုလည်း ပူးတွဲ၍ဖော်ပြအပ်ပါသည်။

ယင်းစာအုပ်အတွင်း ပါရှိသူတို့သည်လည်း စောဒနာအပြုခံထိုက်သူများ-တာဝန်ရှိသူများ ဖြစ်ကြပါကြောင်း ထပ်မံ၍ဖော်ပြအပ်ပါသည်။

ဤသို့လျှင် ထိုထိုစာအုပ်ပါပုဂ္ဂိုလ်များကို တင်ပြလိုက်သောအခါတွင်-

**"ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာဂိုဏ်းကြီး၏ အင်အားကြီးမားနေပုံတို့သည် အလွန်ပင်ထင်ရှားလာကြပြီ"** ဖြစ်ပါသည်။ ထို့ကြောင့် စောဒက ပုဂ္ဂိုလ်များအနေဖြင့် စဉ်းစားဖွယ်ရာများ တိုးပွါးလာကြပြီ ဖြစ်ပါသည်။

**"ဓမ္မ-အဓမ္မဖြစ်ကြောင်းသက်သက်အတွက် ဝိနိစ္ဆယပေါ်ထွက်နိုင်ရေးသက်သက်ကိုသာ ရေးသားကြရမည်လား။**

**သို့မဟုတ်**

**အခြားဘက်ပေါင်းစုံအတွက်ကိုပါ ဆုံးဖြတ်ချက်များ ပေါ်ထွက်လာ နိုင်စေရေးတို့ကိုပါ ရှေးရှု ရေးသားကြရမည်လား"။**

ရှေ့တွင် တင်ပြထားအပ်သော **စောဒနာတို့၏နိဒါန်းကြီးရှေးဦးပိုင်း(၁၂)ချက်တို့ကို** သေချာစွာ လေ့လာကြည့်ရှုကြသူတို့သည် ဤမေးခွန်းကြီးအတွက် အဖြေမှန်တို့ကို ခန့်မှန်းမိကြမည် ဖြစ်ပါသည်။ မှန်၏။ ယင်းနိဒါန်းထဲတွင် ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာများသည် တရားမဝင်သော ဘာသာအသစ်ကြီးတစ်ခုဖြစ်ကြောင်း ပါဝင်-ထင်ရှားနေပါသည်။

ထို့ပြင်-

ဓမ္မအရကောက်မှာလည်း **“အဗျာကထနဆယ်ပါးတို့နှင့် သမာအမြင် အစရှိကုန်သော ရှစ်ပါးတို့သာ”**ဖြစ်ကြောင်းလည်း အလွန်ပင်ထင်ရှားနေပါသည်။

**“ပိဋကတ်သုံးပုံ အလုံးစုံတို့ကို ဓမ္မဟု မယူကြသူများ”**ဖြစ်ကြောင်းလည်း အလွန်ပင်ထင်ရှားနေပါသည်။

**“ဝိနယတို့ကို ပယ်ပစ်ကြသူများ”**ဖြစ်ကြောင်းလည်း အလွန်ပင်ထင်ရှားနေပါသည်။

ထို့ကြောင့် စာရေးသူ တို့ စောဒကများသည် မိမိတို့၏ ထေရဝါဒပိဋကတ်သုံးပုံတို့ကို **ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာဂိုဏ်းကြီး**က ဖျက်ဆီးထားသည်တို့နှင့် တိုက်ရိုက်ပတ်သက်ရာ အချက်အလက်မှန်သမျှတို့ကိုလည်း အဦးပြုလျက် စောဒနာရေး-စွဲချက်တင်ကြရမည်ဖြစ်ကြောင်း သဘောပေါက်ကြပါသည်။

## စောဒနာလွှာတတိယပိုင်းကိုရေးသားကြစဉ်

စာရေးသူတို့စောဒကများသည် အစဦးပိုင်းတွင် ထိုကဲ့သို့သော သီးသန့်ဘာသာကြီးအဖြစ် တည်ထောင်ထားကြောင်း သဘောမပေါက်ကြသောကြောင့်-

“ပါဠိတော်ဆိုင်ရာ အဋ္ဌကထာဆိုင်ရာ ဒေသနာတို့ကို အမှားဖြစ်အောင် ရေးသားယူဆထားကြသည်” ဟုမှတ်ထင်လျက် အမှန်တို့ကို ပေါ်လွင်အောင် ရှင်းလင်းတင်ပြပေးသည့် စောဒနာများစွာတို့ကို ရေးမိကြပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာခေါင်းဆောင်ကြီးများက လက်ခံနိုင်ကြမည်-မဟုတ်သော်လည်း အစစ်အမှန်ကို သိခွင့်မရခြင်းကြောင့် အမှားဘက်သို့ ပါသွားသူများအတွက် နားလည်နိုင်အောင်လည်း ရည်ရွယ်ကြပါသည်။

သို့ဖြစ်ပါ၍ မပန်းသင့်ပါဘဲလျက်ကယ်နှင့် ပင်ပန်းခဲ့ရသော ဆောင်ရွက်ချက်များ ရှိခဲ့ကြပါသည်။

စောဒနာပထမပိုင်းနှင့် စောဒနာဒုတိယပိုင်းတို့ကို ရေးသားပြီး ဖြစ်ကြရာတွင် နားလည်စရာ အကျယ်များကိုပါ ထည့်သွင်းမိခဲ့ကြပြီးလည်း ဖြစ်ပါသည်။

နောက်စောဒနာများကိုမူ ထိုသို့မရေးသား-မစိစစ်ကြတော့ဘဲ. . .

**“မည်သည့်စာများက မည်သည့်ပါဠိတော်တို့ကို ဖျက်ဆီးထားချက်-မြောက်သည်။**

**မည်သည့်စာများက မည်သည့်အဋ္ဌကထာတို့ကို ဖျက်ဆီးချက်-မြောက်သည်။**

**မည်သည့်စာများက မည်သည့်ပရိယတ္တိသာသနာပိုင်းကို ထိခိုက်-တိုက်ဖျက်ထားသည်။**

**မည်သည့်စာများက မည်သည့်ပဋိပတ္တိ သာသနာပိုင်းကို ထိခိုက်-တိုက်ဖျက်ထားသည်။**

**မည်သည့်စာများက မည်သည့်ဘာသာရေးထုံးစံကောင်းများကို ထိခိုက်-တိုက်ဖျက်ထားသည်။**

**ထို့ကြောင့် စောဒကများ ဖြစ်နေကြသည့် မိမိတို့အနေဖြင့် မိမိတို့၏ ထေရဝါဒ သာသနာတော်မြတ်ကြီးအတွက် မည်သို့မည်ပုံ ပြန်လည်-ဖြေရှင်း-ခုခံ-ဆောင်ရွက်-ကြရမည်တို့ကိုသာ အဓိကထားလျက် စောဒနာကြရမည်”** ဖြစ်ပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာများ၏ လုပ်ဆောင်ချက်-ရေးသားချက်တို့ကို အစွဲပြု၍ မှား-မှန်တို့ကို စစ်ပြနေဖွယ်ရာများ မရှိကြပြီဟု ဆိုလိုပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာများသည်**“နိဗ္ဗာန်သည်ပင် တရား-မဖြစ်”**ဟု သိမြင်သူများ ဖြစ်ကြပါသည်။ ထို့ကြောင့် စာရေးသူတို့၏**“ထေရဝါဒဗုဒ္ဓဘာသာများနှင့် ဘာမျှမဆိုင်သူများ ဖြစ်သည်”**ဟုမှတ်ယူလျက် သူ့ကိစ္စနှင့်သူ့အပိုင်း သူ့ဘာသာအဖြစ်ဖြင့်သာ ထားလိုက်ကြရန် ဖြစ်ပါသော်လည်း စာရေးသူတို့၏ ထေရဝါဒသာသနာတော်မြတ်ကြီးကို ထိပါးချက်များ-များလွန်းလှသောကြောင့် မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်တွင် ဘုရားရှင်က မြော်မြင်တော်မူခဲ့သည့် ပရိသတ်လေးပါးတွင် အပါအဝင်ဖြစ်အောင် ကြိုးစာကြရမည့်တာဝန်ရှိသူများ ဖြစ်နေကြသည့်အတိုင်း ကြိုးစားအားထုတ်လျက် **<u>ရေးသား၍ ဖြေရှင်းကြရပါသည်။</u>**

ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာများသည်-

(၁) စာရေးသူတို့၏ ထေရဝါဒလာ ပိဋကတ်ဒေသနာတို့ကိုလည်းကောင်း၊

(၂) စာရေးသူတို့၏ ထေရဝါဒလာ ပရိယတ္တိစာသင်တိုက်တို့ကိုလည်းကောင်း၊
(၃) စာရေးသူတို့၏ ထေရဝါဒလာ ပဋိပတ္တိရိပ်သာတို့ကိုလည်းကောင်း၊
(၄) စာရေးသူတို့၏ ထေရဝါဒလာ ပရိယတ္တိဝန်ဆောင်တို့ကိုလည်းကောင်း၊
(၅) စာရေးသူတို့၏ ထေရဝါဒလာ ပဋိပတ္တိဝန်ဆောင်တို့ကိုလည်းကောင်း၊
(၆) စာရေးသူတို့၏ ထေရဝါဒလာ ကျောင်းထိုင်ဘုန်းတော်ကြီးများ အသီးသီးတို့ကိုလည်းကောင်း၊
(၇) ထိုထိုပရိယတ်၊ ထိုထိုပဋိပတ်၊ ထိုထိုဝန်ဆောင်တို့အား ထောက်ပင့်အားပေးနေကြသူ ဒါယကများနှင့် ဒါယိကာများကိုလည်းကောင်း တိုက်ဖျက်မှုတို့ကို မပြုကြသည်ရှိသော် စာရေးသူတို့က စောဒနာမှုများကို ပြုနေကြရဖွယ် လုံးဝမရှိကြကြောင်း အလွန်သိသာလှပြီ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍

ယခုစောဒနာလွှာတတိယပိုင်းလာ စောဒနာများသည် ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာများ၏ ရေးသားချက်များ ဟောပြောချက်များနှင့်စပ်လျဉ်း၍ မှား-မှန်ဖြစ်ခြင်းကို စစ်ဆေးပြမှုတို့ထက် စာရေးသူတို့၏ ထေရဝါဒလာသာသနာရေးတို့ကို ကာကွယ်ကြရန်သာ ပို၍ အရေးကြီးကြောင်း ထင်ရှားစေကြရမည့် စောဒနာများ ဖြစ်ကြပါသည်။

**“စာရေးသူတို့၏** ထေရဝါဒလာ **ပိဋကတ်ဒေသနာတို့ကိုလည်းကောင်း၊**

စာရေးသူတို့၏ ထေရဝါဒလာ **ပရိယတ္တိစာသင်တိုက်တို့ကိုလည်းကောင်း၊**

စာရေးသူတို့၏ ထေရဝါဒလာ **ပဋိပတ္တိရိပ်သာတို့ကိုလည်းကောင်း၊**

စာရေးသူတို့၏ ထေရဝါဒလာ **ပရိယတ္တိဝန်ဆောင်တို့ကိုလည်းကောင်း၊**

စာရေးသူတို့၏ ထေရဝါဒလာ **ပဋိပတ္တိဝန်ဆောင်တို့ကိုလည်းကောင်း၊**

စာရေးသူတို့၏ ထေရဝါဒလာ **ကျောင်းထိုင်ဘုန်းတော်ကြီးအသီးသီးတို့ကိုလည်းကောင်း၊**

စာရေးသူတို့၏ ထေရဝါဒလာ **ထိုထိုပရိယတ်၊ ထိုထိုပဋိပတ်၊ ထိုထိုဝန်ဆောင်တို့အား ထောက်ပင့်အားပေးနေကြသူ-ဒါယကများနှင့်ဒါယိကာများကိုလည်းကောင်း**

**တိုက်ဖျက်မှုတို့ကို ပြုထားကြသည့်အတွက် အရေးယူသင့်သည်တို့ကိုသာ အဓိကထားကြရမည်”** ဖြစ်ပါသည်။

စာရေးသူတို့စောဒကများအနေဖြင့် အစဦးပိုင်းတွင်-

“ပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓဘာသာများသည် မဂ္ဂင်ရှစ်ပါးကို အယူလွဲခြင်းကြောင့်လည်းကောင်း

တရားဂုဏ်ခြောက်ပါးကို အယူလွဲခြင်းကြောင့်လည်းကောင်း ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာများ အသိတွေမှားနေကြသည်”

ဟု ယုံထားမိကြပါသည်။ မဂ္ဂင်ရှစ်ပါးဟူသောအသံကြောင့်ပင် ဖြစ်ပါသည်။

ယခုအခါမှာမူ နိဗ္ဗာန်ကိုပင် တရားမဟုတ်ဟူ၍ ဆိုထားကြပြီ-ဖြစ်သောကြောင့် ထိုမဂ္ဂင်ရှစ်ပါးသည်လည်း ဘာမျှအဓိပ္ပါယ်မရှိပြီ-ဖြစ်ကြောင်း ထင်ရှားလာကြပါသည်။ မှန်၏။ **မဂ္ဂင်ဟူသည် နိဗ္ဗာန်သို့ရောက်စေတတ်သော လမ်းစဉ်-လမ်းမြတ်တစ်ခုသာ ဖြစ်သည်။ နိဗ္ဗာန်သို့မရောက်စေတတ်လျှင် “မဂ္ဂင်” မဟုတ်ပေပြီ။**

## စောဒနာလွှာများကိုတင်ပြရေးအစီအစဉ်

ဤသို့သဘောပေါက်လာကြသည်နှင့်တပြိုင်နက် ဖြစ်ပေါ်လာသည့် ပြဿနာတစ်ခုမှာ-

**“ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာများကဲ့သို့သော ဘာသာအသစ် ဂိုဏ်းအသစ်မျိုးသည် ဆက်လက်ရှိသင့်ပါသလား။**

**သို့မဟုတ်**

**မရှိသင့်ပါသလား”**

ဟူ၍ပင် ဖြစ်ပါသည်။

ဤအပိုင်းကို စာရေးသူတို့စောဒကများအနေဖြင့်မူ "မရှိသင့်ကြောင်း ပြဋ္ဌာန်းထားသည့် ဥပဒေရှိသည်"ဟု သိနေကြပါသော် စဉ်းစားသင့်ရုံမျှသာ စဉ်းစားသင့်ကြပါသည်။ စာရေးသူတို့စောဒကများသည် ဆုံးဖြတ်နိုင်ခွင့်ရှိသူများ မဟုတ်ကြပေ။ ဆုံးဖြတ်ပိုင်ခွင့်ရှိသူများလည်း မဟုတ်ကြပေ။

ဤအပိုင်း၏အခန်းကြီးသည် နိုင်ငံတော်ဆိုင်ရာ မဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဆိုင်ရာ အာဏာပိုင်အစိုးရတို့က ဆုံးဖြတ်ကြရမည့်ကိစ္စကြီး ဖြစ်ပါသည်။

အထူးသဖြင့် သာသနာရေးဝန်ကြီးဌာနက အကြီးအမှူး ပြုကြရမည့်ကိစ္စကြီးများ ဖြစ်ပါသည်။

ထို့ကြောင့် စာရေးသူတို့ စောဒကများအနေဖြင့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ ဩဝါဒတို့နှင့်အညီ သက်ဆိုင်ရာအကြီးအကဲများထံ ပေါက်ရောက်အောင် တင်ပြကြရုံသာ ရှိကြပါသည်။

ထိုသို့တင်ပြကြရာတွင်လည်း မြို့နယ်၊ တိုင်း၊ သံဃနာယကဆရာတော်ကြီးများနှင့် မြို့နယ်၊ တိုင်း၊ သာသနာရေးဆိုင်ရာ အကြီးအကဲများထံသို့ပါ ပေါက်ရောက်အောင် တင်ပြကြရန် ရှိပါသေးသည်။

ထိုထိုမြို့နယ် ထိုထိုတိုင်းနယ် သာသနာရေး အကြီးအကဲများမှ တဆင့်သော်လည်းကောင်း၊ ရှေ့နေရှေ့ရပ်-ဥပဒေပညာတတ်တို့၏အကူအညီဖြင့်လည်းကောင်း သက်ဆိုင်ရာအာဏာပိုင်ကြီးများထံ-သက်ဆိုင်ရာ တရားသူကြီးများထံ ရောက်ကြပြီ-ဆိုမှသာလျှင် အဆိုပါ-

**"ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာများကဲ့သို့သော ဘာသာအသစ်ဂိုဏ်း အသစ်မျိုးသည် ဆက်လက်ရှိသင့်ပါသလား။**

**သို့မဟုတ်**

**မရှိသင့်ပါသလား"**

ဟူသောပြဿနာကြီးကို အပြီးတိုင်အောင် စီရင်နိုင်ကြမည် ဖြစ်ပါသည်။

**၁။ စာရေးသူတို့၏ ထေရဝါဒလာ ပိဋကတ်ဒေသနာတို့ကိုလည်းကောင်း၊**

**ပရိယတ္တိစာသင်တိုက်တို့ကိုလည်းကောင်း၊**

**ပဋိပတ္တိရိပ်သာတို့ကိုလည်းကောင်း၊**

**ပရိယတ္တိဝန်ဆောင်တို့ကိုလည်းကောင်း၊**

**ပဋိပတ္တိဝန်ဆောင်တို့ကိုလည်းကောင်း၊**

**ကျောင်းထိုင်ဆရာတော်အသီးသီးတို့ကိုလည်းကောင်း၊**

**ထိုထိုပရိယတ်၊ ထိုထိုပဋိပတ်၊ ထိုထိုဝန်ဆောင်တို့အား ထောက်ပင့်အားပေးနေကြသူ-ဒါယကများနှင့် ဒါယိကာများကိုလည်းကောင်း တိုက်ဖျက်မှုတို့ကို မပြုထားကြလျှင်**

**"ပစ္စုပ္ပန်ကမ္မဝါဒကဲ့သို့သော ဘာသာအသစ်-ဂိုဏ်းအသစ်မျိုး ရှိသင့်သည် သို့မဟုတ် မရှိ သင့်" ဟူသောအချက်တို့ကို စာရေးသူတို့ စောဒကများအနေဖြင့် အပင်ပန်းခံ၍ စဉ်းစားနေဖွယ်ရာ ကိစ္စကြီး မရှိပါ။**

**သူ့ဘာသာနှင့်သူ ရှိချင်လျှင်ရှိပါစေ-မရှိချင်လျှင် မရှိပါစေဟူ၍သာ သဘောထားကြ ရမည် ဖြစ်ပါသည်။**

**၂။ စာရေးသူတို့၏ ထေရဝါဒလာ ပိဋကတ်ဒေသနာတို့ကိုလည်းကောင်း၊**

**စာရေးသူတို့၏ ထေရဝါဒပရိယတ္တိစာသင်တိုက်တို့ကိုလည်းကောင်း၊**

**စာရေးသူတို့၏ ထေရဝါဒပဋိပတ္တိရိပ်သာတို့ကိုလည်းကောင်း၊**

**စာရေးသူတို့၏ထေရဝါဒပရိယတ္တိဝန်ဆောင်တို့ကိုလည်းကောင်း၊**

**စာရေးသူတို့၏ထေရဝါဒပဋိပတ္တိဝန်ဆောင်တို့ကိုလည်းကောင်း၊**

စာရေးသူတို့၏ထေရဝါဒကျောင်းထိုင်ဆရာတော်-သာသနာပြုဆရာတော်အသီးသီးတို့ကိုလည်းကောင်း၊

ထိုထိုပရိယတ်၊ ထိုထိုပဋိပတ်၊ ထိုထိုဝန်ဆောင်တို့အား ထောက်ပင့်အားပေးနေကြသူ-ဒါယကများနှင့်ဒါယိကာများကိုလည်းကောင်း တိုက်ဖျက်မှုတို့ကို ပြုထားကြလျှင်ကား စာရေးသူတို့ စောဒကများအနေဖြင့်-

"ပစ္စုပ္ပန်ကမ္ဘာဝါဒဗုဒ္ဓဘာသာကဲ့သို့သော ဘာသာအသစ်-ဂိုဏ်းအသစ်မျိုး မရှိသင့်"ဟူသော အချက်တို့ကို အပင်ပန်းခံ၍ စဉ်းစားကြရမည်သာ ဖြစ်ပါသည်။

"ယင်းကဲ့သို့သော ဘာသာအသစ်မျိုး ဂိုဏ်းအသစ်မျိုး မရှိပါစေနှင့်။ ကွယ်ပသွားပါစေ" ဟူ၍သာ သဘောထားကြရမည် ဖြစ်ပါသည်။

မှန်၏။ ယင်းကဲ့သို့သော ဘာသာအသစ်-ဂိုဏ်းအသစ် တစ်ခုခုက အင်အားကြီးထွားလာလျှင် အစစ်အမှန်ဖြစ်သော စာရေးသူတို့၏ ထေရဝါဒသာသနာတော်ကြီး ကွယ်ပအောင် ပြုလုပ်ခြင်းကို ခံကြရမည်သာ မဟုတ်ပါလော။

## ဘာသာရေးခေါင်းဆောင် သာသနာရေးခေါင်းဆောင်တို့၏ အဓိကကျသည့် ဝတ္တရားများ

၁။ မိမိတို့၏ဘာသာ မိမိတို့၏သာသနာ အရှည်တည်တံ့ ပြန့်ပွါးစည်ပင်ပါစေခြင်းအကျိုးငှါ မိမိတို့ စွမ်းနိုင်သည့် အားထုတ်မှုတို့ကို မိမိတို့ကိုယ်တိုင် ကိုယ်စီကိုယ်ငှ ပြုလုပ်ကြရမည်။

၂။ မိမိတို့ကိုယ်တိုင်လည်း အစစ်အမှန်ဖြစ်သော သာသနာတော်(အဆုံးအမ)တို့ကို ရိုသေစွာ အာရုံပြုလျက် စွမ်းနိုင်သည့် အတိုင်းအတာအလျှောက် ပေါက်မြောက်အောင် လိုက်နာကြရမည်။ လိုက်နာခွင့်ရှိနေကြရန် ဆက်လက်ထိန်းသိမ်းထားကြရမည်။

၃။ မိမိတို့၏ သာသနာဝင် ဘာသာဝင် ဖြစ်ကြကုန်သော တပည့်ဖြစ်ကြကုန်သော ရဟန်းများ သာမဏေများနှင့် ဒါယကများဒါယိကာများကိုလည်း အစစ်အမှန်ဖြစ်သော သာသနာတော်(အဆုံးအမ)တို့ကို ရိုသေစွာ အာရုံပြုလျက် စွမ်းနိုင်သည့်အတိုင်းအတာအလျှောက် ပေါက်မြောက်အောင် လိုက်နာကြစေရန် သွန်သင်ဟောပြ-ဆုံးမကြရမည်။ လိုက်နာခွင့်ရှိနေကြရန်, ဆက်လက် ထိန်းသိမ်းထားကြရန်, အစဉ်တစိုက် ကြောင့်ကျစိုက်ထုတ် ပြုလုပ်နေကြရန် တိုက်တွန်းနေကြရမည်။

ဤသည်တို့မှာ ဘာသာရေးခေါင်းဆောင် သာသနာရေးခေါင်းဆောင် မှန်သမျှတို့၏ အဓိကကျသည့် ဝတ္တရားများသာ ဖြစ်ကြပါသည်။

(၁) မိမိတို့သည် မိမိတို့၏ တာဝန်ဝတ္တရားများကို မိမိတို့ကိုယ်တိုင် ကိုယ်စီကိုယ်ငှ ထမ်းဆောင်ကြရမည်။

(၂) အခြားသူများကိုညွှန်ပြလျက်-

"သူတို့တွေက တို့ထက် ပိုပြီး တာဝန်ရှိကြသူတွေ မဟုတ်ဘူးလား။ သူတို့တောင်မှ မလုပ်ဘဲ နေနိုင်ကြသေးတာ။ တို့က အနေသာကြီးပါ။ ကိုယ်တော်လဲ အနေသာကြီးပါ။ ဘာဖြစ်လို့ ဒုက္ခခံနေရတာလဲ။

"ကိုယ်တော့်ဘာသာ ဒုက္ခခံချင်လို့ ခံတာ"ဆိုရင်လဲ တပည့်တော်တို့ကို ဘာမှ လာပြောမနေပါနဲ့။

ဒါကြီးကို လုပ်တော့ရော ဘာအကျိုးရှိမှာလဲ။ လူမုန်းခံရလို့ ရန်သူများတာပဲ ရှိမယ်”အစရှိသော သဘောထားများဖြင့်-

<u>“အသာနေခွင့်ရှိ၍ အသာနေကြမည်”</u>

ဆိုပါက မိမိတို့၏ထေရဝါဒသာသနာကြီးတစ်ခုလုံး မိမိတို့၏ထေရဝါဒဘာသာကြီး တစ်ခုလုံး

“အသေနာ”

ဖို့သာ ဖြစ်လာကြရပေလိမ့်မည်။

## အငိုက်မိလျှင်ခံရမည်

တိုက်ပွဲဖြစ်ပွါးနေရာစစ်မြေအရပ်တွင် ပြိုင်ဘက်ရန်သူတို့နှင့် စစ်အင်အားနှစ်ဘက်တို့ သူနိုင်ကိုယ်နိုင် တိုက်ခိုက်နေကြစဉ် အငိုက်သုံးပါး တစ်ပါးပါးမိနေသည့် စစ်သားစုတို့ အထိနာကြရသည်မှာ ထုံးစံကြီးသာ ဖြစ်ပါသည်။

အငိုက်မိသဖြင့်ခံလိုက်ရလျှင် အသက်ပါဆုံးရှုံးကိန်းကြီးနှင့် ရင်ဆိုင်ကြ ရမည်သာ ဖြစ်ပါသည်။ ယခုအခါတွင် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့သည် ပြိုင်ဘက်ရန်သူ စင်ပြိုင်ဗုဒ္ဓဘာသာအမည်ခံတို့နှင့် အင်အားချင်းပြိုင်နေကြရပြီ ဖြစ်ပါသည်။

အငိုက်မိမခံရဖို့ အလွန်အရေးကြီးနေပြီ ဖြစ်ပါသည်။ အင်းအားချင်းပြိုင်နေကြရသည်ဟုဆိုခြင်းထက် ပို၍မှန်ကန်စွာဆိုရလျှင်ကား ထိတ်လန့်ဖွယ်ပင် အလွန်ကောင်းနေပါသည်။

## စင်ပြိုင်သာသနာအမည်ခံတို့၏စစ်ဗျူဟာ

ခြုံခိုတိုက်နည်းဖြင့်အတိုက်ခံနေကြရသည့် စစ်တပ်စုတို့သည် မိမိတို့၏လက်နက်ကို ကိုယ်နှင့်တစ်ပါတည်း အသင့်ဆုံးဖြစ်အောင် ပြင်ဆင်လျက် ချက်ချင်းပင် ရန်သူတို့ထံပြေးထွက်-အသက်ကိုစွန့်-မရပ်မနား-ပစ်ခတ်တိုက်ခိုက်ကြရမြဲသာ ဖြစ်ကြပါသည်။ အခြားနည်းလမ်းဟူ၍ မရှိ တော့ပါပြီ။

ထို့အတူပင် ယနေ့ထေရဝါဒဗုဒ္ဓဘာသာဝင်တို့သည် ခြုံခိုတိုက်ခိုက်နည်းကို အသုံးပြုထားကြသည့် ရန်သူတို့နှင့် ရင်ဆိုင်နေကြရပြီ ဖြစ်ပါသည်။

ယနေ့ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး ကို တိုက်ခိုက်နေကြသည့် စင်ပြိုင်တိုက်ရန်သူ များနှင့် ခြုံခိုတိုက်ရန်သူများရှိနေကြောင်းစကားသည် မှန်လှ၏။

(က)

<u>၁။</u> အရှင်ဉာဏိန္ဒာလင်္ကာရ ရေးသားသည့်-

<u>“သဒ္ဓမ္မသုံးဖြာစာအုပ်၊ ဒုတိယတွဲတွင်-</u>

**“သဒ္ဓမ္မသုံးဖြာအစစ်ကိုပြောချင်လျှင် သဒ္ဓမ္မသုံးဖြာမဟုတ်ဘဲ သဒ္ဓမ္မသုံးဖြာယောင် ဆောင်နေတဲ့** သဒ္ဓမ္မသုံးဖြာအတုတွေကို မှုတ်ဖျောက်ပစ်တာက မလွှဲမသွေလုပ်ရမယ့်တာဝန် **ရှိတာပါ ဘုရား။ အမှုတ်ဖျောက်ခံတွေ နာမှာကို အားမနာလို့တော့ မဟုတ်ကြောင်းပြောရမယ်”**

ဟုပင် ကြုံးဝါးထားကြပါသေးသည်။

**ထိုစကားတို့ထဲတွင်** သဒ္ဓမ္မအတုအယောင်ဆိုသည်မှာ စာရေးသူတို့၏ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး သာလျှင်ဖြစ်ကြောင်း **သိရပါသည်။**

စာရေးသူတို့၏သာသနာတော်ကြီးကို အမှုန့်ဖြစ်အောင်လုပ်-အသက်ထွက်အောင်လုပ်၊ ပြီး-ဖျောက်ပစ်-ဟုပင် ကြုံးဝါးထားပါသည်။ (နားကောင်းကောင်းဖြင့် ကြားနိုင်ကြပါစေသတည်း။)

ထို့ကြောင့် ယနေ့ထေရဝါဒဗုဒ္ဓဘာသာဝင်တို့သည်

**-- မိမိတို့၏ထေရဝါဒသာသနာတော်ကြီးကို ရန်သူ့အင်အားတို့က ခြုံခိုတိုက်ခိုက်နည်းကို အသုံးပြုလျက် တိုက်ခိုက်နေကြပြီဖြစ်ကြောင်း**

**-- မိမိတို့ အနေဖြင့်ရှောင်ခွင့်မသာတော့ဘဲ ရင်ဆိုင်နေကြရပြီဖြစ်ကြောင်း**

**-- မိမိတို့၏သာသနာတော်ကို ကိုယ်နှင့်တစ်ပါတည်း ဖြစ်ရှိနေအောင် ပြင်ဆင်လျက် ချက်ချင်းပင် သာသနာ့ရန်သူတို့ထံ ပြေးထွက်-အသက်ကိုစွန့်-မရပ်မနား-ဖြေရှင်းပစ်ကြရမည်ဖြစ်ကြောင်း**

**-- မိမိတို့မှာ ဤရန်သူတို့မှ လွတ်မြောက်ရန် အခြားနည်းလမ်းဟူ၍ မရှိတော့ပြီဖြစ်ကြောင်း တင်ပြ အပ်ပါသတည်း။**

## (ခ)

၂။ တစ်ဖန် အရှင်ဝိစိတ္တသာရာဘိဝံသ ရေးသားသည့်-

<u>"နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့တင်ပြလျှောက်ထားအပ်သော သက္ကာယဒိဋ္ဌိရှင်းတမ်း"ထဲတွင်-</u>

**"တပည့်တော်ရဲ့ လျှောက်ထားတင်ပြချက်မှာ ပြန်လည်ပြောဆိုပြင်ဆင်ပေးကြတာကို မလုပ်နိုင်ကြလျှင် တပည့်တော်ရဲ့ တင်ပြချက်က ဗုဒ္ဓဘုရားရဲ့ အရိယသစ္စာတရားနှင့် တထပ်တည်း ကျနေတာကြောင့် ပြောဆိုပြင်ဆင်ပေးစရာ မရှိကြတော့ရင် ဒီအရိယသစ္စကမ္မဝါဒတရားကို ထေရဝါဒ ဗုဒ္ဓသာသနာတော်တရားအစစ်အမှန်အဖြစ် အတည်ပြုနိုင်ကြဖို့ အလေးအနက်လျှောက်ထားပါသည်။**

**အရိယသစ္စဝါဒီဗုဒ္ဓဘာသာဝင် တပည့်တော်တင်ပြတဲ့ သက္ကာယဒိဋ္ဌိဖြုတ်တာဟာ မပြုတ်ဘူး-ထင်ကြရင် ကြောင်းကျိုးပြပြီး ချေဖျက်ပေးကြစေလိုပါသည်ဘုရား။ တကယ်လို့ မချေဖျက်နိုင်ကြ တော့ဘူးဆိုလျှင် ဒီသက္ကာယဒိဋ္ဌိဖြုတ်တာဟာ အမှန်ဖြစ်လို့ ပရမတ္ထသစ္စာဝါဒီ ဗုဒ္ဓဘာသာဝင်တွေရဲ့ သက္ကာယဒိဋ္ဌိပြုတ်အောင်ဖြုတ်တာကို ငြိမ်မနေကြဘဲ မှားယွင်းနေကြောင်း သိမြင်နားလည်အောင် ပြောပေးကြပြီး အရိယသစ္စာလျှောက်ထားတင်ပြချက်ကို ထေရဝါဒဗုဒ္ဓသာသနာတော်တရား အစစ်အမှန်အဖြစ် တညီတညွတ်တည်း အတည်ပြုနိုင်ကြဖို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှာ တာဝန် ရှိကြပါသည်"**
ဟုလည်း ဆိုထားပါသည်။

ဤစကားရပ်တွင် **ပရမတ္ထသစ္စဝါဒီများ**ဟုသုံးထားခြင်းသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့ကို သတ်မှတ်ရည်ရွယ်၍ သုံးထားခြင်းပင် ဖြစ်ပါသည်။

ဆိုလိုရင်းမှာ--

**"ဒီအရိယသစ္စကမ္မဝါဒတရားကို ထေရဝါဒဗုဒ္ဓသာသနာတော် တရားအစစ်အမှန်အဖြစ် အတည်ပြုနိုင်ကြဖို့ - ပရမတ္ထသစ္စာဝါဒီ ဗုဒ္ဓဘာသာဝင်တွေရဲ့ သက္ကာယဒိဋ္ဌိပြုတ်အောင် ဖြုတ်တာကို ငြိမ်မနေကြဘဲ**

**"မင်းတို့လုပ်နေကြတာတွေက အမှားတွေဖြစ်နေတယ်"**

**စသည်ဖြင့် မှားယွင်းနေကြောင်း သိမြင်နားလည်အောင် ပြောပေးကြပြီး အရိယသစ္စာ လျှောက်ထားတင်ပြချက်ကို ထေရဝါဒဗုဒ္ဓသာသနာတော်တရားအစစ်အမှန်အဖြစ် တညီတညွတ်တည်း အတည်ပြုနိုင်ကြဖို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှာ တာဝန်ရှိကြသည်"**
ဟူ၍ စင်ပြိုင်သာသနာထက်ပင် ပို၍ သာ၍ ကျော်တက်၍ ပထမတန်းရာထူးရာခံအဆင့်ကို အချုပ်အချယ်ပြု၍

အတင်းအကြပ်ပြု၍ ရန်သူသံ-ခြောက်လှန့်သံပေး၍ အတင်းလုနေကြပါပေသည်။

ယင်းဆိုလိုချက်၏ ဂယက်နက်ကား-

**“အကယ်၍ အရိယသစ္စကမ္မဝါဒတရားကို ထေရဝါဒဗုဒ္ဓ သာသနာတော်တရားအစစ်အမှန်အဖြစ် အတည်ပြုမပေးကြလျှင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ကြီးသည်ပင် တာဝန်မကြေသောအဖွဲ့ကြီး ဖြစ်သည်”**

ဟူ၍ စွပ်စွဲထားချက်ကြီးပင် ဖြစ်ပါသည်။

(အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဤစာအုပ်သည် နိုင်ငံတော်ဝိနိစ္ဆယအတွက် တင်ပြထားချက်များ ဖြစ်ပါသည်။ ယင်းအမှုကို ဝိနိစ္ဆယချမှတ်၍ မပြီးသေးသောကြောင့် အရပ်ထဲတွင် ဖြန့်ဝေခွင့်မရှိသေးသောစာအုပ်ဖြစ်ပါသည်။ သို့ပါလျက် ပစ္စုပ္ပန်ကမ္မဝါဒီများအထံ ဖြန့်ဝေနေကြသည်သာဖြစ်သောကြောင့် ယင်းတို့ထံမှ ငှါးယူပြီး မိတ္တူကူးယူထားခြင်းဖြင့် စာရေးသူတို့ လက်ထဲသို့ ဆိုက်ရောက်ပါသည်။ ၎င်းစာအုပ်တွင် ၎င်းဌာနချုပ်မှ စာအုပ်ပိုင်ရှင်၏ တံဆိပ်တုံးရိုက်နှိပ်ထားချက်ပင် ပါရှိသေးသည်။ နိုင်ငံတော်အတွင်းနေ နိုင်ငံသားတိုင်း လိုက်နာရမည့် နိုင်ငံတော်ဥပဒေတို့ကို ပုန်ကန်ချိုးလှန်ထားသည့် နမူနာတစ်ခုပင် ဖြစ်ပါပေသည်။)

# စုဒိတကပုဂ္ဂိုလ်များ

၁။ **သျှင်မိုးပြာ**
**(ခ) ရှင်မိုးပြာ**
**(ခ) အရှင်ဉာဏ**
**(ခ) ရှင်ဉာဏ**
**(ခ) ဉာဏ**
**(ခ) ဓမ္မဝိဟာရီ**
**(ခ) ဓမ္မဝိဟာရီအရှင်ဉာဏ**
**(ခ) ဓမ္မဝိဟာရီရှင်ဉာဏ**
**(ခ) ဓမ္မဝိဟာရီဉာဏ**
**(ခ) ဓမ္မဝိဟာရီရှင်မိုးပြာ**
**(ခ) ဘကြီးဝိဟာရီ(www.forums.myanmarcommunity.com)**
**(ခ) အနုပါဒိ**
**(ခ) ဗောဓိဉာဏ**
**(ခ) မောင်ဉာဏ်ထက်၊**
**(ခ) ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာပုရှသျှ(ဘုရား) ၊**
**(ခ) ခေါင်းဆောင်ကြီး။** (၁၆ အမည် ရှိပါသည်။)

*-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။*
*-မန္တလေး၊ ရန်ကင်းတောင်ခြေ၊ အနုပါဒိယဉ်ကျေးမှုတရားဌာန၊ ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာ၊ မိုးပြာခြံ။*
*-မန္တလေး၊ အရှေ့ရိုးမအခြေ၊ မိုးပေါက်ကျချောင်၊ မိုးပြာကျောင်း။*

၂။ **ဓမ္မဝိဟာရီရှင်ဂုဏ**

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

-မန္တလေး၊ ရန်ကင်းတောင်ခြေ၊ အနုပါဒါယဉ်ကျေးမှုတရားဌာန၊ ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာ၊ မိုးပြာခြံ။

-မန္တလေး၊ အရှေ့ရိုးမအခြေ၊ မိုးပေါက်ကျချောင်၊ မိုးပြာကျောင်း။

၃။ **ဓမ္မဝိဟာရီရှင်ဇဋိလ**

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

-မန္တလေး၊ ရန်ကင်းတောင်ခြေ၊ အနုပါဒါယဉ်ကျေးမှုတရားဌာန၊ ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာ၊ မိုးပြာခြံ။

-မန္တလေး၊ အရှေ့ရိုးမအခြေ၊ မိုးပေါက်ကျချောင်၊ မိုးပြာကျောင်း။

၄။ **ရှင်နာဂ**

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

-မန္တလေး၊ ရန်ကင်းတောင်ခြေ၊ အနုပါဒါယဉ်ကျေးမှုတရားဌာန၊ ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာ၊ မိုးပြာခြံ။

-မန္တလေး၊ အရှေ့ရိုးမအခြေ၊ မိုးပေါက်ကျချောင်၊ မိုးပြာကျောင်း။

၅။ **ဓမ္မဝိဟာရီဒေါ်သီလနန္ဒီ**

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

-မန္တလေး၊ ရန်ကင်းတောင်ခြေ၊ အနုပါဒါယဉ်ကျေးမှုတရားဌာန၊ ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာ၊ မိုးပြာခြံ။

-မန္တလေး၊ အရှေ့ရိုးမအခြေ၊ မိုးပေါက်ကျချောင်၊ မိုးပြာကျောင်း။

**(ဤငါးဦးသားတို့သည် မူလဖြစ်သူများ-ဂိုဏ်းထောင်သူများ ဖြစ်ကြသည်။)**

၆။ **အရှင်ဉာဏိန္ဒာလင်္ကာရ(သက်န်းဝတ်ဘက်က ဒုတိယခေါင်းဆောင်ကြီး)**

-စည်ပင်ဂိုဏ်းအုပ်ကျောင်း၊ တောင်ငူမြို့၊ ပဲခူးတိုင်း။ (အနောက်ခြမ်း။)

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၇။ **အရှင်ဝိစိတ္တသာရာဘိဝံသ(သက်န်းဝတ်ဘက်က တတိယခေါင်းဆောင်ကြီး)**

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၈။ **အရှင်ကုမာရာလင်္ကာရ (Kumara@rollerboys.com)**

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၉။ ဓမ္မဝိဟာရီမာဃိန္ဒ (ခင်မွန်)

-မဟာဗောဓိတောရကျောင်းတိုက်၊ ခင်မွန်ရွာ၊ ချောင်းဦးမြို့နယ်၊ စစ်ကိုင်းတိုင်း။

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၁၀။ ဓမ္မဝိဟာရီလာဘ (မိုးကုတ်မြို့)

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၁၁။ ဓမ္မဝိဟာရီသဒ္ဓမ္မ

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၁၂။ ဓမ္မဝိဟာရီဆန္ဒာဓိက (ဖိုးပင်သာ)
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၁၃။ အရှင်ဇဝန (ရန်ကုန်)
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၁၄။ ဘဒ္ဒန္တဝါယမ (မုံရွာ)
မင်္ဂလာတိုက်သစ်ကျောင်း၊ ဘုဘရွာ၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်း။
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၁၅။ ဓမ္မဝိဟာရီသုန္ဒရ (ကန့်ဘလူ)
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၁၆။ ဦးသုန္ဒရ (စစ်ကိုင်း)
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၁၇။ ဦးမဟိန္ဒ
-ဧရာဝတီတောရ၊ ပြည်မြို့။
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။
၁၈။ ဓမ္မဝိဟာရီမေဓာနန္ဒ
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၁၉။ သုမင်္ဂလ (လယ်ဝေး)
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။
၂၀။ ဓမ္မဝိဟာရီအရှင်ကန္တဝံသ (ပခုက္ကူ)
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၂၁။ **ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာ-ဓမ္မနာယကကြီးများ**
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၂၂။ **ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာ-ဗဟိုဂေါပကအဖွဲ့ဝင်များ၊**
(မန္တလေးဂေါပက၊ ရန်ကုန်ဂေါပက၊ မေမြို့ဂေါပက၊)
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၂၃။ **ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာ-ဓမ္မဆရာများ**
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၂၄။ **ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာ-စာစုဂေါပကအဖွဲ့ဝင်များ**
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၂၅။ **ဆရာကြီးဦးစိုးအောင်**
**(ဓမ္မနာယက+စာစုဂေါပက+လူပုဂ္ဂိုလ်ဘက်ကပထမခေါင်းဆောင်ကြီး။)**
-အမှတ် ၈၅၊ ၃-လမ်း၊ မာလာမြိုင်၊ ၁၆-ရပ်ကွက်၊ အုတ်ကျင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၂၆။ **ဆရာကြီးဦးရန်အောင် (ဓမ္မဆရာ+စာစုဂေါပက+လူဘက်က ဒုတိယခေါင်းဆောင်ကြီး။)**
-အမှတ် ၂၈၄၊ ဇင်္ဂမလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။
-(ဖုန်းနံပါတ်-၀၁-၅၄၀၉၆၀။ ၀၉၈၀-၂၅၄၄၄။)
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၂၇။ ဦးရန်အောင်နှင့် တစ်အိမ်တည်းနေထိုင်သူ ဒေါ်မြင့်မြင့်၊ မခင်သန္တာစိုး

၂၈။ **ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာဥပါသကာ**
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၂၉။ **ဆရာကြီးဦးထွန်းရီ (ဓမ္မဆရာ)**
-အမှတ် ၉၊ ၂-လမ်း၊ မာလာမြိုင်၊ ၁၆-ရပ်ကွက်၊ အုတ်ကျင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၃၀။ ဦးထွန်းရီနှင့် တစ်အိမ်တည်းနေထိုင်သူ ဒေါ်သန်းငွေ၊ ကိုအောင်သိန်းမြင့်၊ ဒေါ်ခင်မာကြည်၊ ဒေါ်မြင့်မြင့်ခိုင်။

၃၁။ **ဖေကျော် (ဇနီး) အေးအေးမြင့် (ရန်ကုန်)**
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၃၂။ ဦးသံဒေါင်း (ကနီ)
-အမှတ်(၃)ရပ်ကွက်၊ ကနီမြို့၊ စစ်ကိုင်းတိုင်း။
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၃၃။ **ဦးရင်စိန် (ဓမ္မဆရာ) (အင်းဝဘဏ်လီမိတက်)**
-အမှတ် /၅၇၊ ရွှေမာလာရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

**-(အရိယဘဏ္ဍာငွေ၊ ငွေစာရင်းအမှတ်-၈၂-၂၃၇၀၉၊ အင်းဝဘဏ်လီမိတက်၊ ရန်ကုန်ဘဏ်ခွဲ၊ အမှတ်-၅၅၄/၅၅၆၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ပေးစာအမှတ် (၅/၂၀၀၈။ ၁၃၇၀-ခုနှစ်၊ ကဆုန်လပြည့်နေ့၊ ထုတ်ဝေသည့် စာစောင်ငယ်မှာ ကြည့်။)**

၃၄။ ဒေါ်အုန်းကြည်

-အမှတ် ၆၉၉၊ သုနန္ဒာ(၁)လမ်း၊ ==ဇ++ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၃၅။ ဦးကွန့်

-တည်ပင်ရွာ၊ ရွှေဘိုမြို့နယ်၊ စစ်ကိုင်းတိုင်း။

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၃၆။ အေးငြိမ်းကျော်

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၃၇။ **ဦးကျော်ဟန် (အင်းဝဘဏ်လီမိတက်)**

-ရန်ကုန်ရုံးချုပ်၊ အမှတ် ၈၁၊ ၁၆-လမ်း၊ ပထမထပ်၊ (ယာ)၊ လမ်းမတော်မြို့နယ်။ ရန်ကုန်မြို့။

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၃၈။ မောင်ဇော်ကြီး (မန္တလေး)

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၃၉။ ကိုပေါက် (မန္တလေး)

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၄၀။ ဦးကြည်သောင်း

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၄၁။ ဦးအုန်းဖေ (လှိုင်သာယာ)

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၄၂။ ဒေါ်ငြိမ်းငြိမ်း (ရန်ကင်း)

-တိုက်နံပါတ် ၁၆၂၊ အခန်း ၆၊ ရန်နိုင်လမ်းသွယ်၊ ၁၁-လမ်း၊ အရှေ့ရန်ကင်း(၄)ရပ်ကွက်၊ ရန်ကုန်မြို့။

-(ဖုန်း-၀၁-၅၆၁၂၅၆)

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၄၃။ မိုး (ရန်ကုန်)

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၄၄။ မောင်ညွန့်ဦး

-လှော်ကားရွာ၊ ပုလဲမြို့နယ်၊ စစ်ကိုင်းတိုင်း။

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၄၅။ အေးမြမောင်

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၄၆။ ကိုဖိုးနီ
-ကန်ပဲ့ရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း။
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၄၇။ သောင်းဝင်း
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၄၈။ ကျော်မွန်
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၄၉။ နေမျိုးဘုန်းနိုင်
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၅၀။ ဇာနည်မင်းထက် (ခေတ္တ ယူအက်စ်အေ)
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၅၁။ ကိုအေးလွင်
ည-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၅၂။ ကိုစန်း (မြောက်ဥက္ကလာ)
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၅၃။ သင်ကာမိုး
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၅၄။ မောင်စန်းမောင် (မန်ကျီး)
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၅၅။ ဆရာမဒေါ်ယဉ်ယဉ်ထွန်း
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၅၆။ မောင်နိုင်အုန်း (နွားထိုးကြီး)
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၅၇။ ဆရာဦးခင်ညို
-မြစ်ကြီးနားကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း။

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၅၈။ ဦးဘိုသန်း (လှတောရွာ)

-လှတောရွာ၊ ဝက်လက်မြို့နယ်၊ စစ်ကိုင်းတိုင်း။

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၅၉။ ဦးလွန်းတင်

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၆၀။ ဆရာစံ

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၆၁။ ဦးကျော်ကျော်ရွှေ (တွံတေး)

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၆၂။ မဖွှိုမ

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၆၃။ ကိုအောင် (မြစ်ငယ်)

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၆၄။ **ဦးကျော်မြင့် (ဓမ္မဆရာ×စာစုဂေါပက)**

-အမှတ် ၂၇/ဘီ၊ သာယာအေး(၃)လမ်း၊ ၃-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၆၅။ **ဦးမြင့်ဝင်းမောင် (ရှင်မိုးပြာစာအုပ်များကို ထုတ်ဝေရန် ပုံနှိပ်သည့် မူပိုင်စာပုံနှိပ်တိုက်)**

-အေဇက်စာပေအိမ်၊ ၃၄-လမ်း၊ အလယ်ဘလောက်ခ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၆၆။ **ဦးဉာဏ်ဝင်း (ဓမ္မဆရာ)**

အမှတ် ၁၈၀၊ ဒုထပ်(ယာ)၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

(ဖုန်း-၃၈၆၄၃၆၊ ၀၉-၅၁၂၁၃၁၅။)

-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၆၇။ **ဦးထွန်းရှိန် (ဓမ္မဆရာ)**

-မန္တလေး၊ ရန်ကင်းတောင်ခြေ၊ အနုပါဒါယဉ်ကျေးမှုတရားဌာန၊ ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာ၊ မိုးပြာခြံ။

၆၈။ **ဦးလှမြင့်**

-အောင်ဝင့်စတိုး၊ ဘူတာအတွင်း၊ ဇီးကုန်းမြို့၊ ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်း။
ရန်ကင်းတောင်ခြေ၊ အနုပါဒါယဉ်ကျေးမှုတရားဌာန၊ ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာ၊ မိုးပြာခြံ။

၆၉။ **ဦးဝင်းတင် (အဝေရာ) (မန္တလေးအကျိုးဆောင်ချုပ်ကြီး)**
-အမှတ် (၁၁၀)၊ အိုင်ရုံ၊ ဈေးချိုတော်၊ မန္တလေးမြို့။
ရန်ကင်းတောင်ခြေ၊ အနုပါဒါယဉ်ကျေးမှုတရားဌာန၊ ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာ၊ မိုးပြာခြံ။

၇၀။ **မန္တလေးကျောင်းဖြစ်မြောက်ရေးအကျိုးဆောင်အဖွဲ့**
(ဦးသန်းအောင်-နန်းရှေ့၊မန္တလေး။ ဦးလှဘော်-ဆေးဆရာကြီး။ ဦးဘဝင်း-တရုပ်တန်း။ ဦးသိန်းစိုး-ချမ်းသာရထုံးကုန်း။ ဦးချစ်စံ-ပိုက်ကျုံး။ ဦးသိန်းမောင်-မြောက်ပြင်။ ဦးမောင်မောင်ထွေး-နန်းရှေ့။ ဦးခင်မောင်ချို-ဈေးချို။ ကိုစု-မင်းကွန်း။ ကိုစိုးသန်း-ဈေးချို။ ဦးဝင်းတင်-ဈေးချို။) မိုးပြာကျောင်းမှပေးစာများ--၁၆၃။
-ရန်ကင်းတောင်ခြေ၊ အနုပါဒါယဉ်ကျေးမှုတရားဌာန၊ ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာ၊ မိုးပြာခြံ။

၇၁။ **ဦးသိန်းမောင်**
-သိန်းတိုးအောင်ကြက်ခြံ၊ မြောက်ပြင်၊ မန္တလေး။
ရန်ကင်းတောင်ခြေ၊ အနုပါဒါယဉ်ကျေးမှုတရားဌာန၊ ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာ၊ မိုးပြာခြံ။

၇၂။ **ဦးဘသန်း (ရန်ကုန်အကျိုးဆောင်ချုပ်ကြီး)**
-အမှတ် ၂၉၊ ဒေါနလမ်း၊ ပန်းလှိုင်ရပ်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၇၃။ **ရန်ကုန်ကျောင်းဖြစ်မြောက်ရေးအကျိုးဆောင်အဖွဲ့**
(ကျောင်းမြေအလှူရှင် ဒေါ်အုန်းညွန့် မိသားစု၊ မန္တလေးမြို့။ ဦးဘသန်းနှင့်အလှူရှင်(၃၃)ဦး။)
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၇၄။ **ဦးခင်မောင်စိုး (ကျောင်းဖြစ်မြောက်ရေးတာဝန်ခံကြီး)**
-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။

၇၅။ **ဦးမြင့်သန်း (ဓမ္မဝိဟာရီငွေရတုပူဇာအယ်ဒီတာအဖွဲ့ဝင်)**
**-အခန်း ၁၁၊ တိုက် ၄၊ လမ်းသစ်ရိပ်သာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**-(ဖုန်း ၀၁-၂၂၇၁၃၄)**
-ရေထွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်း?။
**-ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ် -၂၀၊ မိုးပြာခြံ။**

၇၆။ သီတင်းသုံးဖော်များဖိတ်ခေါ်နိုင်ရန် ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာဝင်(ဓမ္မမိတ်ဆွေများ၏လိပ်စာ)စာအုပ်အတွင်းပါ ပုဂ္ဂိုလ်ပေါင်း(၄၃၁)ဦးတို့နှင့်နေရာဌာနများ။

**(အဆိုပါနာမည်တို့နှင့်လိပ်စာတို့ကို မူရင်းစာအုပ်ကိုမိတ္တူကူးယူလျက် ဆက်လက်တင်ပြအပ်ပါသည်။ သို့ရာတွင် ဤနိဒါန်းကြီး၏နောက်ဆုံးပိုင်းရောက်မှ ခေတ်ပုံနှင့်ပူးတွဲ၍ တင်ပြပါမည်။)**

*(အချို့ပုဂ္ဂိုလ်များ၏ လိပ်စာတို့ကို အတိအကျ မတင်ပြနိုင်ပါသော်လည်း မိုးပြာကျောင်းမှ ပေးစာများသည် လစဉ်ထွက်နေခြင်း ဖြစ်ကြသောကြောင့် မိုးပြာကျောင်း လိပ်စာအတိုင်း အတည်ပြု၍ သတ်မှတ်ဖော်ပြအပ်ပါသည်။*

*ထိုထိုပုဂ္ဂိုလ်တို့၏လိပ်စာအတိအကျတို့ကို မိုးပြာကျောင်းဆရာကြီးများနှင့် အကျိုးဆောင်များက အတိအကျ သိကြမည်ဖြစ်ပါသည်။*

*အများအားဖြင့် ငွေရတုပူဇာစာအုပ်ထဲမှာ စာရေးသူများ အားလုံးနီးပါးသည် ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီးကို ထိခိုက်စော်ကားမှု ပြုထားသူများချည်း ဖြစ်ကြပါသည်။*

*ယင်းတို့၏ လိပ်စာတို့ကို အယ်ဒီတာအဖွဲ့ဝင်ဖြစ်ကြသော*
*ဦးစိုးအောင်*
*ဦးရန်အောင်*
*ဦးကျော်မြင့်*
*ဦးကျော်ဟန်*
*ဦးမြင့်သန်းတို့က အတိအကျသိကြမည်ဖြစ်ကြောင်း အသွန်းပြုအပ်ပါသည်။)*

# ပြစ်မှုရောက်နိုင်ပုံများ

ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာအမည်ခံထားသည့် တရားမဝင်ဂိုဏ်းကြီးသည် ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီးကို တစ်ခုချင်း တစ်ပိုဒ်ချင်း တစ်သုတ်ချင်း တစ်ပိုင်းခြင်း တစ်ခန်းချင်း တစ်ပုံချင်း အသီးသီးမှ အစပြုလျက် တစ်ခုလုံး အကုန်လုံး လုံးဝပျက်စီးသွားအောင် ပုံစံအမျိုးမျိုး နည်းအမျိုးမျိုးဖြင့် ကြိုးစား၍ ရေးသားဟောပြော၍ အင်တိုက်အားတိုက် ပေါင်းစုဝိုင်းဝန်း ဖျက်ဆီးနေကြသည့် သာသနာဖျက်ဂိုဏ်းကြီး ဖြစ်ပါသည်။ ထေရဝါဒဗုဒ္ဓဘာသာသာသနာတော်မြတ်ကြီးကိုသာ လုံးဝပျက်စီးအောင် ဖျက်ဆီးနေကြသည် မဟုတ် ကုန်သေး။

**ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီးနှင့် ပတ်သက်ရာမှန်သမျှတို့ကိုလည်း လုံးဝ ပြိုကွဲပျက်စီးသွားအောင် ဖျက်ဆီးနေကြသည့် ကမ္ဘာဖျက်ဂိုဏ်းကြီး,လောကဖျက်ဂိုဏ်းကြီး ဖြစ်ပါသည်။**

ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာအမည်ခံထားသည့် တရားမဝင်ဂိုဏ်းကြီးက ထေရဝါဒဗုဒ္ဓဘာသာအပေါ် စော်ကားကျူးလွန်ထားသည့် ရေးသားချက်ဟောပြောချက်တို့အလျှောက် အမှုရောက်နိုင်ပုံများကို ဆက်လက်၍ တင်ပြလိုပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာအမည်ခံထားသည့် တရားမဝင်ဂိုဏ်းကြီးက ထေရဝါဒဗုဒ္ဓဘာသာ သာသနာဝင်ဖြစ်ကြကုန်သော သာသနာ့အဖွဲ့အစည်းများနှင့် ထေရဝါဒဗုဒ္ဓဘာသာသာသနာတော်မြတ်ကြီးကို ကြည်ညိုဆည်းကပ်နေကြကုန်သော နိုင်ငံတော်အစိုးရအဖွဲ့အစည်းကြီးများအပေါ် စော်ကားကျူးလွန်ထားသည့် ရေးသားချက်ဟောပြောချက်တို့အလျှောက် အမှုရောက်နိုင်ပုံများကိုလည်း ဆက်လက်၍ တင်ပြလိုပါသည်။

## (က)
## ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာတို့၏လွန်ကျူးမှုများ

၁။ ။ဗုဒ္ဓသည် သမ္မာသမ္ဗုဒ္ဓ မိစ္ဆာသမ္ဗုဒ္ဓဟူ၍ နှစ်ဆူရှိကြောင်း ရေးသားပြပြီးလျှင် ပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓဘာသာ

အမည်ခံထားသည့် တရားမဝင်ဂိုဏ်းကြီး၏ဗုဒ္ဓသည်သာလျှင် သမ္မာသမ္ဗုဒ္ဓဖြစ်ကြောင်း၊ ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ဗုဒ္ဓသည်ကား မိစ္ဆာသမ္ဗုဒ္ဓဖြစ်ကြောင်း ရေးသားထားမှု။

-စောဒနာလွှာပထမပိုင်း၊ စောဒနာအမှတ်(၁၁)(၆၁)(၆၂)

-စောဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ်(၂၆) (၅၄)

-စောဒနာလွှာတတိယပိုင်း၊ စောဒနာအမှတ်(၁၅)(၄၁)(၄၅)(၇၆)(၈၅)(၁၁၁)(၁၂၅)တို့၌ အကျယ် တင်ပြထားပါသည်။

## အနှစ်ချုပ်မှုကိုထုတ်ဆောင်ပြရပါမူ

မှုန်ဝါးဝါးဘုရားပုံတွေဟာ တရားလေ့လာသူတွေကို တရားမှန်သိဖို့ရာ အနှောက်အယှက်တွေ ဖြစ်စေလိမ့်မယ်။ မှုန်ဝါးဝါးဘုရားရဲ့ဟောပြောချက်ဟာ မှုန်ဝါးဝါးတရားပဲ ဖြစ်နေမှာပဲ။ မှုန်ဝါးဝါးတရားက လူတွေကို လွတ်လပ်ရာဆီ ဘယ်လို သယ်မှာလဲ။ လူတွေလွတ်လပ်ဖို့အတွက် တရားကိုပြောရမှာဖြစ်ပေမယ့် မှုန်မှုန်ဝါးဝါးတရားကို ပြောလို့မဖြစ်ဘူး။ မှုန်မှုန်ဝါးဝါးတရားကို မပြောရင် အခုလူတွေသိနေကြတဲ့ မှုန်မှုန်ဝါးဝါးဘုရားက ကန့်ကွက်လိမ့်မယ်။ ဒါ့ကြောင့် တရားကို မပြောခင် မှုန်မှုန်ဝါးဝါးဘုရားကို အရင်ပြောရမှာ ဖြစ်တယ်။

**(ဘုရားကိုပယ်၏။)**

ဘုရားဖြစ်အောင် ကျင့်ရတဲ့ဘဝတွေက လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းဆိုတော့ သည်အဆိုဟာ သဿတ မိစ္ဆာဒိဋ္ဌိ ငြိမနေဘူးလား။ ဘဝကိုအနက်ကောက်တာ လွဲနေကြလို့ ဒီလိုပြောကြတာပါ။ ဒီလိုပြောရင်တော့ မိစ္ဆာဒိဋ္ဌိ ငြိတာပေါ့။ တကယ်က စေတနာကံတွေပဲ အဲသလောက် အရေအတွက်များတယ်လို့ ဒီလို ကောက်ရမှာဖြစ်တယ်။

ဗောဓိသတ္တရဲ့အနက်ဟာ ဘုရားလောင်းလို့ မဟုတ်ပါဘူး။ ဗောဓိသတ္တဝါဖြစ်တဲ့ ဗောဓိဉာဏ်ရ သတ္တဝါသာ ဖြစ်တယ်။ သည်တော့ ဇာတ်ထဲက ဘုရားလောင်းကြောင့် ဇာတ်ကပြတဲ့ ဒဿနဖြစ်တဲ့ **ရှေ့နောက်ဘဝတွေ** ဆိုတာ မမှန်ပါဘူး။

ဘုရားမဟုတ်တဲ့သူတွေလဲ တရားရကြတယ်နော်။ အဲဒီလူတွေဟာ ဘုရားနဲ့ထပ်တူတွေပဲ။ ဘုရားဓာတ်စီးတဲ့လူတွေပဲ။ ဘုရားဆိုတာ ဘုရားဉာဏ်ပွင့်လာလို့ ဘုရားဖြစ်တာနော်။ ဘုရားဉာဏ်ဟာ တရားပဲဆိုတာလည်း သိခဲ့ကြပြီနော်။ လူတွေမှာ ဘုရားဓာတ်စီးတာကို သဘောပေါက်ရပါပြီဘုရား။

အရိယာအသိက ဒါတွေကို ဝေဖန်ပိုင်းခြားသိရတဲ့ အသိပဲ။ ဒါတွေကိုသိပြီးမှ ဒါတွေအပေါ်လိုလားနေတာတွေဟာ မတော်ပါလားလို့ ပယ်ပြီး ဒါတွေက လွတ်ရာရောက်ခဲ့ပြီး အရိယာအဖြစ်ကို ရတာပါပဲ။

ကျွန်တော်သည် ထိုမပွင့်သေးသော နောင်ပွင့်လတ္တံ့ဟု ယုံကြည်ခဲ့သော ဗုဒ္ဓဘုရားကို ဖူးမြော်တွေ့ခွင့်ရရန် မျှော်လင့်ဖို့ မလိုအပ်တော့ကြောင်း သိခဲ့ရပါသည်။ ပွင့်ပြီးသောဘုရားများ၏ ရနံ့ကို ရှာဖွေတွေ့ရှိသူမှာ ဆရာတော်**ဓမ္မဝိဟာရီရှင်ဉာဏ(ရှင်မိုးပြာ)**ဖြစ်ပါသည်။ တရားကိုသိမှ ဘုရားကို သိနိုင်ပါသည်။ ပွင့်ပြီးသော ဗုဒ္ဓဘုရား၏ တရားစစ်တရားမှန်ကို လက်ရှိဘဝတွင် နားလည်သဘောပေါက်ပြီး ဖြစ်ပါသည်။ အရိယသစ္စာ လေးပါးကို နားလည်ခွင့်ရရှိပြီး ဖြစ်ပါသည်။

ဒါတွေကိုသိသွားတာက **ရိုးရာဘာသာရေး**ကို အတော့်ကို ခုန်ကျော်သွားတာပါ။ သည်တွင်တောင် ရပ်လို့ မရဘူး။ ဒေဝတာတွေ အပါယ်တွေပါ လူတွေဖြစ်တာအထိ ဆင်ခြင်သွားရပါတယ်။ သုံးဆယ့်တစ်ဘုံက သတ္တဝါတွေဟာ လူတွေချည်း ဖြစ်သွားရပါတယ်။ ဒါတွေဟာ ပြုကြတဲ့ကံအလျှောက် သူတို့ဘဝ အပြောင်းအလဲတွေ ဖြစ်ကြပါတယ်။ ငါ့ရှေ့က(ရှင်မိုးပြာရှေ့က)ဘယ်သူမှ ဘုရားရဲ့တရားကို သိသူမရှိဘူး။

**(မိုးပြာဘုရားပွင့်ပြီ။)**

အရင်ကသိတဲ့ဘုရားက အခုသိတဲ့ဘုရားနဲ့ မတူတော့ဘူး-ဖြစ်သွားတယ်။ **ဘုန်းကြီး(ရှင်ဉာဏ-ရှင်မိုးပြာ)ဘဝမှာ ဘုရားနှစ်ခု ဖြစ်သွားတာပေါ့။ ဘုရားမှန်ကိုသိတော့ အရင်ဘုရားဟာ ကွယ်သွားပါတယ်။**

သူက ရိုးရိုးလူလိုပဲ နေလိုက်တယ်။ သည်တော့မှ အလယ်အလတ်လမ်းပွင့်သွားတာပဲ။ သူက သာမန်မှန်တမ်းအဖြစ်နဲ့ နေတယ်။ သိဒ္ဓတ္ထဟာ သည်အစွန်းနှစ်ခုကို စွန့်လွှတ်ပြီးတဲ့နောက် . . . ဘုရားအသိကို ရသွားတာပါပဲ။

**(ဘုရားအသိကို ရတာဟာ ဘာမှမလုပ်ဘဲနေမှ ရတာပါ**-ဟူ၏။)

ဘုရားကိုယ်စားတည်ရှိသည့် ဓမ္မဝိနယတွေပြောင်းလျှင် **ဘုရားပါပြောင်းသွားမည်။** တရားမြင်မှ ဘုရားကို-မြင် စကားအရ **တရားလွဲရင် ဘုရားပါ လွဲမည်။** ဘုရားလွဲရင် သာဝကသံဃာလည်း လွဲမည်သာ။

တရားမှန်တရားစစ်တွေကို မသိပြန်ရင် ကျန်ရတနာနှစ်ပါးဖြစ်တဲ့ ဗုဒ္ဓအစစ်အမှန်နှင့် သံဃအစစ်အမှန်ကိုလည်း မသိ-ဖြစ်ပြန်ပါသည်။ ဗုဒ္ဓဘာသာဝင်လုပ်ပြီး ဘာမျှမသိဘဲဖြစ်နေရတာ အလွန်ဆိုးဝါးပါသည်။ ရတနာသုံးပါးနှင့်စပ်လို့ အစစ်အမှန်ကို မသိရင်တော့ အတုအယောင်တွေကို သိနေမှာပဲ။

ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးကို စော်ကားပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရတည်ဆဲဥပဒေ(       )အရ. . . . . . . . . . . . . . . . . . . . . . . . . . . . ပြစ်မှုဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။

အထက်ဖော်ပြပါကောက်နုတ်ချက်များကို ဖတ်ရှုရာတွင် ယင်းတို့နှင့်တွဲဖက်ပါရှိသည့်ဌပနာစကားရပ်များကိုလည်းကောင်း ယင်းတို့ကိုကိုင်၍ စောဒကဆရာတော်များက သုံးသပ်ချက်ပြုပေးထားသည်များကိုလည်းကောင်း အပြည့်အစုံလေ့လာနိုင်ကြလျှင် ဆိုလိုချက်အမှန်တို့ကို ပို၍ ရှင်းလင်းစွာ တွေ့မြင်ကြပါလိမ့်။

၂။ ။ဗုဒ္ဓသည် ၄၅-ဝါကာလအတွင်း အဗျာကထနတရားဆယ်ပါးတို့ကို ငါမဟောဟုသာလျှင် ဟောပြသွား၏ဟူ၍ ရေးသားပြပြီးလျှင် အဗျာကထနတရားဆယ်ပါးဆိုင်ရာ(၃၂)သုတ်တို့မှ တစ်ပါးကုန်သော သုတ္တန္တပိဋကဒေသနာတို့ကိုလည်းကောင်း၊ အဘိဓမ္မပိဋကဒေသနာတို့ကိုလည်းကောင်း၊ ဝိနယပိဋကဒေသနာတို့ကိုလည်းကောင်း ဟောပြတော်မမူကြောင်း၊ ထို့ကြောင့် အဆိုပါပိဋကတ်ဒေသနာတို့သည် ဘုရားဟောတရားများမဟုတ်ကြောင်း ရေးသားထားမှု။

-စောဒနာလွှာပထမပိုင်း၊ စောဒနာအမှတ်(၂၉)(၃၄)(၃၆)(၅၈)

-စောဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ် (ပါဒကဌပနာကြီး)(၁၂)(၂၃)(၃၄)(၄၀)

-စောဒနာလွှာတတိယပိုင်း၊ စောဒနာအမှတ်(၂)(၄)(၅)(၉)(၃၃)(၄၃)(၄၉) (၁၀၇)(၁၁၃)(၁၃၃)(၁၃၇)တို့၌ အကျယ်တင်ပြထားပါသည်။

## အနှစ်ချုပ်မှုကိုထုတ်ဆောင်ပြရပါမူ

ကိုးပါးသီလဆယ်ပါးသီလဟာ နောက်လူတွေ ထွင်ထားတဲ့သီလ ဖြစ်တယ်။ ဆယ်ပါးသီလဟာ ကိုရင်တွေရဲ့သီလပဲ။ လူတွေပါ စောင့်တာက နောက်လူတွေ ထွင်လုပ်ချက်ပဲ။

သမထဘာဝနာ ဝိပဿနာဘာဝနာလို့ နှစ်မျိုးခွဲကြတယ်။ ဒါ ထူးမှာ မဟုတ်ပါဘူး။ ဘာဝနာတိုင်းဟာ သမထတွေပဲ။ ကိုယ့်ဘာဝနာကို ဂုဏ်တင်တဲ့အနေနဲ့ ဝိပဿနာလို့ နာမည်တပ်လိုက်တာပဲ။ ဒါ့ကြောင့် ဘာဝနာနှစ်မျိုး မပြားဘူး။ ဒါတွေဟာ ဘုရားဟောတဲ့ ဘာဝနာတွေ မဟုတ်ဘူး။

တရားမမြင်သူတွေဟာ ဘုရားကိုမြင်ဖို့ ဘုရားချီးကျူးစာတွေနဲ့ ဘုရားဟောစာတွေကို ဖတ်ပြီး ဝတ်တက်ဖူးမြင်သော်လည်း ဘုရားကို မမြင်နိုင်ဘူး။ ဘုရားက သူ စကားပြောနိုင်မှု နိဂုံးချုပ်ခါနီးမှာ တရားဟာ ဘုရားပဲ ဖြစ်တယ်လို့ အမှတ်ပြုတာပါ။ အဲတော့ တရားကို မမြင်သူတွေက ဘုရားကို ရှိခိုးနေလည်း ဒါတွေဟာ အကျိုးမရှိဘူး။

အဘိဓမ္မာတရား၌ အမှားများ ဒုနဲ့ဒေး ရှိနေခဲ့ပါသည်။ ဤအရာများကိုလည်း အထပ်ထပ်ရှိခိုး လက်စုံမိုး၍

ရှိခိုးကန်တော့ရပါဦးမည်။

"လောကသည် မြဲ၏ဟူ၍(ပ)မဖြစ်သည်လည်းမဟုတ်"ဟူ၍ မကြံစည်သင့်။ (ယင်းတရားတို့ကို ငါဘုရားက မဟောပေ-ဟု ဆိုလိုပါသည်။)

(ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် ယင်းမဟောတရားတို့သည်သာ ဘုရားဟောတရားအစစ် ဖြစ်ကြသည်။ ကြွင်းသည့် ပိဋကတ်သုံးပုံတို့သည်ကား ဘုရားဟောမဟုတ်သောတရားတုများ ဖြစ်ကြသည်-ဟု ယူဆယုံကြည်ကြသည်။)

ပရမတ္ထသစ္စာနဲ့တည်ဆောက်ထားတဲ့လူ။ အဲဒီလူက လှုပ်ရှားလို့ဖြစ်ပွါးလာတဲ့အမှုကသာ အရိယသစ္စာ။ ဒ့္ဂါကြောင့်သည်သစ္စာတရားနှစ်ခုဟာ မတူဘူး။ လှုပ်ရှားလို့ဖြစ်ပွါးလာတဲ့အမှုတွေရဲ့အကောင်းအဆိုး ဖြစ်ပွါးလာမယ့် အကျိုးအပြစ်တွေကိုသာ ဗုဒ္ဓမြတ်စွာက အရိယသစ္စာအဖြစ် ဟောခဲ့တာပါ။

(ပရမတ္ထသစ္စာတရားတွေကို ဗုဒ္ဓဘုရားက မဟောခဲ့-ဟု ဆိုလိုပါသည်။)

ပုံပြောသူတွေဟာ ပုံပြင်ကို အရမဆောင်ကြဘူး။ အဲသလိုပဲ ဘုရားတရားဆောင်သူတွေကလဲ အရဆောင် လာကြတာမဟုတ်တော့ အခုရှိနေတဲ့ ပိဋကတ်တွေဆိုတာ ဘုရားမဟောခဲ့တာတွေပဲ ဖြစ်ကြတယ်။

ရုပ်နာမ်ငြိမ်းရာကိုမြင်ပြီး ငါ သူ ပုဂ္ဂိုလ် သတ္တဝါပျောက်တာကို ငြိမ်းတယ်လို့ နိဗ္ဗာန်ပဲလို့ ဆိုပြီး လုပ်ကြ တာပဲ။ အဲဒါလုပ်မိတော့ နိဗ္ဗာန်တော့ မဟုတ်ဘူး။ ရုပ်နာမ်ငြိမ်းပေမယ့် ကိလေသာမှ မငြိမ်းတာဆိုတော့ နိဗ္ဗာန် မဟုတ်ဘူးပေါ့။

စာ(ပိဋကတ်)က ငါလို့အမှတ်ခံရတဲ့ ကိုယ်ကိုယ်ဟာ အစိတ်အပိုင်းတွေရဲ့အစုအဝေးအသွင်မျိုး တကယ် မရှိဘူး။ ဒီတော့ ကိုယ့်ကိုယ်မဟုတ်ဘူးလို့ သိတဲ့အတိုင်းက အမှတ်ဖြစ်ရင် ပြုစုစောင့်ရှောက်တာတွေလုပ်ဖို့ မလိုဘူး လို့ တွေးမိတာပေါ့ဘုရား။ စာ(ပိဋကတ်)အတိုင်းမြင်ရင် မပြုစုနဲ့။ ကိုယ့်ကိုယ်လို့မှ မရှိတာပဲဟာ။ ပြုစုရင် စာ(ပိဋကတ်)အတိုင်း မမြင်နဲ့။ ကိုယ့်ကိုယ်ရှိနေလို့ ပြုစုရတာမဟုတ်လား။

**ပစ္စုပ္ပန်ကံ ဓမ္မသစ္စာ**ဟူသည် ဗုဒ္ဓဘုရားရှင် လျှောက်လှမ်းတော်မူခဲ့သည့် အရိယသစ္စဓမ္မလမ်း ဖြစ်သည်။ သာသနာရှည်ကြာလာသည်နှင့်အမျှ ပရမတ္ထသစ္စာဓမ္မတို့၏ သာသနာတော်အတွင်း အစားထိုး ဝင်ရောက် နေရာ ယူမှုကြောင့် အရိယသစ္စဓမ္မ၏ ပန်းတိုင်ရောလမ်းစဉ်ပါ ပျောက်ဆုံးသွားခဲ့ပါသည်။ သို့အတွက်ကြောင့် ဗုဒ္ဓဘုရားရှင် ကိုယ်စားထားခဲ့သည့် ဓမ္မဝိနယသာသနာတော်၌ **ဓမ္မက အဓမ္မဖြစ်၍ အဓမ္မက ဓမ္မဖြစ်ကာ** သာသနာ ပြောင်းပြန် လှန်သွားခဲ့ပါသည်။

ဗုဒ္ဓဘုရားရှင်ကိုယ်စားထားခဲ့သည့် ဓမ္မဝိနယသာသနာတော်တို့နေရာ၌ အဘိဓမ္မနှင့်အဘိဝိနယတို့ နေရာ ယူပါလျှင်ယင်းတရားကိုဟောကြားမည့် ဘုရားလည်း ပြောင်းသွားရမည်သာ ဖြစ်ပါသည်။ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့ကား နောက်ဆုံးဒေသနာအထိ ဓမ္မဝိနယသစ္စာတရားတို့ကိုသာ ဟောကြားတော်မူပါသည်။ အဘိဓမ္မ အဘိဝိနယ ပရမတ္ထသစ္စာတို့ကို ဟောကြားတော်မမူခဲ့။

ကျွန်ုပ်ငယ်ငယ်က သင်ယူလာပြီး ပြန်လည်ဟောပြောပို့ချပေးနေတာတွေကို ပရိယတ္တိ ပဋိပတ္တိလို့ တကယ် ထင်ထားခဲ့ပါတယ်။ အခုတော့ အဲဒါတွေဟာ စာပေကျမ်းဂန် ရှေးဟောင်းမှတ်တမ်းအဖြစ် ပြတိုက်ထဲ သွင်းထားလိုက်ပြီး--

အခုမှ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ လုပ်ငန်းကို အကျွန်ုပ်ဆောင်ရွက်ရတော့မှာပါလားလို့လည်း သိလာပါပြီ။

လူ့အစိတ်အပိုင်းတွေရဲ့ သဘာဝတွေဟာ တရားမဟုတ်ဘူး။ ရုပ်နာမ်ချုပ်တာကို နိဗ္ဗာန်လို့ ဘယ်တုန်းကမှ ဗုဒ္ဓ မဟောဘူး။

ဘာသာရေးကတော့ မှုန်ဝါးသွားမှာစိုးလို့ မစစ်ဘဲထားလိုက်တယ်။ မှုန်ဝါးသွားတယ်ဆိုတာ အခြေအမြစ် မခိုင်မာတာပေါ့။ တစ်နေ့ကျရင်တော့ ဘာသာရေးကိုလည်း စစ်မိရမလားလို့ အောက်မေ့တယ်။ စစ်ရင် ဘာသာ ရေးမှာ နတ်တွေ ငရဲတွေ နိဗ္ဗာန်တွေ တန်ခိုးတွေနဲ့ အဘိဓမ္မာတွေ မှုန်ဝါးကုန်မယ်။

အင်း လောကဟာ အရှိမဟုတ်ဘူး။ ပရမတ်တွေတောင် အရှိမဟုတ်တော့ဘူးပဲ။ ဘာမှမရှိတာက

အရှိဖြစ်ရပြီပေါ့။ ရုပ်တွေလည်း မရှိ။ နာမ်တွေလည်း မရှိ။ ပညတ်တွေလည်း မရှိ။ အားလုံးမရှိ။ ဘာမှမရှိ။ ပရမတ်တွေလည်း အရှိမဟုတ်တော့ဘူးဆိုရင် **နောင်ဘဝကို ဘယ်လိုကူးမလဲ။**

ပဋ္ဌာန်းရွတ်ပွဲတွေက ထေရဝါဒဘုန်းကြီးတွေ ရွတ်ကြတာဖြစ်ပါတယ်။ ဓမ္မဝိဟာရီတို့အမြင်မှာ ပဋ္ဌာန်းဟာ ဘုရားဟောတာ မဟုတ်ပါဘူး။ သည်ကျမ်းရွတ်လို့ သောတာပန်မဖြစ်တာ ရွတ်သူတိုင်း ဝန်ခံရမှာပါ။ ဒါ့ကြောင့် ဓမ္မဝိဟာရီတို့ကတော့ သည်ကျမ်းကို မရွတ်ကြပါဘူး။ သည်ကျမ်းဟာ လေးနက်မှုလည်း မရှိပါဘူး။

ဗုဒ္ဓမြတ်စွာဘုရားကတော့ ရှေးဘဝကံ နောက်ဘဝကံ အယူအမြင်တွေကို အကျိုးစီးပွါးမရှိ-မှားယွင်းစွာ ကြံစည်ယူဆထားကြတာတွေ ဖြစ်လို့ လုံးဝလက်မခံဘဲ ယခုမျက်မှောက်ဘဝ ပစ္စုပ္ပန်ကံကိုသာ လက်ခံကျင့်သုံး ပြပါသည်။

ဤတွင် လောကီပုညကြိယာဝတ္ထုဆယ်ပါးနှင့် လောကုတ္တရာပုညကြိယာဝတ္ထုဆယ်ပါးဟူ၍ ရှိသည်။

ဤအသုဘဆယ်မျိုးသည် ဘုရားရှင်၏ တရားတော်၌ အာဂမအားဖြင့်သာ မရှိရုံမျှမက သဘာဝ အားဖြင့်ဘုရားရှင်ငြိမ်းချမ်းရေးညွှန်ကြားချက်များအောက်၌ ရပ်တည်နေစရာ နေရာမရှိဟုလည်း ဆိုချင်ပါသည်။

ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးကို စော်ကားပုတ်ခတ် ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရတည်ဆဲဥပဒေ(      )အရ. . . . . . . . . . .  . . . . . . . . . . .  . . . . . ပြစ်မှု ဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။

အထက်ဖေါ်ပြပါကောက်နှုတ်ချက်များကို ဖတ်ရှုရာတွင် ယင်းတို့နှင့်တွဲဖက်ပါရှိသည့်ဥပနာစကားရပ်များ ကိုလည်းကောင်း ယင်းတို့ကိုကိုင်၍ စောဒကဆရာတော်များက သုံးသပ်ချက်ပြုပေးထားသည်များကိုလည်းကောင်း အပြည့်အစုံလေ့လာနိုင်ကြလျှင် ဆိုလိုချက်အမှန်တို့ကို ပို၍ ရှင်းလင်းစွာ တွေ့မြင်ကြပါလိမ့်။

၃။ ။ဗုဒ္ဓသည် မာရ်နတ်သမီးသုံးဖေါ်တို့နှင့် ကာမဂုဏ်ကိစ္စဆောင်ရွက်ရန် စိတ်ကူးတော်မူကြောင်း ရေးသား ပြပြီးလျှင် ကာမရာဂသည် ပယ်ရမည့်ကာမရာဂ မပယ်ရမည့်ကာမရာဂဟူ၍ နှစ်မျိုးရှိရာ ထေရဝါဒီတို့သည် မပယ်ရမည့်ကာမရာဂကို ပယ်လိုသူများဖြစ်၍ လူမျိုးတုံးရေးသို့ ရှေးရှုနေသူများသာဖြစ်ကြောင်း၊ ပစ္စုပ္ပန်ကမ္မဝါဒီ တို့သည်သာ ပယ်ရမည့်ကာမရာဂတို့ကို ပယ်တတ်သူများဖြစ်ကြောင်း ရေးသားထားမှု။

-စောဒနာလွှာပထမပိုင်း၊ စောဒနာအမှတ်(၂၆)(၃၇)

-စေဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ်(၁၀)(၅၉) (၆၀)

-စောဒနာလွှာတတိယပိုင်း၊ စောဒနာအမှတ်(၈၀)တို့၌ အကျယ်တင်ပြထားပါသည်။

## အနှစ်ချုပ်မှုကိုထုတ်ဆောင်ပြရပါမူ

ကာမဂုဏ်ကျက်စားတာက မှားယွင်းကျက်စားနဲ့ မမှားမယွင်းကျက်စား နှစ်မျိုးနှစ်စား ရှိတယ်။ စားစရာ တွေလည်း ကာမဂုဏ်တွေပဲ။ ကာမဂုဏ်မှားယွင်းကျက်စားရှောင်မှုဟာ ကိုယ့်ကာမပိုင် မဟုတ်သူကို မေထုန်ပြုမှုလို့ အဓိပ္ပါယ်ရမှာ မဟုတ်ဘူး။ ကာမပိုင်ဖိုမပင် ဖြစ်ပါစေ-အကြောင်းမဲ့ လိင်ဆက်ဆံမှုဖြစ်ရင် ကာမဂုဏ် မှားယွင်း ကျက်စားမှု ဖြစ်တယ်။

လောဘစတာတွေ လိုချင်တာကိုပယ်ရင် မရတာပဲ အဖတ်တင်မှာပဲ။ မရတာဟာ ဆင်းရဲပဲဆိုတာတော့ မလိုချင်တာကပဲ ဆင်းရဲရဲ့ အကြောင်းလို ဖြစ်နေတော့တာပေါ့။

နောက် သူတို့က ကိုယ့်မယား ကိုယ်ချစ်တာ ကိုယ့်မိန်းမ ကိုယ်ချစ်တာ တဏှာလို့ လုပ်ကြပြန်တယ်။ တစ်လောကလုံး ဖိုစိတ်မစိတ် မရှိတော့ဘူးဆိုရင် လူတွေမျိုးပြုတ်သွားမှာ အမှန်ပဲ။ သည်တော့ တို့ဘုရားဟာ လူတွေ မျိုးပြုတ်အောင်ဟောတဲ့ဘုရား ဖြစ်နေမှာပေါ့။

ကာမရာဂဟာ အဖိုအမငြိတာဆိုရင် အဲဒါကို ပယ်လို့ကတော့ လူမျိုးပြုတ်မှာပါဘုရား။ အဖိုအမငြိတာဟာ ပယ်ကောင်းတဲ့တရား မဟုတ်ဘူး။ ဘုရား. . အဲဒါ အပြစ်မဟုတ်ဘူးလားဘုရား။ ငြိတာ ဘာအပြစ်လဲ။ အဲဒါ ကိလေသာအပြစ်ပေါ့။ ကိလေသာဆိုရင် ဘယ်ဝိပါက်တွေ ဘယ်ကံတွေကြောင့် ဖြစ်တာလဲ။ ဝိပါက်တွေ ကံတွေကြောင့် ဖြစ်တာ မဟုတ်ရင် ကိလေသာ မဟုတ်ဘူး။ အဖိုက အမကို လိုတာ မတရားဘူးပြောမှာလား။ အဖိုအမစိတ်တွေ ကုန်ခန်းသွားတာ ဘယ်ကောင်းမှာလဲ။

ဖိုမကိစ္စဆိုရင် လွန်ကျူးတာ မပြောနဲ့။ စိတ်ကူးရင်တောင် ယုတ်မာတယ်လို့ တင်တာဘုရား။ ဒီကိစ္စ ဆောင်ရွက်ဖို့ဆိုရင် စိတ်လည်းကူးရမှာပေါ့။ အဲဒီစိတ်ကူးမျိုးဆိုရင် စိတ်ယုတ်မာတွေ ဖြစ်နေတာလို့ ပြောကြတာ ပဲဘုရား။ **အဲဒီလိုစိတ်ကူးမျိုး ဘုရားတောင် စိတ်ကူးလောက်တယ်။**

သူတို့အရဟန်တွေ(ရဟန္တာတွေ)က သားသမီးမွေးအောင်ရော ဆောင်ရွက်ကြရဲ့လားဘုရား။ ဆောင်ရွက် မှာပါ။ သားသမီးရဖို့ဆောင်ရွက်မှုကိစ္စမှာ နှစ်ဦးဆန္ဒညီမှ ပြုလို့ရတယ်။ ဘုရားရဲ့တရားဟာ လူမျိုးပြုတ်တရား မဟုတ်ဘူးဆိုတော့ သည်ကိစ္စကို တရားကိစ္စအဆုံးရောက်သူအရဟန်တွေက စွန့်လွှတ်ရမှာ မဟုတ်တာ သေချာ ရဲ့လား။ စွန့်ရင် လူမျိုးပြုတ်မှာဆိုတော့ မစွန့်မှာ သေချာပါတယ်။

ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးကို စော်ကားပုတ်ခတ် ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရ တည်ဆဲဥပဒေ(     )အရ. . . . . . . . . . . . . . . . . . . . . . . . . . . . .ပြစ်မှုဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။

အထက်ဖော်ပြပါကောက်နှုတ်ချက်များကို ဖတ်ရှုရာတွင် ယင်းတို့နှင့်တွဲဖက်ပါရှိသည့်ဥပနာစကားရပ်များ ကိုလည်းကောင်း ယင်းတို့ကိုကိုင်၍ စောဒကဆရာတော်များက သုံးသပ်ချက်ပြုပေးထားသည်များကိုလည်းကောင်း အပြည့်အစုံလေ့လာနိုင်ကြလျှင် ဆိုလိုချက်အမှန်တို့ကို ပို၍ ရှင်းလင်းစွာ တွေ့မြင်ကြပါလိမ့်မည်။

၄။ ။ယခုရှိနေသောပိဋကတ်သုံးပုံသည် အကြောင်းကြီး(၅)ချက်တို့အရကြည့်လျှင် အလွဲများအမှားများသာ ဖြစ်ကြ၏ဟူ၍ ရေးသားပြီးလျှင် ဆဋ္ဌသံဂါယနာတိုင်အောင်သော သံဂါယနာတို့ကို အကျိုးမရှိသောအလုပ် များဖြစ်ကြောင်း ရေးသားထားမှု။

-စောဒနာလွှာပထမပိုင်း၊ စောဒနာအမှတ်(၄၅)(၅၈)(၆၂)

-စောဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ် (၁၂) (၂၃) (၂၄)(၂၅)

-စောဒနာလွှာတတိယပိုင်း၊ စောဒနာအမှတ်(၉)(၁၈)(၃၈)(၆၂)(၁၁၁)(၁၁၂)(၁၁၃)(၁၂၉)တို့၌ အကျယ် တင်ပြထားပါသည်။

## အနှစ်ချုပ်မှုကိုထုတ်ဆောင်ပြရပါမူ

ကာမဘဝ. . . အခေါ် အဝေါ် တွေရှိတယ်။ အဲဒါဘဝကြီးကိုးပါးလို့ ခေါ်ကြတယ်။ အဲဒါတွေဟာ ကံ (သင်္ခါရ)တွေရဲ့ဖြစ်နေတဲ့အခြေအနေအရ ခေါ် တဲ့နာမည်တွေပဲ။ ခန္ဓာတစ်ပါးရှိတာ၊ ခန္ဓာငါးပါးရှိတာ၊ သည်လိုတွေ ဖြစ်တဲ့ကံတွေ ရှိတယ်။ သည်တော့ ဘဝဆိုတာ သီးခြားအရာတစ်ခု မဟုတ်ဘူး။ သင်္ခါရအရ ကောက်ခဲ့စဉ်က အရာတွေကိုပဲ ခေါ် တာဖြစ်တယ်။ သင်္ခါရတွေဟာ ဘဝတွေပေါ့။ အဘိဓမ္မာတရားတော်သည် ခေတ်အလျှောက် ရေးသူ မပေါ် ခဲ့၍ ဘယ်သူရေးသည်ဟု မပေါ် သော်လည်း သံဃာတော်များမှ တစ်ပါးပါးပင် ဇာကန်ရေးမည်ဟု ယုံကြည်ပါသည်။

ဆိုလိုတာက ဇာတ်ထဲမှာပါတဲ့ဘုရားလောင်းဆိုတာ တကယ့်ဘုရာလောင်းဖြစ်ကြောင်းဘုရားဟောခဲ့တာ

မဟုတ်ဘူး။

မြတ်ဗုဒ္ဓက ထူးထူးခြားခြား ပြောတဲ့စကားဟာ ဘာလဲလို့သူတို့ကိုမေးရင် အနတ္တလို့ ပြန်ဖြေတတ်ကြတယ်။ အနတ္တကိုဆိုက်အောင်လုပ်တာဟာ ဗုဒ္ဓဘာသာပဲလို့ မှတ်ယူထားကြတယ်။ သည်လိုနဲ့ ပရမတ္ထသစ္စာကို ရှုမိမှားရာကနေပြီး အနတ္တကလည်း သည်းခြေကြိုက်ဖြစ်လာတာပေ့ါ။ အနတ္တနဲ့ ပရမတ္ထသစ္စာ တစ်သားတည်း ဖြစ်နေလေတော့ ဗုဒ္ဓမြတ်စွာကလည်း ပရမတ္ထသစ္စာဟောတယ်ဆိုပြီး ဗုဒ္ဓနဲ့ အနတ္တ တစ်သားတည်းလို့ ထင်သွားကြပြန်တယ်။

ဒီဓမ္မမှတ်စာတွေထဲမှာ နောက်မှပေါက်တဲ့ ရွှေကြာပင်(အဘိဓမ္မာ)ဆိုတာ ရှိတယ်။ အဲဒီတရားကို ဘုရားဟောတယ်ဆိုတဲ့နိဒါန်းပါတဲ့ မှတ်စာတွေထဲမှာ လုံးဝ(လုံးဝ) မတွေ့ရဘူး။

အန္ဒိယတစ်တိုက်လုံးကို အာဏာရသွားတဲ့ လူမိုက်တစ်ယောက်က အာဏာစက်နဲ့ အဖက်ခံရလို့ အဲဒီအမှားကို သံဃာ့ညီလာခံက လက်ခံလိုက်ရတာပဲ။ ဒုတိယသံဃာ့ညီလာခံကတည်းကစပြီး သံဃာတွေလည်းကွဲ ဓမ္မတွေလည်း တစ်ခြားစီဖြစ်ပြီး ကွဲလာတာ ညီအောင်လို့ ညီလာခံလုပ်တော့လည်း အုပ်စိုးတဲ့လူမိုက် ကြိုက်တာကို မလွန်ဆန်နိုင်တော့ အာဏာစက်က သံဃာထဲ ဝင်လာရော။ ဒီသဘောတရားအရ အနက်ဖေါ်သူ(အဋ္ဌကထာ) ကလည်း အဲဒီလူမိုက်ကြီးရဲ့အမြင်အတိုင်း **လူဟာကိုယ့်ကိုယ်ကိုမပိုင်ဘူး**ဆိုတဲ့သဘောအရ ဒုက္ခဟာ အတ္တလို့ ဖေါ်တော့တာပေ့ါ။ လူကို လူမဟုတ်ပါဘူးလို့ လူက လူ့ကိုယ်ကို ငြင်းပယ်ရော။ အဲဒီလို ငြင်းပြီးတော့ လူကောင်းစာရင်း မဝင်တော့တာကြောင့် နောက်ဘဝရွှေ့ကြကြရော။ နောက်ဘဝဟာ ဗုဒ္ဓကမ်းကို လွန်တာပဲ။

(နောက်ဘဝကို လက်ခံရင် ဗုဒ္ဓဘာသာ မဟုတ်သူ ဖြစ်၏-ဟု ဆိုလိုပါသည်။)

ဓမ္မအရဖေါ်ချက်(အဋ္ဌကထာ)ကို လွှတ်ပြီး ဓမ္မလေ့လာရင် အမှန်အတိုင်း သိမြင်နိုင်မလားဘုရား။ ဒါတွေက ဓမ္မမှတ်စာက ဓမ္မအရကို အသိ-ရဖို့ အလွန်ကြိုးစားရတာတွေဘုရာ့နော်။

ဗုဒ္ဓတရားစာအုပ်တွေကို ပြန်ဖတ်ပါတယ်။ ဘုရားရဲ့ဓာတ်တော်တွေအကြောင်း၊ တန်ခိုးတွေအကြောင်း၊ ဗုဒ္ဓကိုယ်တိုင်က ဘဝပေါင်းများစွာ လူဖြစ်လိုက် နတ်ဖြစ်လိုက်အကြောင်းတွေဟာ ယုံကြည်စရာ မရှိလို့ မယုံပါဘူး။

လက်တွေ့ဝိပဿနာချည်းလုပ်နေတော့ စာအခြေခံမရှိလို့ ဂဃနဏ မသိနိုင်တာလို့-မြင်ပြီး အခြေခံ အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်တွေအပြင်၊ယမိုက်နဲ့ ပဋ္ဌာန်း အထက်ကျမ်းတွေကိုပါ နားလည်အောင် ချဉ်းကပ်ခဲ့လိုက်တက်ခဲ့ဖူးပါတယ်။ . . သောတာပန်အနံ့တောင် မရခဲ့ဘူး။

ဗုဒ္ဓဘာသာမှာ ရှေးကပြောခဲ့တဲ့နိဗ္ဗာန်ဆိုတာ ဘာသာခြားတွေက လက်မခံကြဘူး။ လူတွေက ငြင်းဆန်ကြတာခံရတယ်။ တခြားအမှတ်သင်္ကေတတွေလည်း ဒီလိုနေမှာပဲ။ ရုပ်တုတွေ ကျောက်တိုင်တွေ ဓာတုတွေ ဓမ္မတွေ ဥဒ္ဒိဿတွေနဲ့ ပရိဘောဂတွေဆိုရင် အလကားပဲပေ့ါ။

သုတ္တအရိယသစ္စာနဲ့မညီသည့် ဒုတိယသံဂါယနာမှနောက်ပိုင်း ဗုဒ္ဓဘာသာရေးဆိုင်ရာ ကျမ်းစာအုပ်စာတမ်းများဖြင့် ပြဆိုသည့်အဆိုအမိန့်များကို ထည့်သွင်းဖေါ်ပြလိမ့်မည် မဟုတ်။

ရိုးရာမိရိုးဖလာ ဗုဒ္ဓဘာသာဝင်များကလည်း ရှေးဘဝကံ နောက်ဘဝကံ အယူအမြင်နှင့် ဒါန သီလ ဘာဝနာ အလုပ်အကိုင်များကို ပြုလုပ်ကြပါသည်။ ထိုသူတို့သည် မိစ္ဆာဒိဋ္ဌိများကိုယူထားသူများဖြစ်၍ ဟိန္ဒူဘာသာဝင်များနှင့် တစ်ထပ်တည်းတူနေတာ တွေ့ကြရမည်။

ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးကို စော်ကားပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရ တည်ဆဲဥပဒေ( )အရ. . . . . . . . . . . . . . . . . . . . . . . . . . .ပြစ်မှုဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။

အထက်ဖေါ်ပြပါကောက်နုတ်ချက်များကို ဖတ်ရှုရာတွင် ယင်းတို့နှင့်တွဲဖက်ပါရှိသည့်ဥပနာစကားရပ်များကိုလည်းကောင်း ယင်းတို့ကိုကိုင်၍ စောဒကဆရာတော်များက သုံးသပ်ချက်ပြုပေးထားသည်များကိုလည်းကောင်း အပြည့်အစုံလေ့လာနိုင်ကြလျှင် ဆိုလိုချက်အမှန်တို့ကို ပို၍ ရှင်းလင်းစွာ တွေ့မြင်ကြပါလိမ့်။

၅။ ။မျက်မှောက်ခေတ်ထေရဝါဒဗုဒ္ဓဘာသာဝင်တို့တွင် တရားဟောပြသ(ဓမ္မကထိက၊ကမ္မဋ္ဌာနာစရိယ)တို့သည် သူတို့ဟောပြထားသည့်တရားကိုမေးလျှင်ပင် စိတ်ဆိုးတတ်သူများ ဖြစ်ကြ၏ဟူ၍ ရေးသားပြပြီးလျှင်"ဘုရားဟောသောတရား"ဟုအစချီကာ ပြန်ဟောပြနေမှုများသည် ပဋိဝေဓအရဖြစ်သော တရားအသိ မရှိဘဲ ဟောမှုဖြစ်ခြင်းကြောင့် နာယူသူများမှာ နစ်နာကြရကြောင်း ရေးသားထားမှုများနှင့်

မျက်မှောက်ခေတ်ထေရဝါဒဗုဒ္ဓဘာသာတို့တွင် ကမ္မဋ္ဌာနာစရိယ(ခ)တရားပြဆရာတို့သည် အစွန်းတရားကြီးတို့ကို ပြသနေကြ၏ဟူ၍ ရေးသားပြပြီးလျှင် ထေရဝါဒဗုဒ္ဓဘာသာဝင် ကမ္မဋ္ဌာနာစရိယများအားလုံး ယောဂီများ အားလုံး တရားအသိ မရှိသူများချည်းဖြစ်ကြောင်း ရေးသားထားမှု။။

-စောဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ်(၁၇)(၁၉)(၃၆)(၄၂)(၄၃)(၄၄)

-စောဒနာလွှာတတိယပိုင်း၊ စောဒနာအမှတ်(၁၈)(၂၄)(၉၇)(၁၃၅)တို့၌ အကျယ်တင်ပြထားပါသည်။

## အနှစ်ချုပ်မှုကိုထုတ်ဆောင်ပြရပါမူ

ဗိုက်ဆာလို့ ထမင်းစားချင်တာကို ဒါ တဏှာပဲလို့ သွားသတ်လို့ကတော့ အစာအာဟာရတွေ ချို့တဲ့သွားမှာပေါ့။ သည်တော့ တရားလောကမှာ သည်လို ပယ်သတ်နေတာတွေဟာ တင်းကြမ်းပြည့်လို့။ ဆိုလိုတာကတော့ မြန်မာပြည်မှာ တရားမဟုတ်ဘဲ တရားလုပ်ပြီး ကျင့်နေကြတဲ့ အသိုင်းအဝိုင်းက တော်တော်များတယ်။ တဏှာ မသိတာကနေပြီး တဏှာမဟုတ်တာကို အပယ်မှားရာက တရားတုတွေအထဲမှာ ဒုက္ခရောက်နေရပုံတွေပါပဲ။

လောကမှာ စကားကို ပြောသာပြောပြီး ပြောတဲ့စကားထဲက အကြောင်းအရာကို ပြန်မေးတာ မခံချင်တတ်ကြပါဘူး။ ဘာသာရေးစကားပြောသူ(**=ထေရဝါဒဗုဒ္ဓဘာသာ တရားဟောဓမ္မကထိကတွေနှင့် ကမ္မဋ္ဌာနာစရိယတွေ**)မှန်သမျှ ဒီလိုချည်းပဲ။ သူ့ပြောစကား-ပြန်မေးတာကို မဖြေကြားလိုသော ပုဂ္ဂိုလ်ဟာ ပြန်ငေါက်တာတို့ မျက်နှာမသာမယာတို့ဖြစ်ပြီး ကံကျူးလွန်တာပဲ။

**(က)ကျူးလွန်မှုက သူ့မှာဖြစ်တာဆိုတော့ သူနဲ့ ကျူးလွန်မှုဟာ နှစ်ခုခွဲလို့ မရတာပေါ့။**

**(ခ) လူနဲ့ကိလေသာ အတူ မဟုတ်ဘူးလားဘုရား။ ဘယ်ကလာ အတူ ဟုတ်ရမှာလဲ။**

ကိလေသာက လူမှာဖြစ်တာ မဟုတ်ဘူးလားဘုရား။ ဟုတ်ပါတယ်။ အဲဒါ အတူတူ မဟုတ်ဘူးလားဘုရား။ အတူဆိုရင် လူမှာ ကိလေသာ အမြဲရှိနေရမှာပေါ့။ လူမှာကိလေသာအမြဲရှိနေရင် ကောင်းလို့ရပါဦးမလား။ ကိလေသာက လူ့ရဲ့ယာယီပစ္စည်းပဲ။ လူက ကိလေသာရဲ့ထာဝရပစ္စည်းပေါ့။ ထာဝရပစ္စည်းဖြစ်တဲ့လူ့ဆီက ယာယီပစ္စည်းဖြစ်တဲ့ကိလေသာကို နှုတ်လိုက်ရင် အဲဒီလူက စိတ်ခုလို့ရမလား။

ရုပ်နာမ်ဆုံးရာကို မြင်တာက လူလို့ပြောပြီး လူကတော့ ရုပ်နာမ်ဆုံးလို့ မရှိဘူး။အဲဒီတော့ မရှိတဲ့လူက မရှိတာကို မြင်တယ်လို့ ဖြစ်တော့တာပေါ့။ ခိုးတာကို ခိုးချင်တဲ့ကိလေသာက ဖြစ်စေတယ်။ ခိုးချင်တာကို ခိုးသူဖြစ်တဲ့ဝိပါက်က ဖြစ်စေတယ်။ **ဒီစက်ယန္တယားထဲမှာ လူမပါဘူး**။ ဒီသံသရာလည်တာက လူမှာလည်တာဆိုတော့ လူကသံသရာကိုမြင်သူ-သံသရာကလူရဲ့အမြင်ခံတရားပဲ။ ဒါကို ကိုယ်တိုင်ဒိဋ္ဌတွေ့ရတဲ့ သန္ဒိဋ္ဌိကဆိုတာပဲ။

တဏှာဝစရဓမ္မကို ဆည်းကပ်တဲ့အဖြစ်တွေကို မြင်နေရပါပြီဘုရား။ တရားရတဲ့ဆီတော့ မရောက်တော့ဘူး။ ဒါဟာ ပဒပရမသာသနာပုံစံပဲ။ ကိုယ့်ကိုယ်ကို ရုပ်နာမ်ဟုရှုပြီး ကိုယ့်ကိုယ်မဟုတ်တာကမှ (ရုပ်နာမ် ဟုတ်တာကမှ) အမှန်။ အဲဒီလိုတဏှာဝစရဖြစ်လာဖို့ ကိုယ့်ကိုယ်ဟုတ်တယ်လို့ထင်တာဟာ အတ္တအမြင်လို့ လုပ်ခဲ့ရာက စတာပါပဲ။

ဒီအတ္တအမြင်ဖြစ်တော့ နောက်တွေ နောင်တွေ အဆက်ဖြစ်ဖြစ်- အပြတ်ဖြစ်ဖြစ်- အမြင်မိစ္ဆာတွေ ဖြစ်တော့တာပေါ့။

မောင်စန်းမောင်လည်း တစ်မင်တစ်ဖိုလ်ရချင်ဇောပြင်းပြင်းနဲ့ လယ်တီ၊ မိုးကုတ်၊ တောင်ပုလု၊ မဟာစည်၊ အနာဂါမ်ဆရာသက်ကြီး၊ ဦးဘခင်၊ ဦးဂိုအင်ကာ၊ ချမ်းမြေ့၊ ဦးကြည်၊ ဖားအောက်၊ စုံနေတာပါပဲ။

**သေပြီးနောက် ဒီခန္ဓာမျိုးမရတော့တာဟာ နိဗ္ဗာန်ပဲလို့ လုပ်နေကြတယ်။**

သေပြီးနောက် ဘာမှမဖြစ်တာကို ဥစ္ဆေဒဒိဋ္ဌိတွေလို့မသိဘဲ အနှစ်ထင်ပြီး ကိုးကွယ်ကြတယ်။ ကျင့်နေကြသူတွေလည်း ဒုနဲ့ဒေး တွေ့မြင်နေရတယ်။ ဖတ်ခဲ့တဲ့စာအုပ်တွေကလည်း ဒီအယူဒီအမြင်ဖြစ်အောင် ရေးသားထားကြပါတယ်။

နိဗ္ဗာန်ဆိုတာကို တိတိကျကျ မသိဘဲ အဲသည်အာရုံကို အာရုံပြုရတဲ့ မဂ္ဂင်ကို ဘယ်လိုအားထုတ်ပါ့မလဲ။ မဂ္ဂင်တရားရှစ်ပါးရဲ့အရကောက်မလွဲအောင် သိထားပေမယ့် အဲသည်တရားတွေရဲ့အာရုံကိုမသိရင် မဂ္ဂင်တရားတွေ ပွါးလို့ရမှာ မဟုတ်ဘူး။ ယောဂအားထုတ်မှုတွေပဲ ဖြစ်မယ်။ လူကို မြောင်းထဲရောက်စေတဲ့ ယောဂတွေကို မဇ္ဈိမ ပဋိပဒါက အာရုံပြုတယ်လို့မှတ်။ သည်သာသနာမှာ ယောဂီမရှိဘူးဆိုတော့ သည်သာသနာတရားကိုသိသူဟာ ဝိဇ္ဇာပဲဖြစ်ရမှာပေါ့။

တရားဉာဏ်-ဘာမသိ၊ စာအရှိ-ကျက်ခါ။ ပါဠိနဲ့-အနက်မှာဗျာ၊ သွက်လက်စွာ-အာဂုံသိ။ ကြက်တူရွေး-စကားပြောသလို၊ တရားသဘောကိုတော့၊ လုံးဝ သူမသိ။ ပြလိုက်တဲ့-တရားဒေသနာမှာ၊ အမှားတွေသာ ကပ်ငြိ။ စိတ်ဝင်စား-တရားထိုင်၊ ယား-မကုတ်နိုင်။ ဘုရားနားက-အရုပ်စတိုင်လို၊ မလှုပ်နိုင်-ငုတ်တုတ်ထိုင်လို့လေး။

ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးကို စော်ကားပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရ တည်ဆဲဥပဒေ( )အရ. . . . . . . . . . . . . . . . . . . . . . . . . . . . ပြစ်မှုဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။

အထက်ဖော်ပြပါကောက်နှုတ်ချက်များကို ဖတ်ရှုရာတွင် ယင်းတို့နှင့်တွဲဖက်ပါရှိသည့်ဥပနာစကားရပ်များ ကိုလည်းကောင်း ယင်းတို့ကိုကိုင်၍ စောဒကဆရာတော်များက သုံးသပ်ချက်ပြုပေးထားသည်များကိုလည်းကောင်း အပြည့်အစုံလေ့လာနိုင်ကြလျှင် ဆိုလိုချက်အမှန်တို့ကို ပို၍ ရှင်းလင်းစွာ တွေ့မြင်ကြပါလိမ့်။

၆။ ။ယခုခေတ်ထေရဝါဒဗုဒ္ဓဘာသာဝင်တို့တွင် **ကျောင်းထိုင်ဆရာ၊ ဘွဲ့ရဆရာ၊ သာသနာ့အရာကြီးကြီးက ဆရာ၊ စာချဆရာ အစရှိကုန်သော ရဟန်းသံဃာအားလုံး**သည် အရိယာအသိ မရှိသူများချည်း ဖြစ်ကြကုန်၏ဟူ၍ ရေးသားပြပြီးလျှင် ယင်းသို့အရိယာအသိမရှိသူများအား ဒကာဒကာမတို့က သိန်းပေါင်းများစွာ လှူဖွယ်ရာတို့ကို နေ့စဉ်လှူနေကြရမှုသည် ဥတ္တရိမနုဿဓမ္မမရှိသူတို့အား လှုနေရခြင်းသာဖြစ်၍ အချီးနှီးသာ ဖြစ်ကြရကြောင်း ရေးသားထားမှုများနှင့်

**နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများမှ အစပြု၍ ထေရဝါဒသံဃာအားလုံး**သည် အရိယာအသိ မရှိသူများ=ဥတ္တရိမနုဿဓမ္မယဉ်ကျေးမှု မရှိသူများဖြစ်၍ သံဃာ့ဂုဏ်တော်တို့နှင့် မပြည့်သူများချည်း ဖြစ်ကြသည်ဟူ၍ ရေးသားပြပြီးလျှင် ပစ္စုပ္ပန်ကမ္မဝါဒီတို့သည်သာ အရိယာအသိရှိသူများဖြစ်ကြောင်း၊ ဥတ္တရိ မနုဿဓမ္မယဉ်ကျေးမှုရှိသူများဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းသူပြည်သားတို့၏ လှူဒါန်းမှု မှန်သမျှတို့ကို ခံယူနိုင်ခွင့် ရှိသူများဖြစ်ကြောင်း ရေးသားထားမှုများ၊

ဓမ္မပုံပြင်၊ ဓမ္မသတင်းစကား၊ ရှေးဟောင်းကျမ်း၊ အရိယာအသိကိုမသိဘဲ ရေးထားသော စာပေများဟု သူတို့တွေက သမုတ်ထားအပ်ကုန်သော ထေရဝါဒပိဋကတ်သုံးပုံတို့ကို သင်ပြရန်သင်ယူရန် စာသင်တိုက်ကြီးများ စာသင်တိုက်ကလေးများ ရှိနေဖို့ မလိုပါဟူ၍ ရေးသားပြပြီးလျှင် အဋ္ဌကထာများအားလုံးသည် အရိယာ အသိ -မရှိသူက ရေးထားသောစာများဖြစ်၍ အမှားများချည်းသာဖြစ်ကြောင်းရေးသားထားမှု၊ ဓမ္မဝိဟာရီရှင်ဉာဏ၏ ဟောပြောချက် ရေးသားချက် စသည်တို့သည်သာ အရိယာအသိရှိသူ၏ တရားဖြစ်၍ အမှန်များဖြစ်ကြောင်း ရေးသားထားမှုများ။

-စောဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ်(၈)(၂၂)(၂၈)(၂၉)(၃၀)(၄၃)

-စောဒနာလွှာတတိယပိုင်း၊ စောဒနာအမှတ်(၅၈)(၆၄)(၆၇)(၇၉)(၁၂၇)(၁၂၉)(၁၃၀)တို့၌ အကျယ် တင်ပြထားပါသည်။

## အနှစ်ချုပ်မှုကိုထုတ်ဆောင်ပြရပါမူ

ဗုဒ္ဓဘာသာဟာ ထွန်းကားတယ်လို့ ဆိုပေမယ့် အရာတည်ကလေးလောက်ပဲလို့ ပြောချင်တယ်။ ဗုဒ္ဓရဲ့ စကားလုံးတွေရဲ့ အနက်အဓိပ္ပါယ်ကို ကိုယ့်ဘာသာ သိ-ထင်-မြင်-ပြီး စာပေကျမ်းဂန်ကအလွတ် ပြောနိုင်တဲ့ သူက မရှိသလောက် ဖြစ်နေလို့ပဲ။ ဗုဒ္ဓဒသနထဲက စကားလုံးတွေအနက်ကို တကယ်လည်း မသိတတ်ကြပါဘူး။

ဘုရားက ကိုယ်တိုင်ဟောပေမယ့် ရသူမှပဲ ရတာမဟုတ်လား။ မှတ်စာဆိုတော့ ပိုဆိုးတာပေါ့။ ပြောင်းလဲတဲ့ အဆင့်က မနဲဘူး။ ပြောင်းတာများတော့ ချွတ်ချော်ပြီး ဆောင်လာကြတာ။ အခုပိဋကတ်တွေဟာ အဲဒါတွေပဲ။ အသိဉာဏ်မရသူတွေက ဆောင်ထားကြတာတွေပေါ့။ ဒီတော့ အမှားတွေပဲ။ အဲဒီအမှားတွေအတိုင်း လိုက်နေကြတော့ ခုခေတ်မှာ သာသနာပြုဆိုတာတွေလဲ ဘာမှအသိဉာဏ်ရကြတာမဟုတ်လောက်ဘူး။

အဲဒီသူတွေကို ဘုရားက ပဒပရမလို့ပဲ ပြောတယ်။ တရားမရသူလို့ပေါ့။ ပုထုဇဉ်ဆိုတာအမိုက်အကန်းပဲ။ ဒီလိုဆိုတော့ လူ့အသိနဲ့ ဘာထူးမှာလဲဘုရား။ မနုဿဓမ္မသိသူချင်းတွေဆီက အခွင့်ထူးတွေ(အလှူတွေ)ကို မခံယူဘူးလားဘုရား။ ရနေတာတော့ သိတဲ့အတိုင်းပဲ။

ယဉ်ကျေးမှု(မနုဿဓမ္မ)ကိုပဲ ဆောင်သူတွေကို သာသနာပြုလို့ ဆိုရလောက်အောင် မြတ်စွာဘုရားက ယဉ်ကျေးမှု(မနုဿဓမ္မ)ကို သူဟောတဲ့တရားလို့ ညွှန်ပြခဲ့သလားဘုရား။ ဒီလိုတော့ မပြပါဘူး။ ဒါဆိုရင် မြတ်စွာဘုရားရဲ့တရားမဟုတ်တာ ဆောင်နေသူတွေကို အဝေးကလှမ်းပေးတာ။ အဝေးကလာသူပေးတာ။ အမြတ်တနိုးပေးတာ။ ရိုကျိုးမှုပြုတာတွေဟာ ကောင်းမှုစိုက်ပျိုးရာ ရောက်ပါ့မလားဘုရား။ ဘယ်ရောက်ပါမလဲ။

ကောင်းမှုမျိုးစေ့စိုက်ပျိုးရာတွေမဖြစ်၍ အခွင့်ထူးခံထိုက်တာ မဟုတ်သော်လည်း သံဃာတွေအတွက် စားဝတ်နေရေး ကျန်းမာရေးစရိတ်တွေက သိန်းဂဏန်းတစ်ခု မကဘူး။ ဒါ့ကြောင့် လူတွေမှာ နစ်နာခံနေကြရတာပေါ့။ ဒါကို လူတွေက မသိကြတာဆိုတော့. . ။

တပည့်အဖြစ်နဲ့တရားသင်တော့ တရားတတ်တယ်။ တရားတတ်တော့ တရားပြန်သင်ပြသူ ဆရာပဲ ဖြစ်တယ်။ ဒီလိုနဲ့ ချာချာလည်နေပြီပဲ။ တရားရတဲ့ဆီတော့ မရောက်တော့ဘူး။

သာသနာ့ဝန်ကိုထမ်းသူတွေဟာ ဝတ်ကျေဝတ်ကုန်လောက်ပဲထမ်းနေကြတာ။ သာသနာ့ဝန်ထမ်းတွေဟာ ဝိနည်းနဲ့ညီအောင် နေပြီး စာသင်အရွယ်မှာ စာတတ်အောင်သင်၊ စာချနိုင်က စာကောင်းကောင်းချပြီး သာသနာ ကြည်ညိုသူတွေကို ထိန်းကျောင်းနေကြတာမျိုးပေါ့။ သာသနာ့တာဝန်ဟာ အဲဒါတွေ မဟုတ်ပါဘူး။

ဝိနည်းမိုရ်ရ နေတဲ့သူကလည်း သူကိုယ်ကိုသူ တည်ဆောက်နေတာပါပဲ။ သင်ယူ-ပို့ချနေကြသူတွေကလည်း သူတို့ကိုယ်တွေကို သူတို့ တည်ဆောက်နေကြတာတွေပဲ။ **သာသနာ့အရာကြီးကြီး(နိုင်ငံတော်သံဃမဟာ နာယက) ဆောင်ရွက်နေသူတွေကလည်း သူ့ကိုယ်သူ တည်ဆောက်နေတာတွေပဲ။** လာဘ်-ဂုဏ်-အကျော်အစော တွေ ဖြစ်အောင်လို့ တည်ဆောက်နေကြတာပေါ့။ ဝတ်ကျေဝတ်ကုန်သာသနာ့ဝန်ထမ်းဟာ သာသနာ့ဝန်ကို ထမ်းတာမဟုတ်ဘဲ သူတို့ဝန်ကို သာသနာက အထမ်းခိုင်းခံထားရတာဖြစ်တယ်။

ဒီသာသနာကို အနရိယကြီးစိုးပုံက ဆရာရယ်ဒကာရယ်နှစ်ဖြာပဲ ရှိတာ။ ဆရာကအရိယာ မဖြစ်တော့ ဒကာလည်း အနရိယပဲ ဖြစ်နေတာပဲ။ အာသဝက္ခယံ ဝဟံမလုပ်ဘဲ အာသဝက္ခယာ အာရာ-လုပ်နေသူတွေ ဒုနဲ့ဒေး။ အရိယာဒကာဆိုရင် အာသဝက္ခယံဝဟံဖြစ်မှပေးမှာပဲ။ အာသဝက္ခယာအာရာ-ဖြစ်နေတဲ့ သာသနာကြီးစိုးသူတွေကို ဘယ်ပေးမလဲ။ အဲဒီလို မဖြစ်တာတွေကိုပေးရင် သူ့တို့ပစ္စည်း အလကား ဆုံးရှုံးတာဖြစ်မှာကို အရိယာဒကာက ဘယ်လုပ်မှာလဲ။ သည်သာသနာကို အနရိယတွေ မကြီးစိုးအောင် အဲဒီ အနရိယဆရာတွေကို ဒကာတွေက မပေးမှ မလှူမှ ဖြစ်မှာပဲ။ (သူတို့တွေက ရနေသမျှကာလပတ်လုံး ကြီးစိုးနေကြတော့မှာပေါ့။)

တရားရဲ့အနက်ကို ဘုရားဆီမှာ ရှမတွေ့လို့လားဆိုတော့ တရားကို မသိဖြစ်ပြီး ဘုရားကို လွဲတော့ တရားကို မသိဘူး။ သည်တော့ ဘုရားဆိုတာ ဓမ္မပမာဏပဲ။ ဥပဇ္ဈာစရိယဆိုတာလည်း သည်လိုပဲ။ ဒါဆိုရင် ဥပဇ္ဈာယ်ဆရာက ဓမ္မပမာဏကို ရှာမတွေ့ဘဲ ဘယ်ကျောင်းထိုင်ဆရာ၊ ဘယ်စာတတ်ပေတတ်ဆရာ၊ ဗေဒင် ဆေးဝါးဆရာ၊ ဘယ်သံဃာရဲ့ဆရာ၊ ဘာတံဆိပ်ရဆရာ၊ ဘယ်လိုအနေတော်တဲ့ဆရာ၊ အစစတွေကိုပဲ တွေ့နေရတဲ့

အန္တေဝါသိကဟာ အရိယသစ္စာအစော်မနံနိုင်သူပေါ့ဘုရား။ ဒကာဒကာမတွေ အရိယသစ္စာရဖို့လဲ ဒကာဒကာမတို့ရဲ့ အကိုးကွယ်ခံ အဆည်းကပ်ခံ ဆရာလုပ်ရသူဟာ အရိယာဖြစ်ဖို့ပဲပေါ့။ တရားဟောသူက အရိယဖြစ်ဖို့လိုတယ်။ တရားရဲ့အနက်ကို တရားထဲမှာရှာလို့မှ မရပဲ။ ဟောသူ့ဆီမှာ ရှာရမှာ။ ဟောသူဆရာက အရိယမဖြစ်ရင်တော့ တပည့်ဒကာဒကာမတွေ ဘယ်လိုမှ အရိယာမဖြစ်နိုင်ကြဘူးပေါ့။

ဗုဒ္ဓဘာသာလောကမှာ တရားအားထုတ်ကြမည့်သူတွေနဲ့ အားထုတ်ကြသူတွေရော အများအပြားရှိနေကြတယ်။ ဝိနယကျင့်သူတွေလည်း အများပဲ။ သည်သာသနာမှာ ပရိယတ္တိစာသင်တိုက်ဆိုပြီး သင်ကြားပေးသူနဲ့ သင်ယူဆည်းပူးသူတွေလည်း အများအပြားပဲ။ အဲဒါတွေကို သာသနာ့လုပ်ငန်းဆိုပြီး လုပ်နေကြတာပဲဘုရား။ အဲဒါတွေက သာသနာ့လုပ်ငန်း မဟုတ်ဘူး။

ဝိနည်းသီလဟာ ပရိယတ် ပဋိပတ် ပဋိဝေဓ သာသနာသုံးရပ်နဲ့ မစပ်မဆိုင်ကြောင်း ပြောခဲ့တာပေါ့။ ဝိနည်းကျင့်တာဟာ ပဋိပတ်သာသနာ မဟုတ်ဘူးပဲ။ စာသင်တိုက်တွေ ဖွင့်ပြီး စာပေတွေကို သင်ကြားဆည်းပူးနေကြတာဟာ ပရိယတ္တိသာသနာ့တာဝန်တွေကို ဆောင်ရွက်နေကြတာ မဖြစ်ပါဘူး။ စာသင်တိုက်က စာချနေတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ပဋိဝေဓကျေးဇူးရရှိသူဆိုတာ မရှိတော့ အဲဒီပဋိဝေဓကို ဖေါ်ပြဖို့ ပရိယတ်က ရှိရတာဆိုတော့ သူတို့စာချမှုတွေဟာ သာသနာအလုပ်တွေ ပရိယတ်တွေ ဘယ်ဖြစ်နိုင်မှာလဲ။

အရိယသစ္စာမသိတဲ့ အဲဒီလိုဘာသာရေးဘာသာရပ်တွေကို သင်ကြားပေးဖို့အတွက် စာသင်တိုက်တွေ တက္ကသိုလ်တွေလိုတာ မဟုတ်ပါဘူး။ တပည့်တော်တို့မြန်မာပြည်မှာ စာသင်သားတစ်ထောင်ကျော် နှစ်ထောင်နီးနီး စာသင်တိုက်တွေတော့ ရှိနေတာပဲ။ သူတို့ ဘာတွေသင်သင် ပရိယတ်အလုပ်တော့ ဟုတ်မှာ မဟုတ်ဘူး။

ဗုဒ္ဓဟောတဲ့သမ္မာမဂ္ဂင်ရှစ်ချက်ထဲမှာ ကမ္မဿကတာဆိုတာ လုံးဝ(လုံးဝ)ကို မပါဘူး။ ဒီလိုဖြစ်ရက်နဲ့ ကံသာလျှင်မိမိဥစ္စာအဖြစ်မြင်တာဟာ သမ္မာဒိဋ္ဌိဖြစ်တယ်လို့ပြောတော့ အဋ္ဌကထာဆရာဟာ ဗုဒ္ဓဘုရားရဲ့ တရားဓမ္မကို ဘာမှနားမလည်ဘူးဆိုတာ သိပ်ထင်ရှားပါတယ်။ ဒီလိုဖြစ်ရက်နဲ့ အဋ္ဌကထာဆရာနောက်လိုက်ပြီး ကိုယ်ကဖြင့် မိစ္ဆာဒိဋ္ဌိတွေ မဖြုတ်ပြီးသေးပေမယ့် ကမ္မဿကတာသမ္မာဒိဋ္ဌိတော့ ဖြစ်ပါသည်ဟု ပြောဝံ့တာဟာ ဗုဒ္ဓဘုရားရဲ့တပည့်သာဝကအဖြစ် အငွေ့အသက်မျှရှိသေးတော့ရဲ့လားလို့ မေးစရာရှိပါသည်။

ရှေးအခါက အသိဉာဏ်ပညာ သဒ္ဓါ ဝီရိယ ပြည့်စုံကြသော မြန်မာပြည်မှ ဆရာတော်ကြီးများသည် အရိယသစ္စဓမ္မတ္ထအသိနှင့်လွဲခါ ဘုရားဆုပန်လိုပန် နတ်သားဆုပြုလိုပြု ပဒပရမည္ဆန်းလိုဥ္ဆန်း ယောင်ကန်းကန်းဖြစ်ကြကာ သာသနာပမှာ နေရသူနှင့်မခြား အမှားကြီးမှားကြရသည်။

ကံ ကိလေသာ ဝိပါက်တို့၏ စက်လည်ပုံကို မသိသူဖြစ်၍ ဝဋ္ဋဒုက္ခသံသရာ၌ အမြဲလည်နေရမည့်သူ **နိယတမိစ္ဆာဒိဋ္ဌိဖြစ်၍ အပြစ်အကြီးဆုံး** ဖြစ်၏။ ထို့ကြောင့် **အရူပဘာဝနာ(ထေရဝါဒသာသနာဝင်တို့၏ ဝိပဿနာဘာဝနာကို အရူပဘာဝနာဟု ဆိုလိုသည်။)သည် အပြစ်အနာအဆာများသောကြောင့် အတ္တကိလမထာနုယောဂဖြစ်၍ ပယ်အပ်သောအစွန်းတရားတွင် ပါဝင်၏။**

(ထေရဝါဒသာသနာဝင်တို့သည် ယင်းဘာဝနာကို အစွန်းတရားမှန်း မသိကြလေစွတကား-တဲ့။)

ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးကို စော်ကားပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရ တည်ဆဲဥပဒေ(    )အရ. . . . . . . . . . . . . . . . . . . . . . . . . . . . . ပြစ်မှုဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။

အထက်ဖေါ်ပြပါကောက်နုတ်ချက်များကို ဖတ်ရှုရာတွင် ယင်းတို့နှင့်တွဲဖက်ပါရှိသည့်ဥပနာစကားရပ်များကိုလည်းကောင်း ယင်းတို့ကိုကိုင်၍ စောဒကဆရာတော်များက သုံးသပ်ချက်ပြုပေးထားသည်များကိုလည်းကောင်း အပြည့်အစုံလေ့လာနိုင်ကြလျှင် ဆိုလိုချက်အမှန်တို့ကို ပို၍ ရှင်းလင်းစွာ တွေ့မြင်ကြပါလိမ့်။

၇။ ။ရိုးရာဖြစ်သော ထေရဝါဒဗုဒ္ဓသာသနာတော်လာ ဘာသာတရားအဟောင်းကြီး မရှိမှသာလျှင် ဤလောက၌

ဝိမုတ္တိသို့ ရောက်စေနိုင်သော အရိယသစ္စာတရားများနှင့် အရိယသစ္စာဘာသာတရားများ ထွန်းကားလာကြမည်ဟူ၍ ရေးသားပြပြီး သစ္စာနှစ်ပါးရှိကြောင်းကို ယုံကြည်ကြသည့် ထေရဝါဒီတို့သည် မိစ္ဆာဒိဋ္ဌိကများသာ ဖြစ်ကြသည်ဟုလည်းကောင်း၊

ပစ္စုပ္ပန်ကမ္မဝါဒီတို့သည်သာလျှင် သစ္စာသုံးပါးတို့အနက် အရိယသစ္စာကို ယုံကြည်သူများ ဖြစ်၍ သမ္မာဒိဋ္ဌိကများ ဖြစ်ကြသည်ဟုလည်းကောင်း ရေးသားထားမှုများနှင့်

ဘုရားရဟန္တာဖြစ်ခွင့်ရရှိသည့်ဘဝတိုင်အောင် ဘဝတစ်လျှောက်လုံးတွင် ရှေ့ဘဝ - နောက်ဘဝ ရှိကြ၏ဟူ၍ ယုံကြည်သူများဖြစ်၍ ဘုရားရဟန္တာဖြစ်ခွင့်ရရှိသည့်ဘဝမှ နောက်ပိုင်းကာလတွင်မူ ရှေ့ဘဝတွေ ရှိခဲ့သော်လည်း နောက်ဘဝမရှိတော့ပြီဟု ယုံကြည်သောကြောင့် ထေရဝါဒီများသည် သဿတ+ဥစ္ဆေဒ=မိစ္ဆာအယူရှိသူများ ဖြစ်ကြ၏ဟူ၍ ရေးသားပြပြီးလျှင် ယခုတစ်ဘဝမျှသာရှိ၏ဟု ယုံကြည်ခြင်းကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီတို့သည်သာ သမ္မာအယူရှိသူများဖြစ်ကြောင်း ရေးသားထားမှုများ။

-စောဒနာလွှာပထမပိုင်း၊ စောဒနာအမှတ်(၂၁)(၄၀)(၄၃)(၄၇)(၄၉)

-စေဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ် (၁၂)(၁၄)(၂၀)(၃၂)(၃၃)

-စောဒနာလွှာတတိယပိုင်း၊ စောဒနာအမှတ်(၈)(၁၆)(၁၈)(၄၃)(၅၃) (၇၀)(၇၈)(၁၁၇)(၁၁၈)(၁၂၈)တို့၌ အကျယ်တင်ပြထားပါသည်။

## အနှစ်ချုပ်မျှကိုထုတ်ဆောင်ပြရပါမူ

ဘုရားရှင်ရဲ့လုပ်ရှားမှုဟာလည်း လူနဲ့အတူဆုံး လုပ်ရှားမှုတွေပဲ ဖြစ်တယ်။ သူဟာကမ္မဝါဒကို ကျင့်သုံးလုပ်ရှားခဲ့တယ်။ သူ့ရဲ့ကမ္မဝါဒဟာ ရှေးကမပေါ်ဖူးသေးတဲ့ ကမ္မဝါဒပဲ။ ရှေးကပေါ်ခဲ့တဲ့ နိဂဏ္ဌရဲ့ကမ္မဝါဒဟာ သူ့ကမ္မဝါဒနဲ့ မတူဘူး။ မမွေးမီကဘဝ အခုဘဝ နောက်ဘဝ သုံးဘဝဆက်နေတဲ့ ကမ္မဝါဒပဲ။ ဒါကိုလက်မခံသူဟာ ဘာသာရေးမရှိသူ အကြိယဝါဒီကြီး ဖြစ်တယ်။ ဘုရားကို သူတို့က ဒီလိုသူဆိုပြီး စက်ဆုတ်ရွံရှာကြတယ်။ ဘုရားရဲ့ကမ္မဝါဒက ပစ္စုပ္ပန်ကမ္မဝါဒဖြစ်တယ်။ ဒါကြောင့် ဘုရားက သူ့ကိုယ်သူ အကြိယဝါဒီမဟုတ်သူဆိုတာကို သိခဲ့တယ်။

ကျန်တဲ့ဖိုလ်တရား နိဗ္ဗာန်တရား ပရိယတ်တရားဆိုတာတွေဟာ တရားမဟုတ်ဘူး။ မသိတော့ မှားမှာစိုးလို့ ရနိုင်သလောက် ခြုံကောက်ထားတာတွေပဲ။ တရားက များတာမဟုတ်ဘူး။ သည်မဂ္ဂင်ရှစ်ချက်ပဲ။

သေပြီးသည်နောက် ဖြစ်-ယူလျှင် သဿတဒိဋ္ဌိ၊ သေပြီးနောက် မဖြစ်-ယူလျှင် ဥစ္ဆေဒဒိဋ္ဌိ။ ပုထုဇဉ် သေပြီးနောက် ဖြစ်-ဟူသောအယူနှင့် ရဟန္တာသေပြီးနောက် မဖြစ်-အယူများကို တရားတော်အားဖြင့် ပယ်ရှားပစ်ရမယ်။

ထို့ကြောင့် ဘဝဟူသော ပစ္စုပ္ပန်အကြောင်းအင်္ဂါရဲ့အကျိုးသည် သေပြီးနောက်မှာ ဖြစ်လတ္တံ့သော အကျိုးလွှာ ဇာတိပဋိသန္ဓေနေခြင်း မဟုတ်ပါ။

နောက်ဆုံးအားဖြင့် အဲသလိုရှုရင် တရားရမည့်သူ-မရှိသောကြောင့် တရားရချင်ခြင်းသည် အမှားဖြစ်သည်။

လူကောင်ကြီးရဲ့အစိတ်အပိုင်းဖြစ်တဲ့ ဓာတ်တွေပရမတ်တွေကို အရိယသစ္စာတရားလို့ ထင်မိရင်တော့ တက်တက်စင်အောင် လွဲတာပဲ ဖြစ်တယ်။ အဲသည် ပရမတ္ထသစ္စာတွေကို အရိယသစ္စာထင်ပြီး ရှုကြည့်နေရင် ပရမတ္ထသစ္စာတွေပဲ ဖြစ်လာမှာ။

ပရမတ္ထသစ္စာတွေက ကြီးငယ်မဟူ ပေါက်နေကြတော့ တရားသမားတွေက အနတ္တကို တအားကြိုက်နေကြတယ်။

ပဋိပက္ခဖြစ်တော့ စိတ်ဝမ်းကွဲ။ စိတ်ဝမ်းကွဲတော့ အကောင်းမမြင်။ အကောင်းအမြင်တော့ လောကငြိမ်းချမ်းနိုင်ပါ့မလား။ ဒီလိုဆိုရင် ဝိမုတ္တိအရောက်ကျင့်တယ်ဆိုတာ မိုးကို လှေခါးထောင်နေသူတွေလား။ ပြဿနာဖြစ်ရင် ဘုရားဆည်းကပ်သူဟာ ဘုရားဆီ သွားရတယ်။

တရားသိသူက ပြတာကိုသိဖို့ ပုံဖော်ရတာ။ တရားပုံသဏ္ဍာန်ခေါ်မမ္မပုံမှာက အရိယသစ္စာလေးပါး ရှိတယ်။

အဲဒီပုံအတိုင်း အသိအမြင်ရအောင် ဆင်ခြင်လို့သိတော့လည်း ဒီပြချက်အတိုင်း သိမှာပဲ။ အဲလိုသိအောင်ကျင့်တာမှ ဓမ္မကို ဓမ္မအလျှောက် ဓမ္မအပေါ်ရောက်အောင် လုပ်တာပဲ။

ဒုက္ခအရိယသစ္စာမှာ အဲဒီအနက်နဲ့ ဘုရားက ဆိုလိုတယ်။ ဒါကြောင့် မင်္ဂဉာဏ်ဖိုလ်ဉာဏ်နိဗ္ဗာန် မရောက်ကြတာ ဖြစ်တယ်။ အဲဒီအနက်အဓိပ္ပါယ်ရဲ့ဒုက္ခ(ဆင်းရဲ)ကို မသိကြလို့ပေါ့။

ဥပါဒါန်အာရုံသာမက ပကတိအာရုံပါ ပျက်သွားလေတော့ အနုပါဒါန်တွေတောင် ပျောက်ပျက်ခံလိုက်ရတယ်။ ဦးနှောက်မသုံးတဲ့ လေ့ကျင့်ခန်းဖြစ်တဲ့ ဒီကမ္မဋ္ဌာန်းသမားက မြင်ရင် ကြားရင် မြင်ရာမှာ ကြားရာမှာတင်ရပ်။ ဒီကမ္မဋ္ဌာန်းမျိုးကို များများလုပ်သူဟာ အသိပညာမဲ့ဘဝ ရောက်ရတယ်။

သမုတိသစ္စာအမြင်၊ ပရမတ္ထသစ္စာအမြင်။ ဒီအမြင်ထဲမှာ တရားလည်းမရှိ။ မတရားလည်းမရှိ။ အရိယာအဖြစ်ကို မတက်နိုင်။ အနရိယလည်း ဖြစ်စေနိုင်တယ်။

ခုနှစ်ရက်နဲ့သောတာပန်ဖြစ်ဖို့ မော်ဘီချမ်းမြေ့မှာ ဘုန်းကြီးဝတ်နဲ့ ကျင့်ခဲ့တယ်။ မရဘူး သမာဓိ အားနည်းလို့ မရတာဆိုပြီး ဖားအောက်တောရကို သွားခဲ့တယ်။ လေးလဆက်တိုက်။ သောတာပန်အနံ့တောင် မရခဲ့ဘူး။

ဒီခန္ဓာတွေကို ဘုရားက လက္ခဏာသုံးချက်နဲ့ တင်ခဲ့တယ်လို့ ထင်ခဲ့တယ်။

တရားကိုကျင့်တော့ အဲသည်ဇေ့ဘ့သည်ခန္ဓာတွေပျောက်ပြီးနောက် ငယ်ငယ်ကလိုလေးပဲ ကြည့်တာပေါ့ဗျာ။အဲဒီတော့ တကယ့်ကို ဧည့်သည်ခန္ဓာကြီး ပယောဂခန္ဓာကြီး ဥပါဒါနက္ခန္ဓာကြီး မရှိတော့ဘူး။

(မူလမွေးရာပါ ခန္ဓငါးပါးပဲ ရှိတော့တယ်။)

တရားကျင့်တာရဲ့အဆုံးက နိဗ္ဗာန်ဆိုတဲ့ပန်းတိုင် ရောက်တာပဲ ဦးခင်မောင်။

ပါဠိလိုပြောရရင်သောတာပန်-တဲ့။ သောတဆိုတာက နား။ အာပန္နဆိုတာက ရောက်ခြင်းပေါ့။ နားရောက်တယ်ဆိုတာ နားလည်တာကို ပြောတာပဲ။

ကံအစစ်ကိုမမြင်ရင် ရှေ့နောက်ဘဝများနဲ့ သဿတ+ဥစ္ဆေဒ မိစ္ဆာဒိဋ္ဌိတွေ ဝင်လာနိုင်ပါသည်။

မသေမီဘဝ=ကံနှင့် သေပြီးနောင်ဘဝ=ဝိပါက်အဖြစ်များသည် ဆက်စပ်၍ မရသောအရာများ ဖြစ်ကြပါသည်။ အဘယ့်ကြောင့်နည်းဟူမူ **ဧကတ္တနည်းနာနတ္တနည်းများ**နှင့် ဆန့်ကျင်သောကြောင့်ပဲ ဖြစ်ပါသည်။

ရုပ်သည် ဥပါဒါန်ရုပ် အနုပါဒါန်ရုပ်ဟူ၍ နှစ်မျိုးရှိပါသည်။ ဗုဒ္ဓမြတ်စွာဘုရားယူသောရုပ်ဟူသည် အစွဲဥပါဒါန်ရုပ် ဖြစ်ပါသည်။

အရိယသစ္စာလေးချက်အထိ အသိမရောက်လျှင် အဲဒီသူအတွက် ဗုဒ္ဓဘာသာဟာ သူ့ဘာသာ မဟုတ်ပါဘူး။ မိရိုးဖလာဘာသာပဲ ဖြစ်တယ်။ သည်အထဲမှာ လာဘ် ဂုဏ် အကျော်အစောရအောင် သီလလုံအောင် ဈာန်ရအောင် တန်ခိုးရှိအောင် ကျင့်ကြံနေတယ်ဆိုရင်လည်း အဒီသူ ဗုဒ္ဓဘာသာ မဟုတ်ဘူး။

ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးကို စော်ကားပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရ တည်ဆဲဥပဒေ( )အရ. . . . . . . . . . . . . . . . . . . . . . . . . . . . . .ပြစ်မှုဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။

အထက်ဖော်ပြပါကောက်နုတ်ချက်များကို ဖတ်ရှုရာတွင် ယင်းတို့နှင့်တွဲဖက်ပါရှိသည့်ဥပနာစကားရပ်များကိုလည်းကောင်း ယင်းတို့ကိုကိုင်၍ စောဒကဆရာတော်များက သုံးသပ်ချက်ပြုပေးထားသည်များကိုလည်းကောင်း အပြည့်အစုံလေ့လာနိုင်ကြလျှင် ဆိုလိုချက်အမှန်တို့ကို ပို၍ ရှင်းလင်းစွာ တွေ့မြင်ကြပါလိမ့်။

၈။ ။သတ္တဝါတို့သည် (၃၁)ဘုံအတွင်း လောကီကံ လောကုတ္တရာကံအားလျော်စွာ သံသရာအရ ကြဉ်လည်ကြရသည် မဟုတ်ဟူ၍ ရေးသားပြပြီးလျှင် ဤတစ်ဘဝအတွင်း၌သာလျှင် ဤလူ့ခန္ဓာအပေါ်၌သာလျှင် (၃၁)ဘုံသား သတ္တဝါတို့၏ ပုံသဏ္ဍာန်တွေ ပေါ်ပေါက်လာခြင်းသည်သာလျှင် သံသရာ ဖြစ်၏ဟူ၍ ရေးသားထားမှုများ ပြဟ္မဘုံ ငရဲဘုံစသည်တို့ကို ဘုရားမဟောဟူ၍ ရေးသားထားမှုများနှင့်

ဗုဒ္ဓဘာသာဝင်တို့၏ မနုဿဓမ္မ-အခြေခံအားဖြင့်ပင် ဗုဒ္ဓဘာသာဝင်လူသားတို့ လေ့ကျင့်နေရမည့်တရားများ (ဘုရားရှိခိုးမှု၊
ဒါနပြုမှု၊
ငါးပါးသီလစောင့်မှု၊
ဥပုသ်စောင့်မှု၊
ဒုစရိုက်ရှောင်မှု၊
သုစရိုက်ဆောင်မှု၊
ဘုရားကျောင်းဆောင်ထားရှိမှု၊
ဆင်းတုတော်ပူဇော်မှု၊
ပိဋကတ်သုတ်ဂါထာ စသည်တို့ကို ရွတ်ဖတ်မှု၊
သမထဘာဝနာအားထုတ်မှု၊
ဝိပဿနာဘာဝနာအားထုတ်မှု၊
အရဟံဂုဏ်တော်ရွတ်ဆိုမှု၊
အသုဘဘာဝနာဆင်ခြင်မှု၊
ကုသိုလ်ဆိုလျှင် များများရအောင် စိတ်ကောင်းမွေးလျက် ကြိုးစားအားထုတ်မှု၊
အကုသိုလ်ဆိုလျှင် နဲပါးသွားအောင် သုတ်သင်မှု၊ စသည်) တို့ကို ပြုလုပ်နေမှုများသည် ကုသိုလ်ကောင်းမှု မဖြစ်ဘဲ စိတ္တဇဝင်နေခြင်းများသာဖြစ်၍ ဗုဒ္ဓဘာသာဝင်အဖြစ်မှပင် ပျက်စီးသွားပြီဖြစ်ကြောင်း ရေးသားထားမှုများ။

-စောဒနာလွှာပထမပိုင်း၊စောဒနာအမှတ်(၁)(၂)(၃)(၉)(၁၈)(၁၉)(၂၂)(၂၃/၂၄/၂၅/၂၆/၂၇)-(၅၉)(၆၂)

-စောဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ်(၁)

-စောဒနာလွှာတတိယပိုင်း၊ စောဒနာအမှတ်(၆)(၃၁) (၃၈)(၃၉)(၄၆)(၇၉)(၁၀၅)(၁၂၈)တို့၌ အကျယ်တင်ပြထားပါသည်။

## အနှစ်ချုပ်မျှကိုထုတ်ဆောင်ပြရပါမူ

၁။ ကောင်းတာပဲဖြစ်ဖြစ် မကောင်းတာပဲဖြစ်ဖြစ် တစ်ခါလုပ်မိရင် ထပ်ထပ်လုပ်ချင်တယ်။ ဒီကံကြီးက ကိုယ့်ကို ရစ်ပတ်နေပြီ။ ဒီလူမလွတ်လပ်တော့ဘူး။

၂။ ကောင်းတာလုပ်တာလည်း လူ့လမ်းစဉ် မဟုတ်ဘူး။ ဘယ်လောက်ကြာကြာ အနစ်နာခံနိုင်မှာလဲ။

၃။ သြော် ဗုဒ္ဓဘာသာဖြစ်ရင် ကံကိုယုံရမယ်။ နောက်ဘဝကို လက်ခံရမယ်။ မှားလိုက်တာဗျာ။

၄။ ပေးထိုက်တာ မပေးမိရင်လည်း စာရိတ္တသီလ ပျက်တယ်။ ဝဋ်လိုက်တာပဲ။ ဦးရန်အောင်ဗျာ။ သီလရှင်တွေကို ဆွမ်းဆံလောင်းတယ်။

၅။ ဒါဟာ ဆုတောင်းတာကိုဘုရားက လက်မခံကြောင်း သိရမယ့်အချက်ပဲ။ ဘုရားကတော့ ဆုတောင်းသူကို ကန်တော့ဆွမ်းပဲ ပေးတာ။

၆။ ဘုရားရဲ့နတ်အရကောက်ဟာ မိုးပေါ်ကသူတွေ မဟုတ်ဘူးဆိုတာ ပေါ်လွင်တယ်။

၇။ ဒီလောက်တန်ဖိုးများဒါနကြီးအတွက် ဘုရားဟောတဲ့တစ်ဂါထာတည်းမှာ နတ်ပြည်လည်းမပါဘူး။ လူ့ပြည်လည်းမပါဘူး။ ငရဲလည်းမပါဘူး။ နောင်ဘဝလည်းမပါဘူး။ ဒါနအကျိုးကို ဘုရားက နတ်ပြည်လို့ မဟောဘူး။

၈။ ဘုရားက လူကိုသတ်မှ ပါဏာတိပါတလို့ဟောတယ်။ တိရစ္ဆာန်သတ်ရင် ကံမထိုက်ပါဘူး။ အစိုးရပစ္စည်းဟာ လူ့ပစ္စည်းမဟုတ်ဘူး။ အဲဒါကို ခိုးလို့ ကံမထိုက်ဘူး။ ကာမဂုဏ်မှားယွင်းကျက်စားရှောင်မှုဟာ

ကိုယ့်ကာမပိုင်မဟုတ်သူကို မေထုန်ပြုမှုလို့ အဓိပ္ပါယ်ရမှာ မဟုတ်ဘူး။ ကိုယ့်ဘဝမဟုတ်တဲ့အရာတွေကို မမှန်တာပြောလည်း လိမ်ရာမကျဘူး။ မုသာဝါဒမဖြစ်ဘူး။ လိမ်ကောင်းတယ်။ မူးအောင်မသောက်ရင် အရက်သောက်တာက မိတ်ဆွေပေါလို့ စီးပွါးဖြစ်တော့ အကျိုးတောင် ရှိပါသေးတယ်။ ဒီလိုသောက်တာကို ဘုရားက သုရာမေရယလို့ ဟောတာမဟုတ်ဘူး။

၉။ နတ်ပြည်ရဲ့တည်ရာက မြင်းမိုရ်တောင်ပဲ။ သည်တောင်ဟာ ကမ္ဘာ့ပထဝီမှာ တကယ်မရှိတဲ့တောင်ပဲ။ ဒါ့ကြောင့် သည်လောက်ယုတ္တိမဲ့တဲ့အရာလို့ပဲ ပြောပါရစေ။

၁၀။ ဗောဓိသတ္တ=ဘုရားလောင်းလို့ ပြန်တာကို စဉ်းစားရမှာဖြစ်ပါတယ်။

၁။ ဘယ်တရားမှ မရချင်နေ ရှေ့ဘဝ နောက်ဘဝကိုတော့ မတွေးရဘူး။ ရှေးဘဝနောက်ဘဝ တွေးတဲ့သူဆိုရင် မိစ္ဆာဒိဋ္ဌိလို့ ဆိုပြီးသကာလ ကျုပ်တို့နဲ့ ပဋိပက္ခအရာမှာ ရှိတယ်။ (ဘုရားရဲ့ရန်သူတွေပါ။)

၁။ အပါယ်လေးပါးဆိုတာ အကုသိုလ်ကံ ကာမကုသိုလ်ကံ ရူပကုသိုလ်ကံ အရူပကုသိုလ်ကံ။ကပ်သုံးပါးဆိုတာ သံသရာဘေးဆိုးသုံးပါး(=ပျက်စီးခြင်း ဆိုးဝါးခြင်း သုံးမရခြင်း။) ရပ်ပြစ်ရှစ်ပါးဆိုတာကတော့ ရပ်ပစ်ရမယ့်ရှစ်ပါး(=အစွန်းငြိအမြင်(ပ)အစွန်းငြိစိတ်ထား။)ရန်သူမျိုးငါးပါးဆိုတာ ဉပါဒါနက္ခန္ဓာငါးပါး။ ဝိပတ္တိတရားလေးပါးဆိုတာ အရိယသစ္စာလေးပါးအသိဖေါက်ပြန်ခြင်းလေးပါး။ ဗျသနတရားငါးပါးဆိုတာ ဖိစီးနှိပ်စက်မှုခံရသောမူလဗီဇခန္ဓာငါးပါး။

၂။ နိဗ္ဗာန်ဆိုတာ အပါယ် ကပ် ရန်သူ ဗျသနဆိုတဲ့ ဆိုးဝါးမှုခပ်သိမ်းက လွတ်တာ ဖြစ်တယ်။

၃။ ဆဋ္ဌသံဂါယနာတင်ပွဲဟာ ဉီးနုနဲ့ဖဆပလအဖွဲ့တို့ ဉီးဝိစိတ္တတို့ မဟာစည်တို့ ညောင်ရမ်းတို့ ဂုဏ်သိက္ခာတွေ ရတာကလွဲလို့ တစ်ခြားအကျိုးကတော့ မပြောလောက်ပဲ ဖြစ်တယ်။

၄။ အရဟံ-ဆိုပါတော့။ အေး သည်စာတွေက သိပ်မြင့်တယ်။ တို့လူတွေနဲ့မတန်ဘူး။ မတန်မရာတွေကို တို့လူတွေက ရွတ်ဆိုနေမိကြတာပဲ။ သည်စာတွေဟာ စိတ္တဇအပြစ်-ဖြစ်တယ်။ ဘုရားကို အထင်ရောက်သွားတော့ စိတ္တဇအပြစ် ဖြစ်စေတယ်။ အပြစ်က ကြီးတယ်။ ဗုဒ္ဓဘာသာ မဟုတ်တော့ဘူးလို့ဖြစ်တယ်။

၅။ တရားဓမ္မဆွေးနွေးတဲ့အခါ ပရမတ်တွေအကြောင်း မပြောစေချင်ပါဘူး။ ပရမတ်တွေဟာ တရားမဟုတ်လို့ပါပဲ။

၆။ သည်လိုဆိုရင် သည် စာသင်တိုက်ကြီးတွေက တလွဲဖြစ်ထွန်းနေတာမို့ ဗုဒ္ဓဘာသာတရားဓမ္မအရ လိုလားစရာ မဟုတ်ဘူး။

၇။ ပါရမီဆိုတာ မမွေးမီက ပါလာတဲ့ပစ္စည်း မဟုတ်ဘူး။

၈။ **ခေတ်ဟာ ဘဝမရှိတဲ့သဘောတရား(နိဗ္ဗာန်)ကို အမြဲဆိုပြီး ဟစ်ကြွေးနေပါပြီ။**
**သည်ဟစ်ကြွေးချက် သရုပ်ပေါ်လာပြီဆိုလျှင်**
**ဓမ္မဝိဟာရီတို့ "ဘာသာတရားတည်ဆောက်မှု" အောင်မြင်မှာပါ။**
**ဟစ်ကြွေးတဲ့ခေတ်ကို မမီကြသေးရင်တော့ ကြာဦးမှာပေါ့။**

ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးကို စော်ကားပုတ်ခတ်ထားမှု၍ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရ တည်ဆဲဉပဒေ( )အရ. . . . . . . . . . . . . . . . . . . . . . . . . . . ပြစ်မှုဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။

အထက်ဖေါ်ပြပါကောက်နုတ်ချက်များကို ဖတ်ရှုရာတွင် ယင်းတို့နှင့်တွဲဖက်ပါရှိသည့်ဌပနာစကားရပ်များကိုလည်းကောင်း ယင်းတို့ကိုကိုင်၍ စောဒကဆရာတော်များက သုံးသပ်ချက်ပြုပေးထားသည်များကိုလည်းကောင်း အပြည့်အစုံလေ့လာနိုင်ကြလျှင် ဆိုလိုချက်အမှန်တို့ကို ပို၍ ရှင်းလင်းစွာ တွေ့မြင်ကြပါလိမ့်။

အထက်ပါ"အနှစ်ချုပ်မျှထုတ်ပြချက်"တို့သည် ဌပနာအရာတွင် ထည့်သွင်းလျက် ကိုင်တွယ်ခံရသည့်

တရားခံစာများသာ ဖြစ်ကြပါသည်။

သို့ဖြစ်ပါ၍ ပစ္စုပ္ပန်ကမ္မဝါဒသမားများ၏ မူရင်းစာများဟူ၍သာ သိမှတ်ကြရန် ဖြစ်ပါသည်။ စောဒကတို့၏ စာများနှင့်တကွ စောဒနာဖြစ်သင့်ရာရာတို့ကိုလည်း ဆက်လက်၍ တင်ပြပါဦးမည်။

စောဒနာလွှာတို့တွင်- ပဋိညာစသည်တို့ကို ဖော်ပြပါအတိုင်း အဓိပ္ပါယ်ရှိကြောင်း ကြိုတင်ပန်ကြားပါသည်
၁။ **ပဋိညာ=**စောဒနာစကားစုတို့၏အခြေပျိုးစကားဦး။
၂။ **ဌပနာ**=စောဒနာဝင်ဖြစ်ထိုက်၍ စောဒနာခံထိုက်သော အဓမ္မဝါဒပြ မူရင်းစာအုပ်ပါ ရေးသားချက်များ။
၃။ **စောဒနာ**=အပြစ်နှင့်တကွ စွဲဆိုထားသော အဓမ္မဝါဒဖြစ်ကြောင်း ဖော်ထုတ်တင်ပြထားချက်များ။ စွဲချက်များ။

# (ခ)
# ပစ္စုပ္ပန်ကမ္မဝါဒသမားတို့က ထေရဝါဒဗုဒ္ဓဘာသာတို့အပေါ်၌ ထားရှိကြသောသဘောထားများနှင့်ပတ်သက်၍

(ပဋိညာ-ဌပနာ-စောဒနာတို့မှကောက်နုတ်ရွေးထုတ်တင်ပြချက်များ)

ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာအမည်ခံဘာသာရေးဂိုဏ်းကြီးသည် မြန်မာနိုင်ငံတော်တွင် ပေါ်ပေါက်ခဲ့သမျှ ကုန်သော အဓမ္မဝါဒအားလုံးတို့နှင့် တစ်စိတ်တစ်ပိုင်းအားဖြင့် အတူပြု-ယူထားသည်ဖြစ်၍ အဓမ္မဝါဒီအားလုံးကို ဆွဲစု-သိမ်းယူထားနိုင်ရာ မဟာအင်အားစုကြီး ဖြစ်သည်။

ပညာရှင်အင်အား ဘာသာဝင်အင်အား ငွေကြေးအင်အား ပုံနှိပ်ထုတ်ဝေရေးဖြန့်ချိအင်အား အကြီးမားဆုံး အခိုင်မာဆုံး အဓမ္မဝါဒီဂိုဏ်းကြီးလည်း ဖြစ်သည်။

သက်တမ်းအရှည်ကြာဆုံး အပြန့်နှံ့ဆုံးဖြစ်၍ အကျယ်ပြန့်ဆုံးအဓမ္မဝါဒီဂိုဏ်းကြီးလည်း ဖြစ်သည်။ ထို့ကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာသာသနာတော်မြတ်ကြီးအား အတိုက်စားဆုံး အစော်ကားဆုံး အဖျက်ဆီးဆုံး အန္တရာယ်ကြီးလည်း ဖြစ်သည်။

ဤအကြောင်းတို့ကို နောက်နားတွင် ဆက်လက်၍ အကျယ်ရှင်းလင်းတင်ပြပါ့မည်။

သို့ဖြစ်ပါ၍ ပစ္စုပ္ပန် ကမ္မဝါဒဂိုဏ်းကြီးကို စောဒနာပြုရာတို့တွင် **သကပက္ခ ပရပက္ခ** ရောယှက်ဖွယ်ရာများမှ လုံးဝကင်းရှင်းနေစိမ့်သောငှါ ရည်သန်လျက်--

**"၁။ ပဋိညာ=စောဒနာစကားစုတို့၏အခြေပျိုးစကားဦး။**

**၂။ ဌပနာ=စောဒနာဝင် ဖြစ်ထိုက်၍ စောဒနာခံထိုက်သော အဓမ္မဝါဒပြ မူရင်းစာအုပ်ပါ ရေးသားချက်များ။**

**၃။ စောဒနာ= အပြစ်နှင့်တကွ စွဲဆိုထားသော အဓမ္မဝါဒဖြစ်ကြောင်း ဖော်ထုတ်တင်ပြထားချက်များ။ စွဲချက်များ"**

ဟူ၍ သီးသန့်ခွဲခြားထားပါသည်။

အထက်တွင် ကောက်နုတ်တင်ပြခဲ့သည်တို့မှာ ဌပနာများမှချည်းဖြစ်၍ ပရပက္ခ=ပစ္စုပ္ပန်ကမ္မဝါဒများချည်းသာ ဖြစ်ကြပါသည်။ ယခုတင်ပြမည့်ကောက်နုတ်ချက်များမှာမူ ပက္ခနှစ်ခုလုံးမှ ရွေးကောက်ချက်များဖြစ်ကြောင်း ကြိုတင်၍ လျှောက်ထားပါသည်။ သတိပြုတော်မူမိကြရန် ဖြစ်ပါသည်ဘုရား။

"ကုသိုလ်အလုပ်ပဲဖြစ်ဖြစ်-အကုသိုလ်အလုပ်ပဲဖြစ်ဖြစ် တစ်ခါလုပ်မိရင် ဆက်ကာဆက်ကာ မပြတ်ဆက်တိုက် လုပ်နေတတ်သဖြင့် မကောင်းဘူး။ ဒီအလုပ်က ရစ်ပတ်နေပြီ၊ လည်နေပြီ-ဟု ဆိုထားခြင်းဖြစ်၏။ မြတ်စွာဘုရားသည်ပင် ကုသိုလ်ကောင်းမှုကို ပြုလုပ်ရမှာ မကြောက်ဘို့ အခွင့်သာတိုင်းလုပ်ဘို့ တိုက်တွန်းတော်မူ ထား၏။

အကယ်၍ ကုသိုလ်ကောင်းမှုသည် မကောင်းရိုးမှန်လျှင် အကျိုးမရှိရိုးမှန်ပါလျှင် ကုသိုလ်ကောင်းမှု ပြုလုပ်ဖို့ တိုက်တွန်းတော်မူမည်- မဟုတ်ပါ။

(စောဒနာလ္လာပထမပိုင်း၊ စောဒနာအမှတ်-၁။)

"ရှင်ဉာဏ၏တရားကို အကျဉ်းချုပ်လိုက်လျှင် ကံကိုမယုံ၊ နောင်ဘဝကို လက်မခံရဟူ၍ ယူထားခြင်း ဖြစ်၏။ ဤသို့ဆိုလျှင် ရှင်ဉာဏသည် ကံကိုပယ်သည့် ပုရာဏကဿပ၏ အကြိယဝါဒရှိသူ၊ ကံ၏အကျိုးကို ပယ်သည့် အဇိတကေသကမ္ဗလ၏ နတ္ထိကဝါဒရှိသူ၊ နှစ်ပါးလုံးကိုပယ်သည့် မာက္ခလိဂေါသာလ၏ အဟေတုကဝါဒ ရှိသူ ဖြစ်၏။ ထို့ကြောင့် နိယတမိစ္ဆာဒိဋ္ဌိအယူရှိသူဟု ဆိုရ၏။

(စောဒနာလ္လာပထမပိုင်း၊ စောဒနာအမှတ်-၃။)

"နိယတမိစ္ဆာဒိဋ္ဌိအယူရှိသူသည် နတ်ပြည်လမ်း ပိတ်ထားပြီးဖြစ်၍ နတ်ပြည်သို့လည်း မရောက်နိုင်။ နိဗ္ဗာန်သို့ရောက်ရန်မှာ ဆိုဖွယ်ပင်မရှိ။ ထိုပုဂ္ဂိုလ်မျိုးကို လျှင်သောအဆိတ်ရှိသည့်မြွေလို အဆောတလျင် ရှောင်သင့်ကြောင်း။ (စောဒနာပထမပိုင်း၊ စောဒနာအမှတ်-၃။)

"အရှင်ဉာဏသည် ဒါ နတ်လုပ်ငန်းကိုလုပ်လို့ နတ်ဖြစ်တာနော်။ ဗြဟ္မာလုပ်ငန်းကိုလုပ်ရင်လည်း ဗြဟ္မာ ဖြစ်မယ်။ လူပေါ်မှာ ဗြဟ္မာဖြစ်တာ။ လူပေါ်မှာ နတ်ဖြစ်တာ။ ငရဲလုပ်ငန်းလုပ်ရင်လည်း လူငရဲဖြစ်မယ်နော်-ဟုဆို၍ နတ်ဗြဟ္မာငရဲတို့ကို လက်မခံသူဖြစ်သောကြောင့် ရှင်ဥက္ကဋ္ဌ၏လူသေလူဖြစ်-အတွေးအခေါ်များ အများ အပြားပါရှိနေ၏။ အရှင်ဉာဏရေးသားပြောဟောနေသော အဓမ္မဝါဒလမ်းစဉ်သည် **အရှင်ဥက္ကဋ္ဌ၏ အဓမ္မဝါဒ** လမ်းစဉ်များ ဖြစ်နေသည်ကို တွေ့ရ၏။

(စောဒနာလ္လာပထမပိုင်း၊ စောဒနာအမှတ်-၁၉။)

"ဘုရားရှင်၏ဝါဒသည် ရှင်ဉာဏပြောသကဲ့သို့ ပစ္စုပ္ပန်ကမ္မဝါဒမဟုတ်။ အတိတ်အနာဂတ်ပစ္စုပ္ပန်ကာလ သုံးပါးနှင့် ဟောကြားတော်မူသောဝါဒ ဖြစ်သည်။

(စောဒနာလ္လာပထမပိုင်း၊ စောဒနာအမှတ်-၂၁။)

"အရှင်ဉာဏ၏အထက်ပါဟောပြောချက်ကိုကြည့်၍ အရှင်ဉာဏသည် ဗုဒ္ဓဘာသာဝင်များမှာ ရှိရမည့် ကမ္မဿကတာသမ္မာဒိဋ္ဌိပင် မရှိကြောင်း တွေ့မြင်ရပါသည်။ ကမ္မဿကတာသမ္မာဒိဋ္ဌိမှ မရှိလျှင် အရှင်ဉာဏသည် ဗုဒ္ဓဘာသာဝင်ဟုပင် ခေါ်ဆိုရန် ခက်နေသူ ဖြစ်ပါသည်။

(စောဒနာလ္လာပထမပိုင်း၊ စောဒနာအမှတ်-၂၂။)

"ရှင်ဉာဏသည် ပါဏာတိပါတ အစရှိသော ငါးပါးသီလ ရှစ်ပါးသီလ ကိုးပါးသီလတို့ကို အဓိပ္ပါယ် မရှိအောင် ပြင်ဆင်ရေးသားထားပါသည်။ သတ္တဝါတို့ကို သတ်လျှင် ကံမထိုက်။ အရက်ကိုသောက်ကောင်းသည်။ ဥပုသ်သီလခေါ် ရှစ်ပါးသီလကို ကျောင်းထဲမှာသာ ဆောက်တည်ရမည်-စသည်များပင် ဖြစ်ကြပါသည်။

(စောဒနာလ္လာပထမပိုင်း၊ စောဒနာအမှတ်-၂၃၊၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂။)

"အရှင်ဉာဏ၏အထက်ပါဟောပြောချက်တို့ကို ခြုံကြည့်လျှင် နေ့စဉ်ပုံမှန် ဘုရားဝတ်တက် ဝတ်ပြု လုပ်နေသူများကို ကဲ့ရဲ့ထားခြင်း၊ သုတ် ဝိနည်း အဘိဓမ္မာဟာ ငါ့မရှိတဲ့နောက် သင်တို့ရဲ့ဆရာပါပဲဟူသော ဒေသနာစကားကို ကဲ့ရဲ့ထားခြင်း၊ စေတီဟာ လေးစားစရာတစ်ခုထက်ပိုဖို့ မရှိဘူးဟုဆိုကာ စေတီတော်ကို အထင်သေးဖွယ်အဖြစ် ပြောကြားခြင်း၊ ဘုရားသည်ကိုးကွယ်ရာမဟုတ်။ ကိုယ့်ကိုယ်ကိုသာ ကိုးကွယ်ရာဟု ဟောပြောခြင်းများကို တွေ့ရပါသည်။

(စောဒနာလ္လာပထမပိုင်း၊ စောဒနာအမှတ်-၃၆။)

"အရှင်ဉာဏ၏အထက်ပါစကားတို့ကို အကျဉ်းချုပ်ကြည့်လျှင် ဖိုလ် နိဗ္ဗာန် ပရိယတ်နှင့် ရုပ်နာမ်တို့သည် တရားမဟုတ်ဟုဟောပြောထားကြောင်း တွေ့ရပါသည်။

(စောဒနာလ္လာပထမပိုင်း၊ စောဒနာအမှတ်-၄၀။)

"ဒုက္ခသည် ရုပ်ဝေဒနာစသော ဥပါဒါနက္ခန္ဓာ=ဤတစ်လံမျှကိုယ်ကာယ၌ ဖြစ်သည်။ နိဗ္ဗာန်သည် ရုပ် ဝေဒနာ စသော အနုပါဒါနက္ခန္ဓာမှာ=ဤကာယတစ်လံမျှ၌ ဖြစ်သည်-ဟု ဟောပြောရေးသားထားပါသည်။

(စောဒနာလွှာပထမပိုင်း၊ ၄ပနာအမှတ်-၄၁။)

**ယင်းသို့ရေးသားထားမှုကြီးများများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးကို စော်ကားပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရတည်ဆဲဥပဒေ( ) အရ. . . . . . . . . . . . . . . . . . . . . . . . . . .ပြစ်မှု ဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။**

"အရှင်ဉာဏသည် ပစ္စုပ္ပန်ကမ္မဝါဒအယူရှိသူပီပီ နောက်ဘဝမရှိလိုသူ ဖြစ်၏။ သူသည် ဘုရားကို စော်ကား။ တရားကိုစော်ကား။ သံဃာကိုစော်ကားနေသူဖြစ်သဖြင့် သူ့အတွက် နောင်ဘဝမရှိလေ ကောင်းလေ ဖြစ်ပါသည်။ ရတနာသုံးပါး စော်ကားနေသူအတွက် နောင်ဘဝ ခံရမည့်ဆိုးကျိုးတို့သည် မရှိလေကောင်းလေဟု ယူလိုသူတည်း။

(စောဒနာလွှာပထမပိုင်း၊ စောဒနာအမှတ်-၄၃။)

"အရှင်ဉာဏသည် ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာဟု ကမ္ပည်းတပ်၍ အဖွဲ့အစည်းတစ်ခုဖွဲ့ကာ ဗုဒ္ဓဘုရားရှင်၏ သာသနာတော်ကို တိုက်ခိုက်ဖျက်ဆီးနေပါသည်။ ဘုရားဟောချက်နှင့်မတူလျှင် ပြီးရောဟူသောသဘောမျိုးဖြင့် တမင်အရွဲ့တိုက်ကာ ဟောကြားနေရော့သလားဟုပင် ထင်ရပါသည်ဘုရား။ အနိမိတ္တဘာဝနာဟောပြောရေးသား ချက်သည် ဘုရားဟောနှင့် မည်သို့မျှ မဆိုင်အောင် ကိုယ်ထင်ရာကိုယ်စိုင်းကာ ဟောပြောနေပါသည်ဘုရား။

(စောဒနာလွှာပထမပိုင်း၊ စောဒနာအမှတ်-၅၄။)

"ရှေ့ဘဝ နောက်ဘဝအကြောင်းများကို ဟောပြထားသည့် မြတ်ဗုဒ္ဓ၏ ဒေသနာတော်တို့သည် ဗုဒ္ဓပါဝစန ခေါ် ပိဋကသုံးပုံလုံးမှာပင် အနှံ့အပြား အများအပြား ရှိနေကြပါသည်။ အဋ္ဌကထာဋီကာတို့မှာလည်း ပါဠိတော် လာရှိသည့်အတိုင်း အမြောက်အမြား ရှိနေကြပါသည်။

သို့ပါလျက် ရှင်မိုးပြာတို့က ရှေ့ဘဝ နောက်ဘဝကို ဗုဒ္ဓ မဟောဟု ရေးသားခြင်းမှာ အကြီးအကျယ် လိမ်ညာလျက် မျက်နှာပြောင်တိုက်၍ ခုတုံးလုပ်ခြင်းသာ ဖြစ်ပါသည်။ မှန်၏။ **ရှင်မိုးပြာတို့သည် သူတို့၏ ကိုယ်ပိုင်ဝါဒကို ကိုယ်တိုင်တည်ထောင်နိုင်စွမ်းမရှိခြင်းကြောင့် မြတ်စွာဘုရားကို ခုတုံးလုပ်ထား ကြပါသည်။**

"သူတို့၏ ကိုယ်ပိုင်ဝါဒသည် မြတ်ဗုဒ္ဓ၏ ပဋိပက္ခအနေအထားမှာ တည်ရှိပါလျက် သူတို့၏ဝါဒကို မြတ်ဗုဒ္ဓဝါဒဖြစ်လေယောင် ဟန်ဆောင်ထားကြပါသည်။ များစွာသော ဗုဒ္ဓဘာသာဝင်တို့သည် သေချာတိကျ မသိကြသော်လည်း ရှေ့ဘဝ နောက်ဘဝတို့ကို မြတ်ဗုဒ္ဓဟောထားတော်မူကြောင်း အကြမ်းဖျင်းအားဖြင့် သိတော်မူကြပြီးဖြစ်၍ ထိုအသိစိတ်များကို မြတ်ဗုဒ္ဓဖြင့်ပင် တိုက်လှဲချပစ်ရန် အကြံကြီးကြီးကြံလျက် ပြောင်ပြောင်တင်းတင်း ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ဟောပြောရေးသား ဖြန့်ဝေနေကြပါသည်။

မည်မျှအထိ ပြောင်ပြောင်တင်းတင်း ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား လုပ်သနည်းဟူမူကား **ရှေ့ဘဝနောက်ဘဝ တို့ကို ဟောတော်မူသည်သာလျှင်ဖြစ်သော မြတ်ဗုဒ္ဓသည်လည်း မိစ္ဆာဒိဋ္ဌိက ဖြစ်သည်။** သူတို့နှင့် ပဋိပက္ခ အရာမှာ တည်သည်။ **ရှေ့ဘဝနောက်ဘဝ တို့ကို လက်ခံယုံကြည်သည်သာလျှင်ဖြစ်သော ဗုဒ္ဓဘာသာဝင် သံဃာတော်များအားလုံးနှင့် လူပုဂ္ဂိုလ် (ဒကာ-ဒကာမ)အားလုံးသည်လည်း မိစ္ဆာဒိဋ္ဌိကများ ဖြစ်ကြသည်- ဟုပင် ရေးသားထားကြသည်။**

**"သူတို့သည် မြတ်ဗုဒ္ဓ၏ ဗုဒ္ဓဝါဒအတွင်းဝင်အောင်းနေပြီး ဗုဒ္ဓဝါဒယောင်ဆောင်ထားသော မျက်နှာဖုံးစွပ်ဖြင့် ဗုဒ္ဓဘာသာဝင် ဒကာဒကာမများနှင့် မသိနားမလည်သူများကို အတင်းသိမ်းသွင်း၍ သူတို့၏အယူဝါဒလက်အောက် ကျရောက်လာအောင် လုယူနေသူများ ဖြစ်ကြပါသည်။**

**မြတ်ဗုဒ္ဓ၏ နှုတ်တော်ထွက်ဝေါဟာရတို့ကို အခွံချွတ်ယူပြထားပြီး လက်ကိုင်တုတ်လုပ်လျက် ရှုတ်ရှုတ်ထွေးထွေးဖြစ်အောင် ပူးသတ်နေသူများ ဖြစ်ကြသည်။**

(စောဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ်-၁။)

**“ဗုဒ္ဓဘာသာဝင်မှန်သမျှ (ခေါင်းဆောင်ဖြစ်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နောက်လိုက်ဖြစ်ကြသော သံဃာတော်များ၊ ဒကာဒကာမများ အားလုံး)သည်ကား မြတ်ဗုဒ္ဓကို မနောဒွါရ+မနောဝိညာဏ်တို့ဖြင့် သိတော်မူကြသည်သာ ဖြစ်ပါသည်။တွေ့မြင်ခွင့်ရရှိနေကြသည်သာ ဖြစ်ပါသည်။**

**“ထို့အတူ ရှေ့ဘဝနောက်ဘဝတို့ကိုလည်း မနောဒွါရ +မနောဝိညာဏ်တို့ဖြင့် သိတော်မူကြသည်သာ ဖြစ်ပါသည်။ ထို့ထက်အလွန် ဉာဏ်ပညာတို့ဖြင့်လည်းကောင်း၊ ကိုယ်ကျင့်တရားတို့ဖြင့်လည်းကောင်း အမှန်တကယ် သိတော်မူကြသည်သာ ဖြစ်ပါသည်။**

**“ဤသို့လျှင် ဗုဒ္ဓဘာသာဝင်တို့၏ ဗုဒ္ဓဝါဒအလိုအားဖြင့်မူ မြတ်ဗုဒ္ဓကိုလည်း မနောဒွါရ +မနောဝိညာဏ်တို့ဖြင့် သိနိုင်ကြသည်။ မြတ်ဗုဒ္ဓ၏တရားတော်ကိုလည်း သိနိုင်ကြသည်။ မြတ်ဗုဒ္ဓ၏ တပည့်သားသံဃာတော်တို့ကိုလည်း သိနိုင်ကြသည်။ ရှေ့ဘဝနောက်ဘဝတို့ကိုလည်း သိနိုင်ကြပါသည်။**

“ရှင်မိုးပြာတို့၏ ဝါဒအလိုအားဖြင့်မူ မြတ်ဗုဒ္ဓနှင့် တရားတော် သံဃာတော်တို့ကိုလည်း မသိနိုင်၊ ရှေ့ဘဝ နောက်ဘဝတို့ကိုလည်း မသိနိုင်ဟု ယူမှသာ သူ့ဝါဒနှင့်သူ့စာ ညီညွတ်ပါလိမ့်မည်။

သို့ပါလျက် ရှေ့နောက်မညီညွတ်သော ဤပဓာန-၄ပနာ(၄)စကားရပ်များကို ဆိုထားခြင်းမှာ လျှို့ဝှက်ချက်ကြီးတစ်ခု ရှိပါသည်။

ယင်းမှာ-

မြတ်စွာဘုရားသံ, တရားသံ, သံဃာသံပေးပြီး ဗုဒ္ဓဘာသာဝင်ဖြစ်ပြီးသား ဒကာဒကာမများကို နားလှည့်ပါးလှည့် လုပ်ခွင့်ရမည့် အခြေအနေတစ်ခု ဖြစ်ပေါ်လာအောင် အထူးစီမံထားခြင်းပင် ဖြစ်ပါသည်။ လည်လှပါပေသည်။ လူပါးဝလှပါပေသည်။

(စောဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ်-၄။)

“ဤစကားတို့၏ အဓိကဆိုလိုချက်မှာ- မိမိကိုယ်တိုင် ပဥ္စဒွါရ+ပဥ္စဝိညာဏ် တစ်ခုခုဖြင့် မသိရသော (ရှေ့ဘဝ နောက်ဘဝ။ ကုသိုလ်ကံနှင့် ကောင်းကျိုး။ အကုသိုလ်ကံနှင့် မကောင်းကျိုး။ ပါရမီရှိပြီး ဉာဏ်ကြီးသူတို့၏ အရာသာဖြစ်သည့် မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရား ဈာန်တရား ဝိပဿနာတရား သမထတရား အစရှိသော) အရာရာတို့ကို မြတ်ဗုဒ္ဓနှင့် ဗုဒ္ဓဘာသာဝင်တို့က မည်သို့ဟောဟော-မည်သို့ပြောပြော- မယုံကြနှင့်။ လက်မခံကြနှင့်။

“ဗုဒ္ဓကလည်း သိလို့ ဟောထားတာ မဟုတ်ဘူး။ ဗုဒ္ဓဘာသာဝင်တို့ကလည်း သိလို့ ပြောနေကြတာ မဟုတ်ဘူး။ (ကိုယ်မှ မသိရင် သူတို့လည်း မသိကြဘူး။ ညာထားတာ။)စသည်ဖြင့် ဆိုလိုခြင်းဖြစ်ပါသည်။

**“မြတ်ဗုဒ္ဓသိသောအရာမှန်သမျှကို (ကိုယ်)သိနိုင်သည်။ (ကိုယ်)သိသောအရာကိုသာ မြတ်ဗုဒ္ဓ သိနိုင်သည်။** (ပို၍မသိနိုင်)ဟုလည်းကောင်း။ **ပါရမီရှိသူတို့သိသောအရာကို(ကိုယ်)သိနိုင်သည်။ (ကိုယ်) သိသောအရာကိုသာ ပါရမီရှိသူတို့ သိနိုင်သည်။** (ပို၍မသိနိုင်)ဟုလည်းကောင်း မြတ်ဗုဒ္ဓနှင့် ပါရမီရှင်သူတော်စင်တို့ကို ကိုယ်နှင့်အဆင့်တူ သတ်မှတ်၍ ကဲ့ရဲ့ရှုတ်ချထားခြင်းမျှသာ ဖြစ်ပါသည်။

(စောဒနလွှာဒုတိယပိုင်း၊ စောဒနာအမှတ်-၅။)

“ဤ(က)အမှတ်ပြ စကားရပ်သည် မြတ်ဗုဒ္ဓကို အကြီးအကျယ် စော်ကားချက်ပေတည်း။ ဗုဒ္ဓဘာသာဝင်တို့ကို အလဲထိုးနှက်သည့် တိုက်ခိုက်ချက်ပေတည်း။ အကယ်၍ ဗုဒ္ဓဘာသာမရှိလျှင် ကုသိုလ် အကုသိုလ် စသည်များကိုပင် သိနိုင်ကြမည် မဟုတ်ချေ။ စိတ် စေတသိက် စသည်များ၊ သစ္စာလေးပါး စသည်များကိုလည်း သိနိုင်ကြမည် မဟုတ်ချေ။

“ထို့ကြောင့် ရှင်မိုးပြာတို့၏ ဗုဒ္ဓဘာသာ မရှိလည်း ဘာမှမဖြစ်ဟူသောစကားသည် ဗုဒ္ဓဓမ္မတို့နှင့် ဆန့်ကျင်လွန်းလှပေသည်။ ဗုဒ္ဓဘာသာရှိနေ၍သာ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ကြီးမှစ၍ သံဃာတော် လူဒကာဒကာမများအားလုံး ဤကားကုသိုလ် ဤကားအကုသိုလ် စသည်ဖြင့်လည်းကောင်း၊ ဤကား သမုဒယသစ္စာ ဤကား မဂ္ဂသစ္စာ စသည်ဖြင့်လည်းကောင်း သိကြရ၍ ကျင့်ကြရကြောင်း ထင်ရှားပါသည်။ ကုသိုလ်ရရှိခြင်း ပါရမီမြောက်ခြင်းစသော ကုသိုလ်အမျိုးမျိုး ကောင်းကျိုးအမျိုးမျိုးတို့ကို ရရှိနေကြပါသည်။

"ထို့ကြောင့် ရှင်မိုးပြာတို့၏ ဗုဒ္ဓဘာသာရှိနေလည်း ဘာမှမဖြစ်ဘူး-ဟူသောစကားသည် ဗုဒ္ဓဒေသနာတို့နှင့် ဆန့်ကျင်လွန်းလှပေသည်။ ရှင်မိုးပြာသည် **(ဗုဒ္ဓဘာသာကို မကိုးကွယ်တော့ဘဲနေလိုက်)**ဟု တိုက်ရိုက်မရေးရဲခြင်းကြောင့် မိဘဘိုးဘွား မိတ်ဆွေများက ဒီနေ့ကိုးကွယ်ပြီးသား ဖြစ်နေသော(ရိုးရာဘာသာ)ဟူ၍ သုံးနှုန်းပြီး ကွေ့ကွေ့ကောက်ကောက် ရေးပြနေရှာပါသည်။ ဘုရားအသစ်လုပ်လျက် ဘာသာအသစ်ကို ပြုလုပ်လိုသော ရှင်မိုးပြာသည် ဆော့ခရတ္တိလောက်မှ သတ္တိမရှိချေတကား။

(စောဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ်-၇။)

"ဤမျှလောက်အထိ ပရိယတ္တိသာသနာ ထွန်းကားမှု၊ ဤမျှလောက်အထိ ပဋိပတ္တိသာသနာထွန်းကားမှုရှိနေသည့်အတွက် နိုင်ငံတော်ဥပဒေပုံစံချရာမှာပင် သာသနာရေးဝန်ကြီးဌာနဟူ၍ သီးသန့်ဝန်ကြီးဌာနတစ်ခု ဖွင့်လှစ်ထားရခြင်း ဖြစ်ပါသည်။

"မြန်မာနိုင်ငံတွင် တစ်နှစ်တစ်နှစ် အတွင်း၌ ကျင်းပသော ပရိယတ္တိစာမေးပွဲအောင်မြင်သောပုဂ္ဂိုလ်များ၊ ပရိယတ္တိတတ်မြောက်ပြီးသူများ စသည်တို့ကို အဆိုပါသာသနာရေးဝန်ကြီးဌာနက အသိဆုံးပင် ဖြစ်ပါသည်။ စာရင်းဇယားများနှင့်တကွ အတိအကျ ထားရှိကြပါသည်။

မြန်မာနိုင်ငံအတွင်းရှိရိပ်သာများသို့ လာရောက်ပြီး တရားအားထုတ်သူများ စာရင်းတို့သည်လည်း သာသနာရေးဌာနမှာ ရှိပေလိမ့်မည်။

ပရိယတ္တိဘက်ကရော ပဋိပတ္တိဘက်ကရော အကြောင်းခံသာသနာတော် ထွန်းကားမှုတို့ကား အလွန်ပင်ကြီးမားကြပါပေသည်။ အကြောင်းတရားဘက်က ကြီးမားနေလျှင် အကျိုးတရားဖြစ်သော ပဋိဝေဓသာသနာတော်ကြီးလည်း အလွန်ကြီးမားစွာ ထွန်းကားလျက်ရှိကြောင်း သိရပါသည်။

**"မြန်မာတစ်ပြည်လုံးမှာ သာသနာထွန်းကားမှုကြီး အလွန်ကြီးမားနေသည်ကို လူယုတ်မာများကလည်း သိမြင်ကြပြီး သာသနာတော်နယ်ပယ်အတွင်းသို့ ခွေးဝင်ပေါက်မှနေ-ခိုးဝင်လာပြီး အဓမ္မဝါဒ အဓမ္မကိစ္စများကို ပြုတတ်ကြပေသည်။**

**ထိုကဲ့သို့သော အဓမ္မဝါဒီ, အဓမ္မကာရီတို့ကို ဓမ္မစက် အာဏာစက်တို့ဖြင့် နိဂ္ဂဟကံပြုနိုင်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးဟူ၍ပင် အထွဋ်အထိပ်အဖွဲ့ကြီးတစ်ခုကို ဖွဲ့စည်းထားကြရပါသည်။**

"ထိုအဖွဲ့ကြီးထဲမှာ ပရိယတ္တိပညာရှင်ကြီးများချည်း ပါဝင်ကြသည်ဖြစ်၍ မြတ်ဗုဒ္ဓ၏ ဟောကြားချက်(စကားလုံးတိုင်း)၏ အနက်အဓိပ္ပါယ်ကို ပြက်ပြက်ထင်ထင် သိတော်မူသူများချည်း ဖြစ်ကြပါသည်။ ထို့ကြောင့်(သာသနာထွန်းကားတာဟာ အရာတည်လေးလောက်မျှပါပဲ)-ဟူသောစကားသည် မမှန်သောစကား၊ မဟုတ်သော စကားမျှသာဖြစ်ကြောင်း အလွန်သေချာလှပါပေတော့သည်။

**ရှင်မိုးပြာသည် ဤစကားတစ်ခွန်းဖြင့်-**

(၁) နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအဖွဲ့ကို အကြီးအကျယ်စော်ကားခြင်းပင် ဖြစ်ပါသည်။ ဗုဒ္ဓဘာသာခေါင်းဆောင်ဆရာတော်ကြီးများစင်လျက် ဗုဒ္ဓ၏စကားလုံးများကို အဓိပ္ပါယ်မဖော်နိုင်ကြသူများ၊ စာမတတ်သူများ၊ အသိ အထင် အမြင် မရှိသူများဟူ၍ ရက်ရက်စက်စက် နှိမ်ချထားပေသည်။

(၂) နိုင်ငံတော်ဥပဒေအရ ပြဌာန်းခန့်အပ်ထားသော သာသနာရေးဝန်ကြီးဌာနကိုလည်း အကြီးအကျယ် ပုတ်ခတ်ထားပေသည်။ နိုင်ငံတော်၏ အခွန်ဘဏ္ဍာများဖြင့် ဝန်ထမ်းများထားလျက် ဆောင်ရွက်နေကြသူများကိုပင် အကျိုးမရှိတာကို လုပ်နေသူများဖြစ်ကြောင်း ဗုဒ္ဓသာသနာတော် ထွန်းကားအောင် လုပ်နိုင်သူများမဟုတ်ကြောင်း စွပ်စွပ်စွဲစွဲ ကဲ့ရဲ့ရှုတ်ချထားပေသည်။

**(၃) ဤကဲ့သို့ နိုင်ငံတော်အစိုးရတို့က အတည်ပြုထားသော အထက်ပါအဖွဲ့ကြီးနှစ်ဖွဲ့ကို အကြီးအကျယ် ရှုတ်ချကဲ့ရဲ့ခြင်းဖြင့် နိုင်ငံတော်အစိုးရဥပဒေတော် (နိုင်ငံတော်အချုပ်အခြာအာဏာတော်)ကြီးကိုပင် မျက်ကွယ်ပြုလျက် ရှိပေသည်။**

**ရှင်မိုးပြာသည် ဘာသာရေးဆန်သောအပြုအမူ အပြော အဆို အရေး အသားတို့ဖြင့် နိုင်ငံတော်ကြီး၏ တည်ဆဲဥပဒေတော်တို့နှင့် မူဝါဒတို့ကို တော်လှန်တိုက်ခိုက်နေသူ(သူပုန်ကြီး)တစ်ဦးအဖြစ်သို့ပင် ပေါက်ပေါက်မြောက်မြောက် ရောက်ရှိနေပြီ ဖြစ်ပါသည်။**

(၄) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပရိယတ္တိစာသင်တိုက်ကြီးများ၊ ထိုစာသင်တိုက်ကြီး အသီးသီးရှိ တိပိဋကဆရာတော်ကြီးများ၊ အဘိဓံသစာချဆရာတော်ကြီးများ၊ ဓမ္မာစရိယ ဂဏဝါစက ဆရာတော်ကြီးများ၊ ထိုဆရာတော်အသီးသီးထံမှ ပရိယတ္တိပညာသင်ယူနေသူ တိပိဋက စာသင်သားများ၊ ဓမ္မာစရိယ စာသင်သားများ၊ ပဌမပြန်စာသင်သားများ အားလုံးကိုလည်း ပရိယတ္တိသာသနာ ထွန်းကားအောင် တကယ်လုပ်နိုင်သူများ မဟုတ်ကြကြောင်း စွပ်စွဲထားပါပေသည်။ ရက်စက်လှပေစွတကား။

(၅) မြန်မာနိုင်ငံတော်အတွင်း၌လည်းကောင်း၊ ပြည်ပနိုင်ငံအသီးသီး၌လည်းကောင်း ဝိပဿနာတရား ဟောပြောနေကြသည့် ပဋိပတ္တိဆရာတော်ကြီး၊ ထိုဆရာတော်များထံမှ နည်းခံနေကြသည့် လက်ထောက်အမွေခံ ဆရာတော်များ၊ ထိုဆရာတော်ကြီးတို့ထံမှ အဆုံးအမရယူကြလျက် ဝိပဿနာဘာဝနာ ပွားများနေကြသည့် ယောဂီများသည်လည်း ပဋိပတ္တိသာသနာ ထွန်းကားအောင် ပြုနိုင်ကြသူများ မဟုတ်ကြကြောင်း ပြောဆိုထားခြင်းပင် ဖြစ်ပေသည်။

(၆) အထူးပြု၍ လျှောက်ထားရလျှင်မူ မြန်မာနိုင်ငံအတွင်း၌ ပရိယတ္တိဝန်ဆောင်အစစ်များ၊ ပဋိပတ္တိဝန်ဆောင်အစစ်များရှိကြရာ ထိုဝန်ဆောင်များသည် သာသနာထွန်းကားအောင်(အရာတည်ကလေးမျှမကအောင်)စွမ်းဆောင်နေကြကြောင်း ထင်ရှားပါသည်။

သို့ဖြစ်၍-

"အစိုးရအဖွဲ့အစည်းကြီးမှစ၍ နိုင်ငံတစ်ဝှမ်းလုံးရှိ ပြည်သူပြည်သား ဗုဒ္ဓဘာသာဝင်များက ဆွမ်း သင်္ကန်း ကျောင်း ဆေး စသည်တို့ကို နေ့စဉ်နှင့်အမျှ ပူဇော်လျက် ရှိကြပါသည်။

ရှင်မိုးပြာ၏စကားအရဆိုလျှင်မူ တစ်နိုင်ငံ လုံးမှာ ရှိနေကြသည့် ဗုဒ္ဓဘာသာဝင် အလှူရှင်များသည် သာသနာထွန်းကားအောင် မလုပ်နိုင်သူများကို အကျိုးမဲ့စွာ ပေးလှူနေကြရသည်ဟုသာ အဓိပ္ပါယ်ထွက်ပါတော့သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရမှစ၍ မြန်မာနိုင်ငံရှိ ဗုဒ္ဓ ဘာသာဝင် အလှူရှင်မှန်သမျှကိုလည်း ပစ်ပစ်ခါခါ ဖိဖိနှိပ်နှိပ် စော်ကားခြင်းပင် ဖြစ်ပါတော့သည်။

"**ရှင်မိုးပြာသည် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများမှစ၍ သာသနာ့ဝန်ထမ်းများသည် သာသနာထွန်းကားအောင် မလုပ်နိုင်ဘဲ လူတို့၏ပူဇော်မှုကို အချောင်ယူစားနေသူများဟု စွပ်စွဲရုံမျှမကဘဲ သူသည်သာလျှင် မြတ်ဗုဒ္ဓ၏ စကားလုံးများကို အနက်အဓိပ္ပါယ်သိသူ ထင်သူ မြင်သူ ဖြစ်ကြောင်း၊ ထိုသို့မြင်ရာမှာလည်း စာပေကျမ်းဂန်တို့မှ အလွတ်ဖြစ်ပြီး ကိုယ်ပိုင်သိ ကိုယ်တိုင်ထင် လူစွမ်းကောင်းအမြင်မျိုးဖြင့်မြင်ကြောင်း ဝန်ခံကြေညာပြီး လူပါးဝစွာ ကြွားထားပါသည်။ မသိသူနားမလည်သူများကို စကားလုံးဝိတ်ကြီးဖြင့်ဖိစီးကာ အနိုင်ယူထားပါသည်။ အပိုင်ချုပ်ထားပါသည်။** လောကရှိလူသားများသည် အနက်အဓိပ္ပါယ်အမျိုးမျိုးကို နားလည်ခွင့်ရဖို့ ရှေးဟောင်း ကျမ်းဂန်များမှ အဆင့်ဆင့်သင်ယူကြရမြဲ ဓမ္မတာရှိပါသည်။

(စောဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ်-၈။)

"အနှစ်ချုပ်အားဖြင့်မူ **ရှင်မိုးပြာသည်(ဒုတိယအတ္တ)ပရမအတ္တ(ငါ)နှင့် (စတုတ္ထအတ္တ) ဇီဝအတ္တ(ငါ)ကို ယူထားသူဖြစ်ခြင်းကြောင့်** သက္ကာယ+အတ္တ+ဒိဋ္ဌိ အယူရှိသူဖြစ်၍ မိစ္ဆာဒိဋ္ဌိအယူရှိသူပင် ဖြစ်ပါသည်။

(စောဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ်-၁၀။)

"ရှင်မိုးပြာ၏ အရိယသစ္စာလေးပါးတရားအတိုင်း လိုက်နာပြီး အားထုတ်နေကြသူ (အာသဝက္ခယဝိဟာရီ)များအားလုံး သက္ကာယ+အတ္တ+ဒိဋ္ဌိခေါ် မိစ္ဆာဉာဏ်ကြီးမှ တဆင့်ပြီးတဆင့် မြင့်ပြီးသကာလ (ဤဘဝနှင့်စပ်၍) သဿတမိစ္ဆာဒိဋ္ဌိကြီးများ(ရှေ့ဘဝနောက်ဘဝနှင့်စပ်၍) ဥစ္ဆေဒမိစ္ဆာဒိဋ္ဌိကြီးများကို ရရှိကြလျက် နိယတမိစ္ဆာဒိဋ္ဌိကဘဝ ရောက်ခွင့်ရကြပေသည်။

အပါယ်လေးဘုံတို့မှာ တတ္တိယသတ္တဝါတွေ, အညာဏသတ္တဝါတွေ စည်ကားကြပေတော့မည်။

(စောဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ်-၁၅။)

"ရှင်မိုးပြာသည် ဟိန္ဒူဝါဒ ခရစ်ယာန်ဝါဒ၏ အနက်အဓိပ္ပါယ်ကို ယူလာပြီး မြတ်ဗုဒ္ဓဒေသနာတော်လာ စကားလုံးထဲသို့ အတင်းထိုးထည့်နေပါသည်။

ထို့ကြောင့် မြတ်ဗုဒ္ဓဒေသနာတော်လာ ဝေါဟာရသည် ဝေါဟာရ မတ္တ-အမည်ခွံမျှသာ ကျန်တော့သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ၏ အနက်အဓိပ္ပါယ်(အနှစ်သာရပိုင်း)ကို အတွင်းဘက်က လိုက်၍ လှိုက်စားတူးဖြို ဖျက်ဆီးနေသူ ဖြစ်ကြောင်းတွေ့ရပါသည်။

"တစ်ဖန် ရှင်မိုးပြာသည် ဟိန္ဒူဝါဒ ခရစ်ယာန်ဝါဒလာ အနက်အဓိပ္ပါယ်ကို ယူထားသော်လည်း မူရင်း ဟိန္ဒူဘာသာဝင်, ခရစ်ယာန်ဘာသာဝင်တို့ ခေါ်ဆိုသတ်မှတ်ပညတ်ထားသည့် ဝေါဟာရကို ဖျက်ဆီးပြီး ဗုဒ္ဓ ဝေါဟာရ စွပ်ပေးသူဖြစ်ပါသည်။

ထို့ကြောင့် ဟိန္ဒူခရစ်ယာန်တို့၏ ဘာသာရေးဝေါဟာရတို့ကို အလွဲသုံးစားလုပ်ပြီး ဖျက်ဆီးနေသူလည်း ဖြစ်ပါသည်။

မှန်၏--

"အဆိုပါအကောင်မျိုးကို ဟိန္ဒူ-ခရစ်ယာန်တို့က ယုံကြည်ကြသည်။ ဇီဝအတ္တဟု သတ်မှတ်ကြသည်။ ကာရက ဝေဒက နိဝါသီ သာမိက ဣဿရ သယံဝသီ ဝိညာဉ်ကောင် လိပ်ပြာကောင် စသည်ဖြင့် နားလည် ကြသည်။ ဤကဲ့သို့သော ဝေါဟာရများကို ဖျက်ပြီးတော့ ဗုဒ္ဓဘာသာဝေါဟာရများဖြင့် ရှင်မိုးပြာက စွပ်ပေးလိုက် ရာ-အနတ္တကောင်, ဒုက္ခသစ္စာကောင်, ငါမဟုတ်တဲ့အကောင်, ငါအယောင်ဆောင်ငါကောင် စသည့်ဝေါဟာရများ ဖြစ်လာကြလေပြီ။ ဟိန္ဒူ, ခရစ်ယာန်တို့၏ ဇီဝအတ္တ အနက်အဓိပ္ပါယ်လည်း ပျက်စီးသွားပေပြီ။

**"ရှင်မိုးပြာသည် မျက်မှောက်ခေတ်ကမ္ဘာပေါ်တွင် နောက်ဆုံးပေါ်ဘာသာတရားအသစ်ကို သူခိုးနည်းဓါးပြနည်းဖြင့် တီထွင်နေသူ ပုဂ္ဂိုလ်ထူးကြီး ပုဂ္ဂိုလ်ရှူးကြီးပေတကား။ နောက်ဆုံးပေါ် ဘုရားအဖြစ်ဖြင့် အချောင်ဝင်ပြီး ပလ္လင်လုလိုသူကြီး ဘုရားရာထူးခံလိုသူကြီးပေတကား။ ဟိန္ဒူ ဘာသာ, ခရစ်ယာန်ဘာသာ, ဗုဒ္ဓဘာသာတို့၏ ဘာသာရေး ပဋိပက္ခစစ်ပွဲကြီးကို ရှေ့ရှုနေသူ အဖျက် သမားကြီး တစ်ဦးပင်ဖြစ်ပေသည်တကား။**

(စောဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ်-၁၆။)

**"ရှင်မိုးပြာသည် မြန်မာပြည် တရားလောကရှိ မဟာစည် မိုးကုတ် လယ်တီ ဖားအောက် အစရှိ သော တရားရိပ်သာများနှင့် အဆိုပါရိပ်သာတို့ရှိ တရားပြဆရာတော်များအားလုံး, ယောဂီများအားလုံး ကိုပင် တရားမှားတွေ, တရားတုတွေ ကျင့်နေကြကြောင်း ရဲရဲဝံ့ဝံ့ စွပ်စွဲထားပါသည်။**

(စောဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ်-၄၂။)

"ရှင်မိုးပြာကမူ ဝိမုတ္တိဟူသည်မှာ လောကခေါ်ပဋိပက္ခမှ လွတ်ခြင်းပင်ဖြစ်သည်ဟု ဆိုလိုပါသည်။ ရှင်မိုးပြာ ၏ အပြောတိုင်းသာ မှန်ပါက တစ်ကမ္ဘာလုံးရှိ လူတိုင်းလူတိုင်းသည် မတည့်သူ စိတ်ဝမ်းကွဲသူ ရှိသော်ငြားလည်း တည့်သူ စိတ်ဝမ်းမကွဲသူများလည်း အသီးသီးရှိနေကြသည်သာဖြစ်၍ ဝိမုတ္တိအရောက် ကျင့်နေသူများချည်း ဖြစ်နေပေတော့သည်။ သို့သော်

"အခြားတစ်ဖက်ကကြည့်လျှင်လည်း လူတိုင်းလူတိုင်းမှာပင် တည့်သူ စိတ်ဝမ်းမကွဲသူ ရှိနေကြသော်လည်း မတည့်သူ စိတ်ဝမ်းကွဲသူများလည်း ရှိနေကြသည်သာဖြစ်၍ ဝိမုတ္တိအရောက် ကျင့်နေသူဟူ၍ တစ်ယောက်မျှပင် မရှိနိုင်ကောင်းတော့ပေ။

ဤကဲ့သို့ ကလေးတွေးဖြင့်ပင် တွေးကြည့်လျှင်တောင် ရှင်မိုးပြာ၏ ဝိမုတ္တိ အဓိပ္ပါယ်မှာ သွပ်သွပ်ခါအောင် မှားယွင်းနေကြောင်း ထင်ရှားပေသည်။

(စောဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ်-၂၀။)

**“ရှင်မိုးပြာတို့ကား ပိဋကတ်သုံးပုံကို လုံးလုံးကြီး ပယ်ထားသူ ဖျက်ထားသူ ဖြစ်ခြင်းကြောင့် ရှင်မိုးပြာတို့မှာ ဆည်းကပ်စရာ ဘုရားဟူ၍ပင် မရှိကြပေ။ ဘုရားဘုရားနှင့်နာကြားကောင်းအောင် တော့ စကားအဖြစ် ပြောကြသေးသည်။ ဤမျှသာတည်း။ ရှင်မိုးပြာတို့က ပိဋကတ်သုံးပုံကို ဖျက်သည် ဟုဆိုခြင်းသည် မှန်ကန်သောစကားသာဖြစ်ပါသည်။ ရှင်မိုးပြာတို့မှာ ဘုရားမရှိဟု ဆိုခြင်းသည်လည်း မှန်ကန်သောစကားသာဖြစ်ပါသည်။**

(စောဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ်-၂၀။)

“တရားနှင့် တရားတာဟူသော ဝေါဟာရနှစ်ခုကို အရတူ အနက်တူဟုဆိုခြင်း၊

နိုင်ငံတော်အုပ်ချုပ်သူ တရားသူကြီး ဥပဒေပြုပညာရှင်များကို တရားတာ မတရားတာမျှကိုပင် မသိသူများ ဟုစွပ်စွဲခြင်း၊

ဘုရားဆိုတာ ရုပ်တုတွေ စေတီတွေပဲဟုဆို၍ ဘုရားကိုပယ်ခြင်း၊

ဘုရား၏အသိဉာဏ်ဆိုတာ တရားတာမျှပဲဖြစ်သည်ဟုဆို၍ ဘုရားရှင်ကို သာမန်လူတစ်ဦးနှင့်အတူထား ၍စော်ကားခြင်း စသည်တို့နှင့် စပ်လျဉ်း၍ တင်သွင်းအပ်သော စောဒနာပါဘုရား။

(စောဒနာလွှာဒုတိယပိုင်း၊ ပဋိညာအမှတ်-၂၁။)

“ဘုရားက တရားသူကြီးလားဘုရား။

ဟုတ်တာပေါ့။ (ပ)

အဲဒီသူတွေနဲ့ ဘုရားနဲ့ တူရတော့မလို ဖြစ်မနေဘူးလားဘုရား။ (ပ)

တိုင်းပြည်ရဲ့တရားရုံးတွေမှာ တရားသူကြီးဆိုတာက တရားသူကြီးလို့ ခေါ်ရကာမျှပဲ ဖြစ်ပါတယ်။ တကယ့် တရားသူကြီး မဟုတ်ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ တရား(တရားတာ)ကို ညွှန်ပြဆုံးဖြတ်သူ မဟုတ်လို့ပေါ့။

ဆရာတော် တရားစွဲခံထိနေဦးမယ်ဘုရား။ ဘာလို့လဲဆိုတော့ တရားသူကြီးက တရား(တရားတာ) မဆုံးဖြတ်ဘူးဆိုလို့ပေါ့ဘုရား။

“တရားသူကြီးက တရားဆုံးဖြတ်ရအောင် သူ့မှာ တရား(တရားတာ)အသိရှိလို့လား။

ရှိ မရှိတော့ မသိဘူးဘုရား။

မသိဘဲနဲ့ အမှုဖြစ်ရင် တရားသူကြီးထံ အဆုံးအဖြတ်ခံရသလား။

အဲဒါက တိုင်းပြည်ရဲ့ အုပ်ချုပ်မှု ဓလေ့ပဲဘုရား။

အဲဒီ အုပ်ချုပ်သူကကော တရားအသိရှိသလား။

ဒါလဲ မသိဘူးဘုရား။

မသိဘဲနဲ့ ဒီဓလေ့ လိုက်ရသလား။

ဥပဒေက လိုက်နာရမယ်လို့ သတ်မှတ်ထားတာ ဘုရား။

အဲဒီဥပဒေက ဘယ်သူပြုထားတာလဲ။

(စောဒနာလွှာဒုတိယပိုင်း၊ ဌပနာအမှတ်-၂၁။)

**ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံတော်ကြီး၏ ဥပဒေရေးကို**

**စော်ကားပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရတည်ဆဲဥပဒေ(          ) အရ. . . . . . . . . . .  . . . . . .  . . . . .  . . . . .ပြစ်မှု ဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။**

"ပြည်သူအများ, အုပ်ချုပ်သူ, တရားသူကြီးတို့ကို တရား(တရားတာ)မသိသူများဖြစ်ကြောင်း ရှုတ်ချထားရာ-ရှင်မိုးပြာ ရှုတ်ချထားသည့်အတိုင်း လုံးဝမဟုတ်ကြပေ။ နိုင်ငံထဲတွင် တရား(တရားတာ)ကို မသိသူများရှိသကဲ့သို့ တရား(တရားတာ)ကို သိသူများလည်း ရှိကြပါသည်။

"ဥပဒေကို တရားမသိသူများက ပြုထားခြင်း မဟုတ်ပေ။ တရားသိသူဥပဒေပြုအမတ်ခေါ်ပညာရှင်ကြီးများက ပြုထားခြင်းဖြစ်ပေသည်။

ဥပဒေပြုရာတွင် **သက်ဆိုင်ရာကိုးကွယ်ခံနိုင်ငံတော်ဘာသာတရား**၏ အဆုံးအမများ၊ သက်ဆိုင်ရာနိုင်ငံ၏တည်ရှိရာ ပထဝီအနေအထားများ၊ သက်ဆိုင်ရာနိုင်ငံ၏ အဓိကထွက်ကုန် ပစ္စည်းအရင်းအမြစ်များ၊ သက်ဆိုင်ရာနိုင်ငံ၏ ပတ်ဝန်းကျင်ရှိ အိမ်နီးချင်းနိုင်ငံများ၊ ပြည်တွင်းပြည်ပ ထွက်ကုန်သွင်းကုန်များနှင့် ကုန်သွယ်ရေးအချက်အချာကျသည့် ကုန်းလမ်းရေလမ်း အခြေအနေများ၊ ပြည်သူလူထု၏ ပညာတတ်ဦးရေ-လုပ်ငန်းရှင်များနှင့် အလုပ်သမားဦးရေ ကာယလုပ်သားများ ရာခိုင်နှုန်းစသည်စသည်တို့ကို သေချာတွက်ချက်ပြီးမှ ဥပဒေကိုပြဋ္ဌာန်းရခြင်းဖြစ်၍ ဥပဒေပြုပညာရှင်များကို တရားသိသူများဟုသာ ဆိုသင့်ပါသည်။

"ထိုဥပဒေအတိုင်း အုပ်ချုပ်သူ(အစိုးရအဖွဲ့)သည်လည်း အဆိုပါ အခြေအနေမျိုးစုံတို့ကို ပြည့်စုံနှံ့စပ်စွာသိရုံမျှမက-အပြစ်ရှိသူ-အပြစ်ကင်းသူ၊ ရန်သူ-မိတ်ဆွေ၊ သစ္စာခံသူ-တော်လှန်သူ(သူပုန်)စသည်စသည်တို့ကိုပါ စေ့စေ့စပ်စပ်သိနေကြသဖြင့် အုပ်ချုပ်သူများကိုလည်း တရားသိသူများဟူ၍သာ မှတ်အပ်ပါသည်။

"သက်ဆိုင်ရာ အုပ်ချုပ်သူအစိုးရအဖွဲ့က အုပ်ချုပ်ရေးဥပဒေအတိုင်း အုပ်ချုပ်နေသကဲ့သို့ တရားရုံးများကလည်း တရားဥပဒေအတိုင်း ဆုံးဖြတ်နေကြသည်သာ ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတော်ရှိ တရားသူကြီးတို့ကိုလည်း တရားသိသူများဟုသာ ယုံကြည်ရပါသည်။ အမှန်အားဖြင့် တရားသူကြီးတို့၌ တရားဥပဒေအသိရှိလျှင် တရားသိသူပင်တည်း။

အုပ်ချုပ်သူတို့၌ အုပ်ချုပ်ရေးကိစ္စအရပ်ရပ်ကို သိရှိလျှင် တရားသိသူပင်တည်း။ ဥပဒေပြုအမတ်တို့၌လည်း ဥပဒေဆိုင်ရာ ရှောင်ဖွယ်ဆောင်ဖွယ်တို့ကို သိလျှင် တရားသိသူပင်တည်း။

(စောဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ်-၂၁။)

**"ရှင်မိုးပြာတို့သည် မြတ်ဗုဒ္ဓကိုရော တရားတော်ခေါ်ပိဋကတ်သုံးပုံကိုရော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအမှူးရှိသည့် သံဃာတော်များကိုပါ ပစ်ပယ်သူများ ဖြစ်ကြသည့်အတိုင်း မြတ်ဗုဒ္ဓ၏ နှုတ်ထွက်ဝေါဟာရတို့ကိုပါ ပစ်ပယ်ကြလျှင် အလွန်ကောင်းပေမည်။** စာရေးသူတို့စောဒကများအနေဖြင့် စောဒနာစရာ မရှိပေပြီ။ အခုမှာမူ ပိဋကတ်သုံးပုံလာ ဝေါဟာရ တို့ကိုယူထားပြီး လှည့်စားနေခြင်းကြောင့် စာရေးသူတို့ စောဒကများမှာအလုပ်ရှုပ်-လူပန်းဖြစ်ကြရရှာပါသည်။

နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်အုပ်ချုပ်ရေးအဖွဲ့အသီးသီးရှိ အကြီးအကဲများမှာလည်း သက်သာရာမရဘဲ ရှိကြရရှာပါသည်။

(စောဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ်-၂၅။)

"အထက်ပါစာမျက်နှာ(၄၃/၄၉)ပါ စကားတို့အရ ဘုရားဓာတ်စီးသူ, ဘုရားအသိဉာဏ်ရှိသူ တရားရသူ(လူ)ဆိုတာ ရှင်မိုးပြာကိုဆိုကြောင်း မှန်မှန်ကြီး ထင်ရှားပါသည်။ ထို့ကြောင့် <u>ရှင်မိုးပြာတို့အဖွဲ့အလိုအားဖြင့် (အဲဒီ လူတွေဟာ ဘုရားနဲ့ ထပ်တူတွေပဲ-နှာ-၄၀)စကားအရ (ရှင်မိုးပြာနှင့် မြတ်ဗုဒ္ဓ, မြတ်ဗုဒ္ဓနှင့် ရှင်မိုးပြာ) အတူတူပင်ဟု ဝန်ခံကြေညာခြင်းပင် ဖြစ်ပါသည်။</u>

ဤဝန်ခံချက်, ဤကြေညာချက်သည် မိုက်မိုက်မဲမဲ လိမ်ခြင်းကြီးသာ ဖြစ်သည်။ ဤလိမ်ခြင်းထက်ကြီးသောလိမ်ခြင်း မရှိနိုင်တော့ပြီ။

"ပြဿနာဖြစ်ရင် ဘုရားဆည်းကပ်သူဟာ ဘုရားဆီ သွားရတယ်။ သို့မဟုတ်-ဘုရားခေတ်စီးသူထံ သွားကြရမယ်။ ဘုရားသည်(သို့မဟုတ်)ဘုရားခေတ်စီးသူသည် တရားသိသူ ဖြစ်သောကြောင့် အဆိုပါ ပြဿနာတွေကို ရှင်းနိုင်သူ(တရားသူကြီး)ဖြစ်သည်-ဟူ၍ တွေ့ရပါသည်။

ရှင်မိုးပြာသည် လောဘကြီး လွန်းလှသူပေတည်း။ ဘုရားရာထူးကိုလည်း အတင်းယူပေသည်။ ဘုရားခေတ်စီးသူ ဘုရားအသိရှိသူ တရားသိသူ ရာထူးတို့ကိုလည်း ဇွတ်စီးယူသည်။ တရားသူကြီးရာထူးကိုလည်း လက်လွှတ်မခံဘဲ သိမ်းပိုက်ထားလိုပေသေးသည်။ စာမျက်နှာ (၄၉) ပါ အစွန်းနှစ်ဖက်ငြိ ပြဿနာမျိုးကို ရှင်မိုးပြာမှတပါး ပြေလည်အောင် ရှင်းပြနိုင်သူ မရှိဟူ၍လည်း ကြွားဝါထားပါသေးသည်။

ထိုသို့ ကြွားဝါနေသော်ငြားလည်း ရှင်မိုးပြာသည် ပရမအတ္တ, ဇီဝအတ္တဟူသော အတ္တ နှစ်မျိုး(ပညတ်)တို့ကို စွဲယူနေသူ အတ္တဝါဒီ-ပညတ္တိဝါဒီမျှသာ ဖြစ်ပေသည်။ ထို့ကြောင့် အဆိုပါပြဿနာမျိုးကို ရှင်မိုးပြာက ပြေလည်အောင်မရှင်းနိုင်ပါ။ မညွှန်ပြနိုင်ပါ။

"စာမျက်နှာ(၃၃)မှာတုန်းက ဘုရားဟု ဝန်ခံပြီး

စာမျက်နှာ(၄၃)မှာကျတော့ ဘုရားခေတ်စီးသူဟုသာ ဝန်ခံပြန်သည်။

စာမျက်နှာ(၄၃)မှာကျတော့ ဆုံးဖြတ်နိုင်သူ တရားသူကြီးအစစ်ဟု ကြေညာပြန်သည်။

ဤဝန်ခံချက် ကြေညာချက် အားလုံးနှင့်စပ်ဆိုင်သမျှ ရှင်မိုးပြာ၏ ဝါဒတို့သည် အဓမ္မဝါဒများချည်းဖြစ်ပါသည်။

(စောဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ်-၂၆။)

"ရှင်မိုးပြာတို့က မေးတာကို ပြန်ရှင်းမပြသူဟူသော စကားလုံးဖြင့် သာမညမေ့ကထိက ရဟန်းတစ်ပါးကို ကဲ့ရဲ့သလိုလုပ်ပြီး တစ်သာသနာလုံးမှာရှိနေကြသည့် ယနေ့ခေတ် သံဃာတော်များအားလုံး (နိုင်ငံတော်သံဃမဟာနယကကြီးများမှ စ၍ ဝတ်ခါစကိုရင်လေးအထိ)ကို သိမ်းကျုံးပုတ်ခတ်ခြင်းပင် ဖြစ်ကြပါသည်။

မှန်၏။ ၄င်းစာအုပ်စာမျက်နှာ(၆)မှာ(ဘာသာရေးစကားပြောသူမှန်သမျှ ဒီလိုချည်း)ဟု ပါရှိခဲ့ပါပြီ။ စာမျက်နှာ(၅၄)မှာလည်း (အလုပ်တူလုပ်နေကြသူချင်းညီညွတ်မှုသမဂ္ဂဖြစ်ဖို့ပဲ)ဟု ပါရှိပါသည်။

ဤစကားများကို သက်သေပြုလျှင် သာသနာ့ဝန်ထမ်း သံဃာအားလုံးကို ရှင်မိုးပြာတို့က ပစ်ပစ်ခါခါ ရှုတ်ချထားတာဖြစ်ကြောင်း သေချာလှပါသည်။

(စောဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ်-၂၈။)

"ရှင်မိုးပြာတို့ကတော့ လူမှာဖြစ်သည့် ပြဿနာတို့က လွတ်မြောက်အောင်-မြင်နိုင်ကြ, သိနိုင်ကြသောကြောင့် လူ့ထက်မြင့်မြတ်၍ လူ့အသိထက် ပိုသိ၍ လူတို့ထံမှ လျှုဖွယ်မှန်သမျှ ခံယူထိုက်သည်-ဟုလည်း ဂုဏ်ဖော်ရာ ရောက်ပါသေးသည်။ အံ့ဖွယ်တစ္ဆေပေတည်း။

"ရှင်မိုးပြာတို့က ဆက်၍ဆိုသည်မှာ-ယခုခေတ်ရှိ ရဟန်းသံဃာတော်(ဘာသာရေးစကားပြောသူ)များသည် မနုဿဓမ္မကိုသာ သိသူများပင် ဖြစ်သည်။ သံဃာတို့က လူတို့ထက် ဘာမှ မသာကြပေ။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် ဒကာဒကာမများအနေဖြင့် မနုဿမေ့သိသူ အချင်းချင်းအား-မလှူကြလေနှင့်ဟုလည်း ဆိုပါသေးသည်။

ဆိုလိုသည့်အဓိပ္ပါယ်မှာ ရှင်မိုးပြာကသာ မနုဿဓမ္မထက်- မြင့်မြတ်သော ဥတ္တရိမနုဿဓမ္မကို သိသူဖြစ်၍ လူမှာဖြစ်သည့် ပြဿနာတို့ကို မြင်နိုင်သိနိုင်သောကြောင့် ရှင်မိုးပြာကသာ လူတို့လှူသမျှကို ခံယူထိုက်သည်။ လူတို့က ရှင်မိုးပြာအားသာလျှင် လှူထိုက်သည်-ဟု ဆိုလိုပါသည်။

(စောဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ်-၂၈။)

"ဤပါဠိတော်တို့အရ **ကာမာဝစရကုသိုလ်ဖြစ်သော ဒါန၊ သီလ၊ (စျာန်မရသေးမီဂေါတြဘူအထိ)သမထ၊ (မဂ်မရသေးမီဂေါတြဘူအထိ)ဝိပဿနာတို့သည် ဗုဒ္ဓဘာသာဝင်တို့ အချိန်တိုင်း အခါတိုင်း ရရှိနေထိုက်သည့် ကုသိုလ်များဖြစ်၍ ရသင့်ရအပ်ရထိုက်သောတရားများ ဖြစ်ကြပါသည်။**

"ဤကာမာဝစရကုသိုလ်တရားကိုရလျှင် **ဒါနဖြစ်က** ဒါနတော ဘောဂဝါ-စသည်တို့နှင့်အညီ (၃၁)ဘုံအတွင်း လောကီချမ်းသာခြင်းတို့ကို အကျိုးပေးပါသည်။ **သီလဖြစ်က** အနာကင်းခြင်းစသော အကျိုးတို့ကိုပေးပါသည်။ **သမထဖြစ်က** ဈာန်အဘိညာဏ်တို့ကိုရရှိစေပြီး နိစ္စ သုခ ဣဿရ နိမ္မိတ စသောအကျိုးတို့ကို ဖြစ်စေပါသည်။ **ဝိပဿနာဖြစ်က** မဂ်ဖိုလ်နိဗ္ဗာန်တို့ကို ရစေပါသည်။

**"(ကာမာဝစရကုသိုလ်မပြည့်စုံလျှင် ဈာန်မဂ်ဖိုလ်မရကောင်းဟု မှတ်ရပါသည်။ အထူးသဖြင့် သမထကာမာဝစရကုသိုလ် ဝိပဿနာကာမာဝစရကုသိုလ်ပြည့်စုံမှသာ ဈာန်မဂ်ဖိုလ် ရရှိနိုင်ပါသည်။)** ဤကား သုတ္တန်နည်း ဖြစ်ပါသည်။

"ဤသုတ္တန်နည်းအရ ဒါနသီလသမထဝိပဿနာခေါ် ကာမာဝစရကုသိုလ်တို့၏ အကျိုးပေးပုံတို့ကို သတ္တဝါအနန္တ ပြုလုပ်ပုံအနန္တ ရရှိပုံအနန္တဖြစ်၍ တပည့်တော်များ အကျယ်တင်ပြခြင်းမပြုနိုင်ပါဘုရား။ ဆရာတော်ကြီးများအားလုံး သိတော်မူကြပြီးလည်း ဖြစ်ပါသည်။

အာယု ဝဏ္ဏ သုခ ဗလ စသည် စသည် . . . အာယုတစ်ရာ အာယုတစ်ထောင် အာယုအသင်္ချေယျ-အာယုအပ္ပမေယျ စသည်များကို ဒက္ခိဏဝိဘင်္ဂသုတ္တဋ္ဌကထာမှာ ရှိပါသည်ဘုရား။

မ၊ ၃၊ ၄၊ ၂၂၁-စသည်။

"အဘိဓမ္မာနည်းအားဖြင့်မူ **ကာမာဝစရကုသလမ္ပိ ကာမသုဂတိယမေဝ ပဋိသန္ဓိံ ဇနေတိ** ဟူသည်နှင့်အညီ ဒါနသီလသမထခေါ် ကာမာဝစရကုသိုလ်ကြောင့် လူ့ဘုံ နတ်ဘုံတို့မှာ လူ့ဘဝ နတ်ဘဝ ဖြစ်ကြရပါသည်။ ဤအကျိုးရပုံပြ ပါဠိတော်များလည်း အင်္ဂုတ္တိုရ်လာ သီဟသေနာပတိသုတ္တ စသည်စသည်ဖြင့် များလှပါသည်ဘုရား။

(စောဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ်-၃၁။)

"ရှင်မိုးပြာတို့က မြန်မာမှာ သဒ္ဒါကျမ်း အဘိဓာန်ကျမ်းရှိတာ မကြာသေးကြောင်း။ ထို့ကြောင့် မြန်မာတို့သည် **(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ဥက္ကဋ္ဌဆရာတော်ကြီးမှစ၍ ယခုမိနစ်ပိုင်းမှာ ဝတ်သည့် ကိုရင်သစ်ကလေးအထိ-အားလုံး။ နိုင်ငံတော်အစိုးရအဖွဲ့အကြီးအမှူးချုပ်-ဗိုလ်ချုပ်မှူးကြီးဦးသန်းရွှေမှစ၍ ယခုမိနစ်ပိုင်းမှာမှ မွေးလာသည့်ကလေးလေးအထိ-အားလုံးပင်လျှင်)** အသိဉာဏ်မရှိသူများဖြစ်ကြောင်း၊

"ရှင်မိုးပြာတို့ ဆရာတပည့်အုပ်စုဝင်တို့သာ အသိဉာဏ်ရှိသူများ ဖြစ်ကြောင်း" ဆိုထားပါသည်။ ရှင်မိုးပြာတို့သည် မြန်မာတို့အသိဉာဏ်မရှိကြဟုဆိုချင်ပါလျက် မြန်မာလူမျိုးသမိုင်း မြန်မာနိုင်ငံသမိုင်း မြန်မာစာပေသမိုင်းတို့၏ ရေသောက်မြစ်ရှည်လျားခိုင်မြဲခြင်းကို မတွန်းနိုင်မလှန်နိုင်သောကြောင့် မကြာခင်ကမှ ပေါ်လာသော မြန်မာသဒ္ဒါကျမ်း မြန်မာအဘိဓာန်ကျမ်းတို့ကို လက်ကိုင်ဒုတ်လုပ်ပြီး ရဲရဲကြီးရမ်းသူများ ဖြစ်ပါသည်။

ဤသို့သော သင်္ကေတများဖြင့်ပင် ကမ္ဘာဦးသူတို့ ပညာသင်ယူခဲ့ကြသလို၊ လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀) ကျော်ကာလ မြတ်ဗုဒ္ဓ ခေတ်မှာလည်း တက္ကသိုလ်ကျောင်းကြီးကျောင်းငယ်တို့မှာ ပညာသင်ယူခဲ့ကြောင်း သိရပါသည်။ ပညာသင်ပေးရာ, သင်ယူရာမှာ-မည်သည့်သင်္ကေတစာဖြင့် သင်သင်-တတ်ထိုက်ရာတတ်ကြပါသည်။

"ရှင်မိုးပြာတို့သည် နိုင်ငံတွင်းနေ ပြည်သူပြည်သားဖြစ်ပါလျက် ပြည်သူပြည်သားတို့ လိုက်နာရမည့် စာအုပ်စာပေထုတ်ဝေခွင့်ဆိုင်ရာ ဥပဒေတို့ကိုမျှပင် မသိကြပေ။ စာအုပ်တို့ကို ဥပဒေမဲ့(သိက္ခာမဲ့)ထုတ်ထားကြပေသည်။

ရှင်မိုးပြာတို့က မြန်မာလူမျိုးတစ်မျိုးလုံး အသိဉာဏ်မရှိသူချည်း-ဖြစ်ကြောင်း ဆိုကြသော် ရှင်မိုးပြာတို့ကရော ဘာလူမျိုးလေနည်း။ မြန်မာသဒ္ဒါ အဘိဓာန်ပေါ်တာမကြာသေးသော်-ရှင်မိုးပြာတို့ကရော မည်သည့်ဘာသာစကားကို သုံးနှုန်း၍ ရေးလေသနည်း။ ပြောလေသနည်း။

"ရှင်မိုးပြာတို့သည် အဓိကအားဖြင့်(တရားစကားနားထောင်,တရားစာဖတ်)ဆိုသည်နှင့်စပ်၍ ပိဋကတ်သုံးပုံရှိ အက္ခရာသင်္ကေတတို့သည် မြန်မာအက္ခရာသင်္ကေတဖြစ်နေ၍ ၎င်းပိဋကတ်သုံးပုံသည် မြန်မာသဒ္ဒါ မြန်မာ

အဘိဓာန်တို့ မပေါ်သေးခင်ကတည်းကဖြစ်ရကား မြန်မာအက္ခရာသင်္ကေတတို့ဖြင့်ရှိနေသော ပိဋကတ်သုံးပုံစာပေတို့သည် သဒ္ဒါမမှန် အဘိဓာန်မတည့်-ဟူ၍ ထိပါးရှုတ်ချလိုသူများသာ ဖြစ်သည်။

"ထိုစကားသည် ပိဋကတ်သုံးပုံကို ထိပါးလာသည့် ဂယက်နက်ရှိနေသောကြောင့် ဘာသာဗေဒအရာ၌ ဗဟုသုတမကြွယ်ဝသည့် ဗုဒ္ဓဘာသာဝင်များအား အသိမှားတွေ ဖြစ်ပေါ်လာစေနိုင်သည့်အတွက် တင်ပြရခြင်းပင်။

ပိဋကတ်သုံးပုံသည် ပါဠိဂုဏ်ဖြင့် သီးသန့်သာ ရှိပါသည်။ ပါဠိသဒ္ဒါနည်း ပါဠိအဘိဓာန်နည်းဖြင့်သာ ရှိသည်။ မြန်မာသဒ္ဒါ မြန်မာအဘိဓာန်နှင့် မဆိုင်ပေ။ အက္ခရာသင်္ကေတမျှသာ မြန်မာဘာသာ ဖြစ်ပေသည်။

ထို့ကြောင့် ရှင်မိုးပြာတို့က မြန်မာသဒ္ဒါ မြန်မာအဘိဓာန်တို့ကို လက်ကိုင်ဒုတ်-လုပ်၍ ပိဋကတ်သုံးပုံကို ရိုက်ပုတ်သော်လည်း ပိဋကတ်သုံးပုံတို့ကား တုန်လှုပ်လိမ့်မည်မဟုတ်ပေ။

(စောဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ်-၃၂။)

" ဥတ္တရိမနုဿဓမ္မကို လူမှာ ဖြစ်တတ်သော ပြဿနာတို့မှ လွတ်မြောက်တာကို သိခြင်းဟု အဓိပ္ပာယ်သစ် ဖွင့်ယူသကဲ့သို့ ဝိပါကဝဋ်ကိုလည်း အဓိပ္ပာယ်သစ် ဖွင့်ယူကြပါသည်။ ကမ္မဝဋ်(ကံ)အရ လွန်ကျူးမှုအတိုင်းပင် ဆက်လက်ဖြစ်ပွားနေမှုသည် ဝိပါကမည်၏ဟု ဖွင့်ကြပါသည်။

**ဤသို့အဓိပ္ပာယ်သစ် ဖွင့်ယူလိုလျှင်မူ ဝေါဟာရလည်း အသစ်ထွင်သင့်ပါသည်။ ယခုမူကား မြတ်ဗုဒ္ဓ၏ဝေါဟာရကိုပင် ယူထားပြီးမှ(မြင်းကိုယ်မှာ မျောက်ခေါင်းတပ်ဘိအလား) မူလအဓိပ္ပာယ်နှင့် တခြားစီဖြစ်အောင် လုပ်နေခြင်းကြောင့် မြတ်ဗုဒ္ဓကို ပူဇော်သည့်အနေဖြင့် စောဒနာရေးတင်ရပါသည်။**

"ဤဝေါဟာရနှစ်ခုတို့၏ အဓိပ္ပာယ်သစ်နှစ်ခုတို့ကို တွဲစပ်ကြည့်လိုက်ပါက"လူမှာ ဖြစ်တတ်သော ပြဿနာတို့မှ လွတ်မြောက်တာကိုသိခြင်း(ဥတ္တရိမနုဿဓမ္မ)က လွန်ကျူးမှုအတိုင်းပင် ဆက်လက်ဖြစ်ပွားနေမှု(ဝိပါက်)ကို မြင်သည်"ဟူ၍ ဖြစ်ပါသည်။

ဤအဓိပ္ပာယ်သည် အကုသိုလ်နှင့်စပ်သော အဓိပ္ပာယ်လည်း မဟုတ်။ ကုသိုလ်နှင့်စပ်သော အဓိပ္ပာယ်လည်း မဟုတ်။ ဝိပါက်နှင့်စပ်သော အဓိပ္ပာယ်လည်း မဟုတ်။ လောကီနှင့်စပ်သော အဓိပ္ပာယ်လည်း မဟုတ်။ လောကုတ္တရာနှင့်စပ်သော အဓိပ္ပာယ်လည်း မဟုတ်။ ဒါနကျင့်စဉ်နှင့်လည်း မစပ်။ သီလကျင့်စဉ်နှင့်လည်း မစပ်။ သမထဝိပဿနာတစ်ခုခုနှင့် မညီညွတ်။ ဘာမျှပင် မဟုတ်ချေ။

(စောဒနာလွှာဒုတိယပိုင်း၊ စောဒနာအမှတ်-၃၈။)

"ထေရဝါဒဗုဒ္ဓဘာသာဝင်များသည် ခရာဇ်ယာန်ဘာသာဝင်များကဲ့သို့ပင် ဘုရားရှင်၏သိမ်းယူခြင်းကို ခံနေရသူများဖြစ်နေကြသောကြောင့် မလွတ်လပ်သူများ ဖြစ်ကြသည်။ ထေရဝါဒဗုဒ္ဓဘာသာဝင်တို့ ကိုးကွယ်နေကြသည့် ဗုဒ္ဓသည် အတုကြီးသာ ဖြစ်သည်-အစရှိသောစကားများနှင့်စပ်လျဉ်း၍ တင်သွင်းအပ်သော စောဒနာပါဘုရား။ (စောဒနာလွှာတတိယပိုင်း၊ ပဋိညာအမှတ်-၂၉။)

"ကမ္ဘာကြီးငြိမ်းချမ်းတယ်ဆိုတာ လူသားတွေ လွတ်လပ်ကြတာပဲ။

ဘာသာတရားတွေအောက်မှာရှိကြတဲ့ လူတွေက လူအားလုံးရဲ့-၉၉%ကျော်လောက်ရှိမှာပဲဘုရား။

ဟုတ်ပ။

သူတို့လွတ်လပ်နေကြပြီလို့ မြင်ရသလား ဘုရား။

မမြင်ရပါဘူး။

လွတ်လပ်ရေးကိုဖြစ်စေတဲ့ အစုအစည်း အဆောင်အရှောင်တွေကို စိတ်ပါလက်ပါ မလုပ်နိုင်ကြလို့ သူတို့ မလွတ်လပ်ကြပါဘူး။

သူတို့လုပ်နေကြတာပဲ မဟုတ်ဘူးလားဘုရား။

လုပ်တယ် ပြောရကာမျှပဲ လုပ်နေကြတာ။ အချိန်အတွင်း မြဲအောင်မလုပ်ကြဘူးလို့ ဆိုလိုတယ်။

ဘာဖြစ်လို့ မလုပ်ကြတာလဲဆိုတော့ အား မရှိကြလို့ပဲ။

လူမှာအားတွေရှိတာ မှန်ပေမယ့် အဲဒီအားတွေကို ဘုရားတွေက ယူသွားတာခံရလို့ အားမရှိကြတော့ သူတို့ မလုပ်နိုင်ကြတော့ဘူး။

"ဟုတ်မှလည်း ပြောပါဘုရား။ အားတွေကို ဘုရားက ဘယ်လိုယူလို့လဲ။

လူတွေက သူ့အဖန်ဆင်းခံတွေလို့ ဘုရားတွေက ကြေငြာတယ်မဟုတ်လား။ လူ့အင်အားက လူ့အပြင် ဘက်မှာ ရှိတာမှ မဟုတ်တာဆိုတော့ ဘုရားရဲ့အသိမ်းအပိုက်ခံထဲ ပါသွားတာပေါ့။

လူဟာ ဘုရားရဲ့မျက်နှာပဲ ကြည့်နေရတယ်။ ဘာဖြစ်လို့လဲဆိုတော့ မကြည့်သူကို ချိုးဖဲ့ပစ်မှာပဲ။ (ပ) ကိုယ်ဟာ သူများရဲ့သိမ်းတာကိုခံရရင် လွတ်လပ်မှု အပျောက်ဆုံးခံရတာပေါ့။

(စောဒနာလ္ဗာတတိယပိုင်း၊ ၄ပနာအမှတ်-၂၉။)

**ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးကို စော်ကား ပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရတည်ဆဲဥပဒေ( ) အရ. . . . . . . . . . . . . . . . . . . . . . . . . . . . ပြစ်မှု ဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။**

"ကမ္ဘာပေါ်ရှိ ဘုရားအားလုံးသည် အတူတူပင် ဖြစ်သည်။ ဂေါတမဗုဒ္ဓသည်လည်း ဖန်ဆင်းရှင်ဘုရားသာ ဖြစ်သည်။ ထို့ကြောင့် ဂေါတမဘုရားက ဖန်ဆင်းအပ်သောလူသည် ဂေါတမဘုရားကို မကြည်ညိုလျှင် ထိုလူသားကို ဂေါတမဘုရားက ချိုးဖဲ့ပစ်လိမ့်မည်။ ဤအဆိုများအားလုံးသည် အဓမ္မဝါဒများသာ ဖြစ်ပါသည်။

(စောဒနာလ္ဗာတတိယပိုင်း၊ စောဒနာအမှတ်-၂၉။)

"ဘာသာရေးအားဖြင့် ကွန်မြူနစ်ဖြစ်နေကြသူတို့ကိုလည်း အားကျစံပြုအဖြစ် ဖော်ပြထားပါသေးသည်။

**ကြောင်ပန်းတောရ၊**

**ကျောက်သဘော်၊**

**ရှင်ဉက္ကဋ္ဌ စသူတို့ကို အားကျနေသော ရှင်ဉာဏ**သည်လည်း ဤသို့ဤပုံ မိစ္ဆာဒိဋ္ဌိကကြီး ဖြစ်လာလေသတည်း ဟုဆိုရာ အလွန်ပင် အကြောင်းအကျိုး ဆီလျှော်ပါပေတော့သည်။

(စောဒနာလ္ဗာတတိယပိုင်း၊ စောဒနာအမှတ်-၃၁။)

"ရှင်ဉာဏခေါ် ရှင်မိုးပြာက ဘာသာရေးမှာ နိဗ္ဗာန်နှင့်အဘိဓမ္မာတို့သည် မရေရာတာများ ဖြစ်ကြသည်- အကျိုးမဖြစ်တာများ ဖြစ်ကြသည်ဟု ဆိုထားပါသည်။ ယင်းအဆိုများသည် ရှင်မိုးပြာ၏ မိစ္ဆာဝါဒများသာ ဖြစ်ကြပါ

သည်။ ရှင်မိုးပြာသည် နိဗ္ဗာန်သည် တရားတစ်ခု ဖြစ်၏ဟုပင် မယုံသူဖြစ်ပါသည်။ ထိုအကြောင်းကို မိုးပြာကျောင်းမှ ပေးစာများစာအုပ်(စာ-၃၇၉)တွင် အတိအလင်းပင် ဆိုထားပါသည်။

"စင်စစ် ရှင်မိုးပြာတို့သည် ဗုဒ္ဓဘာသာနှင့် မဆက်စပ်ဘဲ သူတို့ဘာသာကို သူတို့က တည်ထောင်ကြလျှင် ကောင်းလေစွဟုပင် တောင့်တမိပါသည်။ ယခု ထေရဝါဒဗုဒ္ဓဘာသာလာ ဝေါဟာရများနှင့်တရားများကို ယူထားလျက် မဟုတ်မမှန်များကို လုပ်ကြံနေကြသောကြောင့် စာရေးသူတို့မှာ အလုပ်များကြရပါသည်။

နိဗ္ဗာန်တရား နှင့်အဘိဓမ္မာတရားတို့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ မြတ်နိုးခြင်းကို ခံယူကြရသည့် တရားစစ်တရားမှန်များပင် ဖြစ်ကြပါသည်။ ထို့ကြောင့် ထိုနိဗ္ဗာန်နှင့်အဘိဓမ္မာတို့သည် မှုန်ဝါးဝါးများ ဖြစ်ကြသည်- အခြေအမြစ်မဲ့များ ဖြစ်ကြသည်ဟူသော ရှင်မိုးပြာတို့၏စကားရပ်၏ အဓမ္မဝါဒဖြစ်ကြောင်းကို ထေရဝါဒဗုဒ္ဓဘာသာဝင်များ အားလုံး၏ ကိုယ်စားအနေဖြင့် စာရေးသူတို့က စောဒနာအပ်ပါသည် အရှင်မြတ်တို့ဘုရား။

(စောဒနာလွှာတတိယပိုင်း၊ စောဒနာအမှတ်-၃၃။)

"ထေရဝါဒသာသနာတော်ကို လူတို့က အကြည်ညိုတန်အောင် ပြုစားထားခြင်းတို့နှင့်စပ်လျဉ်း၍ တင်သွင်းအပ်သော စောဒနာပါဘုရား။

(စောဒနာလွှာတတိယပိုင်း၊ ပဋိညာအမှတ်-၃၅။)

သည်နေ့ဗုဒ္ဓဘာသာ တိုးတက်နေတယ်ဆိုတာက ဘုန်းကြီးဦးရေတွေလည်း ဘယ်တုန်းကဖြစ်ဖြစ်ထက် များမှာပဲ။ စာသင်စာချနိုင်သူတွေလည်း သည်လိုပဲ များမယ်။ ပိဋကတ်သုံးပုံလုံးပြန်နိုင်သူတောင် အခုရှိနေပြီ။ သင်္ဂါယနာလည်း တင်နိုင်တယ်။ တကာနဲ့တကာမဘက်ကလည်း လှူဒါန်းနိုင်ဆုံးလောက်ဖြစ်မယ် ထင်တယ်။ ဝိပဿနစခန်းတွေလည်း ခုလောက် ပေါ်ဖူးမယ် မထင်ဘူး။ ဒါတွေဟာ တိုးတက်မှုအတွက် ပြကွက်တွေပေ့ါ။

သည်နေ့ဗုဒ္ဓဘာသာ တိုးတက်နေတာကို ဒါတွေနဲ့ တိုင်းတာလို့ ဖြစ်ပ့ါမလား။ လူများတော့ ဘုန်းကြီးအစစ များတာပေ့ါ။ ဒါဆိုရင် တိုးတက်မှုကို ဘာနဲ့ တိုင်းတာမှာလဲ။

"သာသနာက လူတွေရဲ့ကြီးပွါးချမ်းသာမှုတွေကို ဖြစ်ထွန်းအောင် ဘယ်လောက်စောင့်ရှောက်နိုင်သလဲ ဆိုတာနဲ့ တိုင်းရမှာပေ့ါ။ သာသနာက လူတွေကြီးပွါးချမ်းသာအတွက် မဖြစ်ဘူး။

သာသနာကြီးပွါးချမ်းသာအတွက်ပဲ ဖြစ်နေတယ်ဆိုရင် တိုးတက်တယ်လို့ ဘယ်လိုပြောမလဲ။ (ပ)သည်တော့ သာသနာဟာ သာသနာ အတွက်ပဲ ဖြစ်နေတယ်ဆိုတာ ထင်ရှားတယ်။ တစ်နိုင်ငံလုံး ဘုန်းကြီးတွေ လိုက်မေး။

ကျမ်းတွေအများဆုံး ရေးသူထဲမှာ နောက်ဆုံးဖြစ်တဲ့ ဘုန်းကြီးတစ်ပါး(မဟာဂန္ဓာရုံဆရာတော်)ဟာ ပဒပရမဖြစ်အောင် အားထုတ်ကြလို့ ဩဝါဒ ပေးသွားတယ်။

(စောဒနာလွှာတတိယပိုင်း၊ ဌပနာအမှတ်-၃၅။)

**ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးကို စော်ကားပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရတည်ဆဲဥပဒေ( ) အရ. . . . . . . . . . . . . . . . . . . . . . . . . . ပြစ်မှု ဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။**

"သာသနာတော်သည် လူတို့အတွက် ကျေးဇူးမရှိသောအရာသာ ဖြစ်သည်။ သာသနာဝင် ပုဂ္ဂိုလ်တွေ အတွက်သာ အကျိုးရှိသောအရာ ဖြစ်သည်။ တစ်နည်းအားဖြင့် သာသနာဝင်ခေါင်းဆောင်တွေက သာသနာ ကိုပြုပြီး ကိုယ်ကျိုးရှာနေကြသည်-စသည်ဖြင့် စွပ်စွဲထားခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် သာသနာ မတိုးတက် ကြောင်းတို့ကိုလည်း ဖေါ်ပြထားကာ သာသနာကိုကြည်ညိုသူများ ဇဝေဇဝါ ဖြစ်နေကြအောင် ပြုစားထားချက် များသာ ဖြစ်ကြပါသည်။

(စောဒနာလွှာတတိယပိုင်း၊ စောဒနာအမှတ်-၃၅။)

"မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများအား လွတ်လပ်ရေးနှင့်ပတ်သက်၍လည်းကောင်း၊ နိုင်ငံတော်ဆိုင်ရာ အုပ်ချုပ်ရေးဥပဒေနှင့်ပတ်သက်၍လည်းကောင်း ဇဝေဇဝါဖြစ်နေကြရအောင် တိုက်ထားပေးမှု,အစိုးရနှင့် ပြည်သူ တို့ကို အချင်းချင်း အမြင်မကြည်အောင် တိုက်ထားပေးမှုနှင့်စပ်လျဉ်း၍ တင်သွင်းအပ်သော စောဒနာပါဘုရား။

(စောဒနာလွှာတတိယပိုင်း၊ ပဋိညာအမှတ်-၃၆။)

တပည့်တော်တို့ ငယ်ငယ်တုန်းက လွတ်လပ်ရေးအောင်ပွဲတွေတောင် ရွာမှာ ဇာတ်ငှါးပြီး ကျင်းပသေးတယ် မဟုတ်လား။

အင်း။

ဒါဆို တပည့်တော်တို့ လွတ်လပ်တယ် မဟုတ်လား။

အဲဒါက အင်္ဂလိပ်ကိုလိုနီက လွတ်လပ်တာပဲ ဖြစ်တယ်။ ခင်ဗျားတို့ လွတ်လပ်တာ မဟုတ်ဘူး။ (ပ)

ပဒေသရာဇ်တွေဟာ သူတို့အုပ်ချုပ်မှာကိုတောင် ပြည်သူတွေကို ထုတ်ပြန်ထားတဲ့ပုံ မဟုတ်ဘူး။

သူ့စိတ်ထင်အတိုင်း လုပ်ချင်ရာလုပ်တယ်။ (ပ)

တော်လှန်ရေးကောင်စီဆိုပြီး စစ်တပ်က အာဏာသိမ်းတော့ တပည့်တော်တို့ကို သူတို့ကပဲ အုပ်ချုပ်တာ ကြောင့် တပည့်တော်တို့ မလွတ်လပ်ဘူးပေါ့။

အေး-ဗျာ။

(စောဒနာလွှာတတိယပိုင်း၊ ဌပနာအမှတ်-၃၆။)

**ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်အစိုးရတို့၏ ဥပဒေတို့ကို စော်ကားပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရတည်ဆဲဥပဒေ( ) အရ. . . . . . . . . . .  . . . . . .  . . . . .  . . . . .ပြစ်မှု ဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။**

**"မြန်မာတို့သည် အင်္ဂလိပ်ကိုလိုနီအဖြစ်မှ ကျွတ်လွတ်ကြပြီဖြစ်သော်လည်း လွတ်လပ်ရေး ရရှိနေ ကြသူများ မဖြစ်ကြသေးကြောင်း ဆိုထားပါသည်။**

**ယင်းအဆိုတို့သည် စင်စစ်အားဖြင့် အဓမ္မ ဝါဒဖြစ်ကြောင်း စောဒနာဖွယ်ရာများ မဟုတ်ကြပါ သော်လည်း မြန်မာပြည်သူတို့ကို မလွတ်လပ်သူများဟူ၍ စွပ်စွဲထားခြင်းသည် မြန်မာပြည်သူတို့က ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်ကြသူများ ဖြစ်နေကြသည့်အတွက် တစ်နွယ်ငင်တစ်စင်ပါနည်းအားဖြင့်**

**ထေရဝါဒသာသနာတော်ကို စော်ကားထားခြင်းပင်ဖြစ်သောကြောင့် အဓမ္မဝါဒများပင်ဖြစ်ကြောင်း** စောဒနာတင်အပ်ပါသည် အရှင်မြတ်တို့ဘုရား။

(စောဒနာလွှာတတိယပိုင်း၊ စောဒနာအမှတ်-၃၆။)

"မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာဝင်များကသာ အများစုဖြစ်ကြရာ အုပ်ချုပ်သူအစိုးရများသည်လည်း ထေရဝါဒဗုဒ္ဓဘာသာဝင်များဖြစ်၍ ပြည်သူအများသည်လည်း ထေရဝါဒဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်။

ထိုအချက်တွင် ပြည်သူတို့နှင့်အစိုးရတို့ အကြားတွင် ဘုန်းကြီးများကို အတင်းထိုးသွင်းကာ အစိုးရ+ ဘုန်းကြီး+ ပြည်သူတို့ သုံးပွင့်ဆိုင်အမုန်းပွါးစေရေးအတွက် ကုန်းတိုက်ထားမှုများနှင့်စပ်လျဉ်း၍ တင်သွင်းအပ်သော စောဒနာပါဘုရား။

(စောဒနာလွှာတတိယပိုင်း၊ပဋိညာအမှတ်-၃၇။)

"ငွေတစ်ရာတန်သိမ်းတဲ့အထဲမှာ ဒါကာကြီးတို့ အတော်ပါကြသေးလား။ အတော်ကလေး စိတ်မော လူမော ဖြစ်မှာပဲ။ အစိုးရဟာ လူတွေကို လူမမှတ်တဲ့အကြောင်း ပြလိုက်တာပဲ။ အစိုးရပေမယ့် သူတို့ဒီလို လုပ်ချင်တိုင်း လုပ်ခွင့်မရှိဘူး။

သူတို့က အစိုးရပဲလို့ဆိုပေမယ့် သူတို့ကို ဘယ်သူက အာဏာပေးလို့တုန်း။ ဘယ်သူကမှ အုပ်ချုပ်ခွင့် မပေးဘဲနဲ့ သူတို့အားနဲ့သူတို့ပဲ အစိုးရလုပ်ပြီး အုပ်ချုပ်နေတော့ သူများတွေအပေါ် မင်းလုပ်အုပ်ချုပ်တာဟာ သူများရဲ့လွတ်လပ်မှုကို လုယက်တာပေါ့။ (ပ)

"အခုအစိုးရကတော့ တပည့်တော်တို့ နေတဲ့မြေကြီးကို ဘယ်သူဆီကမှ အမွေရတာတော့ မဟုတ်ဘူး။ (သူတို့က အုပ်ချုပ်ခွင့် မရှိဘူး-လို့ ဆိုလိုပါသည်။)

ဟုတ်တယ်။ သည်မြေကြီးဟာ တစ်ချိန်က ဗမာဘုရင်က ပိုင်တယ်။ ဗမာဘုရင်ဆီကနေ အင်္ဂလိပ်က လုယူတယ်။ အင်္ဂလိပ်က ပိုင်ပြန်တာပေါ့။

အင်္ဂလိပ်က လွတ်သွားတော့ ဗမာဘုရင် မရှိတော့ဘူး။ အမွေအဖြစ် ဘယ်သူ့မှလည်း မလွှဲနိုင်ဘူး။

**"သည်တော့ လူတွေဟာ ကိုယ့်လက်ထဲရှိတဲ့မြေကို ကိုယ်ပိုင်တာပေါ့။ ကိုယ်ရှာထားတဲ့ ရွှေငွေ ဥစ္စာတွေကိုလည်း ကိုယ်ပိုင်တာပေါ့။ အဲဒါဆိုရင် တကယ်ကောင်းတာပါ။ အဲဒါဟာ တကယ် လွတ်လပ်တာပါ။ သည်မြေကြီးနဲ့ သယံဇာတတွေကို နိုင်ငံတော်က ပိုင်တယ်လို့ ပြောကြတယ် မဟုတ်လား။** (ပ)

"နိုင်ငံတော်အာဏာရအဖွဲ့ဆိုတာ ရှိသေးတယ်။ နိုင်ငံတော်အာဏာကို ကိုင်တွယ်ခွင့် အပ်နှင်းခံရတဲ့ ပုဂ္ဂိုလ်တွေပေါ့။ လူတွေရဲ့အာဏာအပ်နှင်းခံရလို့ အာဏာရသူတွေ မဟုတ်ဘဲ လူတွေရဲ့ပိုင်ဆိုင်မှုတွေကို ထိထိ ပါးပါး ရမ်းကားနေတယ်ဆိုရင် လူတွေရဲ့ရန်သူပဲ။

**အခုတော့ တပည့်တော်တို့လုပ်အားနဲ့ အမောရှာထားတဲ့ ငွေကိုလည်း တပည့်တော်တို့ မပိုင်ဘူး။ အဲဒီငွေနဲ့ ဝယ်ထားရတဲ့မြေကိုလည်း နိုင်ငံတော်က ပိုင်သတဲ့။** (ပ)

**"ပြောတဲ့နိုင်ငံရေးသမားတွေကို ဖမ်းပြီးထောင်ချထားတာ လူတွေမှာ ခေါင်းဆောင်ပြောမည့် သူ မရှိအောင် လုပ်ထားခံရတယ်။**

**ဘုန်းကြီးတွေရှိသားနဲ့ဘုရား။**

**သူတို့က ဒါတွေဟာ သူတို့သိတဲ့ တရားနဲ့လွဲနေတာကို သိကြသော်လည်း သူတို့လဲ မပြောဝံ့ဘူးနဲ့ တူတယ်**။ (၀)

ကိုရင်ပါ ဆိုရင် ငါးသိန်း လောက် ရှိမှာပဲ။ ဘုန်းကြီးတွေက စစ်တပ်ထက် အများကြီးသာတာပဲ။

သူတို့က သေနတ်နဲ့ဗျ။

(စောဒနာလွှာတတိယပိုင်း၊ ဌပနာအမှတ်-၃၇။)

**ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဥပဒေရေးကို စော်ကားပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရတည်ဆဲဥပဒေ( ) အရ. .......... ...... ..... .....ပြစ်မှု ဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။**

“ပဋိညာမှာ တင်ပြထားသည့် အချုပ်အတိုင်းပင် သာသနာတော်ကို သပ်ပြုလျက် အစိုးရနှင့် ပြည်သူတို့ အကြား သာသနာဝင်ဘုန်းကြီးများကို ရိုက်သွင်းထည့်ကာ အမုန်းပွါးစေရေးတို့ကို ရေးသားထားပါသည်။

“ယင်းတို့သည် အဓမ္မရေးရာနှင့် တိုက်ရိုက်ပတ်သက်သည်များ မဟုတ်ကြသော်လည်း နိုင်ငံနေအများစု တို့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များ ဖြစ်နေကြသောကြောင့် အဓမ္မဝါဒပြန့်ပွါးရေးအတွက် အဟန့်အတားများကို ဖြိုသည့်အနေဖြင့် ရေးသားထားချက်များပင် ဖြစ်နေကြောင်း တွေ့ရပါသည်။

ရှင်မိုးပြာတို့သည် သူတို့၏ အဓမ္မဝါဒ ပြန့်ပွါးရေးအတွက်ဆိုလျှင် အစိုးရကိုပင် ကဲ့ရဲ့ပြစ်တင်လုပ်လိုသူများ ဖြစ်ကြောင်း ထင်ရှားလှပါသည်။

**“ဤရေးသားချက်များကို တွေ့မြင်ရသောအခါတွင်(၂၀၀၇)ခုနှစ်၊ စက်တင်ဘာလတွင် ဖြစ်ပေါ် ခဲ့ကြရသော နိုင်ငံတော်မတည်ငြိမ်မှုများသည် ရှင်မိုးပြာတို့ကဲ့သို့သော ပုဂ္ဂိုလ်များ၏ သပ်သွင်းချက် (ပယောဂ)များကြောင့် ဖြစ်ပေါ်လာကြလေသလောဟူ၍ စဉ်းစားစရာများ ဖြစ်ပေါ်လာကြရပါသည်။**

**ဂင်းစာမျက်နှာတို့ကို သေချာဖတ်ကြည့်လျှင် စာရေးသူတို့၏ စဉ်းစားမိပုံများ မှန်-မမှန်တို့ကို ထင်ရှားစွာ သိမြင်နိုင်ကြမည် ဖြစ်ပါသည်။**

(စောဒနာလွှာတတိယပိုင်း၊ စောဒနာအမှတ်-၃၇။)

“ထေရဝါဒသာသနာဝင်တို့ထဲက အစိုးရကပဲဖြစ်ဖြစ်၊ သူဌေးသူကြွယ်တို့ကပဲဖြစ်ဖြစ်၊ ကောင်းမှုကြီးများ ပြုလုပ်လျှင် **ထေရဝါဒသာသနာကြီး ကြီးပွါးစည်ပင်တိုးတက်နေသည်တို့ကို မကြည့်နိုင်သူ မမြင်နိုင် သူတစ်ဦး ဖြစ်သောကြောင့် ရှင်မိုးပြာခေါ် ရှင်ဉာဏက ဆဋ္ဌသံဂါယနာကိစ္စတို့ကို ဘာမှအကျိုးမရဘဲ မိုက်မဲသူများက ပြုလုပ်ထားမှုတစ်ခုအဖြစ် ရေးသားထားပါသည်။**

ယခုခေတ်ဆိုလျှင်လည်း နေပြည်တော်တွင် ရွှေတိဂုံစေတီတော်တည်မှုကြီးတို့ကိုလည်းကောင်း၊ ရန်ကုန်နှင့် မန္တလေးတို့တွင် စွယ်တော်စေတီတည်မှုကြီးတို့ကိုလည်းကောင်း၊ ထိုသို့ပင် ရေးသားကြမည်မှာ မလွဲနိုင်ကောင်း ရာပေ။

(စောဒနာလွှာတတိယပိုင်း၊ ပဋိညာအမှတ်-၃၈။)

"ဆဋ္ဌသံဂါယနာတင်ပွဲဟာ ရှေးသံဂါယနာငါးတန်ထက် လုပ်တာ သာတယ်လို့ ပြောရမယ်။
-အချိန်တွေ လည်း အကြာဆုံးဖြစ်တယ်။ (သုံးနှစ်။)
-သံဃာအရေအတွက်လည်း အများဆုံးပဲ။ (နှစ်ထောင့်ငါးရာ။)
-ငွေကုန် ကြေးကျမှုကလည်း ရွှေကျပ်သား တစ်သိန်းလောက် ကုန်တယ်။ ပိဿာတစ်ထောင်ပေါ့။ စပါးဆိုလျှင် တင်းပေါင်း တစ်ကုဋေလောက်ပဲ။

ဒါ့ကြောင့် သည်သံဂါယနာဟာ အသာလွန်ဆုံးဖြစ်လောက်တယ်လို့ ပြောတာ။ ရလဒ်ကတော့ ရှေးက သာသနာမှာ ရှိပြီးသားထက် ဘာမှ ပိုမိုပြီး မထူးခြားပါဘူး။ ရှိပြီးသားကို ရှိပြီးသားအတိုင်းဖြစ်အောင် လုပ်တာပဲ။

"သည်လိုဆိုရင် အချိန်တွေ ငွေတွေ လုပ်အားတွေ အများကြီးက တို့သာသနာကြီး သည်လောက် ထည်ဝါ ခမ်းနား ကြီးမားလေးနက်တယ်လို့ ကြွားကြတာပေါ့။ (ပ)

သည်လောက်အလုပ်ကြီးကို လုပ်တာက ဘာမှ အကျိုးမရဘူးလားဆိုတော့-

**ဦးနုနဲ့ဖဆပလအဖွဲ့တို့၊**
**ဦးဝိစိတ္တတို့၊**
**မဟာစည်တို့၊**
**ညောင်ရမ်းတို့ ဂုဏ်သိက္ခာတွေ ရတာက လွဲလို့ တခြားအကျိုးကတော့ မပြောလောက်ပဲ ဖြစ်တယ်။**

(စောဒနာလွှာတတိယပိုင်း၊ ဌပနာအမှတ်-၃၈။)

**ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးကို စော်ကား ပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရတည်ဆဲဥပဒေ( ) အရ. . . . . . . . . . . . . . . . . . . . . . . . . . . . . ပြစ်မှု ဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။**

"ရှင်မိုးပြာတို့က ပြည်သူများကို နားလည်မှု လွဲမှားစေရန် သို့မဟုတ် **ဘာသာရေး ခေါင်းဆောင်များနှင့် အစိုးရခေါင်းဆောင်များက ဦးဆောင်၍ ပြုလုပ်အပ်သော ဘာသာရေးလုပ်ငန်းများကို ပြည်သူတို့က အယုံအကြည်မဲ့စေရန်** ဆဋ္ဌသံဂါယနာကြီးကိုပင် ထုတ်ပြလျက် ပျက်ရယ်ပြုထားကြပါသည်။

ယင်းရေးသားချက်တို့သည်လည်း အဓမ္မဝါဒ၏အခြေခံမူဝါဒများပင်ဖြစ်သောကြောင့် အဓမ္မဝါဒ ဖြစ်ကြောင်း လျှောက်တင်အပ်ပါသည် အရှင်မြတ်တို့ဘုရား။

(စောဒနာလွှာတတိယပိုင်း၊ စောဒနာအမှတ်-၃၈။)

"ထေရဝါဒဗုဒ္ဓဘာသာဝင်အားလုံးကို မိစ္ဆာဒိဋ္ဌိများဖြစ်ကြောင်းစွပ်စွဲချက်၊ အနတ္တလက္ခဏာသုတ်ဆိုင်ရာစွပ်စွဲ ချက် စသည်တို့နှင့်စပ်လျဉ်း၍ တင်သွင်းအပ်သော စောဒနာပါဘုရား။

(စောဒနာလွှာတတိယပိုင်း၊ ပဋိညာအမှတ်-၅၀။)

"ဒုက္ခအရ ဝေဒနာဒုက္ခကို မယူရပါ။ သံသာရဝဋ္ဋဒုက္ခ ဥပါဒါနက္ခန္ဓာ အစွဲဒုက္ခများကိုသာ ကောက်ယူ

ရပါသည်။ (ပ)

"ရုပ်ပြစ်ရှစ်ပါးစာရင်းဝင်သူများ ရှုပွားကြသည့် လောကီနိဗ္ဗာန်ကို အမြတ်ဆုံးထင်ကာ ယခုခေတ်၌ တရားစခန်း အသီးသီးဖွင့်ပြီး ရှုမှတ်ပွားများနေကြသည့်အတွက် ရှေးလူကြီးများပြောကြသည့် အလွန်ကြောက်စရာကောင်းသော သုညကမ္ဘာထဲ ရောက်နေကြသည်။

**"သုညကမ္ဘာ၌ ဘုရားမမြင်ရ၊ တရားမမြင်ရ၊ သံဃာမမြင်ရ။ ကျွတ်လမ်းလွတ်လမ်း မရှိ။ သူမရှိ ငါမရှိ၊ ယောကျ်ားမရှိ မိန်းမမရှိ။ သူငါရှိမှဖြစ်ကြရသည့် ဒုစရိုက်သုစရိုက်တရားတို့ မရှိ။**

**ထို့ကြောင့် နိယတမိစ္ဆာဒိဋ္ဌိဖြစ်ကာ လူ့အန္ဓများအဖြစ်သို့ ရောက်နေကြရရှာသည်။** (ပ)

"ဗုဒ္ဓဘုရားရှင်က မောဃရာဇရဟန်းအား"သုညတော လောကံ အဝေက္ခဿု=လောကကိုသုညအဖြစ်ရှု" ဟု ဟောခဲ့သည်။ သည်ဟောကြားချက်ကို အဓိပ္ပာယ် ကောက်လွဲကာ သူပျောက်ငါပျောက် ရုပ်နာမ်ပျောက်ရှုပွားကာ ဘာမျှမရှိသည့် သုညအဖြစ်သို့ ရောက်စေသည်။ ဤသို့ရောက်သည်ကို နိဗ္ဗာန်ရောက်ခြင်းဟု ထင်မှတ်ကြသည်။ (ပ)

"သံသရာသတ္တဝါထင်ရှားသော် ထိုသတ္တဝါ၏ ပျက်စီးနေသည့် အနိစ္စလက္ခဏာ၊ ဆိုးဝါးသည့် ဒုက္ခလက္ခဏာ၊ ကိုယ်မဟုတ်သည့် အနတ္တလက္ခဏာတို့ကို မှတ်သားနိုင်သည်။ သမုတိသစ္စာနှင့် ပရမတ္ထသစ္စာတို့၏ လက္ခဏာ မဟုတ်ပေ။ အရိယသစ္စာအမြင်ဖြင့် မြင်ရသည့် ကိလေသာ ကံ ဝိပါက်တို့၏ လည်ပတ်မှုကြောင့် ထင်ရှားလာသည့် သံသရာနှင့် သတ္တဝါတို့၏ လက္ခဏာသာ ဖြစ်သည်။ (ပ)

အနတ္တလက္ခဏာသုတ်သည် သောတာပန်ဖြစ်ပြီးသော ပဉ္စဝဂ်တို့အား ဟောကြားသောသုတ်ဖြစ်သည်။ အရိယာအဆင့်ဆင့်မြင့်တက်လာရေးအတွက် ဤလက္ခဏာများကို ပွားများရခြင်းဖြစ်သည်။ အနိစ္စလက္ခဏာ=ဖြစ်ပြီးမရှိတော့သည့် ပရမတ္ထတရားတို့၏ ဟုတ္တာအဘာဝလက္ခဏာ မဟုတ်ပေ။ ကိလေသာ ကံ ဝိပါတ်တို့၏ တစ်ခုမှတစ်ခုသို့ ပြောင်းလဲဖြစ်ပေါ်နေသည့် ဝဋ္ဋဒုက္ခသံသရာ၏ အမှတ်လက္ခဏာ ဖြစ်သည်။ (ပ)

"အရိယာသစ္စာဓမ္မသည် လူပျောက်သည့်အကျင့်မဟုတ်ဘဲ ဝိညတ်များသမ္မာအောင် ကျင့်တာကလွဲ၍ တခြား မရှိပေ။ (စောဒနာလွှာတတိယပိုင်း၊ ဋပနာအမှတ်-၅ဝ။)

**ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးကို စော်ကားပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရတည်ဆဲဥပဒေ( ) အရ. . . . . . . . . . . . . . . . . . . . . . . . . . . . .ပြစ်မှု ဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။**

"ရှေးဟောင်းအိန္ဒိယနိုင်ငံတွင်လည်းကောင်း မျက်မှောက်ခေတ်မြန်မာပြည်တွင်လည်းကောင်း ထေရဝါဒဗုဒ္ဓဘာသာထွန်းကားခဲ့သည့် အခြေခံသမိုင်းရေးရာတို့ကို ပြန်လည်ချေဖျက်ရန် ရည်သန်လျက် ကဖျက်ယဖျက်ပြုလိုသော ရည်ရွယ်ချက်ဖြင့် ရေးသားထားသည်တို့နှင့် စပ်လျဉ်း၍တင်သွင်းအပ်သော စောဒနာပါဘုရား။

(စောဒနာလွှာတတိယပိုင်း၊ ပဋိညာအမှတ်-၅၄။)

"အဲသည်အချိန်က တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူဟာ အိန္ဒိယပြည်အလုံးကို သိမ်းကြုံးအုပ်ချုပ်နိုင်သူ

ဖြစ်တယ်။ သူ ကိုးကွယ်ယုံကြည်တာဟာ ဗြာဟ္မဏဘာသာလို့ သိရတယ်။ သူဟာ မင်းဖြစ်ဖို့ သူ့မွေးချင်းတစ်ရာလောက်ကို သတ်ဖြတ်ခဲ့သူပဲ။ အိန္ဒိယအလုံးကို ဓါးမိုးပြီး အုပ်ချုပ်နိုင်ပေမယ့် ဓါးမိုးနိုင်အားကျရင် ဘယ်လိုလုပ်ရမလဲ။ စိတ်ရှုတ်ခံနေရချိန်မှာ သာသနာ့ဝန်ထမ်းလောင်း ကိုရင်ကလေးက ဆွေးနွေးပြတဲ့တရားဟာ သူ့စိတ်ရှုပ်မှုအတွက် ထွက်ပေါက်အဖြစ် လင်းချင်းသွားစေတယ်။ သူ့အမြဲတမ်းစစ်သည်တွေဟာ လခရိက္ခာ အများအပြားနဲ့ တည်ဆောက်ထားရတယ်။ ရန်သူကို မနိုင်နိုင်တာလည်း ရှိနိုင်တယ်။

**"သာသနာ့ဝန်ထမ်းတွေဟာ အများအပြားပဲ။ ဒေသတိုင်းက လူသူအားလုံးနဲ့လည်း နီးစပ် တယ်။ သူတို့ရဲ့ တရားညွှန်ချက်က အခုကောင်းနေတာဟာ မမွေးမီက ကံကြောင့်ပဲ။ အခုဖြစ်နေတာ တွေဟာ ဘဝသံသရာ ဒုက္ခတွေဖြစ်လို့ ဒုက္ခငြိမ်းရာနိဗ္ဗာန်ရောက်ဖို့ ငါဟာ ဘာမှမဟုတ်လို့ ရှုရမယ် ဆိုတာတွေပဲ။**

"သည်တော့ စစ်သည်ရိက္ခာ ဘဏ္ဍာကုန်ကျမှုလျှော့ပြီး သာသနာ့ဝန်ထမ်းတွေအတွက် သုံးလိုက်ရင် ပြည်သူတွေဟာ အစွယ်အချိုးခံထားရတဲ့ မြွေတွေလိုဖြစ်ပြီး သူတို့ကို ဗိုလ်ကျအုပ်ချုပ်နေတဲ့ ငါတို့ကိုလည်း မမွေးမီက ကံအလျောက် ဖြစ်တာတွေလို့မြင်ပြီး မနာလိုမရှုစိမ့် မဖြစ်ဘဲ အေးချမ်းမှုတွေ ပြီးမြောက်မယ်။

(စောဒနာလွှာတတိယပိုင်း၊ ဥပနာအမှတ်-၅၄။)

**ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးကို စော်ကား ပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရတည်ဆဲဥပဒေ( ) အရ. . . . . . . . . . . . . . . . . . . . . . . . . . . ပြစ်မှု ဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။**

"လွတ်လပ်ပြီးမြန်မာပြည်မှာတော့ အုပ်ချုပ်သူများက သူတို့ကို ထောက်ခံတဲ့ သာသနာ့ဝန်ထမ်းအဖွဲ့အဖြစ် အသိအမှတ်ပြုထားတဲ့ သံဃအဖွဲ့ရှိတယ်။ အုပ်ချုပ်သူနဲ့ အအုပ်ချုပ်ခံတို့ဖြစ်တဲ့ ပဋိပက္ခမှာ အအုပ်ချုပ်ခံတို့ကလည်း သူတို့ထောက်ခံတဲ့ သာသနာ့ဝန်ထမ်းအဖွဲ့နဲ့ ဆန္ဒပြစေကြတယ်။ အုပ်ချုပ်သူထောက်ခံတဲ့ သာသနာ့ဝန်ထမ်းအဖွဲ့နဲ့ ချေဖျက်တာလုပ်ကြတယ်။

**"မဆလခေတ်မြန်မာပြည်မှာ မဆလပါတီတစ်ခုတည်းရှိသလို တစ်နိုင်ငံလုံးသာသနာ့ ဝန်ထမ်း အဖွဲ့ကို ကျေးရွာမြို့နယ်တိုင်းနဲ့ ဗဟိုသာသနာ့ဝန်ထမ်းများအဖွဲ့အဖြစ်ဖွဲ့ပေးပြီး တခြားဗုဒ္ဓဘာသာ သာသနာ့ဝန်ထမ်းအဖွဲ့ မရှိစေရဆိုပြီး အာဏာထားပြီး ဖွဲ့ပေးထားတယ်။**

"သာသနာ့ဝန်ထမ်းအဖွဲ့တွေဟာ ဖြစ်ချင်တာဆိုရင် အုပ်ချုပ်သူတို့အာဏာကို အနှောင့်အယှက်မဖြစ်က ဖြစ်ခွင့်ပြုပြီး အုပ်ချုပ်သူတို့က သာသနာ့ဝန်ထမ်းနဲ့စပ်ပြီး ဖြစ်စေချင်တာဆိုရင် သာသနာ့ဝန်ထမ်းအဖွဲ့တွေက ဖြစ်စေမိန့်တွေ ပေးကြရအောင် ဆောင်ရွက်ထားတယ်။

"မဆလအုပ်ချုပ်သူများကို ပြည်သူက မကျေမနပ်ဆန္ဒပြပြီး ဖြုတ်ချကြတယ်။ အဲသည်အခါမှာ သာသနာ့ဝန်ထမ်းတွေလည်း ပြည်သူနဲ့အတူ ပါကြတယ်။ ဒါကို သာသာနာ့အဖွဲ့အစည်းတွေက မတားနိုင်ခဲ့ဘူး။

ဒါပေမယ့် မဆလသာ ပြုတ်ကျတယ်။ *အဲသည် သာသနာ့အဖွဲ့တော့ မပြုတ်ဘဲ ကျန်ခဲ့တယ်။*

**"တပ်မတော်က နိုင်ငံတော် မပြိုကွဲဖို့ အာဏာသိမ်းပြီး နဝတအစိုးရက အုပ်ချုပ်တယ်၊ သာသနာ့**

**ဝန်ထမ်းတွေက အအုပ်ချုပ်ခံ ပြည်သူဘက်က မကျေနပ်ကြဘူး။** နဝတအစိုးရကို ပတ္တနိကုဇ္ဇန လုပ်ကြတယ်။ ခေါင်းဆောင်သာသနာ့ဝန်ထမ်းတွေကို **သံဃာသာမဂ္ဂီဂိုဏ်းသစ်ထောင်မှုနဲ့ဖမ်းပြီး** ထောင်ချနှိပ်ကွပ်လိုက်တယ်။

သာသနာ့ဝန်ထမ်းတွေအတွင်း အာဏာစက်အသွင်းခံနေရမှုတော့ ဒါဟာ ဖြစ်ထိုက်တဲ့အဖြစ်ပဲ။ အုပ်ချုပ်သူများ အာဏာပိုင်နက်မဟုတ်တဲ့ နယ်ပယ်နိုင်ငံတွေမှာနေကြတဲ့ ထေရဝါဒသာသနာ့ဝန်ထမ်းတွေ ရှိကြတာပဲ။ အဲဒါတွေကလုပ်ရင် သူတို့ မခံရဘူးပေ့ါ။ (ပ)

"မြန်မာ့ဗုဒ္ဓဘာသာ သာသနာ့ဝန်ထမ်းများဟာ ဓမ္မသာသနာ မရှိတော့ဘဲ ဝိနယသာသနာရဲ့ သာသနာ့ဝန်ထမ်းများပဲ ဖြစ်တော့တာ ဖြစ်တဲ့အတွက် သာသနာအတွင်း အာဏာစက်ဝင်ပြီး အာဏာစက်ရဲ့ ခြယ်လှယ်ချင်သလို ခြယ်လှယ်တာကို သမိုင်းဟိုးရှေးက အစပြုပြီး ခံလာရသူများ ဖြစ်ကြတယ်။

သည်အတိုင်း ဆက်သွားကြရင် နောင်အတွက်လည်း မျှော်လင့်ချက်မရှိဘဲ တိုင်းပြည်အတွက် ဝန်တက်ရမယ့် ဝန်ထုပ်ကြီးဖြစ်တဲ့ **လိင်္ဂသာသနာ**အဖြစ်ပဲ တည်နေတော့ဖို့ ရှိတော့တယ်။

(စောဒနာလွှာတတိယပိုင်း၊ ၄ပနာအမှတ်-၅၄။)

**ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးကို စော်ကားပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရတည်ဆဲဥပဒေ(      ) အရ. . . . .  . . . . . . . . . . . .  . . . . .  . . . . . ပြစ်မှု ဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။**

"နိုင်ငံကြီးနှစ်ခုတို့၌ မင်းပြုကြကုန်သော သာသနာပြုမင်းတို့ကို အကြီးအကျယ် ရှုတ်ချထားကြောင်း တွေ့ရပါသည်။ နိုင်ငံတိုင်းတွင် သာသနာအဖွဲ့ဝင်များကို အစိုးရတို့က အသုံးပြုခဲ့ကြောင်းတို့ကိုလည်း တွေ့ရပါသည်။

အဆိုပါရေးသားချက်တို့သည် မူရင်းအားဖြင့် ဓမ္မအဓမ္မအဖြစ်ဆုံးဖြတ်ရမည့်အမှုများ မဟုတ်ကြသော်လည်း ဓမ္မ အဓမ္မအတွက် အခြေခံကြီးများဖြစ်သောကြောင့် စောဒနာဖွယ်အဖြစ်ဖြင့် တင်သွင်းအပ်ပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် မဆလအစိုးရက အတည်ပြုပေးထားသည့်အဖွဲ့ဖြစ်သော်လည်း မဆလအစိုးရပြုတ်ကျသွားသောအခါတွင် မဟာနာယကအဖွဲ့ကကျတော့ ပြုတ်မကျဘဲ ဆက်လက်ကျန်နေကြောင်း စသည်တို့ကိုပါ ရေးသားထားပုံတို့ကို သတိပြုကြကုန်ရာသတည်း။

(စောဒနာလွှာတတိယပိုင်း၊ စောဒနာအမှတ်-၅၄။)

"သူတို့တွေဟာ အမျိုးမျိုးပဲဘုရား။ ပိဋကတ်အတွေ့အကြုံများသူတွေလည်း ပါတယ်ဘုရား။ အရွတ်အဖတ် သရဇ္ဈာယ်များသူတွေလည်း ပါတယ်ဘုရား။ အဟောအပြောများသူတွေလည်း ပါတယ်ဘုရား။ အသင်အကြား များသူတွေလည်းပါတယ်ဘုရား။ အဲဒါတွေက အခုဆည်းကပ်ကြရတဲ့ ဆရာတွေလား။ ထိပ်တန်းထားရတဲ့ ဆရာတွေပါ ဘုရား။ ပိဋကတ်ဗဟုသုတများသူကို ဆည်းကပ်တော့ ဘယ်မှာဘာဆိုတယ်လို့ ဗဟုသုတများသော ဒကာ ဒကာမပဲ ဖြစ်မှာပေ့ါ။ (ပ)

"ပိဋကတ်မှာလာပေမယ့် ကျော်သင့်ရင်ကျော်ရမှာနဲ့ ဆက်ပြီးတော့ သာသနာတော်စီးဆင်းမှုကို

ဆွေးနွေးတင်ပြလာတာတွေပဲ ဘုရား။ သာသနာကွယ်ပနေပုံ ဝေဖန်ချက်တွေပေါ့ဘုရား။

"ကိုယ်ပျောက်အမြင်ကို မဂ်အမြင်အဖြစ် ပါဠိတွေညွှန်ပြနေပေမယ့်လို့ တရားပေးသူဟာ အဋ္ဌကထာ ဋီကာပါဠိနဲ့ ပါဠိတော်ပါဠိဖြစ်ရင်လည်း ကျော်မှာပဲဆိုတာ ပြောခဲ့တာ။

တရားသိသူက ရူပအရူပကုသိုလ်ကံတွေကို သိတော့ ကျော်ဝံ့တာပေါ့ဘုရား။ သာသနာ့ဝန်ထမ်းသူတွေဟာ ဘုရားစကားကို နားမထောင်ကြတော့-

"မိဘစကား နားမထောင် သားတစ်ကောင်နဲ့ တိုးလို့တွဲလွဲ"

ဆိုတာလို ဖြစ်နေကြတာပဲဘုရား။ ဘုရားက သူဟောပြောတဲ့ တရားတွေကို ဖောင်လိုသဘောထားရမယ်လို့ ညွှန်ပြခဲ့တယ်။ အဲဒါကို နားမထောင်ကြတာပေါ့ဘုရား။

"ပရိယတ္တိ ဟိ သာသနဿ မူလံ = သာသနာမှာ ပရိယတ်ဟာ အရင်းမူလပဲလို့ ပရိဘာသာတွေလုပ်ပြီး ဆောင်ကြတယ်ဘုရား။ ဘုရားဟောတာဟာ ဘုရားဟောလို့ ပြန်ပြောဖို့ဟောတာ ဟုတ်လို့လားဘုရား။ ဘုရားက ပရိယတ်အဖြစ် တရားဟောတာဟာ ဘုရားရဲ့ အသင်ကြားခံရသူကို တရားရသွားစေဖို့ပဲဟောတာ။ ဒါဆိုရင် ဘုရားက တရားဟောတာဟာ သူ့တရားနာသူကို ဘုရားသည်လို ဟောတယ်လို့ ပြန်ပြောတတ်ဖို့ သင်ကြားတာ မဟုတ်ဘူးပေါ့။

"သည်တော့ **ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ (ဗာရာဏသိယံ) ဝိဟရတိ အစရှိတာတွေ သင်ပေးတာဟာ ပရိယတ်မဟုတ်လောက်ဘူး**။ သည်နေ့ စာသင်နေတာဟာ ပရိယတ် မဟုတ်တော့ဘူး။ (စောဒနာလွှာတတိယပိုင်း၊ ဥပနာအမှတ်-၆၈။)

**ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးကို စော်ကား ပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရတည်ဆဲဥပဒေ(   ) အရ. . . . . . . . . . . . . . . . . . . . . . . . . ပြစ်မှု ဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။**

"အထက်ပါဥပနာစကားရပ်များသည် ထေရဝါဒသာသနာဝင်ကျမ်းစာတို့ကို ရက်ရက်စက်စက်ကြီး ဖျက်ဆီး ထားခြင်းများသာဖြစ်ကြပါသည်။ ရှင်မိုးပြာတို့သည် မြတ်စွာဘုရားဟောတရားတို့ကို ပြန်ပြောပြနေဖို့ မလိုကြောင်း တွင်တွင်ကြီးကြီး ဆိုကြသော်လည်း **ရှင်မိုးပြာကိုယ်တိုင်၏ ဟောပြောချက်၊ ရေးသားချက်များကို ပြန်ပြောပြသည့်အနေဖြင့် အခွေပေါင်းများစွာ စာအုပ်ပေါင်းများစွာတို့ကို ရန်ပုံငွေအမျိုးမျိုး ကောက်ခံ၍ အကြီးအကျယ်ထုတ်လုပ်နေကြပေသည်။ ရှင်မိုးပြာဆိုသောစကားနှင့် ရှင်မိုးပြာတို့ ပြုလုပ်သော အလုပ်တို့သည် တည့်တည့်ကြီးပင် ဆန့်ကျင့်လျက် ရှိကြပေသည်။**

(စောဒနာလွှာတတိယပိုင်း၊ စောဒနာအမှတ်-၆၈။)

"အထက်ပါဥပနာထဲတွင် ထေရဝါဒသာသနာဝင်တို့၏ သာသနာရေးလုပ်ငန်းများအားလုံးကိုလည်း ကောင်း ကျမ်းစာအားလုံးကိုလည်းကောင်း သမိုင်းစဉ်လာ ဆရာစဉ်ဆက်အားလုံးကိုလည်းကောင်း ရက်ရက် စက်စက်ကြီး ထိခိုက်ပုတ်ခတ်ထားကြောင်း သိမြင်ကြရမည် ဖြစ်ပါသည်။

<u>ဌင်းသဒ္ဓမ္မသုံးဖြာကျမ်းနှစ်တွဲကို ရေးသားသူမှာ တောင်ငူမြို့နေ အရှင်ဉာဏိန္ဒာလင်္ကာရ ဖြစ်ပါသည်။</u>

၎င်းက ထေရဝါဒသာသာနာတော်ကြီးကို ဖျက်ဆီးထားရာ ထေရဝါဒသာသနာဝင်များအနေဖြင့် ရန်စခံရသကဲ့သို့ပင် ဖြစ်ကြရပါသည်။

"ထို့ကြောင့် ဓမ္မရေးရာအားဖြင့်လည်း မသင့်လျော်ကြောင်း ထင်ရှားလှပါသည်။ လောကရေးရာအားဖြင့်လည်း အထူးပင် မသင့်လျော်ကြောင်း ထင်ရှားလှပါသည်။

(စောဒနာလွှာတတိယပိုင်း၊ စောဒနာအမှတ်-၇၉။)

"ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်နေကြသော အစိုးရတို့ကြောင့် မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရရှိပြီး ဖြစ်သော်လည်း မတိုးတက်ကြောင်း၊ စစ်အစိုးရတို့က အုပ်ချုပ်နေမှုသည် သူတစ်ပါးတို့၏ လွတ်လပ်ရေးကို လုယူထားသည်ဖြစ်၍ အုပ်ချုပ်နေခြင်းမျိုးဖြစ်သောကြောင့် မြန်မာပြည်သူများ အမှန်တကယ် လွတ်လပ်ရေး ရရှိသူများ မဖြစ်ကြသေးကြောင်း စသည်တို့ကို သိစေလျက် အစိုးရ+ပြည်သူတို့နှင့် ကိုးကွယ်ရာဘာသာတရားတို့အကြားတွင် အမြင်မကြည်စရာတို့ကို ဖြစ်စေခြင်းနှင့်စပ်လျဉ်း၍ တင်သွင်းအပ်သော စောဒနာပါဘုရား။

(စောဒနာလွှာတတိယပိုင်း၊ ပဋိညာအမှတ်-၈၂။)

"ဒကာတို့နဲ့မိတ်ဆွေများပါ အနေအစားအလုပ်အကိုင်ကလေးများ မျှတကြပါရဲ့လား။

ဝန်းကျင်ရဲ့ ခွင့်ပြုသလောက်နဲ့ ကြိုးစားနေကြရပါတယ်ဘုရား။

သည်တော့ လောကရဲ့အဖြစ်အပျက်အမှန်ကလေးလည်း ပြောပြပါဦး။

မပြောချင်လို့ဆိုတာထက် ပြောဖို့မကောင်းတာက ပိုများတယ်ဘုရား။

**တပည့်တော်တို့ လူ့တန်ဖိုးက ကျနေတယ်ဘုရား။**

"လွတ်လပ်ရေးရတယ်ဆိုတာ ကိုယ့်မင်းကိုယ့်ချင်း စပြီးဖြစ်တာပဲ မဟုတ်ဘူးလားဘုရား။

အဲသည် အချိန်ဟာ တပည့်တော်တို့ဘဝ အစပြုချိန်လို့ ပြောရမှာပဲဘုရား။

အဲသည်ကနေ တစ်စတစ်စ တိုးတက်ရမှာ မဟုတ်ဘူးလားဘုရား။

အခု တပည့်တော်တို့ရဲ့တန်ဖိုးက အဲသည်တုန်းကအောက် ငါးဆလောက်ဘဝ အလျော့ခံနေရ တယ် ဘုရား။

**လွတ်လပ်ရေးရပြီး(၁၀)နှစ်အတွင်းမှာ တစ်ဒေါ်လာက ခြောက်ကျပ်လောက်ရှိတာ။ အောက်ဆုံး လစာက(၈၂)ကျပ်ဆိုတော့ တစ်လမှာ(၁၄)ဒေါ်လာနီးနီးတန်တယ်ဘုရား။**

"အခုက တစ်ဒေါ်လာက(၁၂၀၀)နီးနီး ဘုရား။

အောက်ဆုံးလစာက(၄၅၀၀)ကျပ်ဆိုရင်တောင် တစ်လ မှာ(၃)ဒေါ်လာပိုရုံကလေးပဲ။

တပည့်တော်တို့ ဘဝတန်ဖိုးက ဒါပဲ ရှိတော့တာဘုရား။

ကြောက်ရွံ့ထိတ်လန့်တာ သိတာဟာ သံဝေဂဉာဏ်မဟုတ်ဘူး။ သံဝေဂဆိုတာ ခွဲခြားစိတ်ဖြာပြီးသိမှုလို့ အဓိပ္ပာယ် ရှိတယ်။ သံဝေဂဖြစ်စရာ ကောင်းတဲ့အရာကို ခွဲခြားစိတ်ဖြာပြီး သိတာပေါ့။ တပည့်တော်တို့ ဘဝရဲ့ ကျဆုံးနေတဲ့တန်ဖိုးကိုပေါ့ဘုရား။

ဟုတ်တယ်။

"အဲဒါကို ဘယ်လိုခွဲခြားစိတ်ဖြာပြီးသိရမှာလဲဘုရား။

လွတ်လပ်ရေးရပြီးစကာထက် ငါးဆလောက် တန်ဖိုးကျနေတာကို ကျနေတယ်လို့ သိတာ မဟုတ်ဘူးနော်။

သည် မလိုလားစရာအဖြစ်ကြီးဟာ ဘာကြောင့်ဖြစ်ရသလဲ ဆိုတဲ့အသိပဲ။

**ဒါတော့ သိပါတယ်ဘုရား။**

**အုပ်ချုပ်သူကြောင့်ပေါ့ဘုရား။**

"သည်အသိက လူတိုင်းအသိပဲ။

သံဝေဂအသိက လူတိုင်းသိနေတဲ့အသိ မဟုတ်ဘူး။

အရိယာနဲ့ အရိယာအဆုံးအမရသူတွေရဲ့အသိပဲ။

သည်တော့ လူ့တန်ဖိုးတွေကျရတာရဲ့ အကြောင်းဟာလည်း အစိုးရကြောင့်လို့ သိတာဟာ သမုတိအသိပဲ။

ကိုယ့်တန်ဖိုးကျတာဟာ ကိုယ့်ကိုယ်ကို စီမံဖန်တီးခွင့်မရပဲ။

ကိုယ့်ကို တစ်ဦးတစ်ယောက် တစ်ဖွဲ့တစ်စုက စီမံဖန်တီးတာခံရလို့ မလွတ်လပ်လို့ပေါ့။

"အဲဒါကိုလည်း ဘာကြောင့် ငါတို့ မလွတ်လပ်ရတာလဲလို့ ခွဲခြမ်းရဦးမယ်။

**စစ်တပ်က အုပ်ချုပ်နေ လို့ဆိုတာ ထင်ရှားပြီးသားပဲဘုရား။**

အဲဒါလည်း ဘာကြောင့် စစ်တပ်ကအုပ်ချုပ်ရသလဲလို့ ခွဲခြမ်းစိတ်ဖြာ ရဦးမှာပဲ။

သူတို့က အာဏာလိုချင်လို့ပဲ မဟုတ်ဘူးလားဘုရား။

အဲသည်လိုရမှာဖြစ်ပေမယ့် ပြည့်စုံမှာ မဟုတ်ဘူး။

ဘာကြောင့် အာဏာလိုချင်ရသလဲလို့။

**အာဏာရှိမှ တိုင်းပြည်လွှမ်းမိုးအုပ်ချုပ်နိုင်မယ်၊**

"သည်လိုဖြစ်မှ ကိုယ်ရောတိုင်းပြည်ရော ကောင်းစားနိုင်မယ်။

သူက စစ်သားပဲ။ ရန်သူကို တိုက်ခိုက်နှိမ်နင်းဖို့ ဦးတည်သင်ကြားအထားခံရသူပေါ့။ ရန်သူကို တိုက်ခိုက်နှိမ်နင်းတာဟာ တိုင်းပြည် မကောင်းဘူးလား။

**သူတို့က ဒါပဲ မြင်တာကိုးဘုရား။**

**ဒါမြင်တတ်ဖို့ မျက်စိပဲ တပ်ပေးအခံထားရသူတွေက ဒါပဲ မြင်မှာပဲ။**

**"ဒါပဲ မြင်တတ်သူဟာ တိုင်းပြည်ကို မအုပ်ချုပ်နဲ့ပေါ့ဘုရား။**

သည်တော့ တိုင်းသူပြည်သားတွေ တန်ဖိုးလျော့ကုန်ကြတာပေါ့ဘုရား။

(စောဒနာလွှာတတိယပိုင်း၊ ဥပနာအမှတ်-၈၂။)

**ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်အစိုးရတို့၏ ဥပဒေရေးကို စော်ကားပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရတည်ဆဲဥပဒေ( ) အရ. . . . . . . . . . . . . . . . . . . . . . . . . . . . . . . .ပြစ်မှု ဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။**

"အထက်ပါဥပနာစကားရပ်တို့သည် မြန်မာနိုင်ငံတွင်ရှိနေကြသော ထေရဝါဒဗုဒ္ဓဘာသာဝင် အစိုးရတို့နှင့် ပြည်သူတို့ကို တစ်ဖက်နှင့်တစ်ဖက် အမြင်မတည့်အောင် သွေးထိုးထားသော ဂုံးတိုက်စကားများ ဖြစ်ကြပါသည်။

***"အခြေခံအဓိပ္ပာယ်မှာ--***

ပြည်သူတို့က အစိုးရကိုမုန်းတီး၍ အစိုးရကို ဆန့်ကျင်ကြလျှင် အစိုးရတို့၏ ဦးစားပေးရာဖြစ်သော ထေရဝါဒသာသနာတော်ကြီးနှင့် ထေရဝါဒသံဃာတော်များ ကျဆုံးသွားရေးပင် ဖြစ်ပါသည်။

"သို့ရာတွင် အခြေခံအဓိပ္ပာယ်သည် ငုတ်ကွယ်နေလျက်ရှိပြီး နိုင်ငံတော်အစိုးရတို့၏ အုပ်ချုပ်ရေး အာဏာကို ထိပါးစော်ကားချက်များကသာ ပေါ်လွင်နေကြောင်း တွေ့ရပါသည်။

ထို့ကြောင့် ဤဓမ္မအဓမ္မအရာ အားဖြင့်မူ စောဒနာစရာပင် မလိုပါ။ သို့သော်လည်း အခြေခံအကြောင်းရင်းတို့ကို နှလုံးသွင်း၍ အဓမ္မဖြစ်ကြောင်း စောဒနာပါသည် အရှင်မြတ်တို့ဘုရား။

(စောဒနာလွှာတတိပိုင်း၊ စောဒနာအမှတ်-၈၂။)

"ကမ္မဿကာစသည်တို့၏အဓိပ္ပါယ်များများနှင့် စစ်တပ်ကိုထုတ်ပြလျက် အစိုးရကို ထိပါးနှောက်ယှက်ထားချက်များ၊ ထေရဝါဒဘာသာတရားကို ဆက်၍ မကိုးကွယ်ဘဲ စွန့်ပစ်သင့်ပုံ ပြဆိုချက်များနှင့်စပ်လျဉ်း၍ တင်သွင်းအပ်သော စောဒနာပါဘုရား။

(စောဒနာလွှာတတိယပိုင်း၊ ပဋိညာအမှတ်-၈၃။)

**"ကိုယ့်တန်ဖိုးလျှော့စေတာ အုပ်ချုပ်သူကြောင့်။**

**အုပ်ချုပ်သူကလည်း ကိုယ်က လစာရိက္ခာ ပေးထားတဲ့ စစ်သားတွေ။**

သည်လို အကောင်လိုက်အထည်လိုက်ကြီးတွေကိုသိတာဟာ သမုတိအသိပေါ့။

တိုင်းပြည်ကို စိုးမိုးအုပ်ချုပ်မင်းလုပ်တာတွေအထဲမှာ စစ်သားမပါဘူး။

စစ်တပ်က အုပ်ချုပ်နေတာပဲဘုရား။ စစ်သားမပါလို့ ဖြစ်ပါ့မလား။

တိုင်းပြည်ရဲ့အာဏာ ရယူထားတဲ့စစ်တပ်မှာ တိုင်းပြည်ကို နှောင့်ယှက်ဖျက်ဆီးနေတဲ့ ရန်သူတွေကို နှိမ်နင်းဖို့ လိုတယ်လို့အမြင်မျိုး ဖြစ်မလားမဖြစ်ဘူးလား။ (ပ)

"ကမ္မဿကာဆိုတာ အဓိပ္ပာယ်ဖွင့်ပါဦးဘုရား။ ပြည်သူတွေ ကိုယ့်အမြင်နဲ့ကိုယ်လုပ်ကြတာ ကိုယ်လုပ်တဲ့အတိုင်း ကိုယ်ဖြစ်ပွားတာ ခံရတာလို့ပေါ့။

သည်အဖြစ်ရဲ့လက်သည်ဟာ စစ်သားမဟုတ်တော့ပဲ ပြည်သူဖြစ်နေတာဘုရား။

သည်တော့ တန်ဖိုးကျခံရတာ ကိုယ်လုပ်လို့လို့ပဲ ပြောရတော့မှာပေါ့ဘုရား။

သည်လိုဖြစ်ခြင်းရဲ့ လက်သည်ကို စစ်တပ်သွားချရင် အာဏာသိမ်းခံရတာရယ်၊

အဲဒါ စိတ်ဆိုးပြီး စစ်တပ် ပြန်ရန်လုပ်လို့ စစ်တပ်က ထပ်အရေးယူ ခံရတာရယ်၊ နှစ်ခါနာတာပေါ့။

"သံဝေဂဉာဏ်ဆိုတာ လွတ်မြောက်လိုသူတွေ လွတ်မြောက်ဖို့အတွက် သင်ခန်းစာယူစရာကိုသိတဲ့ အသိဉာဏ်ပဲ။ (ပ)

**ဘာသာတရားတော့ ဆည်းကပ်တယ်။ လူ့တန်ဖိုးက မြှင့်လို့မရဘူးဆိုရင် ဘယ်လို လုပ်မလဲဘုရား။ အဲသည်ဘာသာဆည်းကပ်မှုကို စွန့်ပစ်ရမှာပဲပေါ့။**

အဲသည်ဘာသာကို ဆန်းစစ်တာဟာ-

စွန့်ပစ်တာထက် ပိုမကောင်းဘူးလား။

မကောင်းဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဆန်းစစ်နေရင် ကိုယ့်ဟာအဖြစ် ဆန်းစစ်နေမယ်။ အဲသည်မှာ ဆန်းစစ်မှုဟာ ဘက်လိုက်ပြီး အမှန်ရဖို့ မလွယ်လို့ပဲ။

ဘာသာတရား ဆည်းကပ်တဲ့ အခါ ဘာသာတရားမှာ ဘုရားတရားသံဃာဆိုပြီး ဆည်းကပ်စရာသုံးခု ရှိတယ်လို့ သိရပါတယ်ဘုရား။

(စောဒနာလွှာတတိယပိုင်း၊ ဠပနာအမှတ်-၈၃။)

**ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးကို စော်ကားပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရတည်ဆဲဥပဒေ( ) အရ. . . . . . . . . . . . . . . . . . . . . . . . . . . ပြစ်မှု ဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။**

"အထက်ပါဠပနာထဲတွင် သံဝေဂဉာဏ်နှင့်ပတ်သက်သော အဓိပ္ပာယ်များများ၊ ကမ္မဿကာ၏ အဓိပ္ပာယ်များများနှင့် **ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်ဆည်းကပ်နေပါလျက် လူ့တန်ဖိုးမြင့်တက် မလာခြင်းကြောင့် ထေရဝါဒဗုဒ္ဓဘာသာတရားကို လုံးဝစွန့်ပစ်ရမည်ဖြစ်ကြောင်း ရေးသားချက်များ**သည် အဓမ္မဝါဒများသာ ဖြစ်ကြပါသည်။

"ထို့ပြင် စစ်တပ်စစ်သားဟုဆိုရာ၌ ရန်သူကို တိုက်ခိုက်ဖို့သင်ကြားခံထားရသော စစ်တပ်စစ်သားက တစ်မျိုး၊ တိုင်းပြည်အာဏာကို သိမ်းပိုက်ရယူထားသော စစ်တပ်စစ်သားကတစ်မျိုးဟူ၍ အဓိပ္ပာယ်နှစ်မျိုး ရောထွေးဝေဝါးနေအောင် ဆိုထားပါသေးသည်။

ထိုတွင် တိုက်ခိုက်ရေးစစ်တပ်တို့သည် အကောင်းများဖြစ်၍ အာဏာရယူထားသည့် စစ်တပ်တို့သည် အဆိုးများဖြစ်ကြောင်းကိုလည်း ဆိုထားရာရောက်ပါသည်။

ယင်းအဆိုများသည် အစိုးရအပေါ်၌ ပြည်သူတို့၏ယုံကြည်မှုကို ပျက်ပြားဝေဝါးစေခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ဤဠပနာအတွင်းပါ စကားရပ်အားလုံးသည်လည်း ဘာသာရေးအားဖြင့်လည်းကောင်း၊ တရားဥပဒေရေးအားဖြင့်လည်းကောင်း အဓမ္မဝါဒများဖြစ်ကြောင်း လျှောက်ထားအပ်ပါသည်။

(စောဒနာလွှာတတိယပိုင်း၊ စောဒနာအမှတ်-၈၃။)

"သရဏ၏အဓိပ္ပါယ်များကိုရေးသားဖြန့်ဝေထားခြင်း၊

**ထေရဝါဒဗုဒ္ဓဘာသာ မိသားစုတို့၏ ဘုရား ကျောင်းဆောင်နှင့် ရုပ်ပွါးတော်ဆည်းကပ်မှုတို့ကို အပိုအလုပ်များဖြစ်ကြောင်း ရေးသားဖြန့်ဝေ ကဲ့ရဲ့ထားခြင်း၊**

ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့က ဘုရားရှိခိုးကြသော်လည်း ဘုရားကိုရှိခိုးသည်မမည်ဘဲ မိစ္ဆာဒိဋ္ဌိမှုများကို ပြုမိနေကြသည်သာဖြစ်ကြောင်းရေးသားဖြန့်ဝေထားခြင်း စသည်တို့နှင့်စပ်လျဉ်း၍ တင်သွင်းအပ်သော စောဒနာပါဘုရား။

(စောဒနာလွှာတတိယပိုင်း၊ ပဋိညာအမှတ်-၈၅။)

"ဘုရားကိုဆည်းကပ်ဆိုတဲ့စကားက ဘယ်လိုဆိုလိုချက်ရှိတာလဲဘုရား။ အဲသည်စကားလုံးရဲ့ ဆိုလိုရင်း အနက်ကို သိပ်မသိပါဘူး။ ဒါပေမယ့် အဲဒါနဲ့ ဖလှယ်ရတဲ့ ပါဠိစကားကတော့ သရဏဂမနပဲ။ သရဏနဲ့ဂမန နှစ်လုံးပေါင်းထားတာ။ **သရဏဟာ သတိအနက်နဲ့ တူရမှာပါ။** ဂမနဟာ သွားတာ ရောက်တာပဲ။ အောက်မေ့သူ အဖြစ်ရောက်တာပေါ့။ ဒါကိုပဲ ဆည်းကပ်လို့ မြန်မာပြန်ထားတာ။ ဆည်းပူးလေ့လာဖို့ ကပ်ရောက်ခြင်းပေါ့။ ဘုရားတရားသံဃာဆည်းကပ်တာဟာ ဘုရားတရားသံဃာဆီမှာ ဆည်းပူးစရာ လေ့လာစရာတွေကို ဆည်းပူး လေ့လာဖို့ပဲ။

**"ဘုရားဆည်းကပ်သူဟာ ဘုရားပုထိုးတွေဟာ ဆွမ်း ပန်း ရေ မီးတွေနဲ့ ကပ်လှူပူဇော်ပြီး ရှိခိုးဝတ်တက် လုပ်တာတွေနဲ့ အိမ်မှာဘုရားဆောင် ဘုရားခန်းကလေး သီးသန့်ထားပြီး ရုပ်တုတော် ကိန်းဝပ်စေပြီး မပြတ်ရှိခိုး ပူဇော်နေတာတွေဟာ ဘုရားဆည်းကပ်တာဖြစ်ဖို့ ခဲယဉ်းတယ်။** (ပ)

"ဘုရားတည်တာပဲ ဘုရား - ကိလေသာ ဖြစ်တယ်လား။

သက်ရှိထင်ရှားဘုရားကိုပင် စိတ်ကြွနဲ့ ပူဇော်ရင် ကိလေသာအလွတ်မပေးဘူး။ ကိလေသာ ဖြစ်တာပဲ။

အိမ်တိုင်းနေ့လိုလို ဘုရားခန်း ဘုရားစင်တွေနဲ့ ရုပ်ပွားဓါတ်တော်တွေ ရှိခိုးပူဇော်တာကရောဘုရား။

အဲဒါတွေဟာ မရှိရင်မဖြစ်တာတွေလားလို့ စဉ်းစားကြည့်။

မဖြစ်မှလုပ်ရမှာပေါ့ဘုရား။

ဒါပေါ့။

မရှိမဖြစ်မဟုတ်ရင် မလုပ်ရတော့ဘူးလားဘုရား။

လုပ်လျှင် ပိုမှာပေါ့။

ပိုတာက လိုတာထက် မကောင်းဘူးလားဘုရား။

ပိုတာလည်း အမှန်နဲ့ လွဲမှာမို့ အမှန်မကျတာပဲပေါ့။ ဟုတ်ပ့ါမလားဘုရား။

"အိမ်မှာ ဘုရားခန်းနဲ့ ကြည်ညိုဖွယ် ရုပ်ပွားဆင်းတု ဓါတ်တော်မွေတော်နဲ့ဆိုတာ ရှိခိုးကန်တော့ဖို့ ဆွမ်း ပန်း ရေ မီးနဲပူဇော်ဖို့ သတိရလွယ်မယ် မဟုတ်ဘူးလား။

အဲဒါမှာ စဉ်းစားစရာတွေအများကြီး။

ရုပ်ပွားဆင်းတု ဓါတ်တော်မွေတော်မရှိရင် ရှိခိုးဝတ်ပြုလို့ မဖြစ်ဘူးလား။

ဖြစ်တော့ဖြစ်ပါတယ်ဘုရား။

ဖြစ်လျက်နဲ့ ဘာကြောင့် ဒါတွေထားရတာလဲ။

ရုပ်တုတော်ရဲ့ အသွင်ဟန်ပန်ကို အာရုံယူပြီး ဘုရားရှင်ရဲ့ ဂုဏ်ရည်တော်ကို အာရုံယူဖို့ပေါ့ ဘုရား။

ရပ့ါမလား။ (ပ)

"ဘုရားကိုလည်း သည်လိုပဲ နတ်တွေကိုးကွယ်တဲ့အခါ ကိလေသာဖြစ်သလိုမျိုး ဘုရားကို ကိုးကွယ်လို့ ကိလေသာပဲ ဖြစ်မလား ဘုရား။

အတူပေါ့။

နည်းနည်းမှ မခြားနားတော့ဘူးလားဘုရား။

ဓါတ်တော်မွေတော် ရုပ်ပွားဆင်းတု စေတီပုထိုး အမျိုးမျိုးကို တည်ထားကော်ရော် ကပ်လှူပူဇော်မှုတွေကို လုပ်ကြတယ်မဟုတ်လား။

အဲဒါဟာ ဘယ်သူ့အတွက် လုပ်ကြတာလဲ။

ဘုရားအတွက်လုပ်တာလား၊ ကိုယ့်အတွက်လုပ်တာလား။

အဲဒါ မပြောတတ်အောင်ပဲဘုရား။

အဲဒါမသိဘဲနဲ့ ငွေကုန်ကြေးကျနဲ့ ကိုယ်ကာယကံရိယာပုထ်တွေ အပျက်ခံပြီး လုပ်နေကြတာ ကိလေသာ ဖြစ်တာပဲပေါ့။ (ပ)

"ဘုရားကို ဆွမ်း ပန်း ရေချမ်းတွေပူဇော်ပြီး ရှိခိုးစာတွေရွတ်နေသူဟာ ဌာန်ကျကျ ကရိုဏ်းကျကျ ကပ်လှူပူဇော်နေတယ်လို့ ထင်ရမယ်။

မဟုတ်ဘူးလားဘုရား။

သူ့စိတ်ဘယ်မှာရှိတာကို သူကိုယ်တိုင်းဆန်းစစ် ကြည့်ရင် သိနိုင်တယ်။

သူရွတ်တဲ့ စာထဲမှာ ရှိလိုက်။ အဲဒါ လက်လွှတ်လိုက်လို့ရတဲ့နေရာမှာ စိတ်ကူးချင်တာ စိတ်ကူးလိုက် ဖြစ်နေတာပေ့ါ။

သူ့စိတ်က ဘုရားမှာမရှိဘူး။

ဘုရားမှာရှိဖို့လိုရင် ဘုရားကိုသိပြီးဖြစ်ဖို့ မလိုဘူးလား။

လိုတာပေ့ါဘုရား။

ဒါပေမယ့် ဘုရားကို သူမှ မသိတာပဲ။

(စောဒနာလွှာတတိယပိုင်း၊ ဠပနာအမှတ်-၈၅။)

**ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးကို စော်ကား ပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရတည်ဆဲဥပဒေ(       ) အရ. . . . . . . . . . . . . . . . . . . . . . . . . . . ပြစ်မှု ဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။**

"အထက်ပါဠပနာစကားရပ်တွင် တစ်နိုင်ငံလုံးရှိ ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ကျောင်းတိုင်းကျောင်းတိုင်း အိမ်တိုင်းအိမ်တိုင်း၌ ဘုရားကျောင်းဆောင်ခန်း သီးသန့်ထား၍ အပူဇော်ခံရသော ဆင်းတုတော် ရုပ်ပွားတော်များကိုလည်း ကြည့်မရကြောင်း၊ သို့မဟုတ် မနာလိုဖြစ်ကြောင်း ပေါ်လွင်ပါသည်။

"ထေရဝါဒဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့ကိုလည်း ဘုရားကိုမသိဘဲ ဆည်းကပ်နေကြသူများဟု ကဲ့ရဲ့ထားကြောင်း ထင်ရှားပါသည်။ ထို့ပြင် သရဏဂမနပုဒ်၌ သရဏ၏အနက်ကို သတိဟုဆိုသဖြင့် အလွန်ပင် မှားလှပါသည်။

"မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို (၃၇)မင်းနတ်တို့၏ အရည်အချင်းကဲ့သို့ပြု၍ ဆိုထားချက်များသည်

လည်း အလွန်ပင် မှားပါသည်။ ဘုရားကို အကြောင်းပြု၍ ဓါတ်တော်မွေတော် ရုပ်ပွားတော် ဆင်းတုတော် စေတီတော် ပုထိုးတော် ပုံတော်အမျိုးမျိုးကို အကြောင်းပြု၍ ဆည်းကပ်သူတို့အား ကိလေသာဖြစ်ကြောင်း ဆိုထား ချက်သည်လည်း အလွန်ပင်မှားလှပါသည်။ ထို့ကြောင့် အထက်ပါ ဌပနာစကားရပ်အားလုံးသည် အဓမ္မဝါဒများ သာ ဖြစ်ကြပါသည်။

(စောဒနာလွှာတတိယပိုင်း၊ စောဒနာအမှတ်-၈၅။)

"**လက်ရှိအုပ်စိုးသူများ၊ လက်ရှိဘုရား၊ လက်ရှိသံဃမဟာနာယကအဖွဲ့ စသည်များကို ဖြုတ်ချ နိုင်သူများသည်သာ လွတ်လပ်သူများ ဖြစ်ကြသည်**ဟု အဓိပ္ပါယ်ပေါက်သော ရေးသားချက်တို့နှင့် စပ်လျဉ်း၍ တင်သွင်းအပ်သော စောဒနာပါဘုရား။

(စောဒနာလွှာတတိယပိုင်း၊ ပဋိညာဉ်အမှတ်-၉၃။)

"မြို့ရွာကမလွတ်မလပ်ဖြစ်ပြီး တောတောင်က လွတ်လပ်တယ်ဆိုတာ ဘယ်လိုလွတ်လပ်တာဆိုတာ မိန့်ကြားပါဦးဘုရား။

မြို့ရွာနေကြသူတွေဟာ အဲသည်မြို့ရွာကို သူတို့ ပိုင်စိုးကြသလား။

ဘုရင်တွေက အုပ်စိုးတာပါဘုရား။

တောတောင်ကိန်းအောင်းကြတဲ့ခေတ်ကဆိုတော့ အဲသည်ဘုရင်ခေတ်ပဲ ပြောရမှာပေါ့။

အဲသည်ခေတ်ကတော့ ကိုယ်နေတဲ့မြို့ရွာကို ကိုယ်က ဘယ်ပိုင်မလဲ။

ဘုရင်ကပဲ ပိုင်တာပေါ့။

ကိုယ်မပိုင်တဲ့မြို့ရွာမှာ နေကြသူတွေဟာ ကိုယ့်ကိုယ့်ရော ပိုင်စိုးကြရဲ့လား။

ဘုရင်က သက်ဦးဆံပိုင်ဆိုတာပဲဘုရား။

ကိုယ့်ကိုယ်လဲ ပိုင်ကြမှာ မဟုတ်ပါဘူး။

"အဲသည် မြို့ရွာတွေမှာ နေကြသူတွေက သူတို့ကိုသူတို့ ကျေးတော်မျိုး ကျွန်တော်မျိုးလို့ သိနေကြတယ်။

ဘုရင်ကိုတော့ ဘဝရှင်မင်းတရားလို့ သိနေကြတာပဲ။

ဘယ်သူတွေ ဘဝရဲ့အရှင်လည်းဆိုတော့ ပြည်သူတွေရဲ့ ဘဝရဲ့အရှင်ပဲ။

အဲသည်မြို့ရွာ တိုင်းပြည်ထဲမှရှိသမျှ ရေ မြေ လေ မီးနဲ့ သစ်သီး ဝလံကျောက်သံပတ္တမြား အားလုံးကိုပဲ အဲသည်ဘုရင်က ပိုင်တယ်တဲ့ ဘုရား။

"အဲသည်မြို့ရွာတိုင်းပြည်ထဲ နေနေကြသူတွေဟာ စားဝတ်နေရေးအတွက် အလုပ်တွေ လုပ်ကြရတယ်။ အဲသည်အလုပ်တွေဟာ ဘုရင့်လုပ်ငန်းခွင်တွေဖြစ်တော့တာပေါ့ဘုရား။ လယ်လုပ်သူကလည်း ဘုရင့် လယ်ပေါ့ ဘုရား။

ကုန်သွယ်သူကတော့ ကုန်သွယ်ခွင့်ရဖို့ ဘုရင်ကိုပေးရတာပေါ့။ ကုန်သွယ်တဲ့အခါ လုံခြုံအောင် စောင့် ရှောက်ပေးရတဲ့အခအတွက်လို့ ထင်ပါတယ်။

ဘုရင်ကို အခွန်အခပေးမှ အလုပ်လုပ်ခွင့်ရတာဆိုတော့ ဘုရင့် လုပ်ငန်းလုပ်တာလို့ ပြောရမှာတွေပါ။

“သည်လိုဆိုရင် လူတွေဟာ ကျွန်တွေလား လွတ်လပ်သူတွေလား။

ကျွန်တွေပဲ ဖြစ်ပါတော့တယ်ဘုရား။

လွတ်လပ်သူ လုံးဝ မဟုတ်ပါဘူး။

“ပြည်သူတွေထဲက အတွေးအခေါ်ရှိသူဟာ သည်အဖြစ်ကို သိမှာပါပဲ။

အဲသည်လူဟာ လွတ်လပ်ချင်မှာပါပဲ။

သူလွတ်လပ်ချင်ရင် အဲသည်ဘုရင်ကို တိုက်ဖို့မကောင်းဘူးလား။ (ပ)

“အဲဒါဖြစ်အောင် လုပ်ရင်ကော။

အဲသည်ဘုရင်အုပ်ချုပ်ရေးက မလွတ်လပ်နိုင်ဘူးလား။

အဲသည် ဘုရင်အုပ်ချုပ်ရေးကတော့ လွတ်လပ်မှာပါပဲဘုရား။

**ဒါပေမယ့် ကိုယ်က ဘုရင်လုပ်ရမယ့်အနေမှာ ရှိမှာပေါ့။**

(စောဒနာလွှာတတိယပိုင်း၊ ဌပနာအမှတ်-၉၃။)

**ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်အစိုးရတို့၏ ဥပဒေရေးကို စော်ကားပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရတည်ဆဲဥပဒေ(         ) အရ. . . . . . . . . . . . . . . . . . . . . . . . . . . . . . .ပြစ်မှု ဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။**

“အထက်ပါဌပနာစကားရပ်များသည် ဘုရင်ခေတ်အလိုအားဖြင့် ဘုရင်ကိုသတ်၍ ကိုယ်ကိုယ်တိုင် ဘုရင့်နေရာမှာနေနိုင်သူ၊ ဘုရင်ခေတ်မဟုတ်တော့သောအခါမျိုး၌လည်း သက်ဆိုင်ရာအုပ်စိုးသူကို ဖြုတ်ချ၍ မိမိကိုယ်တိုင် အုပ်စိုးသူနေရာကို နေနိုင်သူသည်သာလျှင် လွတ်လပ်သူဖြစ်သည်ဟု ဆိုထားခြင်းကြောင့် လောကဥပဒေအရ အဓမ္မဝါဒ ဖြစ်ပါသည်။

“ဘာသာရေးဥပဒေအရအားဖြင့်လည်း **လက်ရှိ-ရှိနေသော ထေရဝါဒဗုဒ္ဓဘာသာတို့၏ လက်ရှိဘုရားကို ဘုရားနေရာမှ လွင့်စင်သွားအောင် တိုက်ခိုက်ဖျက်ဆီးနိုင်သူသည်သာလျှင် ဘုရားနေရာကို ရရှိသူဖြစ်၍ ဘုရားလိုလွတ်လပ်သူဖြစ်သည်**ဟု ဆိုထားရာရောက်ခြင်းကြောင့် အဓမ္မဝါဒ ပင် ဖြစ်ပါသည်။

“စင်စစ်အားဖြင့် အဇာတသတ်မင်းသားငယ်အား ဘခမည်းတော်ကိုသတ်ရန်အတွက် သင်ကြားချက်ပေးနေသော ရှင်ဒေဝဒတ်၏ ဩဝါဒနှင့်ပင် ခပ်ဆင်ဆင်တူပါသေးသည်။

(စောဒနာလွှာတတိယပိုင်း၊ စောဒနာအမှတ်-၉၃။)

“အထူးသတိပြုရန်မှာ-

**ရှင်မိုးပြာသည် ထေရဝါဒဗုဒ္ဓဘာသာကို လက်မခံနိုင်သူဖြစ်သကဲ့သို့**

**ဖန်ဆင်းရှင်များကို ဘုရားဟုယုံကြည်ကြသော ကမ္ဘာဦးဖြဟ္မဏဘာသာ၊ ဟိန္ဒူဘာသာ၊ ဂျူးဘာသာ၊ ခရစ်ယာန်ဘာသာ၊ မွတ်စလင်ဘာသာ အစရှိသော ဘာသာအမျိုးမျိုးတို့ကိုလည်း မယုံကြည်သူ ဖြစ်သည်။**

စင်စစ်မှာ ရှင်မိုးပြာသည် ဘာသာအားလုံးကိုတိုက်ဖျက်၍ ဘာသာအသစ်ကို တည်ထောင်လိုသူ တစ်ဦးသာ ဖြစ်သည်။ (စောဒနာလွှာတတိယပိုင်း၊ စောဒနာအမှတ်-၉၈။)

"ထေရဝါဒသာသနာဝင်တို့မှာ ပြဿနာဖြစ်လေ ရှင်မိုးပြာတို့ ဝမ်းမြောက်လေ ဖြစ်နေကြပုံတို့ကို ရေးသားထားခြင်း၊ ရှင်မိုးပြာတို့သည် တရားဝင်ဂိုဏ်းကြီးဖြစ်ကြောင်း ကြေညာလျက် တိုင်းသူပြည်သားတို့ကို လိမ်ညာလှည့်ဖျားထားခြင်း၊ မြန်မာပြည်မှာ ထေရဝါဒဗုဒ္ဓဘာသာမှ သီးသန့်ဗုဒ္ဓဘာသတွေ အများကြီးရှိသေးကြောင်းတို့ကို လှည့်ဖျားလျက် ပြဆိုထားခြင်း စသည်တို့နှင့်စပ်လျဉ်း၍ တင်သွင်းအပ်သော စောဒနာပါဘုရား။

(စောဒနာလွှာတတိယပိုင်း၊ ပဋိညာအမှတ်-၁၀၆။)

"သာသနာရေးတွေ မငြိမ်မသက်ဖြစ်နေတာလဲ ဟုတ်ချင်ဟုတ်မှာပါပဲ။ ဒါပေမယ့် အဲဒီသာသနာရေး မငြိမ်သက်မှုဟာ သာသာနာတိုင်းမှာ ဖြစ်နေတာမဟုတ်ပါဘူး။ ထေရဝါဒသာသနာမှာသာ မငြိမ်မသက်မှုတွေ ဖြစ်နေတာပါ။ ဓမ္မဝိဟာရီတို့ဟာ ထေရဝါဒဗုဒ္ဓဘာသာနဲ့ လုံးဝမဆိုင်ပါဘူး။ ထေရဝါဒဗုဒ္ဓဘာသာကလည်း တရားဝင်အတိအလင်း ကြေငြာပြီးထွက်ခွာသွားပြီးထားကြသူများ ဖြစ်ကြပါတယ်။

**"ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာအဖြစ် နိုင်ငံတော်ကိုကြေငြာပြီး ရပ်တည်နေကြသူများ ဖြစ်ကြပါတယ်။** အလားတူအားဖြင့် ကြည့်ရမှာတွေဟာ မြန်မာပြည်မှာ ထေရဝါဒဗုဒ္ဓဘာသာမဟုတ်တဲ့ အခြားဗုဒ္ဓဘာသာတွေကို ကြည့်ရမှာပဲ ဖြစ်ပါတယ်။ မြန်မာပြည်ရှိ ထေရဝါဒမဟုတ်တဲ့ ဗုဒ္ဓဘာသာတွေဟာ ထေရဝါဒဗုဒ္ဓဘာသာရဲ့ အရှုတ်အရှင်းတွေနဲ့ လုံးဝမသက်ဆိုင်ကြပါဘူး။

အဲသည် ဗုဒ္ဓဘာသာတွေကတော့-

အများမြင်သာ ထင်သာရှိတဲ့ တရုတ်ဗုဒ္ဓဘာသာနဲ့

ဘင်္ဂါလီဗုဒ္ဓဘာသာ၊

တမီလ်ဗုဒ္ဓဘာသာ၊

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ် အစစတွေမှာရှိတဲ့ တိဗက်ဗုဒ္ဓဘာသာ၊

ရသေ့ဂိုဏ်းဗုဒ္ဓဘာသာ၊

ယွန်းဗုဒ္ဓဘာသာ၊

ဧရာဝတီတိုင်းနဲ့ မြန်မာပြည်အရပ်ရပ်ရှိ ဖိုးသူတော်ဗုဒ္ဓဘာသာ၊ ရသေ့ဗုဒ္ဓဘာသာ၊ ဒါတွေပဲ ဖြစ်ပါတယ်။

"ဓမ္မဝိဟာရီတို့ဟာ ထေရဝါဒဗုဒ္ဓဘာသာမဟုတ်သလို ဓမ္မဝိဟာရီတို့လိုပဲ ထေရဝါဒမဟုတ်တဲ့ ဗုဒ္ဓဘာသာတွေဟာ မြန်မာပြည်မှာ အများအပြား ရှိကြပါတယ်။ အရှုတ်အရှင်းတွေဖြစ်နေတယ်ဆိုတာ ထေရဝါဒ ဗုဒ္ဓဘာသာအတွင်းမှာသာ ဖြစ်နေတာပါ။ ကျန်တဲ့ဗုဒ္ဓဘာသာအတွင်းမှာ မဖြစ်ပါဘူး။

"ဓမ္မဝိဟာရီတို့ဟာ ထေရဝါဒ ဗုဒ္ဓဘာသာ မဟုတ်ကြတဲ့အတိုင်း ထေရဝါဒထဲမှာဖြစ်တဲ့ အရှုတ်အရှင်းတွေဟာ ဓမ္မဝိဟာရီတို့နှင့် မပါတ်သက်ပါဘူး။ ပတ်သက်တယ်လို့ထင်တဲ့စိတ်ကို ဖျောက်နိုင်ကြပါတယ်။ ဒကာဒကာမတို့စိတ်ထဲမှာ ဓမ္မဝိဟာရီတို့က ထေရဝါဒကို ကျောခိုင်းလာတာမကြာသေးတော့ ထေရဝါဒနဲ့တွဲပြီး တွေးမိနေတတ်ကြဟန်ရှိပါတယ်။

(စောဒနာလင်္ကာတတိယပိုင်း၊ ဌပနာအမှတ်-၁၀၆။)

**ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးကို စော်ကား ပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရတည်ဆဲဥပဒေ(        ) အရ. . . . . . . . . . . . . . . . . . . . . . . ပြစ်မှု ဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။**

"အထက်ပါဌပနာထဲတွင် **ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာအဖြစ် နိုင်ငံတော်ကိုကြေငြာပြီး ရပ်တည်နေကြသူများ ဖြစ်ကြပါတယ်**ဟူ၍ ပါရှိပါသည်။ အမှန်အားဖြင့် နိုင်ငံတော်က ဗုဒ္ဓဘာသာအဖွဲ့အစည်းသစ်ကို ဥပဒေဖြင့် တားမြစ်ထားဆဲဖြစ်သောကြောင့် နိုင်ငံတော်ကိုကြေငြာခဲ့သော်လည်း နိုင်ငံတော်က ခွင့်ပြုချက် လုံးဝ မပြုခဲ့သောကြောင့် **နိုင်ငံတော်၏ တည်ဆဲဥပဒေကို ချိုးဖောက်လျက် ရပ်တည်နေကြသူများသာ ဖြစ်ကြပါသည်။**

"ထို့ပြင် ထေရဝါဒမဟုတ်သော အခြားဗုဒ္ဓဘာသာများ အများအပြား တည်ရှိကြောင်းကိုလည်း ဆိုထားပါသည်။ စင်စစ်အားဖြင့် **အခြားဗုဒ္ဓဘာသာတို့ရှိကြသော်လည်း ထိုဗုဒ္ဓဘာသာတို့က ထေရဝါဒ ဗုဒ္ဓဘာသာကို ပျက်စီးအောင်ဖျက်ဆီးသည့် အရေးအသား အပြောအဟောများကို လုံးဝမပြုလုပ်ကြချေ။** သူတို့ သူတို့၏ ဘာသာဆိုင်ရာအတွက်သာ ဆောင်ရွက်နေကြသူများ ဖြစ်ကြပါသည်။

"ထို့ကြောင့် **ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာများနှင့် တရုတ်ဗုဒ္ဓဘာသာ စသည်တို့သည် စင်စစ်အားဖြင့် လုံးဝပင်မတူအောင် ခြားနားကြပါသည်။** မှန်၏။ ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာတို့သည်ကား ရေးသားတိုင်း ရေးသားတိုင်း၊ ဟောပြောတိုင်းဟောပြောတိုင်း ထေရဝါဒဗုဒ္ဓဘာသာသာသနာတော်ကြီး အပြီးတိုင် ပျက်စီးရေးသို့ ရှေးရှုနေကြသူများသာ ဖြစ်ကြပါသည်။

**ယင်းတို့၏ ရေးသားချက်၊ ဟောပြောချက်၊ သက်သေခံစာအုပ်များနှင့် အခွေများကို ကြည့်လျှင် အလွန်ထင်ရှားမည် ဖြစ်ပါသည်။**

"ထေရဝါဒသာသနာတော်အတွင်း၌ တရားအမျိုးမျိုးတို့၏ နာမည်တို့ကိုသာ ရယူ၍ အနက် အဓိပ္ပာယ် ဆိုလိုချက်အသစ်များဖြင့် အစားထိုး၍ **ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော်ကြီး၏ လမ်းညွှန်ချက်၊ ဆိုလိုချက်၊ အချင်းအရာထူး၊ အနက်အဓိပ္ပာယ်ထူး မှန်သမျှတို့ကို တစ်စတလေမျှ မကျန်ရအောင် ပိုက်စိတ်တိုက်၍ အသေးစိတ်အားဖြင့် စနစ်တကျ ဖျက်စီးထားကြောင်းများကိုလည်း ယင်းတို့ ရေးသားဟောပြောချက်စာအုပ်များနှင့် အခွေများကို အပြည့်အစုံနီးပါး ဖတ်ရှုနာကြားကြည့်လျှင် မလွဲမသွေ တွေ့ရှိကြရမည်သာ** ဖြစ်ပါသည်။

"ထို့ကြောင့် အထက်ပါဌပနာ စကားရပ်များသည် **ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာတို့၏ နိုင်ငံတော်ကြီး၏ အာဏာကို ဖီဆန်မှုကြီးနှင့် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီးကို ဖျက်ဆီးမှုကြီးဖြစ်၍ အဓမ္မဝါဒ ဖြစ်ပါကြောင်း လျှောက်ထားအပ်ပါသည်။**

(စောဒနာလင်္ကာတတိယပိုင်း၊ စောဒနာအမှတ်-၁၀၆။)

"စာမျက်နှာ(၂၇)တွင် "တပည့်တော်ရဲ့ လျှောက်ထားတင်ပြချက်မှာ ပြန်လည်ပြောဆိုပြင်ဆင်ပေးကြတာကို မလုပ်နိုင်ကြလျှင် တပည့်တော်ရဲ့ တင်ပြချက်က ဗုဒ္ဓဘုရားရဲ့ အရိယသစ္စာတရားနှင့် တထပ်တည်း ကျနေတာကြောင့် ပြောဆိုပြင်ဆင်ပေးစရာ မရှိကြတော့ရင်--

**"ဒီအရိယသစ္စကမ္မဝါဒတရားကို ထေရဝါဒဗုဒ္ဓသာသနာတော် တရားအစစ်အမှန်အဖြစ် အတည်ပြုနိုင်ကြ**ဖို့ အလေးအနက်လျှောက်ထားပါသည်။ **အရိယသစ္စဝါဒီဗုဒ္ဓဘာသာဝင် တပည့်တော်** တင်ပြတဲ့ သက္ကာယဒိဋ္ဌိဖြုတ်တာဟာ မပြုတ်ဘူး-ထင်ကြရင် ကြောင်းကျိုးပြပြီး ချေဖျက်ပေးကြစေလိုပါသည်ဘုရား။

"တကယ်လို့ မချေဖျက်နိုင်ကြတော့ဘူးဆိုလျှင် ဒီသက္ကာယဒိဋ္ဌိဖြုတ်တာဟာ အမှန်ဖြစ်လို့ **ပရမတ္ထသစ္စာဝါဒီဗုဒ္ဓဘာသာဝင်**တွေရဲ့ သက္ကာယဒိဋ္ဌိပြုတ်အောင်ဖြုတ်တာကို ငြိမ်မနေကြဘဲ မှားယွင်းနေကြောင်း သိမြင်နားလည်အောင် ပြောပေးကြပြီး **အရိယသစ္စာ လျှောက်ထားတင်ပြချက်ကို ထေရဝါဒ ဗုဒ္ဓသာသနာတော် တရားအစစ်အမှန်အဖြစ် တညီတညွတ်တည်း အတည်ပြုနိုင်ကြ**ဖို့ **နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှာ တာဝန်ရှိ**ကြပါသည်"

ဟုလည်း ဆိုထားပါသည်။

(စောဒနာလွှာတတိယပိုင်း၊ ဌပနာအမှတ်-၁၂၇။)

**ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးကို စော်ကားပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရတည်ဆဲဥပဒေ(      ) အရ. . . . . . . . . . . . . . . . . . . . . . . . . . . ပြစ်မှု ဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။**

"မဟာနာယကဆရာတော်ကြီးများကိုပင် သူ့လောက်ပညာမတတ်သူများ၊ တရားအသိ-မရှိသူများဟု အထင်ရောက်-စိတ်ဖေါက်နေပုံ ပေါ်ပါသည်။ တာဝန်ကိုလည်း အလေးမပြုတတ်သူဖြစ်ကြောင်း၊ အသက်သိက္ခာတို့ကိုလည်း ဂါရဝမပြုတတ်သူဖြစ်ကြောင်း ထင်ရှားလွန်းသည်ဖြစ်၍ အရိယသစ္စာစော် အနံ့အသက်များက အတော်ပင် ပြင်းပြင်းထန်ထန် နံလွန်းပါပေသည်။

"ဤဌပနာစကားရပ်တွင် **ပရမတ္ထသစ္စဝါဒီများ**ဟုသုံးထားခြင်းသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့ကို သတ်မှတ်ရည်ရွယ်၍ သုံးထားခြင်းပင် ဖြစ်ပါသည်။ ဆိုလိုရင်းမှာ**"ဒီအရိယသစ္စကမ္မဝါဒတရားကို ထေရဝါဒ ဗုဒ္ဓသာသနာတော် တရားအစစ်အမှန်အဖြစ် အတည်ပြုနိုင်ကြဖို့ - ပရမတ္ထသစ္စာဝါဒီ ဗုဒ္ဓဘာသာဝင်တွေရဲ့ သက္ကာယဒိဋ္ဌိပြုတ်အောင်ဖြုတ်တာကို ငြိမ်မနေကြဘဲ မှားယွင်းနေကြောင်း သိမြင်နားလည် အောင် ပြောပေးကြပြီး အရိယသစ္စာ လျှောက်ထားတင်ပြချက်ကို ထေရဝါဒဗုဒ္ဓသာသနာတော်တရားအစစ်အမှန်အဖြစ် တညီတညွတ်တည်း အတည်ပြုနိုင်ကြဖို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှာ တာဝန်ရှိကြသည်"**

ဟူ၍ ဆိုလိုပါသည်။

"ယင်းဆိုလိုချက်၏ ဂယက်နက်ကား"အကယ်၍ အရိယသစ္စကမ္မဝါဒတရားကို ထေရဝါဒဗုဒ္ဓသာသနာတော်တရားအစစ်အမှန်အဖြစ် အတည်ပြုမပေးကြလျှင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည်ပင်

တာဝန်မကြေသောအဖွဲ့ကြီးဖြစ်သည်”ဟု စွပ်စွဲထားချက်ကြီးပင် ဖြစ်ပါသည်။ ကြောက်စရာလေလား-ရယ်စရာ လေလား ခွဲခြားသိနိုင်ရန် ခက်ခဲလှပါသော်လည်း--

“ယနေ့ထေရဝါဒသာသနာတော်ကြီးတစ်ရပ်လုံး၏ အကြီးဆုံးအရာ၌ တာဝန်ယူလျက် ဦးခေါင်ဦးရွက် ပြုတော်မူနေကြသည့် နိုင်ငံတော်မဟာနာယကဆရာတော်ကြီးများက မူလပင်မ အစစ်အမှန်ဖြစ်သော ထေရဝါဒ သာသနာတော်ကြီးကို ဆွဲနှုတ်ထုတ်ပယ်ဖျောက်ဖျက်ပစ်ကြပြီး ထိုထေရဝါဒ သာသနာတော်ကြီး၏ နေရာဟောင်း ပလ္လင်ထက်မှာ **အရိယသစ္စဝါဒသာသနာအမည်ခံ ပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓဘာသာအမည်ခံ မိစ္ဆာဒိဋ္ဌိဝါဒ များကြီး**ကို အစားထိုးထည့်ထားကာ နေရာပေးကြရမည်-ရာထူးပေးကြရမည်”ဟူ၍ တောင်းဆိုထားသည့် အသံဆိုးကြီးကို ကြားရသူတိုင်း တစ်ခုခုတော့ ခံစားကြရပေလိမ့်မည်။

“ကြောက်တတ်သူတို့က ကြောက်စရာကြီးပါတကားဟု ခံစားမိကြပေလိမ့်မည်။ ရဲရင့်သူများကမူ ရယ်စရာကြီးပဲဟု ခံစားမိကြပေလိမ့်မည်။ ဤအသံဆိုးကြီးနှင့်ပတ်သက်၍ စာရေးသူစောဒကတစ်စုတို့သည်ကား ကြောက်တတ်သူများ ဖြစ်ကြပါသည်။ စာရေးသူစောဒကတို့ကဲ့သို့သဘောရှိကုန်သော တိုင်းသူပြည်သား ထေရဝါဒဗုဒ္ဓဘာသာဝင် အများစုတို့သည်လည်း ကြောက်တတ်သူများပင် ဖြစ်ကြပေလိမ့်မည်။ အဘယ့်ကြောင့် ကြောက်တတ်ကြသနည်းဟူမူကား ကြောက်စရာကောင်းသောကြောင့်ပင် ကြောက်မိကြပါသည်။

“သို့ပါသော်လည်း နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည်ကား ရဲရင့်ခြင်းတို့ကိုသာ ခံစားတော်မူကြရပေလိမ့်မည်ဖြစ်ကြောင်းကို ဘုရားတပည့်တော်တို့ ယုံကြည်စွာ ဆင်ခြင်မိကြပါသည်။

“ထို့ပြင် ထေရဝါဒဗုဒ္ဓဘာသာဝင် ဖြစ်ကြကုန်သော နိုင်ငံတော်အကြီးအကဲများနှင့် သာသနာရေး ဝန်ကြီးဌာန-သာသနာရေးဦးစီးဌာန အကြီးအကဲများကလည်း ရဲရင့်ခြင်းတို့ကိုသာ ခံစားကြရပေလိမ့်မည် ဖြစ်ကြောင်းတို့ကို ယုံကြည်စွာပင် ဆင်ခြင်မိကြပါသည်။ အဘယ့်ကြောင့် ရဲရင့်ကြမည်နည်းဟူမူကား ထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံတော်ကြီး၏ မဟာနာယက=အကြီးအချုပ်များဖြစ်ကြသည့်အားလျော်စွာ **“သတိမန္တ, သူရဘာဝ, ဗြဟ္မစရိယယောဂျတာ”**အစရှိကုန်သော ဂုဏ်ထူးကြီးများနှင့် ပြည့်စုံတော်မူကြပါပေသည်။

(စောဒနာလွှာတတိယပိုင်း၊ စောဒနာအမှတ်-၁၂၇။)

“သစ်ပင်တစ်ပင်သည် အချိန်တန်သောအခါ သို့မဟုတ် အကြောင်းမညီညွတ်သောအခါ သေဆုံး ချုပ်ပျောက်သွားသကဲ့သို့ပင် လူသည်လည်း အသက်ရှင်ဖို့ရန် အခြေအနေမပေးတော့သောအခါ၌ ကမ္ဘာပေါ်မှ ချုပ်ငြိမ်းပျောက်ကွယ်သွားတော့၏။

(နှာ၊ ၂။)

“အခြားတစ်ဖက်တွင် **မနောဝိညာဏ်၏မွေးရာပါမစင်ကြယ်မှု**နှင့် သညာအဟောင်း မစင်ကြယ်မှု အပေါ် အခြေခံ၍ လူသားအား ဒုက္ခသံသရာလည်စေမည့် တုံ့ပြန်မှုများလည်း ပါဝင်လာသည်။

(နှာ၊ ၇။)

“ဒုက္ခသည် နေ့စဉ်နှင့်အမျှ လူသားလောကအား ညှင်းပန်းနှိပ်စက်နေသော အဆိုးရွားဆုံး**နတ်ဆိုး**ပင် ဖြစ်သည်။ ဒုက္ခသည် လူသား မဟုတ်။ လူသား၏ကိုယ်၌ ဝင်ပူးနေသော နတ်ဆိုးသာတည်း။

(နှာ၊ ၁၁။ ၂၃။)

"လူသားလျှောက်ရမည့်လမ်းဟူသည် ဘုရားသခင်၏အစေအပါးအဖြစ် ကိုယ့်ကိုယ်ကို ယဇ်ပူဇော်ခြင်း မဟုတ်။ **မိမိကိုယ်ကို မိမိကပင် ဘုရားသခင်အဖြစ် ခန့်အပ်လိုက်ခြင်းပင် ဖြစ်သည်။**

(နှာ၊ ၅၄။)

"လူသားလျှောက်ရမည့်လမ်းဟူသည် ရုပ်နာမ်တို့၏ဖြစ်ပျက်ကို စောင့်ကြည့်နေခြင်း မဟုတ်။ ဒုက္ခနတ်ဆိုး၏ ရရစားစားပြီးပြီးပျောက်ပျောက်အဖြစ်ကို စောင့်ဖမ်း၍ မောင်းထုတ်နိုင်ခြင်း ဖြစ်သည်။

(နှာ၊ ၅၅။)

(စောဒနာလွှာတတိယပိုင်း၊ ၄ပနာအမှတ်-၁၃၂။)

**ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးကို စော်ကားပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရတည်ဆဲဥပဒေ(       ) အရ. . . . . . . . . . . . . . . . . . . . . . . . . . . . . ပြစ်မှု ဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။**

"အထက်ပါတို့တွင် သစ်ပင်နှင့်လူကို ပုံတူပြုလျက် ဖော်ပြထားရာ လူသည် သစ်ပင်နှင့် လုံးဝတူသည် မဟုတ်သောကြောင့် အလွန်ပင် ချွတ်ယွင်းလျက် ရှိပါသည်။ မတူကြောင်းမှာ မနောဝိညာဏ်၏မွေးရာပါမစင်ကြယ်မှုဟူသောစကားဖြင့် ထင်းနေပေသည်။ မွေးရာပါမစင်ကြယ်မှုသည် မမွေးခင်က ဖြစ်ခဲ့သောဘဝတုန်းက ပြုခဲ့သည့် အကျင့်ဟောင်းကြောင့်သာဖြစ်၍ ရှေးဘဝရှိကြောင်းကို ဝန်ခံရာရောက်ပါသည်။

**"မိမိကိုယ်ကို ဘုရားအဖြစ်ခန့်အပ်ခြင်းသည် ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာဆိုသူများ၏ ပင်မသဘောထားကြီးပင် ဖြစ်ပါသည်။ ထိုသူများသည် ဂေါတမဗုဒ္ဓကို လက်ခံလိုသူများမဟုတ်ကြပါဘဲ လျက် ဂေါတမဗုဒ္ဓ၏ဒေသနာတို့ကို ဆွဲယူကာ အသုံးပြုမှုဖြင့် အသုံးပြုနေမှုသည် အလွန်ပင် မရိုးမသားနိုင်သော အနရိယများ၏ လုပ်ရပ်မှားကြီးပင် ဖြစ်ပါတော့သည်။**

"ဒုက္ခသစ္စာတရားသည် မာရ်နတ်လည်း မဟုတ်ပေ။ နတ်ဆိုးလည်း မဟုတ်ပေ။ ထို့ကြောင့် အထက်ပါစာများသည် အဓမ္မဝါဒများသာဖြစ်ကြောင်း လျှောက်တင်အပ်ပါသည်။

(စောဒနာလွှာတတိယပိုင်း၊ စောဒနာအမှတ်-၁၃၂။)

**"ဓမ္မဝိဟာရာရာမ၊ မိုးပြာခြံမှ ၃၀. ၄. ၂၀၀၇-ရက်စွဲဖြင့်လည်းကောင်း ၁၉. ၅. ၂၀၀၀၈-ရက်စွဲဖြင့်လည်းကောင်း ပေးသည့် ပေးစာအမှတ်-၄/၂၀၀၇၊နှင့် ပေးစာအမှတ်-၅/၂၀၀၈-တို့ကို အစွဲပြု၍ တင်သွင်းအပ်သော စောဒနာ(၁)ချက်**။

"ဓမ္မ၏အဓိပ္ပါယ်မှားများ၊ နိဗ္ဗာန်၏အဓိပ္ပါယ်မှား၊ ထေရဝါဒတို့ကို အသားလွတ်အထင်သေးအမြင်သေး ဖြစ်စေပြီး၍ ပစ္စုပ္ပန်ကမ္မဝါဒတို့ကို အသားလွတ် ကြွားဝင့်ထားကာ သူဌေးများ အစိုးရအာဏာပိုင်များ ကျော်ကြားသူများ ဘာသာရေးခေါင်းဆောင်များ အထူးသဖြင့် ထေရဝါဒဗုဒ္ဓဘာသာခေါင်းဆောင်များကို ထိပါးပုတ်ချထား

ခြင်းတို့နှင့်စပ်လျဉ်း၍ တင်သွင်းအပ်သော စောဒနာပါဘုရား။

(စောဒနာလွှာတတိယပိုင်း၊ ပဋိညာအမှတ်-၁၃၄။)

"ဒီလို မှန်သွားရင် လူဟာ လူ့အဖွဲ့သားဖြစ်တဲ့ လူသားဖြစ်တာကို မြင်လာမှာပဲ။ လူဟာ လူသားအဖြစ်ကို သိတတ်ရင် လူသားမှာ စည်းကမ်းကလနားရှိတာလဲ တစ်ဆက်တည်း မသိဘဲမနေဘူး။ နောက်ဆက်ပြီး လူသား စည်းကမ်းကို မလိုက်နာလို့ ဖြစ်ပွားတဲ့အပြစ်တရားလည်း သိမှာမလွဲပဲ။

"လူသားစည်းကမ်းကို မလိုက်နာလို့ သိသွားတဲ့ အပြစ်ကိုသိတာဟာ ဓမ္မပဲ။ အဲဒီဓမ္မကိုပွားများသူဟာ အပြစ်တွေကို တစ်စမကျန်သိဖို့ပဲ။ အပြစ်တွေကို သိသူဟာ အပြစ်ဖြစ်ကြောင်းသမုဒယကို ပယ်ဖို့ပဲ။ ဒီလိုပယ်သူဟာ နိဗ္ဗာန်ဆိုတဲ့ လွတ်မြောက်ငြိမ်းချမ်းသူပဲ။ ဗုဒ္ဓဘုရားဟာ ဒါကိုသိဖို့ လူတွေကို တရားညွှန်ပြခဲ့တာပဲ။

"ဒါတွေကြောင့် ဒီလောကအမြင်ကို နာကြားလေ့လာရသူတွေဟာ ထင်ထက်ထင်ဖြစ်အောင် နိုးကြား အောက်မေ့မှုထားပေးကြဖို့ လုပ်ကြစေချင်ပါတယ်။ ဒီဟောပြော ပို့ချညွှန်ပြချက်ကို အလေနတောလို့ ထင်ချင်သူ တွေလဲ ထင်ကြမှာပါပဲ။ ထင်ကြရင်လဲ ထင်ကြတဲ့အတိုင်း အမှားတွေကို ဟောပြောပို့ချညွှန်နေတာတွေလို့ ပြောကောင်းပြောတာ ခံရမှာပဲ။ အဲဒီလိုခံရရင် ပြောသူကို မခံပြင်းဘဲ ဘာတွေမှားတာလဲ ဘယ်လိုမှားတာလဲ အမှန်ကဘယ်လိုလဲလို့ပဲ အေးဆေးစွာ ပြန်မေးဖို့ လိုပါတယ်။

"လွတ်မြောက်ငြိမ်းချမ်းဖို့နဲ့စပ်ပြီး--

**ဒီဟောပြောပို့ချချက် ညွှန်ပြချက်ကို ဘယ်သူတစ်ဦးတစ်ယောက်ဖြစ်တဲ့ ဥစ္စာ အာဏာ အကျော်အစောရှိသူကမှ မကန့်ကွက်နိုင်တာကို တွေ့ရမှာပါ။**

**ဘယ်ဒေဝါ ဘယ်ဗြဟ္မာနဲ့ ဘယ်ဘာသာတရားကဖြစ်ဖြစ် မကန့်ကွက်နိုင်ဘူး။**

ဒါကြောင့် ဒီဟောပြောပို့ချညွှန်ပြချက်ကလေးကို အပျောက်အရှမဖြစ်ကြအောင် နှိုးထားကြဖို့ သတိပေးပါတယ်။

**"တက်နိုင်ရင် ဟောပြောပို့ချညွှန်ပြစကားစဉ်ကလေးတွေအတိုင်း ကိုယ်နဲ့ထိစပ်ကြသူ ကလေး များထံ ကူးစပ်ပြန့်ပွားပေးပြီး လူဟာ လူ့အဖွဲ့အစည်းဝင်ဖြစ်တဲ့အမြင်မျိုး မြင်တတ်အောင် ပြပေး ကြဖို့ လိုပါတယ်။**

(ဓမ္မဝိဟာရာရာမ၊ မိုးပြာခြံမှ ၃၀. ၄. ၂၀၀၇-ရက်စွဲဖြင့်ပေးသည့် ပေးစာအမှတ်-၄၊ နှာ ၅။)

"

အခုခေတ်မှာ ငွေကျပ်တစ်ရာဆိုတာ ဘယ်လောက်တန်ကြေးရှိတာကို ငွေကိုင်ပြီး သုံးနေကြသူတွေ ကိုယ်တိုင် သိကြပြီးသားတွေပဲ။ အရိယဘဏ္ဍာရဲ့ အရေးပါမှုကို အဲဒီလောက်နဲ့ တန်ဖိုးဖြတ်တာထက် ပိုပြီးဖြတ်နိုင်ဖို့ လိုပါတယ်လို့ အသိပေးရမှာပါ။ အလွန်ချို့တဲ့လွန်းနေသူ ဆိုရင်တော့လည်း အောက်ထစ်ဆုံးဟာ ဘယ်လောက် ငယ်ငယ် ဒီလိုနဲ့လုပ်ရမှာဖြစ်ပါတယ်။

"ပြီးခဲ့တဲ့ပေးစာမှာပါတဲ့အတိုင်းပါပဲ။ အရိယဘဏ္ဍာရှင်ဟာ ဓါတ်ပုံ၊ နာမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ် အပြည့်အစုံ ဖော်ပြပေးဖို့ လိုပါတယ်။ ပြီးတော့လဲ တာကူးလ၊ ကဆုန်လ၊ နယုန်လ ဒီသုံးလအတွင်း သွင်းပေး ကြဖို့ပါပဲ။ သွင်းရမှာက ကိုယ့်ဒေသရဲ့ကိုယ်စားလှယ်ထံ သွင်းရမှာပါ။ ဒီသုံးလအတွက် ကောက်ရငွေကို နောက်ဆုံး

ဖြစ်တဲ့ နယုန်လပြည့်နေ့ကို နောက်ဆုံးထားပြီး ကိုယ်စားလှယ်ဆီ ပေးအပ်ရမှာပါ။ ကိုယ်စားလှယ်က ဒီလမကုန်မီမှာပဲ ရန်ကုန်ကို ပို့ပေးရမှာပါ။

"ရန်ကုန်ပို့ရမည့် လိပ်စာက-

**'အရိယဘဏ္ဍာငွေ ငွေစာရင်းအမှတ် ၈၂-၂၃၇၀၀။**

**အင်းဝဘဏ် လီမိတက်၊**

**ရန်ကုန်ဘဏ်ခွဲ၊**

**အမှတ်-၅၅၄/၅၅၆၊**

**ကုန်သည်လမ်း၊**

**ကျောက်တံတားမြို့နယ်၊**

**ရန်ကုန်'**ကို ပို့ရမှာပါ။ အရိယဘဏ္ဍာအလှူဟာ ယခုပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓဘာသာဝင်တို့ရဲ့ အမြင့်အမြတ် အလှူဖြစ်ပါတယ်။

"အခက်အခဲ ခပ်သိမ်းကို ကျော်လွှားနိုင်တဲ့ ယာဉ်တစ်စီးအဖြစ် တည်ဆောက်နေတဲ့အလှူ ဖြစ်ပါတယ်။ အဲဒီအလှူကို ဘကြီးဘဖေလို အသက်(၈၉)နှစ်ရှိပြီဖြစ်တဲ့ အဘိုးအိုကြီးက ပထမဆုံးပေးစာ ရလျှင်ရခြင်းပဲ ငွေ တစ်သောင်းကျပ် ထည့်ဝင်မယ် ဆိုတဲ့အကြောင်း စာရင်းပေးခဲ့ပါတယ်။

(ဓမ္မဝိဟာရာရာမ၊ မိုးပြာခြံမှ ပေးသည့် ၁၉. ၅. ၂၀၀၈ နေ့စွဲပါ ပေးစာအမှတ်စဉ်-၅၊ နှာ ၁၀။)

(စောဒနာလွှာတတိယပိုင်း၊ ဥပနာအမှတ်-၁၃၄။)

**ယင်းသို့ရေးသားထားမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးကို စော်ကား ပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရတည်ဆဲဥပဒေ( ) အရ. . . . . . . . . . . . . . . . . . . . . . . . . . . . . ဖြစ်မှု ဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။**

"အထက်ပါဥပနာစကားရပ်တွင် ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာဂိုဏ်းတည်ထောင်သူ ရှင်မိုးပြာက သူ၏ ဘာသာဝင်တို့အပေါ်၌ အသက်လွတ်ကြွားထားပုံကြီးကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။

ကြွားထားပုံမှာ-

**လွတ်မြောက်ငြိမ်းချမ်းဖို့နဲ့စပ်ပြီး ဒီဟောပြောပို့ချချက် ညွှန်ပြချက်ကို ဘယ်သူ တစ်ဦး တစ်ယောက် ဖြစ်တဲ့ ဥစ္စာ အာဏာ အကျော်အစောရှိသူကမှ မကန့်ကွက်နိုင်တာကို တွေ့ရမှာပါ** ဟူ၍ပင် ဖြစ်ပါသည်။

ဆိုလိုရင်းမှာ-

လွတ်မြောက်ချမ်းချမ်းဖို့အတွက် ပန်းတိုင်ထားပြီး တည်ထောင်ထားသော ပစ္စုပ္ပန်**ကမ္မဝါဒ ဗုဒ္ဓဘာသာ တရားကြီးကို မည်မျှလောက်ဥစ္စာချမ်းသာသူကြီးမှ မကန့်ကွက်နိုင်၊**

**မည်မျှလောက် အာဏာရှိသူကြီးကမှ ကန့်ကွက်နိုင်လိမ့်မည် မဟုတ်၊**
**မည်မျှလောက် အကျော်အစောရှိသူကြီးကမျှ မကန့်ကွက်နိုင်ကြောင်း ထင်ရှားလိမ့်မည်၊**
ဘယ်လို တန်ခိုးကြီး နတ်တွေကမှလည်း တားမြစ်နိုင်မှာမဟုတ်၊
ဘယ်လို တန်ခိုးကြီးဗြဟ္မာတွေကလည်း တားမြစ်နိုင်စရာ အကြောင်းမရှိ။
ဘာသာဝင်ဦးရေ ဘယ်လောက်များစေကာမူ ထေရဝါဒဗုဒ္ဓဘာသာဝင်တွေကလည်း ကန့်ကွက်နိုင်လိမ့်မည် မဟုတ်။ ခရစ်ယာန်ဘာသာဝင်တွေ၊ မွတ်စလင်ဘာသာဝင်တွေ၊ ဟိန္ဒူဘာသာဝင်တွေကလည်း ဘယ်လိုနည်းနဲ့မှ မကန့်ကွက်နိုင်စေရ
ဟု ဆိုလိုပါသည်။

“ဤအဆိုများသည် ယုံကြည်ပြီးသားပုဂ္ဂိုလ်တို့ကို မိုက်မိုက်ကန်းကန်း တဇွတ်ထိုး ယုံကြည်အောင် ဆွဲဆောင်ထားချက်များသာ ဖြစ်ပါသည်။ ထို့အပြင် မည်သူနဲ့တွေ့စေကာမူ မိမိတို့ဘက်က လုံးဝအမှန်တရား ဖြစ်သည်ဟု အစွဲကြီးစွဲလျက် အေးအေးချမ်းချမ်းဖြင့်ပင် အနိုင်မရမချင်း ငြင်းခုံနေကြရမည်ဟု ညွှန်ကြားလှူထုတ်ပေးခြင်းမျိုးလည်း ဖြစ်ပါသည်။ သွေးကြွအောင် မြှောက်ပေးထားခြင်းတစ်မျိုးပင် ဖြစ်ပါသည်။

“ဤရေးသားချက်၊ ဤပေးစာကို လက်ကိုင်ပြု၍ သက်သေခံတင်ပြခြင်းဖြင့် မယုံသေးသူတို့ကိုလည်း ယုံကြည်လာအောင် အတင်းဆွဲသွင်းဖို့ အကြောင်းရင်းကြီးတစ်ခုအဖြစ် ဖန်တီးထားရာရောက်ပါသည်။ ထို့ကြောင့် အထက်ပါဥပနာစကားရပ်သည် မုချအားဖြင့် ဓမ္မ-အဓမ္မအရာ၌ မဝင်ပါသော်လည်း ယင်းအဓမ္မဝါဒကြီး၏ ပြည်သူများအကြား ပြန့်ပွားလာခြင်းအတွက် အခြေခံဖြစ်နေသောကြောင့် အဓမ္မဝါဒအဖြစ် စောဒနာပြု၍ လျှောက်တင်အပ်ပါသည် အရှင်မြတ်တို့ဘုရား။

“အရိယဘဏ္ဍာငွေကိစ္စနှင့်ပတ်သက်သော ဥပနာစကားရပ်တို့သည်လည်း ထိုနည်း အတိုင်းပင် ဖြစ်ပါသည်။ မုချအားဖြင့် ဓမ္မ-အဓမ္မအဖြစ် ဆုံးဖြတ်ရမည့်ကိစ္စ မဟုတ်ပါ။

သို့သော်လည်း ရှင်မိုးပြာတို့၏ အဓမ္မဝါဒ ကြီးပြန့်ပွားရေးအတွက် ဥစ္စာအများကြီးရှိသူတို့၏ အဟန့်အတား၊

အာဏာအများကြီးရှိသူတို့၏ ကန့်ကွက်ချက်၊

အကျော်အစောအများကြီးရှိသူတို့၏ ဆန့်ကျင်မှု၊

တန်ခိုးကြီးနတ်ဗြဟ္မာတို့နှင့် ဘာသာဝင်ဦးရေ အများကြီး ရှိနေကြသည့် အခြားဘာသာတရားတို့က ကန့်ကွက်မှု-အစရှိကုန်သော အခက်အခဲအားလုံးကို ကျော်လွှားရာ၌ အကောင်းဆုံးယာဉ်ကြီးအနေဖြင့် အသုံးပြုရမည့်ငွေများ ဖြစ်ကြသည်
ဟု ဆိုထားလေသောကြောင့် ယင်းငွေများသည် ပစ္စုပ္ပန်ကမ္မဝါဒဟုဆိုအပ်သော အဓမ္မဝါဒကြီး၏ အမြစ်အရင်း ဖြစ်နေသည်ကို တွေ့မြင်နေရသည် ဖြစ်၍ အဓမ္မဝါဒပင် ဖြစ်ပါကြောင်း လျှောက်တင်အပ်ပါသည်ဘုရား။

(စောဒနာလွှာတတိယပိုင်း၊ စောဒနာအမှတ်-၁၃၄။)

# စောဒနာဝင်စာအုပ်များနှင့်စောဒနာစာမူများ

ပစ္စုပ္ပန်ကမ္ဘာ့ဝါဒဗုဒ္ဓဘာသာအမည်ခံဂိုဏ်းကြီးသည်“၁၉၈၃-ခုနှစ်၊ ၂-လ၊ ၁၀-ရက်၊ ည-၁၀-နာရီ”မှစ၍ အရှင်ဉာဏ(ခ)ရှင်မိုးပြာနှင့်ငါးဦးသားတို့က တည်ထောင်ထားသော ဘာသာသစ်ကြီးတစ်ခုဖြစ်ကြောင်း တွေ့ရပါသည်။

ထို့ကြောင့်“၂၀၀၈-ခုနှစ်၊ ၂-လ၊ ၁၀-ရက်”တွင် (၂၅)နှစ်ငွေရတုအောင်ပွဲကြီးကိုပင် ဆင်နွှဲ ထားကြပြီး ဖြစ်ကြောင်းလည်း သိရပါသည်။

ထိုဂိုဏ်းကြီးကထုတ်ဝေဖြန့်ချိထားသော စာအုပ်ကြီးများမှာ **(၆၀)**ကျော်ရှိပြီး သင်တန်းစာအုပ်များ ဟောပြောခွေများ လက်ကမ်းစာစောင်များ အင်တာနက်တင်ထားသည့် ဆွေးနွေးခန်းများ စသည်ဖြင့် အလွန်ပင် များပြားကြောင်းလည်း သိရပါသည်။

ထိုသို့ပင် များပြားစွာရှိနေကြောင်း သိရပါသော်လည်း စာရေးသူစောဒက တို့ လက်လှမ်းမှီသမျှတို့ကိုသာ မူတည်ပြုလျက် စောဒနာတင်မှု-ပြုရခြင်းသာ ဖြစ်ပါသည်။ စောဒနာဝင်စာအုပ်များအနေဖြင့်--

**(၁း၁)**

စောဒနာလွှာပထမပိုင်းအတွင်းမှာ(၇)အုပ်ပါဝင်ကြပါသည်။

၎င်းတို့မှာ အောက်ပါအတိုင်းပင် ဖြစ်ကြသည်-

၁။ ဝိမုတ္တိဒေသနာခေါ်လွတ်လပ်ရေးဒေသနာ။ စာမျက်နှာ=(၁၁၀)။ ထုတ်ဝေနှစ်=(၂၀၀၆)

၂။ ဘုရား။ စာမျက်နှာ=(၂၂၈)။ ထုတ်ဝေနှစ်=(ဖေါ်ပြမထားပါ)။

၃။ ဘာသာတရားများအကြောင်းယေဘုယျနှိုင်းယှဉ်ချက်။ စာမျက်နှာ=(၅)။ ထုတ်ဝေနှစ်=(အမြဲသုံးစာ)။

၄။ ဓမ္မပူဇာ။ စာမျက်နှာ=(၂၄၇)။ ထုတ်ဝေနှစ်=(ဖေါ်ပြမထားပါ)။

၅။ စိတ်စိတ်ဖြာဖြာဥပါဒါနက္ခန္ဓာ။ စာမျက်နှာ=(၁၆၃)။ ထုတ်ဝေနှစ်=(ဖေါ်ပြမထားပါ)။

၆။ ဓမ္မ။ စာမျက်နှာ=(၃၉၀)။ ထုတ်ဝေနှစ်=(၂၀၀၃၊ ဖေဖေါ်ဝါရီလ-၁၀-ရက်။ အထိမ်းအမှတ်စာအုပ်။)

၇။ မိုးပြာကျောင်းမှပေးစာများ(၁)(မိုးပေါက်ကျချောင်)။ စာမျက်နှာ=(၄၄၉)။ ထုတ်ဝေနှစ်=(၁၃၅၂)။

**(၁း၁)**

ဖေါ်ပြပါ(၇)အုပ်တို့တွင် စာမျက်နှာစုစုပေါင်း(၁၃၃၅)မျက်နှာ ပါရှိကြပါသည်။

၎င်းတို့အတွင်းမှာ ဥပနာ ဖြစ်ထိုက်သည့်ကောက်နှုတ်စာတို့ကို ထုတ်နှုတ်ကူးယူဖေါ်ပြ၍ တင်သွင်းအပ်သော စောဒနာပေါင်းမှာ(၆၂)ခု ရှိကြသည်။

ထို့ကြောင့် ဥပနာပေါင်း(၆၂)ခု၊ ပဋိညာပေါင်း(၆၂)ခု ရှိကြပါသည်။

စောဒနာလွှာတွင် လျှောက်လွှာ စာမျက်နှာပေါင်း(၁၈၅)မျက်နှာ ရှိကြပါသည်။ ၎င်းစောဒနာလွှာတို့နှင့်

တပါတည်းပင် သက်သေခံစာအုပ်များအနေဖြင့် ၎င်းစာအုပ်တို့ကို ပူးတွဲတင်ပြပါသည်။

စာဒနာလင်္ကာပထမပိုင်းအတွက် သက်သေခံဖြစ်သည်ကို အစွဲပြု၍

(၁-၁/၁-၂/၁-၃/၁-၄/၁-၅/၁-၆/၁-၇)

ဟူ၍ နံပတ်စဉ်အမှတ်များပါတပ်လျက် သတ်မှတ်ပြပေးထားပါသည်။

**(၂း၁)**

စာဒနာလင်္ကာဒုတိယပိုင်းအတွင်းမှာ(၃)အုပ်ပါဝင်ကြပါသည်။

၎င်းတို့မှာအောက်ပါအတိုင်းပင်-

၁။ ဘာသာတရားကပေးသောဆုလာဘ်။ စာမျက်နှာ=(၄၆)။ ထုတ်ဝေနှစ်=(၁၉၉၆)။

၂။ တဏှာရှင်းတမ်း။ စာမျက်နှာ=(၄၀၀)။ ထုတ်ဝေနှစ်=(၁၉၉၆)။

၃။ ဓမ္မကထာ။ စာမျက်နှာ=(၂၃၂)။ ထုတ်ဝေနှစ်=(၂၀၀၅)။

**(၂း၁)**

ဖေါ်ပြပါ(၃)အုပ်တို့တွင် စာမျက်နှာစုစုပေါင်း(၆၇၈)မျက်နှာ ပါရှိကြပါသည်။

၎င်းတို့အတွင်းမှာ ဥပနာဖြစ်ထိုက်သည့်ကောက်နှုတ်စာတို့ကို ထုတ်နှုတ်ကူးယူဖေါ်ပြ၍ တင်သွင်းအပ်သော စာဒနာပေါင်းမှာ(၆၀)ခု ရှိကြသည်။

ထို့ကြောင့် ဥပနာပေါင်း(၆၀)ခု၊ ပဋိညာပေါင်း(၆၀)ခု ရှိကြပါသည်။

စာဒနာလင်္ကာတွင် လျှောက်လွှာစာမျက်နှာပေါင်း(၂၁၁)မျက်နှာ ရှိကြပါသည်။ ၎င်းစာဒနာလင်္ကာတို့နှင့် တပါတည်းပင် သက်သေခံစာအုပ်များအနေဖြင့် ၎င်းစာအုပ်တို့ကို ပူးတွဲတင်ပြပါသည်။ စာဒနာလင်္ကာဒုတိယပိုင်းအတွက် သက်သေခံဖြစ်သည်ကို အစွဲပြု၍

(၂-၁/၂-၂/၂-၃/)

ဟူ၍ နံပတ်စဉ်အမှတ်များပါတပ်လျက် သတ်မှတ်ပြပေးထားပါသည်။

(၂-၁)ကိုအစွဲပြု၍ စာဒနာအမှတ်(၁-၈)တို့ကိုလည်းကောင်း၊

(၂-၂)ကိုအစွဲပြု၍ စာဒနာအမှတ်(၉-၁၇)တို့ကိုလည်းကောင်း၊

(၂-၃)ကိုအစွဲပြု၍စာဒနာအမှတ်(၁၀-၆၀)တို့ကိုလည်းကောင်း ရေးသားပြုစုထားပါသည်။

**(၃း၁)**

စာဒနာလင်္ကာတတိယပိုင်းအတွင်းမှာ(၂၈)အုပ်ပါဝင်ကြပါသည်။

၎င်းတို့မှာအောက်ပါအတိုင်းပင်တည်း-

၁။ **ဓမ္မဝိဟာရီငွေရတုပူဇော်။** စာမျက်နှာ=(၂၂၄)။ ထုတ်ဝေနှစ်=

(၂၀၀၈၊ ဖေဖေါ်ဝါရီလ-၁၀-ရက်။ အထိမ်းအမှတ်)။

၂။ လွတ်လပ်တဲ့လူ။ စာမျက်နှာ=(၃၉၉)။ ထုတ်ဝေနှစ်=(၂၀၀၆)။

၃။ ဉာဏကထာ(ပထမအုပ်)။ စာမျက်နှာ=(၃၅၆)။ ထုတ်ဝေနှစ်=(ဖေါ်ပြမထားပါ)။

၄။ မဟာပေါ်ဌက(ပထမတွဲ)။ စာမျက်နှာ=(၃၉၄/၂၀၄/၃၀၂=စုစုပေါင်း=၁၁၀၀)။ ထုတ်ဝေနှစ်=(ဖေဖော်မထားပါ)။
၅။ အရိယဝေါဟာရဥဒ္ဒေသျမ္မတ္ထကထာ။ စာမျက်နှာ=(၁၁၁)။ ထုတ်ဝေနှစ်=(၂၀၀၆)။
၆။ နိဗ္ဗာန်ကိုသွားနောက်ဆုံးရထား။ စာမျက်နှာ=(၉၉)။ ထုတ်ဝေနှစ်=(၁၉၉၀)။

၇။ ဗုဒ္ဓဘုရားသာသနာနှင့်မြန်မာပြည်။ စာမျက်နှာ=(၇၁)။ ထုတ်ဝေနှစ်=(၂၀၀၆)။
၈။ အရိယသစ္စကထာ။ စာမျက်နှာ=(၂၇၉)။ ထုတ်ဝေနှစ်=(၂၀၀၅)။
၉။ ဥတ္တရိမနုဿဓမ္မဒဿနစာစဉ်(၁)။ စာမျက်နှာ=(၇၀)။ ထုတ်ဝေနှစ်=(၁၃၆၄)။
(သက္ကာယမိစ္ဆာဒိဋ္ဌိမှသမ္မာဒိဋ္ဌိသို့-မိစ္ဆာဒိဋ္ဌိနှင့်သမ္မာဒိဋ္ဌိ-
ဗုဒ္ဓဘုရားရဲ့လောကအမြင်မိတ်ဆက်-သုံးမျိုးစု)။

၁၀။ ဥတ္တရိမနုဿဓမ္မဒဿနစာစဉ်(၂)။ စာမျက်နှာ=(၇၁)။ ထုတ်ဝေနှစ်=(၂၀၀၃)။
(ဗုဒ္ဓဘာသာကမယူသောမိစ္ဆာဒိဋ္ဌိများ-ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်-
ရှေ့ဘဝနောက်ဘဝ-ဦးနှောက်၏ ချွတ်ယွင်းဖေါက်ပြန်မှုများ-လေးမျိုးစု)။
၁၁။ သဒ္ဓမ္မသုံးဖြာ(ပထမတွဲ)။ စာမျက်နှာ=(၂၀၆)။ ထုတ်ဝေနှစ်=(၂၀၀၂)။
၁၂။ သဒ္ဓမ္မသုံးဖြာ(ဒုတိယတွဲ)။ စာမျက်နှာ-(၂၀၇-မှ-၃၄၇)။ ထုတ်ဝေနှစ်=(၂၀၀၂)။

၁၃။ ငြိမ်းချမ်းရေးသစ္စာဓမ္မစကြာဒေသနာ။ စာမျက်နှာ=(၃၉၆)။ ထုတ်ဝေနှစ်=(၁၃၅၆)။
၁၄။ ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာလမ်းညွှန်။ စာမျက်နှာ=(၁၂၉)။ ထုတ်ဝေနှစ်=(၂၀၀၂)။
၁၅။ တောစကားတောင်စကား။ စာမျက်နှာ=(၃၉)။ ထုတ်ဝေနှစ်=(မသိရပါ)။

၁၆။ မိုးပြာကျောင်းမှပေးစာများ(၁)မိုးပေါက်ကျချောင်။ (၄၄၉)။ ထုတ်ဝေနှစ်(၁၃၅၂)။
၁၇။ အရိယသစ္စဓမ္မပေတံ။ စာမျက်နှာ=(၂၅၅)။ ထုတ်ဝေနှစ်=(၂၀၀၇)။
၁၈။ သက္ကာယဒိဋ္ဌိရှင်းတမ်း။ စာမျက်နှာ=(၂၈)။ ထုတ်ဝေနှစ်=(၂၀၀၈)။

၁၉။ ဘာသာတရားဆိုတာဘာလဲနှင့်လွန်ကျူးမှုကိုဘယ်လိုနားလည်ရမလဲ။
စာမျက်နှာ=(၇၂)။ ထုတ်ဝေနှစ်=(၂၀၀၂)
၂၀။ နိဗ္ဗာန်နှင့်သက္ကာယမိစ္ဆာဒိဋ္ဌိ။ စာမျက်နှာ=(၈၆))။ ထုတ်ဝေနှစ်=(၂၀၀၀)။
၂၁။ ဓမ္မစကြာညွှန်ပြချက်။ စာမျက်နှာ=(၁၇၂)။ ထုတ်ဝေနှစ်=(၂၀၀၃)။

၂၂။ လူသားလျှောက်ရမည့်လမ်း။ စာမျက်နှာ=(၆၀)။ ထုတ်ဝေနှစ်=(ဖော်ပြမထားပါ)။

၂၃။ လူသားမှန်သမျှကျင့်ပွါးဖွယ်ရာပုညကြိယာဝတ္ထုဆယ်ဖြာ။ စာမျက်နှာ=(၁၂)။ ထုတ်ဝေနှစ်=(၂၀၀၆)။
၂၄။ ဓမ္မဝိဟာရာရာမမိုးပြာခြံမှပေးစာနှစ်စောင်တွဲ။ စာမျက်နှာ=(၃၂)။ ထဂြာ်ဝေနှစ်=(၂၀၀၇-၂၀၀၈)။

၂၅။ ဓမ္မဝိဟာရီသို့ဦးခိုက်ခြင်း။ စာမျက်နှာ=(၁၆)။ ထုတ်ဝေနှစ်=(ဖော်ပြမထားပါ)။
၂၆။ မိလိန္ဒပဥှာဝတ္ထုဘယ်လဲ။ စာမျက်နှာ=(၃၁၂)။ ပြန်လည်ကူးယူထုတ်ဝေနှစ်=(၁၃၆၄)။
၂၇။ ဝိသုဒ္ဓိမဂ်ဘယ်လဲ။ စာမျက်နှာ=(၄၀၈)။ ပြန်လည်ကူးယူထုတ်ဝေနှစ်=(၁၃၆၄)။

၂၈။ နိဗ္ဗာနဒီပနီဘယ်လဲ။ စာမျက်နှာ=(၂၃၀)။ ပြန်လည်ကူးယူထုတ်ဝေနှစ်=(၁၃၆၄)။

**(၃း၁)**

ဖော်ပြပါ(၂၈)အုပ်တို့တွင် စာမျက်နှာစုစုပေါင်း(၅၉၄၃)မျက်နှာ ပါရှိကြပါသည်။

၎င်းတို့အတွင်းမှာ ဌပနာဖြစ်ထိုက်သည့်ကောက်နှုတ်စာတို့ကို ထုတ်နှုတ်ကူးယူဖော်ပြ၍ တင်သွင်းအပ်သော စောဒနာပေါင်းမှာ(၁၄၀)ခု ရှိကြသည်။

ထို့ကြောင့် ဌပနာပေါင်း(၁၄၀)ခု၊ ပဋိညာပေါင်း(၁၄၀)ခု ရှိကြပါသည်။

စောဒနာလွှာတွင် လျှောက်လွှာ စာမျက်နှာပေါင်း (၁၇၄)မျက်နှာ ရှိကြပါသည်။ ၎င်းစောဒနာလွှာတို့နှင့် တပါတည်းပင် သက်သေခံစာအုပ်များအနေဖြင့် ၎င်းစာအုပ်တို့ကို ပူးတွဲတင်ပြပါသည်။ စောဒနာလွှာတတိယပိုင်း အတွက် သက်သေခံဖြစ်သည်ကို အစွဲပြု၍

(၃-၁/၃-၂/၃-၃/၃-၄/၃-၅/
၃-၆/၃-၇/၃-၈/၃-၉/၃-၁၀/
၃-၁၁/၃-၁၂/၃-၁၃/၃-၁၄/၃-၁၅/
၃-၁၆/၃-၁၇/၃-၈/၃-၁၉/၃-၂၀/
၃-၂၁/၃-၂၂/၃-၂၃/၃-၂၄/၃-၂၅/
၃-၂၆/၃-၂၇/၃-၂၈/)

ဟူ၍ နံပတ်စဉ်အမှတ်များပါတပ်လျက် သတ်မှတ်ပြပေးထားပါသည်။

(၃-၁)ကိုအစွဲပြု၍ စောဒနာအမှတ်(၁-၂၄)အရ(၂၄)ခုတို့ကိုလည်းကောင်း၊
(၃-၂)ကိုအစွဲပြု၍ စောဒနာအမှတ်(၂၅-၃၀)အရ(၆)ခုတို့ကိုလည်းကောင်း၊
(၃-၃)ကိုအစွဲပြု၍စောဒနာအမှတ်(၃၁-၄၇)အရ(၁၇)ခုတို့ကိုလည်းကောင်း၊
(၃-၄)ကိုအစွဲပြု၍စောဒနာအမှတ်(၄၉-၅၀)အရ(၂)ခုတို့ကိုလည်းကောင်း၊
(၃-၅)ကိုအစွဲပြု၍ စောဒနာအမှတ်(၅၀-၅၂)အရ(၃)ခုတို့ကိုလည်းကောင်း၊
(၃-၆)ကိုအစွဲပြု၍ စောဒနာအမှတ်(၅၃)အရ(၁)ခုတို့ကိုလည်းကောင်း၊

(၃-၇)ကိုအစွဲပြု၍ စောဒနာအမှတ်(၅၄)အရ(၁)ခုတို့ကိုလည်းကောင်း၊
(၃-၈)ကိုအစွဲပြု၍ စောဒနာအမှတ်(၅၅-၇၅)အရ(၂၁)ခုတို့ကိုလည်းကောင်း၊
(၃-၉)ကိုအစွဲပြု၍ စောဒနာအမှတ်(၇၆-)အရ(၁)ခုတို့ကိုလည်းကောင်း၊
(၃-၁၀-)ကိုအစွဲပြု၍ စောဒနာအမှတ်(၇၇)အရ(၁)ခုတို့ကိုလည်းကောင်း၊
(၃-၁၁-နှင့်-၃-၁၂)ကိုအစွဲပြု၍ စောဒနာအမှတ်(၇၈-၈၀)အရ(၃)ခုတို့ကိုလည်းကောင်း၊
(၃-၁၃)ကိုအစွဲပြု၍ စောဒနာအမှတ်(၈၁)အရ(၁)ခုတို့ကိုလည်းကောင်း၊
(၃-၁၄)ကိုအစွဲပြု၍ စောဒနာအမှတ်(၈၂-၉၀)အရ(၉)ခုတို့ကိုလည်းကောင်း၊
(၃-၁၅)ကိုအစွဲပြု၍ စောဒနာအမှတ်(၉၁-၉၇)အရ(၇)ခုတို့ကိုလည်းကောင်း၊
(၃-၁၆)ကိုအစွဲပြု၍ စောဒနာအမှတ်(၉၈-၁၁၀)အရ(၁၃)ခုတို့ကိုလည်းကောင်း၊
(၃-၁၇)ကိုအစွဲပြု၍ စောဒနာအမှတ်(၁၁၁-၁၂၅)အရ(၁၅)ခုတို့ကိုလည်းကောင်း၊
(၃-၁၈)ကိုအစွဲပြု၍ စောဒနာအမှတ်(၁၂၆-၁၂၇)အရ(၂)ခုတို့ကိုလည်းကောင်း၊
(၃-၁၉)ကိုအစွဲပြု၍ စောဒနာအမှတ်(၁၂၈)အရ(၁)ခုတို့ကိုလည်းကောင်း၊
(၃-၂၀)ကိုအစွဲပြု၍ စောဒနာအမှတ်(၁၂၉)အရ(၁)ခုတို့ကိုလည်းကောင်း၊
(၃-၂၁)ကိုအစွဲပြု၍ စောဒနာအမှတ်(၁၃၀-၁၃၁)အရ(၂)ခုတို့ကိုလည်းကောင်း၊
(၃-၂၂)ကိုအစွဲပြု၍ စောဒနာအမှတ်(၁၃၂-)အရ(၁)ခုတို့ကိုလည်းကောင်း၊
(၃-၂၃)ကိုအစွဲပြု၍ စောဒနာအမှတ်(၁၃၃)အရ(၁)ခုတို့ကိုလည်းကောင်း၊
(၃-၂၄)ကိုအစွဲပြု၍ စောဒနာအမှတ်(၁၃၄)အရ(၁)ခုတို့ကိုလည်းကောင်း၊
(၃-၂၅)ကိုအစွဲပြု၍ စောဒနာအမှတ်(၁၃၅)အရ(၁)ခုတို့ကိုလည်းကောင်း၊
(၃-၂၆)ကိုအစွဲပြု၍ စောဒနာအမှတ်(၁၃၆)အရ(၁)ခုတို့ကိုလည်းကောင်း၊
(၃-၂၇)ကိုအစွဲပြု၍ စောဒနာအမှတ်(၁၃၇-၁၃၉)အရ(၃)ခုတို့ကိုလည်းကောင်း၊
(၃-၂၈)ကိုအစွဲပြု၍ စောဒနာအမှတ်(၁၄၀)အရ(၁)ခုတို့ကိုလည်းကောင်း အသီးသီး ခွဲခြား၍ ရေးသားပြုစုထားပါသည်။

သို့ဖြစ်ပါ၍ စောဒနာလွှာ(၃)ပိုင်းစလုံးကို အကျဉ်းချုပ်ပြဆိုရလျှင် စောဒနာဝင်သက်သေခံစာအုပ်စုစုပေါင်း(၇+၃+၂၈=၃၈)အုပ်တို့ ဖြစ်ကြသည်။

စာမျက်နှာစုစုပေါင်း(၁၃၃၅+၆၇၈+၅၉၀၄)မျက်နှာတို့ ရှိကြသည်။

၎င်းတို့တွင် မိုးပြာကျောင်းမှာပေးစာများကို ပထမပိုင်းနှင့် တတိယပိုင်းတို့မှာ ပါရှိ၍ နှစ်ကြိမ်တွေ့ရပါမည်။

စောဒနာလွှာစာမျက်နှာစုစုပေါင်း(၁၈၅+၂၁၁+၁၇၄=၅၇၀)မျက်နှာတို့ ရှိကြပါသည်။

စောဒနာဝင်သက်သေခံ စာမျက်နှာနှင့် စောဒနာလွှာစာမျက်နှာတို့ အရေအတွက်ချင်းအားဖြင့် ကွာလွန်းလှကြောင်း တွေ့ကြရပေမည်။

ဖော်ပြပါစာရင်းထဲတွင် ဉာဏကထာစာအုပ်(ပထမတွဲ)မျှသာ ပါရှိ၍ ဒုတိယတွဲနှင့်တတိယတွဲမပါရှိသေးပေ။ ထို့အတူ မဟာပေါ်ဌကလည်း ဒုတိယအုပ်မပါရှိသေးပေ။ အခြားလက်လှမ်း-မီနိုင်ရာစာအုပ်များလည်း မပါရှိကြသေးပေ။

၎င်းစာအုပ်တို့ရှိနေကြကြောင်းကို ၎င်းတို့ထုတ်ဝေထားသည့် စီဒီခွေထဲတွင် အသေအချာ တွေ့မြင်နိုင်ကြမည် ဖြစ်ပါသည်။ စီဒီခွေကိုဖွင့်ကြည့်လျှင် ဉာဏဖိုင်နှင့်တကွ စာဖိုင်ကြီး(၁၈)ခုတို့ကိုလည်းကောင်း၊ ၂၀၀၃-၂၀၀၄-ခုနှစ်တို့က အင်တာနက်တွင် တင်၍ ဆွေးနွေးချက်မှတ်တမ်းခေါင်းစဉ်ကြီး(၅)ခုတို့ကိုလည်းကောင်း တွေ့မြင်ကြမည်။

**စီဒီခွေထဲမှစာအုပ်များနှင့်အင်တာနက်ဆွေးနွေးချက်များ**

ကျ။ (၀၀၁)အရ တဏှာရှင်းတမ်း။ နှာ-(၆၂)။

(၀၀၂)အရ ဉာဏကထာ။ နှာ-(၁၀၅၀)။

ခ။ (၀၀၃)အရ ဓမ္မ။ နှာ-(၅၀၆)။

(၀၀၄)အရ နိဗ္ဗာန်နှင့်ယနေ့ဗုဒ္ဓဘာသာ။ နှာ-(၂၂)။

ဂ။ (၀၀၅)အရ နိဗ္ဗာန်နှင့်သက္ကာယမိစ္ဆာဒိဋ္ဌိ။ နှာ-(၈၆)။

(၀၀၆)အရ သဒ္ဓမ္မသုံးဖြာသိစရာ။ နှာ-(၃၄၈)။

ဃ။ (၀၀၇)အရ ဗုဒ္ဓဘုရား၏လောကအမြင်မိတ်ဆက်။ နှာ-(၁၆)။

(၀၀၈)အရ ဓမ္မကထာ။ နှာ-(၃၂၀)။

င။ (၀၀၉)အရ ပါဠိအဘိဓမ္မာပိဋကသမိုင်း။နှာ-(၁၁၀)။

(၀၁၀)အရပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာသာလမ်းညွှန်။နှာ-(၁၃၀)။ စ။

(**၀၁၀**)အရ မဟာပေါ်ဌက။ နှာ-(၁၇၇၈)။

(၀၁၁)အရ မိုးပြာကျောင်းမှပေးစာများ(၁)။ နှာ-(၄၅၀)။

ဆ။ (၀၁၂)အရ ဓမ္မဝိဟာရီသို့ဦးခိုက်ခြင်း။ နှာ-(၁၆)။

(၀၁၃)အရ နိဗ္ဗာနဒီပနီ ဘယ်လဲ။ နှာ-(၂၃၀)။

ဇ။ (၀၁၄)အရ ဓမ္မပူဇာဘုရားရှစ်ခိုးကျမ်း။ နှာ-(၁၉၇)။

(၀၁၅)အရ မိစ္ဆာဒိဋ္ဌိနှင့်သမ္မာဒိဋ္ဌိ။ နှာ-(၁၀)။

ဈ။ (၀၁၆)အရရှေ့နောက်ဘဝအယူမှားများအကြောင်းသဲလွန်စများ။ နှာ-(၄၈)။

(၀၁၇)အရ မိလိန္ဒပဥှာ ဝတ္ထုဘယ်လဲ။ နှာ-(၃၁၂)။

ည။ (၀၁၈)အရ ဝိသုဒ္ဓိမဂ်ဘယ်လဲ။ နှာ-(၄၀၈)။

(၀၁၉)အရ ပစ္စုပ္ပန်ကမ္ဘဝါဒဗုဒ္ဓဘာသာ(အနုပါဒါ)ယဉ်ကျေးမှု အခြေခံသင်ခန်းစာ။ နှာ-(၉၀)။

ဋ။ (၀၂၀)အရ သာမညသဘောတရားကျမ်း။ နှာ-(၁၂၉)။

(၀၂၁)အရ အရိယဝေါဟာရတ္ထကထာ။ နှာ-(၃၈၄)။

၄။ (၀၂၂)အရ ဘာသာတရားဆိုတာဘာလဲနှင့်လွှန်ကျူးမှုကို ဘယ်လိုနားလည်ရမလဲ။ နှာ-(၇၂)။
(၀၂၃)အရ သက္ကာယမိစ္ဆာဒိဋ္ဌိမှသမ္မာဒိဋ္ဌိသို့။ နှာ-(၃၂)။
၃။ (၀၂၄)အရ ဓမ္မစကြာ ညွှန်ပြချက်။ နှာ-(၇၂)။
(၁၏၁)အရ ဉာဏဓာတ်ပုံတစ်ပုံ။ နှာ-(၁)။
(၎င်းတို့မှာ စာအုပ်အားဖြင့်(၂၆)အုပ်ဖြစ်၍ စာမျက်နှာအားဖြင့်(၇၃၀၀)ကျော်ခန့် ရှိကြသည်။)

**အထက်ပါတို့သည် ဉာဏဖိုဒါတစ်ခုအတွင်းမှာ ထည့်ထားသည့်စာများသာ ဖြစ်ကြသည်။**

၎င်းဖိုဒါနှင့်တွဲဖက်ဖိုင်များမှာ အောက်ပါအတိုင်း ဖြစ်ကြပါသည်။

၁။ အဗျာကထနဖိုင်(အယူမှားများနှင့်ဗုဒ္ဓညွှန်ပြမိစ္ဆာဒိဋ္ဌိများ။ ဘုရားမပြောသောစကားများနှင့် မိစ္ဆာဒိဋ္ဌိအယူမှားများ)။ နှာ-၅၀။

၂။ ဘာသာတရားများအပေါ် ယေဘုယျနိုင်းယှဉ်ချက်ဖိုင်။ ဇယားကွက်စာမျက်နှာ-၆။

၃။ ဓမ္မပဒကောက်နုတ်ချက်ပါဠိမူရင်းနှင့် သူ၏မြန်မာပြန်များဖိုင်။ နှာ-၅။

၄။ ပါဠိအဘိဓမ္မာပိဋကသမိုင်းဖိုင်။ နှာ-၁၁၀။

၅။ ပါဠိစာပေသမိုင်းဖိုင်။ နှာ-၃၃၆။ (အမ်အေ-ဒေါ်အုမ်း၏စာအုပ်ဖြစ်သည်။)

၆။ ဝေဒခေတ်စစ်သူရဲကောင်းမှသည်။ နှာ-၁၀။ (တင်အောင်ချို၏ဆောင်းပါးဖြစ်သည်။)

၇။ အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ် ကာလာမသုတ်။ နှာ-၈။

၈။ အတ္တကိလမထဖြစ်သောရူပါရူပကျင့်စဉ်များ(မူလပဏ္ဏာသ၊ မဟာသီဟနာဒသုတ် သူ့မြန်မာပြန်။) နှာ-၁၆။

၉။ ကိုယ်ကျင့်မင်္ဂလာစာရိတ္တပညာလက်စွဲစာစောင်။ နှာ-၉၀။

(ဗုဒ္ဓနည်းကျဓမ္မစာပေသင်တန်း။ ကိုယ်ကျင့်မင်္ဂလာစာရိတ္တပညာသင်တန်း။ -အမှတ်-၈/၂၀၀၄။)

(ကွင်းကျောင်းပရိယတ္တိစာသင်တိုက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့တွင် သင်ပြသည်ဟု ပါရှိသည်။)

၁၀။ ကမ္ဘာကြီးငြိမ်းချမ်းပါစေ။ နှာ-၃။

၁၁။ တွေးခေါ်သိမြင်မှုပညာရင်းမြစ်မူလသုတေသန။ နှာ-၈။ (ဒဂုန်ဦးလှဘေ၏ဆောင်းပါးဖြစ်သည်။)

၁၂။ ပစ္စုပ္ပန်ကမ္မဝါဒအနှစ်ချုပ်အရိယသစ္စာလေးပါး-ဝဋ်သုံးပါး-ဘုံစဉ်တရားတက်ပုံ-စသည်ဇယားပုံ။ နှာ-၁။

၁၃။ ကိုယ့်ကိုယ်ကိုပြန်လည်တွေ့ရှိခြင်း။ နှာ-၆၂၄။

၁၄။ ဗုဒ္ဓဓမ္မစစ် ရှာတော်ပုံမှတ်တမ်းစာသမိုင်း(၁)သို့မဟုတ်ကိုယ့်ကိုယ်ကိုပြန်လည်တွေ့ရှိခြင်း။ နှာ-၄၀၆။

၁၅။ မဟာသတိပဋ္ဌာနသုတ္တဥဒ္ဒေသပါဠိ။ နှာ-၁။

၁၆။ အမြတ်ဆုံးသောလူဥတ္တရိမနုဿဓမ္မ။ နှာ-၁၄။
၁၇။ သိပ္ပံနည်းကျဟူသည်။ နှာ-၆။
(ဖေါ်ပြပါတို့သည် ဉာဏဖိုဒါနှင့်တွဲဖက်ပါရှိနေကြသည့် စာပေစု(၁၇)စုတို့ ဖြစ်၍(၁၆၇၀)ခန့် ဖြစ်ကြသည်။)

**၂၀၀၃-ခုနှစ်၊ နိုဝင်ဘာလ၊ ၁၈-ရက်မှ စ၍တင်ထားသည့် ပုဂံနက်ဝက်ဘ်ဆိုက်မှ ဆွေးနွေးချက်များမှာ-**

ခေါင်းစီးကြီးက-"ဝိဟာရီထံမှသတင်းစကားများ"ဟူ၍ဖြစ်ပြီး--

ခေါင်းစီးငယ်များမှာ--

၁။ အကြောင်းတရားနှင့်အကျိုးတရားနှင့်ငါ (=ပဋိစ္စသမုပ္ပါဒ်)
၂။ ဓမ္မစက္ကပဝတ္တနသုတ်
၃။ ဇရာဒုက္ခမရဏဒုက္ခ
၄။ ဒုက္ခနိရောဓအရိယသစ္စာ--စသည်များနှင့် စာဖတ်သူတို့၏ဆွေးနွေးချက်(ပြန်စာများ)အများအပြားပါရှိကြသည်။

အလွန်စိတ်ဝင်စားစရာကောင်းလှသော ဆွေးနွေးချက်တစ်ချက်မျှကို ကောက်နှုတ်၍ တင်ပြပါသည်။

"သိကြားသာသနာရောက်နေပြီ-တဲ့။ မကောင်းသူပယ်၊ ကောင်းသူကယ်မယ်-တဲ့ဗျ။ သည်ကနေ့ဖြစ်နေတာက အကျင့်စာရိတ္တကောင်းသူတွေကို ပယ်။ မကောင်းသူတွေ ထိတ်ရောက်နေတယ်လေ။ သိကြားမင်းမျက်နှာလိုက်နေတယ် ထင်ပါတယ်။ ခေတ်အလျှောက်ပေါ့ဗျာ။ (display-Topic.Threads-asp-6.)

"မိရိုးဖလာတွေကသာ သည်အယူကို မလွှတ်တမ်း ခဲပြီး ယူထားကြတာ။ ဗုဒ္ဓရဲ့ဓမ္မကို မြင်သူတွေက ဒါတွေဟာ အနရိယသာဝကတွေရဲ့ဖြည့်စွက်ချက်လို့ မြင်နေကြပါပြီ။ ဒါတွေဟာ ဗြဟ္မဏဘာသာရဲ့လောင်းရိပ်အောက်ဆိုတာလည်း သိမြင်နေကြပါပြီ။ သည်အတွေးအခေါ်တွေကို ကျော်လွန်နေကြပါပြီ။ ပြောရဦးမယ်။ သည်ပုဂ္ဂိုလ်တွေက လူနည်းစုပဲ ရှိသေးတယ်။ တစ်နေ့တော့ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဖြစ်လာမှာပါ။ အချိန်တော့ ယူရဦးမှာပေါ့။

(၁၃. ၁၁. ၂၀၀၄-ရက်စွဲပါ ဓမ္မဝိဟာရီ၏ပြန်လည်ဆွေးနွေးချက် ဖြစ်ပါသည်။)

ထို့ပြင်-

ရှင်မိုးပြာ၏ကိုယ်တိုင်ဟောအသံပါ/အယုတ်ပုံပါ တရားခွေတို့လည်း(၂)ခွေတို့ကို လက်ခံရရှိပါသည်။

က။ ၁၀၁၂၂၀၀၁-ဒါနကုသိုလ်သည်မဂ္ဂင်ထိုက်ပါရဲ့လား၊ မဂ္ဂင်ရှစ်ပါး၊ မဂ္ဂင်ကျင့်ပွါးသူဟာအရာရောက်သူပါ။
ခ။ ၁၁၀၆၂၀၀၁-ဥပပတ္တိခန္ဓာအဖွင့်နှင့်ပစ္စုပ္ပန်ကမ္မဝါဒရှင်းတမ်း။
ဂ။ ၁၅၁၀၂၀၀၁-ဘာဝနာ၏အာရုံသည်ရုပ်နာမ်မဟုတ်ပါ၊ ဒုက္ခ၊ ဓမ္မအလင်းရောင်ကိုဘယ်အလင်းရောင်မှမမီ၊ ဘယ်လဲသုံးကျမ်း၏ကွင်းဆက်သဘော။
ဃ။ ၁၈၁၂၂၀၁-ကံနှင့်အကြောင်းအကျိုးကိုမသိလျှင်ဗုဒ္ဓဘာသာမဖြစ်နိုင်၊ ဒေါက်တာဦးသည်းမွန်၏ဇနီး

(၃)နှစ်ပြည့်ဆွမ်းကပ်တရား။

၄။ ၀၉၀၇၂၀၀၁-အစွဲဖြုတ်တရားတော်။(အစဂဏန်းမှာ-၁၉-ရက်၊ ၇-လ၊၂၀၀၁-ခုနှစ်ဟု ဆိုလိုပါသည်။)

ထို့ပြင်-

သင်တန်းသုံးပို့ချချက်ခွေတစ်စုံလျှင်(၅၀၀၀ိ)ဟုဈေးသိရပြီးမှ နှိုးဆော်စာအုပ်ဂယက်ကြောင့် ဝယ်မရဘဲ လက်လွတ်ခဲ့ရပါသည်။ အခြားသောဟောတရားကက်စက်ခွေများလည်း ရရှိမည်ဟုဆိုနေချိန်တွင် လက်လွတ်ခဲ့ရပါသည်။ တစ်ခြားစာအုပ်များလည်း နည်းတူပင် လက်လွတ်ခဲ့ရပါသည်။ စာအုပ်စာရင်းမျှသာ ရရှိ၍ စာအုပ်မရခဲ့သည့် စာအုပ်များမှာ--

(၁) သစ္စာလေးပါးမှလွတ်သောတရားမရှိ။

(၂) အရှင်ဉာဏိန္ဒာလင်္ကာရရေးထားသည့် ဒုက္ခနှင့်ဒုက္ခဖြစ်စဉ်သဘောတရား၊ သာမညကမ္မဒဿနကျမ်း။

(၃) ၎င်းရေးထားသည့် စွဲမှီဖြစ်ပွါးခြင်းသဘောတရားအပိုင်း(၁)အပိုင်း(၂)။

(၄) ၎င်းရေးသားသည့်လူမှာဖြစ်သည်-လူမဟုတ်။

(၅) ၎င်းရေးသားသည့်ဘုံသုံးပါးတရားနှင့်ဒိဋ္ဌိ။

(၆) အရိယဝေါဟာရပါဠိပဒတ္ထကကထာ။

(၇) ၎င်းပင်ရေးသားသည့် အရိယဝေါဟာရပါဠိပဒဘာသာဋီကာ။

(၈) ဖေကျော်ရေးသားသည့် ကံပုံရိပ်လွှာ။

(၉) အရှင်ဝိစိတ္တသာရာဘိဝံသရေးသားသည့် ဉပေက္ခာရှိသောနှလုံးသားစာအုပ်နှင့် သက္ကာယဒိဋ္ဌိရှင်းတမ်းသောခနောလွှာစာအုပ်ကြီး စသည်တို့ပင် ဖြစ်ကြပါသည်။ ထို့ကြောင့် စာအုပ်များသည်လည်း မပြည့်စုံကြသကဲ့သို့ ခွေများလည်း မပြည်စုံကြပေ။ သို့သော်လည်း ဝိနိစ္ဆယမှုကို ပြုတော်မူကြရန်အတွက်မှာမူ များပင်များလွန်းနေကြပြီ ဖြစ်ပါသည်။

**နိဒါန်းအတွင်းအရေးကြီးစာအုပ်များမှာ**

၁။ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ-အခန်း(၇) အပိုဒ်(၅၅)အရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဖွဲ့စည်းပေးသော နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့အမှတ်(၉)၏ဆုံးဖြတ်ချက်ဝိနိစ္ဆယစာအုပ်။(၁၃၄၄-ခုနှစ်၊ ပြာသိုလ်လဆုတ်( )ရက်။ ၁၉၈၃-ခုနှစ်၊ ဖေဖေါ်ဝါရီလ( )ရက်။)

၂။ သီတင်းသုံးဖေါ်ဖိတ်ခေါ်နိုင်ရန် ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာဝင်ဓမ္မမိတ်ဆွေများ၏လိပ်စာ။

၃။ ဖာလုံကောင်းဘယ်လဲ။ (စာမျက်နှာ=၈၀။ ထုတ်ဝေနှစ်=၂၀၀၅။)

၄။ သဒ္ဓမ္မသုံးဖြာစာအုပ်ကို အရှင်ဉာဏိန္ဒာလင်္ကာရရေးကြောင်းသက်သေခံသည့် ၎င်းစာအုပ်နိဒါန်းပိုင်း။

**အထက်ပါစာအုပ်များ၊ ခွေများ၊ သင်တန်းများ၊ အင်တာနက်ဆွေးနွေးချက်များသည် အဓမ္မဝါဒ အဝိနယဝါဒ သာသနပစ္စတ္ထိကဝါဒများ ဖြစ်ကြပါသည်။**

**ပြည်သူပြည်လူအများတို့အား လှည့်စားသိမ်းသွင်းမှုလည်းဖြစ်၍ နိုင်ငံတော်ဉပဒေများကို ကျူးလွန်မှုများလည်း ဖြစ်ကြပါသည်။**

**ယင်းသို့သဘောလက္ခဏာရှိကုန်သော စာအုပ်ထုတ်ဝေဖြန့်ချိမှုကြီးများ၊**
**ဟောခွေဖြန့်ချိမှုကြီးများ၊ အင်တာနက်ဆွေးနွေးမှုကြီးများသည်**
**ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးကို စော်ကားပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့်**
**နိုင်ငံတော်အစိုးရတည်ဆဲဥပဒေ(        ) အရ. . . . . .**
**. . . . . .  . . . . .  . . . . . ပြစ်မှု ဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။**

## သတ်ပုံမှားနှင့်စာမှားများအတွက်ဝန်ခံချက်

ဤနေရာတွင် စောဒနာလွှာများနှင့်ပတ်သက်၍ ဝန်ခံချက်တို့ကို ဖော်ပြလိုပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပစ္စုပ္ပန်ကမ္မဝါဒီ လူအင်အားများစွာတို့သည်(၂၅)နှစ်တို့တိုင် ရေးချင်ရာရာတို့ကို ရေးချင်သလို ရေးသားကြပြီး ထုတ်ဝေချင်သလို ထုတ်ဝေထားသဖြင့် စာအုပ်များက အလွန်ပင် များကြပါသည်။

ယင်းစာအုပ်တို့ကို ရှေးဦးစွာ ဖတ်ရှုကြပြီး စောဒနာထိုက်သောအချက်တို့ကို မှတ်သားကြကာ မိမိတို့၏ ထေရဝါဒဆိုင်ရာ ကျမ်းစာပေါင်းများစွာတို့ကိုလည်း အာရုံပြုကြရပါသည်။

စောဒကအင်အားစုကလည်း အလွန်ပင် နည်းကြပါသည်။ စောဒနာရေးသားပြုစုချိန်မှာလည်း (၁၈)လ ခန့်မျှသာ အချိန်ရရှိကြပါသည်။

သို့ဖြစ်ပါသောကြောင့် ကွန်ပျူတာ စာစီမှုတို့အရ စာလုံးသတ်ပုံမှားများနှင့် အပိုအလိုအမှားအယွင်းများ-များစွာပင် ပါရှိနိုင်ကြောင်းတို့ကို ဝန်ခံလိုပါသည်။ ဝိနိစ္ဆယအကျိုးငှါတင်ပြအပ်သောစာမူများဖြစ်၍ ဖတ်ရှုမည့် ပုဂ္ဂိုလ်များမှာ--

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးက တာဝန်နှင်းအပ်ခြင်းကို ခံယူကြမည့် ပညာရှင်ဆရာတော်ကြီးများ။

၂။ ဘုရားတစ်ဆူကဲ့သို့ ကိုယ်တိုင်ထင်မြင်အောင် တတ်သိကြသည့် အရှင်ဉာဏခေါင်းဆောင်ထားသည့် ပစ္စုပ္ပန်ကမ္မဝါဒီ ပညာတတ်ကြီးများ ဖြစ်ကြသည်ကို မြော်ထောက်၍လည်းကောင်း၊

သက်ဆိုင်ရာ အကိုးအကားပြ စာအုပ် များနှင့် ရည်ညွှန်းချက်ပါ သက်ဆိုင်ရာထေရဝါဒပိဋကတ်တို့ကို ပြန်လည်တိုက်ဆိုင်ကြည့်ရှုလိုက်လျှင်လည်း အဆိုပါအမှားအယွင်းများကို အလွယ်တကူ သိနိုင်ကြမည်ကို ထောက်ဆ၍လည်းကောင်း၊

အချိန်အားဖြင့် မြန်နိုင်သမျှမြန်အောင် အားထုတ်ရခြင်းကြောင့်လည်းကောင်း အဆိုပါအမှားအယွင်းများကို မူသန့်ဖြစ်အောင် ထပ်မံ ပြင်ဆင်ခြင်းမရှိဘဲ တင်ပြလိုက်ပါသည်။

တစ်ပါတည်းပင် ဆက်၍ လျှောက်ထား-တင်ပြလိုသည့်အချက်မှာ--

ယခုတင်ပြအပ်သော စောဒနာလွှာတို့နှင့်အတူ စောဒနာစာမူတစ်စုံကိုလည်း အပိုထည့်သွင်း၍ တင်ပြအပ်ပါသည်။ ၎င်းစာမူကို ဝိနည်းဓိုရ်ဆရာတော်ကြီးများကပင်ဖြစ်ဖြစ်-အခြားပညာရှင်ကြီးများကပင်ဖြစ်ဖြစ်-တည်းဖြတ်ပေးတော်မူကြရန် အသနားခံခြင်းပင် ဖြစ်ပါသည်။

၎င်းစာမူတို့ကို နောင်အခါတွင် ဝိနိစ္ဆယမှ ပြီးငြိမ်းပြီးစီးသွားပါက သက်ဆိုင်ရာမဂ္ဂဇင်းများနှင့် သက်ဆိုင်ရာ ဂျာနယ်များမှာ တရားဝင်ထည့်သွင်းဖော်ပြခွင့်ရရှိရန်နှင့် ပုဂ္ဂလိက ပုံနှိပ်တိုက်တို့မှ--

**နိဒါန်းကြီးနှင့်တကွသောစောဒနာလွှာပထမပိုင်း၊**

**နိဒါန်းကြီးနှင့်တကွသောစောဒနာလွှာဒုတိယပိုင်း၊**

**နိဒါန်းကြီးနှင့်တကွသောစောဒနာလွှာတတိယပိုင်း**

ဟူ၍ စွမ်းနိုင်သည့်ပမာဏအတိုင်း ထုတ်ဝေခွင့်ရရှိရန်တို့ကိုလည်း တောင်းခံပါသည်။

ယင်းသို့ထုတ်ဝေခွင့်ရရှိသောအခါမှာမူ အမှားအယွင်းအပိုအလိုမရှိအောင် ကြောင့်ကျစိုက်လျက် အထူးကြိုးပမ်းစိစစ်ပြီးမှ ပုံနှိပ်ထုတ်ဝေကြမည်ဖြစ်ကြောင်းတို့ကို အထူးလျှောက်ထား-တင်ပြပါသည်။

မြန်မာနိုင်ငံတော်တွင် ဖြစ်ပေါ်ဖူးသမျှ ဝိနိစ္ဆယတို့ထက် အလွန်ပင် ကြီးကျယ်သည့် ပမာဏဖြစ်နေသောကြောင့် နိုင်ငံတော်အစိုးရဌာနတို့မှ သေချာသတ်မှတ် ထုတ်ဝေအပ်သော ဝိနိစ္ဆယစာအုပ်ထက် ပို၍လည်း အားထုတ်ထိုက်သည်ဟုယူဆကြပါသည်။

သို့ဖြစ်ပါ၍ အထက်ပါလျှောက်ထား-တင်ပြချက်တို့ကို အထူးပြု၍ ထည့်သွင်းဖော်ပြအပ်ပါသည် အရှင်မြတ်တို့ဘုရား။

## ဝိနိစ္ဆယအကျိုးငှါစောဒနာလွှာများကိုအပ်နှင်းကြစဉ်

၁။ အထက်တွင်ဖော်ပြခဲ့သည့် စောဒနာဝင်သက်သေခံစာအုပ်များ(၃၇)အုပ်တို့ကိုလည်းကောင်း၊

၂။ စာအုပ်များနှင့်အင်တာနက်ဆွေးနွေးချက်များပါသည့်စီဒီခွေ(၂-မူ)ကိုလည်းကောင်း၊

၃။ တရားဟောချက်ငါးခုပါရုပ်သံခွေ(၂-မူ)ကိုလည်းကောင်း၊

၄။ အင်တာနက်ဆွေးနွေးချက်နမူနာစာရွက်(၁)ရွက်ကိုလည်းကောင်း၊

၅။ ပါဒကဌပနာကြီးနှင့်ပါဒကစောဒနာကြီး အပါအဝင် စောဒနာလွှာသုံးအုပ်(၂-စုံ)စီတို့ကိုလည်းကောင်း၊

၆။ ၎င်းစာစီထိန်းသိမ်းခွေ(၂-မူ)စီတို့ကိုလည်းကောင်း၊

၇။ စောဒနာတို့၏နိဒါန်းကြီးစာအုပ်(၂-မူ)တို့ကိုလည်းကောင်း၊

၈။ စောဒနာစာမူခွေအတွင်းသွင်း၍ စာစီထိန်းသိမ်းမှတ်တမ်းတင်ခွေ(၂-မူ)စီကိုလည်းကောင်း၊

၉။ နိဒါန်းကြီးအတွင်းအရေးကြီးစာအုပ်သက်သေခံ(၄)အုပ်တို့ကို(နိ-၁/နိ-၂/နိ-၃/နိ-၄)ဟူ၍ နံပတ်စဉ်တပ်၍လည်းကောင်း၊

၁၀။ တည်းဖြတ်သုတ်သင်ပေး၍ ချီးမြှင့်တော်မူနိုင်ကြရန် စောဒနာလွှာစာမူ(၁-အုပ်)စီတို့ကိုလည်းကောင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာနဝန်ကြီး အမျိုးရှိကုန်သော သာသနာရေးဆိုင်ရာ အကြီးအကဲများထံသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ ရှေ့မှောက်တော်တွင် စောဒကဆရာတော်များက အသီးသီး ရေတွက်ပိုင်းခြားလျက် အပ်နှင်းကြပါသည်။

သာသနာရေးဝန်ကြီးက နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား ၎င်းစောဒနာလွှာ စသည်များကို တစ်ဖန်ဆက်ကပ်မည် ဖြစ်ပါသည်။

နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် ဤကိစ္စကြီးကို ဆောင်ရွက်တော်မူကြရမည်ဖြစ်၍ ပင်ပန်းတော်မူကြရတော့မည် ဖြစ်ပါသည်။ စောဒကပုဂ္ဂိုလ်များကြောင့် ပင်ပန်းရသကဲ့သို့ ဖြစ်တော်မူကြသည်ဖြစ်၍ တပည့်တော်များအနေဖြင့် ဆရာတော်များအား ပင်ပန်းစေလိုခြင်းလုံးဝမရှိဘဲ အားကိုးအားထားပြုခြင်းမျှသာ ဖြစ်ပါကြောင်း ရိုသေလေးမြတ်စွာ ပန်ကြားလျှောက်ထားပါသည် အရှင်မြတ်တို့ဘုရား။ ဤသို့ပင်ပန်းစေလိုခြင်း မရှိကြသည်ဖြစ်၍ အချို့စောဒနာလွှာများတွင် အပြည့်အစုံနီးပါးမျှ ကြိုးစား၍တင်ပြပေးထားပါသည်။

နိုင်ငံတော်သံဃမဟာနာယကဆရာတော်ဘုရားကြီးများအနေဖြင့်

"ငါတို့၏တပည့်ငယ်များသည် မြတ်ဗုဒ္ဓ ၏ သာသနာတော်မြတ်ကြီးအပေါ်တွင် ချစ်မြတ်နိုးသောစိတ်ထားတို့နှင့် ပြည့်စုံကြပေသည်။

မူလသာသနာတော် အစစ်ဖြစ်သော ပရိယတ္တိပညာတို့နှင့် ပြည့်စုံကြပေသည်။

သာသနာတော်အတွက် ရဲဝံ့သောဓမ္မသတ္တိတို့နှင့်လည်း ပြည့်စုံကြပေသည်"ဟု သဘောတော်ထားရှိကြလျက် ပင်ပန်းမှုတို့ကို သည်းခံတော်မူကြပါဘုရား။

<u>(ဖေါ်ပြပါအတိုင်း အဆင်မပြေခဲ့ကြောင်း သိရပါသည်။)</u>

# ဖွတ်မှမိကျောင်းသို့(၂၅)နှစ်ဖြစ်စဉ်

နောက်နားတွင် အကျယ်လျှောက်တင်ပါ့မည်ဟုဝန်ခံခဲ့သည့်အချက်ကြီး(၂)နေရာ ထားရှိခဲ့ပါသည်ဘုရား။ ထိုကိစ္စရပ်တို့ကို ယခုအခါတွင် လက်ဆက်၍ လျှောက်တင်ပါဦးမည်ဘုရား။

၎င်းကိစ္စတို့မှာ--

"ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာအမည်ခံဘာသာရေးဂိုဏ်းကြီးသည်-

"မြန်မာနိုင်ငံတော်တွင် ပေါ်ပေါက်ခဲ့သမျှကုန်သော အဓမ္မဝါဒအားလုံးတို့နှင့် တစ်စိတ်တစ်ပိုင်းအားဖြင့် အတူပြု-ယူထားသည်ဖြစ်၍ အဓမ္မဝါဒီအားလုံးကို ဆွဲစု-သိမ်းယူထားနိုင်ရာ မဟာအင်အားစုကြီး ဖြစ်သည်။

"ပညာရှင်အင်အား ဘာသာဝင်အင်အား ငွေကြေးအင်အား ပုံနှိပ်ထုတ်ဝေရေးဖြန့်ချိအင်အား အကြီးမားဆုံး အခိုင်မာဆုံး အဓမ္မဝါဒီဂိုဏ်းကြီးလည်း ဖြစ်သည်။

"သက်တမ်း အရှည်ကြာဆုံး အပြန့်နှံ့ဆုံးဖြစ်၍ အကျယ်ပြန့်ဆုံးအဓမ္မဝါဒီဂိုဏ်းကြီးလည်း ဖြစ်သည်။ ထို့ကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာသာသနာတော်မြတ်ကြီးအား အတိုက်စားဆုံး အစော်ကားဆုံး အဖျက်ဆီးဆုံး အန္တရာယ်ကြီး ဖြစ်သည်။

ဤအကြောင်းတို့ကို နောက်နားတွင် ဆက်လက်၍ အကျယ်ရှင်းလင်းတင်ပြပါ့မည်။

"မြန်မာနိုင်ငံတော်တွင် ဖြစ်ပေါ်ဖူးသမျှ ဝိနိစ္ဆယတို့ထက် အလွန်ပင် ကြီးကျယ်သည့် ပမာဏဖြစ်နေသောကြောင့် နိုင်ငံတော်အစိုးရသာသနာရေးဌာနတို့မှ သေချာသတ်မှတ် ထုတ်ဝေအပ်သော ဝိနိစ္ဆယစာအုပ်ထက် ပို၍လည်း အားထုတ်ထိုက်သည်ဟု ယူဆကြပါသည်။

သို့ဖြစ်ပါ၍ အထက်ပါလျှောက်ထား-တင်ပြချက်တို့ကို အထူးပြု၍ ထည့်သွင်းဖေါ်ပြအပ်ပါသည် အရှင်မြတ်တို့ဘုရား။ နောက်နားတွင် အကျယ်တဝင့် လျှောက်ထား ပါဦးမည်"ဟူ၍ပင် ဖြစ်ကြပါသည်။

အထက်ပါကိစ္စရပ်များကို အစဉ်အတိုင်း လျှောက်တင်ပါ့မည်ဘုရား။

**"မြန်မာနိုင်ငံတော်တွင် ပေါ်ပေါက်ခဲ့သမျှကုန်သော အဓမ္မဝါဒအားလုံးတို့နှင့် တစ်စိတ်တစ်ပိုင်းအားဖြင့် အတူပြု-ယူထားသည်ဖြစ်၍ အဓမ္မဝါဒီအားလုံးကို ဆွဲစု-သိမ်းယူထားနိုင်ရာ မဟာအင်အားစုကြီး ဖြစ်သည်"ဟုဆိုရာတွင်--**

"ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာအမည်ခံဘာသာရေးဂိုဏ်းကြီးသည်-

အဘိဓမ္မာပိဋကကို ဘုရားဟော မဟုတ်ဟု ယူကြသည်။

ပိဋကတ်သုံးပုံတို့သည်လည်း ဘုရားဟောအစစ် မဟုတ်ကြဟု ယူကြသည်။

ရှေ့ဘဝနောက်ဘဝမရှိဟု ယူကြသည်။

ကံနှင့်ကံ၏အကျိုးမရှိဟု ယူကြသည်။

သုံးဆယ့်တစ်ဘုံမရှိဟု ယူကြသည်။

ဗြဟ္မာနတ်ငရဲသားစသူတို့သည် လူကောင်းဖြစ်ခိုက်လူကောင်း၏ပုံကြီးမျှသာ ဖြစ်သည်ဟု ယူကြသည်။

ဘုရားရှိခိုးခြင်း ဆွမ်းတော်ပူဇော်ခြင်း ဥပုသ်စောင့်ခြင်းစသည်တို့ကို မပြုသင့်ဟု ယူကြသည်။

နိဗ္ဗာန်နှင့်သံသရာကို အယုံအကြည်မရှိဟု ယူကြသည်။

လူအစစ်သည် လူသာ ဖြစ်သည်။ မူလခန္ဓာ ဖြစ်သည်။ ၎င်းကို တရားမရှုရ၊ ရှုလျှင်တရားမဟုတ်ဟု ယူကြသည်။

သမထဘာဝနာဝိပဿနာဘာဝနာတို့ကို ဘာဝနာမဟုတ်ဟု ယူကြသည်။ ပရမတ္ထတရားတို့ကို အယုံအကြည်မရှိဟု ယူကြသည်။

ကုသိုလ်ကောင်းမှုတို့ကို မပြုကောင်းဟု ယူကြသည်။

လူအစစ်ဖြစ်သော မူလ ခန္ဓာအပေါ်တွင် စွဲထင်တွယ်ကပ်လာကြသည့် ဥပါဒါနက္ခန္ဓာအရိပ်တုတို့ကို ပယ်ခွါနိုင်လျှင် တရားဖြစ်သည်။ အရိယာဖြစ်သည်ဟု ယူကြသည်။

ပိဋကဒေသနာတို့ဖြင့် လူတို့ကို လှည့်စား၍ မိမိတို့ဂိုဏ်းအတွင်း ဝင်ရောက်လာစေရန် သိမ်းသွင်းကြရမည်ဟု ယူကြသည်။

ကာမရာဂကို အားပေးကြရမည်ဟု ယူကြသည်။

မာရ်နတ်ဆိုသည်မှာ သီးခြားနတ်ဘုံက နတ်မဟုတ်ဟု ယူကြသည်။

ဗြဟ္မာဆိုသည်မှာ သီးခြားဗြဟ္မဘုံက ဗြဟ္မာမဟုတ်-လူသာဖြစ်သည်ဟု ယူကြသည်။

ထေရဝါဒဗုဒ္ဓဘာသာတို့သည် အာကာသခေါ် နတ္ထိဘာဝကို နိဗ္ဗာန်ဟု ထင်မှတ်သူများ ဖြစ်နေကြသည်ဟု ကျောက်သဘော်ဝါဒဖြင့် ထေရဝါဒဗုဒ္ဓဘာသာတို့ကို စွပ်စွဲကြသည်။

မိမိကိုယ်တိုင်သိမြင်ခြင်းဖြင့် အသိအမြင်ပြည့်စုံသည်ဟု ယူကြသည်။

သိဒ္ဓတ္ထဘဝမှ ဗုဒ္ဓဘဝသို့ တိုးတက်လာခြင်း ဘုရားအသိဉာဏ်ရရှိခြင်းသည် ဘာမှမလုပ်ဘဲ သာမန်လူလိုနေခြင်းကြောင့် ရသည်ဟု ယူကြသည်။

လေးအသင်္ချေ ကမ္ဘာတစ်သိန်းပါရမီဖြည့်ကျင့်ရသည်ဖြစ်၍ဖြစ်လာသော ဗုဒ္ဓကို မိစ္ဆာဗုဒ္ဓဟု ယူကြသည်။

ထေရဝါဒမျက်မှောက် သာသနာဝင်ထေရ်အရှင်တို့ကို အကြီးအကျယ် ကဲ့ရဲ့ရှုံ့ချမှုတို့ကို မရပ်မနား ပြုကြရမည်ဟု ယူကြသည်။

နိဗ္ဗာန်ဆိုသည်မှာ ကိလေသ ကံ ဝိပါက ကင်းကွာနေသည့် မူလကိုယ်ကောင်အစစ်ပင် ဖြစ်သည်ဟု ယူကြသည်။

ပရမတ်တို့သည် တရားမဟုတ်ဟု ယူကြသည်။ နိဗ္ဗာန်တရားသည် ခန္ဓာကိုယ်အတွင်းမှာ ဖြစ်သည်ဟု ယူကြသည်။

ဥပါဒါန်အစွဲကင်းအောင်နေခြင်းဖြင့် မူလခန္ဓာအတိုင်းတည်လျှင် နိဗ္ဗာန်ရနေသူဟု ယူကြသည်။

ထို့ကြောင့် မိမိကိုယ်ခန္ဓာကို ကိုယ်ခန္ဓာအတိုင်းထားဟု ယူကြသည်။

အကုသိုလ်မှုကျွမ်းကျင်ခြင်း ကိုယ်ကိုယ်ကိုအစိုးရခြင်းစသည်တို့ကို အဘိညာဏ်ဟုယူခြင်းတို့ကိုလည်း ယူကြပါသည်။

ဤသို့စသည်ဖြင့် အယူရှိကြကြောင်း စောဒနာဝင်ဌပနာစကားတို့ကို တွေ့မြင်သုံးသပ်သောအခါတွင် ထင်ရှားကြမည် ဖြစ်ပါသည်။ ဤနိဒါန်းကြီးအတွင်း ကောက်နှုတ်ပြချက်တို့ကို မြင်ရုံမျှဖြင့်လည်း ထင်ရှားလောက်ပါပေသည်။

အထက်ပါအယူတို့တွင်-

ပိဋကတ်ကိုပယ်ခြင်း၊

သုံးဆယ့်တစ်ဘုံကိုပယ်ခြင်း၊

ရှေ့ဘဝနောက်ဘဝကိုပယ်ခြင်း၊

အဘိဓမ္မာကိုပယ်ခြင်းစသည်တို့သည် ဦးဆောင်သူ"တောင်တွင်းကြီးရှင်ဥက္ကဋ္ဌ"နှင့်မိစ္ဆာဝါဒီတို့၏ လူသေလူဖြစ်အဓမ္မဝါဒကြီးနှင့် လုံးဝနီးပါးမျှ တူကြပါသည်။ အကျယ်လျှောက်ထားဖွယ်ပင် မလိုအောင် ထင်ရှားပါပြီ။

မူလခန္ဓာကိုယ်ကို ကိုယ်အတိုင်းထား၍ နိဗ္ဗာန်ရခြင်း၊

ဝိပဿနာအလုပ်-လုပ်ဖွယ်မရှိဘဲ သမာအမြင်စသောတရားတို့ဖြင့် မဂ်အတုကိုပွါး၍ နိဗ္ဗာန်ရောက်ကြောင်း၊ လွတ်မြောက်ကြောင်းယုံကြည်ခြင်းစသည်တို့သည် ကျောက်သဘော်ဝါဒီတို့နှင့် မိုးညှင်းမြို့သတိပဋ္ဌာန်ရိပ်သာဆရာတော်စသူတို့၏ အဓမ္မဝါဒကြီးနှင့် တူညီနေကြပါသည်။

ပိဋကတ်ဒေသနာတော်တို့နှင့် လက်ရှိသံဃာတော်တို့ကို အကြီးအကျယ် တိုက်ခိုက်မှု ပြုနေခြင်းစသည်တို့သည် ဦးဆောင်သူ"ကျောက်ပုံတောရဦးစံရင်း"နှင့်မိစ္ဆာဝါဒီတို့၏ အဓမ္မဝါဒကြီးနှင့် တူညီနေပါသည်။ ဦးစံရင်းသည် ရဟန်းဘဝမှ လူချွတ်ခံရသူဖြစ်၍ သံဃာတော်တို့အပေါ်တွင် အခဲမကြေသူကြီးတစ်ဦး ဖြစ်ပါသည်။

ပုံရိပ်ထင်စိတ်စွဲခန္ဓာ(ဥပါဒါနက္ခန္ဓာ)ကိုပယ်ခွါနိုင်လျှင်တရားရသည်ဟုယူခြင်း၊

နိဗ္ဗာန်သည် ကိုယ်အတွင်းမှာ ရှိသည်ဟုယူခြင်း၊

ပိဋကတ်သုံးပုံတို့ကို ဖျက်ဆီး၍ ကိုယ်လိုရာအတိုင်း ဆွဲတတ်ခြင်းစသည်တို့သည်ဦးဆောင်သူ "ဆူးလေဦးမြင့်သိန်း" နှင့်မိစ္ဆာဝါဒီတို့၏ ထေရဝါဒသမ္မာပထဝိဘဇ္ဇဝါဒအကြောင်းသတ်ဝိပဿနာဝါဒတို့နှင့် လုံးဝနီးပါးမျှ တူကြပါသည်။

မြန်မာနိုင်ငံတွင် ငါတို့သည်သာလျှင် အရိယာဖြစ်ကြသည်ဟုယူခြင်း၊

အခြားသံဃာအစဉ်အဆက်တို့ကို အသိအမှတ်လုံးဝမပြုခြင်း၊

တိုက်ခိုက်စော်ကားခြင်းစသည်တို့သည် ဦးဆောင်သူ"ချစ်ငယ်(ဒဿန-ဗုဒ္ဓစာပေဆု)"နှင့် ၎င်းဂိုဏ်းဝင်တို့၏ ဓမ္မဝါဒ (သို့မဟုတ်)အဓမ္မဝါဒနှင့် တူညီနေပါသည်။

ထေရဝါဒပိဋကတ်တော်တို့ကို မဟုတ်မမှန်သောစာအုပ်များဟုဆိုခြင်း၊

မျက်မှောက်သံဃာတော်တို့ကို တရားအသိမရှိသူဟုစွပ်စွဲခြင်း၊

မိမိကိုယ်တိုင် ဘာသိဘာသာနေခြင်းဖြင့် ဘုရားအသိဉာဏ်ရှိသူဖြစ်ခြင်း စသည် တို့သည် ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒကျမ်းကို ရေးသားထုတ်ဝေသူ"ဦးအေးမောင်(စာပေဗိမာန်)"ဆိုသူနှင့်

"ရုပ်ရှင်မင်းသားကြီး ဦးကျော်ဟိန်း"ဆိုသူတို့၏အဓမ္မဝါဒကြီးနှင့် တူညီပါသည်။

ကာမဂုဏ်တို့ကိုအပြစ်မရှိဟုယူခြင်းစသည်တို့သည် ဦးဆောင်သူ"လက်ပံတန်းဦးမြတ်သိန်းထွန်း" နှင့် မိစ္ဆာဝါဒီတို့၏ အဓမ္မဝါဒကြီးနှင့် တူညီနေပါသည်။ ကောလင်းမှာပေါ်ခဲ့သည့်"သမ္ဗုဒ္ဓရာဇာအမည်ခံရဟန်းယုတ်"၏ အဓမ္မဝါဒကြီးနှင့်လည်း တူညီနေပါသည်။

မာရ်နတ်ဆိုတာ သီးခြားနတ်သားကြီး မဟုတ်ဟုယူခြင်း၊

ဗြဟ္မာဆိုတာလူပါပဲစသည်ဖြင့်ယူခြင်းစသည်တို့သည်"စာရေးဆရာကြီးပါရဂူ"၏ ဘာသာမဲ့ဝါဒ=အဓမ္မဝါဒကြီးနှင့် တူညီနေပါသည်။

ပါဠိတော်တို့ကို ခုတုံးအနေဖြင့်ယူထားခြင်း၊

ဗုဒ္ဓတရားဟုပြောဟောခြင်းစသည်တို့သည်ကား မူရင်းဖြစ်သည့် ထေရဝါဒယောင်ယောင်ပြုထားခြင်းဖြစ်၍ မူရင်းထေရဝါဒဗုဒ္ဓဘာသာဝင်တို့ကိုလည်း ဆွဲယူသိမ်းသွင်းနိုင်ကြပါသည်။

ဤသို့ဖြစ်နေကြသည့်အတွက်ကြောင့်---ထေရဝါဒဓမ္မဝါဒီများကိုရော အထက်ဖော်ပြပါအဓမ္မဝါဒီတို့ကိုပါ

ရရှိအောင် သိမ်းသွင်းယူနိုင်သည်ဖြစ်၍-

**"မြန်မာနိုင်ငံတော်တွင် ပေါ်ပေါက်ခဲ့သမျှကုန်သော အဓမ္မဝါဒအားလုံးတို့နှင့် တစ်စိတ်တစ်ပိုင်းအားဖြင့် အတူပြု-ယူထားသည်ဖြစ်၍ အဓမ္မဝါဒီအားလုံးကို ဆွဲစု-သိမ်းယူထားနိုင်ရာ မဟာအင်အားစုကြီးဖြစ်သည်"**ဟုဆိုရခြင်းပင် ဖြစ်ပါသည်။

အဓမ္မဝါဒီဂိုဏ်းတစ်ခုက အဓမ္မဝါဒီဂိုဏ်းသားများ၏ ပစ္စုပ္ပန်ကမ္မဝါဒီဂိုဏ်းအတွင်းသို့ ရောက်ရှိသွားခြင်းသည်လည်း မူရင်းဖြစ်သည့် ထေရဝါဒီဂိုဏ်းကြီးကို အလျင်အမြန် ဖျက်ဆီးနိုင်ကြောင်းပင် ဖြစ်ပါသည်။ သတိပြုတော်မူကြကုန်ရာသတည်း။

**"ပညာရှင်အင်အား ဘာသာဝင်အင်အား ငွေကြေးအင်အား ပုံနှိပ်ထုတ်ဝေရေးဖြန့်ချိအင်အား အကြီးမားဆုံး အခိုင်မာဆုံး အဓမ္မဝါဒီဂိုဏ်းကြီးလည်း ဖြစ်သည်"**ဟုဆိုရာတွင်--

ငွေရတုပူဇော်ပွဲစာအုပ်ကို သေချာလေ့လာကြည့်လျှင် အလွန်ပင် ထင်ရှားမည်ဖြစ်ပါသည်။

ပညာတတ်အမည်ခံ အရှင်ဉာဏိန္ဒာလင်္ကာရ

အရှင်ဝိစိတ္တသာရာဘိဝံသစသူများ၊

ဦးစိုးအောင်(သ-စ-အ-ဓမ္မာစရိယ၊ သုတေသန)စသည်များအပြင် စာရေးတတ်သူ ဟောပြောတတ်သူ အများအပြား ရှိနေကြပါသည်။ အခြေခံသင်တန်းများရော ဓမ္မဝိဟာရီသင်တန်းများပါရှိကြကြောင်း သိရပါသည်။ ဓမ္မဝိဟာရီသင်တန်းတို့တွင် အာသဝက္ခယဝိဟာရီစာတမ်းပြုစုကြရကြောင်းလည်း သိရပါသည်။

ဓမ္မဆရာဦးရန်အောင်၏ ဟောပြောချက်များအရ ဩဋ္ဌာရိကသုခုမဆေးပညာရှင်များအုပ်စုလိုက်ကြီးပင် ထိုပစ္စုပ္ပန်ကမ္မဝါဒီဂိုဏ်းသားများဖြစ်သွားကြကြောင်းလည်း ကြားသိရပါသည်။

အင်းဝဘဏ်သူဌေးကြီးဦးရင်စိန်တို့လို သူဌေးများကြောင့်လည်းကောင်း၊

ဦးမြင့်ဝင်းမောင်လို ပုံနှိပ်တိုက်ကျွမ်းကျင်သူများကြောင့်လည်းကောင်း၊

ဦးဝိစိတ္တသာရာဘိဝံသလို သိန်းပေါင်းထောင်သောင်းချီချမ်းသာသူများကြောင့်လည်းကောင်း စာအုပ်များအများအပြား ထုတ်ဝေနိုင်ကြောင်းလည်း သိရပါသည်။

ဦးဝိစိတ္တသာရာဘိဝံသသည် စာအုပ်များစွာတို့ကို ကိုယ်တိုင်ရေးပြီး ကိုယ်တိုင်ထုတ်ဝေလျက် ကိုယ်တိုင်ပင် နေရာများစွာသို့ လိုက်လံသွားလာ ပေးဝေစည်းရုံးနေကြောင်းသိရပါသည်။

ထိုင်းနိုင်ငံတွင် ပညာသင်ကျောင်းသားအဖြစ်ဖြင့် နေထိုင်လျက် ဝါဒဖြန့်နေသူအရှင်ကုမာရာလင်္ကာရလို နိုင်ငံတကာဆက်သွယ်ရေးကွန်ယက်များကို ဖန်တီးနိုင်ခြင်းကြောင့်လည်းကောင်း၊

ဓမ္မဝိဟာရီကိုယ်တိုင်ပင် **ဝိဟာရီ**အမည်ခံလျက် အင်တာနက်အသုံးပြု-ဟောပြောချက်-ဆွေးနွေးချက်တို့ကို ပြုလုပ်နေခြင်းကြောင့်လည်းကောင်း၊

ထိုင်းနိုင်ငံတွင်လည်း တစ်ဘဝသာရှိသည့် ပဋိစ္စသမုပ္ပါဒ်ဝါဒီ ရှင်ဗုဒ္ဓဒတ္တလို ထိုင်းဘုန်းကြီးများ ရှိနေခြင်းကြောင့်လည်းကောင်း၊

အင်တာနက်အားဖြင့်လည်း ကမ္ဘာသို့တိုင်အောင် ပေါက်ရောက်ကျယ်ပြန့်လျက်ရှိနေကြောင်း သိရပါသည်။

စင်္ကာပူဗုဒ္ဓဘာသာလူငယ်များအကြားတွင် အလွန်ရေပန်းစားသောဂိုဏ်းဖြစ်၍ စင်္ကာပူနေမြန်မာဗုဒ္ဓဘာသာများက မှာယူသဖြင့် ပေးပို့ရောင်းချရသည့် စာအုပ်များ-များပြားကြောင်းလည်း သိရပါသည်။

အရိယဘဏ္ဍာရန်ပုံငွေကဲ့သို့သော ရန်ပုံငွေများလည်း အလှူခံလေ့ရှိခြင်းကြောင့် အလွန်တိုးတက် ကြီးထွားနေကြောင်း သိရပါသည်။

ထို့ပြင် လစဉ်ထုတ်ပေးစာများကိုရောင်းချသည့်သွင်းငွေများနှင့် အခွန်လွတ် ထုတ်ဝေထားသည့် စာအုပ်ကြီးတို့ကို တစ်အုပ်လျှင်(၃၀၀၀)ကျပ်နှုန်းဖြင့် ရောင်းချရသည့်အတွက် အသင်းဝင်များထံမှ ရောင်းရငွေများကြောင့်လည်း အလွန်စည်ကားနေကြောင်း သိရပါသည်။

(လွတ်လပ်တဲ့လူတစ်အုပ် =၃၀၀ ဝိ/

ငွေရတုပူဇာတစ်အုပ်=၃၀၀၀ိ/

သင်တန်းခွေတစ်စုံ=၅၀၀၀ိ/စသည်။)

ဤသို့ဖြစ်နေကြသည့်အတွက်ကြောင့် ဖေါ်ပြပါအင်အားကြီးလေးရပ်တို့အရ-

**“ပညာရှင်အင်အား ဘာသာဝင်အင်အား ငွေကြေးအင်အား ပုံနှိပ် ထုတ်ဝေရေးဖြန့်ချီအင်အား အကြီးမားဆုံး အခိုင်မာဆုံး အဓမ္မဝါဒီဂိုဏ်းကြီးလည်း ဖြစ်သည်”**ဟုဆိုရခြင်းပင် ဖြစ်ပါသည်။

**“သက်တမ်းအရှည်ကြာဆုံး အပြန့်နှံ့ဆုံးဖြစ်၍ အကျယ်ပြန့်ဆုံးအဓမ္မဝါဒီဂိုဏ်းကြီးလည်း ဖြစ်သည်။ ထို့ကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာသာသနာတော်မြတ်ကြီးအား အတိုက်စားဆုံး အစော်ကားဆုံး အဖျက်ဆီးဆုံး အန္တရာယ်ကြီးဖြစ်သည်”**ဟုဆိုရာတွင်--

စောဒနာလွှာတတိယပိုင်း၊ စောဒနာ အမှတ်(၃)၌-

“၎င်းစာအုပ် နှာ-၂၀-၂၆-တွင် ပစ္စုပ္ပန်ကမ္မဝါဒဂိုဏ်း အနှစ်ချုပ်(၅)ချက်တို့ကိုလည်းကောင်း၊

**၁။ ၁၉၈၃-၁၉၈၆-ခုနှစ်က ဝိနည်းဓမ္မကံ(၉-၁၁)တို့ဖြင့် တရားစွဲခံရပြီး ထောင်သုံးနှစ်ကျခဲ့ကြောင်း**

**၂။ ၁၉၉၁-၁၉၉၈-ခုနှစ်တွင် ထေရဝါဒအတွင်းမှ ဂိုဏ်းသီးသန့်ထောင်မှုဖြင့်(၁၀)နှစ် ထောင်ကျခဲ့ကြောင်း**တို့ကိုလည်းကောင်း

ပစ္စုပ္ပန်ကမ္မဝါဒဂိုဏ်းဝင် စာပြုပုဂ္ဂိုလ်စာရင်းတို့ကိုလည်းကောင်း၊

စာအုပ်အရေအတွက်တို့ကိုလည်းကောင်း၊

ဓမ္မနာယကကြီးများအဖွဲ့၊

ဗဟိုဂေါပကအဖွဲ့၊

မန္တလေးဂေါပကအဖွဲ့၊

ရန်ကုန်ဂေါပကအဖွဲ့၊

မေမြို့ဂေါပကအဖွဲ့၊

ဓမ္မဆရာများအဖွဲ့၊

ဓမ္မစာစုဂေါပကအဖွဲ့တို့ကိုလည်းကောင်း ဖော်ပြထားပါသည်”ဟူ၍ တင်ပြအပ်ပြီးသည့်အတိုင်းပင်ဖြစ်၍ ဂိုဏ်းသက်တမ်းရှည်လှပြီဖြစ်ကြောင်း ထင်ရှားလှပါသည်။

တစ်နည်းအားဖြင့်မူ-

“ကုန်းဘောင်ခေတ်တွင် ဗုဒ္ဓသာသနာရေးဆိုင်ရာ ထူးခြားသော အဖြစ်အပျက် အပြောင်းအလဲများ ရှိခဲ့သည်။ ယင်းတို့တွင်-

(၁) အတင်အရုံကွဲပြားမှုချုပ်ငြိမ်းခဲ့ခြင်း

(၂) သာသနာရေးပြုပြင် ပြောင်းလဲမှုများ ပေါ်ပေါက်လာခဲ့ခြင်းနှင့်

(၃) **ဇောတိအယူဝါဒဂိုဏ်းပေါ်ထွန်းလာခဲ့ခြင်း**တို့ ဖြစ်သည်။

. . . ဗဒုံမင်း၏ သာသနာရေး လက်လျှော့ခဲ့သည့် အမိန့်တော်ကြောင့် ရဟန်းတို့ ကျင့်လိုရာ ကျင့်ဆောင်နိုင်ခွင့် ရရှိသွားကြသည်။ ရှေးပွဲကျောင်းရဟန်းတို့ကဲ့သို့ ဦးထုတ်ဆောင်း၊ သရပတ်ဆောင်း၊ ဒုကုဋ်တင်၊ ရင်ဘွဲ့စည်း၊ စည်တီး၊ မီးနှက်၊ ဆေးရေး၊ ကွင်းထိုး၊ မသာလိုက်၊ ဗေဒင်ဟော၊ လှေလှော်၊ လက်ပွေ့သတ်-မှုစ၍ လုပ်လိုသမျှ

လုပ်ကိုင်ခွင့်ပြုခဲ့သော်လည်း **ဇောတိအယူဂိုဏ်းကိုကား အပြင်းအထန် နှိမ်နင်းခဲ့ပါသည်။ ထိုဂိုဏ်းသည် မြေဒူးမင်း လက်ထက်မှ စတင်ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။**

ထိုဂိုဏ်း၏အယူဝါဒမှာ-

(၁) **စေတီ ပုထိုး ရုပ်တု မကိုးကွယ်**

(၂) **ရဟန်းသံဃာကို မဆည်းကပ်**

(၃) **သေပြီးနောက်ဘဝတစ်ဖန် မရှိတော့**ဟူ၍ ယုံကြည်ကြသည်။ **ဗဒုံမင်းသည် ထိုဇောတိဂိုဏ်းကို အပြီးတိုင် အပြင်းအထန် နှိမ်နင်းခဲ့ပါသည်။**

. . . မင်းတုန်းမင်း လက်ထက် ဘုရင့်သမားတော်ကြီး ဖြစ်သည့် ဓာတ်ဆရာဦးပိုလည်း ထိုဂိုဏ်းဝင်ပုဂ္ဂိုလ် ဖြစ်ကြောင်း သိရသည်။ မင်းတုန်းမင်းသည် မှားကြောင်းဝန်မခံသော ယင်း၏သမားတော်ကြီးအား သေဒဏ် ပေးခဲ့ပါသည်”

ဟူ၍ ဆိုအပ်ပြီးသည်နှင့်အညီပင်ဖြစ်၍ ဇောတိဂိုဏ်းမှ အတက်ထွက်လာခြင်းပင် ဖြစ်ပါသည်။

သို့ရာတွင် စင်စစ်အားဖြင့်သော်ကား (၁၉၉၁-၁၉၉၈)အရ ထောင်ဒဏ်(၁၀)နှစ်တို့မှ ထွက်လာပြီး နောက်တွင် မိလိန္ဒပဥှာဝတ္ထုစသည်တို့ကိုပါ ပြန်လည်ကူးယူ ဖြန့်ဝေကြောင်း တွေ့ရပြီး (**၂၀၀၂-၂၀၀၈**)တို့မှာ အကြီးအကျယ် အင်အားကြီးဂိုဏ်းဖြစ်လာကြောင်း တွေ့ရပါသည်။

ပြန့်နှံ့မှုအကြောင်းနှင့် ထေရဝါဒ ဗုဒ္ဓသာသနာတော်အား တိုက်ခိုက်မှုအကြောင်းတို့ကို အထူးလျှောက် ထားဖွယ်မရှိပါပြီ။

နိုင်ငံတော်သံဃမဟာနာယကဆရာတော်ဘဒ္ဒန္တမာနိတသိရီဘိဝံသထေရ်၏ မိန့်ကြားချက်အရ သိရသည် မှာ-

**“၁၉၈၃-၁၉၈၆-ခုနှစ်က ဝိနည်းဓမ္မကံ(၉-၁၁)တို့ဖြင့် တရားစွဲခံရပြီးကတည်းက ပြတ်ပြတ် သားသား အရေးယူဖို့စီစဉ်ခဲ့ရာတွင် တိပိဋကရေ မင်းကွန်းဆရာတော်ကြီးက မေတ္တာရပ်ခံမှုကြောင့် ထောင်သုံးနှစ်မျှဖြင့် ပြီးသွားရခြင်းပင်”**

**ဟူ၍ ဖြစ်ပါသည်။**

မြန်မာစကားပုံတို့တွင်**“ဖွတ်-မိကျောင်းဖြစ်၊ မြစ်-မချမ်းသာ”**ဟူ၍ ထင်ရှားသောစကားပုံ ရှိပါသည်။ ထိုစကားပုံအတွက် ပြယုဂ်ကောင်းတစ်ခု ဖြစ်လာကြောင်း တွေ့မြင်ကြရပါသည်။

(**၁၉၉၁**)ခုနှစ်တွင် ထေရဝါဒသာသနာတော်ကြီး စော်ကားခံခဲ့ကြရပြီး ဖြစ်သည်။

တစ်ဖန် (**၁၉၉၈**)ခုနှစ်မှစ၍ ယခုတိုင်အောင် ဆက်တိုက်ပင် ထေရဝါဒသာသနာတော်ကြီး ဖျက်ဆီး ခံနေကြရပေပြီ။

စာရေးသူတို့စောဒကများသည်(၁၉၈၃)ခုနှစ်က ဝိနိစ္ဆယအဟောင်းကို လက်လှမ်းမီသမျှ ရှာဖွေလေရာ တွေ့ရှိခဲ့ကြပါသည်။

သို့သော်လည်း(၁၉၉၁)ခုနှစ်က ဝိနိစ္ဆယဟောင်းကိုမူ မတွေ့မြင်ကြရပေ။ သာသနာရေးဦးစီးရုံးသို့ အကူ အညီတောင်ခံရာ ဦးစီးများကလည်း ရှာမတွေ့ကြောင်းကိုသာ ပြောပြနိုင်ကြပါတော့သည်။ ထို့ကြောင့် ဖြစ်ပျက်ပုံ တို့ကို မသိကြရတော့ပေ။

**“မြန်မာနိုင်ငံတော်တွင် ဖြစ်ပေါ်ဖူးသမျှ ဝိနိစ္ဆယတို့ထက် အလွန်ပင် ကြီးကျယ်သည့် ပမာဏ ဖြစ်နေသောကြောင့် နိုင်ငံတော်အစိုးရသာသနာရေးဌာနတို့မှ သေချာသတ်မှတ် ထုတ်ဝေအပ်သော**

**ဝိနိစ္ဆယစာအုပ်ထက် ပို၍လည်း အားထုတ်ထိုက်သည်ဟု ယူဆကြပါသည်”**ဆိုရာတွင်--

မြန်မာနိုင်ငံတော် တစ်ဝှမ်းလုံးပြန့်နှံ့နေပြီးဖြစ်လေရာ ယင်းတို့ပြန့်နှံ့ခဲ့သည့်ပမာဏအတိုင်း ပြန့်နှံ့စေနိုင်ရန် ကြိုးစားအားထုတ်နိုင်ကြမှသာလျှင် ထေရဝါဒီဗုဒ္ဓဘာသာဝင်များ အမြင်မှန်အယူမှန် လက်ခံခွင့်တို့ကို ပြန်လည်ရရှိနိုင်ကြမည် ဖြစ်ပါသည်။ ဤသို့ထုတ်ဝေနိုင်ကြရုံမျှဖြင့်ပင် မလုံလောက်သေးပေ။ ပြည်သူပြည်သား ဗုဒ္ဓဘာသာဝင်များမှာ ဘာသာရေးနစ်နာမှုတို့ကို ခံကြရဦးမည်သာတည်း။

ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများဖြေရှင်းဆုံးဖြတ် ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက်**အခန်း(၇)အပိုဒ်(၅၇)ပိုဒ်ခွဲ(င)အရ** ထိထိရောက်ရောက် ဆောင်ရွက်၍ ဖယ်ရှားရဦးမည်ပင် ဖြစ်ပါသည်။

ဤသို့ဆောင်ရွက်ရာတွင် မထိရောက်ခဲ့လေသောကြောင့်ပင် ယခုစောဒနာဝင်အမှုတွဲကြီးနှင့် တိုးနေရခြင်းပင် ဖြစ်ပေတော့သတည်း။ ဤတစ်မှုမျှကိုသာ တိုးနေခြင်းလည်း မဟုတ်သေးပေ။

ရှင်ဥက္ကဋ္ဌဝါဒများကိုလည်း တိုးနေရပါသည်။

ဆူးလေဦးမြင့်သိန်းဝါဒများကိုလည်း တိုးနေရပါသည်။

ဦးအေးမောင်ဝါဒတို့ကိုလည်း တိုးနေရပါသည်။

ကျောက်သဘော်ဝါဒတို့ကိုလည်း တိုးနေရပါသည်။

ကျောက်ပုံတောရဝါဒတို့ကိုလည်း တိုးနေရပါသည်။

ဉာဏစာရီဝါဒတို့ကိုလည်း တိုးနေရပါသည်။

၎င်းတို့အကြောင်းကို နောက်နားတွင် အကျယ်တင်ပြပါဦးမည်ဘုရား။

## ဖွတ်မှမိကျောင်းသို့(၂၅)နှစ်ဖြစ်စဉ်(၂)

ဤခေါင်းစဉ်ကိုထင်ထင်ရှားရှားဖြစ်စေခြင်းငှါ လွန်ခဲ့သည်ကာလ(၂၅)နှစ်က အဖြစ်အပျက်တစ်ချို့ကို ပြန်လည်တင်ပြရန် တာဝန်ရှိကြပါသည်။ ထိုစဉ်က ရှင်ဉာဏ(ခ)ရှင်မိုးပြာသည် စစ်ကိုင်းတိုင်း မင်းကွန်း ရွှေမြင်တင်တောင်မှာ နေထိုင်သူ ဖြစ်သည်။ ဈာန်ရပုဂ္ဂိုလ်၊ ပဋိသမ္ဘိဒါရဟန္တာ စသည်ဖြင့် ကြွားဝါကာ တရားဟောခဲ့သူ ဖြစ်သည်။

ထိုအကြောင်းကို ကြားသိကြသဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးကပင် စစ်ကိုင်းတိုင်း သာသနာရေးမှူး ဦးစိုးမြင့်က စွဲဆို၍ စစ်ကိုင်းမြို့နယ်သံဃနာယကသို့ တင်ခဲ့သည်။ ရှင်ဉာဏတို့နှစ်ပါး ရှုံးခဲ့ကြသည်။

တစ်ဖန် သူတို့ကပင် တိုင်းသို့တက်ခဲ့ကြသည်။ တိုင်းမှာလည်း သူတို့ပင်ရှုံးကြပြန်သည်။

တစ်ဖန် ဗဟိုဌာနဟုဆိုရမည်ဖြစ်သော နိုင်ငံတော်သံဃမဟာနာယကအထံတော်သို့ သူတို့ကပင် စောဒနာတင်ကြလျက်-

“သာသနာတော်ရေး လျှောက်ထားတောင်းဆိုလွှာ”အမည်ဖြင့် စာတင်၍ မြို့နယ်နှင့်တိုင်းတို့က ဆုံးဖြတ်ချက်တို့ကို ပယ်ဖျက်ပေးရန် တောင်းဆိုခဲ့ကြသည်။ နိုင်ငံတော်မှာလည်း သူတို့ပင် ရှုံးခဲ့ကြပြီး ထောင်(၃)နှစ် ကျခံခဲ့ကြရသည်။

၎င်းဝိနိစ္ဆယမှာ စာရေးသူတို့စောဒကများလက်ဝယ်တွင် ရောက်ရှိနေသဖြင့် ကောက်ချက်တစ်ချို့ကို တင်ပြလိုပါသည်။

"ရှင်ဉာဏသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ထံ၌ စောဒနာဝင်လွှာ စာမျက်နှာ(၂၈)၌-
"ဝိနိစ္ဆယဆရာတော်များသည် သေနတ်သမားအများအပြားဝိုင်းလျက် တပည့်တော်တို့ကို စစ်ဆေးကြရသူများဖြစ်သည်က တစ်ချက်။
"သေနတ်သမားများဖြင့် တပည့်တော်တို့ကို အရောက်ခေါ်ယူနိုင်သည်က တစ်ချက်။
"အုပ်ချုပ်သူများ၏အကူခပ်သိမ်းကို'ရှိန်း'အဖြစ်ရနေသည်က တစ်ချက်။
"အစစအချက်များကြောင့် တပည့်တော်တို့ထက် အားခွန်ဗလ သာလွန်ကြပါသည်"ဟူသော ရေးသားချက်များသည် (ပ) ရဟန္တာမဟုတ်ဟု စိစစ်ကြပါသည်။

(၎င်းဝိနိစ္ဆယ၊ နှာ-၁၃)။

"ရှင်ဉာဏနှင့်ရှင်ဂုဏဝန္တတို့ကား ဓမ္မပူဇာစာအုပ်ငယ်-နှာ-၂၅-၌-
"ကိလေသာအစရှိသောတရားများ ကင်းစင်သူ သည် အိပ်,စား,**ကာမ**ဤသုံးဝကို ပြည့်ဝအောင်မြင်စွာ အစွမ်းဆောင်နိုင်ဆုံးသူများသာ ဖြစ်ရာပါသည်"ဟု ရေးသားထားသဖြင့် ၎င်းတို့သည် (ပ)အမှု၌ စွမ်းဆောင်နိုင်ကြသူများဖြစ်ရကား (ပ) အရိယာပုဂ္ဂိုလ်များ မဟုတ်ကြဟု စိစစ်ကြပါသည်။

(၎င်းဝိနိစ္ဆယ၊ နှာ-၁၇)။

"၎င်းအယူခံလွှာစာမျက်နှာ-၆-၌-
"တပည့်တော်တို့အမှုကို ကိုင်တွယ်ကြသော တိုင်းဝိနိစ္ဆယဆရာတော်များ၊ မြို့နယ် ဝိနိစ္ဆယဆရာတော်များနှင့် မြို့နယ်ဝိနိစ္ဆယထံ တရားစွဲဆိုရန်ညွှန်ကြားသော နိုင်ငံတော်သံဃမဟာနာယကဆရာ တော်များသည် တပည့်တော်တို့၏ သာသနာရေးလျှောက်ထားတောင်းဆိုလွှာစာကိုပင် မဖတ်တတ်အောင်ဖြစ်နေသည်။

(၎င်းဝိနိစ္ဆယ၊ နှာ-၂၀)။

"၎င်းအယူခံလွှာစာမျက်နှာ-၂၄-၌-
"ယနေ့ဘုန်းကြီးရဟန်းလောကသည် စာတတ်ပေတတ်ဟု လူအများအထင်ထားမှုကို လက်ဝယ်ပိုင်ပိုင် ဆုပ်ကိုင်ရရှိနေကြသော်လည်း အကယ်စာဖတ်မှုနှင့်ကင်းကွာနေသည်ကို တွေ့ရှိရပါသည်။ တပည့်တော်တို့၏ သာသနာတော်ရေးလျှောက်ထားတောင်းဆိုလွှာကို နားလည်အောင်ဖတ်တတ်သွားသော တာဝန်ရှိသည့်ဘုန်းကြီးကို တပည့်တော်တို့ မတွေ့ရသေးအောင် ဖြစ်နေပါသည်။ နိုင်ငံတော်သံဃမဟာနာယက များလည်း နားမလည်ကြသည်ကို တွေ့ရှိရပါသည်--ရေးသားထားကြပါသည်။ (ပ) အရိယာများ မဟုတ်ကြဟု စိစစ်ကြပါသည်။

(၎င်းဝိနိစ္ဆယ၊ နှာ-၂၀)။

"အယူခံလွှာစာမျက်နှာ-၁၅-၌-
"နိုင်ငံတော်သံဃမဟာနာယကများသည်လည်း ကြီးလေးသောတာဝန်ရှိသူများ ဖြစ်ပါလျက် တပည့်တော်တို့ အလေးအနက်တင်ပြမှုကို ကချွတ်ကချော်ဖတ်ပြီး မဟုတ်မဟတ်နားလည်ကာ ဓမ္မကို အဓမ္မလုပ်နေသောကြောင့် ထိုက်ထိုက်တန်တန်ပြောဆိုလိုက်ခြင်း ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်များကို တပည့်တော်တို့ ကဲ့သို့သောသူတွေကမှ ဤသို့မပြောလျှင် ပြောမည့်သူမရှိ-ဖြစ်ရာပါသည်။ (ပ) အရိယာများမဟုတ်ကြကြောင်း စိစစ်ကြပါသည်။

(၎င်းဝိနိစ္ဆယ၊ နှာ-၂၁)။

"စောဒနာဝင်လွှာစာမျက်နှာ-၂၂-၌-
"အရိယသစ္စာအသိ၌ကား တပည့်တော်တို့ထက်သာသူ မရှိနိုင်ရာပါ။ အရိယ သစ္စာသိသူချင်းတူလျှင်သာ တူပါမည်။ အရိယသစ္စာအသိသည် တပည့်တော်တို့မှလွဲ၍ အခြား၌မရှိသေးဟုပင် တပည့်တော်များ မြင်နေကြသည် အထိ ဖြစ်ပါသည်။ မြန်မာသာမက ကမ္ဘာအထိ ဤအရိယသစ္စာကို အလျားထိုး၍ ရှာဖွေသော်လည်း

အခိုင်အမာတွေ့သိပြီဟု ကြော်ငြာဝံ့သူမရှိ-ဖြစ်နေပါသည်-ဟု ရေးထားကြပါသည်။ (ပ)

"သာသနာတော်ရေးလျှောက်ထားတောင်းဆိုလွှာစာမျက်နှာ-၂၃-၌-

"ဗုဒ်မေသုတံတိုင်းလိုလိုပင် ရှေ့နောက်ဘဝ ဖြစ်-မဖြစ်များကို ညှိနှိုင်းနေအောင် အဆောင်ခံထားရပြီးကဲ့သို့ ဖြစ်သောကြောင့် ဖြစ်ပါသည်။

(၎င်းဝိနိစ္ဆယ၊ နှာ-၂၆)။

"နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ထံ အယူခံစောဒနာဝင်လွှာစာမျက်နှာ-၁၄-၌-

"နိုင်ငံတော်သံဃမဟာနာယက ၏အမှားကို မရုပ်သိမ်းဘဲ ငါတို့ထက်အကြီးမရှိပြီဟု မာနတက်ကာဆက်လက်ကျူးလွန်နေလျှင် ဝိနိစ္ဆယတင်၍ တရားစွဲနိုင်အောင် ကြိုးစားရမည်ကား မှန်ကန်သောတရား ဖြစ်ပါသည်။ ဝိနိစ္ဆယဆရာတော်တို့၏မျက်စိ၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် အတိုင်းမသိကြီးမားဟန် ရှိနေပါသည်။ ဓမ္မရှုထောင့်မှကြည့်လျှင် လူမမယ်များမျှသာ ဖြစ်ပါသည်-ဟု ရေးသားထားကြပါသည်။

(၎င်းဝိနိစ္ဆယ၊ နှာ-၃၃)။

"လျှောက်ထားတောင်းဆိုလွှာစာမျက်နှာ-၂၇-၌-

"အထူးအားဖြင့် ဓမ္မတ္ထမသိဘဲ ဓမ္မဆောင်လျှင် ယနေ့သတင်းနက် မသိဘဲ သတင်းဆောင်သူအလား အချွတ်ချွတ်အမှားမှား မလွဲမသွေ ဖြစ်ပွါးရပါမည်။ ထို့ကြောင့် ပါဠိတော်မှ ရှေ့နောက်ဘဝ ဖြစ်-မဖြစ် ပါရှိချက်အတော်များများသည် ဘာဏကပုဂ္ဂိုလ်တို့၏မသန့်ရှင်းသောအာခံတွင်း၌ အငုံခံခဲ့ရသည်ဖြစ်၍ အာပုပ်နံ့ဖြင့်အလိမ်းကျံခံရခြင်းကြောင့် အာပုပ်နံ့ထွက်နေခြင်း အမှတ်အသားများသာ အသေအချာ ဖြစ်သည်။

(၎င်းဝိနိစ္ဆယ၊ နှာ-၄၃)။

"ရှင်ဉာဏနှင့်ရှင်ဂုဏဝန္တတို့ ရေးသားထားသော သာသနာတော်ရေးလျှောက်ထားတောင်းဆိုလွှာနှင့် ဓမ္မပူဇာစာအုပ်ငယ်များသည် မြတ်စွာဘုရားဟောထားတော်မူသည့်အတိုင်း မထေရ်အဆက်ဆက်တို့ ဆောင်ယူခဲ့သည်ဖြစ်၍ မပျက်မစီးခဲ့သော ထေရဝါဒသာသနာတော်လာ ဓမ္မဝိနယများနှင့် ဆန့်ကျင်ဘက်ပြု၍ရေးသားထားသောကြောင့်လည်းကောင်း။

"ထို့ပြင်-

ထေရဝါဒသာသနာတော်ကို မပျက်မစီးအောင်ထမ်းဆောင်ခဲ့၍ ထိုသာသနာတော်ကို မသိရှိသေးသောပုဂ္ဂိုလ်များသိရှိစေရန် အကျယ်ရေးသားဖွင့်ပြထားကြသော ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာနှင့် မိလိန္ဒပဉှာပါဠိများကို သာသနာရေးလျှောက်ထားတောင်းဆိုလွှာ-နှာ-(၁၇)၌-"ဝိသုဒ္ဓိမဂ်ဘယ်လဲ"-"မိလိန္ဒပဉှာဘယ်လဲ"ဟူသောအမည် တပ်၍ရေးသားထားသောစာအုပ်များနှင့်

လယ်တီဆရာတော်ဘုရားကြီး၏ ထေရဝါဒသာသနာတော်နှင့်ညီစွာ အကျယ်ရေးသားထားသော နိဗ္ဗာနဒီပနီကျမ်းကို ၎င်းတို့၏ဘဝမရှိဟူသောအယူနှင့်ဆန့်ကျင်နေသဖြင့်"နိဗ္ဗာနဒီပနီဘယ်လဲ"ဟုနာမည်တပ်၍ ရေးထားသောစာအုပ်များနှင့်

တိက်ခွေများသည် မသိ-နားပါးမလည်သေးသောပုဂ္ဂိုလ်များကို ဘဝမရှိဟူသော အမြင်မှားအယူမှားသို့ရောက်အောင် ပို့ဆောင်နေသော စာအုပ်များ-တိက်ခွေများဟု ဝိနည်းဓိုရ်ဆရာတော်များက ယူဆကြသဖြင့်ထိုစာအုပ်များနှင့်တိက်ခွေများ-ဟောပြောဖြန့်ချိခွင့်ကို တားမြစ်ကြောင်း တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြပါသည်။

(၎င်းဝိနိစ္ဆယ၊ နှာ-၇၄)။

**အထက်ပါစာအုပ်များ၊ ခွေများများသည် အဓမ္မဝါဒ အဝိနယဝါဒ သာသနပစ္စတ္ထိကဝါဒများ ဖြစ်၍ တားမြစ်ခံများသာ ဖြစ်ကြပါသည်။**

**သို့ပါလျက် ၁၃၆၄-ခုနှစ်တွင် အကုန်လုံး ပြန်လည် ထုတ်ဝေလာကြပါသည်။ ပြည်သူ ပြည်သားလူအများတို့အား လှည့်စားသိမ်းသွင်းမှုလည်းဖြစ်၍ နိုင်ငံတော်ဥပဒေများကို ကျူးလွန်မှုများလည်း**

**ဖြစ်ကြပါသည်။ ယင်းသို့သဘောလက္ခဏာရှိကုန်သော စာအုပ်ထုတ်ဝေဖြန့်ချိမှုကြီးများ၊ ဟောခွေဖြန့်ချိမှုကြီးများသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးကို စော်ကား ပုတ်ခတ်ထားမှု၌ အကျုံးဝင်သောကြောင့် နိုင်ငံတော်အစိုးရတည်ဆဲဥပဒေ (       )အရ. . . . . . . . . . . . . . . . . . . . . . .ပြစ်မှုဖြစ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။**

အထက်ပါတို့ကို သေချာကြည့်မိလျှင်ပင် လွန်ခဲ့သည့်(၂၅)ကျော်က ဝါဒဟောင်းမှ ကြီးထွားလာခြင်းဖြစ်ကြောင်း အထင်ရှားကြီးထင်ရှားလာမည် ဖြစ်ပါသည်။ ဤသို့ပြန်၍ပေါ်လာခြင်းသည် အဘယ့်ကြောင့်နည်းဟု ဆင်ခြင်၍အကြောင်းတရားကို ရှာမှီးသင့်ပါသည်။

အကြောင်းတရားမှာ-

အဓမ္မဝါဒဖြစ်ကြောင်းရှင်းလင်းထားသည့် စာအုပ်များ မပြန့်နှံ့သောကြောင့် **သို့မဟုတ်** ထုတ်ဝေဖြန့်ချိပေးထားသော်လည်း ထေရဝါဒဗုဒ္ဓဘာသာဝင် အလိမ်ခံချင်တို့က ဝယ်ယူဖတ်မှတ်လေ့လာထားရကောင်းမှန်းပင် မသိကြသောကြောင့် ဖြစ်နိုင်ပါသည်။

အလကားရမှ ဖတ်ချင်ကြသူ များနေသည်ဖြစ်၍ အလကားပေးသူများ၏စာများကို ဖတ်နေကြပေသည်။ အလကားပေးသူက အစပိုင်းမျှသာ ပေးပါသည်။ နောက်ပိုင်းတွင် မပေးပါ။

နောက်တွင် ကြိုက်သွားသဖြင့် ကိုယ့်ဘာသာငွေသွင်း၍ ဝယ်ကြရသည်သာ ဖြစ်ပါသည်။  အပိုဟူ၍ မိစ္ဆာဒိဋ္ဌိဖြစ်ရခြင်းတစ်ခုကို တိတိကျကျ ရရှိကြပါသည်။

(ဘာသာခြားသာသနာပြုများကလည်း စာအုပ်များကို အလကားပေးတတ်ကြသည်။ အဓမ္မဝါဒီမိစ္ဆာဂိုဏ်းများကလည်း စာအုပ်များနှင့် ခွေများကို အလကားပေးတတ်ကြသည်။ သတိထားကြကုန်ရာ၏။)

ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာအမည်ခံ-သာသနပစ္စတ္ထိကဂိုဏ်းကြီး ပြန်လည်ကြီးထွားလာသလို အခြားဂိုဏ်းကြီးများလည်း မူလအသွင်ဖြင့်လည်းကောင်း အသွင်းပြောင်းလဲ၍သော်လည်းကောင်း ကြီးထွားလာနေကြပါသည်။

## (က)
## တောင်တွင်းကြီးရှင်ဥက္ကဋ္ဌဦးဆောင်ခဲ့သည့်လူသေလူဖြစ်အဓမ္မဝါဒကြီးပြန်လည်ကြီးထွားနေပုံ

"ရှင်ဥက္ကဋ္ဌလက်ရာစာပေများသည် အဓမ္မဝါဒ-အဓမ္မဝတ္ထုများဖြစ်၍ ထုတ်ဝေခွင့်မရှိကြောင်း တားမြစ်ပိတ်ပင်ထားပြီးဖြစ်ကြပါလျက် ၂၀၀၀-ခုနှစ်နောက်ပိုင်းတွင် အကြီးအကျယ်ဈေးကွက်ထဲသို့ ထိုးဝင်လာကြပါသည်။ ထိုစဉ်ကမူ ရန်ကုန်မြို့စာအုပ်အဟောင်းဆိုင်များနှင့် မန္တလေးမြို့ညဈေးတန်းအဟောင်းဆိုင်များသို့ စတင်၍ ဝင်လာကြပါသည်။ စာအုပ်များကမူ အဟောင်းများ မဟုတ်ကြပါ။ မိတ္တူများ ဖြစ်ကြပါသည်။

ဝယ်သူများရှိနေ၍ အဟောင်းရောင်းသူများက မိတ္တူကူးပေးကြသည်ဟု ထင်မှတ်ခဲ့ပါသည်။ နောက်ပိုင်းတွင် ရန်ကုန်မြို့လှည်းတန်းရှိ စာပေလောက စာအုပ်ဆိုင်ကြီးများမှာအထိ နေရာယူလာကြပါသည်။

ထို့ကြောင့် စုံစမ်းကြည့်သောအခါတွင် တောင်ငူမြို့နှင့်အခြားမြို့များရှိ ရှင်ဥက္ကဋ္ဌဝါဒီများက မိတ္တူများလိုက်ဖြန့်နေကြောင်းနှင့် လိုချင်သမျှ ရနိုင်ကြောင်းတို့ကို သိရပါသည်။

**"သျှင်ဥက္ကဋ္ဌ"**အမည်ရှိစာအုပ်ကြီးဆိုလျှင် ရောင်းဈေး(၈၀၀၀)ကျပ်ရှိ၍

ရွှေချိန်ခွင်၊

အစွဲပြုတ်တဲကုတ် ရွှေနန်းတော်၊

လူသေလူဖြစ်၊

လူသေလူဖြစ်ပြဿနာရှင်းတမ်း၊

ကပ္ပပြဿနာ-စသည်များလည်း ရောင်းဈေး(၂၀၀၀) ဝန်းကျင်စီ ရှိကြပါသည်။

ဤသို့ဖြစ်အောင် လှုံ့ဆော်သူများလည်း ရှိနေကြပါသည်။ ဘာသာရေးစာပေလောကတွင် "နတ်မှီဆရာတော်ကြီးအဆိုအမိန့်တို့ကို ကိုးကား၍ရေးလေ့ရှိသူများအဖွဲ့က ကြောင့်ကျစိုက်နေကြောင်း သိရပါသည်။ နတ်မှီဆရာတော်ကြီးဆိုသည်မှာ ရှင်ဥက္ကဋ္ဌ-အဓမ္မဝါဒီခေါင်းဆောင်ကြီးကို ဆိုလိုခြင်းပင် ဖြစ်ပါသည်။ ၎င်းတို့သည် ထေရဝါဒပိဋကတ်တော်များနှင့် မျက်မှောက်ရှိသမ္ဗုဒ္ဓသံဃာများကို အရေအတွက်မပြုသူများပင်။

## (ခ)

## ကျောက်သဘော်ဆရာတော်ဦးဆောင်ခဲ့သည်အဓမ္မဝါဒကြီးပြန်လည်ကြီးထွားနေပုံ

ကျောက်သဘော်ဝါဒများသည်လည်း ပြန်လည်ကြီးထွားလာကြပါသည်။ ထို့ကြောင့်ပင် ကျောက်သဘော်ဝါဒဖြင့် ထင်ရာရာတို့ကို ဟောပြောနေကြသူ မိုးညှင်းမြို့သတိပဋ္ဌာန်ရိပ်သာဆရာတော်ဆိုသူနှင့် မြစ်ကြီးနားမြို့ ဦးဝိစိတ္တသာရာဘိဝံသဆိုသူတို့ကို စောဒကဆရာတော်နှစ်ပါးတို့က စောဒနာမှု-ပြုတော်မူခဲ့ကြပါသည်။

နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်များက ၁၃၆၈-ခုနှစ်၊ သီတင်းကျွတ်လတွင် ဝိနိစ္ဆယချမှတ်-ဆုံးဖြတ်ပေးခဲ့ကြရပါသည်။ ယင်းတို့ကို တားမြစ်ပိတ်ပင်ခဲ့ကြရပါသည်။ အကျယ်သိလိုပါက အရှင်နာရဒ(ဟိုပင်)၏"ဥပေက္ခာမရှိသောနှလုံးသား" အမည်ရှိ "ဓမ္မအဓမ္မဝိနိစ္ဆယသာသနဝိသုဒ္ဓိကထာ"ကို ရှာဖွေ၍ ဖတ်ရှုနိုင်ကြပါသည်။ ၂၀၀၇-ခုနှစ်တွင် နှလုံးလှစာပေ တိုက်မှ ထုတ်ဝေထားလျက် ရှိပါသည်။

ထို့ပြင် ရန်ကုန်မြို့မှကြွရောက်လာသူဦးကောဝိဒဆိုသူက မကွေးတိုင်း မကွေးမြို့နယ် တည်ပင်ကုန်းရွာစသည်တို့တွင် ကျောက်သဘော်တရားများကို တစ်ရွာလျှင်နှစ်ရက်မျိုးဖြင့် ဘောထောင်၍ ရှင်းလင်းပြောဟောနေကြောင်း သိရပါသည်။

## (ဂ)

## မြောက်ဥက္ကလာကျောက်ပုံတောရဦးစံရင်ဦးဆောင်ခဲ့သည့်အဓမ္မဝါဒကြီးပြန်လည်ကြီးထွားနေပုံ

ဦးစံရင်၏ပိဋကတ်တော်နှင့်မျက်မှောက်သံဃာတို့အပေါ်တွင် အမြင်စောင်းလျက် သူဟောသည်သာတရားဖြစ်ကြောင်းဝါဒကြီးသည်လည်း ပြန်လည်၍ ကြီးထွားလျက် ရှိပါသည်။ သို့သော် အသံလည်းမကျယ်ပါ။ စာအုပ်များလည်း ဈေးကွက်အတွင်း ရောက်မလာသေးပါ။ ဂိုဏ်းဝင်များအိမ်တွင်သာ တရားပြုကြပါသည်။ ရန်ကုန်တွင်ပင် ပြုလုပ်နေကြကြောင်း ကြားသိရပါသည်။

## (ဃ)

## ဆူးလေဦးမြင့်သိန်းဦးဆောင်ခဲ့သည့်ထေရဝါဒအမည်ခံအဓမ္မဝါဒကြီးပြန်လည်ကြီးထွားနေပုံ

၎င်းဂိုဏ်းကြီး၏ပြန်လည်ကြီးထားလာပုံများကား ကြောက်ခမန်းလိလိပင် ဖြစ်နေကြပါသည်။ မိတ္တူများက တစ်မျိုးဖြစ်၍ အသွင်ပြောင်းထားသည်တို့ကလည်း တစ်မျိုးလုပ်ထားကြပါသည်။ နေပြည်တော်တွင် တောင်ပိုင်းရော မြောက်ပိုင်းပါ မိတ္တူဈေးကွက် ဖြန့်ကျက်ထားကြပါသည်။ ၂၀၀၇-ခုနှစ်တွင် နေပြည်တော်သို့ ရောက်ရှိခိုက် ကိုယ်တိုင်ကြုံတွေ့ခဲ့ရပါသည်။

"ဝိပဿနာညွှန့်ပေါင်းကျမ်းကြီး=၄၀၀ဝိ"မှစ၍ ၎င်းဂိုဏ်းထုတ်မိတ္တူစာအုပ်များကို ဝယ်လိုလျှင် စာရင်းပေးကြရကြောင်း လေ့လာသိရှိခဲ့ရပါသည်။ ဟောပြောစည်းရုံးသူများလည်းရှိ၍ စာရင်းပေးရန် လွယ်ကူသောအဆက်အသွယ်ရှိကြောင်းလည်း သိခဲ့ရပါသည်။

၎င်းဂိုဏ်းဝင်ဖြစ်သူ အမရပူရမြို့ဆရာကြိုင်ရေးသည့် "ဒွယနိဿိတပကာသနီကျမ်း"တို့ကိုပင် မိတ္တူများ ရနိုင်ပါသည်။

"ထေရဝါဒသမ္မာပထဝိဘဇ္ဇဝါဒီဖြစ်သော ရန်ကုန်မြို့ဆူးလေဓမ္မကထိက ဆရာကြီးဦးမြင့်သိန်း ဟောကြားတော်မူအပ်သော သမ္မာပထဝိဘဇ္ဇအကြောင်းသတ် ထေရဝါဒတရားတော်များအမှတ်စဉ်(၁)နိဗ္ဗာန်နှင့်သံသရာစာအုပ်မျိုး၊ အမှတ်စဉ်(၂)ဂဟကူပါဒါန်ဝါဒပဋိစ္စသမုပ္ပါဒ်သံသရာတရားတော်စာအုပ်မျိုး၊

ရွှေလရောင်ဓမ္မာစရိယသင့်ဘဝဦးမြင့်သိန်းရေးသားသည့် သောတာပန်အ လင်းကျမ်း(ဒုတိယဆင့်) ပထမတွဲနှင့်ဒုတိယတွဲစာအုပ်မျိုး စသည်တို့ကိုလည်း မိတ္တူများ ရနိုင်ကြပါသည်။

ၚင်းဂိုဏ်းကြီး၏ ဂိုဏ်းဦးစီးဆရာတော်တစ်ပါးဖြစ်သူ မန္တလေးမြို့ခင်မကန်တိုက် အနန္တဂုဏ်ရည် စည်သာကျောင်း ဦးနာရဒရေးသားသည့် ထေရဝါဒဝိဘဇ္ဇဝါဒဝိပဿနာကျမ်းကြီးကို(၂၀၀၄)ခုနှစ်တွင် ထုတ်ဝေထားကြပါသည်။

ယင်းကျမ်း၏အမှားများကိုပြဆိုလျက် ဆောင်းပါးရှင်အရှင်ဣန္ဒာစရိယာဘိဝံသက ဆောင်းပါး(၁၆)ပုဒ်တို့ကို ရေးသားတင်ပြခဲ့သော်လည်း အကြောင်းကြောင်းကြောင့် မည်သူကမျှ ဖော်ပြရန် မစီစဉ်နိုင်ကြပေ။ ယခုအခါတွင် ဓမ္မရံသီမဂ္ဂဇင်းအယ်ဒီတာအဖွဲ့မှ ဖော်ပြရန် စီစဉ်ထားပြီးဖြစ်ကြောင်း သိရပါသည်။ ဖော်ပြခဲ့ပြီးပြီ။

(၂၀၀၈)ခုနှစ်တွင် သက်နံကျွန်းမှာနေသော ၚင်းဂိုဏ်းဝင်တစ်ပါးရေးသားသည့် ဗျသနတရားငါးပါးအမည်ရှိစာအုပ်တစ်အုပ်ကိုလည်း ဂိုဏ်းဝင်အလှူရှင်များက အရဏ်ဆွမ်းလောင်းအသင်းနှင့်တွဲ၍ လောင်းလှူကြကြောင်းသိရ- ဖတ်ရပါသည်။

ဦးနာရဒနှင့်အတူ ဂိုဏ်းဦးဆောင်တပည့်ကြီးလေးပါးတို့ကို ဦးမြင့်သိန်းက သာသနာပြုရန် ချန်ထားခဲ့ကြောင်း သိရပါသည်။ ထိုလေးပါးတို့တွင် ဓမ္မစေတီဆရာတော်ဦးကောသလ္လ၏ဆရာဖြစ်သူ ဦးဥက္ကံသဗုဒ္ဓိလည်း တစ်ပါးပင်ဖြစ်ကြောင်း သိရပါသည်။

ၚင်းဆရာတော်က မွေးထုတ်လိုက်သူ ဦးကောသလ္လသည်လည်း ၚင်းဂိုဏ်းတရားတို့ကိုပင် ဟောပြောလျက် ရှိပါသည်။ တရားခွေပြန့်ပွါးစေရေးအတွက် လူများကို အဖွဲ့တွေ ဖွဲ့စေလျက် တရားစိတ်ဝင်စား၍ ချမ်းသာသူများကို စုံစမ်းချဉ်းကပ်ပြီး ပေး၍ နာယူစေပြီးမှ ကြည်ညိုစေပြီးမှ တရားခွေ တစ်စုံ=၄၀၀၀ဝိ/စသည်ဖြင့် သာသနာပြုကြောင်းလည်း သိရပါသည်။

စင်စစ်အားဖြင့် ဆူးလေဦးမြင့်သိန်းသည် အဓမ္မဝါဒဆုံးဖြတ်ခံရသူဖြစ်၍သာလျှင် ဦးမြင့်သိန်း၏ ထေရဝါဒအမည်ခံအဓမ္မဝါဒဟူ၍မှတ်တမ်းတင်ရခြင်းသာ ဖြစ်ပါသည်။ အမှန်ကမူ ဂိုဏ်းဦးစီးခေါင်းဆောင်မှာ ဓမ္မစေတီဆရာတော်ကြီး(ဒီပဲယင်းကျောက်စာတိုင်ဆရာတော်ကြီး)ဟူ၍ ရှိပါသေးသည်။

သိလိုပါက "ဝိပဿနာညွှန့်ပေါင်းကျမ်းကြီး"တွင် လေ့လာကြည့်ကြပါကုန်။ ယင်းဆရာတော်ကြီးကို အကြောင်း ပြု၍"ဓမ္မစေတီ ဦးကောသလ္လ"ဟုဘွဲ့ခံထားကြောင်းလည်း သိရှိရပါသည်။ ၚင်းဂိုဏ်းကြီး၏မူလနာမည်အပြည့်အစုံမှာ "ထေရဝါဒ ဝိဘဇ္ဇဝါဒသမ္မပထအကြောင်းသတ်ဝိပဿနာဂိုဏ်း"ဟူ၍ဖြစ်ပါသည်။

ယင်းကိုပြုပြင်လျက် အသွင်သစ်ဖြင့် နာမည်တပ်သောအခါတွင်ကား"ထေရဝါဒဒဿနသမ္မဒါနည်း"ဟူ၍ ဖြစ်လာကြောင်းလည်း သိရပါသည်။

အဓမ္မဝါဒဖြစ်ကြောင်းကြေညာတားမြစ်ထားပြီးသည့် မိစ္ဆာဝါဒကြီးများတွင် ဆူးလေဦးမြင့်သိန်းဂိုဏ်းဆိုရာ အဓမ္မဝါဒသည် အမှတ်(၆)အဖြစ် ပါဝင်ပါသည်။ ၚင်းအဓမ္မဝါဒဂိုဏ်းကြီးနှင့်အဓမ္မဝါဒတရားများ မည်မျှလောက်အထိ ပြန်လည်ကြီးထွားလာကြောင်းမှာ အထူးတင်ပြဖွယ် မရှိပြီ။

## (င)

## ချစ်ငယ်(ဒဿန-ဗုဒ္ဓစာပေဆု)၏အဓမ္မဝါဒကြီးကြီးထွားနေပုံ

ချစ်ငယ်(ဒဿန-ဗုဒ္ဓစာပေဆု)၏ဂိုဏ်းကြီးသည်လည်း တစ်နေ့တစ်ခြား ကြီးထွားလာနေကြောင်း သိရပါသည်။ ဌာနချုပ်မှာ အမရပူရမြို့ဟောင်းတွင် တည်ရှိပါသည်။ ယင်းတို့သည် နိဗ္ဗာန် ရဟန္တာ ဝိပဿနာ စသည်ဖြင့် နာမည်ကြီးကြီး စာလုံးကြီးကြီးများ တွင်တွင်သုံးလျက် သူတို့သည်သာလျှင် မြန်မာသာသနာတော်ကြီး၏ ဂုဏ်ဆောင် အရိယာဆရာတပည့်များဖြစ်ကြောင်း တွင်တွင်ကြီး ကြေညာနေကြပါသည်။

သို့ရာတွင် ဆရာက မည်သူမည်ဝါ ဟူ၍ပင် ဖော်ထုတ်နိုင်ခြင်း မရှိကြချေ။ အဘယ့်ကြောင့်နည်းဟူမူ အကြောင်းအခိုင်အမာ ရှိပါသည်။ ၚင်းတို့၏ စာအုပ်များကို အကြောင်းညီညွတ်သောအခါတွင် ကြည့်ရှုသုံးသပ်ကြလိမ့်မည်သာ ဖြစ်ပါသည်။

ဆောင်းပါးတစ်ပုဒ် မျှကိုမူ(၂၀၀၇)ခုနှစ်၊ ဩဂုတ်လထုတ်၊ ဓမ္မရံသီမဂ္ဂဇင်းတွင် ပြည်သူများသတိထားနိုင်ကြရန် အမြည်းသဘောအဖြစ် တင်ပြပေးခဲ့ပြီး ဖြစ်ပါသည်။ ယင်းဂိုဏ်းကြီး မည်မျှလောက် ကြီးထွားနေကြောင်းလည်း သိသာပါပြီ။

## (စ)

## ဦးအေးမောင်(စာပေဗိမာန်)ဦးဆောင်ခဲ့သည့်အဓမ္မဝါဒကြီးပြန်လည်ကြီးထွားနေပုံ

ဦးအေးမောင်၏"ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ"အမည်ရှိစာအုပ်ကြီးသည် ပိဋကတ်သုံးပုံတို့ကို အကုန်နီးပါးမျှ ပယ်ချထားသည့်စာအုပ်ကြီးဖြစ်၍(၁၉၆၄)ခုနှစ်နောက်ပိုင်း တစ်လျှောက်လုံး အပိတ်ခံထားရပါသည်။

သို့သော်လည်း(၂၀၀၄) ခုနှစ်တွင် ပါရမီစာပေမှ ပြန်လည်ထွက်ပေါ်လာရာ တစ်အုပ်လျှင်(၆၀၀၀ိ)ဖြင့် ဈေးကွက်ဝင်လာပါသည်။ ယခုအထိ ရောင်းနေတုန်းပင် ရှိပါသေးသည်။ ၎င်းစာအုပ်ကြီး၏အကျိုးဆက်အနေဖြင့် ပိဋကတ်တော်တို့ကို တစ်အုပ်=တစ်သုတ် ပြည့်ပြည့်စုံစုံ မဖတ်ဖူးကြဘဲ ပိဋကတ်တွေက အမှားတွေဖြစ်မှာပါဟု ပြောဆိုတတ်သူများ တိုးပွါးလာကြပါသည်။

အဘိဓမ္မာပယ်ဝါဒများလည်း အားကြီးလာကြပါသည်။ ၎င်းစာအုပ်ကြီး၏ ခေတ်အဆက်ဆက် သံဃာတော်တို့အား စော်ကားထားမှုတို့နှင့် မူလဗုဒ္ဓဝင်ဒေသနာတော်ကိုဖျက်ဆီးထားမှု၊ ပိဋကတ်တော်ကိုချေဖျက်ထားမှု စသည် တို့ကို ဆောင်းပါးရှင်အရှင်ကောဝိဒ(ယော)က ပြုစုစိစစ်ပြ၍ ဓမ္မရံသီမဂ္ဂဇင်းတွင် အခန်းဆက်ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

## (ဆ)

## လက်ပံတန်းဦးမြတ်သိန်းထွန်းဦးဆောင်ခဲ့သည့်ကာမဂုဏ်အရိယာအဓမ္မဝါဒကြီးကြီးထွားနေပုံ

၎င်းဂိုဏ်းကြီးကမူ ဂိုဏ်းဝင်များအနေဖြင့် အထင်အရှားရှိနေကြောင်း အလုံးလိုက်အတွဲလိုက် မသိရပေ။ သို့သော် ပစ္စုပ္ပန်ကမ္မဝါဒီဂိုဏ်းကြီးသည်ကား ထိုဂိုဏ်းအယူများနှင့် ကာမရာဂဆိုင်ရာအယူများ တူညီနေကြပါသည်။

## (ဇ)

## ဆရာကြီးပါရဂူ၏ဘာသာမဲ့ရုပ်ဝါဒကြီးကြီးထွားနေပုံ

စာရေးဆရာကြီးပါရဂူ၏ဘာသာမဲ့ရုပ်ဝါဒသဘောများသည်ကား အထင်အရှားပင် ဆက်တိုက်ကြီးထွားလာကြောင်း တွေ့ရပါသည်။ ယင်းတို့နှင့်စပ်လျဉ်း၍ထေရဝါဒဗုဒ္ဓဘာသာဝင်များသတိထားနိုင်စိမ့်သော၄ါ ဆောင်းပါးရှင် ပညာဇကကာရီနှင့် သောတောဒကတို့က ဓမ္မရံသီ-ဓမ္မရတနာမဂ္ဂဇင်းတို့တွင်-

သိဒ္ဓတ္ထဝတ္ထု(=ဆောင်းပါးတစ်ပုဒ်)။
စိတြလေခါ(=ဆောင်းပါးတစ်ပုဒ်)။
ဗုဒ္ဓဒိုင်ယာရီ(=ဆောင်းပါးလေးပုဒ်)။
နိဗ္ဗာန်ဝတ္ထု(=ဆောင်းပါးတစ်ပုဒ်)။
ကံဝတ္ထု(=ဆောင်းပါးတစ်ပုဒ်)။
ဒိဗျာဝတ္ထု(=ဆောင်းပါးတစ်ပုဒ်)တို့ဖြင့် ရှင်းလင်းတင်ပြခဲ့ကြောင်း တွေ့သိရပါသည်။

ဆရာပါ၏ဝတ္ထုကြီးများတွင် ရုပ်ဝါဒလည်းလွှမ်းမိုး၍ ဟိန္ဒူဝါဒ(အတ္တ-အတ္တမာ)လည်း လွှမ်းမိုးနေလေရာ ဗုဒ္ဓဘာသာလာ ကံနှင့်ကံ၏အကျိုးသဘောတို့နှင့် မညီပုံတို့ကို ဖောင်းပေးတင်ပြထားကြောင်း သိရပါသည်။

## (ဈ)

## တန့်ကြည်တောင်ဦးသောမဗုဒ္ဓိဦးဆောင်ခဲ့သည့်အဓမ္မဝါဒကြီးကြီးထွားနေပုံ

အဘိညာဏ်ဆိုင်ရာယူပုံတို့သည်တန်ကြည်တောင်ဆရာတော်ဦးသောမဗုဒ္ဓိ၏ (၂၀၀၁)ဝန်းကျင်က အမှုဖြစ်ခဲ့သော အဓမ္မဝါဒဟောင်းကြီးနှင့် တူညီနေကြပါသည်။ ယင်းဂိုဏ်းကြီးသည် ယခုအခါတွင် ပုဂံနယ်မှာ အလွန်စည်ပင်ကြီးထွားလျက်ရှိကြောင်း သိရပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် ဘုရားဟောဒေသနာတို့ကိုယူ၍ဗုဒ္ဓဘာသာဝင်တို့အား လှည့်စားဖျက်ဆီးနေကြသကဲ့သို့ ဗုဒ္ဓဘာသာယောင်ဆောင်လျက် ဗုဒ္ဓတရားယောင်ဖြင့် မိမိ၏ဝါဒသစ်ကို ထူထောင်စ-ပြုနေသည့် ပုဂ္ဂိုလ်အကြောင်းအရာတစ်ခုလည်း ယခုအခါတွင် စတင်ဖြစ်ပေါ်နေကြောင်း သိရပါသည်။

ယင်းပုဂ္ဂိုလ်သည်ကား ရုပ်ရှင်မင်းသားကြီးဦးကျော်ဟိန်းပင် ဖြစ်ပါသည်။ ယင်းအကြောင်းအရာတို့ကို လှျပ်တစ်ပြက်ဂျာနယ်က အယ်ဒီတာချုပ်ကိုယ်တိုင် အကြီးအကျယ်ဝါဒဖြန့်နေကြောင်း တွေ့ရပါသည်။

## (ည)

## ဦးကျော်ဟိန်း၏ဖြစ်လာတော့မည့်အဓမ္မဝါဒကြီးစတင်ကြီးထွားနေပုံ

လျှပ်တစ်ပြက်ဂျာနယ်ကို သောကြာနေ့တိုင်း ထုတ်ဝေသည်ဟု သိရပါသည်။(၂၀၀၈)ခုနှစ်၊ ဩဂုတ်လ(၂၉)ရက်နေ့တွင် ထုတ်ဝေထားသည့်-"အတွဲ(၁)အမှတ်(၉၆)တွင် စာမျက်နှာ(၂၂-၂၃-၂၄-၂၅)တို့၌"ကျော်ဟိန်းနောက်ဆုံးနေ့များ အပိုင်း(၃)ဟူ၍ဖော်ပြထားပါသည်။ ၎င်းဂျာနယ်စာမျက်နှာ(၂၅)တွင်"အမှိုက်ထဲကရွှေ-ခေါင်းစဉ်ဖြင့်ဦးကျော်ဟိန်းဟောပြော"ဟူ၍လည်း ပါရှိသည်။

ထို့ကြောင့် အတွဲ(၁)အမှတ်(၉၄-၉၅)တွင်လည်း"ကျော်ဟိန်းနောက်ဆုံးနေ့များအပိုင်း(၁)(၂)ဟူ၍ ပါရှိကြသည်။

အတွဲ(၁)အမှတ်(၉၇)တွင်လည်းစာမျက်နှာ(၂၄)၌ "ကျော်ဟိန်းမှ နောက်ဆုံးနှုတ်ဆက်ခြင်း ခရီးစဉ်နှင့် ပတ်သက်ပြီး စာနယ်ဇင်းများအားနောက်ဆုံးတွေ့ဆုံခြင်းပြုလုပ်" ဟူ၍ ပါရှိသည်။

ခရီးစဉ်တွင်(၇၈)မြို့တို့မှာ ဟောပြောမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဘာတွေကို ဟောမည်နည်း။

"နှစ်ပေါင်း-၄၀-မှာ ကျော်ဟိန်းရဲ့ဗီဒီယိုစသည်တို့ကို ပိုက်ဆံပေးပြီး ခံစားဖူးကြပါတယ်။ ကျွန်တော်ယူတာနှစ်(၄၀)ရှိပြီ။ အဲဒီတော့ ဘာပြန်ပေးရရင်ကောင်းမလဲလို့ စဉ်းစားနေတာကြာပြီ။ ကျွန်တော် ပထမဆုံး**ဗုဒ္ဓဘာသာဝင်တွေမှာ ရှိသင့်တဲ့ စိတ်လေ့ကျင့်ခန်း**ကို အရင်ကျင့်တယ်။ ကျွန်တော့်ကျင့်စဉ်လေးကို ပြောမယ်နော်။

မှန်ထဲမှာပေါ်တဲ့မိမိကိုယ်ကို'ဟေ့ကောင် မင်းရိုးသားရဲ့လား။ ဘယ်သူ့ကိုညစ်ပတ်ဖို့ကြံနေသလဲ။ မင်းလိုချင်တာတွေ သိပ်များနေသလား။ ဒေါသတွေသိပ်ထွက်နေသလား။ မကျေနပ်ချက်တွေများနေပါသလား'လို့ မေးဖူးပါသလား။ မမေးရသေးရင် ဒီနေ့စပြီး မေးကြည့်ပါ။ ဘာ့ကြောင့်ဒါကိုပြောသလဲဆိုရင် **မေတ္တာသုတ်**ထဲမှာ ပါတယ်။

**ဘယ်သူမှ မရှိတဲ့နေရာမှာ** အလွန်ရိုးသားဖြောင့်မတ်သူ ဖြစ်ရမယ်။ ဘယ်သူမှမသိတဲ့နေရာမှာ ကိုယ်ရှိတယ်။ အခု ကိုယ် လိမ်နေသလား။ **ကျွန်တော်ကျင့်တာက ဒါပါပဲ**။ မမြင်ဖူးတဲ့စိတ်ကိုရှာကြည့်လိုက်တယ်။ ကျွန်တော်ထွက်ဖို့ဟာ (၆၉)ရက်ပဲ ကျန်တော့တယ်။ အောက်တိုဘာလ(၃၁)ရက်နေ့ ကျော်ဟိန်းသေပြီး-(၂၀၀၈) နိုဝင်ဘာ(၄)ရက်နေ့ ကျွန်တော့်**ဘဝ အသစ်**ပြန်စမယ်။

တစ်ကပြန်စတာကို ကျွန်တော်ကြိုက်တယ်။ ဇက်တင်ဘာလ(၁)ရက်နေ့ ကျွန်တော်ခရီးထွက်မယ်။ မြန်မာတစ်ပြည်လုံးရှိ ကျွန်တော့် ကျေးဇူးရှင်တွေကို ကျွန်တော်ကျေးဇူးဆပ်-ပြန်ပေးတဲ့အနေနဲ့ ကျွန်တော်ကျင့်လို့ရလာတဲ့ အသိတွေ-ကျင့်စဉ်တွေကို ပြန်ပေးပါ့မယ်။

(၂၉-၈-၂၀၀၈-ရက်စွဲပါ- ၎င်းဂျာနယ်၊နှာ၊၂၅။)

## ရှင်းလင်းချက်

အထက်ပါဟောပြောချက်တို့တွင် ဗုဒ္ဓဘာသာဝင်တွေကို ဟောပြောမည်ဟုဆိုထားသောကြောင့် အဟောပြော ခံယူရမည့်သူများမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြောင်းကို သေချာမှတ်ယူထားကြရန် လိုပါသည်။ ဗုဒ္ဓဘာသာဝင်တွေမှာရှိသင့်တဲ့စိတ်လေ့ကျင့်ခန်းဟုဆိုထားခြင်းကြောင့် ကျော်ဟိန်းဟောပြောမည့်စိတ်လေ့ကျင့်ခန်းသည် ဗုဒ္ဓဘုရားဟောထားသည့် ဘယ်တရားတော်နှင့် ညီညွတ်သနည်းဟု မေးစရာရှိပါသည်။ နောက်တွင် ထင်ရှားလာလိမ့်မည်။

မေတ္တာသုတ်ထဲမှာ ရိုးသားသူဖြစ်ရမည်ဟုပါရှိသော်လည်း ဘယ်သူမှမရှိတဲ့နေရာဟုတော့ မပါရှိချေ။ နေရာတိုင်းမှာ အခါတိုင်းမှာ ရိုးသားသူ ဖြစ်ရမည်ဟုသာ ဆိုလိုပါသည်။

ဤ၌လည်း ရိုးသားမှုက ဘာလဲ။ ရိုးသားသူဆိုတာ ဘယ်လိုနေထိုင်သူလဲဟု မေးစရာရှိပါသည်။

ကျော်ဟိန်းအဖြေကတော့-

"ညစ်ပတ်ဖို့ကြံနေမှု၊ လိုချင်တာတွေ သိပ်များနေမှု၊ ဒေါသထွက်နေမှု၊ မကျေနပ်ချက်တွေများနေမှု၊ ကိုယ့်ကိုယ်ကို လိမ်မှုတို့ကိုမရိုးသားမှုဟုဆိုထားသည်ကို ထောက်ဆလျှင် ရိုးသားမှုတို့လည်း ထင်ရှားလာမည် ဖြစ်ပါသည်။

နောက်တွင် ထင်ရှားလာလိမ့်မည်။

ကျွန်တော်ကျင့်တာက ဒါပါပဲဟုဆိုထားသောကြောင့် ကိုယ့်ကိုယ်ကိုမလိမ်မှုကို ကျင့်သည်ဟု ဆိုလိုရာ ရောက်နေသော်လည်း နောက်ကပ်လျက်စာကြောင်းအရ စိတ်ကိုရှာကြည့်မှုသည်သာလျှင် သူ့အကျင့်ဖြစ်ကြောင်း လာလိမ့်မည်။ ဘဝအသစ်ဟုဆိုရာတွင်လည်း ဘဝအသစ်တကယ်ဟုတ်-မဟုတ်ဆိုတာကို စောင့်ကြည့်ရဦးမည် သာတည်း။

"အခုပြောတဲ့အတိုင်းထွက်တော့မယ်။ **နောက်ဘဝကိုတစ်ကပြန်စရမှာ** ဦးကျော်ဟိန်းစိတ်ဝင်စား နေတယ်။ နိုဝင်ဘာ(၄)ရက်ကစပြီး တရားပွဲနဲ့ပတ်သက်ပြီး လာလာပြောနေကြတယ်။ ဦးကျော်ဟိန်းက **တရားဟောမယ့်ဘုန်းကြီး မဟုတ်ပါဘူး**။ ဦးကျော်ဟိန်းက**တရားဟောမှာ မဟုတ်ပါဘူး**။ **စိတ်နဲ့ပတ်သက်တာကို ဆွေးနွေးမှာ**။ အခု လာပင့်တဲ့သူတွေ အကုန်လုံးကို မေးကြည့်တယ်။ သူတို့ဘာမှမသိကြဘူး။

ဘယ်လောကမှာပဲဖြစ်ဖြစ် ကိုယ်က တကယ်သိရဲ့လား။ သိအောင်ကြိုးစားထားသလား။ ရှာဖွေထား သလား။ **နောက်လောကကို သွားတော့မှာနဲ့ပတ်သက်ပြီး** လာဆွေးနွေးကြတဲ့သူတွေ ရှိတယ်။ သူတို့ကို မေးကြည့်တော့ သေသေချာချာ မသိဘူး။ **ဦးကျော်ဟိန်းက သိလာတယ်။ သိတဲ့ဟာလေးတွေကို ဆွေးနွေး တယ်။**

အဲဒီတော့ နေရာအသစ်ကို သွားမှာနဲ့ပတ်သက်ပြီး နေရာဟောင်းကလူတွေနဲ့အဆုံးပိတ်မှာ စပြီးရင် ဆုံးတယ်ဆိုတာ ရှိရတယ်။ အဲဒီတော့ ထွက်ခါနီးပြီဆိုတော့ ကိုယ့်လူတွေကိုနှုတ်ဆက်တာ။ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကို တာဝန်ယူပြီးပြီ။ ဒါပြီးရင် မြန်မာပြည်တစ်ပြည်လုံးကို ကျွန်တော်နှုတ်ဆက်မယ်။ ဂျာနယ်သမားတွေကို ကျွန်တော်ပြောတယ်။ နောက်(၂)နှစ် ကြာလို့ပြန်တွေ့ရင် ခင်ဗျားတို့ ဂျာနယ်တွေရော ဘယ်အဆင့်ရောက်နေကြ ပြီလဲ။ ကြိုးစားပါ။ ကျွန်တော်ကတော့ ထွက်တော့မယ်။

ကျွန်တော်က ဘုန်းကြီးဝတ်ပြီးရင်(၃)လအပြည့် ဟောဖို့ စာရင်းပြည့်နေပြီ-လို့ ပြောကြားသွားပါတယ်။ ဦးကျော်ဟိန်းက နိုဝင်ဘာ(၄)ရက်အထိမစောင့်ဘဲ အောက်တိုဘာ(၃၁)ရက်ကစပြီး ဘုန်းကြီးဝတ်သွားမှာ ဖြစ်တယ် လို့လည်း သိရပါတယ်။

(၅-၉-၂၀၀၈-ရက်စွဲပါ- ၎င်းဂျာနယ်၊နှာ၊၂၄။)

**ရှင်းလင်းချက်**

နောက်ဘဝကိုတစ်ကပြန်စရမှုဟုလည်းကောင်း၊
နောက်လောကကိုသွားတော့မှာနဲ့ပတ်သက်ပြီးဟုလည်းကောင်း၊
သူတို့က နောက်လောကကို ဘာမှမသိကြဘူး။
ဦးကျော်ဟိန်းကတော့ သိတယ်ဟုလည်းကောင်း စကားချိတ်ဆက်များမှာ ဘာကိုဆိုလိုကြောင်း ဝေဝါးနေကြ ပါသည်။

တရားဟောမယ့်ဘုန်းကြီးမဟုတ်ဘူးဟုလည်းကောင်း၊
တရားဟောမှာ မဟုတ်ဘူးဟုလည်းကောင်း၊
ဘုန်းကြီးဝတ်ပြီးရင်(၃)လအပြည့်ဟောဖို့စာရင်းပြည့်နေပြီ ဟုလည်းကောင်းဆိုထားရာလည်း ဝေဝါးနေပါသည်။

**စိတ်နဲ့ပတ်သက်တာကို**ဆွေးနွေးမှုဟောပြောမှုသည် ဘုန်းကြီးဝတ်ခြင်းနှင့်ဆိုင်-မဆိုင်ဟုလည်း မကွဲပြားသေးပါ။ ဘုရား၏တရားတော်ကို မဟောဘူးဟုသာ သိရပါသည်။ စိတ်အကြောင်းမသိသူများအား စိတ်နှင့် ပတ်သက်တာတို့ကို ဟောပြောပေးမည်ဟုဆိုလျှင် ဦးကျော်ဟိန်းကလည်း စိတ်အကြောင်းသိထားသူဖြစ်လျှင် စကားချိတ်ဆက်ပုံ မှန်ကန်ပါသည်။

နောက်ဘဝ-နောက်လောကအကြောင်း လာဆွေးနွေးသူများအား နောက်ဘဝ-နောက်လောကကို မသိသူများဖြစ်၍ နောက်ဘဝ-နောက်လောကအကြောင်းတို့ကို ဟောပြောပေးလျှင် ဦးကျော်ဟိန်းကလည်း နောက် ဘဝ-နောက်လောကအကြောင်းကိုသိထားသူဖြစ်လျှင် စကားချိတ်ဆက်ပုံမှန်ပါသည်။

ယခုစကားစဉ်မှာ အလွန်ဝေဝါးနေပါသည်။ သို့ရာတွင် ကိုယ့်ကိုယ်ကိုရိုးသားသူ ဖြစ်ရမည်ဟူသော

မေတ္တာသုတ်တရားတော်ကို ဟောပြောမည့်သူ မဟုတ်ကြောင်းကိုတော့ သေချာသိရပြီဖြစ်ပါသည်။

ဤသို့ဆိုလျှင် ဗုဒ္ဓဘာသာဝင်တို့သိသင့်သောစိတ်လေ့ကျင့်ခန်းဟူ၍ မဆိုသင့်ရာပြီ။ ဘုန်းကြီးဝတ်နေစရာလည်း မလိုပြီ။ ဘုန်းကြီးဝတ်မှုနှင့်စိတ်လေ့ကျင့်စဉ်အကြောင်းဟောပြောမှုသည် ဘာမှ မပတ်သက်ပေ။ မှန်၏။ ဗုဒ္ဓဘုရားဟောထားသည့်တရား မဟုတ်သောကြောင့်တည်း။

သို့ရာတွင်“ဗုဒ္ဓဘာသာဝင်တို့သိသင့်တဲ့”ဟူ၍ပါရှိရာ ဗုဒ္ဓဘာသာဝင်နာယူကြရသူများကတော့ ဗုဒ္ဓဘာသာလာ ဘုရားဟောတရားမျိုးပေပဲဟူ၍ ထင်မှားယူမှား-ဖြစ်ကြရပေတော့မည်။

အယ်ဒီတာကျော်စွာမင်း၏အမေး။ ။“ကျွန်တော်တို့ဗုဒ္ဓမြတ်စွာဘုရားတောင်မှ လက်တွေ့ကျင့်ပြီးမှ မဇ္ဈိမပဋိပဒါ=အလယ်အလတ်လမ်းကို သိခဲ့တယ်။ ဦးကျော်ဟိန်းကရော ဒီစိတ်အကြောင်းသိအောင် ဘယ်လောက်လေ့ကျင့်လိုက်လဲ။ ဘယ်လောက်လုပ်လိုက်လို့သိလာသလဲ။

ဦးကျော်ဟိန်း၏အဖြေ။ ။“ကျွန်တော်က**ဘုရားကိုစိတ်ဝင်စားတယ်**။ ဘုရားမရှိတော့တာနှစ်ပေါင်း (၂၅၀၀)ကျော်သွားပြီ။ ဒါပေမယ့် ဒီဘက်ခေတ်မှာကျတော့ ဒီဘက်ခေတ်ရဲ့လူသားအသစ်တွေက အဲဒီအတွေးအခေါ်တွေ အယူအဆတွေကို လက်မခံတော့တာ ရှိတယ်။(ပ)

ဘုရားက စိတ်ဖြစ်သွားလို့ လုပ်မိသွားတာတွေကို ပြောခဲ့တာ အခုချိန်အထိ မှန်နေတယ်။ အဲဒီတော့ **ဘုရားကို တစ်ချို့ဘုန်းကြီးတွေကတော့ သိပ်မဖြေနိုင်ဘူး**ပေါ့ဗျာ။ တောင်ပုလုဆရာတော်က-**“ဘာပဲ လုပ်လုပ် သိကွာ”**လို့ ဟောခဲ့တဲ့စကားကို စိတ်ဝင်စားရင်းနဲ့ ဦးကျော်လေ့ကျင့်ရင်းနဲ့ သိလာရင်းနဲ့ လူက သက်သာလာတယ်။ အဲဒီတော့ ဦးကျော်ကတော့ ဒါလေးကို တောက်လျှောက်လေ့ကျင့်နေဦးမှာပဲ။ အဲဒီတော့ ဘာ့ကြောင့်သိလဲ။ ဘယ်လိုသိလဲ။ ဘာလုပ်မှာလဲ။ ဖြေရမှာက-ကျွန်တော် ဘုရားကို စိတ်ဝင်စားတယ်။

## ရှင်းလင်းချက်

“တောင်ပုလုဆရာတော်ကဆုံးမသည်မှာ ဘာလုပ်လုပ်ဟုဆိုသောကြောင့် လုပ်အပ်သောအလုပ်ခံအမှုကို သိနေစေရမည်ဟု ဆိုလိုပါသည်။ စိတ်ကိုသိနေရမည်ဟု မဆိုပါ။

ဦးကျော်ဟိန်းက အမိပ္ပါယ်ယူပုံ မှားနေကြောင်း နောက်နားတွင် လာပါလိမ့်မည်။ လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀)ကျော်က ဘုရားကို ဦးကျော်ဟိန်းစိတ်ဝင်စားတာ ဟုတ်-မဟုတ်သည်လည်း ထင်ရှားလာလိမ့်မည်။ ဘုရားကို တစ်ချို့ဘုန်းကြီးတွေက သိပ်မသိဘူးဟုဆိုထားသောကြောင့် ဦးကျော်ဟိန်းစိတ်ဝင်စားသည့်ဘုရားမှာ ဦးကျော်ဟိန်းစိတ်ထဲက သီးသန့်ဘုရားတစ်မျိုးသာ ဖြစ်ပေလိမ့်။

ဒါကလေးကိုစိတ်ဝင်စား၍ကျင့်နေသည်ဟုဖြေဆိုထားသော်လည်း မေးခွန်းအတွက် ပြည့်စုံသောအဖြေ-မဖြစ်သေး။

ဦးကျော်ဟိန်း၏အဖြေအဆက်။ ။လူသားအသစ်တွေ-စိတ်အသစ်တွေ-ဘာတွေဖြစ်နေသလဲ-လို့ ကျွန်တော်သိအောင် ကြိုးစားတယ်။ သူတို့ကိုသိအောင်ကြိုးစားဖို့အတွက် ကိုယ့်ကိုယ်ကို အရင်သိအောင်ကြိုးစားလိုက်တာ။ အဲဒီတော့ ကျွန်တော် **စိတ်ကို အရမ်းစိတ်ဝင်စားတယ်**။

**အဲဒီစိတ်ရဲ့ဖခင်ကြီးက ကျွန်တော်ရဲ့ ဘုရားပဲ။ ကျွန်တော်ပြောစရာက ဒါပဲ**။ ကြာပြီ။ ကျွန်တော် လုပ်နေတယ်။ ဒါပေမယ့် လူတွေက ကျွန်တော့်ကို သဘောမပေါက်နိုင်ဘူး။ အဆင့်မရှိတဲ့မေးခွန်းတွေ လာလာမေးကြတယ်။ ပြန်ဖြေရင်းနဲ့ လူတွေနဲ့ သဟဇာတ မဖြစ်ဘူး။

ကျွန်တော်ဆီမှာ ရှိတာက တစ်ခုပဲ။ **ကျွန်တော် ဘာမှ မဟုတ်ဘူး**။ ဘာ့ကြောင့်ဒီစကားပြောသလဲဆိုရင် **တရားတော်ထဲမှာ နေနေလို့ ပြောနိုင်တာ**။ တကယ်တရားနဲ့နေနေတဲ့လူအတွက်က ဘာမှမဟုတ်ဘူး။ ကျွန်တော်ဘာမှမဟုတ်ပါဘူးဗျာလို့ပြောတာကို သူတို့သဘောပေါက်တယ်။

အားလုံးကလဲ ဘာမှ မဟုတ်ပါဘူး။ ဒါပေမယ့် **ဘုရားကတော့ အရမ်းကို ကြီးကျယ်သွားတယ်။**

**ဘာဖြစ်လို့လဲ သူသိတာ။ အားလုံးကလဲ မိမိကိုယ်ထဲမှာရှိတဲ့စိတ်ကိုသိအောင်ကြိုးစားကြပါ။** ကျွန်တော်အဲဒါတွေကို လေ့ကျင့်ရင်း လေ့ကျင့်ရင်း လေ့ကျင့်ရင်းနဲ့ပဲ ကျွန်တော်သေလိုက်မယ်။

နောက်ဘဝက မသေချာဘူး။ တစ်ချို့ကပြောကြလိမ့်မယ်။ ဘယ်ဘဝ ကနေပြီး-သာခုခေါ်ပါလို့ပြောတော့ **အဲဒီရေးတဲ့စာတွေကို ဖတ်ရင်း စိတ်မကောင်းဘူး။ သေသွားတဲ့သူက ဘယ်ဘဝကို ရောက်ပေးရမှာလဲ။** သာခုခေါ်နိုင်တိုင်းကော လွတ်လား။ လွတ်မြောက်တယ်ဆိုတာ ဘယ်သူလုပ်မှ ရမှာလဲ။ သူများလုပ်ပေးလို့ လွတ်မြောက်သလား။

အဲဒီမှာ ဦးကျော်ဟိန်းက ကိုယ့်ကိုယ်ကို အားကိုးတဲ့စိတ်နဲ့ အရမ်းကြီးကျယ်သွားလား။ ကိုယ့်ကိုယ်ကို အားကိုးနိုင်လာတယ်။ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်နိုင်လာတယ်။ **ကျွန်တော့်ရဲ့စိတ်လေ့ကျင့်ခန်းကို လုပ်ပါ။** ကျွန်တော်လုပ်နေတာ ကြာပြီ။ ဘယ်လောက်ဆက်လုပ်မှာလဲဆိုရင် သေသည်အထိပါပဲ။

**ဒါပေမယ့် သီလသမာဓိရှိတာ မဟုတ်ဘူး။** ကျော်ဟိန်း ဒီလောက်ဆိုးသွမ်းတဲ့ လူတစ်ယောက်က **ဘာသာရေးထဲ**ဘာ့ကြောင့်ရောက်သွားသလဲဆိုတာကို ရုပ်ပြရေးတယ်။ ကျွန်တော်(စိတ်လေ့ကျင့်ခန်းကရတဲ့) **အဲဒီ အသိဉာဏ်နဲ့** ကျော်ဟိန်းဖြစ်စေတာ သေချာတယ်။

## ရှင်းလင်းချက်

"ဦးကျော်ဟိန်းသိသည့်ဘုရားဆိုတာ စိတ်၏ဖခင်ကြီးဖြစ်သည်ဟုဆိုလေသောကြောင့် ဂေါတမဗုဒ္ဓ မဟုတ်ပါ။ ဦးကျော်ဟိန်းစိတ်ကို ဦးကျော်ဟိန်းကပင် မွေးပေးထားရာရောက်သဖြင့် ဦးကျော်ဟိန်းသည်ပင် ဦးကျော်ဟိန်း စိတ်ဝင်စားသည့်ဘုရား ဖြစ်နေလေသည်။

ဦးကျော်ဟိန်း၏စိတ်က ဘာတွေကို ကြိုက်သည်ဆိုတာကို ဦးကျော်ဟိန်း သိအောင်လုပ်နိုင်သည်။ ထို့ပြင် လူတွေအများ၏စိတ်အသစ်အသစ်များက ဘာတွေကို ကြိုက်နေကြသည်ဆိုတာကို ဦးကျော်ဟိန်းက စိတ်ကျင့်စဉ်ဖြင့် သိနိုင်သည်။

ထို့ကြောင့် ဦးကျော်ဟိန်းဟူ၍ ကျော်ကြားမှုတွေကို ရရှိသည်။ ထို့ကြောင့် ဦးကျော်ဟိန်းသည် ဘာမျှ မဟုတ်သူတစ်ဦးသာ ဖြစ်သည်ဟု ဆိုလိုပါသည်။ ဗုဒ္ဓဘာသာတရားတော်အားဖြင့်ဆိုရလျှင် တရားတော်ထဲမှာ နေနေ-လို့ဟူသောစကားနှင့် ဒါပေမယ့်သီလသမာဓိရှိတာမဟုတ်ဘူးဟူသော စကားတို့ အချင်းချင်းဆန့်ကျင်ကြပါသည်။

ထို့ကြောင့် ဦးကျော်ဟိန်းနေထိုင်ရာတရားဆိုသည်မှာ ဗုဒ္ဓဘာသာတရား မဟုတ်ဟူ၍ အတိအကျသိရပြန်ပါသည်။ ထို့ပြင် ဘာသာရေးထဲရောက်သွားသည်ဟုဆိုရာမှာလည်း ဗုဒ္ဓဘာသာဖြစ်သော ဘာသာရေးထဲ ရောက်သူမဟုတ်ဟူ၍သာ မှတ်ယူကြရမည်ဖြစ်ပါသည်။

ဗုဒ္ဓဘာသာအရဆိုလျှင် ဘာသာရေးထဲရောက်သူသည် သီလသမာဓိရှိသူသာလျှင် ဖြစ်လေ့ရှိပါသည်။ ဦးကျော်ဟိန်း၏စိတ်လေ့ကျင့်ခန်း ထဲက ရရှိသောအသိဉာဏ်ဆိုသည်မှာ သာမန်စိတ်ပညာနှင့် မနုဿဗေဒပညာ တို့ထက် ပို၍ အားကိုးလောက်သော ပညာတရား(ပညာသိက္ခာ)မျိုးမဟုတ်ဟူ၍ မှတ်ယူသင့်ပါသည်။

သို့ပါသော်လည်း--

"သေသွားသူက ဘယ်ဘဝမှ မရောက်နိုင်ဟုဆိုလိုခြင်း၊

အမျှပေးဝေလျှင်ရရှိ၍ကျွတ်လွတ်ကြောင်းရေး ထားသော(ထေရဝါဒဗုဒ္ဓဘာသာ)စာပေများကို ဖတ်ရသောအခါ စိတ်မကောင်းပါဟုဆိုထားခြင်း၊

နောက်ဘဝက သာခုမခေါ်နိုင်ဟုဆိုလိုခြင်း၊

သာခုခေါ်နိုင်လျှင်လည်း သူများလုပ်ပေးမှုဖြင့် မလွတ်မြောက်နိုင်ဟုဆိုလိုခြင်း စသည်တို့သည် ထေရဝါဒဗုဒ္ဓ ဘာသာအရဖြစ်သော ဘာသာရေးထဲသို့ မရောက်သောကြောင့် ဆိုနိုင်ခြင်းပင် ဖြစ်ကြပါသည်။

ထေရဝါဒဗုဒ္ဓဘာသာတွင်-

သေပြီးနောက်ဘဝရှိပုံနှင့်မရှိပုံတို့ကိုလည်းကောင်း၊

နောက်ဘဝရှိသူအတွက် ဖြစ်ထိုက်သောဘဝမျိုးကိုလည်းကောင်း၊

သာဓုခေါ်နိုင်သော အမျိုးအစားကိုလည်းကောင်း၊
ထိုသို့လွတ်မြောက်ရာတွင် ဘယ်ပမာဏမျှ လွတ်မြောက်သည်ကိုလည်းကောင်း၊
နိဗ္ဗာန်တရားအရလွတ်မြောက်ပုံကိုလည်းကောင်း
ရှင်းရှင်းမြင်သိနိုင်ကောင်းပါသည်။ ဗုဒ္ဓမြတ်စွာက သေချာခွဲခြားလျက် ရှင်းပြထားတော်မူပါသည်။

*အထူးသတိပြုရမည့်အချက်မှာ-*

**"တရားတော်ထဲမှာ နေနေလို့ ပြောနိုင်တာ။** တကယ်တရားနဲ့ နေနေတဲ့လူ အတွက်က ဘာမှ မဟုတ်ဘူး။ အားလုံးကလဲ ဘာမှ မဟုတ်ပါဘူး။ ဒါပေမယ့် **ဘုရားကတော့အရမ်းကို ကြီး ကျယ်သွားတယ်။ ဘာဖြစ်လို့လဲ သူသိတာ။ အားလုံးကလဲ မိမိကိုယ်ထဲမှာရှိတဲ့ စိတ်ကို သိအောင် ကြိုးစားကြပါ"** ဟူ၍ ပါရှိနေခြင်းပင် ဖြစ်ပါသည်။

ယင်းစကားတွင် ဘုရားဆိုသည်မှာ မိမိကိုယ်ထဲမှာရှိသောစိတ်ကို သိသူပင်တည်းဟု အဓိပ္ပါယ်ထွက်နေပါသည်။ မိမိကိုယ်ထဲမှာရှိနေသောစိတ်ကိုသိသောသူဟူသည် စင်စစ်အားဖြင့် မိမိ၏စိတ်ပင်ဖြစ်ပါသည်။ နောက်နားတွင် ထင်ရှားလာပါလိမ့်မည်။

ထို့ကြောင့် ဦးကျော်ဟိန်းသည် စိတ်ကိုကိုးကွယ် သူ-မိမိစိတ်ကိုသာဘုရားဟုမှတ်ယူသူ ဖြစ်၏ဟူ၍ သိမှတ်ကြရပါမည်။ ထိုသို့ဖြစ်လျှင် ဦးကျော်ဟိန်းသည် ဗုဒ္ဓဘာသာဝင်တို့ သိသင့်သောစိတ်လေ့ကျင့်ခန်းတရားဟူ၍ မဆိုသင့်ရာပေ။ ဘာသာရေးထဲရောက်သူဟုလည်း ဝန်မခံသင့်ရာပေ။

"ဗုဒ္ဓဘာသာဝင်တို့အား တရားဟောပေးမည်။ ဘာသာရေးထဲရောက်သူ ဖြစ်သည်။ တရားက စိတ်လေ့ကျင့်ခန်းတရား ဖြစ်သည်။ သည်တရားကို သေထိကျင့်လည်း သီလသမာဓိတို့ကို ရရှိစေမည်မဟုတ်"
ဟု ဆိုလျှင် ဘာသာရေးအသစ်တစ်ခုကို တည်ထောင်သူတစ်ဦးအဖြစ်သို့ ဆိုက်ရောက်နေမည်သာ ဖြစ်ပေသည်။

ဘာသာရေးအသစ်တည်ထောင်လျှင် ထေရဝါဒသာသနာနှင့်စပ်လျဉ်းပါက ထေရဝါဒနိုင်ငံတော်ဖြစ်နေသောကြောင့် ထေရဝါဒသာသနာဆိုင်ရာဥပဒေအရ အရေးယူခြင်းကို ခံယူရမည်သာ ဖြစ်သည်။

ထေရဝါဒရေးနှင့် စပ်လျှင် ဘာသာအသစ်တည်ထောင်ခွင့် လုံးဝ မရှိပေ။ နောက်တွင်ဆက်လက်၍ ဖြေထားချက်များ အများကြီး ပါရှိကြပါသည်။

လိုရင်းမှာ- ဘုန်းကြီးများသည် တကယ်လေ့ကျင့်သူများမဟုတ်၍ စိတ်အကြောင်းကို(ဝါ)ဘုရားအကြောင်းကို တကယ်သိသူများ မဟုတ်ဟုလည်းကောင်း၊

စိတ်ဖြစ်ပုံနှင့်စပ်၍ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းမှကျော် သီဟ၏အမေးကိုဖြေရာတွင်-"လျှပ်တစ်ပြက်အတွင်း ကုဋေတစ်သိန်းကျော်စိတ်ဖြစ်ကြောင်းကို စာအုပ်များက ဆိုထားကြတာပါ။ အဲဒီစာအုပ်ကြီးတွေကို ထည့်ပြောမနေနဲ့။ အမှန်လားအမှားလား ယုံကြည့်ရတဲ့ဟာတွေမဟုတ်" စသည်ဖြင့် အဓိပ္ပါယ်ထွက်နေကြောင်း တွေ့ကြရပါသည်။ သီးသန့်ရှင်းတမ်းရေးထားဦးမည် ဖြစ်ပါသည်။

အထက်ပါတို့တွင် ထေရဝါဒဗုဒ္ဓသာသနာတော်သန့်ရှင်းပြန့်ပွါးရေးကိုဦးထိပ်ထားလျက် ရေးသားခြင်းဖြစ်ပါ၍ တိကျပြတ်သားထင်ရှားစိမ့်သောငှါ ကာယကံရှင်တို့၏အမည်များကိုပါ ထည့်သွင်းဖေါ်ပြလိုက်ရပါသည်။

သို့အတွက်--ကာယကံရှင်တို့မှာ"မိမိတို့ဟောပြောရေးသားတရားအမည်ခံများ၏ အဓမ္မဝါဒမဖြစ်ပုံ(ဝါ)ဓမ္မဝါဒဖြစ်ပုံတို့နှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းချက်များကို ထေရဝါဒဗုဒ္ဓဘာသာသာသနာရေးဗဟိုဌာန(ကမ္ဘာအေး+နေပြည် တော်)တို့ထံ တရားဝင်တင်ပြခွင့် ရှိကြပါသည်။

အဓိကပြုလိုသည့် ရည်ညွှန်းချက်မှာ---------

<u>"၎င်းတို့အဓမ္မဝါဒီ များ၏ ပစ္စုပ္ပန်ကမ္မဝါဒီဂိုဏ်းအတွင်း ကျရောက်ပေါင်းစုသွားနိုင်စရာရှိပုံများကို တင်ပြလိုရင်းသာ ဖြစ်ပါသည်"</u>။

**မြတ်ဗုဒ္ဓထံသို့အပြန်လမ်း**

-------------------------

**ရှင်ဒေဝဒတ်၊ ဇာတသတ်နှင့်၊**
**မိုက်ဇာတ်ထင်ဘီ၊ အင်္ဂုလိ-ပြင်**
**ဘုရင်သုပ္ပ၊ မ,စိဉ္စ-တို့၊**
**မိုက်ကြ-မှားကြ၊ ယုတ်မာကြ၍**
**ဗုဒ္ဓသတ်ပွဲ၊ သံဃာခွဲ-နှင့်၊**
**အောင်ပွဲရ-က၊ ငါ,ဗုဒ္ဓဟု**
**ဗုဒ္ဓ-ဖြစ်ချက်၊ ရာထူးမက်လည်း၊**
**ပွဲပျက်-စိတ်ထွေ၊ မအောင်လေတော့**
**ထူးထွေ-စွဲကိုင်၊ အကြံပိုင်၍၊**
**"စင်ပြိုင်သာသနာ၊ ပြိုင်ဘာသာ"ကို**
**ဂယာဆိတ်တွင်၊ အထွတ်တင်သူ၊**
**ရှင်ဒေဝဒတ်ပင်၊ လမ်းမှန်-မြင်-က**
**ထမ်းစင်စီးကာ၊ ပြန်ခွင့်သာသည်၊**
**အခါကောင်းနှင့်အခွင့်လမ်း။**
**ရှင်ဒေဝဒတ်၏အပြန်လမ်း။**
**အဇာတသတ်၏အပြန်လမ်း။**
**သုပ္ပဗုဒ္ဓ၏မပြန်လမ်း။**
**စိဉ္စမာဏဝိကာ၏မပြန်လမ်း။**

---

# (၁၈)လအတွင်းအတွေ့အကြုံများနှင့်ရှင်းလင်းချက်များ

စာရေးသူတို့စာဒကများသည် ပစ္စုပ္ပန်ကမ္မဝါဒဂိုဏ်းကြီးအကြောင်း ရှင်းလင်းပြလျက် ဝိနိစ္ဆယတင်ရန် စောဒနာများပြုစုနေပုံစသည်တို့ကို နီးစပ်ရာများအား ပြောပြပေးကြရာ--

"ဒီလိုပရမ်းပတာထုတ်ဝေထားတဲ့ စာအုပ် တွေကို အစိုးရက မဖမ်းဘူးလား။ အရေးမယူဘူးလား" ဟူ၍ အမြဲတမ်းအမေးခံကြရပါသည်။

ထိုအခါတွင်-

"အစိုးရက အရေးယူဖို့ဆိုတာ အမှုဖွင့်ချက်က ရောက်လာအုံးမှကိုဗျ။ အမှုစွဲချက်မဝင်လာရင် ရဲကလဲ ဖမ်းလို့မရဘူးမဟုတ်လား။ နိုင်ငံတော်သံဃဝိနိစ္ဆယတွေမှာလဲ စောဒနာဝင်အချက်အလက်တို့ကိုသာ စစ်ဆေးကောင်းတာ ထင်ရှားတယ်။ ဒီသဘောပါပဲ။ အဲဒါကြောင့် ဦးပဥ္စင်းတို့က အခုအဲဒါတွေကို ဆောင်ရွက်နေကြတာဖြစ်ပါတယ်။

ဥပမာအားဖြင့် ပြောရရင်တော့ အရင်တုန်းက မြို့တစ်မြို့မှာ ဘော့လုံးပွဲပြတဲ့ ဗီဒီယိုရုံတစ်ခု ရှိခဲ့တယ်။ အဲဒီရုံအဝင်ဝမှာ-

"ဆေးလိပ်မသောက်ရ"

လို့ စာတမ်းချိတ်ထားတယ်။ တစ်ခါမှာတော့ ဘော့လုံးပွဲလာခါနီးမှာ ရုံထဲရောက်နေသူ တစ်ဦးက ဆေးလိပ်သောက်နေတယ်။ အဲဒါကို အခြားဆေးလိပ်သောက်တတ်သူတစ်ဦးက မြင်သွားတယ်။ သူက ဆေးလိပ်မသောက်ရဆိုတဲ့ စာတမ်းကိုလဲ မြင်ခဲ့သူဖြစ်တော့ ပိုက်ဆံကောက်နေတဲ့ရုံပိုင်ရှင့်ထံ ပြန်သွားတယ်။

“ဒီမှာ ဆေးလိပ်မသောက်ရဘူးဆိုတာ ဟုတ်သလား”
လို့ မေးလိုက်တယ်။
ပိုင်ရှင်က-
“ဘာဖြစ်လို့လဲ”
လို့ ပြန်မေးတယ်။
“ဟိုမှာစာတမ်းချိတ်ထားလို့ပါ။ ပြီးတော့ ဟိုထဲမှာ တစ်ယောက်က ဆေးလိပ်သောက်နေတယ်။ ကျွန်တော်လဲ ဆေးလိပ်ကြိုက်တယ်။ ဒါ့ကြောင့် ဆေးလိပ်သောက်ရရင် ကျွန်တော်လဲ သောက်မလို့ပါ”
လို့ ရှင်းပြတယ်။
“သူက အဲဒီစာတမ်းကို မမြင်လို့ မဖတ်တတ်လို့ နေမှာပေါ့။ ခင်ဗျားက မြင်လဲမြင်တယ်။ ဖတ်လဲဖတ်တတ်တယ်။ ခင်ဗျား ဆေးလိပ်မသောက်ရဘူး။ သောက်မယ်ဆိုရင် ရုံထဲမဝင်နဲ့တော့”
ဟုဆိုကာ ရုံပိုင်ရှင်က အမိန့်ချလိုက်တယ်။
အဲဒီ စကားတွေကို ရုံထဲကဆေးလိပ်သောက်သူလဲ ကြားတယ်။ အဲဒါကြောင့် ဆေးလိပ်ကို မီးငြိမ်းပစ်လိုက်တယ်။ မငြိမ်းရင်လဲ ရုံပိုင်ရှင်က အရေးယူတော့မယ်။ ဒီသဘောပါပဲဗျာ။ ဆေးလိပ်သောက်နေသူဟာ ရုံပိုင်ရှင်မသိခင် ကတော့ စာတမ်းကို မမြင်ချင်ယောင်ဆောင်ပြီး သောက်နေရသော်လဲ မြင်သွားရင် သောက်လို့မရနိုင်တော့ဘူး။ သောက်ရင် ဘော့လုံးပွဲရုံထဲကနေ မောင်းထုတ်ခံရမှာပေါ့။ အဲဒီသဘောပါပဲ။ အခု ဦးပဥ္စင်းတို့က မြင်အောင်ပြပေး ကြရမှာပါ”
စသည်ဖြင့် ရှင်းပြကြရပါသည်။
ဆရာတော်ကြီးများထံ ဆည်းကပ်၍လျှောက်တင်သောအခါတွင်လည်း ဆရာတော်ကြီးတစ်ပါးက အမိန့်ရှိသည်မှာ-
“တို့ကျောင်းတိုက်က ဂဏ္ဌဓုရကို ဖောက်ချလုပ်နေတာ။ ဒီလိုအလုပ်တွေက တို့ကျောင်းနဲ့ မသင့်ဘူး” ဟူ၍ အမိန့်ရှိပါသည်။
ကြားလိုက်ရသည်မှာ-
“ဒီလိုအလုပ်မျိုးကတော့ ကိုယ်တော်တို့လို လမ်းသလားနေသူတွေနဲ့ပဲ တန်တယ်။ ကိုယ်တော်တို့ပဲ လုပ်ချင်ရင် လုပ်ကြပေါ့။ မလုပ်ချင်ရင်နေကြပေါ့”
ဟူ၍ပင်တည်း။
ထို့ကြောင့်-
“တပည့်တော်တို့လဲ စာချသက်တမ်း(၁၀)ကျော်အောင် ယခုအထိ ဆက်တိုက်စာပေပို့ချပေးနေတဲ့ စာချပုဂ္ဂိုလ်များပါဘုရား”
ဟုလျှောက်ထားပြီး ဦးတင်၍ ဩဝါဒခံယူခဲ့ကြရပါသည်။
အခြားဆရာတော်တစ်ပါးထံ ဆည်းကပ်စဉ်မှာတော့ ဆရာတော်ဘုရားက- သေချာလျှောက်ထားဖို့ တောင်းဆိုကာ နားထောင်ပြီး-
“ဩော် တပည့်တော်တို့ သာသနာ၀င် ရဟန်းပုဂ္ဂိုလ်တွေ လူပုဂ္ဂိုလ်တွေ အားလုံး ဝိုင်းဝန်း ထမ်းဆောင်ကြရမယ့် ဝန်ထုပ်ကြီးကို ဦးပဥ္စင်းတို့က ခေါင်းခံပြီး ထမ်းကြတာပဲ။ ဝမ်းသာပါတယ်ဘုရား။ ကြိုးစားထမ်းဆောင်တော်မူကြပါ။ လိုအပ်တဲ့ပစ္စည်းဝတ္ထုရှိရင် တပည့်တော်တို့ကို အကြောင်းကြားပါ။ တတ်စွမ်းနိုင်သမျှ ဝိုင်းဝန်းထောက်ပံ့ပါမယ်ဘုရား။ ဖြစ်အောင်ဆက်ဆက်ကြိုးစားပါ”
စသည်ဖြင့် ဩဝါဒချီးမြှင့်တော်မူပါသည်။
အခြားလူပုဂ္ဂိုလ်ဆရာကြီးတစ်ဦးကတော့-
“ကြိုးစားလုပ်ပါဘုရား။ လိုတာရှိရင် တပည့်တော်တို့ကိုပဲ အမိန့်ရှိပါဘုရား။ တစ်လက်စတည်းနဲ့ပြီးအောင် အခြားအဓမ္မဝါဒတွေကိုလဲ တစ်တွဲတည်းပါသွားအောင် တံမြက်စည်းလှည်းသလိုမျိုးပေါ့။ အကြုံဝင်သွားအောင်

သတိပေးတဲ့သဘောမျိုးနဲ့ဖြစ်အောင် ကြိုးစားစီစဉ်ကြပါ ဘုရား”
ဟုလျှောက်ထား၍ အကြံပေးပါသည်။

အခြားသောအကြံပေးချက်များ၊ လျှစ်လျူရှုချက်များ၊ တိုက်တွန်းချက်များ စသည်တို့ကိုလည်း အများကြီး ရရှိခဲ့ကြပါသည်။ သာသနာ့ဝင်ပုဂ္ဂိုလ်များအတွက် ကောင်းကျိုးရဖို့ ကောင်းမှုလုပ်ငန်းတွေကို လုပ်ကြသည်ဟု ဆိုရာမှာလည်း အမျိုးမျိုး ရှိကြပါသည်။

သူ့သဘောနှင့် သူ့ဝါသနာနှင့်သူ ဖြစ်ကြပါသည်။
ဤကိစ္စမျိုးကို ပြုလုပ်ရန် စိတ်အားထက်သန်သူများကား ရှားလှပေသည်ဟုလည်း သဘောပေါက်ခဲ့ကြရပါသည်။

## စောဒနာ(၂၆၃)ခုအကျဉ်းချုပ်အညွှန်း

“ဤနေရာတွင်စောဒနာလွှာ(၂၆၃)ခုတို့ကို သေချာခွဲခြားလျက် အနှစ်ချုပ်များကို တင်ပြရန် အခွင့်ရောက် လာပြီဟု ယူဆကြပါသည်။

၁။ရှင်ဉာဏ(ခ)ရှင်မိုးပြာ၏ရေးသားချက်-ဟောပြောချက်တွေကို ဥပနာပြု၍ တင်သွင်းသောစောဒနာပေါင်း(၂၀၉)။

၂။ အရှင်ဝိစိတ္တသာရာဘိဝံသ------------------------------------------------------------------(၁၈)။
(၎င်းတို့မှာ-၃-၅။ ၃-၁၁၅မှ ၁၂၅အထိ(၁၅)ခု။ ၃-၁၃၀။ ၃-၁၃၁-ပေါင်း(၁၈)ခုတို့ပင် ဖြစ်ကြသည်။)

၃။ အရှင်ဉာဏိန္ဒာလင်္ကာရ------------------------------------------------------------------(၅)။
(၎င်းတို့မှာ-၃-၅၅။ ၃-၇၈။ ၃-၇၉။ ၃-၈၀။ ၃-၈၁-တို့ပင် ဖြစ်ကြသည်။)

၄။ ဓမ္မဝိဟာရီဝွေရတုပူဇာအယ်ဒီတာအဖွဲ့နှင့်ဗဟိုဂေါပကအဖွဲ့-မန္တလေးဂေါပကအဖွဲ့-ရန်ကုန်ဂေါပကအဖွဲ့-မမြို့ ဂေါပကအဖွဲ့-ဓမ္မနာယကကြီးများအဖွဲ့-ဓမ္မဆရာများအဖွဲ့-ဓမ္မစာစုဂေါပကအဖွဲ့------------------------(၄)။
(၎င်းတို့မှာ-၃-၁။ ၃-၂။ ၃-၄၈။ ၃-၈၀။ ၃-၁၃၅-တို့ပင် ဖြစ်ကြသည်။)

၅။ ဦးစိုးအောင်------------------------------------------------------------------(၄)။
(၎င်းတို့မှာ-၃-၄။ ၃-၂၅။ ၃-၁၃၀။ ၃-၈၀။ ၃-၁၃၁-တို့ပင် ဖြစ်ကြသည်။)

၆။ ဦးရန်အောင်------------------------------------------------------------------(၂)။
(၎င်းတို့မှာ-၃-၃။ ၃-၁၃၃-တို့ပင် ဖြစ်ကြသည်။)

၇။ အရှင်ကုမာရာလင်္ကာရ------------------------------------------------------------------(၁)။
(၎င်းမှာ-၃-၁၃၂-ပင် ဖြစ်သည်။)

၈။ ဦးဆန္ဒာဓိက(ဇီးပင်သာ)------------------------------------------------------------------(၁)။
(၎င်းမှာ-၃-၈-ပင် ဖြစ်သည်။)

၉။ ဓမ္မဝိဟာရီမာဃိန္ဒ(ခင်မွန်)------------------------------------------------------------------(၁)။
(၎င်းမှာ-၃-၁၀-ပင် ဖြစ်သည်။)

၁၀။ ဦးသုန္ဒရ(စစ်ကိုင်း)------------------------------------------------------------------(၁)။
(၎င်းမှာ-၃-၁၆-ပင် ဖြစ်သည်။)

၁၁။ ဦးထွန်းရီ------------------------------------------------------------------(၁)။
(၎င်းမှာ-၃-၁၇-ပင် ဖြစ်သည်။)

၁၂။ အေးငြိမ်းကျော်------------------------------------------------------------------(၁)။
(၎င်းမှာ-၃-၆-ပင် ဖြစ်သည်။)

၁၃။ ကိုပေါက်(မန္တလေး)-----------------------------------------------------------------------(၁)။

(၎င်းမှာ-၃-၉-ပင် ဖြစ်သည်။)

၁၄။ ဦးအေးကျော်---------------------------------------------------------------------------------(၁)။

(၎င်းမှာ-၃-၁၁-ပင် ဖြစ်သည်။)

၁၅။ မိုး(ရန်ကုန်)-----------------------------------------------------------------------------------(၁)။

(၎င်းမှာ-၃-၁၂-ပင် ဖြစ်သည်။)

၁၆။ ဦးလှမြင့်--------------------------------------------------------------------------------------(၁)။

(၎င်းမှာ-၃-၁၃-ပင် ဖြစ်သည်။)

၁၇။ အေးမြမောင်-----------------------------------------------------------------------------------(၁)။

(၎င်းမှာ-၃-၁၄-ပင် ဖြစ်သည်။)

၁၈။ သောင်းဝင်း-------------------------------------------------------------------------------------(၁)။

(၎င်းမှာ-၃-၁၅-ပင် ဖြစ်သည်။)

၁၉။ ဇာနည်မင်းထက်(ယူအက်စ်အေ)--------------------------------------------------------------(၁)။

(၎င်းမှာ-၃-၁၇-ပင် ဖြစ်သည်။)

၂၀။ မောင်စန်းမောင်(မန်ကျီး)-----------------------------------------------------------------------(၁)။

(၎င်းမှာ-၃-၁၈-ပင် ဖြစ်သည်။)

၂၁။ ဆရာဦးခင်ညို---------------------------------------------------------------------------------(၁)။

(၎င်းမှာ-၃-၁၉-ပင် ဖြစ်သည်။)

၂၂။ ဦးသိန်းမောင်(မန္တလေး)-------------------------------------------------------------------------(၁)။

(၎င်းမှာ-၃-၂၀-ပင် ဖြစ်သည်။)

၂၃။ ဆရာစံ(ဗဟန်း)-------------------------------------------------------------------------------(၁)။

(၎င်းမှာ-၃-၂၁-ပင် ဖြစ်သည်။)

၂၄။ မဖွါမ------------------------------------------------------------------------------------------(၁)။

(၎င်းမှာ-၃-၂၂-ပင် ဖြစ်သည်။)

၂၅။ ဦးသံဒေါင်း(ကနီ)----------------------------------------------------------------------------(၁)။

(၎င်းမှာ-၃-၂၃-ပင် ဖြစ်သည်။)

၂၆။ ကိုအောင်(မြစ်ငယ်)---------------------------------------------------------------------------(၁)။

(၎င်းမှာ-၃-၂၄-ပင် ဖြစ်သည်။)

၂၇။ ရှင်မိုးပြာနှင့်ဦးမြင့်ဝင်းမောင်----ပူးတွဲ၄ပနာ----ပူးတွဲပါဒကစောဒနာကြီး----------------------------
(၁)။

(၎င်းမှာ-**၂-၀**= စောဒနာလွှာဒုတိယတွဲအစဦးစောဒနာကြီးပင် ဖြစ်သည်။)

**အကြံပြုချက်အကျဉ်း**

အထက်တွင်တင်ပြခဲ့သည့်အတိုင်းပင် ဘာသာအသစ်တစ်ခုပေါ် ထွန်းခဲ့လျှင် လုံးဝ ပျောက်ကွယ်သွားရန် အလွန်ခက်ခဲကြောင်း သိရှိရပါသည်။

ထို့ကြောင့် သက်ဆိုင်ရာအရပ်တွင် ပေါ်ထွန်းနေလျှင် ထိုအရပ်သူ အရပ်သားများကနေ ဗဟိုဌာနများသို့ တိုက်ရိုက်တိုင်ကြားဖို့ လိုအပ်ကြောင်း၊

ဗဟိုဌာနများကလည်း အထူးစုံစမ်းရေး ယာယီအဖွဲ့သစ်များဖွဲ့ပေးလျက် တာဝန်ကုန်လွှဲအပ်ကာ တားဆီးပယ်ရှားစေမှ ပျောက်ကွယ်မည်ဖြစ်ကြောင်းတို့ကို အကျဉ်းချုပ်မျှ အကြံပြုပါသည်။

အရပ်အားလျော်စွာ ပြီးငြိမ်းစေလျှင် ဆက်လက်လုပ်နေကြမည်သာ ဖြစ်သည်။ တိုင်သူများအားလည်း လူမုန်းများခြင်းသာ အဖတ်တင်ဖွယ်ရာ ရှိကြပေလိမ့်မည်။

ဆရာကြီးဦးရွှေအောင်၏ စာတစ်ခုတွင်-

"ကာမစွဲထက် ဝါဒစွဲက ပို၍ အားသန်တတ်၏"

ဟု ရေးသားထားကြောင်း ကြားသိရဖူးပါသည်။ မှန်ပေလိမ့်မည်။ အဓမ္မဝါဒဟူ၍ ဆုံးဖြတ်ရှင်းလင်း ပြထားသော်လည်း ဆရာစွဲနှင့်ဝါဒစွဲတို့သည်ကား ဖျောက်ပယ်နိုင်ခဲကြပါပေသည်။

အကယ်၍ ဗဟိုဌာနမှ တိုက်ရိုက်တိုင်ကြားလာမှုတို့ကို အရေးယူရန် ဆောင်ရွက်နိုင်ကြပါမူကား အထူးပင် ထိရောက်နိုင်ဖွယ် ရှိပါသည်။

ထို့ပြင် အဓမ္မဝါဒဖြစ်ကြောင်းဆုံးဖြတ်ချက်ချထားသည့် စာပေများကို သာသနာရေးဌာနမှတစ်ပါး သီးခြားပုဂ္ဂလိကပုံနှိပ်တိုက်တို့မှ ထုတ်ဝေခွင့်ပြုကြပါမူကား သိသူများပြီး ကင်းရှင်းလာကြဖွယ် ရှိပါသည်။

ထို့ပြင် အဓမ္မဝါဒဆိုင်ရာစာတို့ကို လိုရာရာရွေးထုတ်ဖော်ပြလျက် ရေးသားကြသည့်စာရေး ဆရာများရှိပြီး ဆိုင်ရာမဂ္ဂဇင်းများ ဂျာနယ်များမှ ဖော်ပြနိုင်ကြပါမူကား အထူးပင် ပြန့်နှံ့ကြကာ အဓမ္မဝါဒတို့ကို အဓမ္မဝါဒဟူ၍ သိသူများလာကြဖွယ် ရှိပါသည်။

အဓမ္မဝါဒများကို အဓမ္မဝါဒများဟု မသိကြသဖြင့် ဗုဒ္ဓဘာသာ ဝင်တို့၏ ပစ္စည်းလေးပါးတို့သည် အဓမ္မဝါဒီတို့ ကျောင်းဆောက်ဖို့အတွက် ဖြစ်ကုန်ကြရသဖြင့် သာသနာတော်အတွက်လည်း နစ်နာကြရပါသည်။ အလှူရှင်တို့အတွက်လည်း ကောင်းကျိုးရဖွယ် နည်းပါးကြမည် ဖြစ်ပါသည်။

## ရေးသားပြုစုပြီးဖြစ်နေကြကုန်သောစာဒနာလင်္ကာတို့ကိုဖွင့်လှစ်ကြစဉ်

(၁)

မှန်ကန်-တိကျ၊ ပြတ်သားလှ၍၊
စူးရှ-ပိုင်းဖျက်၊ ဆုံးဖြတ်ချက်တို့ကို
လက်ဆုပ်-လက်ကိုင်၊ ရရှိပိုင်လျက်
မြဲခိုင်သာသနာ၊ တည်စိမ့်ငှါ-ဟု၊
သဒ္ဓါ-ပြင်းပြင်း၊ ပညာသွင်းကာ
စောဒနာများ၊ ရေးမှတ်သား-ပြီး
ထွန်းဖျား-ခေါင်မှူး၊ ရုံးတော်ဦး-သို့၊
အထူးပြုကာ၊ လျှောက်တင်ပါသည်-
သာသနာဖျက်ဘေး-ကင်းဝေးစေသော်။
ဥပဒေချိုးဖေါက်၊ ကျွန်သဘောက်တို့၊
မျိုးပျောက်-ချုပ်ငြိမ်း-ဇာတ်သိမ်းစေသော်။

အာဏာဖိဆန်၊ သူပုန်ရန်တို့၊
အမြန်ကျရှုံး-ဇာတ်ဆုံးစေသော်။

(၂)
ဤသို့ပြုရ၊ ကုသလကြောင့်၊
ဗုဒ္ဓမြတ်စွာ၊ သာသနာ-၌
ရှစ်ဖြာ-မဂ္ဂင်၊ မြတ်လမ်းစဉ်-သို့
ရှင်လူအများ၊ မှန်မှန်သွားလျက်၊
ရှည်လျား-ပြန့်ကျယ်၊ ဝဋ္ဋဘုံနယ်-မှ
တကယ်ထွက်-ပြီး၊
ပန်းတိုင်ကြီး-သို့
အပြီးရောက်ကြ၊ လွတ်မြောက်ကြဖို့၊
ဆန္ဒ-ဖြစ်ပွါး၊ ဆုညွှတ်ထားသည်-
ဘုရားသာသနာ-ရှိသော်မှ။
ဥပဒေမှတ်သား၊ စည်းမျဉ်းများနှင့်၊
အများသူငါ-နေသော်မှ။
ဆုံးဖြတ်ချမှတ်၊ အာဏာဓာတ်နှင့်၊
မပြတ်ထာဝစဉ်-ယှဉ်သော်မှ။

(၃)
အများသူငါ၊ နိဗ္ဗာန်သာ-သို့၊
ရောက်ရာညွှန်ပြ၊ မဂ္ဂင်-တို့
ရှိမှသာလျှင်၊ ဆုညွှတ်စင်လည်း၊
နေ့စဉ်ညမှန်၊ ပြည့်မည့်ဟန်ကြောင့်
သုံးတန်သာသနာ၊ တည်စိမ့်ငှါ-ဟု၊
စောဒနာရေးသား၊ တင်ပြထား-ပြီး
တရားသန့်သက်၊ ဆုံးဖြတ်ချက်တို့၏၊
ထက်မြက်-စူးရှ၊ ပြတ်သားလှ၍
တိကျ-မှန်ကန်၊ ဓမ္မစံ-တို့ကို၊
ရရန်ကြိုးကုတ်၊ လွန်အားထုတ်သည်-
ဗုဒ္ဓရတနာသို့-ပူဇော်ခြင်းပါဘုရား။
ဓမ္မရတနာသို့-ပူဇော်ခြင်းပါဘုရား။
သံဃရတနာသို့-ပူဇော်ခြင်းပါဘုရား။
သုံးပါးရတနာသို့-ပူဇော်ခြင်းပါဘုရား။

**စောဒကဆရာတော်များအားလုံး၏ကိုယ်စားရေးသားပူဇော်သူ**

**အရှင်ဣန္ဒာစရိယာဘိဝံသ**

**(၁၈. ၈. ၂၀၀၇----၁၁. ၁၂. ၂၀၀၈)**